ဗုဒ္ဓဘာသိတ

သစ္စာမျက်မှန်-သစ္စာမှန်ပြောင်း

ခေါ်သော

သာမုက္ကံသိက - ဒေသနာ

# သစ္စာအလင်းပြကျမ်း


အဂ္ဂမဟာပဏ္ဍိတ

**ဝန်းသိုမြို့ - ခန္တီးဆရာတော်ဘုရားကြီး**

ရေးသားတော်မူသည်။



(သာသနာ—၂၅၁၃) (ကောဇာ—၁၃၃၁)

ပုဗ္ဗဘာသိတ

သစ္စာမျက်မှန်-သစ္စာမှန်ပြောင်း

ခေါ်သော

သာမုက္ကံသိက - ဒေသနာ

# သစ္စာအလင်းပြကျမ်း

ကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။

အဂ္ဂမဟာပဏ္ဍိတ

ဝန်းသိုမြို့ - ခန္တီးဆရာတော်ဘုရားကြီး

ရေးသားတော်မူသည်။

☆

(သာသနာ—၂၅၁၃) (ကောဇာ—၁၃၃၁)

ပထမ အကြိမ်ရိုက်နှိပ်ခြင်း

အုပ်ရေ ( ၂၀၀၀ )

၁၉၆၉–ခု

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက် အမှတ်
( ၂၂၇၉ )အရ

ထုတ်ဝေသူ — ဦးနီ (ဝ၆၅၃–မြဲ)
အောင်ဇေယျ စာပေတိုက်၊ အမှတ်-၅၀၇၊
၈၄-လမ်း၊ ရှမ်းစုစာတိုက်
မန္တလေး။

ပုံနှိပ်သူ — ဦးမောင်ကြီး (၀၁၀၃၁–မြဲ)
ခေတ်ဆန်းညွန့်ပုံနှိပ်တိုက်၊ အမှတ်-၃၈၇၊
၈၄-လမ်း၊ ရဟိုင်းဈေး
မန္တလေး။



အဂ္ဂမဟာပဏ္ဍိတ-ဘဒ္ဒန္တ သုဇာန
မဟာထေရဿ-ဆာယာရုပ်

# နိဒါန်း

"ဧေယျတု သဗ္ဗသက်ပ္ပ" ပဏိဓာန ပဋ္ဌာယဟု ဒီပင်္ကရ ပါဒမူလံ အရင်းခံ၍၊ လေးတန်ဩဇာ၊ သာဂရဝယ်၊ ကာလတွက်ရေ၊ လေးသင်္ချေနှင့်၊ သိန်းနေကမ္ဘာ၊ ရှည်ကြာသမယ၊ ဝဋ္ဋဒုက္ခ၌၊ ဗုဒ္ဓလောင်းလျာ၊ ကြိမ်ပြီးခါမှ၊ လေးဝသစွံ၊ မဂ်ဖိုလ်ဉာဏ်ကို၊ ရရန်ရည်စူး၊ လူသုံးဦးတွင်၊ ဂုဏ်ထူးကိတ္တိ၊ သောသောညီလျှက်၊ ဗောဓိသတ္တ၊ ယင်းကမှသည်၊ ဒါန သီလာ၊ အစဖြာ၍၊ ပညာပါရမီ၊ ဉာဏ်အဆီနှင့်၊ ဂမ္ဘီမမ္မ၊ အနဂ္ဃဖြင့်၊ လုလ္လမဆွံ၊ ရဲဝန့်ကြိုးပမ်း၊ ဗွက်နရမ်းမှ၊ ထွက်လမ်းရှာယူ၊ လာတော်မူသဖြင့်၊ ပါရဂူမြောက်၊ တံခွန်ဆောက်လျှက်၊ တယောက်ဟူဘိ၊ သမ္မောဓိဟု၊ လောကီမဂ္ဂင်၊ ရှစ်ချက်အင်ကို၊ လက်တွင်အရ၊ ကြိုးလုလ္လ၍၊ ဘဒ္ဒမည်သာ၊ ဤကမ္ဘာတွင်၊ သစ္စာလေးတန်၊ ဉေယျဓာမ်ကို၊ ဘောက်ပြန်မရှိ၊ လိုလိုသိလျှက်၊ ဒွိပဒုတ္တမ၊ သမ္ဗုဒ္ဓဟု၊ ဓမ္မသာမိ၊ လောကီ သရဘူ၊ ဖြစ်တော်မူသော၊ အစိန္တေယျ၊ လောကမှန်ကင်း၊ တရားမင်းသည်၊ များခြင်းသတ္တဝါ၊ဝေနေယျာကို၊ ခေမာကျွန်းထူး၊ နိဗ္ဗာန်ဦးသို့၊ ကူးမြောက်စေမည်၊ သစ္စာလေးတန်၊ ယထာဉာဏ်ကို၊ ဟုတ်မှန်စွာသိ၊ အင္ဂဝိဖြင့်၊ သိကြစေမည်၊ ဘဝသုံးပါး၊ စက်ရထားမှ၊ ထွက်သွား လွတ်မြောက်စေတော်မူမည်၊ ဤသို့သော စိတ်တော်ပွား၍—

၁။ ဗုဒ္ဓေါ ဗောဓေယျံ၊

၂။ မုတ္တော မောစေယျံ၊

၃။ တိဏ္ဏော တာရေယျံ။

သုံးတန်သော စကားကို ကြုံးဝါးတော်မူပြီးလျှင် လူ နတ် ဗြဟ္မာ သတ္တဝါကို မဟာကရုဏာတော် စေ့ဆော်တိုက်တွန်းတော်မူသည်ဖြစ်ရကား လေးဆဲ့ငါးဝါ၊ ရှည်ကြာသမယ၊ ကာလပတ်လုံး၊ ရေဆုံး မြေဆုံး၊ ကုဋေ ကြုံးလျှက်၊ ရွှေဘုန်းတော်ရှင်၊ ဉာဏ်သဗ္ဗည်ဖြင့်၊ လေးအင်သစ္စာ၊ ဒေသနာ အမြိုက်၊ တိုက်ကျွေးတော်မူပြီးမှ၊ မဂ္ဂဖလ၊ နိဗ္ဗာန သုခကို အတုလဉသျှောင် ဘုန်းခေါင်ဘုရား ကြသွားစံမြန်းတော်မူလေသတည်း။

# နိဒါန်း

ယင်းသို့ဟောရာ ဒေသနာအရှိ အာဒိမဇ္ဈ ကလျာဏ စ,လယ်,အဆုံး၊ သုံးပါးလုံးတို့၌၊ မသုံမဖျင်း၊ ကောင်းခြင်းအင်္ဂါ၊ ပြည့်စုံစွာသော၊ယထာဓမ္မ၊ ဤသို့စသည်၊ ဘုရားသာသနာ၊ တည်ရာဌာန၊ ဝန်းသို့မြို့မ၊ ဒက္ခိဏအနုဒိသာ အနောက်တောင်မျက်နှာ တကောသအကွာတွင်၊ရှေးအခါ 'ကျောင်းတောင် ခေါ်တွင်ဘူးသော' သရက်, ပိန္နဲ, မံလကာ, သြဇာ, ငှက်ပျော, နှာနှပ် စသော စားကောင်း သောက်ဘွယ် သစ်သီး ပန်းမလ်တို့ဖြင့် ခြံရံအပ်သော ယခုအခါ 'ခန္တီးရိပ်သာခေါ်သော' ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ယာပိုက် လေးလီ မျှညီရှင်ပြုံး သီတင်းသုံးနေထိုင်တော်မူသော၊ သက်တော်(၆၆) ဝါတော်(၄၇)ဝါ ရရှိတော်မူသော ငါတို့၏ ထိပ်ခေါင်တင် ကျေးဇူး တော်ရှင် ဒုတိယ ခန္တီးဆရာတော်ဘုရားကြီးသည် ရခဲ ကြုံခဲတဲ့ ဘဝ သာသနာတော်ကြီးနှင့် ကံကောင်းထောက်မ၍ တွေ့ကြုံကြရသည်နှင့်အညီ လွတ်ရခဲ လွတ်နိုင်ခဲသော အပါယ်ဝဋ္ဋဒုက္ခမှ ယခုဘဝ လွတ်နိုင်ခွင့်ရ၍ ရနိုင်ခဲမျှ နိဗ္ဗာနကို ရကြစေရန် ရည်စိတ်သန်၍ ဤ "သစ္စာအလင်းပြကျမ်း" ကို ရေးသားခြင်းကို ပြုလေသတည်း။

(ပုံ) ဦးကုသလ
ဓမ္မာစရိယ စာချတန်း

# သတိပေးချက်

## ဘုရားတဆူ ပွင့်တော်မူ

ဤ ဓမ္မစကြာခေါ်၊ ဝါ-အမှန်လေးပါးခေါ်သော **သစ္စာလေးပါး** တရားစကြာမင်းကြီး ယခု ထွက်ပေါ်လာခြင်းသည် ဘုရား တဆူ နောက်ထပ်ပွင့်တော်မူလာခြင်းနှင့် အလားတူဘဲဖြစ်လေသည်။

**ဘာ့ကြောင့်လဲဆိုတော့** လောကမှာ ဘုရားတဆူတဆူ ပွင့်လာတော်မူရတာဟာ အပါယ်ဝဋ်က တကယ်မလွတ်နိုင်ကြတဲ့ လူ နတ် ဗြဟ္မာ သတ္တဝါတို့အား သစ္စာသိ၍ လက်ရှိဘဝ အပါယ်လွတ်တရားရ နောက်ကာလ ဇမ္မွေးသေ လွတ်တဲ့ နိဗ္ဗာန်တရားရ သံသရာဝဋ်က ကျွတ်လွတ်ကြစေခြင်းငှါ၊ ဝါ-မွေး သေ ဝဋ်က လွတ်ကြစေခြင်းငှါ ပွင့်တော်မူလာခြင်းဘဲ ဖြစ်လေသည်၊ သို့ရာတွင် ဘုရားဟောတဲ့ သစ္စာကို သိအောင်အားမထုတ်၍ မကျွတ်ရင်သာ ရှိရတော့မည်။

**အဲဒါကြောင့်....**ဤသစ္စာလေးပါး "တရားစကြာမင်းကြီး" ယခု ထွက်ပေါ်လာတာလဲ နောက်ထပ်ဘုရားတဆူ ပွင့်တော်မူလာတာနှင့် အတူတူပါဘဲဟု မှတ်ယူရမည်။

အဲဒါကြောင့် ဤတရားစကြာမင်းခေါ်သော ဤ '**သစ္စာအလင်းပြကျမ်း**' ကို သင်သည် အသက်ထက်ဆုံး ကိုးကွယ်အားထား မှီဝဲဆည်းကပ်၍ သွားပါလျှင်၊ ဝါ-လက်ရှိဘဝ သစ္စာသိအောင် အားထုတ်ပါလျှင် သင်သည် ယခုလက်ရှိဘဝမှစ၍ အပါယ်ရေကြောသို့ တဘန်ပြန်၍ မမျောနိုင်တော့ဘဲ တခါထဲ လူနတ် သုဂတိ အလားမြဲပြီး နိဗ္ဗာန်ဝင်ပွဲအထိ ခိုင်ခိုင်မြဲမြဲကြီး ရှိပြီဟု ဆုံးဖြတ်ချက်ချနိုင်ပါပြီ။

(မေး) သင်သည် သံသရာဘဝမှာ ကြင်လည်ရတဲ့ခါ ပြုအပ်သော ကံအားလျော်စွာ လူဖြစ်တာ အနန္တ, ပဒေသရာဇ် ဧကရာဇ်မင်း ဖြစ်တာ အနန္တ, လေးကျွန်းလုံး အစိုးရတဲ့ စကြာမင်းဖြစ်တာ အနန္တ, နတ်ဖြစ်တာလဲ အနန္တ, သိကြားမင်းဖြစ်တာလဲ အနန္တ, သုဒ္ဓါဝါသ ငါးဘုံကို ချင်းခြံ၍

ကြွင်းကျန်သော ဗြဟ္မာဘုံတို့မှာ ဗြဟ္မာဖြစ်တာလဲ အနန္တ, ဤမျှ ဖြစ်ခဲ့လေသမျှ မရေမတွက်နိုင်သော ဘဝတို့၌ တဘဝ တခါ အပါယ်လွတ်တဲ့တရား အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး ပိတ်ထား လိုက်နိုင်တဲ့တရား ရခဲ့ဘူးရဲ့လား ?

(ဖြေ) မရခဲ့ဘူးပါ ခေတ္တခဏမျှသာ ပိတ်ထားခဲ့နိုင်ပါသည်။
**ဘာရခဲ့ဘူးမလဲ သစ္စာမှ မသိဘဲကိုး။**

သစ္စာသိတဲ့ ဘဝဟာ အပါယ်လွတ်တရားရ အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး စိတ်ချလက်ချ ပိတ်ထားလိုက်နိုင်တဲ့ဘဝဘဲ၊ သစ္စာသိတဲ့ဘဝကစ၍ ဆုတ်ဆိုင်းမရှိ တဖြောင့်တည်း တဟုန်ထိုး နိဗ္ဗာန်ထိအောင် တက်သွားနိုင်တဲ့ ဘဝထူး ဘဝမြတ်ဟု၊ တွ- **သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော့။**

# မှာထားချက်

## သတိ .... သတိ .... သတိ

ဤ " သစ္စာအလင်းပြကျမ်း " ၌ စာနေစာသား ကျဉ်းစေခြင်းငှါ ကျမ်းကိုး ပြတဲ့နေရာမှာ....

၁။ ပါဠိတော်ကို .... ( ပါဠိ )
၂။ အဋ္ဌကထာကို .... (ဋ္ဌာ)
၃။ ဋီကာကို .... ( ဋီ )
၄။ ဒုက္ခသစ္စာကို .... ( ဒု )
၅။ သမုဒယသစ္စာကို .... (သ)
၆။ နိရောဓသစ္စာကို .... ( နိ )
၇။ မဂ္ဂသစ္စာကို .... ( မ )

ဟု-အသီးသီး မှတ်ယူတော်မူကြပါရန် ကြိုတင်၍ သတိပေးထားအပ်ပါသည်။

ထိုပြင်....ဤသစ္စာလေးပါး တရားသည် ပညတ်တရားမဟုတ်, ပရမတ်တရားအစစ် ခေတ်သားအနှစ်ဖြစ်၍ အလွန့်အလွန် နက်နဲ ခက်ခဲလှသော တရားမျိုးဖြစ်သောကြောင့် တကြိမ်တခါ ဘော်ပြရေးသားရုံနှင့် သစ္စာသိဘို့ရာ သစ္စာမြင်ဘို့ရာ လွန်စွာ ခဲယဉ်းလှပါသည်၊ အကြိမ်ကြိမ် အထပ်ထပ် ဘော်ပြရေးသားမှသာ ဥာဏ်ထိုင်းသူ တို့မှာ သင့်ရုံသာ၊ ဥာဏ်လတ်သူတို့မှာ အနုဗောဓမျှသာ၊ ဥာဏ်ထက်သူ တို့မှာ ပဋိဝေဓသို့ရောက်၍ မဂ်ပေါက် ဖိုလ်ပေါက် ဖြစ်နိုင်ကြပါမည်၊ ထို့ကြောင့် အလင်္ကာနည်းအရ ( ပုနရုတ္တိဒေါသ) ရောက်သည်ဟု အပြစ်မပြုကြရန် ကြိုတင်၍ တောင်းပန်အပ်ပါသည်။

....................

# ပန်ကြားလွှာ

**ဤစာအုပ် ရိုက်နှိပ်ထုတ်ဝေရခြင်းအကြောင်းနှင့် ပတ်သက်ပြီး မိတ်ဆွေကြီးများကို ပန်ကြားပါရစေ။**

အကြောင်းကတော့ ကျွန်တော်တို့သည် ကချင်ပြည်နယ်သားများ ဖြစ်ကြပါသည်၊ ပြည်သူပိုင်သိမ်းပြီးနောက်ပိုင်းတွင် မိမိစီးပွားရေးဘက်တွင် အားလပ်နေပါ၍ ဝန်းသိုမြို့ ခန္တီးရိပ်သာသို့သွားပြီး ယခု စာအုပ်ရေးသားတော်မူသော ဆရာတော်ဘုရားထံတွင် တရားအားထုတ်နေသည်တွင် ထိုက်သင့်သောတရားထူးများ သိမြင်ရ၍ ဆရာတော်ဘုရားကြီးအား ကျေးဇူးဆပ်လိုသောအားဖြင့် မန္တလေးမြို့သို့ ပြောင်းရွှေ့ပြီး စာပုံနှိပ်တိုက်ထောင်၍

ဆရာတော်၏—

**သစ္စာအလင်းပြကျမ်းကြီး**

**ဘာသာအလင်းပြ ကျမ်းကြီး**

**ခန္ဓာပဋ္ဌာက ကျမ်းကြီး**

၎င်း သုံးကျမ်းကို ရိုက်နှိပ်ပြီး ပြန့်ပွားအောင်လုပ်မည်ဟု ရည်သန်သောစိတ်ဖြင့် ရိုက်နှိပ်ခြင်း ဖြစ်ပါသည်၊ ယခု သစ္စာအလင်းပြ ပြီးသည့်နောက်, ဘာသာအလင်းပြနှင့် ခန္ဓာပဋ္ဌာကကျမ်းများ ဆက်လက်ရိုက်နှိပ်မည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေကြီးများလဲ သာသနာတော်ကြီး စည်ပင်ပြန့်ပွားရန် တတ်နိုင်သော ဘက်က ကူညီဆောင်ရွက်ပေးပါရန် အနူးအညွတ် ပန်ကြားလိုက်ရပါ၊ ကြောင်း။

ဦးမောင်ကြီး — ဒေါ်နီ
ခေတ်ဆန်းညွန့်ပုံနှိပ်တိုက်၊ အမှတ်(၃၀၇)
၈၄-လမ်း၊ ရဟိုင်းဈေး
မန္တလေး။

# ပြင်ဆင်ဖတ်ရှုရန်

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၈ | ၁၆ | သိပယ်ဖျက်ပွား | သိပယ်မျက်ပွား |
| ၂၃ | ၈ | ဧဝံစိတ္တေနဘာတိ | ဧဝံစိတ္တေနဘာဝတိ |
| ၃၃ | ၁၆ | မျည်ရည် | မျက်ရည် |
| ၃၅ | ၅ | ပညတ် | ပရမတ် |
| ၃၇ | ၅ | ဇာတိ | ဇာတိ |
| ၄၇ | ၂၆ | အကုသိုလ်ငါးပါး | အကုသိုလ်စိတ်ငါးပါး |
| ၄၉ | ၅ | ချကဲ့သသို့ | ချသကဲ့သို့ |
| ၆၇ | ၅ | ဣဒံဒုက္ခနိရောဂေါမိနီ | ဣဒံဒုက္ခနိရောဓဂါမိနီ |
| ၆၉ | ၂၄ | ဗိုလ်ခြေသသိန်း | ဗိုလ်ခြေတသိန်း |
| ၈၂ | ၆ | အမိုက်မှေင် | အမိုက်မှောင် |
| ၉၀ | ၅ | အာရုံပြုသောအား | အာရုံပြုသောအားဖြင့် |
| ၁၀၆ | ၂၇ | ဤဤလိုပုံ | ဤလိုဤပုံ |
| ၁၁၄ | ၁၀ | ဥပ္ပဒေါ | ဥပ္ပါဒေါ |
| ၁၂၁ | ၁၅ | နန္ဒိသမုဒယော | နိန္ဒိသမုဒယော |
| ၁၂၂ | ၁၄ | နိန္ဒာပေသိ | နိန္ဒာပေသိ |
| ၁၃၉ | ၁၇ | ပရိရောဂါဠှေန | ပရိယောဂါဠှေန |
| ၁၄၅ | ၉ | ဒုက္ခမှလွှတ်တာလဲ | ဒုက္ခပေးတတ်တာလဲ |
| ၁၄၇ | ၁၈ | သစ္စာသိပြင် | သစ္စာသိမြင် |
| ၁၄၇ | ၂၀ | သစ္စာသိမြန် | သစ္စာသိပြန် |
| ၂၅၄ | ၈ | ငရဲ၌ဖြစ်သကဲ့ | ငရဲ၌ဖြစ်သကဲ့သို့ |
| ၂၇၃ | ၂၂ | စိတ်တခုယုတ်ကိုးဆယ်ကို ဆိုသည် | လောကီစိတ် (၈၁) ကို ဆိုသည် |
| ၂၁၀ | ၂ | ပရိဗောဓဋ္ဌ | ပလိဗောဓဋ္ဌ |
| ၂၁၇ | ၅ | သတ္တုသာန်ပြုပြီး၍ | ကတ္တုသာန်ပြုပြီး၍ |

# ပြင်ဆင်ဖတ်ရှုရန်

| မျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၂၁ | ၁၈ | မြဲသောအား | မြဲသောအားဖြင့် |
| ၂၄၃ | ၂၀ | သတ္တော | သတ္တော |
| ၂၆၄ | ၂၀ | သေခြင်းသသောတရား | သေခြင်းသဘောတရား |
| ၂၈၄ | ၇ | အသင်္ဂတခေတ် | အသင်္ခတခေတ် |
| ၂၈၉ | ၂၁ | တကျိုးတရားတို့ | အကျိုးတရားတို့ |
| ၂၉၀ | ၇ | နိဗ္ဗန် | နိဗ္ဗာန် |
| ၂၉၄ | ၁၃ | နိဗ္ဗန်ံ | နိဗ္ဗာန်ံ |
| ၃၀၂ | ၂၄ | နှစ်ပိကပ်မှာ | နှစ်ဝိကပ်မှာ |
| ၃၂၄ | ၄ | အာရုံသိတင်ခြင်း | အာရုံသို့တင်ခြင်း |
| ၃၂၆ | ၁၅ | မဂ်စိတ်၌ယှဉ် | ဖိုလ်စိတ်၌ယှဉ် |
| ၃၃၄ | ၁၆ | ကိလေသပစ္စာ | ကိလေသပစ္စယာ |
| ၃၄၃ | ၈ | ရစိတာရံ | ရစိတာယံ |
| ၄၄၂ | ၂၂ | အမြွေးအပျဉ် | အမြွေးအဖျဉ် |
| ၄၅၇ | ၈ | သဗ္ဗသာခနရဏတ္တာ | သဗ္ဗသာခါရဏတ္တာ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဒါန်း | .... | (က) |
| သတိပေးချက် ဘုရားတဆူ ပွင့်တော်မူ | .... | (ဂ) |
| မှာထားချက် သတိ-သတိ | .... | (ဃ) |
| ပဏာမ | .... | ၁ |
| အကြောင်းအရာ ဖော်ပြချက် | .... | ၂ |
| အခက်ကြီး လေးခက် | .... | ၃ |
| သစ္စာနိဒါန်း | .... | ၄ |
| သစ္စာလေးပါး တရားတောင်း | .... | ၈ |
| ပဋိညာဉ် | .... | ၁၀ |
| သစ္စာ ၂-ပါး ဘုရားဟော | .... | ၁၀ |
| ဒေသနာ ၂-မျိုး | .... | ၁၁ |
| သစ္စာအမြိုက်ဆေးတိုက်စေရန် | .... | ၁၂ |


## ပဌမတွဲ
## သစ္စာအလင်းပြ ဥဒ္ဒေသခဏ်း


| | | |
|---|---|---|
| အပိုင်း(၁) သစ္စာလေးပါး အကျဉ်းအားဖြင့် | .... | ၁၄ |
| အနာနှင့်ဆေး ကိုက်အောင်ပေး ပျောက်ရေးမခက်ပါ | .... | ၂၂ |
| အလင်းရောင်ရောက် အမိုက်မှောင်ပျောက် | .... | ၂၃ |
| အသုတ, သုတ ၂-မျိုး | .... | ၂၅ |
| သူ·ငါတို့ တကိုယ်လုံးကြီးဟာ ဒုက္ခသစ္စာတုံးကြီးပါ | .... | ၂၈ |
| သစ္စာလေးပါး ကသိုဏ်းဇယား | .... | ၃၂ |
| တိမ်တိမ်နှင့်နက် လွယ်လွယ်နှင့်ခက် | .... | ၃၅ |
| လက်ဝါးကြီးအုပ်၍ အချုပ်ကိုပြပုံ | .... | ၃၈ |
| ပုထုဇဉ်နှင့် အရိယာအထူး | .... | ၄၂ |
| သောကငြိမ်းအေး နေနိုင်ရေး | .... | ၅၂ |
| ဉာဏ်ဥကျောက် မရှုတ်စေနှင့် | .... | ၅၇ |
| ပြုရမဲ့ကိစ္စ လေးပါး | .... | ၆၃ |

# နိဒါန်း


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သစ္စာဉာဏ် ၃-ပါး, အပြန် ၁၂-ပါး | .... | ၆၅ |
| အပိုင်း(၂) ဘုရားတဆူကို မှီ၍ | .... | ၆၈ |
| မသေတဲ့ နိဗ္ဗာန် | .... | ၇၀ |
| သောတာပတ္တိမဂ် အင်္ဂါလေးပါး | .... | ၇၃ |
| ဓမ္မာဒါသတရားမှန် | .... | ၇၅ |
| ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာ | .... | ၇၈ |
| ဖွင့်လှစ်ပြတာ ဉာဏ်ဝိဇ္ဇာ | .... | ၈၀ |
| ကိုယ်တိုင်သိ | .... | ၈၈ |
| ပုဂ္ဂိုလ်လေးမျိုး အနုပဋ္ဌိ နှစ်ပါး | .... | ၈၉ |
| ဒု-ကို မြင်လျှင် လေးပါးမြင် | .... | ၉၀ |
| သစ္စာဟောတာ ဓမ္မတာ | .... | ၉၂ |
| ဉာဏ်နှင့်ခြုံ၍ အကုန်လုံးသိပါ | .... | ၉၃ |
| အပိုင်း (၃) လေးပါးသောအခြင်းအရာ | .... | ၉၈ |
| ဒဿနဘူမိ ဘာဝနာဘူမိ | .... | ၉၉ |
| ပဟာတဗ္ဗ ဘာဝေတဗ္ဗ | .... | ၁၀၀ |
| မေး - ဖြေ | .... | ၁၀၂ |
| မျက်မှောက်ပြုခြင်းကိစ္စပြီးပုံ | .... | ၁၀၃ |
| သစ္စာသိပြန် သောတာပန် | .... | ၁၀၄ |
| အဆင့်ဆင့်တိုးပွား အကျိုးတရား | .... | ၁၀၅ |
| အပါယ်လွတ်တရားရ | .... | ၁၀၇ |
| ဒိ-ဝိ-သီ-ပယ် | .... | ၁၀၈ |
| အမေးနှင့် အဖြေများ | .... | ၁၁၀ |
| သစ္စာမြင်သိ ဝဋ်ပြတ်ဘိ | .... | ၁၁၂ |
| ကိုယ့်အတတ်နှင့် ကိုယ့်ကိုပတ် | .... | ၁၁၅ |
| မသိက တပတ်ပတ်, သိမှ အပြီးသတ် | .... | ၁၁၆ |
| ကြောင်း ကျိုး ၂-ရပ် သံသရာစက်ရဟတ် | .... | ၁၁၇ |
| အကြောင်းပယ်သတ် အကျိုးရပ် | .... | ၁၁၈ |
| အစဉ်လေးမျိုး | .... | ၁၁၉ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| တဏှာပယ်တဲ့ မဂ်အကျင့် | .... | ၁၂၀ |
| သာသနာတွင်းသိ သစ္စာထိအောင်သိ | .... | ၁၂၆ |
| သစ္စာဉာဏ်ဖြင့် နိဗ္ဗာန်ဝင်ပုံ | .... | ၁၂၈ |
| ဝဋ်သုံးပါး | .... | ၁၃၆ |
| ပဋိစ္စသမုပ္ပါဒ်၌ သိမှတ်စရာ | .... | ၁၃၈ |
| ဒုက္ခပေးသမားအစစ်ကား မည်သူနည်း ? | .... | ၁၄၃ |
| တဏှာ မောဟ ဇာတ်လိုက်ကြီး | .... | ၁၄၆ |
| အပိုင်း (၄) လေ့ကျင့်ခဏ်း အမေး-အဖြေများ | .... | ၁၅၁ |
| ဘုရားသက်မှိုင်ချပြီ, တာဝန်ကုန်ပြီ | .... | ၁၅၃ |
| သမားနှင့် သူနာ, ဓမ္မောဂဒ သစ္စာဆေးတော် | .... | ၁၅၄ |
| အိုနာသေ ပျောက်တဲ့ဆေး | .... | ၁၅၅ |
| အပိုင်း(၅) ခုနစ်ဘဝနှင့် အပြီး | .... | ၁၆၀ |
| ၉၃-ရာခိုင်နှုန်း | .... | ၁၆၉ |
| ဝဋ်တဝတိုတိုနှင့် | .... | ၁၆၉ |
| သစ္စာလေးဖြာ ခန္ဓာမှာ | .... | ၁၇၂ |
| လေ့ကျင့်ခဏ်း အမေး အဖြေများ | .... | ၁၇၄ |
| တရားမြင်မှ ဘုရားမြင်သည် | .... | ၁၇၇ |
| အစစ်နှင့် အတု အရေခြုံ | .... | ၁၈၀ |
| မယ်တော်မိနတ်သား သောတာပတ္တိ ဖိုလ်တရား | .... | ၁၈၃ |
| ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ | .... | ၁၈၇ |
| ဘယ်ဇာတိကုန်သလဲ | .... | ၁၉၀ |
| စတုသစ္စကမ္မဋ္ဌာန်း | .... | ၁၉၁ |
| တခုတည်းသောမဂ်ဉာဏ်ဖြင့် သိပုံ | .... | ၁၉၄ |
| သိခါပတ္တဒါန | .... | ၁၉၈ |


ဒုတိယတွဲ

သစ္စာအလင်းပြ နိဒ္ဒေသခဏ်း


| | | |
|---|---|---|
| သစ္စာနိဒ္ဒေသ အပိုင်း(၁) | .... | ၂၀၁ |
| သစ္စာလေးနက် မချွတ်မယွင်းဖြစ် | .... | ၂၀၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သစ္စာအနက် ၁၆-ချက် | .... | ၂၀၄ |
| သစ္စာအနက် ဇယား | .... | ၂၁၂ |
| သစ္စာလေးပါး ဝိဂ္ဂိုဟ်နှင့် အရကောက် | .... | ၂၁၃ |
| သစ္စာလေးပါးတို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန် | .... | ၂၁၇ |
| သစ္စာ၏ အနက်သဘော | .... | ၂၂၀ |
| သစ္စာလေးပါးသာ တိတိကျကျဟောပြခြင်း | .... | ၂၂၂ |
| သစ္စာလေးပါး အစဉ်အားဖြင့် ဟောကြားပုံ | .... | ၂၂၄ |
| သစ္စာသိသောဉာဏ် ၂-ပါး | .... | ၂၂၅ |
| သစ္စာသိတဲ့ခါ ဆိုင်ရာကိလေသာပယ်ပုံ | .... | ၂၂၆ |
| အမှား အလွဲ အစွဲအမျိုးမျိုး ပယ်နှိပ်ချိုး | .... | ၂၃၄ |
| သစ္စာလေးပါး ဥပမာဇယား | .... | အချပ်ပို |
| အပိုင်း(၂) ဒုက္ခသစ္စာအရ ဇာတိစသည်ကို ပြခြင်း | .... | ၂၃၅ |
| ဇာတိသဒ္ဒါသည် ဟောအပ်သော အနက်များ | .... | ၂၃၇ |
| ပဋိသန္ဓေလေးမျိုး | .... | ၂၃၈ |
| ဒုက္ခအပြား(၇)ပါး ပိုင်းခြား၍ ပြခြင်း | .... | ၂၃၉ |
| သစ္စာလေးပါး ဘွဲ့ပြခြင်း | .... | ၂၄၄ |
| ဒုက္ခ(၇)ပါး၏ တည်ရာဖြစ်ပုံ | .... | ၂၄၆ |
| ကိုယ့်ရှုး ကိုယ့်ပတ် | .... | ၂၅၀ |
| ဇာတိ ၂-မျိုး ဝဋ်ဒုက္ခဆိုး | .... | ၂၅၃ |
| ဇာတိပိဒုက္ခာ | .... | ၂၅၃ |
| ဇာတိရှိလျှင် ဆင်းရဲရှိ, မရှိလျှင် မရှိ | .... | ၂၅၈ |
| ဇရာပိဒုက္ခာ | .... | ၂၆၁ |
| မရဏမ္ပိဒုက္ခံ | .... | ၂၆၂ |
| သောက | .... | ၂၆၆ |
| ပရိဒေဝ | ... | ၂၆၇ |
| ဒုက္ခ ဒေါမနဿ | .... | ၂၆၈ |
| ဥပါယာသ | .... | ၂၆၉ |
| အပ္ပိယ သမ္ပယောဂ | .... | ၂၇၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဗိယ ဝိပ္ပယောဂ | .... | ၂၇၁ |
| ယံပိစ္ဆံ န လဗ္ဘတိ တမ္ပိ ဒုက္ခံ | .... | ၂၇၁ |
| သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ | .... | ၂၇၂ |
| ဆင်းရဲပေါင်းချုပ် ဒုက္ခ၏တည်ရာ | .... | ၂၇၅ |
| စ-လယ်-ဆုံး | .... | ၂၇၆ |
| လေးလေးစားစားဖတ်ဖို့သတိထား | .... | ၂၇၈ |
| ဒုက္ခသိမှ တဏှာကွာပုံ | .... | ၂၇၉ |
| သမုဒယသစ္စာ၌ ပေါနောဗ္ဘဝိကနန္ဒီရာဂ | .... | ၂၈၀ |
| သူ့အတွက်ကြောင့် ငဝက်မှာထောင်ကျ | .... | ၂၈၁ |
| နိရောဓသစ္စာ၌ | .... | ၂၈၄ |
| ခြင်္သေ့အကျင့်နှင့် ခွေးအကျင့် | .... | ၂၈၅ |
| အပိုင်း(၃) ဝိရာဂမဂ်နှင့် ဝိမုတ္တိဖိုလ် | .... | ၂၈၇ |
| နိဗ္ဗာန်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန် | .... | ၂၈၈ |
| မဂ္ဂသစ္စာ၌ မဂ္ဂင်ရှစ်ပါး | .... | ၂၉၀ |
| အမှန်သိနှင့် အမှားသိ စသည် | .... | ၂၉၅ |
| သီလ-သမာဓိ-ပညာ ၃-ပါး | .... | ၂၉၇ |
| သမထ ဝိပဿနာ နှစ်ပါး, စရဏဝိဇ္ဇာ နှစ်ပါး | .... | ၂၉၈ |
| ဝိမုတ္တိရသ တပါး | .... | ၂၉၉ |
| မဂ္ဂင်ရှစ်ပါး ယာဉ်ရထား | .... | ၃၀၀ |
| မဂ် ခေါ်ရပုံ | .... | ၃၀၁ |
| တပါး တပါးလျှင် သုံးကိစ္စစီ | .... | ၃၀၄ |
| မဂ္ဂင်ရှစ်ပါး အစဉ်ထား၍ ဟောကြားပုံ | .... | ၃၀၆ |
| အဋ္ဌင်္ဂိကမဂ်နှင့် ပဉ္စင်္ဂိကမဂ် သမ္မာဒိဋ္ဌိ ငါးမျိုးရှိ | .... | ၃၁၀ |
| ဝိပဿနာ သမ္မာဒိဋ္ဌိ အထူးဟုသိ | ... | ၃၁၁ |
| နိဗ္ဗာန်ဆိုက်ရောက် မျက်မှောက်ပြုနိုင် | .... | ၃၁၂ |
| အပိုင်း(၄) အနုပဋိဝေဓ သစ္စဉာဏ် နှစ်ပါး | .... | ၃၁၃ |
| သစ္စာသိ၍ ဒိဋ္ဌိပယ်ပုံ | .... | ၃၁၅ |
| သစ္စာလေးပါး၌ အပြန်သုံးပါး | .... | ၃၁၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်ပုံ | .... | ၃၂၉ |
| သစ္စာ၌ အတွင်းဝင်သောတရား | .... | ၃၂၄ |
| အပိုင်း(၅) သစ္စာ၌ဆိတ်သုဉ်းသောအားဖြင့် | .... | ၃၂၇ |
| သစ္စာ၌ ဧကဝိဓ စသည်ဖြင့် | .... | ၃၂၈ |
| သစ္စာ၌ သဘာဂ ဝိသဘာဂအားဖြင့် | .... | ၃၃၂ |
| ကျမ်းတပါးအဆိုကို ပြခြင်း | .... | ၃၃၄ |
| ဆံခါပတ္တ ဒါနထိပ်သီး | .... | ၃၄၁ |

## တတိယတွဲ

### သစ္စာအလင်းပြ ပဋိနိဒ္ဒေသခဏ်း

| | | |
|---|---|---|
| အပိုင်း(၁) ပဋိညာဉ် | .... | ၃၄၅ |
| ဘာရသုတ် | .... | ၃၄၆ |
| မုဆိုးနှင့် ကျွန် ဥပမာ | .... | ၃၄၉ |
| သမာဓိသုတ် | .... | ၃၅၂ |
| သလ္လသုတ် | .... | ၃၅၃ |
| ကုလပုတ္တသုတ်နှင့် ဆောင်ပုဒ် | .... | ၃၅၆ |
| ဝိတက္ကသုတ်နှင့် ဆောင်ပုဒ် | .... | ၃၅၇ |
| စိန္တသုတ် | .... | ၃၅၉ |
| တိရစ္ဆာနကထာသုတ်နှင့် ဆောင်ပုဒ် | .... | ၃၆၀ |
| ကမ္ဗင်္ဂန်း ဖြစ်၏ | .... | ၃၆၂ |
| အရိယသစ္စသုတ်နှင့် ဆောင်ပုဒ် | .... | ၃၆၃ |
| ပဌမဓာရဏာသုတ် | ... | ၃၆၉ |
| ဒုတိယဓာရဏာသုတ် | ... | ၃၇၀ |
| အဝိဇ္ဇာသုတ် | .... | ၃၇၁ |
| ဝိဇ္ဇာသုတ် | .... | ၃၇၂ |
| တထသုတ် | .... | ၃၇၃ |
| အပိုင်း(၂) ကောဋိဂါမသုတ် | .... | ၃၇၅ |
| အာသဝက္ခယသုတ်နှင့် ဆောင်ပုဒ် | . .. | ၃၇၈ |
| မိတ္တာသုတ်နှင့် ဆောင်ပုဒ် | .... | ၃၈၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ခဒိရပတ္တသုတ်နှင့် ဆောင်ပုဒ် | .... | ၃၈၈ |
| ဒဏ္ဍသုတ်နှင့် ဆောင်ပုဒ် | .... | ၃၈၉ |
| စေလသုတ်နှင့် ဆောင်ပုဒ် | .... | ၃၉၀ |
| သတ္တိသတသုတ်နှင့် ဆောင်ပုဒ်လင်္ကာ | .... | ၃၉၁ |
| ပါဏသုတ်နှင့် ဆောင်ပုဒ်လင်္ကာ | .... | ၃၉၄ |
| အပိုင်း(၃) ဣန္ဒခီလသုတ်နှင့် ဆောင်ပုဒ် | .... | ၃၉၆ |
| လောကစိန္တာသုတ်နှင့် ဆောင်ပုဒ် | .... | ၃၉၈ |
| ပပါတသုတ်နှင့် ဆောင်ပုဒ် | .... | ၄၀၀ |
| ပရိဠာဟသုတ် | .... | ၄၀၃ |
| ဆိဂ္ဂဠယုဂသုတ်နှင့် ဆောင်ပုဒ် | .... | ၄၀၄ |
| လူ့, ဘုရား, သာသနာ ရခဲခြင်းသုံးပါး | .... | ၄၀၅ |
| နခသိခသုတ်နှင့် ဆောင်ပုဒ် | .... | ၄၀၆ |
| အညတြသုတ်နှင့် ဆောင်ပုဒ် | .... | ၄၀၇ |
| အပိုင်း(၄) နေတ္တိနည်း သစ္စာလေးပါး | .... | ၄၀၉ |
| အဘိဓမ္မာနည်းနှင့် သစ္စာလေးမျိုး | .... | ၄၁၆ |
| အပိုင်း(၅) ဝါန နိဝါန နိဗ္ဗာန် | .... | ၄၂၀ |
| နိဗ္ဗာန်၏ ဂုဏ်ပုဒ်များ | .... | ၄၂၈ |
| ဝိတဏ္ဍာဝါဒီတို့အယူ | .... | ၄၃၁ |
| မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန် | .... | ၄၃၅ |
| နိဗ္ဗာန်အာရုံကို အာရုံပြုပေးရပုံ | .... | ၄၃၆ |
| နိဗ္ဗာန်သည် ဉာဏ်နှင့်တွေ့ရတဲ့တရား | .... | ၄၃၇ |
| အရိပ်ဆာယာ ဥပမာ | .... | ၄၃၈ |
| ဥပမာ ဥပမေယျ စပ်၍ပြခြင်း | .... | ၄၃၉ |
| နိဗ္ဗာန်သည် နိစ္စ ဓုဝ သဿတ ငြိမ်းအေးပုံ | .... | ၄၄၁ |
| အပိုင်း(၆)သစ္စာလက္ခဏာကမ္မဋ္ဌာန်းမှ လွတ်သောတရား မရှိ | | ၄၄၁ |
| သစ္စာမှမလွတ်ပုံ အမြွက်မျှသိသာရုံ | .... | ၄၄၂ |
| လက္ခဏာမှ မလွတ်ပုံ အမြွက်မျှသိသာရုံ | .... | ၄၄၃ |
| ကမ္မဋ္ဌာန်းမှမလွတ်ပုံ အမြွက်မျှသိသာရုံ | .... | ၄၄၅ |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မုချနှင့် ဥပစာ မဂ္ဂနှင့် ဒုက္ခ .... | ၄၄၅ |
| အစ္စာသိ ဝိကိုပယ် ... | ၄၄၆ |
| သိခါပတ္တ ဓမ္မဒါန် .... | ၄၄၈ |
| ဝိညာပနကထာ .... | ၄၅၀ |
| နောက်ဆက်တွဲ | |
| မောင်ချစ်နှင့် မောင်သစ် အမေးအဖြေများ .... | ၄၅၂ |
| တံနည်း အမေးအဖြေများ .... | ၄၆၄ |
| သစ္စာသိ၍ ဒိ-ဝိ ပယ်က သောတာပန်ဖြစ်ပုံ .... | ၄၇၃ |
| သစ္စာသိက နိဗ္ဗာန်ရမှု ပြီးစီးပုံ .... | ၄၇၄ |
| ရှည်လျားလှစွာ သံသရာ .... | ၄၇၈ |
| မဂ်တက်စဉ် .... | ၄၈၅ |
| ပညတ် ပရမတ်ခွဲ .... | ၄၉၀ |
| ရုပ်ပရမတ် နာမ်ပရမတ်ခွဲ .... | ၄၉၀ |
| လက္ခဏာရေးသုံးပါး .... | ၄၉၁ |
| သစ္စာလေးပါးခွဲ .... | ၄၉၂ |
| ဣရိယာပုထ်လေးပါး .... | ၄၉၄ |
| ပုထုဇဉ်နှင့် အရိယာအထူး .... | ၄၉၉ |
| ဘုရားတိုက်တွန်းချက် .... | ၅၀၁ |
| သစ္စာလေးပါး ဆောင်ပုဒ်လင်္ကာ .... | ၅၀၃ |
| သစ္စာနှင့်စပ်သော ဒွေးချိုး တြိချိုး ဇေးထပ် .... | ၅၀၄ |
| ရှစ်လုံးဘွဲ့များ .... | ၅၀၅ |
| ကောပိုဒ်လင်္ကာ .... | ၅၀၆ |
| ဘုရားသမားတော်ကြီး လက်လွှတ်ပြီ .... | ၅၀၇ |
| ဘုရားတာဝန်နှင့် သာဝကတာဝန် .... | ၅၁၁ |
| အမိန့်တော်ပြန် စေတမန် .... | ၅၁၂ |
| တရားဟောပုဂ္ဂိုလ်တာဝန် .... | ၅၁၂ |
| တရားကျင့်သောပုဂ္ဂိုလ်တာဝန် .... | ၅၁၃ |
| တရားတော်တာဝန် .... | ၅၁၃ |

# သစ္စာအလင်းပြကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဇိနော ဇယံ မယှံ ဒေတု

(၁) ✻ ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ နမဿိတွာန အာဒရေ၊
သစ္စာဘာသံ ကရိဿာမိ ခိပ္ပံ နိဗ္ဗာန ပတ္တိယာ။

( သစ္စာ ပဏာမ )

နမတ္ထု စတုသစ္စ ဒေသကဿ ဗုဒ္ဓဿစ ဘဂဝတော။

သတ္တာနံ၊ ဒု,သ,နိ,မ လေးဝသစ္စာ မြတ်ဓမ္မာကို နှစ်ပြာနှစ်ဝ အနုဗောဓ ခေါ်သော လောကီဉာဏ် ပဋိဝေဓ ခေါ်သော လောကုတ္တရာဉာဏ်ဖြင့် ကောန်မိမိ ပိုင်ပိုင်မသိနိုင်ကြသေးတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတို့အား။ စတုသစ္စဒေသကဿ၊ အမှန်လေးပါး ခေါ်သော သစ္စာလေးပါး မြတ်တရားကို ဤကား ဒုက္ခ, ဤကား သမုဒယ, ဤကား နိရောဓ, ဤကား မဂ္ဂဟု ကိုယ်တော်မှ အသီးထုတ်၍ ဟောတော်မူအပ်သော သာမုက္ကံသိက ဒေသနာတော်ဖြစ်သော သစ္စာလေးပါးတရားကို ဟောတော်မူတတ်သော။ ဘဂဝတော၊ ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တဟူ ဘုန်းခြောက်ဆူလည်း ရှိတော်မူထသော။ ဗုဒ္ဓဿစ၊ အမှန်လေးချက် သဘောနက်ကို ဖေါ်လှစ်သိပြီး မြတ်စွာဘုရားအားရင်း။

တေန ဗုဒ္ဓေန၊ ထိုဘုရားမြတ်စွာ စိန္တေယျသည်။ ဒေသိတဿ၊ ဟောကြားတော်မူအပ်သော။ ဓမ္မဿစ၊ မဂ်လေးရပ် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်အားရင်း။ တဿ၊ ထို မြတ်စွာဘုရား၏။ ဩရသံ၊ ရင်ခွင်တော်နှစ် သားတော်စစ် ဖြစ်ကြပေသော။

---

(မှတ်ချက်) ✻ အယံ အနန္တရာ [illegible] ရတနတ္တယ ပဏာမ ကရဏန္တိ ဒဋ္ဌဗ္ဗံ။

သံဃာသာစ၊ ရှစ်ယောက်အရိယာ မြတ်သံဃာအားငင်း။ တမှာ၊ ထိုရှစ်ယောက်အရိယာ မြတ်သံဃာမှ။ အနုပ္ပစ္စိန္န ဂတာ၊ အာဒိပဘဝ ပဋ္ဌဝဂ္ဂိတို့မှစ၍ သိဿာနုသိဿ စဉ်လာမပျက် ယခုထက်တိုင် ဆင်းသက်၍ လာသော။ အာစေရသာစ၊ ပဌမကန့်ကူလက်လှဲ မူလာစရိယ ဒု-တ မမှာစရိယ လွန်ခဲ့သော ၉၄-ခုနှစ်က ဘဝနတ်ထံပျံလွန်တော်မူသော ငါတို့၏ထိပ်ခေါင်တင် ကျေးဇူးတော်ရှင် အရှင် "ခန္တီးဆရာတော်ဘုရားကြီး" အားငင်း။ အညေသဥ္စ၊ ထိုမှတဖြာ ပဗ္ဗဇ္ဇာစရိယ ဥပသမ္ပဒါစရိယ၊ ဓမ္မာစရိယ ရှိရှိသမျှဥဿုံ အလုံးဝံ့သော ဆရာတို့အားငင်း။ နမော၊ ကာယဝစီ မနောချီ၍ သုံးလီညွတ်ကျိုး တည်ငါးမျိုးဖြင့် ရှိခိုးခြင်းသည်။ အတ္ထု၊ မုချမသွေ ဖြစ်ပါစေသတည်း။

တေသံ၊ ထို အမြတ်သုံးဖြာ ရတနာ သုံးပါးတို့အား။ နမသိတွာ၊ ဥကျောင်းညွတ်ကျိုး ရှိခိုးပြီး၍။ သစ္စာဘာသံ သစ္စာဘာသဂန္ထံ၊ သစ္စာအရာ ဘုရားရဟန္တာကလွဲလျှင် ငါဆရာဘဲဟု ဆိုလောက်အောင် ဘယ်နေရာမှာမှ မချွင်းမချန် အကြွင်းအကျန်မရှိဘဲ ဥဒ္ဒေသ နိဒ္ဒေသ ပဋိနိဒ္ဒေသ သုံးဌာန လိုလေသေးမရှိရအောင်ခွဲဝေ၍ ပြဆိုထားသဖြင့် သစ္စာအရာမှာ အမှောင်ခွင်း၍ အလင်းကို ပြဆိုရာ ပြဆိုကြောင်း ဖြစ်သောကြောင့်၊ 'သစ္စာအလင်းပြ' ခေါ်သော ကျမ်းကို။ ကရိဿာမိ၊ ကျမ်းဂန်အရ လမ်းမှန်ကြအောင် ရေးပြခြင်းကို ပြုပေအံ့သတည်း။

---

## အကြောင်းအရာ ဘော်ပြချက်။

(၂) သစ္စံ သစ္စော ပဋိသန္ဓိ၊ ပစ္စယာကာရ မေဝစ။
ဒုဒ္ဒသာ စတုရော ဓမ္မာ၊ ဒေသေတုဉ္စ သု ဒုက္ကရာ။ (သမ္မော-ဌာ)

**အနက်။** ။ **သစ္စံ**စ၊ သစ္စာလေးပါး မြတ်တရားကိုငင်း။ **သတ္တော**စ၊ အနန္တကြာ သတ္တဝါကိုငင်း။ **ပဋိသန္ဓိ**စ၊ လေးပါးယောနိ ပဋိသန္ဓေ တည်နေကြဟန် အတန်တန်ကိုငင်း။ **ပစ္စယာကာရမေဝစ**၊ ကြောင်းကျိုးနှစ်ရပ် စဉ်ကာစပ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကိုငင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေခမ္မာ၊ သစ္စံ သတ္တံ ပဋိသန်ပစ္စယ ဤလေးဝသော တရားအချက် သဘောနက်တို့ကို။ ဒုဒ္ဒသာ၊ မိမိကိုယ်တိုင်ကလည်း သဘောမိမိ

သိနိုင်ခဲ မြင်နိုင်ခဲလှကုန်၏။ ဒေသေတုဒ္ဓါ သူတပါးတို့အား နားရှင်းသွားအောင် ဟောကြားခြင်းငှါလည်း။ သုဒုက္ကရာ၊ သာ၍မလွယ် ပြုနိုင်ခဲကုန်၏။

---

## " အခက်ကြီး လေးခက် "

**အဓိပ္ပါယ်။** ။ အထက်အဆိုပါ တရားလေးပါးတို့ကို မိမိကိုယ်တိုင်ကလည်း နေရာတကြ မရှုပ်မထွေး မတွေမဝေ ပိုင်းခြားဝေဘန်၍ အမှန်အတိုင်း သိခြင်းငှါရင်း၊ သူတပါးတို့အားလည်း နားရှင်း သွားအောင် နားလည်သွားအောင် သဘောမိ သဘောကျသွားအောင် ဟောပြခြင်းငှါရင်း၊ လွန်စွာ လွန်စွာ ခက်ခဲလှ နက်နဲလှသော အခက်တကာ့အခက် အခက်ထိပ်သီး အခက် အဓိပတိကြီးဖြစ်တဲ့ အခက်ကြီး လေးပါး ပိဋကတ်သုံးပုံထဲမှာရှိနေရာ အဆိုပါ အခက်ကြီးလေးပါးတို့တွင် တပါးအဝင် စ,ဦးတင်၍ ပါဝင်နေသော သစ္စာလေးပါးအကြောင်းကို ကောင်းကောင်းသိဘို့ကလည်း တခက်။ သတ္တဝါအကြောင်းကို ကောင်းကောင်းသိဘို့ကလည်း တခက်။ သတ္တဝါတို့၏ ပဋိသန္ဓေ တည်နေကြဟန် အတန်တန်ကို အမှန်အကန် သိရှိဘို့ရာကလည်း တခက်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသော ပဋိစ္စသမုပ္ပါဒ်သံသရာစက်ရဟတ်ကြီး အကြောင်းအကျိုးစပ်၍ မပြတ်လည်နေကြပုံအလုံးစုံကို အကုန်သိဘို့ကလည်း တခက်။ ဤလိုဤပုံ ပိဋကတ်သုံးပုံထဲမှာ အခက်ကြီး လေးခက်ရှိနေပါတယ်ဆိုတာကို အဋ္ဌကထာ ဆရာ့ဆရာတို့က မှတ်ချက်ချထားခဲ့ရာ၊ ဤသစ္စာလေးပါးတို့ဟာ အဆိုပါ အခက်ကြီး လေးခက်ထဲမှာ အစဦးစွာ မားမားမတ်မတ် ရှေ့တမ်းကရပ်၍ ပါဝင်နေသည်ဟု သိရှိကြပါလေ။

ဆောင်ပုဒ်

၁။ သစ်ခက် သတ်ခက်၊ သန္ဓေခက်၊ ပစ်ခက် လေးခက်သာ။
၂။ မိမိ သူတပါး၊ သိပိုင်းခြား၊ ဟောကြား ခက်လှပါ။
၃။ အခက်လေးတွင်၊ တပါးဝင်၊ ကြောင်းအင် သိဘို့ရာ။
✱ ၄။ ဘုရားပစ္စေကာ၊ ကုန်သိရာ၊ သူငါ သင့်ရုံသာ။

---

မှတ်။ ✱ စတ္တာရောဗုဒ္ဓါ–သုတဗုဒ္ဓေါ–စတုသစ္စဗုဒ္ဓေါ–ပစ္စေကဗုဒ္ဓေါ–သမ္မာသမ္ဗုဒ္ဓေါတိ အစဉ်အတိုင်း။ ဗဟုသုတ ရဟန်း။ ရဟန္တာ။ ပစ္စေကဗုဒ္ဓါ။ ဘုရား။

၅။ သင့်ရုံသိလျှင်၊ ထိုသူပင်၊ ခေါ်တွင် သုတ ဗုဒ္ဓသာ။
၆။ ထိုးထွင်းသိညား၊ ထိုသူအား၊ ခေါ်ညား ရဟန္တာ။
၇။ သစ္စာဗုဒ္ဓ၊ ဖြစ်အောင်ပ၊ ကြိုးစားကြလေပါ။
၈။ သစ္စာသိပြန်၊ သောတာပန်နှင့်၊ အရဟံမည်ရှိ မြတ်ခေါင်ထိ ရောက်ရှိ အရိယာ။

---

"သစ္စာနိဒါန်း"

(၃) လောကေ လောကပ္ပဘဝေ လောကတ္ထဂမေ သီဝေဝ တဒုပါယေ သမ္မုယှတိ တာဝ နရော နဝိဇာနာတိ ယာဝသစ္စာနိ။ ။(သမ္ဘော-ဌာ)

အနက်။ ။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ နရော၊ လူနတ်ဗြဟ္မာ သတ္တဝါသည်။ သစ္စာနိ၊ အမှန်လေးပါး သစ္စာတရားတို့ကို။ နဝိဇာနာတိ၊ ဉာဏ်တဏှာမှ တပါးသော လောကီခန္ဓာ ငါးပါးသည်ကား– ဒုက္ခသစ္စာဖြစ်သည်၊ ဉာဏ်တဏှာကား-သမုဒယသစ္စာဖြစ်သည်၊ ဉာဏ်နိဗ္ဗာန်ကား နိရောဓသစ္စာဖြစ်သည်၊ ဉာဏ်မဂ္ဂင်ရှစ်ပါးကား–မဂ္ဂသစ္စာဖြစ်သည်ဟု အနုပဋ္ဌိ သစ္စဉာဏ် နှစ်ပါး, သစ္စ–ကိစ္စ-ကတ–ဉာဏ်သုံးပါး, အပြန် ၁၂–ပါး အားဖြင့် ထိုးထွင်း၍ အမှန်အတိုင်း မသိသေး။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ လောကေစ၊ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာ ဟူသော သင်္ခါရ လောက၌ရှင်း။ လောကပ္ပဘဝေစ၊ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာ၏ အကြောင်း ဖြစ်သော သမုဒယသစ္စာ၌ရှင်း။ လောကတ္ထဂမေစ၊ ဒုက္ခ သမုဒယသစ္စာ နှစ်ပါးတို့၏ တဘန် အသစ်မဖြစ်ရာ နိဗ္ဗာန်ဟူသော နိရောဓသစ္စာ၌ရှင်း။ တဒုပါယေစ၊ ထို နိရောဓသစ္စာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်း ဖြစ်သော မဂ္ဂသစ္စာ၌ရှင်း။ သမ္မုယှတိ၊ သစ္စာသိတဲ့ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်းရောင်ကို မရသောကြောင့် သစ္စာမသိတဲ့ မိစ္ဆာဒိဋ္ဌိအဝိဇ္ဇာမှောင်ကြီး ကြခါ သတ္တဝါ သူငါတွေဟာ ဘယ်လိုဖြစ်၍ ဘယ်လို ပျက်နေကြရမှန်း မသိ။ ဝါ၊ သ ကြောင့်–ဒု, ကြောင်းကြောင့်–ကျိုး, တဏှာကြောင့် ခန္ဓာ, ဖြစ်–ပျက်–မွေး–သေ သံသရာရှည်၍ နေကြရမှန်းမသိ အတွေဝေကြီး တွေဝေ၍နေကြရတော့၏။ ဝါ၊ ဘိစ္စတုံး လုံးလုံးကြီး မသိနိုင်ကြတော့ပြီဟု သမ္ဘော – ဌာ ၌ မှတ်ချက် ချခဲ့ပါသောကြောင့်။ ဝါ၊ တဏှာကြောင့်

ခန္ဓာ ဖြစ်, ပျက်, မွေး, သေ သံသရာရှည်၍ နေကြရသည်၊ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်တဲ့ခါ တဏှာခန္ဓာအစဉ်ပြတ်၍ အသခ်တဓာတ် နိဗ္ဗာန်သို့ အမြန် ရောက်နိုင်ကြသည်ဟု သစ္စာသိ၍ တဏှာ ပယ်ပြီး အမတာ နယ်သို့ ရောက်နိုင်ကြရန်။ ဝါ၊ သစ္စာသိ၍ အရိယာ သောတာပန် အစစ်ဖြစ်ပြီး အပါယ်လွတ်တရား ရနိုင်ကြရန်။ ဝါ၊ သစ္စာ အဋ္ဌမ်းကုန်သိ၍ ရဟန္တာ အစစ်ကြီးဖြစ်နိုင်ပြီး မွေး,သေ ဝဋ္ဋက ကျွတ်လွတ် ထွက်မြောက်နိုင်ကြရန်၊ ဤ "**သစ္စာအလင်းပြ**" ကျမ်းကို လူထု,ရှင်ထုအား တင်ပြရပါသည်ဟူလို။

ဆောင်ပုဒ်။ ၁။ သစ္စာမသိ၊ တွေဝေဘိ၊ ဖြစ်မိဖြစ်ရာ သံသရာ။
၂။ သစ္စာသိက၊ ပါယ်လွတ်ရ၊ ဒေဝမနုဿာ။
၃။ လူထဲ နတ်ထဲ၊ ဂတိမြဲ၊ လွန်ကဲ ခုနစ်ဘဝသာ။
၄။ ခုနစ်ဘဝတွင်၊ နိဗ္ဗာန်ဝင်၊ သံဇဉ်ပြတ်တော့တာ။
၅။ ယခုဘဝ၊ သိအောင်ပ၊ ကျိုးစားကြလေပါ။
၆။ ကျိုးစား၍သိ၊ လူကဝိ၊ ရောက်ရှိအရိယာ။
၇။ ထို့ကြောင့်မမှား၊ လူအများ၊ ကျိုးစားကြလေပါ။

(၄) **ယော ဟိ ကောစိ ဘိက္ခဝေ အနုကမ္ပေယျာထ။ပ။တေခေါ ဘိက္ခဝေ စတုန္နံ အရိယသစ္စာနံ ယထာဘူတံ အဘိသမယာယ သမာဒပေတဗ္ဗာ နိဝေသေတဗ္ဗာ ပတိဋ္ဌာပေတဗ္ဗာ။ ။** (သစ္စသံယုတ်)

**ဘာသာပြန်။** ။ ရဟန်းတို့၊ တစုံတယောက်သော သူသည် မိမိနှင့် ကျေးဇူးမကင်း မိရင်း,ဘရင်း ဆွေရင်းမျိုးချာ အလွန်တရာ ချစ်ကျွမ်းဝင်သော တစုံတယောက်သောသူကို တကယ် အဟုတ်ချစ်ခင်ရိုး မှန်ပါလျှင် ပါးစပ်ချစ် စကားချစ် လောကဝတ်ချစ် ဟန်ချစ်မဟုတ်ဘဲ၊ တကယ်ဘဲ အဟုတ်ချစ်ခင်တယ်ဆိုပါလျှင်။ ဝါ၊ ချစ်ခင်ရိုးမှန်ပါလျှင်။ ထိုသူ ထိုသူ တို့အား ချစ်ရာ ခင်ရာ သနားရာ ရောက်အောင် သနားရာကြအောင် "ဒု-သိ ဒိ-ပယ်, သ-သိ-ဝိ-ပယ်" ဆိုတဲ့အတိုင်း ဒုက္ခသစ္စာကိုသိ၍ ဒိဋ္ဌိကိုပယ် နိုင်အောင်၊ သမုဒယသစ္စာကိုသိ၍ ဝိစိကိစ္ဆာကိုပယ်နိုင်အောင်၊ ဒိဋ္ဌိဝိစိကိစ္ဆာ ကိုပယ်နိုင်တဲ့ အရိယာသောတာပန်များဖြစ်သွားနိုင်ကြအောင် "သစ္စာသိမြင်

နိဗ္ဗာန်မြင်၊ နိဗ္ဗာန်မြင်မှ မဂ်ဖိုလ်ရ၊ မုချမြဲမှတ်သား ”ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ သစ္စာသိ သစ္စာမြင်တဲ့ခါ၊ တတိယသစ္စာခေါ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မျက်မှောက်မြင်သိသွားနိုင်တဲ့ သောတာပတ္တိမဂ်စိတ် ဖိုလ်စိတ်များ ဖြစ်ပေါ်ကာ အပါယ်လွတ်တရားရ သောတာပန် စသော အရိယာများ ဖြစ်သွားနိုင်ကြအောင် အခြားတပါး အခြားစကားများကို တဟားဟား ပြောဆို ရယ်သွမ်းရှဲနေမဲ့အစား သစ္စာလေးပါး တရားစကား တို့ကိုသာ ပြောမှု ဟောမှု သွန်သင်ဆုံးမမှု ဆောက်တည်စေမှု နှလုံးသွင်း စေမှု ဆင်ခြင်စေမှုတို့သာ ပြုလုပ်စေရမည်ဟု သစ္စသံယုတ် ပါဠိတော်မှာ ဘုရားမြွက်ဇွာ မိန့်မှာတော်မူခဲ့ပါသောကြောင့် အားလုံးသော ရှင်လူ ရဟန်းတို့အား ချစ်ခင် သနားရာ ကြအောင် မေတ္တာရှေ့ထား၍ ဤ— “ သစ္စာအလင်းပြကျမ်း ” ကို လူထု ရှင်ထုအား တင်ပြရခြင်း ဖြစ်သည်ဟု သိရှိစေလိုပါသည်။

မှတ်ချက်။ ။ ဤ၌ “သစ္စာသိမြင် နိဗ္ဗာန်မြင် ” ဆိုသည်မှာ၊ သစ္စာကို သိမြင်မှသာ နိဗ္ဗာန်ကို မြင်သည်၊ သစ္စာကို မသိမမြင်လျှင် နိဗ္ဗာန်ကိုလည်း မသိမမြင်ဟု ဆိုလိုပေသည်။ နိဗ္ဗာန်ကို သိမြင်သောစိတ်သည် မဂ်စိတ်ပေတည်း။ နိဗ္ဗာန်ကို အာရုံပြုသောစိတ်သည် ဖိုလ်စိတ်ပေတည်း။ **“မဂ္ဂေန နိဗ္ဗာနံဒိသွာ”** ကို ထောက်လေ။

**မဂ္ဂေန**၊ မဂ်ဖြင့်။ ဝါ၊ မဂ်သည်။ **နိဗ္ဗာနံ**၊ သခ်ံါရချုပ်ငြိမ်းရာ နိဗ္ဗာန်ကို။ ဝါ၊ တဏှာခန္ဓာ ဒု-သ, သစ္စာနှစ်ပါးတို့၏ ထဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်ကို။ **ဒိသွာ**၊မြင်၍ (နိဗ္ဗာန်မြင်မှ မဂ်ဖိုလ်ရ) ဆိုသည်မှာ နိဗ္ဗာန်ကိုသိမြင်တဲ့ အာရုံ ပြုတဲ့ မဂ်စိတ်ဖိုလ်စိတ်ဖြစ်မှပင် သစ္စာကိုမသိတဲ့ မောဟကိလေသာ, ယူမှားတဲ့ ဒိဋ္ဌိကိလေသာ, ယုံမှားတဲ့ ဝိစိကိစ္ဆာကိလေသာ စသည်ကို ပယ်သတ်နိုင်တဲ့ သောတာပတ္တိမဂ် စသော မဂ်ရ ဖိုလ်ရ ပုဂ္ဂိုလ်ဟု ဆိုလိုပေသည်။ သစ္စာ သိတဲ့ခါ အဘယ်ကြောင့် နိဗ္ဗာန်ကို မြင်သနည်း။ သစ္စာလေးပါးထဲမှာ— တတိယ သစ္စာ ခေါ်သော နိရောဓသစ္စာ နိဗ္ဗာန် ပါသောကြောင့် ငင်း **“ နိဗ္ဗာန်ကို သိမြင်သည် ဟူသို။ ”**

ဆောင်ပုဒ်။ ။ ချစ်ခင်သနား၊ သူတပါးကို၊ စိတ်ထားရှိက၊ ဟောပြသစ္စာ ပြုလေပါက ချစ်ရာကြ၊ မုချ အမှန်တည်း။

(၅) စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ။
ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ တိ။

ဘာသာပြန်။ ။ ရဟန်းတို့၊ သောတာပန် စသော အရိယာတို့သည် သိအပ်ကုန်သော သစ္စာလေးပါး မြတ်တရားတို့ကို လောကီအနုဗောဓဉာဏ်ဖြင့် မသိခြင်းကြောင့် လောကုတ္တရာ ပဋိဝေဓ ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါဘုရားသည်၎င်း, သင်ချစ်သားတို့သည်၎င်း, ဤမျှ ရှည်လျားလှစွာသော သံသရာ ကာလပတ်လုံး၊ ဤဘဝမှ ထိုဘဝ, ထိုဘဝမှ ဤဘဝ, ကြီးသောဘဝ, ငယ်သောဘဝ, ယုတ်သောဘဝ မြတ်သောဘဝ စသည်ဖြင့် ဘဝများစွာ ကမ္ဘာများစွာ မရေတွက်သာအောင် ကျင်လည် ပြေးသွားရလှလေပြီ၊ ကြိမ်ဖန်များစွာ အခါခါ ကျင်လည် ပြေးသွားရလှ လေပြီဟု ဟောတော်မူတဲ့ အန္တယ ဒေသနာတော်ကို ကြားနာ မှတ်သား ကြရတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် သစ္စာမသိ၍သာ ဤမျှသံသရာရှည်၍နေကြရသည်ဆိုသဖြင့်၊ သစ္စာသိလျှင် ဤမျှလောက် သံသရာ မရှည်နိုင်ရာပြီဟု ဗျတိရေက ပြန်ထောက်ဆ၍ ယူရတဲ့ အဓိပ္ပါယ် ကိုလည်း အလွယ်နှင့်ပင် သိအပ်သည့်ပြင်၊ ဤလို ဤပုံ—ဖြစ်ပျက်,မွေးသေ သံသရာမရှည်ခြင်ကြလျှင် သစ္စာသိအောင် အမြန်ကြိုးစား၍၊ ဖြစ် ပျက် မွေးသေဆိုတဲ့ သံသရာဝဋ်က ထွက်၍၊ မွေးသေလွတ်တဲ့ နိဗ္ဗာန်ကို မြန်မြန် သွားကြဆိုတဲ့ တိုက်တွန်းချက်လည်း ပါဝင်လျက် ရှိသည်ကို သတိပြုမိကြ ပါစေသတည်း။

ဆောင်ပုဒ်။ ၁။ သစ္စာမသိ၊ ရှည်ဘိသံသရာ၊ သစ္စာသိတော့ တိုဘိမှန်စွာ။
၂။ သစ္စာလေးသင်း၊ ဉာဏ်မထိုးထွင်း၊ နစ်မွန်းသံသရာ။
၃။ သစ္စာလေးသင်း၊ ဉာဏ်ထိုးထွင်း၊ လွတ်ကင်းသံသရာ။

အဓိပ္ပါယ်။ ။ သ,ကြောင့် ဒု၊ တဏှာကြောင့် ခန္ဓာဖြစ်သည်ဟု သစ္စာ မသိသောကြောင့် တဏှာပယ်တဲ့ မဂ်အကျင့်ကို မကျင့်၊ မကျင့်သောကြောင့် တဏှာကြောင့် ခန္ဓာ ဖြစ်ပျက် မွေးသေ သံသရာရှည်၍နေကြရသည်၊ တဏှာ ကြောင့် ခန္ဓာ ဖြစ်သည်ဟု သ,နှင့် ဒု,ကို သိတဲ့ခါ၊ တဏှာပယ်တဲ့ မဂ်အကျင့် ကို ကျင့်သောကြောင့် တဏှာခန္ဓာ အစဉ်ပြတ်၍ အသခ်တဓာတ် နိဗ္ဗာန်သို့ ဆိုက်ရောက်သဖြင့် ဖြစ် ပျက် မွေး သေဆိုတဲ့ သံသရာ တို၍ သွားလေတော့ သည်ဟု ဆိုလိုပေသည်။

(၆) တေသံ အပ္ပဋိဝိဒ္ဓတ္တာ ဝဋ္ဋံ ဝဍ္ဎတိ။
တေသံ ပဋိဝိဒ္ဓကာလတော ပဋ္ဌာယဝဋ္ဋံ နဝဍ္ဎတိ။ (သံ-ဋ္ဌ)

**ဘာသာပြန်။** ။ ထို သစ္စာလေးပါး တို့ကို ထိုးထွင်း၍ မသိသည်၏ အဖြစ်ကြောင့်၊ ဖြစ် ပျက် မွေး သေ ဆိုတဲ့သံသရာဝဋ်တရားသည် တိုးပွား ရှည်လျား၏။ ထို သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိသောကာလမှစ၍ ဖြစ် ပျက် မွေး သေ ဆိုတဲ့ သံသရာဝဋ်တရားသည် မတိုးပွားတော့ပြီ။ ဝါ၊ ဖြစ် ပျက် မွေး သေ အစဉ်ပြတ်၍ သံသရာစက် ရပ်တော့သည်ဟူလို။

**ဆောင်ပုဒ်။** သစ္စာမသိ ဝဋ်လှည့်ရှည်ကြာ၊သစ္စာသိတော့ ဝဋ်လှည့်တို့ပွား၊
ဝဋ်ပြတ်သွား ရပ်နား သံသရာ။

---

သစ္စာလေးပါး တရားတောင်း

၁။ သစ္စာလေးရပ် တပ်အပ်သေချာ၊ မသိကြ၍ ဘဝရှည်ကြာ။
သံသရာဝဲ နစ်မြဲခါခါ၊ တက်နိုင်ဘဲ မြုပ်မြဲ မြုပ်ကြတာ။
ဗောဓိရင့်ညောင်း အလောင်းတကာ၊သစ္စာတော်ပန်း ဆင်မြန်း၍သာ။
သံသရာဝဲ ကျော်လွဲထွက်ခွါ၊ နိဗ္ဗာန်နန်း စံမြန်းခမ္မတာ။
ဒု,သ,နိ,မ, လေးဝသစ္စာ၊ ရှင်တော်ဗုဒ္ဓ ထုတ်ပြဒေသနာ။
သိ,ပယ်,ဖျက်,ပွါး, ဟောငြားစဉ်သာ၊
ကျင့်စဉ်က ဟောပြတော်မူပါဘုရား။

**ကျင့်စဉ်ကား။** ။ " ပွါး, သိ, ပယ်, ဆိုက်, လေးပါးကိုက်၊ အမြိုက် နိဗ္ဗာန်ဝင် "နှင့်အညီ၊ ဒု, သ, နိ, မ ဟု သစ္စာလေးပါးတို့ကို ရှေ့နောက် အစဉ်ထား၍ ဟောကြားတော်မူခဲ့သည်မှာ၊ ရှေးဘုရားတို့ကဲ့သို့ ဟောရိုး ဟောစဉ် အတိုင်း၊ ဒေသနက္ကမ အားဖြင့်သာ ဟောတော်မူခဲ့ပေသည်၊ ကျင့်ရိုးကျင့်စဉ် ပဋိပတ္တိက္ကမ အားဖြင့်ကား " မဂ္ဂံ ဘာဝေတွာ " နှင့်အညီ၊ သစ္စာလေးပါးတို့တွင် နောက်ပိတ်ဆုံးဖြစ်သော သမ္မာဒိဋ္ဌိ စသော မဂ္ဂသစ္စာ မဂ္ဂင်ရှစ်ပါး ဝိပဿနာအလုပ်တရားကို ပွါးများ အားထုတ်ခြင်းသည်။ ဝါ၊ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်ခြင်းသည်။ ဝါ၊ တဏှာကြောင့် ခန္ဓာ ဖြစ် ပျက် မွေး သေ သံသရာရှည်၍ နေကြရသည်၊ တဏှာပယ်တဲ့ မဂ်အကျင့် ကြောင့် တဏှာခန္ဓာ အစဉ်ပြတ်တဲ့ အသခ်တဓာတ် နိဗ္ဗာန်တည်းဟု သစ္စာ

မြင်အောင် သစ္စာထင်အောင် သစ္စာလေးပါးတို့ကို အကြောင်းအကျိုးနှင့်တကွ၊ ပိုင်းခြားဝေဘန်၍ အမှန်ကိုသိမြင်အောင် သစ္စာလေးဖြာ ထင်မြင်လာတဲ့အခါ ဒုက္ခသစ္စာကို တဲ့တဲ့သိမြင်လာတော့ ဒိဋ္ဌိကိုပယ်၊ သမုဒယသစ္စာကို သိမြင်လာတော့ ဝိစိကိစ္ဆာကို ပယ်၍၊ ဒိဋ္ဌိကိလေသာ အပါယ်ခန္ဓာတို့၏ တဖန် အသစ်မဖြစ်ရာ နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်မြင်သိတဲ့ သောတာပတ္တိမဂ်ဉာဏ်, ဖိုလ်ဉာဏ်များ ဖြစ်ပေါ်ကာ အပါယ်လွတ်တရားရ သောတာပန် စသော အရိယာများဖြစ်သွားစေနိုင်ခြင်းအကျိုးငှါ ပွဲါးများအားထုတ်ခြင်းသည် ကျင့်စဉ်ပေတည်း။

ဤလို–ဤပုံ၊ မဂ္ဂင်ရှစ်ပါး ဝိပဿနာအလုပ်တရားကို ပွါးများအားထုတ်တဲ့ခါ ရှေးဦးစွာ ရုပ်နာမ်အသိကစ၍၊ သစ္စာသိထိအောင် လောကီအနုဗောဓဉာဏ်ဖြင့်ပင် သိမြင်လာတဲ့ခါ၊ နောက်ပိုင်းမှာ လောကုတ္တရာ ပဋိဝေဓမဂ်ဉာဏ်ဖြင့် တတိယသစ္စာခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုခိုက် မဂ်၏ရှေ့အဘို့မှာ ကိလေသာအကြမ်းစားတို့ကို တဒင်္ဂပဟာန် စသည်ဖြင့်ပယ်သတ်၍ နိဗ္ဗာန်ကို မျက်မှောက်မြင်သိဆဲဖြစ်တဲ့ မဂ်ခဏ မဂ်ခဏတို့မှာ၊ မိမိတို့မဂ်နှင့်ဆိုင်ရာ အနုသယ ကိလေသာတို့ကို သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမထားဘဲ ပယ်သတ်၍ မဂ်ခဏ ဖိုလ်ခဏတို့မှာ အာရုံပြုသောအားဖြင့် နိဗ္ဗာန်ကိုဝင်စံရခြင်း။ ဤလိုဤပုံ–မဂ်အစဉ်အားဖြင့် ပယ်သတ်၍လာခဲ့ရာ၊ အရဟတ္တမဂ်နောင်မှာ အကြောင်းတဏှာ အသစ် မဖြစ်တော့သည် ဖြစ်၍ အရဟန္တ စုတိနောင်မှာ အကျိုးခန္ဓာလဲ အသစ်မဖြစ်တော့ဘဲ၊ တဏှာခန္ဓာ အသစ် အသစ် ဖြစ်မှု အမြဲ ငြိမ်းအေးသွားတဲ့ နိရောဓသစ္စာ နိဗ္ဗာန်၌သာ သန္တိသုခ သိတိဘာဝ အဖြစ်ဖြင့် အမြဲတည်နေသောအားဖြင့် ဝင်စံရလေတော့သည်။ ဝါ၊ နိဗ္ဗာန်ယူသိမ်း၍ ငြိမ်းရလေတော့သည်။

# ပဋိညာဉ်

"သစ္စာအလင်းပြကျမ်း"ကို ရေးသားရာ၌၊ ကျမ်းရေးဆရာတို့ ထုံးစံအတိုင်း၊ ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသ ဟု ကျဉ်း—လတ်—ကျယ် သုံးမျိုးထား၍ ပြဆိုမြဲထုံးစံရှိရာ၊ ထုံးစံထက်ပို၍ ဥဒ္ဒေသခဏ်းကို ခပ်များများ ပြဆိုသွားမည်ဖြစ်ကြောင်း။ ဤဥဒ္ဒေသကို ထိုထိုကျမ်းတို့၏ အမိန့်အဆိုကို မှီ၍ ရေးပြမည်။

### ခရီးညွှန်ယောကျ်ား ကဲ့အလား

ဤလို၊ သစ္စာကို ပြဆိုရာ၌၊ လိုအပ်သောသစ္စာ, မလိုအပ်သောသစ္စာဟု နှစ်မျိုးရှိရာ၊ လောကမှာ ခရီးညွှန်ပြတဲ့နေရာ၌ လိမ္မာလှစွာသော ခရီးညွှန်ယောကျ်ားသည် မသွားရမဲ့ လက်ဝဲလမ်းကို "ဝါမံ မုဥ္စ" ဟု ရှေးဦးစွာ တားမြစ်ပြီးမှ၊ သွားရမဲ့ လကျ်ာလမ်းကို "ဒက္ခိဏံ ဂဏှ" ဟု နောက်မှ ညွှန်ပြသကဲ့သို့၊ ထို့တူပမာ— ဤအရာ၌လည်း မလိုအပ်သော သစ္စာကို ရှေးဦးစွာ ပယ်ရှား၍၊ လိုအပ်သောသစ္စာကို နောက်မှ ပြဆိုသွားမည် ဖြစ်ကြောင်း။

---

### သစ္စာနှစ်ပါး ဘုရားဟော

(၁) ဒုဝေသစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံဝရော။
သမ္မုတိံ ပရမတ္ထဥ္စ၊ တတိယံ နုပလဗ္ဘတိ။ ။
(၂) သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိ ကာရဏံ။
ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ တထလက္ခဏံ။ (အဘိဓမ္မာ-ဋ္ဌာ)

ဘာသာပြန်။ သစ္စာတို့သည် သမ္မုတိသစ္စာ, ပရမတ္ထသစ္စာဟု နှစ်မျိုးရှိရာ စကားမှန် တရားမှန်ကို ဟောကြားတော်မူတတ်သော ပုဂ္ဂိုလ်အပေါင်းတို့ထက် အမြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရားသည် သမ္မုတိသစ္စာ, ပရမတ္ထသစ္စာ ဟူ၍ နှစ်ပါးကုန်သော သစ္စာတို့ကို ဟောကြားတော်မူခဲ့လေသည်။ သုံးခုမြောက်သော သစ္စာကိုကား မရအပ်ပေ၊ကမ္ဘာဦးသူ လူပညာရှိများက၊ ဤကား လူ, ဤကား ကျွဲ, စသည်ဖြင့် ကမ္ဘာတည်ဦးကပင် အများသဘောတူ ခေါ်ဝေါ်ပညတ် သမုတ်အပ်သော အမှတ်သင်္ကေတ ပညတ်စကားသည်လည်း အမှန်သစ္စာမျိုးပေတည်း။ ပထဝီ,အာပေါစသော

ပရမတ္ထဓမ္မတို့၏ မချွတ်မယွင်း မှန်ကန်သော သဘောလက္ခဏာသည်လည်း သစ္စာပေတည်း။

ဆိုလိုရင်းမှာ–လူ, ကျွဲ, နွား, သစ်ပင်, တော, တောင် စသော သမ္မုတိ သစ္စာလည်းအမှန်ပင်၊ပထဝီ,အာပေါ, စိတ်, စေတသိက် ရုပ် နိဗ္ဗာန် စသော ပရမတ္ထသစ္စာလည်း အမှန်ပေတည်း။ အဆိုပါ သမ္မုတိသစ္စာ, ပရမတ္ထသစ္စာ နှစ်ပါးတို့ကို ဘုရားဟောတော်မူခဲ့သောကြောင့် အမှန်ချည်းပင် ဖြစ်၍ ပညတ်နေရာမှာ ပညတ်, ပရမတ်နေရာမှာ ပရမတ်, သူ့နေရာနှင့်သူ အလိုက် သင့်အောင်ယူ, အလိုက်သင့်အောင်ပြော, ပညတ်နှင့် ပရမတ် ရောနှော၍ မယူလေနှင့်၊ အငြင်းမပွါး အခြင်းမများကြစေနှင့်ဟု ဆိုလိုပေသည်။

ဤ၌ – အဆိုပါ သမ္မုတိသစ္စာကိုရင်း။ " သစ္စံ ဘဏေ န ကုဇ္ဈေယျ " စသော ဝစီသစ္စာကိုရင်း။ " သစ္စေ ဌိတာ သမဏာဗြဟ္မဏာ" စသော ဝိရတိ သစ္စာကိုရင်း။ " ကသ္မာ သစ္စာနိ ဝဒန္တိ နာနာပဝါဒိယသေ ကုသလာ ဝဒါနာ" စသော ဒိဋ္ဌိသစ္စာကိုရင်း မလိုအပ်။ " ကော ဟိ သစ္စံ န ဒုတိယံ ဒုက္ခံ အရိယသစ္စံ "စသော ပရမတ္ထသစ္စာကိုသာလိုအပ်သည်။ ၎င်း " ပရမတ္ထ သစ္စာ " ကိုသာ ဤကျမ်း၌ ပြဆိုသွားမည်ဟူလို။

ဆောင်ပုဒ်။ သမ္မုတိသစ် ပရမတ်သစ်၊ နှစ်ရစ်သစ္စာမှီ။
သမုပယ်ရှား ပရမတ်တရား၊ ပြသွားမည်ဟုသိ။

---

**ဒေသနာ ၂–မျိုး**

**ဗုဒ္ဓဿ ဟိ ဘဂဝတော ဒုဝိဓာဒေသနာ သမ္မုတိဒေသနာ**
**ပရမတ္ထဒေသနာ စာတိ။** (အင်္ဂုတ္တရ–ဋ္ဌ)

အဒိပ္ပါယ်။ မြတ်စွာဘုရား၏ ဒေသနာတော်သည်။ သမုတိဒေသနာ ပရမတ္ထဒေသနာဟု နှစ်မျိုးရှိရာ ပုဂ္ဂိုလ်သတ္တဝါ ကျား–မ စသည်ဖြင့် ဟောလျှင် သမ္မုတိဒေသနာဖြစ်၍ ခန္ဓာအာယတနဓာတ် အနိစ္စ–ဒုက္ခ–အနတ္တ စသည်ဖြင့်ဟောလျှင် ပရမတ္ထဒေသနာတော်ဖြစ်သည်။ ထိုတွင် အကြင်သူ တို့အား သမ္မုတိဒေသနာကို ကြားနာရလျှင် မဂ်ဖိုလ်တရားထူးကိုရခြင်းငှါ စွမ်းနိုင်၏။ ထိုသူအား သမ္မုတိဒေသနာတော်ကို အကြင်သူတို့အား ပရမတ္ထ ဒေသနာတော်ကို ကြားနာရ၍ မဂ်ဖိုလ်တရားထူးကိုရခြင်းငှါ စွမ်းနိုင်၏။ ထိုသူတို့အား ပရမတ္ထဒေသနာတော်ကို ဟောတော်မူပေသည်။

ဆိုလိုရင်းမှာ။ ပုဂ္ဂိုလ်သတ္တဝါစသော သမ္မုတိဒေသနာဖြင့် ဟောမှ မဂ်ဖိုလ် ရမည် ဖြစ်လျှင် သမ္မုတိဒေသနာတော်ကို ဟောတော်မူသည်။ ခံ အာ ဓာတ် စသော ပရမတ္ထဒေသနာဖြင့်ဟောမှ မဂ်ဖိုလ်ရမည်ဖြစ်လျှင် ပရမတ္ထဒေသနာတော်ကို ဟောတော်မူသည်။ မြတ်စွာဘုရားသခင်တို့သည် လူနတ်တို့ ခေါ်ဝေါ် သုံးစွဲကြသော လောကသမ္မုတိကို စွန့်လွှတ်တော် မမူကြကုန်ပေ။

နီတတ္ထ နေယျတ္ထ ၂-မျိုး ရှိရာတွင်၊ 'နီတတ္ထ' ဆိုတဲ့ ပရမတ္ထဒေသနာ တော်မှာ ငိုက်ခိုက် ဒါရိုက်ဟောသော ဒေသနာတော်ဖြစ်၍၊ နေယျတ္ထ ဒေသနာတော်မှာ ဆောင်၍ ပြောင်းပြန်လှန်၍ ဟောသော ဒေသနာတော် ဖြစ်သောကြောင့် ပုဂ္ဂိုလ်သတ္တဝါ ကျား-မ သည်ပြင့် ဟောလေသမျှတို့ကို ပုဂ္ဂိုလ်သတ္တဝါစသော ပညတ်ကြော်ဖေါက်၊ ခံ-အာ ဓာတ်ဟူသော ပရမတ် ပေါက်၊ အနိစ္စ-ဒုက္ခ-အနတ္တ ဟူသော လက္ခဏာဆိုက်၊ ဒု—သ ဟူသော သစ္စာကိုက်အောင် အသိမှန်သိ အမြင်မှန်မြင် အယူမှန် ယူကြပါလေ။

ဤကား-စကားအလျဉ်းသင့်၍ ဗဟုသုတအကျိုးငှါ ရေးထည့်လိုက် သည်၊ အရာရာမှာ သိရှိနားလည်ပါစေ။

---

## သစ္စာအမြိုက် ဆေးတိုက်စေရန်

လောကမှာ — ဘုရား နှင့် တကွ လူသား—ရဟန္တာ ခြောက်ကျိပ် တယောက်လောက် ရရှိလာတဲ့အခါ—၊ " စရထဘိက္ခဝေ စာရိကံ။ ပ ။ ပကာသေထ။ " ချစ်သားတို့၊ နူနာပျောက်တဲ့ဆေးကို မသောက်ရ၍ နူနာ မပျောက်ဘဲ နူနာနှင့်ဘဲ သေပွဲဝင်ရသကဲ့သို့၊ ထို့အတူပမာ—ဒိဋ္ဌိကိလေသာ နူနာပျောက်တဲ့ သစ္စာဆေးကို မသောက်ရ၍ ဒိဋ္ဌိနူနာမပျောက်ဘဲ ဒိဋ္ဌိနူနာ နှင့်ဘဲ သေပွဲဝင်သွားကြရတဲ့ လူနတ်တို့အား သနားငဲ့ညှာ မေတ္တာ ကရုဏာရှေ့ထား၍ သစ္စာဆေးကို မသောက်ရ မမှီဲရသောကြောင့် ဒိဋ္ဌိနူနာ မပျောက်သဖြင့် အပါယ်သို့ တဖန်တဖန် ပြန်၍ပြန်၍ ရောက်တတ်ကြတဲ့ လူနတ်တို့ကိုတော့ သစ္စာဆေး မမှီလိုက်၍ ထားပါတော့၊ အသက်မသေ သေး၍ သစ္စာဆေးကို မှီလိုက်သော လူနတ်တို့အား ဒိဋ္ဌိနူနာပျောက်၍ အပါယ်သို့ မရောက်နိုင်တော့ဘဲ သုဂတိ အ လား မြဲ အောင် ငါဘုရား

ဖေါ်စပ်၍ထားသော စ,လယ်,ဆုံး သုံးပါးသောကောင်းခြင်းနှင့်ပြည့်စုံသော သစ္စာလေးပါး ဆေးတော်ကို၊ ထိုထိုမြို့ရွာ နိဂုံးတို့သို့ အမြန်လိုက်၍ တိုက်ကြကုန်လောဟု သာသနာပြု တရားဟော စေလွှတ်သောထုံးကို နှလုံးပြုကာ ယခုအခါ ငါ၏ကိုယ်စား လူ ရှင် ရဟန်း တို့အား၊ အဘ ဘုရား ဖေါ်စပ်၍ ထားသော သစ္စာလေးပါး ဆေးကျမ်းတကျမ်းကို ကမ်းလှမ်း ဝေငှလိုက်ပါသည်။ ဆေးကျမ်းလက်ကိုင်ရသူတို့ ဆေးကျမ်းမှာပါတဲ့ အမှာစာဆေးနည်းအတိုင်း မမှားမယွင်းစေဘဲ ဒိဋ္ဌိနူနာ အမြန်ပျောက်၍ အပါယ်သို့ မရောက်စေရန် အမြန်ဖေါ်စပ်၍ စားကြပါလေ ဟူလို။

အမှာ။ သစ္စာလေးပါး ဆေးကျမ်းတကျမ်းကို ကမ်းလှမ်းဝေငှလိုက်ပါသည် ဆိုပေသည့်၊ ဤသစ္စာလေးပါးဆေးကျမ်းထဲမှာ ပါတဲ့ အဆို သစ္စာလေးပါးလောက်ကိုသာ သိရှိရုံနှင့် ကြေနပ်၍မနေနှင့်။ အဲဒါက အဆိုသစ္စာဒေသနာတော်အစဉ်များသာ နဂိုရှိသစ္စာ ကိုယ်မှာရှိနေတဲ့ သစ္စာကို ထိအောင် မိအောင် ထိုးထွင်း၍သိအောင် ကျိုးစားမှသာ သင်၏စိတ်သန္တာန်မှာ သံသရာက အစဉ်ပါလာတဲ့ ကမ္မာနာ သံသရာနာ,ဒိဋ္ဌိနူနာ ပျောက်မှာ အပါယ်လွတ်တရားရမှာ။

ဥပမာ။ ဆေးကျမ်းထဲမှာရှိနေတဲ့ နူနာပျောက်ဆေးကိုသိရုံနှင့် ကိုယ်မှာရှိတဲ့ နူနာပျောက်သွားမှာမဟုတ်ဘူး၊ဆေးကျမ်းထဲမှာဆိုထားတဲ့အတိုင်း ဖေါ်စပ်၍စားမှသာ ပျောက်မှာကိုသိသလို၊ မိမိကိုယ်မှာ ရှိနေတဲ့၊ ဝါ၊လက်တွေ့ခံစားခဲ့ရတဲ့ "ဇာတိပိဒုက္ခာ။ပ။မရဏမ္ပိဒုက္ခံ" စသည်ဖြင့် ဟောထားတဲ့အတိုင်း၊ တဘဝတခါ ပဋိသန္ဓေနေရ,အိုရ,နာရ, သေရလို့ ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်းစစ်မှန်လှတဲ့ ကိုယ်မှာရှိနေတဲ့ တွေ့ကြုံခံစားနေရတဲ့ ဒုက္ခသစ္စာအစစ်အမှန်တွေကို ထိအောင်မိအောင်သိ၍ သတိနှင့်မကင်း ပညာနှင့်စားမှသာ "ဒု, သိ, ဒိ, ပယ်၊ သ,သိ,ဝိ,ပယ်၊ သောတာပန်ဖြစ်နိုင်တယ်" ဆိုတဲ့အတိုင်း၊ အဆိုပါကိုယ်တွင်းရှိ ဒုက္ခသစ္စာအစစ်အမှန်တွေကို ထိုးထွင်း၍ သိရှိမှသာ သင့်မှာရှိနေတဲ့ ဒိဋ္ဌိဝိစိကိစ္ဆာ နူနာပျောက်၍ နိဗ္ဗာန်ရောက် ချမ်းသာမည်ဟု သိလေ။

# သစ္စာအလင်းပြ ဥဒ္ဒေသခဏ်း

## ၁။ ဥဒ္ဒေသ ပဌမခဏ်း အပိုင်း (၁)

### သစ္စာလေးပါး အကျဉ်းအားဖြင့်

| | | | | |
|---|---|---|---|---|
| ပါဠိလို .... | ပဝတ္တိ | ပဝတ္တက | နိဝတ္တိ | နိဝတ္တက |
| မြန်မာလို .... | ဖြစ်ခြင်း၊ | ဖြစ်ကြောင်း၊ | မဖြစ်ခြင်း၊ | မဖြစ်ကြောင်း၊ |

### ရှင်းလင်းပေါ်ပြချက်

ပဝတ္တိ = ရုပ်နာမ်ဇာတိဖြစ်ခြင်း-ဒုက္ခသစ္စာ၊ ရုပ်နာမ်ခန္ဓာကို ဆိုလိုသည်ဟုသိ။
ပဝတ္တက= ရုပ်နာမ်ဇာတိဖြစ်ကြောင်း-သမုဒယသစ္စာ၊တဏှာ ရာဂ လောဘဟုသိ၊
နိဝတ္တိ = ရုပ်နာမ်ဇာတိမဖြစ်ရာ-နိရောဓသစ္စာ၊ နိဗ္ဗာန်ကိုဆိုလိုသည်ဟု သိလေ။
နိဝတ္တက= ရုပ်နာမ်ဇာတိမဖြစ်ကြောင်း-မဂ္ဂသစ္စာ၊ မဂ္ဂင်ရှစ်ပါးကို ဆိုသည်ဟုသိ။

အစိပ္ပါယ်။ ဆိုလိုရင်းမှာ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟု ဆိုရမဲ့အစား အက္ခရာအမည် တမျိုးပြောင်းလဲ၍ အဌကထာ ဆရာတို့ အဌကထာကျမ်းတို့မှာ အသုံးပြုထားသော ဌကထာသုံး စကား မျိုးသာဖြစ်လေသည်၊ တမျိုးတခြားမဟုတ်ပါ၊ သရုပ်တရားကိုယ်အရမှာ— အတူတူသာဟု သိလေ မှတ်လေ။ " ဗျဥ္ဇနမေဝ နာနံ အတ္တတော ဧကံ " ကဲ့သို့ အက္ခရာသဒ္ဒါသာ ထူးကြသည်၊ အနက်မှာ အတူတူ၊ သစ္စာတပါးကို စကားတလုံးထား၍ စကားလေးလုံးနှင့် သစ္စာလေးပါး ပြီးစီးသွားအောင် အသုံးပြုထားခြင်း ဖြစ်ပေသည်။

ဆောင်ပုဒ်။ ဖြစ်ခြင်း ဖြစ်ကြောင်း၊ မဖြစ်ခြင်း မဖြစ်ကြောင်း၊
လေးပါးပေါင်း၊ ကျိုးကြောင်းသစ္စာတည်း။

### ရှင်းလင်းပေါ်ပြချက်

ဖြစ်ခြင်းဆိုတာက (ဒု) ကိုဆိုသည်၊တဏှာမှတပါးသောရုပ်နာမ်ခန္ဓာကိုရသည်
ဖြစ်ကြောင်း ၎င်း(သ) ၎င်း တဏှာ ရာဂ လောဘကိုရသည်
မဖြစ်ခြင်း ၎င်း(နိ) ၎င်း နိဗ္ဗာန်ကို ရသည်
မဖြစ်ကြောင်း ၎င်း(မ) ၎င်း မဂ္ဂင်ရှစ်ပါးကို ရသည်

**ဆောင်ပုဒ်။** ဖြစ်ချင်ဖြစ်၊ မဖြစ်ချင် မဖြစ်၊ ဤလေးချက်
ကြောင်းကျိုးသစ္စာအစစ်တည်း။

**တနည်း**

ဖြစ်ခြင်းပျက်ခြင်း၊ဤနှစ်ခြင်း၊မယွင်းဒုက္ခမှတ်။ ၁—ရုပ်နာမ်ကို အနိစ္စမှတ်။
ဖြစ်ချင်ပြန်က၊ သမုဒယ၊ ဒုက္ခဖြစ်ကြောင်းမှတ်။ ၂—ရုပ်နာမ်ကို ဒုက္ခမှတ်။
မဖြစ်ချင်မှ၊ လမ်းမှန်ကျ၊ မဂ္ဂသစ္စာမှတ်။ ၃—ရုပ်နာမ်ကို အနတ္တမှတ်။
မဖြစ်ပါမှ၊ နိရောဓ၊ ဒုက္ခငြိမ်းအေး မှတ်။ ၄—နိဗ္ဗာန်ကို နိစ္စ သုခ အနတ္တမှတ်။

**ရှင်းလင်းဖော်ပြချက်**

ဖြစ်ချင် ဆိုတာက (သ) ကိုဆိုသည်၊ တဏှာ,ရာဂ,လောဘကို ရသည်။

| | | | | |
|---|---|---|---|---|
| ဖြစ် | ၎င်း | (ဒု) | ၎င်း | တဏှာမှတပါးသောရုပ်နာမ်ခန္ဓာရသည် |
| မဖြစ်ချင် | ၎င်း | (မ) | ၎င်း | မဂ္ဂင်ရှစ်ပါးကို ရသည်။ |
| မဖြစ် | ၎င်း | (နိ) | ၎င်း | နိဗ္ဗာန်ကို ရသည်။ |

**တနည်း**

| ဒုက္ခ | ဒုက္ခ၏အကြောင်း | ဒုက္ခချုပ်ရာ | ဒုက္ခချုပ်ကြောင်းဟု ဆိုသည် |
|---|---|---|---|
| (ဒု) | (သ) | (နိ) | (မ) |

**တနည်း**

| ဆင်းရဲ | ဆင်းရဲကြောင်း | ဆင်းရဲချုပ်ရာ | ဆင်းရဲချုပ်ကြောင်းဆိုသည် |
|---|---|---|---|
| (ဒု) | (သ) | (နိ) | (မ) |

(၁) **အခိပ္ပါယ်။** ဖြစ်ချင် ဆိုတာက ပုထုဇဉ်တို့ ထုံးစံအတိုင်း၊ လူ နတ် ဗြဟ္မာဆိုတဲ့ ဘုံသုံးပါးတို့၌ အို,နာ,သေရေး ဒုက္ခဘေးတွေ လွတ်လပ်ရေး မရသေးဘဲလျက် ဘုံသုံးပါးတို့၌ ထိုဘေးတွေရှိနေသေးသည်ကို တွေးမှ မတွေးမိ လုံးလုံးကြီးမသိတဲ့ မသိမှုအဝိဇ္ဇာကြောင့် အဆိုပါ ဘုံသုံးပါးတို့၌ ကောင်းနိုးနိုး မှတ်ထင်နေသေးတဲ့ ကာမုပါဒါန် အရင်းခံကြောင့် လက်ရှိဘဝ စုတိကျက ဘုံသုံးပါးတို့မှာ တဖန် ပြန်၍ ဖြစ်လို ဖြစ်ချင်နေတဲ့ ဘဝတဏှာ လောဘကို " ဖြစ်ချင် " ဆိုသည်ဟု သိလေ မှတ်လေ။

(၂) ဖြစ် ဆိုတာက၊ ဤလို ဘုံသုံးပါးတို့၌ ဘဝဖန်တဖန် ဖြစ်လို ဖြစ်ချင် နေတဲ့ ဘဝတဏှာ လောဘကြောင့်ပင် ဘုံသုံးပါးတို့မှာ ကံအား လျော်စွာ ဘဝတဘန် ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာတွေ အသစ်သစ် ပြန်၍ ဖြစ်ပေါ်လာခြင်းကို " ဖြစ် "ဆိုသည်ဟုသိလေ။

(၃) မဖြစ်ချင် ဆိုတာက၊ ဖြစ်ချင်လျှင် ဖြစ်ပြန်လိမ့်မယ်၊ ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ တဘန်ပြန်၍ ပဋိသန္ဓေနေရမဲ့အရေး, ပဋိသန္ဓေ ဘေး, အိုဘေး, နာဘေး, သေဘေး စသော ကုန်အောင် စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှ အသချေ အနန္တတို့နှင့် မုချပြန်၍ တွေ့ရမဲ့ အရေးတွေကို ကောင်းကောင်းလှလှကြီး ထင်မြင် သိရှိ လာပါသောကြောင့် ဘယ်ဘုံ ဘယ်ဘဝမှာမှ တဘန်ပြန်၍ မဖြစ်လို မဖြစ်ချင်တော့သည်ကို " မဖြစ်ချင် "ဆိုသည်ဟုသိလေ။

(၄) မဖြစ် ဆိုတာက၊ ဤလို–ဤပုံ ဖြစ်လိုလျှင် ဖြစ်ပြန်လိမ့်မယ်၊ဖြစ်ပြန် လျှင် ဖြစ်ရာ ဖြစ်ရာ ဘုံဘဝတို့မှာ ဇာတိဒုက္ခ စသော ကုန်အောင် စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှ အသင်္ချေ အနန္တ တို့သည် နွားနောက်က လှည်းဘီးကြီး နွားခြေရာကို နင်းနင်းပြီးလိုက်သကဲ့သို့ ဘုံသုံးပါးတို့၌ ဖြစ်လိုတဲ့ သမုဒယသစ္စာ ဘဝတဏှာ လောဘ၏ နောက်က ဇာတိဒုက္ခ စသော လှည်းဘီးကြီးတို့သည်။ ဝါ၊ ဇာတိ လှည်းဘီး, ဇရာလှည်းဘီး, ဗျာဓိလှည်းဘီး, မရဏလှည်းဘီး စသော ဆင်းရဲပေါင်းချုပ် ဒုက္ခ လှည်းဘီးတို့သည် တဘီးပြီးတဘီး တသီ တတန်း တပုံတခေါင်းကြီး လိုက်လာကြတော့မဲ့အရေး ဒုက္ခသစ္စာ ဘေးတွေကို အစွမ်းကုန် ထင်မြင်သိရှိလာတဲ့ခါ၊ အဆိုပါ ဘုံသုံးပါး တို့မှာ တဘန်ပြန်၍ ဖြစ်လို ဖြစ်ချင်နေတဲ့ ဘဝတဏှာပြတ်၍ အရဟတ္တမဂ်သို့ရောက်သဖြင့် အရဟတ္တ စုတိနောင်မှာ တဏှာခန္ဓာ အသစ်မဖြစ်တော့ဘဲ၊ ဖြစ်မှု ပျက်မှုတွေ၊ မွေးမှု သေမှုတွေ အမြဲ ငြိမ်းအေးသွားတဲ့ နိဗ္ဗာန်ကို " မဖြစ် "ဆိုသည်ဟုသိလေ။

## ဆောင်ပုဒ်

ဖြစ်လိုမှုကြောင့် ဖြစ်မှုဒုက္ခ ဖြစ်ချင်လိုမှု-ပယ်စွန့်ပြု ချုပ်မှုထိုဒုက္ခ
သ,သစ္စာဟုသိ၊ ဒု,သစ္စာဟုသိ၊ မ,သစ္စာဟုသိ၊ နိ,သစ္စာဟုသိ၊
ဖြစ်လို၍ ဖြစ်နေကြတာ, မဖြစ်လိုက မဖြစ်တော့ပါ....

ဘာ့ကြောင့်—**အလောဘေန ဇာတိဒုက္ခံ နပဟောတိ၊**
**ကဿာ အလောဘဿ တဏှာယ ပဋိပက္ခတော။** (သာလိနီ-၄၁)

**အနက်။** အလောဘေန၊ နောက်ထပ်အသစ်မဖြစ်လိုသော အလောဘ ကြောင့်။ ဇာတိဒုက္ခံ၊ တဘန်တဘန် ပြန်၍ပြန်၍ ပဋိသန္ဓေ တည်နေရတဲ့ ဇာတိဒုက္ခသည်။ ဝါ၊ ဇာတိဒုက္ခစသော ကုန်အောင်စုံသော သံသရာဝဋ်ဒုက္ခသည်။ နပဟောတိ၊ နောက်ထပ်အသစ် မဖြစ်တော့ပြီ။ ကဿာ၊ ဘာ့ ကြောင့်လဲ။ အလောဘဿ၊ တဘန်အသစ်မဖြစ်လိုသော အလောဘ၏။ တဏှာယ၊ တဘန်အသစ်ဖြစ်လို ဖြစ်ချင်နေတဲ့ တဏှာလောဘနှင့်။ ပဋိပက္ခ တော၊ ပြောင်းပြန်ကြီး ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်တည်း။

**အဓိပ္ပါယ်။** ဖြစ်လိုမှု လောဘကြောင့်ဖြစ်သော ဇာတိဒုက္ခသည် ထို ဖြစ်လိုမှု အကြောင်းတဏှာချုပ်က ဖြစ်မှုဇာတိဒုက္ခ အကျိုးလည်း မချုပ်ချင် မနေရ ချုပ်ရတော့သည် ဟူလို။ ဝါ၊နိဗ္ဗာန်ယူသိမ်း၍ ငြိမ်းတော့သည်ဟူလို။ ဖြစ်လိုလျှင် ဖြစ်မှုဒုက္ခ မုချရောက်မယ်၊ ဖြစ်လိုမှုကို ပယ်စွန့်လျှင် ဖြစ်မှုဒုက္ခ မုချငြိမ်းအေးမယ်။ စိတ်ချ ဒိဋ္ဌ နိဗ္ဗာန်ရမည် ဟူလို။

ရှေးနည်းအတူ

| | | | |
|---|---|---|---|
| သင်္ခတ | တဏှာ | အသင်္ခတ | ဒုက္ခ |
| ပရိညေယျ | ပဟာဝ | သစ္ဆိကာတဗ္ဗ | ဘာဝေတဗ္ဗ |
| တဏှာဝတ္ထု | တဏှာ | တဏှာနိရောဓ | တဏှာနိရောဓဂါမိ |
| အာလယ | အာလယရာမတာ | အာလယသမုဂ္ဃါတ | အာလယသမုဂ္ဃါတူပါယ |

ဤသို့စသည်ဖြင့်၊ သစ္စာလေးပါးတို့ကို အမည်အက္ခရာ ပြောင်းကာ လွှဲကာ ဖြစ်သင့်သလို ဖြစ်နိုင်သလို လေးပါးစီလေးပါးစီ "သမ္မောဝိသုဒ္ဓိမဂ်" တို့မှာ ပြဆိုပါသေး၏၊ သို့ပြဆိုသော်လည်း အက္ခရာသဒ္ဒါမျှသာ ထူးခြား

ကဲ့လွဲ၍၊ တရားကိုယ်အရမှာ "လောကီခန္ဓာ, လောဘ,နိဗ္ဗာန်,မဂ္ဂင် " တို့သာ ဖြစ်ကြ၍ အတူတူပင် " ဒု-သ-နိ-မ " ဆိုတဲ့ သစ္စာလေးပါးတို့ကိုဘဲ ပြဆို ခြင်း ဖြစ်ပါသည်။

**တနည်း သစ္စာလေးပါး**

ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ၊
နိရောဓော နာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။

ဘာသာပြန်။ ပြုအပ်သော ကံအားလျော်စွာ ဘုံသုံးပါးတို့မှာဖြစ်ကြတဲ့ ခန္ဓာတပါး၊ ခန္ဓာလေးပါး၊ ခန္ဓာငါးပါး၊ သံသရာဝဋ်တရားသည် ဖြစ်ရာ ဖြစ်ရာ ဘုံဘဝတို့မှာ ပဋိသန္ဓေအစ စုတိသေနေ့ကြအောင် တသက်လုံး တဘဝလုံး ဆင်းရဲတုံး ဆင်းရဲခဲ ဆင်းရဲအစုအပုံ ဆင်းရဲအသိုက်အအုံကြီး သာ ဖြစ်၍၊ ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်း စစ်မှန်လှသောကြောင့် ဒုက္ခ သစ္စာသာ ဖြစ်၏။ ဘုံသုံးပါးတို့၌ ကောင်းနိုးနိုးမှတ်ထင်၍၊ ဘုံသုံးပါးတို့၌ပင် တဘန်တဘန် ပြန်၍ပြန်၍ ဖြစ်လိုဖြစ်ချင်နေတဲ့ ဘဝတဏှာ လောဘသည် လည်း ဖြစ်လို၍ ဖြစ်ပြန်လျှင်၊ ဖြစ်ရာ ဘုံဘဝတို့မှာ ဇာတိဒုက္ခ စသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ကို မုချဖြစ်စေတော့မှာ စစ်မှန်လှသောကြောင့် သမုဒယသစ္စာသာ ဖြစ်၏။ တဏှာပယ်တဲ့ မဂ်အကျင့် ကြောင့် တဏှာခန္ဓာ၊ ဒု—သ—သစ္စာနှစ်ပါးတို့၏ တဘန် အသစ်မဖြစ်ရာ နိဗ္ဗာန်သည်ကား တဏှာခန္ဓာ ဇာတ်သိမ်း၍ အငြိမ်းကြီးငြိမ်းရာ အကြေးရော စစ်မှန်လှသောကြောင့် နိရောဓသစ္စာ ဖြစ်၏။ လောကုတ္တရာမဂ်နှင့်ယှဉ်သော မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားကို နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း စစ်မှန်လှသောကြောင့် မဂ္ဂသစ္စာ ဟု သိအပ်၏။

အမှာ။ ဤဂါထာ၌ " ဒုက္ခံ တေဘူမကံ ဝဋ္ဋံ "ဖြင့်၊ "ဒုက္ခသစ္စာ"ကိုပြသည် လောကီခန္ဓာအစုကို "ဒု သစ္စာ"ဟုသိ။ "တဏှာသမုဒယောဘဝေ" ဖြင့်၊ "သမုဒယသစ္စာ"ကို ပြသည်၊ တဏှာကို "သ,သစ္စာ"ဟု သိ။ "နိရောဓောနာမ နိဗ္ဗာနံ"ဖြင့်၊ "နိရောဓသစ္စာ"ကိုပြသည်၊ နိဗ္ဗာန်ကို "နိ, သစ္စာ"ဟုသိ။"မဂ္ဂေါ လောကုတ္တရော မတော"ဖြင့်၊"မဂ္ဂသစ္စာ" ကို ပြသည်၊ မဂ္ဂင်ရှစ်ပါးကို "မ, သစ္စာ"ဟုသိ။

**အယူမှားနှင့် အယူမှန်။** ဘုံသုံးပါးတို့၌ လူ့ဘုံ၌ လူတွေ၊ နတ်ဘုံ၌ နတ်တွေ၊ ဗြဟ္မာဘုံ၌ ဗြဟ္မာတွေ၊ ဖြစ်ကြ မွေးကြ သေကြသည်ဟု မိစ္ဆာဒိဋ္ဌိ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အယူမှားကို မယူမိကြစေနှင့် ပညတ်မျှသာ၊ ဘုံသုံးပါးတို့မှာ—တဏှာကြောင့် ခန္ဓာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နှစ်ပါးတို့သာ တသံသရာလုံး ဖြစ်ကြ ပျက်ကြသည်၊ လူနတ်တို့၏ ဖြစ်မှု ပျက်မှုမဟုတ်၊ မွေးမှု သေမှု မဟုတ်၊ အဆိုပါ ဒု—သ သစ္စာနှစ်ပါးတို့၏ ဖြစ်မှု ပျက်မှုသာဟု ဒု—သ ဆိုတဲ့ သစ္စာကို ထိအောင် မိအောင် ပေါက်အောင် ရောက်အောင် သမ္မာဒိဋ္ဌိ အမှန်သိ အမှန်မြင်အောင် အယူမှန်ကို ယူမိကြပါစေ။ ဝါ၊ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကိုပင် ငါ့ကိုယ်အတ္တဟု ယူမှားတဲ့ ဒိဋ္ဌိတရားကြီးကို တားဆီးနိုင်တဲ့ အပါယ်လွတ်တရားရ သောတာပန် စသော အရိယာများ ဖြစ်သွားနိုင်ကြပါစေသတည်း။ "ခန္ဓာနံယေဝ ပါတုဘာဝေါ န သတ္တော ခန္ဓာနံယေဝ ဘေဒေါ န နရော"ကို ထောက်လေ။

တနည်း သစ္စာလေးပါး

စက္ခုံ ဒုက္ခသစ္စံ တံ သမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ ဥဘိန္နံအပ္ပဝတ္တိ နိရောဓသစ္စံ နိရောဓ ပဇာနနာ ပဋိပဒါမဂ္ဂသစ္စံ။ (ဝိ-ပါ-၄၁)

**ဘာသာပြန်။** မျက်စိသည် ဒုက္ခသစ္စာ၊ ထိုမျက်စိကို ဖြစ်စေတတ်သော ရှေးဘဝဌ်ဖြစ်သော တဏှာသည် သမုဒယသစ္စာ။ မျက်စိတဏှာ ဒု—သ သစ္စာနှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ။ နိဗ္ဗာန်ကို အပြားအားဖြင့်သိမြင်တတ်သောမဂ္ဂင်ရှစ်ပါးကျင့်မြတ်တရားသည် မဂ္ဂသစ္စာ။ ကိုယ်မှာရှိတဲ့ ဒုက္ခသစ္စာကို မြင်အောင်ကြည့်ပါလေ။

ဤ၌-မျက်စိကို ဒု၊ တဏှာကို သ၊ နိဗ္ဗာန်ကို နိ၊ မဂ္ဂင်ကို မ၊ သစ္စာဟု သိလေ။

အမှာ။ ဤ၌၊စက္ခုတခုကို သဲလွန်စယူကာ"တနွယ်ငင် တစင်လုံးပါ"ဆိုသလို သောတ,ဃာန,ဇိဝှါ,ကာယ,မန စသော ခြောက်ဒွါရ ခြောက်အာရုံ ခြောက်ဝိညာဉ်တို့၌လည်း "သောတံ ဒုက္ခသစ္စာ တံသမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ။ ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ နိရောဓ ပဇာနနာ ပဋိပဒါ မဂ္ဂသစ္စံ "စသည်ဖြင့် အကုန်အစင် သစ္စာဥာဏ်

ပွင့်လင်းလာအောင် သစ္စာဉာဏ် ကြီးရင့်လာအောင် မပျင်းမရိ လုလ္လရှိရှိနှင့်၊ ပါဠိလိုဘဲဖြစ်ဖြစ်, မြန်မာလိုဘဲဖြစ်ဖြစ်, အထက် ဖော်ပြပါ စက္ခုနည်းကိုမှီး၍ သစ္စာဖွဲ့ပုံကို လေ့ကျက်ပါလေဦး၊ အက္ခရာပြောင်းလွဲရုံသာ ထူးတော့သည်။

ထို့ပြင်၊ နယဂ္ဂါဟ—

သီသံ ဒုက္ခသစ္စံ တံ သမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ၊
ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ နိရောဓပဇာနနာ ပဋိပဒါ မဂ္ဂသစ္စံ။

စသည်ဖြင့် ပါဠိလိုဖြစ်စေ၊ သို့မဟုတ် ဥက္ကောင်းသည် "ဒုက္ခသစ္စာ"၊ ထိုဥက္ကောင်းကိုဖြစ်စေတတ်သော ရှေးဘဝ၌ဖြစ်သော တဏှာသည်"သမုဒယသစ္စာ"။ ဥက္ကောင်း တဏှာ ဒု—သ သစ္စာနှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်သည် "နိရောဓသစ္စာ"။ နိဗ္ဗာန်ကို အပြားအားဖြင့် သိမြင်တတ်သော မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည် "မဂ္ဂသစ္စာ"စသည်ဖြင့် မြန်မာလိုဖြစ်စေ၊ သစ္စာဖွဲ့လေဦး၊ ကိုယ်မှာရှိတဲ့သစ္စာကို တွေ့တဲ့မြင်ပါစေ။

ဤ၌—ဥက္ကောင်းကို ဒု၊ တဏှာကို သ၊ နိဗ္ဗာန်ကို နိ၊ မဂ္ဂင်ကို မ,သစ္စာဟု သိလေ။

ထိုမှတပါး၊ လည်ပင်းသည် "ဒုက္ခသစ္စာ"။ ပ။ပခုံးသည်"ဒုက္ခသစ္စာ"။ပ။ လက်သည်"ဒုက္ခသစ္စာ"။ပ။ကျောသည်,ဝမ်းသည်, ခါးသည်, တင်ပါးသည်, ပေါင်သည်, ဒူးသည်,ခြေသလုံးသည်,ခြေပမိုးသည်"ဒုက္ခသစ္စာ"၊ တကိုယ်လုံး တကောင်လုံးကြီးသည်"ဒုက္ခသစ္စာ"။ပ။စသည်ဖြင့် သစ္စာဖွဲ့လေဦး။

ကိုယ်မှာရှိလျက် မသိချက် ဆိုးညစ်အဝိဇ္ဇာ

မှတ်ချက်။ မျက်စိ,နား,နှာ,လျှာ,ကိုယ် စသည်တို့ဟာ ကိုယ်မှာ အမြဲတန်း ရှိနေပါလျက်၊ "အဝိဇ္ဇာတိ ဒုက္ခေ အညာဏံ။ ပ။ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု အညာဏံ"ဟူ၍နိဒ္ဒေသပါဠိတော်ကြီးနှင့်အညီ၊ "ဒု,သ,နိ,မ"၌ မသိတာလဲ အဝိဇ္ဇာဘဲ၊ ရှေ့နောက် ရှေ့နောက်နှစ်ပါးတို့၌ ခန္ဓာတို့၏ အစတို့၌ မသိတာလဲ အဝိဇ္ဇာဘဲ၊ ပဋိစ္စသမုပ္ပါဒ်၌ မသိတာလဲ အဝိဇ္ဇာဘဲတဲ့။ ဤလို မိမိကိုယ်မှာရှိလျက် မိမိခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာ အစစ်အမှန်ဖြစ်ပါလျက်သားနှင့် ဒုက္ခသစ္စာမှန်း ဘိစ္စတုံး လုံးလုံးကြီးမသိရတာဟာ အဝိဇ္ဇာရဲ့ လက်ချက်ဟု သိလေမှတ်လေ။

**ဆောင်ပုဒ်။** စတုသစ္စ သုံးအန္တနှင့်၊ ပဋိစ္စတဖန် ဤရှစ်တန်၊
အမှန်မသိတာ အဝိဇ္ဇာ၊ သိတာက ဝိဇ္ဇာ။

အဝိဇ္ဇာကား—မိစ္ဆာဒိဋ္ဌိ၊ ဝိဇ္ဇာကား—သမ္မာဒိဋ္ဌိ၊ အဝိဇ္ဇာကား—မောဟမှောင်၊ ဝိဇ္ဇာကား-ပညာအလင်းရောင်၊ ဆန့်ကျင်ဘက်တည်း။ လောက၌ လင်းရောင်ရောက်လျှင် မိုက်မှောင်ပျောက်သကဲ့သို့၊ လောကုတ္တရာ၌လည်း ဝိဇ္ဇာပညာအလင်းရောင် ရောက်လျှင် အဝိဇ္ဇာ မောဟမှောင် ပျောက်၏။ လောက၌ အမိုက်မှောင်ကို ပျောက်စေလိုလျှင် မီး,စသော အလင်းရောင်ကို ရှာဖွေအပ်သကဲ့သို့၊ လောကုတ္တရာ၌ သစ္စာ,စသည်ကို မသိမှု မောဟမှောင် ပျောက်စေလိုလျှင် သစ္စာ စသည်ကို သိမှု ဝိဇ္ဇာ ပညာ၊ သမ္မာဒိဋ္ဌိ အလင်းရောင်ကို မရမနေ ရှာဖွေအပ်၏၊ ရှာဖွေရမည်၊ ရှာဖွေကြလေ ဟူလို။ ထို့ကြောင့်ပင် "ယထာဘူတံ ဉာဏတ္ထာယ သတ္ထာ ပရိယေသိတဗ္ဗာ" ဟု ဟောတော်မူခဲ့ပေသည်။ မဘောက်မပြန် ဟုတ်မှန်စွာသိစေခြင်းငှါ ဆရာရှာကြတဲ့....။

အထက်အဆိုပါဝကား၌၊သမ္မာဒိဋ္ဌိသည် အဘယ်နည်း၊ အဘယ်ဟာပါနည်း ?

ကတမာ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ ယံ ဘိက္ခဝေ ဒုက္ခေဉာဏံ ဒုက္ခသမုဒယေဉာဏံ ဒုက္ခနိရောဓေဉာဏံ ဒုက္ခနိရောဓဂါမိနိယာပဋိပဒါယ ဉာဏံ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ ။

ဆိုတဲ့ သတိပဋ္ဌာနသုတ်၌ ဟောတော်မူခဲ့သည်နှင့် အညီ၊ လက်ရှိဘဝ ရရှိထားကြတဲ့ မျက်စိ,နား,နှာ စသည်တို့ဟာ ရရှိသည်ကစ၍ မျက်စိ, နား, နှာ စသည်တို့နှင့် ပတ်သက်၍ အဘက်ဘက်မှာ သေနေ့သို့ ကြအောင် ဆင်းရဲတာ မှန်လှသောကြောင့် ဒုက္ခသစ္စာလို့ အမှန်သိ အမှန်မြင်တာလဲ သမ္မာဒိဋ္ဌိဘဲတဲ့။ ထို မျက်စိစသော ဒုက္ခသစ္စာကို တဖန်တဖန် ဖြစ်စေတတ်တဲ့ ရှေးဘဝက လူ့ဘုံ နတ်ဘုံတို့၌ ဖြစ်လို ဖြစ်ချင်နေတဲ့ ဘဝတဏှာဟာ ဖြစ်လို၍ ဖြစ်ပြန်ပါလျှင် ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ မျက်စိ စသော ဒုက္ခသစ္စာကို ဖြစ်စေတော့မှာ စစ်မှန်လှသောကြောင့် သမုဒယသစ္စာလို့ အမှန်သိ အမှန်မြင်တာလဲ သမ္မာဒိဋ္ဌိဘဲတဲ့။ တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် မျက်စိ တဏှာ၊ "ဒု-သ" သစ္စာနှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်သည်



ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။

ချမ်းသာရာ ချမ်းသာကြောင်း စစ်မှန်လှသောကြောင့် နိရောဓသစ္စာလို့ အမှန်သိ အမှန်မြင်တာလဲ သမ္မာဒိဋ္ဌိဘဲတဲ့။ ထိုနိဗ္ဗာန်ကို အပြားအားဖြင့် သိမြင်တတ်သော မဂ်စိတ် လေးခု၌ရှိသော သမ္မာဒိဋ္ဌိစသော တဏှာပယ်တဲ့ မဂ်အကျင့် မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည် ဆင်းရဲ ကုန်ရာ၊ ဆင်းရဲ ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း စစ်မှန်လှသောကြောင့် မဂ္ဂသစ္စာလို့ အမှန်သိ အမှန်မြင်တာလဲ သမ္မာဒိဋ္ဌိဘဲတဲ့။ ဤလိုဤပုံ၊ ဤကား,ဒု၊ ဤကား သ၊ ဤကား,နိ၊ ဤကား,မ ဟု သစ္စာလေးပါး မြတ်တရားတို့ကို အကြောင်း အကျိုးနှင့်တကွ ပိုင်းခြားဝေဘန်၍ အမှန်အတိုင်း သိမြင်တဲ့ လောကီပညာ လောကုတ္တရာပညာကို သမ္မာဒိဋ္ဌိဟု ငါဘုရားဟောတော်မူသည်ဟူလို။

---

### အနာနှင့်ဆေး ကိုက်အောင်ပေး၊ ပျောက်ရေးမခက်ပါ

အနာတခြား ဆေးတပါးဖြစ်နေ၍၊ အနာနှင့်ဆေး မကိုက်၍ ရောဂါ မပျောက်နိုင်ဟုဆိုလိုရာ၊ အနာနှင့် ဆေးနှင့် ကိုက်လျှင်၊ ဝါ၊ သူ့အနာနှင့် သူ့ဆေးကိုက်လျှင် ရောဂါ အမြန်ပျောက်နိုင်၏ဟု ဆိုလိုပေသည်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာကား အနာတို့ပေတည်း။ သစ္စာလေးပါးကား ဆေးပေတည်း၊ သစ္စာလေးပါးဆေး မစား၍ မစားရ၍ ဒုက္ခသစ္စာဖြစ်သော မျက်စိကိုပင် ငါ၏ မျက်စိ,ငါ့ဟာ,ငါ့ကိုယ်အတ္တဟု ယူမှားသော ဒိဋ္ဌိနာမပျောက်၊ထိုမျက်စိ ဒုက္ခသစ္စာသည် တဏှာကြောင့် ဖြစ်သည်ကိုပင် ဗိဿနိုး ထာဝရဘုရား ကြောင့် ဖြစ်သလောဟု ယုံမှားသော ဝိစိကိစ္ဆာနာ မပျောက်နိုင်ဘဲရှိရာ၊ သစ္စာလေးပါးဆေးကို စားသောက် သုံးဆောင်တဲ့ခါ၊ မျက်စိ စသည်တို့ကို ဒုက္ခသစ္စာမှန်း သိလာတဲ့ခါ အယူမှား ဒိဋ္ဌိနာပျောက်၊ တဏှာကြောင့် ဖြစ်သည်ဟု သမုဒယသစ္စာမှန်း သိလာတဲ့ခါ ယုံမှားဝိစိကိစ္ဆာနာပျောက်၍ ဒိဋ္ဌိကိလေသာကြောင့်ဖြစ်သော အပါယ်သို့မရောက်တော့ဘဲ အမြဲဘဲ အပါယ် ဘေးမှ ချမ်းသာရလေတော့သည်။ ထို့ကြောင့် "သစ္စာရေအေး အမြိုက် ဆေး" ဟု ဆိုရိုးပြုကြလေသည် ဟူလို။

မဂ်ရေစင်။ လောက၌ ပကတိအညစ်အကြေးကို ပကတိရေနှင့်ဆေးလျှင် စင်ကြယ်သွားသကဲ့သို့၊ ထို့တူပမာ–ဒုက္ခသစ္စာမှန်းမသိတဲ့ မောဟကိလေသာ အညစ်အကြေး၊ သမုဒယသစ္စာမှန်း မသိတဲ့ မောဟကိလေသာ အညစ်

အကြေး၊ နိရောဓ မဂ္ဂသစ္စာမှန်းမသိတဲ့ မောဟကိလေသာ အညစ်အကြေး တို့သည် "ဤကား ဒုါ ဤကား သ၊ ဤကား နိ၊ ဤကား မ" သစ္စာကိုသိတဲ့ သစ္စဉာဏ် မဂ်ရေစင်နှင့် ဆေးလိုက်တဲ့ခါ၊ အဆိုပါ မောဟ စသော ကိလေ သာ အညစ်အကြေးများ စင်ကြယ်သွားနိုင်ပေသည်။ ဤသို့သောအရာကို ရည်၍ မဂ်ရေစင်ဟု ဆိုရိုးရှိခဲ့ပေသည်။

ထို့ကြောင့်ပင်—

ဇလေနဘာဝတိပက်၊ ဇလေနေဝဝိသုဇ္ဈတိ။
စဝံစိတ္တေန ဘာတိ၊ ပါပံ စိတ္တေနေဝဝိသုဇ္ဈတိ။
ဟု ဟောတော်မူခဲ့လေသည်။

မှတ်ချက်။ ရေကြောင့်ဖြစ်သော ညွန်သည် ရေနှင့် ဆေးလျှင် စင်သကဲ့သို့ စိတ်ကြောင့်ဖြစ်သော မကောင်းမှုသည် စိတ်ဖြင့် ပြန်ဆေးလျှင် စင်၏ ဟူလို။

"အလင်းရောက်က အမှောင်ပျောက်။" လောက၌ ပကတိ မီး စသော အလင်းရောင်ရောက်လာလျှင်၊ ပကတိအမှောင်တို့သည် ပျောက်ကွယ်သွား သော သဘော၊ ပျောက်ကွယ်သွားခြင်း ထုံးစံဟာ ဓမ္မတာဖြစ်သကဲ့သို့၊ ထို့တူပမာ—ဤကား ဒုက္ခသစ္စာ စသည်ဖြင့် သစ္စာကိုသိတဲ့ အနုဗောဓပညာ ပဋိဝေဓပညာ အလင်းရောင် ပေါ်ပေါက်လာတဲ့ခါ သစ္စာမှန်းမသိတဲ့မှောင်၊ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကိုပင် ငါ့ကိုယ်အတ္တာဟု ယူမှားခဲ့ဘူးတဲ့ ဒိဋ္ဌိမှောင်။ ဗိဿကြိုးနတ် ထာဝရဘုရားကြောင့်ဖြစ်တယ်ဆိုတာဘဲ ဟုတ်မှန်လေသလော ဟု ယုံမှားခဲ့ဘူးတဲ့ ဝိစိကိစ္ဆာမှောင်။ နွားတို့၏ ခွေးတို့၏ အလေ့အကျင့် ဖြင့်ပင် သံသရာမှ စင်ကြယ်၏ဟု နှလုံးသွင်းမှားခဲ့ဘူးတဲ့ သီလဗ္ဗတမှောင် တို့သည် ပျောက်ကွယ်သွားသောသဘော၊ ပျောက်ကွယ်သွားခြင်း ထုံးစံ ဟာလဲ ဓမ္မတာဘဲဖြစ်လေသည်။ ဤသို့သော အရာမျိုးကိုရည်၍၊ လင်းရောင် ရောက်က မိုက်မှောင်ပျောက်သည်ဟု ဆိုရိုးရှိခဲ့ဘူးလေသည်။ ထို့ကြောင့် ယခုဘဝ သေနေ့ကမဦးခင် ဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာအနာတွေ ပျောက် ကင်း၍ အပါယ်လွတ်တရားရ သောတာပန်စသော အရိယာများ ဖြစ်သွား နိုင်ကြအောင် သစ္စာလေးပါး ဆေးကို နာနာစားကြပါလေ။ ဒိဋ္ဌိ ဝိစိ ကိလေသာ အညစ်အကြေးများ စင်ကြယ်၍ အပါယ်လွတ်တရား ရအောင်

သစ္စာဉာဏ် မင်္ဂရေစင်နှင့် နာနာဆေးလျှော်ကြပါလေ။မောဟဒိဋ္ဌိ ဝိစိကိစ္ဆာ စသော အမိုက်မှောင်များ ပျောက်သွား၍ အပါယ်လွတ်တရား ရအောင် သစ္စာဉာဏ် အလင်းရောင်ကို တပြောင်ပြောင် ညှိထွန်း၍ ပေးကြပါရန် အကျိုးမျှော်၍ နှိုးဆော်ခဲ့ပါသည် ဟူလို။

**တန်ဘိုးမရှိ-တန်ဘိုးမထွက်။** မျက်စိကို မျက်စိဟု၊ နားကို နားဟု သိကြသည်မှာ ဓမ္မတာ၊ သူသူငါငါ ဘယ်သူမဆို ကိုယ့်ဘာသာနှင့်ကိုယ်၊ ငယ်ကထည်းကပင်သိခဲ့ကြပေသည်၊ ဤအသိမျိုးမှာ ရိုးရာသိ ဓမ္မတာသိ၊ ပညတ်သိ-ပညတ်မြင်၊ မိစ္ဆာဒိဋ္ဌိ အမှားသိဖြစ်၍ တန်ဘိုးမရှိ တန်ဘိုးမထွက်ပေ။

**တန်ဘိုးရှိ - တန်ဘိုးထွက်။** မျက်စိကို ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်း နှစ်မျိုး နှစ်စားတို့တွင် ရုပ်ကမ္မဋ္ဌာန်း ဖြစ်သည်ဟု သိတဲ့အသိ၊ မျက်စိသည် အာရုံတရား အာရမ္မဏိက တရားနှစ်ပါးတို့တွင် အာရုံတရား ဖြစ်သည်ဟု သိတဲ့အသိ၊ မျက်စိသည် နာမ်တရား, ရုပ်တရား နှစ်ပါးတို့တွင် ရုပ်တရား ဟု သိတဲ့အသိ၊ မျက်စိရုပ်သည် ဥပါဒ်-ဌီ-ဘင် မျှဖြစ်၍ ခဏခြင်း ပျက်တတ်သောကြောင့် မမြဲ ဆင်းရဲ အစိုးမရတဲ့ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ တရားသာတည်းဟု သိတဲ့အသိ၊ မျက်စိရုပ်သည် သစ္စာလေးပါးတို့တွင် ဒု, သစ္စာဖြစ်၏။ ထိုမျက်စိရုပ်ကိုဖြစ်စေတတ်သော ရှေးဘဝက တဏှာသည် သ,သစ္စာဖြစ်သည်။ ထို "ဒု - သ" သစ္စာနှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်သည် နိ,သစ္စာဖြစ်သည်။ ထိုနိဗ္ဗာန်ကို သိတတ်သော မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည် မ, သစ္စာ ဖြစ်သည်ဟု သိတဲ့အသိကား ကမ္မဋ္ဌာန်းအသိကစ၍ သစ္စာသိထိအောင် သိတဲ့အသိမျိုးဖြစ်၍၊ သစ္စာသိတဲ့ခါ တတိယ သစ္စာခေါ်သော နိရောဓသစ္စာ၊ နိဗ္ဗာန်ကိုမြင်သိသွားနိုင်တဲ့ သောတာပတ္တိ မဂ်စိတ်ဖိုလ်စိတ်များ ဖြစ်ပေါ်နိုင်အောင် သိတဲ့ အသိမျိုးဖြစ်၍ အပါယ်လွတ်တရားရ သောတာပန် စသော အရိယာများ ဖြစ်သွားစေနိုင်၍ ပရမတ်မြင်ပရမတ်သိ သမ္မာဒိဋ္ဌိအမှန်သိ အမှန်မြင်ဖြစ်၍ သံသရာတခွင် ခန္ဓာအစဉ်ကစ၍၊ ယခုဘဝတိုင်၊ ငါ၏ မျက်စိ, ငါ့ဟာ, ငါ့ကိုယ် အတ္တဟု ယူမှားခဲ့သော အယူမှားကြီးကို တားဆီးလိုက်နိုင်တဲ့ ဒိဋ္ဌိပဋိသေဓက တရားကို လက်ကိုင်ရရှိသွားပါသောကြောင့် တန်ဘိုးမဖြတ်နိုင်အောင် မွန်မြတ်လှပေသည်။

ထို့ကြောင့်။ ယခုလက်ရှိဘဝ မျက်စိ,နား,နှာ,လျှာ,ကိုယ်,မနော တို့ကို အဆိုပါ အသိမျိုးတို့ဖြင့် ဆီး,ဝမ်း ကွဲအောင် မသိရသေးဘဲ၊ ဒွေးဝမ်းနှင့် တော့ သေမသွားကြပါနှင့်၊ သေမဲ့သေရင်လဲ အဆိုပါ မျက်စိ,နား,နှာ,လျှာ ကိုယ်, မနော စသည်တို့ကို အဆိုပါ အသိမျိုးတို့ဖြင့် ဆီးဝမ်းကွဲအောင် သိပြီးမှ၊ တသံသရာလုံး တဘဝလုံးကြီးက မျက်စိစသော ဒုက္ခသစ္စာကိုပင် ငါ့ကိုယ် အတ္တဟု ယူမှားခဲ့သော အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ အယူမှားကြီးကို တားဆီးနိုင်တဲ့ ဒိဋ္ဌိ ပဋိသေဓကတရား အပါယ်လွတ်တရားရတဲ့ သောတာပန် စသော အရိယာများဖြစ်ပြီးမှ သေကြပါဟု မေတ္တာချပ်လိုက်ပါသည်။

(သတိ–သတိ) ကျမ်းဂန်တို့၌ကား—

အသုတဝါ ဒိဋ္ဌိ ပဋိသေဓကော နတ္ထိ၊
သုတဝါ ဒိဋ္ဌိ ပဋိသေဓကော အတ္ထိ – ဟု အဆိုရှိ၏။

အသုတဝါ၊ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာနှင့် စပ်သော အမြတ်တရားကို မကြားဘူးမနာဘူး မလေ့လာဘူး မသင်ကြားဘူး၍ ပရိယတ္တိသုတလည်းမရှိ မဂ်ဖိုလ်ဟူသော အာဂမ သုတလည်းမရှိသောသူသည်။ ဒိဋ္ဌိပဋိသေဓကော၊ အပါယ်ငရဲကို တကယ်ဆွဲဆွဲချတတ်တဲ့ ဒိဋ္ဌိအယူမှားကြီးကို တားဆီးနိုင်တဲ့ ဒိဋ္ဌိပဋိသေဓကတရားသည်။ နတ္ထိ၊ မိမိလက်ထဲမှာ လက်ကိုင်မိမိ မရရှိသေး။ သုတဝါ၊ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာနှင့်စပ်သော အမြတ်တရားကို ကြားဘူး နာဘူး လေ့လာဘူး သင်ကြားဘူး၍ ပရိယတ္တိသုတလည်းရှိ တမဂ် တဖိုလ် ရဘူး၍ အာဂမသုတလည်းရှိသောသူသည်။ ဒိဋ္ဌိပဋိသေဓကော၊ အပါယ် ငရဲကို တကယ်ဆွဲဆွဲချတတ်တဲ့ ဒိဋ္ဌိအယူမှားကြီးကို တားဆီးထားလိုက်နိုင်တဲ့ ဒိဋ္ဌိပဋိသေဓကတရားသည်။ အတ္ထိ၊ မိမိလက်ထဲမှာ လက်ကိုင်မိမိ ရရှိထား လေပြီ။

အဓိပ္ပါယ်။ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကိုပင် ငါ့ကိုယ်အတ္တ ယူမှားသော အယူမှားဒိဋ္ဌိကို တားဆီးနိုင်တဲ့ ဒိဋ္ဌိပဋိသေဓကတရားကို လက်ကိုင် ရမထား သေးလျှင် အပါယ်ဘေးအတွက် ရင်လေးဘွယ်ကြီးဖြစ်၍နေသည်။ လက်ရှိ ဘဝ, သေနေ့ကမဦးခင် အဆိုပါ ဒိဋ္ဌိပဋိသေဓကတရားကို လက်ကိုင်ရရှိ

ထားပြီးဖြစ်ပါမူကား၊ ကနေ့ဘဲသေသေ၊ နက်ဖြန်ဘဲသေသေ၊ ဘယ်တော့သေသေ၊ အပါယ်ဘေးအတွက်တော့ ရင်လေးဘွယ်မရှိ တခါထဲ ရင်အေးသွားတော့ပြီဟူလို။ ဤအရာများကိုလဲ ကြီးကြီးမားမားသတိထားကြလေ။

သံသရာနယ်ချဲ့သမား။ ပပဉ္စတရား သုံးပါး—တဏှာ,မာန,ဒိဋ္ဌိ ကို အမြဲသတိပြုပါ။ ဓမ္မက်ဥဟာ ဆင်းရဲတာမှန်လှသောကြောင့် "စက္ခုံ ဒုက္ခသစ္စံ"လို့ ရှင်တော်ဘုရား ဟောကြားတော်မူခဲ့တဲ့အတိုင်း၊ ဒုက္ခသစ္စာလို့သာ အသိမှန် အမြင်မှန်ရ၍ အယူမှန်ကိုယူကြပါလေ။ မျက်စိကို ဒိဋ္ဌိအားဖြင့် ငါ၏မျက်စိ တဏှာအားဖြင့် ငါ့ဟာ ငါ့ဥစ္စာ၊ မာနအားဖြင့် ငါ ဟူ၍ အလွဲအမှား အမှဲ့ဘုရား "ဒိဋ္ဌိ, တဏှာ, မာန"အားဖြင့် အသိမှား အမြင်မှား အယူမှား မယူမိကြစေနှင့်။ ဝါ၊ "တဏှာ,မာန,ဒိဋ္ဌိ" နယ်ချဲ့သမားတို့ရဲ့ အလိုကို မလိုက်မှားမိကြစေနှင့်၊ ယူမှား လိုက်မှားမိက သံသရာရှည်လျားရတော့မည် အပြီး အတားအဆီးမရှိမှတ်လေ။ နှစ်မည်သာကြုံ ပေါ်ရန်မရှိ၊ ဒိဋ္ဌိက အပါယ် လေးပါး သံသရာကိုချဲ့ပေးမည်။ တဏှာက လူ့,နတ်,သံသရာကို ချဲ့ပေးမည်။ မာနက ဗြဟ္မာသံသရာကို ချဲ့ပေးမည်။ ဘုံသုံးပါး၌ သတ္တဝါတွေ ဖြစ် ပျက် မွေးသေ သံသရာရှည်၍နေအောင်၊ သူတို့သုံးယောက်က တာဝန်ယူ၍ အမြဲတန်း နယ်ချဲ့ပေးနေကြသည်။ သတိပြုကြလေ။

လွတ်လပ်ရေး။ လွတ်လပ်ရေးနေ့က ဘာလွတ်လပ်ရေးများ ရကြသလဲ၊ လူမျိုးရေးချုပ်ချယ်မှုမှလွတ်လပ်ရေးရတာနှင့် ကျေနပ်မနေကြနှင့်၊ အပါယ် က မလွတ်လပ်သေး၍ အားမကိုးလောက်သေးဘူး။ ဒုက္ခသစ္စာကို အမှန် သိလျှင် ဒိဋ္ဌိအချုပ်အချယ်မှလွတ်၍ အပါယ်လေးပါး လွတ်လပ်ရေးရပြီ၊ ဒုက္ခသစ္စာအစွမ်းကုန်သိလျှင် မွေးသေလွတ်တဲ့ နိဗ္ဗာန်ရပြီ၊ သို့မှ အားကိုး လောက်သည်ဟု သိလေ။ လွတ်လပ်ရေးနေ့ ကြုံတိုင်း ကြုံတိုင်း ဒီနေ့ လွတ်လပ်ရေးနေ့ဆိုတယ်၊ငါ့မှာ ဘာလွတ်လပ်ရေးများရသလဲဟုအမြဲသတိပြု သူများရရ, မရရ ကိုယ်ရအောင်လုပ်၊ အယုတ်ဆုံး မျက်စိကို ဒုက္ခသစ္စာလို့ မသိတဲ့ မောဟမှ မျက်စိကို ငါ၏မျက်စိထင်တဲ့ တဏှာမှ၊ ငါထင်တဲ့မာနမှ၊ ငါ့ကိုယ်ထင်တဲ့ ဒိဋ္ဌိမှ လွတ်လပ်ရေးရအောင် ဤစာအုပ်ကိုကြည့်၍လုပ်လေ၊ ဒါထက်ပို၍ သတိမပေးနိုင်တော့ဘူး။

**ထင်ရှားစေဦးအံ့။** ။ မျက်စိဟာ ဆင်းရဲမှန်ကြောင်းကို အနည်းငယ် ထင်ရှားစေဦးအံ့။ လက်ရှိဘဝ ရရှိလာကြတဲ့ မျက်စိဟာ မျက်စိကိုရရှိထားခြင်းကြောင့် ကောင်းကောင်းဆိုးဆိုး မြင်စရာအမျိုးမျိုးတို့ကို မြင်အပ်သိအပ်သည်ဖြစ်၍၊ အကျိုးရှိတဲ့ဘက်က ကြည့်လျှင် အကျိုးရှိတန်သမျှ ရှိသည်ကား မှန်၏။ သို့ရာတွင် အကျိုးမရှိ အကျိုးနည်းတဲ့ဘက်က လှည့်၍ ကြည့်ပြန်လျှင် မျက်စိအတွက်နှင့် ပတ်သက်၍ အဘက်ဘက်မှာ ဆင်းရဲဒုက္ခတွေကလည်း များလှပေသည်၊ မျက်စိ နာခြင်း, မျက်ခမ်းစပ်ခြင်း, မျက်မွေးစူးရောဂါ ဖြစ်ပေါ်လာတဲ့ခါ မျက်ရည်ပူတွေဟာ ရေရှင်တွင်းပမာ တရွှဲရွှဲထွက်၍၊ တရှုတ်ရှုတ်နှင့် အမြဲတမ်း ဒုက္ခရောက်၍နေခြင်း၊ မျက်စိနှင့် စပ်တဲ့ရောဂါ တိမ်သလာကြလာခြင်း၊ မျက်စိကန်း၊မျက်စိကွယ်၊ မျက်စိစွေ၊ မျက်စိစောင်း၊ တဘက်ကန်း၊ နှစ်ဘက်ကန်း၊ ကြောင်တောင်ကန်း၊ ဟောက်တောက်ကန်း စသည်တို့ ဖြစ်ပေါ်လာတဲ့ခါ၊ လွန်စွာ့လွန်စွာ မခံသာအောင် ကျင်နာနှိပ်စက် အခံရခက်လှပါသောကြောင့် ဆင်းရဲနှိပ်စက်တာ, ဆင်းရဲဒုက္ခပေးတာ မှန်လှပါသောကြောင့် ဒုက္ခသစ္စာသာ ဟုတ်မှန်ပါသည်။ ငါ၏မျက်စိ ငါ့ဟာ ငါကား မဟုတ်မမှန်ပါ၊ ကိုယ်မှာရှိတဲ့ ဒုက္ခသစ္စာတွေကို ဒုက္ခသစ္စာလို့ တဲ့တဲ့ကြီးမြင်အောင် ထင်အောင် ကြည့်၊ မထင်မမြင်ခင် သေပွဲမဝင်ကြလေနှင့်၊ ထင်ပြီး မြင်ပြီးမှ သေကြပါ။

ဒုက္ခငါးမျိုး။ ကုန်ကုန် ပြောရလျှင် မျက်စိအတွက်နှင့် ပတ်သက်၍ နေ့တိုင်းနေ့တိုင်း မျက်နှာသစ်သစ်ပေးရတဲ့ ဒုက္ခတခုကိုဘဲ ကြည့်စမ်းပါဦး၊ မျက်စိနာတဲ့ခါ မျက်စဉ်းခပ်ရ၊ မျက်စဉ်းဆေးဖော်ရ၊ ရှာရဖွေရ အဝဝ တသသ တသက်လုံး အမြဲတမ်းပြုပြင်ပေးနေရတဲ့ **သင်္ခါရဒုက္ခ**၊ ဘယ်လိုဘဲ ပြုပြင်ပြုပြင် အခန့်မသင့်လျှင် ပြုပြင်ပေးနေတဲ့ အထဲကဘဲ ဖေါက်လွှဲဖေါက်ပြန် အတန်တန် အဝဝ ဖြစ်ပေါ်လာတတ်ကြတဲ့ **ဝိပရိဏာမဒုက္ခ**၊ အဆိုပါ ဒုက္ခအမျိုးမျိုးတို့နှင့် ရင်ဆိုင်ရတဲ့ခါ ကိုယ်၏ဆင်းရဲခြင်း **ကာယိကဒုက္ခ**။ စိတ်၏ဆင်းရဲခြင်း **စေတသိကဒုက္ခ**။ မျက်စိဟာ ဒုက္ခပေါင်းငုံ၏တည်ရာ ကြရောက်ရာဖြစ်၍ **ဒုက္ခ ဒုက္ခ**။ ဤသို့စသည်ဖြင့် ဒုက္ခအမျိုးမျိုးတို့ဖြင့် နှိပ်စက်အပ်လေသောကြောင့် ဒုက္ခသစ္စာသာ ဟုတ်မှန်ပါသည်၊ ငါ၏မျက်စိကား မဟုတ်မမှန်ပါ၊ အဆိုပါ ဒုက္ခငါးမျိုးတို့ကို တဲ့တဲ့မြင်အောင် ဉာဏ်ဥက္ကောင်း ထောင်၍ ရှုကြည့်ကြပါလေ။

ဤမျက်စိနှင့် နည်းတူ။ နား, နှာ, လျှာ, ကိုယ် တို့ အပေါ်မှာလည်း အဆိုပါ ဒုက္ခမျိုးတို့ကို မြင်အောင်ကြည့်ကြလေ။ အဲဒါ ကိုယ်မှာတွေ့ရတဲ့ **ကိုယ်တွေ့ဒုက္ခသစ္စာ** တွေဘဲ၊ ဒါမျိုးတွေ သူတပါးတို့မှာရှိနေကြတာကို တွေ့မြင်ရတဲ့ခါ **မျက်မြင်ဒုက္ခသစ္စာ** ဘဲ။ ဤလို ကိုယ်တွေ့ဒုက္ခသစ္စာ မျက်မြင်ဒုက္ခသစ္စာ နှစ်ပါးလုံးကို သဘောပေါက် သဘောကျပါစေ၊ ဒိဋ္ဌိ၏ အဖြေပေတည်း။ ဒိဋ္ဌိအလိမ်ပြေလျှင် ဝိစိကိစ္ဆာလည်းပြေ၍ သောတာပတ္တိမဂ်သို့ ဆိုက်ရောက်နိုင်ပေသည်။ အမှန်မှာ—မျက်စိရုပ်ဟာ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ စင်စစ်ကေန်ဖြစ်တဲ့ ဒုက္ခသစ္စာမှန်ပါလျက်၊ ငါ၏ မျက်စိဟု ထင်မှားအောင်၊ ယူမှားအောင် ဒိဋ္ဌိက လိမ်သားကောင်းလှသည်၊ အလွန်ပါးနပ်မှဝါ—သစ္စာဥာဏ်ဝင်မှ သစ္စာဥာဏ် လက်ကိုင်ရှိမှ ဒိဋ္ဌိနယ်ချဲ့လက်ထဲက လွတ်၍ အပါယ်လေးပါး လွတ်လပ်ရေးတရားကို ရနိုင်ကြမည်။ သတိရှိကြစေ။

---

## သူငါတို့ တကိုယ်လုံးကြီးဟာ ဒုက္ခသစ္စာတုံးကြီးပါ

" ကေသာဒယော ဒွတ္တိံသာကာရာ" ဝိ—ဋ္ဌ၁ ၂၃ ဖွင့်ပြသည်ကို နယဂ္ဂါဟ အားဖြင့်....

တနည်း သစ္စာလေးပါး

၁။ * ကေသာဒုက္ခသစ္စံ တံသမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ ဥဘိန္နံအပ္ပဝတ္တိ နိရောဓသစ္စံ နိရောဓပဇာနနာ ပဋိပဒါ မဂ္ဂသစ္စံ။

ဘာသာပြန်။ ဆံပင်သည် ဒုက္ခသစ္စာ၊ ထို ဆံပင်ကို ဖြစ်စေတတ်သော ရှေးဘဝ၌ဖြစ်သော တဏှာသည် သမုဒယသစ္စာ၊ ဆံပင်တဏှာ "ဒု—သ" သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ၊နိဗ္ဗာန်ကို အပြားအားဖြင့် သိမြင်တတ်သော မဂ္ဂင်ရှစ်ပါး ကျင့်မြတ် တရားသည် မဂ္ဂသစ္စာ။

---

၁။ * ပုံစံ၌၊ ဆံပင်ကို-ဒု၊ တဏှာကို-သ၊ နိဗ္ဗာန်ကို-နိ၊ မဂ္ဂင်ကို-မ, သစ္စာဟုသိ။

တဘာန်။ ၂။ × မုတ္တ ဒုက္ခသစ္စံ တံသမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ၊
ဥဘိန္နံအပ္ပဝတ္တိ နိရောဓသစ္စံ နိရောဓပဇာနနာ ပဋိပဒါ မဂ္ဂသစ္စံ၊

**ဘာသာပြန်။** ကျင်ငယ်သည် ဒုက္ခသစ္စာ၊ထိုကျင်ငယ်ကိုဖြစ်စေတတ်သော ရှေးဘဝ၌ဖြစ်သောတဏှာသည် သမုဒယသစ္စာ၊ ကျင်ငယ်တဏှာ "ဒု–သ" သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ၊ နိဗ္ဗာန်ကို အပြားအားဖြင့် သိမြင်တတ်သော မဂ္ဂင်ရှစ်ပါး ကျင့်မြဲတရားသည် မဂ္ဂသစ္စာ။ ။ ကိုယ်မှာရှိနေတဲ့ သစ္စာတွေကို တဲ့တဲ့မြင်သိပါစေ။

အမှာ။ ။ ဤ၌ ဆံအစ ကျင်ငယ်အဆုံး၊ ၃၂ စု၊ ၃၂ ခုရှိရာ၊ အစနှင့် အဆုံးကိုသာ သစ္စာ ဖွဲ့ပြထားပေသည်။ အလယ်၌ ၃၀ သော ကောဋ္ဌာသကို မြှုပ်ထားခဲ့ပေသည်။ စ,နှင့် ဆုံး,ကိုသာ ဖေါ်ပြထားသော"**အာဒိအန္တဒီပက**"နည်းတည်း။သို့ပင် ကျမ်းဆရာက ပေယာလ မြှုပ်ထားခဲ့သော်လည်း၊ စာကြည့်ပရိသတ်တို့က သည်လိုနေရာမျိုးမှာ ကျမ်းဆရာရဲ့ အာဘော် သိ,မသိ၊ မိ,မမိ၊ မိမိတို့ရဲ့ ဉာဏ်ရည် ဉာဏ်သွေးရှိ,မရှိကိုသိရလေအောင်၊အဆိုပါနမူနာခံပြကို နယဂ္ဂါဟ အားဖြင့် နည်းယူကာ ၃၂ ကောဋ္ဌာသ အပြည့်အစုံ ကောဋ္ဌာသ ပြောင်းကာ လွှဲကာ သစ္စာဖွဲ့တတ်စေရမည်။ ဖွဲ့၍ဖွဲ့၍ စမ်းကြလေ။ အစအစ ကောဋ္ဌာသ ပြောင်းလွှဲရုံသာ ထူးတော့သည်၊ နောက်ပုဒ်တွေမှာ အကုန်လုံးတူနေတော့သည်။ ရှေးဦးအစ ကေသာ ဆိုတဲ့ ကောဋ္ဌာသ တပါးကို ပါဠိလိုဘဲဖြစ်ဖြစ် ဘာသာပြန်လိုဘဲဖြစ်ဖြစ် သွက်သွက်လက်လက်ဖွဲ့တတ်ပါလျှင်၊ နောက် ကောဋ္ဌာသတို့မှာ ဒိုင်းဒိုင်းပြေး လွယ်ကူသွားတော့သည်။

မှတ်ချက်။ ။ ဘဝရာထောင် ကမ္ဘာရာထောင် လူ့ဘဝကို ရသော်လည်း တဘဝတခါ ဤသာသနာမျိုးနှင့် မတွေ့လျှင်၊ ဤဆံပင် စသည်ကို ဒုက္ခသစ္စာဟု သိရခဲ သိနိုင်ခဲလှသည်၊ မသိခဲ့လို့ဘဲ ယခုဘဝအထိ ဆံ စသော ဒုက္ခသစ္စာတုံးကြီးဟာ တဘဝ တခန္ဓာ ရှိနေသေးတာ အကယ်၍ သိပြီးဖြစ်ပါက ဤဒုက္ခသစ္စာတုံးကြီးဟာ ချုပ်ငြိမ်းတာ ကြာလှရော့မယ်ဟု သိ။

---

၂။ × ပုံစံ၌။ ကျင်ငယ်ကို-ဒု၊ တဏှာကို-သ၊ နိဗ္ဗာန်-နိ၊ မဂ္ဂင်ကို–မ, သစ္စာဟု သိ။

**အမှာ။** ။ သစ္စာဖွဲ့တဲ့ခါ ကောက်ကာင်ကာ လွယ်ကူစွာ သစ္စာဖွဲ့စေနိုင်ခြင်းငှါ၊ ကောဋ္ဌာသ ပါဠိအနက်ကို အပြည့်အစုံ ဖော်ပြထားဦးအံ့၊ နှစ်မျိုးလုံးကို ညက်ညက်ကြေ နှုတ်တိုက်ရရှိထားပါစေ။

၁။ ပါဠိလို။ ကေသာ၊လောမာ၊နခါ၊ဒန္တာ၊တစော၊ (တစ ပဥ္စက)
မံသံ၊ နှာရူ၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ (ဝက္က ပဥ္စက)
ဟဒယံ၊ယကနံ၊ကိလောမကံ၊ပိဟကံ၊ပပ္ဖါသံ၊ (ပပ္ဖါသပဥ္စက)
အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ (မတ္ထလုင်္ဂပဥ္စက)
ပိတ္တံ၊သေမှံ၊ပုဗ္ဗော၊လောဟိတံ၊သေဒေါ၊မေဒေါ၊ (မေဒဆက္က)
အဿု၊ဝသာ၊ခေဠော၊သိင်္ဃာဏိကာ၊လသိကာ၊မုတ္တံ။ (မုတ္တဆက္က)

မြန်မာလို။ ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊
အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချင်ဆီ၊ အညှို့၊
နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊
အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊
သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊
မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

သည်မှတပါး၊ ဥက္ကောင်းသည် ဒုက္ခသစ္စာ။ ထိုဥက္ကောင်းကိုဖြစ်စေတတ်သော ရှေးဘဝဌ်ဖြစ်သော တဏှာသည် သမုဒယသစ္စာ။ ဥက္ကောင်း, တဏှာ "ဒု–သ" သစ္စာနှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ။ နိဗ္ဗာန်ကို အပြားအားဖြင့် သိစေတတ်သော မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည် မဂ္ဂသစ္စာ စသည်ဖြင့်၊ ဥက္ကောင်းကစ၍ ခြေထောက်ကြအောင် သစ္စာဖွဲ့လေဦး....။ သို့မှသာ တကောင်လုံးကြီးဟာ ဒုက္ခသစ္စာတုံးကြီးမှန်း သိ၍လာမည်၊ သူ–ငါတို့ ခန္ဓာမှာရှိတာက အဆိုပါ ဆံ အစ၊ ကျင်ငယ် အဆုံး၊ ဥက္ကောင်းအစ၊ ခြေထောက်အဆုံး၊ ဤဒုက္ခသစ္စာတုံးကြီးဘဲရှိပါသည်။ ဤကောဋ္ဌာသ အစုအရုံး ရုပ်တုံး ရုပ်ခဲကြီးသည်လည်း သူ–ငါ၊ ကျား–မ, စသည် အဟုတ်မဟုတ်ပါ။ အမှန်မှာ ဤ ရုပ်တုံး ရုပ်ခဲကြီးကို ရရှိသည်မှ သေနေ့ကြအောင် တဘဝလုံး ဆင်းရဲတာမှန်လှသောကြောင့် ဒုက္ခသစ္စာတုံးကြီးသာ စစ်မှန်ပါသည်။ ၃၂ ထဲမှာ ၃၂ နှုတ်ပါလျှင် ဂဏန်း ထုံးစံအားဖြင့် ၀,လုံး၊သုည,ကျန်ရှိနိုင်သော်လည်း၊ သူ–ငါ၊ကျား–မ,တို့အထဲမှာ

ဆံအစ၊ ကျင်ငယ်အဆုံး၊ ၃၂ တုံးသော ဒုက္ခသစ္စာတုံးကြီးကို နှုတ်ထားလိုက်ပါလျှင်၊ ဝ,လုံး၊ သုည,မျှ မကြွင်းမကျန်တော့ပါ။ ထို့ကြောင့် ဆံ,အစ ကျင်ငယ်အဆုံး၊ ၃၂ တုံးသော သစ္စာဝုံးကြီးကိုသာ ပညတ် အားဖြင့် သူ—ငါ၊ ကျား—မ,စသည်ဖြင့် ခေါ်ဆိုရုံ ခေါ်ဆိုရပါသည်။ သူ—ငါ၊ ကျားမ, ကား အဟုတ်မရှိ အဟုတ်မဟုတ်၊ ဒုက္ခသစ္စာသာ အဟုတ်ရှိ, အဟုတ်ဟုတ်သည်ဟု သိလေ။ အဆိုပါ ဆံ စသော ဒုက္ခသစ္စာတုံးကြီး သည်လည်း သိ,မသိ နှစ်ပါးတို့တွင် မသိတရားဖြစ်၍ ရုပ်တရား၊ ထိုရုပ်တရားသည်လည်း ဥပါဒ်, ဌီ, ဘင်မျှ ခဏခြင်း ခဏခြင်း ဖြစ်မြဲဖြစ်၍ ပျက်တတ်သောကြောင့် မမြဲ ဆင်းရဲ၊ အစိုးမရတဲ့ အနိစ္စ,ဒုက္ခ,အနတ္တ, တရားအစစ် ကေန်ဖြစ်သည်ဟု တထစ်ချယုံကြည်နိုင်လျှင်၊ အတ္တစင်၍ အနတ္တ ထင်သောကြောင့် မဂ်ဝင် ဖိုလ်ဝင်ပင် ဖြစ်နိုင်ပေသည်။

## မူလ-၃၂၊ မူလီ-၄။

အကြောင်းအရာ။ အောက်၌ ဖေါ်ပြထားခဲ့တဲ့အတိုင်း၊ ဆံ စသော ကောဋ္ဌာသတပါးကို မူတည်၍၊ သစ္စာလေးပါးတို့ကို မူလီသွတ်၍၊ကောဋ္ဌာသတပါးတပါးလျှင် သစ္စာ လေးပါး လေးပါးစီ ကိုက်သွားအောင် ၃၂ ကောဋ္ဌာသ ကုန်အောင် သစ္စာဉာဏ်လဲ ဘွင်းဘွင်းကြီး လင်းလင်းကြီး ရှင်းရှင်းကြီး ထိုးထွင်း၍သိသွားတဲ့ ပဋိဝေဓဉာဏ် ပွင့်လင်းသွားအောင် သစ္စာဖွဲ့ လေ့ကျင့်မှုကို အကြိမ်ကြိမ်ပြုလေ။ ဤ စာအုပ်ထဲ၌ သစ္စာဖွဲ့ထားသည်ကို ဉာဏ်ထဲစိတ်ထဲ မိမိမျက်စိထဲ စွဲမြဲထင်နေအောင်၊ ကသိုဏ်းရှုသော ရဟန်းကဲ့သို့ စွဲမြဲထင်မြင်နေအောင် ရှုကြည့်လေ။

အမှာ။ ။ အဆိုပါ မျက်စိ, နား, နှာ, လျှာ,ကိုယ်,မနော, စသည်တို့ကိုရင်း၊ ဆံပင်,မွေးညှင်း စသည် ၃၂ ကောဋ္ဌာသကိုရင်း၊ သစ္စာဖွဲ့ လေ့ကျင့်မှုကို အချိန်ရတိုင်းပြုလေ၊ မပျင်းလေနှင့်။ ကိုယ်မှာရှိနေတဲ့ သစ္စာတွေကို တဲ့တဲ့မြင်သိပါစေ၊ သစ္စာဉာဏ်ပွင့်လင်းပါစေ။ "သစ္စာမသိ ရှည်ဘိသံသရာ၊ သစ္စာသိတော့ တိုဘိမှန်စွာ" ဆိုတဲ့ ဆောင်ပုဒ်ကို နာနာသတိပြုပါ။ သွားရင်းလာရင်းလဲ သစ္စာဖွဲ့၍သွားပါ။ သစ္စာဉာဏ် လက်ကိုင်ရှိရှိကလေးနှင့်သွားတတ်လာတတ်ပါစေ၊အသွားလဲ မပျက်ရစေပါဘူး။

**တဏှာကြောင့် ခန္ဓာ။** ဖြစ် ပျက် မွေး သေ သံသရာရှည်၍ နေကြရသည်၊ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်တဲ့ခါ၊ တဏှာခန္ဓာအစဉ်ပြတ်၍ အသခ်တဓာတ် နိဗ္ဗာန်သို့ ဆိုက်ရောက်တော့သည်ဟု သစ္စာမသိသောကြောင့် တဏှာပယ်တဲ့ မဂ်အကျင့်ကိုမကျင့်။ ဝါ၊ ဖြစ်လိုလျှင် ဖြစ်ပြန်လိမ့်မယ်၊ ဖြစ်ပြန်လျှင် ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ဆံပင် စသော ဒုက္ခသစ္စာတွေ နွားနောက်က လှည်းဘီးကြီး နွားခြေရာကို နင်းနင်းပြီးလိုက်နေသကဲ့သို့ ဖြစ်လိုဖြစ်ချင်နေတဲ့ သမုဒယသစ္စာ။ တဏှာ ရာဂ လောဘရဲ့ နောက်က ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ဆံပင် စသော ဒုက္ခသစ္စာ လှည်းဘီးကြီးတွေ တသီတတမ်း တပုံတခေါင်းကြီး တသက်လုံး တဘဝလုံး သေနေ့ကြအောင် လိုက်ပါမဲ့အရေး၊ သေပြီးသည့်နောက် အကုသိုလ်ကံ မှောက်သဖြင့် အပါယ်ရောက်ရမဲ့အရေး၊ အဝီစိဘေးအထိ ဒုက္ခသစ္စာထင်မြင်အောင် ဆင်ခြင်၍မပေးသောကြောင့် ဒုက္ခသစ္စာ အစွမ်းကုန်မထင်မြင်၊ မထင်မြင်သောကြောင့် တဏှာ အာလယ မပြတ်၊ မပြတ်၍ ဘုံသုံးပါးတို့၌ ထပ်၍ထပ်၍ ဖြစ်သောကြောင့် ဖြစ် ပျက် မွေး သေ သံသရာရှည်၍ နေကြသည်၊ ဒုက္ခသစ္စာ ထင်မြင်အောင် ဆင်ခြင်၍ ပေးတဲ့ခါ၊ ဒုက္ခသစ္စာအစွမ်းကုန် ထင်မြင်ပါလျှင် ဘုံသုံးပါးတို့၌ တဖန်ဖြစ်လိုတဲ့ တဏှာအာလယ ပြတ်တဲ့ အရဟတ္တမဂ်သို့ရောက်၍၊မွေးသေလွတ်တဲ့ နိဗ္ဗာန်သို့ ရောက်သဖြင့်၊ ဖြစ်ပျက်မွေးသေ ဆိုတဲ့ သံသရာဝဋ္ဋဆင်းရဲ တို့၍ သွားလေတော့သည် သတိရှိကြစေ။

---

## သစ္စာလေးပါး ကသိုဏ်းဇယား

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁။ ဆံပင်သည် | (ဒု) | တဏှာ | (သ) | နိဗ္ဗာန် | (နိ) | မဂ္ဂင် | (မ) | သစ္စာဟုသိ |
| ၂။ မွေးညှင်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း |
| ၃။ ခြေသည်း လက်သည်း | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၄။ သွား | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၅။ အရေ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၆။ အသား | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၇။ အကြော | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၈။ အရိုး | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |

၉။ ရိုးတွင်းခြင်ဆီ (ဒု) တဏှာ(သ) နိဗ္ဗာန်(နိ) မဂ္ဂင်(မ)သစ္စာဟုသိ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၀။ အညို့ | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း |
| ၁၁။ နှလုံး | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၁၂။ အသည်း | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၁၃။ အမြှေး | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၁၄။ အဖျင်း | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၁၅။ အဆုတ် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၁၆။ အူမ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၁၇။ အူသိမ် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၁၈။ အစာသစ် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၁၉။ အစာဟောင်း | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၂၀။ ဦးနှောက် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၂၁။ သည်းခြေ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၂၂။ သလိပ် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၂၃။ ပြည် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၂၄။ သွေး | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၂၅။ ချွေး | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၂၆။ အဆီခဲ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၂၇။ မျက်ရည် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၂၈။ ဆီကြည် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၂၉။ တံတွေး | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၃၀။ နှပ် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၃၁။ အစေး | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |
| ၃၂။ ကျင်ငယ်သည် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ |

အမှာ။ ။ ဤပုံအတိုင်း စက္ကူအချပ်ပိုတခုနှင့်ကူးယူ၍၊ စိတ်ထဲ ဉာဏ်ထဲမှာ စွဲမြဲထင်မြင်အောင် ရှုကြည့်လေ။ သို့မှ မိမိရဲ့တကိုယ်လုံး တကောင်လုံးကြီးကို ဒုက္ခသစ္စာလို့ တွဲတွဲသိမြင်မည်ဟု သိလေ။

သူငါဆိုတာ အဟုတ်မရှိပါ၊ ဒုက္ခသစ္စာ။ သူငါဆိုတာ အဆိုပါ ဆံ,အစ ကျင်ငယ်အဆုံးရှိတဲ့ ၃၂ ခု အပေါင်းအစုကို သူငါဆိုတာ၊ သူငါကား အဟုတ်မရှိ၊ခေါ်ရရုံ ပညတ်မျှဟုသိ။အဟုတ်ရှိကား ၃၂ တွဲ၊ ၃၂ ခဲ၊ ရုပ်တုံး ရုပ်ခဲ၊ မမြဲ,ဆင်းရဲ,အစိုးမရ,အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘဖြစ်တဲ့ ဒုက္ခသစ္စာသာ ရှိ၏ဟုသိလေ၊ ဆံအစ,ကျင်ငယ်အဆုံး ၃၂ ကောဋ္ဌာသလုံး ဒုက္ခသစ္စာချည်း မှတ်လေ။

**မှတ်ချက်၊** ။ ဤ၌ ဆံပင်သည် ဒုက္ခသစ္စာ။ပ။ကျင်ငယ်သည် ဒုက္ခသစ္စာ။ပ။ ဟု ဖေါ်ပြခဲ့သဖြင့်၊ ဤသူငါတို့၏ တကိုယ်လုံး,တကောင်လုံးကြီးမှာ ဆံပင်အစ,ကျင်ငယ်အဆုံး၊၃၂တုံး၊၃၂ခု၊၃၂ရုမှ အခြားတပါးလဲ ဘာတခုမှမရှိတော့တာအမှန်ဘဲ။ ဤ ဆံ,စသော ၃၂တုံး၊ ၃၂ခု၊ ၃၂စုကလဲ ဒုက္ခသစ္စာချည်း သက်သက် ဖြစ်နေတာကလဲ အမှန်ဘဲ။ အဲဒါကြောင့် သူငါတို့၏ တကိုယ်လုံး တကောင်လုံးကြီးကို ဒုက္ခ သစ္စာလို့သာ စိတ်ချလက်ချ ယနေ့ကစ၍ ယုံမှားမရှိ အမှန်သိ အမှန်မြင် အမှန်ယူပါ။ ဝါ၊အယူမှန်ယူပါ၊ သစ္စာမသိခင်တုံးကလို ငါ ကိုယ် အတ္တဟု မှတ်ထင် ယူဆမှားခဲ့ဘူးတဲ့ မိစ္ဆာဒိဋ္ဌိ, အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိအယူမှားကြီးကိုနှမျောတောတောလုပ်မနေပါနှင့်တော့ ဘာမှ အသုံးမကျတဲ့ အမှိုက် တံမြက်ချေးကို ရက်ရက် ရောရော မနှမျောဘဲ စွန့်ပစ်လိုက်သလို တခါထဲစွန့်ပစ်လိုက်ပါ။

ဤ **ဆံ-စသော** ဒုက္ခသစ္စာကိုလဲ ရှေးဘဝက"လို"ဆိုတဲ့ သမုဒယသစ္စာ, ဘဝတဏှာလောဘကြောင့် ဖြစ်သည်ဟု အမှန်သိ အမှန်မြင် အမှန်ယူပါ၊ ထာဝရဘုရား,ဗိဿဏိုးနတ်များ ဘန်ဆင်း၍ဖြစ်တယ်ဆိုတာဘဲ ဟုတ်မှန်လေ သလောဟု ယုံမှားခဲ့ဘူးတဲ့ ဝိစိကိစ္ဆာကိုလဲ တခါထဲ စွန့်ပယ်လိုက်ပါ။

**တဏှာပယ်တဲ့** မဂ်အကျင့်ကြောင့် အဆိုပါ "ဒု—သ" သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်ကို နိရောဓသစ္စာဖြစ်သည်ဟု အမှန်သိ အမှန်မြင် အမှန်ယူပါ၊ နွားတို့၏ ခွေးတို့၏ အလေ့အကျင့်ဖြင့် သံသရာမှ စင်ကြယ်၏။ ဝါ၊နိဗ္ဗာန်သို့ရောက်၏ဟု မဟုတ်မမှန်ဘဲ အလွဲနှလုံးသွင်းမှု သီလဗ္ဗတကိုလဲ စွန့်ပယ်လိုက်ပါ။ အဲဒါ "**ပွါး သိ ပယ် ဆိုက်၊ လေးပါးကိုက်၊အမြိုက်နိဗ္ဗာန်ဝင်**" ပါဘဲ။ ကျမ်းဂန်တို့၌ကား—"ဝေံ ပဋိပါတိယာ အရိယဘူမိံ ဩက္ကမတိ" ဟု ဆို၏။ (ရှေ့၌ ထင်ရှားပါလတ္တံ့။)

ဘုံသုံးဆဲ့တစ် ဖြစ်ဖြစ်သမျှ ဒုက္ခသစ္စာလို့သာသိပါ၊ လူဘုံ၌ဖြစ်တဲ့ ဒုက္ခသစ္စာကို လူ၊ နတ်ဘုံ၌ဖြစ်တဲ့ ဒုက္ခသစ္စာကို နတ်၊ ဗြဟ္မာဘုံ၌ဖြစ်တဲ့ ဒုက္ခသစ္စာကို ဗြဟ္မာ၊ အပါယ်လေးဘုံ၌ဖြစ်တဲ့ဒုက္ခသစ္စာကို ငရဲကောင်၊ တိရစ္ဆာန်ကောင်၊ ပြိတ္တာကောင်၊ အသူရကာယ်ကောင်ဟု ပညတ်အားဖြင့် ခေါ်ဆိုရသည်၊ ပညတ်အားဖြင့် မုချမရအပ် မှတ်လေ။ လူနတ်ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ ဆိုတဲ့ ပညတ်ပေါ်တွင် အသိဉာဏ်သောင်တင် အသိဉာဏ်အားကုန်၍ မနေစေနှင့်၊ ဒုက္ခသစ္စာဆိုတဲ့ ပရမတ် ထိအောင်၊ မိအောင်၊ပေါက်အောင်၊ ရောက်အောင်၊အသိမှန်သိ အမြင်မှန်ရ၍ အယူမှန်ယူကြပါ။ ဤဒုက္ခသစ္စာဆိုတာလဲ အခြားမဟုတ်၊ တဏှာမှတပါးသော ရုပ်နာမ်ခန္ဓာ အာယတနဓာတ်ဘဲ။ ရုပ်နာမ်ခန္ဓာ အာယတနဓာတ်ဆိုတာလဲ အခြားမဟုတ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဘဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ဆိုတာလဲ အခြားမဟုတ်၊ ဤဆံပင်မွေးညှင်းစသော တကိုယ်လုံး တကောင်လုံးကြီးဘဲ၊ဤတကိုယ်လုံး တကောင်လုံးကြီးလဲ အခြားမဟုတ်။ ဝါ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ၊ ကျား၊ မ အဟုတ်မဟုတ်၊ ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ပဋိသန္ဓေကစ စုတိသေနေ့သို့ကျအောင် ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်းစစ်မှန်လှသောကြောင့် ဒုက္ခသစ္စာသာ ဟုတ်မှန်သည်ဟုသိ၊ ဟဏှာကိုတော့ သမုဒယသစ္စာဟု သိ၊ ဒါလောက်ပြလို့မှ ဒုက္ခသစ္စာကို ဒုက္ခသစ္စာဟု အမှန်မသိ၊ ငါကိုယ်အတ္တဟု အယူမှားရှိနေသေးလျှင်၊ ဆေးမဝင်တဲ့ သူနာမှာ သေရုံသာရှိတော့သည် ဆိုသကဲ့သို့၊ သစ္စာလေးပါး ဘုရားဆေး မဝင်တဲ့ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့မှာ အပါယ်လေးဘုံသို့ ပြန်ရန်သာရှိလေသည် ဟူလို။

---

## တိမ်တိမ်နှင့် နက်၊ လွယ်လွယ်နှင့် ခက်

ကိုယ်မှာရှိလျှက် မသိချက် ဆိုးညစ်အဝိဇ္ဇာ ဆိုတဲ့အတိုင်း၊ ဆံ စသော ဒုက္ခသစ္စာသည် ကိုယ်မှာဘဲရှိနေ၍ သိလျှင်တိမ်၏။သို့ရာတွင် ဆံပင်ကို ရသည်ကစ၍ ဆံပင်အတွက်နှင့် အဘက်ဘက်မှာ တသက်လုံးကြီးဟာ ခဏခဏ ဒုက္ခပေးနေတာ၊ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းနေရတာ စစ်မှန်လှသောကြောင့် ဤဆံပင်ဟာ ဖီးရ၊ လိမ်းရ၊ခေါင်းလျှော်ရ၊ရိပ်ရ၊ဆံပင်ညှပ်ဆိုင်သို့ ခဏခဏ ပြေးရ၊ ငွေပေးရ၊ ပေးစရာ ငွေရအောင်ရှာရ၊ ခေါင်းလိမ်းဆီ၊ဆီမွှေး၊ရေမွှေး ဆံထိုး၊ ဆံညှပ်ဝယ်ရအောင် ကူလီလုပ်ရ စသည်ဖြင့်၊ သေနေ့ကြအောင် ဒုက္ခ

ပေးနေသောကြောင့် ဒုက္ခသစ္စာပါတကားလို့ မသိသောကြောင့် နက်နေ၏။ တနေ့လုံးမသိ တနေ့လုံးနက်၊ တလလုံးမသိ တလလုံးနက်၊ တနှစ်လုံးမသိ တနှစ်လုံးနက်၊ တသက်လုံးမသိ တသက်လုံးနက်၊ တသံသရာလုံးမသိတော့ တသံသရာလုံးနက်၊ မသိသမျှနက်၍နေတော့၏။ ထို့ကြောင့် တိမ်တိမ်နှင့် နက်သည်ဟု ဆိုရိုးရှိခဲ့လေသည်။

အဆိုပါ ဆံ စသော ဒုက္ခသစ္စာသည် ကိုယ်မှာဘဲရှိနေ၍ သိလျှင်လွယ်၏။ သို့ရာတွင် ဒုက္ခသစ္စာမှန်း တွဲတွဲမသိဘဲဖြစ်နေ၍ မသိသမျှ ကာလပတ်လုံး ခက်နေတော့၏။ ထို့ကြောင့် ဤလိုအရာမျိုးကိုရည်၍ လွယ်လွယ်နှင့် ခက်သည်ဟု ဆိုရိုးရှိခဲ့လေသည်။ ဤလိုဤပုံ၊ ဆံ စသော ဒုက္ခသစ္စာဟာ ကိုယ်မှာ ရှိနေလျှက်၊ ဝါ၊ ဆံ အစ, ကျင်ငယ်အဆုံးရှိတဲ့ ဒုက္ခသစ္စာတုံးကြီးဟာ မိမိ ခန္ဓာကိုယ်ကြီးဘဲ ဖြစ်နေပါလျှက်၊ တသက်လုံး ဒုက္ခသစ္စာမှန်း ဘိစ္စတုံး လုံးလုံးကြီး မသိရဘဲဖြစ်နေတာ "**စုန်းကိုလဲ မရိုးနှင့်၊ နတ်ကိုလဲ မရိုးနှင့်၊ ရွာသူ့ရဲ့ အတတ်**"ဆိုတာလို၊ သစ္စာကိုမသိတဲ့၊ ဝါ၊ သစ္စာကို မသိရအောင် အဖုံးအလွှမ်း အပိတ်အဆို့ကောင်းလှတဲ့ မောင်အဝိဇ္ဇာရဲ့ အတတ်လို့သာ မှတ်ပေတော့၊ ဤအဝိဇ္ဇာဆိုတဲ့ တရားဟာလဲ သတ္တိနဲ့ သတ္တိကြောင်တဲ့ တရားပါ၊ ဝိဇ္ဇာမောင် မလာခင်သာ လ မိုက်တဲ့ ည,အခါ ပိုးရေမြှုး မင်းမူသလို လူတွင်ကျယ် လုပ်နေတာပါ။ လ,နေနှင့်တူတဲ့ ဝိဇ္ဇာမောင် ရောက်လာတဲ့ခါ ကြက်ပျောက် ငှက်ပျောက် ဘယ်ကိုရောက်သွားမှန်းမသိ, အပျောက်ကြီး ပျောက်သွားလေ တော့သည်။

**ဤ ဆံပင်၌ သစ္စာသိနည်း, သစ္စာမြင်နည်းမှာ။** လက်ရှိ ဘဝ၌ မိမိရဲ့ ဆံပင်အစ, ကျင်ငယ်အဆုံးရှိတဲ့ တကိုယ်လုံး တကောင်လုံးကြီးကို ဒု, လို့ သိပါ မြင်ပါ အယူမှန်ယူပါ။ ထိုဆံပင် စသော ဒု-ကို ဖြစ်စေတတ်သော ရှေးဘဝက ဟဏှာလောဘကို သ,လို့ သိပါ မြင်ပါ၊ တဏှာပယ်တဲ့ မဂ် အကျင့်ကြောင့် အဆိုပါ "ဒု–သ" သစ္စာနှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်ကို နိ,လို့ သိပါ မြင်ပါ။ အဆိုပါ နိ-ကို သိမြင်တတ်သော မဂ္ဂင် ရှစ်ပါး ကျင့်မြတ်တရားကို မ-လို့ သိပါ မြင်ပါ အယူမှန်ယူပါ။ သူတပါး တို့ရဲ့ ကိုယ်မှာရှိတဲ့ ဆံပင်အစ, ကျင်ငယ် အဆုံးရှိတဲ့ ဒုက္ခသစ္စာကိုလည်း ဤအတိုင်း သိပါ မြင်ပါ အယူမှန်ယူပါ။

တနည်း။ ။ ဤဆံပင် စသော ဒုက္ခသစ္စာသည် ရှေးဘဝက ဖြစ်လိုတဲ့ လောဘကြောင့်ဖြစ်၏။
ထိုလောဘကို ယခုဘဝ မဂ်နှင့် ပယ်သတ်က ဆံ့စသော ဒုက္ခ သစ္စာ ချုပ်ငြိမ်း၏။

တနည်း။ ။ သတ္တလောက၌ ဇာတိ့စသော ဒုက္ခသစ္စာသည် တဏှာကြောင့် ဖြစ်၏။ ထိုတဏှာကို မဂ်ဖြင့်ပယ်သတ်က ဇာတိ စသော ဒုက္ခ သစ္စာ ချုပ်ငြိမ်း၏။

တနည်း။ ။ လောက၌ ဆင်းရဲဒုက္ခမှန်သမျှသည် တဏှာဆန္ဒကြောင့်ဖြစ်၏။ ထိုတဏှာဆန္ဒကို မဂ်ဖြင့် ပယ်သတ်က ဆင်းရဲဒုက္ခမှန်သမျှ အကုန်လုံး ချုပ်ငြိမ်း၏။

တနည်း။ ။ ဆံပင် စတဲ့ ဒုက္ခသစ္စာ တဏှာကြောင့်သာ ဖြစ်ရမှန်စွ။
တဏှာပယ်က ဆံ့ဒုက္ခ၊ မုချ ချုပ်ရပါ။

တနည်း။ ။ ဖြစ်လိုမှုကြောင့် ဖြစ်မှုဆံပင်၊ ဖြစ်လိုခြင်းမှု ပယ်စွန့်ပြု ချုပ်မှု ထိုဆံပင်။
ဤလိုသိလျှင် သစ္စာမြင်၊ ခေါ်တွင် မဂ်လမ်းစဉ်။
မဂ်လမ်းမှန်မှ ပယ်မကျ၊ ဖြစ်ရသောတာပင်၊
နောက်ဆုံးနိဗ္ဗာန်ဝင်။

ဤ၌ – ဖြစ်လိုမှုက, သ၊ ဖြစ်မှုက, ဒု၊ ပယ်က, မ၊ ချုပ်က, နိ ဟု သစ္စာ လေးပါးတို့ကို သိလေ။

**လိုရင်းအချုပ်မှာ။** တဏှာကြောင့် ခန္ဓာ, ဖြစ် ပျက် မွေး သေ၊ သံသရာ ရှည်၍ နေကြသည်၊ တဏှာပယ်က ဖြစ် ပျက် မွေး သေ၊ သံသရာပြတ်တော့ သည်။

ဤ၌–တဏှာက သ၊ ခန္ဓာက ဒု၊ ပယ်က မ၊ ပြတ်က နိ့ဟု၊သစ္စာလေးပါး တို့ကို သိ။

ယခုလက်ရှိဘဝ တဏှာပယ်၍ အမတာနယ်နိဗ္ဗာန်သို့ သွားကြမလား။ သို့မဟုတ် တဏှာနောက်သို့ တကောက်ကောက်လိုက်၍ ဗိုလ်နေမြဲ - ကျား နေမြဲ၊ မွေးမြဲ သေမြဲ သံသရာဝတ်ဆင်းရဲသို့ဘဲ ပြန်လိုက်ကြဦးမလားဟုသာ မေးရန်ရှိတော့၏။ လမ်းနှစ်ခွရောက်ရှိနေကြပြီ။

## လက်ဝါးကြီးအုပ်၍ အချုပ်ကိုပြပုံ၊

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံခါနီးတွင် ပိဋကတ်သုံးပုံ အကုန်လုံးပါဝင်အောင်၊ "**အပ္ပမာ ဒေန သမ္ပာဒေထ**"ဟူသော စကားကိုးလုံးဖြင့် လက်ဝါးကြီးအုပ်၍ အမိန့်တော်ထုတ်ပြန်ခဲ့သလို၊ ထို့တူပမာ၊ ပိဋကတ်သုံးပုံမှာ အနှံ့အပြား ဟောထားခဲ့တဲ့ သစ္စာလေးပါးတရားစကားတွေ၊ ဝါ၊ဒုက္ခသစ္စာ,သမုဒယသစ္စာ,ရုပ်နာမ်ခန္ဓာ, အာယတန, ဓာတ်ပရမတ်တွေ တခါထဲ ပါဝင်သွားအောင် နောက်ဆုံးပိတ် အိပ်နှင့်လွယ် ဖြစ်သွားအောင်၊ လက်ဝါးကြီးအုပ်၍ အချုပ်ကို ပြဆိုဦးအံ့။

(၁) × တဏှာ,နိဗ္ဗာန်,မဂ္ဂင်မှတပါး၊ အလုံးစုံသော ရုပ်နာမ်၊ အလုံးစုံသော ခန္ဓာ၊ အလုံးစုံသော အာယတန၊ အလုံးစုံသော ဓာတ်ပရမတ်တို့ကို ဒုက္ခသစ္စာလို့သာ အသိမှန်သိ အမြင်မှန်မြင် အယူမှန်ယူကြပါ။ အဆိုပါ ရုပ်နာမ်,ခန္ဓာ,အာယတန,ဓာတ်ပရမတ်တို့သည်လည်း၊ပုဂ္ဂိုလ်,သတ္တဝါ,အတ္တဇီဝ,လုံးဝ မဟုတ်ကြ၊ နိသတ္တ, နိဇ္ဇီဝ, ပရမတ္ထ သဘာဝ သက်သက်မျှ၊ အကြောင်းအားလျော်စွာ ဥပါဒ်, ဌီ, ဘင် မျှ ဖြစ်၍ ဖြစ်၍ ပျက်ကြသောကြောင့် မမြဲ,ဆင်းရဲ,အစိုးမရ, မလှပ,မတင့်တယ်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ စင်စစ်ကေန်ဖြစ်သည်ဟူ၍သာ အသိမှန်သိ အမြင်မှန်မြင် အယူမှန်ယူကြပါ။ အဆိုပါ ရုပ်နာမ်ခန္ဓာ ဆိုသည်ကိုလည်း အထယ်ဒြပ်နှင့်တကွ တကယ် မမှတ်မယူကြလေနှင့်၊ ဘောက်ပြန်တဲ့သဘော ညွတ်တဲ့သဘော လောက်သာရှိတဲ့ အရှိမျိုးဟုသိကြပါလေ။ ॥ တဏှာကို **သမုဒယသစ္စာ**။ နိဗ္ဗာန်ကို **နိရောဓသစ္စာ**။ မဂ္ဂင်ကို **မဂ္ဂသစ္စာ** လို့သာ သိပါ မြင်ပါ ယူပါ။

(၂) **တနည်း**။ တဏှာ, နိဗ္ဗာန်, မဂ္ဂင်မှ တပါး၊ အလုံးစုံသော ဒွါရ၊ အလုံးစုံသော အာရုံ၊ အလုံးစုံသော ဝိညာဏ်တို့ကို ဒုက္ခသစ္စာလို့သာ အသိမှန်သိ, အမြင်မှန်မြင်,အယူမှန်ယူ။ အဆိုပါ ဒွါရအာရုံ ဝိညာဏ်တို့ကိုလည်း

---

၁။ × **တဏှာ ဒုက္ခဿ မူလံ၊** တဏှာဟာ ဝဋ္ဋဒုက္ခ၏ လိုရင်း အစ ပဋ္ဌမတဲ့။
**တဏှက္ခယာယ ပဋိပဇ္ဇထ၊** တဏှာကုန်အောင် ကျင့်ကြတဲ့။
**တဏှက္ခယော ဟိ နိဗ္ဗာနံ၊** တဏှာ၏ ကုန်ရာဟာ နိဗ္ဗာန်ပါဘဲတဲ့။
သစ္စာဆင်ခြင်တော့ ဘဏှာကြောင့် ခန္ဓာဟုသိ၊ သိတော့ပယ်၊ ပယ်တော့ တဏှာခန္ဓာကုန်၊ အဲဒါ ရွှေဘုံနိဗ္ဗာန်ဘဲ။

အထက်နည်းတူ သိပါ,မြင်ပါ,ယူပါ။ ။ တဏှာကို **သမုဒယသစ္စာ**။ နိဗ္ဗာန်ကို **နိရောဓသစ္စာ**။ မဂ္ဂင်ကို **မဂ္ဂသစ္စာ** လို့သာ သိပါ မြင်ပါ ယူပါ။

(၃) တနည်း။ တဏှာ,နိဗ္ဗာန်,မဂ္ဂင်မှတပါး၊အပါယ်လေးဘုံရှိသတ္တဝါ လူဘုံ နတ်ဘုံရှိ သတ္တဝါမှန်သမျှကို ဒုက္ခသစ္စာလို့၊ တဏှာကို သမုဒယသစ္စာ လို့၊ နိဗ္ဗာန်ကို နိရောဓသစ္စာလို့၊ မဂ္ဂင်ကို မဂ္ဂသစ္စာလို့သာ သိပါ မြင်ပါ ယူပါ။ အထက်က နည်းအတိုင်း သိပါ မြင်ပါ ယူပါ။

(၄) တနည်း။ တဏှာ, နိဗ္ဗာန်, မဂ္ဂင်မှ တပါး၊ လေးကျွန်းတမြင့်မိုရ် ၃၁ ဘုံ တခုသောစကြာဝဠာ၊ လေးကျွန်းတမြင့်မိုရ် ၃၁ ဘုံ တခုသော စကြာဝဠာ စသည်ဖြင့် စကြာဝဠာအနန္တလုံးရှိ ကောင်းဆိုး, ယုတ်မြတ်, ကြီးငယ်မရွေး၊ အသက်ရှိသော သတ္တဝါ မှန်သမျှတို့ကို ဒုက္ခသစ္စာလို့၊ တဏှာကို သမုဒယသစ္စာလို့၊ နိဗ္ဗာန်ကို နိရောဓသစ္စာလို့၊ မဂ္ဂင်ကို မဂ္ဂသစ္စာ လို့သာ သိပါ မြင်ပါ ယူပါ။

(၅) တနည်း။ တဏှာ,နိဗ္ဗာန်,မဂ္ဂင်မှတပါး၊အပါယ်လေးဘုံရှိငရဲကောင် တိရစ္ဆာန်ကောင်, ပြိတ္တာကောင်, အသူရကာယ်ကောင်, ဆင်ကောင်, မြင်းကောင်, ကျွဲကောင်,နွားကောင်,ဆိတ်,ခွေး,ကြောင်,ကြက်,ငှက်, ငါး, ဘား, ပိုးရွ, ခြ စသော သက်ရှိသတ္တဝါမှန်သမျှကို ဒု လို့၊ လူဘုံရှိ လူအမျိုးမျိုး၊ နတ်ဘုံရှိ နတ်အမျိုးမျိုး၊ ဗြဟ္မာဘုံရှိ ဗြဟ္မာအမျိုးမျိုးတို့ကို ဒု လို့၊တဏှာကို **သ** လို့၊ နိဗ္ဗာန်ကို **နိ** လို့၊ မဂ္ဂင်ကို **မ** လို့သာ သိပါ မြင်ပါ ယူပါ။ ။ ဒုက္ခသစ္စာ ကောင်းကောင်းလှလှ ထင်မြင်လာတဲ့ခါ၊ အဆိုပါ အကောင် တွေကို မြင်တိုင်းမြင်တိုင်း ဒုက္ခသစ္စာလို့ သိမြင် သိမြင် သွားပေလတ္တံ့။ နှုတ်ကပင် သူကောင် ငါကောင်ဟု ပြောဆိုနေသော်လည်း စိတ်ထဲကတော့ ဒုက္ခသစ္စာလို့သာ အသိဉာဏ်ရှင်း၍နေပေလတ္တံ့။

**အချုပ်မှာ**။ ။ တဏှာကြောင့် ခန္ဓာ ဖြစ် ပျက် မွေး သေ, သံသရာရှည်၍ နေကြရသည်၊ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်တဲ့ခါ တဏှာ ခန္ဓာ အစဉ်ပြတ်၍ အသခ်တဓာတ် နိဗ္ဗာန်သို့ ဆိုက်ရောက်တော့ သည်။

**ဤ၌** – တဏှာက, သ၊ ခန္ဓာက, ဒု၊ ပယ်က, မ၊ ပြတ်က, နိ–ဟု သစ္စာ လေးပါးကို သိ။

ထို့ထက်ချုပ်လိုလျှင်၊ "စိတ်-စေ-ရုပ်-နိ" လေးပါး တို့တွင် တဏှာဆိုတဲ့ လောဘစေတသိက်ကို သ၊ မဂ်ဌ်ယှဉ်သော စေတသိက်ကို မ၊ ကြွင်းကျန်သော စိတ်၊စေ၊ရုပ်ကို ဒု၊ နိဗ္ဗာန်ကို နိ၊ဟု သိလေ။

ဤပုံ ဤနည်း။ အထက်က ညွှန်ပြခဲ့တဲ့အတိုင်း၊ ယုံမှားမရှိ ပိုင်ပိုင်သိ ပိုင်ပိုင်မြင် ပိုင်ပိုင်ယူလိုက်နိုင်ပါက၊ ဝါ၊ အဆိုပါ နည်းအတိုင်း ထိုးထွင်း၍ သိမြင်သွားပါက "ဒု၊သိ၊ဒိ၊ပယ်၊သ၊သိ၊ဝိ၊ပယ် သောတာပန်ဖြစ်နိုင်တယ်"ဆိုတဲ့ အတိုင်း၊ ရုပ်ပေါ် နာမ်ပေါ် ခန္ဓာပေါ် အာယတနပေါ် ဓာတ်ပေါ် ပရမတ်ပေါ်မှာ၊ သူကောင်ထင်မှု၊ ငါကောင်ထင်မှု၊ ယောကျ်ားကောင် မိန်းမကောင်, ပုဂ္ဂိုလ်ကောင်, သတ္တဝါကောင်, အတ္တကောင် စသည်ဖြင့်၊ တသံသရာလုံး တသက်လုံးက ယူမှားခဲ့ကြသော မိစ္ဆာဒိဋ္ဌိ၊အတ္တဒိဋ္ဌိ၊သက္ကာယဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန် အယူမှားကြီးကို တကယ် တားဆီးလိုက်နိုင်သော သောတာပတ္တိမဂ် အပ္ပနာသို့ ဆိုက်ရောက်ပါသဖြင့်၊ အပါယ်လွတ် တရားရ သောတာပန် စသော အရိယာများ ဖြစ်သွားနိုင်ပါသောကြောင့် လက်ရှိဘဝ သာသနာတွင်းမှာ လူဖြစ်လာရခြင်း၊ သစ္စာကို သိမြင်ရခြင်းသည် အခြားအခြားသော ဘဝတွေက စကြာမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းတွေ မရေမတွက်နိုင်အောင် ဖြစ်ခဲ့ရခြင်းတို့ထက်၊ အဆတရာမက သာ၍ တန်ဘိုး မဖြတ်နိုင်အောင် မြင့်မြတ်လှပေသည်ဟု သိလေ မှတ်လေ။ မိမိကိုယ်ကို တန်ဘိုးရှိအောင်၊မိမိကဘဲ သစ္စာသိအောင် သစ္စာမြင်အောင် ကိုယ်တွေ့သစ္စာ ဉာဏ်တွေ့သစ္စာဖြစ်အောင် ရှက်ဆောင်လေ။ ဤလိုသိ ဤလိုမြင် ဤလိုယူဟု အဘဘုရားက ညွှန်ကြားခဲ့တဲ့အတိုင်း သစ္စာသိ၍ ရရှိတဲ့ အပါယ်လွတ် တရားဟာ အဘဘုရား ပေးတာ၊ မည်သည့်အခါမှ မမေ့စေနှင့်၊ တန်ဘိုး မဖြတ်နိုင်တဲ့ အမြတ်ဟု သိလေ မှတ်လေ။

ဤလို ဤပုံ သစ္စာလေးပါးတို့ကို အကျိုးအကြောင်း အားဖြင့်ရင်း၊ အကြောင်းအကျိုးအားဖြင့်ရင်း၊ယုံမှားမရှိ ပိုင်းခြားထိုးထွင်း၍သိစွမ်းနိုင်တဲ့ ဝါ၊ သစ္စာသိတဲ့ သမ္မာဒိဋ္ဌိခေါ်သော ဝိဇ္ဇာမောင် ရောက်လာတဲ့ခါ၊ သစ္စာ မသိတဲ့ အဝိဇ္ဇာမှောင် ငနဲကြီးဟာ တခါထဲ ထွက်ပြေးရလေတော့သည်။ ဤ "သစ္စာအလင်းပြကျမ်း" ကို တခေါက်စ နှစ်ခေါက်စ ဘတ်ဘူးရုံမျှနှင့် အားရ တင်းတိမ် ကြေနပ်၍မနေလေနှင့်၊ ကောင်းပါပေ့ ကောင်းပါပေ့နှင့်

ကောင်းရုံကလေးကောင်း၍ မနေနှင့်၊ ဟေးလားဝါးလားဆိုတဲ့ ဗာဟိရကိစ္စပရိယေသနအလုပ်တွေနှင့်ချည်းသာ နေ့ရက်အချိန်ကာလကို မကုန်လွန်စေကြနှင့်၊ နေ့တိုင်း ညတိုင်း စာကြည့်ဘို့အချိန်ထား၍ သေနေ့မဦးခင် သစ္စာသိတဲ့နေ့က ဦး၍ အပါယ်လွတ်တရားရ သောတာပန်ဖြစ်သော ရက်, နေ့ များက ဦးသွားအောင် အထူးသတိပြု၍ ကြိုးစားကြလေ၊ မိမိ၏တကိုယ်လုံးကြီးကို ဒုက္ခသစ္စာတုံးကြီးဟု ပိုင်ပိုင်သိဘို့ လိုလှသည်။ ရှေးဘဝက သစ္စာလေးပါး ဘုရားတရားကို မကြားရ မနာရ၍ ကိုယ်မှာရှိနေတဲ့ ဆံပင် စသော ဒုက္ခသစ္စာကိုပင်၊ ဝါ၊ ဆံပင် စသော ဒုက္ခသစ္စာ ရုပ်,နာမ်,ခန္ဓာ, အနိစ္စ,ဒုက္ခ, အနတ္တ, အသုဘ အစစ်ကေန်ဖြစ်တဲ့ ဒုက္ခသစ္စာကိုပင် ငါ့ကိုယ် အတ္တဟု အယူမှား အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိရှိနေ၍ ကုသိုလ်ပို့၍ လူဘုံ နတ်ဘုံ ဗြဟ္မာဘုံသို့ အကြိမ်ကြိမ်ရောက်ရှိနေရသော်လည်း ကုသိုလ်အဟုန်ကုန်က အပါယ်လေးဘုံသို့ တဖါးဖါး တကားကား ပြန်ပြန်ပြီး ကျကျနေကြရသည်ကို လှလှကြီး ကောင်းကောင်းကြီး သိမြင်ကြစေ သတိရှိကြစေ။

ထို့ကြောင့်ပင်—**ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပ ဂတိံ ဂတာ**
**ဘဝဂ္ဂမ္ပိ သမ္ပတ္တာ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။**

အဘိ—ဝိ—၄၈၃၊ ဟောတော်မူခဲ့သည်။

**ပုညတေဇေန**၊ ကောင်းမှုတေဇော် အာနုဘော်သည်။ **ဥက္ခိတ္တာ**၊ မြှောက်ပင့်၍ တင်အပ်ကုန်သော။ **ကာမရူပဂတိံ ဂတာ**၊ ကာမသုဂတိ ခုနစ်ဘုံ ရူပတဆဲ့ခြောက်ဘုံသို့ လားရောက်ကြကုန်သော။ ယေသတ္တာ၊ အကြင် ပုထုဇဉ် လူ နတ် ဗြဟ္မာ သတ္တဝါတို့သည်ရှင်း။ **ဘဝဂ္ဂမ္ပိ**၊ အထက် ဘဝဂ် နေဝသညာ နာသညာ ဘုံသို့လည်း။ **သမ္ပတ္တာ**၊ လားရောက်ကြကုန်သော။ ယေစ သတ္တဝါ၊ အကြင်ပုထုဇဉ် အရူပဗြဟ္မာကြီးတို့သည်ရှင်း။ သန္တိ၊ ရှိကြကုန်၏။ တေ သတ္တာပိ၊ ထို ပုထုဇဉ် လူ,နတ်,ဗြဟ္မာ သတ္တဝါတို့သည်လည်း။ ပုညက္ခယာ၊ ကုသိုလ်ကောင်းမှုအဟုန် ကုန်ခြင်းကြောင့်။ ပုန၊ တဖန်။ ဒုဂ္ဂတိံ၊ ငရဲတိရစ္ဆာန် ပြိတ္တာ,အသူရကာယ် အပါယ်လေးဘုံသို့။ ဂစ္ဆန္တိ၊ နောက်ထပ် တဖန် ပြန်၍ပြန်၍ ရောက်တတ်ကုန်၏။

## ပုထုဇဉ်နှင့် အရိယာ အထူး

ထို့ပြင်—တတ္ထ ပုထုဇ္ဇနော ယာဝ တာယုကံ ဋ္ဌတွာ နိရယမ္ပိ ဂစ္ဆတိ၊ တိရစ္ဆာနယောနိမ္ပိ ဂစ္ဆတိ ပေတ္တိဝိသယမ္ပိ ဂစ္ဆတိ ဘဂဝတော ပန သာဝကော တတ္ထ ယာဝတာယုကံ ဋ္ဌတွာ တသ္မိံ ယေဝ ဘဝေ ပရိနိဗ္ဗာယတိ အယံ ဘိက္ခဝေ ဝိသေသော။

(အင်္ဂုတ္တိုရ် တိကနိပါတ် အာပါယိကဝဂ်)

အဓိပ္ပါယ်။ ။ သစ္စာမသိသေးသော ပုထုဇဉ်ပုဂ္ဂိုလ်သည်၊ ကုသိုလ်ကံ ပို့လို့ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံသို့ရောက်၍၊ ရောက်ရာ ဘုံဘဝ၌ အသက် အတိုင်း တည်နေ၍၊ အသက်ကုန်တဲ့ခါ ငရဲ တိရစ္ဆာန် ပြိတ္တာ တဘုံဘုံသို့ လားရောက်တတ်ပြန်သည်။ သစ္စာသိပြီးသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရိယာပုဂ္ဂိုလ်သည်ကား—ကုသိုလ်ကံ ပို့လို့ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံသို့ရောက်၍ ရောက်ရာဘုံဘဝမှာ အသက်အတိုင်း တည်နေ၍ အသက်ကုန်တဲ့ခါ၊ ထိုရောက်ရာ ဘုံဘဝ၌ပင် ပရိနိဗ္ဗာန် ဝင်စံရလေတော့၏။ ဤကား—သစ္စာမသိတဲ့ ပုထုဇဉ်နှင့် သစ္စာသိတဲ့ အရိယာတို့ အထူးတည်း။ ထို့ကြောင့် သေနေ့မဦးခင် သစ္စာသိတဲ့နေ့က ဦးသွားအောင် အထူး ကြိုးစားလေ။

ထိုနှင့်လျှော်စွာ။ သစ္စာမသိ၊ ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင်စကြာ၊ နတ်မှာ သိကြား၊ မိုဃ်းဖျား ဗြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊ ဘောက်လွဲပါယ်ရွာ၊ရောက်မြဲသာတည်း။ ။

အဓိပ္ပါယ်။ ။ ကုသိုလ်ကံပို့လို့ လူ့ဘုံမှာ စကြာမင်းကြီး၊ နတ်ဘုံမှာ သိကြားမင်းကြီး၊ ဗြဟ္မာဘုံမှာ မဟာဗြဟ္မာကြီးများဖြစ်နိုင်တယ် ထားဦး တော့၊ သစ္စာမသိ၍ ဒိဋ္ဌိမကွာလျှင် ကုသိုလ်ကံ ကုန်ကြတဲ့ခါ အပါယ် လေးဘုံသို့ တဖန်ပြန်၍ရောက်တတ်ပြန်သည်ဆိုသဖြင့်၊ ယခုဘဝလိုကုသိုလ်ကံ ပို့လို့ လူ့ဘုံသို့ ရောက်ရှိနေတဲ့အခါ၊ ကုသိုလ်အဟုန် မကုန်ခင် သစ္စာ သိအောင်ကြိုးစားအားထုတ်ပါက သစ္စာသိ၍ ဒိဋ္ဌိကွာသောကြောင့် ကုသိုလ် အဟုန် ကုန်သော်လည်း ဘယ်နည်းနှင့်မှ အပါယ်သို့ တဖန်ပြန်၍ မကျနိုင် တော့ဘဲ၊ နိဗ္ဗာန်ဝင်ပွဲအထိ သုဂတိအလားမြဲတော့သည်ဟု ပြန်၍ သိရှိကြ ပါလေ။

ဘာ့ကြောင့်လဲဆိုတော့၊ "ဒိဋ္ဌသစ္စာနဉ္စ သာဒိဋ္ဌိ သဗ္ဗသောပဟိနာ ဟောတိ" ဆိုတဲ့ ပရမတ္ထဒီပနီနှင့် အညီ၊ သစ္စာသိပြီး-သစ္စာမြင်ပြီးသော သူတို့အားလည်း ဘယ်သူမဆို ဆံ,စသော ဒုက္ခသစ္စာကိုပင် ငါ့ကိုယ် အတ္တဟု ယူမှားသော အတ္တဒိဋ္ဌိ-သက္ကာယဒိဋ္ဌိသာမက ထိုသက္ကာယဒိဋ္ဌိမှ ပေါက်ဖွါး လာသော ၆၂-ပါးသော အလုံးစုံသော ဒိဋ္ဌိအမှောက်အမှားတို့ကို ပယ်ရှား နိုင်ပြီးဖြစ်သောကြောင့်ပေတည်း။

သစ္စာသိ၍ ဒိဋ္ဌိကိုပယ်ပြီးလျှင်လည်း အပါယ်လေးပါးကိုလည်း ပယ်ပြီး ဖြစ်တော့သည်၊ အပါယ်ကင်းတော့သည်။ ထို့ကြောင့် ရှေးကံပို့လို့ လူ့ဘုံ သို့ ရောက်နေကြတဲ့ ယခုဘဝကြီးမှာ သေနေ့မဦး ကုသိုလ်မကုန်ခင်၊ သစ္စာ သိတဲ့နေ့ကဦးပြီး "ဒု-သိ-ဒိ-ပယ်" ဆိုတဲ့အတိုင်း၊ ဒိဋ္ဌိကွာ၍ အပါယ်လွတ် တရားရ, သောတာပန် စသော အရိယာမျှားဖြစ်သွားကြစေခြင်းအကျိုးငှါ၊ ဒုက္ခသစ္စာကို တခြားမှာသွားရှာမနေနှင့်၊ စာထဲမှာ သွားရှာမနေနှင့်၊ အစစ် တွေ့မှာမဟုတ်ဘူး၊ တွေ့ရင်လဲ စစ်မှာမဟုတ်ဘူး၊ ဆံပင်အစ ကျင်ငယ် အဆုံးရှိတဲ့ သင်၏တကိုယ်လုံး တကောင်လုံးကြီးဟာ ဒုက္ခသစ္စာအစစ်ပါဘဲ လို့ လက်ညှိုးထိုး၍ ပြနေဘိသကဲ့သို့၊ "ဆံပင်သည် ဒုက္ခသစ္စာ။ပ။ ကျင်ငယ် သည် ဒုက္ခသစ္စာ။ပ။" စသည်ဖြင့် အောက်ခြေကနေ၍ ထပ်ကာ ထပ်ကာ "ပုနရုတ္တိ" အလာကို မလိုက်နာနိုင်ဘဲ၊ "ကရုဏာယေဝဒေါသော" အရ ရေးပြနေသည်။ သတိရှိကြစေ၊ သတိရကြစေ၊ ဘုရားဟောထားတဲ့ ဒုက္ခ သစ္စာအစစ်အမှန်မှာ သူ-ငါ၊ ကျား-မ ခေါ်ဆိုကြတဲ့၊ ဝါ၊ အခေါ်ခံရတဲ့ ခန္ဓာကိုယ်ထဲ သူထဲ ငါထဲမှာသာ ရှိကြပါသည်။ ယခု ဘုန်းကြီးရေးပြတဲ့ "သစ္စာအလင်းပြ"ကျမ်းစာအုပ်ထဲမှာရှိနေကြတဲ့ သစ္စာတွေက၊ ယခု သူထဲ ငါထဲမှာ ရှိနေကြတဲ့ ဒုက္ခသစ္စာ အစစ်အမှန်တွေကို ရေးပြနေတာပါ။ ဒါက ဒေသနာတော် အစဉ်မျှသာဖြစ်သည်။ ဥပမာ—ဆံပင်သည် ဒုက္ခသစ္စာဟု စာထဲမှာဆိုထားရာ၊ အဲဒါက ဒုက္ခသစ္စာအစစ်အမှန်မဟုတ်ပါ၊ အဆိုမျှသာ၊ အစစ်အမှန်ကတော့ မိမိဦးခေါင်းပေါ်မှာရှိနေတဲ့ ဆံပင်မှသာ ဒုက္ခသစ္စာ အစစ်အမှန်ဖြစ်ပါသည်။ စာပေါ်တွင် အသိဉာဏ်သောင်တင်၊စာပေါ်တွင် အသိဉာဏ် အားကုန်၍မနေပါစေနှင့်၊ စာရှိ ဒုက္ခသစ္စာမှ, ငါရှိ, ငါ့မှာရှိတဲ့ ဆံပင်,စသော ဒုက္ခသစ္စာ အစစ်အမှန်ကို ထိအောင်, မိအောင် ဉာဏ်နှင့်

ဆောင်၍ သိလေ မြင်လေ၊ ဆံ မှ ကြွင်းသော ဒုက္ခသစ္စာများကိုလည်း ဤနည်းအတိုင်း သိရှိကြပါလေ။

ဘုရားဟောထားတဲ့ ဒုက္ခသစ္စာ အစစ်အမှန်တွေဟာ သူထဲ့ ငါထဲမှာ ထင်ရှားရှိပါလျက်နှင့် သက်သက်ဘိစ္စတုံး လုံးလုံးကြီး ဒုက္ခသစ္စာမှန်း မသိဘဲနှင့်တော့ ယခုလက်ရှိဘဝ သေမသွားကြပါနှင့်၊ မနေရလို့ သေရရင်လဲ သူ့ငါ့ကျား့မ့စသည်တို့၏ကိုယ်ထဲမှာ အမြဲရှိနေကြတဲ့ ဆံ့အစ ကျင်ငယ်အဆုံး၊ မိမိတို့ရဲ့ တကိုယ်လုံး တကောင်လုံးဆိုတဲ့ ရုပ်ဝုံး, ရုပ်ခဲကြီးဟာ ပဋိသန္ဓေမှ စုတိသေနေ့သို့ကြအောင် ဤခန္ဓာအတွက်နှင့် အဘက်ဘက်မှာ တသက်လုံးဆင်းရဲရတာ စစ်မှန်လှပါသောကြောင့် ငါ့ကိုယ်, အတ္တ ထင်တဲ့ ငါ့ကိုယ့်အတ္တကားမဟုတ်၊ နာမ်ရုပ်, အနတ္တ, ဒုက္ခသစ္စာသာ ဖြစ်သည်ဟု ထိုးထွင်း၍ သိမြင်သွားပါက တသက်လုံး ငါ့ကိုယ့်အတ္တဟု ယူမှားခဲ့သော အတ္တဒိဋ္ဌိ အယူမှားကြီးကို တားဆီးလိုက်နိုင်၍ အပါယ်လွတ် တရားရသောတာပန် စသော အရိယာများဖြစ်သွားပြီးမှ သေကြပါဟု မှာလိုက်ပါသည်။

မေး။ ဒုက္ခသစ္စာ ဘယ်မှာရှိတယ်။
ဖြေ။ ဒုက္ခသစ္စာ ခန္ဓာကိုယ်မှာရှိတယ်။
မေး။ သမုဒယသစ္စာ ဘယ်မှာရှိတယ်။
ဖြေ။ သမုဒယသစ္စာ ခန္ဓာကိုယ်မှာရှိတယ်။
မေး။ နိရောဓသစ္စာ ဘယ်မှာရှိတယ်။
ဖြေ။ နိရောဓသစ္စာ ခန္ဓာကိုယ်မှာ ရှိတယ်။
မေး။ မဂ္ဂသစ္စာ ဘယ်မှာရှိတယ်။
ဖြေ။ မဂ္ဂသစ္စာ ခန္ဓာကိုယ်မှာရှိတယ်။

အဆိုပါ ဒုက္ခသစ္စာဟာ အခြားတပါးမှာမရှိပါ၊ သူ့ငါတို့ ခန္ဓာကိုယ်မှာဘဲရှိနေကြသည်ဟု 'ရောဟိတနတ်သား' အား ဘုရား ဟောခဲ့ပါသည်၊ သူ့ငါ့ ကျား့မ့ဆိုသည်ကား 'အဆိုရှိပညတ်မျှ'ဟု သိ၊ ဒုက္ခသစ္စာ ဆိုသည်ကား-'နဂိုရှိ ပရမတ်'ဟုသိ၊ အဆိုပါ ဒုက္ခသစ္စာဆိုတာလဲ တခြားမဟုတ်ပါ၊ တဏှာ-နိဗ္ဗာန်-မဂ္ဂင်မှ တပါးသော သူ့ငါတို့ ခန္ဓာမှာရှိနေကြတဲ့ မသိရုပ်နှင့် သိနာမ်၊ ဤရုပ်နာမ်ခန္ဓာဘဲဖြစ်ပါသည်၊ အဆိုပါ ရုပ်နာမ်ခန္ဓာဆိုတာလဲ တခြားမဟုတ်ပါ။

**ဥဒကေ ဒဏ္ဍရာဇိဝ၊ အာရဂ္ဂေရိဝ သာသပေါ။**
**ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ပရိတ္တဋ္ဌာယိနော သိယျုံ။**

နှင့်အညီ။ ဥပါဒ်-ဋ္ဌီ-ဘင်မျှ၊ ဝါ၊ ဖြစ်,ရင့်,ပျက်မျှ၊ ဝါ၊ ဖြစ်ပြီးလျှင် ရင့်၊ ရင့်ပြီးလျှင် ပျက် ရုံမျှသာဖြစ်ကြ၍၊ခဏခြင်းခဏခြင်း ဖြစ်၊ ခဏခြင်းခဏခြင်း ပျက် သောကြောင့်၊ မျက်တောင်တခပ်စာလောက်မျှ ခိုင်မြဲတည်တန့် အရှည် မခန့်နိုင်ကြတဲ့ မမြဲ, ဆင်းရဲ, အစိုးမရ,မတင့်တယ် ကြတဲ့ အနိစ္စ တရား၊ ဒုက္ခ တရား၊ အနတ္တ တရား၊ အသုဘ တရား အစစ်အမှန်တို့သာ ဖြစ်ကြပါသည်။ အဆိုပါ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ အမှန်ကေန်ဖြစ်တဲ့ ရုပ်နာမ်ခန္ဓာကို **ဒုက္ခသစ္စာ** ဟု ယုံမှားမရှိ သိလေ။

အဆိုပါ တဏှာကိုတော့ **သမုဒယသစ္စာ** လို့ ဘုရားဟောခဲ့ပါသည်။ ထိုတဏှာလောဘသည်လည်း မဂ်ဖြင့်မပယ်ဖြတ်သေးသမျှ အနုသယ အနေ အားဖြင့် ဤကိုယ်မှာဘဲရှိပါသည်၊ ထိုတဏှာဆိုတာလဲ လောဘ စေတသိက် ဖြစ်၍ နာမ်တရား ဥပါဒ်-ဋ္ဌီ-ဘင် မျှဖြစ်၍ ခဏခြင်း ပျက်ရသောကြောင့် မမြဲ,ဆင်းရဲ,အစိုးမရ, အနိစ္စ,ဒုက္ခ,အနတ္တ တရားဘဲဖြစ်ပါသည်။ ထို တဏှာ လောဘသည် ဘုံသုံးပါးတို့၌ ကောင်းနိုးနိုးမှတ်ထင်၍၊ မွေး သေ မလွတ် သေးတဲ့ လူ့နတ်ချမ်းသာကို တောင့်တ၍ ကုသိုလ်ကံကိုပြုကြတဲ့ခါ၊ ကံအား လျော်စွာ ဘုံသုံးပါးတို့မှာ ဘဝတဖန် ရုပ်နာမ်ခန္ဓာ ဆံ့စသော ဒုက္ခသစ္စာ ကို အသစ်အသစ် ဖြစ်စေပြန်ပါသည်။ ထိုသို့ ဖြစ်စေတဲ့ခါ ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ဇာတိဒုက္ခ စသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှ အသချေ အနန္တတို့ကို မုချဖြစ်စေတော့မှာ စစ်မှန်လှပါသော ကြောင့် အဆိုပါ တဏှာလောဘကို **သမုဒယသစ္စာ** လို့ ယုံမှားမရှိသိလေ။

**နိရောဓနှင့် မဂ္ဂသစ္စာ** နှစ်ပါးတို့ကတော့ ခန္ဓာကိုယ်မှာ အမြဲရှိနေတဲ့ သစ္စာမျိုးမဟုတ်ပါ။ သို့ရာတွင် သစ္စာသိအောင် သစ္စာမြင်အောင် ဆင်ခြင် နှလုံးသွင်းနေတဲ့ခါ၊ မဂ်၏ ရှေ့အဘို့မှာ သစ္စာထိအောင်သိတဲ့ လောကီ မဂ္ဂင်ရှစ်ပါးဟာ ဤခန္ဓာမှာဘဲ ဖြစ်ပေါ်လာပါသည်။ တတိယ သစ္စာ ခေါ်သော နိရောဓသစ္စာ နိဗ္ဗာန်ကိုအာရုံပြုခိုက် မျက်မှောက် မြင်သိခိုက်၊

မဂ်စိတ်၌ယှဉ်သော လောကုတ္တရာမဂ္ဂင်ရှစ်ပါးဟာလဲ ဤခန္ဓာမှာဘဲဖြစ်ပေါ်လာပါသည်။ထိုလောကီ လောကုတ္တရာဖြစ်တဲ့ မဂ္ဂင်ဟာလဲ ဥပါဒ်-ဌီ-ဘင်မျှဖြစ်၍ ပျက်ကြသောကြောင့် အနိစ္စ,ဒုက္ခ,အနတ္တ တရားတို့ဘဲဖြစ်ကြပါသည်။ နိရောဓသစ္စာနိဗ္ဗာန်ကတော့ နိစ္စ,သုခ,အနတ္တ တရားများသာဖြစ်ကြပါသည်၊ ဤလိုရှိတဲ့အရှိမျိုးကိုရည်ရွယ်၍ ဋ္ဌာန်ပျူပစာရ တဗ္ဗောဟာရ ဝိသယာဓာရအားဖြင့် ဤခန္ဓာမှာဘဲရှိတယ်လို့ ဟောတော်မူခဲ့ခြင်းဖြစ်ပါသည်။ ရှေ့၌ထင်ရှားပါလတ္တံ့၊ ဤလို တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်မှသာ တဏှာခန္ဓာအစဉ်ပြတ်တဲ့ အသခ်တဓာတ် နိဗ္ဗာန်သို့ ဆိုက်ရောက်ပါသောကြောင့် အဆိုပါ **နိရောဓ** နှင့် **မဂ္ဂ** တို့ကိုလည်း ယုံမှားမရှိ သိလေ။

**အချုပ်အားဖြင့်၊** ဆံပင်, စသော တကိုယ်လုံး, တကောင်လုံးကြီးကို **ဒုက္ခသစ္စာ** ဟု သိမြင်ခြင်း။ ထိုဆံပင်,စသော ဒုက္ခသစ္စာဟာ တဏှာကြောင့်ဖြစ်သည်ဟု **သမုဒယသစ္စာ** ကို သိမြင်ခြင်း။ တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် ထို ဒု-သ သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်ကို **နိရောဓသစ္စာ**ဟု သိမြင်ခြင်း။ တဏှာပယ်တဲ့ မဂ်အကျင့်ကို **မဂ္ဂသစ္စာ** ဟု သိမြင်ခြင်း။ ဤလို သစ္စာလေးပါးတို့ကို ယုံမှားမရှိ သိမြင်သွားလျှင် ဤပုံမသိခင်က ဆံပင်စသော ဒုက္ခသစ္စာကိုပင် ငါ့ကိုယ် အတ္တဟု ယူမှားခဲ့ဘူးတဲ့ အယူမှား ဒိဋ္ဌိစင်၍၊ ဒိဋ္ဌိစင်လျှင်လည်း ဒိဋ္ဌိကြောင့် ဖြစ်သော အပါယ်လေးပါးလည်း စင်တော့သည်ဖြစ်၍၊ ဒိဋ္ဌိကိလေသာ အပါယ်ခန္ဓာတို့၏ တဖန် အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေးရာ နိဗ္ဗာန်ကို သိမြင်တဲ့ သောတာပတ္တိမဂ်ဉာဏ်ကို လက်ကိုင်ရရှိ၍ သောတာပန်ဖြစ်သွားနိုင်ပေသည်။ ထို့ကြောင့် " **လေးရပ်ဤမျှ၊ မြင်သိက၊ ဖြစ်ထ သောတာပန်** "ဟု ဆိုခဲ့ပေသည်။ ဘုရားဖြစ်စ၊ ဘုရားမြတ်စွာသည် ဓမ္မစကြာတရားကို ဟောတော်မူတဲ့ခါ၊ ပဥ္စဝဂ္ဂီ ငါးဦးအနက် အညာတကောဏ္ဍညသည် ရှေးဦးစွာ ဤလိုဤပုံ သစ္စာလေးပါးကို ယုံမှားမရှိ, သိမြင်သွားသည်ကို သိရှိတော်မူသောအခါ၊ " အညာသိဝတဘော ကောဏ္ဍညော, အညာသိဝတဘော ကောဏ္ဍညော "ဟု ဥဒါန်းကျူးတော်မူသည်။ အခိပ္ပါယ်ကတော့ အို-ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ တို့၊ ကောဏ္ဍညသည် သစ္စာလေးပါးကို သိပြီ,သိပြီ သောတာပန် တည်ပြီတည်ပြီ သောတာပန် ဖြစ်ပြီဖြစ်ပြီဟု ဆိုလိုပေသည်။

၁။ သစ္စာသိမြင် နိဗ္ဗာန်မြင်၊ နိဗ္ဗာန်မြင်မှ မဂ်ဖိုလ်ရ၊ မုချမြဲမှတ်သား။
၂။ အမှန်သိမြင် အမှားစင်၊ ဤတွင် ငြိမ်းရာနိဗ္ဗာန်ဘဲ။ ။

အဘယ်ကြောင့် သစ္စာသိလျှင် နိဗ္ဗာန်ကိုမြင်သိဘိသနည်းဆိုတဲ့ အမေး၌ သစ္စာသိ သစ္စာမြင်တဲ့ခါ၊ တတိယသစ္စာခေါ်သော-နိရောဓသစ္စာ၊ နိဗ္ဗာန်ကို သိသည် မြင်သည်၊ နိဗ္ဗာန်ကို တဲ့တဲ့သိမြင်တဲ့ စိတ်ကို မဂ်စိတ်-မဂ်ဉာဏ်၊ နိဗ္ဗာန်ကို တဲ့တဲ့အာရုံပြုနိုင်တဲ့စိတ်ကို ဖိုလ်စိတ်-ဖိုလ်ဉာဏ်ဟု ဆိုရသည်။ ဤလို မဂ်စိတ်-ဖိုလ်စိတ်၊ မဂ်ဉာဏ်-ဖိုလ်ဉာဏ် ဖြစ်ပေါ်သော ပုဂ္ဂိုလ်ကို မဂ်ရ-ဖိုလ်ရ ပုဂ္ဂိုလ်ဟုဆိုရသည်။ နိဗ္ဗာန်ကို သိမြင်တဲ့ မဂ်ဉာဏ်လေးပါးတို့တွင်၊ ရှေးဦးစွာ နိဗ္ဗာန်ကို သိမြင်တဲ့ ဉာဏ်ကို-သောတာပတ္တိမဂ်ဉာဏ်ဟု ဆိုရလေသည်၊ ဤသောတာပတ္တိ မဂ်ဉာဏ် နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို သောတာပန်ပုဂ္ဂိုလ်ဟုဆိုရလေသည်။ ထိုအခါ ထိုသောတာပန်ပုဂ္ဂိုလ်သည် အာရုံပြုသောအားဖြင့် နိဗ္ဗာန်သို့ နိဗ္ဗာန်ကို ရောက်လေတော့သည်၊ ရလေတော့သည်။

တနည်း။ ။ သစ္စာသိ သစ္စာမြင်တဲ့ခါ၊ ဆံပင် စသော တကိုယ်လုံး တကောင်လုံး၊ ရုပ်တုံး,ရုပ်ခဲကြီးကို ဒုက္ခသစ္စာဟု အမှန်သိ,အမှန်မြင်သည်။ ဤလို ဒုက္ခသစ္စာလို့ တဲ့တဲ့မသိခင်က ငါ့ကိုယ်အတ္တဟု မှတ်မှား, သိမှား, ယူမှားခဲ့ဘူးသော ဒိဋ္ဌိအမှားစင်ကြယ်၍၊ ထိုဒုက္ခသစ္စာသည်လည်း တဏှာကြောင့် ဖြစ်သည်ဟု သမုဒယသစ္စာကို အမှန်သိမြင်တဲ့ခါ၊ ထာဝရဘုရား, ဗိဿဏိုးနတ်မျှား ဖန်ဆင်း၍ ဖြစ်တယ်ဆိုတာဘဲ ဟုတ်မှန်လေသလောဟု ယုံမှားခဲ့ဘူးတဲ့ ဝိစိကိစ္ဆာအမှားစင်ကြယ်၍၊တဏှာပယ်တဲ့မဂ်အကျင့်ကြောင့် တဏှာ,ခန္ဓာအစဉ်ပြတ်၍ နောက်ထပ်အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေးရာ နိဗ္ဗာန်ကို **နိရောဓသစ္စာ** ဟု အမှန်သိမြင်တဲ့ခါ နွားတို့ ခွေးတို့၏ အလေ့အကျင့်ဖြင့် သံသရာမှစင်ကြယ်၏။ ဝါ၊ နိဗ္ဗာန်ရောက်၏ဟု မှားသော နှလုံးသွင်းမှု,သီလဗ္ဗတ စင်ကြယ်၍ အဆိုပါ ယူမှားမှု ဒိဋ္ဌိ၊ယုံမှားမှု ဝိစိကိစ္ဆာ,နှလုံးသွင်းမှားမှု သီလဗ္ဗတ,သံယောဇဉ်သုံးပါး-ဒိဋ္ဌိ,ဝိစိကိစ္ဆာ။ ကိလေသာနှစ်ပါး ဒိဋ္ဌိသမ္ပယုတ်စိတ် လေးပါး၊ဝိစိကိစ္ဆာသဟဂုတ်စိတ်တပါး၊ ပေါင်း အကုသိုလ် ငါးပါး စင်ကြယ်၍၊ ဤလို သစ္စာလေးပါးတို့၌ ယုံမှားမရှိ၊ အကြောင်းအကျိုးနှင့်တကွပိုင်းခြားဝေဘန်၍ အမှန်အတိုင်း ထိုးထွင်း၍ သိဆဲခဏ၌ပင်

အဆိုပါ ကိလေသာတရားတို့သည် မိမိ၏ စိတ်သန္တာန်အစဉ်၌ တခါထဲ အပြီးအပြတ် လက်စသတ် နောက်ထပ် အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေး သွားလေတော့သည်။ ဤလိုဤပုံ-ကိလေသာခန္ဓာတို့၏ တဖန်အသစ်မဖြစ်ရာ ကုန်ဆုံး ချုပ်ငြိမ်းရာ, ငြိမ်းအေးရာကိုပင် နိဗ္ဗာန် ဆိုသည်ဟု သိလေ။ ထို့ကြောင့်ပင် "အမှန်သိမြင် အမှားစင်၊ ဤတွင် ငြိမ်းရာ နိဗ္ဗာန်ဘဲ"ဟု ဆိုခဲ့ ပေသည်။ ဤ၌ အမှန်သိမြင်ကား - သမ္မာဒိဋ္ဌိ ခေါ်သော ဝိဇ္ဇာပညာ အလင်းရောင် ပေါ်လာခြင်းတည်း။ အမှားစင်ကား - မိစ္ဆာဒိဋ္ဌိ အဝိဇ္ဇာ မောဟအမိုက်မှောင် ပျောက်သွားခြင်းတည်း။ ဤတွင်ငြိမ်းရာကား—သစ္စာ မသိမှု မောဟ ကိလေသာ၊ ယူမှားမှု-ဒိဋ္ဌိကိလေသာ၊ ယုံမှားမှု-ဝိစိကိစ္ဆာ ကိလေသာ၊ မှားသောနှလုံးသွင်းမှု-သီလဗ္ဗတကိလေသာ၊ ထို ကိလေသာ တို့ကြောင့် ဖြစ်သော အပါယ်ခန္ဓာတို့သည် ဤလို သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိသွားဆဲခဏတွင်ပင် အစဉ်အမြဲ တခါထဲ ငြိမ်းအေးသွား တာဟာ၊ ဝါ၊ ငြိမ်းအေးရာဟာ နိဗ္ဗာန်ပါဘဲဟု ဆိုလိုပေသည်။

**မှတ်ချက်**။ မဂ်ကြောင့် ကိလေသာခန္ဓာကုန်၍ ကိလေသာခန္ဓာအသစ် မဖြစ် တော့ဘဲ အမြဲငြိမ်းအေးနေတဲ့ အငြိမ်းဓာတ်,အအေးဓာတ်,အသခ်တ ဓာတ်ကို နိဗ္ဗာန်ဆိုပါ၊ နိဗ္ဗာန်လို့သိပါ၊ နိဗ္ဗာန်လို့မြင်ပါ။

ဤလို-ဤပုံ၊ အလုံးစုံကို အကုန်သိတဲ့ သဗ္ဗညုဘုရား ဟောထားတော် မူခဲ့တဲ့ သစ္စာလေးပါး တရားတော်ကို၊ သူက, ငါက, ကြားနာရ၍ သစ္စာ သိကြပါက၊ ရှေဦးစွာ အပါယ်လွတ်တရားရ, နောက်ပိတ်ဆုံး မွေး သေလွတ် နိဗ္ဗာန်တရားရ ဖြစ်သွားကြပါလျှင်၊ လက်ရှိ ဘဝကြီးဟာ **သမ္ပတ္တိဘဝကြီး** အစစ်ကေန် ဖြစ်သွားနိုင်ကြပေသည်။ ထိုသို့မဟုတ် အဘဘုရားက ရင်ဝယ် မွေးဖွါး ရာဟုသားနှင့်မခြားတမူ သနားတော်မူလှ၍၊ ကိုယ်မှာရှိတဲ့ သစ္စာ တွေကို တဲ့တဲ့သိအောင် တဲ့တဲ့မြင်အောင်၊ တဖေါ်ဖေါ်တဖွဖွ ဟောပြော ထားခဲ့ပါလျက် သစ္စာသိအောင် သစ္စာမြင်အောင် မကြိုးစားကြဘဲ၊ "ကျွဲပါးစောင်းတီး - ကျွဲနားစောင်းတီး" ဖြစ်နေကြပါလျှင် လက်ရှိဘဝ ကြီးဟာ ဘဝသမ္ပတ္တိကြီး မဖြစ်နိုင်တော့ဘဲ၊ ဘဝဝိပ္ပတ္တိကြီးသာ ဖြစ်ကုန် ကြတော့မည့်အရေးကို မျှော်တွေးမိပါသဖြင့်၊ 'ဆင်စီး၍ အထီးမှန်း,အမမှန်း မသိ၊ မြင်းစီး၍ အထီးမှန်း,အမမှန်းမသိ' ဆိုဘိအလား ဖြစ်မသွားကြစေရန်

ကိုယ်မှာရှိနေတဲ့သစ္စာတွေကို သစ္စာမှန်းအမှန်သိ၍ အမြန်အပါယ်လွတ်တရား မွေးသေလွတ် နိဗ္ဗာန်တရားများ ရရှိသွားကြစေရန်၊ အောက်ခြေကနေ၍ **ဆံပင်သည် ဒုက္ခသစ္စာ။ ပ။ ကျင်ငယ်သည်–ဒုက္ခသစ္စာ။ ပ။** ဤလို ဤပုံ– ၃၂-ကောဋ္ဌာသကုန်အောင်၊ သတိနှင့်မကွာ ပညာနှင့်မကင်း ခန္ဓာအတွင်းသို့ ဉာဏ်သွင်းကာ သွင်းကာ ဥက္ကောင်းကစ၍၊ လေးကွက်ကျား ချကဲ့သသို့ ငိုက်စိတ်တိုက်၍ ကွက်စိတ်ရိုက်ပြီးလျှင် သစ္စာကိုက်၍ သစ္စာဖွဲ့၍ ကြည့်တဲ့ခါ၊ မိမိတို့ရဲ့ တကိုယ်လုံး–တကောင်လုံးကြီးမှာ ဒီနေရာကတော့ ငါ့ကိုယ် အတ္တဘဲဟု အမှားစွဲလမ်းနိုင်ဘို့ရာ အပ်ဖျားတထောက်စာမျှ ဒုက္ခသစ္စာမဟုတ်တဲ့ နေရာ ကွက်လပ်မရှိ, ခြေဆုံး ခေါင်းဆုံး တကိုယ်လုံး, တကောင်လုံး ဒုက္ခသစ္စာတုံး··ဒုက္ခသစ္စာခဲ, ဒုက္ခသစ္စာအစုအပုံ,ဒုက္ခသစ္စာ အသိုက်အအုံကြီးသာ ဖြစ်ပါ၏တကားဟု ဉာဏ်ငုံမိ, ဉာဏ်ခြုံမိ, ဉာဏ်အုပ်မိသွားတဲ့ခါ၊ မိမိတို့ရဲ့ စိတ်ထဲ ဉာဏ်ထဲမှာ မျက်စိလည်ပြေသွားသလို၊ ရှင်းကနဲ လင်းကနဲ ယုံမှား မရှိဘဲဖြစ်သွားကာ သိတတ်တဲ့အရွယ်ကစ၍ ယခုအချိန်ကြအောင်၊ ဤ ဆံ အစ,ကျင်ငယ်အဆုံးရှိတဲ့ ဒုက္ခသစ္စာတုံးကြီးကိုပင် ငါ့ကိုယ်အတ္တဘဲဟု ယူမှား စွဲမှားခဲ့တဲ့ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ အလွဲအမှား အစွဲတရားကြီးဟာ ခန္ဓာ ကိုယ်ထဲမှာ စွဲနိုင်ဘို့ရာ အပ်ဖျားတထောက်စာမျှ ရှာမရတော့သည်ဖြစ်၍ အဆိုပါ အတ္တဒိဋ္ဌိသည် ထောက်ရာ တည်ရာကို မရနိုင်တော့ဘဲ သေပွဲဝင်ရ လေတော့သည်။ အတ္တသေလျှင်လဲ သူနှင့်ဘက်တွဲဖြစ်တဲ့ ဝိစိကိစ္ဆာလဲ သေရ တော့တာဘဲ၊ဘာ့ကြောင့်လဲဆိုတော့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ဟာ"ဒိဋ္ဌေကဋ္ဌတ္တာ ဝိစိကိစ္ဆာယ ဒိဋ္ဌိယာ ပဟိနမာ နာယ ဝိစိကိစ္ဆာပိ ပဟီယတိ "လာရှိသည်နှင့် အညီ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ဟာ တဒေကဋ္ဌတရားများသာ ဖြစ်ကြပါသော ကြောင့်၊ သေအတူ–ရှင်အတူ သေပေါ်ရှင်ဘက်ဖြစ်ကြသောကြောင့်တည်း။ ဒိဋ္ဌိဝိစိကိစ္ဆာ မရှိပါလျှင်လည်း " ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေန ပဟီနာပါယ ဂမနော"နှင့်အညီ၊ ဘယ်ဘဝ,ဘယ်ကမ္ဘာကမှ အပြီးအစီး ပိတ်မထားနိုင် ခဲ့တဲ့ အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး ပိတ်ထားလိုက်နိုင်ပြီဖြစ်၍၊ အပါယ်လွတ်တရားရ, သောတာပန် စသော အရိယာများပင် ဖြစ်သွားနိုင် ပေသည်။ လက်ရှိဘဝ, ဤတရားရလျှင် လူဖြစ်ကျိုး, သာသနာတော်နှင့် တွေ့ကြုံရကျိုး နပ်ပြီဟု မှတ်လေ။ မရသေးလျှင် မနပ်သေး,မမြတ်သေး၊ သေနေ့မဦးခင် နပ်အောင်,မြတ်အောင်ကျိုးစားလေ။

သစ္စာရေအေး အမြိုက်ဆေး။ ။ ဆံပင်သည်-ဒုက္ခသစ္စာ။ ပ။ ကျင်ငယ်သည်-ဒုက္ခသစ္စာ။ ဤလိုဤပုံ ၃၂-ကောဋ္ဌာသ ကုန်အောင် သစ္စာဖွဲ့၍ နေခြင်းသည် သစ္စာလေးပါး ဘုရားပေးတဲ့ဆေးကို စားသောက်၍နေခြင်း ပေတည်း။သစ္စာမသိမှု-မောဟ၊ယူမှားမှု-ဒိဋ္ဌိ၊ယုံမှားမှု-ဝိစိကိစ္ဆာကိလေသာ တို့ကား-အနာတည်း၊ သစ္စာကား-ဆေးတည်း။

အနာနှင့်ဆေး ကိုက်အောင်ပေး၊ ပျောက်ရေးခက်ပါ—ဆိုသည်နှင့်အညီ၊ ဘုရားပေးတဲ့ သစ္စာဆေးတော်ကို မစား၍,မစားရ၍ ဒိဋ္ဌိနာ မပျောက်သဖြင့် အပါယ်လွတ်ဘရား မရသောကြောင့် အပါယ်လေးပါးသို့ တကားကား ကျကျနေရသော်လည်း၊ဘုရားပေးတဲ့ ဒိဋ္ဌိနူနာနှင့်အလွန်တဲ့တဲ့ သစ္စာလေးပါး ဆေးတော်ကို စားတဲ့ခါ၊ အနာနှင့်ဆေး ကိုက်သွား၍ ဒိဋ္ဌိနူနာပျောက်သဖြင့် အပါယ်သို့မရောက်နိုင်တော့ပါ။

မဂ်ရေစင်။ ။ တနည်းအားဖြင့်၊ ဤသစ္စာလေးပါး တရားတော်ကို မဂ်ရေစင် လို့လဲ ဟောတော်မူခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ လောကမှာ ပကတိအညစ်အကြေးတွေကို ပကတိရေနှင့် ဆေးလျှင် စင်ကြယ် သွားသကဲ့သို့၊ ထို့တူပမာ — သစ္စာမသိတဲ့ မောဟကိလေသာ, ယူမှားတဲ့ ဒိဋ္ဌိကိလေသာ, ယုံမှားတဲ့ ဝိစိကိစ္ဆာကိလေသာ, အညစ်အကြေးတွေကို သစ္စာလေးပါးကို သိမြင်တဲ့ မဂ်ဉာဏ်ရေစင်နှင့် ဆေးလိုက်တဲ့ခါ တခါတည်းစင်ကြယ်သွားသောကြောင့်ပေတည်း။

အနာမသိ-ဆေးမရှိ—ဟု လောကမှာ ပြောကြပါသော်လည်း၊ အနာ သိတဲ့ခါ ဆေးရှိ၍လာသလို၊ ကမ္ဘာ့ ကမ္ဘာ၊ ဘဝ ဘဝ တသံသရာလုံးက သစ္စာမသိတဲ့ မောဟနူနာ၊ ယူမှားတဲ့ ဒိဋ္ဌိနူနာ၊ ယုံမှားတဲ့ ဝိစိကိစ္ဆာနူနာ တွေဟာ သတ္တဝါတိုင်းတို့မှာ ရှိနေလို့၊ ၎င်းနူနာတို့ကို တခဏခြင်း ပျောက်ကင်းစေနိုင်တဲ့ သစ္စာလေးပါး ဆေးတော်တို့ကို ဘုရားမြတ်စွာက ဖေါ်စပ်၍ ထားခဲ့တာ အသင့်ရှိနေပါပြီ၊ သတ္တဝါတွေဟာ ပြုအပ်သော ကံအား လျော်စွာ လူဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံအထိ ရောက်ရှိနိုင်ကြသော်လည်း၊ ဆံ-စသော ဒုက္ခသစ္စာကိုပင် ငါ့ကိုယ်အတ္တဟု ယူမှားနေတဲ့ ဒိဋ္ဌိနူနာ ရှိနေလို့ ကုသိုလ်ကံအဟုန်ကုန်တဲ့ခါ အပါယ်လေးဘုံသို့ တဖန်ပြန်၍ပြန်၍ ကျကျ နေကြရသော လူ,နတ်တို့ကို ထိုဒိဋ္ဌိနူနာပျောက်က အပါယ်သို့ တဖန်ပြန်၍ မကျနိုင်တော့ဘဲ ရှေးဦးစွာ အပါယ်လွတ်တရားရ၊ နောက်ဆုံးမှာ— မွေး,

သေလွတ်တရားရ၍ နိဗ္ဗာန်ယူသိမ်းပြီး အငြိမ်းကြီး ငြိမ်းကြစေခြင်းငှါ၊ သစ္စာလေးပါး ဆေးတော်ကို မကုန်နိုင် မခမ်းနိုင် ဖေါ်စပ်ထားခဲ့ပါပြီ၊ သောက်ဖြစ်အောင် သောက်ကြပါစေသတည်း။

ထို့ကြောင့်ပင်–

၁။ ငုပ်နှာမ်မသိ ဒိဋ္ဌိမကွာ၊ ဝါ၊ သစ္စာမသိ ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင် စကြာ၊ နတ်မှာ သိကြား၊ မိုးဖျား ဗြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊ ဖေါက်လွဲပါယ်ရွာ၊ ရောက်မြဲသာတည်း။ ဟူ၍ရင်း။

၂။ ဒိဋ္ဌိသက္ကာယ မကွာသမျှ၊ လေးဝအပါယ် ရောက်ဦးမယ်၊ နင်ဝယ် သတိထား၊ သို့အလားကြောင့် ဘုရားမြတ်စွာ၊ စိန္တေယျာက၊ ရင်ဝ လှံစူး၊ ထိပ်ဦးမီးလောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ဘဲ၊ အား ထုတ်ရမည့်အရေးကို "သတ္တိယာ ဝိယ ဩမဋ္ဌော"ဟု ဟောတော် မူခဲ့သေးသတည်း–ဟူ၍ရင်း။

၃။ ဒိဋ္ဌိသက္ကာယ တဒင်္ဂပဟာန်၊ ပယ်စွန့်ပြန် စူဠသောတာပန်၊သမုစ္ဆေဒ ပယ်စွန့်က၊ မဟာသောတာပန်၊ ဘုံစဉ်စံ အရိယာ ဝိသာခါ အနာ ထပိဏ်တို့လို ဖြစ်ရမည် မလွဲပါတကား–ဟူ၍ရင်း ဆိုခဲ့ပြီ။

မှတ်ချက်။ ။ ဒု,သိ,ဒိ,ပယ်၊ သ,သိ,ဝိ,ပယ်၊ နိ,မ,သိ,သီ,ပယ်, သောတာပန် ဖြစ်နိုင်တယ်။

သစ္စဉာဏ်ဖြင့် ဒု–ကိုပိုင်ပိုင်သိလျှင် ဒိဋ္ဌိကိုပယ်၊ သ–ကို ပိုင်ပိုင်သိလျှင် ဝိစိကိစ္ဆာကို ပယ်၊ နိ–မ,ကို ပိုင်ပိုင်သိလျှင် သီလဗ္ဗတကို ပယ်၍၊ ဒိ,ဝိ,သီ ကိလေသာ၊ ဝါ၊ အပါယ်သို့လားစေတတ်သော ကိလေသာ မြူအညစ်အကြေး ကင်း၍ အပါယ်လွတ်ကင်းတဲ့ သောတာပန် အရိယာဖြစ်နိုင်သည်ဟူလို။ ဝါ၊ ဒိဋ္ဌိကိလေသာ အပါယ်ခန္ဓာ အသစ် မဖြစ်တော့ဘဲ အငြိမ်းအေးတဲ့ နိဗ္ဗာန်ကို မျက်မှောက်မြင်သိတဲ့ သောတာပတ္တိမဂ်ဉာဏ်ရ၍၊ သောတာပန် ခေါ် အရိယာများ ဖြစ်သွားနိုင်သည်။ သစ္စာကို လောကီအနုဗောဓဉာဏ်ဖြင့် သိလျှင် စူဠသောတာပန်၊ လောကုတ္တရာ ပဋိဝေဓဉာဏ်ဖြင့်သိလျှင် မဟာ သောတာပန်၊ ဘုံစဉ်စံလိုက စံနိုင်ပြီ။

ရဟန္တာအထိ ဖြစ်နိုင်ဘိသည်။ ဘုရားပေးတဲ့ သစ္စာလေးပါးဆေးတော် သောက်စားရပါက ဘယ်လိုအကျိုးရှိပါသလဲ၊? ဘယ်လိုတန်ခိုးရှိပါသလဲ?၊ ဘယ်လိုသတ္တိရှိပါသလဲ ? ဆိုတဲ့ အမေး၌၊ ဘုရားသမားတော်ကြီး ပေးတဲ့ သစ္စာမသိမှု မောဟကိလေသာ၊ ယူမှားမှု ဒိဋ္ဌိကိလေသာ၊ယုံမှားမှု ဝိစိကိစ္ဆာ ကိလေသာ နူနာပျောက်ဆေး သစ္စာလေးပါးဆေးတော်ကို ယုံကြည်စိတ်ချ အားထုတ်၍ စားသောက်ကြတဲ့ ပဉ္စဝဂ္ဂီအစသုဘဒ္ဒအဆုံး၊ မရေမတွက်နိုင်တဲ့ လူနတ်အားလုံးတို့မှာ၊ ရှေးဦးစွာ ကမ္ဘာနာသံသရာနာဆိုတဲ့ ဒိဋ္ဌိဝိစိကိစ္ဆာ နူနာပျောက်၍အပါယ်သို့ မကျမရောက်နိုင်တော့ဘဲ၊ အပါယ်လွတ်တရားရ, အပါယ်လေးပါး သံသရာမှတခါထဲခေါင်းထောင်၍ ထ,နိုင်တဲ့သောတာပန် တဖန်ထပ်မံ၍ သောက်ပြန်တဲ့ခါ ကိလေသာအကြမ်းစားတွေ ခေါင်းပါး၍ ကာမသုဂတိတစိတ်မှထ,နိုင်တဲ့ သကဒါဂါမ်၊ နောက်ထပ်တဖန် သောက်ပြန် တဲ့ခါ အလုံးစုံသော ကာမသုဂတိ သံသရာမှ တခါတည်း ခေါင်းထောင်၍ ထ,နိုင်တဲ့-အနာဂါမ်၊ ထပ်ကာထပ်ကာ, ဆင့်ကာဆင့်ကာ, မနေမနားသစ္စာ လေးပါးကို ဆင်ခြင်သောအားဖြင့် သောက်ပြန်တဲ့ခါ ဘုံသုံးပါးတို့ဟာ မီးကျီးခဲကြီးပမာ ဒုက္ခသစ္စာ အစွမ်းကုန် ထင်မြင်လာ၍၊ ဘဝတဏှာ ပြတ်သောကြောင့် အရဟတ္တမဂ်သို့ ရောက်သဖြင့် အလုံးစုံသော ဘုံဘဝတို့မှ တခါထဲခေါင်းထောင်၍ ထ,လိုက်နိုင်တဲ့ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအထိ ဖြစ်နိုင်ပါသည်။ဤလိုအကျိုး ဤလို တန်ခိုး, ဤလို သတ္တိရှိပါသည်ဟူလို။

---

## သောကငြိမ်းအေး နေနိုင်ရေး

**မသေခင်လဲ အသုံးချ။** ။ သစ္စာလေးပါး ဆေးတော်ကြီးသည် မသေရ သေးတဲ့ လက်ရှိဘဝကလေးမှာလဲဘဲ "အသက်တရာသာမနေရ-ဒုက္ခတရာ တွေ့ရပါ" ဆိုတာလို၊ အသက်တရာမနေရပေမဲ့ ဒုက္ခတရာမက တွေ့ရတဲ့ခါ ရင်တွင်း နှလုံးတွင်းထဲမှာ ကိုယ်၏ ဆင်းရဲခြင်း-**ကာယိကဒုက္ခ**။ စိတ်၏ဆင်းရဲ ခြင်း—**စေတသိကဒုက္ခ** တွေဟာ၊ တနွေးနွေးနှင့် စိတ်မအေးတဲ့သောကမီးများ မကြာမကြာ အလောင်ခံရတတ်သည်။

၁။ "လာဘော-အလာဘော"စသော လောကဓံရှစ်ပါး။

၂။ ဉာတိဗျသန စသော ဗျသနတရား ငါးပါးတို့နှင့် ရံဖန်ရံခါ ရင်ဆိုင် ရင်ဆိုင် တွေ့ရတတ်ပေသည်။

ဤလိုအခါမျိုးတို့မှာ....ဘုရား,ရဟန္တာ,ပညာရှိမဟုတ်ပါလျှင်၊ ဆောက်တည်ရာမရ တုန်လှုပ်ချောက်ခြားတတ်သည်မှာ ပုထုဇဉ်တို့ဓမ္မတာ၊ထိုအချိန် ထိုအခါမျိုးတို့မှာ အဆိုပါ သောကမီးများလောင်လာတဲ့ခါ အချိန်မှီမငြိမ်း သတ်နိုင်ပါလျှင် "သောကေ ဟဒယံ ဖါလေတိ" နှင့်အညီ၊ သောကမီး အားကြီးလာပါလျှင်၊ နှလုံးအိမ်ကို လောင်ကျွမ်း၍ သွားပါက ဆေးကု၍ မရဟု ကျမ်းဂန်၌ ပြသောကြောင့် သတိရှိကြစေ။ ထိုအချိန် ထိုအခါမျိုး တို့မှာ ဆံပင်သည် ဒုက္ခသစ္စာ စသည်ဖြင့် သစ္စာဖွဲ့၍နေပါ၊ ပြီးလျှင် ဆံပင်ကို ဒုက္ခသစ္စာ၊ တဏှာကို သမုဒယသစ္စာ။ ထို ဒုက္ခ, သမုဒယသစ္စာ နှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာနိဗ္ဗာန်ကို နိရောဓသစ္စာ၊ မဂ္ဂင်ကို မဂ္ဂသစ္စာ ဟုသိပြီးလျှင် ထိုနိရောဓသစ္စာ နိဗ္ဗာန်သည်ကား-အငြိမ်းတရား, အအေးတရားကြီး အစစ် ကေန်ဖြစ်၍ ငြိမ်းအေးပါပေသည်ဟု နိဗ္ဗာန်ကိုအာရုံပြု၍ပြု၍ နေလေ။ဤလို နေတဲ့ခါ နိရောဓသစ္စာ၊နိဗ္ဗာန်ကို ထိုးထွင်း၍သိမြင်လာတဲ့ သစ္စာဉာဏ်ဝင်လာ သည်နှင့်တပြိုင်နက်၊မဏိဇောတပတ္တမြားရတနာသည် ရေနောက်ကို တခဏ ခြင်း ကြည်လင်စေနိုင်သကဲ့သို့၊ အဆိုပါသောကမီးသည် ခဏခြင်းငြိမ်းအေး သွားသည်ကို လက်တွေ့ခံစားရပေလိမ့်မည်။ ဤလို သောကမီး လောင် လာတိုင်း အချိန်မှီ ငြိမ်းသတ်ပါလေ။ လက်တွေ့ ပွဲတွေ့ဆေး ဖြစ်အောင် စမ်းသတ်၍ ကြည့်ကြပါလေ၊ ချက်ခြင်း အကျိုးရရှိခံစားရပါလိမ့်မည်။ သည်မျှသာမကသေးပါ၊ ဤသစ္စာဆေးတော်ကို သုံးဆောင် စားသောက် ရခြင်းသည် မသေခင်ကာလ သောကငြိမ်းအေးရုံမက "ဒု-သိ-ဒိ-ပယ်၊ သ-သိ-ဝိ ပယ်၊ နိ-မ-သိ-သီပယ်"ဆိုတဲ့အတိုင်း၊ ဒုက္ခသစ္စာကိုသိ၍ ဒိဋ္ဌိကို ပယ်၊ သမုဒယသစ္စာကိုသိ၍ ဝိစိကိစ္ဆာကိုပယ်၊ နိ,မ,သစ္စာကိုသိ၍ သီလဗ္ဗတ ပရာမာသကိုပယ်ပြီး၊ အပါယ်လေးပါးမီးကိုပါ အပြီးအစီး ငြိမ်းအေးစေနိုင် သည့်ပြင်၊ ဒုက္ခသစ္စာအစွမ်းကုန် ထင်မြင်ပါလျှင် တဏှာစင်၊ တဏှာကုန်၍ ရှေ့ဘုံနိဗ္ဗာန်၌ပင် အငြိမ်း စံရပါသောကြောင့် အားလုံးသော သုံးဆဲ့တဘုံရှိ တဆဲ့တသီး အပူမီးတို့သည် အငြိမ်းကြီးငြိမ်းအေးလေတော့သည်ဟုသိလေ၊ အဲဒါ-သောကငြိမ်းအေး နေနိုင်ရေး အစစ်ပါဘဲ။

၁။ လောကဓံရှစ်ပါး။ ။လာဘော၊ အလာဘော၊ ယသော၊ အယသော၊ နိန္ဒါ၊ ပသံသာ၊ သုခံ၊ ဒုက္ခံ။

အစဉ်အတိုင်း။ ။လာဘ်ရခြင်း,မရခြင်း၊ ခြံရံရှိခြင်း,မရှိခြင်း၊ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း။

(ပေါင်း—ရှစ်ပါး။)

၂။ ဗျသနတရားငါးပါး။ ။ဉာတိဗျသန၊ ဘောဂဗျသန၊ ရောဂဗျသန၊ သီလဗျသန၊ ဒိဋ္ဌိဗျသန။

အစဉ်အတိုင်း။ ။ဆွေမျိုးတို့ ပျက်စီးခြင်း၊ စီးစိမ်ဥစ္စာ ပျက်စီးခြင်း၊ ရောဂါပေါက်ရောက် ပျက်စီးခြင်း၊ မိမိသီလ ပျက်စီးခြင်း၊ အယူပျက်စီးခြင်း၊ ဝါ၊ ဘာသာဝါဒပျက်စီးခြင်း၊ ဝါ၊ ဗုဒ္ဓဘာသာ အယူမှန်မှ ခရာဇ်ယံ, ပသီ စသော အယူမှားသို့ ကူးပြောင်းသွားခြင်း။

(ပေါင်း—ငါးပါး)

ဒိဋ္ဌိဗျသန။ ။ အယူပျက်စီးမည်ကို ကြီးကြီးမားမား သတိထား၍ ကြောက်ကြလေ။ အဆိုပါ ပျက်စီးခြင်းငါးပါးတို့တွင် ဆွေမျိုးပျက်စီးခြင်း၊ ဥစ္စာပျက်စီးခြင်း၊အနာရောဂါပေါက်ရောက် ပျက်စီးခြင်းကြောင့် အပါယ်လားမည် မဟုတ်၊ သီလ ပျက်စီးမှုကား—အပါယ်လားတတ်၏၊ သတိပြု။ "ဝဇ္ဇာနံ ပရမာမိစ္ဆာဒိဋ္ဌိ" နှင့် အညီ၊ အယူပျက်စီးခြင်း၊ ဝါ၊ ဗုဒ္ဓဘာသာမှ တပါး၊ အခြားဘာသာကို ယူမှားမိခြင်း၊ ဒိဋ္ဌိဗျသနသည်ကား—အပြစ်တကာ့ အပြစ်တို့တွင် အယူမှားဒိဋ္ဌိသည် လွန်ကဲသောအပြစ်အကြီးဆုံးဖြစ်၍ အလွန် ကြောက်စရာကောင်းလှပေသည်။ ဘာကြောင့်လဲ၊မိစ္ဆာဒိဋ္ဌိအယူမှားမှတပါး အခြားသော အပြစ်ကြောင့် အပါယ်သို့ရောက်ကြတဲ့သတ္တဝါဘို့မှာ ကမ္ဘာ ပျက်တဲ့ခါ ကျွတ်လွတ်ခွင့်ရနိုင်ကြသည်။ မိစ္ဆာဒိဋ္ဌိအယူမှားကြောင့် အပါယ် လားကြတဲ့သတ္တဝါတို့မှာ ကမ္ဘာပျက်သော်လည်း ကျွတ်လွတ်ခွင့်မရ၊မပျက်တဲ့ ကမ္ဘာသို့ ပြောင်းရွှေ့၍ ခံရသည်။ ထိုသို့မဟုတ်၊ အားလုံးသော ကမ္ဘာ တွေ ပြိုင်တူပျက်နေလျှင် အခြားသော ကောင်းကင်တနေရာမှာ သွားရောက်ခံနေ ရသည်ဟု ကျမ်းဂန်တို့၌အဆိုရှိသည်။ထို့ကြောင့် ဒိဋ္ဌိဗျသနကိုကြပ်ကြပ်ကြီး ကြောက်ကြလေ ဟူလို။

**သေရင်လဲ အသုံးကျ။** ။ အဆိုပါ သစ္စာလေးပါး ဆေးတော်ကြီးသည် မသေခင်သာ အသုံးကျသည်မဟုတ်။ သေရင်လဲ သေခါနီးမှာ အသုံးချရ၍ အသုံးကျသေးသည်သာတည်း။ တဘဝ တခါ မည်သည့် သတ္တဝါမဆို သေကြရမည်မှာ မြေကြီးလက်ခတ်ပမာ မလွဲတည်း။ သို့ရာတွင် မနေရလို့ သေရတော့မဲ့အခါမှာ ဘာရေး ညာရေးတွေ ဘာမှ မတွေးနှင့်၊ ဘာမှ မစဉ်းစားနှင့်၊ တွေးမှား စဉ်းစားမှားက အပါယ်လားမည်ကို မျှားမျှားကြီး သတိပြု၊ သေ၀,သေပေါက်, သေခါနီးမှာ မသေခင်က ပြုလုပ်ထားကြခဲ့တဲ့ ကုသိုလ်ရေးတခုတည်းကိုသာတွေး။ "ဗုဒ္ဓံ, ဓမ္မံ, သံဃံ သရဏံ ဂစ္ဆာမိ" ဟု သရဏဂုဏ်ဆောက်တည်၍နေသော်လည်း နေ၊ သို့မဟုတ် "ပဉ္စသီလံ သမာဒိယာမိ၊ ဉပေါသထသီလံ သမာဒိယာမိ" ဟူ၍၊ ငါးပါးသီလ,ရှစ်ပါးသီလကို သော်လည်း ဆောက်တည်၍နေပါ၊ သို့မဟုတ် ဉက္ကောင်းကိုစိတ်ပြောင်းကာ ဆံပင်ကို ဉာဏ်နှင့် မြင်အောင်ကြည့်၍၊ ဆံပင်သည် ဒုက္ခသစ္စာ စသည်ဖြင့် ရှေးက လေ့လာဘူးခဲ့တဲ့အတိုင်း သစ္စာဖွဲ့၍ဖွဲ့၍နေပါ၊ ပြီးလျှင် ဆံပင်ကို-ဒု၊ တဏှာကို-သ၊ ဒု—သ, နှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်ကို—နိ, ဟု သိ၍၊ ဤလို တဏှာ ခန္ဓာ အသစ်မဖြစ်ဘဲ အမြဲငြိမ်းအေးနေတဲ့ နိဗ္ဗာန်တရားတော်မြတ်ကြီးသည် ငြိမ်းအေးပါပေသည်ဟု နိဗ္ဗာန်အာရုံ တခုတည်းကိုသာ အာရုံပြု၍ပြု၍နေပါ, သေပါလေ။

**သေခါနီးမှာ အရိယာ။** ။ ဤလို ညွှန်ကြားထားတဲ့အတိုင်း၊ နေတတ် သေတတ်ပါလျှင်၊ သစ္စဉာဏ် လက်ကိုင်ရှိနေတဲ့အတွက် အကုသိုလ်ကမ္မနိမိတ် ဒုဂ္ဂတိနိမိတ်များလဲ ဝင်ခွင့်, ထင်ခွင့် မရနိုင်သည့်ပြင်၊ ကုသိုလ် ကမ္မနိမိတ် သုဂတိနိမိတ်တို့သာ ဝင်ခွင့်, ထင်ခွင့် ရရှိနေပါသောကြောင့်၊ ထိုအချိန် ထိုအခါတွင် စုတိစိတ်ကျပါက ဘယ်နည်းနှင့်မျှ အပါယ်သို့မကျနိုင်တော့ဘဲ သုဂတိအလားမြဲသည်သာမက သေခါနီးကာလကလေးတွင် တကိုယသစ္စာခေါ်တဲ့ နိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်သွားတဲ့ သောတာပတ္တိမဂ်ဉာဏ်, ဖိုလ်ဉာဏ်, လက်ကိုင်ရှိရှိကလေးနှင့် စုတိစိတ် ကျသွားပါက သောတာပန် စသော အရိယာများဖြစ်သွားပြီးမှပင် သေကြရပေလိမ့်မည်၊ ဤလို ဤပုံ-သစ္စာလေးပါးဟာ သေခါနီးမှာ အသုံးချတတ်က အသုံးကျလှပါသည်။ **သတိ-သတိ-သတိ။** သေခါနီးမှာ ကုသိုလ်ရေးကို အားမထားဘဲ

သား,မယား,ဥစ္စာတို့ကိုသာ အားထား အားကိုး၍ သေသွားသောကြောင့် အပါယ်လားရတဲ့ ဝတ္ထုသွားများကို အနည်းငယ် ဖေါ်ပြပါဦးမည်။

၁။ သောဝေ မာတုဂါမံ အာရဗ္ဘ ဝိလပန္တောယေဝ ကာလံကတွာ နိရယေ နိဗ္ဗတ္တိ။ ။

အဓိပ္ပါယ်။ ။ မယားအလိုကို လိုက်မှား၍ မင်း၏ဝတ်ပန်းကို ခိုးသော ယောကျ်ားသည် ဖမ်းမိ၍ တံကျင်လျှိုခံရတဲ့ခါ၊ မိမိမယား၌ စွဲလမ်း၍ သေသောကြောင့် ငရဲ၌ကျရောက်လေသည်။ (ကေနိပါတ် ပုပ္ဖရတ္တဇာတ်၌ လာသည်။)

နောက်-တဝတ္ထု။ ။ မိမိမယား၌စွဲလမ်း၍သေ၊ မြွေဖြစ်,ခွေးဖြစ်,နွားဖြစ် ဖြစ်ရာဖြစ်ရာဘဝမှာ မိမိမယားကဘဲသတ်၍ လူ့ဘဝနှင့်သော် လေးဘဝ ဆက်၍ သေရတဲ့ဝတ္ထုလဲ ရှိတယ်။ (တိ-အင်-ဌာ-မဟာဝဂ်မှာလာသည်။) အဲဒါဟာ ကုသိုလ်ကို အားမကိုးဘဲ မယားကို အားကိုးမှားသောကြောင့် အပါယ်ကျရတာဘဲ၊ ဘယ်လောက်မှားသလဲ မေးရင် အပါယ်ကျအောင် မှားတာဘဲဟုသာ ဖြေရန်ရှိတော့၏။

၂။ ဗာရဏသိဝါသီ ကောသေဋ္ဌိ နဒီတိရေ စတ္တာလီသကောဋိဓနံ နိဓ ဟိတွာဝ မရန္တော ဓနတဏှာယ ဓနပိဋ္ဌေ သပ္ပေါ ဟုတွာ နိဗ္ဗတ္တိ။ ။ (ကေနိပါတ်သစ္စံကိရဇာတ်)

အဓိပ္ပါယ်။ ဗာရဏသီပြည်၌ သူဌေးကြီးတဦးသည် ကုဋေလေးဆယ်သော ဥစ္စာတို့ကို မြစ်ကမ်းနား၌ မြှုပ်ထားရာ၊ သေခါနီးမှာ ထိုမြှုပ်ထားသော ဥစ္စာ၌ စွဲလမ်း၍ သေသောကြောင့် ထိုဥစ္စာအိုးပေါ်မှာ မြွေသွား၍ ဖြစ်လေသည်။ ထိုအတူ—ကုဋေသုံးဆယ်မြှုပ်ထားသော သူဌေးကြီးတဦးလည်း ကြွက် ဖြစ်လေသည်။ ထိုအတူ – ဘုရားလက်ထက် သောဒေယျပုဏ္ဏား သည်လည်း ခွေးဖြစ်လေသည်။ ဒါမျိုးတွေ ကျမ်းဂန်တို့မှာ များစွာရှိလေ သည်။ ဒါလဲဘဲ သေခါနီးမှာ ကုသိုလ်ရေးကို အားမကိုးဘဲ ဥစ္စာကိုသာ အားကိုးမှားသောကြောင့် မိမိကိုယ်ကို မြွေဖြစ်အောင်၊ ကြွက်ဖြစ်အောင်၊ ခွေးဖြစ်အောင် အားကိုးမှားတာဘဲ။ ထိုကြောင့်-" ပြိတ္တာတို့ဘောင်, ဥစ္စာ ဆောင်သည် "ဟု ဆိုရိုးစကားရှိခဲ့လေသည်။ သို့ရာတွင် ဥစ္စာက ပြိတ္တာ ဘောင်သို့ မဆောင်နိုင်ပါ၊ မဆောင်တတ်ပါ၊ ဥစ္စာ၌ စွဲလမ်းသော မိမိ၏

လောဘကသာ ဆောင်ခြင်းဖြစ်ပါသည်၊ ဥစ္စာကား–ဌာန၊ ဥစ္စာ၌စွဲလမ်းသော လောဘကား–ဌာနီ၊ ဌာနီ၏အမည်ကို ဌာန၌တင်စား၍ ဌာနျူပစာရ အားဖြင့် ပြောကြားသောစကား ဖြစ်လေသည်။

၃။ သာပက္ခ ကိရိယာဟိ အတ္တနော ယေ၀ ဂေဟေ ယက္ခ ကုက္ကုရ
အဇ ဂေါဏ မဟိံသ မုသိက ကုက္ကုဋ ဥကာ မက်ုလာဒိဘာဝေန
နိဗ္ဗတ္တ ကာရဏံ ဟောတိ။ ။

အဓိပ္ပါယ်။ ။ မိမိအိမ်, မိမိကျောင်း၌ စွဲလမ်း ငဲ့ကွက်၍ သေရခြင်းသည်ကား ဆိုးဝါးလှပေသည်၊ မိမိအိမ်, မိမိကျောင်း၌ပင် ဘီလူး, ခွေး, ဆိတ်,ကျွဲ,နွား,ကြွက်,ကြက်,သန်း,ကြမ်းပိုး စသော အဖြစ်ဖြင့် ဖြစ်တတ်သော အကြောင်းသည် ဖြစ်၏ဟု ပြဆိုထားရာ၊ မက်ုလာဒိ၌–အာဒိသဒ္ဒါဖြင့် စာ၌ တိုက်ရိုက်မပါသော၊ တောက်တဲ့, တက်တူ, အိမ်မြှောင်, ပိုးဟပ် စသော မရေမတွက်နိုင်သော အပါယ် သတ္တဝါများ အသဲယားလောက်အောင် အများအပြားပင် ဖြစ်စွမ်းနိုင်ခွင့် ရှိပေသည်။ ဘုရားလက်ထက်တော်က–တိဿရဟန်းကြီးလည်း သင်္ကန်း၌ သန်း,ဖြစ်လေသည်။ (သတိသာထားကြပေတော့။) အဆိုပါ ကုသိုလ်ရေးနှင့် သစ္စာလေးပါးတို့သည်ကား–ညွှန်ကြားထားတဲ့အတိုင်း၊ ကောင်းစွာလိုက်နာ၍နေပါလျှင်, သေပါလျှင်၊ အဆိုပါ ဂတိမှောက်မှားမှု စသော ဘေးရန်အန္တရာယ် အသွယ်သွယ် အဝဝတို့ကို တစွမ်းတစမျှ မငြိမစွမ်းရအောင် တကယ် ကာကွယ်စောင့်ရှောက်နိုင်တဲ့ စွမ်းရည်သတ္တိ ကျပ်ပြည့်ရှိသည်ဟု သိကြပါလေ။ ဤကား–မသေဘဲမနေရ အမြဲသေကြရမဲ့ လူထု, ရှင်ထုအား ဒုဂ္ဂတိလွဲ သုဂတိမြဲဘို့ မမှလက်ဆောင် ပေးခြင်းပေတည်း။

---

## ဉာဏ်ဥကျော ် မရှုတ်စေနှင့်

မဂ်ဝင်ဖိုလ်ပေါက် နိဗ္ဗာန်သို့ရောက်သောနည်းမှာ–ဓမ္မစကြာနည်း, ဝိသုဒ္ဓိမဂ်နည်း, သတိပဋ္ဌာန်နည်း" စသည်ဖြင့် များသောအပြားရှိရာ၊ ဘယ်နည်းနှင့်ဘဲ ဝင်ဝင်–မဂ်ဝင်ဖိုလ်ပေါက် နိဗ္ဗာန်သို့ရောက်သည်သာ လိုရင်းမှတ်။ အဆိုပါ သုံးနည်းဟာ နည်းမှန်ချည်းဘဲ၊ နည်းမှန် လမ်းမှန် ကျနအောင်

ပြတတ်တဲ့ ဆရာကောင်းထံကပ်၍ ယုံကြည်စိတ်ချ၍သာ အားထုတ်ကြလေ။ **ဆင်ကို စမ်းသော မျက်စိကန်းတို့ကဲ့သို့ငှင်း၊ ပေါက်ပင်ကိုပြသော မင်းသားတို့ကဲ့သို့ငှင်း** မဖြစ်ကြစေနှင့်၊ ဝါ၊ ဘယ်နည်းကအမှန်၊ ဘယ်နည်းက အမှားဟု အငြင်းမပွါး အချင်းမများကြစေနှင့်၊ အကျိုးမရှိတာကို မလုပ်ပါကြနှင့်၊ စာဆိုတာ အငြင်းပွါးဘို့ ဘုရားကဟောထားကဲ့တာမဟုတ်ပါ၊ မမွှသာကစ္စာ အရ၊ တိုင်ပင်ဆွေးနွေးကြဘို့၊ အပိုကိုဖျက်, အလိုကို စွက်၊ အမှားကို ပယ်, အမှန်ကို ယူဘို့ ဟောသားခဲ့တာပါ။

ဥပမာ။ ။ မန္တလေးရွှေမြို့တော်ကြီးသို့ တိုက်ရိုက် ရောက်စေတတ်သော လမ်းကြီးဟာ အရှေ့က တလမ်း၊ အနောက်က တလမ်း၊ တောင်ကတလမ်း၊ မြောက်က တလမ်းဟု လေးလမ်းရှိနေရာ ဘယ်လမ်းကဘဲလာလာ, မန္တလေး ရွှေမြို့တော်ကြီးသို့ ရောက်နိုင်တဲ့ လမ်းချည်းပင် ဖြစ်သကဲ့သို့။ ထိုတူ—နည်း ကဲ့သော်လည်း မိမိလိုရာ နိဗ္ဗာန်သို့ရောက်သည်သာ လိုရင်းဖြစ်၏။ လမ်းဆုံး ကြတဲ့ခါ၊ သင်္ခါရချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်အာရုံပြု၍ ရောက်ကြရကြသည်ချည်းတည်း။ သို့ရာတွင် နည်းတပါးနှင့် နည်းတပါးကို ရောနှော၍မယူလေနှင့်၊ယူမှားမိက ဥက္ကောက်ရှုတ် ခံရမည်သာ မှတ်လေ၊ အမှန် ရမည်လည်း မဟုတ်ပေ။ ထို့ကြောင့်–သူ့နည်းနှင့်သူသာ အလိုက်သင့်ယူကြပါလေ။ ဝိပဿနာအလုပ်ကို အားထုတ်ဘို့ မလိုဟု အယူမမှားကြလေနှင့် လိုတယ်-လိုတယ်၊ဝိပဿနာ ဉာဏ်ဆိုတာက သစ္စဉာဏ်အနုစား၊ သစ္စဉာဏ်ဆိုတာက ဝိပဿနာဉာဏ် အရင့်စားဟု သိလေ,မှတ်လေ,အယူမမှားစေနှင့်။

အမှာ။ ။ ဤဩကာသ ဘုရားဖြစ်စ ပဥ္စဝဂ္ဂီတို့အား အမှန်လေးပါးခေါ်သော သစ္စာလေးပါး အချုပ်တရား, သစ္စာ ရေအေး အမြိုက်ဆေးကို ရှေးဦးစွာ တိုက်ကျွေးတော်မူ၍၊အသားပေါ်,အရေပေါ်မှာ ပေါက် ရောက်တဲ့ ရောဂါနှင့်တူစွာ၊ ယူမှားမှု-ဒိဋ္ဌိကိလေသာ၊ ယုံမှားမှု-ဝိစိကိစ္ဆာကိလေသာ၊ ကမ္မာနာ, သံသရာနာတို့ကို ပျောက်ကင်းစေပြီးလျှင်၊ ဝမ်းတွင်းရောဂါနှင့်တူစွာ၊ တထောင့်ငါးရာ ကိလေသာ နူနာတို့ကို အမြစ်ပါမကျန် အမှန် ပျောက်ကင်းစေတတ်သော လက္ခဏာရေးသုံးပါး တရားဆေးတော်ဖြင့် တိုက်ကျွေးတော်မူသော

ဓမ္မစကြာဒေသနာတော်နည်းဖြစ်၍၊ သစ္စာသိနည်း, သစ္စာမြင်နည်း, သစ္စာရှုနည်း, ရှေ့ အနုဗောဓ၊ နောက် ပဋိဝေဓ ခေါ်သော သစ္စာဉာဏ်ဖြင့် မဂ်ဝင်,ဖိုလ်ပေါက် နိဗ္ဗာန်သို့ ရောက်သောနည်း ဖြစ်ပေသည်။

**သို့ဖြစ်သောကြောင့်....**

ဒုက္ခဒဿနသမ္ပဒါယ စေတ္ထ၊ သက္ကာယဒိဋ္ဌိ သမုဒယဒဿနသမ္ပဒါယ ဝိစိကိစ္ဆာတံ မဂ္ဂဒဿန နိဗ္ဗာနဒဿန သမ္ပဒါယ သီလဗ္ဗတံ ပဟီယတီတိ ဝိညာတဗ္ဗံ။ ။ဆိုတဲ့ ခုဒ္ဒကအဋ္ဌကထာနှင့်အညီ။

ဒု,သ, နိ, မ, ဆိုတဲ့ သစ္စာလေးပါး တရားစကားကို ကြားနာလိုက်ရတဲ့ အခါ၊ မိမိတို့ရဲ့ပါရမီဉာဏ် အခြေခံအားလျော်စွာ၊ဝါ၊ကိလေသာ ထူ ပါး ဣန္ဒြေ နု ရင့် အားလျော်စွာ၊ ဝါ၊ "ဥ-ဝိ-နေ-ပ" ပုဂ္ဂိုလ်အားလျော်စွာ၊ "ဒု,သိ,ဒိ,ပယ်၊ သ,သိ,ဝိ,ပယ်"နှင့်အညီ၊ ပြဆိုခဲ့ပြီးတဲ့အတိုင်း၊ ဒုက္ခသစ္စာကို သိမြင်တတ်သော ပညာနှင့်ပြည့်စုံခြင်းကြောင့် သက္ကာယဒိဋ္ဌိကို ပယ်၊သမုဒယ သစ္စာကို သိမြင်တတ်သော ပညာနှင့်ပြည့်စုံခြင်းကြောင့် ဝိစိကိစ္ဆာကို ပယ်၊ မဂ္ဂသစ္စာကို သိမြင်တတ်သောပညာ၊ နိရောဓသစ္စာကို သိမြင်တတ်သော ပညာနှင့် ပြည့်စုံခြင်းကြောင့် သီလဗ္ဗတပရာမာသကို ပယ်၍၊ ရှေးဦးစွာ လောကီအနုဗောဓဉာဏ်ဖြင့် သစ္စာလေးပါးတို့ကို ပိုင်းခြား၍ သိရှိထားပြီး လျှင်၊ တဖန် တတိယသစ္စာခေါ်သော နိရောဓသစ္စာ၊ နိဗ္ဗာန်ကိုပြန်၍ အာရုံပြုလိုက်တဲ့ခါ၊ တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် တဏှာ,ခန္ဓာ,ဒု,သ သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိရောဓသစ္စာ၊ နိဗ္ဗာန်ကို မတွေ့မဝေ တဲ့တဲ့ကြီး မျက်မှောက်မြင်သိသွားတဲ့ သောတာပတ္တိမဂ်စိတ် ဖြစ်ပေါ်ဆဲ ဖြစ်တဲ့ မဂ်ခဏမှာ လောကုတ္တရာပဋိဝေဓမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍သိပြီးလျှင်၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ဝင်လေ ရောက်လေတော့သည်။ ဓမ္မစကြာနည်းမှာ– ဤလို အနုမှ ပဋိ၊ ဝါ၊ ကီမှ ကုတ်, တဆင့်ပြီး တဆင့်ရောက်သည်။ ဝိသုဒ္ဓိနည်း, သတိပဋ္ဌာန် နည်းတို့မှာ - သခ်ါရ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်မြင်သိဆဲဖြစ်တဲ့ လောကုတ္တရာ ပဋိဝေဓဉာဏ်ဖြစ်ဆဲခဏမှာ သစ္စာလေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍ သိသွားပြီးလျှင်၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ အာရုံပြုသော အားဖြင့်

ဝင်ရောက်လေတော့သည်။ ဤကား–အထူးတည်း။ ဤလို ဤပုံ မဂ်ခဏ မဂ်ခဏတို့မှာ သစ္စာလေးချက် တပြိုင်နက်သိမြင်ခြင်း၊ ကိစ္စပြီးစီးသွားသည် ကိုပင် (သစ္စာလေးချက် တပြိုင်နက် မဂ်၏ ကိစ္စပြီးသတည်း) ဟု ဆိုရလေသည်။

ဤလိုဤပုံ၊ ဘုရားထံမှာဘဲဖြစ်ဖြစ်၊ သာဝက တပည့်များထံမှာဘဲ ဖြစ်ဖြစ်၊ သစ္စာလေးပါး အမြွက်တရားကို ကြားနာကြရတဲ့အခါ၊ အဆိုပါ " ဥ, ဝိ, နေ, ပ " ပုဂ္ဂိုလ်လေးမျိုးတို့တွင် ရှေးဘဝက အားထုတ်ခဲ့ဘူးကြတဲ့ ဝိပဿနာလက်ငုတ်,လက်စ, လက်ကိုင်ရှိခဲ့ကြတဲ့ "ဥဃ္ဃဋိတညူ" ပုဂ္ဂိုလ်ဖြစ်ခဲ့ပါလျှင်၊ ကိလေသာကလည်း အလွန်ပါး, ဣန္ဒြေကလည်း အလွန်ရင့်နေ၍၊ တပုဒ်တဂါထာ အကျဉ်းမျှ ကြားနာရလျှင်ပင် သစ္စာကို လျှင်စွာသိမြင်၍ သောတာပတ္တိမဂ်သို့ ဆိုက်ရောက်သဖြင့် သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားနိုင်ပေသည်။ ကိလေသာ မထူမပါး၊ ဣန္ဒြေ မနုမရင့်ဖြစ်တဲ့ ဝိဘဥ္စိတညူ ဖြစ်ပါမူကား၊ အကျဉ်းဟောပြသည်ကို ကြားနာရရုံမျှနှင့် သစ္စာကိုထိုးထွင်းပြီးမသိ သောတာပန်မဖြစ်သေး၊ အကျယ်ဖွင့်ဟောပြမှသာ သစ္စာသိ၍ သောတာပန် အရိယာဖြစ်နိုင်ပေသည်။ နေယျပုဂ္ဂိုလ် ဖြစ်ပါမူကား၊ အကျဉ်းအကျယ် ဘယ်လိုဘဲဟောဟော, ဘယ်လိုဘဲနာနာ, တထိုင်ထဲအတွင်းမှာတော့ သစ္စာသိ၍ အရိယာမဖြစ်နိုင်ပေ။ နာကြားရတဲ့ တရားဒေသနာတော် အစဉ်ကို မှတ်သား၍၊ ကြိမ်ဖန်များစွာ ဝိပဿနာကို အားထုတ်မှသာ သစ္စာသိ၍ အရိယာဖြစ်နိုင်ပေသည်။ ပဒပရမပုဂ္ဂိုလ် ဖြစ်ပါမူကား၊ လက်ရှိဘဝမှာဖြင့် ဘယ်နည်းမှ မဂ်ဖိုလ်မရနိုင်ပေ။ အဟိတ်, ဒွိဟိတ် ဟူသော ဝိပါကန္တရာယ် ငြိနေသော ပုဂ္ဂိုလ်ပေတည်း။ သို့ရာတွင် ဒုတိယ,တတိယ ဘဝတို့၌ မဂ်ဖိုလ် ရစေခြင်းငှါ ကြားနာအားထုတ်မှုကိုကား ပြုရမည်သာတည်း။

ထို့ကြောင့်။ ယုံကြည်စိတ်ချစွာနှင့် သစ္စာသိအောင်သာ ကြိုးစားအားထုတ်ပါ၊ သစ္စာလဲသိ, သောတာပန် အရိယာလဲ ဖြစ်နိုင်ပါသည်။ ဘာ့ကြောင့်လဲဆိုတော့ သစ္စာသိသောဉာဏ်ကိုပင်သောတာပတ္တိမဂ်ဉာဏ်ဟု ဓမ္မစကြာပါဠိတော်မှာ ဘုရားဖြစ်စက ပဉ္စဝဂ္ဂီတို့အားဟောထားခဲ့ပါသည်၊ သောတာပတ္တိ မဂ်ဉာဏ် ဖြစ်ပေါ်လျှင်လည်း အပါယ်လွတ် တရားရ သောတာပန် စသော အရိယာများဖြစ်သွားနိုင်၏။

ဟောတော်မူခဲ့တဲ့ ပါဠိတော်ကား—

၁။ ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ၊

၂။ အညာသိဝတ ဘော ကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော စသည်တည်း။

ဘာသာပြန်—၁။ ကောဏ္ဍညအား အပါယ်လားစေတတ်သော ဒိဋ္ဌိနှင့် ယှဉ်သော ရာဂ,စသော မြူကင်းသော အကြွင်းမရှိ ဒိဋ္ဌိဝိစိကိစ္ဆာ စသော အညစ်အကြေးမှ ကင်းသော သစ္စာလေးပါးကို သိမြင်တတ်သော သောတာပတ္တိ မဂ်ဉာဏ် ဟူသော ဉာဏ်မျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ။

ဘာသာပြန်—၂။ အို....ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ တို့၊ စင်စစ် ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီ။ ဝါ၊သစ္စာသိ၍ နိဗ္ဗာန်ကိုမြင်သိတဲ့ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်လေပြီ၊ သိအပ်ပြီးသော သစ္စာလေးပါး တရားရှိပြီ၊ ရောက်အပ်, ရအပ်ပြီးသော သစ္စာလေးပါး တရားရှိပြီ။ ထိုးထွင်း၍ သိမြင်အပ်ပြီးသော သစ္စာလေးပါး တရားရှိပြီ ဟူလို။

အမှာ။ ။ သစ္စာကို သိမြင်လျှင်လဲ တတိယသစ္စာခေါ်တဲ့ နိရောဓ သစ္စာ နိဗ္ဗာန်ကို သိမြင်တော့တာဘဲ၊နိဗ္ဗာန်ကိုသိမြင်လျှင်လဲ သောတာပတ္တိ မဂ်ဉာဏ် ဖြစ်ပေါ်တော့တာဘဲ၊ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ် လျှင်လဲ သောတာပတ္တိ မဂ်ဖြင့် သတ်အပ်သော ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာအကြွင်းအကျန်မရှိ၊သမုစ္ဆေဒပဟာန်ဖြင့်ပယ်သတ်၍ ဒိဋ္ဌိ ဝိစိကိစ္ဆာကိလေသာ သေတော့ဒါဘဲ၊ဒိဋ္ဌိဝိစိကိစ္ဆာမရှိလျှင်လဲ "ဒိဋ္ဌိ ဝိစိကိစ္ဆာပဟာနေန ပဟိနာပါယဂမနော" နှင့် အညီ၊ အပါယ် လေးပါးသို့ သွားရခြင်း, လားရခြင်းမရှိတော့ဘဲ နိဗ္ဗာန်ဝင်ပွဲအထိ လူ့,နတ် သုဂတိ အလားမြဲတဲ့ သောတာပန် စသော ပုဂ္ဂိုလ်များ ဖြစ်သွားလေတော့သည် ဟူလို။

ဓမ္မစက္ခုံအရမှာလည်း—(က) ဓမ္မစက္ခုန္တိ စတုသစ္စဓမ္မပဋိဂ္ဂဟာကံ သောတာပတ္တိ မဂ္ဂစက္ခုံ။ (အင်-တိ-၄၁)

(ခ) ဓမ္မစက္ခုန္တိ ဗြဟ္မာယုသုတ္တေ၊ဟေဋ္ဌိမာတယောမဂ္ဂါဝုတ္တာ၊စူဠရာဟု လောဝါဒသုတ္တေ အာသဝက္ခယော၊ဣဓပန သောတာပတ္တိမဂ္ဂေါ အဓိပ္ပေတော။ ။ (မဟာပဒါနသုတ်-မဟာဝဂ္ဂဋီကာ)

**ဘာသာပြန်။** (က) **ဓမ္မစက္ခုံ** ဆိုသည်ကား-သစ္စာလေးပါးတရားကို ခံယူတတ်သော၊ ဝါ၊သစ္စာလေးပါးကိုသိမြင်တတ်သော သောတာပတ္တိမဂ်ဉာဏ်မျက်စိတည်း။ ဖြစ်ရင်, ပျက်မယ်၊ မွေးရင်, သေမယ် ဟု ပိုင်ပိုင်သိသည်ဟူလို။

**ဘာသာပြန်။** (ခ) **ဓမ္မစက္ခုံ** ဆိုသည်ကား-ဗြဟ္မာယုသုတ်၌၊ အောက်မဂ်သုံးပါးတို့ကို ဟောတော်မူအပ်ကုန်၏၊ စူဠရာဟုလောဝါဒသုတ်၌ကား၊ အာသဝက္ခယဉာဏ်ကိုဟောတော်မူအပ်၏။ ဤသုတ်၌ကား-သစ္စာလေးပါးကို သိမြင်တတ်သော သောတာပတ္တိ မဂ်ဉာဏ်ကို အလိုရှိအပ်၏ ဟူလို။ ။ဖြစ်သမျှ, ပျက်ဘို့၊ မွေးသမျှ, သေဘို့ဟု ပိုင်ပိုင်သိသည် ဟူလို။

ဤလိုဤမုံ–ပါဠိအဋ္ဌကထာ လာရှိပါသောကြောင့်၊ ဤ ဇာတိ စသော လက်ရှိခန္ဓာမျိုးကား ဒုက္ခသစ္စာ။ ဤခန္ဓာမျိုးကို ဖြစ်စေတတ်သော ရှေးဘဝက တဏှာကား **သမုဒယသစ္စာ**။ ဒု · သ နှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်သည်ကား **နိရောဓသစ္စာ**။ ဤ နိဗ္ဗာန်ကို အပြားအားဖြင့် သိမြင်တတ်သော မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည်ကား **မဂ္ဂသစ္စာ** ဟူ၍ရင်း၊ တဏှာကြောင့် ခန္ဓာ ဖြစ် ပျက် မွေး သေ သံသရာရှည်၍ နေကြရသည်။ တဏှာပယ်တဲ့မဂ်အကျင့်ကြောင့် တဏှာ ခန္ဓာအစဉ်ပြတ်တဲ့ အသခ်တဓာတ်နိဗ္ဗာန်ဟူ၍ရင်း။ ဤ ဇာတိ စသော ဒုက္ခသည် တဏှာကြောင့် ဖြစ်သည်။ ဤတဏှာကို မဂ်ဖြင့်ပယ်သတ်က ဤဇာတိ စသော ဒုက္ခသည် အကြွင်းမဲ့ ချုပ်ငြိမ်းသည်ဟူ၍ရင်း။ သစ္စာလေးပါးတို့ကို အကျိုးအကြောင်း အားဖြင့်ရင်း၊ အကြောင်းအကျိုးအားဖြင့်ရင်း၊ ယုံမှားမရှိ ပိုင်းခြားဝေဘန်၍ အမှန်သိအောင်သာ ကြိုးစားကြပါလေ။

**မှတ်ချက်။** ။သူ့ငါ စသား၊လူနတ်ဗြဟ္မာ သတ္တဝါများတို့၏ ဇာတိစသည်ကို ဒုက္ခသစ္စာဟု သိမြင်ခြင်းတရပ်၊ ဘဝတဏှာကို သမုဒယသစ္စာဟု သိမြင်ခြင်းတရပ်၊ ထို ဒု,သ, သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်ကို နိရောဓသစ္စာဟုသိမြင်ခြင်းတရပ်၊မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာ ဟု သိမြင်ခြင်းတရပ် "လေးရပ်ဤမျှ၊ မြင်သိက၊ဖြစ်ထသောတာပန် ယူမှား ယုံမှားလွန်။"

## ပြုရမဲ့ ကိစ္စလေးပါး

သစ္စာလေးပါးတို့တွင်၊ ဒု-ကို ပိုင်းခြားသိရမဲ့ကိစ္စရှိသည်။ သ-ကို ပယ်ရမဲ့ ကိစ္စရှိသည်။ နိ ကိုမျက်မှောက်ပြုရမဲ့ကိစ္စ၊ ဝါ၊အာရုံပြုရမဲ့ကိစ္စရှိသည်။ မ-ကို ပွါးများရမဲ့ ကိစ္စရှိသည်၊ ဝါ၊ သစ္စာသိအောင်, သစ္စာမြင်အောင်, သစ္စာ ထင်အောင်၊ ဝါ၊ တဏှာကြောင့် ခန္ဓာ ဖြစ် ပျက် မွေး သေ သံသရာရှည်၍ နေကြရသည်ဟု "သ နှင့် ဒု" ကို တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် တဏှာ ခန္ဓာ အစဉ်ပြတ်၍၊ သံသရာစက်ရပ်က အသခ်တဓာတ်နိဗ္ဗာန်သို့ ဆိုက်ရောက် တော့သည်ဟု "မ နှင့် နိ" ကို သတိနှင့်မဂ္ဂာ ပညာနှင့် မကင်း သစ္စာ သိအောင် ဆင်ခြင်ပွါးများ ရမည်ဟု သိ။ ။

(၁) ဤလို သစ္စာလေးပါးတို့၌ ပြုရမဲ့ ကိစ္စလေးပါးရှိနေရာ၊ ဘဏှာမှ တပါး ဘုံသုံးပါးရှိ ခန္ဓာတပါးဖြစ်စေ, လေးပါးဖြစ်စေ, ငါးပါး ဖြစ်စေ, ခန္ဓာမှန်က နဲနဲများများ ဖြစ်ရာ ဖြစ်ရာ ဘုံဘဝတို့မှာ ပဋိသန္ဓေအစ စုတိအဆုံး, တသက်လုံးဆင်းရဲတာ စစ်မှန်လှသော ကြောင့် ဒုက္ခသစ္စာလို့ ပိုင်းခြား၍ သိအပ်သော ပရိညေယျကိစ္စ ရှိသည်ဟုသိရမည်။ သိတဲ့အတိုင်း၊ ဒု,ကို ပိုင်းခြား၍ သိအောင် ကြိုးစား အားထုတ်ရမည်ဟု သိလေ။

(၂) တဖန် ဘုံသုံးပါးတို့၌ ကောင်းနိုးနိုး မှတ်ထင်၍ ဘုံသုံးပါးတို့၌ပင် တဖန်တဖန် ပြန်၍ပြန်၍ ဖြစ်လိုဖြစ်ခြင်နေတဲ့ ဘဝတဏှာ လောဘ သည် ဖြစ်လို၍ ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ ဇာတိဒုက္ခစသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ကို မုချဖြစ်စေ တော့မှာ စစ်မှန်လှပါသောကြောင့်၊ ရှေးဦးစွာ ဘယ်ဘုံ,ဘယ်ဘဝ မှာမှ မဖြစ်လို မဖြစ်ခြင်တော့ပါဟု စိတ်ဖြင့် ပယ်သတ်အပ်သော နောက်ကာလ ဒုက္ခသစ္စာ ထင်မြင်အောင်ဆင်ခြင်၍၊ဝါ၊ဖြစ်လိုလျှင် ဖြစ်ပြန်လိမ့်မယ်၊ ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ ပဋိသန္ဓေနေရမဲ့ အရေး ပဋိသန္ဓေဘေး ဒုက္ခသစ္စာ၊ အိုရမဲ့အရေး အိုဘေးဒုက္ခသစ္စာ၊ နာရမဲ့အရေး နာဘေးဒုက္ခသစ္စာ၊သေရမဲ့အရေး သေဘေးဒုက္ခသစ္စာ စသည်ဖြင့် ဒုက္ခသစ္စာထင်မြင်အောင် ဆင်ခြင်၍ သစ္စဉာဏ်ဖြင့်ပင်

တဖန် ဖြစ်လိုတဲ့ တဏှာအာလယကို ပယ်သတ်အပ်သော **ပဟာတဗ္ဗကိစ္စ** ရှိသည်ဟုသိရမည်၊ သိတဲ့အတိုင်း **သ**,ကိုပယ်လေ။ ပယ်နိုင်အောင် ကြိုးစားအားထုတ်ရမည်ဟု သိလေ။

(၃) တဖန် တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့်၊ အဆိုပါ တဏှာ ခန္ဓာ ဒု, သ, သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ၊ တဖန် အသစ် မဖြစ်တော့ဘဲ၊ ဒါမြဲငြိမ်းအေးရာ နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုသော အားဖြင့် မျက်မှောက်ပြုအပ်သော **သစ္ဆိကာတဗ္ဗကိစ္စ** ရှိသည်ဟု သိရမည်၊ သိတဲ့အတိုင်းအာရုံပြုသောအားဖြင့် နိ,ကို မျက်မှောက်ပြုလေ၊ ပြုနိုင်အောင် အားထုတ်ရမည်ဟု သိလေ။

မှတ်ချက်။ ။ပရမတ်နိဗ္ဗာန်အစစ်အမှန်ကို ရှေးဦးစွာ လောကီဉာဏ်ဖြင့် သိထားရမည်။ တဏှာကြောင့် ခန္ဓာ, တသံသရာလုံး ကံအားလျော်စွာ ဖြစ်ပျက်မွေး သေ သံသရာရှည်၍နေကြရာ၊ အဆိုပါ နည်းအတိုင်း၊ တဏှာပယ်တဲ့ မဂ်အကျင့်ကိုကျင့်တဲ့ခါ၊ အရဟတ္တမဂ်နောင်မှာ အကြောင်းတဏှာအသစ် မဖြစ်တော့သည်ဖြစ်၍၊ အရဟတ္တစုတိနောင်မှာ အကျိုးခန္ဓာလဲ အသစ် မဖြစ်တော့ဘဲ တဏှာခန္ဓာ အသစ်အသစ်ဖြစ်မှု အမြဲငြိမ်းအေးသွားတဲ့ သဘောသည်ကား **ပရမတ်နိဗ္ဗာန် အစစ်အမှန်ပေတည်း။**

**နိဗ္ဗာန်ဆိုသည်မှာ၊** အာရုံတရားမျိုးပေတည်း။ အာရုံပြုမှသာ အာရုံပြုတတ်မှသာ ရောက်နိုင် ရနိုင်ပေသည်။ အာရုံမပြုက မရောက်နိုင် မရနိုင်ပေ။ ရှေးဦးမှာ အနုမာနဉာဏ်ဖြင့် အာရုံပြုလေ၊ အာရုံပြုဘန် များလာတဲ့ခါ ဉာဏ်ရင့်၍လာ၊ ထိုအခါ တဏှာခန္ဓာ အသစ်မဖြစ်ဘဲ အမြဲ ငြိမ်းအေးနေတဲ့ နိရောဓသစ္စာထိုက်တဲ့ နိဗ္ဗာန်ကို မတွေ့မဝေ မျက်မှောက်သိမြင်သွားတဲ့ မဂ်စိတ်၊ တခဏအာရုံပြုနေတဲ့ ဖိုလ်စိတ်၊ ဤလို ဤပုံ နိဗ္ဗာန်အာရုံ နှင့် မဂ်စိတ် ဖိုလ်စိတ် ဆိုတဲ့ အာရမ္မဏိက၊ ဤလို အာရုံ အာရမ္မဏိကဖြစ်သွားကြသည်ကိုပင်၊ ဝါ၊ အာရမ္မဏ ပစ္စည်း တပ်သွားသည်ကိုပင် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားသည်၊ နိဗ္ဗာန်ကိုရောက်သွားသည်၊ ရသွားသည်၊ မဂ်ရ ဖိုလ်ရ၊ မဂ်ဝင် ဖိုလ်ဝင်ပုဂ္ဂိုလ်၊ သောတာပန် ပုဂ္ဂိုလ် ဖြစ်သွားသည်ဟု ဆိုလေသည်။ ခန္ဓာလက်ရှိနှင့် နိဗ္ဗာန်ကို အာရုံပြုသော အားဖြင့် ရောက်ခြင်း ရခြင်းပေတည်း။

**မှန်၏။** နိဗ္ဗာန်ကိုရောက်ခြင်း ရခြင်းသည် **"အာရုံပြုသောအားဖြင့်"** ရောက်ခြင်း ရခြင်း၊ **"အမြဲတည်နေသောအားဖြင့်"** ရောက်ခြင်း ရခြင်းဟု နှစ်မျိုးရှိရာ....

(ဂ) သောတာပန်အစ, ရဟန္တာအဆုံးရှိသော ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်မစံမီ ခန္ဓာလက်ရှိနှင့်ဘဲ၊မိမိတို့၏ မဂ်ခဏ,ဖိုလ်ခဏတို့၌'အာရုံပြုသောအားဖြင့်' နိဗ္ဗာန်ကို ရောက်ကြ ရကြကုန်၏။ သဉပါဒိသေသ နိဗ္ဗာန်ကို ရရှိခြင်း ပေတည်း။

(ခ) ပရိနိဗ္ဗာန်ဝင်စံပြီးသည်နောက် ခန္ဓာလက်မဲ့နှင့်ဘဲ တဖန်ခန္ဓာ အသစ် မဖြစ်ဘဲ၊ အမြဲငြိမ်းအေးနေတဲ့ အငြိမ်းဓာတ်, အအေးဓာတ်, အချမ်းသာဓာတ်, ခေါ်သော အသင်္ခတဓာတ် ပရမတ်နိဗ္ဗာန်၌ သန္တိသုခ သီတိဘာဝ သဘော "အမြဲတည်နေသောအားဖြင့်"နိဗ္ဗာန်ကိုရောက်၏၊ရ၏၊ အနုပါဒိ သေသ နိဗ္ဗာန်ကို ရခြင်းပေတည်း။

(၄) **တဖန်။** ဤလိုဤပုံ-ပရမတ်နိဗ္ဗာန် အစစ်အမှန်ကို၊ ဝါ၊ ဂင်္ဂါဝါ့လု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက,ရဟန္တာ,အနာဂါမ်, သကဒါဂါမ်, သောတာပန်တို့ မြင်သိကြတဲ့ ပရမတ္ထ အမြတ်ဓမ္မဖြစ်တဲ့ ပရမတ် နိဗ္ဗာန် အစစ်အမှန်ကို မျက်မှောက်မြင်သိသွားနိုင်တဲ့ မဂ်စိတ်, ဖိုလ် စိတ်များ၊ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာသည်အထိ မဂ္ဂသစ္စာကို ပွါးများအပ်သော ဘာဝေတဗ္ဗကိစ္စ ရှိသည်ဟုသိရမည်၊သိတဲ့အတိုင်း သစ္စာလေးပါးတို့ကို သတိနှင့်မကွာ ပညာနှင့်မကင်း၊အဘန်တလဲလဲ ဆင်ခြင်နှလုံးသွင်းသောအားဖြင့် မဂ္ဂသစ္စာကို ပွါးများအားထုတ် ရမည်ဟု သိ။

**ဤကား-"သိ,ပယ်၊ မျက်,ပွါး၊ ဤလေးပါး၊ မှတ်သား ကိစ္စတည်း။"**

---

**သစ္စာဉာဏ် ၃ ပါး၊ အပြန် ၁၂ ပါး၊**

သစ္စာလေးပါးတို့၌ အပြီးအဆုံး နိဂုံးအုပ်၍ အစွမ်းကုန်သိရမဲ့ ဉာဏ် သုံးပါး၊ အပြန် ၁၂-ပါးဆိုသည်မှာ၊ အဆိုပါ "ဒု, သ, နိ, မ" သစ္စာလေးပါး တို့၏ သရုပ်တရားကိုယ်အရ၊ "ဒု"မှာ တဏှာမှတပါးသော လောကီခန္ဓာ ငါးပါး။ "သ"မှာ တဏှာလောဘ။ "နိ"မှာ နိဗ္ဗာန်။ "မ"မှာ မဂ္ဂင်ရှစ်ပါးဟု တပါးနှင့်တပါး မရောမရှက် မရှုပ်မထွေးစေဘဲ တခုစီ တခြားစီ သီးသန့် ခွဲခြား၍ သိအပ်သော ဉာဏ်သည်-**သစ္စဉာဏ်။**

သစ္စာလေးပါးတို့တွင် "ဒု"ကို ပိုင်းခြား၍သိရမဲ့ကိစ္စ၊ "သ"ကို ပယ်ရမဲ့ကိစ္စ၊ "နိ"ကို မျက်မှောက်ပြုရမဲ့ကိစ္စ၊ "မ"ကို ပွါးများရမဲ့ကိစ္စ၊ အသီးအသီးကို သိအပ်သော ဉာဏ်သည်-ကိစ္စဉာဏ်။

သစ္စာလေးပါးတို့တွင် "ဒု"ကို ပိုင်းခြား၍သိခြင်းကိစ္စ၊ ပြီးလျှင် ပြီးပြီဟု "သ"ကို ပယ်ခြင်းကိစ္စ၊ ပြီးလျှင် ပြီးပြီဟု "နိ"ကို မျက်မှောက်ပြုခြင်းကိစ္စ၊ ပြီးလျှင် ပြီးပြီဟု "မ"ကို ပွါးများခြင်းကိစ္စ၊ ပြီးလျှင် ပြီးပြီဟု သိအပ်သော ဉာဏ်သည်-ကတဉာဏ်။

ဤသို့လျှင် "သစ္စ ကိစ္စ-ကတ"ဉာဏ်သုံးပါးတို့ဟာ သစ္စာတပါးတပါးလျှင် သုံးပါး သုံးပါးစီရှိရာ၊ သစ္စာလေးပါးဖြစ်၍၊ ၃×၄ လီ ၁၂-ပါးဖြစ်သည်ကို ဓမ္မစကြာပါဠိတော်မှာ- "တိပရိဝဋ္ဋံ ဒွါဒသာကာရံ"ဆိုသည်ဟု သိလေ။

မှတ်ချက်။ ။ "ဒု"ကို သိခြင်းကိစ္စ ပြီးလျှင် "ဒု" သည် အကျိုးသစ္စာဖြစ်၍ အကျိုးသည် အကြောင်းနှင့်မကင်း၍ တဏှာကြောင့် ဖြစ်သည်ဟု သိသဖြင့် "သ"ကို ပယ်ခြင်းကိစ္စလည်း ပြီးတော့သည်။ "သ"ကို ပယ်ခြင်းကိစ္စ ပြီးလျှင်လည်း "ဇာတိနိရောဓ ဘဝနိရောဓ ဒုက္ခနိရောဓ" နိဗ္ဗာန်ကိုမျက်မှောက်မြင်သိပြီးဖြစ်၍ "နိ"ကို မျက်မှောက်ပြုခြင်းကိစ္စလည်း ပြီးစီးတော့သည်။ "နိ" ကို မျက်မှောက်ပြုခြင်းကိစ္စပြီးစီးလျှင်လည်း "မ"ကို ပွါးများခြင်းကိစ္စလည်း ပြီးစီးတော့သည်။ ဤသုံးပါးပြီးစီးလျှင်လည်း မဂ်ကိစ္စပြီးစီးတော့သည်။

ဤကား "သစ်-ကိစ်-ကတ၊ ပြည့်စုံက၊ ပြီးထ,မဂ်ကိစ္စတည်း။

တနည်း ဓမ္မစကြာပါဠိတော်မှာ-

"ဒု" ၌။ **ဣဒံ ဒုက္ခံ အရိယသစ္စန္တိ စက္ခုံ ဥဒပါဒိ၊ ပရိညေယျန္တိ စက္ခုံ ဥဒပါဒိ၊ ပရိညာတန္တိ စက္ခုံ ဥဒပါဒိ။** (သုံးပါး။)

ဤ၌၊ သစ္စန္တိကား-သစ္စဉာဏ်ကို၊ ပရိညေယျန္တိကား-ကိစ္စဉာဏ်ကို၊ ပရိညာတန္တိကား-ကတဉာဏ်ကို ပြသည်။

"သ" ၌။ **ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စန္တိ စက္ခုံ ဥဒပါဒိ၊ ပဟာတဗ္ဗန္တိ စက္ခုံ ဥဒပါဒိ၊ ပဟီနန္တိ စက္ခုံ ဥဒပါဒိ၊** (သုံးပါး။)

ဤ၌၊ သစ္စန္တိကား-သစ္စဉာဏ်ကို၊ ပဟာတဗ္ဗန္တိကား-ကိစ္စဉာဏ်ကို၊ ပဟီနန္တိကား-ကတဉာဏ်ကို ပြသည်။

"နိ" ၌ ဣဒံဒုက္ခနိရောဓံ အရိယသစ္စန္တိ စက္ခုံ ဥဒပါဒိ၊ သစ္ဆိကာတဗ္ဗန္တိ စက္ခုံ ဥဒပါဒိ၊ သစ္ဆိကတန္တိ စက္ခုံ ဥဒပါဒိ။ (သုံးပါး။)

ဤ၌၊ သစ္စန္တိကား-သစ္စဉာဏ်ကို၊ သစ္ဆိကာတဗ္ဗန္တိကား-ကိစ္စဉာဏ်ကို၊ သစ္ဆိကတန္တိကား-ကတဉာဏ်ကို ပြသည်။

"မ" ၌၊ ဣဒံဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စန္တိ စက္ခုံ ဥဒပါဒိ၊ ဘာဝေတဗ္ဗန္တိစက္ခုံ ဥဒပါဒိ၊ ဘာဝိတန္တိ စက္ခုံ ဥဒပါဒိ။ (သုံးပါး။)

ဤ၌၊ သစ္စန္တိကား-သစ္စဉာဏ်ကို၊ ဘာဝေတဗ္ဗန္တိကား-ကိစ္စဉာဏ်ကို၊ ဘာဝိတန္တိကား-ကတဉာဏ်ကို ပြသည်။

ဒု,သ, နိ,မ, လေးရပ်ပေါင်း အပြန် ၁၂-ပါးဖြစ်သည်။

ဤ၌ သုံးလူ့ထိပ်တင် ဘုရားရှင်ကြီးမှာ၊ အဆိုပါ သစ္စာလေးပါးတို့၌ အဆိုပါ ဉာဏ်သုံးပါး၊ အပြန် ၁၂-ပါးသော အခြင်းအရာတို့ဖြင့်၊ အကြင်မျှလောက်သော ကာလပတ်လုံး၊ ပိုင်းခြားဝေဘန်၍ အမှန်အတိုင်းမသိသေး၊ ထိုမျှလောက်သော ကာလပတ်လုံး၊ ငါဘုရားဖြစ်ပြီ ဟူ၍ ဝန်မခံသေး၊ အကြင်အခါ သစ္စာလေးပါးတို့၌-အဆိုပါ ဉာဏ်သုံးပါး၊ အပြန် ၁၂-ပါးသော အခြင်းအရာတို့ဖြင့် ပိုင်းခြားဝေဘန်၍ အမှန်အတိုင်းသိရှိတော်မူ၏။ ထိုအခါ ငါဘုရားဖြစ်ပြီဟု ဝန်ခံတော်မူသည်။ သစ္စာမသိသမျှ ဘုရားမဖြစ်သေး၊ သစ္စာသိမှ ဘုရားဖြစ်သည်ဟု ဆိုရာရောက်, ဆိုရကြ၏။ သို့ရာတွင် သစ္စာသိသော်လည်း ဘုရားမဟုတ်တဲ့ ပစ္စေကဗုဒ္ဓါရဟန္တာ စသည်တို့မှာ ဘုရားမဖြစ်၊ မိမိတို့၏ ပါရမီဉာဏ် ဆုတောင်းအတိုင်းသာ ဖြစ်ကြရသည် မှတ်လေ။

ဒါကတော့ ဘုရားရှင်ကြီးရဲ့ ကိစ္စပြီးစီးပုံကိုသာ ပြဆိုခြင်းဖြစ်သည်။ သာဝကတို့မှာတော့ ပြီးလောက်မှ ပြီးပေသည်၊ ဘာကြောင့်လဲ ဆိုတော့ သစ္စဉာဏ်, ကိစ္စဉာဏ်တို့မှာ အနုဗောဓဉာဏ်နှင့်ပင် ပြီးစီးနိုင်သော်လည်း၊ ကတဉာဏ်မှာ တတိယသစ္စာခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင်တဲ့ ပဋိဝေဓဉာဏ်ဖြစ်မှသာ ပြီးစီးနိုင်ပေသည်။ ထို့ကြောင့်-**သစ္စ, ကိစ္စ,** ကတ, ဉာဏ်သုံးပါးလုံးပြည့်စုံ၍ မဂ်ကိစ္စပြီးစေနိုင်ရန် အောက်က ညွှန်ကြားခဲ့တဲ့အတိုင်း၊ နိရောဓသစ္စာနိဗ္ဗာန်ကို သန့်သန့်ကြီး အာရုံပြုနိုင်အောင်ပြုပါလေ။ ဝါ၊ တဏှာခန္ဓာအသစ်မဖြစ်ဘဲ အမြဲငြိမ်းအေးနေတဲ့ နိဗ္ဗာန်အာရုံနှင့်

ထို နိဗ္ဗာန်အာရုံကို မတွေ့မဝေ မျက်မှောက်မြင်သိတဲ့ အာရမ္မဏိက မဂ်စိတ်, ဖိုလ်စိတ်၊ ဤလို အာရုံအာရမ္မဏိကဖြစ်သွားအောင် အာရုံပြုပေးပါလေ။

မှတ်ချက်။ ။ သစ္စာလေးပါးကို သိမြင်ကြရာ၌၊ ပုထုဇဉ်တို့မှာ အနုဗောဓ လောကီသိတည်း။ အရိယာတို့မှာ··ပဋိဝေဓ လောကုတ္တရာသိတည်း။

ဥပမာ။ ။ ညဉ့်အခါ အဝေးမှ မီးရောင်ကိုမြင်ရသဖြင့်၊ ဤအရပ်၌ မီးရှိ၏ဟု သိရခြင်းသည် အနုဗောမသိနှင့်တူ၏။ သွားရောက်ပြီး မီးတောက်ကို တိုက်ရိုက်မြင်ရသည်နှင့် ပဋိဝေဓသိ တူ၏ဟု သိလေ, မှတ်လေ။ တနည်း-မီးခိုးကို မြင်သည်နှင့် အနုဗောဓသိ၊ မီးတောက်ကို မြင်သည်နှင့် ပဋိဝေဓသိ တူ၏မှတ်လေ။ အနုဗောဓ သိမှာ—"သိဆဲခဏ တဒင် တခဏမျှသာ။" ဒိဋ္ဌိကွာသည် ကိစ္စမပြီး သေး။ ပဋိဝေဓသိမှာ—"သိဆဲခဏ သမုစ္ဆေဒ၊" အကြွင်းမဲ့ ဒိဋ္ဌိကွာ သည်။ သောတာပတ္တိမဂ်ကိစ္စ ပြီးသည် မှတ်လေ။

---

# ဘုရားတဆူကိုမှီ၍

## အပိုင်း (၂)

**သမ္မာသမ္ဗုဒ္ဓံ ကော်နိဿာယ ယာဝဇ္ဇကာလာ**
**မုစ္စနကသတ္တာနံ ပမာဏံ နတ္ထိ။** ။(ပုဂ္ဂလ—ဌ)

**ဘာသာပြန်။** ။ မှန်၏။ တဆူသော ဘုရားကိုမှီ၍ ယနေ့တိုင်အောင်၊ ယနေ့အထိ သစ္စာသိ၍ သံသရာဘဝဝဋ်မှ ကျွတ်လွတ်ထွက်မြောက်ကြကုန်သော လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ အပိုင်းအခြား ပမာဏကား မရှိလေပြီဟူလို။

ထို့ပြင်–"ဂဏနပထံ ဝီတိဝတ္တာ"အရ၊ ငါတို့ဂေါတမဘုရားလက်ထက် ဘုရားဖြစ်စ,တရားဦးပွဲထွက်တရားလက်တဲ့စမ်းပမာ၊ဗာရာဏသီပြည်မိဂဒါဝုန်တောမှာ ဓမ္မစကြာခေါ်သော သစ္စာလေးပါးတရားကို စတင်၍ဟောကြားတော်မူတဲ့ခါ၊ လူသားထဲက ပဉ္စဝဂ္ဂီငါးဦး၊ ဗြဟ္မာတို့က တဆဲ့ရှစ်ကုဋေ၊ နတ်တွေမှာ အရေအတွက်မရှိ၊ သစ္စာသိ၍ အရိယာသောတာပန်တွေ ဖြစ်ကြသည်ဟု ဆိုသည်။

ထိုနောက်–ယသ,အမျိုးရှိသော ငါးကျိပ် ငါးယောက်။ နောက်–ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်။ နောက်–ရသေ့ညီနောင် ရှင်တထောင်။ နောက်–ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် စသော မရေမတွက်နိုင်သော လူသာဝက နတ်သာဝက, ရဟန်းသာဝကတို့သည် သစ္စာသိ၍ အရိယာသောတာပန် စသည် ဖြစ်ကြသည်ဆိုသည်။

တဖန်။ ။တထာသာရိပုတ္တတ္ထေရ မောဂ္ဂလာနတ္ထေရ အဝသေသေဝ အသီတိ မဟာသာဝကေ နိဿာယ သဂ္ဂံ ဂတသတ္တာနံ ပမာဏံနတ္ထိ၊ ယာဝဇ္ဇ ကာလာ တေသံဒိဋ္ဌာနုဂတိံ ပဋိပ္ပန္နာသတ္တာနံပမာဏံ နတ္ထိယေဝ။

ဘာသာပြန်။ ။ ထို့အတူ–ရှင်သာရိပုတ္တရာ,ရှင်မောဂ္ဂလာန်, အသီတိ မဟာ သာဝကတို့ကိုမှီ၍၊ သစ္စာသိ၍ နတ်ပြည်သို့လားကြသော သတ္တဝါတို့ကား ဤမျှ ဤရွေ့ဟု အတိုင်းအရှည်ပမာဏမရှိ၊ ယနေ့ထိတိုင် များလှဘိ၏။ ထို သာဝကတို့၏ အကျင့်အမူအရာကို အတုခိုး နည်းယူ၍ ကျင့်ကြံအားထုတ်ကြ သဖြင့် သစ္စာသိ၍ ရှေးဦးစွာ အပါယ်လွတ်တရားရ, နောက်ကာလ မွေး သေ လွတ်တဲ့ နိဗ္ဗာန်ကို ရကြတဲ့ လူ့,နတ်,ဗြဟ္မာ သတ္တဝါတို့သည်ကား အတိုင်းမသိ များလှဘိတောင်းဟူလို။

ဆောင်ပုဒ်။

၁။ ဘုရားဗုဒ္ဓ မှီကြမျာ:စွာ၊ လူနတ်အများ သိငြားသစ္စာ။
သံသရာဝဋ်မှ ကျွတ်ရများစွာ၊ ရွေ့ကိုလဲ ကျွတ်မြဲကျွတ်ဦးမှာ။

၂။ သစ္စာသိက ဒိဋ္ဌိပယ်ခွါ၊ အပါယ်လွတ်ရ မုချမှတ်ပါ။
လူထဲနတ်ထဲ ပျော်မြဲစံကာ၊ နိဗ္ဗူနန်း စံမြန်းရတော့မှာ။ ။

ဤ၌– စတုဝီသတာ သခ္ချေယျာ၊ သဒ္ဓိယော ကောဋိယော စေဝ။
ပါဏာနိသတ သဟဿာနိ၊ ကောဗုဒ္ဓေါ ပမောစယိ။ ။

ဘုရား တဆူ တဆူ ပွင့်တော်မူလျှင်၊ နှစ်ဆဲ့လေးသင်္ချေနှင့် ကုဋေ ခြောက်ဆယ်, ဗိုလ်ခြေသိန်း၊ ကျွတ်တမ်းဝင်တယ်ဆိုတဲ့ "တထာဂတုပ္ပတ္တိ" ကျမ်းလာစကား။

သဗ္ဗညုတံပတ္တာ စတုဝီသတိ အသခ္ချေယျပ္ပရိမာဏေ သတ္တေ ဝိမုတ္တိရသံ ပါယေသိ။ ။

ဘုရားတဆူ သဗ္ဗညုတဉာဏ်သို့ရောက်၍၊ နှစ်ဆဲ့လေးသင်္ချေ အတိုင်း အရှည်ရှိသော သတ္တဝါတို့ကို အရဟတ္တဖိုလ်ဟူသော အမြိုက်အရသာတို့ကို တိုက်တော်မူသည်ဆိုသော ဇိနာလင်္ကာရ ကျမ်းလာ စကားတို့မှာ အကုန် အစင်မဟုတ်၊ အသင့်အတင့် ရေတွက်၍ပြသော အရေအတွက် ဟူ၍သာ မှတ်ယူသင့်ပေသည်။ ယုတ္တိလည်းမတန် လေးသင်္ချေ, ရှစ်သင်္ချေ, တဆဲ့ခြောက်သင်္ချေနှင့်စာလျှင် နည်းလွန်းလှသည်။

အဘယ်ကြောင့်ဆိုသော်—

**မဟာသမယသုတ္တန္တေ၊ မင်္ဂလသုတ္တန္တေ၊စူဠရာဟုလောဝါဒေ သမစိတ္တ ပဋိပဒါယာတိ၊ ဣမေသု စတူသု ဌာနေသု အဘိသမယပတ္တသတ္တာနံ ပရိစ္ဆေဒေါ နတ္ထိ။ ။**

ဟု ဖွင့်ပြတော်မူသော(ကေနိပါတ်အင်္ဂုတ္တိုရ်အဋ္ဌကထာ။)

ထိုပြင်—**မဟာသမယသုတ္တန္တေစ အထော မင်္ဂလသုတ္တကေ၊ သမစိတ္တေ ရာဟုလော ဝါဒေ ဓမ္မစက္ကာပဝတ္တနေ၊ ဒေဝတာသမိတိ တတ္ထ အပ္ပမေယျော အသင်္ချေယျော။ ။**ဟု ဖွင့်ပြသော(သုတ္တနိပါတ် အဋ္ဌကထာကြီး။)

ထိုပြင်-**ကထာပရိယောသာနေ အသင်္ချေယျာနံ ဒေဝတာနံ ဓမ္မာဘိသမယော အဟောသိ။ ။**ဟု ဖွင့်ပြသော(ဝိနည်းအဋ္ဌကထာကြီး။)

ဤလို ဤပုံ – သင်္ဂါယနာ သုံးတန်ဝင် အဋ္ဌကထာကြီးတို့၏ စကားကိုသာ၊ ဝါ၊ ဘုရားတဆူတဆူ ပွင့်တော်မူလျှင် အရေအတွက်မရှိ၊ မရေမတွက်နိုင်အောင် ကျွတ်တမ်းဝင်ကြသည် ဟူသော စကားကိုသာ အခိုင် အမာ ယူသင့်သည်၊ ယုတ္တိလည်းတန်သည်။

---

## မသေတဲ့ နိဗ္ဗာန်

တနည်း သစ္စာလေးပါး—

**ယေဓမ္မာဟေတု ပဘဝါ၊ တေသံဟေတုံ တထာဂတော။**
**အာဟတေသဉ္စ ယောနိရောဓော၊ဧဝံဝါဒီ မဟာသမဏော။**(ဝိနယမဟာဝါ-ဋ္ဌ)

အာဝုသော၊ ငါ့ရှင် ဥပတိဿ။ ယေဓမ္မာ၊ အကြင်ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်။ ဝါ၊ ဒုက္ခသစ္စာတို့သည်။ ဟေတုပဘဝါ၊ ရှေးဘဝက ဘုံသုံးပါးတို့၌ တဖန် ပြန်လို ဖြစ်လို ဖြစ်ချင်နေတဲ့ သမုဒယသစ္စာ ဘဝ

တဏှာလျှင် အကြောင်းရင်းမူလ လက်ဦးအစ ပထမ ဖြစ်ကြကုန်၏။ တေသံ၊ ထိုဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာတို့၏။ ယောတိ၊ အကြောင်းဖြစ်သော သမုဒယသစ္စာကို။ တထာဂတော၊ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ တေသံ၊ ထို "ဒု–သ" သစ္စာနှစ်ပါးတို့၏။ ယောနိရောဓော စ၊ အကြင် ချုပ်ရာဖြစ်သော နိရောဓသစ္စာကိုငှင်း။ ယောနိရောဓုပါယဥ္စ၊ အကြင် "ဒု–သ" နှစ်ပါးတို့၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကိုငှင်း။ တထာဂတော၊ ငါတို့ဆရာ ဘုရားမြတ်စွာသည်။ အာဟ၊ ဟောတော်မူ၏။ အာဝုသော၊ ငါ့ရှင် ဥပတိဿ။ မဟာသမဏော၊ ရဟန်းမြတ်စွာ ဗိုလ်ဆရာသည်။ ဧဝံဝါဒီ၊ ဤလို ဤပုံ အကြောင်းအကျိုးဖြင့် ယူသော သစ္စာဝါဒီအယူရှိပေ၏။

(အဋ္ဌကထာအဖွင့်ကိုကြည့်၍ ပေးသောအနက်တည်း။)

အမှာ။ ။ ဤ၌၊ နိရောဓသစ္စာကို အကျိုး၊ မဂ္ဂသစ္စာကို အကြောင်းဟု ဟောတော်မူသည်၊ 'ပဋ္ဌာန်းကျမ်း'၌ကား၊ နိဗ္ဗာန်ကိုအာရုံအကြောင်းဟု ဟောတော်မူသည်။ "ဓမ္မသင်္ဂဏီ" ဝိပါကတိတ် တတိယ ပုဒ်၌ကား-ဇနကဇညအဖြစ်ဖြင့်၊ နိဗ္ဗာန်သည် အကြောင်းအကျိုး နှစ်ပါးမှ လွတ်သည်ဟုဟောတော်မူသည်။ ဤအရာများကိုထောက်၍၊ အကြောင်းအကျိုးကို အရာရာသို့လိုက်၍ ယူရသည်ဟု သိရမည်။

အဓိပ္ပါယ်။ ။ ငါတို့ ဘုရားလက်ထက်တော်၊ လကျ်ာတော်ရံ ဖြစ်မဲ့ ရှင်သာရိပုတ္တရာ လောင်းလျာ ဥပတိဿပရိဗိုဇ် သည်၊ အဆွေဖြစ်သော ကောလိတနှင့် တောင်ထိပ်ပွဲသဘင်မှအစ, မသေတဲ့တရားကို၊ ဝါ၊ နိဗ္ဗာန်တရားကို အရင်ရသူက ပြောကြစတမ်းဟု ကတိပြုကာ ရှာဖွေစုံစမ်း ထောက်လှမ်း၍နေကြရာ၊ "စားရက်ကြုံတော့ မုတ်ဆိတ်ပျားစွဲ" ဆိုတာလို၊ ပဉ္စဝဂ္ဂီ အဝင်အပါ ရှင်အဿဇိနှင့် အခန့်သင့်တွေ့ရှိကြရာ၊ အဆိုပါ ရှင်အဿဇိထံမှာ သစ္စဒီပိကဂါထာ့သစ္စာလေးပါး ပါဝင်သော သစ္စာလေးပါးကို ပြဆိုထားသော၊ သစ္စာလေးပါးနှင့်စပ်သော အမြတ်တရားကို ကြားနာလိုက်ရတဲ့အခါ သမုဒယကြောင့် ဒုက္ခ၊ အကြောင်းကြောင့် အကျိုး၊ တဏှာကြောင့် ခန္ဓာ၊ ကံအားလျော်စွာ ဖြစ် ပျက် မွေး သေ သံသရာရှည်၍ နေကြရသည်ကိုငှင်း။ အကြောင်းတဏှာကို ပယ်သတ်ပါလျှင် အကျိုးခန္ဓာလဲရပ်၍၊ ကြောင်းကျိုး

နှစ်ရပ် အစဉ်ပြတ်၍ နောက်ထပ်အသစ်မဖြစ်တော့ဘဲ၊အမြဲငြိမ်းအေးသွားတဲ့ အသခ်တဓာတ်, မသေတဲ့ ပရမတ်နိဗ္ဗာန်ကိုရင်း ကြားနာလိုက်ရတဲ့အခါ၊ တတိယသစ္စာခေါ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မျက်မှောက်မြင်သိ၍ သောတာပတ္တိ မဂ်ဉာဏ်ကို လက်ကိုင်ရရှိ သွားပါသောကြောင့်....

အမေ့ဟိ နာမ ဠဒ ပဒံ အဒိဋ္ဌမေဝ ဗဟုကေဟိ ကပ္ပနဟုတေဟိ အဒ္ဒိုတံ။ ။ ဆိုတဲ့ အဖွင့်နှင့်အညီ။

အဲ—ဒါဘဲ,ဒါဘဲ၊ တွေ့ပြီဘုရား၊ မြင်ပြီဘုရား။ အဲသည် မသေတဲ့ အမတ ခေါ်တဲ့ နိဗ္ဗာန်ကို ဒေါင်းတောက်အောင် မနေမနား ရှာဖွေပါသော်လည်း၊ အရှင်ဘုရားတို့လို နိဗ္ဗာန်လက်ကိုင်ရှိတဲ့ ပုဂ္ဂိုလ်နှင့် မတွေ့ရလို့၊ နိဗ္ဗာန်ကို တစွန်းတစ, အစအန, သဲလွန်စမျှ မတွေ့ရ,မမြင်ရသောကြောင့် တပည့်တော်တို့မှာ ဘုရား ကမ္ဘာကမ္ဘေ မရေမတွက်နိုင်အောင် လွန်ခဲ့လေပြီ ဘုရားဟု၊ အားရပါးရ ဝမ်းမြောက်ဝမ်းသာနှင့် လျှောက်ထားပစ်လိုက်တဲ့ ဥပတိဿရဲ့ စကားကို ထောက်ထားကြည့်ပါလျှင်၊ ဘုရားရှင်သာသနာတော်နှင့် မတွေ့ ပါလျှင်၊ တွေ့သော်လည်း လူ့သူတော်ကောင်း, ရဟန်းသူတော်ကောင်းဆိုတဲ့ ကလျာဏ မိတ်ကောင်းနှင့် မပေါင်းရပါလျှင်၊ ပေါင်းမိသော်လည်း အမှန် လေးပါးခေါ်တဲ့ သစ္စာလေးပါး အမြတ်တရားကို မကြားနာရပါလျှင်၊ သစ္စာသိ၍ ရှေးဦးစွာ အပါယ်လွတ်တရားရ, သောတာပန် အရိယာဖြစ်၊ နောက်ဆက်ခါ တဏှာကိုအကြွင်းမဲ့ပယ်သတ်နိုင်တဲ့ခါ၊ မွေး သေ လွတ်တဲ့ နိဗ္ဗာန်ကိုရရှိနိုင်ကြဘို့ရာ လွန်စွာလွန်စွာ ခဲယဉ်းလှပုံ၊ ကမ္ဘာ ကမ္ဘေ မရေ မတွက်နိုင်အောင် ဖြစ် ပျက် မွေး သေ ဆိုတဲ့ သံသရာရေကြောမှာ နစ်တုံ ပေါ်တုံ တမှုံမွှားမွှား, ဆုံလည်သည့်နွား, ရဟတ်ချားသို့ တပေါ်လောလော မျော၍မဆုံးနိုင်ပုံ၊ အဆိုပါ အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်မှသာ သစ္စာသိ၍ သောတာပန်ဖြစ်ပြီး ရှေးဦးစွာ အပါယ်မှလွတ်ရပုံ၊နောက်ပိတ်ဆုံး မွေး သေ လွတ်တဲ့နိဗ္ဗာန်သို့ရောက်နိုင်ပုံများကို လေးလေးစားစား,လေးလေး နက်နက် ဆင်ခြင် စဉ်းစား သတိကြီးကြီး ထားကြပြီးလျှင်၊ အဆိုပါ အကြောင်းတရားတို့အားလုံးညီညွတ်နေတဲ့ ယခုလက်ရှိဘဝမှာဘဲ သေနေ့က မဦးခင် သစ္စာသိ၍ အပါယ်လွတ်တရားရ,သောတာပန်စသော အရိယာများ ဖြစ်သွားနိုင်ကြအောင် အထူးကြိုးစားကြပါလေ။

ဤဂါထာ၌ သစ္စာလေးပါး အရကား–

၁။ ယေဓမ္မာဖြင့် ဒုက္ခသစ္စာကိုပြသည်၊ ရုပ်နာမ်ခန္ဓာကို ရ၏။
၂။ ဟေတုပဘဝါဖြင့် သမုဒယသစ္စာကို ပြသည်၊ တဏှာကို ရ၏။
၃။ တေသံဖြင့် နိရောဓသစ္စာကိုပြသည်၊ နိဗ္ဗာန်ကို ရ၏။
၄။ တေသဉ္စ ယော နိရောဓော စ ဖြင့် မဂ္ဂသစ္စာကို ပြသည်၊ မဂ္ဂင်ရှစ်ပါးကို ရ၏။

ဤကျမ်းမှာ။ ။ သစ္စာသိ၍ အရိယာ သောတာပန်အစစ် ကေန် ဖြစ်ပြီး၊ အပါယ်လွတ်တရားရ ဖြစ်ကြစေခြင်းငှါ အဓိကထား၍ ရေးသားသော ကျမ်းဖြစ်ပါသောကြောင့်၊ သောတာပတ္တိ မဂ်၏ အင်္ဂါ၊ သောတာပန်၏ အင်္ဂါတို့ကို အလျှင်တလို သိထားဘို့ရာ ကျမ်းတပ်ါး အဆိုဖြင့် ပြဆိုပါဦးအံ့။

---

**သောတာပတ္တိမဂ် အင်္ဂါလေးပါး။**

**စတ္တာရိ သောတာပတ္တိယင်္ဂါနိ သပ္ပုရိသသံသေဝေါ သဒ္ဓမ္မသဝနံ၊ ယောနိသော မနသိကာရော၊ ဓမ္မာနုဓမ္မပဋိပတ္တိ။** ။(သုတ်–ပါ–ဋီ)

**ဘာသာပြန်။ ။ သောတာပတ္တိမဂ်၏ အင်္ဂါတို့သည် –**

(၁) ဘုရားစသော သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်း။
(၂) ရုပ် နာမ် ခန္ဓာ ဓာတ်သစ္စာနှင့်စပ်သော အမြတ်တရားကို ကြားနာခြင်း။
(၃) ထို ရုပ်နာမ်ခန္ဓာတို့ကို အနိစ္စ,ဒုက္ခ,အနတ္တဟု အသင့်အားဖြင့် နှလုံးသွင်းခြင်း။
(၄) လောကုတ္တရာအားလျော်သော ဝိပဿနာ အလုပ်ကို အားထုတ်ခြင်း။

အဆိုပါ အင်္ဂါလေးပါးတို့တွင် ၁–၂ အင်္ဂါတို့မှာ ဗုဒ္ဓဘာသာတို့အား အထိုက်အလျောက် ပြည့်စုံကြပြီးဖြစ်၍၊ ၃–၄ အင်္ဂါတို့ကိုသာ သဲသဲမဲမဲ ပြည့်စုံအောင် ခံရမည်ဖြစ်သည်။

မှတ်ချက်။ ။ အဆိုပါ အင်္ဂါလေးပါးသည်လည်း၊ ပုဗ္ဗေစ ကတပုညတာ ရှိမှ ပြည့်စုံနိုင်ကြောင်း။ ပုဗ္ဗေစ ကတပုညတာ့က စခဲ့ကြောင်း၊ ၎င်းရှိက သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာအထိဖြစ်နိုင်ကြောင်း လိုရင်းဖြစ်ကြောင်းကို ကောင်းကောင်းကြီး သိရှိကြပါလေ။

ဆောင်ပုဒ်။ ။ သူတော်ဆည်းကပ် အမြဟ်တရားနာ၊
သင့်အောင်စိတ်ထား ရှုပြွားဝိပဿနာ၊
အင်္ဂါလေးဝ ပြည့်ထ,သူမှာ၊
သောတာပတ် ရောက်လတ် မြန်မကြာ။ ။

**စတ္တာရိ သောတာပန္နဿ အင်္ဂါနိ ဣဓ ဝုသော အရိယသာဝကော ဗုဒ္ဓေ အဝေစ္စပသန္နေန သမန္နာဂတော ဟောတိ။ ပ။ ဓမ္မေ ။ ပ။ သံဃေ အရိယကန္တေဟိ သီလေဟိသမန္နာဂတော ဟောတိ။ ပ။ သမာဓိသံဝတ္တနိကေဟိ။ ။** (သဋ္ဌ—သံ—ပါဠိ။)

ဘာသာပြန်။ ။ တကယ်သစ္စာသိ၍ တကယ်သောတာပန်အစစ် ဖြစ်ပြီးသော သောတာပန်၏ အင်္ဂါတို့သည် သက်တော်ထင်ရှား မြတ်ဘုရား၏ ဂုဏ်တော်ကိုးပါးတို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ ဆယ်ပါးသော တရားတော်မြတ်၏ဂုဏ်တော်ခြောက်ပါးတို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ ရှစ်ယောက်သံဃာ အရိယာတို့၏ ဂုဏ်တော်ကိုးပါးတို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ အရိယကန္တခေါ် ငါးပါးသီလတို့၌ အသက်ထက်ဆုံး ကျိုးပေါက်,ပျောက်ကြားခြင်းမရှိ အလုံးစုံပြည့်စုံခြင်း။ ဤကား သောတာပန်၏ အင်္ဂါလေးပါးတည်း။ သောတာပန် ဖြစ်ခြင်လျှင်၊ ဝါ၊ အပါယ်လွတ် တရား ရလိုလျှင်၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံအောင် ကျင့်ကြံ အားထုတ်ပါလေ။

ဆောင်ပုဒ်။ ။ ရတနာသုံးပါး ယုံကြွားကေန်၊ ငါးပါးသီလ လုံထ,အမှန်။
အင်္ဂါလေးဝ ညီမျှစုံလျှံ၊ ထိုသူမြတ် မချွတ်သောတာပန်။

အမှာ။ ။အဆိုပါအင်္ဂါလေးပါးနှင့်ပြည့်စုံသူကို "ဓမ္မာနုဓမ္မ ပဋိပတ္တိ ပဋိပန္နော သောတာပတ္တိ ပဋိလဘတိ" ဆိုတဲ့ သံ-ဋ္ဌ-အရ၊ သောတာပတ္တိမဂ်၏ ရှေးအဘို့၌ ဖြစ်သော အဘိသမာစာရိကဝတ်,

အသီတိဝတ်,ဓုတင်အကျင့်ဝတ်တို့ကို ကျင့်သည်ရှိသော်၊ ထိုသူသည် သောတာပတ္တိမဂ်ကို ရ၏ဟုဆို၏။ သောတာပန်ပုဂ္ဂိုလ်၏ အင်္ဂါနှင့် ပြည့်စုံ၍ သောတာပန်ဖြစ်လျှင် ဘယ်နည်းနှင့်မှ အပါယ် မကျ, ကျနိုင်တဲ့နည်းပင်မရှိ၊ ဤသို့သိ၍ အင်္ဂါနှင့်ပြည့်စုံအောင် ကြိုးစားလေ။

**မှတ်ချက်။** ။ ဤ၌ စုဒ္ဒသဝတ်, အသီတိဝတ်တို့မှာ စူဠဝါ, မဟာဝါတို့၌ လာ၏။ ဓုတင်မှာ ဝိသုဒ္ဓိမဂ်၌ လာ၏။ အထူးမှာ-စုဒ္ဒသဝတ်ကို ဝတ်ကြီးယူ။ အသီတိဝတ်ကို ဝတ်ငယ်ယူ။ ဤဝတ်ကြီး,ဝတ်ငယ်ကို အဘိသမာစာရိကဝတ် ဆိုသည်။ ဤနှစ်ဝတ် ဖြည့်ကျင့်သောသူကို အဘိသမာစာရိကဝတ်ကို ဖြည့်ကျင့်သောသူဟု ဆိုရ၏။

....................

**ဓမ္မာဒါသ တရားမှန်။**

**ယေန သမန္နာဂတော အရိယသာဝကော အာကင်္ခမာနော အတ္တာနံ ဗျာကရေယျ ခီဏနိရယောမှိ၊ ခီဏတိရစ္ဆာနယောမှိ ခီဏပေတ္တိဝိသယော ခီဏအပါယဒုဂ္ဂတိ ဝိနိပါတော သောတာပန္နောဟမှိ။**

**ဘာသာပြန်။** ။ အဆိုပါ အင်္ဂါလေးပါးနှင့် လိုလေသေးမရှိ ပြည့်စုံ၍၊ သောတာပန်ဖြစ်ပြီးသော သူသည်, ငါသည် သောတာပန်ဖြစ်ပြီ၊ ငါသည် ကုန်ပြီး ကင်းပြီးသော ငရဲရှိသည်၊ ကုန်ပြီး ကင်းပြီးသော တိရစ္ဆာန်ရှိသည်၊ ကုန်ပြီး ကင်းပြီးသော ပြိတ္တာရှိသည်၊ အပါယ်လေးဘုံတို့သို့ တဖန် ပြန်၍ ကျရောက်ခြင်းအားဖြင့် ပျက်စီးခြင်းမရှိတော့ပြီဟု သူတပါးတို့အား ပြောလိုက,ပြောနိုင်ပြီဟု သံယုတ်ပါဠိတော်မှာ ဟောတော်မူခဲ့ပါသည်။လောက၌ လူတို့ကြည့်ကြသော မှန်သည် မိမိမျက်နှာ၌ တစုံတရာ အညစ်အကြေးရှိသည် မရှိသည်ကို သိရှိဘို့ရာ ဖြစ်သကဲ့သို့၊ ထို့အတူ-ဤတရားတည်းဟူသော မှန်သည်လည်း၊ မိမိမှာ အဆိုပါ အင်္ဂါလေးပါး ပြည့်စုံသည် မပြည့်စုံသည်ကို ကြည့်ရှုဘို့ရာပင်ဖြစ်၏။ အကယ်၍ မပြည့်စုံသေးက သောတာပန်မဖြစ်သေး၊ ပြည့်စုံက, ဖြစ်ပြီဟု သိရန်ပင်ဖြစ်၏။ မပြည့်စုံက လိုရာအင်္ဂါကို ပြည့်စုံအောင် ကျင့်ရမည်။

**သစ္စာလေးပါးခေါ် အမှန်လေးပါး။** ။ သစ္စာလေးပါး ဆိုတာ ပါဠိစကားဘဲ၊ မြန်မာလိုပြန်တော့ အမှန်လေးပါးဟု ဆိုလိုပေသည်။

**အပှန်လေးချက် သဘောနက်—**

ခန္ဓာငါးဖြာ -- ဒု—သစ္စာကလဲ၊ဆင်းရဲခြင်းမှန်တာ တချက်။
တဏှာသုံးဖြာ—သ—သစ္စာကလဲ၊ဆင်းရဲကြောင်းမှန်တာ တချက်။
နိဗ္ဗာန်ခေါ် — နိ—သစ္စာကလဲ၊ဆင်းရဲချုပ်ငြိမ်းရာမှန်တာ တချက်။
မဂ္ဂင်ရှစ်ဖြာ — မ—သစ္စာကလဲ၊ဆင်းရဲချုပ်ငြိမ်းကြောင်းမှန်တာတချက်။

**သဘောနက်။**

(၁) ဆင်းရဲတာမှန်တဲ့ ဒု, သစ္စာကို တသံသရာလုံးကြီးမှာ ဘယ်လို ဖြစ်ပျက်နေကြ၍၊ဘယ်လို ဆင်းရဲမှန်တယ်ဆိုဘာကိုလဲ ထိုးထွင်း၍ သိဘို့ရာ သဘောကလဲ နက်တယ်။

(၂) ဆင်းရဲကြောင်း မှန်တဲ့ သ, သစ္စာကို တသံသရာလုံးကြီးမှာ ဘယ်လိုဆင်းရဲကြောင်းမှန်တယ်ဆိုတာကိုလဲ ထိုးထွင်း၍သိဘို့ရာ သဘောကလဲ နက်တယ်။

(၃) ဆင်းရဲချုပ်ငြိမ်းရာမှန်တဲ့ နိ, သစ္စာကို ဘယ်လို ဘယ်ပုံ ဆင်းရဲ ချုပ်ငြိမ်းရာ မှန်တယ်ဆိုတာကိုလဲ ထိုးထွင်း၍သိဘို့ရာ သဘော ကလဲ နက်တယ်။

(၄) ဆင်းရဲချုပ်ငြိမ်းကြောင်းမှန်တဲ့ မ, သစ္စာကို ဘယ်လို ဘယ်ပုံ ဆင်းရဲ ချုပ်ငြိမ်းကြောင်း မှန်တယ်ဆိုတာကိုလဲ ထိုးထွင်း၍ သိဘို့ရာ သဘောကလဲ နက်တယ်။

**ဘယ်ပုံနက်သလဲ ခက်သလဲဆိုတဲ့အမေး၌။** "ဒု—သ—နိ—မ" ဆိုတဲ့ သစ္စာ လေးပါးတို့တွင် ရှေးဖြစ်သော "ဒု—သ" သစ္စာနှစ်ပါးတို့မှာ သိနိုင်ခဲသည်၏ အဖြစ်ကြောင့် နက်ကုန်၏။ နောက် " နိ—မ " သစ္စာ နှစ်ပါးတို့မှာ သဘော အားဖြင့် နက်သည်၏အဖြစ်ကြောင့် မှုံညှင်းစေ့ကို မြင်းမိုရ်တောင်ကြီးဖြင့် ဖုံးဖိ၍ထားဘိအလား အလွန်အားဖြင့် သိနိုင်ခဲကုန်၏။ တဖန် ရှေ့ "ဒု—သ" နှစ်ပါးတို့မှာ လောကီသစ္စာများဖြစ်ကြ၍ ရုန့်ရင်း ကြမ်းထမ်းသောကြောင့် အထိုက်အလျောက် ပေါ်လွင်ထင်ရှားတယ်ထားဦးတော့၊ နောက် "နိ—မ" သစ္စာနှစ်ပါးတို့မှာ လောကုတ္တရာ သစ္စာများဖြစ်ကြ၍ နူးညံ့သိမ်မွေ့သော ကြောင့်၊အထက်ဘဝဂ်ကို လှမ်းယူခြင်းငှါ လက်ကိုဆန့်တန်းဘိသကဲ့သို့ရင်း၊

အောက်အဝိစိကို တိုထိခြင်းငှါ ခြေကို ဆန့်တန်းဘိသကဲ့သို့ရှင်း။ ထို့ထက်ပင် အဆတရာ, မကသာ၍ ပို့မိုနက်နဲ ခက်ခဲသေး၏ဟူ ကျမ်းဂန်တို့၌ ပြဆို ကြကုန်၏။

**ဆောင်ပုဒ်—**

ဘဝဂ်လက်လှမ်း ဆန့်ဘန်းပမာ၊ ဝီစိခြေလှမ်း တာရှမ်းမှတ်ပါ။
ထို့ထက်နက်နဲ ခက်ခဲသစ္စာ၊ နက်ခက်လှ လေးဝ မြတ်သစ္စာ။

**မဂ္ဂင်မျက်မှန်။** ။ ဘယ်လိုဘဲနက်နက်၊ ဘယ်လိုဘဲ ခက်ခက်၊ **တောင်ကြီး ဖဝါးအောက်၊ ကျမ်းကြီး လျှာအောက်** ဆိုသကဲ့သို့၊ **ယောကျ်ားတမွန် လူရေချွန်ကား၊ ကောင်းကောင်နက္ခတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်းရမြဲတမ်းတည်း** ဆိုသည်နှင့်အညီ၊ မဖြစ်မနေ, မသိမနေ ထွန့်နဘဲကောင်းကောင်း, ထွန့်သတ္တိရှိရှိနှင့်၊ သစ္စာသိအောင်ကြိုးစားအားထုတ်ပါလျှင်။ ဝါ၊ သင်ယူမှတ်သားကြားနာပါလျှင်။ ဝါ၊ မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားကို ပွါးများ အားထုတ်ပါလျှင်။ ဝါ၊ မဂ္ဂင်ရှစ်ပါးတွင် စ,ဦး ပါဝင်သော သမ္မာဒိဋ္ဌိခေါ်သော မိုးကုတ်ကျောက်စလင်းတတ် ရွှေကိုင်းမျက်မှန်နှင့် တပ်ဆင်၍ အဖန်ဖန် ကြည့်ရှုပါလျှင်၊ နက်သလောက်, ခက်သလောက်ကိုပင် ထိုးဖေါက်၍ သိမြင်လာပါလိမ့်မည်။ ယခုလို မသွယ်မဝိုက် တိုက်ရိုက်တဲ့ထိုး ကျဉ်းကျဉ်းနှင့် ရှင်းရှင်း သစ္စာအကြောင်း ကောင်းကောင်းကြီး သိသွားအောင် ဖေါ်ပြ ရေးသားထားတဲ့ "သစ္စာမျက်မှန်ကျမ်း၊ သစ္စာမှန်ပြောင်းကျမ်း"ခေါ် ဆိုထိုက်တဲ့ သစ္စာ အလင်းပြကျမ်းကို အမြဲဘမ်းလက်ကိုင်ထား၍ ကြည့်ရှုသွားပါလျှင် မကြာ ခင်ပင်၊ ဝါ၊ သေနေ့မဦးခင်ပင် ရှေးဦးစွာ အနုဗောဓခေါ်သော လောကီ ဉာဏ်ဖြင့်၊ သစ္စာသိ၍ လူသာမန်, ရှင်သာမန်, ယောကျ်ားသာမန်, မိန်းမ သာမန် မဟုတ်တော့ဘဲ၊ စူဠသောတာပန် အဆင့်အတန်းသို့ ရောက်ကာ၊ နောက်အခါကာလ တတိယသစ္စာခေါ်တဲ့ နိရောဓသစ္စာနိဗ္ဗာန်ကို ပဋိဝေဓ ခေါ်သော လောကုတ္တရာမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိကာ၊ မဟာသောတာပန် အဆင့်အတန်းသို့ရောက်သွားပါလျှင်၊ ဘယ်ဘဝ,ဘယ်ကမ္ဘာကမှ အပြီးအစီး ပိတ်မထားနိုင်ခဲ့တဲ့ အပါယ်လေးပါး တခါးကြီးကို အပြီးအစီး ပိတ်ထား လိုက်နိုင်ပြီဖြစ်၍၊ အပါယ်ဘေးအတွက်ရင်မလေးရတော့ဘဲ၊ တခါထဲ ဝိသာခါ အနာထပိဏ်တို့လို ရင်အေးသွားနိုင်ကြပေလိမ့်မည်။

**သစ္စာအလင်းပြ** ဆိုတဲ့အတိုင်း၊ တစတစ လင်းလင်းသွားအောင်,ရှင်းရှင်း သွားအောင် ကျမ်းအစောင်စောင်ကိုမှီ၍ ပြဆိုသွားပါမည်။ ဝါ၊ သစ္စာ မသိတဲ့ မောဟမှောင်ကိုခွင်း၍၊ သစ္စာသိတဲ့ ဝိဇ္ဇာဉာဏ် အလင်းရောင်ကို ပြဆောင်၍သွားပါမည်။ ဝါ၊ ပင်လယ်ကမ်းရိုးတန်းမှာ မီးပြတိုက်ကြီးတွေ ပမာ။ ဝါ၊ ဗမာပြည် သီလဝါ မီးပြတိုက်ကြီးပမာ၊ သစ္စာသိတဲ့ သမ္မာဒိဋ္ဌိ မဂ္ဂင်, ဝိဇ္ဇာဆိမီးတိုင်ကြီးကို ညှိထွန်းပြထားပါမည် ဟူလို။ ။

.....................

**ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာ။**

(၁) **ယံ ခေါ ဘိက္ခု ဒုက္ခေအညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယံ အညာဏံ၊ အယံ ဝုစ္စတိ ဘိက္ခုအဝိဇ္ဇာ။** (သ—သစ္စ—ဋ္ဌ)

**ဘာသာပြန်။** ။ (ဒု—ဌ) ရဟန်း-လက်ရှိခန္ဓာမျိုး ဥပါဒါန်၏ အာရုံ ဖြစ်သော လောကီခန္ဓာငါးပါးသည်ကား။ ဝါ၊ တဏှာကိုထား၊ တဏှာမှ တပါး၊ ဘုံသုံးပါးရှိ ခန္ဓာတပါး၊ ခန္ဓာလေးပါး၊ ခန္ဓာငါးပါးသည်ကား၊ ဝါ၊ လောကီစိတ်-၈၁။ လောဘကြဉ်သော စေတသိက်-၅၁။ ရုပ်-၂၈ သည်ကား၊ ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ဖြစ်သည်ကစ, စုတိ သေနေ့သို့ ကျအောင်၊ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်း စစ်မှန်လှသောကြောင့် **ဒုက္ခသစ္စာ** ဖြစ်သည်ဟု အကြင်မသိခြင်းသည်ရှင်း၊ ဤလို ဒု ကို ဒု-မှန်း မသိတာ အဝိဇ္ဇာ။

(သ—ဌ)။ ရဟန်း—သမုဒယသစ္စာ၌ ဒုက္ခသစ္စာတုံးက ချန်ထားခဲ့သော ဘုံသုံးပါးတို့၌ ကောင်းနိုးနိုး မှတ်ထင်၍၊ ဘုံသုံးပါးတို့၌ပင် တဖန်ဝါဖန် ပြန်၍ပြန်၍ ဖြစ်လိုဖြစ်ချင်နေတဲ့ သဿတ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွသော ဘဝ တဏှာ, ဝိဘဝတဏှာ,လောဘသည် ဖြစ်လို၍ ဖြစ်ပြန်လျှင်၊ ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ဇာတိဒုက္ခ စသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ကို မုချ ဖြစ်စေတော့မှာ စစ်မှန်သောကြောင့် **သမုဒယသစ္စာ** ဖြစ်သည်ဟု အကြင်မသိခြင်းသည်ရှင်း၊ ဤလို **သ**-ကို သ-မှန်း **မသိ**တာ အဝိဇ္ဇာ။

(နိ—၌)။ ရဟန်း—ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာ၌၊ တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့်၊ တဏှာခန္ဓာ အသစ်မဖြစ်တော့ဘဲ၊ အဆိုပါ တဏှာ ခန္ဓာ ဒု-သ သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်သည်—နိရောဓသစ္စာ ဖြစ်သည်ဟု အကြင် မသိခြင်းသည်ရှင်း၊ ဤလို နိ—ကို နိ-မှန်း မသိတာ အဝိဇ္ဇာ။

(မ—၌)။ ရဟန်း—ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့် ဖြစ်သော မဂ္ဂသစ္စာ၌၊ တဏှာပယ်သော မဂ်အကျင့်, သမ္မာဒိဋ္ဌိစသော မဂ္ဂင် ရှစ်ပါး ကျင့်မြတ်တရားသည် မဂ္ဂသစ္စာဖြစ်သည်ဟု အကြင် မသိခြင်းသည် ၎င်း ရှိ၏။ ဤလို မ—ကို မ, မှန်းမသိတာ အဝိဇ္ဇာဟု သိလေ မှတ်လေ။ ရဟန်း—ဤလိုဤပုံ၊ ဤရုပ်နာမ် ခန္ဓာကား—ဒု၊ ဤတဏှာကား-သ၊ ဤ နိဗ္ဗာန်ကား—နိ၊ ဤမဂ္ဂင်ကား-မ ဟု သစ္စာလေးပါးတို့ကို ပိုင်းခြားဝေဘန်၍ အမှန်ကိုမသိတဲ့ မောဟလေးခုကို အဝိဇ္ဇာဟု ငါဘုရားဟောတော်မူသည်။

မှတ်ချက်။ ။ "န ဝိဇာနာတီတိ အဝိဇ္ဇာ"။ ယာဓမ္မောတိ၊ အကြင် မောဟ တည်းဟူသော သဘောတရားသည်။ န ဝိဇာနာတိ၊ "ပုဗ္ဗန္တ,အပရန္တ, ပုဗ္ဗန္တာ,ပရန္တ,စတုသစ္စ,ပဋိစ္စသမုပ္ပါဒ" ဤရှစ်ဌာနတို့ကို လုံး၀ မသိ တတ်။ ဝါ၊ ဤကား,သံသရာ၏ ရှေ့အစွန်း၊ ဤကား, သံသရာ၏ နောက်အစွန်း၊ ဤကား, သံသရာ၏ ရှေ့နောက်အစွန်း၊ ဤကား, သစ္စာလေးပါး၊ ဤကား,ပဋိစ္စသမုပ္ပါဒ်တရားဟု လားလားမှ မသိ တတ်။ ဣတိတသ္မာ၊ထို့ကြောင့်။ သာဓမ္မောတိ၊ထိုမောဟ တည်းဟူ သောသဘောတရားသည်။အဝိဇ္ဇာ၊အဝိဇ္ဇာမည်၏။ စေတသိက် ၅၂ အနက်၊ မောဟစေတသိက်ကို ရ၏။

ဤလိုဤပုံ၊ အဋ္ဌဌာနတို့၌ မသိတွင်းနက်၍ မသိချက်ဆိုး၀ါးလှ သောကြောင့်၊ လူ,နတ်,ဗြဟ္မာ သတ္တဝါတွေ ဖြစ် ပျက် မွေး သေ သံသရာရှည်၍နေကြရတာ အခြားမဟုတ်၊ ဤ အဝိဇ္ဇာလက်သယ်, အဝိဇ္ဇာလက်ချက်ဟု သိလေ မှတ်လေ။

ဖွင့်လှစ်ပြတာ ဥဒ္ဒါဝိဇ္ဇာ။

(၂) ယံ ခေါ သိက္ခု ဒုက္ခေဉာဏံ၊ ဒုက္ခသမုဒယေဉာဏံ၊ ဒုက္ခနိရောဓေဉာဏံ ဒုက္ခနိရောဓဂါမိနိပဋိပဒါယံဉာဏံ၊အယံဝုစ္စတိ ဘိက္ခု ဝိဇ္ဇာ။

(ရှင်းပါဠိ)

ဘာသာပြန်။ ။ (ဒု–၌)။ ရဟန်း–ဒုက္ခသစ္စာ၌၊ လက်ရှိ ခန္ဓာမျိုး ဉပါဒါန်၏အာရုံဖြစ်သော လောကီခန္ဓာငါးပါးသည်ကား။ ဝါ၊ တဏှာကို ထား၊ တဏှာမှတပါး, ဘုံသုံးပါးရှိ အသညသတ်ဘုံ၌ ဖြစ်ခိုက်၊ ရုပ်ခန္ဓာ တပါး, အရူပလေးဘုံ၌ဖြစ်ခိုက်၊ ဝေ–သည်–သင်–ဝိ, နာမ်ခန္ဓာလေးပါး၊ ကျန် ၂၆ ဘုံ၌ဖြစ်ခိုက် ရူ–ဝေ–သည်–သင်–ဝိ, ရုပ်နာမ် ခန္ဓာ ငါးပါးသည် ကား၊ ဝါ၊ လောကီစိတ်–၈၁၊ လောဘာကြဉ်သော စေတသိက်–၅၁၊ရုပ် ၂၈–သည်ကား ဖြစ်ရာ ဘုံဘဝတို့မှာ၊ဖြစ်သည်ကစ,စုတိသေနေ့သို့ကျအောင် ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်း စစ်မှန်လှသောကြောင့်–ဒုက္ခသစ္စာ ဖြစ်သည် ဟု အကြင်သိခြင်းသည်ရှင်း၊ ဤလို ဒု–ကို ဒု မှန်းသိတာ ဉာဏ်ဝိဇ္ဇာ။

(သ–၌)။ ရဟန်း–ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယသစ္စာ၌၊ ဒုက္ခ သစ္စာတုံးက ဒုက္ခသစ္စာမထိုက်၍ ချန်ထား ကြဉ်ထားခဲ့သော ဘုံသုံးပါး တို့၌ ကောင်းနိုးနိုးမှတ်ထင်၍ ဘုံသုံးပါးတို့၌ပင်၊ တဖန်တဖန် ပြန်၍ပြန်၍ ဖြစ်လိုဖြစ်ချင်နေတဲ့ သဿတ ဥစ္ဆေဒဒိဋ္ဌိ နှင့် တကွသော ဘဝတဏှာ, ဝိဘဝတဏှာ, လောဘသည် ဖြစ်လို၍ ဖြစ်ပြန်လျှင် ဖြစ်ရာဖြစ်ရာ ဘုံဘဝ တို့မှာ၊ ဇာတိဒုက္ခ စသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခ ဟူသမျှတို့ကို မချဖြစ်စေတော့မှာ စစ်မှန်လှသောကြောင့် သမုဒယသစ္စာ ဖြစ်သည်ဟု အကြင်သိခြင်းသည်ရှင်း၊ ဤလို သ–ကို သ,မှန်းသိတာ ဉာဏ် ဝိဇ္ဇာ။

(နိ–၌)။ ရဟန်း–ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာ၌၊ တဏှာပယ်တဲ့ မဂ် အကျင့်ကြောင့် တဏှာ ခန္ဓာ အသစ်မဖြစ်တော့ဘဲ၊ အဆိုပါ တဏှာခန္ဓာ "ဒု·သ" သစ္စာနှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်သည်–နိရောဓသစ္စာ ဖြစ်သည်ဟု အကြင်သိခြင်းသည်ရှင်း၊ ဤလို နိ–ကို နိ မှန်းသိတာ ဉာဏ် ဝိဇ္ဇာ။

(မ-၃။) ရဟန်း-ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာ၌ တဏှာပယ်သော မဂ်အကျင့်သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည်-မဂ္ဂသစ္စာဖြစ်သည်ဟု အကြင်သိခြင်းသည်ရှိ၏။ ဤလို မ-ကို မ,မှန်းသိတာ ဉာဏ်ဝိဇ္ဇာဟု သိလေ,မှတ်လေ။ ရဟန်း-ဤလိုဤပုံ-ဤ ရုပ် နာမ် ခန္ဓာကား-ဒု၊ ဤ တဏှာကား-သ၊ ဤနိဗ္ဗာန်ကား နိ-၊ ဤမဂ္ဂင်ကား-မ ဟု သစ္စာလေးပါးတို့ကို ပိုင်းခြားဝေဘန်၍ အမှန်သိတဲ့ ပညာလေးခုကို-ဝိဇ္ဇာ ဟု ငါဘုရားဟောတော်မူသည်။

**မှတ်ချက်။** ။ "ဝိဇာနာတီတိ ဝိဇ္ဇာ။ "ယာဓမ္မဇာတိ၊ အကြင်ပညာတည်းဟူသော သဘောတရားသည်။ဝိဇာနာတိ၊ "ပုဗ္ဗန္တ,အပရန္တ,ပုဗ္ဗန္တာပရန္တ စတုသစ္စ,ပဋိစ္စသမုပ္ပါဒ။" ဤအဋ္ဌဌာနတို့ကို နေရာတကျသိတတ်၏။ ဝါ၊ သံသရာအစ, သံသရာ အဆုံး၊ သံသရာ၏ အစ, အဆုံး၊ သစ္စာလေးရပ် ပဋိစ္စသမုပ္ပါဒ်တို့ကိုတတ်တတ်ထင်ထင်သိမြင်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သာဓမ္မဇာတိ၊ ထိုပညာတည်းဟူသော သဘောတရားသည်။ဝိဇ္ဇာ၊ဝိဇ္ဇာမည်၏။စေတသိက်၅၂တွင်၊ပညိန္ဒြေခေါ်သော ပညာစေတသိက်ကို ရ၏။ ဤလိုဤပုံ-အဋ္ဌဋ္ဌာနတို့၌၊ လောကီသိ,လောကုတ္တရာသိတို့ဖြင့် ထိုးထွင်း၍သိရှိကြသောကြောင့် သိရှိကြတဲ့ လူ,နတ်,ဗြဟ္မာ သတ္တဝါတွေဟာ ဖြစ် ပျက် မွေး သေ ဆိုတဲ့ သံသရာဝဋ္ဋဆင်းရဲကြီးထဲက ကျွတ်လွတ် ထွက်မြောက် မွေး သေ လွတ်တဲ့နိဗ္ဗာန်သို့ ရောက်နိုင်,ရနိုင်ကြတာ အခြားမဟုတ်၊ ဤ ဝိဇ္ဇာလက်သယ် ဝိဇ္ဇာလက်ချက်ဟု သိလေ,မှတ်လေ။

ထို့ကြောင့်—"မသိအစ,သိကအဆုံး,ကိစ္စဝုံးသည် "ဟု ဆိုသည်။

လိုရင်းမှာ။ ။ "အဝိဇ္ဇာနှင့် ဝိဇ္ဇာ"သစ္စာမသိတာ-အဝိဇ္ဇာ၊ သစ္စာသိတာ ဝိဇ္ဇာ မသိမှုနှင့် သိမှုပါဘဲ၊ သစ္စာမသိမှု-အဝိဇ္ဇာရှိနေသမျှ ကာလပတ်လုံး ဖြစ်ပျက် မွေးသေ, သံသရာရှည်ရဦးမည်သာမှတ်။ သစ္စာသိမှုဝိဇ္ဇာရှိလာတဲ့ခါ မွေး သေ လွတ်တဲ့နိဗ္ဗာန်ကို အမြန်ရောက်တော့မည်သာ မှတ်။ သစ္စာမသိသမျှ နိဗ္ဗာန်ကိုမရ၊ သစ္စာသိမှ နိဗ္ဗာန်ကိုရမည်ဟု တထင်ချမှတ်၊ ပေါ့ပေါ့စပ်စပ် မလုပ်နှင့်၊ အဝိဇ္ဇာကား-အမိုက်မှောင်၊ ဝိဇ္ဇာကား-အလင်းရောင်၊ ညဥ့်နှင့်

နေ့ကဲ့သို့ ဆန့်ကျင်ဘက်ကြီးတည်း။ လောက၌ အလင်းရောင် ပေါ်ပေါက်လာလျှင် အမိုက်မှောင်ဟာ သူ့အလိုလို တခဏခြင်း ကွယ်ပျောက်ရမြဲ ထုံးစံရှိသကဲ့သို့၊ ထို့အတူ–သစ္စာသိမှု အလင်းရောင် ပေါ်ပေါက်လာလျှင် သစ္စာမသိမှု အမိုက်မှောင်ဟာ သူ့အလိုလို ပျောက်မြဲ ထုံးစံရှိလေသည်။ လောက၌ အမိုက်မှောင်ပျောက်စေလိုလျှင် မီး, စသော အလင်းရောင်ကို ရှာဖွေအားထုတ်ရသကဲ့သို့၊ ထိုအတူ–သစ္စာမသိမှု အမိုက်မှောင်ပျောက်စေလိုလျှင်၊ သမ္မာဒိဋ္ဌိ စသော မဂ္ဂင်အလင်းရောင်ကို ရှာဖွေအားထုတ်အပ်၏။ ဝါ၊ မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားကို ပွါးများအားထုတ်သောအားဖြင့် ရှာဖွေအပ်၏။ ထို့ကြောင့် " အလင်းရောင်ရောက်, မိုက်မှောင်ပျောက်, ပုံထောက်ဥပမာ။ လင်းရောင်နှင့်ဖျောက်, မိုက်မှောင်ပျောက်, ပုံထောက်ဥပမာ" ဟု ဆိုကြသည်။

တဖန်။ ။အဝိဇ္ဇာနှင့်ဝိဇ္ဇာ–အောက်နားကဖေါ်ပြထားခဲ့တဲ့ ၁–၂နံပါတ် ပါဠိနှစ်ရပ်တို့ဘွင်၊ "ယံ ခေါ ဘိက္ခု ဒုက္ခေအညာဏံ" ဆိုတဲ့ နံပါတ်-၁, ပါဠိတော်ကြီးက–ရဟန်းတို့, သင်တို့သည် သစ္စာမသိ၍ ယခုထိ မွေး,သေ,မလွတ်နိုင်ကြတာ အခြားမဟုတ်၊ သူဘဲ–သူဘဲ ဟု သစ္စာကိုမသိတဲ့ အဝိဇ္ဇာကို လက်ညှိုးထိုး၍ ပြခြင်းပင် ဖြစ်လေသည်။

" ယံ ခေါ ဘိက္ခု ဒုက္ခေဉာဏံ " ဆိုတဲ့ နံပါတ်–၂၊ ပါဠိတော်ကြီးကတော့၊ ရဟန်းတို့-သင်တို့သည် သစ္စာသိ၍ မွေး, သေ, လွတ်တဲ့ နိဗ္ဗာန်ကို လက်ဆုတ်လက်ကိုင် ရရှိနိုင်ကြတာ အခြားမဟုတ်၊ သူဘဲ-သူဘဲ ဟု သစ္စာသိတဲ့ ဝိဇ္ဇာကို လက်ညှိုးထိုး၍ပြခြင်းပင်ဖြစ်လေသည်ဟု သိလေ။ ထို့ကြောင့် အဆိုပါ-ပါဠိနှစ်ရပ်၏ ဘုရားအလိုတော်ကြ၊ ဘုရား အာဘော်ကြအောင် ဘာသာပြန်ဆိုထားတဲ့ ဘာသာပြန်ကို တကြိမ်တခါ တခေါက်တလေ ဘတ်ရုံမျှနှင့် အားရ ကြေနပ်၍မနေပါနှင့်၊ အကြိမ်ကြိမ်ဘတ်ပါ၊ ကြိမ်ဖန်များစွာ ဘတ်ပါ၊ ခဏခဏဘတ်ပါ၊ ဘတ်ပြီးလျှင် ဘယ်လိုဆိုတယ် ဘယ်လို အကြောင်းအရာဟု ဆိုထားတဲ့ အဓိပ္ပါယ်ကို သိရှိ နားလည်အောင် သတိနှင့်မက္ခာ ပညာနှင့်မကင်း, အဘန်တလဲလဲ ဆင်ခြင် နှလုံးသွင်းပေးပါ၊ တစတစ သဘောသိ,သဘောမိ,သဘောပေါက်လာတဲ့ခါ သစ္စာသိသူ့,သစ္စာမြင်သူ, ဗုဒ္ဓဘာသာစစ်သူ, အပါယ်လွတ်တရား ရသူ, သောတာပန်ဖြစ်သူ, လူတယောက်ပင်ဖြစ်သွားနိုင်ခွင့်ရှိပေသည်။

**စာသိနှင့် ဒါသိ၊ စာရှိနှင့် ဒါရှိ—ခွဲခြား၍သိပါ၊** အောက်တွင် ဖော်ပြခဲ့သော ခန္ဓာငါးပါး၊ တေဘူမက ဝဋ်တရား၊ လောကီစိတ်-၈၁၊ စေတသိက် ၅၁၊ ရုပ်-၂၈ သည် ဒုက္ခဖြစ်သည် စသည်ဖြင့် စာထဲမှာဆိုထားတဲ့အတိုင်း အရေအတွက်မျှကိုသာ သိနေခြင်းသည်-စာသိသစ္စာ စာရှိသစ္စာသာဖြစ်သည် ငါသိသစ္စာ ငါရှိသစ္စာကား မဖြစ်သေး။ အဆိုပါ ခန္ဓာ တေဘူမက တရား, စိတ် စေတသိက်, ရုပ် ဆိုတာတွေဟာ ဒုက္ခသစ္စာ ဖြစ်ဆိုက်တဲ့ တရားတွေကို စာထဲမှာ ရေပေါင်း၍ ဆိုထားတဲ့အဆိုသာရှိသည်၊ နဂိုရှိ အဟုတ်ရှိက ငါထဲမှာ သာရှိသည်၊ ငါထဲမှာရှိနေတဲ့ ရုပ်နာမ်ခန္ဓာတွေကို စာထဲမှာ ဒုက္ခသစ္စာလို့ ပြဆိုထားခြင်းမျှသာဖြစ်သည်၊ စာထဲမှာကား အဆိုရှိ၊ ငါထဲမှာကား နဂိုရှိ, အဟုတ်ရှိဟုအမှန်သိ၍ ငါသိသစ္စာ,ငါ့မှာသာရှိတဲ့သစ္စာဟုသိပါစေ။

သို့ရာတွင် "**စာသိ ပဌမံ၊ ငါသိ ဒုတိယံ**" ဆိုတဲ့ ပရိဘာသာနှင့် အညီ၊ ရှေးဦးစွာ စာသိသစ္စာမှကူးယူ၍ ကူးပြောင်း၍ နောက်ကာလ ယခုဘဝ ပဋိသန္ဓေမှ စုတိသေနေ့ကြအောင် တသက်လုံးရှိ, တသံသရာလုံးရှိ, ငါထဲမှာ ရှိနေတဲ့ "ဇာတိပိဒုက္ခာ ဇရာပိဒုက္ခာ, ဗျာဓိပိဒုက္ခာ မရဏမ္ပိဒုက္ခံ" လို့ ဘုရားဟောထားတဲ့ လက်ရှိဇာတိဒုက္ခ, လက်ရှိဇရာဒုက္ခ, လက်ရှိဗျာဓိဒုက္ခ, လက်ရှိမရဏဒုက္ခ စသော ဒုက္ခသစ္စာတို့ကို တတ်တတ်ထင်ထင် တွဲတွဲကြီး မြင်သိတဲ့-**ငါသိသစ္စာ** ဖြစ်ပါစေ၊ **စာသိသစ္စာ** တွင် သောင်တင်ပြီး အသိဉာဏ် အားကုန်၍မနေစေဘဲ သူ့,ငါတို့ ကိုယ်ထဲမှာသာ အမြဲရှိနေတဲ့ ဒု—သ—နိ—မ သစ္စာတို့ကို တွဲတွဲကြီး သိမြင်ကြပါစေသတည်း။

**ဓမ္မာဒါသံ ဂဟေတွာန ဉာဏဒဿန ပတ္တိယာ၊**
**ပစ္စဝေက္ခံ ဣမံကာယံ တုစ္ဆံသန္တရ ဗာဟိယံ။ ။**

(ထေရာ—ဦး)

ဆိုတဲ့-ကျည်းမြေးထေရ် ဥဒါန်းကျူးတဲ့ ဂါထာတော်ကြီးနှင့်အညီ၊ တရား အလုပ် အားထုတ်ကြတဲ့ အရှင်ဘုရားတို့, တပည့်တော်ဟာ သောတာပန် စသော အရိယာတို့ရဲ့ ကိုယ်ပိုင်ဥစ္စာဖြစ်တဲ့ မဂ်ဉာဏ်လေးပါး, ဖိုလ်ဉာဏ် လေးပါးဖြင့် နိဗ္ဗာန်ကို မျက်မှောက်သိခြင်းငှါ ဓမ္မာဒါသ, ဓမ္မအာဒါသ, သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါး ဘုရားပေးတော်မူတဲ့ တရားမျက်မှန်, တရား

မှန်ပြောင်းကြီးကို တပ်ဆင်ကိုင်တွယ်၍ ကိုယ်တွင်း ကိုယ်ပ နှစ်ဌာနရှိတဲ့ ကိုယ်ကာယကြီးကို စေ့စေ့ငုငု ဥာဏ်စက္ခုဖြင့် ကြည့်ရှုသည်ရှိသော်–သူ့ ငါ၊ ကျား မ စသည်တို့ကို တပိုင်းတစ၊ တတိုတဆစ်၊ အဏုမြူမျှ မတွေ့မမြင်ရပဋိသန္ဓေမှ စုတိသေနေ့သို့ကြအောင်၊မြစ်ချောင်းတွင်းရှိ မြစ်ရေအယဉ်ပမာ သူ့ငါတို့၏ကိုယ်အတွင်းသားထဲမှာ တဖွါးဖွါးဖြစ်၍၊တဖွါးဖွါးပျက်နေကြတဲ့ ဖြစ်တရား ပျက်တရား၊ ဖြစ်သမား ပျက်သမား ဖြစ်ပျက်မနားကြတဲ့ ရုပ်နာမ် နှစ်ပါး မခွဲဆင်းရဲ၊ အစိုးမရတဲ့ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ လက္ခဏာရေးသုံးပါး၊ ဒု–သ ဆိုတဲ့ သစ္စာနှစ်ပါးတို့ကိုသာ ထပ်ကာထပ်ကာ တွေ့မြင်နေရတဲ့အထဲမှာ သခ်ါရချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်မြင်သိတဲ့ မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးတို့ကို လက်ကိုင်ရရှိ၍ တပည့်တော် ဖြင့်ရင် ရဟန်းကိစ္စပြီးပြီဘုရား....။ အရှင်ဘုရားတို့လဲဘဲ တပည့်တော် ကဲ့သို့ ရဟန်းကိစ္စပြီးမြောက်နိုင်ကြအောင် ဘုရားပေးတဲ့ မဂ္ဂင်ရှစ်ပါး တရားမျက်မှန်၊ တရားမှန်ပြောင်းကြီးကို တပ်ဆင် တပ်ဆင်၍သာ ကြည့်ရှုကြပေ ဘော့ဘုရားဟု ကုလ္လမထေရ် လျှောက်ထားသကဲ့သို့၊ ထို့အတူ–ယခုလဲဘဲ ရုပ်နာမ်အသိကစ၍ သစ္စာသိအထိ တတိယသစ္စာခေါ်တဲ့ နိရောဓသစ္စာ နိဗ္ဗာန်ကိုမျက်မှောက်မြင်သိတဲ့မဂ်သိ ဖိုလ်သိအထိရောက်ရှိသွားနိုင်ကြအောင် အဆိုပါ မဂ္ဂင်ရှစ်ပါး တရားမျက်မှန် တရားမှန်ပြောင်းကြီးနှင့်သာ ကြည့်ရှုကြပါဟု တိုက်တွန်းအပ်ပါသည်။ အဲဒါဟာ–မဂ္ဂင်ရှစ်ပါး တရားမျက်မှန်၊ တရားမှန်ပြောင်း တည်းဟူသော ဆီမီးတိုင်ကြီးကို ဘုရားနည်းကို မှီပြီး ညှိထွန်း၍ ပြထားခြင်းပါဘဲ။

မှတ်ချက်။ ။ ဤလို သစ္စာလေးပါးတို့ကို ဟောတော်မူတဲ့ခါ၊ ဒုက္ခသစ္စာ အရကို အချို့နေရာမှာ "ဉပါဒါနက္ခန္ဓာငါးပါး" တရပ်။ "ဘေဘူမက တရား" တရပ်။ "စိတ် စေတသိက် ရုပ်" တရပ်။ ဤလိုသုံးချပ်ထား၍ ထိုထိုသုတ္တန်ဝိနည်း အဘိဓမ္မာ အရာရာသို့လိုက်ပြီး အဆင်သင့်သလို ဟောထားသော်လည်း သဘောတရားကား တမျိုးတခြားစီမဟုတ်ပါ၊ သဘောတူ အရတူသာ မှတ်ပါလေ။

မေး။ ။ သဘောတူလျက် ဘယ်အတွက် ဤပုံဟောရပါသလဲ။ ?

ဖြေ။ ။ (၁) ဥပါဒါနိတရားလေးပါး တို့၏ အာရုံဖြစ်သော သူ့ငါ တို့၏ တကိုယ်လုံး, တကောင်လုံးရှိ လောကီခန္ဓာငါးပါး သက်သက်၊ ဝါ-သာသဝ သက်သက်ကို ရွေးထုတ်၍ ဟောတော်မူလိုတဲ့ခါ- ပဥ္စုပါဒါနက္ခန္ဓာ ဟူ၍ ဟောတော်မူလေ့ရှိပါသည်။

(၂) ရံခါ ကေဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရ, သုံးမျိုးလုံး တပေါင်းတည်းဟောတော်မူလိုတဲ့ခါ-တေဘူမကဲ့ဟူ၍ ဟောတော်မူလေ့ရှိပါသည်။

(၃) ရံခါ-သတ္တပညတ်ကိုလွှတ်၍ ပညတ်မဘက် ပရမတ် သက်သက်ကိုသာ ဟောတော်မူလိုတဲ့ခါ- **စိတ်, စေတသိက်**, ရုပ် ဟူ၍ ဟောတော်မူလေ့ရှိပါသည်။ ဤလိုဤပုံ-ဒေသနာတော်ဝိလာ၏ အစွမ်းအားဖြင့်သာ၊ ဝါ၊ အလိုတော်အတိုင်းသာ ဟောတော် မူခြင်းဖြစ်ပါသည်၊ သဘောအရမှာမကွဲပြားပါ၊ဒုက္ခသစ္စာထိုက်တဲ့ တရားချည်းပင်ဖြစ်ပါသည်။

ထိုတွင်—ပဥ္စက္ခန္ဓာအရ ရုပ်ခန္ဓာတပါး, နာမ်ခန္ဓာလေးပါးဟုခန္ဓာငါးပါး ရှိရာ၊ ရုပ်ခန္ဓာ၌ သာသဝသက်သက်သာဖြစ်၍၊ ဝါ၊ အာသဝေါတရားတို့၏ အာရုံသက်သက်သာဖြစ်၍၊လင်းပါးဘွယ်မရှိသော်လည်း၊နာမက္ခန္ဓာလေးပါး တို့၌ကား—လောကီ နာမက္ခန္ဓာ, လောကုတ္တရာ နာမက္ခန္ဓာဟု နှစ်မျိုးရှိရာ၊ လောကီ နာမက္ခန္ဓာတို့မှာ—သာသဝဖြစ်၍ ဝိပဿနာ ရှုထိုက်သော်လည်း မဂ်စိတ်လေးခု၌ပါဝင်သော လောကုတ္တရာ နာမက္ခန္ဓာတို့မှာကား-အနာသဝ ဖြစ်၍ ဝိပဿနာ မရှုထိုက်ဟု သိ။

တဖန်— လူ့ဘုံ၌ရှိတဲ့ ခန္ဓာငါးပါးကိုသာ ဒုက္ခသစ္စာ ဟောသည်ဟု မှတ်ထင်ဘွယ်ရှိသောကြောင့် ဘုံသုံးပါးတို့မှာ ဘယ်ဘုံမှာဘဲဖြစ်ဖြစ် **ကေ ဝေါကာရ အသညသတ်ဘုံ၌ဖြစ်ခိုက်** ရုပ် ခန္ဓာ တပါးထဲလဲ ဒုက္ခသစ္စာဘဲ။ **စတုဝေါကာရ-အရူပလေးဘုံ၌** ဖြစ်ခိုက် " ဝေ-သည်-သင်-ဝိ " နာမ်ခန္ဓာ **လေးပါး**လဲ ဒုက္ခသစ္စာဘဲ။ **ပဉ္စဝေါကာရ** ၂၆-ဘုံ၌ဖြစ်ခိုက် "ရူ-ဝေ-သည်- သင်-ဝိ " ဆိုတဲ့ **ခန္ဓာငါးပါး**လဲ ဒုက္ခသစ္စာဘဲ။ ဘာ့ကြောင့်လဲ ဆိုတော့

"ကျင်ကြီး, ကျင်ငယ်မှန်က, နံနံမျှားမျှား သုဂန္ဓကောင်းသောအနံ့၊ မွှေးသော အနံ့ဟူ၍ လုံးဝမရှိ ဒုဂ္ဂန္ဓ မကောင်းသောအနံ့၊ နံသောအနံ့သာ ရှိသကဲ့သို့" ထို့တူပမာ—ခန္ဓာမှန်က နံနံမျှားမျှား တပါးထဲဘဲ ဖြစ်ဖြစ်, လေးပါးဘဲဖြစ်ဖြစ်, ငါးပါးဘဲဖြစ်ဖြစ်, ပဋိသန္ဓေမှ စုတိသေနေ့ကြအောင် ဆင်းရဲတာ စစ်မှန်လှသောကြောင့် ဘုံသုံးပါးရှိ တေဘူမကခန္ဓာကို ဒုက္ခသစ္စာဟု ဟောတော်မူခဲ့ပါသည်။

ဥပါဒါန်၏အာရုံ ဆိုသည်မှာ—လောကီခန္ဓာငါးပါးကိုပင်ဆို၍ ဥပါဒါန်တရား လေးပါးဆိုသည်မှာ— **ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်** ဟု လေးပါးရှိရာ၊ လောဘစေတသိက်သည်—ကာမုပါဒါန်၊ ဒိဋ္ဌိစေတသိက်တခုသည် ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် မည်၏၊ တရားကိုယ်အရမှာ—**လောဘဒိဋ္ဌိ** နှစ်ပါးသာတည်း။ **တေဘူမက** ဆိုသည်မှာ—ကာမဘုံ, ရူပဘုံ,အရူပဘုံ, ဘုံသုံးပါးကိုဆိုသည်။ လောကီစိတ် ၈၁၊ စေတသိက်-၅၁၊ရုပ်-၂၈တို့တွင် စိတ်ကို စိတ်ပိုင်း၊ စေကို စေဘသိက်ပိုင်း၊ ရုပ်ကို ရုပ်ပိုင်း၊ သင်္ဂြိုဟ် လက်သန်း ကျမ်းငယ်မှာ ကြည့်ရှုလေ။ ။ တဖန်—ဆင်းရဲမှန်တဲ့ ဒုက္ခသစ္စာကို ဟောတော်မူတဲ့ခါ၊ တဏှာကို ကြဉ်ထားသည်မှာ တဏှာသည် အကြောင်းတရားမျိုးဖြစ်၍ အကျိုးတရားမျိုးဖြစ်သော ဒုက္ခသစ္စာ၌ မပါဝင်သင့်ပေ။ ထို့ကြောင့် ကြဉ်ထားသည်၊ ချန်ထားသည်ဟုသိလေ။သစ္စာလေးပါးတို့တွင်- ဒု,ကား အကျိုးသစ္စာ၊ သ,ကား အကြောင်းသစ္စာ၊ နိ,ကား ရံခါအကြောင်း, ရံခါအကျိုး, နှစ်မျိုးရ သစ္စာ၊ မ—ကား အကြောင်းသစ္စာသက်သက်ပေတည်း။

တဖန်။ ။ သမုဒယသစ္စာအရကို ဟောတော်မူတဲ့ခါ ရံခါ တဏှာ, ရံခါ ရာဂ, ရံခါ လောဘ ဟု သုံးမျိုးသုံးစားထား၍ ဟောကြားသော်လည်း သဘောတရား တမျိုးတခြားစီ မဟုတ်ပါ၊ သရုပ်တရားကိုယ်အရမှာ လောဘစေတသိက် တခုတည်းသာမှတ်၊ လောဘ၏ နာမည်ကွဲများသာ ဖြစ်သည်။ ဥပမာဆိုသော်–ပန်းချီ, ပန်းထိမ်, ပန်းဘဲ အတတ် သုံးမျိုးလုံးကို တတ်သိ၍၊ ထိုအတတ်သုံးမျိုးဖြင့်လုပ်ကိုင်စားသောက်၍နေသော ထိုသူတယောက်ထည်း၊ ကိုပင် အချို့က ပန်းချီဆရာ၊ အချို့က ပန်းထိမ်ဆရာ၊ အချို့က ပန်းဘဲ၊ ဆရာ၊ မိမိတို့ နှုတ်ကျိုးရာ နှုတ်တက်ရာ ခေါ်ဆိုကြသကဲ့သို့၊ ထို့အတူပမာ

“တဿတီတိတဏှာ”အာရုံ၌ တပ်မက်တတ်သောကြောင့် တဏှာ။ “ရဇ္ဇတီတိရာဂေါ”အာရုံ၌ တပ်စွမ်းတတ်သောကြောင့် ရာဂ။ “လုပ္ပတီတိလောဘော” အာရုံ၌ ကပ်ငြိတတ်သောကြောင့် လောဘ ဆိုသည်။ တဏှာလဲ လောဘတဲ၊ ရာဂလဲ လောဘတဲ၊ လောဘလဲ လောဘတဲ၊ လောဘကား, နာမည်ရင်းငယ်နာမည်၊ တဏှာ,ရာဂ,တို့ကား ကြီးနာမည်၊ သုံးမည်ရ,သုံးဘွဲ့ခံကဲ့သို့မှတ်၊ လောဘ၏ ပရိယာယ်ချည်းသာတည်း။

နှံ့စုတ်ငှက်ငယ်။ ။ ဤသစ္စာအလင်းပြကျမ်းကို ပါဠိ အနက် မတတ်စာဘတ်တတ်ရုံမျှသာရှိကြသော ရှင်ငယ်,သူငယ်တို့အား သိရှိနားလည်စေခြင်းအကျိုးငှါသာ မျှားမျှားကြီးရည်ရွယ်ချက်ထား၍ရေးသားခြင်းဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော်—သံသရာ၌ ကြဉ်လည်ကြတဲ့ခါ ဘဝအရာကမ္ဘာအရာပင် ကြာမြင့်သော်လည်း၊ တဘဝတခါ သစ္စာလေးပါး တရားကိုကြားနာရခဲ့ဘိစွ၊ ကြားနာရတယ်ထားဦး–အလွန်နက်နဲ ခက်ခဲသော တရားဖြစ်၍၊ ဆီးဝမ်းကွဲအောင် သိခဲဘိစွ။ ဝါ၊ သ,ကြောင့်ဒုံ၊ မ, ကြောင့် နို့,ဟုသိခဲဘိစွ။ ဝါ၊သ,ကြောင့် ဒုံ၊ ဖြစ်ပျက်မွေးသေ သံသရာရှည်၍နေကြရသည်။ သ,ကို ပယ်သတ်တဲ့ မဂ်အကျင့်ကိုကျင့်မှ ဖြစ် ပျက် မွေး သေ အစဉ်ပြတ်တဲ့ အသင်္ခတမာတ်နိဗ္ဗာန်သို့ ဆိုက်ရောက်သဖြင့်၊ ဖြစ် ပျက် မွေး သေ လွတ်နိုင်ကြသည်ဟု သိခဲဘိစွ။ ဤပုံသစ္စာကိုမသိကလည်း တဏှာပယ်တဲ့ မဂ်အကျင့်ကို မကျင့်၊ မကျင့်သမျှကာလပတ်လုံး တဏှာမှ မလွတ်၊ တဏှာမလွတ်သမျှလည်း “ ကါလေသပစ္စယာခန္ဓာဝနုန္တိ ”နှင့် အညီ၊ တဏှာကြောင့် ခန္ဓာဖြစ်ပျက်မွေးသေ သံသရာ ရှည်မြဲတိုင်း ရှည်၍ နေရတော့သည်သာတည်း။ ထိုကြောင့် ဉာဏ်ကြီးရှင် ပိဋကတ္တယ ပါရဂူတို့က, ကလိမ်စေ့ကို ငြမ်းဆင်သကဲ့သို့၊ သစ္စာလေးပါး၏ သရုပ်အရများကို ဤမျှလောက် များပြားကျယ်ဝန်းစွာ ခွဲခြမ်းစိတ်ဖြာ၍နေရသလောဟု မနော၊မခုသင့်ကြပေ၊ ရာဟုအသူရိန်တို့မှာ သမုဒ္ဒရာဟာ တိမ်ပါသော်လည်း ယုန်သူငယ်တို့မှာ ထောက်တည်ရာမရ, နက်လှသည်သာ၊ သုပဏ္ဏ ဂဠုန်ငှက်ကြီးတို့မှာ ကောင်းကင်ဟာကျဉ်းသလို ထင်ရသော်လည်း နှံ့စုတ်ငှက်ငယ်တို့မှာ အလွန်ကျယ်လှသည်သာတည်း။

## ကိုယ် တိုင် သိ

သစ္စာသိမှုသည် ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့မှာ လက်ရှိဘဝ လူနတ်ပြဟ္မာ ဆရာမရှိ မိမိအလိုလို သယမ္ဘူဉာဏ်ဖြင့်သာ ဒု,သ,နိ,မ,ဆိုတဲ့ သစ္စာလေးပါး မြတ်တရားတို့ကို....

ဒု....တဏှာမှတပါးသော တေဘူမက တရားသည် ဒုက္ခသစ္စာတည်း၊ ဒုက္ခသစ္စာသည် ဤတေဘူမက တရားမျှသာတည်း၊ ဤတေဘူမက တရားထက် အပိုအလို မရှိ၊ ဤဒုက္ခသစ္စာသည် သတ္တဝါတို့ကို နှိပ်စက်ခြင်း ဗာဓနလက္ခဏာ ရှိ၏။ ဤသို့ မိမိသဘောလက္ခဏာနှင့်တကွ ဟုတ်မှန်စွာ လောကီဉာဏ်ဖြင့် အပြားအားဖြင့် သိ၏၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏။

သ....ထို ဒုက္ခသစ္စာကို ဖြစ်စေတတ်သော တဏှာသည် ရှိ၏၊ ဤ တဏှာသည် သမုဒယသစ္စာတည်း၊ သမုဒယသစ္စာသည် ဤတဏှာမျှသာတည်း၊ ဤတဏှာထက် အပိုအလိုမရှိ၊ ဤ သမုဒယ သစ္စာသည် လက်မှန်မသွေ စ၍ဖြစ်ခြင်း ပဘဝလက္ခဏာ ရှိ၏။ ဤသို့ မိမိသဘောလက္ခဏာနှင့်တကွ ဟုတ်မှန်စွာ လောကီဉာဏ်ဖြင့် အပြားအားဖြင့် သိ၏၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိ၏။

နိ....ထို ဒု, သ, သစ္စာနှစ်ပါးစုံ သည်လည်း နိဗ္ဗာန်ဟူသော အရပ်သို့ ရောက်၍ အကြွင်းအကျန်မရှိ ချုပ်ငြိမ်း၏။ ထို ဒု, သ, သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာဖြစ်သောနိဗ္ဗာန်သည်ရှိ၏၊ ဤနိဗ္ဗာန်သည် နိရောဓသစ္စာတည်း၊ နိရောဓသစ္စာသည် ဤ နိဗ္ဗာန် မျှသာတည်း၊ ဤနိဗ္ဗာန်ထက် အပိုအလိုမရှိ၊ ဤနိရောဓသစ္စာသည် ငြိမ်းအေးခြင်း သန္တိလက္ခဏာ ရှိ၏။ ဤသို့သဘောလက္ခဏာနှင့်တကွ လောကီဉာဏ်ဖြင့် အပြားအားဖြင့်သိ၏၊မဂ်ဉာဏ်ဖြင့်ထိုးထွင်း၍ သိ၏။

မ....ထို နိဗ္ဗာန်သို့ရောက်စေတတ်သော အရိယာမဂ်သည်ရှိ၏၊ဤအရိယာမဂ်သည် မဂ္ဂသစ္စာပေတည်း၊ ဤမဂ္ဂသစ္စာသည် ဤ အရိယာမဂ်မျှသာတည်း။ ဤအရိယာမဂ်ထက် အပိုအလိုမရှိ၊ ဤ မဂ္ဂသစ္စာသည် သံသရာဝဋ်မှထုတ်ဆောင်ခြင်း နိယျာနလက္ခဏာရှိ၏။ ဤသို့သဘောလက္ခဏာနှင့်တကွ လောကီဉာဏ်ဖြင့် အပြားအားဖြင့် သိ၏၊ မဂ်ဉာဏ်ဖြင့်ထိုးထွင်း၍ သိ၏။

ဖရတောသောသ။ ။ ဘုရားပစ္စေကဗုဒ္ဓါ မဟုတ်ကြတဲ့ သာဝကတို့မှာ "ပရတောဃောသ"ဘုရားစသော သူတပါးထံမှ သစ္စာလေးပါးတရားကို တဆင့်ကြားနာရမှသာ သစ္စာသိ၍ အရိယာသောတာပန် ဖြစ်နိုင်ကြသည်၊ အခြား သာဝကတို့ကိုထားဘိဦး၊ ငါတို့ဘုရားလက်ထက် လကျ်ာရံ-လက်ဝဲရံ ဖြစ်တော်မူကြတဲ့ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန် လောင်းလျာတို့သော်မှ မိမိအလိုလို သစ္စာသိ၍ အရိယာသောတာပန်များ ဖြစ်မသွားနိုင်ကြပေ။ ရှင်အဿဇိထံမှ ဥပတိဿ, ၎င်း ဥပတိဿထံမှ ကောလိတ, သစ္စာသိ၍ အရိယာသောတာပန်များ ဖြစ်နိုင်ကြပေသည်။

**ပုဂ္ဂိုလ်လေးမျိုး**

(က) သစ္စာလေးပါးကို အကျဉ်းကြားနာရရုံမျှ မဂ်ဖိုလ်ရသော ဥဂ္ဃဋိတညျူ ပုဂ္ဂိုလ်။

(ခ) အကျယ်ကြားနာရမှ မဂ်ဖိုလ်ရသော ဝိပဉ္စိတညျူ ပုဂ္ဂိုလ်။

(ဂ) ကျဉ်းကျယ် ကြားနာရရုံမျှ မဂ်ဖိုလ်မရ၊ ကျင့်ကြံ အားထုတ်မှ မဂ်ဖိုလ်ရသော နေယျ ပုဂ္ဂိုလ်။

(ဃ) လက်ရှိဘဝ, မဂ်ဖိုလ်မရနိုင်တဲ့ ပဒပရမ ပုဂ္ဂိုလ်ဟု ကိလေသာ ထူပါး၊ ဉာဏ်နုံ့နဲရင့်သို့လိုက်၍ လေးမျိုးရှိရာ၊ နေယျ ဖြစ်ပါလျှင် ရှေ့သစ္စာနှစ်ပါးကို ဝိပဿနာပွါး၍ မဂ်ဖိုလ်ရအောင် ကြိုးစား ပါလေ။ ပဒပရမ မှာ လက်ရှိဘဝ မဂ်ဖိုလ် မရသော်လည်း နောက်-ဒုတိယ,တတိယဘဝတို့မှာ နေယျဖြစ်လာ၍လွယ်ကူစွာ သစ္စာသိပြီး အရိယာကြီးများ ဖြစ်စေခြင်းငှါ မဆုတ် မနစ် အားသစ်ရမည်သာ မှတ်ပါ။

**အနုပဋိ နှစ်ပါး**

ဒုဝိဓဉ္စိ သစ္စဉာဏံ အနုဗောဓဉာဏဉ္စ ပဋိဝေဓဉာဏဉ္စ၊တတ္ထ အနုဗောဓ ဉာဏံ လောကိယံ အနုဿဝါဒိဝသေန နိရောဓေမဂ္ဂေစ ပဝတ္တတိ။ ပဋိဝေဓဉာဏံ လောကုတ္တရံ နိရောဓာရမ္မဏံကတွာ ကိစ္စတော စတ္တာရိပိ သစ္စာနိပဋိဝိဇ္ဈတိ။ ။ဟူသော သမ္မောဟ—ဋ္ဌာနှင့် အညီ။

သစ္စာသိမှုသည်၊ ဝ)။ သစ္စာကိုသိသောဉာဏ်သည် အနုဗောဓဉာဏ်, ပဋိဝေဓဉာဏ်ဟု နှစ်မျိုးရှိရာ၊ အနုဗောဓဉာဏ် မှာ လောကီဉာဏ်,ပုထုဇဉ်တို့ သိသော မဟာကုသိုလ် ဉာဏသမ္ပယုတ်ပညာဖြစ်၍ သူတပါးထံမှ တဆင့်ကြား၏အစွမ်းဖြင့် သိ၍ နိရောဓသစ္စာ,မဂ္ဂသစ္စာ၌လည်း အာရုံပြုသောအားဖြစ်၏။ ပဋိဝေဓဉာဏ် မှာကား–လောကုတ္တရာ မဂ်ဉာဏ်လေးပါး၌ ယှဉ်သော ပညာ အရိယာတို့ သိသော လောကုတ္တရာပညာဖြစ်၍ တတိယ သစ္စာခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အာရုံပြု၍ ထိုမဂ်ခဏ၌ ဒု–ကို ပိုင်းခြား၍ သိခြင်းကိစ္စ၊ သ–ကို ပယ်ခြင်းကိစ္စ၊ နိ–ကို မျက်မှောက်ပြုခြင်းကိစ္စ၊ မ–ကို ပွါးများခြင်းကိစ္စအားဖြင့် သစ္စာလေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍သိ၏။ ။ ထို့ကြောင့်–

ယော ဘိက္ခဝေ ဒုက္ခံပဿတိ၊ ဒုက္ခ သမုဒယမ္ပိ သော ပဿတိ၊ ဒုက္ခ နိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓ ဂါမိနိပဋိပဒမ္ပိ ပဿတိ။ ဟုဟောတော်မူခဲ့ပေသည်။

ယထာ ပဒီပေါ ဝဋ္ဋိံ ဈာပေတိ အန္ဓကာရံဝိဓမေတိ အာလောကံ ပရိဒံသေတိ သိနေဟံပရိယာဒိယတိ ဧဝမေဝ မဂ္ဂဉာဏံ အပုဗ္ဗံ အစရိမံ ဧကက္ခဏေန စတ္တာရိသစ္စာနိ အဘိသမေတိ။ ။ (ဝိသုဒ္ဓိ–၌)။)

ဥပမာ–ဆီမီးသည် မီးစာကိုလောင်ခြင်း, အမိုက်မှောင်ကို ပယ်ဖျောက်ခြင်း၊ အလင်းရောင်ကို ပြခြင်း၊ ဆီကို ကုန်စေခြင်း၊ လေးပါးသောကိစ္စတို့ကို တပြိုင်နက် တချက်ထည်း ပြီးစီးစေသကဲ့သို့၊ ထို့တူပမာ–နိရောဓသစ္စာနိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် အာရုံပြုနေတဲ့ခါ၊ သစ္စာလေးပါးတို့ကို တပြိုင်နက် တချက်ဘည်း ထိုးထွင်း၍သိခြင်းကိစ္စပြီး၏ ဟူလို။

ဒု,ကို မြင်လျှင်–လေးပါးမြင်

ဒုက္ခေ ဒိဋ္ဌေ စတ္တာရိ သစ္စာနိ ဒိဋ္ဌာနိ ဟောန္တိတိ အာမန္တာ။

(ကထာဝတ္ထုပါဠိတော်။)

အဓိပ္ပါယ်။ ။ ဒုက္ခသစ္စာ တပါးကို သိမြင်အပ်သည် ရှိသော်–သစ္စာလေးပါးလုံးတို့ကို မြင်အပ်ကုန်သလောဟု ပရဝါဒီက မေးအပ်သည်ရှိသော် ဒုက္ခသစ္စာတပါးကိုမြင်လျှင် သစ္စာလေးပါးလုံးကိုမြင်ပါ၏ဟု သကဝါဒီက

ဖြေသည်။ ။ ဒု—ကိုမြင်လျှင် လေးပါးလုံး မြင်ပုံမှာ ဒုက္ခသစ္စာသည် အကျိုးသစ္စာဖြစ်၍ အကျိုးသစ္စာသည်လည်း အကြောင်းသစ္စာနှင့် ကင်း၍ မဖြစ်သောကြောင့် အကြောင်းသစ္စာ ဖြစ်သော သမုဒယသစ္စာကိုလည်း မြင်တော့၏။ တဖန် ဒု—သ, သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ အကျိုး ဖြစ်သော နိရောဓသစ္စာကို မြင်လျှင်လည်း ၎င်း၏ အကြောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်းမြင်တော့၏။ ထို့ကြောင့် ဒု—ကိုမြင်လျှင် လေးပါးလုံး မြင်သည်ဟုဖြေသည်၊ ဒု—ကား အကျိုးသစ္စာ၊ သ—ကား အကြောင်းသစ္စာ၊ နိ—ကား အကျိုးသစ္စာ၊ မ—ကား အကြောင်းသစ္စာတည်း။

**ဆောင်ပုဒ်။** ။ ဒု့ကိုမြင်လျှင်၊ လေးပါးမြင်၊ ကုန်စင်သိမြင်တော့တာ။ •

**ဓမ္မာဘိသမယော အဟောသိ။** ။ သက်တော်ထင်ရှား ဘုရားလက်ထက် တော်က " ဒေသနာ ပရိယောသာနေ ဂါထာပရိယောသာနေ ဓမ္မာဘိ သမယော အဟောသိ "ဟု ထိုထိုပါဠိတော်တို့၌လာရှိရာ၊ အဆိုပါ ဓမ္မာဘိ သမယော အဟောသိဆိုတဲ့ ပါဠိတော်၏အနက်သွားကို ရှေး နိဿယဆရာကြီး များ အနက် မြန်မာပြန်ဆိုထားသည်မှာ—**ဓမ္မာဘိသမယော၊** အကျွတ်တရား ကို ရကြသည်။ ဝါ၊ သစ္စာလေးပါး တရားကိုသိကြသည်။ ဝါ၊သောတာပန် စသော အရိယာများ ဖြစ်သွားကြသည်ဟု ပြန်ဆိုထားရာ၊ တဆင့်ထက် တဆင့်၊တနက်ထက် တနက်၊ အနက်တခုကို အနက်တခုက၊ ဝါ၊ရှေ့အနက်ကို နောက်အနက်က ဖွင့်ပြသွားသောအနေဖြင့် ပြန်ဆိုထားကြသည်မှာ စာဘတ် ပရိသတ်တို့အား နားရှင်း၍ အသိဉာဏ် လင်း လင်း သွားသောကြောင့် လွန်စွာ့လွန်စွာ သင့်မြတ်လှပေသည်။ သစ္စာလေးပါးတရားကို ကြားနာ၍ သစ္စာသိတဲ့ခါ 'ဒု—သိ—ဒိ—ပယ်၊ သ—သိ—ဝိ—ပယ်၊ နိ—မ—သိ—သိ 'ကိုပယ်၍ ဝါ၊ တတိယသစ္စာခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မျက်မှောက်မြင်သွားတဲ့ သောတာပတ္တိ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို လက်ကိုင် ရရှိသွားကြ၍ သောတာပန် စသော အရိယာများ ဖြစ်သွားကြသည်ဟု ဆိုလိုပေသည်။ ထို့ကြောင့်ပင် ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က သာဝတ္ထိမြို့ကြီးမှာ အိမ်ခြေ ၅—သန်း ၇—သိန်း၊ လူဦးရေ သန်းပေါင်း၇၀ ရှိရာ၊ သန်းပေါင်း ၅၀—မှာ သောတာပန်, သကဒါဂါမ်, အနာဂါမ်, လူအရိယာ ကျန် သန်း ၂၀—အနက်၊ ၁၀—သန်းက သရဏဂုဏ်တည်သူ

ပုထုဇဉ်မှာ သန်း ၁၀–မျှသာရှိသည်ဟု ဆိုသည်၊ သင်တို့ မြို့ရွာထဲမှာ အရိယာ ဖြစ်သွားကြတဲ့သူတွေ ဘယ်နှစ်ယောက် ရှိတယ်ဆိုတာ စစ်စစ် ပေါက်ပေါက် စာရင်းကောက် ကြည့်လိုက်လျှင် တယောက်မှ မရဘဲများ ဖြစ်နေကြပလားဟရို့—။

သစ္စာဟောတာ ဓမ္မတာ။ တဖန် "ဝတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ" နှင့်အညီ၊ သုံးလူ့ထိပ်တင် ဘုရားရှင်ကြီးသည် လူ့နတ်တို့အား တရားဟော တော်မူတဲ့ခါ။ဘယ်ဝတ္ထုကြောင်း ဘယ်တရားဘဲဟောဟော အဆုံးအဆုံးမှာ သစ္စာလေးပါးတရားကိုပြ၍ အဆုံးသတ်သည်မှာ ဓမ္မတာပင်ဖြစ်လေသည်။ သစ္စာလေးပါးအဆုံးမှာ- သစ္စာသိ၍ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကင်းသွားသူတို့မှာ— သောတာပန်,လောဘ,ဒေါသ,မောဟ,ကိလေသာများ ခေါင်းပါး နဲ့ပါး သွားကြသောသူတို့မှာ- သကဒါဂါမ်၊ ကာမရာဂနှင့် ပဋိဃကင်းသွားကြ သောသူတို့မှာ - အနာဂါမ်၊ အလုံးစုံ အာသဝေါ ကုန်သွားကြသော သူတို့မှာ-ရဟန္တာပင်ဖြစ်သွားနိုင်ကြပေသည်။

ထို့ကြောင့်ပင် — **သတ္ထာ ဤမံဓမ္မဒေသနံ အာဟရိတွာ သစ္စာနိပကာသေတွာ သစ္စပရိယောသာနေ ကေစ္စေသောတာပတ္တိဖလေသု ကေစ္စေ သကဒါဂါမိ ဖလေသု ကေစ္စေအနာဂါမိဖလေသု ကေစ္စေအရဟတ္တဖလေသု ပတိဋ္ဌဟိံသုတိ။** ။ ဟု ထိုထိုဇာတ်နိပါတ်ဝတ္ထုတို့၌လာရှိသည်။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ဤမံဓမ္မဒေသနံ၊ ဤ တရားဒေသနာတော်ကို။ အာဟရိတွာ၊ ဆောင်၍။ သစ္စာနိ၊ သစ္စာလေးပါးတို့ကို။ပကာသေတွာ၊ ပြ၍။ သစ္စပရိယောသာနေ၊ သစ္စာလေးပါးတရားကို ဟောပြီးသောအဆုံး၌။ ကေစ္စေ၊ အချို့သောသူတို့သည်။ သောတာပတ္တိဖလေသု၊ သောတာပတ္တိ ဖိုလ်တို့၌။ကေစ္စေသကဒါဂါမိဖလေသု၊အချို့သောသူတို့သည် သကဒါဂါမိ ဖိုလ်တို့၌။ ကေစ္စေအနာဂါမိဖလေသု၊ အချို့သောသူတို့သည် အနာဂါမိ ဖိုလ်တို့၌။ ကေစ္စေအရဟတ္တဖလေသု၊ အချို့သောသူတို့သည် အရဟတ္တဖိုလ် တို့၌။ ပတိဋ္ဌဟိံသု၊ တည်ကြကုန်၏။

**မှတ်ချက်။** ။ ဤ၌လည်း ကိလေသာထူပါး, ဤမြွေ နုရင့်ကိုလိုက်၍ သစ္စာသိ အရိယာဖြစ်ကြသည် မှတ်ရမည်။

## ဥာဏ်နှင့်ခြုံ၍ အကုန်လုံးသိပါ။

အဆိုပါ အမှန်လေးပါးခေါ်တဲ့ သစ္စာလေးပါးဆိုတာ-အခြားမဟုတ်ပါ။ ပရမတ်နယ်ကနေ၍ ပရမတ်မျက်စိနှင့်ကြည့်ပြီး ပရမတ်ပြော ပြောရပါလျှင်၊ " စိတ်-စေ-ရုပ်-နိ "ဆိုတဲ့ ပရမတ္ထတရား လေးပါးပင်ဖြစ်ပါသည်။ ထိုတွင် လောကီစိတ်-၈၁၊ လောဘကြဉ်သော စေတသိက်-၅၁၊ ရုပ် ၂၈ ခုကို ဒုက္ခသစ္စာဆိုသည်၊ လောဘစေတသိက်ကို သမုဒယသစ္စာ ဆိုသည်၊ နိဗ္ဗာန်ကို နိရောဓသစ္စာဆိုသည်၊ ယှဉ်ဘက်ဖြစ်သော ဖစေတသိက် ၃၆-ခုနှင့် မဂ်စိတ်လေးခု, ဖိုလ်စိတ်လေးခုကို မဂ္ဂသစ္စာဆိုသည်ဟု သိလေ။ တဖန်-အဆိုပါ လောကီစိတ်-၈၁၊ စေတသိက်-၅၁၊ ရုပ် ၂၈-ကို လောကီတရားဆိုသည်။ ကျန် မဂ်စိတ်လေးခု၊ ဖိုလ်စိတ်လေးခု၊ နိဗ္ဗာန် ပေါင်း ကိုးပါးကို လောကုတ္တရာတရား ကိုးပါးဆိုသည်။ ဝိပဿနာ၏ အာရုံမဟုတ်တဲ့တရား ပဋိစ္စသမုပ္ပါဒ်မှ လွတ်သောတရားဟု သိလေ။

တဖန်-ပညတ်နယ်ကနေ၍ ပညတ်မျက်စိနှင့် ကြည့်ပြီး, ပညတ်ပြော ပြောရပါလျှင်၊ အဆိုပါ " စိတ်—စေ—ရုပ်—နိ "တို့တွင် နိ-ကို ချန်၍ "စိတ်—စေ—ရုပ် "ဆိုတဲ့ ရှေ့ပရမတ်သုံးပါးကိုဘဲ၊ ဝါ၊ ဒု—သ, သစ္စာနှစ်ပါးကိုဘဲ ဖြစ်သင့်သလို အကျယ်ဖြန့်၍ ဝေဘန်ပါလျှင်၊ ၃၁-ဘုံလည်းဖြစ်၏၊ စကြာဝဠာ အနန္တလည်းဖြစ်၏။ ဘုံနေသတ္တဝါဟူ၍, လူဟူ၍, နတ်ဟူ၍, ဗြဟ္မာဟူ၍၊ ဆင်,မြင်း,ကျွဲ, နွား,ခွေး,ဝက်,ကြက်,ပိုး, ရှ,ခြ, သန်း, ကြမ်းပိုး ဟူ၍ ပြောဆိုကြရသည်ဟု သိလေ။ အမှန်မှာ-စိတ်,စေ,ရုပ် သုံးပါး၊ ဒု-သ, သစ္စာနှစ်ပါးသာဖြစ်လေသည်။ အဆိုပါ စိတ်,စေ,ရုပ် သုံးပါး၊ ဒု-သ, သစ္စာနှစ်ပါးကို နှုတ်ပယ်၍ထားပါလျှင်၊ လောကမှာ လူ,နတ်,ဗြဟ္မာ စသည် ဘာတခုမျှ မရှိတော့ပြီ။ ထို့ကြောင့် စိတ်-စေ-ရုပ် ဒု-သ, သစ္စာနှစ်ပါးတို့ကိုသာ သမ္မုတိပညတ် လောကဝေါဟာရအားဖြင့် လူ,နတ်,ဗြဟ္မာ စသည်ခေါ်ဆိုရသည်။ လူ,နတ် စသည်ကား အဟုတ်မရှိ၊ စိတ်-စေ-ရုပ် သုံးပါး၊ ဒု-သ, သစ္စာနှစ်ပါးသာ အဟုတ်ရှိဟု သိလေ။

ထို့ကြောင့်— လူ, နတ် ဆိုတာလဲ ဒု-သ, သစ္စာဘဲ၊ ဒု-သ, သစ္စာ ဆိုတာလဲ လူ,နတ်,ဘဲ၊ ပညတ် ပရမတ်သာကွဲ, အရမှာ အတူတူဘဲ၊ ဒု-သ

သစ္စာဆိုတာလဲ ခန္ဓာ အာယတနဓာတ်ဘဲ၊ ခန္ဓာ အာယတနဓာတ်ဆိုတာလဲ ဒု-သ, သစ္စာဘဲ၊ ပညတ်မျှသာကွဲ၊ ဒု-သ, သစ္စာဆိုတာလဲ အနိစ္စ, ဒုက္ခ, အနတ္တဘဲ၊ အနိစ္စ,ဒုက္ခ,အနတ္တ ဆိုတာလဲ ဒု-သ, သစ္စာဘဲ။ အနိစ္စ, ဒုက္ခ အနတ္တ ဆိုတာလဲ ခန္ဓာ အာယတန ဓာတ်ဘဲ။ ခန္ဓာ အာယတန ဓာတ်ဆိုတာလဲ အနိစ္စ,ဒုက္ခ,အနတ္တဘဲ ပညတ်မျှသာကွဲ။ ခန္ဓာ အာယတန ဓာတ်ကား-ခန္ဓာပညတ်၊ အနိစ္စ, ဒုက္ခ, အနတ္တကား-တဇ္ဇာပညတ် အထူးတည်း။ ခန္ဓာပညတ်ကား- ပရမတ် အားဖြင့် ထင်ရှားရှိ၏။ တဇ္ဇာပညတ်ကား- ပရမတ်အားဖြင့် ထင်ရှားမရှိချေ။ သို့ မရှိသော်လည်း ထင်ရှားရှိသော ပရမတ်နှင့်ကင်း၍ မဖြစ်ချေ၊ ထင်ရှားရှိသော ခန္ဓာ စသော ပရမတ်ကိုစွဲ၍ အကြောင်းပြု၍သာ အနိစ္စ,ဒုက္ခ,အနတ္တဟု ပညတ်ရသည်။

ထို့ကြောင့်—လေးကျွန်းတမြင့်မိုရ်, တခုသောစကြဝဠာ, လေးကျွန်း တမြင့်မိုရ်, တခုသော စကြဝဠာ စသည်ဖြင့် စကြဝဠာအနန္တ ရှိကြရာ၊ အနန္တစကြဝဠာလုံး ရှိရှိသမျှသော ဘုံနေသတ္တဝါအနန္တတို့ကို ပညတ်အား ဖြင့်သာ ပုဂ္ဂိုလ်သတ္တဝါဟု ခေါ်ဆိုပညတ်ရသည်၊ အဟုတ်မရှိ, တကယ်မရှိ, မုချမရှိ, ကိုးမရှိ, ဆယ်မရှိ, လုံးဝမရှိမှတ်။ ပုဂ္ဂိုလ်လို့ သတ္တဝါလို့ ပညတ်ရုံ သတ္တဝါလို့ ခေါ်ရရုံ၊ သမုတ်ရရုံမျှသာရှိတဲ့ အရှိဟု သိလေ, မှတ်လေ။ ပညတ်အားဖြင့် ခေါ်ဆို သမုတ်ထားတဲ့အတိုင်း တကယ်ရှိ, အဟုတ်ရှိ, အမှန်ရှိ, မုချရှိဟု နှလုံးသက်ဝင်၍ ယုံကြည်စွာ မှတ်ထင်ယူဆနေပါလျှင် ပညတ်မြင်,ပညတ်သိ,မိစ္ဆာဒိဋ္ဌိအမှားသိဟုမှတ်လေ၊တကယ်မမှား အပါယ်ကို သွားရမဲ့အယူမှားဟုသိလေ။ထိုသို့မဟုတ် စကြာဝဠာရှိဘုံနေသတ္တဝါဆိုတာ ဟာ အဆိုသာရှိ, သမုတ်သာရှိ,ပညတ်သာရှိသည် နဂိုရှိ,အဟုတ်ရှိ,ပရမတ်ရှိ အားဖြင့်တော့ စိတ်—စေ—ရုပ် ဆိုတဲ့ ပရမတ်သုံးပါး၊ ဒု-သ ဆိုတဲ့ သစ္စာ နှစ်ပါး၊ ရုပ်နာမ်ဆိုတဲ့ခန္ဓာ အနိစ္စဒုက္ခ,အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါး သာရှိ၏ဟု သိလေ။ ရှိ ဆိုသော်လည်း မျက်စိတမှိတ်,လျှပ်တပြက် လက်ဖျစ် တတွက်မှန်မျှ ခိုင်မြဲတည်တန့် အရှည်ခန့်နိုင်ကြတဲ့ အရှိမျိုးမဟုတ်၊ သံသရာ တခွင် ခန္ဓာအစဉ်ကပင် ပရိနိဗ္ဗာန်ဝင်စံသည်တိုင်အောင် တသံသရာလုံး ဖြစ်အစဉ်-ပျက်အစဉ်နှင့် လာခဲ့ကြသော ဖြစ်သဘော, ပျက်သဘော၊ ဖြစ် တရား, ပျက်တရား၊ ဖြစ်သမား, ပျက်သမား၊ ဖြစ်ပျက်မနားကြတဲ့ တရား အနေအားဖြင့်သာ၊ ဝါ၊ ဥပါဒ် ဋ္ဌီ-ဘင် မျှသာ၊ ဝါ၊ဖြစ်ရင် ပျက်မျှသာရှိတဲ့

အရှိမျိုးဟု သိလေ့မှတ်လေ။ အမှန်မှာ–"ပုဂ္ဂလ သတ္တ အတ္တ ဇီဝ " တို့မှ ဆိတ်သုဉ်းနေတဲ့ သုညတလုံးသာရှိ၍ သုညတ–တရားအထိ သိရှိကြပါလေ။ ဤလိုဤပုံ လူ့နတ်ဗြဟ္မာ, သတ္တဝါဟူသော ပညတ်ကွယ်ပျောက် စိတ်, စေ, ရုပ် ဟူသော ပရမတ်ပေါက်၊ အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာ ဆိုက်၊ ဒု–သ ဟူသော သစ္စာကိုက်အောင် ယထာဘူတဉာဏ်ဖြင့် အမှန်သိ, အမှန်မြင်ပါလျှင် ပရမတ်မြင်, ပရမတ်သိ, သမ္မာဒိဋ္ဌိအ မှန်သိ, သမ္မာဒိဋ္ဌိ အစစ်ကြီးဖြစ်ပြီဟူ၍သိလေ။တကာယ်မမှား လူ့နတ်သုဂတိသို့သွားရ့လားရမဲ့ အသိမှန် အမြင်မှန်ဟု သိလေ့မှတ်လေ။

ဤအဆိုပါ စိတ်,စေ,ရုပ် ဟူသော ဒု–သ ဟူသော ရုပ် နာမ် ခန္ဓာ သည်ကားယခု သူ့ငါတို့၊ဝါ၊လူအများတို့ မွေးသည်ကစ,သေနေ့ကြအောင် မဖြစ်မပျက်ဘဲ သေမှ သေ့ အမြဲတည်နေကြသည်ဟု မှတ်ထင်ယူဆနေကြဘိ သကဲ့သို့ လုံးဝ မဟုတ်ချေ။ အမှန်မှာ ပြုအပ်သော ကံအားလျော်စွာ ကာခုသော ဘဝပဋိသန္ဓေစိတ်၏ ဥပါဒ်မှ နိဗ္ဗာန်ရတဲ့ဘဝ ပရိနိဗ္ဗာနစုတိ ဘင်္ဂက္ခဏ တိုင်အောင် " အဝိစိမနုသဗ္ဗန္ဓော နဒီသော တောဝပဝတ္တတိ" ကျမ်းဂန်တို့၌ လာသည်နှင့်အညီ၊ အမှန်ဖြစ်ရာမှာအစ, သမုဒ္ဒရာကျအောင် နေ့ညဥ့်မစဲ တသွင်သွင်စီးဆင်းနေတဲ့ မြစ်ချောင်းကြီးနှင့် သူငါတို့ရဲ့ ခန္ဓာ ကိုယ်ကြီးဟာ တထပ်ထည်း တူနေသည်ဟူ၍ မှတ်လေ။ မြစ်ချောင်းအတွင်း မှာ စီးဆင်းနေတဲ့မြစ်ရေတွေနှင့် သူငါတို့ရဲ့ ခန္ဓာကိုယ်ကြီးထဲမှာ ရှိနေတဲ့၊ ဝါ၊ ဖြစ်ပျက်နေကြတဲ့ ရုပ်နာမ်တွေနှင့် တထပ်ထည်း တူသည်။ ရိပ်ကနဲ ရိပ်ကနဲ အောက်သို့ စီးဆင်းသွားနေတဲ့ ရေတွေနှင့်၊ ဖြုတ်ကနဲ ဖြုတ်ကနဲ ချုပ်ပျောက်,ချုပ်ပျောက်သွားနေကြရုပ်နာမ်တွေနှင့် တထပ်ထည်းတူသည်။ အောက်သို့စီးဆင်းသွားတဲ့ရေအစား, အထက်က အသစ် အသစ် စီးဆင်း လာတဲ့ ရေတွေနှင့် ရုပ်ဟောင်း,နာမ်ဟောင်းတွေ ချုပ်ပျောက်,ချုပ်ပျောက် သွားတဲ့အစား, ရုပ်သစ်, နာမ်သစ်တွေ အသစ် အသစ် ဖြစ်ပေါ်သည်နှင့် တထပ်ထည်းတူသည်။ မြစ်ချောင်းရှိ ရေတွေဟာ အောက်ရေနှင့်အထက်ရေ အစဉ်မပြတ် စီးဆင်းနေသည်နှင့်၊ ခန္ဓာတွင်းရှိ ရုပ်နာမ်တွေဟာ အစဉ်မပြတ် ဖြစ်ပျက်နေသည်နှင့်တူသည်။ မြစ်ချောင်းတွင်းရှိ ရေတွေဟာ မျက်တောင် တခပ်စာမျှ မနားမရပ် အမြဲ စီးဆင်းနေသည်နှင့် သူငါတို့ ကိုယ်တွင်းရှိ ရုပ်နာမ် တွေဟာ ပဋိသန္ဓေမှ စုတိကြအောင် မျက်တောင် တခပ်စာမျှ

မနားမရပ်ကြဘဲ အမြဲတစေ ဖြစ်ပျက်, ဖြစ်ချုပ် ဖြစ်နေကြသည်နှင့် တထပ်ထည်း တူနေကြသည်ဟု သိလေ, မှတ်လေ။ ဤလိုသိ၍ ဤလိုမြင်လျှင် အနတ္တဉာဏ်အမြင် ဖြစ်၍ အတ္တစင်သောကြောင့် အပါယ်လွတ် တရားရ သောတာပန် စသော အရိယာပင်ဖြစ်နိုင်ပေသည်။

**၅၊ မြစ်ချောင်းဥပမာ၌။** ။ မြစ်ချောင်းနှင့် မိမိခန္ဓာကိုယ်ကြီး မြစ်ချောင်းတွင်းရှိ ရေတွေနှင့်၊ ခန္ဓာကိုယ်တွင်းရှိ ရုပ်နာမ်တွေကို တထပ်ထဲ တူနေတယ်လို့ထင်အောင်,မြင်အောင် ကြည့်ရှုကြလေ။

**ဆီမီးဥပမာ၌လည်း။** ။ ရှေ့ဆီမီး နှင့် နောက်ဆီမီး အစဉ်မပြတ် စပ်၍ ဖြစ်နေသည်နှင့် ရုပ်ဟောင်း, နာမ်ဟောင်း အစဉ်မပြတ် ဆက်စပ်လျှက် ဖြစ်ပျက်နေသည်ကို သိရှိကြပါလေ။

**အမှာ။** ။ ဤဥပမာကား—သတ္တဝါတို့ ဉာဏ်,နားနှင့် သင့်တန်ရုံပြသော ဥပမာတည်း။ ရုပ်နာမ်ကား—အဆတရာ မကသာ၍ လျှင်မြန်သည်ဟု သိလေ။

ဤလိုဤပုံ သေနေ့မဦးခင် အသိမှန်, အမြင်မှန်, ဝိပဿနာဉာဏ်ကို လက်ကိုင်ရရှိတဲ့နေ့က ဦးသွားကြပါလျှင်၊ ရုပ် နာမ် မသိတဲ့ အန္ဓကလွတ် ရုပ်နာမ်သိတဲ့ ကလျာဏဖြစ်၊ ဖြစ်ဆဲ ရုပ် နာမ် ပစ္စုပ္ပန်ကို ကောန်မြင်သိ၊ ပညာရှိက လက်ရှိဘဝ အပါယ်မကျနိုင်တဲ့ စူဠသောတာပန် ဖြစ်ရုံမျှမက တသံသရာလုံးက ဖြစ်အစဉ်-ပျက်အစဉ်နှင့် လာခဲ့ကြသော ဖြစ်ပျက်မနားကြတဲ့ ရုပ်နာမ်နှစ်ပါး, ခန္ဓာငါးပါးတရားတို့ကိုပင်၊ ဝါ၊ အချုပ်အားဖြင့် ဒု-သ ဆိုတဲ့ သစ္စာနှစ်ပါးတို့ကိုပင်၊ ငါ့ကိုယ် အတ္တဟု တသက်လုံး အယူမှားလာခဲ့ကြသော အတ္တဒိဋ္ဌိ အယူမှားကြီးကို တကယ်တားဆီးလိုက်နိုင်တဲ့ ဒိဋ္ဌိပဋိသေဓ တရားကို လက်ကိုင်ရရှိကြပြီးဖြစ်၍ အပါယ်ငရဲကို တကယ်ဆွဲဆွဲချတတ်တဲ့ အတ္တဒိဋ္ဌိအယူမှားကြီးကို ချုပ်ငြိမ်း၍ အပါယ်ဇာတ်သိမ်းသဖြင့် အပါယ်လွတ်တရားရ သောတာပန် စသော အရိယာများ ဖြစ်သွားနိုင်ကြသည်ဟု သိလေ,မှတ်လေ။

ဤကား — သစ္စာနှင့် ခန္ဓာ၊ ခန္ဓာနှင့် သစ္စာ၊ သစ္စာနှင့် အာယတန၊ အာယတနနှင့် သစ္စာ၊ သစ္စာနှင့်ဓာတ်၊ ဓာတ်နှင့်သစ္စာ၊ "သစ်–အာ ဓာတ်နှင့် အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘ၊အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘနှင့် သစ်,အာ,ဓာတ်" တို့ဟာ တမျိုးတခြားစီလိုလို၊ ဒွိဟမကင်း ဒွေးဝမ်းမကွဲဘဲ ဖြစ်နေကြမည်ကို စိုးရိမ်၍ တနည်းတခမ်းလွှဲပြီး ခန္ဓာ အာယတနဓာတ်တွေ သဘောတူ ဒုက္ခသစ္စာတွေဟူ၍ ဆီးဝမ်းကွဲသွားအောင် ရေးပြခြင်းပေတည်း။

လိုရင်းအချုပ်—အပြားမရှိသောကြောင့် နိဗ္ဗာန်ကို ခန္ဓာမှအလွတ်ထား၊ ထို့အတူ–ဓမ္မာယတန,ဓမ္မဓာတ်ထိုက်သော နိဗ္ဗာန်ကို အလွတ်ထား၊ အဆိုပါ နိဗ္ဗာန်ကိုချင်းချန်၍ တဏှာမှတပါးသော ခန္ဓာ အာယတနဓာတ် အလုံးစုံ တို့ကို ဒုက္ခသစ္စာလို့သိပါ, မြင်ပါ၊ တဏှာကို သမုဒယသစ္စာလို့ သိပါ မြင်ပါ၊ တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် အဆိုပါ ဒု–သ, သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်ကို–နိရောဓသစ္စာလို့ သိပါ မြင်ပါ။ ဒု–ကို ပိုင်းခြား၍သိတတ်သော မဂ္ဂင်ရှစ်ပါး၊ သ–ကို ပယ်တတ်သော မဂ္ဂင်ရှစ်ပါး၊ နိ–ကို အာရုံပြုတတ်သော၊ ဝါ၊ မျက်မှောက်ပြုတတ်သော၊ ဝါ၊မျက်မှောက် မြင်သိတတ်သော၊ ဝါ၊ မျက်မှောက်မြင်သိနိုင်သော စွမ်းရည်သတ္တိ ကျပ်ပြည့် ရှိသော, မဂ်စိတ်လေးခု၌ရှိသော, သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါး ကျင့်မြတ် တရားကို မဂ္ဂသစ္စာလို့ သိပါ မြင်ပါ၊ ဤပုံဤနည်းသိလျှင် မြင်လျှင်လည်း သိသင့် သိထိုက်သော ဒု—သ–နိ—မ ဆိုတဲ့ သစ္စာလေးပါးတို့ကို ရှေ့အဘို့၌ အနုဗောဓ လောကီဉာဏ်ဖြင့် ပိုင်းခြားဝေဘန် အမှန်ကိုသိမြင်၍ နောက် အဘို့၌ ပဋိဝေဓ လောကုတ္တရာမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိသည်ဖြစ်၍—

> ဝေပုဗ္ဗဘာဂေ စတ္တာရိစ သစ္စာနိ ဝဝတ္ထပေတွာ
> ပဋိပါဋိယာ အရိယဘူမိံ ဩက္ကမတိ။ ။

ဟု အင်–ဠာ—ကေနိပါတ် လာရှိသည်နှင့်အညီ။

ဝိပဿနာဉာဏ်, သစ္စာဉာဏ်, အစဉ်အားဖြင့် ပယ်သင့် ပယ်ထိုက်သော ဒိ–ဝိ–သီ ကိလေသာတို့ကို ပယ်သတ်၍ အပါယ်သို့ လားစေတတ်သော ဒိဋ္ဌိ ဝိစိကိစ္ဆာ တည်းဟူသော အညစ်အကြေးမှ ကင်းသည်ဖြစ်၍ အပါယ် လွတ် တရားရ, သောတာပန် စသော အရိယာအဖြစ်သို့ ရောက်တော့သည် ဟူလို။

သစ္စာသိမြင် နိဗ္ဗာန်မြင်၊ နိဗ္ဗာန်မြင်မှ မဂ်ဖိုလ်ရ၊ မုချ မြဲမှတ်သား။

သိအောင် မြင်အောင်သာ အားထုတ်, မဂ်ဖိုလ်နိဗ္ဗာန်ရမဲ့အလုပ် တကယ်ဟုတ်ဘဲ့ သူတော်ကောင်းတို့အလုပ်ဟု သိလေ မှတ်လေ။

---

## အပိုင်း ( ၃ )

### လေးပါးသော အခြင်းအရာ

ဉာဏ်မယက်,မနှံ့၊ အလယ်အလတ်ဖြစ်သော နေယျဘို့မှာ—

> သာန သမ္မသန ပဋိဝေဓ ပစ္စဝေက္ခဏ ဝသေန စတူဟိ အာကာရေဟိ ဉပ္ပန္နံဉာဏံ ဟောတိ။ ။ ဆိုတဲ့ မဂ္ဂ သံဌာနှင့်အညီ။

သစ္စာနှင့်စပ်တဲ့ အမြတ်တရားကို ဘုရားထံမှာဖြစ်စေ၊ အခြား သာဝက ထံမှာဖြစ်စေ, ကြားနာရတဲ့ခါ၊ ကြားနာ၍သိ၊ သုံးသပ်၍သိ၊ ထိုးထွင်း၍သိ၊ တဖန် ဆင်ခြင်၍သိ သည်၏အစွမ်းအားဖြင့်"နာ-သုံး-ထိုးထွင်းဆင်ခြင်ခြင်း" ဟူသော လေးပါးသော အခြင်းအရာတို့ဖြင့် သစ္စာကိုသိသောဉာဏ်သည် ဖြစ်၏ဟု ပြဆိုထားရာ၊ ဒု—သ—နိ—မ ဆိုတဲ့ သစ္စာလေးပါးတို့တွင် တဏှာမှ တပါးသော လောကီခန္ဓာငါးပါးသည် ဒုက္ခသစ္စာ ဖြစ်သည်၊ တဏှာသည် သမုဒယသစ္စာ ဖြစ်သည်၊ ထို ဒု—သ, သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ ဖြစ်သည်၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ ဖြစ်သည်ဟု ဤလို သစ္စာလေးပါးတရားကို ကြားနာရရုံမျှနှင့်ပင် သစ္စာကိုသိသောဉာဏ်သည် ဖြစ်သည်၊ ထိုသို့မဟုတ် တကြိမ် တခါ ကြားနာရုံမျှနှင့် သစ္စာကို ထိုးထွင်း၍မသိသေး၊ ကြားနာရပြီးတဲ့ သစ္စာတရားကို ထပ်ကာထပ်ကာ ကြိမ်ဘန်များစွာ သုံးသပ်ဆင်ခြင်မှု၊ ဝါ၊ ယခုလို သစ္စာလေးပါး မြတ်တရားကို မသွယ်မဝိုက် တိုက်ရိုက်တဲ့ထိုး ကျဉ်းကျဉ်းနှင့် ရှင်းရှင်း ပွင့်ပွင့်လင်းလင်း ကဏှာကြောင့် ခန္ဓာ ဖြစ် ပျက် မွေး သေ, သံသရာရှည်၍ နေကြရသည်၊ တဏှာကား-သမုဒယသစ္စာ၊ ခန္ဓာကား

ဒုက္ခသစ္စာ၊ အကြောင်းနှင့် အကျိုးဘဲ၊ တဏှာပယ်တဲ့ မဂ်အကျင့်တြောင့် တဏှာခန္ဓာ အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေးတဲ့ အသင်္ခတဓာတ်နိဗ္ဗာန်သို့ ဆိုက်ရောက်တော့သည်။ တဏှာပယ်တဲ့မဂ်အကျင့်ကား-မဂ္ဂသစ္စာ၊ အသင်္ခတဓာတ်ကား-နိရောဓသစ္စာ ဟု အလင်းဖွင့်၍ ဖေါ်ပြရေးသားထားတဲ့ စာအုပ်စာတမ်းမျိုးကို အမြဲတမ်းလက်ကိုင်ထား၍ မိမ်ကိုယ်တိုင် ခဏခဏဘတ်ခြင်း၊ သူတပါးကို ဘတ်စေ၍ မိမိက နားထောင်ခြင်း၊ စာအုပ်စာတမ်း၌ပါသော အမှာအထား အချက်အလက်တို့ကို လေးလေးနက်နက် ဉာဏ်ဖြင့်သက်ဝင်၍ အကြိမ်ကြိမ်အဖန်ဖန် သုံးသပ်ဆင်ခြင်ခြင်း၊ မိမိဉာဏ်မမှီသော အနက်အဓိပ္ပါယ်တို့ကို သူတပါးတို့သို့ မေးမြန်းစုံစမ်းခြင်း၊ သူတပါးတို့နှင့် ခဏခဏ ဆွေးနွေးတိုင်ပင်ခြင်း စသည်ကို ပြုလုပ်သည်ရှိသော်၊ ရှေးဦးစွာ အနုဗောဓဉာဏ်ဖြင့် သစ္စာကိုသိ၏၊ နောက်ကာလ ပဋိဝေဓဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏။

သို့ရာတွင် ဤသမ္မသနဉာဏ်မှာ ဒု-သ, သစ္စာနှစ်ပါးတို့၌သာ ရအပ်ပေသည်၊ နိ-မ, သစ္စာနှစ်ပါးတို့၌ မရအပ်ပေ။ အဘယ်ကြောင့်ဆိုသော်— နိ—မ, သစ္စာတို့၌ သုံးသပ်သောဉာဏ်၏ မဖြစ်သင့်သောကြောင့်. သဝန, ပဋိဝေဓ ပစ္စဝေက္ခဏာ, ဤသုံးပါးတို့ကိုသာ ရသင့်သောကြောင့်ပေတည်း။ သို့ ရသင့်သော်လည်း ပစ္စဝေက္ခဏာဉာဏ်မှာ-ရောက်အပ်ပြီးသော သစ္စာရှိသော အရိယာပုဂ္ဂိုလ်တို့အားသာလျှင် ဖြစ်သောဉာဏ်ဖြစ်၍ သဝနနှင့် ပဋိဝေဓ ကိုသာ မုချရအပ်ပေသည်၊ ထိုတွင်-သဝန, သမ္မသန, ပစ္စဝေက္ခဏာကား-လောကီဉာဏ်၊ ပဋိဝေဓ ကား-လောကုတ္တရာဉာဏ်တည်း။

**ဆောင်ပုဒ်။ ။ နာ,သုံး ထိုးထွင်း၊ ဆင်ခြင်ခြင်း၊ လေးသင်းသစ္စာသိ။**

**ဒဿနဘူမိ—ဘာဝနာဘူမိ၊**

**ပဌမ မဂ္ဂပညာ ဒဿနဘူမိ၊ အဝသေသ မဂ္ဂတ္တယပညာ ဘာဝနာဘူမိ။**
(ဝိသုဒ္ဓိမဂ္ဂ—ဋ္ဌာ၌။)

ပဌမ မဂ္ဂပညာ-သောတာပတ္တိမဂ်ပညာသည်၊ ဒဿနဘူမိ-သစ္စာကို သိ၊ နိဗ္ဗာန်ကို သိမြင်သောအရာမည်၏၊ အဝသေသမဂ္ဂတ္တယပညာ-သောတာ

ပတ္တိမဂ်မှ ကြွင်းသော အထက်မဂ်သုံးပါး အပေါင်းဖြစ်သော ပညာသည်၊ ဘာဝနာဘူမိ - ဝိပဿနာဘာဝနာကို နာနာပွါးများ အားထုတ်ရသော အရာဌာနမည်၏။

အဓိပ္ပါယ်။ ။ ဆိုလိုရင်းမှာ—လောကုတ္တရာဘက်၌ မဂ်လေးပါး, ဖိုလ်လေးပါးဟု ၈ပေါင်းရှစ်ပါးရှိရာ သောတာပတ္တိမဂ် ခေါ်သော ပဌမမဂ်ကို ရဘို့ရောက်ဘို့ရာမှာ-သစ္စာသိဘို့,သစ္စာမြင်ဘို့လိုလှ၏၊သစ္စာသိတဲ့ခါ တတိယသစ္စာ ခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကို မတွေ့မဝေ ထိုးထွင်း၍ သိတဲ့ မဂ်စိတ်-ဖိုလ်စိတ်၊ မဂ်ဉာဏ်-ဖိုလ်ဉာဏ် ဖြစ်ပေါ်လာနိုင်ဘို့လိုလှ၏၊နိဗ္ဗာန်ကို တွေ့တွေ့မြင်တဲ့ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ဖြစ်ပေါ်လာလျှင် သောတာပတ္တိမဂ်ကိစ္စပြီးစီးနိုင်၏ဟု ဆိုလိုပေသည်။ ၆သောတာပတ္တိမဂ်မှ ကြွင်းသော အထက်မဂ်သုံးပါးတို့ကို ရဘို့ ရောက်ဘို့မှာ-လောဘ,ဒေါသ,မောဟ,စသော ကိလေသာအကြမ်းစားတွေ တစထက် တစ, နဲပါးသွားအောင်,ခေါင်းပါးသွားအောင် ဘာဝနာကို နာနာပွါးများ အားထုတ်ဘို့လိုသည်ဟု ဆိုလိုပေသည်။

ရှေ့နောက် မမှားစေနှင့်—

ဤ အရာများကို ကြီးကြီး မားမား သတိထားကြပြီးလျှင်-ရှေ့မဂ်ကိစ္စကို ရှေ့လုပ်၊ နောက်မဂ်ကိစ္စကို နောက်လုပ်၊ ဝါ၊ အရင်လုပ်ရမဲ့ကိစ္စကို အရင်လုပ်၊ နောက်လုပ်ရမဲ့ ကိစ္စကို နောက်လုပ်၊ ၆ရှေ့၆နောက်မမှားစေဘဲ၊ ဝါ၊ အလုပ်မလွဲစေဘဲ လုပ်မိမှသာ လက်ရှိဘဝ, သေနေ့က မဦးခင် ရသင့်ရထိုက်တဲ့ တရားအဆင့်အတန်းများကို လက်ကိုင် ရရှိနိုင်ကြမည်ဟု သတိရှိဘို့လိုလှပေသည်။

ပဟာတဗ္ဗ, ဘာဝေတဗ္ဗ—

သည်မှ တပါး, သစ္စာသိ၍ အရိယာ သောတာပန် ဖြစ်ရာ၌ ပဟာတဗ္ဗ ဘာဝေတဗ္ဗဟု ကျမ်းဂန်တို့၌ နှစ်မျိုးရှိရာ— "ဒဿနေန ပဟာတဗ္ဗာ ဘာဝနာယ ပဟာတဗ္ဗာ" ဟု ဓမ္မသင်္ဂဏီပါဠိတော်၌ လာသောကြောင့် မဂ်လေးပါးတို့တွင် သောတာပတ္တိ မဂ်သည် ပဟာတဗ္ဗမဂ်ဖြစ်၍ ၎င်းသည် ပယ်အပ်သော ကိလေသာကား- ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ နှစ်ပါးတည်းသာဖြစ်၍ အထက်မဂ်သုံးပါးတို့သည်

ပယ်အပ်သော ကိလေသာတို့ကား-လောဘ, ဒေါသ, မောဟ, မာန, ထိန, ဥဒ္ဒစ္စ, ဟိရိ, ဩတ္တပ္ပ တို့သာဖြစ်ကြလေသည်၊ ဤအရာကိုလည်း သတိပြုမိကြပါစေ။ ( ဒိ–ဝိ ကို အရင်ပယ်ဘို့ အရင်ကျင့်ရမည်၊ လောဘ, ဒေါသ စသည်ကို နောက်မှပယ်ဘို့ နောက်မှ ကျင့်ရမည် ဟူလို။)

ဒဿန, သိမြင်ခြင်း။ ။ ဒဿန-ဆိုတာက ပါဠိစကားဘဲ၊ မြန်မာစကား လိုတော့ သိမြင်ခြင်းဟု ဆိုလိုပေသည်၊ ဘာကိုသိ၍ ဘာကိုမြင်သလဲဆိုတဲ့ အမေး၌ သစ္စာကို သိမြင်တယ်၊ နိဗ္ဗာန်ကို သိမြင်တယ်လို့ ဆိုလိုပေသည်။ သစ္စာသိလျှင်လဲ နိဗ္ဗာန်ကိုသိမြင်တာဘဲ၊ နိဗ္ဗာန်ကိုသိမြင်လျှင်လဲ သစ္စာ လေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍ သိမြင်သွားတော့တာဘဲ၊ သစ္စာ သိတဲ့ခါ တတိယ သစ္စာခေါ်သော နိရောဓသစ္စာ နိဗ္ဗာန်သဘောအစစ် အမှန်ကို သိစွမ်းနိုင်, မြင်စွမ်းနိုင်တဲ့ သောတာပတ္တိမဂ်ဉာဏ်ကို ဤနေရာ၌- ဒဿန ဆိုသည်ဟု သိလေ။ ထို့ကြောင့်ပင် "ဒဿနံနာမ သောတာပတ္တိ မဂ္ဂေါ"ဟု ကျမ်းဂန်တို့၌ အဆိုရှိသည်။ တနည်းအားဖြင့်တော့ - ဓမ္မစက္ခုံ ဥဒပါဒိ ဟု ဆိုသည်။

ဒဿနံနာမ-ဒဿန ဆိုသည်ကား သောတာပတ္တိမဂ္ဂေါ၊ နိဗ္ဗာန်ကို သိမြင်တဲ့ သောတာပတ္တိမဂ်ဉာဏ်ပေတည်း။ ဓမ္မစက္ခုံ၊ နိဗ္ဗာန်ကို သိမြင်တတ် သော မဂ်ဉာဏ်မျက်စိသည်၊ ဝါ၊တတိယသစ္စာခေါ် နိရောဓသစ္စာနိဗ္ဗာန်ကို သိမြင်တတ်သော မဂ်ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်ပေါ်လာပြီဟု ဆိုပေသည်။

ဤလိုဤပုံ သစ္စာကိုသိတဲ့ အသိဉာဏ်ဟာ သစ္စာကိုသိတဲ့ခါ နိရောဓ သစ္စာ နိဗ္ဗာန်ကို သိတဲ့အသိဉာဏ် ဖြစ်ပေါ်လာသည်ကိုပင် ဓမ္မစကြာပါဠိ တော်ကြီး၌– "စက္ခုံဥဒပါဒိ ဉာဏံဥဒပါဒိ ပညာဥဒပါဒိ" စသည်ဖြင့် ဟောတော်မူသည်ဟု သိလေ။

ဤ၌ "နိဗ္ဗာနဒဿနတောတိ နိဗ္ဗာနာရမ္မဏတံသန္တာယ" ဆိုတဲ့ မူလ ပဏ္ဏာသ-ဋီ နှင့်အညီ၊ နိဗ္ဗာန်ကို အာရုံပြုသည်ကိုပင် နိဗ္ဗာန်ကိုမြင်သည်ဟု ဆိုရပေသည်။ ဤ၌ ဓမ္မစက္ခုံအရ "ဟေဋ္ဌိမာ တယောမဂ္ဂါ တိဏ္ဏံစဖလာနံ" နှင့်အညီ၊ အောက်မဂ်သုံးပါး, အောက်ဖိုလ်သုံးပါးကို ယူ။

## တဖန်၊ မေး–ဖြေ

မေး။ ။ "ကသ္မာ သောတာပတ္တိမဂ္ဂေါဒဿနံ"ဘာ့ကြောင့် သောတာပတ္တိမဂ်ကို-ဒဿန ဆိုသလဲ။ ?

ဖြေ။ ။ "ပထမံ နိဗ္ဗာနံဒဿနတော ဒဿနံ " တသံသရာလုံးက အိပ်မက်တွင်မှ မမြင်ခဲ့ရဘူးတဲ့ နိဗ္ဗာန်ကို သိမြင်တဲ့နေရာမှာ တပါးသောမဂ်တို့ထက် ဦးဦးဖျားဖျား ထူးထူးချားချားကြီး သောတာပတ္တိမဂ်က ရှေးဦးစွာ နိဗ္ဗာန်ကို သိမြင်တတ်သောကြောင့် သောတာပတ္တိမဂ်ကို-ဒဿန ဆိုရပါသည်ဟု ဖြေဆိုထား၏။

ကိစ္စ ပြီး, မပြီး–မေးရန်ရှိသည်ကား၊ ဤလို ရှေးဦးစွာ နိဗ္ဗာန်ကို သိမြင်တတ်သောကြောင့် သောတာပတ္တိမဂ်ကို "ဒဿန"ဟု ဆိုပါလျှင် လောကီဖြစ်လျက် လောကုတ္တရာနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိမြင်တတ်တဲ့ ဂေါတြဘုဉာဏ်ဟာ သောတာပတ္တိမဂ်ထက် ရှေးဦးစွာ နိဗ္ဗာန်ကို မြင်တယ် မဟုတ်လားဟု မေးရန်ရှိပြန်၏။

အဖြေမှန်ပေးလျှင်–ဟုတ်၏ဟု ဝန်ခံရပေလိမ့်မည်၊ ဟုတ်လျှင် အဆိုပါ ဂေါတြဘုဉာဏ်ကို " ဒဿန "ဟု ဆိုပါတော့လားဟု မေးရန်ရှိနေပြန်၏၊ မဆိုနိုင်ပါဘူးဟု ပယ်ရပေလိမ့်မည်၊ ဘာ့ကြောင့်ဟုထပ်မေးလျှင် ဂေါတြဘုဉာဏ်သည် သောတာပတ္တိမဂ်ဉာဏ်ထက် ရှေးဦးစွာနိဗ္ဗာန်ကိုသိမြင်သည်ကား မှန်ပေ၏၊ သို့ရာတွင် ဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာတို့ကို ပယ်သတ်ခြင်းငှါ မစွမ်းနိုင်ပေ။ ဝါ၊ စွမ်းရည်သတ္တိမရှိပေ။ သောတာပတ္တိမဂ်ဉာဏ်မူကား– နိဗ္ဗာန်ကိုလဲမြင်စွမ်းနိုင်, မိမိမဂ်နှင့်ဆိုင်ရာ ဒိ–ဝိ ကိလေသာတို့ကိုလဲ အကြွင်းမထားဘဲ ပယ်စွမ်းနိုင်တဲ့ စွမ်းရည်သတ္တိ ကျပ်ပြည့်ရှိပေသည်၊ ထို့ကြောင့် သောတာပတ္တိမဂ်ကိုသာ ဒဿန ဆိုရပါသည်ဟု ဖြေ၏။

ထို့ကြောင့်–ဂေါတြဘုပန။ပ။နိဒဿနန္တိ ဝုစ္စတိ။ ။တု အဋ္ဌသာလိနီဋီကာဖွင့်၏။

ထိုပြင် – သောတာပတ္တိမဂ္ဂေါဟိ နိဗ္ဗာနံ ဒိသွာ ကတ္တဗ္ဗကိစ္စသမ္ဘဒါယ သဗ္ဗပဌမံနိဗ္ဗာနံ ဒဿနတော ဒဿနန္တိ ဝုစ္စတိ။ ။ ဟု ခုဒ္ဒက–ဋီကာဖွင့်ပြ၏။

ဟိ သစ္စံ၊ မှန်၏။ သောတာပတ္တိမဂ္ဂေါ၊ သောတာပတ္တိမဂ်ကို။ (ဝုစ္စတိဌ် စပ်)နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ (ဒိသွာဌ်စပ်) ဒိသွာ၊မြင်၍။ ဝါ၊မြင်သောကြောင့်။ ဝါ၊ မြင်နေတဲ့မဂ်ဉာဏ်ဖြစ်ဆဲခဏမှာ။ ကတ္တဗ္ဗကိစ္စသမ္ပဒါယ၊ ဒု ကို သိခြင်း ကိစ္စ၊ သ ကို ပယ်ခြင်းကိစ္စ၊ နိ ကို မျက်မှောက်ပြုခြင်းကိစ္စ၊ မ ကို ပွါးများ ခြင်းကိစ္စ၊ ဤလို နိဗ္ဗာန်တခုတည်းကိုသာ အာရုံပြုနေတဲ့ တခုတည်းသော မဂ်ဉာဏ်ဖြင့် ကိစ္စလေးပါးဘဲပြင်နက် တချက်ဘည်း ပြီးစီးသွားပါသော ကြောင့်။ သဗ္ဗပဋ္ဌမံ၊ အလုံးစုံသော မဂ်တို့ထက်ရှေးဦးစွာ။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ ဒဿနတော၊ မြင်တတ်သောကြောင့်။ ဒဿနန္တိ၊ ဒဿနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

မျက်မှောက်ပြုခြင်းကိစ္စ ပြီးပုံ၊

**ဣတရဿပန နိဗ္ဗာနဿ အရိယသစ္စဒဿနေနေဝ သစ္ဆိကိရိယာသိဒ္ဓါ။**

ဣတရဿ၊ ဤမဂ်လသုတ် တနေရာတည်း၌သာ အရဟတ္တဖိုလ်ကို နိဗ္ဗာန် ဆိုသည်မှတပါးသော။ နိဗ္ဗာနဿပန၊ တကဲ့အစစ်အမှန် အသင်္ခတ ပရမတ် နိဗ္ဗာန်ကိုကား။ အရိယသစ္စဒဿနေနေဝ၊ အရိယာသစ္စာကို မြင်သဖြင့်သာ လျှင်။ သစ္ဆိကိရိယာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိစ္စသည်။ သိဒ္ဓါ၊ သစ္စာ သိတဲ့ခါ တတိယသစ္စာခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက် မြင်သိသဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိစ္စ။ ဝါ၊ သောတာပတ္တိမဂ်ကိစ္စ ပြီးစီးသွားတော့သည်။ ဟောတိ၊ ဖြစ်၏ဟုဖွင့်ဆိုထားပေသည်။

**ထိုပြင် — စတုန္နံအရိယာသစ္စာနံ အဘိသမယဝသေန မဂ္ဂဒဿနံ။**

ခုဒ်—ဋ္ဌမှာ မိန့်၏။

**အဓိပ္ပါယ်။** ။လေးပါးကုန်သော အရိယာသစ္စာတို့ကို ဤကား-ဒု၊ ဤကား-သ၊ ဤကား-နိ၊ ဤကား-မ ဟူ၍ ထိုးထွင်း၍သိသည်၏အစွမ်းဖြင့် သောတာပတ္တိမဂ်ကို ပြသည်ဟု ဆိုထားရာ၊ ဤ အဋ္ဌကထာ၏ အရလည်း သစ္စာကို သိမြင်သောဉာဏ်သည် သောတာပတ္တိ စသော မဂ်ဉာဏ်ပေတည်း ဟု ပြသည်၊ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်လျှင်လည်း သောတာပန် စသော ပုဂ္ဂိုလ်ဖြစ်တော့သည်သာတည်း၊ သောတာပန် ဖြစ်လျှင်လည်း အပါယ်လွတ်တရား ရတော့သည်သာတည်း။

## သစ္စာသိပြန် သောတာပန်။

ထိုမှတပါး—ဓမ္မောစ မေ အဘိသမိတောတိ ဥာဏေန မယာ စတုသစ္စ ဓမ္မော အဘိသမ္မာ ဂတော သောတာပန္နောဟသ္မိ။ (ခန္ဓဝဂ္ဂသံယုတ်)

အဓိပ္ပါယ်။ ။ ဓမ္မောစ မေ အဘိသမ္မိတော-ဆိုတဲ့ဘုရားဟောဒေသနာတော်၏အရမှာ၊ ငါသည် သစ္စာလေးပါးတို့ကို ပိုင်းခြားဝေဘန်၍ အဟုတ်အမှန်ကို သိစွမ်းနိုင်သော သမ္မာဒိဋ္ဌိ မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိပြီ၊ ငါသည် သောတာပန်ဖြစ်ပြီဟု ဆိုလို၏။ ဤအရလည်း သစ္စာကိုအဟုတ်အဟတ် ထိုးထွင်းသိမြင်က သောတာပန် စသော အရိယာဖြစ်သည်ကိုပြသည်။ ဤအရာကို တောက်စာပါလျှင် အပါယ်လွတ်တရားရ သောတာပန် စသော အရိယာများ ဖြစ်လိုကြပါက သူ့ထက်ငါ သစ္စာသိအောင်သာ အင်ထိုက်အားတိုက် ကြိုးစားဘို့လိုလျက်ရှိသည်ကို သတိပြုမိကြပါစေ။

ထိုပြင် — ဒိဋ္ဌသစ္စာနဥ္စ သာဒိဋ္ဌိ သမ္ဗသော ပဟိနာဟောတိ၊ အတ္တာဒိဋ္ဌိယာ နိရုဒ္ဓါယ နိရုဇ္ဈန္တိ။ ။(နိဒါနဝဂ္ဂသံယုတ္တ—ဋ္ဌာ)

အဓိပ္ပါယ်။ ။ မြင်အပ်ပြီးသော သစ္စာရှိကုန်သော၊ ဝါ၊ သစ္စာလေးပါးတို့ကို ဤကား-ဒုက္ခ စသည်ဖြင့် သိမြင်ကြကုန်ပြီးသော သူတို့အားလည်း ထိုသက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိသည်၊ ဝါ-ကို၊ အကြွင်းမဲ့ပယ်သတ်အပ်တော့သည် ဖြစ်၏။ ထိုသက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ ချုပ်ငြိမ်းသည်ရှိသော်-ထိုသက္ကာယဒိဋ္ဌိမှ တဆင့် ပေါက်ပွါးလာကြသော ခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာဒိဋ္ဌိအယူမှားတို့သည်လည်း အလိုလိုချုပ်ငြိမ်းကုန်ကြတော့သည်ဟု ဆိုလိုပေသည်။ ဒိဋ္ဌိချုပ်ငြိမ်းကလည်း အပါယ်လေးပါး ချုပ်ငြိမ်းတော့သည်ဖြစ်၍ အပါယ်ဇာတ်သိမ်းတဲ့ သောတာပန် စသော အရိယာဖြစ်နိုင်တော့၏။ ဝါ၊ ဒိဋ္ဌိကိလေသာ, ထိုဒိဋ္ဌိကိလေသာကြောင့်ဖြစ်သော အပါယ်ခန္ဓာ၊ ဤကိလေသာခန္ဓာတို့၏ကုန်ဆုံးချုပ်ငြိမ်းရာ တဖန် အသစ်မဖြစ်ရာ နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်မြင်သိနိုင်တဲ့ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံ၍ သောတာပန်ဖြစ်နိုင်တော့သည်ဟူလို၊ သစ္စာသိရခြင်း အကျိုးသည်ကား-ဤမျှ ကြီးမားလှပေသည်၊ သစ္စာသိအောင်သာ သူ့ထက်ငါ ကြိုးစားကြပါလေ ဟူလို။

## အဆင့်ဆင့်တိုးပွါး အကျိုးတရား၊

**သည်မှတပါး—ပဋိဝိဒ္ဓစတုသစ္စာနံ ပဟိနအတ္တာဒိဋ္ဌိနံ ဗောဓိပက္ခိယဓမ္မာ ကေန္တေန ဥပရူပရိဝဍ္ဎမာနေ ဋ္ဌိတာ ဟောန္တိ။ ။(နိ—သံ—ဌ၁)**

**ဘာသာပြန်။** ။ ပဋိဝေဓဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်ပြီးသော သစ္စာလေးပါးရှိကုန်သော၊ ဝါ၊ သစ္စာလေးပါးတို့ကို ဤကား-ဒုက္ခ စသည်ဖြင့် ထိုးထွင်း၍ သိအပ်ပြီးသော သစ္စာလေးပါးရှိကုန်သော သစ္စာသိ၍ ပယ်အပ်ပြီးသော အတ္တဒိဋ္ဌိရှိကုန်သော သူတို့အား သူတို့သည် သုံးဆယ့်ခုနစ်ပါးသော မဂ်ဉာဏ်၏ အသင်းအပင်း၌ ဖြစ်ကုန်သော ဗောဓိပက္ခိယ တရားတို့သည် စင်စစ်အားဖြင့် အဆင့်ဆင့်တိုးပွါး စည်ကားသောအဘို့၌ ထည်ကုန်သည်ဖြစ်ကုန်၏ ဟူလို။

ဤ၌—တဏှာမှတပါး လူ့နတ်စသော သတ္တဝါအများတို့၏ ခြေဆုံး၊ ခေါင်းဆုံး၊ တကိုယ်လုံး၊ ကောင်လုံးဆိုတဲ့ ခန္ဓာတုံးကြီးသည်ကား-ကံအားလျော်စွာ ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ပဋိသန္ဓေအစ၊ စုတိအဆုံး၊ တသက်လုံး၊ ဆင်းရဲတုံး၊ ဆင်းရဲခဲ၊ ဆင်းရဲအစုအပုံ၊ ဆင်းရဲ အသိုက်အအုံကြီး သက်သက်သာဖြစ်၍ ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်းစစ်မှန်လှသောကြောင့် **ဒုက္ခသစ္စာသာ** ဖြစ်၏၊ ဒုက္ခသစ္စာမထိုက်၍ ချန်ထားခဲ့သော ဘုံသုံးပါးတို့၌ ကောင်းနိုးနိုး မှတ်ထင်၍ တဖန်တဖန် ပြန်၍ပြန်၍ ဖြစ်လိုဖြစ်ချင်နေတဲ့ ဘဝတဏှာသည်ကား- ဖြစ်လိုလျှင် ဖြစ်ပြန်ဦးမှာမို့ ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝဆိုမှာ ဇာတိဒုက္ခ စသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ကို မုချဖြစ်စေမှာ ဖြစ်စေတာ စစ်မှန်လှသောကြောင့်-**သမုဒယသစ္စာသာ** ဖြစ်၏။ ထိုဒုက္ခသမုဒယသစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာနိဗ္ဗာန်သည်ကား ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့၏ တစမကျန် တဖန် အသစ်မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာ စစ်မှန်လှသောကြောင့်-**နိရောဓသစ္စာသာ** ဖြစ်၏။ ထိုနိရောဓသစ္စာနိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းသော အကျင့်ဖြစ်သော မဂ္ဂင်ရှစ်ပါး မဂ်တရားသည်ကား-ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ ကုန်ဆုံးချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းသောအကျင့် စစ်မှန်လှသော

ကြောင့်-မဂ္ဂသစ္စာသာ ဖြစ်၏ဟု ဤလို ဤပုံ သစ္စာလေးပါးတို့ကို သိမြင်သည်ကိုပင် ထိုးထွင်း၍သိသည်ဟုဆိုရ၏။

တနည်း—ဘုံသုံးပါးတို့၌ ကံအားလျော်စွာ ခန္ဓာဘပါးဖြစ်စေ၊ လေးပါးဖြစ်စေ၊ ငါးပါးဖြစ်စေ၊ နည်းနည်းများများ ကောင်းကောင်း ဆိုးဆိုး, ယုတ်ယုတ်မြတ်မြတ်,ကြီးကြီးငယ်ငယ်, ကျင်ကြီးမှန်က နဲနဲများများ ကောင်းသောအနံ့ မရှိ, မကောင်းသောအနံ့သာရှိသကဲ့သို့၊ ထို့ဘူပမာ-ခန္ဓာမှန်က နဲနဲများများ ပဋိသန္ဓေကဒုတိယသနေ့သို့ကျအောင် ဆင်းရဲတာစစ်မှန်လှသော ကြောင့်-ဒုက္ခသစ္စာ၊ ထိုဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကို တဘဝတခန္ဓာ ဖြစ်စေထင်သော၊ ဝါ၊ လုပ်ပေးတတ်သော လက်သယ်အစစ်ကား အခြားမဟုတ်၊ အခြားတပါးမရှိ၊ အဆိုပါ ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လိုဖြစ်ခြင်နေတဲ့ ဘဝတဏှာသည် ဖြစ်လိုလျှင် ဖြစ်ဦးမှာမို့ ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ ဇာတိဒုက္ခ စသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ကို မုချဖြစ်စေတာ ဖြစ်စေတော့မှာ စစ်မှန်လှသောကြောင့်-သမုဒယသစ္စာ၊ ထို ဘဝတဏှာလောဘကို တဒင် သမုစ္ဆေဒဖြစ်ခွင့်မရအောင် တဏှာပယ်,တဏှာဖြတ်,တဏှာသတ်သော မဂ်အကျင့်သည် ဆောလျှင်စွာ နိဗ္ဗာန်သို့ရောက်ကြောင်း စစ်မှန်လှသောကြောင့်-မဂ္ဂသစ္စာ၊ တဏှာပယ်သောမဂ်အကျင့်ကြောင့် အရဟတ္တမဂ်နောင်မှာ အကြောင်းတဏှာ အသစ်မဖြစ်တော့ဘဲ အရဟန္တစုတိနောင်မှာ အကျိုးခန္ဓာလဲ အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေးနေတဲ့ နိဗ္ဗာန်သည်ကား-ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှကို၏ တစမကျန် ကုန်ဆုံးချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း စစ်မှန်လှသောကြောင့်- နိရောဓသစ္စာ။ ဤလိုဤပုံ သိမြင်သည်ကိုပင် သစ္စာကို ထိုးထွင်း၍သိသည်ဟုဆိုရသည်။

နိဗ္ဗာန်ကိုအာရုံပြု၍သိတဲ့အသိသည်ကား-အနု—ပဋိ,နှစ်ပါးတို့တွင် အနုမှာ အနုမာန,မျက်ယမ်းဆ,ရော်ယမ်း မျှော်မှန်း၍သာ အာရုံပြုရသဖြင့် လောကီသိဖြစ်၍ ကိစ္စမပြီး၊ ပဋိ မှာကား-သစ္စာကိုသိတဲ့ခါ တတိယသစ္စာခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကို ထိုးထွင်း၍ သိသော လောကုတ္တရာ မဂ်ဉာဏ်ဖြင့် သိသော အသိဖြစ်၍ လောကုတ္တရာ ဖြစ်သောကြောင့် ကိစ္စ ပြီးသည်။ ဤဤလိုပုံ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားဝေဘန်၍ အမှန်ကို သိလျှင်လည်း နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်မြင်သိနေတဲ့ မဂ်စိတ်-

ဖိုလ်စိတ် ဖြစ်ဆဲခဏမှာ သတိပဋ္ဌာန် စသော ဗောဓိပက္ခိယတရား ၃၇ ပါး တို့သည် တပြိုင်နက် တချက်ထည်း မိမိတို့ကိစ္စကို မိမိတို့ဆောင်ရွက်လျက် အသီးသီး ပါဝင်ပြီးစီးကြလေတော့သည်။

## အဆုံးသို့ရောက်

တပါဠိ။ ။ စတုသစ္စံမှ ပဿန္တော ဒိဋ္ဌန္တပတ္တော ဒိဋ္ဌိသမ္ပန္နံ အရိယ သာဝကံ။ (ပုဂ္ဂလပညတ်—ဋ္ဌာ)

**ဘာသာပြန်။** ။ သစ္စာလေးပါး မြတ်တရားတို့ကို ဤကား - ဒုက္ခ စသည်ဖြင့် ပိုင်းခြားဝေဘန်၍ အဟုတ်အမှန်ကိုသိသောသူအား သိသည်နှင့် တပြိုင်နက်၊ နိဗ္ဗာန်ကို သိမြင်တတ်သော ဒိဋ္ဌိဟုဆိုအပ်သော သောတာပတ္တိ မဂ်ဉာဏ်၏ အဆုံးသို့ရောက်၏ ဟူသော အရာ, ပုဂ္ဂလပညတ် အဋ္ဌကထာကို ထောက်သဖြင့်လည်း သစ္စာကို ပိုင်ပိုင်သိက နိဗ္ဗာန်ကို ထိုးထွင်း၍သိသော သောတာပတ္တိမဂ်ဉာဏ်ကိုရ၍ သောတာပန် စသော အရိယာများဖြစ်နိုင် ကြောင်း၊ ၎င်းပြင်-သိအပ်,မြင်အပ်ပြီးသော သစ္စာလေးပါးတရား လက်ကိုင် ရှိသော အရိယာသာဝကဟု ဆိုသဖြင့် သစ္စာသိက ပုထုဇဉ်ဘာ, ပုထုဇဉ် အဖြစ်မှ လွတ်၍ အရိယာဘဝ, အရိယာအဖြစ်, အရိယာသာဝကများ ဖြစ်နိုင်ကြောင်းကိုလည်း ကောင်းကောင်းကြီး သိရှိကြပြီးလျှင် ယုတ်ညံ့ နိမ့်ကျလှသော ပုထုဇဉ်အဖြစ်မှ မြင့်မြတ်အထက်တန်းကြသော အရိယာ သာဝကများ လက်ရှိဘဝ ဖြစ်မြောက်နိုင်ကြအောင် သေနေ့မဦးခင် အထူး ကြိုးစားကြပါ။

## အပါယ်လွတ်တရားရ

တပါဠိ။ ။ သဟာဝဿ ဒဿန သမ္ပဒါယ တယဿုဓမ္မာ ဇဟိတာဘဝန္တိ၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ သီလဗ္ဗတံဝါပိ ယဒတ္ထိ ကိဉ္စိ စတူဟ ပါယေဟိစ ဝိပ္ပမုတ္တော။ ။ (သုတ္တနိပါတ်,ရတနသုတ်)

**ဘာသာပြန်။** ။ သစ္စာသိအောင်အားထုတ်၍ သစ္စာသိတဲ့ခါ တတိယ သစ္စာခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကိုအာရုံပြုသောအားဖြင့် မျက်မှောက် မြင်သိတတ်သော သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသည်နှင့်တကွသာလျှင်

သောတာပတ္တိမဂ်ဉာဏမှာ အကြွင်းမထားဘဲ သမုစ္ဆေဒအားဖြင့် ပယ်နေကြ ဖြစ်သော-သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ, ကိလေသာသံယောဇဉ်တရား သုံးပါးတို့ကို ပယ်ပြီးသားဖြစ်ကုန်၏၊ ထိုတရားသုံးပါးတို့ကို ပယ်ပြီးဖြစ်က လည်း၊ အပါယ်လွတ်ပြီး အပါယ်တံခါးပိတ်ပြီး အပါယ်လွတ်တရား ရပြီး ဖြစ်တော့သည်။ "တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နောနာမ ဟောတိ" နှင့် အညီပေတည်း။

ဒိ–ဝိ–သီ–ပယ်

တဒန်။ ။ ဒုက္ခဒဿန သမ္ပဒါယစေတ္တ သက္ကာယဒိဋ္ဌိ၊
သမုဒယဒဿန သမ္ပဒါယ ဝိစိကိစ္ဆိတံ၊
မဂ္ဂဒဿန နိဗ္ဗာနဒဿန သမ္ပဒါယ၊
သီလဗ္ဗတံပဟီယတီတိ ဝိညာတဗ္ဗံ။ ။(ခုဒ္ဒက–ဋ္ဌာ)

စ–ဆက်ဦးအံ့။ ။ တတ္ထ၊ ဤအရာ၌။ ဝါ၊ ဤ သစ္စာလေးပါးတို့တွင်။ ဧကေန၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ ဒုက္ခဒဿန သမ္ပဒါယ၊ ဒုက္ခသစ္စာကို သိမြင်တတ်သော သမ္မာဒိဋ္ဌိမဂ်ဉာဏ်နှင့် ပြည့်စုံခြင်းကြောင့်။ သက္ကာယဒိဋ္ဌိ၊ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကိုပင် ငါ့ကိုယ်အတ္တဟု တသက်လုံး,တသံသရာလုံးက မှတ်ထင်ယူဆလာခဲ့ကြသော သက္ကာယဒိဋ္ဌိကို။ ပဟီယတိ၊ ပယ်အပ်၏။ သမုဒယဒဿန သမ္ပဒါယ၊ သမုဒယသစ္စာကို သိမြင်တတ်သော သမ္မာဒိဋ္ဌိ မဂ်ဉာဏ်နှင့် ပြည့်စုံခြင်းကြောင့်။ ဝိစိကိစ္ဆိတံ၊ ထာဝရဘုရား, သိကြား, ဗြဟ္မာ,ဗိဿကြိုးနတ်တို့ ဖန်ဆင်း၍ ဖြစ်တယ်ဆိုတာဘဲ ဟုတ်မှန်လေသလော ဟု တွေးတော ယုံမှားခဲ့ဘူးတဲ့ ဝိစိကိစ္ဆာကို။ ပဟီယတိ၊ ပယ်အပ်၏။ မဂ္ဂဒဿန နိဗ္ဗာနဒဿန သမ္ပဒါယ၊ မဂ္ဂသစ္စာ, နိရောဓသစ္စာကို သိမြင်တတ် သော သမ္မာဒိဋ္ဌိမဂ်ဉာဏ်နှင့် ပြည့်စုံခြင်းကြောင့်။ သီလဗ္ဗတံ၊ နွားတို့၏ အလေ့အကျင့်, ခွေးတို့၏အလေ့အကျင့်ဖြင့် သံသရာမှစင်ကြယ်ရာ နိဗ္ဗာန်သို့ ရောက်၏ဟူ၍ မှားသောအားဖြင့် နှလုံးသွင်းမိသော သီလဗ္ဗတ ပရာမာသကို။ ပဟီယတိ၊ ပယ်အပ်၏။ ဣတိ၊ ဤသို့။ ဝိညာတဗ္ဗံ၊ သိအပ်၏၊ သိလေ။ ဤလို ဤပုံ-သိသည်ကိုပင် သစ္စာလေးပါးကို ထိုးထွင်း၍ သိသည်ဟုဆိုရသည်။

ဆောင်ပုဒ်။ ။ ဒု-သိ-ဒိ-ပယ်၊ သ-သိ-ဝိ-ပယ်၊ နိ-မ-သိ-သိပ,ယ်။
သုံးသွယ်သံယော၊ ပယ်စွန့်မျှော၊ မှုက်လော သောတာပန်။
ဒိ,ဝိ,နှစ်တန်၊ ပယ်သတ်ပြန်၊ မဟာသောတာပန်။
အပါယ်မလား၊ လူနတ်များ၊ ရောက်သွား ပြည်နိဗ္ဗာန်။

အခ်ိပ္ပါယ်။ ။ သစ္စာသိအောင်, သစ္စာမြင်အောင် အားထုတ်၍ သူ့ ငါ တို့၏ တကိုယ်လုံး, တကောင်လုံးရှိ တဏှာမှတပါးသော ရုပ် နာမ် ခန္ဓာကို ဒုက္ခသစ္စာ ဟု တွေ့တွဲသိမြင်တဲ့ခါ မသိခင်တုံးက ငါ့ကိုယ် အတ္တဟု မှတ်ထင် ယူဆမှားခဲ့တဲ့-အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိကို ပယ်သည်။ ဘုံသုံးပါးတို့၌ ဖြစ်လိုတဲ့ သမုဒယသစ္စာ တဏှာလောဘကြောင့်ပင် ဘုံသုံးပါးတို့မှာ ကံအားလျော်စွာ ဘဝတဖန် ရုပ် နာမ် ခန္ဓာ, ဒုက္ခသစ္စာ အသစ်အသစ်ကို ဖြစ်စေတဲ့- သမုဒယသစ္စာ ကို တွေ့တွဲသိမြင်တဲ့ခါ၊ မသိခင်တုံးက ထာဝရဘုရားဘန်ဆင်း၍ ဖြစ်တယ်၊ ဗိဿကြိုးနတ်ဘန်ဆင်း၍ ဖြစ်တယ်ဆိုတာဘဲ ဟုတ်များ ဟုတ်လေ သလောဟု ယုံမှားခဲ့ဘူးတဲ့-ဝိစိကိစ္ဆာကို ပယ်သည်၊ တဏှာပယ်,တဏှာသတ်, တဏှာဖြတ်တဲ့ မဂ်အကျင့်ကို ကျင့်တဲ့ခါ၊ အရဟတ္တမဂ်နောင်မှာ အကြောင်း တဏှာ အသစ်မဖြစ်တော့၍ အရဟတ္တစုတိနောင်မှာ အကျိုးခန္ဓာလဲ အသစ် မဖြစ်တော့ဘဲ ကြောင်းကျိုးနှစ်ရပ် အစဉ်ပြတ်၍ နောက်ထပ်အသစ်မဖြစ်ဘဲ အမြဲငြိမ်းအေးနေတဲ့ နိရောဓသစ္စာ,မဂ္ဂသစ္စာတို့ကို တွေ့တွဲသိမြင်တဲ့ခါ၊ မသိခင် တုံးက နွားတို့၏အလေ့အကျင့် ခွေးတို့၏အလေ့အကျင့်ဖြင့်ပင် သံသရာမှ စင်ကြယ်ရာ နိဗ္ဗာန်သို့ရောက်တယ်ဆိုတာ အလကားမဟုတ်ဘူး၊ မမှန်ဘူး၊ တဏှာပယ်တဲ့ မဂ်အကျင့်ကိုကျင့်မှ တဏှာကုန်၍ ရွှေဘုံနိဗ္ဗာန်သို့ အမှန် ရောက်သည်ဟု အမှန်သိတဲ့ခါ-သီလဗ္ဗတပရာမာသကို ပယ်သည်။

စတ္တာရိမာနိ ဘိက္ခဝေ အရိယသစ္စာနိ ကတမာနိစတ္တာရိ ဒုက္ခံအရိယ သစ္စံ ဒုက္ခသမုဒယံအရိယသစ္စံ ဒုက္ခနိရောဓံအရိယသစ္စံ ဒုက္ခနိရောဓ ဂါမိနိပဋိပဒံအရိယသစ္စံ ဣမာနိခေါ ဘိက္ခဝေ စတ္တာရိ အရိသစ္စာနိ။ ။
(သစ္စသံယုတ်ပါဠိ။)

ဘာသာပြန်။ ။ ရဟန်းတို့—အရိယာတို့သည် သိအပ်ကုန်သော သစ္စာ တို့သည် လေးပါးတို့တည်း၊ အဘယ်လေးပါးတို့နည်းဟူမူ— ဒုက္ခ ဖြစ်သော

အရိယာတို့သည် သိအပ်သောသစ္စာဒုက္ခဖြစ်ကြောင်းဖြစ်သော အရိယာတို့သည် သိအပ်သောသစ္စာ၊ ဒုက္ခ၏ချုပ်ရာ အရိယာတို့သည် သိအပ်သော သစ္စာ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အရိယာတို့သည် သိအပ်သော သစ္စာ၊ ရဟန်းတို့-အရိယာတို့သည် သိအပ်သော သစ္စာတို့သည် ဤလေးပါးတို့ပေတည်း။

## အမေးနှင့် အဖြေများ။

မေး။ ။ ဤလေးပါးတို့ကို ဘာ့ကြောင့် အရိယသစ္စာဆိုရသလဲ။ ?

(၁)ဖြေ။ 'အရိယေဟိ ပဋိဝိဇ္ဈန္တိတိ အရိယာ တစ္ဆဘာဝတော သစ္စာနီတိ' နှင့်အညီ၊ သောတာပန် စသော အရိယာတို့သည် ဤတဏှာမှ တပါးသောဘုံသုံးပါးတို့၌ဖြစ်ကြသောခန္ဓာတပါး,ခန္ဓာလေးပါး ခန္ဓာငါးပါးတို့သည် ကံအားလျော်စွာ ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ပဋိသန္ဓေကစ၍ စုတိသေနေ့သို့ကျအောင် ဆင်းရဲတာမှန်လှသော ကြောင့်-ဒုက္ခသစ္စာ ဖြစ်သည်၊ ဤ တဏှာ သည်ကား- ဖြစ်လို၍ ဖြစ်ပြန်လျှင် ဖြစ်ရာ ဘုံဘဝတို့မှာ ဇာတိဒုက္ခ စသော ဆင်းရဲ ပေါင်းချုပ် ဒုက္ခဟူသမျှတို့ကို မုချဖြစ်စေတာ ဖြစ်စေမှာ မှန်လှ သောကြောင့်-သမုဒယသစ္စာဖြစ်သည်၊ တဏှာပယ်တဲ့မဂ်အကျင့်ကို ကျင့်တဲ့ခါ၊ အရဟတ္တမဂ်နောင်မှာ တဏှာအကြောင်း အသစ် မဖြစ်တော့သည်ဖြစ်၍ အရဟန္တစုတိနောင်မှာ ခန္ဓာအကျိုးသစ်လဲ မဖြစ်တော့ဘဲ၊ ဖြစ် ပျက် မွေး သေ, အစဉ်ပြတ်တဲ့ အသခ်တခတ် နိဗ္ဗာန်သည်ကား - နိရောဓသစ္စာ ဖြစ်သည်၊ တဏှာပယ်တဲ့ မဂ် အကျင့်သည်ကား-မဂ္ဂသစ္စာ ဖြစ်သည် ဟု ထိုးထွင်း၍သိကြသော ကြောင့်-အရိယာ၊ မှန်လဲမှန်သောကြောင့်-သစ္စာ၊ ဤနှစ်ပါးစုံကို ပေါင်း၍ အရိယသစ္စာ ဟု ဆိုရသည်။

(၂) တနည်း။ ။ 'အရိယသဘာဂဝတော သစ္စာနီတိ အရိယသစ္စာနိ'' နှင့် အညီ၊ မြတ်တော်မူသော မြတ်စွာဘုရား၏ မှန်ကန်သောတရား ဖြစ်သောကြောင့်-အရိယသစ္စာ ဟု ဆိုသည်။

(၃) တနည်း။ ။ "အရိယဘာဝသိဒ္ဓိတောပိ အရိယသစ္စာနိ"နှင့် အညီ၊ သစ္စာသိအောင်အားထုတ်၍ သမုဒယကြောင့်-ဒုက္ခ၊ အကြောင်းကြောင့်-အကျိုး၊ တဏှာကြောင့်-ခန္ဓာ၊ ဖြစ်ပျက်မွေးသေ,သံသရာရှည်၍ နေကြရသည့်အကြောင်းတဏှာကို အာလယပြတ် ပယ်သတ်လိုက်တဲ့ခါ၊ အကျိုးခန္ဓာလဲ အသစ်မဖြစ်တော့ဘဲ ဖြစ်ပျက်မွေးသေအစဉ်ပြတ်တဲ့ အသင်္ခတဓာတ်နိဗ္ဗာန်ဟု သစ္စာ၄ကို အကြောင်းအကျိုးနှင့်တကွ ပိုင်းခြားဝေဘန်၍ အမှန်ကိုသိတဲ့ခါ၊ သိသည်နှင့် တပြိုင်နက် သိတဲ့အတိုင်း ပယ်ရမဲ့ကိလေသာကို ပယ်ခွန်လိုက်တဲ့ခါ အလိုလိုပင် သောတာပန် စသော အရိယာများဖြစ်သွားနိုင်ကြ၍ သောတာပန် စသော အရိယာအဖြစ်ကို ပြီးစေတတ်သောကြောင့်— **အရိယသစ္စာ** ဟု ဆိုရပါသည်။

(၄) တနည်း။ ။ "အရိယဘာဝကရဏတောပိ အရိယသစ္စာနိ"နှင့် အညီ၊ သစ္စာအကြောင်းကို ကောင်းကောင်းကြီး သိသွားအောင် အားထုတ်သောသူကို ဘယ်သူဘဲ အားထုတ်အားထုတ်၊ ဘယ်သူဘဲသိသိ၊ သစ္စာလဲသိ, အရိယာလဲဖြစ်၊ ဤလိုသစ္စာသိမှုနှင့် အရိယာဖြစ်မှုဟာ တပြိုင်နက် တချက်ထည်းဖြစ်သွားနိုင်၍ **အရိယာ၏အဖြစ်ကို ပြုတတ်သောကြောင့်—အရိယသစ္စာ** ဟု ဆိုရပါသည်။

မှတ်ချက်။ ။ ဤ၌ အရိယာတို့သည် သိအပ်သောသစ္စာဟု ဆိုသောကြောင့် အရိယာဖြစ်ပြီးမှ သစ္စာသိသည်ဟု အဓိပ္ပါယ်မယူလေနှင့်၊ သစ္စာသိပြီးမှ သစ္စာလဲသိ၊ သောတာပန် စသော အရိယာလဲ ဖြစ်သည်ဟု အဓိပ္ပါယ်ယူပါ၊ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာဖြစ်ပြီးမှ သစ္စာသိသည် မဟုတ်၊ ယစ္စာကို ထိုးထွင်း၍သိပြီးမှ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာများ ဖြစ်နိုင်ကြသည်ဟု သိလေမှတ်လေ။ "ဉာဏေန ပဋာစတုသစ္စဓမ္မော အဘိသမန္နာဂတော သောတာပန္နောဟသ္မိ" ငါသည် သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် သစ္စာလေးပါး မြတ်တရားကို ထိုးထွင်း၍ သိအပ်လေပြီ၊ ငါသည်-သောတာပန်ဖြစ်ပြီဆိုတဲ့ သံယုတ္တအဋ္ဌကထာကို ထောက်မြော်လေ။

## သစ္စာမြင်သိ—ဝဋ်မြတ်ဘိ

**ဧတေသံ ပန အရိယသစ္စာနံ အနုဗောဓ ပဋိဝေဓတော ဘဝတဏှာ ဆေဒေါ ဟောတိ။** ။ (ခုဒ္ဒက—၄၁၁။)

ပန၊ သစ္စာမသိ၍ သံသရာစက်လည်သည်မှတပါး သစ္စာသိ၍ သံသရာစက်ပြတ်သည်ကို ပြဆိုဦးအံ့။ ဧတေသံအရိယသစ္စာနံ၊ ထိုလေးပါးသော အရိယသစ္စာတို့ကို။ အနုဗောဓပဋိဝေဓတော၊ အနုဗောဓ လောကီဉာဏ်၊ ပဋိဝေဓ လောကုတ္တရာဉာဏ်ဖြင့် အစဉ်အတိုင်း ထိုးထွင်း၍သိသောသူအား။ ဘဝတဏှာဆေဒေါ၊ဘုံသုံးပါးတို့၌ တဖန် ဖြစ်လိုဖြစ်ခြင်နေတဲ့ ဘဝတဏှာ၏ ပြတ်ခြင်းသည်။ ဟောတိ၊ မုချမသွေ ဖြစ်တော့လေ၏။ အဘယ်ကြောင့် တဏှာပြတ်သနည်း၊ ဒုက္ခကို သိမြင်သောကြောင့် ပြတ်သည်။ တနည်း— ဒုက္ခမရှိသော နိဗ္ဗာန်ကို သိမြင်သောကြောင့် ပြတ်သည်။

**အဓိပ္ပါယ်။** ။ သ,ကြောင့်–ဒု၊ ကြောင်းကြောင့်–ကျိုး၊ ကိ ကြောင့်–ခန်၊ ဖြစ် ပျက် မွေး သေ, သံသရာရှည်၍နေကြရသည်။ မ,ကြောင့်–နိ၊ ဖြစ် ပျက် မွေးသေ, သံသရာစက်ပြတ်၍ ရပ်တော့သည်ဟု သစ္စာလေးပါးတို့ကို အကြောင်းအကျိုးနှင့်တကွ အနု–ပဋိဉာဏ်နှစ်ပါးဖြင့် ပိုင်းခြားဝေဘန်၍ အမှန်အတိုင်း သိသည်ရှိသော်–သိတဲ့အတိုင်း တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်လျှင်၊ ဝါ၊ ဖြစ်လိုလျှင် ဖြစ်ပြန်မဲ့အရေး၊ ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝ တို့မှာ တဘန်ပြန်၍ ပဋိသန္ဓေနေရမဲ့အရေး၊ ပဋိသန္ဓေဘေး,အိုဘေး,နာဘေး သေဘေး,ငရဲဘေး, တိရစ္ဆာန်ဘေး, ပြိတ္တာဘေး, အသူရကာယ်ဘေး စသော ကုန်အောင်စုံသော ဒုက္ခသစ္စာအဖြာဖြာ အဝဝတို့ကို လှလှကြီး စိတ်ထဲ ဉာဏ်ထဲမှာ ကောင်းကောင်းကြီး ထင်မြင်သိရှိလာအောင် သတိနှင့်မကွာ ပညာနှင့်မကင်း အဘန်တလဲလဲ ဆင်ခြင်နှလုံးသွင်းခြင်း ဟူသော တဏှာ ပယ်တဲ့ မဂ်အကျင့်ကို ကျင့်သည်ရှိသော် – နွားနောက်က လှည်းဘီးကြီး နွားခြေရာကို နင်းနင်းပြီးလိုက်နေသကဲ့သို့၊ ထိုတူပမာ–ဖြစ်လိုတဲ့ သမုဒယ နောက်က ဇာတိဒုက္ခ စသော လှည်းဘီးကြီးတွေ, တဘီးပြီး တဘီး, တသီ တတန်းကြီး လိုက်လာကြတော့မဲ့ အရေးတွေကို တဲ့တဲ့ကြီး ထင်မြင်ကြ၍

ဒုက္ခသစ္စာ အစွမ်းကုန် ထင်မြင်လာတဲ့ခါ၊ ဘုံသုံးပါးတို့၌ တဖန် ပြန်၍ ဖြစ်ခြင်နေတဲ့ ဘဝတဏှာလောဘသည် အပြီးအပြတ် လက်စသတ် အာလယ ပြတ်သွားတတ်ပေသည်၊ တကယ်ပြတ်သွားလျှင်လည်း ဇာတိနိရောဓ, ဘဝနိရောဓ နိဗ္ဗာန်ကို မျက်မှောက်မြင်သိပြီးဖြစ်လေတော့သည်။

အကြောင်းသော်ကား—တဏှာအသစ်မဖြစ်လျှင် ခန္ဓာလဲ အသစ် မဖြစ်တော့ဘဲ အမြဲငြိမ်းအေးသွားတော့မည်ကို မိမိဘဲ အတတ်သိမြင်ပြီးသောကြောင့်ပေတည်း။ ဤလို သိမြင်သောကြောင့်ပင် ရဟန္တာအရှင်မြတ်ကြီးတို့သည်။ ခီဏာဇာတိ၊ ငါ့အား ဇာတ်ကုန်ပြီဟူ၍ရင်း။ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ၊ ယခု ငါသည် တစုံတခုသော ဘုံဘဝတို့၌ တဖန် ဖြစ်ခြင်းမရှိတော့ပြီဟူ၍ရင်း သိမြင်တော်မူကြပေသည်။

"ကိလေသာဘာဝေ ဝိဇ္ဇမာနမ္ပိ ကမ္မံ အာယတိံ အပ္ပဋိသန္ဓိကံ ဟောတိ" ဆိုတဲ့ ဥဒါန်းအဋ္ဌကထာနှင့်အညီ၊တဖန်ပြန်၍ ဖြစ်လိုတဲ့ဘဝတဏှာ ကိလေသာမရှိသည်ရှိသော် ကံဟောင်း ကံသစ်ရှိသော်လည်း နောင်အခါ တဖန် ပဋိသန္ဓေကို မဖြစ်စေ, မဆက်စေ,မစပ်စေနိုင်သောကြောင့်ပေတည်း၊ တဖန် အသစ်မဖြစ်လျှင် ကေန်အစစ်နိဗ္ဗာန်ဘဲ။

ထို့ကြောင့် — ဒုက္ခသိမှ တဏှာကွာ၊ နိဗ္ဗာန်သို့သာ စိတ်ညွတ်တာ။
ညွတ်တဲ့စိတ် မဂ်စိတ်မှတ်လိုက်ပါ။ ။

ဟု—အခြေခံ ဆောင်ပုဒ်၌ဆိုပေသည်၊ ဒုက္ခသိမှ တဏှာကွာ–ဆိုသောကြောင့်၊ဒုက္ခသိအောင်,ဒုက္ခသစ္စာထင်မြင်အောင်ဆင်ခြင်၍ဒုက္ခသစ္စာအစွမ်းကုန်ထင်မြင်သိရှိမှသာ၊ဝါ၊ဖြစ်လိုပြန်လျှင်ဖြစ်ပြန်မဲ့အရေး,ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ ကုန်အောင်စုံသော ဇာတိဒုက္ခ အစ, မရဏဒုက္ခအဆုံး,ဆင်းရဲတုံး, ဆင်းရဲခဲ,ဆင်းရဲအစုအပုံ,ဆင်းရဲအသိုက်အအုံ,သပ္ပတ်အူ,ကလိန်ချုံကြီးကို တွဲတွဲကြီးထင်မြင်သိရှိမှသာ တဏှာကွာနိုင်သည်၊ တဏှာကွာ တဏှာပြတ်ခြင်းသည် "တဿာယေဝ တဏှာယ အသေသ ဝိရာဂနိရောဓော" နှင့် အညီ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်နိဗ္ဗာန်ပေတည်း။

နိဗ္ဗာန်သို့သာ စိတ်ညွတ်တာ–ဆိုသည်မှာ ဘုံသုံးပါးတို့၌ ဘဝ တဖန် ရုပ်နာမ်ခန္ဓာ, ဘဝတဖန် ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာ, ထပ်ကာ ထပ်ကာ

စပ်ကာ စပ်ကာ, ဆုံလည်သည့်နွား, ရဟတ်ချားသို့ မရပ်မနားဘဲ အမြဲတစေ ဖြစ်ပျက် မွေးသေ ဖြစ်စေတဲ့ ဒုက္ခသစ္စာကို ကောင်းစွာထင်မြင်သိရှိလာတဲ့ခါ ဘုံသုံးပါးတို့၌ တဖန် ဖြစ်လိုတဲ့စိတ် လုံးဝမရှိ၊ တဖန် အသစ်မဖြစ်သော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းသော-အဇာတ, အပဝတ္တ,အနုပ္ပါဒ,နိရောဓနိဗ္ဗာန် သို့သော ညွှတ်ကိုင်းရှိုင်းဝင်သော၊ ဝါ၊ မဖြစ်မပျက်သော နိဗ္ဗာန်ကို အာရုံ ပြုသော အာရမ္မဏိက မဂ်စိတ်, ဖိုလ်စိတ်များ ဖြစ်ပေါ်လာတော့သည်ဟု ဆိုလိုပေသည်။ နိဗ္ဗာန်သည် - တဖန် အသစ်မဖြစ်သော မဖြစ်တရား, မပျက် တရား အစစ်ပေတည်း။ ဖြစ်လို၍ဖြစ်တာ သံသရာ ရုပ်နာမ်ဆင်းရဲမှန်တည်း။ မဖြစ်လို၍ မဖြစ်တာ မှန်အမတာ နိဗ္ဗာန်ချမ်းသာမှန်တည်း။

‘‘ပဝတ္တံသခ်ါရာ အပဝတ္တံနိဗ္ဗာနံ၊ ဥပ္ပဒေါ ဒုက္ခောအနုပ္ပါဒေါသုခေါ၊’’

၁။ မဖြစ်သုခ၊ ဖြစ်ဒုက္ခ၊ မုချ မှတ်ကြပါ။

၂။ မဖြစ်လျှင်အေး၊ဖြစ်လျှင်ဘေး၊မျှော်တွေးသိကြပါ။

၃။ ဖြစ်လိုမအေး၊ မဖြစ်အေး၊ ကြံတွေးသိကြပါ။

၄။ သိမြင်မမှန်၊ လူဗာလံ၊ ဖြစ်ရန်လိုလားရှာ။

၅။ သိမြင်အမှန်၊ ပဏ္ဍိတံ၊ ဖြစ်ရန်မလိုလားပါ။

ဒုက္ခသစ္စာ အစွမ်းကုန်ထင်မြင်အောင် ဆင်ခြင်ပုံကား—

ဖြစ်ချင်,ဖြစ်၊ မဖြစ်ချင်,မဖြစ်၊ ဤလေးချက် သစ္စာလေးပါးအစစ်တည်း။

အဓိပ္ပါယ်....

ဖြစ်ချင်က — သမုဒယသစ္စာ,ဘဝတဏှာ,ရာဂ လောဘပေတည်း။

ဖြစ်က — ဒုက္ခသစ္စာ၊ တဏှာမှတပါးသော ရုပ်နာမ်ခန္ဓာပေတည်း။

မဖြစ်ချင်က— မဂ္ဂသစ္စာ၊ တဏှာပယ်သော မဂ်အကျင့် မဂ္ဂင် ရှစ်ပါး တည်း။

မဖြစ်က — နိရောဓသစ္စာ, နိဗ္ဗာန်ပေတည်း။

ဖြစ်ချင်တာက— ဖြစ်ချင်၍ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ မလွှဲသာမရှောင်သာ၊ လွှဲမဖြစ်, ရှောင်မဖြစ် ရင်ဆိုင်တွေ့ရမဲ့ ဇာတိ စသော ဒုက္ခကို မသိမမြင်လို့ ဖြစ်ချင်တာ။

ဖြစ်က — ဖြစ်လို၍ ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ ရုပ်ဇာတိ, နာမ်ဇာတိ ဒုက္ခသစ္စာ-ဖြစ်ပြန်တာ။

မဖြစ်ချင်က — ဖြစ်လို၍ ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ ဇာတိ စသော ဒုက္ခသစ္စာတို့ကို သိမြင်၍-မဖြစ်ချင်တာ။

မဖြစ်က — ဒုက္ခသစ္စာဆင်ခြင်၍ ဒုက္ခသစ္စာအစွမ်းကုန် ထင်မြင်သော့ကြောင့်-ဘုံသုံးပါးတို့၌ တဖန်ဖြစ်လို၍ဖြစ်ချင်နေတဲ့တဏှာအာလယပြတ်၍ နောက်ထပ်အသစ်-မဖြစ်တာ။

တနည်း။ ။ စတုသစ္စကမ္မဋ္ဌာန်း စီးဖြန်း ဆင်ခြင်ပုံ။

ဖြစ်လိုတဲ့ကြောင့်—ဖြစ်တဲ့ ဒုက္ခ၊
ဖြစ်ချင်လိုမှု၊ ပယ်စွန့်ပြု၊ ချုပ်မှု ထိုဒုက္ခ။

အဓိပ္ပါယ်။ ။ ဖြစ်လိုတဲ့ ကြောင့်ကား-သမုဒယသစ္စာ။
ဖြစ်တဲ့ ဒုက္ခကား-ဒုက္ခသစ္စာ။
ဖြစ်ချင်လိုမှု ပယ်စွန့်ပြုကား-မဂ္ဂသစ္စာ။
ချုပ်မှု ထိုဒုက္ခကား-နိရောဓသစ္စာ။

## ကိုယ့်အတတ်နှင့်-ကိုယ့်ကို ပတ်။

"ကိုယ့်ရှူးကိုယ်ပတ်၊ ကိုယ့်အတတ်နှင့် ကိုယ့်ကို စူး၊ နှုတ်လို့ရနိုင်ဘူး" ဆိုသလို ဘုံသုံးပါးတို့၌ ကောင်းနိုးနိုးမှတ်ထင်၍ ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လိုဖြစ်ချင်နေတဲ့ ကိုယ့်လောဘ, ကိုယ့်အတတ်ကြောင့်ပင် ဘုံသုံးပါးတို့မှာ ဘဝတဖန် ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာအသစ်ဖြစ်ပြန်၍ ဇာတိ စသော ဒုက္ခသစ္စာတို့သည် ကိုယ့်ကိုပင် တဖန်တဖန် ပြန်၍ပြန်၍ ပတ်ပြန်လေတော့သည်၊ စူးပြန်တော့သည်၊ ဖြစ်လို၍ တခုသောဘဝ ဇာတိဒုက္ခ စူးမိလျှင် အစဉ်အတိုင်း ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ စသည်တို့သည် ဆင့်ကာ

ဆင့်ကာ၊ ထပ်ကာ့ထပ်ကာ၊ စူးလေတော့သည်၊ ဖြစ်လိုတဲ့ ကိုယ့်အတတ် ကိုယ်လောဘကို ဒုက္ခသစ္စာ ထင်မြင်အောင်ဆင်ခြင်၍ ဒုက္ခသစ္စာအစွမ်းကုန် ထင်လာမှ ဖြစ်လိုတဲ့ ကိုယ့်အတတ်ကို-ကိုယ်ဘဲဖြေမှ၊ နောက်ထပ် ဇာတိ စသော ဒုက္ခသစ္စာ မပတ်လာတော့ဘဲ ပြေတော့သည်၊ ဝါ၊ နိဗ္ဗာန်သို့ ရောက်ပေ‌ော့သည်-ရတော့သည်ဟူလို။

၁။ မသိက တပတ်ပတ်၊ သိမှအပြီးသတ်

သ့ကြောင့်-ဒု၊ တဏှာကြောင့်-ခန္ဓာ၊ ဖြစ် ပျက် မွေး သေ သံသရာ ရှည်၍ နေကြရသည်ဟု သစ္စာမသိသောကြောင့်-ဇာတိ စသော ဒုက္ခသစ္စာတွေ ထပ်ကာထပ်ကာ ပတ်ပေ‌ါပြန်တော့သည်၊ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်က တဏှာအသစ် မဖြစ်တော့၊ ခန္ဓာလဲ အသစ်မဖြစ်ပေါ်လာတော့ဘဲ အမြဲငြိမ်းအေးသွားသည်ဟု သစ္စာသိသောကြောင့်-သိတဲ့အတိုင်း တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်တဲ့ခါ ဖြစ် ပျက် မွေး သေ့ အပြီးသတ်သွားတော့သည်။

၂။ မသိလျှင်တွယ်-သိလျှင်ပြယ်သည်

သ့ကြောင့်-ဒု ဟု သစ္စာမသိလျှင် တဖန်တဖန် ပြန်၍ပြန်၍ ဖြစ်လိုတဲ့ သမုဒယတဏှာ တွယ်တာသည်၊ သိလျှင်မတွယ်၊ တစတစ ပြယ်တော့သည်။

၃။ တွယ်လျှင်လည်းဘေး-ပြယ်လျှင်အေးသည်

ဘုံသုံးပါးတို့၌-တဖန်ပြန်၍ ဖြစ်လိုတဲ့ သမုဒယတဏှာတွယ်လျှင် ဘုံသုံးပါးတို့မှာ ဇာတိဒုက္ခ စသော ဘေးတွေ အသင်္ချေအနန္တ ဆုံးဆမရှိ တသိတတန်း တပုံတခေါင်းကြီး လာကြပြန်တော့မည်မှာ မြေကြီးလက်ခတ်ပမာ သေချာလှပေသည်၊ဖြစ်လိုပြန်လျှင် ဖြစ်ပြန်မဲ့ ဘေးကိုသိမြင်၍ တဖန်ပြန်၍ ဖြစ်လိုတဲ့ တဏှာပြယ်လျှင် ဇာတိဒုက္ခ စသော ဘေးတွေအသင်္ချေအနန္တ အကုန်လုံးအေးလေတော့သည်။

### ၄။ မသိအစ,သိက အဆုံး--ကိစ္စတုံးသည်

သတ္တဝါအစ, မောဟ ဆိုတာလို၊ သစ္စာမသိသော မောဟက သတ္တဝါတို့သံသရာကို စတည်ခဲ့ကြသည်ဟု ဆိုလိုပေသည်၊ သစ္စာသိသော ဝိဇ္ဇာပေါ်လာမှ၊ ဝါ၊ သစ္စာမသိသော အဝိဇ္ဇာ မောဟ မှောင်ကိုခွင်း၍ သစ္စာသိသော ဝိဇ္ဇာ ပညာအလင်းရောင်ပေါ်လာမှ ဖြစ် ပျက် မွေးသေ, သံသရာအဆုံး ကိစ္စတုံးနိုင်ကြသည်။ထို့ကြောင့် ကိစ္စတုံးခြင်လျှင် သစ္စာသိအောင်သာ လုံးပန်းလေ။

### ကြောင်း—ကျိုး နှစ်ရပ်, သံသရာစက်ရဟတ်

လူ, နတ်, ပြဟ္မာ သတ္တဝါတို့သည် ဘာ့ကြောင့် ဖြစ် ပျက် မွေး သေ သံသရာရှည်၍ နေရသနည်းဆိုတဲ့ အမေး၌၊— "ဟေတုသမုဒယာ ဖလ သမုဒယော" နှင့်အညီ၊ ဘုံသုံးပါးတို့၌ ကောင်းနိုးနိုး မှတ်ထင်နေ၍ တဖန် တဖန် ဖြစ်လိုဖြစ်ချင်နေတဲ့ သမုဒယသစ္စာ ဘဝတဏှာ လောဘကြောင့်ပင် ဘုံသုံးပါးတို့မှာ—ဘဝတဖန် ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာ အကျိုးတရားတို့သည် အသစ်အသစ် ဖြစ်၍ဖြစ်၍ နေပြန်သောကြောင့် ကြောင်း ကျိုး မပြတ်တဲ့ အတွက် မျိုးစေ့ကြောင့် အပင်ကဲ့သို့ ဖြစ် ပျက် မွေး သေ သံသရာစက်ကြီး လည်နေပေတော့သည်။

### ကြောင်းပြတ်,ကျိုးရပ်—သံသရာစက်ရပ်

ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည်-ဘာ့ကြောင့် ဖြစ်ပျက်မွေးသေဆိုတဲ့ သံသရာဝဋ်ကြီးထဲက ကျွတ်လွတ် ထွက်မြောက်နိုင်ကြပါသနည်း ဆိုတဲ့ အမေး၌— "ဟေတုနိရောဓာ ဖလနိရောဓော" နှင့် အညီ၊ သစ္စာသိတဲ့ခါ သ,ကြောင့်-ဒု၊ မ,ကြောင့်-နိ ဟုသိရှိကြ၍၊ သ-ပယ်တဲ့ မ-အကျင့်ကို၊ ဝါ၊ ဖြစ်လိုလျှင် ဖြစ်ပြန်လိမ့်မယ်၊ ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ ဇာတိဒုက္ခ စသော ဆင်းရဲဒုက္ခသစ္စာရေတွေ ပင်လယ်ဝေအောင် လိုက်လာကြပြန် လိမ့်မယ် စသည်ဖြင့် ဒုက္ခသစ္စာထင်မြင်အောင် ဆင်ခြင်ပေးတဲ့ခါ ဒုက္ခသစ္စာ ကောင်းကောင်းလှလှ အစွမ်းကုန်ထင်မြင်လာသောကြောင့်-ဘုံသုံးပါးတို့၌ တဖန် ဖြစ်လိုတဲ့ဘဝတဏှာ အာလယကင်းကွာ ပြတ်တောက်၍ သွားလေ

တော့၏။ တဏှာအာလယ ပြတ်သွားခြင်းသည် အရဟတ္တမဂ် ပေတည်း။ တဏှာအာလယမှ လွတ်သွားခြင်းသည်-အရဟတ္တဖိုလ်ပေတည်း။

"နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါ ဝိမုစ္စတိ "ပါဠိအရှိ။ ။ ဤ၌ နိဗ္ဗိန္ဒံ ကား- ဒုက္ခသစ္စာထင်မြင်အောင် ဆင်ခြင်တဲ့ခါ၊ ဇာတိဒုက္ခ စသော ဆင်းရဲဒုက္ခ သစ္စာရေတွေ ပင်လယ်ဝေအောင် တသီတတန်းကြီး ဝင်စီး လိုက်လာကြ တော့မည့်အရေးကို ကြက်သီး မွေးညှင်း ထလောက်အောင် ထင်မြင်သိရှိ လာတဲ့ခါ၊ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာတို့၌၎င်း၊ ဘုံသုံးပါးတို့၌၎င်း၊ ပျင်းမုန်း ငြီးငွေ့ အမုန်းကြီးမုန်းတီးငြီးငွေ့သော-နိဗ္ဗိန္ဒဉာဏ် ရင့်သန် ထက်မြက်လာ သည့်ကို ပြသည်။ ဝိရဇ္ဇတိ ကား-တဖန် ဖြစ်လိုတဲ့ တပ်ခြင်းကင်းမှု မဂ်ကို ပြသည်။ ဝိရာဂါ ဝိမုစ္စတိ ကား-ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လိုဖြစ်ချင် နေတဲ့ တပ်မက်မှုမှ လွတ်မြောက်မှု ဖိုလ်ကိုပြသည်။ ဤလိုဤပုံ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်သောယောဂီပုဂ္ဂိုလ်သည် ဒိ-ဝိ တို့ကို ရှင်းရှင်းလင်းလင်း ယုံမှားကင်းအောင် ပယ်နိုင်တဲ့ခါ သောတာပန်၊ ရုန့်ရင်းသော ကိလေသာ တွေ ခေါင်းပါးနေတဲ့ခါ သကဒါဂါမ်၊ ကာမ ရာဂ ပဋိဃကိလေသာ အလျှင်းမဖြစ်ပေါ်တဲ့ခါ၊ ဝါ၊ အကြွင်းမဲ့ပယ်နိုင်တဲ့ခါ အနာဂါမ်၊ နောက် ပိတ်ဆုံး အနေအားဖြင့် ဘုံသုံးပါးတို့၌ တပ်မက်ခြင်း တဏှာအာလယ အပြီးအပြတ် လက်စသတ် ပြတ်သွားတဲ့ခါ အရဟတ္တမဂ် ရဟန္တာအဖြစ်သို့ ရောက်ပါသဖြင့် သ-အကြောင်းချုပ်ခြင်းကြောင့် ဒုအကျိုးလဲ နောက်ထပ် အသစ်မဖြစ်တော့ဘဲ အမြဲချုပ်ငြိမ်း ရုပ်သိမ်းသွားတော့သည်ဖြစ်၍ ကြောင်း ကျိုး နှစ်ရပ် အစဉ်ပြတ်ကာ နောက်ထပ်အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေး လေတော့သည်၊ ဝါ၊မွေးသေလွတ်တဲ့ အသခ်တဓာတ်နိဗ္ဗာန်သို့ ဝင်စံရလေ တော့သည်။

အကြောင်းပယ်သတ် ဒုကျိုးရပ်

ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ ဆန္ဒရာဂမူလကာ၊
ဆန္ဒရာဂနိရောဓေန၊ နတ္ထိ ဒုက္ခသ သမ္ဘဝေါ။ ။(ဝိသုဒ္ဓိ)

ဘာသာပြန်။ ။လောက၌ အလုံးစုံသော ဆင်းရဲဒုက္ခဟူသမျှသည်ဖြစ်၏၊ ထိုအလုံးစုံသော ဆင်းရဲဒုက္ခဟူသမျှသည် အလိုရှိခြင်းဆန္ဒ, တပ်မက်ခြင်း ရာဂလျှင် အကြောင်းရင်းရှိကုန်၏၊ ဆန္ဒရာဂ ချုပ်ခြင်း မရှိခြင်းကြောင့် အလုံးစုံးသော ဆင်းရဲဒုက္ခဖြစ်ခြင်းလည်း မရှိတော့ပြီ။

အနိပ္ပါယ်။ ။ ဘုံသုံးပါးတို့၌ ကောင်းနိုးနိုးမှတ်ထင်၍ တဖန်တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ တဏှာဆန္ဒကြောင့်ပင် ဘုံသုံးပါးတို့မှာ ဘဝတဖန် ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာ အသစ်အသစ် ဖြစ်၍ဖြစ်၍ ဖြစ် ပျက် မွေး သေ, ဖြစ်ပျက်မွေးသေ သံသရာရှည်၍ နေကြရသည်၊ ထိုဖြစ်လိုတဲ့ ဆန္ဒရာဂကို ဖြစ်လိုလျှင် ဖြစ်ပြန်လိမ့်မယ်၊ ဖြစ်ပြန်လျှင် ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ဇာတိ စသော ဆင်းရဲဒုက္ခတွေ ပင်လယ် ဝေအောင် စီးဝင်လာကြလိမ့်မယ် စသည်ဖြင့် ဒုက္ခသစ္စာထင်မြင်အောင်ဆင်ခြင်၍ ဇာတိစသော ဒုက္ခသစ္စာတွေ အစွမ်းကုန်ထင်မြင်လာပါလျှင် တဖန် ဖြစ်လိုတဲ့ တဏှာ ဆန္ဒရာဂ အာလယ ပြတ်၍ ဘုံသုံးပါးတို့၌ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာတို့သည် နောက်ထပ်အသစ် မဖြစ်တော့ဘဲ အမြဲငြိမ်းအေးနေတဲ့ ဇာတိနိရောဓ, ဘဝနိရောဓ, ဒုက္ခနိရောဓ အနုပ္ပါဒနိရောဓ, အသင်္ခတ ပရမတ္ထ နိဗ္ဗာန်သို့သာ ဆိုက်ရောက်လေတော့ သည်။

....................

## အစဉ် ၄—မျိုး။

ပါဠိလို(ကမ) မြန်မာလို(အစဉ်)ခေါ်သော (ကမ)သည်—

ပါဠိ — ၁—ပဝတ္တိက္ကမ။ ၂—ဒေသနက္ကမ။ ၃—ပဋိပတ္တိက္ကမ။ ၄—ပဟာနက္ကမ။
မြန်မာ — ဖြစ်စဉ်။ ဟောစဉ်။ ကျင့်စဉ်။ ပယ်စဉ်။

၁။ ပဌမံ ကလလံ ဟောတိ စသည်ကား—ဖြစ်စဉ်။
၂။ စတ္တာရိမာနိ ဘိက္ခဝေ အရိယသစ္စာနိ ။ ဟောစဉ်။
၃။ ကတမေဘိက္ခဝေ ပဟာတဗ္ဗာ အဝိဇ္ဇာစ ဘဝတဏှာစ ဟူ၍ရှင်း။
၄။ နန္ဒိသမုဒယာ ဒုက္ခသမုဒယော နန္ဒိနိရောဓါ ဒုက္ခနိရောဓေါ ။
၅။ တဏှာဒုက္ခဿမူလံ တဏှက္ခယာယ ပဋိပဇ္ဇထ ။
၆။ ကတမေဘိက္ခဝေ ဘာဝေတဗ္ဗာ သမထောစ ဝိပဿနာစ ။
ဤဆိုခဲ့ပြီးသော အစဉ်ကား — ကျင့်စဉ်။
၇။ ပဉ္စပဟာနာနိ တဒင်္ဂ ဝိက္ခမ္ဘန သမုစ္ဆေဒ ပဋိပဿဒ္ဓိ နိဿရဏ ဝသေနာတိ-ဆိုတဲ့ အစဉ်ကား....ပယ်စဉ်။

ဟောစဉ်–ကျင့်စဉ်။ ။ ဤ၌ သစ္စာလေးပါးတို့ကို ဒု–သ–နိ–မ, လို့ ရှေ့နောက်အစဉ်ထား၍ ဟောကြားတော်မူခဲ့သည်မှာ-ရှေးဘုရားတို့ကဲ့သို့ ဟောရိုးဟောစဉ်အတိုင်း ဟောတော်မူတဲ့-ဒေသနက္ကမ ဟောစဉ်သာ ဖြစ်သည်၊ ရှေးဘုရားတို့လဲ ဤပုံအတိုင်း ဟောတော်မူကြသည်၊ နောက်ပွင့်လတ္တံ့သော ဘုရားတို့လဲ ဤပုံအတိုင်းဘဲ ဟောတော်မူကြ လတ္တံ့။ သို့ဟောသော်လည်း ဟောတော်မူတိုင်း ဒုက္ခသစ္စာကစ၍ ကျင့်ရမည် မဟုတ်ပေ။ သစ္စာလေးပါးတို့ကို ဒု–သ–နိ–မ,ဟု အစဉ်ထား၍ ဟောတော်မူရာ၊ သ–မ, သစ္စာတို့မှာ အကြောင်းသစ္စာများသာဖြစ်ကြ၍၊ ဒု–နိ သစ္စာတို့မှာ အကျိုးသစ္စာများသာ ဖြစ်ကြလေသည်။ ဤလိုဤပုံ အကြောင်းနှင့် အကျိုးဖြစ်နေရာ, အကြောင်းဖြစ်တဲ့ လောကီ သ–ကို အကြောင်းဖြစ်တဲ့ လောကုတ္တရာ မ–နှင့် ပယ်သတ်မှသာ အကြောင်းလောကီ သ–ကုန်ဆုံးချုပ်ငြိမ်း၍ အကျိုးလောကီ ဒု–လည်း ကုန်ဆုံးချုပ်ငြိမ်းလေတော့သည်။ သို့မှသာ ကြောင်း,ကျိုး နှစ်ရပ် အစဉ်ပြတ်၍ နောက်ထပ် အသစ်တဖန် မဖြစ်သော-အနုပ္ပါဒနိရောဓ အသင်္ခတ ပရမတ္ထနိဗ္ဗာန် အစစ်အမှန်ဖြစ်နိုင်မည်၊ဝါ၊မွေးသေလွတ်တဲ့နိဗ္ဗာန်ဖြစ်နိုင်မည်၊ ဝါ၊ကုန်အောင်စုံသော ဆင်းရဲကင်းတဲ့နိဗ္ဗာန်၊ ဝါ၊ကုန်အောင်စုံသောချမ်းသာတဲ့နိဗ္ဗာန် အစစ်အမှန် ဧကန်ဖြစ်နိုင်ပေမည်။ ၁-ဒုက္ခ၊ ၂-သမုဒယ၊ ၃-နိရောဓ၊ ၄-မဂ္ဂ,ဟု အစဉ်ထား၍ ဟောကြားသော်လည်း၊ "ပွါး–သိ–ပယ်–ဆိုက်၊ လေးပါးကိုက်၊ အမြိုက်နိဗ္ဗာန်ဝင်"နှင့်အညီ၊"မဂ္ဂ ဘာဝေတဗ္ဗ"အရ၊ ၄-နံပါတ်ဖြစ်သော မဂ္ဂသစ္စာ မဂ္ဂင်ရှစ်ပါးကို ပွါးများအားထုတ်မှသာ သစ္စာသိ၍ သိတဲ့အတိုင်းပယ်မှသာ နိရောဓသို့ဆိုက်ရောက်နိုင်ကြမည်ဟု သတိရှိကြပါစေသတည်း။

....................

## တဏှာပယ်တဲ့ မဂ်အကျင့်

"တဏှာဒုက္ခဿ မူလံ တဏှက္ခယာယ ပဋိပဇ္ဇထ" ဆိုတဲ့ သစ္စာလေးပါး ကျင့်စဉ်မှာ တဏှာဖြင့် သ-ကို၊ ဒုက္ခဿဖြင့် ဒု-ကို၊ တဏှက္ခယာယဖြင့် နိ-ကို ပဋိပဇ္ဇထဖြင့် မ-ကို၊ ဤလို သစ္စာလေးပါးကို ကျင့်စဉ်အတိုင်း ဟောပြသားရာ....။

ဟောလိုရင်းမှာ—

တဏှာဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသာရံ၊
ဣတ္ထဘာဝ ညထာ ဘာဝံ၊ သံသာရံ နာတိဝတ္တတိ။

(သုတ္တနိပါတ ဒွယနုပဿနာသုတ်နှင့်အညီ။)

တဏှာအဖော်ရှိသော, တဏှာအဖော်ပါသော, တဏှာခေါင်းဆောင်, တဏှာရှေ့သွားရှိနေသော ယောကျ်ားသည် တဏှာအဖော်ကို အလဲထိုး၍ အသေမသတ်သမျှ၊ ဝါ၊ တဏှာအဖော်၏အလိုကို လိုက်နေသမျှ ဖြစ် ပျက် မွေး သေ ဆိုတဲ့ သံသရာမှ မလွန်မြောက်နိုင်သောကြောင့် အဖော်တဏှာ သေအောင်၊ ဝါ၊ အကြောင်းတဏှာ ကုန်အောင် တဏှာပယ်တဲ့မဂ်အကျင့်ကို ကျင့်ကြ။ ဝါ၊ ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လိုဖြစ်ချင်နေတဲ့ တဏှာ အာလယကို အပြတ်ဖြတ်ကြဟု တိုက်တွန်းတော်မူသဖြင့် အကြောင်းတဏှာ ကုန်လျှင်၊ ဝါ၊ အသစ်မဖြစ်လျှင် အကျိုးခန္ဓာလည်းကုန်၍ အသစ်မဖြစ် သောကြောင့်—"ဥဘိန္နံအပ္ပဝတ္တိ နိရောဓသစ္စံ" နှင့်အညီ၊ အဆိုပါ ဒု—သ, သစ္စာနှစ်ပါးတို့၏တဖန်အသစ်မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာချုပ်ငြိမ်းကြောင်း ဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်သို့ ဆိုက်ရောက်စေရန် ရည်သန်တော်မူ၍ သစ္စာလေးပါးတို့၌ ကျင့်စဉ်ကိုဖော်ပြတော်မူခဲ့ပေသည်။

တဖန်။ ။ " နန္ဒိသမုဒယော ဒုက္ခသမုဒယော နန္ဒိနိရောဓေါ ဒုက္ခ နိရောဓေါ"ဆိုတဲ့ကျင့်စဉ်၌လည်း၊နန္ဒိသမုဒယာဖြင့် သ-ကို ဒုက္ခသမုဒယော ဖြင့် ဒု-ကို၊ နန္ဒိနိရောဓောဖြင့် မ-ကို၊ ဒုက္ခနိရောဓောဖြင့် နိ-ကို၊ ဤလို အကြောင်းအကျိုး-အကြောင်းအကျိုး ဟောပြထားတော်မူရာ ထိုထိုဘုံ, ထိုထိုအာရုံတို့၌ စုံစုံမက်မက် ခုံခုံတက်သော တပ်မက်တတ်သော နန္ဒီရာဂ ခေါ်သော တဏှာဖြစ်ခြင်းကြောင့်ပင်၊ ၃၁-ဘုံတို့၌ စုန်ဆန်လူးလာ ဒုက္ခ မျိုးစုံ သပွတ်အုံ သပွတ်အူကြီးတွေ မရေမတွက်နိုင်အောင် အသစ်အသစ် ဖြစ်ပေါ်လာကြလေတော့သည်။

သူပုန်ကြောင့်—တိုင်းပြည် မငြိမ်မသက် မငြိမ်မအေးဖြစ်နေရာ သူပုန် ခေါင်းဆောင်ကြီးကို အမိဖမ်း အလဲထိုး၍ အသေသတ်တဲ့ခါ တိုင်းပြည် ငြိမ်သက် အေးချမ်း သာယာသွားသကဲ့သို့၊ ထို့တူပမာ—နန္ဒီရာဂ ကြောင့်

ဖြစ် ပျက် မွေးသေ, သံသရာရှည်၍ မငြိမ်းအေး, မငြိမ်းအေးဖြစ်နေကြရာ၊ တဏှာပယ်, တဏှာဖြတ်, တဏှာသတ်တဲ့ မဂ်အကျင့်ကို ကျင့်သောကြောင့် နန္ဒိရာဂ ခေါ်သော တဏှာသူပုန်ခေါင်းဆောင်ကြီးသည် သစ္စာလေးပါး တိုက်ပွဲတွင် အရဟတ္တမဂ်လက်နက်ထိမှန်၍ မရှုမလှကျဆုံး၍ သွားပါသော ကြောင့်-ဖြစ် ပျက် မွေးသေ ဆိုဘဲ့ သံသရာကြီး ငြိမ်းအေးသွားလေတော့ သည်။

ဤလိုဤပုံ-လူ့နတ်ကို အသိမှန် အမြင်မှန်ရသွားအောင် ရရှိတဲ့အတိုင်းလဲ နန္ဒိတဏှာကိုပယ်သတ်၍ မွေး သေ လွတ်သော အမတာနယ်ကပ်နိုင်ကြ အောင် နည်းပေး လမ်းပြ ဆိုဆုံးမခဲ့ခြင်းဖြစ်ပေသည်။ **ဟောတော်မူလိုရင်း မှာ**—တဏှာကြောင့် ခန္ဓာ ဖြစ် ပျက် မွေး သေ, သံသရာရှည်၍ နေကြရာ တဏှာပယ်တဲ့ မဂ်အကျင့်ကိုကျင့်မှ တဏှာကုန်မည်၊တဏှာကုန်မှ ခန္ဓာလည်း ကုန်မည်၊ တဏှာ ခန္ဓာကုန်မှ ရွှေဘုံနိဗ္ဗာန် အငြိမ်းစံရမည်။

"မဂ္ဂံ ဘာဝေတွာ"အရ၊ မဂ္ဂသစ္စာ မဂ္ဂင်ရှစ်ပါးကို ပွါးများအားထုတ်၍၊ ဝါ၊ ရုပ်နာမ်မြင်အောင် လက္ခဏာထင်အောင် သစ္စာမြင်အောင် ဆင်ခြင် နှလုံးသွင်း၍၊ ဝါ၊ ဝိပဿနာပွါး၍။ (တနည်း) **"အာသဝက္ခယာယစိတ္တံနီဟရာ မေသိ"**နှင့်အညီ၊ အာသဝေါတရား ကုန်စေခြင်းငှါ၊ ဝါ၊ ဘဝါသဝ ကွာကျစေခြင်းငှါ မိမိစိတ်ကို ရှေ့ရှုညွတ်စေပြီး၊ ဝါ၊ ဝိပဿနာရှု၍နေပြီး၊ ဝါ၊ သစ္စာလေးပါး မြတ်တရားတို့ကို သတိနှင့်မကွာ ပညာနှင့်မကင်း အဖန် တလဲလဲ ဆင်ခြင်နှလုံးသွင်း၍နေပြီဟု ဆိုလိုပေသည်။ ထို့ကြောင့်ပင်— **"ပွါး,သိ,ပယ်,ဆိုက်၊ လေးပါးကိုက်၊ အမြိုက်နိဗ္ဗာန်ဝင်"**ဟု ဆိုပေသည်။

အဓိပ္ပါယ်။ ။ မဂ္ဂသစ္စာ-မဂ္ဂင်ရှစ်ပါးကို ပွါးများအားထုတ်ခြင်းသည် ပွါး-မည်၏။ ပွါး၍ ရုပ်နာမ်သိ,လက္ခဏာသိ,သစ္စာသိခြင်းသည် သိ-မည်၏။ သစ္စာသိ၍ တဏှာပယ်ခြင်းသည် ပယ်-မည်၏။ တဏှာပယ်၍ အမတာနယ် နိရောဓသို့ ဆိုက်ရောက်ခြင်းသည် ဆိုက်-မည်၏။ တတိယသစ္စာခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မိမိစိတ်သည် နိဗ္ဗာန်သို့ ပြေး ဝင်ခြင်းသည်-အမြိုက်နိဗ္ဗာန်ဝင် မည်၏။

**တနည်း။** ။ သ,ကြောင့်-ဒုံ၊ ဖြစ်ပျက်မွေးသေ သံသရာရှည်၍ နေကြသည်။ မ,ကြောင့်-နိ၊ ဖြစ်ပျက် မွေး သေ သံသရာပြတ်၍ ရပ်ကြသည် ဟူ၍ရင်း။

**တနည်း။** ။ ဖြစ်လိုတာ သမုဒယသစ္စာ၊ ဖြစ်တာ ဒုက္ခသစ္စာ။ မဖြစ်လိုတာ-မဂ္ဂသစ္စာ၊ မဖြစ်တာ-နိရောဓသစ္စာ။ ဖြစ်လိုတော့ ဖြစ်ဦးမှာ, ဖြစ်ပြန်တော့ သံသရာထဲ ဆင်းရဲရတော့မှာ၊ မဖြစ်လိုတော့ မဖြစ်ပါ၊ မဖြစ်တော့-နိဗ္ဗာန်ပါ၊ချမ်းသာရတော့မှာ-ဟူ၍ရင်း။

**တနည်း။** ။ ဘဝတဖန် ဖြစ်လိုတာ-ဘဝတဏှာ, **သမုဒယသစ္စာ။**
ဘဝတဖန် ဖြစ်တာ-ရုပ်နာမ်ခန္ဓာ, **ဒုက္ခသစ္စာ။**
မဖြစ်လိုတာ-မဂ်စိတ်ပါ, **မဂ္ဂသစ္စာ။**
မဖြစ်တာ နိဗ္ဗာန်ပါ, **နိရောဓသစ္စာ** ဟူ၍ရင်း။

**တနည်း အကျယ်ပွါးပုံ။** ။ ဖြစ်လိုလျှင် ဖြစ်ပြန်ဦးမှာ၊ဖြစ်ပြန်လျှင် ဖြစ်ရာ ဖြစ်ရာဘုံဘဝတို့မှာ တဖန်ပြန်၍ ပဋိသန္ဓေ နေရတာ ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်း စစ်မှန်လှသောကြောင့်-**ဒုက္ခသစ္စာ။** မအိုချင်ဘဲ အိုရတာ၊ ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်း စစ်မှန်လှသောကြောင့်—**ဒုက္ခသစ္စာ။** မနာချင်ဘဲ နာရတာ, ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်းစစ်မှန်လှသောကြောင့်-**ဒုက္ခသစ္စာ။** မသေခြင်ဘဲ သေရတာ ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်း စစ်မှန်လှသောကြောင့်—**ဒုက္ခသစ္စာ။** မသေမီအတွင်း ဆင်းရဲဒုက္ခခပင်းတို့ကို ခေါင်းစင်း၍ ခံရတာ--**ဒုက္ခသစ္စာ။** သေပြီးသည့်နောက် အကုသိုလ်ကံနှောက်၍ အပါယ်သို့ ရောက်ပြန်သဖြင့် ဒေဝဒတ်, ဇာတသတ်, နွားသတ်နန္ဒ, ဝက်သတ်စုန္ဒ,စသည် တို့လို အငိုငိုရဲမီး သံတွေခဲရဲမီး တဒီးဒီး တရဲရှဲ အမြဲတစေအလောင်ခံ၍ နေရတာ, ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်းစစ်မှန်လှသောကြောင့်-**ဒုက္ခသစ္စာ။** ဤသို့ စသည်ဖြင့် ဒုက္ခသစ္စာ တို့ကို ဆင်ခြင်ပွါးများ အားထုတ်နေတဲ့ခါ ဇာတိဒုက္ခစသော ကုန်အောင်ပုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခ အသချေ အနန္တတို့ကို တတ်တတ်ထင်ထင် တဲ့တဲ့ကြီးဒုက္ခသစ္စာကို အစွမ်းကုန် ထင်မြင် သည်ရှိသော်– "တယောဘဝေ အင်္ဂါခန္ဓောဝိယခါယတိ" ဟု လာရှိသည်နှင့် အညီ၊ ဘုံသုံးပါးတို့ကို မီးပုံကြီးသုံးပုံ, မီးလောင်အိမ်ကြီးသုံးလုံး,မီးလောင်

ရှာကြီး သုံးရှာကဲ့သို့ ဘုံသုံးပါးကိုဂှင်း၊ မိမိခန္ဓာအိမ်ကြီးကိုဂှင်း၊ မီးကျီးတုံး မီးကျီးခဲကြီးပမာ စိတ်ထဲ ဉာဏ်ထဲမှာ ထင်မြင် လာပါသောကြောင့်– အဆိုပါ ဘုံသုံးပါးတို့ကို အလွန်အလွန်ကြီး မုန်းတီးငြီးငွေ့၍ လာတော့၏။ မုန်းတီးငြီးငွေ့မှု အားကြီးလာတဲ့ခါ ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ တဏှာအာလယ အပြီးအပြတ် လက်စသတ်ပြတ်၍ နောက်ထပ် အသစ်မဖြစ်တော့ဘဲ အမြဲချုပ်တော့၏။ “ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါ ဝိမုစ္စတိ ” နှင့်အညီ၊ ဘဝဘဏှာပြတ်ခြင်းသည် အရဟတ္တမဂ်ပေတည်း။

ဘုံသုံးပါးတို့ကို မီးကျီးတုံး, မီးကျီးခဲကြီးကဲ့သို့ တကယ် ဒုက္ခသစ္စာ အစွမ်းကုန်ထင်မြင်ပါလျှင် တကယ်ပြတ်၏၊ တကယ်မထင်လျှင် တကယ် မပြတ်ဟု မှတ်။ တကယ်ပြတ်ကလည်း ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ တဏှာအကြောင်းသစ် မဖြစ်တော့ပြီ၊ တဏှာအကြောင်းသစ် နောက်ထပ်မဖြစ်ကလည်း ဘုံသုံးပါးတို့မှာ ခန္ဓာအကျိုးသစ်မဖြစ်တော့ပြီ၊ တဏှာအကြောင်းသစ်, ခန္ဓာအကျိုးသစ် တဖန်မဖြစ်လျှင်လည်း ကြောင်း ကျိုး နှစ်ရပ် အစဉ်ပြတ်၍ နောက်ထပ် အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေး သွားတဲ့ အငြိမ်းဓာတ်, အအေးဓာတ် ခေါ်သော အသခ်တဓာတ် အမြတ် ဓမ္မ ပရမတ္ထနိဗ္ဗာန်သို့သာ ဆိုက်ရောက်လေတော့သည်။ ဝါ၊နိဗ္ဗာန်ယူသိမ်း၍ အငြိမ်းကြီး ငြိမ်းရလေတော့သည်။

ဤကား–ဘုရားအလိုဖတော်ကိုသိ, ဘုရားအာဘော်ကို ရိပ်စားမိကြတဲ့ အဋ္ဌကထာ, ဋီကာ ဆရာ့ဆရာတို့၏ အဖွင့်အမိန့်အဆို စကားရပ်တို့ကို လိုရင်းတွင်အကျဉ်းချုံး၍ နိဂုံးချုပ်အနေဖြင့် ပြဆိုအပ်သော သစ္စာ သိနည်း, သစ္စာမြင်နည်း, သစ္စာရှုနည်း,မဂ္ဂင်ရှစ်ပါးတွင် စ,ဦးတင်၍ ပါဝင်သော ဝိပဿနာသမ္မာဒိဋ္ဌိ ခေါ်သော ဝိပဿနာဉာဏ်အစ သစ္စာဉာဏ်အဆုံးသတ်၍ မွေး, သေ လွတ်သော နိဗ္ဗာန်သို့ ရပုံ ရောက်ပုံကို ပြဆိုသောနည်းတည်း။

အချုပ်အားဖြင့် သစ္စာသိရန်မှာ – သတ္တလောကရှိ သ, ဝိညာဏက သတ္တဝါမှန်သမျှကို ဘာကောင်ဘဲဖြစ်ဖြစ် ဒုက္ခသစ္စာအစစ်လို့သာ သိပါ, မြင်ပါ, အယူမှန် ယူပါ၊ ထိုသတ္တဝါတို့ကို ဖြစ်စေတတ်သော ရှေးဘဝ၌ ဖြစ်သော တဏှာ, ကံ တို့ကို သမုဒယသစ္စာလို့သာ သိပါ, မြင်ပါ၊ တဏှာ

ပယ်တဲ့ မဂ်အကျင့်ကြောင့် အဆိုပါ ဒု–သ, သစ္စာနှစ်ပါးတို့၏ တဖန်အသစ် မဖြစ်ရာ နိဗ္ဗာန်ကို နိရောဓသစ္စာလို့သာ သိပါ, မြင်ပါ၊ ဒု–ကို ပိုင်းခြား၍ သိတတ်သော၊ သ–ကို ပယ်တတ်သော၊ နိ–ကို အာရုံပြုတတ်သော မဂ်စိတ် လေးခုဥ္စယှဉ်သော မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားကို မဂ္ဂသစ္စာလို့သာ သိပါ မြင်ပါ, အယူမှန်ယူပါ။ ဤလိုဤပုံ အထက်တန်းကြလှတဲ့ ဝိပဿနာဉာဏ် ခေါ်သော သစ္စဉာဏ်ဖြင့် အသိမှန်သိ, အမြင်မှန်ရ၍ အယူမှန် ယူလိုက်နိုင် ပါလျှင်၊ ဝါ၊ ပုဂ္ဂိုလ်သတ္တဝါရှိ၏ဟု အယူမရှိတော့၊ ဒု–သ, သစ္စာနှစ်ပါး သာဟု ယုံမှားမရှိ အယူမှန်ရှိသွားပါလျှင်၊ ဝါ၊ အတ္တ အယူမရှိ၊ အနတ္တ အယူရှိသွားလျှင်၊ ဝါ၊အတ္တ အယူပျက်၍, အနတ္တအယူဖြစ်သွားလျှင် အပါယ် လွတ်တရားရ, သောတာပန် စသော အရိယာများ ဖြစ်သွားနိုင်ပေသည်။ အတ္တ အယူမှားကို တားဆီးနိုင်သောဉာဏ်သည် သောတာပတ္တိ မဂ်ဉာဏ် ပေတည်း။

(၁) ဒုက္ခသစ္စာဆိုလျှင်–တဏှာမှ တပါးသော ရုပ်နာမ်ခန္ဓာ အာယတန ဓာတ်တို့ကို ဆိုသည်ဟု သိလေ မှတ်လေ၊ ရုပ်နာမ်ခန္ဓာ အာယတန ဓာတ်ဆိုလျှင် **အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ,** ဟု သိလေ မှတ်လေ၊ အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘ,ဆိုလျှင် ချမ်းသာတာမမှန်၊ ဆင်းရဲတာ မှန်လှသောကြောင့်–**ဒုက္ခသစ္စာ** ဟုသာ လျှော်ဓားထစ် တထစ်ချ မှုသေကိန်းသေ သိလေ မှတ်လေ။

(၂) **သမုဒယသစ္စာဆိုလျှင်**–တဏှာ,ရာဂ,လောဘကိုဆိုသည်ဟုသိ၊တဏှာ ရာဂ,လောဘ,ဆိုလျှင် **အနိစ္စ,ဒုက္ခ,အနတ္တ** ဟုသိ။

(၃) **နိရောဓသစ္စာဆိုလျှင်** – နိဗ္ဗာန်ကိုဆိုသည်ဟုသိ၊ **နိစ္စ, သုခ, အနတ္တ,** ဟု သိ။

(၄) **မဂ္ဂသစ္စာဆိုလျှင်**–မဂ္ဂင်ရှစ်ပါးကို ဆိုသည်ဟုသိ၊ **အနိစ္စ, ဒုက္ခ, အနတ္တ,** ဟု သိ။

**လက်ရှိဘဝ** အထက်ကပြခဲ့တဲ့အတိုင်း–ဆီး ဝမ်း ကွဲအောင် မသိသေးဘဲ နှင့်တော့ သေမသွားကြပါနှင့်၊ အရှုံးကြီးရှုံး, အနင့်နာကြီး နင့်နာသွားကြ ပါလိမ့်မည်။ ဘယ်သူတို့လိုလဲ–အာဠာရ, ဥဒက ရသေ့တို့လိုဘဲ၊ အာဠာရ ရသေ့သည် ဘုရားမဖြစ်ခင် ခုနစ်ရက်လောက်, လက်မတင်ကလေးစော၍

သေ၊ အာကိဉ္စညာယတနဘုံ၌ ဖြစ်၊ ဥဒကရသေ့သည် ဘုရားမဖြစ်ခင် သန်းခေါင်ယာမ်လောက် လက်သန်းတင်ကလေးစော၍ သေ၊ နေဝသညာ နာသညာယတနဘုံ၌ ဖြစ်နေနှင့်ကြပြီးဖြစ်၍၊ ဘုရားဖြစ်လာတဲ့ခါ တရား ဟောဘို့ကြည့်တော့ အရပ်ပြစ်ရှစ်ပါးအဝင် "ဝေ–သဉ်–သင်–ဝိ" နာမ် ခန္ဓာလေးပါးသာရှိ၍ ဘုရားရှိရာလာ၍လည်း တရားမနာနိုင်၊ ဘုရားက သွားဟောလို့လဲ မဖြစ်၊ အကြပ်တွေ့နေ၍ ခိပ္ပမေဝ အာဇာနိဿတိ၊ငါဘုရား တရား သစ္စာလေးပါးကို ကြားနာလိုက်ရလျှင် သစ္စာ သိ၍ အရိယာ သောတာပန်ဖြစ်, အပါယ်လွတ်တရား ရရုံမျှမက, မွေး သေ လွတ်တဲ့ နိဗ္ဗာန် အထိ ရရှိသွားကြမဲ့ ပုဂ္ဂိုလ်ကြီးတွေပါတကားဟု သိရှိတော်မူတဲ့ခါ၊ **မဟာ ဇာနိယောခေါ, မဟာ ဇာနိယောခေါ** အရှုံးကြီးရှုံးပြီး, အနင့်နာကြီး နင့်နာ လေပြီဟု သနားခြင်းကရုဏာ ရင်ထုမနာ စုတ်တသတ်သတ်နှင့်သာ ဖြစ် တော်မူရရှာလေသည်။ ထို့ကြောင့် မနေရလို့ သေကြလျှင်လဲ အဆိုပါ နည်းအတိုင်း သစ္စာသိပြီးမှ သေကြပါဟု မေတ္တာရပ်လိုက်ပါသည်။

....................

**သာသနာတွင်းအသိ–သစ္စာထိအောင်သိ၊**

**သာသနာပ, အခါကာလမှာ။** ။ လူဖြစ်ကြတဲ့ခါ သာသနာပဖြစ်နေကြ၍ ပညတ်,ပရမတ်, ရုပ်, နာမ်,ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့ကို ဟောပြော တတ်သောသူ တစုံတယောက်မျှမရှိကြ၍ သူ, ငါ စသော ပညတ်ပေါ်တွင် အသိဉာဏ်အားကုန်၍ နေကြသဖြင့် ပညတ်မြင်, ပညတ်သိ, မိစ္ဆာဒိဋ္ဌိ အမှား သိနှင့်သာ သေကြရလေသည်။

**သာသနာတွင်း၌ကား–**ထိုသို့မဟုတ်၊ သူ,ငါဆိုတာ ပညတ်, တကိုယ်လုံး တကောင်လုံးကြီးက ပရမတ်ဟူ၍ရင်း၊ ပရမတ်တွင်လည်း ဆံ,အစ ကျင်ငယ် အဆုံး တကိုယ်လုံး, တကောင်လုံးရှိ မသိတရားက ရုပ်, သိတရားက နာမ်, ရုပ်နာမ်ဟူ၍ရင်း၊ အဆိုပါ ရုပ် နာမ် နှစ်ပါးကို ငါးပုံခွဲတော့ ခန္ဓာငါးပါး, ဆဲ့နှစ်ပုံခွဲတော့ အာယတန တဆဲ့နှစ်ပါး၊ ဆဲ့ရှစ်ပုံခွဲတော့ ဓာတ် တဆဲ့ ရှစ်ပါး ဟူ၍ရင်း၊ အဆိုပါ ရုပ်နာမ်ခန္ဓာ အာယတနဓာတ်တို့သည်လည်း နိဗ္ဗာန်ကို ချွင်းချန်၍ ကြွင်းကျန်သောတရားတို့မှာ ဥပါဒ်–ဋ္ဌီ–ဘင် မျှဖြစ်၍ ပျက်ကြသောကြောင့် အနိစ္စ, ဒုက္ခ,အနတ္တ,အသုဘ တရားတို့သာဟူ၍ရင်း၊

အဆိုပါ ရုပ်နာမ်ခန္ဓာ အာယတန ဓာတ်တရားတို့သည်လည်း ရုပ်နာမ်ကို ရသည်မှ သေနေကြအောင် ချမ်းသာတာမဟုတ် ဆင်းရဲတာမှန်သောကြောင့် ဒုက္ခသစ္စာ။ ထိုဒုက္ခသစ္စာကို ဖြစ်စေတတ်သော တဏှာလောဘသည် သမုဒယ သစ္စာ။ အဆိုပါ ဒု–သ, သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ။ ဒု–ကို ပိုင်းခြား၍ သိတတ်သော၊ သ–ကို ပယ်တတ်သော၊ နိ–ကို အာရုံပြုတတ်သော၊ မဂ္ဂင်ရှစ်ပါးသည်-မဂ္ဂသစ္စာ ဟူ၍၎င်း၊ သူ့ ငါ စသော ပညတ်ကြော်ဖေါ် ရုပ်နာမ် စသော ပရမတ်ပေါက် လက္ခဏာဆိုက် သစ္စာကိုက်အောင် သိမြင်နိုင်သော ပရမတ်မြင်, ပရမတ်သိ, သမ္မာဒိဋ္ဌိ အမှန် သိ၊ သိနိုင်တဲ့သာသနာတွင်းကြီးနှင့် ကြုံတွေ့နေကြရတဲ့ ယခုဘဝကြီးမှာ- အထက်အဆိုပါ နည်းအတိုင်း သစ္စာထိအောင်သိတဲ့ သာသနာတွင်း အသိ မျိုးကို မသိဘဲနှင့်တော့ သေမသွားကြပါနှင့်၊ သေမဲ့သေရင်လဲ သစ္စာ ထိအောင်သိတဲ့ သာသနာတွင်းအသိကို သိရှိပြီးမှ သေကြပါဟု မှာလိုက် ပါသည်။

တနည်းပွါးရန်။ ။ ဖြစ်မှုရှိသမျှ၊ ဒုက္ခအမှန်၊ ဖြစ်မှုချုပ်မှ သုခနိဗ္ဗာန်။<br>
ချုပ်ခြင်းအမှု နှစ်သက်ပြု၊ ဖြစ်မှု မဂ်စိတ်မှန်။ ။

ဟု-မဂ္ဂသစ္စာဘာဝနာကို နာနာပွါးပေးပါ၊ ပွါးဖန်များတဲ့ခါ ဉာဏ် ရင့်သန်၍လာ အသိမှန် အမြင်မှန်ရလာ၊ ဝါ၊ သဘောပေါက် သဘောကျ သွားတဲ့ခါ တဏှာမပယ်သမျှကာလပတ်လုံး တဏှာကြောင့်ခန္ဓာ တသံသရာ လုံး ဖြစ် ပျက် မွေး သေ,သံသရာရှည်၍ ဖြစ်မှုရှိသမျှ ဖြစ်ခြင်းရှိသမျှတွေဟာ "ဒုက္ခက္ခန္ဓဿ သမုဒယော"အရ၊ ချမ်းသာမဘက် ဆင်းရဲသက်သက်ကြီးပါ တကား၊ တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် တဏှာခန္ဓာအစဉ်ပြတ်၍ နောက် ထပ် အသစ်တဖန် မဖြစ်တော့ဘဲ ဖြစ်မှု ချုပ်ငြိမ်းရာ နိဗ္ဗာန်သည်ကား– "ဒုက္ခက္ခန္ဓဿ နိရောဓော"အရ၊ ဆင်းရဲမဘက် ချမ်းသာသက်သက် ချမ်းသာ အစစ်ကြီးပါတကားဟု ဟုတ်မှန်တဲ့အတိုင်း အသိမှန်,အမြင်မှန်,သစ္စဉာဏ်ကို လက်ကိုင်ရရှိလာတဲ့ခါ၊ အဆိုပါ ဖြစ် ပျက် မွေး သေ ဆိုတဲ့ တေဘူမက သင်္ခါရတို့၏ အပြီးအပြတ် လက်စသတ် ချုပ်ငြိမ်း ရုပ်သိမ်းမှုကို လိုလား နှစ်သက်တဲ့ အာရမ္မဏိက မဂ်စိတ်, ဖိုလ်စိတ် တို့သည် အလိုလိုပင် ဖြစ်ပေါ် လာတတ်ပေသည်၊ အဘယ့်ကြောင့်ဆိုသော်-ဖြစ်မှု ပျက်မှု၊ ဝါ၊မွေးမှုသေမှု

ချုပ်ငြိမ်းခြင်းသည်၊ ဝါ၊ ချုပ်ငြိမ်းရာသည် ဖြစ်ပျက်မွေးသေ အစဉ်ပြတ်တဲ့ အသခ်ိတဓာတ် နိဗ္ဗာန်သည် လွန်မင်းသော လွန်ကဲသော လွန်မြတ်သော ပရမသုခ, ဥတ္တမသုခ, ချမ်းသာစစ် ချမ်းသာမှန်ပေတည်းဟု အသိမှန် အမြင်မှန်ကို ရရှိသောကြောင့်ပေတည်း။

**ဆောင်ပုဒ်။** ။ ဒုက္ခသိမှ တဏှာကွာ၊ နိဗ္ဗာန်သို့သာ စိတ်ညွတ်တာ၊
ညွတ်တဲ့စိတ် မဂ်စိတ်မှတ်လိုက်ပါ။ ။ အရ

ဒုက္ခသိဘို့ကလည်း ဖြစ်လိုလျှင် ဖြစ်ပြန်လိမ့်မည်၊ ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ ဇာတိ စသော ဒုက္ခတို့နှင့် မုချတွေ့ရပြန်လိမ့်မည် စသည်ဖြင့် ဒုက္ခသစ္စာထင်မြင်အောင် ဆင်ခြင်၍ တဖန် ဘဝသစ်တို့မှာ ဇာတိ စသော ဒုက္ခသစ္စာတို့ကို အစွမ်းကုန်ထင်မြင်မှ တဏှာကွာနိုင်ပေမည်၊ တဏှာကွာလျှင်လည်း တဏှာခန္ဓာ အစဉ်ပြတ်တဲ့ အသခ်ိတဓာတ် နိဗ္ဗာန်သို့သာ စိတ်ညွတ်တော့သည်၊ ဝါ၊ နိဗ္ဗာန်ကိုသာ အာရုံပြုတဲ့၊ ဝါ၊ သခ်ါရ ချုပ်ငြိမ်းမှုကိုသာ လိုလားနှစ်သက်တဲ့ အာရမ္မဏိက မဂ်စိတ်, ဖိုလ်စိတ်များ ဖြစ်ပေါ်နိုင်ပေသည်။

**အာရုံ အာရမ္မဏိက။** ။ နိဗ္ဗာန်ကား-အာရုံ၊ နိဗ္ဗာန်ကို အာရုံပြုတဲ့ မဂ်စိတ်, ဖိုလ်စိတ်တို့ကား-အာရမ္မဏိက တည်း။ သခ်ါရချုပ်ငြိမ်းတဲ့ နိဗ္ဗာန်အာရုံကို အာရုံပြုမိမှသာ အာရမ္မဏိက မဂ်စိတ်, ဖိုလ်စိတ်များ ဖြစ်ပေါ်လာနိုင်ပေမည်၊ ရှေးဦးစွာ-အနုမာန၊ နောက်-ပစ္စက္ခသိဒ္ဓိက နိဗ္ဗာန်ကို အာရုံပြုသွားနိုင်လေသည်။

....................

## သစ္စာဥာဏ်ဖြင့် နိဗ္ဗာန်ဝင်ပုံ

လက်ရှိခန္ဓာကား-ပဋိသန္ဓေမှ စုတိသေနေ့ကျအောင် ဆင်းရဲတာမှန်လှသောကြောင့်-ဒုက္ခသစ္စာ တည်း၊လက်ရှိခန္ဓာကိုဖြစ်စေတတ်သော ရှေးဘဝကလူ့ဘုံ၌ ဖြစ်ချင်လှတဲ့ ဘဝတဏှာကား ဖြစ်လို၍ဖြစ်ပြန်တော့ ဖြစ်ရာဘုံဘဝမှာ၊ ဇာတိစသော ကုန်အောင်စုံသော ဒုက္ခတို့ကို မုချဖြစ်စေတာ,ဖြစ်စေမှာမှန်လှသောကြောင့်-သမုဒယသစ္စာ တည်း၊ တဏှာပယ်တဲ့မဂ်အကျင့်ကြောင့်

တဏှာခန္ဓာဖြစ်နေကြ အစဉ်ပြတ်၍ နောက်ထပ်အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေးနေသော နိဗ္ဗာန်ကား-နိရောဓသစ္စာ တည်း၊ တဏှာပယ်တဲ့ မဂ်အကျင့်ကား-မဂ္ဂသစ္စာ တည်း။

ဤလိုဤပုံ-သစ္စာလေးပါးတို့ကို သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်းနေတဲ့အဆုံးမှာ အားလုံးသော သတ္တဝါတို့သည် တဏှာပယ်တဲ့ မဂ်အကျင့်ကို မကျင့်သမျှ တဏှာကြောင့် ခန္ဓာ ဖြစ် ပျက်မွေး သေ, သံသရာရှည်၍နေကြရသည်၊ တဏှာပယ်တဲ့မဂ်အကျင့်ကို ကျင့်မှသာ အရဟတ္တမဂ်နောင်မှာ တဏှာအသစ်မဖြစ်တော့သည်ဖြစ်၍ အရဟန္တစုတိနောင်မှာလည်း ခန္ဓာအသစ်မဖြစ်တော့ဘဲ တဏှာခန္ဓာဖြစ်နေကြ အစဉ်ပြတ်တဲ့ အသခ်တဓာတ် နိဗ္ဗာန်သည်ကား၊ ဝါ၊ "ဘဝနိဿရဏ, အသခ်တ, အမတ,သန္တိသုခ" နိဗ္ဗာန်သည်ကား-အိုနာသေရေး ဒုက္ခဘေးတို့နှင့် အဝေးကြီး ဝေး၍ အအေးကြီးအေးလှပေသောကြောင့် လွန်မင်းသော လွန်ကဲသော, လွန်မြတ်သော ချမ်းသာစစ် ချမ်းသာမှန်ကြီးပေတည်းဟုအာရုံပြုပါ၊ ပြုဘန်များတဲ့ခါ သခ်ါရချုပ်ငြိမ်းရာ နိရောဓသစ္စာထိုက်တဲ့ နိဗ္ဗာန်ကို တဲ့တဲ့ရှင်းရှင်း မတွေ့မဝေ မျက်မှောက်မြင်သိသွားတဲ့ အာရမ္မဏိက မဂ်ဇိတ်ဖိုလ်စိတ်များဖြစ်ပေါ်လာ၍ ထိုအခိုက်အတွင်း သစ္စာလေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍ သိခြင်းကိစ္စပြီးစီး၍ သောတာပန် စသော အရိယာများဖြစ်သွားနိုင်ပေသည်။ ဤကား-လွယ်လွယ် မြန်မြန်နှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရလွယ်ရောက်လွယ်သော သစ္စာသိနည်း သစ္စာရှုနည်းတည်း။

တဏှာကြောင့်သာ ဒုဖြစ်လာ၊ တဏှာပယ်က
ဤဒုက္ခ မုချချုပ်ရပါ ဒုက္ခနိရောဓာ—နှင့်အညီ၊

ဤ၌-တဏှာကြောင့် ဒုက္ခဖြစ်ဆု,တဏှာကိုပယ်က တကယ်တဏှာကွာက ဒုက္ခနိရောဓ နိဗ္ဗာန် ဟု တိုက်ရိုက်ပြဆိုထားရာ, တဏှာကွာဆိုတဲ့ စကားမှာ-အရဟတ္တမဂ်ကိုရည်၍ဆိုတဲ့စကားဟု သိထားရမည်၊ အဘယ်ကြောင့်ဆိုသော် အရဟတ္တမဂ်ကိုရတဲ့ ရဟန္တာမှသာ ဒုက္ခသစ္စာအာခွမ်းကုန်ထင်မြင်၍ တဏှာအကြွင်းမဲ့ကွာနိုင်သည်၊ သောတာပန် စသည်တို့မှာ မိမိတို့မဂ်နှင့်ဆိုင်ရာ မိမိတို့နှင့်တန်ရုံသာ ဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာများသာ ကွာနိုင်ကြသည်။

သို့ရာတွင် သစ္စာလေးပါးတို့တွင် ဒု-ကို ထိုးထွင်း၍သိတဲ့ခါ ဒိဋ္ဌိအကြွင်းမဲ့ကွာ သ-ကို ထိုးထွင်း၍ သိတဲ့ခါ ဝိစိကိစ္ဆာအကြွင်းမဲ့ကွာ၊ မ-ကို ထိုးထွင်း၍ သိတဲ့ခါ သီ,အကြွင်းမဲ့ကွာ၊ နိ-ကို ထိုးထွင်း၍သိမြင်တတ်သော သောတာ ပတ္တိမဂ်ဉာဏ်, ဖိုလ်ဉာဏ်များ ဖြစ်ပေါ်ကာ သောတာပန် စသော အရိယာ များ ဖြစ်နိုင်ကြပေသည်။

ထို့ကြောင့်ပင်—ဒု-ကိုသိတော့ ဒိ-ကိုပယ်၊ သ-ကိုသိတော့ ဝိ-ကိုပယ်၊
နိ-မ သိတော့ သီ-ကိုပယ်၊ သုံးသွယ်သံယော ပယ်စွန့်မျှော၊
မှတ်လော သောတာပန်-ဟု, အောက်၌ပြဆိုခဲ့ပြီ။

တနည်း။ မ-ကိုပွါးမှ သ-ချုပ်ပါ၊ သ-ချုပ်ပါမှ ဒု-ချုပ်တာ၊
ဒု-ချုပ်ပါမှ နိ-ခေါ်တာ၊ ဆန့်ကျင်ဘက်အနေအားဖြင့်
နိဗ္ဗာန်ဖြစ်ပေါ်လာ။ (အစ္စန္တနိရောဓကိုယူ)

အမှာ။ ။ ဤ၌-ဖြစ်ပျက်နှင့် မဖြစ်မပျက်သည် ဆန့်ကျင်ဘက်တည်း။
ဖြစ်ပျက်ကား-ရုပ်, နာမ်၊ မဖြစ်မပျက်ကား-နိဗ္ဗာန်။

"ပွါး,သိ,ပယ်,ဆိုက်၊ လေးပါးကိုက်၊ အမြိုက်နိဗ္ဗာန်ဝင်" ပေတည်း။

ဤ၌—နားရောင်စရာ၊ ဝါ၊ ဉာဏ်ရောင်စရာ၊ ဝါ၊ ဦးနှောက်ရှုတ်စရာ ရှိနေသောကြောင့် အနည်းငယ်ရှင်းပြဦးအံ့။

**ပညာရှိအလှူ၊ ဖြစ်ပါမူ၊ ဒွယ်ချူဖိုလ်မဂ် ဆုပန်ဆက်**
**နိဗ်ဘက်သို့သာ၊ လိုက်လေရာ၏။ ။ နှင့်အညီ၊**

နိဗ္ဗာန်ရောက်ကြောင်း ဒါန စသော ပါရမီကိုဖြည့်ကြတဲ့ နေရာမှာ အလောင်းတကာ သူတော်စွာတို့ ပြုရသောထုံး နှလုံးမှိုသ ဝိဝဋ္ဋဖြစ်အောင် ပညာဦးစီးပြီးလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကိုသာ ရည်သန်တောင့်တ၍ ပြုကြရာ၏၊ ဤသို့ နိဗ္ဗာန်ကို ရည်သန်တောင့်တ၍ ပြုကြရမဲ့အစား မဂ်ဖိုလ်နိဗ္ဗာန်ကို ဆုမပန် ဆုမတောင်းဘဲ····

လူမိုက် အလှူပေးပါမူ၊ ဒွယ်ချူဖိုလ်မဂ်၊ မပန်ရက်၊
ဝဋ်ဘက်သို့သာ၊ လိုက်မှားရာ၏။ ။ နှင့် အညီ၊

တဏှာဦးစီးကာ အို,နာ,သေ,ရေး ဒုက္ခဘေးတွေ အသင်္ချေအနန္တတို့နှင့် ရောထွေးနေတဲ့ ဝဋ်ချမ်းသာ ခေါ်သော လူ့,နတ် ချမ်းသာကိုသာ တောင့်တ၍ ပြုမိကြတဲ့ ပုဂ္ဂိုလ်တွေမှာ — ဝဋ္ဋနိဿိတ ကံကြောင့် မျိုးစေ့အား လျော်စွာ အပင်ပေါက်သကဲ့သို့ ဝဋ္ဋနိဿိတ ကံအားလျော်စွာ ဘုံသုံးပါး တို့မှာ ဘဝတဖန် ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာတွေ အသစ်အသစ်ဖြစ်၍ ရုံ့ခါ ဒုဂ္ဂတိ၊ ရုံ့ခါသုဂတိ၊ ရုံ့ခါအပါယ်လေးဘုံ၌ ဖြစ်ပျက်မွေးသေ၊ ရုံ့ခါလူ့,ဘုံ နတ်ဘုံ, ဗြဟ္မာဘုံတို့၌ ဖြစ်ပျက် မွေးသေ ဆိုတဲ့ သံသရာစက်ကြီး, အို,နာ စက်ကြီး, မွေးသေစက်ကြီး အပြီးမသတ်နိုင်ကြဘဲ လည်မြဲတလဲလဲ မပြတ် လည်၍နေကြလေတော့သည်။ ဤလိုဤပုံ—အလုံးစုံသော သတ္တဝါတို့သည် တဏှာကြောင့် ခန္ဓာ ဖြစ်ပျက်မွေးသေ, သံသရာရှည်၍နေကြရာ, ယခုဘဝ မျိုးလို ရခဲသော လူ့,ဘဝကို ရကြ၍, ကြုံခဲသော သာသနာတော်နှင့် ကြုံတွေ့ကြရ၍ ကြားနာရခဲတဲ့ သစ္စာလေးပါး မြတ်တရားတို့ကို ကြားနာ ရတဲ့ခါ၊ တဏှာကြောင့် ခန္ဓာ၊ ဝါ၊ သ,ကြောင့်-ဒု၊ ဖြစ် ပျက် မွေး သေ သံသရာရှည်၍ နေကြရသည်ကိုရင်း၊ တဏှာပယ်တဲ့ မဂ်အကျင့်ကိုကျင့်က တဏှာခန္ဓာအစဉ်ပြတ်တဲ့ အသခ်တဓာတ်နိဗ္ဗာန်ကိုရင်း၊ သစ္စာလေးပါးတို့ကို အကြောင်းအကျိုးနှင့်တကွ ပိုင်းခြားဝေဘန်၍ အမှန်ကိုသိနိုင်ကြပြီးလျှင် သိတဲ့အတိုင်း ဒုက္ခသစ္စာထင်မြင်လာအောင် ဆင်ခြင်သောအားဖြင့် တဏှာ ပယ်တဲ့ မဂ်အကျင့်ကိုကျင့်ကြပါလျှင် ဒုက္ခသစ္စာအစွမ်းကုန် ထင်မြင်လာတဲ့ ခါ၊ ဘုံသုံးပါးတို့မှာ တဖန်ဖြစ်လိုတဲ့ တဏှာအာလယပြတ်၍ အရဟတ္တ မဂ်သို့ရောက်သဖြင့် အရဟတ္တမဂ်နောင်မှာ တဏှာအသစ် မဖြစ်တော့သည် ဖြစ်၍ အရဟတ္တဇုတိနောင်မှာ ခန္ဓာလဲအသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေး နေတဲ့ အငြိမ်းဓာတ်, အအေးဓာတ် ခေါ်သော နိရောဓသစ္စာ, မွေး သေ လွတ်တဲ့ နိဗ္ဗာန်သို့ပင် ရောက်နိုင် ရနိုင်တဲ့ "ဘဝသမ္ပတ္တိ ခဏသမ္ပတ္တိ"အခွင့် ကောင်း, အခါကောင်းနှင့် ရင်ဆိုင်တွေ့နေကြရလေပြီ၊ တဏှာပယ်တဲ့ မဂ် အကျင့်ကို ကျင့်၍ မွေးသေဝဋ်က ထွက်ရုံသာ လိုတော့သည်၊ ကဲ—ကဲ— ထွက်ကြမလား၊ ပြန်ကြဦးမလား၊ ဘယ်လိုသဘောထားကြသနည်း၊ ဒီနေရာ မှာ--"ဗာလ နှင့် ပဏ္ဍိတ" ခွဲခြား၍ သိရမှာပါဘဲ၊ ထွက်လိုလျှင်-ပဏ္ဍိတ၊ ပြန်လိုလျှင်-ဗာလ၊ မိမိကိုယ်ကို မိမိဘဲဆုံးဖြတ်ကြပေတော့။

ဉာဏ်ရောင်စရာ ဆိုတာက အခြားမဟုတ်ပါ၊ ဘုံသုံးပါးတို့၌ ဖြစ်ကြတာ ဖြစ်လို၍ ဖြစ်တယ်ဆိုပါလျှင် လူ့ဘုံ, နတ်ဘုံဘုံမှာတော့ ဖြစ်လို၍ ဖြစ်တယ် ဆိုတာ ဆိုပါတော့၊ အပါယ်လေးဘုံတို့၌ ဖြစ်ကြတာကတော့ ဖြစ်လို၍ ဖြစ်ကြတာလား၊ ကံကြောင့် ဖြစ်ကြရတာမဟုတ်သားဟု မေးရန်ရှိ၏၊ ဤလို မေးလျှင် ကံကိုပြုတဲ့ခါ ဘယ်သူခိုင်း၍ပြုရတာလဲလို့ ပြန်မေးတော့ တဏှာ ခိုင်း၍ ပြုရတာပါဟု အဖြေမှန်ပေးလျှင် ဖြစ်လိုဘာလဲ တဏှာ, ကံပြုခိုင်း တာသဲ တဏှာဆိုတော့ အတူတူပါဘဲ, ယာဂုနှင့် ထမနဲ၊ ထို့ကြောင့်- အကုသိုလ်ကံ ၁၂-ခုမှတပါး, ဘယ်ကံမှမပြုရဟု အယူ မမှားကြစေနှင့်၊ အကုသိုလ်ကံ ၁၂-ခုတို့မှာ တသက်လုံး မပြုကောင်းတဲ့ကံဟု ဝ, ကွက်၍ ချွင်းချန် ကြွင်းကျန်တဲ့ ကာမရူပ,အရူပ လောကုတ္တရာ မဂ္ဂင်ကံတို့ကိုမူကား ဘုရားလောင်းတို့ပင် လူနတ်ချမ်းသာကို တောင့်တတဲ့ တဏှာ ဦးမစီးဘဲ နိဗ္ဗာန်ချမ်းသာကို တောင့်တတဲ့ ပညာ ဦးစီးပြီးလျှင် ပြုကြသည်သာ ပြုကောင်းသည်သာဟု အယူမှန်ယူကြပါ၊ ကံ ဟူသမျှကိုအကုန်လုံး ခွပယ်တဲ့ "နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, ပုရာဏကဿပ, မက္ခလိဂေါ သာလ, အဇိတ မိစ္ဆာဒိဋ္ဌိ "လူမျိုးကြီးတွေလိုမဖြစ်ကြပါစေနှင့်။

" ကူဒ်ကမ္မက္ခယာယ သံဝတ္တတိ "နှင့်အညီ၊ အဆိုပါ ကံအများတို့တွင် မဂ္ဂင်ကံသည်၊ ဝါ၊ မဂ္ဂင်ရှစ်ပါး သမထဝိပဿနာ အလုပ်တရား ခေါ်တဲ့ မဂ္ဂင်ကံသည် ဟပါးသောကံတို့ကို ကုန်စေခြင်းငှါစွမ်းနိုင်၏၊ လူသိနည်းသော ကံတည်း၊ မှန်၏, ကံဆိုလျှင် များသောအားဖြင့် ကု-အကု၊ ရူ-အရူ၊ လောကုတ္တရာကံ ဟူ၍သာ အသိများကြ၏၊ မဂ္ဂင်ကံကိုကား ကံဟူ၍ပင် သိသူနည်းလှ၏၊ လူသိနည်းသောကံပေတည်း၊ သို့နည်းသော်လည်း အလွန် တရာမှ အရေးပါ အရာရောက်လှသောကံပေတည်း၊ ဤမဂ္ဂင်ကံဆိုသည်ကား အခြားမဟုတ်၊ မဂ္ဂင်ရှစ်ပါးခေါ်သော သီလမဂ္ဂင်သုံးပါး, သမာဓိမဂ္ဂင် သုံးပါး, ပညာမဂ္ဂင်နှစ်ပါး, ဤ သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါးကို လိုလေသေးမရှိ ပြည့်စုံသွားအောင် အားထုတ်ရသော ကံပေတည်း၊ ဝါ၊ ရုပ်နာမ်သိသည်ကစ၍ နိဗ္ဗာန်ကိုမြင်သိတဲ့ မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာ ဉာဏ်များ ပြည့်စုံသွားအောင် အားထုတ်ရသောကံပေတည်း။

ဘုရားလက်ထက်တော်က, တိတ္ထိဂိုဏ်းဆရာကြီး ၆-ဦးရှိရာ၊ပုရာဏကဿပ ကား–အကိရိယဒိဋ္ဌိ, ကုသိုလ် အကုသိုလ်မရှိဟုယူသည်၊ မက္ခလိဂေါသာလ ကား–အဟေတုကဒိဋ္ဌိ၊ သတ္တဝါတို့ ဆင်းရဲချမ်းသာခြင်းသည် အကြောင်း မရှိဟုယူသည်၊ အဇိတကား–နတ္ထိကဒိဋ္ဌိ၊ ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုး မရှိဟုယူသည်၊ ထိုတွင် ပုရာဏကဿပကား–ကံကိုပယ်သည်၊ အဇိတကား အကျိုးကိုပယ်သည်၊ မက္ခလိကား–ကံအကျိုးနှစ်ပါးကိုပယ်သည်၊ ထိုသို့ပယ်ရာ၌ ကံကိုပယ်လျှင် အကျိုးကိုလည်းပယ်ရာကြ၏ အကျိုးပယ်လျှင် ကံကိုလည်း ပယ်ရာကြ၏၊ ကံအကျိုးနှစ်ပါးကိုပယ်ခြင်းဖြင့် အဟေတုက အကိရိယ နတ္ထိက ဒိဋ္ဌိသုံးပါးဖြစ်တော့၏၊ (ပါဠိကိုအလိုရှိက သီလက္ခန်အဋ္ဌကထာ ဗြဟ္မဇာလ သုတ်မှာကြည့်ပါ။) ဒိဋ္ဌိသည် သာမညအားဖြင့် ပုဗ္ဗန္တဒိဋ္ဌိ—၁၈၊ အပရန္တ ဒိဋ္ဌိ--၄၄၊ ပေါင်း ၆၂-ပါးရှိ၏။ ထိုဒိဋ္ဌိတို့သည် သက္ကာယဒိဋ္ဌိမှ ပေါက်ပွါး လာကြကုန်၏၊ သက္ကာယဒိဋ္ဌိမရှိလျှင် ၆၂-ပါးသော ဒိဋ္ဌိတို့လည်းမရှိကုန်ပြီ၊ သက္ကာယဒိဋ္ဌိလည်း ဒုက္ခသစ္စာကို သိမြင်လျှင် မရှိတော့ပြီ။ ထို့ကြောင့် ၆၂-ပါးသော ဒိဋ္ဌိတို့မှ လွတ်ဘို့ရာ အပါယ်လွတ်တရားရ, သောတာပန် စသော အရိယာများဖြစ်သွားနိုင်ဘို့ရာ သစ္စာသိအောင် ကျိုးစားသင့်လှ ပေသည်ဟု သိလေ။

အချုပ်အားဖြင့် သစ္စာသိတဲ့ခါ တတိယသစ္စာခေါ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို မတွေ့မဝေ တွဲ့တွဲ့ရှင်းရှင်း အာရုံရောက်၍ မျက်မှောက် မြင်သိ ခြင်းငှါ စွမ်းနိုင်တဲ့ သောတာပတ္တိစသော မဂ်ဉာဏ်ဖြစ်ဆဲခဏမှာ"သံသာရ ဝဋ္ဋ ဒုက္ခသမုဒ္ဒသောသေတီ "နှင့် အညီ၊ မသိအပ်သောအစ, အနမတဂ္ဂ သံသာရာတခွင်၌ ခန္ဓာဝန်တွေကို ဆောင်ခဲ့ရစဉ်က မိုက်မှားခဲ့လေသမျှ အကျိုးမပေးရသေးတဲ့ အလယ်ဇောင်းချက် စေတနာခေါ်သော အပရာ ပရိယဝေဒနိယကံသည် သမုဒ္ဒရာရေနှင့်အမျှ တင်ရှိခဲ့ကြတဲ့ အပါယဂမနိယ အပါယ်သို့လားစေတတ်တဲ့ အကုသိုလ်ကြွေးဟောင်း မြီဟောင်း အသချေ အနန္တတို့သည် ထိုမဂ်ခဏ ဖိုလ်ခဏတို့တွင် ဒိုဘီပေး ခဝါချလိုက်သလို၊ ဝါ၊ ကြွေးမြီစာရင်း ဖျက်လိုက်သလို အကုန်လုံး အကြွင်းအကျန်မရှိကုန် လေပြီ။ နှစ်ကြိမ်မြောက် သကဒါဂါမိမဂ်ဉာဏ် ဖြစ်ဆဲခဏမှာ လူ့ဘုံတို့၌ တကြိမ်မျှကို ချွင်းချန် အကြိမ်ကြိမ် အဖန်ဖန် ပြန်၍ပြန်၍ ပဋိသန် စသော

အကျိုးကိုပေးစေတတ်သော ကာမကုသိုလ်ကံတွေကို ကုန်စေပြီ။ သုံးကြိမ်မြောက် အနာဂါမိမဂ်ဉာဏ်ဖြစ်ဆဲခဏ လူနတ်တို့၌ ပဋိသန္ဓေတကြိမ်မျှ မကျန် ကုန်လေပြီ။ လေးကြိမ်မြောက် အရဟတ္တမဂ်ဉာဏ် ဖြစ်ဆဲခဏမှာ ဗြဟ္မာ သံသရာမျှမကျန်၊ "ကုသလံ ကုသလံ ဇဟံ" နှင့်အညီ၊ နောက်ဆက် အကျိုးပေးခွင့် ကုသိုလ် အကုသိုလ်ကံ အလုံးစုံကို ကုန်လေပြီ။ ထို့ကြောင့်-မဂ္ဂင်ကံသည် သံသရာ၌ ကျင်လည်စေတတ်သော ကံတပါးတို့ကို ကုန်စေ၍ ကုန်စေ၍ နိဗ္ဗာန်ထုတ်ချောက် အရောက် ပို့ဆောင်တတ်သောကြောင့် လွန်စွာ့လွန်စွာ အရေးပါ အရာရောက်လှသော ကံဟူ၍ သိလေ မှတ်လေ။

## နမူနာစံပြ ပစ္စုပ္ပန်—သ နှင့် ပစ္စုပ္ပန်—ဒု၊

**ဆောင်ပုဒ်။** ၁၊ သွားလိုမှုကြောင့် သွားပုံဒုက္ခ၊
သွားချင်လိုမှု၊ ပယ်စွန့်မှု၊ ချုပ်မှုထိုဒုက္ခ။

**ဤ၌**။ ။ သွားလိုမှုကား....သ,သစ္စာ၊ ဆန္ဒရာဂကို ရ၏။
သွားမှုကား ....ဒု,သစ္စာ၊ ရုပ် နာမ် ခန္ဓာကို ရ၏။
သွားချင်လိုမှု ပယ်စွန့်ပုံကား မ,သစ္စာ၊သွားလိုမှုပယ်တဲ့မဂ်အကျင့်
ချုပ်မှု ထိုဒုက္ခကား—နိ,သစ္စာ၊ တဒင်္ဂနိရောဓနိဗ္ဗာန်။

**အဓိပ္ပါယ်**။ ။ ဤ၌ သွားလိုလျှင် သွားရမှုဒုက္ခ မုချရောက်မယ် စိတ်ချ၊ ဒိဋ္ဌအမှန်ဘဲ၊ သွားလိုတိုင်း သွားလိုတိုင်း သွားရမှုဒုက္ခကြီး မုချရောက်မယ် မလွဲဘည်း။ သို့ရာတွင် သွားလိုမှုကို တခဏမျှပယ်ထားပါလျှင် သွားရမှု ဒုက္ခလည်း တခဏမျှ ချုပ်ငြိမ်းသွားလေတော့၏။

ဤလိုဤပုံ-လက်တွေ့တဒင်္ဂနိရောဓနိဗ္ဗာန်ကို ထောက်ဆ၍ ဘုံသုံးပါးတို့၌ ကောင်းနိုးနိုးမှတ်ထင်၍ ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ ဘဝတဏှာ သမုဒယသစ္စာကို အကြွင်းမထားဘဲ အာလယပြတ် ပယ်သတ်နိုင်ပါက နောင်အခါ တစုံတခုသော ဘုံဘဝတို့မှာ တဏှာခန္ဓာ အသစ်မဖြစ်တော့ဘဲ အမြဲတမ်းငြိမ်းအေးနေတဲ့ "အနုပ္ပါဒနိရောဓ, အစ္စန္တနိရောဓ, သန္တိသုခ" လက္ခဏာရှိတဲ့ အသင်္ခတပရမတ္ထဓမ္မဖြစ်တဲ့ နိဗ္ဗာန်ကို ရ၏ဟု မုချယုံကြည်ပါလေ။ ထို့အတူ—

၂။ ရပ်လိုမှုကြောင့် ရပ်မှုဒုက္ခ၊ ရပ်ချင်လိုမှု ပယ်စွန့်ပြီး ချုပ်မှုထိုဒုက္ခ။
၃။ ထိုင်လိုမှုကြောင့် ထိုင်မှုဒုက္ခ၊ ။ ။ ။
၄။ အိပ်လိုမှုကြောင့် အိပ်မှုဒုက္ခ၊ ။ ။ ။
၅။ စားလိုမှုကြောင့် စားမှုဒုက္ခ၊ ။ ။ ။
၆။ သောက်လိုမှုကြောင့်သောက်မှုဒုက္ခ ။ ။
၇။ ရွှေလိုမှုကြောင့် ရွှေမှုဒုက္ခ ။ ။ ။
၈။ ငွေလိုမှုကြောင့် ငွေမှုဒုက္ခ ။ ။ ။
၉။ မယားလိုမှုကြောင့် မယားမှုဒုက္ခ ။ ။ ။
၁၀။ လင်လိုမှုကြောင့် လင်မှုဒုက္ခ ။ ။ ။

ဤသို့စသည်ဖြင့်-ဆီလိုမှု, ဆားလိုမှု, ငါးပိ ကြက်သွန်လိုမှု, ဆန်လိုမှု, စပါးလိုမှု, ပုဆိုးထမိလိုမှု, ပုတီး, နားဒေါင်း,လက်ကောက်, လက်ကြပ် ထီး, ဘိနပ်လိုမှု စသော မကုန်နိုင်သော လိုမှုတို့ကို ရှုကာရှုကာ လေ့လာပါလေ၊ သို့မှသာ တဘဝလုံးမှာလည်း သ,ကြောင့်-ဒု၊ ဝါ၊ သမုဒယကြောင့် ဒုက္ခ ရောက်ရသည်ကိုငင်း၊ ပစ္စုပ္ပန်လက်ရှိဘဝတွင် တသက်လုံး တဘဝလုံး သ,ကြောင့်-ဒု, ဖြစ်နေကြရသကဲ့သို့၊ ထို့တူပမာ- အတိတ် အနာဂတ် ဘဝတို့၌လည်း တဏှာမပယ်သမျှကာလ တသံသရာလုံး သ,ကြောင့်-ဒု၊ ဝါ၊ သမုဒယကြောင့် ဒုက္ခ ဖြစ်ကြရမည်ကိုငင်း၊ တစ တစ သ, နှင့် ဒု ကို ထိုးထွင်း၍သိတဲ့ သစ္စာဉာဏ် ရင့်သန်လာပေမည်၊ ရင့်သန်မှ "ဒု,သိ,ဒိ,ပယ်၊ သ,သိ, ဝိ,ပယ်" ဤလို အပါယ်လွတ် တရားရ သောတာပန် စသော အရိယာများ ဖြစ်နိုင်ကြပေမည်။

မှတ်ချက်။ ။ ဤ၌-သွားလိုမှု, ပစ္စုပ္ပန်ကိုယ်တွေ့ သ,ကြောင့် သွား သွား နေရမှု,ပစ္စုပ္ပန်ကိုယ်တွေ့ ဒု,ကိုငင်း၊ သွားလိုမှု ပစ္စုပ္ပန် သ,ကို တခဏ ပယ်ထားပါက သွားရမှုပစ္စုပ္ပန်-ဒု၊ တခဏငြိမ်းအေးသွားသည်ကို ငင်း၊ ဒိဋ္ဌမျက်မြင် ကိုယ်တွေ့တဘဝလုံး,တသက်လုံး, သ,ကြောင့်-ဒု, ဖြစ်နေကြရသည်ကို အသိဉာဏ် သစ္စဉာဏ်ပွင့်လင်း၍ ထိုးထွင်း သိသွားပါလျှင် အတိတ် သ နှင့် အတိတ် ဒု၊ အနာဂတ် သ နှင့် အနာဂတ် ဒု တို့ကိုလည်း ထိုးထွင်း၍သိသွားပေလိမ့်မည်၊ သိအောင် လည်း ကြိုးစားကြပါလေ။ အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးပါး တထပ်ထည်းတူသည်။

တူပုံကား—ယခု ပစ္စုပ္ပန်၌ သွားလိုမှု, သ-ကြောင့်သွားရမှု၊ ဒု-ကြီး မုချ ရောက်သည်နှင့် အတိတ် အနာဂတ်တို့၌လည်း ဘုံသုံးပါးတို့၌ ဖြစ်လိုမှု၊ သ-ကြောင့် ဘုံသုံးပါးတို့၌ ဖြစ်ရမှု၊ ဒု-ကြီး မုချရောက်ရသည်တူ၏၊ တဖန် ပစ္စုပ္ပန်၌ သွားလိုမှု၊ သ-ကို ပယ်ထားပါက သွားရမှု၊ ဒု-ကြီး တခဏခြင်း ငြိမ်းအေးသွားသည်နှင့် အတိတ် အနာဂတ်တို့၌လည်း ဘုံသုံးပါးတို့၌ တဖန် ဖြစ်လိုမှု၊ သ-ကို အာလယပြတ် ပယ်သတ်ပါက ဘုံသုံးပါးကို၌ ဘဝတဖန် ရုပ်နာမ်ခန္ဓာ ဒု-ကြီးလဲ အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေးသွားသည်နှင့်၊ ဝါ၊ သ—ဒု နှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ, ကုန်ဆုံးချုပ်ငြိမ်းရာ, နိရောဓ သစ္စာ နိဗ္ဗာန်သို့ ဆိုက်ရောက်သွားသည်နှင့် တထပ်တသားတည်း တူပေသည် ဟု သိလေ-မှတ်လေ။

---

## ဝဋ် သုံး ပါး

ဒု—သ, နှစ်ပါး ပဋိစ္စသမုပ္ပါဒ်တရား၌ ပါဝင်သည်ကို ပြဆိုဦးအံ့။ ။

(၁) ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းအားဖြင့် ပုထုဇဉ်သတ္တဝါတို့သည် ငါးပါးအာရုံ ကာမဂုဏ်တို့၌ တပ်မက်တဲ့ လောဘကြောင့် ငါးပါးအာရုံ ကာမဂုဏ်တို့ကို ရရှိခံစားရေးအတွက် ဒုစရိုက် ကံအမျိုးမျိုးတို့ကို ပြုလုပ် မှားမိကြသောကြောင့် အပါယ်လေးဘုံတို့၌ ဘဝတဖန် ရုပ်နာမ်ခန္ဓာတွေ ဖြစ်ပေါ်ကြလေကုန်၏။

**ဝဋ်သုံးပါး။** ။ ဤ၌ ငါးပါးအာရုံ ကာမဂုဏ်တို့၌ တပ်မက်သော **လောဘကား—ကိလေသဝဋ်။ ဒုစရိုက်ကံကား- ကမ္မဝဋ်။ အပါယ်လေးဘုံသားတို့၏ ရုပ်နာမ်ခန္ဓာကား—ဝိပါကဝဋ်။**

**သစ္စာနှစ်ပါး။** ။ ဤ၌ **ကိလေသဝဋ်ကား-သမုဒယသစ္စာ။ ဝိပါကဝဋ်ကား- ဒုက္ခသစ္စာ။ သ, ကြောင့် ဒု, ဖြစ်တာ။**

**မှတ်ချက်။** ။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောတော်မူတဲ့ခါ " ကိလေသ, ကမ္မ, ဝိပါက" ဟုဝဋ်သုံးပါးခွဲ၍ဟောတော်မူသည်၊သစ္စာဒေသနာတော်ကို ဟောတော်မူတဲ့ခါ ကမ္မဝဋ်ကို ဝိပါကဝဋ်၌ထည့်သွင်းပြီး အန္တောဂဓ ပြု၍ ဟောတော်မူသည်ဟုမှတ်ပါ၊ရှေ့ကိုလည်းနည်းတူသိလေ။ကိလေသ ကြောင့်—ကမ္မဖြစ်သည်၊ကမ္မကြောင့် ဝိပါကဖြစ်သည်၊ကိလေသကိုမဂ်ဖြင့် ပယ်သတ်က, ကမ္မ—ဝိပါကတို့ပြတ်၍ သံသရာစက်ရပ်တော့သည်၊ ဝါ၊ နိဗ္ဗာန်သို့ရောက်တော့သည်၊ရတော့သည်၊လက်ရှိဘဝပြတ်၍ရပ်ကြမလား လည်ကြ လယ်ကြဦးမလားဟုသာ မေးရန်ရှိတော့၏။

(၂) တဖန်-လူဘုံ, နတ်ဘုံတို့၌ တပ်မက်သော လောဘကြောင့် လူ, နတ် ချမ်းသာတို့ကို ရရှိခံစားရေးအတွက် နိဗ္ဗာန်ချမ်းသာကို မတောင့်တဘဲ လူ,နတ်ချမ်းသာကို တောင့်တ၍ ကာမကုသိုလ်ကံကိုပြုလုပ်ကြသောကြောင့် လူ့ဘုံ, နတ်ဘုံတို့၌ လူ, နတ် ဟူသော ဘဝတဖန် ရုပ်နာမ် ခန္ဓာတွေ ဖြစ်ပေါ်ကြလေကုန်၏။

ဤ၌ — လူ့ဘုံ, နတ်ဘုံတို့၌ တပ်မက်သော လောဘကား-ကိလေသဝဋ်။ ကာမကုသိုလ်ကား-ကမ္မဝဋ်။ လူနတ်တို့၏ တဝဘဖန် ရုပ်နာမ်ခန္ဓာ ကား-ဝိပါကဝဋ်။ ဤ၌ ကိလေသဝဋ်ကား-သ,သစ္စာ။ ဝိပါကဝဋ် ကား-ဒု,သစ္စာ။ သ,ကြောင့်-ဒု, ဖြစ်တာ။

(၃) တဖန်-ရူပ,အရူပဘုံတို့၌ တပ်မက်သော လောဘကြောင့် - ရူပ, အရူပ ဗြဟ္မာတို့၏ ချမ်းသာကို ရရှိခံစားရေးအတွက် မဟဂ္ဂုတ်ကံ ကသိုဏ်း စျာန်ကိုပြုလုပ်ကြသောကြောင့် ရူပ,အရူပဘုံတို့၌ ရူပ,အရူပ ဗြဟ္မာဟူသော ဘဝတဖန် ရုပ်နာမ်ခန္ဓာတွေဖြစ်ပေါ်ကြလေကုန်၏။

ဤ၌— ရူပ,အရူပဘုံတို့၌တပ်မက်သောလောဘကား-ကိလေသဝဋ်။မဟဂ္ဂုတ် ကံကား-ကမ္မဝဋ်။ ရူပ,အရူပ ဗြဟ္မာတို့၏ ဘဝတဖန် ရုပ်နာမ်ခန္ဓာ ကား-ဝိပါကဝဋ်။ ဤ၌-ကိလေသ ဝဋ်ကား-သ,သစ္စာ။ ဝိပါက ဝဋ်ကား-ဒု,သစ္စာ။ သ,ကြောင့် ဒု, ဖြစ်တာ။

ဤ၌—ကိလေသ,ကမ္မ,ဝိပါက ဟူသော ဝဋ်သုံးပါးတို့ကြောင့်၊ ဝါ၊ ဒု-သ သစ္စာ နှစ်ပါးတို့ကြောင့် ဘုံသုံးပါးတို့၌ အပါယ်သတ္တဝါ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည် ကံအားလျော်စွာ ဖြစ်ကြသည်ဟု သတ္တဝါဟူသော ပညတ် ပေါ်တွင် အသိဉာဏ်သောင်တင်, အသိဉာဏ် အားကုန်၍ မနေစေနှင့်၊ ကိလေသ, ကမ္မဝဋ်ကား-နာမ်တရား။ ဝိပါကဝဋ်ကား—ရုပ် နာမ် တရား။ ဤ နာမ်ရုပ် နှစ်ပါးတို့သည်သာ အကြောင်း အကျိုးစပ်၍ တသံသရာလုံး ဖြစ်ပျက်ကြသည်၊ သတ္တဝါတို့၏ ဖြစ်မှု, ပျက်မှု, မွေးမှု, သေမှုမဟုတ်၊ ဝဋ် သုံးပါးတို့၏ ကမ္မ ကိလေသနှင့်စပ်၍ မပြတ်လည်မှု ဒု-သ,သစ္စာနှစ်ပါးတို့၏

အကြောင်းအကျိုးနှင့်စပ်၍ မပြတ်လည်မှု,ချမ်းသာမဘက် ဆင်းရဲသက်သက် "ဒုက္ခက္ခန္ဓ ဝဋ္ဋဒုက္ခ" အပေါင်းအစုမျှသာ ဖြစ်သည်ဟု သမ္မာဒိဋ္ဌိအမှန်သိသို့ ရောက်ရှိကြပါစေသတည်း၊ ဝါ၊ ဘုံသုံးပါးတို့၌ ကံအားလျော်စွာ သတ္တဝါတွေ ဖြစ်ကြသည် ဟူသော မိစ္ဆာဒိဋ္ဌိလမ်းမှားကို ရှောင်ရှားနိုင်ကြပါစေ။

## ပဋိစ္စသမုပ္ပါဒ်၌ သိမှတ်စရာကို ပြဆိုပါဦးမည်

ပဋိစ္စသမုပ္ပါဒ်၌ **သစ္စာသိတဲ့သမ္မာဒိဋ္ဌိဉာဏ်**--သစ္စာလေးပါးကို သိသော ဉာဏ်သည် ကမ္ဘာတွေ မရေမတွက်နိုင်အောင် ဖြစ်ပေါ်၍ နေသော်လည်း ကမ္ဘာတိုင်း ကမ္ဘာတိုင်း ဖြစ်ပေါ်သည်မဟုတ်။ "ကေပုဂ္ဂလောဘိက္ခဝေ လောကေ။ ပ။ အယံခေါ ဘိက္ခဝေ ကေပုဂ္ဂလော" ဆိုတဲ့ (ကေနိပါတ် အင်္ဂုတ္တိုရ်ပါဠိလာရှိသည်နှင့်အညီ) လောကမှာ ဘုရားတဆူတဆူ ပွင့်တော်မူမှသာ ဖြစ်ပေါ်လာတဲ့ သမ္မာဒိဋ္ဌိဟု သိလေ မှတ်လေ။ သတိရှိစေ,သတိရစေ မေ့နေမှုဖြင့် ဒုက္ခဘဲ မုချမလွဲ အဟုတ်ပင်ရဲ ပြန်ဘို့ရာမှာအမြဲတဲ့။

**သစ္စာလေးပါး**--"အဝိဇ္ဇာပစ္စယာဘိက္ခဝေ သင်္ခါရာ။ ပ။ ဇာတိပစ္စယာ ဇရာမရဏံ" နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူခဲ့သည်မှာ အကျိုး နှင့် အကြောင်း, အဖျားမှ အရင်းသို့ ပဋိလောမအားဖြင့် ဇရာနှင့် မရဏကို **ဒုက္ခသစ္စာ** လို့သိ၊ တဏှာ နှင့် ဇာတိကို-**သမုဒယသစ္စာ** လို့သိ၊ ဇာတိ ဇရာ မရဏတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို-**နိရောဓသစ္စာ** လို့သိ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းသောမဂ်အကျင့်ကို **မဂ္ဂသစ္စာ** လို့ သိလေ မှတ်လေ။

ဤလိုဤပုံ--အထက်သင်္ခါရတိုင်အောင် တခုတခုသော ပဋိစ္စသမုပ္ပါဒ် ပုဒ်၌ တပုဒ်တပုဒ်ကို မူတည်၊ သစ္စာလေးပါးတို့ကို မူလီသွတ်၍ သွင်း၍ လေးခု, လေးခုစီသော သစ္စာကို ရသောကြောင့် ဤ ပဋိစ္စသမုပ္ပါဒ်၌ စတု စတ္တာလီသ ၄၄-ပါးသော ဉာဏဝတ္ထုတို့ကို ရသည်ဟု သိလေမှတ်လေ။

ရပုံကား--**ဇရာမရဏေဉာဏံ,ဇရာမရဏသမုဒယေဉာဏံ,ဇရာမရဏနိရောဓေဉာဏံ ဇရာမရဏနိရောဓဂါမိနီပဋိပဒါယဉာဏံ။ ပ။ ဣမာနိဝုစ္စန္တိ ဘိက္ခဝေ စတုစတ္တာလီသဉာဏဝတ္ထူနိ။** ။ ဟု, ဟောတော်မူခဲ့ပါသည်။

(၁) **ဓမ္မဉာဏ်။** ။ အဓိပ္ပါယ်ကား—ခန္ဓာငါးပါးတို့၏ ရင့်ခြင်း, ပျက်ခြင်း၌-ဒုက္ခသစ္စာ ဟု သိသောဉာဏ်၊ ခန္ဓာငါးပါးတို့၏အကြောင်းဖြစ်သော တဏှာနှင့် ဇာတိ၌-သမုဒယသစ္စာ ဟု သိသောဉာဏ်၊ ခန္ဓာငါးပါးတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာနိဗ္ဗာန်၌ နိရောဓသစ္စာ ဟု သိသောဉာဏ်၊ ခန္ဓာငါးပါးတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော မဂ္ဂင်ရှစ်ပါး၌—မဂ္ဂသစ္စာ ဟု သိသောဉာဏ်။ ဤသို့ စသည်ဖြင့် အထက်သခ်ါရတိုင်အောင် ၁၁×၄ လီ ဖြစ်၍ လေးဆဲ့ လေးပါးသော ဉာဏဝတ္ထုတို့ဖြစ်သည်ဟု သိလေ။

**မှတ်ချက်။** ။ ဤ၌ကား အစတပုဒ်တွင်သာ နမူနာစံပြဘော်ပြထားပေသည်၊ ဤနည်းကိုမှီ၍၊ ဝါ၊နယဂ္ဂါဟအားဖြင့် ပုဒ်ပြောင်းကာ ပြောင်းကာ သစ္စာလေးပါး သွင်းကာသွင်းကာ လေးဆဲ့လေးဉာဏ် ရအောင် သိပါလေတော့၊ ပုဒ်အပြည့်အစုံနှင့် သိလိုပါက ဘော်ပြထားသော နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာကြည့်ကြပါလေ။ ဤကား"ဉာဒမဿ ဓမ္မေဉာဏံ"နှင့်အညီ၊ ဓမ္မဉာဏ်ပေတည်း။

(၂) **အန္ဒယဉာဏ်၊ တဘန် အန္ဒယဉာဏ်ကို ပြခြင်းငှါ....**

> သော ဣမိနာ ဓမ္မေန ဒိဋ္ဌေန ဝိဒိတေန အကာလိကေန ပတ္တေန ပရိယောဂါဠှေန အတီတာ နာဂတေ နယံနေတိ။ ။ (ငင်းပါဠိ)

**အဓိပ္ပါယ်ကား။** ။ ယခု ငါသည် ဇရာမရဏ စသည်ကို တပုဒ်တပုဒ်လျှင် သစ္စာလေးပါးစီ လေးပါးစီ စတုသစ္စာလိုတင်၍ သိသကဲ့သို့၊ ထို့အတူ—ရှေးကလည်း သိကြလေကုန်ပြီ၊ နောက်၌လည်း သိကြလေကုန်လတ္တံ့ဟု ဤလိုဤပုံ—အတိတ် အနာဂါတ်ကို နည်းယူ၍သိသည်၊ ဤလိုနည်းယူ၍ သိခြင်းသည်ပင် **အန္ဒယဉာဏ်** မည်၏။ ဤကား- '**ဉာဒမဿ အန္ဒယေဉာဏံ**' နှင့်အညီ၊ အန္ဒယဉာဏ်ပေတည်း။ ဘုရားဟော မထားခဲ့လျှင် ဤလိုဤပုံ သိနိုင်မည့်အရေး ဝေးလေဘိစွ။ ဤသို့မသိကလည်း သောတာပန် စသော အရိယာများ ဖြစ်နိုင်မည့်အရေး ဝေးလေဘိစွ။ ဤလိုဤပုံ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၌ ဓမ္မဉာဏ် အန္ဒယဉာဏ် နှစ်ပါးနှင့် ပြည့်စုံလိုလောက်သော ပုဂ္ဂိုလ်ကို၊ ဝါ၊ ဤဓမ္မဉာဏ် အန္ဒယဉာဏ် အမြင်နှစ်ပါး လက်ကိုင်ရှိသော သူကို ဘယ်သူဘဲရှိရှိ....။

"ယတောခေါ ဘိက္ခဝေ အရိယာသာဝကဿ ဓမ္မာနိ ဒွေ ဉာဏာနိ ပရိသုဒ္ဓါနိ ဟောန္တိ၊ ပရိယောဒါတာနိ ဓမ္မေဉာဏဉ္စ အန္ဓယဉာဏဉ္စ အယံဝုစ္စတိ ဘိက္ခဝေ အရိယသာဝကော ဒိဋ္ဌိ သမ္ပန္နော ဣတိပိ, ဒဿန သမ္ပန္နော ဣတိပိ, အာဂတော ဣမံ သဒ္ဓမ္မံ ဣတိပိ, ပဿတိ ဣမံသဒ္ဓမ္မံ ဣတိပိ, သိက္ခေန ဉာဏေန သမ္မန္နာဂတော ဣတိပိ, သိက္ခာယ ဝိဇ္ဇာယ သမ္မန္နာဂတော ဣတိပိ, ဓမ္မသောတံ သမာပန္နော ဣတိပိ, အရိယောနိဗ္ဗေဓိက ပညော ဣတိပိ, အမတဒွါရံ အာဟစ္စ တိဋ္ဌတိ ဣတိပိ။"—ဟု

အဆိုပါ ဂုဏ်ပုဒ် ကိုးပုဒ်တို့နှင့် ပြည့်စုံလုံလောက်ကြောင်းကို ကောင်း ကောင်းကြီး ဟောကြားတော်မူခဲ့ပါသည်။

**ဘာသာပြန်။** ။ ရဟန်းတို့—အကြင်အခါ၌ အရိယာ၏ တပည့်အား ဓမ္မဉာဏ်,အန္ဓယဉာဏ်,ဤနှစ်ပါးကုန်သောဉာဏ်တို့သည် သန့်ရှင်းစင်ကြယ် ကုန်သည်၊ ဖြူစင်ကုန်သည်ဖြစ်ကုန်၏။ ရဟန်းတို့-ထိုအခါ၌ ဤဉာဏ်နှစ်ပါး စင်ကြယ်သန့်ရှင်း ဖြူစင်နေတဲ့ အရိယာ၏တပည့်ကို သစ္စာကိုရင်း, နိဗ္ဗာန်ကို ရင်း, သိမြင်နိုင်တဲ့ သမ္မာဒိဋ္ဌိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံပြီဟူ၍လည်းဆိုအပ်၏၊ သစ္စာကိုမြင်၍ နိဗ္ဗာန်ကိုလည်းမြင်နိုင်သော ဉာဏ်အမြင်နှင့်ပြည့်စုံပြီဟူ၍ရင်း ဤ ပဋိစ္စသမုပ္ပါဒ်တရားတော်သို့ ဉာဏ်ဖြင့်လာပြီဟူ၍ရင်း, ဤပဋိစ္စသမုပ္ပါဒ် တရားတော်သို့ ဉာဏ်ဖြင့်ရောက်ပြီဟူ၍ရင်း, မဂ်ဖိုလ် ရှေ့ရှုကျင့်သောသူ၏ ဉာဏ်နှင့်ပြည့်စုံပြီဟူ၍ရင်း, မဂ်ဖိုလ်ရှေ့ရှုကျင့်သောသူ၏ ပညာနှင့်ပြည့်စုံပြီ ဟူ၍ရင်း, နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော တရားအယဉ်သို့ ကောင်းစွာ ရောက်ပြီဟူ၍ရင်း, ဖြူစင်သော ကိလေသာကို ဖေါက်ခွဲနိုင်သော ပညာနှင့် ပြည့်စုံပြီ ဟူ၍ရင်း, ဤ ဓမ္မဉာဏ်, အန္ဓယဉာဏ် နှစ်ပါးနှင့် ပြည့်စုံသော အရိယာ၏ တပည့်ကို နိဗ္ဗာန်တံခါးကို၊ ဝါ၊ တံခါးသို့ ဆိုက်ရောက်၍ တည်နေသောသူဟူ၍ရင်း ဆိုအပ်၏။

**မှတ်ချက်။** ။ ဤဂုဏ်ပုဒ် ကိုးပုဒ်သည် သောတာပန်ပုဂ္ဂိုလ်၏ ဂုဏ်ပုဒ်တို့ ပေတည်း။ ဤဂုဏ်ပုဒ် ကိုးပုဒ်နှင့် ပြည့်စုံလုံလောက်သောပုဂ္ဂိုလ်ကို သောတာပန်ပုဂ္ဂိုလ်ဟုဆိုလိုပေသည်။ ကေနိပါတ်အဋ္ဌာနဝဂ်၌လည်း ဤအတူပင်လာရှိပေသည်။

သစ္စာကို သစ္စာဟူ၍သာ အသိမှန်သိ, အမြင်မှန်မြင်, အယူမှန်ယူ၍ နိဗ္ဗာန်သို့သွားကြပါ၊ သစ္စာကိုပင် သစ္စာမှန်းမသိ, သူ့ငါ-ကျား,မ စသော အားဖြင့် အသိမှား အမြင်မှား အယူမှားပြီး တဏှာ,မာန, ဒိဋ္ဌိ, ပွါးစီး၍ ထပ်ပြန်တလဲလဲ အပါယ်ရဲကိုချည်းဘဲ မသွားကြလေနှင့်တဲ့၊ သစ္စာဉာဏ် အမြင် ဖြူစင်သန့်ရှင်းအောင် အားထုတ်ကြပါ-တဲ့။

ဟောတော်မူလိုရင်းအချုပ်မှာ— အဝိဇ္ဇာအစ, ဇရာမရဏ အဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်၌ တဆဲ့နှစ်ရပ်သော အင်္ဂါတို့တွင် အဆုံးဖြစ်သော ဇရာမရဏ ပုဒ်ကို ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ရင့်ခြင်းသဘော, ပျက်ခြင်းသဘော သာဖြစ်၍ ဆင်းရဲတာ မှန်လှသောကြောင့်- **ဒုက္ခသစ္စာ** လို့သာ ပြတော် မူလိုရင်း,ဟောတော်မူလိုရင်းဖြစ်သည်၊ လူ နတ် ဗြဟ္မာတို့၏ အိုခြင်း,နာခြင်း သေခြင်းဟု ပြတော်မူလိုရင်း ဟောတော်မူလိုရင်း မဟုတ်ဟူလို။ **တဏှာ** နှင့် **ဇာတိ** ကိုကား အကျိုးဖြစ်သော ဒုက္ခသစ္စာ၏ အကြောင်းရင်း စစ်စစ်ဖြစ်၍ ဆင်းရဲကို ဖြစ်စေတာ ဖြစ်စေမှာ ဟုတ်မှန်လှသောကြောင့် - **သမုဒယသစ္စာ** လို့သာ ပြလိုရင်း ဟောလိုရင်းဖြစ်သည်၊ ထို ဒု—သ, သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ, ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုကား-ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့၏ ငြိမ်းအေးရာမှန်လှသောကြောင့် ·· **နိရောဓသစ္စာ** လို့သာ ပြလိုရင်း ဟောလိုရင်းဖြစ်သည်၊ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင် ရှစ်ပါး ကျင့်မြတ်တရားကိုကား နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း မှန်လှပါသောကြောင့်-**မဂ္ဂသစ္စာ** လို့သာ ပြလိုရင်း,ဟောလိုရင်းဖြစ်သည်ဟု သိလေ မှတ်လေ။

**ထို့ကြောင့်—အဝိဇ္ဇာအစ**, ဇရာမရဏအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်တရား တို့ကို သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာသာ ဖြစ်သည်-ပျက်သည်ဟုအသိမှန် သိ, အမြင်မှန်မြင်, အယူမှန်ကိုယူ၍ နိဗ္ဗုဒ္ဓေနန်းသို့ အမြန်လှမ်းကြပါ။

ဒုက္ခသစ္စာဖြစ်သော အဝိဇ္ဇာအစ,ဇရာမရဏအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ် ကိုပင် လူဖြစ်သည်၊ နတ်ဖြစ်သည်၊ ဗြဟ္မာ ဖြစ်သည်၊ ပုဂ္ဂိုလ်, သတ္တဝါ ဖြစ်သည်ဟု အသိမှား အမြင်မှား အယူမှားကို ယူမိကြ၍၊ တဏှာ,မာန, ဒိဋ္ဌိ ကိလေသာတရား တိုးပွါးတိုင်း-တိုးပွါးတိုင်း ကမ္မာ အဆက်ဆက်, ဘဝ

အဆက်ဆက် အပါယ်သို့ တဖန်တဖန် မပြန်ကြလေနှင့်ဟု ဆိုလိုပေသည်၊ (သတိရှိကြစေ-သတိရကြစေ။) မွေးတယ်, အိုတယ်, နာတယ်, သေတယ် ဆိုတာဟာ-လူဘဲ, နတ်ဘဲ, သူဘဲ, ငါဘဲ, ကျား-မဘဲ,ဆိုတဲ့ ပညတ်ပေါ်တွင် အသိဉာဏ်သောင်တင် အသိဉာဏ် အားကုန်၍မနေကြနှင့်။ "ခန္ဓာနံ ပါတုဘာဝေါ ခန္ဓာနံဘေဒေါ နသတ္တော နပုဂ္ဂလော"ဆိုတဲ့ သမ္မော ဝိသုဒ္ဓိတို့နှင့် အညီ၊ ဒုက္ခသစ္စာ-သမုဒယသစ္စာ ဖြစ်သော ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်မှု,ပျက်မှု မွေးမှု, သေမှုသာဖြစ်သည်၊ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘသာ ဖြစ်သည်ဟု အသိမှန် သိ - အမြင်မှန် မြင်-အယူမှန်ကို ယူနိုင်ကြပြီးလျှင် တသက်လုံး တသံသရာလုံးက လူဘဲ, နတ်ဘဲ, သူဘဲ, ငါဘဲ စသည်ဖြင့် တပွားထဲပွားလာခဲ့သော မိစ္ဆာဒိဋ္ဌိ, အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ အယူမှားကြီးကို အပြီးအစီး တားဆီးလိုက်နိုင်တဲ့ အပါယ်လွတ်တရားရ, သောတာပတ္တိမဂ် အပွနာတို့ ကျအောင် သိကြပါလေ ဟူလို။

ပဋိစ္စသမုပ္ပါဒ်၌ ၇၇—ပါးသော အသိဉာဏ်ဖြစ်ပုံကား—

ဇာတိပစ္စယာ ဇရာမရဏန္တိဉာဏံ, ဇာတိယာအသတိ နတ္ထိဇရာမရဏန္တိ ဉာဏံ, အတီတမ္ပိအဒ္ဓါနံ ဇာတိပစ္စယာ ဇရာမရဏန္တိဉာဏံ, ဇာတိယာ အသတိ နတ္ထိ ဇရာမရဏန္တိဉာဏံ, အနာဂတမ္ပိ အဒ္ဓါနံ ဇာတိပစ္စယာ ဇရာမရဏန္တိဉာဏံ, ဇာတိယာ အသတိ နတ္ထိ ဇရာမရဏန္တိဉာဏံ, ယမ္ပိ ယံတံ ဓမ္မဋ္ဌိတိဉာဏံ, တမ္ပိ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မန္တိ ဉာဏံ။ပ။ဣမာနိဝုစ္စန္တိဘိက္ခဝေ သတ္တသတ္တတိဉာဏ ဝတ္ထူနိ။ ။

(နိဒါနဝဂ္ဂသံယုတ်ပါဠိ)

ဤသို့ပဋိလောမအားဖြင့် ဇရာမရဏမှစ၍ အထက်သင်္ခါရပုဒ်တိုင်အောင် တဆဲ့တပုဒ်တို့တွင် တခုတခုသော ပုဒ်၌ ၇-ခု ၇-ခုသော ဉာဏ်တို့ကို ရသောကြောင့် ၁၁×၇=လီ ၇၇-ပါးသောဉာဏ်တို့ဖြစ်သည် ဟူလို။

အဓိပ္ပါယ်ကား။ ။ ဇာတိကြောင့် ဇရာမရဏဖြစ်သည်ဟုသိသောဉာဏ်၊ ဇာတိမရှိသော် ဇရာမရဏမဖြစ်ဟု သိသောဉာဏ်၊ အတိတ်၌လည်း ထိုအတူ သိသောဉာဏ်၊ အနာဂတ်၌လည်း ထိုအတူ သိသောဉာဏ်ဟူ၍ ပစ္စုပ္ပန် အတိတ်, အနာဂတ်, ကာလသုံးပါး၌ သိသောဉာဏ်သုံးပါး၊ အကြင် ဇရာ

မရဏာ၏ ဖြစ်ရာမဖြစ်ရာ၌ အကြင် ဓမ္မဋ္ဌိတိဉာဏ်သည် ရှိ၏၊ ထို ဓမ္မဋ္ဌိတိဉာဏ်သည်လည်း ကုန်တတ်သော သဘော၊ ပျက်တတ်သော သဘော၊ ကင်းတတ်သောသဘော၊ ချုပ်တတ်သော သဘောရှိ၏ဟု သိတတ်သော ဓမ္မဋ္ဌိတိဉာဏ်၏ ကုန်ခြင်း, ပျက်ခြင်း, ကင်းခြင်း, ချုပ်ခြင်းကိုသိသောဉာဏ် လေးပါး၊ အထက်က ဉာဏ်သုံးပါးနှင့် ပေါင်း၍ အသိဉာဏ် ၇-ပါး ဖြစ်သည်ဟုလို။ ဤလို ဤပုံ– တပုဒ်တပုဒ်၌ ၇-ပါးစီ ၇-ပါးစီဖြစ်၍ ၇၇-ပါးရှိသည်ဟု သိသောဉာဏ်ကို သတ္တသတ္တတိ ဉာဏဝတ္ထု ဆိုသည်ဟု သိလေ မှတ်လေ။ ဤ ၇၇-ပါးဉာဏ်တို့ကို ရှေးကမသိစဘူး မကြားစဘူး ယခု အထူးသိရခြင်း ကြားနာရခြင်းသည် မြတ်စွာဘုရား၏ ကျေးဇူးပေ တည်းဟု သိ၍ ရွှေအိုး, ငွေအိုးကို ရသောထက် သိန်းထီပေါက်သောထက် အဆတရာ မကသာ၍ ဝမ်းမြောက်လေ ဝမ်းသာလေ။ အဘယ်ကြောင့် ယနေ့ ရွှေအိုး, ငွေအိုးကိုရလျှင် ယနေ့သိန်းထီပေါက်လျှင် ယနေ့ဒုက္ခရောက် မည် အမှန်တည်း၊ အဆိုပါ ၇၇-ပါးသော အသိဉာဏ်ကို ပိုင်ပိုင်သိလျှင် မှုကား - ယနေ့ပင် အပါယ်လွတ်တရား ရသော, သောတာပန် စသော အရိယာများ ဖြစ်သွားနိုင်ပါ၍ ယနေ့ပင်မုချ ချမ်းသာရမည် ဖြစ်သော ကြောင့် ပေတည်း။

ဆိုလိုရင်းမှာ။ ။ ဇာတိဖြစ်လို့ ဇရာမရဏဖြစ်တယ်၊ ဇာတိ မဖြစ်လျှင် ဇရာမရဏတို့လဲ မဖြစ်တော့ဘူးဆိုတာဟာ လူ့နတ်,ပြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ တို့၏ မွေးမှု, အိုမှု, နာမှု, သေမှုမဟုတ်၊ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာ အနိစ္စ ဒုက္ခ, အနတ္တ, အသုဘ တရားတို့၏ ဖြစ်မှု, ရင့်မှု, ချုပ်မှု ဟူ၍သာသိ၍ ရုပ် နာမ်ခန္ဓာ ဟူသော ပရမတ်ပေါက် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟူသော လက္ခဏာဆိုက်၊ ဒုက္ခ, သမုဒယ ဟူသော သစ္စာကိုက်အောင် သိလေ မြင်လေ အသိမှန်သိ အမြင်မှန်မြင် အယူမှန်ကိုယူ၍ လူအရိယာ, ရဟန်းအရိယာ ဖြစ်နိုင်ကြပါစေသတည်း။

....................

### ဒုက္ခပေးသမားအစစ်ကား မည်သူနည်း–?

ထိုအမေး၌ တိုတိုဖြေရလျှင် တဏှာပေတည်းဟု ဖြေရန်ရှိ၏။ မှန်၏။ အဆိုပါ တပ်မက်ခြင်း တဏှာ သမုဒယသစ္စာရှိလျှင် ဆင်းရဲ ဒုက္ခလည်း

ရှိတော့၏။ အရာရာတို့၌ တပ်မက်ခြင်း တဏှာရှိလျှင် ဆင်းရဲဒုက္ခလည်း ရှိတော့၏။ အရာရာတို့၌ တပ်မက်ခြင်း တဏှာမရှိလျှင် ဆင်းရဲဒုက္ခလည်း မရှိတော့ပြီ။

**ထိုစကားသည်မှန်၏။** အဆိုပါ သမုဒယသစ္စာ တဏှာ, ရာဂ, လောဘနှင့် တူသော အားလုံးသော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့အား အစေ့အငှ မကျန်ရအောင် သံသရာဝဋ်ဒုက္ခအမျိုးမျိုးတို့ကို တမျိုးပြီးတမျိုးစီမံဖန်တီး၍ ပေးတတ်သော တရားမည်သည် မရှိတော့ပြီ။

ထို့ကြောင့်— **တံ တာဒိသော အညော ကောစိ**
**ဝဋ္ဋဒုက္ခံ သံဝိဓါယကော နာမ နတ္ထိ**— ဟု လာရှိ၏။

တံ သဒိသော၊ ထိုသမုဒယသစ္စာ တဏှာ, ရာဂ, လောဘနှင့် တူသော။ အညော၊ တပါးသော။ ကောစိ၊ တစုံတခုသော။ ဝဋ္ဋဒုက္ခသံဝိဓာယကော နာမ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့အား ဇာတိ စသော သံသရာဝဋ်ဒုက္ခ အမျိုးမျိုးတို့ကို တမျိုးပြီးတမျိုး အစေ့အငှ မကျန်ရအောင် စီမံဖန်တီး၍ ပေးတတ်သော တရားမည်သည်။ နတ္ထိ၊ တဏှာလောဘမှတပါး အခြား မရှိတော့ပြီ။

ဂင်း တဏှာ, ရာဂ, လောဘကို "**သမုဒယသစ္စာ**"လို့ မြင်ပါ-သိပါ။

**ထို့ကြောင့်—တဏှက္ခယာယ ပဋိပဇ္ဇထ**၊ တဏှာလောဘကုန်အောင် ကျင့်ကြ၊
ဝါ၊ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်ကြ။

**တဏှက္ခယောဟိ နိဗ္ဗာနံ**၊ တဏှာကုန်ခြင်းသည်၊ ဝါ၊တဏှာ၏ကုန်ရာသည် နိဗ္ဗာန်မည်၏၊ ဝါ၊ နိဗ္ဗာန်ကို ရသည်ရောက်သည်မည်၏ဟု ဟောတော်မူခဲ့ပါသည်၊တဏှာပယ်တဲ့မဂ်အကျင့်ကိုမကျင့်၍ တဏှာမကုန်လျှင် ရွှေဘုံနိဗ္ဗာန်သို့ မရောက်နိုင်ဟန်ကိုဂင်း, ရွှေဘုံနိဗ္ဗာန်သို့ မရောက်သမျှ ဇာတိဒုက္ခ စသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှ မကုန်မခန်းနိုင်ဟန်ကို ဂင်း, ပြန်၍ သိလေ မှတ်လေ။

ဂင်းကို "**ဒုက္ခသစ္စာ**" လို့ မြင်ပါ သိပါ။

ထို့အတူ—အဆိုပါ တဏှာလောဘကို ပယ်သတ်သည်မှ တပါး၊ လူ,နတ် ဗြဟ္မာ သတ္တဝါတို့အား သံသရာဝဋ်ဒုက္ခမှ လွတ်ရာ လွတ်ကြောင်း နည်း ကောင်း လမ်းမှန်မရှိတော့ပြီ။

ထို့ကြောင့်— လောဘပဟာနတော အညောကောစိ
ဒုက္ခဝိမုတ္တိ မဂ္ဂေါနာမ နတ္ထိ—ဟု လာရှိ၏။

လောဘပဟာနတော၊ ငါးပါးအာရုံကာမဂုဏ်တို့၌ တပ်မက်တတ်သော တဏှာလောဘကို ပယ်သတ်သည်မှ။ ဝါ၊ ပယ်သတ်သည်ထက်။ အညော၊ တပါးသော။ ကောစိ၊ တစုံတခုသော။ ဒုက္ခဝိမုတ္တိမဂ္ဂေါနာမ၊ လောက သံသရာ နှစ်ဖြာ နှစ်ဝ ဘေးဆိုး ရန်ဆိုး ဒုက္ခအမျိုးမျိုးတို့မှ လွတ်ရာ လွတ်ကြောင်း နည်းကောင်း လမ်းမှန်သည်။ နတ္ထိ၊ တဏှာ လောဘကို ပယ်သတ်သည်မှတပါး အခြားမရှိတော့ပြီ။

ၚင်း—တဏှာပယ်တဲ့ မဂ်အကျင့်ကို "**မဂ္ဂသစ္စာ**"လို့ မြင်ပါ သိဖါ။

**လောဘလက်သယ်**။ ။ **အဓိပ္ပါယ်မှာ**— တလောကလုံး ဒုက္ခဖြစ်တာလဲ **လောဘ**၊ ဒုက္ခမှလွတ်တာလဲ-**လောဘ** ဆိုတော့ လောဘဟာ သတ္တဝါတို့ရဲ့ ဆင်းရဲပေးသမား, ဒုက္ခပေးသမားကြီး လက်သယ်အစစ် ကေန်ဖြစ်၍ မနေ ပေဘူးလား၊ မှန်ပါတယ်၊ တဏှာပယ်တဲ့ မဂ်အကျင့်ကို မကျင့်သမျှ တဏှာ ကြောင့် ခန္ဓာ, တသံသရာလုံး ဖြစ် ပျက် မွေး သေ, သံသရာရှည်၍နေရလေ တော့သည်။ "တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်ကြတဲ့ခါ" အရဟတ္တမဂ် နောင်မှာ တဏှာအသစ် မဖြစ်တော့သည်ဖြစ်၍ အရဟန္တ စုတ်နောင်မှာ ခန္ဓာလဲအသစ်မဖြစ်တော့ဘဲ ဖြစ် ပျက် မွေး သေ အစဉ်ပြတ်တဲ့ အသခ်တ ဓာတ်သို့ ဆိုက်ရောက်သွားနိုင်ပေသည်။

ၚင်းကို "**နိရောဓသစ္စာ**"လို့ မြင်ပါ သိပါ။

**မောဟလက်သယ်**။ ။ တဏှာကြောင့် ခန္ဓာ, ဖြစ် ပျက် မွေး သေ သံသရာရှည်၍ နေကြရသည်ဟူ၍ၚင်း၊ တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် တဏှာခန္ဓာအစဉ်ပြတ်တဲ့ အသခ်တဓာတ်နိဗ္ဗာန်ဟူ၍ၚင်း၊ ဤလိုဤပုံ-သစ္စာ မသိအောင် ဖုံးဖိ၍ထားတာက လက်သယ်ဘယ်သူလဲ—**အဝိဇ္ဇာ** ခေါ်တဲ့ သစ္စာမသိမှု, **မောဟ** ဟာ လက်သယ်အစစ်ပါဘဲ၊ သို့ရာတွင် ဤကား—ဒု၊ ဤကား-သ ဤကား—**နိ**၊ ဤကား-မ ဟု သစ္စာသိတဲ့ခါ မဖုံးလွှမ်းနိုင် တော့ပါ၊ သစ္စာသိအောင်သာ ကျိုးစားပါ။

မှတ်ချက်။ ။ ဤ၌ တဏှာကြောင့် ခန္ဓာ, ဆိုတဲ့ စကားရပ်ဖြင့် သ, နှင့် ဒု
"သစ္စာနှစ်ပါး" ကို၊ တဏှာပယ်တဲ့ မဂ်အကျင့်ဆိုတဲ့ စကားရပ်ဖြင့်
"မ, သစ္စာ"ကို၊တဏှာခန္ဓာအစဉ်ပြတ် ဆိုတဲ့စကားရပ်ဖြင့်"နိ,သစ္စာ"
ကို ပြဆိုသည်ဟုသိရှိကြပါလေ။ ဤလို စကားရပ်မျိုးများကို ပြဆို
တိုင်း, ပြဆိုတိုင်းသစ္စာလေးပါး ပါဝင်နေသည်ကို သိရှိကြပါလေ။

တဏှာနှင့် မောဟ ဇာတ်လိုက်ကြ။ ။ ဤလိုဆိုလျှင် သ, ကြောင့်–ဒု၊ မ,ကြောင့် နိ ဟု သစ္စာမသိအောင် မောဟကဖုံးဖိဖုံးဖိ၍ထားတိုင်းထားတိုင်း တဏှာကတပ်မက်၊ တဏှာက တပ်မက်တိုင်း တပ်မက်တိုင်း သတ္တဝါတို့မှာ တဏှာကြောင့် ခန္ဓာ၊ တဏှာကြောင့် ခန္ဓာ၊ ဖြစ် ပျက် မွေး သေ၊ ဖြစ် ပျက် မွေး သေ, သံသရာရှည်၍နေကြရတာ အခြားမဟုတ်ပါ၊ တဏှာနှင့် မောဟ ရှုတ်၊ သူတို့ဇာတ်လိုက် လုပ်နေကြသောကြောင့်– တဏှာ နှင့် မောဟ ဟာ သတ္တဝါတိုင်း သတ္တဝါတိုင်းတို့မှာ အသီးအသီး အမြဲတမ်း ဇာတ်လိုက်လုပ် နေကြပါသည်။

မှန်၏။ ။ "တဏှာဒုတိယော ပုရိသော။ပ။သံသာရံနာတိဝတ္တတိ"ကို မျှော်လေ၊ တဏှာအဖော်ရှိသော ယောကျ်ားသည် သံသရာကိုမလွန်မြောက် နိုင်ဟု ဟောတော်မူခဲ့ပါသည်။

သတ္တဝါတို့က တဘဝ တဘဝ သေကြသော်လည်း တဏှာ မောဟ တို့ကား–မသေပါ၊ အလွန်တရာ အသက်ရှည်ကြပါသည်၊ သတ္တဝါတို့ဖြစ်ရာ ဖြစ်ရာ ဘုံဘဝတို့မှာ တဖန်တဖန် လိုက်၍လိုက်၍ ဇာတ်လိုက်လုပ်ကြပြန်ပါ သည်၊ တဏှာမောဟတို့ မသေသမျှ သတ္တဝါတို့မှာ ချမ်းသာမရတော့ပါ၊ တဏှာမောဟတို့ သေမှသာ သတ္တဝါတို့ချမ်းသာရပါမည်၊ ဒါဖြင့်လျှင် သူကို့ဟာ အလိုလိုသေပါ့မလား၊ အလိုလိုမသေပါ သတ်မှသာသေပါသည်၊ ဒါး-လှံ လက်နက်နှင့် သတ်၍သေပါ့မလား၊ အဏုမြူဗုံး ချသော်လည်း မသေပါ၊ဒါဖြင့်လျှင် ဘယ်လက်နက်နှင့်သတ်ရမလဲ၊ မခက်ခဲပါ၊ သစ္စာဉာဏ် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် လက်နက်ဖြင့် အစဉ်အတိုင်းသတ်သွား ပါလျှင်၊ အဆိုပါ တသံသရာလုံး သတ္တဝါတို့၏ ဇာတ်လိုက်ကြီးဖြစ်နေကြတဲ့ တဏှာနှင့် မောဟတို့ဟာ သစ္စာဉာဏ် ဝိပဿနာဉာဏ်မှစ၍ ပယ်သတ်လာရ တတိယသစ္စာခေါ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို ရှေးဦးစွာ သိမြင်တဲ့

သောတာပတ္တိ မဂ်မိုးကြိုးနှင့် ပစ်သတ်လိုက်တဲ့ခါ တဏှာ မောဟတို့ကို တဲ့တဲ့မမှန်သေး၍ အသက်ထွက်မသွားသေးသော်လည်း ထိတ်ထိတ်ပြာပြာ ဖြစ်ကာ လူစဉ်မမှီနိုင်အောင် နှလုံးတုန်ရောဂါစွဲကပ်၍လာခဲ့ရာ ဆင့်ကာ ဆင့်ကာ မဂ်မိုးကြိုးတွေနှင့် အပစ်အခတ်ခံလာခဲ့ရာ....၊ နောက်ဆုံးမှာ အရဟတ္တမဂ်မိုးကြိုး နှင့် ပစ်ခွင်းလိုက်တဲ့ခါ၊ တဏှာခေါ်တဲ့ လောဘနှင့် မောဟတို့ရဲ့ ထိပ်တဲ့တဲ့ကို ထိမှန်၍သွားပါသဖြင့် စိစိညက်ညက်ကြေ စန့်စန့် စင်းစင်းကြီး သေ၍သွားပါသောကြောင့် ထိုသူ၏အတွက် ဇာတ်လိုက် မလုပ်နိုင်တော့သဖြင့် ဖြစ် ပျက် မွေး သေ, သံသရာဇာတ်သိမ်း၍ အငြိမ်းကြီး ငြိမ်းအေးရလေတော့သတည်း။

"သံသရာဇာတ်, ခန္ဓာဇာတ်" ပေါ်လွင်ထင်ရှားအောင် "တဏှာနှင့် မောဟ"ကို ဇာတ်လိုက်ထား၍ ရေးသားဖော်ပြခဲ့ပေသည်။

**အမှာ။ ။ သစ္စာမသိမှု-မောဟကြောင့်** တပ်မက်၊ တပ်မက်လို့ ဖြစ် ပျက် ဆင်းရဲမှန်တဲ့ ရုပ်နာမ်ပေတည်း။

**သစ္စာသိမှု-ပညာကြောင့်** မတပ်မက်၊ မတပ်မက်လို့ မဖြစ် မပျက် ချမ်းသာမှန်တဲ့ နိဗ္ဗာန်တည်း။

သစ္စာလေးခု၊ သိအောင်ပြုက၊
တပ်မှုမလာ နိရောဓာ မှတ်ပါနိဗ္ဗာန်တည်း။

**ဆောင်ပုဒ်။ ။** (၁) သစ္စာသိပြင်၊ နိဗ္ဗာန်မြင်၊ နိဗ္ဗာန်မြင်မှ မဂ်ဖိုလ်ရ၊ မုချ မြဲမှတ်သား။

(၂) သစ္စာသိမြန်၊အေးနိဗ္ဗာန်၊အာရုံခံငြား ဖိုလ်စိတ်ပွါး။

(၃) လူက,လူနှင့်နေ၊ စိတ်က,နိရောဓနှင့်နေ၊ ဖိုလ်ဝင်စားခြင်းပေ။

**အဓိပ္ပါယ်။ ။** (၁) သစ္စာသိမြင်တဲ့ခါ တတိယသစ္စာ ခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကို ငြိမ်းအေးသောအားဖြင့် တခဏကလေး မတွေ့မဝေ တဲ့တဲ့ရှင်းရှင်း မျက်မှောက်မြင်သိတဲ့စိတ်ကား-မဂ်စိတ် ပေတည်း၊ ငြိမ်းအေး သော နိဗ္ဗာန်ကို ငြိမ်းအေးပါပေသည်ဟုအာရုံပြုနေသောစိတ်ကား ဖိုလ်စိတ် ပေတည်း။ ဤလိုဤပုံ-နိဗ္ဗာန်ကို မျက်မှောက်မြင်သိ, နိဗ္ဗာန်ကို အာရုံပြု နေတဲ့ မဂ်စိတ်-ဖိုလ်စိတ် ဖြစ်ပေါ်သည်ကိုပင်၊ ဝါ၊ မဂ်စိတ်-ဖိုလ်စိတ်ဖြင့်

နိဗ္ဗာန်ကို အာရုံပြုရသည်ကိုပင် နိဗ္ဗာန်ကိုရောက်သည် ရသည်ဟု မှတ်သား အပ်ပေသည်၊ နိဗ္ဗာန်ကို မဂ်စိတ်,ဖိုလ်စိတ်ဖြင့် အာရုံမပြုရဘဲနှင့် နိဗ္ဗာန်ကို ရောက်သည် ရသည်မရှိဟု ဆိုလိုပေသည်။

(၂) သစ္စာသိတဲ့ခါ တတိယသစ္စာခေါ်သော နိရောဓသစ္စာကိုနိဗ္ဗာန်ဟု သိသည်၊ သိတဲ့အတိုင်း စကြာမင်းတို့သည် စကြာမင်းချမ်းသာကို သိကြား မင်းတို့သည် သိကြားမင်းချမ်းသာကို ခံစားသကဲ့သို့၊ ထို့ဘူပမာ-မဂ်ဖိုလ်ကို ရရှိကြသော အရိယာပုဂ္ဂိုလ်တို့သည်လည်း မိမိတို့ရရှိထားတဲ့ ဖလသမာပတ် ချမ်းသာ, ဖိုလ်ချမ်းသာကို ခံစားလိုတဲ့ခါ ဗဟိဒ္ဓက ဖြစ်ပျက်သခ်ါရကို အာရုံမပြုတော့တဲ့ သခ်ါရချုပ်ငြိမ်းတဲ့ နိရောဓသစ္စာ နိဗ္ဗာန်အာရုံ တခုတည်း ကိုသာ အာရုံပြုနေတဲ့ခါ, မိမိရဲ့ သမာဓိအားလျော်စွာ တမိနစ်, တနာရီ တနေ့, တရက် စသည်ဖြင့် နိဗ္ဗာန်အာရုံ တခုတည်းကိုသာ အာရုံပြုနေတဲ့ ဖိုလ်ဇော-ဖိုလ်စိတ်တွေသာ မရေမတွက်နိုင်အောင် ဖြစ်ပွါး၍နေသတဲ့၊ဤလို နေသည်ကိုပင် ဖိုလ်ဝင်စားသည်ဟု ကျမ်းဂန်တို့၌အဆိုရှိသည်။

(၃) လူက လူနှင့်နေ၊ စိတ်က,နိရောဓနှင့်နေ—ဆိုတာက အမှန်မှာ တမဂ် တဖိုလ် စသည်ဖြင့် မဂ်ဖိုလ်ရပြီးတဲ့ပုဂ္ဂိုလ်များမှသာ သခ်ါရကို အာရုံမပြု, ဝိသခ်ါရအာရုံတခုဘခုတည်းကိုသာ၊ ဝါ၊ နိရောဓသစ္စာ နိဗ္ဗာန်အာရုံ တခု တည်းကိုသာ အာရုံပြု၍နေနိုင်ပေမည်။ ဆိုလိုရင်းကား—မိမိဟု ဆိုအပ်သော လူက, လူ့ဘုံမှာ လူတို့နေတဲ့မြို့ထဲ ရွာထဲမှာ လူတွေနှင့် မကင်းနိုင်လို့ မကင်းတမ်း သဘောထားပြီး, လူတွေ ရှင်တွေနှင့် ရောရော နှောနှော ထွေးလား ရစ်ပတ်နေရစေကာမူ, မိမိစိတ်ကတော့ အဆိုပါ လူ,ရှင်တို့နှင့်၎င်း ကိလေသာအာရုံ ကာမဂုဏ်တို့နှင့်၎င်း၊ မရောမနှောစေဘဲ နိရောဓသစ္စာ ထိုက်တဲ့ နိဗ္ဗာန်အာရုံတခုတည်းကိုသာ ဦးတန်းကာ အာရုံပြု၍နေဟု ဆိုလို ပေသည်၊ " ပိန်းဖက်သည် ရေနှင့်အတူနေသော်လည်း ဘယ်သောအခါမှ ရေနှင့် မရောမနှောသကဲ့သို့ " ပိန်းဖက်နှင့်ရေလိုသဘောထား၍နေဟု ဆိုလို သည်၊ ဤလိုနေခြင်းသည်လည်း ဖိုလ်ဝင်စား၍ ဝင်စား၍နေခြင်းပေတည်း၊ အရိယာစစ်မှ အစစ် ဖြစ်နိုင်ပေမည်၊ သို့ရာတွင် ရှေးဦးစွာ အနုမာန မျက်ရမ်းဆအားဖြင့် အာရုံပြုဘန်များလာတဲ့ခါ ဉာဏ်ရင့်၍လာ၊နောက်ပိုင်း မှာ — ပစ္စက္ခသိဒ္ဓိအားဖြင့် ဇုတ်ခနဲပြေးဝင် စိုက်ခနဲ ကျရောက်သွားကာ နိရောဓကို အာရုံပြုလျှက် ဖြစ်နေတတ်ပေသည်။

**'မဟာကာရုဏိကော နာထော'** နှင့်အညီ၊ ဝေနေယျကြွာ သတ္တဝါတို့သည်၊ * **ဩဃလေးဖြာ** သံသရာဝဋ်ဆင်းရဲကြီးထဲမှာ–တဏှာကြောင့် ခန္ဓာ, တဏှာကြောင့် ခန္ဓာ, ရှံခါဒုဂ္ဂတိ, ရှံခါ သုဂတိ မြဲတယ်လို့မရှိ၊ နှစ်တုံ ပေါ်တုံ တမှုံဖွားဖွား ဆုံလည်သည့်နွား ရဟတ်ချားကဲ့သို့ မရပ်မနား ကြွင်လည် ပြေးသွားရှိနေကြရသော လူ, နတ်, ပြဟ္မာ, သတ္တဝါတို့ကို မကြည့်ရက် မကြည့်နိုင်၊ မဟာကရုဏာတော်ဖြင့် အလွန်သနားတော် မူလှသောကြောင့် တဏှာကုန်၍ ရွှေဘုံ နိဗ္ဗာန်သို့ အမြန်ရောက်စေခြင်းငှါ၊ **တဏှက္ခယာယ ပဋိပဇ္ဇထ** ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လိုဖြစ်ချင်နေတဲ့ တဏှာကုန်စေခြင်းငှါ ဖြစ်လိုလျှင် ဖြစ်ပြန်လိမ့်မယ်၊ ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ ဇာတိဒုက္ခစသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့နှင့် မုချတွေ့ရပြန်လိမ့်မယ် စသည်ဖြင့် ဇာတိ စသော ဒုက္ခသစ္စာ အစွမ်းကုန်ထင် မြင်၍ ဘုံသုံးပါးတို့၌ ဖြစ်ချင်သော ဘဝတဏှာပြတ်၍ အရဟတ္တမဂ်သို့ ရောက်စေခြင်းငှါ တဏှာပယ်, တဏှာသတ်, တဏှာဖြတ်တဲ့ မဂ်အကျင့်ကို ကျင့်ကြကုန်၊ ဝါ၊ ဝိပဿနာအလုပ်ကို နာနာအားထုတ်ကြကုန်ဟု ဘုရား ဖြစ်တဲ့နေ့မှ ပရိနိဗ္ဗာန်ဝင်စံတဲ့နေ့ကျအောင် တဖွဖွဟောတော်မူခဲ့ပါသည်။

---

* ဩဃလေးဖြာဆိုသည်မှာ–"ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ အဝိဇ္ဇောဃ" ဟူ၍ အစဉ်အားဖြင့်လေးပါး၊ "**လောဘ, ဒိဋ္ဌိ, မောဟ**"ဟူ၍ သရုပ် တရားကိုယ်အရအားဖြင့် သုံးပါး။

ငါးပါးအာရုံ ကာမဂုဏ်တို့၌တပ်မက်သော **လောဘ** ကို **'ကာမောဃ**, ဘုံသုံးပါးတို့၌ တပ်မက်သော **လောဘ** ကို 'ဘဝေါဃ' အယူမှား ဒိဋ္ဌိ စေတသိက်ကို 'ဒိဋ္ဌောဃ' သစ္စာလေးပါးတို့၌ မသိမမြင်ရအောင် ပိတ်ပင်ဖုံးလွှမ်းတတ်သော **မောဟ** စေတသိက်ကို အဝိဇ္ဇောဃ ဟု ဆိုလေ။

" ဩဃ္ဓရိတ္ဝာန သတ္တေ မာရေန္တိ ဩသီဒေန္တီတိဩဃာ"နှင့် အညီ၊ ဝေနေယျကြွာ သတ္တဝါတို့ကို အဆိုပါ ဩဃလေးပါးတို့၌ လွှမ်းမိုး ဘိစီးတတ်, သေစေတတ်, သတ်သတ်,နစ်မွန်းစေတတ်, မျောပါးစေ တတ်သောကြောင့် ပကတိရေအယဉ်နှင့်တူသောကြောင့် "ဩဃ" ဆိုသည်မှတ်။

'တဏှက္ခယော ဟိ နိဗ္ဗာနံ'တဖန်တဖန် ဘုံသုံးပါးတို့၌ ပြန်၍ပြန်၍ ဖြစ်ချင် ဖြစ်ချင်နေတဲ့ ဘဝတဏှာ၏ ကုန်ရာ၊ ဘဝတဏှာ၏ မရှိရာ၊ တဏှာကုန်လျှင် ခန္ဓာလည်းကုန်သောကြောင့် တဏှာအသစ်မဖြစ်လျှင် ခန္ဓာလည်း အသစ် မဖြစ်တော့ဘဲ တဏှာခန္ဓာဖြစ်နေကြ အစဉ်ပြတ်တဲ့ အသခ်တဓာတ် နိဗ္ဗာန် ဘဲဟု တဲ့တဲ့ကြီး တိုက်ရိုက်ဟောတော်မူခဲ့ရာ တဏှာပယ်တဲ့ မဂ်အကျင့်ကို မကျင့်သောကြောင့် တဏှာကြောင့် ခန္ဓာ၊ တဏှာကြောင့် ခန္ဓာ၊ ဖြစ်ပျက် မွေး သေ, သံသရာရှည်၍နေကြရသည်မှာ—စုန်းလဲ မရိုးနှင့်၊ နတ်လဲ မရိုးနှင့်၊ ရွာသူရဲ့အတတ် ဆိုတာလို ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ဇာတိဒုက္ခ စသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခ ဟူသမျှတို့ဟာ အခြားက လာသည်မဟုတ်၊ ' လို ' ဆိုတဲ့ သမုဒယသစ္စာ, ဘဝတဏှာ,ရာဂ,လောဘက လာကြောင်းကို ကောင်းကောင်းကြီး သိရှိထားကြပါလေ။

အပိုင်း (၄) အမေးအဖြေ လေ့ကျင့်ခန်းများ

ဘေးတကာ့ ရန်တကာ လာတဲ့လမ်း၊ တွေးကာ မျှော်ကာ ကြည့်ကြစမ်း။

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | နိဗ္ဗာန်မရမှီစပ်ကြား | အလုံးစုံသောသတ္တဝါတို့အား | ဘဝတိုင်းဘဝတိုင်း | ဇာတိဘေး | ဘယ်ကလာ | တဏှာကလာ |
| ၂။ | ၎င်း | ၎င်း | ၎င်း | ဇရာဘေး | ၎င်း | ၎င်း |
| ၃။ | 〃 | 〃 | 〃 | ဗျာဓိဘေး | 〃 | 〃 |
| ၄။ | 〃 | 〃 | 〃 | မရဏဘေး | 〃 | 〃 |
| ၅။ | 〃 | 〃 | 〃 | ဇာတိဒုက္ခ | 〃 | 〃 |
| ၆။ | 〃 | 〃 | 〃 | ဇရာဒုက္ခ | 〃 | 〃 |
| ၇။ | 〃 | 〃 | 〃 | ဗျာဓိဒုက္ခ | 〃 | 〃 |
| ၈။ | 〃 | 〃 | 〃 | မရဏဒုက္ခ | 〃 | 〃 |
| ၉။ | 〃 | 〃 | 〃 | ဇာတိဆင်းရဲ | 〃 | 〃 |
| ၁၀။ | 〃 | 〃 | 〃 | ဇရာဆင်းရဲ | 〃 | 〃 |
| ၁၁။ | 〃 | 〃 | 〃 | ဗျာဓိဆင်းရဲ | 〃 | 〃 |
| ၁၂။ | 〃 | 〃 | 〃 | မရဏဆင်းရဲ | 〃 | 〃 |
| ၁၃။ | 〃 | 〃 | 〃 | မွေးဘေး | 〃 | 〃 |
| ၁၄။ | 〃 | 〃 | 〃 | အိုဘေး | 〃 | 〃 |
| ၁၅။ | 〃 | 〃 | 〃 | နာဘေး | 〃 | 〃 |
| ၁၆။ | 〃 | 〃 | 〃 | သေဘေး | 〃 | 〃 |
| ၁၇။ | 〃 | 〃 | 〃 | အပါယ်ဘေး | 〃 | 〃 |
| ၁၈။ | | ကုန်အောင်စုံသော | ဆင်းရဲပေါင်းချုပ် | ဒုက္ခဟူသမျှ | ဘယ်ကလာ | တဏှာကလာ။ |

မေး။ တဏှာ ဘယ်ကလာ ?

ဖြေ။ အဝိဇ္ဇာကလာ၊ ဝါ၊သစ္စာမသိလို့ ငါးပါးအာရုံ ကာမဂုဏ်ကလာ။

မေး။ တဏှာပယ်လျှင် ဇာတိဒုက္ခသစ္စာ အသစ်လာဦးမလား ?

ဖြေ။ တဏှာကို အပြတ်အသတ်ပယ်လျှင် ဇာတိဒုက္ခသစ္စာ မလာတော့ပါ။

မေး။ ဇာတိဒုက္ခအသစ်မလာလျှင် ဘာ လာဦးမလဲ ?

ဖြေ။ ဘာမှမလာတော့ပါ။ (ရုပ်နာမ်အသစ် မဖြစ်လာခြင်းကိုယူ။)

မေး။ ဘာမှ မလာသည်ကို ဘုရားဘယ်လိုဟောခဲ့သလဲ ?

ဖြေ။ "ဇာတိနိရောဓော နိဗ္ဗာနံ၊ ဘဝနိရောဓော နိဗ္ဗာနံ၊ ဒုက္ခနိရောဓော နိဗ္ဗာနံ။" ဇာတိအစရှိသော ဒုက္ခ၏ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းကို **နိရောဓသစ္စာ** နိဗ္ဗာန်လို့ဟောတော်မူခဲ့ပါသည်၊ အဲ-ဒါဘဲ-ဒါဘဲ— သိလေတော့ သိပေတော့။

ဘေးရန် လာရာအရပ်ကိုမှ အတတ်မသိလျှင် ဘေးရန်လွတ်နိုင်တော့မည် မဟုတ်၊ ဘေးရန်လွတ်အောင် ရှောင်နိုင်တော့မည်မဟုတ်၊ ထို့ကြောင့်- ဘေးတကာ့ရန်တကာဟာ တဏှာကလာမှန်းသိလျှင် အရိယာရှင် သူတော်ကောင်းတို့လို တဏှာကိုသစ္စဉာဏ်, ဝိပဿနာဉာဏ်,မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် အပြတ်ဖြတ်လျှင် "တဏှက္ခယော ဟိ နိဗ္ဗာနံ"အရ၊ တဏှာ၏ ကုန်ရာဟာ ရွှေဘုံနိဗ္ဗာန်ပါဘဲ။

မှတ်ချက်။ ။ မြတ်စွာဘုရား လူနတ်တို့အား သစ္စာလေးပါး တရားတော်ကို ဟောတော်မူသည်မှာ တဏှာကြောင့် ခန္ဓာ၊ ဖြစ် ပျက် မွေး သေ သံသရာရှည်၍နေကြရသည်ဟု ဒု-သ,ရှေ့သစ္စာနှစ်ပါးကို သိမြင်စေခြင်းငှါရင်း၊ တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် တဏှာခန္ဓာ အစဉ်ပြတ်တဲ့ အသခ်တဓာတ်နိဗ္ဗာန်သို့ဆိုက်ရောက်သည်ဟု နိ-မ, နောက်သစ္စာနှစ်ပါးကို သိမြင်စေခြင်းအကျိုးငှါရင်း ဟောတော်မူခြင်း ဖြစ်သည်။

ဟောသည့်အတိုင်းသိ၍ သိတဲ့အတိုင်း တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်၍ ဖြစ်ပျက်မွေးသေ သံသရာမှ ကျွတ်လွတ်ထွက်မြောက်၍ မွေး သေ

လွတ်တဲ့ နိဗ္ဗာန်ကို ရောက်စေခြင်းငှါ ရစေခြင်းငှါ ဟောတော်မူခဲ့ပေသည်ဟု သိရှိကြပါလေ၊ သိတဲ့အတိုင်း တဏှာပယ်တဲ့မဂ်အကျင့်ကို ကျင့်နိုင်ကြ၍ မွေးသေလွတ်တဲ့ နိဗ္ဗာန်ကို အမြန်ရောက်နိုင်ကြပါစေသတည်း။

.....................

## ဘုရားလက်မှိုင်ချပြီ

ဤလို ဤပုံ — ဘေးရန်ကိုင်ရင်း၊ ဘေးရန်လာရာအရပ်ကိုင်ရင်း၊ ဘေးရန်လွတ်ရာအရပ်ကိုင်ရင်း တဖွဖွဟောပြောပါလျက်၊ "ကျောက မကြား၊ ကျွဲပါး စောင်းတီး "ဆိုတာလို ' မိုးဖလံမျိုး—မီးကို တိုးသည့်ပမာ' တဏှာပယ်တဲ့ မဂ်အကျင့်ကိုမကျင့်ဘဲ ထပ်တလဲလဲ ဘဝတိုင်းဘဝတိုင်း တဏှာကိုတိုးပွါးစေ၍ သုံးဆဲ့တဘုံ ကလိပ်ချုံ သပွတ်အူ သံသရာဝဋ်ဆင်းရဲကြီးထဲမှာ တဏှာကြောင့် ခန္ဓာ၊ တဏှာကြောင့် ခန္ဓာ၊ ဖြစ်ပျက် မွေး သေ သံသရာရှည်၍ နေကြသည်တို့ကို 'ကိန္တိ ကရောမိ' ငါဘုရားလဲ လက်မှိုင်ချတော့တာဘဲ၊ ဘယ်လိုလုပ်လို့ မှ,မ စနိုင် မတတ်နိုင်တော့ဘူးတဲ့။

တာဝန်ကုန်ပြီ။ ။ လောကဥ-သမားက ဆေးတိုက်လျက် ဆေးသောက်လျှင် ရောဂါပျောက်မည်ဖြစ်လျက် ဆေးမသောက်၍ ရောဂါမပျောက်သည်မှာ-သူနာ၏တာဝန်၊ သမား၏ တာဝန်မဟုတ်သကဲ့သို၊ ထို့တူပမာ-ဘုရားရှင် သမားတော်ကြီးက ဤကား-ဒုက္ခ စသည်ဖြင့် သစ္စာရေအေး အမြိုက်ဆေးကို တိုက်ကျွေးပါလျက် ပုထုဇဉ်သတ္တဝါ သူနာတို့က သစ္စာဆေးတော်ကြီးကို ယုံကြည်စိတ်ချ၍ သောက်ကြပါလျှင်၊ ဘဝါ့ ဘဝါ ကမ္ဘာ့ကမ္ဘာက စွဲကပ် ကျရောက်ခဲ့ကြတဲ့ ကမ္ဘာနာ, သံသရာနာ, တဏှာ, ရာဂ,လောဘ စသော တထောင့်ငါးရာ ကိလေသာ နူနာကြီးတွေ အပြီး ပျောက်မည်၊ ရှင်းရှင်း ပျောက်မည် ဖြစ်ပါလျက် သစ္စာဆေးတော်ကို မသောက်၍၊ ဝါ၊ တဏှာပယ်တဲ့ မဂ်အကျင့်ကို မကျင့်ကြ၍ တဏှာကြောင့် ခန္ဓာ၊ ဖြစ်ပျက်မွေးသေ, ဖြစ်ပျက်မွေးသေ, သံသရာရှည်၍ နေကြသည်မှာ ပုထုဇဉ် လူ,နတ်,ဗြဟ္မာ, သတ္တဝါ သူငါခေါ်တဲ့ သူနာတို့ရဲ့ တာဝန်သာ ကျန်တော့သည်၊ ဘုရားဘဂဝါ သမားဆရာရဲ့တာဝန်ကား ကုန်လေပြီ။

**သမားနှင့် သူနာ**

**"ဘိသက္ကော ဘိသက္ကောတိ တထာဂတဿေတံ နာမံ" နှင့်အညီ၊**

ဆေးသမား-ဆေးသမားဆိုတဲ့ အမည်နာမကား— ငါဘုရား၏ နာမည်ပေတည်း၊ ဘုရားမြတ်စွာ စိန္တေယျာကား - သမားတော်ကြီး အစစ်ပေတည်း။

**"ဂိလာနော ဂိလာနောတိ သတ္တဿေတံ နာမံ"နှင့်အညီ၊**

သူနာ--သူနာ ဆိုတဲ့ အမည်နာမသည်ကား--ပုထုဇဉ် လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ နာမည်ပေတည်းဟု ပုထုဇဉ် လူ နတ် ဗြဟ္မာ သတ္တဝါတို့ကား လောဘ, ဒေါသ, မောဟ စသော တထောင့်ငါးရာ ကိလေသာနူနာတွေ စွဲကပ်၍နေကြတဲ့ သူနာတွေအစစ်ပေတည်း။

**ဓမ္မာဂဒ သစ္စာဆေးတော်**

**(၁) ယေကေစိ လောကေ အဂဒါ၊ ဝိသာနံ ပဋိဗာဟကာ။**
**ဓမ္မာဂဒ သမံ နတ္ထိ၊ တံ ပိဝထ ဘိက္ခဝေါ။ ။(မိလိန္ဒပဉှာ)**

ဘိက္ခဝေါ၊ ငါ၏ချစ်သား ရဟန်းများတို့။ လောကေ၊ လူတို့နေရာ လူ့ရွာလောက၌။ ဝိသာနံ၊ ပကတိသော မြွေ့ကင်း့စသည်တို့၏အဆိပ်ကို။ ပဋိဗာဟကာ၊ ပယ်ဖျောက် တားမြစ်တတ်ကုန်သော။ ယေကေစိ၊ အမှတ်မရှိကုန်သော။ အဂဒါ၊ အဆိပ်ကို ပယ်ဖျောက်တတ်သော တရုတ်ဆေး ကုလားဆေး, ဗမာဆေး စသည်ဖြင့် အမျိုးမျိုးသော အရည်ဆေး, အဖတ်ဆေး, အမှုံ့ဆေးတို့သည်။ သန္တိ၊ထင်ရှားမိမိရှိကြပါကုန်၏။ ဓမ္မာဂဒသမံ၊ သစ္စာလေးပါးတရား တည်းဟူသော ဆေးနှင့်တူသော။ အဂဒံ၊ တထောင့်ငါးရာ ကိလေသာ တည်းဟူသော အဆိပ်ကိုပယ်ဖျောက်တတ်သော ဆေးသည်။ နတ္ထိ၊ ဘယ်ဆေးဆိုင်မှာမှ မရှိ။ တံ၊ ထိုသစ္စာလေးပါး တည်းဟူသော ဆေးတော်ကို။ တုမှေ၊ သင်ချစ်သားတို့သည်။ ပိဝထ၊ ဝမ်းမြောက်ဝမ်းသာ သောက်ကြပါကုန်လော့။

အစိပ္ပါယ်။ ။ လောကမှာ-ပကတိ မြေ့ ကင်း, စသည်တို့၏ အဆိပ်ကို ပယ်ဖျောက်တတ်သော တရုတ်, ကုလား, ဗမာ စသော ဆေးတွေရှိကြပါတယ်၊ မရှိလို့တော့ မဆိုလိုပါဘူး၊ သို့ပေတည့် ပကတိ အဆိပ်ကိုသာ ပျောက်စေနိုင်ပါတယ်၊ သတ္တဝါတို့ရဲ့ ကိုယ်တွင်းရောဂါ ကိလေသာတဏှာ အဆိပ်ကိုတော့ ပျောက်ဘို့မှာ ဝေလာဝေး နံ့နံ့ကလေးမှ သက်သာအောင် မတတ်နိုင်ပါဘူး၊ ကမ္ဘာတသိန်းအလွန်ရှိသော လေးသင်္ချေကာလတို့ပတ်လုံး ဖေါ်စပ်၍ထားတဲ့ ငါဘုရားရဲ့ သစ္စာလေးပါးဆေးတော်ကတော့ တကဲ့ကို အမြစ်ပါမကျန် ကိုယ်တွင်းရောဂါ ကိလေသာတဏှာအဆိပ်တို့ကို ချက်ချင်း ပျောက်ကင်းစေနိုင်ပါတယ်လို့ ဆေးအကျိုးပြပြီး ဆေးသောက်ခိုင်းတော်မူခြင်းဖြစ်ပေတယ်။

သစ္စာဆေး မသောက်၍ ကိလေသာနူနာမပျောက်၊ ကိလေသာတဏှာ နူနာ ထတိုင်း,ထတိုင်း ဒေဝဒတ်, ဇာတသတ်, နွားသတ်နန္ဒ,ဝက်သတ်စုန္ဒ စသည်တို့ကို ခဏခဏ အပါယ်ကျ,ကျနေကြရတဲ့ လူ နတ် သတ္တဝါတို့ကို မကြည့်ရက် မမြင်ရက် သနားချစ်ခင်တော် မူလှသောကြောင့် သစ္စာဆေးတော်သောက်၍ တဏှာနူနာပျောက်သဖြင့် နိဗ္ဗာန်ရောက် ချမ်းသာစေခြင်းငှါ ဆေးသောက်တိုက်တွန်းတော်မူခြင်းဖြစ်သည်။

....................

### အိုနာ—သေနာ—ပျောက်တဲ့ဆေး

(၂) ယေကေစိ ဩသဓာ လောကေ ဝိဇ္ဇန္တိ ဝိဝိဓာ ဗဟူ၊
ဓမ္မောသဓသမံ နတ္ထိ၊ ဧတံ ပိဝထ ဘိက္ခဝေါ။ ။

(၃) ဓမ္မောသဓံ ပိဝိတွာန၊ အဇရာ အမရဏာ သိယုံ။
ဘာဝယိတွာစ ဝိပဿိတွာ၊ နိဗ္ဗုတာ ဥပဓိက္ခယေတိ။ ။

ဘိက္ခဝေါ၊ ရဟန်းတို့။ လောကေ၊ လောက၌။ ဗဟူ၊များးစွာကုန်သော။ ဝိဝိဓာ၊ အထူးထူး အပြားပြား များးကုန်သော။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ဩသဓာ၊ တရုတ်,ကုလား,ဗမာ ဆေးဆရာတို့သည် ဖေါ်စပ်အပ်ကုန်သော အရည် အဖတ် အမှုံ့ဆေးတို့သည်။ ဝိဇ္ဇန္တိ၊ မြို့တိုင်း ရွာတိုင်း ဆေးဆိုင်တိုင်း မှာပင် ရှိကြပါကုန်၏။ ဓမ္မောသဓသမံ၊ သစ္စာ လေးပါး

ဆေးတော်နှင့် တူသော။ ဩသဓံ၊ တကဲ့ဆေးစွမ်းကောင်းသည်။ နတ္ထိ၊ ဘယ်မြို့ ဘယ်ရွာ ဘယ်ဆိုင်မှာမှ မရှိကြသည်သာတည်း။ တော၊ ထို သစ္စာလေးပါး တည်းဟူသော ဆေးစွမ်းကောင်းကြီးကို။ တုမ္ဟေ၊သင်ချစ်သားတို့သည်။ ပိဝထ၊တထောင့်ငါးရာ ကိလေသာနူနာပျောက်၍ မွေးသေလွတ်တဲ့ နိဗ္ဗာန်သို့ရောက်မဲ့အရေးကို မျှော်တွေးကာ ဝမ်းမြောက်ဝမ်းသာ သုံးထက်ငါ သောက်ကြပါကုန်လော့။

တုမ္ဟေ၊ သင်ချစ်သား ချစ်သမီးတို့သည်။ ဓမ္မောသဓံ၊ သစ္စာလေးပါး ဆေးတော်ကို။ ပိဝိတွာန၊ ဝမ်းမြောက် ဝမ်းသာ သောက်ကြပါကုန်သည် ဖြစ်၍။အဇရာအမရဏာ၊ မအို မသေ နိဗ္ဗာန်၌ အမြဲနေရကုန်သည်။ သိယျုံ၊ ဖြစ်ကုန်ရာ၏။ ဘာဝယိတွာစ၊ သမထစည်းကမ်း နည်းလမ်းတကျ ပွါးများအားထုတ်ကြကုန်သည် ဖြစ်၍ငင်း။ ဝိပဿိတွာစ၊ ဝိပဿနာ စည်းကမ်း နည်းလမ်းတကျ ပွါးများအားထုတ်ကြကုန်သည် ဖြစ်၍ငင်း။ ဥပဓိက္ခယေ ဥပဓိက္ခယာ၊ * ဥပဓိ လေးပါးတို့၏ ကုန်ခြင်းကြောင့်။ နိဗ္ဗုုတာ၊ ကိလေသာ ခန္ဓာ အကုန်ရုပ်သိမ်း၍ နိဗ္ဗာန်၌ အငြိမ်းကြီးငြိမ်းရလေကုန်သတည်း။

အဓိပ္ပါယ်။ ။ ချစ်သားတို့—လောက၌ လူဆရာတို့သည် ဖေါ်စပ်အပ်ကုန်သော အထူးထူးအပြားပြား များကုန်သော တရုပ်ဆေး, ဗမာဆေး ကုလားဆေးတို့သည် ရှိကြပါကုန်၏၊ ထိုဆေးတို့သည်ကား-လူတို့၏ အရေအသားပေါ်မှာ ကျရောက်တဲ့ ပကတိရောဂါကိုသာ ပျောက်ကင်းစေနိုင်ပါသည်၊ သတ္တဝါတို့၏ ကိုယ်တွင်းရောဂါ တထောင့်ငါးရာ ကိလေသာနူနာတို့ကိုတော့ ပျောက်မည်မှာဝေလာဝေး နဲနဲကလေးမှ သက်သာအောင်

---

"* ဥပဓိ" ဆိုသည်မှာ "တည်ရာ" ကိုဆိုသည်။

၁။ ကာမဂုဏ်ငါးပါးသည် သုခ၏ တည်ရာဖြစ်၍ "ကာမုပဓိ" မည်၏။

၂။ ကိလေသာသည် အပါယဒုက္ခ၏တည်ရာဖြစ်၍ "ကိလေသုပဓိ" မည်၏။

၃။ ခန္ဓာငါးပါးသည် ခန္ဓာဒုက္ခ၏ တည်ရာဖြစ်၍ "ခန္ဓုပဓိ" မည်၏။

၄။ ကုသိုလ်-အကုသိုလ် စေတနာသည် ဘဝဒုက္ခ၏တည်ရာဖြစ်၍ "အဘိသင်္ခါရုပဓိ" မည်၏၊ ဥပဓိလေးပါးတို့၏ ကုန်ရာကို နိဗ္ဗာန်ဆိုသည်၊ နိဗ္ဗာန်သည် ဤဥပဓိလေးပါးတို့ ကုန်ရာတည်း။

မတတ်နိုင်ကြပါ၊ ငါဘုရား ဖေါ်စပ်ထားတဲ့ သစ္စာလေးပါး ဆေးတော်ကတော့ ဉဿဋ္ဋိတညူ သူနာဆိုလျှင် တခါသောက်နှင့် ပျောက်တယ်၊ ဝိဘဥ္စိတညူ သူနာဆိုလျှင် နှစ်ခါသောက်နှင့် ပျောက်နိုင်တယ်၊ နေယျ သူနာဖြစ်စေကာမူ မိမိ၏ကိလေသာရောဂါ အခြေအနေကိုကြည့်၍ မှန်မှန် သောက်သွားပါက ပဗ္ဗဖြစ်လျှင် မကြာခင် ပျောက်နေကြပါ၊ ပဒပရမ သူနာမှာတော့ ကံနာဖြစ်နေ၍ သောက်သော်လည်း ဤဘဝတော့မပျောက် ပါ၊ သို့ရာတွင် သက်သာရာကတော့ ရ၍ ဒုတိယ, တတိယ ဘဝတို့မှာ ပျောက်မှာကတော့ သေချာပါတယ်။

သို့ကြောင့်–ကမ္ဘာနာ, သံသရာနာ, ကိုယ်တွင်းရောဂါ တထောင့်ငါးရာ ကိလေသာနူနာတို့ကို တကယ် ယုံယုံကြည်ကြည်နှင့် တကယ်သောက်လျှင် တကယ်ပျောက်နေကြ ပွဲတွေ့ဆေးစွမ်းကောင်းကြီးများဖြစ်၍ ဤသစ္စာ လေးပါး ဆေးတော်နှင့် တူတဲ့ဆေးဟာ မည်သည့် လူ နတ် ဗြဟ္မာ ဆေး ဆရာများထံမှာမှ မရှိပါ၊ ငါဘုရားလက်ထဲမှာသာ တလက်ထဲ ရှိပါတယ်၊ ဤသစ္စာလေးပါးဆေးဆိုတာက သာမန် လူ နတ် သမားဆရာတို့ ဖေါ်စပ် ထားနိုင်ကြတဲ့ ဆေးမျိုးမဟုတ်ပါ၊ ကမ္ဘာကမ္ဘေ သန်းသချေ ပါရမီတွေကို ဖြည့်နိုင်ကြတဲ့ ဗုဒ္ဓတို့မှသာ ဖေါ်နိုင်ကြတဲ့ ဆေးဖြစ်ပါတယ်။ ငါဘုရားလဲ ဤသစ္စာလေးပါးဆေးတော်ကိုဘဲသောက်လို့ တထောင့်ငါးရာ ကိလေသာ နူနာပျောက်လို့ ချမ်းသာခြင်းသို့ရောက်ပြီ၊ ငါဘုရားနှင့်အတူ ငါဘုရား ပေးတဲ့ သစ္စာဆေးတော်ကိုသောက်လို့ လူသားထဲက ရှေးဦးစွာ ပဥ္စဝဂ္ဂီ ငါးယောက်နှင့် ဗြဟ္မာတဆဲ့ရှစ်ကုဋေ, နတ်တွေမှာ မရေမတွက်နိုင်အောင် ဒိဋ္ဌိစသော ကိလေသာနူနာတွေ ပျောက်ကုန်လေပြီ၊ ထို့နောက်–ယသ, အမှူးရှိတဲ့ ငါးကျိပ်ငါးယောက်၊ ထို့နောက်–ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်၊ ထို့နောက်–ရသေ့ညီနောင် ရှင်တထောင်၊ ထို့နောက် – ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်,ရှင်အာနန်,ရှင်မဟာကဿပ,စသည်တို့လဲဘဲ ဤသစ္စာလေးပါး ဆေးတော်ကို မှီဝဲသုံးဆောင်၍ တထောင့်ငါးရာ ကိလေသာ ကိုယ်တွင်း ရောဂါ အမြစ်ပါမကျန် ပျောက်ကင်း၍ ချမ်းသာခြင်းသို့ ရောက်လေပြီ။ ထို့ကြောင့်–သင်တို့လဲဘဲ ကိလေသာနူနာ ကိုယ်တွင်းရောဂါ ပျောက်၍ မွေ့သေလွှတ်တဲ့ နိဗ္ဗာန်အထိ ရောက်လိုလျှင် ဤသစ္စာလေးပါးဆေးတော် ကို ပျော်ပျော်သောက်ကြ၊ ဝမ်းမြောက် ဝမ်းသာ အခါခါသောက်ကြ၊

မနေမနား ကြိုးစား၍သောက်ကြ၊ စေတနာသဒ္ဓါတရား ဖေါဖေါ လော လောနှင့် လိုလိုချင်ချင် ယုံယုံကြည်ကြည်နှင့် သောက်ကြပါလျှင် ဟိုဘဝ ဟိုဘဝ အကြွေးအငမ်းမထားရဘဲ လက်ရှိဘဝမှာဘဲ ကိလေသာ နူနာ ပျောက်၍ အသက်ထက်ဆုံး ချမ်းသာစွာနေကြရမည့်ပြင်၊ သေပြီးသည့် နောက်, မွေး သေ လွတ်တဲ့ နိဗ္ဗာန်ကို ရောက်မည်အပြီးဟု ဆေးအကျိုးကို ပြ၍ ဆေးသောက်တိုက်တွန်းခြင်းပင်ဖြစ်လေသည်။

## သစ္စာလေးပါးဆေးလေးခွက်—ခွက်ဆင့်တိုက်ပုံ

လူတွင်ထင်ရှား ဘုရားမြတ်စွာ ဖြစ်ပေါ်လာကြတဲ့ ဘုရားရှင်တို့သည် လူနတ်တို့အား တရားဟောတော်မူတဲ့အခါ ရှေးဦးစွာ စိတ်ယုတ်မာ စိတ် ကြမ်းတွေခေါင်းပါးသွားစေခြင်းငှါ ဒါန-သီလစသော အစဉ်အတိုင်းသော အနုပုဗ္ဗိက ကထာ တရားစကားကို ဟောကြားတော်မူပြီးလျှင် စိတ်နူးညံ့ လာမှန်းသိတဲ့ခါ၊ ကိုယ်တော်မှ အသီးထုတ်၍ဟောတော်မူအပ်သော သစ္စာ လေးပါးဆေးတော်ကို····

> အထယာ ဗုဒ္ဓါနံ သာမုက္ကံသိကာ ဓမ္မဒေသနာ တံ ပကာသေတိ၊
> ဒုက္ခံ သမုဒယံ နိရောဓံ မဂ္ဂံ။ ။ ဟု

တခွက်ပြီး တခွက်၊ ဝါ၊ ဒုက္ခသစ္စာဆေးတော်,သမုဒယသစ္စာဆေးတော် စသည်ဖြင့် ခွက်ဆင့်၍တိုက်တော်မူပါသည်၊ ဒါဟာ သစ္စာဆေး တိုက်တော် မူတာဘဲ—။

အဓိပ္ပါယ်။ ။ ချစ်သားတို့—သင်တို့ ရရှိထားကြတဲ့ လက်ရှိ ခန္ဓာကြီးကို ပဋိသန္ဓေကစ, စုတိသေနေ့သို့ကျအောင် ဆင်းရဲတာမှန်လှသောကြောင့်- ဒုက္ခသစ္စာ လို့သာ သိကြ မြင်ကြ, အယူမှန်ယူကြ, ငါ့ကိုယ်အတ္တလို့ အယူ မမှားကြနှင့်။ ထိုဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကြီးကို တဘဝလျှင် တခန္ဓာ ဖြစ်စေတတ်တဲ့ ရှေးဘဝက လူ့ဘုံ ဖြစ်လိုတဲ့ ဘဝတဏှာ လောဘကို ဖြစ်လိုလျှင် ဖြစ်ရာဘုံဘဝတို့မှာ ဇာတိ စသော ဒုက္ခကို မုချဖြစ်စေတာ ဖြစ်စေမှာ မှန်လှသောကြောင့် - **သမုဒယသစ္စာ** လို့သာ သိကြ မြင်ကြ အယူမှန်ယူကြ၊ ထာဝရဘုရား ဖန်ဆင်း၍ဖြစ်တယ်ဆိုတာဘဲ ဟုတ်မှန်လေ သလောဟု မယုံမှားကြနှင့်။ အဆိုပါ ဒု—သ, သစ္စာနှစ်ပါးတို့၏ တဖန်

အသစ်မဖြစ်ရာ နိဗ္ဗာန်ကို-နိရောဓသစ္စာ လို့သာ သိကြ, မြင်ကြ, အယူမှန် ယူကြ, နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားကို-မဂ္ဂသစ္စာ လို့သာ သိကြ,မြင်ကြ,အယူမှန်ယူကြဟု ဆင့်ကာ ဆင့်ကာ သစ္စာရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသည်။ ဤလိုဤပုံ–သစ္စာဆေးတော်ကို တိုက်ကျွေးတော်မူတဲ့ခါ အချို့သော လူနတ်တို့မှာ အပါယ်သို့လားရောက် စေတတ်တဲ့ ရာဂ စသော မြူကင်းကွာသည့်ပြင် မိမိတကိုယ်လုံး, တကောင် လုံးရှိ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကိုပင် တသံသရာလုံးက ငါ့ကိုယ် အတ္တဟု ယူမှားခဲ့သော ဒိဋ္ဌိကိလေသာ လဲကင်း၊ ထာဝရဘုရား ဘန်ဆင်း၍ ဖြစ်တယ် ဆိုတာဘဲ ဟုတ်မှန်လေသလောဟု ယုံမှားတဲ့ ဝိစိကိစ္ဆာ လဲရှင်း၊ အဆိုပါ ဝိစိကိစ္ဆာကိလေသာ အညစ်အကြေးမှအကြွင်းမရှိ ကင်းရှင်း၍ ဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာ, ထိုကိလေသာကြောင့် ဖြစ်သော အပါယ်ခန္ဓာ, ထိုကိလေသာ ခန္ဓာတို့၏ တဖန် အသစ်မဖြစ်ရာ နိရောဓသစ္စာနိဗ္ဗာန်ကို မတွေ့မဝေ တွဲတွဲ ရှင်းရှင်း မျက်မှောက် မြင်သိသွားတဲ့ သောတာပတ္တိ မဂ်ဉာဏ်မျက်စိကို လက်ကိုင်ရရှိသွားကြ၍ သောတာပန် စသော အရိယာများ ဖြစ်သွားကြ ပေသည်။

ဤပုံ ဖြစ်သွားသည်ကို ကျမ်းဂန်တို့၌– 'ဓမ္မစက္ခုံ ဥဒပါဒိ' ဆိုသည်။ ဓမ္မစက္ခုံ-သစ္စာလေးပါးကို သိမြင်သွားတဲ့ တရားမျက်စိသည်၊ ဝါ၊ သစ္စာ လေးပါးကို သိတဲ့ခါ, တတိယ သစ္စာခေါ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို မြင်စွမ်းနိုင်တဲ့ သောတာပတ္တိ မဂ်ဉာဏ်မျက်စိသည်၊ ဥဒပါဒိ-ထင်ရှားဖြစ်ပြီ ဟု ဆိုလိုပေသည်။

**ဝိရဇံ—ဝိတမလံ အဖွင့်—**

(၁) ဝိရဇန္တိ အပါယဂမနိယရာဂရဇာဒိနံဝိဂမေန ဝိရဇံ။ပ။

(၂) အနဝသေသဒိဋ္ဌိဝိစိကိစ္ဆာမလာပဂမေန ဝိတမလံ။ပ။

(မဟာပဒါနသုတ်ဋီကာ)

(၁) အပါယ်သို့လားစေတတ်သော-ရာဂ စသော မြူမှကင်းသော။

(၂) အကြွင်းမရှိ ဒိဋ္ဌိ ဝိစိကိစ္ဆာ အညစ် အကြေးမှ ကင်းသောဟု ဆိုလိုသည်။

ဒါဟာ–ဒ့ကိုသိလို့ ဒိ့ကိုပယ်တာဘဲ၊ သ့ကိုသိလို့ ဝိ့ကိုပယ်တာဘဲ။

**သစ္စာဆေးတော်–ဝင် မဝင်, ဉာဏ်နှင့်ဆင်ခြင်။** ။ ဤလိုပင် ဘုရားရှင်ကြီးက, လူ နတ်တို့အား သစ္စာလေးပါးဆေးတော်ကို တိုက်ကျွေးပါသော်လည်း၊ ရှေးရှေးသောဘဝ ကာလတို့က နိဗ္ဗာန်ကို ဆုတောင်း၍၊ ဝါ၊ ယခုဘဝ ပြုလုပ်ကြရတဲ့ ကုသိုလ်ကောင်းမှုကြောင့် -- နောင်သောအခါ အရှင်ဘုရားတို့ သိတဲ့သစ္စာလေးပါးကို သိမြင်ရပါလို၏ဟု ဆုတောင်း၍ ပြုလုပ်ခဲ့ကြဘူးတဲ့ မဂ်ဖိုလ် ဉပနိဿယရှိခဲ့ကြတဲ့ လူ နတ် တို့မှသာ တဏှာမှ တပါးသော ခန္ဓာကို–ဒု၊ ထိုခန္ဓာကို အသစ်အသစ် ဖြစ်စေတတ်သော ရှေးဘဝက တဏှာလောဘကို–သ၊ ထို ဒု–သ, သစ္စာနှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်ကို–နိ၊ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားကို–မ ဟု လွယ်လွယ်ကူကူနှင့် သဘောကြ၍ လက်ခံနိုင်ကြရာ တသံသရာလုံး–တဘဝလုံးက ငါ့ကိုယ် အတ္တဟု ယူမှားခဲ့ကြသော အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ အယူမှားကို ပယ်ရှားနိုင်လေသည်၊ လက်ရှိခန္ဓာကို ငါ့ကိုယ် အတ္တဟု အယူမမှားတော့ဘဲ၊ ဒီခန္ဓာကို ရကတဲက,တဘဝလုံး–တသံသရာလုံး ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်း စစ်မှန်လှသောကြောင့်–ဒုက္ခသစ္စာ လို့သာ နှစ်ချိုက် ယုံကြည်စွာ သဘောကြသွားပါလျှင် ဒုက္ခဆေးတော်ဝင်ပြီ၊ သ,ကြောင့်–ဒု ဟု ယုံကြည်မှုရှိလျှင်–သမုဒယသစ္စာ ဆေးတော်ဝင်ပြီ၊တဏှာ ပယ်တဲ့ မဂ်အကျင့်ကြောင့်–ဒု, သ,သစ္စာနှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာကို နိဗ္ဗာန် လို့ မြင်သိသွားလျှင်–နိ ဆေးဝင်ပြီ၊ နိ–သို့ရောက်ကြောင်း အကျင့်ကောင်းဖြစ်တဲ့ မဂ္ဂင်ကို–မ ဟု မြင်လျှင် မ,သစ္စာဆေးတော်ဝင်ပြီ ဟူလို။

ထိုသို့မဟုတ် ရှေးဘဝက မဂ်ဖိုလ် ဉပနိဿယ မရှိခဲ့ကြတဲ့အတွက် ရှင်တော်ချစ်က သင်တို့ လက်ရှိခန္ဓာဟာ ပဋိသန္ဓေမှ စုတိသေနေ့သို့ ကျအောင် ဆင်းရဲတာမှန်လှသောကြောင့်–ဒုက္ခသစ္စာမို့လဲ ဒုက္ခသစ္စာ လို့ ဟောကြားပါလျက် သက်သက်မှ သဘောမကျနိုင်ဘဲ၊ 'ကျားချင် ကျား မီးယပ်၊ နံ့ချင် နံ့–တယ်နှစ်' ဆိုတာလို ငါ့ကိုယ် အတ္တဘဲဟု အတ္တဒိဋ္ဌိ အယူမှားကို မစွန့်လွှတ်နိုင်ဘဲ, ဒုံးခံ၍နေလျှင် ဒုက္ခသစ္စာဆေးတော် မဝင်သေးဘူးဟု သိလေ မှတ်လေ၊ ဒုက္ခသစ္စာဆေးတော် မဝင်သေး၍ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကိုပင် ငါ့ကိုယ်အတ္တဟု မှတ်ထင်ယူဆနေသေး၍ အတ္တဒိဋ္ဌိနူနာ မပျောက်သေးလျှင် ပြုအပ်သော ကံအားလျော်စွာ သုံးဆဲ့တဘုံ သံသရာ

ဝဋ်ဆင်းရဲကြီးထဲမှာ ရှံခါ ဒုဂ္ဂတိ၊ ရှံခါ သုဂတိ မြဲတယ်လို့မရှိ၊ ယခုဘဝ ကုသိုလ်ကံ မ,၍ လူ့ဘဝ,နတ်ဘဝ,ဗြဟ္မာဘဝ၌ ဖြစ်ရသော်လည်း—

(၄) ဥက္ခိတ္တာ ပုညတေဇေန ကာမရူပဂတိံ ဂတာ၊
ဘဝဂ္ဂမ္ပိ သမ္ပတ္တာ ပုနဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။ အရ

ဆောင်ပုဒ်။ ။ သစ္စာမသိ၊ ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင်စကြာ၊
နတ်မှာသိကြား၊ မိုးဖျားဗြဟ္မာ၊ ဖြစ်တုံပါလည်း၊
ခန္ဓာပျိုကွဲ၊ကုသိုလ်စဲက၊ဖေါက်လွဲပါယ်ရွာ၊ရောက်မြဲသာတည်း။

နှင့်အညီ၊ "လက်ရှိဘဝ စုတိကျက လေးဝအပါယ် ရောက်တတ်တယ်" ဆိုတာလို အပါယ်သွားဘို့သာ အရန်သင့် ပြင်ဆင်ထားပေတော့, သွားလေ ရော့ဟူ၍သာ နှုတ်ဆက်ပြီးသား ဖြစ်ပါတော့သည်။

(၄) အနက်။ ။ ပုညတေဇေန၊ကောင်းမှုတေဇော် အာနုဘော်သည်။ ဥက္ခိတ္တာ၊ မြှောက်ပင့်၍ တင်အပ်ကုန်သော။ ကာမရူပဂတိံ ဂတာ၊ ကာမ သုဂတိ ခုနစ်ဘုံ,ရူပဘုံသို့ လားရောက်ကြကုန်သော။ ယေစ သတ္တာ၊အကြင် ပုထုဇ္ဇန် လူနတ်ဗြဟ္မာ သတ္တဝါတို့သည်ရင်း။ ဘဝဂ္ဂမ္ပိ၊ အထက်ဘဝဂ် နေဝသညာ,နာသညာယတနဘုံသို့။ သမ္ပတ္တာ၊ လားရောက်ကြကုန်သော။ ယေစသတ္တာ၊ အကြင်ပုထုဇဉ် အရှုပဗြဟ္မာကြီးတို့သည်ရင်း။ ပုညက္ခယာ၊ ကုသိုလ်ကောင်းမှု အဟုန်၏ကုန်ခြင်းကြောင့်။ ပုန၊ တဖန်။ ဒုဂ္ဂတိံ၊ ငရဲ တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် လေးပါးသော အပါယ်ဘုံတို့သို့။ ဂစ္ဆန္တိ၊ သစ္စာမသိ ဒိဋ္ဌိမကွာ သောတာပန်မဖြစ်၍ အပါယ်လွတ်တရား မရသော ကြောင့် ထပ်ကာထပ်ကာ ရောက်ရလေကုန်သတည်း။

ဥပမာဆိုသော် — မီးအိမ်ပျံကြီးသည် မှိုင်းအားရှိသလောက် အထက် ကောင်းကင်သို့ပျံတက်ပြီး မှိုင်းအားကုန်သည်နှင့် တပြိုင်နက် အောက်မြေ ပြင်သို့ ကျသကဲ့သို့၊ ထို့တူပမာ—လူ နတ် သတ္တဝါတို့သည်လည်း ကုသိုလ် အားရှိသလောက် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံသို့ ရောက်၍ ကုသိုလ်ကုန်က အပါယ်လေးဘုံသို့ ကျသတည်း။

အခိပ္ပါယ်။ ။ သစ္စာမသိ ဒိဋ္ဌိမကွာလျှင် ကုသိုလ်ပို့၍ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံသို့ ရောက်သော်လည်း ကုသိုလ်အဟုန်ကုန်က အပါယ်လေးဘုံသို့ ပြန်၍ ရောက်တယ်ဆိုတဲ့ တိုက်ရိုက်ပြ, နိတတ္ထအခိပ္ပါယ်ကို သိကြရပါသဖြင့် ကုသိုလ်ပို့လို့ လူ့ဘုံသို့ ရောက်တဲ့ခါ သစ္စာသိအောင် ကြိုးစားပါလျှင် ဒိဋ္ဌိကွာ၍ ကုသိုလ်အဟုန်ကုန်သော်လည်း အပါယ်လေးဘုံသို့ ပြန်မရောက်နိုင်တော့ပြီ သုဂတိဘုံ၌ နိဗ္ဗာန်ဝင်သည်အထိ မြဲတော့သည်ဆိုတဲ့ ဆောင်၍ သိရတဲ့၊ ဂါ၊ ပြောင်းပြန်လှန်၍ သိရတဲ့ နေယျတ္ထ, ဗျတိရေက အခိပ္ပါယ်ကိုလည်း သိရှိကြပါလေဦး။

တဖန် ။ "စတ္တာရိသစ္စာနိ ဗုဇ္ဈတီတိ ဗုဒ္ဓေါ၊ ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ"နှင့်အညီ၊ မိမိလည်း သစ္စာလေးပါးတို့ကို သိမြင်တော်မူတတ်, လူ နတ်အများ သတ္တဝါ သူတပါးတို့ကိုလည်း သစ္စာလေးပါးတို့ကို ဤတဏှာမှ တပါးသော ဘုံသုံးပါးရှိ ခန္ဓာကား-ဒု ဖြစ်သည်၊ ဤတဏှာကား-သ, ဖြစ်သည်၊ ဤ ဒု-သ, နှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်သည်ကား-နိ, ဖြစ်သည်၊ မဂ္ဂင်ရှစ်ပါးကား-မ, ဖြစ်သည်ဟု သိစေတော်မူတတ်သော ဘုရားမြတ်စွာ စိန္တေယျာ သမားတော်ကြီးသည် ခန္ဓာမှန်က ဘယ်ခန္ဓာမှ ချမ်းသာခွင့်မရ၊ ပဋိသန္ဓေမှ စုတိသေနေ့ကျအောင် ဆင်းရဲတာမှန်လှသော ကြောင့်-ဒုက္ခသစ္စာ လို့ ဟောပြောပါလျက် ဒုက္ခသစ္စာလို့ မမှတ်မယူဘဲ ငါ့ကိုယ်အတ္တဟုအလွဲယူကာ ဒိဋ္ဌိ စသော ကိလေသာနူနာမပျောက်နိုင်ကြတဲ့ လူ နတ် ဗြဟ္မာ သူနာအနူသယ်တို့အား ကံအားလျော်စွာ ရံဖန်ရံခါ၊ ဝါ၊ တရံတခါ လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံတို့သို့ ကံပို့၍ ရောက်လာကြပါသော်လည်း၊ ကမ္ဘာနာ သံသရာနာခေါ်တဲ့ ဒိဋ္ဌိနူနာမပျောက်၊ ဒိဋ္ဌိနူနာအမြစ်မပြတ်သဖြင့် ဒေဝဒတ်,ဇာတဘာတ်,စုန္ဒ,နန္ဒတို့လို ကာမဂုဏ်အစာ,ကာမဂုဏ်အညှော်မိလိုက်ကြတဲ့ခါ ဒိဋ္ဌိနူနာ ခဏခြင်း မန်းထလာ၍ ပြုမိပြုရာ ပြုလိုက်မိကြသောကြောင့် ကားခနဲ ကားခနဲ, ထွေးခနဲ ထွေးခနဲ အပါယ်ငရဲသို့ တကျထဲ ကျ,ကျနေကြရတဲ့ ဒုက္ခိတ သတ္တဝါတွေကို တတ်တတ်ထင်ထင် ဉာဏ်တော်နှင့် မြင်တော်မူသောကြောင့် လွန်မင်းစွာသနားတော်မူလှသဖြင့် "ပဥ္စဝဂ္ဂီငါးဦး, ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်, ရှင်အာနန္ဒ, ရှင်မဟာကဿပ, ဝိသာခါ, အနာထပိဏ် စသော သူတို့ကဲ့သို့ ဒိဋ္ဌိနူနာ ကိလေသာရှင်းရှင်းပျောက်၍ နောက်တဖန် အပါယ်သို့မပြန်တော့ဘဲ လူ နတ် သုဂတိ

သံသရာထဲမှာ ချမ်းသာမြဲ၍ နိဗ္ဗာန်ဝင်ပွဲအထိ ချမ်းသာသုခ ရရှိကြစေခြင်း အကျိုးငှါ လေးဆယ့်ငါးဝါ ရှည်ကြာကာလပတ်လုံး မနေမနား သစ္စာလေးပါး ဆေးတော်ကြီးကို တိုက်ကျွေးတော်မူသည် မှတ်လေ။

တိုက်ကျွေးပုံကား—

ဣဒံဒုက္ခံ, အယံဒုက္ခသမုဒယော, အယံဒုက္ခနိရောဓော,
အယံဒုက္ခနိရောဓဂါမိနိပဋိပဒါ။ ။ ဟူ၍

မကျဉ်းမကျယ်အားဖြင့် သစ္စာလေးပါး ဆေးတော်ကို တခွက်ပြီးတခွက် ဆင့်ကာ ဆင့်ကာ ဘုရားမြတ်စွာ သမားတော်ကြီးသည် ခွက်ဆင့်ဘဲ တိုက်တော်မူခဲ့ပေသည်။

ထိုတွင်—"ဣဒံဒုက္ခံ"ဆိုတာက ဒုက္ခသစ္စာဆေးကို တိုက်တော်မူခြင်းဖြစ်သည်။

အဓိပ္ပါယ်။ ။ ချစ်သားတို့—သင်တို့၏ ခြေဆုံး, ခေါင်းဆုံး, တကိုယ်လုံး, တကောင်လုံးကြီးကို ဒိဋ္ဌိ ၏ အစွမ်းဖြင့် ငါကိုယ် အတ္တ ဟု, တဏှာ၏ အစွမ်းဖြင့် ငါ့ဟာ—ငါ့ဥစ္စာ ဟု မာန ၏ အစွမ်းဖြင့် ငါ ဟု မဟုတ်မမှန် ဖေါက်ပြန်မှားယွင်းသော အစွဲတရားဖြင့် အလွဲအမှားကို မယူကြလေနှင့်၊ သင်တို့ယူဆတဲ့အတိုင်း ဘာတခုမှ မဟုတ်မမှန်, အဟုတ်အမှန်မှာ ရှေးဘဝက လူဘုံ၌ ဖြစ်ချင်လှတဲ့ လောဘကြောင့် တခုသောဘဝ, တယောက်သော အမိ၏ ဝမ်းဝယ် ကလလရေကြည် တည်သည်ကစ, ပဋိသန္ဓေမှ စုတိ သေနေ့သို့ကြအောင် ဆင်းရဲတာ မှန်လှသောကြောင့်-ဒုက္ခသစ္စာ လို့သာ သိကြမြင်ကြ, အယူမှန်ကို ယူကြဟု ဒုက္ခသစ္စာကို ဟောပြတော်မူပေသည်။

'အယံဒုက္ခ သမုဒယော' ဆိုတာက ချစ်သားတို့-အဆိုပါ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာဟာ မိုဃ်းပေါ်က ကျလာတာ, မြေကြီးထဲက ထွက်လာတာလဲ မဟုတ်၊ ထာဝရဘုရား, ဗိဿနိုး နတ်များ ဖန်ဆင်း၍ ဖြစ်တာလဲ မဟုတ်ဘူး၊ အကြောင်းမရှိဘဲ အကြောင်းကင်း၍ ရောက်ယားဘာသာ ဖြစ်ပေါ်လာတာလဲ မဟုတ်ဘူး၊ အမှန်မှာ-စုန်းကိုလဲ မရိုးနဲ့၊ နတ်ကိုလဲမရိုးနဲ့ ရွာသူရဲ့အတတ် ဆိုတာလို၊ လွန်ခဲ့တဲ့ ရှေးဘဝက လူ့ဘုံ၌ ဖြစ်လိုလှတဲ့ ဘဝတဏှာကြောင့်သာ ယခု လက်ရှိဘဝမှာ ဘဝတဖန် ရုပ်နာမ် ခန္ဓာ ဒုက္ခသစ္စာ အသစ် ဖြစ်ပေါ်လာခြင်း ဖြစ်တယ်၊ အဲသည် ဘဝတဏှာကို

ဖြစ်လို၍ ဖြစ်ပြန်ပါလျှင် ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ဇာတိ စသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ကို မုချဖြစ်စေတော့မှာ မှန်လှသောကြောင့်- သမုဒယသစ္စာ လို့သာ သိကြ၊မြင်ကြ၊အယူမှန်ယူကြဟု သမုဒယသစ္စာကို ပြတော်မူပေသည်။

'အယံ ဒုက္ခနိရောဓော' ဆိုတာက ချစ်သားတို့-ရခဲတဲ့ လူ့ဘဝကို ရ၍ ကြုံခဲတဲ့ သာသနာတော်ကြီးနှင့် ကံကောင်းထောက်မ၍ တွေ့ကြုံကြရသော အမျိုးကောင်းသား အမျိုးကောင်းသမီး တို့သည် ယခုလို ကြားနာရခဲတဲ့ သစ္စာလေးပါး တရားတော်ကို ကြားနာကြရတဲ့ခါ၊ အဆိုပါ ဒု-သ, သစ္စာ နှစ်ပါးတို့တွင် ဒု,ကား-ခန္ဓာ၊ သ,ကား-တဏှာ ဟူ၍ရှင်း၊ ဒု, ကား-အကျိုး တရား၊ သ,ကား-အကြောင်းတရားဟူ၍ရှင်း၊ သ,ဟူသော တဏှာအကြောင်း ကြောင့် ဒု-ဟူသော ခန္ဓာအကျိုးဖြစ်သည်ဟူ၍ရှင်း၊ တဏှာကြောင့် ခန္ဓာ၊ တဏှာကြောင့် ခန္ဓာ၊ ဖြစ် ပျက် မွေး သေ, ဖြစ် ပျက် မွေး သေ, သံသရာ ရှည်၍ နေရတော့သည်ဟူ၍ရှင်း၊ ဤပုံဤနည်း ×၁-စုတိမှ၊ ×၂-ပဋိသန္ဓေ ပဋိသန္ဓေမှ စုတိ၊ မပြတ်မစဲ ထပ်တလဲလဲ ကရွတ်ကင်းရှောက် တဒေါက် ပတ်ပတ် အဆုံးမသတ်နိုင်ကြတော့ဘဲ စုတိပဋိသန္ဓေတို့ကို ထပ်ကာထပ်ကာ ယူကြကုန်သည်ဖြစ်၍ ×၃-သုံးပါးသောဘဝ၊ ×၄-လေးပါးသော ယောနိ၊ ×၅-ငါးပါးသောဂတိ၊×၆-ခုနစ်ပါးသော သတ္တဝိညာဏဋ္ဌိတိ၊×၇-ကိုးပါး

---

×၁။ စုတိ—ထင်ရှားရှိသောဘဝမှ ရွေ့လျောပျက်စီးခြင်း။

×၂။ ပဋိသန္ဓေ—ရှေးဘဝ,နောက်ဘဝကို တစပ်တည်းကဲ့သို့ စပ်ခြင်း။

×၃။ သုံးပါးသော ဘဝ—ကာမဘဝ,ရူပဘဝ,အရူပဘဝ။

×၄။ လေးပါးသော ယောနိ—အဏ္ဍဇ,သံသေဒဇ,ဇလာဗုဇ,ဩပပါတိက။

×၅။ ငါးပါးသော ဂတိ—မနုဿ,ဒေဝ,နိရယ,တိရစ္ဆာန,ပေတ။

×၆။ ခုနစ်ပါးသော ဝိညာဏဋ္ဌိတိ—နာနတ္တကာယ နာနတ္တသညီ,နာနတ္တကာယ ဧကတ္တသညီ, ဧကတ္တကာယ နာနတ္တသညီ, ဧကတ္တကာယ ဧကတ္တသညီ, ဧကတ္တသညီ အာကာ, ဧကတ္တသညီ ဝိညာ, ဧကတ္တသညီ အာကိန်။

×၇။ ကိုးပါးသော ဘဝ—ကာမဘဝ, ရူပဘဝ, အရူပဘဝ၊ သညီဘဝ, အသညီ ဘဝ,နေဝသညီ နာသညီဘဝ၊ ဧကဝေါကာရ ဘဝ,စတုဝေါကာရဘဝ, ပဉ္စဝေါကာရ ဘဝ။

သော ဘဝ၊ ×ဂ-ကိုးပါးသော သတ္တဝါသတို့၌ မဟာသမုဒ္ဒရာ၌ လေသည် ပစ်လွှင့်အပ်သော လှေ ဖေါင် သဘော်ကဲ့သို့ရင်း၊ ယန္တရားစက်၌ က,အပ် သော နွားကဲ့သို့ရင်း၊မရပ်မတည် ကြင်လည်ပြေးသွား၍နေရခြင်းသည်ကား အခြားမဟုတ်၊ 'မျိုးစေ့နှင့် အပင်'ကဲ့သို့ တဏှာကြောင့် ခန္ဓာ, ဖြစ် ပျက် မွေးသေ, သံသရာရှည်နေကြရသည်ဟု သ,နှင့် ဒု-ကို 'ကောင်းကောင်းလှလှ သိမြင်ကြသည်၊ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်ကြတဲ့ခါ, အရဟတ္တမဂ် နောင်မှာ တဏှာအသစ် တဖန်မဖြစ်တော့သည်ဖြစ်၍ အရဟတ္တဖိုလ်နောင်မှာ ခန္ဓာလဲအသစ်တဖန် မဖြစ်တော့ဘဲ တဏှာခန္ဓာဖြစ်နေကျ အစဉ်ပြတ်၍ နောက်ထပ်အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေးသွားတဲ့ အသင်္ခတဓာတ်ဟု မ· နှင့်-နိ ကိုရင်း, ကောင်းကောင်းလှလှ သိမြင်ကြသည်၊ သိမြင်တဲ့အတိုင်း တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် အဆိုပါ ဒု—သ, သစ္စာနှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်ကို-နိရောဓသစ္စာ လို့,သာ သိကြ, မြင်ကြ, အယူမှန် ယူကြဟု နိရောဓသစ္စာကို ဟောပြတော်မူပေသည်။

'အယံဒုက္ခ နိရောဓဂါမိနီပဋိပဒါ'ဆိုတာက,ချစ်သားတို့ အခြားမဟုတ်ပေ၊ အထက်အဆိုပါ တဏှာပယ်,တဏှာဖြတ်,တဏှာသတ်တဲ့ ဝိပဿနာမဂ်အကျင့် မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားကို မဂ္ဂသစ္စာ လို့,သာ သိကြ, မြင်ကြ, အမှန် ယူကြဟု မဂ္ဂသစ္စာကို ဟောတော်မူပေသည်။ အမှန်မှာ-ကိလေသာနူနာ ပျောက်အောင် သစ္စာဆေးတော်ကို တိုက်ကျွေးတော်မူခြင်းပင်ဖြစ်ပေသည်၊ သို့တိုက်သော်လည်း တိုက်တော်မူတိုင်း တဏှာခန္ဓာအစဉ်ပြတ်တဲ့ အသင်္ခတ

---

× ဂ။ ကိုးပါးသော သတ္တာဝါသ။

(က) ဝိနိပါတိကာ၊ အသုရာ၊ လူ့,ရှာနတ်တဝ။ (နာနတ္တကာယ နာနတ္တသညီ)
(ခ) ရူပ ပဌမစျာန် မဂ်လေးတန်၊အမှန်တဌာန၊(နာနတ္တကာယ ဧကတ္တသညီ)
(ဂ) ဒုတိယစျာန်ဘုံ၊အလုံးစုံ၊ယူတုံတဝ နိယတ။ (ဧကတ္တကာယ နာနတ္တသညီ)
(ဃ) တတိယ ဝေဟပ္ဖလာ၊သုဒ္ဓါဝါ၊ဖြဟ္မာဌာနဘုံတဝ။ (ဧကတ္တကာယ ဧကတ္တသညီ)
(င) အသညသတ်မှာ၊ ဗြဟ္မာရှာ၊ ယူရာတဝ မြဲမုချ။ (ဧကတ္တကာယ)
(စ) အရူပဘုံ၊ အလုံးစုံ၊ ယူတုံပစ္စေက။ (ဧကတ္တသညီ)

ပေါင်း—သတ္တဝါသ ဘုံကိုးဝ ဖြစ်သည်။

အဓိပ္ပါယ်အကျယ် သိလိုက မာတိကာ စသော ညဝါအကောက်တို့မှာကြည့်။

ခေါတ် နိဗ္ဗာန်ကို–နိရောဓသစ္စာ ဟု တဏှာပယ်တဲ့ မဂ်အကျင့်ကို–မဂ္ဂသစ္စာ ဟု တကယ်ယုံကြည်စိတ်ချ၍ နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မျက်မှောက် မြင်သိသွားပါလျှင် နိ–မ, သစ္စာဆေးတော် နှစ်ခွက်လည်း ဝင်သွားပြီဟု သိလေ မှတ်လေ။ ထိုသို့မဟုတ် 'ကျွဲချင် ကျွဲ–မီးယပ်၊ နံချင် နံ–တယ်နှစ်' ဆိုတာလို၊ နွားတို့ ခွေးတို့ အကျင့်ဖြင့်ပင် သံသရာမှ စင်ကြယ်သည်ဟု၊ ဝါ၊ နိဗ္ဗာန်ရောက်သည်ဟု၊ ဝါ၊ နေဝသညာ နာသညာ ဘဝဂ်ကိုပင် နိဗ္ဗာန်ဟု အယူမှားနေသေးလျှင်၊ ဝါ၊အယူမှားရှိနေသေးလျှင် နိ–မ, ဆေးတော် မဝင်သေးဟု သိလေ မှတ်လေ။ ဤလိုဤပုံ–ဘုရား သမားတော်ကြီးပေးတဲ့ သစ္စာလေးပါး ဆေးတော်များကို သုံးဆောင် စားသောက်ကြပါလျှင် ပျောက်နေကြပဲ့တွေ့ဆေးစွမ်းကောင်းကြီး တကယ် ယုံကြည်၍ တကယ်သောက်၍ တကယ် ဆေးဝင်သွားပါလျှင် တကယ် ရောဂါပျောက်နေကြ ဆေးစွမ်းကောင်းကြီးကားမှန်၏၊ သို့ရာတွင် ဆေးဝင် မဝင်ကို သတိနှင့်ဆင်ခြင်၍ ဆေးဝင်အောင်သောက်လေ၊ ဆေးကောင်း ကောင်း မဝင်ဘူးထင်လျှင် ဆေးစားမပေါ့နှင့်၊ ဆေးသောက် ဆေးစား ပျင်း၍ ဖျင်းနေလျှင် ဆေးမဝင်၍ ငါ့ကိုယ် အတ္တဟု ဒိဋ္ဌိနူနာ ထတိုင်း ထတိုင်း ပြုမိပြုရာ ပြုလုပ်မိကြ၍ လူ့ဘုံက သေ–ကားခနဲ၊ နတ်ဘုံက သေ– ကားခနဲ၊ ဗြဟ္မာဘုံကသေ, လူ့ဘုံ,နတ်ဘုံမှာ တဘဝလောက်နား–ကားခနဲ ခဏခဏ အပါယ်လေးဘုံသို့ ကျတတ်တဲ့ အရေး, ကျရမဲ့ အရေးတွေကို နာနာတွေး။

ဤကမ္ဘာတွင် ကကုသန်ဘုရားလက်ထက် ကြက်မငယ်သည် ဒို့ဘုရား လက်ထက်ကြတော့ ဝက်မငယ်၊ ဒီဘုရားနှစ်ဆူကြားထဲမှာ ဗြဟ္မာပြည်မှာ တဘဝ ဖြစ်ရချေသေးတယ်၊ဘုရားမရှိပြီးနောက် သီဟိုဠ်ကျွန်း အနုရာဓပြည် ဩက္ကန္တ သောက္ကန္တရွာ သုမနသူဌေးကြီးသမီးဘဝ အမတ်ကတော်ဖြစ်ပြီးမှ ဘိက္ခုနီမ ပြုလုပ်၍ ရဟန္တာမ, ဖြစ်မှဘဲ အေးတော့တယ်။ 'ဗြဟ္မာပြည်မှာ တဝင်းဝင်း–ဝက်စာကျင်းမှာ တရှုတ်ရှုတ်' ဆိုတာ ကြားဘူးကြရဲ့ မဟုတ် လား၊ အဲဒါ သစ္စာဆေးမသောက်လို့ အတ္တနူနာမပျောက်သဖြင့် ဗြဟ္မာပြည် ရောက်ပြီးမှ ဒိဋ္ဌိက အပါယ်လေးဘုံ ပြန်ဆွဲချသောကြောင့် ဝက်မငယ် ဖြစ်လာပြန်ရတာ မှတ်လေ။

(သုတ္တသင်္ဂဟပါဠိတော် သူကရပေါတိက ဝတ္ထုမှာ ရှုကြည့်လေ။)

တနည်းအားဖြင့်။ သစ္စာလေးပါးဆေးတော်သည် ဝိရေစန-ဝမ်းလျှောဆေး၊ ဝမန-အန်ဆေးလဲဖြစ်တယ်။ “ အဟဉ္စခေါ ဘိက္ခဝေ ဝိရေစနံ ဒေသိဿာမိ ဝမနဉ္စ ”ဟု ဟောတော်မူတယ်၊ ဤဝိရေစန-ဝမ်းလျှောဆေး၊ ဝမန အန်ဆေးဆိုတာလဲ အခြားမဟုတ်ပါဘူး၊ သစ္စာလေးပါးကို သိတဲ့- သမ္မာဒိဋ္ဌိ ခေါ်သော မဂ္ဂင်ရှစ်ပါး တရားဆေးတော်ပင် ဖြစ်ပါတယ်။ ထို့ကြောင့်ပင် “ သမ္မာဒိဋ္ဌိကဿဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ ဝိရတ္တော ဟောတိ ” စသည်ဖြင့် ဟောတော်မူခဲ့ပါတယ်၊ သစ္စာသိတဲ့ သမ္မာဒိဋ္ဌိ လက်ကိုင်ရှိသော သူအား သစ္စာမသိတဲ့ မိစ္ဆာဒိဋ္ဌိ, အယူမှားတဲ့ မိစ္ဆာဒိဋ္ဌိ လျှောကျ အန်ထွက်တော့သည် ဟူလို။

ဥပမာ။ ။ အဆိပ်သောက်မိတဲ့သူကို လိမ္မာလှစွာသော ဆေးဆရာသည် အလျှင်အမြန် ဝမ်းလျှောဆေး, အန်ဆေးပေး၍ လျှော၍ဖြစ်စေ, အန်၍ ဖြစ်စေ, အဆိပ်ကိုကျစေ၍ အသက်ချမ်းသာအောင်ပြုသကဲ့သို့၊ ထို့တူပမာ ဘုရားဘဂဝါ သမားဆရာကြီးသည်လည်း ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကိုပင် ငါကိုယ် အတ္တဟု မှတ်ထင် ယူဆမှားနေကြတဲ့ လူနတ်တို့အား အတ္တဒိဋ္ဌိ အဆိပ်ကုံးကြီး လျှောကျ အန်ထွက်၍ အပါယ်လွတ်တရားရ, သောတာပန် စသော အရိယာများ ဖြစ်သွားစေခြင်းငှါ သစ္စာလေးပါး ဝမ်းလျှောဆေး တိုက်ကျွေးသော်မူသည်ဟူလို။ ဘုရားဖြစ်တော်မူစကပင် အတ္တဒိဋ္ဌိ အဆိပ်ရေ သောက်မိကြတဲ့ လူ နတ် ပြဟ္မာ သတ္တဝါအပေါင်းတို့တွင် ပဉ္စဝဂ္ဂီငါးဦး တို့နှင့်တကွ တဆဲ့ရှစ်ကုဋေသော ပြဟ္မာတို့အား ရှေးဦးစွာ သစ္စာလေးပါး ဝမ်းလျှောဆေး, အန်ဆေးတို့ကို တိုက်ကျွေးတော်မူ၍ အတ္တဒိဋ္ဌိ ဝိစိကိစ္ဆာ အဆိပ်တွေ လျှောကျ အန်ထွက်ကျသဖြင့် ပုထုဇဉ်အရှုံးနာ ပျောက်ပြီး သောတာပန် စသော အရိယာများ ဖြစ်သွားနိုင်ကြသည်တို့ကို ထောက် မြှော်ကြလေ။

## အပိုင်း (၅)

## ခုနစ်ဘဝနှင့် အပြီး

(၁) ယတောစခေါ် အဝိယသစ္စာနိ သမ္မပ္ပညာယပဿတိ ဒုက္ခံဒုက္ခသမုပ္ပါဒံ ဒုက္ခဿစ အတိက္ကမံ အရိယံ အဋ္ဌင်္ဂိကံမဂ္ဂံ ဒုက္ခူပ သမဂါမိနံ။

(၂) သ သတ္တက္ခတ္တုံ ပရမံသန္ဓာဝိတွာန ပုဂ္ဂလော၊ ဒုက္ခဿန္တ ကရောဟောတိ၊ သဗ္ဗသံယောဇနက္ခယာ တိ။ (နိဒါန–ဋ္ဌ)

(၁) ဘိက္ခဝေ၊ အို နာ သေရေး ဒုက္ခအေးတို့ကို မျှော်တွေး ကြောက်ငြား ငါ့ချစ်သားတို့။ ယတောစခေါ် အကြင်အခါ၌ကား။ ဒုက္ခံ၊ဘဝတဖန် ရုပ်နာမ်ခန္ဓာဆိုတဲ့ ဒုက္ခသစ္စာကိုင်း။ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကို တဖန်တဖန် ဖြစ်စေတတ်သော ဘုံသုံးပါးတို့၌ ဖြစ်လို ဖြစ်ချင်နေ သော ဘဝတဏှာလောဘခေါ်သော သမုဒယသစ္စာကိုင်း၊ ဒုက္ခဿစ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ၏လည်း။ ဝါ၊ကိုလည်း။ အတိက္ကမံ၊လွန်မြောက်၍ သွားရာဖြစ်သော နိရောဓသစ္စာကိုင်း။ ဒုက္ခူပသမဂါမိနံ၊ ကုန်အောင် စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခတို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက် ကြောင်းဖြစ်သော။ အရိယံ၊ ဖြူစင်သန့်ရှင်း အပြစ်ကင်းသော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂံစ၊ သမ္မာဒိဋ္ဌိ စသော မဂ္ဂသစ္စာကိုင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊ အရိယာတို့သည် သိအပ်ကုန်သောသစ္စာတို့ကို။ သမ္မပ္ပညာယ၊ ရုပ်နာမ်အသိကစ၍ ဤကား ဒုက္ခ စသည်ဖြင့် သစ္စာအသိသို့ထိအောင် မဖေါက်မပြန် ဟုတ်မှန်စွာသိတတ် သော လောကီပညာ,လောကုတ္တရာပညာဖြင့်။ ပဿတိ၊ ဟုတ်တိုင်းထင်ထင် ထိုးထွင်း၍ သိမြင်၏။

(၂) သ သောပုဂ္ဂလော၊ ထိုသစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်သောပုဂ္ဂိုလ်သည်။ သံသာရေ၊ ဖြစ်ပျက်မွေးသေ, ဖြစ်ပျက် မွေးသေ ဆိုတဲ့ သံသရာဝဋ်ဆင်းရဲကြီးထဲ၌။ သတ္တက္ခတ္တုံပရမံ၊ ခုနစ်ကြိမ် ခုနစ်ဘဝလောက်သာ။သန္ဓာဝိတွာန၊ကြင်လည်ရ၍။သဗ္ဗသံယောဇနက္ခယာ၊ ဒသလုံးစုံသော သံယောဇဉ်တို့၏ကုန်ခြင်းကြောင့်။ ဒုက္ခဿန္တကရော၊ဖြစ်ပျက် မွေးသေဆိုတဲ့ သံသရာဝဋ်ဆင်းရဲအဆုံးကိုပြုနိုင်တော့သည်။ ဝါ၊ မွေးသေ လွတ်တဲ့ နိဗ္ဗာန်ကိုရောက်အောင် ရှက်ဆောင်နိုင်တော့သည်။ ဝါ၊ နိဗ္ဗာန် ထုတ်ချောက် ရောက်တော့သည်။ဟောတိ၊မုချမသွေ့ဖြစ်တော့လေ၏။

## ၉၃—ရာခိုင်နှုန်း

**အဓိပ္ပါယ်။** ။ အကြင်အခါ ဤတဏှာကြွင်းသော ဘုံသုံးပါးရှိ ရုပ်နာမ်ခန္ဓာကား-ဒုက္ခသစ္စာ ဖြစ်သည်၊ ဤတဏှာကား-သမုဒယသစ္စာ ဖြစ်သည်၊ ဤ ဒုက္ခ-သမုဒယ သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာနိဗ္ဗာန်သည်ကား-နိရောဓသစ္စာ ဖြစ်သည်၊ ဤနိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည်ကား-မဂ္ဂသစ္စာဖြစ်သည်ဟု သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားဝေဘန်၍ မဖေါက်မပြန် အမှန်ကိုသိ၏၊ ထိုသို့ သစ္စာလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာသိသောပုဂ္ဂိုလ်သည် ဘယ်သူဘဲသိသိ သိတဲ့အချိန် သိတဲ့ဘဝကစ၍ အပါယ်လွတ်တရား ရပြီးလျှင် လွန်လှပါမှ ခုနစ်ဘဝလောက်သာ လူနတ်သံသရာတွင် ကြင်လည်၍ တနည်းနည်းဖြင့် အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် ဒုက္ခ၏အဆုံးကို ပြုနိုင်တော့၏၊ ဝါ၊ နိဗ္ဗာန်သို့ရောက်တော့၏ ဟူလို။

သစ္စာသိ၍ သောတာပန် အရိယာဖြစ်သောဘဝမှာ သံသရာဝဋ်ဒုက္ခကို အပုံတရာပုံလျှင် ၉၃—ပုံ ကုန်လေပြီ၊ ခုနစ်ဘဝအတွက် ခုနစ်ပုံသာ ကြွင်းကျန်တော့သည်၊ အကျန်နည်း၍ အကုန်များလေပြီ၊ ခုနစ်ဘဝအထက်၌ ဖြစ်လတ္တံ့သော ကံ ကိလေသာခန္ဓာတို့သည် အလုံးစုံကုန်လေပြီ၊ သစ္စာမသိ၍ အရိယာသောတာပန်, အရိယာမဖြစ်သေးလျှင် ခုနစ်ဘဝလဲမက ဘဝ ရာထောင်, ကမ္ဘာရာထောင်လဲမက, အသင်္ချေအနန္တ သံသရာဝဋ်ဒုက္ခတွေ မကုန်သေးပေ၊ အခွင့်ရလျှင် ဖြစ်ပျက်မွေးသေတွေ မရေမတွက်နိုင်ပင် အကျိုးပေးဦးမည်၊ သစ္စာကို သိမြင်ရခြင်းသည် ဤမျှ ကျေးဇူးများလှပေသည်။

### ဝဋ်ဘဝတိုတိုနှင့်

ထို့ကြောင့်-သစ္စာသိမှုဟာ လွန်စွာ့လွန်စွာ အရေးပါ အရာရောက်လှပေသည်၊ တာသွားလှ ခရီးရောက်လှပေသည်၊ ဖြစ်ပျက်မွေးသေ, သံသရာကို လွန်စွာတိုစေနိုင်, ကုန်စေနိုင်သည်၊ ယနေ့ကာလ သူက-ငါက ဆုတောင်းကြဆုပေးကြတဲ့ခါ ဝဋ်ဘဝတိုတိုနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မြန်မြန်ရောက်ရပါလို၏

ရောက်လွယ်ကြဖြစ်စေလို့ ဆုတောင်းကြ, ဆုပေးကြ၏၊ ဒါကတော့ ထုံးစံအတိုင်းတောင်းရ, ပေးရတာ၊ တောင်းရုံ ပေးရုံနှင့်တော့ မွေးသေဝဋ်က အလိုလိုတိုသွားမှာမဟုတ်ဘူး၊ သို့ရာတွင် ဆုတောင်းတာ-ဆုပေးတာ အပိုဘဲလို့တော့ အယူမှားမသွားကြစေနှင့် ကျမ်းဂန်ထဲမှာ ဆုတောင်း-ဆုပေးတွေရှိနေတယ်၊ ကျမ်းဂန်အလာပယ်ရောကျမည်ကို သတိပြု၊ တောင်းတဲ့ပေးတဲ့အတိုင်း ရအောင်ဝဋ်ဘဝတိုတဲ့ နည်းလမ်းကိုသာ ကြိုးပန်းပါ၊ ကြိုးပန်းရန်ကား-သစ္စာသိအောင် အားထုတ်ခြင်း၊ သိတဲ့အခါ တဏှာပယ်တဲ့မဂ်အကျင့်ကို ကျင့်ခြင်း၊ မဂ္ဂင်ရှစ်ပါး ဝိပဿနာ အလုပ်တရားကို ပွါးများအားထုတ်ခြင်းပေတည်း။

'မဂ္ဂ'ဘာဝေတဗ္ဗာ'အရ၊ မဂ္ဂသစ္စာမဂ္ဂင်ရှစ်ပါးကို ပွါးများအားထုတ်တဲ့ခါ ရုပ်နာမ်အသိကစ၍ သစ္စာသိအထိသိလာပေလိမ့်မည်၊ သိတဲ့ခါ 'ဒု,သိ,ဒိ,ပယ်၊ သ,သိ,ဝိ,ပယ်၊ နိ,မ, သိ၊ သိ, ပယ်'နှင့် အညီ၊ ဒုက္ခသစ္စာကို သိတော့-ဒိဋ္ဌိကိုပယ်၊ သမုဒယသစ္စာကို သိတော့-ဝိစိကိစ္ဆာကိုပယ်၊ နိ-မ, သစ္စာကို သိတော့-သိ ကိုပယ်၍၊ တတိယ သစ္စာခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မျက်မှောက်မြင်သိတဲ့ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်များ ဖြစ်ပေါ်ကာ **သောတာပန်** အရိယာ ဖြစ်သွားနိုင်ပေသည်။ ဤနည်းဤပုံ-နှစ်ကြိမ်မြောက်နိဗ္ဗာန်ကို မြင်သိတဲ့ခါ-**သကဒါဂါမ်**၊ သုံးကြိမ်မြောက် နိဗ္ဗာန်ကို မြင်သိတဲ့ခါ-**အနာဂါမ်**၊ လေးကြိမ်မြောက် နိဗ္ဗာန်ကို မြင်သိတဲ့ခါ-**ရဟန္တာ** ပင် ဖြစ်နိုင်ကြ၍ အရဟတ္တမဂ်နောင်မှာ တဏှာအသစ်မဖြစ်တော့သည်ဖြစ်၍ အရဟန္တစုတိနောင်မှာလည်းခန္ဓာအသစ်မဖြစ်တော့ဘဲ တဏှာအသစ်အသစ်ဖြစ်မှု, ခန္ဓာအသစ်အသစ်ဖြစ်မှု အမြဲငြိမ်းအေးသွားတဲ့ နိရောဓသစ္စာနိဗ္ဗာန်သို့သာ ဆိုက်ရောက်ပါတော့သည်ဖြစ်၍ ဖြစ် ပျက် မွေးသေ၊ ဖြစ်ပျက်မွေးသေ ဆိုတဲ့ ဝဋ်ဘဝတိုသွားလေတော့သည်။

**ဘယ်လောက် တိုချင်သလဲ ?** လက်ရှိဘဝထဲနှင့်ဘဲ တိုချင်သလား ?၊ နှစ်ဘဝ,သုံးဘဝလောက် ဖြစ်ပျက်မွေးသေပြီးမှဘဲ တိုချင်သလား ?၊ တိုလိုလျှင် တိုနိုင်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့-သစ္စာသိတဲ့ခါ တဏှာကြောင့် ခန္ဓာ, ဖြစ်ပျက်မွေးသေ သံသရာရှည်၍ နေကြရသည်ဟူ၍ရင်း၊ တဏှာကို အပြတ်ဖြတ်လိုက်တဲ့ခါ တဏှာခန္ဓာ အစဉ်ပြတ်တဲ့ အသခ်ဝာခေတ် နိဗ္ဗာန်

ဟူ၍ငင်း၊ သွားရမဲ့လမ်းကိုမျှော်မှန်းမိပြီးသားဖြစ်၍ တဘဝထဲနှင့်ဘဲ တိုချင်ပါတယ်ဆိုလျှင် ဖြစ်လိုလျှင် ဖြစ်ပြန်လိမ့်မယ်၊ ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ ဇာတိ စသော ကုန်အောင်စုံသော ဆင်းရဲဒေပါင်းချုပ် ဒုက္ခဟူသမျှတို့နှင့် မုချ တွေ့ရပြန်လိမ့်မယ် စသည်ဖြင့် ဒုက္ခသစ္စာ ထင်မြင်အောင် ဆင်ခြင်၍ ဇာတိ စသော ဒုက္ခသစ္စာ ကောင်းကောင်းလှလှကြီး ထင်မြင်လာတဲ့ခါ, ဘုံသုံးပါးဆိုသော်လည်း မီးပုံကြီး သုံးပုံ, မီးလောင်အိမ်ကြီးသုံးလုံး, မီးလောင်ရွာကြီး သုံးရွာကို တတ်တတ်ထင်ထင် မိမိ၏ ပကတိမျက်စိနှင့် မြင်နေရဘိသကဲ့သို့၊ ထို့တူပမာ—ဘုံသုံးပါးရှိ ရုပ်နာမ် ခန္ဓာလောင်စာပေါ်တွေမှာ ရာဂ စသော တဆဲ့တသီး အပူမီးတွေ နှေ့ညဥ့်မစဲတဒီးဒီး တဟဲဟဲ တရှဲရှဲ အမြဲတမ်း တောက်လောင်နေသည်တို့ကို ဉာဏ်မျက်စိဖြင့် တတ်တတ်ထင်ထင် သိမြင်၍လာခါ ဘုံသုံးပါးတို့၌ တဖန် ဖြစ်ရပြန်ပါလျှင် အဆိုပါ မီးပုံကြီး သုံးပုံထဲသို့ ဝင်၍ အလောင်ခံရမည်ကို ကြောက်သည်ထက်ပင် အဆတရာ မကသာ၍ ကြောက်လှပါသောကြောင့် ဘုံသုံးပါးတို့၌ တဖန်ပြန်၍ ဖြစ်လို ဖြစ်ချင်နေတဲ့ တဏှာအာလယ အပြီးအပြတ် လက်စသတ် ယတိပြတ် တုတ်တုတ်ပြတ်ဖြစ်သွားပါက....

**ကိလေသာဘာဝေ ဝိဇ္ဇမာနမ္ပိ ကမ္မံ အာယတိံ အပ္ပဋိသန္ဓိကံ ဟောတိ။**

ဆိုတဲ့ ဥဒါန်းဋ္ဌာနှင့် အညီ၊

ဘုံသုံးပါးတို့တွင် ဘယ်ဘုံ ဘယ်ဘဝမှာမှ ရုပ်နာမ်ဇာတိ နောက်ထပ်အသစ်ဖြစ်ခြင်း မရှိတော့ဘဲ တဘဝထဲနှင့်ဘဲ တိုလိုက တိုနိုင်ကြပါသည်၊ မတိုလို၍ မတိုတတ်၍ မတိုကြတာ, တိုလို၍ တိုတတ်ပါက၊ ဝါ၊ တိုနည်းကို သိပါက၊ ဝါ၊ တဏှာပယ်တဲ့မဂ်အကျင့်ကို ကျင့်ပါက, တိုနိုင်ကြပါသည်၊ ပါးစပ်က တိုရပါလို၏ဟု ဆိုသော်လည်း, စိတ်က မတိုလိုလျှင်၊ ဝါ၊တဏှာအာလယ မပြတ်လျှင် မတိုနိုင်ပါ၊ စိတ်က တိုလိုမှသာ၊ ဝါ၊ ဖြစ်လို ဖြစ်ချင်နေတဲ့ တဏှာအာလယပြတ်မှသာ တိုနိုင်ပါသည်ဟု သိလေ မှတ်လေ။

တဏှာအာလယပြတ်ခြင်းသည် "အရဟတ္တမဂ်" ပေတည်း။
ပြတ်ဆဲကို—မဂ်ယူ၊ ပြတ်ပြီးကို ဖိုလ်ယူ။

တဿာယေဝ တဏှာယ အသေသ ဝိရာဂနိရောဓော
ဝာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။ ။ ဆိုတဲ့

ဓမ္မစကြာပါဠိအလာကို ထောက်မျှော်ကြလော၊ ဤကား-သစ္စဉာဏ်ဖြင့် မဂ်ဝင်ဟန်ကို ပြဆိုခြင်းပေတည်း။

သစ္စာလေးဖြာ ခန္ဓာမှာ

ဒေပိခေါ်ဟံအာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သ သညမှိ
သ မနကေ လောကဉ္စပညာပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ
လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ။ ။ (ဒေဝတာသံယုတ်ပါဠိ)

အာဝုသော၊ ရောဟိတ နတ်သား။ အပိစခေါ၊ စင်စစ်သော်ကား။ အဟံ၊ ငါဘုရားသည်။ သ သညမှိ၊ သညာရှိသော။ သ မနကေ၊ စိတ်ရှိသော။ ဗျာမ မတ္တေ၊ တလံမျှလောက်သော။ ဣမသ္မိံယေဝကဠေဝရေ၊ ဤ သူငါတို့၏ ခန္ဓာကိုယ်၌သာလျှင်။ လောကဉ္စ၊ ခန္ဓာငါးဖြာ ဒုက္ခသစ္စာကိုရှင်း။ လောကသမုဒယဉ္စ၊ တဏှာဟူသော သမုဒယ သစ္စာကိုရှင်း။ လောက နိရောဓဉ္စ၊ နိဗ္ဗာန်ဟူသော နိရောဓသစ္စာကိုရှင်း။ လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအကျင့်ဖြစ်သော မဂ္ဂင်ရှစ်ပါး ခေါ်သော မဂ္ဂသစ္စာကိုရှင်း။ ပညာပေမိ၊ ဟောကြားပညတ်တော်မူ၏။

အဓိပ္ပါယ်။ ။ သက်တော်ထင်ရှား ဘုရားရှိစဉ်က အမှန်လေးပါး ခေါ်တဲ့ သစ္စာလေးပါး တရားတော်ဟာ အခြားတပါးမှာရှိနေတာ မဟုတ်ဘူး၊ ဤ သူ-ငါ, ကျား-မ, လူ-နတ် စသည် ခေါ်ဆိုကြတဲ့ ခန္ဓာမှာဘဲ ရှိတယ်လို့ ဟောထားခဲ့သောကြောင့် ယခုကာလ တစုံတယောက်သော သူက သိလိုရေးနှင့် မေးလျှင်လဲ-ဤခန္ဓာမှာဘဲ ရှိတယ်လို့ ဖြေဆိုရပေလိမ့်မည်၊ တဖန် ရှေးကပေစာထဲ, ယခုစာအုပ်, ပိဋကတ်သုံးပုံ ဘီရိုတွေထဲမှာ သစ္စာလေးပါးတွေ ရှိနေတယ်မဟုတ်လားလို့ မေးပြန်လျှင်လဲ ရှိပါရဲ့၊ အဲဒါက သစ္စာလေးပါး အစစ်အမှန်မဟုတ်ပါ၊ သူ-ငါတို့ ခန္ဓာမှာ အဟုတ်အမှန်ရှိနေတဲ့ သစ္စာလေးပါးတို့ကို ပြဆိုထားတဲ့ ဒေသနာ အစဉ်မျှသာ ဖြစ်ပါသည်၊ အစစ်အမှန်မှာ-ဤခန္ဓာမှာသာရှိပါသည်ဟု အဖြေပေးလော၊ ဉာဏ်ရောင်၍မနေကြနှင့်။ သို့ရာတွင် ဒု—သ, နိ—မ, ဆိုတဲ့ သစ္စာလေးပါး တို့တွင် ဒု-သ, သစ္စာနှစ်ပါးတို့သာ ဤခန္ဓာမှာ 'ဥပါဒ်—ဌီ—ဘင်' အနေ

အားဖြင့် အမြဲတမ်းရှိနေပါသည်၊ နိ—မ, သစ္စာနှစ်ပါးတို့မှာ မဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်၊ ဝါ၊ မဂ်စိတ်, ဖိုလ်စိတ် ဖြစ်ပေါ်ဆဲ၊ ဝါ၊ နိဗ္ဗာန်ကို တဲ့တဲ့ အာရုံပြုနိုင်တဲ့ မဂ်ဉာဏ်-ဖိုလ်ဉာဏ် ဖြစ်ပေါ်ဆဲအခိုက်အတန့်၌သာ ရရှိနိုင်ပေသည်၊ ဤခန္ဓာမှာ အမြဲရှိနေသည်မဟုတ်ပါ၊ သို့ရာတွင် နိဗ္ဗာန်ကို တဲ့တဲ့ မြင်သိတဲ့ အာရုံပြုနေတဲ့ မဂ်စိတ်-ဖိုလ်စိတ်၊ မဂ်ဉာဏ်-ဖိုလ်ဉာဏ်များ ဖြစ်ပေါ်နေတဲ့ခါ, ခန္ဓာပြင်ဘက်မှာ သွားပြီး, ခန္ဓာပြင်ဘက်မှာ ထွက်ပြီး မဖြစ်နိုင်ပါ၊ ဤခန္ဓာမှာဘဲ ဤခန္ဓာကိုမှီ၍, ဤခန္ဓာနှင့်စပ်၍, ဤခန္ဓာနှင့် ဆက်သွယ်၍သာ ဖြစ်ပေါ်ရပါသောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ ဌာနီရဲ့ အမည်ကို ခန္ဓာဌာနဌ တင်စား၍ ဌာနျူပစာရအားဖြင့် ဤခန္ဓာမှာဘဲ ရှိသည်ဟုဆိုရသည်၊ ဤကဲ့သို့သော အရှိမျိုးကိုရည်၍ဆိုသည်ဟု သိလေ။

**တနည်းမှာ။ ။ နိဗ္ဗာနမ္ပိ ခန္ဓပဋိဗဒ္ဓမေဝ ခန္ဓေဟိဝိသယိကတ္တာ။ ။ ဟု** ဝိသုဒ္ဓိမဂ်ဋီကာ၌လာသည်။

နိဗ္ဗာနမ္ပိ၊ နိရောဓသစ္စာထိုက်တဲ့ အသင်္ခတဓာတ် နိဗ္ဗာန်တရားတော် မြတ်ကြီးသည်လည်း။ ခန္ဓပဋိဗဒ္ဓမေဝ၊ ခန္ဓာနှင့် ဆက်စပ်သည်သာတည်း။ ဝါ၊ ခန္ဓာနှင့်စပ်၍ဖြစ်သည်သာတည်း။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ခန္ဓေဟိ၊ ခန္ဓာတို့နှင့်။ ဝိသယိကတ္တာ၊ဝိသယာဓာရ ဝိသယီအာဓေယျ အဖြစ်ဖြင့် စပ်ခြင်းရှိသည်၏အဖြစ်ကြောင့်တည်း။

ဤပုံ ရှိတဲ့အရှိမျိုးကိုရည်၍ နိ—မ, သစ္စာတို့ဟာ ဤကိုယ်မှာရှိသည်ဟု ဆိုရသည်။ 'သန္တိကေ နိဗ္ဗာနံ' ဟူ၍၎င်း၊ 'နိဗ္ဗာနသောဝသန္တိကာ' ဟူ၍၎င်း ကျမ်းဂန်တို့၌ရှိသည်။

**ထို့ကြောင့်—**

(၁) နိဗ္ဗာန်ဆိုတာ မကွာဝေးပါဘူး၊တထွာကလေးပါဘဲ ဤကိုယ်မှာ။
(၂) နိဗ္ဗာန်ဆိုတာ အမှန်မဝေးပါဘူး၊ တလံကလေးပါဘဲ ဤကိုယ်မှာ ဟု-ဆိုကြသည်။

## မျက် ထင်း တို့မှာ သစ္စာမရှိပါ

အဆိုပါ ဒု–သ—နိ-မ,သစ္စာလေးပါးတို့ဟာ သ,ဝိညာဏက အသက်ရှိတဲ့ ဣန္ဒြိယဗဒ္ဓရုပ်တို့၌သာ ရှိသည်ဟု ဆိုသဖြင့် အ,ဝိညာဏက အသက်မရှိတဲ့ အနိန္ဒြိယဗဒ္ဓရုပ်တို့၌ မရှိမရအပ်ဟု မှတ်အပ်၏။

ထို့ကြောင့်ပင်— **နာဘံ အာဝုသော ဠမာနိ စတ္တာရိ သစ္စာနိ**
**တိဏကဋ္ဌာဒိသု ပညာပေမိ ဠမသ္မိံ ပန စာတုမဟာဘူတိကေ**
**ကာယသ္မိံ ယေဝ ပညာပေမိ။** ။ (ဒေဝတာသံယုတ်—ဋ္ဌ)

**အာဝုသော၊**ရေဟိတနတ်သား။ အဟံ၊ငါဘုရားသည်။စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ တို့ကို။ တိဏကဋ္ဌာဒိသု၊ မျက်ထင်းစသော အနိန္ဒြိယဗဒ္ဓရုပ်တို့၌။ နပညာပေမိ၊ ဟောကြားပညတ်တော်မမူ။ ပန၊ ဟောကြားသည်ကား။ စာတုမဟာဘူတိကေ၊ မဟာဘုတ်လေးပါးရှိသော။ ဠမသ္မိံ ကာယသ္မိံယေဝ၊ ဤအသက်ရှိသော ဠန္ဒြိယဗဒ္ဓရုပ်၌သာလျှင်။ ပညာပေမိ၊ ဟောကြားပညတ်တော်မူ၏။

**သစ္စာလေးဖြာ ဖေါ်ပြပါ**

(၁) တဏှာမှတပါး လူနတ်တို့ရဲ့ခန္ဓာငါးပါး, လေးပါး,တပါးကို **(ဒုက္ခသစ္စာဆို)**

(၂) ချန်ထားခဲ့သော တဏှာ, ရာဂ, လောဘကို **(သမုဒယသစ္စာဆို)**

(၃) ဒု–သန္ဓစ်ပါးတို့၏တဖန်အသစ်မဖြစ်ရာနိဗ္ဗာန်ကို**(နိရောဓသစ္စာဆို)**

(၄) နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအကျင့် မဂ္ဂင်ရှစ်ပါးကို **(မဂ္ဂသစ္စာဆို)**

**လေ့ကျင့်ခဏ်း အမေး အဖြေများ**

| | | | | |
|---|---|---|---|---|
| (၁) | **မေး**....သစ္စာလေးဖြာ ဘယ်မှာရှိတယ်။ | | **ဖြေ**....ခန္ဓာကိုယ်မှာရှိတယ်။ | |
| (၂) | **မေး**....ဒုက္ခသစ္စာ | ၄င်း | **ဖြေ**.... | ၄င်း |
| (၃) | **မေး**....သမုဒယသစ္စာ | ၄င်း | **ဖြေ**.... | ၄င်း |
| (၄) | **မေး**....နိရောဓသစ္စာ | ၄င်း | **ဖြေ**.... | ၄င်း |
| (၅) | **မေး**....မဂ္ဂသစ္စာ | ဘယ်မှာရှိတယ်။ | **ဖြေ**....ခန္ဓာကိုယ်မှာရှိတယ်။ | |

ရှင်းလင်းဖေါ်ပြချက်။ ။ဒါကတော့ ဘုရားဟောထားတဲ့ သစ္စာလေးပါး အစစ်အမှန်ဟာ ဘယ်နေရာမှာရှိနေသလဲလို့ မေးပြီး သစ္စာလေးပါးရှိတဲ့ နေရာဟာ–ဤခန္ဓာမှာဘဲ ရှိပါတယ်လို့ ဖြေဆိုထားပေတယ်၊ ဒါ့ကြောင့် သစ္စာလေးပါးရှိတဲ့နေရာကို အတတ်သိအောင် လက်ညှိုးထိုးပြခြင်း ဖြစ်ပေတယ်၊ ထို့ကြောင့်—သစ္စာလေးပါး အစစ်အမှန်ရှိနေတဲ့ နေရာကို နေရာတကျ သိရှိကြရအောင် တဲ့တဲ့လက်ညှိုးထိုးမိအောင် ထိုးပြစမ်းပါလို့ မိမိကိုယ်ကိုဖြစ်စေ, သူတပါးကိုဖြစ်စေ, လေ့ကျင့်ခဏ်းအနေဖြင့် မေးချကြည့်

ပါလေ၊ သစ္စာလေးပါးရှိတဲ့နေရာကို သူကေန္တအမှန်သိရှိပါက, မိမိကိုယ်ကို ဖြစ်စေ, သူတပါးကိုဖြစ်စေ, ထိုးပြပေလိမ့်မည်၊ သို့မဟုတ်—အသက်ရှိတဲ့ သ,ဝိညာဏက သတ္တဝါတကောင်ကောင်ကိုဖြစ်စေ, လက်ညှိုးထိုး၍ ပြတတ်ပေလျှင် ဒု,သ,သစ္စာနှစ်ပါးတို့ကို တဲ့တဲ့ကြီးလက်ညှိုးထိုးမိပြီမှတ်၊ သူ သစ္စာရှိရာ အရပ်ကို သိပြီး,မြင်ပြီး, သစ္စာသိသူ, သစ္စာမြင်သူဖြစ်ပြီ၊ ဗုဒ္ဓဘာသာစစ်ပြီ၊ ဗုဒ္ဓဘာသာအတုအရောင်, ဗုဒ္ဓဘာသာ အရေခြုံဘဝက လွတ်ပြီ၊ အချုပ်အားဖြင့် ဘုံသုံးပါးတို့၌ အသက်ရှိသော သ,ဝိညာဏက သတ္တဝါမှန်သမျှ တဏှာမှုတပါးသော ရုပ်နာမ် ခန္ဓာကို-ဒုက္ခသစ္စာ ဟု တဏှာကို-သမုဒယသစ္စာ ဟု အသက်ထက်ဆုံး သိလေ မှတ်လေ၊ လက်ညှိုးအထိုးခံရတဲ့ သတ္တဝါမှန်သမျှကို ပညတ်အားဖြင့် ပုဂ္ဂိုလ်သတ္တဝါ, ပရမတ်အားဖြင့် ရုပ်နာမ် လက္ခဏာ, ဒု—သ, သစ္စာဟူ၍သာ တထစ်ချ ယုံကြည်မှတ်သားပါလေ။

ထိုသို့မဟုတ်၊ သစ္စာဟာ စာအုပ်ထဲ, ပေစာထဲမှာရှိပါသည်ဟု ပြလျှင်လည်း အစစ်မဟုတ်၍ လွဲပြီ၊ အောက်ကို ထိုးပြလျှင်လည်း မြေကြီးကိုသာ ထိုးမိ၍ မြေကြီးသည် သစ္စာမဟုတ်သောကြောင့် လွဲပြီ၊ အထက်ကိုထိုးလျှင် ကောင်းကင်ကိုသာထိုးမိ၍ ကောင်းကင်သည် သစ္စာမဟုတ်သောကြောင့် လွဲပြီ၊ မျက်သစ်ပင်တွေကို ထိုးပြလျှင်လည်း မျက်သစ်ပင်သည် သစ္စာမဟုတ်၍ လွဲပြီ၊ ဗုဒ္ဓဘာသာအစစ်မဖြစ်သေး, အရေခြုံမျှသာဖြစ်သေးသည်၊ အရေခြုံမဖြစ်ခြင်လျှင် ဗုဒ္ဓဘာသာစစ်ဖြစ်ခြင်လျှင်၊အပါယ်လွတ်တရား ရခြင်လျှင်၊ ဝါ၊ ခုနစ်ဘဝနှင့် မွေးသေလွတ်တဲ့ နိဗ္ဗာန်ကိုရခြင်-ရောက်ခြင်လျှင်၊ ဝါ၊ ဝိသာခါ, အနာထပိဏ်တို့လို ဘုံစဉ်စံ၍ နိဗ္ဗာန်ဝင်လိုလျှင် သောနေ့ မဦးခင် သစ္စာသိအောင်ကျိုးစားလေ။

**သတိ—သတိ—သတိပြု။** ။ ဤလို သစ္စာလေးပါးတို့ရှိရာကို လက်ညှိုးထိုး ခိုင်းတဲ့ခါ, သူ-ငါ, ကျွဲ-မ, ကို ထိုးပြပါလျှင် ထိုးပြခံရတဲ့ သူ-ငါ, ကျွဲ-မ,ကို ဒု—သ,သစ္စာလို့ တထစ်ချမှတ်ယူလိုက်ပါ၊ဒု-သ,သစ္စာ ဆိုတဲ့ ပရမတ်ပေါက်အောင်, ရောက်အောင်, ထိအောင်, မိအောင် သိရှိပါလေ၊ သူ-ငါ, ကျွဲ-မ,ဆိုတဲ့ ပညတ်ပေါ်တွင် အသိဉာဏ် သောင်တင်, အသိဉာဏ် အားကုန်၍ မနေစေနှင့် ပရမတ်ထိအောင် သိလေ။

**လေ့ကျင့်ခန်း**

(၁) သူ့ငါဆိုတာ အဆိုရှိ-နဂိုရှိက (ရုပ်နာမ်ခန္ဓာ) ရုပ်နာမ်ခန္ဓာက ဒုက္ခသစ္စာ
(၂) ၎င်း ၎င်း ၎င်း (ဘဝတဏှာ) ဘဝတဏှာက သမုဒယသစ္စာ
(၃) ၎င်း ၎င်း ၎င်း (အသခ်တာ) အသခ်တက နိရောဓသစ္စာ
(၄) ၎င်း ၎င်း ၎င်း (မဂ္ဂင်ရှစ်ဖြာ) မဂ္ဂင်ရှစ်ဖြာက မဂ္ဂသစ္စာ
(၅) သိ-ပယ်, မျက်-ပွါး၊ အစဉ်ထား၊ ဟောငြား ဒေသနက္ကမာ။
(၆) ပွါး, သိ, ပယ်, မျက်၊ ကျင့်စဉ်ဖြစ်၊ ပဋိပတ္တိက္ကမာ။
(၇) ပွါး,သိ,ပယ်,ဆိုက်၊ လေးပါးကိုက်၊ အမြိုက်နိဗ္ဗာန်သာ။

မှတ်ချက်။ ။ မဂ္ဂသစ္စာ-မဂ္ဂင်ရှစ်ပါးကိုပွါး၊ ပွါးတော့ သစ္စာသိ၊ သိတော့ သမုဒယပယ်၊ ပယ်တော့ နိရောဓဆိုက်၍ အမြိုက်နိဗ္ဗာန်သို့ ဝင်စံရလေတော့သည်၊ ဝါ၊ မွေးသေလွတ်တဲ့နိဗ္ဗာန်သို့ ရောက်လေတော့သည် ဟူလို။

**တနည်း**

၁။ သစ္စာဆိုတာ မဝေးပါဘူး၊ တထွာကလေးပါဘဲ ဤကိုယ်မှာ
၂။ ဒု့သစ်ဆိုတာ အဟုတ်အမှန်မဝေး ရုပ်နာမ်အစုအဝေးပါဘဲ ၎င်း
၃။ သ့သစ် ဆိုတာ မကွာမဝေးပါဘူး တဏှာအစေးပါဘဲ ၎င်း
၄။ နိ့သစ် ဆိုတာ ဟုတ်မှန်မဝေးပါဘူး ရုပ်နာမ်အေးတဲ့ ၎င်း
၅။ မ, သစ် ဆိုတာ တကယ်ပင်မဝေးပါဘူး မဂ္ဂင်ရှစ်ထွေး ၎င်း
၆။ သစ္စာဆိုတာ အမှန်မဝေးပါဘူး တလံကလေးပါဘဲ ဤကိုယ်မှာ
၇။ သစ္စာလေးဖြာ၊ ဤကိုယ်မှာ၊ မြတ်စွာဘုရားဟောခဲ့ပါ၊ ဆရာကောင်းကပ်၍ တွေ့အောင်ရှာ။

မှတ်ချက်။ ။ သစ္စာလေးပါးသည် အခြားမှာရှိသည်မဟုတ်၊ အလျားတလံ အနံ တထွာ, ဤကိုယ်မှာရှိသည် ဟူလို။

**စစ်—မစစ်** ၁။ သစ္စာလေးဖြာ၊ မသိပါ၊ ဗုဒ္ဓဘာသာ မစစ်ပါ။
၂။ သစ္စာလေးဖြာ၊ သိသောခါ၊ ဗုဒ္ဓဘာသာ စစ်တော့တာ။
(သုရမ္မဋ္ဌ သုပ္ပဗုဒ္ဓ ကဌိတို့ကို ထောက်လေ။)

ပြောင်း—မပြောင်း

၃။ သစ္စာလေးဖြာ၊ မသိပါ၊ ဘုရားပြောင်းတတ်ပါ။

၄။ သစ္စာလေးဖြာ၊ သိသောခါ၊ ဘုရားမပြောင်းတော့ပါ၊ ဘုရားမြဲတော့တာ။

လွှတ်—မလွှတ်

၅။ သစ္စာလေးဖြာ၊ မသိပါ၊ ပါယ်မှ မလွှတ်ရာ။

၆။ သစ္စာလေးဖြာ၊ သိသောခါ၊ ပါယ်မှ လွှတ်တော့တာ။

စူဠ—မဟာ

၇။ အနုသိပြန်၊ သစ္စာဉာဏ်၊ စူဠသောတာပန်။

၈။ ပဋိသိပြန်၊ သစ္စာဉာဏ်၊ မဟာသောတာပန်။

.....................

## တရားမြင်မှ ဘုရားမြင်သည်

(၁) **ကိံ တေ ဝက္ကလိ ဣမိနာ ပုတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ သော မံ ပဿတိ။ ယော ဓမ္မံ နပဿတိ သော မံ နပဿတိ။** (ဓမ္မပဒ ဝက္ကလိဝတ္ထု)

(၂) **အပဿမာနော သဒ္ဓမ္မံ မံ သောပိ နပဿတိ၊ သမ္ပဿမာနော သဒ္ဓမ္မံ သမံ ပဿတိ။ ။**

(၁) **ဝက္ကလိ**၊ ဝက္ကလိရဟန်း။ ဒိဋ္ဌေန၊ ဉာဏ်ပညာမဘက် ပကတိမျက်စိသက်သက်ဖြင့် မြင်အပ်သော။ ဝါ၊မြင်ရသော။ ဣမိနာပုတိကာယေန၊ ဤငါဘုရား၏ အကောင်ပုပ်ကြီးဖြင့်။ တေ၊သင့်အား။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဝက္ကလိ၊ ဝက္ကလိ။ ယောခေါ၊ အကြင်သူသည်။ ဓမ္မံ၊ ငါဘုရားဟောကြားတော်မူအပ်သော ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာနှင့် သစ္စာလေးရပ် တရားမြတ်ကို။ ပဿတိ၊တဏ်တတ်ထင်ထင် တွဲတွဲမြင်၏။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ မြင်၏။ ယော၊ အကြင်သူသည်။ ဓမ္မံ၊တရားတော်ကို။ နပဿတိ၊ မမြင်။ သော၊ ထိုသူသည်။ မံ၊ ငါ့ကို။ နပဿတိ၊ မမြင်။

(၂) သဒ္ဓမ္မံ၊ လေးဆဲ့ငါးဝါ ရှည်ကြာကာလ ဟောဖော်ပြအပ်သော ဒါန အစ, သီလ အလယ်, ဘာဝနာအဆုံး သုံးပါးသော သူတော်ကောင်းတရားကို။ ဝါ၊ အချုပ်အားဖြင့် သစ္စာလေးပါးတရားကို။ အပဿမာနော၊

မသိမမြင်သော။ သော၊ ထိုသူသည်။ မံပိ၊ ငါဘုရားကိုလည်း။ နပဿတိ၊ လုံးဝမမြင်။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။သမ္ပဿမာနော၊ကောင်းစွာ မြင်သော။ သ,သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ မြင်၏။

အဓိပ္ပါယ်။ ။ ဝက္ကလိရဟန်း၊ငါဘုရား၏ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို ကြည်ညို၍နေသဖြင့် လူနတ်ချမ်းသာကမပို၍ ဘာအကျိုးရှိမတုံး ဝက္ကလိ အကြင်သူသည် ငါဘုရား ဟောကြားထားတဲ့ အချုပ်အားဖြင့် သစ္စာ လေးပါး တရားကိုသိမြင်၏၊ ထိုသူသည် ငါဘုရားနှင့် ယူဇနာတရာ ဝေး ကွာ၍ နေပါသော်လည်း ငါဘုရားကို အမြဲတမ်း မြင်သိ၍နေသည်မည်၏၊ အကြင်သူသည် ငါဘုရားဟောကြားထားသော သစ္စာလေးပါးတရားကို မသိမမြင်, ထိုသူသည် ငါဘုရားအနီးမှာ ငါဘုရားရင်ခွင်တွင်းမှာ နေသော် လည်း၊ ပါ ငါဘုရား၏ သင်္ကန်းတော်စွန်းကို ဆွဲ၍ တတွဲတွဲ လိုက်နေ သော်လည်း ငါဘုရားကို လုံးဝမသိမမြင်သောသူ မည်၏ဟုဆိုလိုပေသည်။

မှတ်ချက်။ ။ ဤ၌ ငါဘုရား၏အကောင်ပုပ်ဆိုသော်လည်း ဝက္ကလိရဟန်း ထိတ်လန့်သံဝေဂရရှိစေခြင်းငှါသာဆိုတော်မူသည်၊ ဘုရား၏ကိုယ် တော်သည်ကား ကိလေသာပုပ်တွေနှင့် အဏုမြူမျှမရော, စင်ကြယ် သန့်ရှင်းသော ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်သာတည်း၊ ကိလေသာပုပ်တွေနှင့်ရောနေသော ပုထုဇဉ်သတ္တဝါ သူငါတို့ကဲ့သို့ ပုပ်သောအကောင်ပုပ်မဟုတ်၊ဝက္ကလိကား “ရူပပ္ပမာဏ, ဃောသပ္ပ မာဏ,လုခပ္ပမာဏ,ဓမ္မပ္ပမာဏ” ပုဂ္ဂိုလ်လေးယောက်တို့တွင်အဆင်း၌ ကြည်ညိုသော ရူပပ္ပမာဏ ပုဂ္ဂိုလ်ဖြစ်၍ အဆင်း၌တပ်ခြင်းကင်းတဲ့ မဂ်စိတ်-ဖိုလ်စိတ် ဖြစ်ပေါ်စေခြင်း အကျိုးငှါသာ မိန့်တော်မူပါ သည်ဟု သိလေ။

## ဘုရား, တရား, သံဃာ မြင်ပုံ

‘ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ’။ ။နှင့်အညီ၊ ရှေးဦးစွာ ဆရာမရှိ မိမိ အလိုလို သစ္စာလေးပါးတို့ကိုသိထားတော်မူပြီးလျှင် ဝေနေယျကြာ သတ္တဝါ တို့အားလည်း သစ္စာလေးပါး မြတ်တရားတို့ကို သိစေ မြင်စေခြင်းငှါ ဟောကြားထားတဲ့ သစ္စာလေးပါး တရားစကားတို့ကို ကြားနာရတဲ့အခါ

ဤကား-ဒုက္ခသစ္စာ စသည်ဖြင့် သစ္စာလေးပါး မြတ်တရားတို့ကို အကြောင်း အကျိုးနှင့်တကွ ပိုင်းခြားဝေဘန်၍ အမှန်ကို သိမြင်သောသူသည်၊ ဝါ၊ တဏှာကြောင့် ခန္ဓာ, ဖြစ်ပျက်မွေးသေ, သံသရာရှည်၍ နေကြရသည်၊ တဏှာပယ်တဲ့ခါ တဏှာခန္ဓာအစဉ်ပြတ်တဲ့ အသင်္ခတဓာတ်နိဗ္ဗာန်ဟု သိမြင် သောသူသည် ဤလို သစ္စာလေးပါးတရားကို ဖြစ်ပျက်မွေးသေ အစဉ်စပ် နေတဲ့ သံသရာဝဋ်ကြီးထဲက ကျွတ်လွတ်ထွက်မြောက် မွေးသေလွတ်တဲ့ နိဗ္ဗာန်သို့ရောက်အောင် ကြောင်းကျိုးပြ၍ ဟောကြားထားတာ ဘုရားမှ တပါး မည်သည့်လူနတ်ဗြဟ္မာမှ မဟောကြားနိုင်ဘူး၊ ဧကန္တ အလုံးစုံကို အကုန်သိတဲ့ ဘုရားဘဲဟု ဘုရားကိုမြင်၍လာတော့၏၊ ဘုရားဟောထားတဲ့ သစ္စာလေးပါးကို မိမိက သိရတိုင်း သိရတိုင်း ဘုရားရှင်ကြီးကို အမြဲတမ်း သတိရနေတော့၏၊ ဝါ-ဘုရားရှင်ကြီး၏ ရွှေမျက်နှာတော်ကို အမြဲတမ်း မြင်၍နေတော့၏၊ ဤလိုဤပုံ-မြင်သည်ကိုပင် တရားမြင်လျှင် ဘုရားကို မြင်သည်ဟု ဆိုရသည်။ ဥပမာ—မကွယ်လွန်မှီက ဆိုဆုံးမ၍ ထားခဲ့သော မိဘတို့၏စကားကို သတိရတိုင်း သတိရတိုင်း သားသမီးတို့က ကွယ်လွန်ပြီး သော မိဘတို့၏မျက်နှာကို ကွက်ခနဲကွက်ခနဲ အမြဲတမ်း မြင်မြင်နေသကဲ့သို့ ပေတည်း။ (ဤတား—တရားမြင်၍ ဘုရားမြင်ပုံ။)

တဖန်။ ။ ဤလို သစ္စာသိ၍ သောတာပန် စသော အရိယာအဖြစ်သို့ ရောက်သည်နှင့်တပြိုင်နက် တခါထဲ အပါယ်လေးပါး တံခါးပိတ်သွား၍ အပါယ်လွတ်တရား ရသွားပါသောကြောင့် အပါယ် ဝဋ်ဒုက္ခမှ တကယ် ထုတ်ဆောင်နိုင်ကြတဲ့ မဂ်တရား-ဖိုလ်တရားတွေလဲ တကယ်ဘဲ ထင်ရှား ရှိပါပေတကားဟု တရားတော်ကိုလဲ အမြဲမြင်သိ၍ နေတော့၏။

(ဤကား—တရားတော်ကို မြင်ပုံအမြွက်တည်း)

'သံသဋ္ဌုံ ကိလေသေ ဟနတီတိ သံဃော'နှင့်အညီ၊ မဂ်ဖြင့် ကိလေသာကို ပယ်သတ်တတ်သောကြောင့် 'သံဃာ'ဟု ဆိုထားရာ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိ-ဝိစိ, ကိလေသာများကို ပယ်သတ်တဲ့ သောတာပန် စသော သံဃာများ ကိုလည်း ဉာဏ်မျက်စိဖြင့် သိမြင်၍ တကဲ့ပရမတ္ထသံဃာကိုလည်း မြင်တော့ သည်။ (ဤကား-တရားကိုမြင်၍ သံဃာကို မြင်ပုံတည်း။)

မှတ်ချက်။ ။ ပညာမျက်စိရှိမှ ဘုရားစသော အရိယာတို့ကို မြင်နိုင်သည် အသားမျက်စိ,နတ်မျက်စိဖြင့် အရိယာတို့ကိုမမြင်နိုင်၊ မှန်၏၊ပကတိမျက်စိခေါ်သော မံသစက္ခုဖြင့်၎င်း,နတ်မျက်စိခေါ်သော ဒိဗ္ဗစက္ခုဖြင့်၎င်း,အရိယာတို့ကို မြင်အပ်ကုန်သော်လည်း အိမ်ခွေး တောခွေးစသည်တို့ကဲ့သို့ မြင်အပ်သည်မမည်ကုန်၊ အဘယ်ကြောင့်ဆိုသော် ထို မံသစက္ခု, ဒိဗ္ဗစက္ခုတို့၏ အဆင်းမျှကိုသာ အာရုံပြုတတ်သည်၊ အရိယာတို့၏အဖြစ်ဟူသော မဂ်ဖိုလ်ကိုအာရုံမပြုတတ်,မပြုနိုင်သောကြောင့်ပေတည်း။ ထိုစကားသည်မှန်၏၊ စိတ္တလတောင်၌နေသော ရဟန္တာကြီးတပါး၏ အလုပ်အကျွေးဖြစ်သော ရဟန်းကြီး တပါးသည် တနေ့သ၌ ရဟန္တာကြီး၏ သပိတ်သင်္ကန်းကိုယူ၍ ဆွမ်းခံလှည့်လည်ရာ အရှင်ဘုရား အရိယာတို့မည်သည် ဘယ်လိုသဘောရှိပါသနည်းဟုမေးလျှောက်၏၊ထိုအခါ ရဟန္တာဆရာ မထေရ်ကြီးက ဤသာသနာတော်၌ အချို့သောရဟန်းကြီးသည်အရိယာတို့၏ သပိတ်သင်္ကန်းကိုယူ၍ အတူလှည့်လည်ပါသော်လည်း အရိယာဟုမသိနိုင်၊ ဤလို အရိယာတို့ကိုသိနိုင်ခဲ၏ဟု ရိပ်ကာစောင်းကာမဟုတ်ဘဲ တွဲ့တွဲ့ကြီးဘဲ ပြောသော်လည်း မရိပ်မိဘူးတဲ့။

(ခန္ဓဝဂ္ဂသံယုတ် ဋ္ဌာမှာလာသည်။)

....................

## အစစ် နှင့် အတု အရေခြုံ

ဘုရားရှင်ကြီးတို့ပင် ဤသစ္စာကို သိခြင်းအကျိုးငှါ လေးသင်္ချေနှင့် ကမ္ဘာတသိန်း စသည်ဖြင့် ပါရမီတို့ကိုဖြည့်၍ ဤသစ္စာကိုသိမှ အာသဝကုန်၍ 'ဗုဒ္ဓအစစ်' ဖြစ်တော်မူကြရာ, ဤဗုဒ္ဓဟောတဲ့ သစ္စာကိုသိမှဘဲ ဗုဒ္ဓဘာသာစစ်ကြသည်၊ ဗုဒ္ဓဘာသာဖြစ်ကြသည်ဟု တထစ်ချ သိလေ မှတ်လေ ယုံကြည်စိတ်ချလေ။

သစ္စာမသိသေးသောသူတို့မှာ ဗုဒ္ဓဘာသာမစစ်သေး၊ ဗုဒ္ဓဘာသာမဖြစ်သေး၊ အတုအပ အရေခြုံမျှသာဖြစ်သေးသည်ဟု တထစ်ချ သိမှတ်ယုံကြည်လေ၊ ရွှေတု,ရွှေစစ်ကို မှတ်တင်ကြည့်မှ သိရသကဲ့သို့ ဗုဒ္ဓဘာသာ အစစ်အတုကို သစ္စာ သိ,မသိနှင့် ခွဲ၍ ကွဲပြားအောင်သိလေ၊ အဘယ်ကြောင့်ဆိုသော်–'ဆစ္စာဘိ ဋ္ဌာနာနိ အဘာဗ္ဗကာတုံ 'အရ၊ သစ္စာသိတဲ့ သောတာပန်

အရိယာဖြစ်လျှင် ပဋ္ဌာနန္တရိယ ကံငါးပါးနှင့် အညာသတ္တာရဒ္ဒေသတပါး ပေါင်း ခြောက်ပါးတို့ကို ပြုလုပ်ပြောဆိုခြင်းငှါ မထိုက်တော့သည် ဖြစ်၍ **'စတူဟာပါယေဟိစ ဝိပ္ပမုတ္တော'** အရ၊ အပါယ်လေးပါးဘေးမှ ကျွတ်ပြီး လွတ်ပြီးဖြစ်သောကြောင့် ဗုဒ္ဓဘာသာစစ်လေတော့သည်၊ အညသတ္ထာရဒ္ဒေသ ဆိုသည်မှာ—မိမိယုံကြည်ကိုးကွယ်ထားတဲ့ ဘုရားပြောင်းတာ, ဆရာပြောင်း တာကို ဆိုသည်၊ ရံခါ ဘုရားစစ်ကို ကိုးကွယ်အားထားသည်၊ ရံခါဘုရားတု ဘုရားရောင် တိတ္ထိတို့ကို ကိုးကွယ်အားထားသည်၊ ဤသို ကိုးကွယ်တဲ့ဘုရား ပြောင်းတာဟာ သစ္စာသိတဲ့ သောတာပန်အရိယာ ဗုဒ္ဓဘာသာ မစစ်သေး လို့ဘဲ၊ ဗုဒ္ဓဘာသာအတုအရောင် အရေခြုံမျှသာဖြစ်သေးသည်၊ သစ္စာသိတဲ့ သောတာပန်အရိယာ ဗုဒ္ဓဘာသာအစစ်က အထက်က ပြဆိုခဲ့တဲ့အတိုင်း ခြောက်ဋ္ဌာနတို့ကို မပြုလုပ်တော့ပြီ, ဘယ်နည်းနှင့်မှ ဘုရားမပြောင်းနိုင် တော့ပြီ ...၊ ဘုရားမှ ဘုရား၊ ဘုရားတရားမှ တရား၊ ဘုရားတပည့်သား သံဃာမှ သံဃာ၊ တထစ်ချ ချွင်းချက်မရှိ အသက်ထက်ဆုံး သက်ဝင် ယုံကြည်လေတော့သည်၊ သက်တော်ထင်ရှား ဘုရား လက်ထက်တော်က နကင်းကြီးနှင့် မာရ်နတ်မင်းကြီး, သိကြားမင်းကြီးတို့ လူ့ပြည်သို့ဆင်း လာ၍ ဗုဒ္ဓဘာသာစစ် မစစ်,သောတာပန် စစ်မစစ်သိရအောင် စမ်းသတ်ကြ စုံစမ်းကြ, ဖျက်ဆီးဖြားယောင်းလာကြသော်လည်း နဲ့နဲ့မျှ မရှိကြ၊ မတုန် လှုပ်ကြ, ဗုဒ္ဓအယူမှ မပြောင်းမရွေ့ကြတဲ့ သုရမ္ဗသူဌေးကြီး,သုပ္ပဗုဒ္ဓလူနူကြီး စသည်တို့ကို ထောက်မျှော်ကြလေ။

**လူစစ်နှင့် လူတု လူအရေခြုံ။** ။ ရခဲတဲ့လူ့ဘဝ,ကြုံခဲတဲ့သာသနာ ယခု လက်ရှိဘဝကြီးမှာ တကယ်အရေးပါ အရာရောက်လှ၍ အပါယ် ငရဲကို တကယ်ဆွဲဆွဲချတတ်တဲ့ ဒိဋ္ဌိအယူမှားကြီးကို တကယ်တားဆီးနိုင်တဲ့ ဒိဋ္ဌိ ပဋိသေဓကတရားကို ရစေ ရောက်စေနိုင်တဲ့ ခန္ဓာအာယတနဓာတ်သစ္စာတို့ကို လယ်လယ်ပတ်ပတ် တရားဆီးဝမ်းကွဲအောင် တကယ်တတ်သိ လိမ္မာမှု မရှိသေးလျှင် လူစစ်မဖြစ်သေး၊ ခြေနှစ်ချောင်း, လက်နှစ်ချောင်း, ခေါင်း တလုံးခြင်း တူနေကြ၍ လူနှင့်တူတဲ့ လူတု, လူအရေခြုံမျှသာဖြစ်သေးသည်ဟု သိလေ၊ ထို့ကြောင့်—သေနေ့မဦးခင် လူစစ်ဖြစ်ကြရလေအောင် ခန္ဓာ အာယတနဓာတ်သစ္စာတို့ကို တတ်သိအောင် ဆရာကောင်းကပ်၍ အမြန် ကြိုးစားကြပါလေ။

**ဒိဋ္ဌိအယူဖြစ်။** ။ **'ရုပ်နာမ်မသိ ဒိဋ္ဌိမကွာ, သစ္စာမသိ ဒိဋ္ဌိမကွာ'** ဆိုသောကြောင့်–ရုပ်နာမ်ကို ဝိပဿနာဉာဏ်ဖြင့် မသိလျှင် သစ္စာကို သစ္စဉာဏ်ဖြင့် မသိလျှင် ခန္ဓာမှလွတ်သော၊ ဝါ၊ သစ္စာမှလွတ်သော၊ ဝါ၊ ဒု-သ, သစ္စာနှစ်ပါးမှ လွတ်သော, ပုဂ္ဂိုလ်သတ္တဝါမှ လုံးဝမရှိသည်ကို မရှိမှန်းမသိ မောဟဖိ၍ ခန္ဓာသစ္စာမှ လွတ်သော, ပုဂ္ဂိုလ်သတ္တဝါရှိ၏ဟု ယုံကြည်စိတ်ချ ယူမှားမိကြသောကြောင့်-မိစ္ဆာဒိဋ္ဌိ အယူမှားရှိသူ လူကြီးလုံးလုံး ဖြစ်လေတော့သည်။

ထို့ကြောင့်ပင်– **ခန္ဓာဝိနိမုတ္တဿ သတ္တဿဂဟိတတ္တာ**
**ဒိဋ္ဌိဂတံ နာမ ဟောတိ။** ။ဟု ခန္ဓဝဂ္ဂသံယုတ္တဋ္ဌကထ၌ဆိုသည်။

**ခန္ဓဝိနိမုတ္တဿ၊** သစ္စာခန္ဓာမှ လွတ်သော။ သတ္တဿ၊ သတ္တဝါကို။ ဝါ၊ ပုဂ္ဂိုလ်သတ္တဝါရှိ၏ ဟူသော အယူမှားကို။ ဂဟိတတ္တာ၊ အဟုတ်တကယ်ရှိ၏ဟု ယုံကြည်စိတ်ချ၍ ယူမှားမိလေသောကြောင့်။ ဒိဋ္ဌိဂတံနာမ၊စိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်ကြီးလုံးလုံးဖြစ်တော့သည်။ ဟောတိ၊ဖြစ်၏။

ဒါဟာ–ရုပ်နာမ်မှန်း, သစ္စာမှန်းမသိလို့ ရုပ်နာမ်သစ္စာကိုပင် ပုဂ္ဂိုလ်သတ္တဝါလို့ ယူမှားသောကြောင့် **'မိစ္ဆာဒိဋ္ဌိ ဖြစ်သွားတာဘဲ၊'** အကယ်၍ ရုပ်နာမ်ခန္ဓာ သစ္စာလို့သာ ရှိသိပါက, ရုပ်နာမ်ခန္ဓာကို ရုပ်နာမ်ခန္ဓာ သစ္စာကို သစ္စာလို့ အမှန်ယူပါက, မိစ္ဆာဒိဋ္ဌိ မဖြစ်နိုင်ဘူး၊ ရုပ်နာမ် ခန္ဓာ သစ္စာကို ရုပ်နာမ်ခန္ဓာသစ္စာလို့သိလျှင်လည်း ပုဂ္ဂိုလ်သတ္တဝါဟု မယူဆ၍ ဒိဋ္ဌိ ကွာတော့သည်၊ ဒိဋ္ဌိ ကွာလျှင်လည်း အယူမှားကို တားဆီးနိုင်တဲ့ ဒိဋ္ဌိပဋိသေဓကေတရားကို ရရှိ၍ အပါယ်ချသမား, အပါယ်ပို့သမားမရှိ၍ အပါယ်မှ လွတ်ရလေတော့သည်။

**ဒိဋ္ဌိအယူမှား မဖြစ်။** ။ ခန္ဓာသစ္စာ သိတဲ့ခါ "ခန္ဓာနံပါတုဘာဝေါ နသတ္တော ခန္ဓာနံဘေဒေါ နသတ္တော၊" သမ္မောဠဌာနှင့် အညီ၊ ကံအားလျော်စွာ ဘုံသုံးပါးတို့မှာ ဖြစ်ကြ, ပျက်ကြတဲ့ခါ, လူ နတ် ဗြဟ္မာ သတ္တဝါတို့ရဲ့ ဖြစ်မှု, ပျက်မှု, မွေးမှု, သေမှု မဟုတ်၊ ခန္ဓာတို့၏ရင်း, သစ္စာတို့၏ရင်း ဖြစ်မှု ပျက်မှုသာဖြစ်သည်ဟူ၍ ခန္ဓာဟူသော, သစ္စာဟူသော ပရမတ်ကို ပေါက်အောင်-ရောက်အောင်-ထိအောင်-မိအောင်၊ ဝါ၊ ပညတ် မဘာက် ပရမတ်သက်သက်,ပရမတ်စစ်စစ် အယူမှန်ကိုယူသောကြောင့်၊ ဝါ၊ဖြစ် ပျက်

မနား သင်္ခါရတရားတို့၏ အကြောင်းအကျိုး အားဖြင့် ဖြစ်ခြင်း ပျက်ခြင်း မျှသာ၊ ဝါ၊ သင်္ခါရတရားတို့၏ မဖြစ်ခြင်းမျှသာဟု သမ္မာဒိဋ္ဌိအယူမှန်ကို ယူသောကြောင့်–'မိစ္ဆာဒိဋ္ဌိအယူမှားမဖြစ်ဘဲ' သာသနာတော်၌ သက်ဝင်သော သမ္မာဒိဋ္ဌိအယူမှန်ဖြစ်လေသည်။

ထို့ကြောင့်ပင်– **သင်္ခါရပဝတ္တမေဝ အပ္ပဝတ္တံ့ဟောတိတိ သစေ ဘဝေယျ ဒိဋ္ဌိ ဂတံနာမ နဘဝေယျ သာသနစာရိကံ ဘဝေယျ။ ။ဟု**

(ခန္ဓဝဂ္ဂဋ္ဌာ၌ ဖွင့်ပြသည်။)

သင်္ခါရပဝတ္တမေဝ၊ သင်္ခါရတရားတို့၏ ဖြစ်ခြင်းသည်သာလျှင်။အပဝတ္တံ၊ မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သစေဘဝေယျ၊အကယ်၍ အယူရှိသည်ဖြစ်ငြားအံ့။ ဒိဋ္ဌိဂတံနာမ၊ သတ္တဝါရှိ၏ဟူသော မိစ္ဆာဒိဋ္ဌိ အယူမှားသည်။ နဘဝေယျ၊ မဖြစ်ရာ။ သာသနစာရိကံ၊ သာသနာတော်၌ သက်ဝင်သော သမ္မာဒိဋ္ဌိအယူမှန်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။

> သင်္ခါရကို ရဟန္တာပုဂ္ဂိုလ်ဟု အယူမှားသော ယမက၏ အယူမှားကို ပြဆိုတဲ့နေရာတည်း။

.....................

## မယ်တော်မိနတ်သား သောတာပတ္တိဖိုလ်တရား

အလောင်းတော်မြတ် ဗောဓိသတ်၏ မယ်တော် ဖြစ်ခဲ့ဘူးသော သန္တုဿိတနတ်သားသည် သားတော်ဘုရားဖြစ်၍ ခြောက်ဝါအလွန် ခုနစ်ဝါ အမြောက်တွင် မယ်တော်ကျေးဇူးကို အထူးဆပ်ခြင်းငှါ တာဝတိံသာ နတ်ပြည်သို့တက်၍ မယ်တော်မိနတ်သားကို အမှူးထားကာ တဝါတွင်းလုံး အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူရာ, ကုဋေ ရှစ်သောင်းခန့်မျှ နတ် ဗြဟ္မာတို့ ကျွတ်တမ်းဝင်ကြရာ မယ်တော်ဖြစ်ခဲ့ဘူးတဲ့ သန္တုဿိတ နတ်သားမှာ ဘယ်တရားမျှား ရရှိလိုက်ပါသလဲဆိုတဲ့ အမေး၌ အဘိဓမ္မာ ဒေသနာ ပရိယောသာနေ မဟာမာယာပိ သောတာပတ္တိဖလေ ပတိဋ္ဌာတိ" ဆိုတဲ့ အဋ္ဌသာလိနီ နှင့် အညီ သောတာပတ္တိဖိုလ်၌ တည်၍ သောတာပန် ဖြစ်ပါသည်ဟု ဖြေရန်ရှိ၏။

ထို့ကြောင့်–တ၀ါတွင်းလုံး၊ ယူကြုံးရုပ်နာမ်၊ ငါ့ဟောသံကို၊ နာခံမှန်စွာ၊
စိမ့်စိမ့်နာသော်၊ကခါဒိဋ္ဌိ၊ မစွန်းငြိတည့်၊အာဒိဖလ၊ဖိုလ်အစကို၊
ရတုံလေလျှင်း၊တုတ်နှောင်ကင်းသည်၊မိရင်းဘ၀ ညာဆန်တည်း
ဟု–ဇာတ်ပေါင်းစုလက်ကာ၍ စပ်ဆိုခဲ့ပေသည်။

**အဓိပ္ပါယ်။** ။ တာ၀တိံသာနတ်ပြည်မှာ တ၀ါတွင်းလုံး ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာနှင့်စပ်တဲ့ အမြတ်တရားတွေကို ရွေးထုတ်၍ အဘိဓမ္မာတရားတွေကို ဟောကြားတော်မူတဲ့ခါ၊ **ဒု,သိ,ဒိ,ပယ်၊ သ,သိ,ဝိ,ပယ်၊ နိ,မ,သိ,သိ,ပယ်၊** ဆိုတဲ့အတိုင်း လက်ရှိခန္ဓာကို ဒုက္ခသစ္စာလို့သိတော့ မသိခင်တုံးက ငါ့ကိုယ်အတ္တဘဲလို့ အယူလွဲခဲ့တဲ့–ဒိဋ္ဌိကိုပယ်၊ တဏှာကြောင့် ခန္ဓာ၊ **သ**့ကြောင့်–ဒု ဖြစ်သည်ဟု သမုဒယသစ္စာကို သိတော့, မသိခင်တုံးက ဘာ့ကြောင့်–ညာကြောင့် ဗိဿဏိုးနတ်ကြောင့်ဖြစ်တယ်ဆိုတာဘဲ ဟုတ်မှန်လေသလောဟု ယုံမှားရှိခဲ့ဘူးတဲ့ **ဝိစိကိစ္ဆာကခါကိုပယ်၊** တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် တဏှာခန္ဓာအစဉ်ပြတ်တဲ့ အသခ်တဓာတ်နိဗ္ဗာန်ကို နိရောဓသစ္စာနှင့် မဂ္ဂသစ္စာကို သိတော့ မသိခင်တုံးက နွားတို့–ခွေးတို့၏ အလေ့အကျင့်ဖြင့် သံသရာမှစင်ကြယ်၏၊ဝါ၊နိဗ္ဗာန်သို့ရောက်၏ဟုမှားသောအားဖြင့် နှလုံးသွင်း ယူမှားခဲ့ဘူးသော **သီလဗ္ဗတပရာမာသကို ပယ်၍** ယူမှားမှု ဒိဋ္ဌိ, ယုံမှားမှု ဝိစိကိစ္ဆာကိလေသာမရှိလျှင်လည်း အပါယ်ခန္ဓာလည်း မရှိတော့သည်ဖြစ်၍ ဒိဋ္ဌိကိလေသာ အပါယ်ခန္ဓာတို့၏ တဖန်အသစ်မဖြစ်ရာ, ကုန်ဆုံးချုပ်ငြိမ်းရာ တတိယသစ္စာ ခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်မြင်သိသွားတဲ့ သောတာပတ္တိမဂ်ဉာဏ်, အတန့်ငယ်အာရုံပြုနေတဲ့ သောတာပတ္တိဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်များဆက်လက်ဖြစ်ပေါ်ကာ ယူမှားဒိဋ္ဌိ,ယုံမှားကခါများ မစွန်းမငြိမရှိတော့ဘဲ, လောကုတ္တရာဘက်မှာ မဂ်လေးပါး, ဖိုလ်လေးပါးဟူ ရှိရာ အစဦးစွာ သောတာပတ္တိမဂ်ဖိုလ်ကိုရ၍ သံသရာအောက် ‘အကြည်’သို့ မစုံမမျောတော့ဘဲ နိဗ္ဗာန်တည်းဟူသော အထက် ‘အညာ’သို့သာ ဆန်တက်သွားလေပြီ၊ အပါယ်ငရဲကို တကယ်ဆွဲဆွဲချတတ်တဲ့ ဒိဋ္ဌိနှောင်ကြိုး,ဝိစိကိစ္ဆာနှောင်ကြိုးကို သောတာပတ္တိမဂ်နှင့်မဖြတ်သမျှ–ခဏခဏ အပါယ်သို့ ကျကျနေခဲ့ရရာ, ယခုအခါ, ယခုဘ၀မှာ သစ္စာသိတဲ့ သောတာပတ္တိမဂ်နှင့် ဖြတ်လိုက်ပြီး,ဖြုတ်လိုက်ပြီး,ဖြေလိုက်ပြီးဖြစ်၍ အဆိုပါ ဒိ–ဝိ,နှောင်ကြိုးကင်း၍

နောင်တဖန် အပါယ်သို့ မဆင်းရတော့ဘဲ အပါယ်လေးပါး တံခါးပိတ် အပါယ်လွတ်တရား ရလေပြီဟု ဆိုလိုပေသည်။

**တနည်း သစ္စာသိပုံ—**

**ဣဒံ ဘိက္ခဝေ ဘိက္ခု ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ၊**
**အယံ ဒုက္ခ သမုဒယောတိ ယထာဘူတံ ပဇာနာတိ၊**
**အယံ ဒုက္ခ နိရောဓောတိ ယထာဘူတံ ပဇာနာတိ၊**
**အယံ ဒုက္ခ နိရောဓဂါမိနိပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။ ။**

**ဘာသာပြန်။** (၁) ရဟန်းတို့— ဤ ငါဘုရားသာသနာတော်၌ ရဟန်းသည် တဏှာမှတပါး တဏှာကိုထား၍ ဘုံသုံးပါးတို့၌ဖြစ်သော ရုပ်နာမ် ခန္ဓာဆိုတဲ့ တေဘူမက ဝဋ်တရားအပေါင်းသည်ကား-ဖြစ်ရာ ဖြစ်ရာ ဘုံဘဝတို့မှာ ပဋိသန္ဓေကစ, စုတိသေနေ့သို့ကြအောင် ဆင်းရဲတာ မှန်လှသောကြောင့်- ဒု—**သစ္စာမည်၏**။ ဤ ဒု-သစ္စာသည် ဤတေဘူမက, တရားမျှသာတည်း၊ ဤတေဘူမက တရားထက် အပိုအလွန် မရှိ၊ ဤတေဘူမက တရား တိတိကျကျသာတည်းဟု ဒု- သစ္စာကို မဖေါက်မပြန် ဟုတ်မှန်စွာ အပြားအားဖြင့်သိ၏။

(ဒု-သည် တေဘူမကတရားထက် ပို-လို မရှိဟုသိသည်ဟူလို။)
ဤကား—ဆင်းရဲအမှန်တည်း။

(၂) ရဟန်းတို့၊ (ချန်ထားခဲ့သော) ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ ဘဝတဏှာသည်ကား ဖြစ်လိုလျှင် ဖြစ်ပြန်ဦးမှာမို့ ဖြစ်ပြန်လျှင် ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ဇာတိ စသော ကုန်အောင် စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့နှင့် မုချတဖန် ပြန်၍ တွေ့ရဦးမည်ဖြစ်၍ ဆင်းရဲကိုဖြစ်စေတာ, ဖြစ်စေမှာ မှန်လှသော ကြောင့်-သ,သစ္စာမည်၏။ ဤ သ-သစ္စာသည် ဤတဏှာလောဘ မျှသာတည်း၊ ဤ တဏှာလောဘထက် အပိုအလွန်မရှိ, တဏှာ တိတိကျကျသာတည်းဟု သ-သစ္စာကို မဖေါက်မပြန် ဟုတ်မှန်စွာ အပြားအားဖြင့် သိ၏။

(သ-သည် တဏှာထက် ပို-လိုမရှိဟု သိသည်ဟူလို)
ဤကား—ဆင်းရဲကြောင်းအမှန်တည်း။

(၃) ရဟန်းတို့၊ ဤ ဒု—သ, နှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ ကုန်ဆုံး ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း ဖြစ်တဲ့ နိဗ္ဗာန်သည်ကား-တဏှာ ခန္ဓာ အသစ် မဖြစ်တော့ဘဲ အမြဲငြိမ်းအေးရာ အစစ်ကေန်ဖြစ်၍ ချမ်းသာရာ, အေးမြရာ မှန်လှသောကြောင့် — နိ, သစ္စာ မည်၏။ ဤ နိ-သစ္စာသည် ဤနိဗ္ဗာန်မျှသာတည်း၊ ဤ နိဗ္ဗာန်ထက် အပို အလွန်မရှိ, နိဗ္ဗာန် တိတိကျကျမျှသာတည်းဟု နိရောဓသစ္စာကို မဖေါက်မပြန် ဟုတ်မှန်စွာ အပြားအားဖြင့် သိ၏။

(နိ-သည် နိဗ္ဗာန်ထက် ပို-လိုမရှိဟု သိသည်ဟူလို)

ဤကား - ချမ်းသာအမှန်တည်း။

(၄) ရဟန်းတို့၊ ဤမဂ္ဂင်ရှစ်ပါးသည်ကား-ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှ တို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းသော အကျင့်မှန်လှသောကြောင့်-မ,သစ္စာမည်၏။ မ-သစ္စာသည် ဤမဂ္ဂင် ရှစ်ပါးမျှသာတည်း၊ ဤ မဂ္ဂင်ရှစ်ပါးထက် အပိုအလွန်မရှိ, မဂ္ဂင် ရှစ်ပါး တိတိကျကျမျှသာတည်းဟု မ - သစ္စာကို မဖေါက်မပြန် ဟုတ်မှန်စွာ အပြားအားဖြင့် သိ၏။

(မ-သည် မဂ္ဂင်ထက် ပို-လိုမရှိဟု သိ၏ဟူလို)

ဤကား—ချမ်းသာကြောင်းအမှန်တည်း။

---

**သောတာပတ္တိမဂ်**

**ဝေမေတ္တ စတူဟိသစ္စေဟိ သောတာပတ္တိမဂ္ဂေါ ကထိတော။**

(ငုင်းသုတ်ဖွင့်—ဋ္ဌ။)

**ဝေံ၊** ဤသို့။ **ဧတ္တေ၊** ဤသုတ်၌။ **စတူဟိ၊** လေးပါးကုန်သော။ **သစ္စေဟိ၊** ဒု,သ,နိ,မ,သစ္စာတို့ဖြင့်။ **ဝ ါ၊** ဤကား-ဒု, စသည်ဖြင့် သစ္စာလေးပါးတို့ကို သိသော မဂ်ဉာဏ်လေးပါးတို့ဖြင့်။ **သောတာပတ္တိမဂ္ဂေါ၊** သောတာပတ္တိ မဂ်ကို။ **ကထိတော၊** ဟောတော်မူအပ်၏။

**အဓိပ္ပါယ်။** ။ ဤသုတ်၌ သစ္စာလေးပါးတို့ကို သရုပ်သချာ အရေ အတွက်နှင့်တကွ တိတိကျကျ, ပိုင်းပိုင်းခြားခြား မဖေါက်မပြန် ဟုတ်မှန်စွာ

ထိုးထွင်း၍သိတဲ့ ဥာဏ်လေးပါးဟာ မဂ်ဉာဏ်လေးပါးပါဘဲ၊ဤလိုသစ္စာကို ထိုးထွင်း၍ သိတဲ့ မဂ်ဉာဏ်လေးပါးနှင့် ပြည့်စုံနေတဲ့အတွက် သောတာပတ္တိ မဂ်သို့ရောက်သောသူဟု ဆိုလိုပေသည်၊ ထို့ကြောင့် သောတာပတ္တိမဂ်သို့ ရောက်၍ သောတာပန် ဖြစ်လိုသောသူ၊ အပါယ်လွတ် တရား ရလိုသော သူတို့သည် သစ္စာသိအောင် အမြန်ကြိုးစားသင့်ပေသည်။

....................

## ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ

အလုံးစုံကို အကုန်သိသော ဘုရားမြတ်စွာ စိန္တေယျာသည် လူနတ်တို့ အား၊ တရားကိုသိ၍၊ ဝါ-သစ္စာသိ၍ သောတာပန် စသော အရိယာများ ဖြစ်သွားစေနိုင်ခြင်းအကျိုးငှါ၊ ရံခါ သာသဝ အနာသဝမခွဲဘဲ တတွဲထဲ ဟောတော်မူလိုတဲ့ခါ 'ပဥ္စက္ခန္ဓာ'ဟူ၍ငင်း၊ ရံခါ-အနာသဝမဘက် သာသဝ သက်သက်၊ ဝါ-ဝိပဿနုပဂံသက်သက် ခွဲထုတ်၍ ဟောတော်မူလိုတဲ့ခါ 'ပဥ္စုပါဒါနက္ခန္ဓာ'ဟူ၍ငင်း ဟောတော်မူလေ့ရှိသကဲ့သို့၊ ထို့တူပမာ—။

သစ္စာလေးပါး မြတ်တရားတို့ကိုလည်း သရုပ်အားဖြင့် ရံခါ ' ဣဒံ ဒုက္ခန္တိ။ပ။ပဇာနာတိ'ဟူ၍ သရုပ်အရေအတွက်နှင့်တကွ ဟောပြတော်မူလေ့ ရှိပါသည်။

**ပရိယာယ်အားဖြင့်—**

**ရံခါ—ဣမေအာသဝါတိ ယထာဘူတံ ပဇာနာတိ၊**
**အယံအာသဝသမုဒယောတိ ယထာဘူတံ ပဇာနာတိ၊**
**အယံအာသဝနိရောဓောတိ ယထာဘူတံ ပဇာနာတိ၊**
**အယံအာသဝ နိရောဓဂါမိနီပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။**

ဟူ၍လည်း ပရိယာယ်အားဖြင့် ဟောတော်မူလေ့ရှိပါသည်။ ဤလိုဤပုံ သစ္စာလေးပါးတို့ကို ရံခါ-သရုပ်အားဖြင့်၊ ရံခါ- ပရိယာယ်အားဖြင့် နှစ်မျိုး နှင်စားထား၍ဟောကြားတော်မူလေ့ရှိပေသည်ဟုသိရမည်၊ ထိုတွင် သရုပ် အားဖြင့် ဟောကြားတော်မူအပ်သော သစ္စာလေးပါး၏ အနက်သွားကို အောက်နားကရေးပြခဲ့ပါပြီ၊ ယခုအခါ ပရိယာယ်အားဖြင့်ဟောကြားတော် မူအပ်သော သစ္စာလေးပါးတို့၏အနက်သွားကို ရေးပြပေအံ့။

အနက်။ ။ "ဒု"က္ခမေ၊ ဤ လောဘ, ဒိဋ္ဌိ, မောဟ, တရားကိုယ်သုံးပါးတို့သည်။ အာသဝါ၊ ဘုံအားဖြင့် ဘဝဂ်, ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် နှိပ်စက်ယိုစီး ဖျက်ဆီးတတ်သော အာသဝေါတရား ဒုက္ခသစ္စာ မည်ကုန်၏။ ဣတိ၊ဤသို့။ ယထာဘူတံ၊မဖေါက်မပြန် ဟုတ်မှန်စွာ။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။

(ဤကား-အာသဝတရားကိုယ် ထိုက်သောတရားသုံးပါးလုံး ကိုပင် မခွဲဘဲ တတွဲထဲလုံး၍ ဟောတော်မူသည်ဟု သိလေ။)

"သ" အယံ၊ဤလောဘသည်။အာသဝသမုဒယော၊အာသဝေါတရားတို့၏ ဖြစ်ကြောင်း သမုဒယသစ္စာ မည်၏။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ မဖေါက်မပြန် ဟုတ်တိုင်းမှန်စွာ။ပဇာနာတိ၊အပြားအားဖြင့်သိ၏။

(ဤကား—အာသဝတရားကိုယ်သုံးပါးထဲက အကြောင်းဖြစ်တဲ့ အာသဝကို ခွဲထုတ်၍ဟောတော်မူခြင်းဖြစ်သည်ဟု သိလေ။)

"နိ" အယံ၊ ဤနိဗ္ဗာန်သည်ကား။ အာသဝနိရောဓော၊ အာသဝေါတရား တို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ နိရောဓသစ္စာ မည်၏။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊အပြားအားဖြင့်သိ၏။

"မ" အယံ၊ ဤမဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည်ကား။ အာသဝ နိရောဓ ဂါမိနိပဋိပဒါ၊ အာသဝေါတရားတို့၏ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းသောအကျင့် မဂ္ဂသစ္စာ မည်၏။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ၊အပြားအားဖြင့် သိ၏။

မှတ်ချက်။ ။ အာသဝ-ဆိုသည်မှာ "အာသဝန္တီတိ အာသဝါ" နှင့်အညီ အဆိုပါ "လောဘ, ဒိဋ္ဌိ, မောဟ" ဆိုတဲ့ အာသဝေါတရားတို့ သည် ဘုံအားဖြင့် အထက်ကို ဘဝဂ်, အောက်ကို အဝီစိ, ဓမ္မ အားဖြင့်တော့ မဂ်, ဂေါတြဘူစိတ်ဖြစ်သည့်တိုင်အောင် လူနတ် ဗြဟ္မာ သတ္တဝါတို့အား နှိပ်စက် ဖျက်ဆီး ယိုစီးတတ်သော တရားဆိုး-တရားမျိုးများသာဖြစ်ကြ၍ "အာသဝ" ဆိုသည်။ ကြာမြင့်စွာ ထုံအပ်သော သေအရက်တို့ ကဲ့သို့တည်း၊ ဝါ၊ သေများ အရက်များနှင့် တူနေတဲ့တရားမျိုးဟု ဆိုလိုပေသည်။

## အာသဝေါက္ခာတဲ့ အသိ

တဿ ဧဝံ ဇာနတော ပဿတော ကာမာသဝါပိ စိတ္တံ ဝိမုစ္စတိ၊ ဘဝါသဝါပိ စိတ္တံ ဝိမုစ္စတိ အဝိဇ္ဇာသဝါပိ စိတ္တံ ဝိမုစ္စတိ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ။ ။

(တိက—အင်္ဂုတ္တရပါဠိ။)

ဧဝံ၊ ဤသို့။ ဇာနတော၊ သစ္စာလေးပါးတို့ကို သရုပ်တရားကိုယ်အရအားဖြင့်၎င်း, ပရိယာယ်ကိလေသာ အာသဝအရအားဖြင့်၎င်း, ထိုးထွင်း၍ သိသော။ ဧဝံ၊ ဤသို့။ ပဿတော၊ မြင်ထသော။ တဿ၊ ထိုသူအား။ ဝါ၊ ထိုသူ၏။ စိတ္တံ၊ ငါးပါးအာရုံ ကာမဂုဏ်တို့၌ တပ်မက်တတ်သော။ ဝါ၊ လိုချင် ရချင်သော လောဘစိတ်သည်။ ကာမာသဝါပိ၊ ငါးပါးအာရုံ ကာမဂုဏ်တို့၌ စုံငုံမက်မက် ခုံခုံတက်အောင် တပ်မက် နှစ်သက်တတ်သော လောဘဟုဆိုအပ်သော ကာမာသဝမှလည်း။ ဝိမုစ္စတိ၊ လွတ်၏။ ဝါ၊ လိုချင်မှု, ရချင်မှု, နှစ်သက်မှုမှ ကင်းလွတ်သွား၏။ ဘဝါသဝါပိ၊ ခုဘဝ သေပေသည့် နောက်ဘဝဖြစ်ဦးမှာဘဲ မြဲ၏ဟုယူသော သဿတဒိဋ္ဌိ, ခုဘဝ သေရင် ပြီးတာဘဲ နောက်လဲ ဘာမှမဖြစ်တော့ဘူး ပြတ်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့်တကွသော ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ ပေါ်နောဗ္ဘဝိက ဘဝတဏှာခေါ်တဲ့ လောဘဟုဆိုအပ်သော ဘဝါသဝမှလည်း။ စိတ္တံ၊ စိတ်သည်။ ဝိမုစ္စတိ၊ လွတ်၏။ ဝါ၊ ဘုံသုံးပါးတို့တွင် ဘယ်ဘုံ ဘယ်ဘဝမှာမှ မဖြစ်လို မဖြစ်ချင်တော့ပြီ။ ဝါ၊ ဖြစ်လိုဖြစ်ချင်တဲ့ စိတ် လုံးလုံးကြီးမရှိတော့ပြီ။ အဝိဇ္ဇာသဝါပိ၊ သစ္စာလေးပါးတို့၌ ဤကား ဒုံ၊ ဤကား–သ၊ ဤကား–နိ၊ ဤကား–မ,ဟု မှုံမှုံမှဲမှဲ နဲနဲကလေးမှ မသိရအောင် ပိတ်ပင်ဖုံးလွှမ်းထားတဲ့ မောဟလေးပါးဟု ဆိုအပ်သော အဝိဇ္ဇာသဝမှလည်း။ စိတ္တံ၊ သစ္စာမသိမှု မောဟစိတ်သည်။ ဝိမုစ္စတိ၊ သစ္စာသိတော့ လွတ်၏။ ဝိမုတ္တသ္မိံ၊ အလွဲအမှား အစွဲတရား အစွဲအလမ်းဖြစ်သော ကိလေသာ အစွဲတရားအမျိုးမျိုးတို့မှ တခုမကျန် အကုန်လုံး လွတ်သွားလေတော့သည်။ အမှိုဖြစ်လေပြီတကား။ ဣတိ၊ ဤသို့။ ဉာဏံ၊ဆင်ခြင်၍သိတတ်သော ပစ္စဝေက္ခဏာဉာဏ် ဆဲ့ကိုးတန်သည်။ ဟောတိ၊ ဖြစ်ပေါ်လာတော့၏။

မေ၊ ငါ့အား။ ဇာတိ၊ ဘုံသုံးပါးတို့၌ မရပ်မနား တဖါးဖါး ပဋိသန္ဓေ နေရခြင်း ဟူသော ဇာတိသည်။ ခီဏာ၊ အကုန်လုံး ကုန်လေပြီ။ ဗြဟ္မစရိယံ၊ အခါခါတွယ် တဏှာပယ်တဲ့ မဂ်အကျင့်ကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ ကရဏီယံ၊ တဆဲ့ခြောက်ဝ မဂ်ကိစ္စကို။ ကတံ၊ တမဂ်လျှင်လေးကြိမ် လေး မဂ်တော့ ဆဲ့ခြောက်ကြိမ်ပြုအပ်လေပြီ။ ဣတ္ထတ္တာယ၊ ဤ တဆဲ့ခြောက် ပါးသော မဂ်ကိစ္စအကျိုးငှါ။ အပရံ၊ တပါးသော ပြုဘွယ်ကိစ္စသည်။ န၊ မရှိတော့ပြီ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

---

## ဘယ်ဇာတိ ကုန်သလဲ ?

ဤ၌ ' **ခီဏာဇာတိ** 'အရ၊ ဇာတိကုန်ပြီဟုဆိုထားရာ၊ ' **အတိတ်, ပစ္စုပ္ပန်, အနာဂတ်** 'ဟု ကာလသုံးပါးရှိရာ၊ ဘယ်ဇာတိကုန်သလဲဆိုတဲ့ အမေး၌— အတိတ်ဇာတိ ကုန်သလော ? အတိတ်ဇာတိလဲ မကုန်၊ အဘယ်ကြောင့် ကုန်ပြီးဖြစ်သောကြောင့်ပါတည်း။ သို့မဟုတ် အနာဂတ်ဇာတိကုန်သလော၊ အနာဂတ်ဇာတိလည်း မကုန်၊ အဘယ်ကြောင့် မဖြစ်သေးသောကြောင့် တည်း။ ပစ္စုပ္ပန်ဇာတိကုန်သလော ? ပစ္စုပ္ပန်ဇာတိလဲမကုန်၊ အဘယ်ကြောင့် ဖြစ်ဆဲဖြစ်နေသောကြောင့်ပေတည်း။ ဒါဖြင့်ရင် ဘယ်ဇာတိကုန်သလဲဆိုတဲ့ အမေး၌—ယခုလို မဂ္ဂသစ္စာ မဂ်ကိုမပွါးများပါလျှင်၊ ဝါ၊တဏှာပယ်တဲ့ မဂ် အကျင့်ကို မကျင့်ပါလျှင် ဧကဝေါကာရ-တခုသောခန္ဓာ၊ စတုဝေါကာရ- လေးခုသောခန္ဓာ၊ ပဉ္စဝေါကာရ-ငါးခုသော ခန္ဓာတို့သည် အသစ်အသစ် ဖြစ်ခွင့်ရှိသော'ဥပ္ပဇ္ဇနာရဟ'ကိလေသာခန္ဓာတို့သည် မဂ်ကိုပွါးသောကြောင့် ဝါ-တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်သောကြောင့် မဂ်၏ ရှေ့အဘို့မှာ တဒင် စသည်ဖြင့် ချုပ်ငြိမ်း၍ မိမိတို့၏ မဂ်ခဏ-မဂ်ခဏတို့မှာ မိမိတို့၏ မဂ်နှင့်ဆိုင်ရာ အကြွင်းအကျန်မရှိ, သမုစ္ဆေဒအားဖြင့် ချုပ်ငြိမ်း၍သွားသော ကြောင့်၊ ပရိနိဗ္ဗာနစုတိဘာဂ်ကွဏာ ဟိုဘက် အကျမှာ— ' **အနုပါဒါနော ဇာတဝေဒေါဝိယ** 'နှင့်အညီ၊ လောင်စာမရှိသော လောင်စာကုန်သော၊ ဝါ၊

ဆိုက်ကုန်ခမ်းသော၊ ဝါ၊ မီးစာလဲကုန် ဆီလဲခမ်းသော မီးသည် ငြိမ်းလေပြီး သကဲ့သို့၊ ထို့တူပမာ- ဝဖန် ဖြစ်ခွင့်မရှိသော ကိလေသာခန္ဓာ ဇာတိ ကုန်သည်ကို သိသည်ဟု ဖြေလေ။

**မဂ်ကိစ္စ တဆဲ့ခြောက်ချက်မှာ—** သစ္စာလေးပါး တို့တွင် တတိယသစ္စာ ခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် မျက်မှောက်မြင်သိတဲ့ခါ ဒု—ကို ပိုင်းခြား၍သိခြင်း ပရိညေယျ ကိစ္စ၊ သ—ကို ပယ်ခြင်း-ပဟာတဗ္ဗကိစ္စ၊ နိ—ကို မျက်မှောက် ပြုခြင်း-သစ္ဆိကာတဗ္ဗကိစ္စ၊ မ—ကို ပွါးခြင်း-ဘာဝေတဗ္ဗကိစ္စ ဟု မဂ်ကိစ္စ လေးချက်၊ ထို့အတူ-သကဒါဂါမိမဂ်၌ လေးချက်၊ အနာဂါမိမဂ်၌ လေးချက်၊ အရဟတ္တမဂ်၌ လေးချက်စီဖြစ်၍ ၄×၄=၁၆ ဖြစ်၍ မဂ်ကိစ္စ ၁၆-ချက်ဆိုသည်ဟု သိလေ။

---

## စတုသစ္စ ကမ္မဋ္ဌာန်း

ကင်း၍ မဖြစ်—

**စတုသစ္စပဋိဝေဓဉာဏံ ပန အနုဗောဓဉာဏေန ဝိနာ န ပဝတ္တတိ၊ တသ္မာ အနုဗောဓဉာဏတ္ထာယ ပုဗ္ဗေစတုသစ္စကမ္မဋ္ဌာနံ ပဏ္ဍိတေန သမ္မာရဘိ တဗ္ဗန္တိ။** ။(နမက္ကာရဋီကာ)

**ဘာသာပြန်။** ။ သစ္စာလေးပါး တို့ကို မဂ်ဉာဏ် လေးပါးတို့ဖြင့် ထိုးထွင်း၍ သိသော ပဋိဝေဓဉာဏ်သည်ကား-လောကီအနုဗောဓဉာဏ်နှင့် ကင်း၍ အကြင်ကြောင့် မဖြစ်၊ ထို့ကြောင့် အနုဗောဓဉာဏ် ရင့်သန် ထက်မာလာစေခြင်းအကျိုးငှါ၊ ပညာရှိသည် ရှေးဦးစွာ စတုသစ္စကမ္မဋ္ဌာန်း ကို ကျိုးပန်းအပ်၏ ဟူလို။

ဤလိုဤပုံ—နမက္ကာရဋီကာ၌ မိန့်ဆိုအပ်သည်နှင့်အညီ၊ ဤ " သစ္စာ ဥဒ္ဒေသ ပဌမခဏ်း" ကို 'စတုသစ္စကမ္မဋ္ဌာန်း' ဖြင့် နိဂုံးချုပ်မည်၊ သို့ရာတွင် စတုသစ္စကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ စတု သစ္စကမ္မဋ္ဌာန်းကို ပေးတတ်သော ဆရာ့ထံသို့ကပ်၍ စတုသစ္စကမ္မဋ္ဌာန်းကို သင်ကြားနာယူရမည်ဟု ဆိုလေသည်။

**သင်ယူပုံကား—**

| | |
|---|---|
| ၁။ တဏှာမှ တပါးသော တေဘူမကဝဋ် တရားသည်.... တနည်း-ဥပါဒါနက္ခန္ဓာ ငါးပါးသည် ။ လောကီ စိတ် ကောသိတ် လောဘကြဉ်သော စေတသိက် ကေ ပညာသရုပ် အဋ္ဌဝီသသည်.... | ဒုက္ခသစ္စာမည်၏။ |
| ၂။ တဏှာ, ရာဂ, လောဘသည် .... | သမုဒယသစ္စာမည်၏။ |
| ၃။ အသခ်တဓာတ်နိဗ္ဗာန်သည် .... | နိရောဓသစ္စာမည်၏။ |
| ၄။ မဂ္ဂင်ရှစ်ပါးသည် .... | မဂ္ဂသစ္စာမည်၏။ |

ဤဒွိ-စတုသစ္စကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော၊ ဝါ၊စတုသစ္စကမ္မဋ္ဌာန်းဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရလို-ရောက်လိုသော ယောဂီဖြူ သူမြတ်တို့သည် အဆိုပါ သစ္စာလေးပါးတို့တွင်- "အယံအဘိနိဝေသော ဝဋ္ဋေယေဝ ဟောတိ နတ္ထိ ဝိဝဋ္ဋေ" ဆိုတဲ့ ဌာ-နှင့်အညီ၊ ဒု—သ, ဆိုတဲ့ ရှေ့ဝဋ္ဋသစ္စာ နှစ်ပါးတို့၌သာ ကမ္မဋ္ဌာန်းစီးဖြန်းမှုကို ပြုလုပ်ရမည်၊ ဝိဝဋ္ဋဖြစ်သော နောက် နိ—မ,သစ္စာတို့၌ ကမ္မဋ္ဌာန်းစီးဖြန်းမှုမရှိဟုပြဆိုထားသောကြောင့် နိ-မ,တို့မှာ'နောဝိပဿနူပဂ' ဝိပဿနာ၏ အာရုံမဟုတ်၍ ဒု—သ, တို့သာ 'ဝိပဿနူပဂ' ဝိပဿနာ၏အာရုံ ဖြစ်သောကြောင့် ဤလို ပြဆိုထားရာ နိ—မ,တို့မှာ လောကုတ္တရာဖြစ်၍ လက္ခဏာတင်၍ မဆင်ခြင်ထိုက်သောကြောင့်ဟု သိရှိလေ။

**စီးဖြန်းပုံ—**

| | |
|---|---|
| ၁။ ပဥ္စက္ခန္ဓာ ဒုက္ခာ<br>၂။ တဏှာသမုဒယော | စီးဖြန်းရန်ပါဠိအရကျက်ထားပါလေ။ |

အနက်။ ။ မေ၊ ငါ၏။ ပဥ္စက္ခန္ဓာ၊ ဆံအစ, ကျင်ငယ်အဆုံး တကိုယ်လုံး တကောင်လုံးရှိ ဖေါက်ပြန်တဲ့အစု-ရူပက္ခန္ဓာ၊ ခံစားတဲ့ အစု-ဝေဒနက္ခန္ဓာ၊ မှတ်သားတဲ့ အစု-သညာက္ခန္ဓာ၊ ပြုပြင်တဲ့ အစု-သင်္ခါရက္ခန္ဓာ၊ သိတဲ့အစု- ဝိညာဏက္ခန္ဓာ ဆိုတဲ့ အစုငါးစု ခေါ်သော ခန္ဓာငါးပါး ရုပ်နာမ်တရား

တို့သည်။ ဒုက္ခ၊ တခုတခုသောဘဝ ပဋိသန္ဓေမှ စုတိသေနေ့သို့ကြအောင် ဆင်းရဲတာမှန်လှတဲ့ ဒုက္ခတုံး-ဒုက္ခခဲ,ဒုက္ခအစုအပုံ, ဒုက္ခအသိုက်အအုံကြီးသာ ဖြစ်၍ ဒုက္ခသစ္စာ ပါတကား။ တဏှာ၊ ဘုံသုံးပါးတို့၌ ကောင်းနိုးနိုး မှတ် ထင်၍ တဖန်တဖန် ပြန်၍ပြန်၍ ဖြစ်လိုဖြစ်ချင်နေတဲ့ ဘဝတဏှာ လောဘ သည်ကား။ သမုဒယော၊ ဖြစ်လို၍ ဖြစ်ပြန်ပါလျှင် ဖြစ်ရာဖြစ်ရာ ဘုံဘဝ တို့မှာ ဇာတိ စသော ကုန်အောင်ဝုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှ တို့ကို တစမကျန် ဖြစ်စေတော့တာ, ဖြစ်စေတော့မှာ မှန်လှပါသောကြောင့် **သမုဒယသစ္စာ** ပါတကား။

(ဤလိုဤပုံ-အကျဉ်းအားဖြင့် စီးဖြန်း။)

အမှာ။ ။ ပဉ္စက္ခန္ဓာဒုက္ခာဟူ၍ငင်း၊တဏှာသမုဒယောဟူ၍ငင်း၊ ပါဠိ သဏ် သက်ကို နှုတ်ကရွတ်လိုက်တဲ့ခါ ပြဆိုခဲ့ပြီးတဲ့ အနက်အဓိပ္ပါယ်တွေကို ကောင်းကောင်းကြီး စိတ်ထဲ, ဉာဏ်ထဲမှာ ထင်ထင်မြင်မြင်ကြီး ရှိအောင် အနက် ထင်ထားပါလေ။

သို့မဟုတ်— **ကတမေ ပဉ္စက္ခန္ဓာ—ရူပက္ခန္ဓော, ဝေဒနက္ခန္ဓော, သညာက္ခန္ဓော, သင်္ခါရက္ခန္ဓော, ဝိညာဏက္ခန္ဓော။ ။**

ဤလို အကျယ်အားဖြင့်ငင်း စီးဖြန်းရမည်၊ ပါဠိအနက် အရကျက် ထားပါလေ။

**ပဉ္စက္ခန္ဓာ**၊ ခန္ဓာငါးပါးတို့သည်။ ကတမေ၊ အဘယ်ဟာတို့ပါနည်းဟူမူ ကား။ **ရူပက္ခန္ဓော**၊ အေးလျှင်တဖုံ ပူလျှင်တမျိုး, ဆံဖြူသွားကျိုး,ခါးကိုင်း နားထိုင်း, အိုမင်းရင့်ယော် နာသော်တဝ သေချိန်ကျက သေရအောင်ပင် ဖေါက်ပြန်ချင်တိုင်း ဖေါက်ပြန်၍နေကြတဲ့ သူငါမဟုတ် ရုပ်အစုဟူသော ရူပက္ခန္ဓာငင်း။ ဝေဒနာက္ခန္ဓော၊ ကောင်းခံစား ဆိုးခံစား ကောင်းကောင်း ဆိုးဆိုး ခံစားစရာအမျိုးမျိုးတို့ကို တသက်လုံးခံစားနေကြတဲ့ သူငါမဟုတ် ခံစားတဲ့အစု ဟူသော-ဝေဒနာက္ခန္ဓာငင်း။ သညာက္ခန္ဓော၊ ကောင်းမှတ် ဆိုးမှတ်, ကောင်းကောင်းဆိုးဆိုး မှတ်သားစရာအမျိုးမျိုးတို့ကို တသက်လုံး မှတ်သားနေကြတဲ့ သူငါမဟုတ် မှတ်သားတဲ့အစုဟူသော-သညာက္ခန္ဓာငင်း။ သင်္ခါရက္ခန္ဓော၊ကောင်းပြုပြင် ဆိုးပြုပြင် ကောင်းကောင်းဆိုးဆိုး ပြုပြင်စရာ

အမျိုးမျိုးတို့ကို တသက်လုံး ပြုပြင်နေကြတဲ့ သူငါမဟုတ် ပြုပြင်တဲ့အစု ဟူသော-သင်္ခါရက္ခန္ဓာရှင်း။ ဝိညာဏက္ခန္ဓော၊ ကောင်းသိ ဆိုးသိ, ကောင်း ကောင်း ဆိုးဆိုး သိစရာအမျိုးမျိုးတို့ကို တသက်လုံး သိသိနေကြတဲ့ သူငါ မဟုတ် သိတဲ့အစု ဟူသော-ဝိညာဏက္ခန္ဓာရှင်း။ ဣမေပဉ္စ၊ ဤငါးပါး တို့တည်း။

ဣမေပဉ္စက္ခန္ဓာ၊ ဤအစု ငါးစုခေါ်သော ခန္ဓာငါးပါး ရုပ်နာမ်တရား တို့သည်။ ဒုက္ခာ၊ လူနတ်ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါမဟုတ်,တဏှာကြောင့်ဖြစ်တဲ့ ဒုက္ခသစ္စာတို့သာ ဟုတ်ပါကုန်၏တကားဟု စီးဖြန်းလေ။

ဤလို အကျယ်အားဖြင့် ပါဠိ အနက် အရကျက်၍ အသက်ထက်ဆုံး ကြိမ်ဖန်များစွာအခါခါ သောတာပတ္တိမဂ် ဖြစ်ပေါ်လာသည်တိုင်အောင်၊ ဝါ၊ သောတာပတ္တိမဂ်ကို မရမခြင်း-မပျင်းမရိ လုလ္လရှိရှိ ဇွဲသတ္တိ ကောင်း ကောင်းနှင့် စွဲမြဲအားထုတ်သည်ရှိသော် သစ္စာလေးပါးကို သိမြင်သော သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်လာ၏ဟု အဋ္ဌကထာ၌ ပြဆိုထား၏ဟု သိလေ။

မှတ်ချက်။ "သစ္စာလေးပါးကိုသိသောဉာဏ်သည်ကား“မဂ်ဉာဏ်ပေတည်း” ဆိုင်ရာကိလေသာကို သတ်စေသောကြောင့်တည်း။

.....................

## တခုတည်းသော မဂ်ဉာဏ်ဖြင့်သိပုံ

ဤလိုဤပုံ-လက်ရှိဘဝ မဂ်ဖိုလ်ရ၍ အပါယ်လွတ်တရားရ,မွေးသေလွတ် နိဗ္ဗာန်ကို ရလို၍ **'စတုသစ္စကမ္မဋ္ဌာန်း'**ကို စီးဖြန်းမယုတ် ပွါးများ အားထုတ် သည်ရှိသော်- **'ဧကပဋိဝေဓေန ပဋိဝေဓော'** နှင့် အညီ၊ တခုတည်းသော ပဋိဝေဓမဂ်ဉာဏ်ဖြင့်၊ ဝါ၊ နိရောဓသစ္စာ နိဗ္ဗာန်အာရုံ တခုတည်းကိုသာ အာရုံပြုသောအားဖြင့် မျက်မှောက်ပြုနေတဲ့၊ ဝါ-နိဗ္ဗာန်ကို ထိုးထွင်း၍ မြင်သိနေတဲ့ ပဋိဝေဓမဂ်ဉာဏ်ဖြင့်သာ, ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊ ပရိညာပဋိဝေဓ,ပရိညာဘိသယကိစ္စဖြင့် ထိုးထွင်း၍သိ ရှေးရှုသိ၏။

**သမုဒယသစ္စာ** ကို ပယ်ခြင်း၊ ပဟာနာပဋိဝေဓ ပဟာနာဘိသယကိစ္စဖြင့် ထိုးထွင်း၍သိ ရှေးရှုသိ၏၊ **နိရောဓသစ္စာ**ကို မျက်မှောက်ပြုခြင်း၊သစ္ဆိကရိယာ ပဋိဝေဓ သစ္ဆိကရိယာဘိသယကိစ္စဖြင့် ထိုးထွင်း၍သိ ရှေးရှုသိ၏၊**မဂ္ဂသစ္စာ**ကို

ပွါးစေခြင်း,ဘာဝေတဗ္ဗ ပဋိဝေဓ ဘာဝေတဗ္ဗဘိသယကိစ္စဖြင့် ထိုးထွင်း၍ သိ, ရှေးရှုသိ၏။ ဤလိုဤပုံ-မဂ်ခဏ၌ သစ္စာလေးပါးတို့ကို ပဋိဝေဓကိစ္စ၊ အဘိသယကိစ္စဖြင့် တပြိုင်နက် တချက်ထည်းသိသွား၍ မဂ်ရခြင်း,ဖိုလ်ရခြင်း နိဗ္ဗာန်ကိုရခြင်း ကိစ္စပြီးစီးသွားသတဲ့....။

ဆောင်ပုဒ်။ ။ (၁) သစ္စာလေးတန်၊ သိမြင်ပြန်၊ မဂ်ဉာဏ် ကေန်ဘဲ။
(၂) သစ္စာလေးအင်၊သိပြန်လျှင်၊ ကိုယ်တွင် ဖိုလ်ဖြင့်မြဲ။ ။
(ဤကား-ရှေ့ ဒု—သ,သစ္စာနှစ်ပါးတို့၌ ပွါးများပုံတည်း။)

## နိ—မ, တို့၌ ပွါးများပုံ

(၁) နိရောဓသစ္စံ ဠဋ္ဌံ ကန္တံ မနာပံ။
(၂) မဂ္ဂသစ္စံ ဠဋ္ဌံ ကန္တံ မနာပံ။ ။ စီးဖြန်းရန်ပါဠိ အရကျက်ထား)

(၁) နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ ဝါ၊ ဒု—သ, သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာနိဗ္ဗာန်ကို။ ဝါ၊ ဖြစ်လိုမှု-တဏှာ, ဖြစ်မှု-ခန္ဓာ, နှစ်ပါး တို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ တဏှာ-ခန္ဓာ အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေး နေ၍ မွေး သေ လွတ်တဲ့ နိဗ္ဗာန်ကို။ ဠဋ္ဌံ၊ အလိုရှိအပ် ရှာမှီးအပ်၏။ ကန္တံ၊ နှစ်သက်အပ် နှစ်သက်ရမည်။ မနာပံ၊ စိတ်နှလုံးကိုပွါးစေအပ်၏။ ဝါ၊ မွေးသေအစဉ်စပ်၍ မပြတ်ဖြစ်နေခြင်းကို အလိုမရှိအပ်,မွေးသေအစဉ်ပြတ်၍ နောက်ထပ် အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေးနေတဲ့နိဗ္ဗာန်ကိုသာ လိုလား နှစ်သက်အပ်တဲ့ အာရမ္မဏိက မဂ်စိတ်ကိုသာ ဖြစ်စေအပ်၏။

(၂) မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဠဋ္ဌံ၊ အလိုရှိအပ် ရှာမှီးအပ်၏။ ကန္တံ၊ နှစ်သက်အပ်၏။ မနာပံ၊ စိတ်နှလုံးကို ပွါးစေအပ်၏။ ဝါ၊ တဏှာပယ်တဲ့ မဂ်အကျင့်ကိုသာ လိုလားနှစ်သက်အပ်၏။

ပေါပေါသိသိ။ ။ ဤပုံ ဤနည်း— ကြမ်ဖန်များစွာ အခါခါ ပွါးများ အားထုတ်ခြင်းကို ပြုလေ့ရှိသော ယောဂီသည် တစတစ ဉာဏ်ရင့်လာတဲ့ခါ အဆိုပါ သစ္စာလေးပါးတို့တွင် ရှေ့ဖြစ်သော ဒု—သ, သစ္စာနှစ်ပါးတို့၌ တဏှာကြောင့်ခန္ဓာ ဖြစ် ပျက် မွေး သေ, သံသရာရှည်၍ နေကြရသည်တို့ကို

သိရှိရိပ်မိလာပြီးလျှင် တဏှာပယ်တဲ့ မဂ်အကျင့်ကို မကျင့်သောကြောင့် တဏှာမသေ၍၊ ဝါ၊ ဘုံသုံးပါး လူနတ်ချမ်းသာတို့၌ တပ်ခြင်း မကင်းသောကြောင့် ဘုံသုံးပါးတို့၌ ဖြစ်လို၍ ဖြစ်ပြန်ပါလျှင် ဖြစ်ရာဘုံဘဝတို့မှာ ဇာတိ ဒုက္ခ စသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟုသမျှ ကြီးလေးလှသော သံသရာဝဋ်ဒုက္ခ အပြစ် အာဒီနဝတို့ကို ကောင်းကောင်းကြီး လှလှကြီး ဒုက္ခသစ္စာအစွမ်းကုန် ထင်မြင်လာတဲ့ခါ ဘုံသုံးပါးတို့ကို မီးပုံကြီး သုံးပုံ၊ မီးလောင်အိမ်ကြီး သုံးလုံး၊ မီးလောင်ရွာကြီး သုံးရွာကဲ့သို့ အလွန့်အလွန်ကြီး မုန်းတီးငြီးငွေ့ကာ တဏှာခန္ဓာချုပ်ငြိမ်း၍ သင်္ခါရဇာတ်သိမ်းတဲ့ နိရောဓသစ္စာနိဗ္ဗာန်ကိုသာ ရလို-ရောက်လိုတဲ့ အာရမ္မဏိက မဂ်စိတ် ဖိုလ်စိတ်များ ဖြစ်ပေါ်ကာ သောတာပန်စသော အရိယာများပင် ဖြစ်သွားစေနိုင်၍ စေဘနာ သဒ္ဓါတရား ဖေါဖေါသီသီ ထား၍ ကြိုးစားသင့်ကြောင်းကို ထပ်လောင်း၍ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

တနည်း— (၁) ဥပ္ပါဒေါ ဒုက္ခန္တိ အဘိညေယျံ၊

(၂) အနုပ္ပါဒေါ သုခန္တိ အဘိညေယျံ။

စီးဖြန်းရန်ပါဠိ၊ ဒုက္ခနှင့် သုခ စပ်၍ရှုမှတ်ပုံ။

(၁) ဥပ္ပါဒေါ၊ တခုတခုသောဘဝ ပဋိသန္ဓေအစ,စုတိအဆုံး,တနေ့လုံး တလလုံး, တနှစ်လုံး, တသက်လုံး, တသံသရာလုံး ဖြစ်ရေပမာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်မွေးသေ-ဖြစ်ပျက်မွေးသေ သံသရာရှည်၍နေရခြင်းကို။ ဒုက္ခန္တိ၊ ဆင်းရဲတုံး-ဆင်းရဲခဲ, ဆင်းရဲအစုအပုံ-ဆင်းရဲအသိုက်အအုံကြီး ပါတကားဟူ၍။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့် သိအပ်၏။

(၂) အနုပ္ပါဒေါ၊ တဏှာပယ်တဲ့ မဂ်အကျင့်ကိုကျင့်တဲ့ခါ အရဟတ္တမဂ်နောင်မှာ တဏှာပြတ်၍ အရဟတ္တစုတိနောင်မှာ ခန္ဓာ ရပ်သောကြောင့် တဏှာခန္ဓာ အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေးနေတဲ့ နိဗ္ဗာန်ကို။ သုခန္တိ၊ ဘဝနိဿရဏ အသခ်တ အမတမို့ ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန် ချမ်းသာကြီးပါတကားဟူ၍။ အဘိညေယျံ၊ ထူးသောဉာဏ်ဖြင့်သိအပ်၏။

တနည်း— ဒုက္ခသင်္ခါရာ သုခေါ နိရောဓေါတိ ညာတံဟောတိ၊
ဒိဋ္ဌံ ဝိဒိတံ သစ္ဆိကတံ ဖုသိတံ ပညာယာတိ ဒိဋ္ဌိပတ္တော။ ။

ဒုနှင့် သု, စပ်၍ ရှုမှတ်ပုံကိုပြသည်။

သင်္ခါရာ၊ သံသရာတခွင် ခန္ဓာအစဉ်က ဖြစ်အစဉ် ပျက်အစဉ်နှင့် လာခဲ့ကြတဲ့ ဖြစ်တရား ပျက်တရား, ဖြစ်သမား ပျက်သမား, ဖြစ်ပျက်မနားကြတဲ့ ရုပ်နာမ်သင်္ခါရတရားတို့သည်။ ဝါ၊ ဖြစ် ပျက် မွေး သေ, သံသရာရှည်၍ နေရခြင်းသည်။ ဒုက္ခာ၊ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ပဋိသန္ဓေအစ စုတိအဆုံး တသက်လုံးဆင်းရဲတုံး ဆင်းရဲခဲ, ဆင်းရဲအစုအပုံ, ဆင်းရဲအသိုက်အအုံကြီး ပါတကား။ နိရောဓော၊ တဏှာပယ်သတ် အကျင့်မြတ်ကြောင့် တဏှာခန္ဓာ ချုပ်ငြိမ်း ဘဝဇာတ် ရုပ်သိမ်း၍ အငြိမ်းကြီး ငြိမ်းအေးနေတဲ့ နိဗ္ဗာန်သည် ကား။ သုခေါ၊ ဇာတိအစ, ဘေးဒုက္ခတို့၏ အေးမြရာမှန် ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန်ချမ်းသာကြီးပါတကား။ ဣတိ၊ ဤသို့။ ယဿ၊အကြင် ပုဂ္ဂိုလ်အား။ ညာတံ၊ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို သိအပ်ပြီးသည်။ ဟောတိ၊ ဖြစ်၏။ ဒိဋ္ဌံ၊ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်အပ်ပြီးသည်။ ဝိဒိတံ၊ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို ထိုးထွင်း၍ သိအပ်ပြီးသည်။ သစ္ဆိကတံ၊ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်ပြီးသည်။ ဟောတိ၊ ဖြစ်၏။ ပညာယ၊ မဂ်ပညာ ဖိုလ် ပညာ ပစ္စဝေက္ခဏာပညာဖြင့်။ ဖုသိတံ၊ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် တွေ့ထိအပ်၏။ ဣတိ၊ ဤသို့။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဒိဋ္ဌိပတ္တော၊ လွန်ကဲ သော သောတာပတ္တိ မဂ်ဉာဏ်ဖြင့် သစ္စာလေးတန်ကို မြင်ပြီးသည်၏ အခြားမဲ့၌ နိဗ္ဗာန်သို့ရောက်သော ဒိဋ္ဌိပတ္တပုဂ္ဂိုလ် မည်၏။

" တိရဏ မတ္တမေဝဟောတိ " ဤရုပ်နာမ်ကား-အပူကြီးတည်း၊ ဤ နိဗ္ဗာန်ကား-အအေးကြီးတည်းဟု အပူနှင့် အအေး, အရှုတ် နှင့် အရှင်း, အလင်းနှင့်အမိုက်ကဲ့သို့ တဲ့တဲ့ဆန့်ကျင်ဘက်တို့သာတည်းဟု ဘာဝနာဉာဏ် မဂ်ဉာဏ်ဖြင့် စုံစမ်းဆင်ခြင် သိမြင်ကာမျှသာတည်း ဟူလို။

## သိခါပတ္တ ဒါန

ဣဓဘိက္ခဝေ ဘိက္ခု အဘိညေယျာ ဓမ္မေ အဘိဇာနာတိ, ပရိညေယျာ ဓမ္မေ ပရိဇာနာတိ, ပဟာတဗ္ဗာ ဓမ္မေ ပဇဟတိ, သစ္ဆိကာတဗ္ဗာ ဓမ္မေ သစ္ဆိကရောတိ, ဘာဝေတဗ္ဗာ ဓမ္မေ ဘာဝေတိ။ ...

လမေဓမ္မာ အဘိညေယျာ လမေဓမ္မာ ပရိညေယျာ လမေဓမ္မာ ပဟာတဗ္ဗာ လမေဓမ္မာ သစ္ဆိကာတဗ္ဗာ လမေဓမ္မာ ဘာဝေတဗ္ဗာတိသစ္စာနိ ဝိဘာဝေန္တော အမတာဓိဂမံ ဓမ္မံ ကထေတွာဒေတိ လဒ္ဓံ သိခါပတ္တဒါနံနာမ။

(သံယုတ်-ဌာ-ခမ္မကထိကဝဂ်။)

လမေဓမ္မာ၊ ဤသစ္စာလေးပါး တရားတို့ကို။ အဘိညေယျာ၊ ဤရုပ်နာမ် ခန္ဓာကား-ဒုက္ခသစ္စာ, ဤ တဏှာ, ရာဂ, လောဘသည်ကား-သမုဒယသစ္စာ, ဤနိဗ္ဗာန်သည်ကား-နိရောဓသစ္စာ, ဤမဂ္ဂင်ရှစ်ပါးသည်ကား- မဂ္ဂသစ္စာ ဟု ထူးသော ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖြင့်သိအပ်ကုန်၏။ လမေဓမ္မာ၊ဤတဏှာ မှတပါးသော ရုပ်နာမ်ခန္ဓာ ဟူသော ဒုက္ခသစ္စာတို့သည်။ ပရိညေယျာ၊ ခန္ဓာတပါးဖြစ်စေ, ခန္ဓာလေးပါးဖြစ်စေ, ခန္ဓာငါးပါးဖြစ်စေ, နည်းနည်း များများ, ကောင်းကောင်းဆိုးဆိုး, ယုတ်ယုတ်မြတ်မြတ်, ခန္ဓာမှန်က ပဋိသန္ဓေမှ စုတိသေနေ့သို့ကျအောင် ဆင်းရဲတာ စစ်မှန်လှသော တရားဆိုးတို့ ပါတကားဟူ၍ ပိုင်းခြား၍ သိအပ်ကုန်၏။ ဝါ၊ ပိုင်းခြား၍ သိခြင်းကိစ္စ ရှိကုန်၏။ လမေဓမ္မာ၊ ဤ တဏှာ,ရာဂ,လောဘ ဟူသော သမုဒယသစ္စာ တို့ကို။ ပဟာတဗ္ဗာ၊ တဒင်္ဂမှ အရဟတ္တမဂ် သမုစ္ဆေဒကျအောင် ပယ်သက် အပ်ကုန်၏။ ဝါ၊ ပယ်ခြင်းကိစ္စ ရှိကုန်၏။ လမေဓမ္မာ၊ ဤတဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် တဏှာခန္ဓာ အစဉ်ပြတ်၍ နောက်ထပ် အသစ်မဖြစ် တော့ဘဲ အမြဲငြိမ်းအေးနေတဲ့ အငြိမ်းဓာတ် အအေးဓာတ် အသခ်တဓာတ် ခေါ်သော နိဗ္ဗာန်ကို။ သစ္ဆိကာတဗ္ဗာ၊ အာရုံပြုသောအားဖြင့် မျက်မှောက် ပြုအပ်ကုန်၏။ ဝါ၊အာရုံပြုသောအားဖြင့် မျက်မှောက်ပြုခြင်းကိစ္စရှိကုန်၏။ လမေဓမ္မာ၊ ဤမဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားတို့ကို။ ဘာဝေတဗ္ဗာ၊ သမထ ဝိပဿနာအလုပ်ဖြင့် ခန္ဓာအတွင်းသို့ ဝိပဿနာဉာဏ်ကိုသွင်း၍ ခန္ဓာကိုယ် အတွင်းသားထဲမှာ မပြတ်မစဲ ထပ်တလဲလဲ တဖွါးဖွါး ဖြစ်ပျက်နေကြတဲ့ ဖြစ်ပျက်မနား ရုပ်နာမ်နှစ်ပါး မမြဲဆင်းရဲ အစိုးမရတဲ့တရားဟု တတ်တတ် ထင်ထင် တဲ့တဲ့မြင်တဲ့ လောကီဝိပဿနာဉာဏ် ဖြစ်ပျက်သခ်ါရ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို တတ်တတ်ထင်ထင် တဲ့တဲ့မြင်တဲ့ လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ် များ ဖြစ်ပေါ်လာသည်တိုင်အောင် မနေမနား မီးပွတ်သောယောကျ်ား

ကဲ့သို့ ပွါးများအားထုတ်အပ်ကုန်၏။ ဝါ၊ ပွါးများ အားထုတ်ခြင်းကိစ္စ ရှိကုန်၏။ ဣတိ၊ ဤသို့။ သစ္စာနိ၊ သစ္စာလေးပါးတို့ကို။ ဝိဘာဝဇ္ဇော၊ ထင်စွာပြလျက်။ အမတာဓိဂမံ၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်။ ဝါ၊ ရစေတတ်သော။ ဝါ၊ သစ္စာမသိ၍ တဏှာပယ်တဲ့ မဂ်အကျင့်ကို မကျင့်သောကြောင့် တဏှာကြောင့် ခန္ဓာ ဖြစ်ပျက်မွေးသေ—ဖြစ်ပျက်မွေးသေ သံသရာရှည်၍နေကြရာ သစ္စာသိတဲ့ခါ တဏှာပယ်တဲ့မဂ်အကျင့်ကိုကျင့်သောကြောင့် တဏှာခန္ဓာအစဉ်ပြတ်တဲ့ အသခ်တဓာတ်သို့ ဆိုက်ရောက်သဖြင့် ဖြစ်ပျက်မွေးသေ သံသရာပြတ်၍ မွေးသေလွတ်တဲ့ နိဗ္ဗာန်ကို ရစေ-ရောက်စေတတ်သော။ ဓမ္မံ၊ အမှန်လေးပါးခေါ်သော သစ္စာလေးပါး တရားထူးတရားမြတ်ကို။ ကထေတွာ၊ တဏှာကြောင့်ခန္ဓာ ဖြစ်ပျက်မွေးသေ သံသရာရှည်၍ နေကြသည်။ တဏှာပယ်သတ်တဲ့ခါ တဏှာခန္ဓာ အစဉ်ပြတ်တဲ့ အသခ်တဓာတ် နိဗ္ဗာန်သို့ ရောက်သဖြင့် ဖြစ်ပျက်မွေးသေ သံသရာပြတ်၍ ရပ်တော့သည် တိုတော့သည်ဟု နှုတ်ဖြင့်ဟော၍။ ဒေတိ၊တရားအလှူကြီးကို။ ဝါ၊ မွေးသေလွတ်တဲ့ အလှူကြီးကိုပေး၏။ ဝါ၊ နိဗ္ဗာန်အလှူကြီးကို ပေး၏။ ဣဒံ၊ သစ္စာလေးပါး တရားအလှူကို ပေးလှူခြင်းသည်ကား။ သိခါပတ္တာဓမ္မဒါနံ နာမ၊ အခြားသော ဒါနမျိုးတို့ထက် ဆယ်ဆတံပိုး တိုး၍ အကျိုးကြီးအကျိုးများလှတဲ့ အထွဋ်အထိပ်သို့ရောက်တဲ့ ဒါနထိပ်သီး—ဒါနအဓိပတိကြီးဖြစ်တဲ့ ဒါနမျိုးပေတည်း။

ဤလို ဤပုံ—ပိဋကတ်သုံးပုံ၏ အဆီအနှစ် ဖြစ်သော အမှန်လေးပါးခေါ်သော သစ္စာလေးပါးတို့ကို သူတပါးတို့အား သိနားလည်အောင် တဆင့် ဟောပြော၍ ပေးခြင်း၊ ဤလို ဤပုံ - ပွင့်ပွင့်လင်းလင်း ကျဉ်းကျဉ်းနှင့် ရှင်းရှင်း မသွယ်မဝိုက် တိုက်ရိုက်တဲ့တိုး ဖေါ်ပြ၍ ရေးသားထားသော စာအုပ်စာတမ်းကို ပုံနှိပ်ထုတ်ဝေခြင်း၊ ကျသင့်သော အဘိုးအခကိုပေး၍ သူတပါးတို့အား အခမဲ့ ပေးဝေလှူဒါန်းခြင်းသည် ဒါနရိုးရိုးဖြစ်သော အာမိသဒါန,ဓမ္မဒါနတို့ထက် အထွဋ်အမြတ်ဆုံး, ထိပ်တန်းအကျဆုံးဖြစ်သော ' သိခါပတ္တာဓမ္မဒါန' မည်သည်ဟု ကျမ်းဂန်တို့၌လာသောကြောင့် တသက်တွင်-တဘဝတွင် တခါ လှူရခဲ-လှူနိုင်ခဲတဲ့ သိခါပတ္တာဓမ္မဒါန အလှူကြီးကို လှူမိတယ်—လှူဘူးတယ်ရှိအောင် မိမိမှတပါး အခြားသော သား, မယား စသော သူတပါးတို့အားလည်း သစ္စာလေးပါး

တရားတို့ကို ဟောပြော၍ ပေးသောအားဖြင့် လျှုဖြစ်အောင် လျှုကြပါလေ၊ သူတော်ကောင်းတွေတို့။

ဣတ္ထဝတာ ဘဒ္ဒန္တသုဇနတ္ထေရေန ရစိတာယံ 'ဥဒ္ဒေသော'
ဂန္ထော သစ္စောဘာသောနာမ နိဋ္ဌိတော။ ။

အနက်။ ။ ဣတ္ထဝတာဣတ္ထဝန္တေန ဝစနက္ကမေန၊ ဤ သစ္စာဥဒ္ဒေသည်ပြအပ်သော နမောတဿအစ, နိဋ္ဌိတော အဆုံးရှိသော စကားအစဉ်ဖြင့်။ ဘဒ္ဒန္တသုဇနတ္ထေရေန၊ 'ဘဒ္ဒန္တသုဇန' မထေရ်သည်။ ရစိတော၊ ရေးသားပြုပြင်စီရင်အပ်သော။ ဥဒ္ဒေသော၊သစ္စာဥဒ္ဒေသခဏ်းဖြစ်သော။ သစ္စောဘာသောနာမ၊ သစ္စာအလင်းပြကျမ်း အမည်ရှိသော။ အယံဂန္ထော၊ ဤကျမ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။ ဝါ၊ ဤတွင်တရပ် အဆုံးသတ်ပြီ။ ဝါ၊နိဋ္ဌံဂတော ဂတောပတ္တော၊ ဤတွင် ပြီးဆုံး နိဂုံးသို့ရောက်လေပြီ။ ။

**သစ္စာဥဒ္ဒေသ ပဌမပိုင်း ဤတွင် ရပ်ဆိုင်းလိုက်ပါသည်။**

# သဒ္ဒါအလင်းပြ နိဒ္ဒေသခဏ်း

## ၂။ ။ ဒုတိယခဏ်း

# သဒ္ဒါ နိဒ္ဒေသ

### အပိုင်း [ ၁ ]

နမော တဿ ဘဂဝတော စတုသစ္စဒေသကဿ နိဗ္ဗာန သမ္ပာပကဿ။

**အနက်။** ။ နိဗ္ဗာနသမ္ပာပကဿ၊ နိဗ္ဗာန်ထုတ်ချောက် အမှန်ရောက်စေတတ်သော။ စတုသစ္စဒေသကဿ၊ ဒု,သ,နိ,မ, လေးဝသစ္စာ မြတ်မေ့ာကို သေချာ ၈-နှ, ကြောင်းကျိုးပြ၍ ဟောဖေါ်ညွှန်ပြ ဆိုဆုံးမတတ်သော်။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ကာယဝစီ မနော၃ချီ၍ သုံးလီညွတ်ကျိုး ထိငါးမျိုးဖြင့် ရှိခိုးပါ၏ဘုရား။

ဤသို့ 'သစ္စံ သဗ္ဗော ပဋိသန္ဓိ' စသော ဒေသနာတော်အစဉ်ဖြင့် သဒ္ဒါ ဥဒ္ဒေသ, ပဌမခဏ်းကို ပြဆိုပြီး၍၊ ယခုအခါ သဒ္ဒါနိဒ္ဒေသ, ဒုတိယခဏ်းကို ပြဆိုပေအံ့သတည်း။

ပြဆိုလတ္တံ့သော သဒ္ဒါနိမ္မေသဒ္ဒ ဦးရေခေါင်းစဉ် မာတိကာများ

၁။ ခွဲခြမ်းဝေဘန်၍ ပြခြင်း၊
၂။ စကားအစိပ္ပါယ် လက္ခဏာ စသည်ကို ပြခြင်း၊
၃။ သဒ္ဒါ၏အနက်သဘော,ထိုသဒ္ဒါ၏အနက်ကို ထုတ်၍ ပြခြင်း၊
၄။ သဒ္ဒါလေးပါးကို မယုတ်မလွန်သောအားဖြင့် ပြခြင်း၊
၅။ အစဉ်အားဖြင့် ပြခြင်း၊
၆။ ဇာတိ စသည်ကို ဆုံးဖြတ်သောအားဖြင့် ပြခြင်း၊
၇။ သဒ္ဒါဥာဏ်၏ ကိစ္စကို ပြခြင်း၊
၈။ သဒ္ဒါ၌ အတွင်းဝင်သောတရားကို ပြခြင်း၊
၉။ သဒ္ဒါတို့ကို တူပုံဥပမာအားဖြင့် ပြခြင်း၊
၁၀။ သဒ္ဒါတို့ကို စတုက္ကအားဖြင့်၎င်း၊သုညတအားဖြင့်၎င်း၊ကေဝိဓ စသည် အားဖြင့်၎င်း၊ သဘာဂ-ဝိသဘာဂအားဖြင့်၎င်း ပြဆိုခြင်း။

အထက်အဆိုပါ–မာတိကာတို့တွင် သစ္စာဥဒ္ဒေသ ပဋ္ဌမခဏ်း၌ မပါဝင်သေးသော အချက်တို့ကိုရင်း၊ ပါဝင်ပြီးသောအချက်တို့ကိုရင်း၊ စကားအလျှင်းသင့်သည်အားလျော်စွာ ပြဆိုသွားမည်ဖြစ်ကြောင်း။ ဤသစ္စာနိဒ္ဒေသကိုကား–သမ္မောဟဝိနောဒနီအဋ္ဌကထာ, ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတို့ကို မှီ၍ ပြဆိုမည်ဖြစ်ကြောင်း။

.....................

## သစ္စာလေးနက် မချွတ်မယွင်းဖြစ်

'ဒု–သ–နိ–မ'ဟု ဘုရားမြတ်စွာ ဟောတော်မူခဲ့တဲ့ သစ္စာလေးပါးရှိရာ ဒုက္ခသစ္စာ စသည်တို့၏ အနက်တို့သည် လေးပါးလေးပါးစီရှိ၏ဟူ၍ ဝေဘန်ပိုင်းခြား၍ ဟောတော်မူခဲ့ပါသည်၊ ထိုအနက်သဘောတို့သည်။ တထာ၊ ဟုတ်မှန်ကုန်၏။ အဝိတထာ၊ မချွတ်မယွင်းသော သဘောဖြစ်ကုန်၏။ အနညထာ၊ အဗာဓန စသော တပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်ဟု ဟောတော်မူခဲ့ပါသည်။

### သစ္စာလေးပါး တပါးလေးနက် ပါဠိသက်သက်

၁။ (ဒု) ဒုက္ခဿ ပိဠနဋ္ဌော သင်္ခတဋ္ဌော
သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌော။ ။
၂။ (သ) သမုဒယဿ အာယူဟနဋ္ဌော နိဒါနဋ္ဌော
သံယောဂဋ္ဌော ပလိဗောဓဋ္ဌော။ ။
၃။ (နိ) နိရောဓဿ နိဿရဏဋ္ဌော ဝိဝေကဋ္ဌော
အသင်္ခတဋ္ဌော အမတဋ္ဌော။ ။
၄။ (မ) မဂ္ဂဿ နိယျာနဋ္ဌော ဟေတုဋ္ဌော
ဒဿနဋ္ဌော အဓိပတေယျဋ္ဌော။ ။

### မြန်မာပြန်သက်သက်

ဒုက္ခသစ္စာ၏ ၁။ နှိပ်စက်ညှင်းဆဲခြင်းအနက်။
၂။ ပြုပြင်အပ်သောအနက်။
၃။ ထက်ဝန်းကျင် ပူလောင်စေခြင်းအနက်။
၄။ ဇရာမရဏတို့ဖြင့် ဖောက်ပြန်ခြင်းအနက်။

**ဆောင်ပုဒ်။ ။** နှိပ်ဇက်ပြုပြင်၊ ပူပင် ဘောက်လဲ ဒုက္ခမြဲ၊
မှတ်စွဲ ဒုက္ခသစ္စာ အနက်တည်း။

**အဓိပ္ပါယ်။ ။**အဆိုပါ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာသည် စတည်၍ ဖြစ်ပေါ် လာသည်ရှိသော်-ဘယ်ဘုံမှာဘဲဖြစ်ဖြစ် ချမ်းသာမဘက် ဆင်းရဲသက်သက် သာ ဖြစ်နေ၍ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာနှင့် ပြည့်စုံသော သူကို 'ရောက် ရောက်ခြင်း—ဆောက်ခုံးနှင့်ထွင်း'ဆိုသလို၊ ထိုထိုဖြစ်ရာ ဘုံဘဝတို့၌ ဇာတိဘေး စသော ဘေးဆိုး-ရန်ဆိုး အမျိုးမျိုးတို့ဖြင့် တမျိုးပြီး တမျိုး နှိပ်စက် ညှင်းဆဲခြင်း၊ ကံ စသော အကြောင်းတရားတို့သည် ပြုပြင်စီရင်ခြင်း၊ ဒုက္ခ ဒုက္ခ၏အဖြစ်ဖြင့် ထက်ဝန်းကျင် ပူလောင်ခြင်း, အိုခြင်း, နာခြင်း, သေခြင်း တို့ဖြင့် ဘောက်ပြန် ပျက်စီးခြင်း။

(အဆိုပါ လေးပါးတို့ဟာ မချွတ်မယွင်း မြေကြီးလက်ခတ်မလွဲ အမှန်ဘဲတဲ့။)

**သမုဒယသစ္စာ၏**

၁။ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကို အသစ်အသစ်ဖြစ်အောင် အားထုတ် ခြင်း။
၂။ ဆင်းရဲဒုက္ခ၏အကြောင်းရင်း ဆင်းရဲကိုဆောင်နှင်းခြင်း။
၃။ ဝဋ်တွင်းသား သတ္တဝါကို ဆင်းရဲအမျိုးမျိုးတို့နှင့် ယှဉ်စေခြင်း။
၄။ မဂ်,ဖိုလ်နိဗ္ဗာန် မရောက် မရအောင် နှောက်ယှက်တားဆီးခြင်း။

**ဆောင်ပုဒ်။ ။** အားထုတ် ကြောင်းရင်း၊ ယှဉ်စေခြင်းနှင့်၊ တားဆီးခြင်းပါ၊
ဤလေးဖြာ၊ မှတ်ပါ သမုဒယသစ္စာ အနက်တည်း။
အဆိုပါ လေးပါးတို့ဟာ မချွတ်မယွင်း မချက်မလွဲ အမှန်ဘဲတဲ့။

**နိရောဓသစ္စာ၏**

၁။ သတ္တဝါတို့ကို သံသရာဝဋ်မှ ထွက်မြောက်စေခြင်း။
၂။ ကာမုပဓိ စသည်တို့မှ ဆိတ်သုဉ်းခြင်း။
၃။ ကံ စသော အကြောင်းတရားတို့သည် မပြုမပြင်ခြင်း။
၄။ တဖန် သေခြင်းမရှိ မသေသောသဘောဖြင့် မြဲခြင်း။

ဆောင်ပုဒ်။ ။ ထွက်မြောက် ဆိတ်ငြိမ်၊ မသေမပျို ဤလေးခု၊
မှတ်ရှု နိရောဓသစ္စာ အနက်တည်း။
အဆိုပါ လေးပါးတို့ဟာ မချွတ်မယွင်း မချွတ်မလွဲ အမှန်ဘဲတဲ့။

မဂ္ဂသစ္စာ၏

၁။ သံသရာဝဋ်မှ ထွက်မြောက်ခြင်း။
၂။ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ခြင်း။
၃။ နိဗ္ဗာန်ကို သိမြင်ခြင်း။
၄။ အာရမ္မဏာဓိပတိပစ္စည်းတပ်၍ သမ္ပယုတ်တရားတို့ကို မိမိက အစိုးရခြင်း။

ဆောင်ပုဒ်။ ။ ထွက်မြောက်ရောက်ကြောင်း၊မြင်ကြောင်းကြီးကဲ သုလမ်းမြဲ၊
မှတ်စွဲ မဂ္ဂသစ္စာတည်း။
အဆိုပါ အနက်လေးပါးတို့ဟာ-မချွတ်မယွင်း မချွတ်မလွဲအမှန်ဘဲတဲ့။

....................

## သစ္စာအနက် ၁၆-ချက်

(၁) လောကီစိတ်—၈၁၊ လောဘကြဉ်သော စေတသိက်—၅၁၊ ရုပ်-၂၈၊ ဝါ၊ တဏှာနိဗ္ဗာန် မဂ္ဂင်မှတပါးအလုံးစုံသော စိတ်-စေတသိက် ရုပ်သည်ကား-ဒုက္ခသစ္စာ ဖြစ်သည်ဟု ပိုင်းခြား၍သိအပ်သော ဒုက္ခသစ္စာ၌ ဝဋ်ဆင်းရဲ၌ တပေပေ ကျင်လည်ပြေးသွား၍နေရသော ဝဋ်ကောင်သတ္တဝါ လူ နတ် ဗြဟ္မာတို့ကို ဘယ်ခါမလပ် အိုဘေး—နာဘေး-သေဘေး စသော ဘေးရန်အပေါင်း ထောင်သောင်းမက,အသခေျအနန္တတို့ဖြင့် မပြတ်နှိပ်စက် တတ်သော-ပီဠနဋ္ဌ အနက်။ ပဋိသန္ဓေအခါ-အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, ပဝတ္တိအခါ-ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား တို့သည် မပြတ် မစဲ ထပ်တလဲလဲ ပြုပြင်အပ်သော - သင်္ခတဋ္ဌ အနက်။ ဘယ်ခါမလပ် ပူပန်စေတတ်သော-သန္တာပဋ္ဌ အနက်။ ဆံဖြူ, သွားကျိုး စသည်ဖြင့် ငယ်မူကွယ်ပျောက် ကြီးမူရောက်အောင် ဘောက်ပြန်တတ်သော ဝိပရိဏာမဋ္ဌ အနက်။ (ဤလို ဒုက္ခသစ္စာ၌ အနက်လေးပါး။)

(၂) ပယ်အပ်သော တဏှာ,ရာဂ,လောဘ ဟူသော **သမုဒယသစ္စာ** ၌ ဘဝတဘန် ရုပ်နာမ်ခန္ဓာ, ဘဝတဘန် ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာကို အသစ်အသစ်ဖြစ်အောင် အားထုတ်ခြင်း တည်းဟူသော-**အာယူဟနဋ္ဌ** အနက်။ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာ အသစ်အသစ်ဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သော **နိဒါနဋ္ဌ** အနက်။ သံသရာဝဋ်ဆင်းရဲ၌ အဘန်တလဲလဲ ယှဉ်စေတတ်သော-**သံယောဂဋ္ဌ** အနက်။ ဖြစ်ပျက်မွေးသေ-ဖြစ်ပျက်မွေးသေ ဆိုတဲ့ သံသရာဝဋ်ဆင်းရဲ၌ ဝဋ်တွင်းနေ သတ္တဝါဘို့ကို မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်-မရောက်နိုင်အောင် ပိတ်ပင်ဘားဆီး၍ထားတတ်သော-**ပလိဗောဓဋ္ဌ** အနက်။

(ဤလို သမုဒယသစ္စာ၌ အနက်လေးပါး။)

(၃) မျက်မှောက် ပြုအပ်သော နိဗ္ဗာန်ဟူသော **နိရောဓသစ္စာ** ၌ ဝဋ်တွင်းနေ သတ္တဝါတို့ကို ဝဋ်မှ ထွက်စေတတ်သော-**နိဿရဏဋ္ဌ** အနက်။ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာဟူသော သင်္ခါရတရားတို့၏ ဆိတ်သုဉ်းကင်းငြိမ်းရာဟူသော-**ဝိဝေကဋ္ဌ** အနက်။ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားတို့သည် မပြုပြင်အပ်,မပြုပြင်နိုင်သော-**အသင်္ခတဋ္ဌ**အနက်။ စုတေခြင်း, သေခြင်းမရှိသော-**အမတဋ္ဌ**အနက်။

(ဤလို နိရောဓသစ္စာ၌ အနက်လေးပါး။)

(၄) ပွါးအပ်သော မဂ္ဂင်ရှစ်ပါးဟူသော-**မဂ္ဂသစ္စာ** ၌ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော-**နိယျာနဋ္ဌ**အနက်။ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော-**ဟေတွဋ္ဌ** အနက်။ နိဗ္ဗာန်ကို မြင်တတ်သော-**ဒဿနဋ္ဌ** အနက်။ မိမိနှင့် အတူတကွဖြစ်သော သမ္ပယုတ်တရားတို့ကို အစိုးရခြင်း ဟူသော-**အဓိပတေယျဋ္ဌ**အနက်။ (ဤလို မဂ္ဂသစ္စာ၌ အနက်လေးပါး။)

ဤလိုဤပုံ-သစ္စာတပါးတပါးလျှင်လေးနက်စီဖြစ်၍ သစ္စာလေးပါးသော် ၄×၄ = ၁၆ နက် ဖြစ်သည် ဟူလို။ ဤလို ဤပုံ-သူ့သစ္စာနှင့် သူ့အနက် မရောမယှက်စေဘဲ ပိုင်ပိုင်သိအောင် တွဲဘက်၍ကြည့်ကြပါလေ။

"ပဋ္ဌမနက်သာ သုသစ္စာ၊ နောက်ဟာ ကြံထောက်ဆ"နှင့်အညီ၊ အဆိုပါ သစ္စာလေးပါးတို့တွင် တပါးတပါး၌ အနက် လေးပါး-လေးပါးစီ ရှိရာ ရှေးဦးစွာဖြစ်တဲ့ ပဋ္ဌမအနက်သာ မိမိ—မိမိသစ္စာတို့၏ အနက်ဖြစ်ကြလေ

သည်။ 'ဒု–တ–စ'နောက် သုံးနက်၊သုံးနက်တို့မှာမူကား အခြားတပါးသော သစ္စာတို့ကို ထောက်ဆ,နှိုင်းခိုင်းမှသာ သိသာထင်ရှားနိုင်ပေမည်၊ မိမိသစ္စာမှ ပဋိပက္ခ ဆန့်ကျင်ဘက်အနေ ပြန်လှန်၍ကြည့်မှ သိသာထင်ရှားနိုင်ပေမည်၊ မိမိဉာဏ်ဦးနှောက်ကို ရှင်းရှင်းထား၍ ကြည့်ရှုပါလေ။

ထို့ကြောင့်ပင် သံခေပဋီကာ၌–

**ပဌမံ သက လက္ခဏ မေကပဒံ၊ ဒုတိယာဒိ ပဒဿ နိဒဿနတော။**
**သ,မ,နိ၊ ဒု,နိ,မ၊ သ,မ,ဒု၊ သ,နိ,ဒု၊ ကမတော ဝိဘဇေ ပဌမေန ဝိနာ။**

ဟု ပြဆိုထားလေသည်။

သံဂိုဏ်း လေးခုရှိသော'တောဌက'ဂါထာတည်း။

**ဒုတိယာဒိပဒဿ**၊ ဒုတိယ စသော ပုဒ်အနက်ကို။ နိဒဿနတော၊ ညွှန်ပြခြင်းကြောင့်။ ပဌမံ၊ ရှေးဦးစွာဖြစ်သော။ ကေပဒံ၊တခုတခုသော ပုဒ်အနက်သည်။ သကလက္ခဏံ၊ မိမိ–မိမိသစ္စာပုဒ်တို့၏ သဘောလက္ခဏာအစစ်မည်၏။ ဝါ၊ မိမိသစ္စာ၏ အနက်မည်၏။ **သ–မ–နိ** သမုဒယသစ္စာ,မဂ္ဂသစ္စာ,နိရောဓ သစ္စာတို့ကိုရင်း၊ **ဒု–နိ–မ** ဒုက္ခသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာတို့ကိုရင်း၊ **သ–မ–ဒု** သမုဒယသစ္စာ,မဂ္ဂသစ္စာ,ဒုက္ခသစ္စာတို့ကိုရင်း၊ **သ–နိ–ဒု** သမုဒယ သစ္စာ, နိရောဓသစ္စာ,ဒုက္ခသစ္စာတို့ကိုရင်း။ ပဌမေန၊ ပဌမအနက်ကို။ ဝိနာ၊ ကြဉ်၍။ ကမတော၊ အစဉ်အတိုင်း။ ဝိဘဇေ၊ ဝေဘန်ရာ၏။

(၁) ဒုက္ခသစ္စာ၌–နှိပ်စက်တတ်သော' ပီဠန'ဟူသော ပဌမအနက်သည် ဒုက္ခသစ္စာ၏အနက်ရင်းဖြစ်၍ မိမိသဘောလက္ခဏာဖြင့်ပင် ထင်ရှား သိသာ လှပေ၏၊ ဒုတိယ သမုဒယသစ္စာ၌ အားထုတ်ခြင်း အနက်ကို မြင်သဖြင့် ထိုအားထုတ်ခြင်းအနက်ကို နှိုင်းခိုင်းထောက်ဆ၍ ဒုက္ခသစ္စာ၏ ပူပြင်တတ်သော 'သံတပ္ပ' ဟူသော ဒုတိယ အနက်သည် ထင်ရှားလာလေတော့၏။ ဥပမာ– နတ်သမီးကို မြင်ရသော နန္ဒမင်းသား အား ဇနပဒကလျာဏီ ၏ အဆင်းမလှ မျောက်အိုမကြီးကဲ့သို့ ထင်မြင်ခြင်း ဖြစ်သကဲ့သို့ပေတည်း။ တတိယမဂ္ဂသစ္စာ၏ အေးမြခြင်းအနက်ကိုမြင်သဖြင့် ထိုအေးမြခြင်းအနက်ကို နှိုင်းခိုင်း ထောက်စာ၍ ဒုက္ခသစ္စာ၏ ပူလောင်ခြင်း 'သန္တာပဋ္ဌ' ဟူသော တတိယ အနက်သည် ထင်ရှား လာလေတော့၏၊ မဘောက်မပြန်သော

သဘောရှိသော နိရောဓသစ္စာကိုမြင်သဖြင့် ထိုမဘောက်မပြန်ခြင်းအနက်ကို နှိုင်းခိုင်းထောက်စာ၍ ဒုက္ခသစ္စာ၏ ဘောက်ပြန်တတ်သော '**ဝိပရိဏာမဋ္ဌ**' ဟူသော စတုတ္ထအနက်သည် ထင်ရှားလာလေတော့၏။

(ဤကား—ဒု,၌ သိရန်ပေတည်း။)

(၂) **သမုဒယသစ္စာ၌**—အားထုတ်တတ်သော '**အာယူဟနဋ္ဌ**' ဟူသော ပဌမအနက်သည် သ—သစ္စာ၏အနက်ရင်းဖြစ်၍ မိမိသဘောလက္ခဏာဖြင့်ပင် ထင်ရှားသိသာလှပေ၏၊ ဒုတိယ စသော အနက်များမှာ အကျိုးဖြစ်သော ဒုက္ခသစ္စာကို မြင်သဖြင့် သမုဒယသစ္စာ၏ အကြောင်းဖြစ်သော '**နိဒါနဋ္ဌ**' ဟူသော ဒုတိယအနက်သည်ထင်ရှားလေတော့၏။ **ဥပမာ**—မသင့်မတင့်သော အစာအာဟာရကြောင့် အော့အံခြင်း ရောဂါ၏ အကြောင်းဖြစ်သည်ကို မြင်သကဲ့သို့ပေတည်း။ ဝဋ္ဋဆင်းရဲ၌ ယှဉ်ခြင်းကင်းသော နိရောဓသစ္စာကို မြင်သဖြင့် သမုဒယသစ္စာ၏ ဝဋ္ဋဆင်းရဲ၌ ယှဉ်စေတတ်သော '**သံယောဂဋ္ဌ**' ဟူသော တတိယအနက်သည် ထင်ရှားလေတော့၏၊ သံသရာဝဋ္ဋမှ ထွက်မြောက်ကြောင်း ဖြစ်သော မဂ္ဂသစ္စာကို မြင်သဖြင့် သမုဒယ သစ္စာ၏ နှောက်ရှက်တတ်သော '**ပလိဗောဓဋ္ဌ**'ဟူသော စတုတ္ထအနက်သည် ထင်ရှားလေတော့၏။

(ဤကား—သ,၌ သိသာရန်ပေတည်း။)

(၃) **နိရောဓသစ္စာ၌**—သံသရာဝဋ္ဋမှ ထွက်မြောက်ကြောင်း ဖြစ်သော '**နိဿရဏဋ္ဌ**' ဟူသော ပဌမအနက်သည်-နိ, သစ္စာ၏ အနက်ရင်းဖြစ်၍ မိမိ သဘောလက္ခဏာဖြင့်ပင် ထင်ရှားသိသာလှပေ၏၊ ဒုတိယ စသော အနက်များမှာ ကိလေသာမှ မကင်းသော သမုဒယသစ္စာကို မြင်သဖြင့် နိရောဓ သစ္စာ၏ ကိလေသာမှကင်းဆိတ်သော '**ဝိဝေကဋ္ဌ**' ဟူသော ဒုတိယ အနက်သည် ထင်ရှားလေတော့၏၊ ပြုပြင်တတ်သော မဂ္ဂသစ္စာကို မြင်သဖြင့် နိရောဓသစ္စာ၏ပြုပြင်ခြင်းမရှိသော'**အသင်္ခတဋ္ဌ**'ဟူသော တတိယအနက်သည် ထင်ရှားလေတော့၏၊ သေခြင်းမကင်းသော ဒုက္ခသစ္စာကိုမြင်သဖြင့် နိရောဓ သစ္စာ၏ သေခြင်းမရှိသော '**အမတဋ္ဌ**'ဟူသော စတုတ္ထအနက်သည် ထင်ရှား လေတော့၏။

(ဤကား—နိ,၌ သိရန်ပေတည်း။)

(၄) **မဂ္ဂသစ္စာ၌**—သံသရာမှ ထွက်မြောက်ကြောင်းဟု ဆိုအပ်သော '**နိယျာနဋ္ဌ**' ဟူသော ပဌမအနက်သည် မဂ္ဂသစ္စာ၏ အနက်ရင်းဖြစ်၍ မိမိ သဘောလက္ခဏာဖြင့်မှင် သိသာထင်ရှားလှပေ၏၊ ဒုတိယ စသော အနက် များမှာ နိဗ္ဗာန်သို့ ရောက်ကြောင်းမဟုတ်သော သမုဒယသစ္စာကို မြင်သဖြင့် နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာ၏ '**ဟေတုဋ္ဌ**' ဟူသော ဒုတိယ အနက်သည် ထင်ရှားလေတော့၏၊ အာရုံ ပြုအပ်သော နိရောဓသစ္စာကို မြင်သဖြင့် မဂ္ဂသစ္စာ၏နိဗ္ဗာန်ကို မြင်တတ်သော '**ဒဿနဋ္ဌ**'ဟူသော တတိယ အနက်သည် ထင်ရှားလေတော့၏၊ ဆင်းရဲသော ဒုက္ခသစ္စာကိုမြင်သဖြင့် မဂ္ဂသစ္စာ၏ ကြီးမြတ်သော အစိုးရသော '**အဓိပတေယျဋ္ဌ**' ဟူသော စတုတ္ထ အနက်သည် ထင်ရှားလေတော့၏၊ ဥပမာ—များစွာသော အနာရောဂါ တို့ဖြင့် ကျင်နာနှိပ်စက်၍ ဆင်းရဲပင်ပန်းစွာ အထီးကျန်သောသူကိုမြင်သဖြင့် စည်းစိမ်ချမ်းသာရှိသောသူတို့၏ ကြီးမြတ်သောအဖြစ်သည် လွန်စွာထင်ရှား သကဲ့သို့ပေတည်း။ (ဤကား-မ,၌ သိရန်ပေတည်း။)

မှတ်ချက်။ ။ အဆိုပါ-ဂါထာကို'ရှင်းသည်ထက်ရှင်းအောင် အသီးအသီးယှဉ်၍ အနက်တမျိုးပေးပြဦးအံ့။'**ပဒဿ**'ကို '**မှဒံ အဿ**'ဟု ပုဒ်ဖြတ်လေ။

(၁) '**ဒု**' အဿ၊ ထို **ဒုက္ခသစ္စာ** ၏။သကလက္ခဏံ၊မိမိ၏လက္ခဏာဖြစ်သော။ ပဌမံ၊ ရှေးဦးစွာသော။ ကော်ပဒံ၊ ပီဠနဋ္ဌ ဟူသော အဘိုကိုဒ်ရင်း။ ပဌမေန၊ ရှေးဦးစွာသော ပီဠနဋ္ဌနှင့်။ ဝါ၊ ကို။ ဝိနာ၊ ကင်း၍။ ဝါ၊ ကြဉ်ထား၍။ ကမတော၊ အစဉ်အတိုင်း **သ—မ—နိ** သမုဒယ, မဂ္ဂ, နိရောဓ သစ္စာ တို့ကို။ နိဒဿနတော၊ မြင်ရခြင်းကြောင့်။ ဒုတိယာဒိပဒံ၊ နှစ်ခုမြောက်သော သန္တာပဋ္ဌ စသော အဘိုကိုဒ်ရင်း။ ဝါ၊ နှစ်ခုမြောက်သော သင်္ခတဋ္ဌ, သုံးခုမြောက်သော သန္တာပဋ္ဌ, လေးခုမြောက်သော ဝိပရိဏာမဋ္ဌ အဘိုကိုဒ်ရင်း။ ဝိဘာဝေ၊ ဝေဘန် ရာ၏။ (ဤကား-ဒု,သစ္စာဘိုသက်သက် ဖြစ်တဲ့အနက်ဟု မှတ်။)

(၂) '**သ**' အဿ၊ ထို **သမုဒယသစ္စာ** ၏။ သကလက္ခဏံ၊ မိမိ၏လက္ခဏာ ဖြစ်သော။ ပဌမံ၊ ရှေးဦးစွာသော။ ကော်ပဒ'၊ အာယူဟနဋ္ဌဟူသော အဘိုကိုဒ်ရင်း။ ပဌမေန၊ ရှေးဦးစွာသော အာယူဟနဋ္ဌနှင့်။ ဝါ၊ကို။

ဝိနာ၊ ကင်း၍။ ကမတော၊ အစဉ်အတိုင်း ဒု–နိ–မ၊ ဒုက္ခနိရောဓ, မဂ္ဂသစ္စာ တို့ကို။ နိဒဿနတော၊ မြင်ရခြင်းကြောင့်။ ဒုတိယာဒိပဒ၊ ၂ ခုမြောက်သော နိဒါနဋ္ဌ စသော အဘို့ကိုရင်း။ ဝါ၊ နိဒါနဋ္ဌ,သံယောဂဋ္ဌ,ပလိဗောဓဋ္ဌ ဟူသော အဘို့ကိုရင်း။ ဝိဘာဇေ၊ ဝေဘန်ရာ၏။ (ဤကား–သ,ဘို့သက်သက်။)

(၃) 'နိ' အဿ၊ ထို နိရောဓသစ္စာ၏။ သကလက္ခဏံ၊ မိမိ၏လက္ခဏာ ဖြစ်သော။ ပဌမံ၊ ရှေးဦးစွာသော။ ကော်ပဒ၊ နိဿရဏဋ္ဌ ဟူသော အဘို့ကို ရင်း။ ပဌမေန၊ ရှေးဦးစွာသော နိဿရဏဋ္ဌနှင့်။ ဝါ၊ကို။ ဝိနာ၊၍။ ကမတော၊ အစဉ်အတိုင်း သ–မ–ဒု သမုဒယ, မဂ္ဂ, ဒုက္ခသစ္စာတို့ကို။ နိဒဿနတော၊ မြင်ရခြင်းကြောင့်။ ဒုတိယာဒိပဒ၊ ၂ ခုမြောက်သော ဝိဝေကဋ္ဌ စသော အဘို့ကိုရင်း။ ဝါ၊ ဝိဝေကဋ္ဌ, အသင်္ခတဋ္ဌ, အမတဋ္ဌ ဟူသော အဘို့ကိုရင်း။ ဝိဘာဇေ၊ ဝေဘန်ရာ၏။ (ဤကား–နိ,ဘို့ သက်သက်။)

(၄) 'မ' အဿ၊ ထို မဂ္ဂသစ္စာ၏။ သကလက္ခဏံ၊ မိမိ၏လက္ခဏာ ဖြစ်သော။ ပဌမံ၊သော။ ကော်ပဒ၊ နိယျာနဋ္ဌဟူသော အဘို့ကိုရင်း။ပဌမေန၊ ရှေးဦးစွာသော နိယျာနဋ္ဌနှင့်။ ဝါ၊ ကို။ ဝိနာ၊ ၍။ ကမတော၊ အတိုင်း။ သ–နိ–ဒု သမုဒယ, နိရောဓ, ဒုက္ခသစ္စာတို့ကို။ နိဒဿနတော၊ မြင်ရခြင်း ကြောင့်။ ဒုတိယာဒိပဒ၊ ၂ခုမြောက်သော ဟေတုဋ္ဌ စသော အဘို့ကိုရင်း။ ဝါ၊ ဟေတုဋ္ဌ, ဒဿနဋ္ဌ, အဓိပတေယျဋ္ဌ ဟူသော အဘို့ကိုရင်း။ ဝိဘာဇေ၊ ဝေဘန်ရာ၏။ (ဤကား–မ,ဘို့ သက်သက်။)

အဓိပ္ပါယ်။ ။ (၁) ဒု–၌ ဒုက္ခသစ္စာ၏ "ပီဠနဋ္ဌ, သင်္ခတဋ္ဌ,သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ"ဟူသော လေးနက်ဘို့တွင် ပီဠနဋ္ဌ သည် မိမိ ဟူသော ဒုက္ခ သစ္စာ၏ နှိပ်စက်ခြင်းကိစ္စအားဖြင့် ထင်ရှားသည်၊ သင်္ခတဋ္ဌ သည် ပြုပြင်စီရင် တတ်သော သမုဒယသစ္စာကိုထောက်၍ ထိုမှပြန်သော ပြုပြင်စီရင်အပ်သော အားဖြင့် ထင်ရှားသည်၊ သန္တာပဋ္ဌ သည် မပူပန်စေတတ်သော မဂ္ဂသစ္စာကို ထောက်၍ ပူပန်စေတတ်သော အားဖြင့် ထင်ရှားသည်၊ ဝိပရိဏာမဋ္ဌ သည် ဖောက်ပြန်ခြင်း မရှိသော နိရောဓသစ္စာကို ထောက်၍ ထိုမှ ပြန်သော ဖောက်ပြန်ခြင်းရှိသောအားဖြင့် ထင်ရှားသည်။ (ဤကား ဒု–ဘို့)

(၂) သ, ၌ သမုဒယသစ္စာ၏ အာယူဟနဋ္ဌ, နိဒါနဋ္ဌ, သံယောဂဋ္ဌ, ပရိဗောဓဋ္ဌ ဟူသော လေးနက်တို့တွင် အာယူဟနဋ္ဌ သည် မိမိ ဟူသော သမုဒယသစ္စာ၏ ဒုက္ခကိုပေါင်းစု၍ ဖြစ်စေခြင်း ကိစ္စအားဖြင့် ထင်ရှားသည်၊ နိဒါနဋ္ဌ သည် အကျိုးဖြစ်သော ဒုက္ခသစ္စာကို ထောက်၍ ထိုမှပြန်သော အကြောင်းသဘောအားဖြင့် ထင်ရှားသည်၊ သံယောဂဋ္ဌ သည် ဝဋ္ဋ၌မယှဉ်သော နိရောဓသစ္စာကိုထောက်၍ ထိုမှပြန်သော ဝဋ္ဋ၌ ယှဉ်စေခြင်းအားဖြင့် ထင်ရှားသည်၊ ပလိဗောဓဋ္ဌ သည် တားမြစ် ပိတ်ပင်အပ်သော မဂ္ဂသစ္စာကို ထောက်၍ ထိုမှပြန်သော တားမြစ် ပိတ်ပင်တတ်သော သဘောအားဖြင့် ထင်ရှားသည်။ (ဤကား သ-ဘို)

(၃) နိ-၌ နိရောဓသစ္စာ၏ နိဿရဏဋ္ဌ,ဝိဝေကဋ္ဌ,အသင်္ခတဋ္ဌ, အမတဋ္ဌ ဟူသော လေးနက်တို့တွင် နိဿရဏဋ္ဌ သည် မိမိဟူသော နိရောဓသစ္စာ၏ ခပ်သိမ်းသော သင်္ခတ တရားတို့မှ ထွက်မြောက်ခြင်း ကိစ္စအားဖြင့် ထင်ရှား သည်၊ ဝိဝေကဋ္ဌ သည် သမုဒယသစ္စာကို ထောက်၍ ၎င်း သမုဒယသစ္စာ၏ ကင်းရာ ဆိတ်ရာ သဘောအားဖြင့် ထင်ရှားသည်၊ အသင်္ခတဋ္ဌ သည် အကြောင်းတရားတို့သည် ပြုပြင်စီရင်အပ်သော မဂ္ဂသစ္စာကို ထောက်၍ ထိုမှပြန်သော အကြောင်းတရားတို့သည် မပြုပြင်အပ်သောသဘောအားဖြင့် ထင်ရှားသည်၊ အမတဋ္ဌသည် ဘောက်ပြန်တတ်သော ဒုက္ခသစ္စာကိုထောက်၍ ထိုမှပြန်သော မဘောက်ပြန်သောသဘောအားဖြင့် ထင်ရှားသည်။

(ဤကား နိ—ဘို။)

(၄) မ—၌ မဂ္ဂသစ္စာ၏ ' နိယျာနဋ္ဌ, ဟေတုဋ္ဌ,ဒဿနဋ္ဌ, အဓိပတေယျဋ္ဌ ဟူသော လေးနက်တို့တွင် နိယျာနဋ္ဌ သည် မိမိဟူသော မဂ္ဂသစ္စာ၏သံသရာမှ ထွက်မြောက်ခြင်းကိစ္စအားဖြင့်ထင်ရှားသည်၊ဟေတုဋ္ဌသည် ဝဋ္ဋ၏အကြောင်း ဖြစ်သော သမုဒယသစ္စာကို ထောက်၍ ထိုမှပြန်သော ဝဋ္ဋကင်းခြင်း၏ အကြောင်းသဘောအားဖြင့် ထင်ရှားသည်၊ ဒဿနဋ္ဌ သည် မြင်အပ်သော နိရောဓသစ္စာကိုထောက်၍ ထိုမှပြန်သော မြင်တတ်သော သဘောအားဖြင့် ထင်ရှားသည်၊ အဓိပတေယျဋ္ဌ သည် ပူပန်စေတတ်သော ဒုက္ခသစ္စာကို ထောက်၍ ထိုမှ ပြန်သော မပူပန်စေတတ်, ချမ်းအေးစေတတ်သော

သဘောရှိသည်ဖြစ်၍ သမ္မယုတ်တရားတို့၏ အကြီးအမှူးဖြစ်သော သဘော အားဖြင့် ထင်ရှားသည်။ (ဤကား မ–ဘို။)

အမှာ။ ။ ဤကား သစ္စာတို့၏ 'ပ-ဒု-တ-စ' ဟု လေးနက်စီရှိရာ ပ-၏ အနက်သာ မိမိတို့၏ သစ္စာအနက်ထင်ရှား၍ ဒု-တ-စ နောက် သုံးနက် သုံးနက်တို့မှာ တပါးသောသစ္စာတို့၏ အနက်များနှင့် နှိုင်းခိုင်း ထောက်စာမှသာ ဆန့်ကျင်ဘက် အနေအားဖြင့် ပေါ်လွင်ထင်ရှား သိသာပုံကို ပြဆိုချက်ပေတည်း။

# ဆောင်ပုဒ်

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဒု | သင် | နှင့် | သ | သန် | နှင့် | မ | ဝိ | နှင့် | နိ | ထောက် |
| ၂ | သ | နိ | နှင့် | ဒု | သံ | နှင့် | နိ | ပ | နှင့် | မ | ကြည့် |
| ၃ | နိ | ဝိ | နှင့် | သ | အ | နှင့် | မ | အ | နှင့် | ဒု | ပါ |
| ၄ | မ | ဟေ | နှင့် | သ | ဒ | နှင့် | နိ | မိ | နှင့် | ဒု | လေ |

မှတ်ချက်။ ။"ထောက်ကြည့်ပါလေ"ဟူသောစကားကို ၄ပုဒ်လုံး၌ ထည့်၍ဆိုပါ။

## သူ့သစ္စာနှင့် သူ့အနက်—ဇယားကွက်ဖြင့်ရှုရန်

| သစ္စာ | ပ | ဒု | တ | စ | နှိုင်းစာရန် | | | သင် နှင့် သ—ကို | သန် နှင့်—မ—ကို | ဝိ နှင့် နိ ကို | ထောက်လေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ဒု | ပိ | သင် | သန် | ဝိ | သ | မ | နိ | | | | |
| သ | အာ | နိ | သံ | ပ | ဒု | နိ | မ | နိ ။ ဒု ။ | သန် ။ နိ ။ | ပ ။ မ ။ | ။ |
| နိ | နိ | ဝိ | အ | အ | သ | မ | ဒု | ဝိ ။ သ ။ | အ ။ မ ။ | အ ။ ဒု ။ | ။ |
| မ | နိ | ဟေ | ဒ | မိ | သ | နိ | ဒု | ဟေ ။ သ ။ | ဒ ။ နိ ။ | ဝိ ။ ဒု ။ | ။ |

## နိတတ္ထနှင့် နေယျတ္ထ

| သစ္စာ | ဒု,သ,နိမ ပ,နက် | | | နိတတ္ထ—တိုက်ရိုက်သိ | ဒု—တ—စ | တို့၏ အနက်တို့မှာ | နေယျတ္ထ | ထောက်ဆ၍သိ |
|---|---|---|---|---|---|---|---|---|
| ဒု | ၏ | ပ | ပိ | နှိပ်စက်ခြင်းအနက် | ။ | ။ | သ—မ—နိ | ။ |
| သ | ။ | ။ | အာ | အားထုတ်ခြင်းအနက် | ။ | ။ | ဒု—နိ—မာ | ။ |
| နိ | ။ | ။ | နိ | ထွက်မြောက်ခြင်းအနက် | ။ | ။ | သ—မ—ဒု | ။ |
| မ | ။ | ။ | နိ | ထုတ်ဆောင်ခြင်းအနက် | ။ | ။ | သ—နိ—ဒု | ။ |

ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ, ပုဒ်တို့ကို ဖြစ်သင့်သလို ဝိဂ္ဂဟ်ဆို၍ အရ ကောက်ကို ပြခြင်း။

၁။ ဒုက္ခသစ္စာ၌ ဒု-သဒ္ဒါသည် စက်ဆုတ်အပ်သော အနက်၌ ထင်၏။ ဥပမာ—လောက၌ ပြောဆိုဆုံးမသည်ကိုနားမထောင်၍ ကဲ့ရဲ့အပ်,စက်ဆုတ် အပ်သော သားဆိုး-သားမိုက်ကို 'ဒုပုတ္တ' စက်ဆုတ်အပ်သော သားမိုက် သားဆိုးဟု ပြောဆိုကြကုန်သကဲ့သို့ဘည်း။

ခ-သဒ္ဒါသည် အချည်းနှီးဟူသော အနက်၌ထင်၏။ ဥပမာ-လောက၌ အချည်းနှီးသော ကောင်းကင်ကို ခံ-ဟု ဆိုကြသကဲ့သို့တည်း။ လက်ဦး အစဆုံးဖြစ်သော ဤ ရုပ် နာမ် ခန္ဓာ ဒုက္ခသစ္စာသည် ဇာတိ စသော များစွာသော ဘေးအပေါင်း,ရန်အပေါင်း,မကောင်းဟူသမျှ ဘေးဥပဒ္ဒဝေါ အနန္တတို့၏ ကြရောက်ရာ လာရောက် တည်နေရာဖြစ်သည် အဖြစ်ကြောင့် စက်ဆုတ်အပ် ကဲ့ရဲ့အပ်သည်လည်း ဖြစ်၏။

မိစ္ဆာဆက်ဆံ ဉာဏ်မသန့်သူ လူမိုက်တို့သည်၊ ဝါ-မိစ္ဆာဒိဋ္ဌိတို့သည် မဟုတ်မဟတ် ကြံဆအပ်သော ခိုင်မြဲသည်, တင့်တယ်သည်, ချမ်းသာသည်, အစိုးရသည် အဖြစ်ဟူသော "ဓုဝ-သုဘ-သုခ-အတ္တ" သဘောမှ လုံးဝ ဆိတ်သည် ကင်းသည်၏အဖြစ်ကြောင့် ချမ်းသာဟူက မြူမျှမရှိဘဲ ဆင်းရဲ တုံး, ဆင်းရဲခဲ, ဆင်းရဲအစုအပုံ, ဆင်းရဲအသိုက် အအုံကြီးသာ အမှန်စင်စစ် ဇော်ဖြစ်နေ၍ စက်ဆုပ်စရာ အနှစ်အသားမပါ အချည်းနှီးသာ ဖြစ်၏၊ အဆိုပါ ကုစ္ဆိတ-တုစ္ဆ, ထိုနှစ်ပါးသောသတ္တိကြောင့် ဒုက္ခ ဟူ၍ ဆိုအပ်၏ဟု သိလေ။

ဤ ဒုက္ခသစ္စာ၌ ဒု-ပုဒ် ခံ-ပုဒ် နှစ်ပုဒ်ယူ၍ "ဒုကုစ္ဆိတံ ခံ ဒုက္ခံ "ဟု ပါဠိ ပုဗ္ဗပဒ ကမ္မဓာရ်ိ ပြုရမည်။ဒုကုစ္ဆိတံ၊စက်ဆုပ်အပ်သော။ခံ၊အချည်းနှီး အလကား အသုံးမကြ သူမိုက်တို့သည် ကြံဆအပ်သော 'ဓုဝ-သုဘ-သုခ- အတ္တ' အဖြစ်မှ ကင်းဆိတ်သောတရားတည်း။ ဒုက္ခံ၊ စက်ဆုပ်အပ်သော ဆံပင်, မွေးညှင်း စသော အချည်းနှီးဖြစ်သော ခန္ဓာငါးပါးတရား တဏှာမှ တပါးသော ဥပါဒါနက္ခန္ဓာ ငါးပါးကို ရ၏။ (ဤကား ဒု-အတွက်)

၂။ သမုဒယသစ္စာ၌ သံ-သဒ္ဒါသည် "သမာဂမော သမေတံ "စသော ပါဠိတို့၌ တကွယှဉ်ခြင်းအနက်ကိုပြ၏၊ ဥ-သဒ္ဒါသည် 'ဥပ္ပန္နံ ဥဒိကံ စသည်

တို့၌ ဖြစ်ခြင်းအနက်ကိုပြ၏၊ အယ,သဒ္ဒါသည် အကြောင်းဟူသော အနက်ကို ပြ၏။

ဤနှစ်ခုမြောက်ဖြစ်သော လောဘ ဟူသော သမုဒယသစ္စာသည်လည်း မိမိဟူသော လောဘမှကြွင်းသော ကုသိုလ် အကုသိုလ်ဟူသော အကြောင်းများနှင့် ပေါင်းဖေါ်ယှဉ်တွဲမိသည်ရှိသော် ရုပ် နာမ် ခန္ဓာ ဟူသော ဒုက္ခသစ္စာကို အသစ်အသစ်ဖြစ်ပေါ်လာစေခြင်း၏ အကြောင်းရင်းအစစ် ကေန်ဖြစ်၏၊ ဤ၌ တဏှာမှတပါး အခြားသောကိလေသာတို့သည် ဒုက္ခကိုဖြစ်စေနိုင်သော်လည်း တဏှာနှင့်တွဲရမှသာ ဒုက္ခကိုဖြစ်စေနိုင်ကြသည်၊တဏှာမပါ တဏှာ အကူအညီ မရလျှင် ဒုက္ခကိုတိုက်ရိုက် မဖြစ်စေနိုင်ကြပေ၊ တဏှာမှာမူကား မိမိချည်းသက်သက်ပင် သူတပါးအကူအညီမပါဘဲ ဒုက္ခအမျိုးမျိုးတို့ကို ဖြစ်စေနိုင်ကုန်၏၊အဆိုပါ အကြောင်းသုံးပါးတို့ကြောင့် ဒုက္ခ,သမုဒယ ဟူ၍ ဆိုအပ်၏ဟု သိလေ။

ဤ သမုဒယသစ္စာ၌ သံ-ပုဒ်, ဥ-ပုဒ်, အယ-ပုဒ် သုံးပုဒ်ယူ၍ 'သံ ဥ, အယော အဿာတိ-သမုဒယော'ဟု ဗဟုဗ္ဗိဟိပြုရမည်။ အဿ၊ ထို သမုဒယသစ္စာအား။ သံ၊ တပါးသော အကြောင်းနှင့် ပေါင်းဘော်ယှဉ်တွဲမိသည်ရှိသော်။ ဥ-ဥပ္ပန္နဿ၊ ဒုက္ခအမျိုးမျိုး ဖြစ်ပေါ်လာခြင်း၏။ အယော၊ အကြောင်းရင်း အကြောင်းခံအစစ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုတဏှာလောဘသည်။ သမုဒယော၊ သမုဒယ မည်၏။ တဏှာကို ရ၏။ (ဤကား သ-အတွက်)

၃။ နိရောဓသစ္စာ၌ 'နိသဒ္ဒေါ အဘာဝံ ရောဓသဒ္ဒေါစ စာရကံ ဒီပေတိ'နှင့်အညီ၊ နိ-သဒ္ဒါသည် မရှိခြင်းအနက်ကိုပြ၏၊ ရောဓ-သဒ္ဒါသည် သံသရာဝဋ်ဆင်းရဲ သံသရာနှောင်အိမ် သံသရာအချုပ်ထောင် ဟူသော အနက်ကို ပြ၏။ ဤလိုဤပုံ—နိ,သဒ္ဒါ၏ မရှိခြင်းအနက်, ရောဓ သဒ္ဒါ၏ သံသရာဝဋ်ဆင်းရဲ သံသရာနှောင်အိမ်ဟူသော အနက်ကို ပြသောကြောင့် ဤ အသင်္ခတဓာတ် နိဗ္ဗာန်တရားတော်မြတ်၌ သံသရာဝဋ်ဆင်းရဲ သံသရာနှောင်အိမ်ဟူသော ဆင်းရဲဒုက္ခအနှောင်အဖွဲ့၏ လုံးဝမရှိသောအဖြစ် အလုံးစုံသော ဂတိငါးပါးမှ ကင်းဆိတ်သောအဖြစ်သည် အလွန်ထင်ရှား၏၊ အဆိုပါ အကြောင်းတို့ကြောင့် နိရောဓသစ္စာဆိုသည်ဟု သိလေ မှတ်လေ။

**တနည်းအားဖြင့်**—ထို နိဗ္ဗာန်ကို ရသည် ရောက်သည်ရှိသော် ထိုနိဗ္ဗာန်ကို ရပြီး ရောက်ပြီးသော ပုဂ္ဂိုလ်တို့အား ဖြစ်ပျက်မွေးသေဆိုတဲ့ သံသရာဝဋ္ဋဒုက္ခ သံသရာနှောင်အိမ် သံသရာအချုပ်ထောင်ဟု ဆိုအပ်သော၊ ဝါ၊ ဖြစ်ပျက်မွေးသေဟုဆိုအပ်သော သံသရာဝဋ္ဋဒုက္ခ အနှောင်အဖွဲ့၏ လုံးဝမရှိခြင်းသည် ဖြစ်၏၊ အဘယ့်ကြောင့်ဆိုသော် ထိုသံသရာ နှောင်အိမ်၏ ဆန့်ကျင်ဘက်ဖြစ်သော၊ဝါ၊တဘက်တလမ်းစီ တဲ့တဲ့ဆန့်ကျင်ဘက်ဖြစ်၍နေသော မွေးသေလွတ်တဲ့ နိဗ္ဗာန်ကို သိသည် ရသည်၏အဖြစ်ကြောင့်၎င်း၊ ဖြစ် ပျက် မွေး သေ ဆိုတဲ့ သံသရာဝဋ္ဋဆင်းရဲ၏ တဖန်အသစ်မဖြစ်သော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်း အေးငြိမ်းသောကြောင့်၎င်း ဒုက္ခ နိရောဓသစ္စာဟု ဆိုရပေသည်။

ဤ နိ,သစ္စာ၌ နိ ပုဒ်, ရောဓ ပုဒ်, နှစ်ပုဒ်ယူ၍ 'နိ သုညော ရောဓော ဧတ္ထာတိ-နိရောဓော' ဟု သတ္တမီဗဟုဗ္ဗိပြုရမည်။ ဧတ္ထ အသခ်တ ဓမ္မေ၊ ဤ ဖြစ်ပျက်မွေးသေလွတ်သော အသခ်တ တရား၌။ ရောဓော၊ ဖြစ် ပျက် မွေးသေဟူသော သံသရာဝဋ္ဋဒုက္ခဟူသော ကျင်လည်ရခြင်းသည်။ နိသုညော၊ ဆိတ်သုဉ်း၏ ကင်း၏ လွတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော အသခ်တဓမ္မော၊ သည်။ နိရောဓော၊ မည်၏။

ဤ၌ နိရောဓသဒ္ဒါသည် ဆိတ်သုဉ်းခြင်း သုညအနက်ကိုဟော၏၊ နိရောဓ ဟူသော သမာသ်ပုဒ်အရကား သံသရာဝဋ္ဋ၏ လုံးဝမရှိခြင်း အဘာဝ ပညတ်ကို ရ၏။

ဧတ္ထ ဟူသော အညပုဒ်၏အရကား အဘာဝဝန္တဖြစ်သော နိဗ္ဗာန်ဟု ဆိုအပ်သော အသခ်တ တရားကိုရ၏။ (ဤကား နိ-အတွက်)

**မှတ်ချက်**။ ။ ဤ၌ နိရောဓသစ္စာဆိုတာ အခြားမဟုတ်ပါ၊ ငါးပါးအာရုံ ကာမဂုဏ်တို့၌၎င်း၊ဘုံသုံးပါးတို့၌၎င်း မကောင်းကိုအကောင်းထင်၍ စုံစုံမက်မက် ခုံခုံတက်အောင် တပ်မက်တတ်တဲ့ တဏှာအာလယကို အပြီးအပြတ် လက်စသတ် မဂ်နှင့်ပယ်လိုက်နိုင်တဲ့အခါ အကြောင်း တဏှာအာလယပြတ်၍ အကျိုးဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာတို့၏ တဖန် အသစ်မဖြစ်ရာ အကြောင်းအကျိုး နောက်ထပ်အသစ်မဖြစ်တော့ဘဲ အကြောင်းသစ် အကျိုးသစ် ဖြစ်မှု ပျက်မှု အမြဲငြိမ်းအေးသွားတဲ့ အငြိမ်းဓာတ် အအေးဓာတ် အသခ်တဓာတ်ဖြစ်သော နိဗ္ဗာန်ကိုပင် နိရောဓသစ္စာဟု ဟောတော်မူခြင်းဖြစ်သည်။

ထိုနိရောဓသစ္စာနိဗ္ဗာန်ကို ရောက်ရှိ ရသိတဲ့ လူနတ်ပြဟ္မာ ပုဂ္ဂိုလ်သတ္တဝါတို့မှာ 'အာယတိံ ဘဝါဒိသု အပဝတ္တိ'ဆိုတဲ့ သမ္မောနှင့်အညီ၊ နောင်အခါဘုံသုံးပါးတို့၌ တဖန် အသစ်မဖြစ်ခြင်းသဘော 'တသ္မိံ ဝါ သမဓိဂတေ တပ္ပဋိပက္ခတ္တာ သံသာရစာရက သင်္ခါတဿ ဒုက္ခ ရောဓဿ အဘာဝေါ ဟောတိ'ဆိုတဲ့ သမ္မောနှင့်အညီ၊ ထိုနိဗ္ဗာန်ကို ရသည် ရောက်သည် သိသည် မြင်သည်ရှိသော် ထိုနိဗ္ဗာန်နှင့် တွဲတဲ့ဆန့်ကျင်ဘက် ဖြစ်သော လောက၌ အချုပ်ထောင် နှောင်အိမ်နှင့် တူသော သံသရာဝဋ်ဒုက္ခ၌ တဖန် တဖန် ကျင်လည်ရခြင်းဟုဆိုအပ်သော ဒုက္ခဟူသောဖြစ်ခြင်း၏ လုံးဝဥဿုံ အကုန်မရှိမဖြစ်သော သဘောပေတည်း။

'ပဝတ္တံ သင်္ခါရာ၊ အပဝတ္တံ နိဗ္ဗာနံ'ဆိုတဲ့ ပဋိသမ္ဘိဒါမဂ်နှင့်အညီ၊ တဖန်အသစ် လူ နတ် စသည် မဖြစ်မှပင် ချမ်းသာစစ် ချမ်းသာမှန်ဖြစ်၍ နိဗ္ဗာန်ချမ်းသာဖြစ်နိုင်ပေမည်၊ တဖန် အသစ်အသစ်ဖြစ်နေပြန်လျှင် သံသရာဝဋ်ဒုက္ခသာဖြစ်၍ နိဗ္ဗာန်မဖြစ်နိုင်တော့ပေ။

ဆောင်ပုဒ်။ မဖြစ်သုခ၊ ဖြစ်ဒုက္ခ၊ မုချ မှတ်ကြပါ။
မဖြစ်လျှင်အေး၊ ဖြစ်လျှင်ဘေး၊ ကြံတွေး သိကြပါ။
ဖြစ်လို့မအေး၊ မဖြစ်အေး၊ မျှော်တွေး သိဘို့ရာ။

၄။ မဂ္ဂသစ္စာ၌ မ-သဒ္ဒါက ကိလေသာကို ပယ်သတ်တတ်သော အနက်ကို ပြ၏၊ ဂ္ဂ-သဒ္ဒါက နိဗ္ဗာန်သို့သွားတတ်သော အနက်ကိုပြ၏၊ နှစ်ပုဒ်ပေါင်းတော့ မဂ္ဂဟု ဖြစ်ပေါ်လာရာ၊ အဆိုပါ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး ဝိပဿနာအကျင့်မြတ်တရားကို ပွါးများအားထုတ်သည်ရှိသော် သူငါမဟုတ် နာမ်နှင့်ရုပ် အနိစ္စ, ဒုက္ခ, အနတ္တ ဒုက္ခသစ္စာ စသည်ဖြင့် သစ္စာထိအောင် မြင်သိ၍ လာလေတော့၏၊ ထိုအခါ ရုပ် နာမ် လက္ခဏာ သစ္စာကို မသိတဲ့ အဝိဇ္ဇာ ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကိုပင် ငါ့ကိုယ် အတ္တဟု ယူမှားသောဒိဋ္ဌိ ယုံမှားတဲ့ ဝိစိကိစ္ဆာ စသော မိမိမဂ်နှင့်ဆိုင်ရာ ကိလေသာတို့ကို တဒင်္ဂပဟာန်မှစ၍ သမုစ္ဆေဒပဟာန်ကြအောင် သတ်ကာ သတ်ကာ နိဗ္ဗာန်သို့ သွားတတ်သောကြောင့် အဆိုပါ မဂ္ဂင်ရှစ်ပါးကို နိဗ္ဗာန်ကို အာရုံပြုသည်၏ အစွမ်းအားဖြင့် ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာ

နိဗ္ဗာန်သို့ မချွတ်ဖြောင့်ဖြောင့် အမြန်ရောက်ကြောင်း အကျင့်ကောင်း ဖြစ်သောကြောင့် ဒုက္ခနိရောဓဂါမိနီပဋိပဒါ ဆိုရသည်ဟု သိလေ မှတ်လေ။

ဤ မဂ္ဂသစ္စာ၌ မ-ပုဒ်၊ ဂ-ပုဒ်၊ နှစ်ပုဒ်ယူ၍ 'ကိလေသေ မာရေတီတိ မော' 'နိဗ္ဗာနံ ဂစ္ဆတီတိ ဂေါ' မော စသော၊ ဂေါ စာတိ မဂ္ဂေါ' ဟု သတ္တုသာဓ်ပြုပြီး၍ ကမ္မဓာရ်ပြုရမည်။ ကိလေသေ၊ သစ္စာမှန်းမသိမှု မောဟ ကိလေသာ ငါ့ကိုယ်အတ္တဟု မှတ်ထင်ယူမှားတဲ့-ဒိဋ္ဌိကိလေသာ, ယုံမှားတဲ့-ဝိစိကိစ္ဆာကိလေသာ စသော ကိလေသာတို့ကို။ မာရေတိ၊ ဝိပဿနာဉာဏ် လက်နက်ဖြင့် အသေသတ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ မော၊ မ-မည်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂေါ၊ ဂ-မည်၏။ မောစ၊ ကိလေသာတို့ကို သတ်တတ်သည်လည်းဟုတ်၏။သော၊ ထိုသတ်၏ဟူသည်။ ဂေါစ၊ နိဗ္ဗာန်သို့ သွားတတ်သည်လည်း ဟုတ်၏။ ဣတိ၊ ထို့ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။ သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးကိုရ၏။

(ဤကား မ—အတွက်)

.....................

**သစ္စာလေးပါးတို့၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန်များ**

၁။ (ဒု) ဗာဓနလက္ခဏံ ဒုက္ခသစ္စံ၊
သန္တာပနရသံ ပဝတ္တိ ပစ္စုပဋ္ဌာနံ။

၂။ (သ) ပဘဝလက္ခဏံ သမုဒယသစ္စံ၊
အနုပစ္ဆေဒကရဏရသံ ပလိဗောဓ ပစ္စုပဋ္ဌာနံ။

၃။ (နိ) သန္တိလက္ခဏံ နိဗ္ဗာနံ၊
နိဝတ္တိလက္ခဏံဝါ အသင်္ခတလက္ခဏံဝါ အစ္စုတိရသံ။
အဿာသကရဏရသံဝါ အနိမိတ္တ ပစ္စုပဋ္ဌာနံ။

၄။ (မ) နိယျာနလက္ခဏံ မဂ္ဂသစ္စံ၊
ကိလေသ ပဟာနရသံ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ။

(ဝိ—မော)

## နံပါတ်စဉ်အတိုင်း ဘာသာပြန်များ

၁။ ဒုက္ခသစ္စာ သည် သတ္တဝါတို့ကို နှိပ်စက်ခြင်း အမှတ်အသား **လက္ခဏာ** ရှိ၏။ ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကို ရရှိသောပုဂ္ဂိုလ်ကို ပူပန်စေခြင်း ပူလောင်စေခြင်း **ကိစ္စ** ရှိ၏။ သံသရာဝဋ်၌ ဝဲဖန်တဖန် ဖြစ်တတ်သော တရားဟူ၍ **ဉာဏ်အားရှေ့ရှု** ထင်၏။

၂။ သမုဒယသစ္စာ သည် ဒုက္ခမပြတ်မစဲဖြစ်ကြောင်း လက်ဦး ပဌမ အမွန်အစ၏အဖြစ်ဟူသော အမှတ်အသား **လက္ခဏာ** ရှိ၏၊ အဖန်တလဲလဲ သံသရာဝဋ်ဆင်းရဲကို ဖြစ်စေခြင်း သံသရာဝဋ်ဆင်းရဲ၌ မပြတ်မစဲဖြစ်နေ ရအောင် ပြုလုပ်ခြင်း **ကိစ္စ** ရှိ၏၊ သံသရာဝဋ်ဒုက္ခမှ မထွက်မြောက်ရအောင် ပိတ်ပင် တားဆီးထားတတ်တဲ့ တရားပါတကားဟု **ဉာဏ်အားရှေ့ရှု** ထင်မြင် လာ၏။

၃။ နိရောဓသစ္စာသည် အလုံးစုံသော သံသရာဝဋ်ဆင်းရဲအပူအလောင် ပင်ပန်းဆင်းရဲဟူသမျှကို ငြိမ်းအေးစေခြင်း **လက္ခဏာ** ရှိ၏။ **တနည်း**-သံသရာ ဝဋ်ဒုက္ခမှ ဆုတ်နစ် ပြန်လည်ခြင်း လက္ခဏာရှိ၏၊ **တနည်း**—မည်သည့်တရားမှ မည်သူတစုံတယောက်မှ မပြုမပြင်ခြင်း ဥပါဒ်, ဌီ, ဘင် ကင်းခြင်းလက္ခဏာ ရှိ၏၊ ငြိမ်းအေးသော အေးမြသော ချမ်းသာသော သန္တိသဘောမှ ဆံချည် ခြမ်းမျှ မရွေ့လျောခြင်း **ကိစ္စ** ရှိ၏၊ **တနည်း**—သံသရာဘေးကို ကြောက်ရွံ့ ထိပ်လန့်သော စိတ်ကောင်း စိတ်မြတ်ရှိတတ်ကြကုန်သော သူတော်ကောင်း တို့အား သံသရာဝဋ်မှ ကျွတ်လွတ် ထွက်မြောက်ရာ တဘက်မှာ နိဗ္ဗာန် ချမ်းသာရှိ၏ဟု နိဗ္ဗာန်ထွက်ပေါက်ကို သိမြင်သဖြင့် သက်သာရာရပြင်းကို ပြုခြင်း **ကိစ္စ** ရှိ၏။ ပုဂ္ဂိုလ် သတ္တဝါ ခန္ဓာ နိမိတ် အရိပ် အရောင်မှ ကင်း ဆိတ်သော တရားပါတကားဟု **ဉာဏ်အားရှေ့ရှု** ထင်မြင်လာ၏။

၄။ မဂ္ဂသစ္စာ သည် လောဘ စသော အနုသယ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်၍ သံသရာထောင်နှောင်အိမ်မှ ကျွတ်လွတ်ထွက်မြောက် ခြင်း **လက္ခဏာ** ရှိ၏၊ လောဘစသော ကိလေသာတို့ကို အကြွင်းမရှိ ပယ် သတ်ခြင်း **ကိစ္စ** ရှိ၏၊ ခန္ဓာငါးပါး ရုပ်နာမ်တရားဟူသော သံသရာထောင်

နှောင်အိမ်မှ စိတ်သည် ထ,မြောက်ကြောင်း တရားပါတကားဟု ဉာဏ်အား ရှေ့ရှု ထင်မြင်လာ၏။

တနည်းတဖုံ—အဆိုပါ သစ္စာလေးပါး ကရားတို့သည် အစဉ် အတိုင်း ဘဝတဖန် ရုပ်နာမ်ခန္ဓာ, ဘဝတဖန် ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာ နိဗ္ဗာန်ရတဲ့ ရောက်တဲ့ဘဝတိုင်အောင် ထပ်ကာ-ထပ်ကာ,စပ်ကာ-စပ်ကာ ဘဝခြားကာ ခန္ဓာခြားကာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်တတ်သော ဝဋ်ဒုက္ခ၏ အဖြစ် (ဒု-ကို ရည်သည်) မပြတ်မစဲ ထပ်တလဲလဲ ဖြစ်စေတတ်သော ဝဋ်ဒုက္ခ၏ လက်ဦးအစ ပဋ္ဌမစ၍ ဖြစ်ခြင်း၏အကြောင်းရင်း၏အဖြစ်(သ· ကိုရည်သည်) အို နာ သေရေး ဒုက္ခဘေးဆိုတဲ့ သံသရာထောင် နှောင်အိမ်မှ ဆုတ်နစ် ပြန်လည်တတ်သော တရား၏အဖြစ် (နိ-ကို ရည်သည်) ဆုတ်နစ် ပြန်လည် စေတတ်သောတရား၏အဖြစ်တည်းဟူသော လက္ခဏာ ရှိ၏။ (မ-ကိုရည်သည်)

ထိုမှတပါး ပြုပြင်အပ်သည်၏အဖြစ် တောင့်တ တပ်မက်တတ်သည်၏ အဖြစ်, ပြုပြင်ခြင်းကင်းသောအဖြစ်, ဤကား-ဒုက္ခ, ဤကား-သမုဒယ, ဤကား-နိရောဓ, ဤကား-မဂ္ဂ ဟု သစ္စာ လေးပါး မြတ်တရားတို့ကို အကြောင်းအကျိုးနှင့်တကွ ပိုင်းခြားဝေဘန်၍ အမှန်ကိုသိမြင်တတ်သည်၏ အဖြစ် တည်းဟူသော လက္ခဏာရှိ၏၊ ဤလိုဤပုံ—သစ္စာတို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့ကို သိရှိရမည် ဟူလို။

**ဆောင်ပုဒ်။** ။ ဒု-သ-နိ-မ၊ လေးဝသစ္စာ၊
လက်,ရသနှင့်၊ ပစ္စုပဋ္ဌာ၊
ဤပုံ ဤနည်း၊ သိရေးလိုပါ၊
ပဏ္ဍိတေး၊ ကိုယ့်ရေး ကိုယ်တွက်တာ။

တနည်း—ဒု-သ-နိ-မ၊ လေးဝ သစ္စာ၊
လက္ခဏရသ၊ ပစ္စုပဋ္ဌာ၊
ဤပုံ ဤတို့၊ သိဘို့လိုပါ၊
ပဏ္ဍိတာ မှတ်ကြ ကိုယ့်တွက်တာ။

## သစ္စာ၏ အနက်သဘော

၁။ ဒုက္ခသစ္စာ .... ဆင်းရဲအမှန်။
၂။ သမုဒယသစ္စာ .... ဆင်းရဲကြောင်းအမှန်။
၃။ နိရောဓသစ္စာ .... ဆင်းရဲချုပ်ငြိမ်းရာအမှန်။
၄။ မဂ္ဂသစ္စာ .... ဆင်းရဲချုပ်ငြိမ်းကြောင်းအမှန်။

ဤလို ဤပုံ—မချွတ်မယွင်း မဘောက်မပြန် ဟုတ်မှန်လှသော သဘောသည် ပညာမျက်စိဖြင့် ကပ်၍ ထက်ဝန်းကြင် စုံစမ်းဆင်ခြင်သောသူတို့၏ သုံးသပ်ဆင်ခြင်၍ ကြည့်တဲ့အခါ ဉာဏ်ဝမှာ သိမြင်လာတဲ့သဘောတွေဟာ ဝါ-ထင်လာ မြင်လာတဲ့သဘောတွေဟာ မျက်လှည့်ဝတ္ထုကဲ့သို့ ဘောက်ပြန်သည်လည်းမဟုတ်, တံလျှပ်ကဲ့သို့လည်း မချွတ်ယွင်းစေ တိတ္တိတိုသည် မဟုတ် မဟတ် ကြံဆအပ်သော အတ္တကဲ့သို့ ပရမတ်အားဖြင့်လည်း မရအပ် မရ ကောင်းသော သဘောမျိုးလည်း မဟုတ်ပေ၊ အမှန်စင်စစ်မှာ အဆိုပါ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာ, သမုဒယသစ္စာ ဘဝတဏှာ, နိရောဓသစ္စာ နိဗ္ဗာန်, မဂ္ဂသစ္စာ မဂ္ဂင်ရှစ်ပါး, ဤတရားတို့သည် ဆင်းရဲအမှန်-ဒု၊ ဆင်းရဲကြောင်း အမှန်-သ၊ ဆင်းရဲချုပ်ငြိမ်းရာအမှန်-နိ၊ ဆင်းရဲချုပ်ငြိမ်းကြောင်းအမှန်-မ၊ ဤလို ဤပုံ—မချွတ်မယွင်းသည်၏ အဖြစ်, မဘောက်မပြန်သည်၏ အဖြစ်, ဟုတ်မှန်သည်၏အဖြစ်ဖြင့် အရိယာတို့၏ ဉာဏ်၏ ကျက်စားရာ ဖြစ်သည် သာတည်း။

မီး၏ပူလောင်ခြင်းလက္ခဏာ လောက၏ ပြကတေ့ ပကတိသဘောသည် မချွတ်မယွင်း မဘောက်မပြန် ဟုတ်မှန်သကဲ့သို့၊ ထို့တူပမာ ဤသစ္စာ လေးပါးတို့၏ အနက်သဘောသည်လည်း မချွတ်မယွင်း မဘောက်မပြန် ဟုတ်မှန်သည်သာတည်း။

ထို့ကြောင့်ပင်—

'ဣဒံ ဒုက္ခန္တိ ဘိက္ခဝေ တထမေတံ၊
အဝိတထ မေတံ အနညာတမေတံ။'

ဟု—ဟောတော်မူခဲ့သည်။

ဘာသာပြန်—ရဟန်းတို့ ဤ ဒုက္ခသစ္စာသည်၊ ဝ ါ၊ ဤ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂသစ္စာသည် သူ့သဘောအတိုင်း မချွတ်မယွင်းမှန်၏၊ မဘောက် မပြန် မှန်၏၊ တပါးသော အခြင်းအရာဖြင့် မဖြစ်ဟူလို။

တနည်း။ ၁။ အကြင်ကြောင့် သမုတ်ရှိ၊ သမ္မုတိပညတ် အားဖြင့် လူ နတ် ပြဟ္မာ ပုဂ္ဂိုလ် သတ္တဝါဟု ခေါ်ဆိုကြသော အဟုတ်ရှိ, ပရမတ်ရှိ, ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာသည် ဤဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာနှင့် ပြည့်စုံသော သူကို ဇာတိစသော ဘေးဆိုး ရန်ဆိုးတို့ဖြင့် မနှိပ်စက်သည်လည်းမဟုတ် အမှန် နှိပ်စက်၏၊ ဒုက္ခသစ္စာ ရုပ် နာမ် ခန္ဓာမှတပါး နှိပ်စက်တတ်သော တရားမည်သည် မရှိ၊ ထိုကြောင့် ဒု-၌ နှိပ်စက်တတ်သောအဖြစ် မြဲသော အားဖြင့် ဤ ဒု-ကို သစ္စာဟူ၍ သိအပ်၏။

၂။ ငါးပါးအာရုံ ကာမဂုဏ်တို့၌ရင်း၊ ဘုံသုံးပါးတို့၌ရင်း တပ်မက် ကတ်သော တဏှာကိုကြဉ်၍ ထိုတဏှာမှ တပါးသော အကြောင်းကြောင့် ဒုက္ခသည် မဖြစ်, တဏှာကြောင့်သာ ထိုဒုက္ခသည် ကော် အမှန် ဖြစ်၏၊ ထိုကြောင့်ပင် ဒုက္ခ၏အကြောင်း၏ အဖြစ်ဖြင့် မြဲသောအားဖြင့် ဤ သ—ကို သစ္စာဟူ၍ သိအပ်၏။

၃။ နိရောဓသစ္စာ နိဗ္ဗာန်မှ တပါးသော ပူပန်ခပ်သိမ်း ဆင်းရဲခပ်သိမ်း ငြိမ်းအေးရာမည်သည်မရှိ၊ထိုနိဗ္ဗာန်သည် ငြိမ်းအေးရာ ကော်ဖြစ်၏၊ ထိုကြောင့် နိရောဓသစ္စာ၏ ငြိမ်းအေးသော သန္တိသဘောအဖြစ်၏ နိဗ္ဗာန်၌မြဲသောအား ဤ နိ—ကို သစ္စာဟူ၍ သိအပ်၏။

၄။ မဂ္ဂင်ရှစ်ပါး အရိယာမဂ်မှတပါးသော သံသရာထောင်နှောင်အိမ်မှ ကျွတ်လွတ် ထွက်မြောက်ကြောင်း တရားမည်သည် မရှိ၊ ထိုအရိယာမဂ်သည် သံသရာဝဋ်မှ ကျွတ်လွတ် ထွက်မြောက်ကြောင်း ကော်ဖြစ်၏၊ ထို့ကြောင့် မဂ္ဂသစ္စာ၏ သံသရာဝဋ်မှ ကျွတ်လွတ် ထွက်မြောက်ကြောင်း မြဲသောအား ဖြင့် ဤ မ—ကို သစ္စာဟူ၍ သိအပ်၏။

မှတ်ချက်။ ။ ဤ၌ သစ္စာသဒ္ဒါ၏ ဖြစ်သင့်သောအနက် ဝေဘန်ချက်ကို အောက် ဥဒ္ဒေသ ပဋ္ဌမခဏ်းက ပြခဲ့ပြီ။

ဆောင်ပုဒ်....အမှန်လေးချက်၊သဘောနက်၊ ဖုံးဝှက်ထားတာ အဝိဇ္ဇာ၊
အမှန်မသိတာ အဝိဇ္ဇာ။ ။
အမှန်လေးချက်၊ သဘောနက်၊ ဖေါ်လျက်ပြတာ ဉာဏ်ဝိဇ္ဇာ၊
အမှန်သိတာ ဝိဇ္ဇာ။ ။

....................

## သစ္စာကို လေးပါးသာ တိတိကျကျ ဟောပြခြင်း

ဘုရားမြတ်စွာစိန္တေယျာသည် အမှန်လေးပါးခေါ်သော သစ္စာလေးပါး မြတ်တရားကို ဟောကြားတော်မူတဲ့ခါ လေးပါးအောက်လည်း မယုတ်၊ လေးပါးထက်လည်း မလွန်၊ မယုတ်မလွန် လေးပါးတိတိကျကျသာ အဘယ့် ကြောင့် ဟောတော်မူခဲ့ပါသလဲဆိုတဲ့အမေး၌- အဆိုပါ လေးပါးမှတပါး အခြားသော သစ္စာ မဖြစ်သင့်သောကြောင့်ရင်း, အဆိုပါ လေးပါးတို့ တွင်လည်း တပါးပါးကိုမှ မနှုတ်မပယ်သင့်သည်၏ အဖြစ်ကြောင့်ရင်း၊ အဆိုပါ လေးပါးကိုသာ ဟောတော်မူခဲ့ပါသည်ဟု ဖြေလေ။

အနည်းငယ် ချဲ့ဦးအံ့။ အဆိုပါ ဒု-သ-နိ-မ,တို့မှတပါး လေးပါးထက် အလွန် ၅-ပါး,၆-ပါး စသည်ဖြင့်လည်းမဖြစ်သင့်ပေ၊ အဆိုပါ လေးပါးတို့ တွင် တပါးပါးကိုနှုတ်၍ ၃-ပါး,၂-ပါးစသည်ဖြင့်လည်း မဖြစ်သင့်ပေ၊ဝါ၊ မပိုသင့် မပိုကောင်း မပိုနိုင်၊ မနှုတ်သင့် မပယ်သင့် မပယ်ကောင်း မပယ် နိုင်ပေ၊ ဝါ၊ ဖြည့်စွက် ပယ်နှုတ်၍လည်း လုံးဝမဖြစ်ပေ၊ အဆိုပါ ဘုရား ဟောထားတော်မူခဲ့သော သစ္စာလေးပါးမှ အခြားတပါးသော သစ္စာကို ဟောကြားနိုင်သော၊ ဝါ၊ ပညတ်နိုင်သော လူ နတ် ဗြဟ္မာ သတ္တဝါလည်း တစုံတယောက်မျှ မပေါ်မထွက်ဝံ့ကြပေ။

ထို့ကြောင့်ပင်—ဣဓ ဘိက္ခဝေ အာဂစ္ဆေယျ သမဏောဝါ ဗြဟ္မဏောဝါ
နေတံ ဒုက္ခံ အရိယသစ္စံ အညံ ဒုက္ခံ အရိယသစ္စံ ဒဟ
မေ တံ ဒုက္ခံ အရိယသစ္စံ ထပေတွာ အညံ ဒုက္ခံ အရိယ
သစ္စံ ပညာပေဿာမိတိ နေတံ ဌာနံ ဝိဇ္ဇတီတိ။ ။ဟု
ဟောတော်မူခဲ့ပါသည်။

ဘာသာပြန်—ရဟန်းတို့ ဤလောက၌ တစုံတယောက်သော ရဟန်းသည်ရင်း, ပုဏ္ဏားသူမြတ်သည်ရင်း, ရဟန်းဂေါတမသည် အကြင် သစ္စာကို ဒုက္ခသစ္စာဟု ဟောအပ်ပြီ၊ ဤရဟန်းဂေါတမ ဟောပြသော သစ္စာသည် ဒုက္ခ ဖြစ်သော အရိယာသစ္စာ မဟုတ်၊ ဒုက္ခသစ္စာသည် အခြားတပါးသာ ဖြစ်၏၊ ငါသည် ရှင်ဂေါတမ ပညတ်သော ဒုက္ခအရိယသစ္စာကို ပယ်ထား၍ အခြားတပါးသော ဒုက္ခအရိယသစ္စာကို ပညတ်အံ့ဟု ဤလိုပင် မိုးလား ကဲလား အချောက်တိုက် ကြုံးဝါး ဝါကြွား၍နေပါသော်လည်း ကြုံးဝါးတိုင်း တပါးသောသစ္စာကို ဟောနိုင်ခြင်း၏ အကြောင်းသည် အလျှင်း မရှိသည်သာတည်း။

အကြောင်းသမုဒယနှင့် ဥပါယ—တနည်းအားဖြင့်လည်း အို,နာ,သေရေး ဒုက္ခဘေးဆိုတဲ့၊ ဝါ၊ ဇာတိ အစရှိတဲ့ သံသရာစက်ရဟတ်ကို၊ ဝါ၊ မပြတ်မစဲ ထပ်တလဲလဲဖြစ်သော သံသရာဝဋ်ကို ဟောကြားတော်မူသော မြတ်စွာဘုရားသည် အကြောင်း သမုဒယနှင့် တကွ ဟောကြားတော် မူပေသည်။ အလွတ် အရမ်းမဲ့ ဟောကြားတော်မူသည်မဟုတ်၊ သံသရာဝဋ်မှ ကျွတ်လွတ် ထွက်မြောက်သော၊ ဝါ၊ ဆုတ်နစ်သော နိရောဓကိုလည်း အကြောင်း ဥပါယနှင့်တကွ ဟောကြားတော်မူပေသည်။ ဤလို ဝဋ်, ဝဋ်မှနစ်သော နိရောဓ။ ထိုနှစ်ပါးတို့၏ အကြောင်းကြောင့် ထိုသို့ လေးပါးသာလျှင် အတိုင်းအရှည်ရှိသည်၏အဖြစ်ကြောင့် လေးပါးတိတိကျကျသာ ဟောတော်မူခဲ့ပေသည်ဟု သိလေ မှတ်လေ။

တနည်း အားဖြင့်လည်း ပိုင်းခြား၍ သိအပ်သောတရား(ဒု-ကိုရည်သည်) ပယ်အပ်သောတရား၊(သ-ကို ရည်သည်) မျက်မှောက် ပြုအပ်သောတရား၊ (နိ-ကို ရည်သည်) ပွားစေအပ်သောတရား၊(မ-ကိုရည်သည်)တို့၏ရင်း။

တနည်း—တဏှာ၏ တည်ရာ, တဏှာ, တဏှာ၏ချုပ်ရာ, တဏှာ၏ ချုပ်ကြောင်း တို့၏ရင်း။

တနည်း—ကာမဂုဏ်ငါးပါးဟု ဆိုအပ်သော (အာလယ) ထိုအာလယ၌ (မွေ့လျော်သည်၏အဖြစ်) ထိုအာလယကို အကြွင်းမဲ့ နှုတ်ဖျက် ခွါလှန်ရာ၊ ထိုအာလယကို အကြွင်းမဲ့ နှုတ်ဖျက် ခွါလှန်ခြင်း၏ အကြောင်းတို့၏ရင်း

အစွမ်းအားဖြင့် လေးပါး တိတိကျကျသာ ဟောတော်မူခဲ့ပေသည်ဟု သိလေ မှတ်လေ။

မေး။ လေးဝသစ္စာ၊ လေးပါးကပို၊ လေးကယို၊ ပို-ယို ဘယ့်ကြောင့် မဟောသနည်း။

ဖြေ။ လေးဝသစ္စာ၊ လေးပါးသာ၊ မှန်စွာ ဖြစ်သင့်၊ ပယ်ခွင့်မရ၊ သဘာဝကြောင့်၊ တိကျသေချာ၊ လေးပါးသာ၊ မှန်စွာမုချ ဟောသတည်း။

....................

## သစ္စာလေးပါး အစဉ်အားဖြင့် ဟောကြားပုံ

သစ္စာလေးပါးတို့ကို မ—နိ—သ—ဒု လို့ မဟောဘဲ ဘာ့ကြောင့် ဒု—သ နိ—မ ဟု ဟောရပါသလဲဆိုတဲ့ အမေး၌—

ဤသစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာ၏ရုန့်ရင်းကြမ်းတမ်း၍ သိသာထင်ရှားလှသောကြောင့်ရင်း, သတ္တဝါ အားလုံးတို့နှင့် ဆက်ဆန်သည်၏ အဖြစ်ကြောင့်ရင်း, ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောတော်မူပါသည်၊ တဖန် ထိုဒုက္ခသစ္စာ၏သာလျှင် ဖြစ်ကြောင်းကို ပြခြင်းငှါ ဒု—၏အခြားမဲ့၌ သ—ကို ဟောတော်မူပါသည်၊ တဖန် အကြောင်း၏ ချုပ်ခြင်းကြောင့် အကျိုး၏ချုပ်ခြင်းသည် ဖြစ်၏ဟု ပြခြင်းငှါ ထို သ—၏ နောက်၌ နိ—ကို ဟောတော်မူပါသည်၊ တဖန် ထို နိ—ကို ရခြင်း သိခြင်း၏အကြောင်းကို ပြခြင်းငှါ အဆုံး၌ မ—ကို ဟောတော်မူပါသည်ဟု ဖြေလေ။

တနည်းသော်—ဝဋ်ချမ်းသာခေါ်သော လူ နတ် ချမ်းသာကို သာယာ တပ်မက်ကုန်သော ပုထုဇဉ် လူ နတ် ဗြဟ္မာ သတ္တဝါ သူငါတို့၏ ဇာတိ စသော အာဒီနဝ ဘေးဒုက္ခ ဆင်းရဲပေါင်းချုပ် ဝဋ်ဒုက္ခတို့၏တပေါင်းတည်း စုဆုံ၍ ကျရောက်ရာ တည်ရာဌာန အစစ်အမှန် ကော်ဖြစ်ပါတကားဟု ထိပ်လန့် သံဝေဂရပါစေခြင်းအကျိုးငှါ ဒုက္ခ ကို ရှေးဦးစွာ၊ ထိုဒုက္ခသည်လည်း အကြောင်းမရှိဘဲ မဖြစ်ပေါ်လာနိုင်၊ ပရမိဿ ထာဝရဘုရား သိကြား ဗြဟ္မာ နတ်ဒေဝါတို့ ဖန်ဆင်း၍ ဖြစ်သည်လည်း မဟုတ်၊ အမှန်စင်စစ်မှာ

ဘုံသုံးပါးတို့၌ ကောင်းနိုးနိုးမှတ်ထင်၍ တဖန်တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ ဤ သမုဒယကြောင့်သာ ဇာတ်ဖြစ်သည်ဟု သိစေခြင်းငှါ ထို ဒု-၏အခြားမဲ့၌ သ-ကို၊ ထို့နောက် အကြောင်းနှင့်တကွ အကျိုးဒုက္ခသည် ဖြစ်ရာ ဖြစ်ရာ ဘုံဘဝတို့မှာ ပြင်းပြစွာ နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် ထိပ်လန့်သော နှလုံး ရှိကုန်သည်ဖြစ်၍ ဒုက္ခ၏ထွက်မြောက်ရာကို ရှာကုန်သော သူတော်ကောင်းတို့အား ဒုက္ခမှ ထွက်မြောက်ရာကိုပြသဖြင့် ဝဋ်မှ ကျွတ်လွတ် ထွက်မြောက်ရာ နိဗ္ဗာန် ရှိပါပေတကားဟု သက်သာရာကို ရရှိစေခြင်းငှါ ဒု–သ တို့၏အခြားမဲ့၌ နိရောဓ ကို၊ ထိုမှ နောက်၌ ထို နိ-သို့ ရောက်ကြောင်း အကျင့်ကောင်းကို ပြခြင်းအကျိုးငှါ မဂ္ဂ-ကို၊ ဤလို ဤပုံ အစဉ်ထား၍ ဟောကြားတော်မူပါသည်ဟု ဖြေ။

"ဆောင်"

မေး။ မ-နိ-သ-ဒု၊ မဟောပြုဘဲ၊ ဒု-သ-နိ-မ၊ လေးဝသစ္စာ၊ စဉ်တိုင်းသာ ဘယ်အရာကြောင့် ဟောသနည်း။ ?

ဖြေ။ ရုန့်ရင်းသိသာ၊ သတ္တဝါစုစု၊ ဆက်ဆံမှုကြောင့်၊ ဒု-ကို ရှေးဦးဟောသတည်း။

ဒု-ဖြစ်ရကာ၊ သ-ကြောင့်သာဟု၊ ပြလိုမှုကြောင့်၊ သ-ကို နောက်ထားဟောသတည်း။

ကြောင်း-ကျိုး နှစ်ခု၊ ချုပ်ငြိမ်းမှုကို၊ နိဗ္ဗာန်ဆိုဟု၊ပြလိုသဘော၊ နိ-ကိုဟော၊ နိ-သို့ရောက်မှု၊ အကျင့်စုကို၊ ပြညွှန်းလို၊ မ-ကို နောက်ထား ဟောသတည်း။

....................

## သစ္စာသိသော ဉာဏ် ၂-ပါး

သစ္စာကိုသိသော ဉာဏ်သည် ၁–အနုဗောဓဉာဏ်၊ ၂–ပဋိဝေဓ ဉာဏ်ဟု နှစ်မျိုးရှိရာ, တဆင့်ကြား သူတပါးထံမှ ကြား၍ သိသောဉာဏ်ကို အနုဗောဓဉာဏ်ဆိုသည်။ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိသောဉာဏ်ကို ပဋိဝေဓ ဉာဏ်ဆိုသည်၊ ထိုတွင် အနုဗောဓဉာဏ် မှာ မဟာကုသိုလ်စိတ်၌ယှဉ်သော

ပညာဖြစ်၍ တိဟိတ် ပုထုဇဉ်တို့၏ သန္တာန်၌ ဖြစ်သော လောကီဉာဏ်ဖြစ်၍ နိရောဓ မဂ္ဂသစ္စာတို့၌လည်း အာရုံပြုသောအားဖြင့် ဖြစ်၏၊ ပဋိဝေဓဉာဏ်မှာ မူကား မဂ်စိတ်လေးခုတို့၌ရှိသော ပညာဖြစ်၍ အရိယာပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်သော လောကုတ္တရာဉာဏ်ဖြစ်၍ နိရောဓသစ္စာနိဗ္ဗာန်ကိုသာအာရုံပြုသော အားဖြင့် ဖြစ်၏။

သို့ရာတွင် အဆိုပါ သစ္စာလေးပါးတို့ကို ပဋိဝေဓဉာဏ်ဖြင့် ထိုးထွင်း၍ သိခြင်းသည်လည်း လောကီသိ အနုဗောဓဉာဏ်နှင့် ကင်း၍ မဖြစ်သော ကြောင့် အနုဗောဓဉာဏ် ထက်သန်ရင့်မာ၍ ထိပ်တန်းသို့ ရောက်အောင် ကြိုးစား အားထုတ်ပါ၊ အနုဗောဓဉာဏ် ထိပ်တန်းသို့ ရောက်လာတဲ့ခါ ပဋ္ဌာန်းကျေးဇူးပြု သဘောအတိုင်း လောကုတ္တရာ ပဋိဝေဓ မဂ်ဉာဏ်သို့ ဆိုက်ရောက်ပေလိမ့်မည်၊ ဝါ၊သစ္စာတို့ကို ထိုးထွင်း၍ သိသွားပေလိမ့်မည်။

ဆောင်ပုဒ်—အနု ပတိ၊ နှစ်မျိုးရှိ၊ မှတ်ဘိ သစ္စာဉာဏ်။
ကီ သိ၊ ကုတ် သိ၊ နှစ်မျိုးရှိ၊ မှတ်ဘိ သစ္စာဉာဏ်။
ကီ သိပြီးခါ၊ ကုတ် သိလာ၊ မှတ်ပါ မဂ္ဂဉာဏ်။

....................

## သစ္စာသိမြင်တဲ့ခါ ဆိုင်ရာကိလေသာ ပယ်ပုံ

၁။ ယံ ပနေတံ လောကိယံ တတ္ထ ဒုက္ခဉာဏံ ပရိယုဋ္ဌာနာဘိဘဝ ဝသေန ပဝတ္တမာနံ သက္ကာယ ဒိဋ္ဌိံ နိဝတ္တေတိ။

၂။ သမုဒယဉာဏံ ဥစ္ဆေဒဒိဋ္ဌိံ၊ နိရောဓဉာဏံ သဿတဒိဋ္ဌိံ၊ မဂ္ဂဉာဏံ အကိရိယာ ဒိဋ္ဌိံ။

၃။ ဒုက္ခဉာဏံဝါ ဓုဝ သုဘ သုခတ္တ ဘာဝရဟိတေသု ခန္ဓေသု ဓုဝ သုဘ သုခတ္တ ဘာဝသညာ သင်္ခါတံ ဖလေ ဝိပ္ပဋိပတ္တိံ။

၄။ သမုဒယေဉာဏံ ဣဿရ ပဓာန ကာလ သဘာဝါဒီဟိ လောကော ပဝတ္တတီတိ အကာရဏေကာ၊ ကာရဏာဘိ မာန ပဝတ္တံ ဟေတုမှိ ဝိပ္ပဋိပတ္တိံ။

၅။ နိရောဓဉာဏံ အရူပလောက လောက-ထုပိကာဒီသု၊ အပဝဂ္ဂါဟာဘူတံ နိရောဓေ ဝိပ္ပဋိ ပတ္တိံ။

၆။ မဂ္ဂဉာဏံ ကာမသုခလ္လိကာ အတ္တကိလမထနုယောဂပ္ပဘေဒေ၊ အဝိသုဒ္ဓိ မဂ္ဂေ ဝိသုဒ္ဓိမဂ္ဂဂါဟပဝသေန ပဝတ္တံ ဥပါယေ ဝိပ္ပဋိပတ္တိံ နိဝတ္တေတိ။ ။ (သံမော စသည်)

**(၁–၂ စသော ဂါထာနံပါတ်စဉ်အတိုင်း ဘာသာပြန်ကို ကြည့်ပါ)**

**ဘာသာပြန်–၁။** အကြင်သစ္စာဉာဏ်သည် လောကီ ဖြစ်၏၊ ထိုလောကီ ဖြစ်သော သစ္စာဉာဏ်တို့တွင် ဒုက္ခသာဟု ဒုက္ခသစ္စာကိုသိသော ဉာဏ်သည် အလွန်အလွန် နှိပ်စက်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော၊ ဝါ၊ ခန္ဓာကိုယ် အတ္တဘော ထင်ရှားရှိ၏၊ ယူမှားသော၊ ဝါ-ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကိုပင် ငါ့ကိုယ် အတ္တဟု အလွဲယူမှားသော အယူမှားမိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိကို နှစ်စေ၏၊ တားမြစ်စေ၏၊ ဝါ၊ သက္ကာယဒိဋ္ဌိကို ပယ်သတ်နိုင်၏ဟု ဆိုလိုပေသည်။

**မှတ်ချက်။** ။ အနုဗောဓခေါ်သော လောကီဉာဏ်ဖြင့် သစ္စာသိတဲ့ခါ သစ္စာ လေးပါးတို့တွင် တဏှာမှတပါးသော ငါ၏တကိုယ်လုံး တကောင် လုံးရှိ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ပဋိသန္ဓေမှ စုတိသေနေ့သို့ ကျအောင် ဆင်းရဲတာမှန်လှသောကြောင့် ဒုက္ခသစ္စာပေတည်းဟု ဒုက္ခသစ္စာကိုသိတဲ့ခါ မသိခင်တုံးက ငါ့ကိုယ်အတ္တဟုမှတ်ထင်ယူမှား ခဲ့သော အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိအယူမှားကို တားဆီးနိုင်တော့သည် ဖြစ်၍ ဒိဋ္ဌိပဋိသေဓကတရားကို ရရှိတော့သည်ဟုဆိုလိုပေသည်။

ဒုက္ခဒဿန သမ္ဗဒါယ သက္ကာယဒိဋ္ဌိ ပဟိနာ – နှင့် အညီပေတည်း။ ထို့ကြောင့်ပင် "ဒု-ကိုသိ၊ဒိ-ကိုပယ်"ဟုဆိုပေသည်။ (ဤကား– ၁-နံပါတ်၏ ဘာသာပြန်တည်း)

ဘာသာပြန်–၂။ တဖန် သစ္စာသိတဲ့ခါ သစ္စာလေးပါးတို့တွင် တဏှာ, ရာဂ, လောဘသည် သမုဒယသစ္စာတည်းဟု သမုဒယသစ္စာကို သိသော ဉာဏ်သည် သေလျှင်ပြတ်၏၊ သေပြီးလျှင် နောက်ကို ရှေ့ကို ဘာကောင်မှ မဖြစ်တော့ဘူးဟု ယူမှားသော ဥစ္ဆေဒဒိဋ္ဌိကို၊ နိရောဓသစ္စာကို သိသော ဉာဏ်သည် သေသော်လည်း မပြတ်၊ ထိုဘဝ ဤဘဝသို့ ကူးပြောင်း၍ ဖြစ်သောကြောင့် မြဲ၏ဟု ယူမှားသော သဿတဒိဋ္ဌိ ကို၊ မဂ္ဂသစ္စာကိုသိသော

ဉာဏ်သည် ကုသိုလ်အကုသိုလ်ကံ ပြုသော်လည်း ကောင်းကျိုး, ဆိုးကျိုး မရှိဟု ယူမှားသော အကိရိယဒိဋ္ဌိ ကို နှစ်စေ၏၊ တားမြစ်၏၊ ပယ်၏ဟု ဆိုလိုပေသည်။ (ဤကား ၂-နံပါတ် ဘာသာပြန်နည်း)

ဤ၌ ဥစ္ဆေဒဒိဋ္ဌိ ဆိုသည်မှာ လက်ရှိဘဝသေလျှင် ပြတ်တော့၏၊ နောက်ထပ်အသစ် ဘာကောင်မှ မဖြစ်တော့ပြီဟု ယူမှားသော မိစ္ဆာဒိဋ္ဌိ အယူမှားတည်း၊ ဝါ၊ ပြတ်မှားတည်း။

ထိုသို့ကားမဟုတ်၊ အဝိဇ္ဇာ, တဏှာ ဆိုတဲ့ သံသရာ ရေသောက်မြစ်ကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်သတ်ပြီးတဲ့ ဘုရား ရဟန္တာမဟုတ်သေးလျှင် သေသော်လည်း ပြတ်၍မသွားနိုင်ပေ။

"ဗာလော ကာယဿဘေဒါ ကာယူပဂေါ ဟောတိ" နှင့် အညီ ကံအားလျော်စွာ တနည်းတခုသောဘုံဘဝတို့မှာ နောက်ထပ်တဖန် ဖြစ်ရပြန်မြဲ ထုံးစံပေတည်း။ 'ကမ္မသမ္မောဟ' ကံအကြောင်းကို ကောင်းစွာ မသိသော ကြောင့်သာလျှင် ပြတ်၏ဟူသော ဥစ္ဆေဒဒိဋ္ဌိ အယူမှားကိုယူမှားမိလေသည်၊ တဏှာပယ်သော မဂ်အကျင့်ကိုကျင့်၍ တဏှာကို မဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ပြီးတဲ့ ဘုရား ရဟန္တာ ဖြစ်ပါမူကား-အရဟတ္တမဂ်နောင်မှ တဏှာ အကြောင်း အသစ်မဖြစ်တော့၍ အရဟတ္တ စုတိနောင်မှာ ခန္ဓာအကျိုး အသစ်လဲ မဖြစ်တော့ဘဲ ကြောင်း,ကျိုး နှစ်ရပ် အစဉ်ပြတ်၍ နောက်ထပ် အသစ် မဖြစ်တော့ဘဲ အမြဲငြိမ်းအေးနေတဲ့ အငြိမ်းဓာတ်, အအေးဓာတ် အသင်္ခတဓာတ်ခေါ်တဲ့ နိဗ္ဗာန်သို့သာ ဆိုက်ရောက်လေတော့သည်။ ဤအယူကို ဥစ္ဆေဒဒိဋ္ဌိမဟုတ်၍ ဥစ္ဆေဒဒိဋ္ဌိ မဆိုရ သမ္မာဒိဋ္ဌိ အယူမှန်သာ ဖြစ်၏ဟု မှတ်လေ။

သဿတဒိဋ္ဌိ ဆိုသည်မှာ လက်ရှိဘဝသေသွားတဲ့အခါ ရုပ်ခန္ဓာကြီးဟာ သုသာန်သင်းချိုင်း၌ မြေမြှုပ် မီးရှို့၍ ကျန်ရစ်သည်၊ နာမ်ခန္ဓာမူကား ရုပ်ခန္ဓာအိမ်ဟောင်းကိုစွန့်၍ ခန္ဓာအိမ်သစ်တခုသို့ ကူးပြောင်းသွားပြန်သည်၊ ဤပုံ ဤနည်း–တအိမ်မှ တအိမ်, တရွာမှ တရွာ, တမြို့မှ တမြို့, တနိုင်ငံမှ တနိုင်ငံသို့ သွားသောသူကဲ့သို့ရင်း၊ ပိုးလောက်လမ်းကဲ့သို့ရင်း၊ ခန္ဓာအိမ် ဟောင်းတခု ပျက်ပြန်လျှင် ခန္ဓာအိမ်သစ် တခုသို့ ကူးကာ ပြောင်းကာ တသံသရာလုံး အမြဲ တည်သည်ဟု ယူမှားသော မိစ္ဆာဒိဋ္ဌိ အယူမှားတည်း။

ဝါ၊ ဆက်မှားတည်း။ ထိုသို့ကားမဟုတ်၊ တစုံတခုသော ဘုံဘဝတို့၌ တဖန် အသစ်မဖြစ်လတ္တံ့သော ဘုရား ရဟန္တာမဟုတ်သေးလျှင် လက်ရှိဘဝ သေသွားကြတဲ့ခါ လက်ရှိဘဝ၌ ရရှိကြသော ရုပ်နာမ် ခန္ဓာတို့သည် သေတဲ့ ဘဝ၌ပင် ရုပ်ရော နာမ်ရော ရုပ် နာမ် ခန္ဓာ အားလုံးပင် သူ့အချိန်နှင့်သူ အကုန်လုံး ချုပ်ပျောက်ကြကုန်၏၊ ဘဝတပါးသို့ ဘဝသစ်သို့ ကူးပြောင်း၍ မသွားကြ၊ မလိုက် မပါကြပေ၊ သို့ရာတွင် ဘဝဟောင်းက ရုပ်ဟောင်း နာမ်ဟောင်း ဟခုံတခု မလိုက် မပါသော်လည်း စေဘနာ ကံ စသော အကြောင်းကြောင့် ဘဝသစ်မှာ ရုပ်သစ် နာမ်သစ် အသစ်တဖန် ဖြစ်ရပြန် လေသည်၊ ဥပမာ—မှန်ကိုကြည့်ကြတဲ့ခါ မှန်ပြင်ဘက်မှာ ရှိနေတဲ့မျက်နှာကို အကြောင်းပြု၍ မှန်ထဲမှာ မျက်နှာရိပ် အသစ် အလွတ်သက်သက် ဖြစ်ပေါ် လာသကဲ့သို့ပေတည်း၊ ထို့တူပမာ-ဘဝဟောင်းက ပြုခဲ့ကြတဲ့ ကုသိုလ် အကုသိုလ်ကံအကြောင်းကြောင့် ရှေးဘဝသစ်မှာ ရုပ်သစ် နာမ်သစ် ဖြစ် ပေါ်ပြန်သည်၊ ဤ၌ မှန်ပြင်ဘက်မှာရှိနေတဲ့ မျက်နှာနှင့် ဘဝဟောင်းက ရုပ် နာမ် တူ၏၊ မှန်ထဲမှာ သွားထင်တဲ့ မျက်နှာရိပ်နှင့် ဘဝသစ်မှာ သွား ဖြစ်တဲ့ ရုပ်သစ် နာမ်သစ်နှင့်တူ၏၊ မှန်ပြင်ဘက်က ရှိနေတဲ့ မျက်နှာသည် မှန်ထဲမှာရှိနေတဲ့ မျက်နှာရိပ်သို့ ဘာတခုမှ မပါ၊ မကူးပြောင်းသကဲ့သို့၊ ထို့တူပမာ-ဘဝဟောင်းက ရုပ်ဟောင်း နာမ်ဟောင်းသည် ဘဝသစ်သို့ ဘာတခုမှ မလိုက်မပါ မကူးမပြောင်းသည်နှင့် တူလှပေ၏၊ မှန်ထဲမှာရှိနေတဲ့ မျက်နှာရိပ်သည်လည်း မှန်ပြင်ဘက်မှာရှိနေတဲ့ မျက်နှာနှင့်ကင်း၍ လုံးဝ မဖြစ်နိုင်သကဲ့သို့၊ ဘဝဟောင်းက ရုပ်တရား နာမ်တရားဟာ ဘဝသစ်သို့ ဘာတခုမှမကူးမပြောင်း မလိုက်မပါသော်လည်း ဘဝဟောင်းက ပြုခဲ့ကြတဲ့ ကံ-စသော အကြောင်းတရားနှင့်ကင်း၍ ဘဝသစ်မှာ ရုပ်သစ် နာမ်သစ် လုံးဝ မဖြစ်နိုင်ကြပေ။

ဤပုံ ဤနည်း—နိဗ္ဗာန်ရတဲ့ဘဝတိုင်အောင် တသံသရာလုံး ကြဉ်လည် နေကြရတော့၏။

'ကမ္မဝိပါကော အစိန္တေယျော'အရ၊ ကံ-ကံ၏အကျိုးပေး ဆန်းကျယ် ပုံများကို အလွတ်ကြံ၍မရ၊ အလွတ်ကြံလျှင် အမှန်မရ၊ မိစ္ဆာဒိဋ္ဌိအယူများကို ယူမိတတ်၏၊ ကြံလိုလျှင် ဘုရားဟောဘော် ပါဠိတော် အဋ္ဌကထာ ဋီကာ တို့ကိုမှီ၍ ကြံကြပါလေ၊ သို့မှ အမှန်ရပေမည်။

ဤလို ဤပုံ–သတ္တဝါတို့၏ တဘဝမှ တဘဝသို့ ပဋိသန္ဓေ ဝိညာဏ် ကူးပြောင်းပုံကို ပဲ့တင်သံ,ဆီမီး,တံဆိပ်ရေး,မျက်နှာရိပ် ဥပမာလေးမျိုးပြ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပဋိစ္စသမုပ္ပါဒဝိဘင်းအဖွင့် "၁၄၁"နံပါတ်မှာ–

"ပဋိဃောသ ပဒီပ မုဒ္ဒါ၊ ပဋိဗိမ္ဗပကာရာ ဓမ္မာ၊
နိဒဿနာနိ သိယျုံ" ဟု ဖွင့်ပြထားပါသည်။

ဤဥပမာ လူသိများသော မှန် မျက်နှာရိပ် ဥပမာတခုကိုသာ ပြဆိုခဲ့ပါသည်၊ ကျန် ဥပမာများလည်း အလားတူပင်ဖြစ်ပါတော့သည်။

ဤလို ဤပုံ ကံ-ကံ၏ အကြောင်းတရား, အကျိုးတရားတို့၏ အဖြစ် ဆန်းကျယ်ပုံကို မသိရှိဘဲနှင့် သေလျှင်ပြတ်၏ဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိ အယူမှားတည်း၊ သေသော်လည်း မပြတ်၊ နာမ်တရားက ကူးပြောင်းသွား၍ မြဲ၏ဟုယူလျှင် သဿတဒိဋ္ဌိ အယူမှားတည်း။

ထို ပဋိသန္ဓေ ဝိညာဏ်သည် ရှေးဘဝဟောင်းမှ ဤဘဝသစ်သို့ မလိုက်မပါ မလာကြပေ၊ ထိုဘဝဟောင်းမှ ကံစသော အကြောင်းနှင့်လည်း ကင်း၍ မဖြစ်နိုင်ကြပေ၊ "ပဲ့တင်သံ, ဆီမီး, တံဆိပ်ရေး, မှန်" ဤ ဥပမာ ကဲ့သို့ပေတည်းဟု ယူလျှင် သမ္မာဒိဋ္ဌိ အယူမှန်ပေတည်း၊ အယူမှားကို စွန့်၍ အယူမှန်ကို ယူနိုင်ကြပါစေသတည်း။ ဝါ၊ မိစ္ဆာဒိဋ္ဌိ အဖြစ်မှ သမ္မာဒိဋ္ဌိ အဖြစ်သို့ ရောက်ကြပါစေသတည်း။

ဆောင်–မှန်ရိပ်အလား ပုံထားလေပါ၊
မှန်ထဲမှာလဲ မျက်နှာမပါ၊
မျက်နှာနှင့်လဲ မကင်းမကွာ၊
သည်ပုံလား ကူးသွားသံသရာ။

အကိရိယဒိဋ္ဌိ ဆိုသည်မှာ–ကုသိုလ် အကုသိုလ်ကံ အကြောင်း အကျိုးကို ပယ်သော အယူမှားတည်း။

ကုသိုလ် အကုသိုလ်ကံသည် အကျိုးမရှိသည်မဟုတ်, သူ့နေရာနှင့်သူ အကျိုးရှိ၏၊ မဂ္ဂင်ကံကို ပွားများအားထုတ်တဲ့ခါ မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားကြောင့်ပင် ဖြစ် ပျက် မွေး သေ ဆိုတဲ့ သံသရာ ဝဋ္ဋဒုက္ခကြီးထဲက ကျွတ်လွတ်ထွက်မြောက်၍ မွေးသေလွတ်တဲ့ နိဗ္ဗာန်အထိ ဆိုက်ရောက်ခြင်း အကျိုးရှိပေသည်၊ ထို့ကြောင့်ပင် မဂ္ဂသစ္စာကို သိတဲ့ခါ အကိရိယဒိဋ္ဌိ အယူမှားကို နစ်စေသည်၊ ပျက်စေသည်၊ ပယ်သတ်သည်ဟုဆိုပေသည်။

ဘာသာပြန်—၃။ တနည်း ဒု-ကိုသိသောဉာဏ်သည် မြဲသော တင့်တယ်သော, ချမ်းသာသော အတ္တအဖြစ်မှ လုံးဝကင်းကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ မြဲ၏၊တင့်တယ်၏၊ချမ်းသာ၏ဟူသော အမှတ်,အတ္တဘော ဟူသော အမှတ်ဟု ဆိုအပ်သော အကျိုးတရား၌ မှားသော အကျင့်ကို နစ်စေ၏ တား‌မြစ်၏။

ဘာသာပြန်—၄။ သ-ကို သိသော ဉာဏ်သည် ဗိဿဏိုးနတ် ကာလ မိမိတို့၏ သဘော စသည်တို့ကြောင့် လောကသည်ဖြစ်၏ဟု အကြောင်း မဟုတ်သည်၌ အကြောင်းဟုတ်၏ဟု အလွန် မာန်မူခြင်းကြောင့်ဖြစ်သော အကြောင်း၌ ဖေါက်ပြန်ခြင်းကို နစ်စေ၏။

မှတ်ချက်။ ။ ဤ၌ ဣဿရကာရကာဝါဒီ,ပဓာနကာရကာဝါဒီ,ကာလဝါဒီ သဘာဝဝါဒီ အယူရှိသူ။ ဝါဒလေးမျိုး အယူမှားရှိသော ဆရာလေးယောက်တို့ကို ရပ်၍ ပြဆိုဦးအံ့။

ဣဿရဝါဒီ အယူရှိသောသူတို့သည် ဗိဿဏိုးနတ်သည် လောကကို၊ ဝါ၊ လူ နတ် ပြဟ္မာ သတ္တဝါတို့ကို ဖြစ်လည်း ဖြစ်စေနိုင်၏၊ နစ်လည်း နစ်စေနိုင်၏၊ ဝါ၊ပျက်စေနိုင်၏၊ဝါ၊ပြုပြင်ဘန်ဆင်းနိုင်၏၊ ဝါ၊ ဗိဿဏိုးနတ် ဘန်ဆင်း၍ဖြစ်၏ဟု အယူရှိကြကုန်၏။

**ပဓာနဝါဒီ**အယူရှိသောသူတို့သည် မင်းကြောင့်လောကသည်ထင်ရှားစွာ ဖြစ်လည်းဖြစ်၏ ပျက်လည်းပျက်၏ တိုးလည်းတိုး၏ ဆုတ်လည်း ဆုတ်၏ဟု အယူရှိကြကုန်၏။

**ကာလဝါဒီ** အယူရှိသောသူတို့သည် နံနက်စသော ကာလသည် သတ္တဝါ တို့ကို ပြုပြင်တတ်၏၊ သတ္တဝါတို့ကို ဆောင်တတ်၏၊ အိပ်ပျော်သော သတ္တဝါတို့ကို နိုးစေတတ်၏ဟု အယူရှိကြကုန်၏။

**သဘာဝဝါဒီ** အယူရှိသောသူတို့သည် ဆူးတို့သည် မည်သူတစုံတယောက်ကမှ မပြုပြင်ဘဲ၊ ဝါ၊ ချွန်၍မပေးဘဲ မိမိအလိုလို ချွန်ထက်နေသည်၏အဖြစ် အမြစ် အသီး စသည်တို့၏ သူ့အလိုလို လုံးသည်၏အဖြစ်၊ သားငှက်, မြွေ, ကင်း,သန်း စသည်တို့၏ ပြောက်ကြားသည်၏အဖြစ် စသည်တို့သည် မိမိတို့၏ သဘောအားဖြင့်သာ ပြီးကုန်၏၊ တစုံတခုသော အကြောင်းမရှိတော့ပြီဟု အယူရှိကြကုန်၏၊ ဤလို မှားသော မိစ္ဆာဒိဋ္ဌိ အယူကို အကြောင်းကြောင့်သာ အကျိုးဖြစ်၏ အကြောင်းမရှိက အကျိုးမဖြစ်ဟု အကြောင်းကို ကောင်းစွာသိသော သမုဒယသစ္စာကို သိသောဉာဏ်သည် ပယ်၏။

ဤ၌ ဆူးတို့၏အလိုလိုချွန်ထက်ခြင်း၊သစ်သီး,သစ်ဥတို့၏ အလိုလိုလုံးခြင်းကား၊ မျိုးစေ့တို့၏ မြဲသော **ဗီဇနိယာမ** တည်း၊ သားငှက်တို့၏ ပြောက်ကြားခြင်းကား ကံ တို့၏မြဲသော **ကမ္မနိယာမ** တည်း။

ဤလို ဗီဇနိယာမ ကမ္မနိယာမ ကမ္မပစ္စယ ဥတုသမုဋ္ဌာနရုပ် ဖြစ်၏၊ ဤလို နိယာမတရား, ကမ္မပစ္စယ ဥတုသမုဋ္ဌာန တရားတို့၏ ထူးခြားသော အဖြစ်ကို မသိသောကြောင့်သာ သဘာဝ ဝါဒီ ပုဂ္ဂိုလ်တို့ ဆိုမှား ယူမှား မိကြသည်ဟု သိလေ။

**ဘာသာပြန်—၅။** နိ-ကို သိသောဉာဏ်သည် အရူပဘုံ ခေါ်သော နေဝသညာ နာသညာယတနဘုံတို့၌ သင်္ခါရတရားတို့သည် ဆိတ်သုဉ်းကုန်၏ နိဗ္ဗာန်ပေတည်း၊ ထိုလောက ထုပိက အပဝဂ္ဂခေါ်သော နေဝသညာ နာသညာယတနဘုံသို့ ရောက်လျှင် နိဗ္ဗာန်သို့ရောက်တော့၏ဟု ယူမှားသောကြောင့်ဖြစ်သော နိရောဓသစ္စာ၌ မှားယွင်း ဖောက်ပြန်သော အကျင့်ကို နှစ်စေ၏။

မှတ်ချက်။ ။ နေဝသညာ နာသညာယတနဘုံသည် သင်္ခါရတရားတို့မှ ဆိတ်သုဉ်းသည် မဟုတ်။

ဥပမာ—ရေယူခဲ့ဆိုရာ ယူလောက်အောင် ရေမရှိ, အကပ်ကလေးမျှသာ ရှိနေ၍ ရေမရှိဟုဆိုဘိသကဲ့သို့၊ ထို့တူပမာ-အဆိုပါဘုံမှာ သင်္ခါရဟု ဆိုရလောက်အောင်ရှန့်ရင်းသော သညာကားမရှိ၊သင်္ခါရမရှိဆိုရလောက်အောင်

သိမ်မွေ့သော သညာ မရှိသည်လည်း မဟုတ်၊ မနာယတန ဓမ္မာယတနဌ် အကျုံးဝင်သော နူးညံ့သိမ်မွေ့သော သညာ သခ်ါရကား ရှိနေပြန်၏၊ သခ်ါရ မဆိတ်သုဉ်းပေ၊ ထို့ကြောင့် နိဗ္ဗာန်မဟုတ်ပေ၊ ဤလို နိဗ္ဗာန် မဟုတ်သည်ကို နိဗ္ဗာန်ဟု ယူသောကြောင့် လွဲမှားလေသည်။

ဘာသာပြန်—၆။ မ-ကို သိသောဉာဏ်သည် ကာမဂုဏ် ချမ်းသာဌ် တပ်မက်သောအားဖြင့် အဖန်တလဲလဲ ယှဉ်ခြင်း, မိမိကိုယ်၏ ပင်ပန်းခြင်းနှင့် အဖန်တလဲလဲ ယှဉ်ခြင်း အပြားရှိသော နိဗ္ဗာန်ရောက်ကြောင်းမဟုတ်သည်၌ နိဗ္ဗာန်ရောက်ကြောင်းဟုယူမှားသော အစွမ်းကြောင့်ဖြစ်သောအကြောင်း၌ ကျင့်မှားသော အကျင့်ကို နှစ်စေ၏။

ဥဘောအန္တ-ခေါ်သော ကာမသုခလ္လိကနှင့် အတ္တကိလမထ ပေတည်း။

ဆောင်ပုဒ်— ဒု-သိ-သက်ပယ်၊ သ-သိ-ဥစ် ပယ်၊ နိ-သိ-သသ်ပယ်၊ မ-သိ အကရိပယ်၊ လေးသွယ်သစ္စာ၊ သိသောခါ၊ လေးဖြာဒိဋ္ဌိပယ်။

တနည်း—ဒု-ကိုသိတော့ သက်ကိုပယ်၊ သ-ကိုသိတော့ ဥစ်ကိုပယ်၊ နိ-ကို သိတော့ သသ်ကိုပယ်၊ မ-ကိုသိတော့ အကရိပယ်၊ လေးသွယ် သစ္စာ သိသောခါ၊ လေးဖြာဒိဋ္ဌိပယ်။

တနည်း—ဒု-သိ ကျိုး၌ ကျင့်မှားပယ်၊ သ-သိ ကြောင်း၌ ကျင့်မှားပယ်၊ နိ-သိ မှားယွင်းကျင့်ကိုပယ်၊ မ-သိ ယုတ်တရား နှစ်ပါးကိုပယ်၊ သစ္စာသိတော့ ဒိဋ္ဌိကုန်လုံးပယ်၊ မဂ်သို့ရောက်တော့တယ်။

အမှာ။ ။ ဤလိုဤပုံ-သစ္စာသိတဲ့ခါ တသံသရာလုံးက မှောက်မှားခဲ့သော အမှောက်အမှားအမျိုးမျိုးတို့ကိုဖယ်ရှား၍မဂ်တရားသို့ရောက်စေနိုင် သောကြောင့် သေနေ့မဉီးခင် သစ္စာသိအောင် ကျိုးစားအားထုတ် ကြပါလေ။

---

## အမှား အလွဲ အစွဲအမျိုးမျိုး ပယ်နှိပ်ချီး

သစ္စာကိုသိသောဉာဏ်သည် ကမ္ဘာ့ ကမ္ဘာ, ဘဝ ဘဝါတို့က တသံသရာ လုံးကြီး ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကိုပင် ငါ့ကိုယ် အတ္တဟု မှောက်မှားခဲ့သော အမှောက်အမှား မိစ္ဆာဒိဋ္ဌိတရားဆိုး အမျိုးမျိုး၊ ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကိုပင် နိစ္စ, သုခ, အတ္တ, သုဘ ဖြစ်သည်ဟု သညာ, စိတ္တ, ဒိဋ္ဌိ တို့၏ အစွမ်းအားဖြင့် မှတ်မှား သိမှား ယူမှား ခဲ့သော ဝိပလ္လာသ တရားဆိုး အမျိုးမျိုး၊ ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကိုပင် ငါ့ကိုယ် ငါ့ဟာ ငါဖြစ်သည်ဟု ဒိဋ္ဌိ, တဏှာ, မာန၏ အစွမ်းဖြင့် ကြကြကန်းစွဲ-စွဲမှားခဲ့သော အလွဲအမှား အစွဲတရားဆိုး အမျိုးမျိုးတို့ကို တခဏခြင်းဖြင့် ထုံးလိုခြေ ရေလိုနှောက်၍ ပျောက်ပျက် ကွယ်ပ ကင်းကွာကြစေပြီးလျှင် အယူမှားဒိဋ္ဌိ ချုပ်ငြိမ်း၍ အပါယ်ဘုတ်သိမ်းတဲ့ အရိယာ သောတာပန် စသည်ကို လျှင်လျှင်မြန်မြန် ဖြစ်စေနိုင် ရောက်စေနိုင်သောကြောင့် သေနေ့မဦးခင် သစ္စာ သိတဲ့နေ့ ဦးသွားအောင် အထူးကြိုးစားကြပါရန် အကျိုးမျှော်၍ နှိုးဆော်ခဲ့ပါသည်၊ အပါယ်လွတ်လို လူထိုထိုတို့။

.....................

### " အကြောင်းအရာများ "

ဤ သစ္စာလေးပါးတူပုံ ဥပမာဇယားကွက်များကို ကသိုဏ်းရှုသော သမထယောဂီကဲ့သို့ ထင်မြင်ပေါက်ရောက်အောင် ရှုကြည့်ပါလျှင် တစတစ သစ္စာဉာဏ်ရင့်သန် သံဝေဂဉာဏ် ဖြစ်ပွား တသံသရာလုံးမှားခဲ့သော ဒုက္ခ သစ္စာ ရုပ်နာမ်ခန္ဓာကိုပင် ငါ့ကိုယ် အတ္တဟု မှတ်ထင်ယူဆမှားခဲ့သော အတ္တ ဒိဋ္ဌိ ချုပ်ငြိမ်း၍ အပါယ်ဘုတ်သိမ်းသော အရိယာသောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာအထိ ဖြစ်စေနိုင်၍ မွေးသေလွတ်သော နိဗ္ဗာန်ကိုပင် ရောက်စေနိုင်သောကြောင့် တန်ဘိုးမဖြတ်နိုင်အောင် အကျိုးကျေးဇူးတရား များကို လှလှကြီး ကျပ်ပြည့်ဖြစ်စေနိုင်၍ မပြတ်လေ့လာကြည့်ရှုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## အပိုင်း (၂)

### ဒုက္ခသစ္စာအရ ဇာတိစသည်ကို ပြခြင်း

သစ္စာလေးပါးတို့တွင် ဒု-၏ အရဖြစ်သော သရုပ်ကိုဖေါ်ထုတ်၍ ဟောတော်မူသည်မှာ—

၁။ ဇာတိပိဒုက္ခာ ဇရာပိဒုက္ခာ ဗျာဓိပိဒုက္ခော မရဏံမ္ပိဒုက္ခံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာပိ ဒုက္ခာ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ယံပိစ္ဆံ န လဘတိ တမ္ပိဒုက္ခံ သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။ ။ ဟူ၍ ဟောတော်မူအပ်သော ဒုက္ခတရား ၁၂—ပါးတို့၏ရင်း။

၂။ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ တတြတတြာ ဘိနန္ဒိနီ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။ ။ဟူ၍ ဟောတော်မူအပ်သော သမုဒယသစ္စာ တဏှာသုံးပါးတို့၏ရင်း။

၃။ ယောတဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။ ။ ဟူ၍ ဟောတော်မူအပ်သော နိရောဓသစ္စာ နိဗ္ဗာန်၏ရင်း။

၄။ ကတမံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သေယျထိဒံ သမ္မာဒိဋ္ဌိ....ပ....သမ္မာသမာဓိ။ ။ ဟူ၍ ဟောတော်မူအပ်သော မဂ္ဂသစ္စာ မဂ္ဂင်ရှစ်ပါးတို့၏ရင်း။

၁—၂ စသော နံပါတ်စဉ်အတိုင်း ဘာသာပြန်များကို တိုက်၍ ကြည့်ပါ။

ဘာသာပြန်—၁။ ရဟန်းတို့ အမိဝမ်းခေါင်း ကျဉ်းမြောင်းလှပေ၊ တဖန် တဖန် ပြန်၍ပြန်၍ ပဋိသန္ဓေ နေရခြင်းသည်လည်း ဆင်းရဲတွင်း နက်လှ၍ ဆင်းရဲခြင်း စစ်လှပေ၏၊ တဖန် ပဋိသန္ဓေ တည်နေပြီး နောက် တစတစ ဆိုးရွားဟောင်းမြင်း အိုမင်းရင့်ရော် ရခြင်းသည်လည်း ဆင်းရဲတွင်းနက်လှ၍ ဆင်းရဲခြင်းစစ်လှပေ၏၊ တဖန် (၉၆) ဖြာ ရောဂါဝေဒနာတို့တွင် တပါးပါး ကျရောက်၍ ကျင်နာနှိပ်စက် အခံရခက်ခြင်းသည်လည်း ဆင်းရဲခြင်း စစ်လှပေ၏၊ တဖန် တဘဝတခါ ခန္ဓာပျက်ကြွေ သေရခြင်း သည်လည်း ဆင်းရဲတွင်းနက်လှ၍ ဆင်းရဲခြင်း အစစ်ပေတည်း။ ဗျသနတရား ငါးပါးတို့တွင်

တပါးပါးနှင့် တွေ့ကြုံကြတဲ့ခါ စိုးရိမ်ပူပန်ခြင်း, ငိုကြွေးခြင်း, ကိုယ်၏ မချမ်းသာခြင်း, စိတ်၏မချမ်းသာခြင်း, ရင်ခပ် လက်တီး သက်ကြီးရှိုက်ငင် ပူပင်ရခြင်းတို့သည်လည်း လွန်မင်းစွာ ဆင်းရဲလှကုန်၏၊ မချစ်မနှစ်သက် အပ်သော သတ္တဝါသင်္ခါရတို့နှင့် အတူတကွ တွေ့ကြုံ ပေါင်းဆုံ၍ နေရခြင်း သည်လည်း ဆင်းရဲလှ၏၊ ချစ်နှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်း ကင်းကွာ၍ နေရခြင်းသည်လည်း ဆင်းရဲလှ၏၊ အကြင် ပဋိသန္ဓေ နေရခြင်း, အိုခြင်း, နာခြင်း, သေခြင်း, စိုးရိမ်ပူပန်ခြင်း စသော သဘော တရားတို့သည် ငါ့အား မတွေ့မကြုံ မဆုံမဖြစ်ပါမူကား ကောင်းလေစွဟု တဖွဖွ တောင့်တပါသော်လည်း တ, တိုင်း မရ၊ ထိုသို့ မရခြင်းသည်လည်း ဆင်းရဲလှ၏၊အကျဉ်းချုပ်အားဖြင့် သူကောင် ငါကောင် ယောကျ်ားကောင် မိန်းမကောင် စသည်ဖြင့် အလွဲ စွဲလမ်းစရာဖြစ်သော ဥပါဒါန်၏ အာရုံ ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို လက်ကိုင်ရရှိ၍ နေရခြင်း သည်လည်း ဆင်းရဲမှန်လှကုန်၏၊ ဆင်းရဲလက်ကိုင်ရှိနေတော့၏ဟု ဟော တော်မူသည်။ (ဤကား ဒု-သစ္စာ၏ ဘာသာပြန်တည်း)

၂။ ရဟန်းတို့၊ အကြင် တဏှာ, ရာဂ ဟူသော လောဘသည် တဖန် တဖန် ဘဝသစ်၌ ဖြစ်လေ့ ဖြစ်ထရှိ၏၊ တပ်မက် နှစ်သက်ခြင်းနှင့်တကွ ဖြစ်လေ့ရှိ၏၊ ထိုထို ကိုယ်၏အဖြစ်, ထိုထိုအာရုံ ကာမဂုဏ်တို့၌ အလွန့်အလွန် တပ်မက်နှစ်သက်ခြင်းရှိ၏၊ ဤဆိုအပ်ခဲ့ပြီးသော တဏှာသည် အဘယ်နည်း ဟူမူ၊ ရူပါရုံ စသော ငါးပါးအာရုံ ကာမဂုဏ် ကာမဝတ္ထုတို့ကို တပ်တတ် သော ကာမတဏှာ၊ သတ္တဝါ သင်္ခါရသည် မြဲ၏ဟုယူသော သဿတဒိဋ္ဌိနှင့် တကွဖြစ်သော ဘဝတဏှာ သတ္တဝါ သင်္ခါရသည် သေလျှင် ပြတ်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော ဝိဘဝတဏှာ၊ ဤ တဏှာသုံးပါးတို့ ပေတည်းဟု ဟောတော်မူသည်။

(ဤကား သ-သစ္စာ၏ ဘာသာပြန်တည်း)

၃။ ရဟန်းတို့၊ ထို ဆိုအပ်ခဲ့ပြီးသော သုံးပါးအပြားရှိသော တဏှာ၏ သာလျှင် အကြွင်း အကြွင်းမဲ့ တပ်ခြင်းကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် အကြင်တပ်မက်ခြင်းတဏှာကို စွန့်ရာဖြစ်သော နိဗ္ဗာန်သည် အကြင်တပ်မက် ခြင်း တဏှာကို တဖန်စွန့်ရာဖြစ်သော နိဗ္ဗာန်သည် အကြင်တဏှာမှလွတ်ရာ

ဖြစ်သော နိဗ္ဗာန်သည် အကြောင်းကပ်ငြိခြင်း ကင်းရာ နိဗ္ဗာန်သည် ကေန်တိတိ ပရမတ်အားဖြင့် ထင်ရှားရှိ၏ဟု ဟောတော်မူသည်။

(ဤကား နိ-သစ္စာ၏ ဘာသာပြန်တည်း)

၄။ ရဟန်းတို့၊ ဖြူစင်သန့်ရှင်း အပြစ်ကင်းသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဤမဂ်သည် ရှိ၏၊ ထိုမဂ်သည် အဘယ်နည်းဟူမူ၊ ရုပ် နာမ် ခန္ဓာ လက္ခဏာ သစ္စာတို့ကို မဖောက်မပြန် အဟုတ်အမှန် သိမြင်ခြင်း သမ္မာဒိဋ္ဌိ ရင်း....ပ ...အဟုတ်အမှန်ဖြစ်သော ဝိပဿနာအာရုံ၌ စူးစူးစိုက်စိုက် စိတ်၏ တည်ကြည်မှု သမ္မာသမာဓိဒင်း ဟူ၍ ဟောတော်မူသည်။

(ဤကား မ-သစ္စာ၏ ဘာသာပြန်တည်း)

....................

## (က) ဇာတိသဒ္ဒါသည် ဟောအပ်သော အနက်များ

ဒုက္ခသစ္စာ၏ နိဒ္ဒေသ၌ ဟောတော်မူအပ်သော ဤ ဇာတိ သဒ္ဒါသည်—

၁။ ကော်ပိဇာတိ ဒွေပိ ဇာတိယော စသော ပါဠိတို့၌ ဘဝကိုဟော၏။
၂။ အတ္ထိဝိသာခေ နိဂဏ္ဌာနာမ သမနဇာတိ — စသည်တို့၌ အပေါင်းကို ဟော၏။
၃။ ဇာတိ ဒွိဟိ ခန္ဓေဟိ သင်္ဂဟိတာ—စသည်တို့၌ ရုပ် နာမ် ဥပါဒ်ကိုဟော၏။
၄။ ယံမာတုကုစ္ဆိသ္မိံ ပဌမစိတ္တံ — စသည်တို့၌ ခန္ဓာငါးပါးကို ဟော၏။
၅။ သမ္ပတိဇာတော အာနန္ဒ ဗောဓိသတ္တော — စသည်တို့၌ သားဖွားခြင်းကို ဟော၏။
၆။ အက္ခိတ္တော အနုပကုဋ္ဌော ဇာတိဝါဒေန—စသည်တို့၌ အမျိုးကိုဟော၏။
၇။ ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ — စသည်တို့၌ စတုပါရိသုဒ္ဓိ သီလကို ဟော၏။

ဤ သစ္စာနိဒ္ဒေသ၌ကား—အမိဝမ်းလျှင် ကိန်းအောင်းရာရှိသော သတ္တဝါ တို့၏ ပဋိသန္ဓေ တည်နေသည်မှစ၍ ဇာတိသဒ္ဒါသည် မွေးဖွားသောကာလ တိုင်အောင် ဖြစ်ကုန်သော ခန္ဓာတို့ကိုသာ ဟော၏၊ အဏ္ဍဇ ဇလာဗုဇမှ တပါးသော သံသေဒဇ ဩပပါတိကတို့အားကား ပဋိသန္ဓေခန္ဓာတို့၌သာ သင့်၏မှတ်။

## ပဋိသန္ဓေ ၄ – မျိုး

၁။ အဏ္ဍဇ ပဋိသန္ဓေ .... အဥ၌ ဖြစ်သည် ကြက်, ငှက်, ငါး, ဖါး စသည်။

၂။ သံသေဒဇ ပဋိသန္ဓေ.... အညှိ၌ဖြစ်သည် ပိုးလောက် ပိုးလောင်း စသည်။

၃။ ဇလာဗုဇ ပဋိသန္ဓေ .... အမိသားအိမ်၌ ဖြစ်သည်၊ လူ, ကျွဲ, နွား စသည်။

၄။ ဩပပါတိကပဋိသန္ဓေ– ကိုယ် ထင်ရှားဖြစ်သည်၊ ကမ္ဘာဦးသူ-နတ် ငရဲသူများ။

ထိုတွင် – ဘုမ်, လူ, သူရကာယ်၊ ပိတ်ဝယ် နိဇ်ချ°၊ တိရစ္ဆာန် လေးတန် သန္ဓေရှိ။

" ရဲ-နတ်-နိဗ္ဗာ-ပြဟ္မာ, လေးရပ် ဥပပတ် "နှင့်အညီ၊ ဘုမ္မစိုးနတ်-လူ-အသူရကာယ် နိဗ္ဗာမ တဏှိက ပြိတ္တာမှ တပါးသော ပြိတ္တာ တိရစ္ဆာန် ဤငါးဦးတို့မှာ အဆိုပါ ပဋိသန္ဓေ လေးမျိုးလုံးပင် ဖြစ်တတ်လေသည်၊ ငရဲသူသတ္တဝါ စတုမဟာရာဇ် စသော နတ် ပြဟ္မာ နိဗ္ဗာမ တဏှိက ပြိတ္တာ ဤလေးဦးတို့မှာ ဥပပတ်ပဋိသန္ဓေချည်းသာ မှတ်လေ။

.....................

### လူတို့မှာ ပဋိသန္ဓေ ၄–မျိုးလုံး ရနိုင်ပုံ

၁။ လူ, အဏ္ဍဇ .... ကုန္တကိန္နရီမသား တိဿနှင့် မိတ္တ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံပြီ။

၂။ လူ, သံသေဒဇ.... ပဒုမဝတီ ရင်း သား ငါးရာ ပေါက္ခရသာတ် ပုဏ္ဏား။

၃။ လူ, ဇလာဗုဇ .... ယခုရှိ လူ, ခွေး, ကျွဲ, နွား စသည်။

၄။ လူ, ဥပပတ် .... ကမ္ဘာဦးသူ အမှုပါလိ။

သာရသင်္ဂဟဋ္ဌကထာ၌လာ၏။

## ဇာတိ၏ လက္ခဏာ—ရသ ပစ္စုပဋ္ဌာန်

(က) အဆိုပါ ဇာတိသည် ထိုထို ကေဝေါကာရ စသော ဘဝတို့၌ တခုသောဘဝဖြင့် ပိုင်းခြားအပ်သော ခန္ဓာအစဉ်၏ လက်မှန် အသစ်ဖြစ်ခြင်းဟူသော အမှတ် လက္ခဏာ ရှိ၏၊ တခုသောဘဝဖြင့် ပိုင်းခြားအပ်သော ခန္ဓာအစဉ်ကို ဝဋ်ဘုံ ဝဋ်သား သတ္တဝါတို့အား ရော့ ယူလှည့် ယူလာ ဟု ပေးအပ်ဆောင်နှင်းသကဲ့သို့ ဖြစ်ခြင်း ကိစ္စ ရှိ၏၊ အနန္တရ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝ၌ ခန္ဓာအစဉ်၏ ပေါ်လာခြင်းပေတည်းဟု ယောဂီ၏ "ဉာဏ်အားရှေ့ရှု ထင်မြင်" လာ၏။

.....................

## ဒုက္ခအပြား ၇—ပါး ပိုင်းခြား၍ ပြခြင်း

ဇာတိဒုက္ခ၌ အကျုံးဝင်သော ဒုက္ခသည်—

၁။ ဒုက္ခ-ဒုက္ခ။
၂။ ဝိပရိဏာမဒုက္ခ။
၃။ သင်္ခါရဒုက္ခ
၄။ ပဋိစ္ဆန္နဒုက္ခ
၅။ အပ္ပဋိစ္ဆန္နဒုက္ခ။
၆။ ပရိယာယဒုက္ခ။
၇။ နိပ္ပရိယာယဒုက္ခ
ဟူ၍ ၇-ပါးအပြားရှိရာ။

ဤ ဇာတိသည် များစွာကုန်သော ဒုက္ခတို့၏ တည်ရာ ကျရောက်ရာ၏ အဖြစ်ကြောင့် ဇာတိသည် ဒုက္ခမည်၏ဟု သိ။

၁။ ထိုတွင် ကာယိကဒုက္ခ, စေတသိကဒုက္ခ ဖြစ်သော ဝေဒနာ စေတသိက်သည် သဘောအားဖြင့်ရင်း,အမည်အားဖြင့်ရင်း ဒုက္ခမည်သည်၏ အဖြစ်ကြောင့် ဒုက္ခ,ဒုက္ခမည်၏ဟု သိ။

၂။ သုခဖြစ်သော ဝေဒနာသည် ရှေးဦးစွာ ချမ်းသာယောင်ယောင် အဟန်ဆောင်သော်လည်း နောက်အခါကာလ ချမ်းသာသောသဘောမှ ဆင်းရဲသောသဘောသို့ ဖေါက်ပြန် ပျက်စီးသောအားဖြင့် စေတသိကဒုက္ခ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် "ဝိပရိဏာမဒုက္ခ" ဟု သိ။

၃။ ဥပေက္ခာဝေဒနာသည်ရင်း၊ အဆိုပါ သုခ, ဒုက္ခ, ဥပေက္ခာမှ ကြွင်းသော ဘုံသုံးပါး၌ဖြစ်သော သင်္ခါရတို့သည်ရင်း ဖြစ်ခြင်းဖြင့် အဖန်တလဲလဲ နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် "**သင်္ခါရဒုက္ခ**"မည်၏ဟု သိ။

၄။ နားကိုက်ခြင်း, သွားကိုက်ခြင်း, ရာဂကြောင့်ဖြစ်သော ပူပန်ခြင်း, ဒေါသကြောင့်ဖြစ်သော ပူပန်ခြင်းစသော ကိုယ်ကိုမှီ၍ဖြစ်သောအနာသည် မေး၍ မေးမှ သိအပ်သည်၏ အဖြစ်ကြောင့်ရင်း၊ ညှဉ်းဆဲ နှိပ်စက်ခြင်း ပယောဂ၏ မထင်ရှားသောကြောင့်ရင်း ဖုံးလွှမ်းသော ဆင်းရဲ ဖြစ်၍ "**ပဋိစ္ဆန္နဒုက္ခ**"ဟု သိ။

၅။ ကံကြမ္မာအလျောက် ၃၂-ပါးသော ကမ္မကရဏ ညှဉ်းဆဲခြင်းစသည်ကြောင့်ဖြစ်သော အနာသည် သူ့ကို မမေးဘဲပင် သိသာထင်ရှားသောကြောင့်ရင်း၊ ညှဉ်းဆဲခြင်းပယောဂ၏ ထင်ရှားသိမြင်ရသည်၏ အဖြစ်ကြောင့်ရင်း မဖုံးလွှမ်းသောဆင်းရဲဖြစ်၍ "**အပ္ပဋိစ္ဆန္နဒုက္ခ**"ဟု သိ။

မှတ်ချက်။ ။ ဤ၌၃၂ပါးသောကံကြမ္မာကို ပါဠိနှင့်လိုလျှင် ဒုကအင်္ဂုတ္တိုရ် ပါဠိဋ္ဌကထာမှာ ကြည့်ရှုပါလေ၊ မြန်မာလိုသက်သက် ဆောင်ပုဒ် အနေ သိလိုပါလျှင်(အရိုက်သုံးရပ်၊အဖြတ်ရှစ်မျိုး၊ ပုံးရည်အိုးနည်း၊ ဦးပြည်း ရာဟု၊ နှစ်ခု မီးချက်၊ ပိန်းမြက်လျော်တော၊ ဇော်မြိုက်ခြင်း၊ စဉ်းကော စဉ်းလတ်၊ တကျပ်လှီးမျိုး၊ ဆားလုံ့ထိုးနှင့်၊ ကောက်ရိုးအင်ပျဉ်၊ဆီလျှင်လောင်းရေး၊ခွေးကျွေးတံကျင်၊ငါးအင်အဖွဲ့၊ ပြုတုံခဲ့သည်၊ သုံးဆဲ့နှစ်လီ ညှဉ်းပန်းတည်း) ဟု ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတဲ့ ဘာဝနာဒီပနီ ကျမ်းမှာ ကြည့်ရှုပါလေ။

၆။ ဒုက္ခ ဒေါမနဿ ဥပယာသကို ထား၍ ဒုက္ခ ဒုက္ခမှ ကြွင်းသော ဇာတိ စသော အလုံးစုံသည်လည်း ထိုထိုဒုက္ခ၏ တည်ရာ၏ အဖြစ်ကြောင့် "ပရိယာယ ဒုက္ခ"မည်၏ ဟု သိ။

၇။ အစဦးစွာ ပြခဲ့သော ဒုက္ခ-ဒုက္ခ သည်ပင် မုချအားဖြင့် ဒုက္ခဖြစ်သောကြောင့် "နိပ္ပရိယာယဒုက္ခ"မည်၏ဟု သိလေ။

## အယူမှား–အယူမှန် (သစ္စာသိသူ–မသိသူ)ကို ပြခြင်း

### (၁) သက္ကာယဒိဋ္ဌိ အယူမှား

ဤ ဒုက္ခသစ္စာနိဒ္ဒေသ၌ ဇာတိဒုက္ခအရ ပဋိသန္ဓေ နေရခြင်းသည်လည်း ဆင်းရဲမှုန်၏ စသည်ဖြင့် ဟောတော်မူရာ၊ လူ, နတ်, ပြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ တို့၏ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်းဟု မဟုတ် မမှန် ဖောက် ပြန် မှားယွင်းသော မိစ္ဆာဒိဋ္ဌိ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ အယူမှားကို မယူမှား မိကြစေနှင့်၊ ဤအတိုင်း ယူမှားလျှင် သင်သည် ရခဲသော လူ့အဖြစ်ကို ရပါလျက်, ကြုံခဲသော သာသနာတော်နှင့်ကြုံတွေ့ရပါလျက် ဘုရားဟောတဲ့ ဒုက္ခသစ္စာကို မသိမမြင်သောသူ, သာသနာတွင်းအသိကို မသိမမြင်သောသူ အစစ်ကေန် ဖြစ်ပြီဟု မှတ်လေ သိလေ။

လူ, နတ်, ပြဟ္မာ, ပုဂ္ဂိုလ် သတ္တဝါတို့၏ ဖြစ်ခြင်း ပျက်ခြင်း မဟုတ်၊ လူနတ်တို့၏ ဖြစ်မှု ပျက်မှု မဟုတ်၊ ပဋိသန္ဓေနေတတ် အိုတတ် နာတတ် သေတတ်သော လူ နတ် ပြဟ္မာ ပုဂ္ဂိုလ် သတ္တဝါဟူ၍ပင် ပရမတ္ထအားဖြင့် လုံးဝထင်ရှားမရှိပေ၊ "ခန္ဓာနံပါတုဘာဝေါ ခန္ဓာနံဘေဒေါ"အရ အမှန်မှာ ကံအားလျော်စွာ ဘုံသုံးပါးတို့မှာ ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်ခြင်း ပျက်ခြင်း, ဖြစ်မှု ပျက်မှုမျှသာဟု ခန္ဓာဆိုတဲ့ ပရမတ်ကို ပေါက်အောင် ရောက်အောင် ထိအောင် မိအောင်ယူမှသာ ဒုက္ခသစ္စာသိသောသူ့ သာသနာ တွင်း အသိကို သိသောသူ, ဗုဒ္ဓဘာသာစစ်သောသူ, အယူမှားဒိဋ္ဌိ ချုပ် ငြိမ်း၍ အပါယ်ဇာတ်သိမ်းသော အရိယာ သောတာပန်အစစ် ဖြစ်မည့်သူဟု သိလေ မှတ်လေ။

### (၂) ဣဿရနိမ္မာနဒိဋ္ဌိ အယူမှား

တဖန်–ဘုံသုံးပါးတို့မှာ ကံအားလျော်စွာ လူ နတ် စသည် ဖြစ်ကြတဲ့ခါ ပိဿဏိုးနတ် ထာဝရဘုရားဘန်ဆင်း၍ဖြစ်သည် ဘာ့ကြောင့် ညာ့ကြောင့် ဖြစ်သည်ဟု မဟုတ်မမှန် ဖောက်ပြန်မှားယွင်းသော ဣဿရနိမ္မာနဒိဋ္ဌိ အယူ မှားကို မယူမှားမိကြစေနှင့် ဤအတိုင်း ယူမှားလျှင် သင်သည် ဘုရား ဟောတဲ့ သမုဒယသစ္စာကို မသိ မမြင်သောသူ အစစ် ကေန် ဖြစ်ပြီဟု

သိလေ မှတ်လေ၊ အမှန်မှာ ထာဝရဘုရား သိကြား ဗြဟ္မာ ပိဿဏိုးနတ်တို့သည် ဘန်ဆင်း၍ဖြစ်သည်မဟုတ်၊ လွန်ခဲ့သော ရှေးဘဝတို့က ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ ဘဝတဏှာ လောဘကြောင့်သာ ဖြစ်သည်ဟု ယူမှသာ သမုဒယသစ္စာသိသူ သာသနာတွင်း အသိ-သိသူ ဗုဒ္ဓဘာသာစစ်သောသူ ယုံမှားမှု ဝိစိကိစ္ဆာငြိမ်း၍ အပါယ်ဇာတ်သိမ်းသော အရိယာသောတာပန် အစစ် ဖြစ်မည့်သူဟု သိလေ မှတ်လေ။

## (၃) သဿတ ဥစ္ဆေဒဒိဋ္ဌိ အယူမှား

တဖန်–အဆိုပါ လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် လက်ရှိဘဝ သေဆုံး၍ သွားကြသော်လည်း ရုပ်သာကျန်ရစ်၍ နာမ်မူကား ပိုးလောက်လမ်းပမာ တဘဝမှ တဘဝသို့ ကူးပြောင်း ကူးပြောင်း၍သွားသောကြောင့် မြဲသည်ဟူ၍၎င်း၊ ထိုသို့မဟုတ် ယခုဘဝသေ ပြီးတာဘဲ, နောက်သဲဘဝမှမဖြစ်တော့ တခါထဲပြတ်သွားသည်ဟူ၍၎င်း၊ ဤလို သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူမှားကို မယူမှားမိကြစေနှင့်၊ ဤအတိုင်း ယူမှားလျှင် သင်သည် ဘုရားဟောတဲ့ နိရောဓသစ္စာကို မသိမမြင်သေးသူ အစစ်ကေန် ဖြစ်ပြီဟု သိလေ မှတ်လေ၊ အမှန်မှာ–သ,ကြောင့် ဒုါ တဏှာကြောင့် ခန္ဓာ၊ ဖြစ်ပျက်မွေးသေ သံသရာ ရှည်၍ နေကြရာ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်သောကြောင့် တဏှာ အသစ်မဖြစ်တော့ ခန္ဓာလဲ အသစ်မဖြစ်တော့ဘဲ တဏှာ,ခန္ဓာ နှစ်ပါးစုံတို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်သည်ကား နိရောဓသစ္စာတည်းဟု ယူမှသာ နိရောဓသစ္စာသိသူ သာသနာတွင်း အသိကို သိသောသူ ဗုဒ္ဓဘာသာ စစ်သူ သဿတ ဥစ္ဆေဒ အစွန်းနှစ်ဘက် အပြစ်နှစ်ပါးလွတ်၍ အလယ်ဗဟို ချက်မ မဇ္ဈိမပဋိပဒါ ကျ၍ အဆိုပါ ဒိဋ္ဌိနှစ်ပါးချုပ်ငြိမ်း၍ အပါယ်ဇာတ်သိမ်းသော အရိယာ သောတာပန် အစစ် ဖြစ်မည့်သူဟု သိလေ မှတ်လေ။

## (၄) သီလဗ္ဗတပရာမာသ မိစ္ဆာဒိဋ္ဌိ အယူမှား

တဖန်–အဆိုပါ လူနတ်တို့သည်လည်း နွားတို့၏ အလေ့အကျင့် ခွေးတို့၏ အလေ့အကျင့်ဖြင့်ပင် သံသရာမှ စင်ကြယ်၏၊ ဝါ၊ နိဗ္ဗာန်ရောက်၏ဟု မဟုတ်မမှန် ဖေါက်ပြန်မှားယွင်းသော သီလဗ္ဗတ ပရာမာသ မိစ္ဆာဒိဋ္ဌိကို

မယူမှားမိကြစေနှင့်၊ ဤအတိုင်း ယူမှားလျှင် သင်သည် ဘုရားဟောတဲ့ မဂ္ဂသစ္စာကို မသိသောသူ မမြင်သောသူ အစစ်ကေန်ဖြစ်ပြီ မှတ်၊ အဆိုပါ မဂ္ဂင်ရှစ်ပါး ဝိပဿနာပွားတဲ့ မဂ်အကျင့်ကိုကျင့်မှသာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဟု ယူမှသာ မဂ္ဂသစ္စာသိသောသူ သာသနာတော်တွင်း အသိကို သိသောသူ ဗုဒ္ဓဘာသာစစ်သောသူ သီလဗ္ဗတ ပရာမာသဒိဋ္ဌိ ချုပ်ငြိမ်း၍ အပါယ်ဇာတ်သိမ်းသော အရိယာသောတာပန် အစစ် ဖြစ်မည့်သူဟု သိလေ မှတ်လေ။

## သမုတ်ရှိနှင့် အဟုတ်ရှိ

လူနတ်ဆိုတာ သမုတ် ရှိ အဟုတ် ရှိက ရုပ်နာမ် ခန္ဓာ၊ ရုပ်နာမ် ခန္ဓာက ဒုက္ခသစ္စာ။

လူနတ်ဆိုတာ အဆို-ရှိ နဂို-ရှိက ရုပ် နာမ် ခန္ဓာ၊ ရုပ် နာမ် ခန္ဓာက ဒုက္ခသစ္စာ။

လူနတ်ဆိုတာ ပညတ် ရှိ ပရမတ် ရှိက ရုပ်နာမ် ခန္ဓာ၊ ရုပ်နာမ် ခန္ဓာက ဒုက္ခသစ္စာ။

## မရှိ, ပညတ်နှင့် ရှိ, ပရမတ်

လူနတ် ဆိုတာ မရှိ ပညတ်၊ ရုပ်နာမ် ခန္ဓာ ဒုက္ခသစ္စာက ရှိ ပရမတ်၊ မရှိပညတ်မှာ ပရမတ်အားဖြင့် ထင်ရှားမရှိသော အဝိဇ္ဇာမာနပညတ်ကို ယူ၊ ရှိပရမတ်မှာ ပရမတ်အားဖြင့် ထင်ရှားရှိသော ဝိဇ္ဇာမာန ပညတ်ကို ယူ၊ အမှန်မှာ—

"ခန္ဓာနံ ပါတုဘာဝေါ၊ ခန္ဓာနံဘေဒေါ န သတ္တော"ဟူ၍၎င်း။
"ခန္ဓာဧဝေဟိ ပရမတ္ထတော ပါတုဘဝန္တိ န သတ္တာ"ဟူ၍၎င်း။

သမ္မောအဋ္ဌကထာ မိန့်ဆိုအပ်သည်နှင့်အညီ၊ ဘုံသုံးပါး (၃၁) ဘုံတို့၌ ကံအားလျော်စွာ ဖြစ်ကြလေသမျှ, ပျက်ကြလေသမျှ, လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ သူ-ငါ, ကျား-မ, ဖိုး-မဲ စသည်တို့၏ ဖြစ်မှုပျက်မှု ဖြစ်ခြင်းပျက်ခြင်းမဟုတ် သမုတ်ရုံမျှသာ၊ အမှန်မှာ—ကံအားလျော်စွာ ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်ပေါ်မှု ပျောက်ကွယ်မှုဟု သစ္စာခန္ဓာဆိုတဲ့ ပရမတ်ကို

ပေါက်အောင် ရောက်အောင် ထိအောင် မိအောင် အမှန်ယူမှသာ သဿတ ဥစ္ဆေဒ အစွန်းနှစ်ခုလွတ်၍ မဇ္ဈိမပဋိပဒါ အလယ်ဗဟိုကျကျ ဘုရားအလိုတော်ကြ ယူနိုင်ကြပါစေသတည်း။

ထို့ကြောင့်ပင်— သူငါဆိုတာ အဆိုရှိ၊ နဂိုရှိက ရုပ်နာမ်ခန္ဓာ၊
ရုပ်နာမ် ခန္ဓာက ဒုက္ခသစ္စာ။ ။
ကျား-မ ဆိုတာ သမုတ်ရှိ၊ အဟုတ်ရှိက ရုပ်နာမ် ခန္ဓာ။
ဖိုး-မဲ ဆိုတာ ပညတ်ရှိ၊ ပရမတ်ရှိက ရုပ်နာမ် ခန္ဓာ။ ။
ခန္ဓာကိုဖြစ်စေတဲ့ လောဘက သမုဒယသစ္စာ၊
ဒုသနှစ်ပါးတို့ တဖန်အသစ်မဖြစ်ရာနိဗ္ဗာန်က နိရောဓသစ္စာ၊
နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကောင်း မဂ္ဂင်ရှစ်ပါးက
မဂ္ဂသစ္စာ။ ။ဟု ဆိုခဲ့ပေသည်။

....................

## သစ္စာလေးပါး ဘွဲ့ပြခြင်း

**ဇာတိဒုက္ခသစ္စံ တံ သမုဋ္ဌာပိကာ ပူရိမတဏှာ သမုဒယသစ္စံ၊ ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ၊ တဿသမ္ပာပကော အရိယော မဂ္ဂေါ မဂ္ဂသစ္စံ။ ။** (ဇရာ စသည်ကိုလည်း အတူဘွဲ့လေဦး)

ရှေးရှေးဘဝတို့က ပြုခဲ့ကြသော ကံအားလျော်စွာ တခု တခုသော ဥပပတ္တိဘဝ၌ ရှေးဦးစွာ ပဋိသန္ဓေ အနေဖြင့် ဖြစ်ပေါ်လာတဲ့ ရုပ်ဇာတိ နာမ်ဇာတိသည် အဆိုပါ ဒုက္ခ (၇) ပါးတို့၏ ကျရောက်ရာ တည်နေရာ ဖြစ်သောကြောင့် ဒုက္ခသစ္စာမည်၏၊ ထိုထိုဇာတိကို တဖန်တဖန် ဖြစ်စေ တတ်သော ရှေးဘဝက တဏှာသည် ဒုက္ခအသစ်အသစ်ကို ဖြစ်စေတတ် သောကြောင့် သမုဒယသစ္စာမည်၏၊ ထို ဒုက္ခ သမုဒယ သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် ငြိမ်းအေးသော ချမ်းသာ စစ်သောကြောင့် နိရောဓသစ္စာ မည်၏၊ ထိုနိဗ္ဗာန်သို့ ရောက် ကြောင်း အကျင့်ကောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးသည်၊ ဝါ၊တဏှာပယ်သော မဂ်အကျင့်သည် နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သောကြောင့် မဂ္ဂသစ္စာ မည်၏။

ဖြစ်....ဒု, လို....သ, မဖြစ်....နိ, မလို....မ၊
ဤလေး၀၊ မှတ်ကြ သစ္စာတည်း။

အဓိပ္ပါယ်။ ။ ထိုထိုဘုံဘ၀တို့၌ လူနတ် စသည်, တဖန် "ဖြစ်" ပေါ်လာတာက ဒုက္ခ သစ္စာ ဆင်းရဲအမှန်တည်း။

ထိုထို ဘုံဘ၀တို့၌ တဖန်တဖန် ဖြစ်"လို" ပြန်တာက သမုဒယ သစ္စာ ဆင်းရဲကြောင်း အမှန်တည်း။

တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် ထိုထိုဘုံဘ၀တို့၌ မဖြစ် ပေါ်လာတာ မဖြစ်ပေါ်လာရာက နိရောဓ သစ္စာ ဆင်းရဲချုပ်ငြိမ်းရာ အမှန်တည်း။

ထိုထို ဘုံဘ၀တို့၌ မဖြစ်တော့လိုတာက ဖြစ်ဘို့ရန် မလို တာက မဂ္ဂ သစ္စာ ဆင်းရဲချုပ်ငြိမ်းကြောင်း အမှန်တည်း။

ဤကား သစ္စာလေးပါးတို့ကို ဒု-သ-နိ-မ ဟု အစဉ်အတိုင်း ပြဆိုခြင်းတည်း။

ဖြစ်....ဒု၊ ဖြစ်လို....သ၊ မဖြစ်....နိ၊ မဖြစ်လို....မ။
ဤကား အကျိုးအကြောင်း ပြဆိုချက်တည်း။

ဖြစ်လို....သ၊ ဖြစ်....ဒု၊ မဖြစ်လို....မ၊ မဖြစ်....နိ။
ဤကား အကြောင်းအကျိုး ပြဆိုချက်တည်း။

ငြိမ်းအေးရာက....နိ၊ ငြိမ်းအေးကြောင်းက....မ။
မငြိမ်းအေးတာက....ဒု၊ မငြိမ်းအေးလိုတာက....သ။
ဤကား အဖျားမှ အရင်းသို့ ပြဆိုချက်တည်း။

မငြိမ်းအေးလိုတာက....သ၊ မငြိမ်းအေးနိုင်တာက....ဒု။
ငြိမ်းအေးကြောင်းက....မ၊ ငြိမ်းအေးရာက....နိ။
ဤကား အရင်းမှ အဖျားသို့ ပြဆိုချက်တည်း။

ငြိမ်းအေးရာက....နိ၊ ငြိမ်းအေးရာကိုမြင်တာက....မ။
မငြိမ်းအေးနိုင်တာက....ဒု၊ မငြိမ်းအေးလိုတာက....သ။
ဤကား အဖျားမှ အရင်းသို့ ပြဆိုချက်တည်း။

ငြိမ်းအေးရာက နိဗ္ဗာန်၊ ငြိမ်းအေးရာကိုမြင်တာက မဂ်ဉာဏ်။
မငြိမ်းအေးနိုင်တာက ဒုက္ခ၊ မငြိမ်းအေးလိုတာက သမုဒယ။

အမြဲမရှိတာက ရုပ်နာမ်၊ အမြဲမရှိတာကို သိမြင်တာက
ဝိပဿနာဉာဏ်။
အမြဲရှိတာက နိဗ္ဗာန်၊ အမြဲရှိရာကိုမြင်တာက မဂ်ဉာဏ်။

နိဗ္ဗာန်လိုက၊ ဤနည်းပ၊ ရှုကြ ဝိပဿနာ။
ဤလို မြင်သိ၊ မြတ်ခေါင်ထိ၊ ကဝိဆိုထိုက်ပါ။
မဂ်ဉာဏ် လက်ရှိ၊ ထိုကာဝိ၊ ရောက်၏ နိဗ္ဗာန်သာ။

....................

## ဒုက္ခ ၇–ပါး၏ တည်ရာဖြစ်ပုံ

## (၁) သင်္ခါရဒုက္ခ

ဤ ဇာတိသည် အဘယ်သို့လျှင်၊ ဝါ၊ ဘယ်ပုံ ဘယ်နည်း၊ အဆိုပါ ဒုက္ခ(၇)ပါး၏ ကျရောက်ရာ တည်ရာ မှီရာဖြစ်ပါသနည်းဆိုတဲ့ အမေး၌–

အဖြေကား–တခုသောဘဝ တယောက်သောအမိ၏ ဝမ်း၌စ၍ ကလလ ရေကြည် တည်သည်ကပင် ၁၀–လ, ၉–လ မချိရင်ကဲ ဆင်းရဲကြီးစွာ တည်နေရလေပြီ၊ ၎င်းကို လူသာမန်တို့ မသိနိုင်၍ ထားဘိဦး။ အမိဝမ်းမှ ဖွား၍ လမ်းသွားတတ်သည်မှ သေနေ့ကျအောင် မိမိကိုယ်ကို မပူအောင် မအေးအောင် မဖျားအောင် မနာအောင် နေ့တိုင်း လ,တိုင်း နှစ်တိုင်း စောင့်ရှောက် ပြုပြင်ပေးနေရ၏၊ နေ့စဉ် ထမင်းကျွေး ရေတိုက် ယပ်ခတ် ရေချိုး ခေါင်းလျှော်မှစ၍ လိုအပ်သမျှ အမျိုးမျိုးကို ဘာမဆို အမြဲတမ်း စောင့်ရှောက်ပြုပြင်ပေးနေရ၏၊ ဤလိုဤပုံ အချိန်မရွေး တနေ့လုံး တညလုံး တလလုံး တနှစ်လုံး တသက်လုံး လိုအပ်သမျှကို တစမကျန် ပြုပြင် ပြုလုပ် ပေးနေရခြင်းသည် အဆိုပါ ဒုက္ခ(၇)ပါးတို့တွင် "သင်္ခါရဒုက္ခ" မည်၏ဟု သိလေ မှတ်လေ။

တနေ့နှင့် တည၌ဆိုတဲ့ တရက်အတွင်းတွင်ပင် တရက်လုံး ပြုပြင်းပေး နေရတဲ့ သင်္ခါရဒုက္ခ ဤမျှကြီးလေးပုံကို အကုန်အစင် သိမြင်နိုင်ပါလျှင်

တလလုံး တနှစ်လုံး တသက်လုံး တသံသရာလုံးအတွက် အဘက်ဘက်မှာ အဘယ်မျှလောက် သင်္ခါရဒုက္ခ ကြီးလေးမည်ကို ဉာဏ်ဥက္ကောင်းဖေါ်၍ မျှော်ကြည့်ကြပါလေ၊ လူ့လောက နတ်လောက ဗြဟ္မာလောက တခွင်လုံး ကျွဲလောက နွားလောက ဆိတ်, ခွေး, ဝက်, ကြက်, ငှက်, ငါး, ဖါး,ပိုးရွ,ခြ လောကတခွင်လုံး ဉာဏ်ဥက္ကောင်းထောင်၍ ကြောင်ကြောင်မြင်အောင် မျှော်ကြည့်ကြပါလေ။

၂။ ဝိပရိဏာမဒုက္ခ။ ။ တဖန်—ဤလိုဤပုံ လိုလေသေးမရှိ,ချွင်းချက်မရှိ တသက်လုံး ပြုပြင်ဆောင်ရွက်ပေးနေပါသော်လည်း ပြုပြင်စောင့်ရှောက် ကျိုး မနပ်, ပြုပြင်စောင့်ရှောက်ကျိုးမရှိ, နေ့စဉ်ပြုပြင်ပေးနေတဲ့ အထဲကဘဲ တမျိုးတဖုံ ပြောင်းလဲဖေါက်ပြန်ကာ ဖျားခြင်း, နာခြင်း, ချောင်းဆိုးခြင်း နှာစေးခြင်း, ခေါင်းမူးခြင်း, ဝမ်းကိုက်ခြင်း စသော ရောဂါဝေဒနာ တမျိုးမျိုး ကျရောက် ပေါ်ပေါက်လာတတ်ပြန်လေသည်၊ ဤလိုပြုပြင်နေတဲ့ အထဲက တမျိုးတဖုံ ဖေါက်ပြန် ပြောင်းလွဲ ဖြစ်ပေါ်လာခြင်းသည်ပင် “ ဝိပရိဏာမဒုက္ခ”မည်၏ဟု သိလေ မှတ်လေ။

ဤလို သင်္ခါရကိစ္စဖြင့် လိုလေသေးမရှိ ပြုပြင်ပေးနေတဲ့ အထဲကဘဲ အခန့်မသင့်တဲ့ခါ မျက်စိကန်းခြင်း,နားပင်းခြင်း,ခွံ့အ ရူးသွပ် ကျိုးကာဏ်း နူ ရွဲ ပေါက်ပြဲသားရေ အခြေမလှ အနေမလှ ဖြစ်တတ်ကြသော ဝိပရိဏာမ ဒုက္ခ၏ ဒဏ်ရာ ဒဏ်ချက် ဘယ်မျှလောက် ကြီးလေးလှသည်ကိုလည်း ဉာဏ် ဥက္ကောင်းထောင်၍ မြင်အောင်ကြည့်ကြပါလေ။

၃။ ပဋိစ္ဆန္နဒုက္ခ။ ။ တဖန်—ဤလို ဤပုံ သင်္ခါရဒုက္ခ အဝဝဖြင့် နေ့ည မနား စောင့်ရှောက်ပြုပြင်နေတဲ့ အထဲကဘဲ သွားကိုက်ခြင်း နားကိုက်ခြင်း တကိုယ်လုံး ထုံကျင်ကိုက်ခဲခြင်းစသော ကိုယ်တွင်းရောဂါ အမျိုးမျိုးတို့ဟာ တမျိုးပြီးတမျိုး ပေါ်ပေါက်လာတတ်ပြန်လေသည်၊ ဤလို ဖြစ်ပေါ်လာ ခြင်းသည် “ ကိုယ့်ဝမ်းနာ ကိုယ်သာသိ ”ဆိုသလို မိမိသာ သိသာ ထင် ရှား၍ သူတပါးတို့မှာ ပြောမှ မေးမှသာ သိသာထင်ရှား၍ ဖုံးထားတဲ့ ဒုက္ခမျိုးဖြစ်သောကြောင့် “ပဋိစ္ဆန္နဒုက္ခ”ဟု သိလေ မှတ်လေ၊ ဤ ပဋိစ္ဆန္န ဒုက္ခမျိုးကိုလည်း လှလှမြင်အောင် ဉာဏ်ဥက္ကောင်းထောင်၍ ကြည့်ကြ ပါလေ။

၄။ **အပ္ပဋိစ္ဆန္နဒုက္ခ။** ။ တဖန်—အစားမတော် တလုပ်, အပြောမတော် တခွန်း, အသွားမတော် တလှမ်း–ဆိုသလို၊ အခန့်မတော်၍ မင်းပြစ်မင်းဒဏ် ကြိုးဒဏ် ကြိမ်ဒဏ်သင့်၍ ခြေပြတ်ခြင်း, လက်ပြတ်ခြင်း, အမွေးနှုတ် အရေဆုတ် မီးမြိုက် ရေနွေးလောင်းခြင်း စသော (၃၂)ပါးသော ကံကြမ္မာခေါ်သော ကမ္မကရဏတို့ကို အပြုအလုပ် ခံရတတ်ပြန်လေသည်။

ဤလို ကမ္မကရဏကို အပြုခံရခြင်းသည်ပင် အာဏာသားတို့က နှိပ်စက်ညှင်းဆဲတဲ့ခါ အလိုလေး အလာလေးဟု ညည်းတွားသောအသံကို သူတပါးတို့က ကြားရတဲ့အခါ ကြီးလေးသောဒုက္ခ ကြင်နာလှသည်ဟု သူ့ကို မမေးဘဲပင် သူတပါးတို့က သိသာထင်ရှား၍ မဖုံးမလွှမ်းနိုင်သော ဒုက္ခဟု သိရသောကြောင့်–အပ္ပဋိစ္ဆန္နဒုက္ခ ဟု သိလေ မှတ်လေ။

ဤအပ္ပဋိစ္ဆန္နဒုက္ခမျိုးကိုလည်း ထင်အောင် မြင်အောင် ကြည့်ကြပါလေ။

၅။ **ပရိယာယဒုက္ခ။** ။ တဖန်—ဤမိမိ၏ခြေဆုံး ခေါင်းဆုံး တကိုယ်လုံး တကောင်လုံးကြီးပင် ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှ တစမကျန် အကုန်လုံး ကျရောက်ရာ တည်ရာကြီးအစစ် ဖြစ်ပေသောကြောင့်–ပရိယာယ ဒုက္ခ ဟု သိလေ မှတ်လေ။

(ဤဒုက္ခကိုလည်း ထင်အောင် မြင်အောင် ကြည့်ကြလေ။)

၆။ **ဒုက္ခ ဒုက္ခ။** ။ တဖန်— ဤပုံ ဤနည်း တသက်လုံး တဘဝလုံး ထမင်းကျွေးခြင်း ရေတိုက်ခြင်း ရေချိုးခြင်း ခေါင်းလျှော်ပေးခြင်း ယပ်လေခပ်ပေးခြင်း နင်းနှိပ်ပေးခြင်း အိပ်ချင်တယ်ဆိုယင် သိပ်ပေးခြင်း ပုဆိုး အင်းကျီ ထမီ ပုဝါ ပန်းနံ့သာ လိမ်းကျံပေးခြင်း ပုတီး နားဒေါင်း လက်ကောက် လက်ကြပ် စသော ဝတ်စားတန်ဆာတို့ကို လိုလေသေးမရှိ ပြုပြင်ပေးနေရတဲ့ သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ, ပဋိစ္ဆန္နဒုက္ခ, အပ္ပဋိစ္ဆန္နဒုက္ခ ပရိယာယဒုက္ခ အဝဝတို့ဖြင့် ပြုပြင်ပေးနေတဲ့ အထဲကဘဲ—

၁။ ပြုကျိုးမရှိ၊ ပြင်ကျိုးမရှိ၊ နှိပ်စက်ဘိ၊ ကျေးဇူးမသိ ခန္ဓာကိုယ်။

၂။ စားကျိုးမရှိ၊သောက်ကျိုးမရှိ၊နှိပ်စက်ဘိ၊ ကျေးဇူးမသိခန္ဓာကိုယ်။

၃။ ကျေးကျိုးမရှိ၊ မွေးကျိုးမရှိ၊ နှိပ်စက်ဘိ၊ ကျေးဇူးမသိခန္ဓာကိုယ်။

ဆိုတဲ့ ငါတို့ရဲ့ကျေးဇူးတော်ရှင် ထိပ်ခေါင်တင် ပဌမ ခန္တီးဆရာတော်ကြီးရဲ့ မိန့်ခွန်းတော်နှင့်အညီ—

သေပေါက် သေဝ၊ သေချိန်ကြ၍၊ သေဝနီးပါး၊ ကြီးမားလှတဲ့၊ မကျန်းမာမှု ဖြစ်ပေါ်လာ၍ သေရာညောင်စောင်း၌ လည်းလျောင်းအိပ်နေရတဲ့ခါ တဆေးမကောင်း တဆေးပြောင်း, တဆရာမကောင်း တဆရာပြောင်း၍ ကြပ်-မ ကုသပါသော်လည်း ချမ်းသာခွင့်မရ သေချိန်ကြက ဓမ္မတာအတိုင်း မသေချင်သော်လဲ မနေရဘဲ သေပွဲဝင်ရ ဝင်သွားရခြင်းသည်ပင်-ဒုက္ခဒုက္ခ မည်၏ဟု သိလေ မှတ်လေ။

၎င်း ဒုက္ခဒုက္ခကိုလည်း တပ်တပ် ထင်ထင် ဟောင်းလောင်းပေါက်မြင်အောင် ကြည့်ကြပါလေ။

၇။ နိပ္ပရိယာယဒုက္ခ။ ။ နိပ္ပရိယာယဒုက္ခမှာ အထက် အဆိုပါ ဒုက္ခ (၆)မျိုးတို့နှင့် ရောရောနှောနှော အလုံးလုံး အစက်စက်ဖြစ်၍"အန္တောဂဓ" အတွင်းဝင်ဖြစ်လေပြီဟု သိကြပါလေ။

၎င်းလို၎င်းပုံ ဇာတိသည် အဆိုပါ ဒုက္ခ (၇)ပါးတို့၏ တပေါင်းတည်း စုပုံ၍ ကျရောက်ရာ တည်ရာ မှီရာ အစစ်ကြီးဖြစ်၍ ဇာတိကို ဒုက္ခဟု ဒုက္ခသစ္စာဟု ဟောတော်မူသည်ဟု သိလေ မှတ်လေ။

ဆောင်ပုဒ်— ၁။ ပြုပြင်သမျှ၊ အဝဝ၊ သင်္ခါရဒုက္ခဆို။
၂။ ပြုပြင်သော်လဲ၊ ဖေါက်ပြန်မြဲ၊ မှတ်စွဲ ဝိပရိဆို။
၃။ မေးမှ သိရ၊ ဖုံးလွှမ်းက၊ ပဋိစ္ဆန္နဒုက္ခဆို။
၄။ မမေးဘဲပင်၊ သိမြင်လျှင်၊ ခေါ်တွင် အပ္ပဋိစ္ဆန္နဆို။
၅။ ဆင်းရဲဘည်ရာ၊ အမှန်မှာ၊ ပရိယာယဒုက္ခဆို။
၆။ မနေချင်ဘဲ၊ သေရမြဲ မှတ်စွဲ ဒုက္ခဒုက္ခဆို။
၇။ လုံးစုံဒုက္ခ၊ ဆက်ဆန်ကြ၊ နိပ္ပရိယာယဒုက္ခဆို။
၈။ ဒုက္ခ ခုနစ်ပါး၊ ဖြစ်ပေါ်ငြား၊ ဇာတိတရားကို။
၉။ သံဝေစိတ်ပွား၊ ရှင်လူများ၊ တရားရစေလို။

## ကိုယ့်ရှုး ကိုယ့်ပတ်

"ကိုယ့်ရှုး ကိုယ့်ပတ်၊ ကိုယ့်အတတ်နှင့် ကိုယ့်ကိုစူး နှုတ်လို့ရနိုင်ဘူး" ဆိုသကဲ့သို့ အသက်တရာ မနေရသော်လည်း ဒုက္ခတရာတွေ့ရတယ်လို့ ရှေးလူတို့ အဆိုရှိသော်လည်း ဤနေရာမှာ အဆိုပါ ဒုက္ခခုနစ်မျိုးတို့နှင့် ဘဝတိုင်း ဘဝတိုင်း တဘဝမှ လွတ်လပ်ခွင့်မရဘဲ ပရိနိဗ္ဗာနစုတိအထိ တသံသရာလုံး ရင်ဆိုင် ရင်ဆိုင် အမြဲတန်းခေါင်းထိုး၍ တမျိုးပြီး တမျိုး တွေ့တွေ့ နေကြရအောင် ဘယ်သူလုပ်ပေးသလဲ ဘယ်သူလက်သယ်လဲ ဘယ်သူတရားခံလဲ ဆိုတဲ့ အမေး၌—

"ဘဝတိုင်း ဘဝတိုင်း အို နာ သေရေး ဒုက္ခဘေးတို့နှင့် မလွဲသာ မရှောင်သာ, မလွဲနိုင် မရှောင်နိုင်,လွဲမဖြစ် ရှောင်မဖြစ်ဘဲ အမြဲတန်း တွေ့တွေ့ နေကြရဘာ မဆင်းရဲလော ?၊

ဘုံသုံးပါးတို့၌ ကောင်းနိုးနိုးထင်၍ တဖန်တဖန် ဖြဝ်လို ဖြစ်ချင်နေတဲ့ ဘဝတဏှာကို အာလယပြတ် ယဒိပြတ် မဂ်ဖြင့် ပယ်ဖြတ်လိုက်လျှင် မချမ်းသာလေလော ? ဆိုတဲ့ လောကျမ်းနှင့်အညီ။

**အဖြေကား—**

ဘုံသုံးပါးတို့၌ ဝဋ်ချမ်းသာခေါ်တဲ့ လူနတ်ချမ်းသာကို ကောင်းနိုးနိုး မှတ်ထင်နေ၍ ဘုံသုံးပါးတို့မှာ တဖန်တဖန် ပြန်၍ပြန်၍ ဖြစ်လိုဖြစ်ချင်နေတဲ့ မိမိရဲ့ဘဝတဏှာကြောင့်ပင် ဝဋ်ချမ်းသာကိုတောင့်တ၍ပြုသော ဝဋ္ဋနိဿိတကံကြောင့် ဘုံသုံးပါးတို့မှာ ဘဝတဖန် ရုပ် နာမ် ခန္ဓာ, ဘဝတဖန် ရုပ် နာမ် ခန္ဓာ ဒုက္ခသစ္စာ ကရွတ်ကင်းရှောက်ပမာ ဖြစ်ပျက်မွေးသေ-ဖြစ်ပျက်မွေးသေ သံသရာရှည်၍ နေကြရလေသောကြောင့် မိမိ၏ တဏှာသည်ပင် မိမိကို လုပ်ပေးတာဘဲ၊ တဏှာလက်သယ်ဘဲ၊ တဏှာတရားခံဘဲဟု အဖြေမှန် ပေးရန် ရှိ၏။

ဒါဖြင့်လျှင်—

" ကိုယ့်ရှုး ကိုယ့်ပတ်··ကိုယ့်အတတ်နှင့် ကိုယ့်ကို ပြန်စူးနေတာပေါ့"။ မှန်ပါတယ်၊ ဖြစ်လို၍ ဖြစ်ပြန်ပါလျှင် ဖြစ်ရာဘုံဘဝတို့မှာ ရောက်လျှင် ရောက်ခြင်း ဆောက်ခုံးနှင့်ထွင်း ဆိုသလို မိမိလိုလားတောင့်တခဲ့တဲ့ လူ နတ်

ချမ်းသာကိုမှ ဆားတောင် မမြီးရသေးခင် ဦးဦးဖျားဖျား ပူပူနွေးနွေး ရွေးဦးစွာ ဇာတိဘေးကြီးဇုး၊ ထိုနောက် ဇရာဘေးကြီးဇုး၊ မာတိကာအစဉ် အတိုင်း ဗျာဓိဘေးကြီးဇုး၊ မရဏဘေးကြီးဇုး၊ မသေမီ အတောအတွင်း အဆိုပါ သခ်ါရဒုက္ခ စသော ဘေးကြီး ခုနစ်ပါးတို့ တဘေးပြီး တဘေး ဆင့်ကာဆင့်ကာစူး၊ အသက်တရာသာမနေရ ဒုက္ခတရာတွေ့ရတယ်ဆိုတာလို ဘေးအမျိုးမျိုး ရန်အမျိုးမျိုး အန္တရာယ်အမျိုးမျိုး တမျိုးပြီးတမျိုးထင်ကာ ထပ်ကာ စူးသည်တို့ကို မိမိဟာမိမိလဲမနှုတ်နိုင်၊ သူတပါးတို့လဲနှုတ်မပေးနိုင်၊ ဘုရားရဟန္တာတို့သော်မှ မိမိပင်အစူးခံနေရသောကြောင့် နှုတ်မပေးနိုင်၊ ဤမျှ နှင့်ပင် မတန်သေး၊ သေပြီးသည်နောက် အကုသိုလ်ကံက ဝင်၍ နှောက် ပြန်ပါလျှင် အပါယ်ရောက်၍အပါယ်ဘေးကြီးဇုး၊ ဇာတသတ်, ဒေဝဒတ် တို့လို လောဟကုမ္ဘီငရဲ အဝီစိငရဲဘေးကြီးအထိဇုးတတ်သည်တို့ကိုကြပ်ကြပ် မျှော်ကြည့်ကြပါလေ။

**ဒါဘယ်သူ့ရဲ့အတတ်လဲ၊** တဖန်တဖန် ဖြစ်လိုဖြစ်ချင်နေတဲ့ သမုဒယသစ္စာ ဘဝတဏှာရဲ့ အတတ်ဘဲ၊ ဤအကြောင်းကို ကောင်းကောင်း သိထားကြ သော ဘုရားစသော သူတော်ကောင်းတို့သည် သစ္စာသိတဲ့ခါ သ-ကြောင့် ဒု၊ ကြောင်း-ကြောင့် ကျိုး၊ ကိ-ကြောင့် ခံ၊ ဖြစ်ပျက်မွေးသေ သံသရာ ရှည်၍ နေကြရသည်တို့ကို သိရှိ ရိပ်မိကြ၍၊ ဝါ၊ လောကျမ်းကြေကြသော ကြောင့် ဘုံသုံးပါးတို့၌ တဖန် တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ မိမိ၏အတတ် မိမိ၏ဘဝတဏှာကို မိမိသည်ပင်လျှင် ယဒိပြတ် အာလယပြတ် မဂ်ဖြင့် ပယ်သတ်လိုက်တဲ့ခါ အရဟတ္တမဂ် နောင်မှာ ဘဝတဏှာ ကိလေသာ အကြောင်း အသစ်မဖြစ်တော့သည်ဖြစ်၍ အရဟန္တစုတိနောင်မှာ ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာ အကျိုးလဲ အသစ်မဖြစ်တော့ပြီ၊ ထို့ကြောင့်—ဖြစ်ပျက်မွေးသေ အစဉ်ပြတ်၍ နောက်ထပ် အသစ်မဖြစ်တော့ဘဲ "**ဥဘိန္န အပဝတ္တိ နိရောဓော**" နှင့်အညီ၊ ကိလေသာ ခန္ဓာ အသစ်အသစ်ဖြစ်မှု ချုပ်ငြိမ်း ရုပ်သိမ်း၍ တငြိမ်းထဲငြိမ်း တအေးထဲအေးနေတဲ့ အငြိမ်းဓာတ် အအေးဓာတ် အသခ်တ ဓာတ်ခေါ်သော နိရောဓသစ္စာ နိဗ္ဗာန်သို့သာ တန်းတန်းမတ်မတ် မချွတ် ပြောင့်ပြောင့် ဆိုက်ရောက်လေတော့သည်ဖြစ်၍ တသံသရာလုံးငြိမ်းချမ်းရေး ကိုယ်ပိုင် မိမိပိုင် လွတ်လပ်ရေးကြီး အစစ်အမှန်ကို ရရှိလေတော့သတည်း။

ဤလို ဤပုံ—သစ္စာမသိက တဏှာပယ်တဲ့ မဂ်အကျင့်ကို မကျင့်တတ်၍ ဖြစ်ပျက်မွေးသေ သံသရာရှည်၍ နေကြရလေသည်၊ သစ္စာသိက တဏှာပယ်တဲ့ မဂ်အကျင့်ကိုကျင့်၍ ချမ်းသာအစစ် နိဗ္ဗာန်ကို ရရှိနိုင်ကြ၍ ဖြစ်ပျက်မွေးသေဆိုတဲ့ သံသရာ တိုသွားလေတော့သည်။ ထို့ကြောင့်ပင် "သစ္စာမသိ ရှည်ဘိသံသရာ၊ သစ္စာသိတော့ တိုဘိမှန်စွ" ဟု ဥဒ္ဒေသခဏ်း ၌ ပြဆိုခဲ့ပြီ။

ဆောင်ပုဒ်— ဒု-သိ, သ-ပယ်၊ နိ-မျက်, မဂ်-ပွား၊
ဤလေးပါး၊ မမှားကျင့်လေပါ။
မမှားကျင့်က၊ နိဗ္ဗာန၊ မုချရောက်မည်သာ။ ။

ဒု-ကို သိပါ၊ သ-ကို ပယ်ပါ၊
နိ-ကို မျက်မှောက်ပြုပါ၊ မဂ်-ကို ပွားပါတဲ့။

ထိုဇာတိသည်—မိမိကား ဒုက္ခမဟုတ်ပေ၊ သို့ရာတွင် ဒုက္ခဝေဒနာ ဒုက္ခတရား အမျိုးမျိုး အစားစား တပါးပြီးတပါး, တပါးပြီးတပါး ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းကြီး အစစ်အမှန် ဖြစ်သောကြောင့်သာလျှင် ဒုက္ခဟူ၍ ဆိုအပ်၏ဟု သိလေ မှတ်လေ။

တနည်း— "ဇာတိ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်"

ဤဇာတိ သည် ထိုထိုသို့သော ဘုံဘဝတို့၌ ရှေးဦးစွာဖြစ်ပေါ်လာခြင်း လက္ခဏာ ရှိ၏၊ ဝန်ခံစေသကဲ့သို့ ဖြစ်ခြင်း ကိစ္စ ရှိ၏။ လွန်ခဲ့ပြီးသော ရှေးဘဝက ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်ပေါ်လာခြင်းအကျိုး၏ အစွမ်းအားဖြင့် ဒုက္ခအစုအပုံ၏ ဆန်းကျယ်စွာ ဖြစ်ပေါ်လာခြင်း ဒုက္ခဘာထူးဖြစ်ခြင်း ဒုက္ခဘာဝိတ်ကို ဖြစ်စေခြင်းဟု ဥာဏ်အား ရှေးရှု ထင်လာခြင်း ရှိ၏။

## ဇာတိ ၂–မျိုး ဝဋ်ဒုက္ခဆိုး

ဇာတိသည် (၁) ရုပ်ဇာတိ၊ (၂) နာမ်ဇာတိ ဟု နှစ်မျိုးရှိရာ နိပ္ဖန္နရုပ်တို့၏ ဖြစ်ဆဲသည် ရုပ်ဇာတိ မည်၏၊ နာမက္ခန္ဓာ လေးပါးတို့၏ ဖြစ်ဆဲသည် နာမ်ဇာတိ မည်၏။

### ဇာတိပိ ဒုက္ခာ

၁။ "ဂဗ္ဘောက္ကန္တိကမူလကဒုက္ခ"ချဲ့ဦးအံ့၊ ဤလူသတ္တဝါသည် ပဒုမဝတီမိဖုရား ပေါက္ခရသာတိ ပုဏ္ဏား စသည်တို့ကိုထား၍ အမိဝမ်း၌ ဖြစ်သည်ရှိသော်–ပဒုမ္မာကြာတိုက်တို့၌ ဖြစ်ကြရသည်မဟုတ်၊ အမှုန်မှာ များသောအားဖြင့် အမိအစာသစ်အိမ်အောက် အစာကျက်အိမ်၏ အထက်အဘို့၌ဖြစ်ကြသော အမိဝမ်းလှာ ကျောက်ဆူးရိုး၊ ဝါ၊ ကျောက်ကုန်းရိုးတို့၏အလယ်ဖြစ်သော အလွန့်အလွန် ကျဉ်းမြောင်းလှစွာသော၊ အလွန့်အလွန်ထူထပ်လှစွာသော အမိုက်အတိဖြစ်သော သည်းခြေ, သလိပ်, ပြည်, သွေးအစာသစ်, အစာဟောင်း စသော အထူးထူး အပြားပြားရှိသော အပုတ်မျိုးစုံတို့ဖြင့် ကြာမြင့်စွာထုံအပ်သော လွန်စွာ့လွန်စွာ မကောင်းသောအနံ့ရှိသော ဝမ်းလေတို့၏ သွားလာရာဖြစ်သော ကာလရှည်လျားစွာသုံးသောရေအိမ်ပမာ လွန်မင်းစွာ စက်ဆုတ်ဘွယ်ရှိသော အမိဝမ်းခေါင်း အရပ်၌ငါးပုတ် မယောပုတ် တံစီးအိုင် စသည်တို့၌ ပိုးလောက်တို့ကဲ့သို့ ဖြစ်ကြရကုန်၏။

ထို အမိဝမ်းတိုက်၌ဖြစ်သော ထို သူငယ်သည် ဆယ်လတိုင်တိုင် အမိဝမ်းတိုက်၌ဖြစ်သော တေဇောဓာတ်ငွေ့ဖြင့် ချက်ပြုတ်အပ်သော ဟင်းမျိုးစသော အထုပ်ကဲ့သို့ ကျက်သည်ဖြစ်၍ ပေါင်းတင်အပ်သော မုံ့ညက်ဆိုင်ပမာဏကဲ့သို့ ဖြစ်ရ၍ ကွေးခြင်း ဆန့်ခြင်း စသည်မှ ကင်းသည်ဖြစ်၍ အလွန့်အလွန် ပြင်းထန်သော ဆင်းရဲကို အလူးအလဲ ခံရရှာသတဲ့၊ ဤ ဆိုအပ်ခဲ့ပြီးသော ဒုက္ခသည်ကား ရှေးဦးစွာ "အမိဝမ်းတိုက်သို့ သက်ဝင်ခြင်း" လျှင်အရင်းမူလရှိသော "ဂဗ္ဘောက္ကန္တိက" မူလကဒုက္ခပေတည်း၊ ဝါ၊ ရှေးဦးစွာတွေ့ကြုံရသော ဆင်းရဲပေတည်း။

၂။ "ဂဗ္ဘပရိဟရဏဒုက္ခ"တဖန်–ထိုအမိဝမ်း၌ ကိန်းသောသတ္တဝါသည် အမိ၏ အဆောတလျှင် ချော်ချွတ်ခြင်း မဖြေးမညင်း ကတိုက် ကရိုက်

သွားခြင်း ထိုင်ခြင်း ထခြင်း လူးလည်ပြန်လှန်ခြင်း စသည်တို့၌ အရက်သမား လက်သို့ရောက်သော ဆိတ်သူငယ်ကဲ့သို့၎င်း၊ အလမ္ပါယ်လက်သို့ရောက်သော မြွေငယ်ကဲ့သို့၎င်း၊ ရှေ့ရှု ဆွဲငင်ခြင်း, ထက်ဝန်းကျင်အဘို့အားဖြင့် ဆွဲငင်ခြင်း, အောက်သို့ခါခြင်း, ဘီလာခါခြင်း စသည်တို့နှင့်တူသော ပယောဂဖြင့် အလွန့်အလွန်ပြင်းထန်သော ဆင်းရဲကို အလူးအလဲခံစားရ၏၊ ဆင်ခြင်တုံ တရားမရှိသော မိခင်သည် အလွန်အေးလှစွာသော ရေချမ်းအိုးရေ-ရေခဲရေ စသည်ကိုသောက်သောအခါတို့၌အလွန့်အလွန်အေးလှသော လောကန္တရာက် ငရဲ၌ ဖြစ်ရသကဲ့ ယာဂုပူ, ထမင်းပူ, ဟင်းပူ, ရေပူ စသည်ကို သောက်စား သောအခါတို့၌ကား-မီးကျီးမိုးဖြင့် ပြွမ်းသကဲ့သို့ အငန် အချဉ် စသော အစာအာဟာရကို စားမျိုသောအခါတို့၌ ပဲ့ခွပ်ဖြင့်ရွေ၍ အငန်ရေပက်ဖြန်း ခြင်းစသော ကမ္မကရဏကို ပြုသောအခါကဲ့သို့ အလွန့်အလွန် ထက်လှစွာ သော ဆင်းရဲကိုလည်း အလူးအလည်း ခံစားရ၏၊ ဤ ဆိုအပ်ခဲ့ပြီးသော ဒုက္ခသည်ကား "ကိုယ်ဝန်ဆောင်ခြင်း" လျှင် အရင်းရှိသော ဂဗ္ဘပရိဟရဏ ဒုက္ခပေတည်း။

၃။ "ဂဗ္ဘဝိပတ္တိမူလကဒုက္ခ" တဖန်—ထို အမိဝမ်း၌တည်သော သူငယ် အား အဖြောင့်မသွား လမ်းမှားသော ကိုယ်ဝန်ရှိသော အမိ၏ အဆွေ ခင်ပွန်း ကိစ္စကြီးငယ်တို့၌ အတူတကွ ပြုဘက်ဖြစ်သောသူ နှလုံးအကျွမ်း ဝင်သောသူ စသည်တို့သည်လည်း ကြည့်ရှုခြင်းငှါမထိုက်သော၊ ဝါ၊မကြည့် ဝံ့သော၊ ဝါ၊ ကြည့်မကောင်း မြင်မကောင်းဖြစ်သော ကြီးလေးလှစွာသော ဆင်းရဲဖြစ်ရာအရပ်၌ ဖြတ်ခြင်း ခွဲခြင်း စသည်တို့ဖြင့် အလွန့်အလွန်ဖြစ်သော ဆင်းရဲကိုလည်း အလူးအလည်း ခံစားရကုန်၏။ ဤ ဆိုအပ်ခဲ့ပြီးသော ဆင်းရဲသည်ကား "ကိုယ်ဝန်ပျက်ခြင်း"လျှင် အရင်းရှိသော ဂဗ္ဘဝိပတ္တိမူလက ဆင်းရဲပေတည်း။

၄။ ဝိဇာယနမူလကဒုက္ခ" တဖန်—သားဖွါးသော အမိ၏ ကံကြောင့် ဖြစ်သော ကမ္မဇလေတို့သည် ထိုကိုယ်သား သူငယ်ကို ဥက္ကောင်းစောက်ထိုး ခြေထောက်မိုး ပြောင်းပြန်လန်အောင် ဖြစ်စေသောအားဖြင့် အသူတရာ နက်သော ချောက်နရက်သို့ ကျသွားရဘိသကဲ့သို့ အလွန်ကြောက်မက်ဘွယ် ရှိသော အမိ၏ ယောနိဝသို့ ချအပ်သည်ဖြစ်၍ အလွန်ကျဉ်းမြောင်းသော

အမိယောနိဝဖြင့် ငင်ထုတ်အပ်သော သူငယ်အား လွန်မင်းစွာသော ဆင်းရဲဒုက္ခသည် ဖြစ်၏၊ ဥပမာ—အလွန်ကျဉ်းလှစွာသော သံကောက်ပေါက်ဖြင့် ငင်ထုတ်အပ်သော ဆင်ပြောင်ကြီးအား လွန်စွာဆင်းရဲခြင်း ဖြစ်သကဲ့ရင်း၊ တောင်ကြီးတို့ဖြင့် ကြိတ်သောကြောင့် မုံ့မုံ့ညက်ညက်ကြေသော ငရဲသူ သတ္တဝါအား လွန်စွာဆင်းရဲခြင်း ဖြစ်သကဲ့သို့ရင်းတည်း၊ ဤ ဆိုအပ်ခဲ့ပြီးသော ဆင်းရဲဒုက္ခသည်ကား"မွေးဖွားခြင်း"လျှင် အရင်းရှိသော ဂဗ္ဘဝိဇာယန ဒုက္ခပေတည်း။

၅။ "ဗဟိနိက္ခမနမူလကဒုက္ခ" တပန်—ထိုသူငယ်သည် မွေးဖွါးခါစဖြစ်၍ အသားနုတက်သောအနာနှင့် တူသော အလွန် နူးညံ့ သိမ်မွေ့သော ကိုယ်ရှိသော သူငယ်ကို လက်ဖြင့်ကိုင်ခြင်း ရေချိုးခြင်း လက် ခြေ စသည်ကို ဆေးခြင်း, အညစ်အကြေးတို့ကို အနှီးဖြင့်သုတ်ခြင်း စသော ကာလတို့၌ အပ်ဖျား သင်္ဂုံးသွားတို့ဖြင့် ထိုးဆွ ခွဲခြမ်းသည်နှင့်တူသော လွန်စွာသော ဆင်းရဲခြင်းကို အလူးအလည်း ခံစားရကုန်၏၊ ဤ ဆိုအပ်ခဲ့ပြီးသော ဒုက္ခသည်ကား အမိဝမ်းမှ "ပြင်ပသို့ထွက်ခြင်း"လျှင် အရင်းရှိသော ဗဟိနိက္ခမန မူလကဒုက္ခပေတည်း။

၆။ "အတ္တူပက္ကမ မူလကဒုက္ခ" တဖန်—ထိုသူငယ်သည် မွေးဖွါးပြီးမှ နောက်ကာလတို့၌ မိမိသည်ပင်လျှင် မိမိကိုယ်ကို သတ်သောသူအားရင်း၊ အစေလကတက္ကဒွန်းတို့၏ ကိုယ်ပင်ပန်းသောအကျင့်ဖြင့် နေသို့ရှေ့ရှုကြည့်၍ ကျင့်သဖြင့် ကိုယ်ကိုပူပန်စေခြင်း၊ ပဥ္စာတပ ဘေးလေးဘက် မီးလေးပုံ အထက်၌နေပူဟူသော ငါးပါးသော အပူဖြင့် ပူလောင်စေခြင်း၊ အဖန် တလဲလဲ အားထုတ်၍ကျင့်သောသူအားရင်း၊ အမျက်ထွက်သည်၏ အစွမ်းအားဖြင့် အဆိပ်ဆေးကို စားခြင်း, အစားအစာ အာဟာရကို မစား မသောက်ဘဲနေခြင်း, ကြိုးဆွဲချ၍သေခြင်း စသောအားဖြင့်ရင်း၊မိမိလုံ့လဖြင့် မိမိသေသောသူအားရင်း၊ အလူးအလည်း ဆင်းရဲကို ခံစားရကုန်၏၊ ဤ ဆိုအပ်ခဲ့ပြီးသော ဆင်းရဲသည်ကား "မိမိလုံ့လလျှင်" အရင်းရှိသော ဆင်းရဲပေတည်း။

၇။ "ပရူပက္ကမမူလကဒုက္ခ" တဖန်—ထိုသတ္တဝါသည် မိမိ၏ ရှေးကံ အလျောက် သူတပါး၏ သတ်ခြင်း နှောင်ဖွဲ့ခြင်း စသည်တို့ကို ခံရသော

သူအားလည်း လွန်စွာဆင်းရဲကိုခံစားရကုန်၏၊ ဤဆိုအပ်ခဲ့ပြီးသော ဆင်းရဲသည်ကား "သုတပါး၏လုံ့လလျှင်" အရင်းရှိသော ပရူပက္ကမမူလကဒုက္ခ ပေတည်း။

ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းတို့ဖြင့် ဤဇာတိသည် အလုံးစုံသော ဆင်းရဲ ပေါင်းချုပ် ဒုက္ခဟူသမျှတို့၏ ကျရောက်ရာ တည်ရာ မှီရာ မူလ ဘူတ အကြောင်းရင်းအစစ်အမှန်ပေတည်းဟု သိလေ မှတ်လေ။

မှတ်ချက်။ ။ ဤပုံဤနည်း အကျဉ်းအမြွက်မျှဖေါ်ပြခဲ့သော ဇာတိတခု၏ ဒုက္ခသည်ပင် ဤမျှ ကြီးလေးလှ ကြီးမင်းလှ ကြီးကျယ်လှသော ဆင်းရဲဒုက္ခကို သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲဆင်ခြင် နှလုံးသွင်းသောအားဖြင့် ယောနိသော မနသိကာရမှုကိုအကြိမ်ကြိမ် ပြုပေးကြပါလျှင် တစတစ ဒုက္ခသစ္စာဉာဏ် ရင့်သန် လာတဲ့ခါ "ဇာတိပိ ဒုက္ခာ"ဟု ဘုရားဟောခဲ့တာ ဟုတ်ပါပေတယ်, မှန်ပါပေ တယ်, ဟုတ်လိုက်မှန်လိုက်တာမှ လွန်နေတော့တာဘဲဟု ဒုက္ခသစ္စာ အစွမ်းကုန် ထင်မြင်လာတဲ့ခါ အုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ တဏှာအာလယပြတ်က အရဟတ္တမဂ်ကိုပင် ရရှိနိုင် ပေသည်။

ဤ၌ ဒုက္ခသစ္စာကိုမထင်ထင်အောင် မမြင်မြင်အောင် ဆင်ခြင် ပွါးများခြင်းသည်ကား မဂ္ဂသစ္စာပေတည်း။

ဇာတိစသော ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကို အနုဗောဓဉာဏ်ဖြင့် သိမြင်လာခြင်းသည်ကား လောကီ ဝိပဿနာဉာဏ်ပေတည်း။

ပွါးများအားထုတ်ဖန်များတဲ့ခါ ဒုက္ခသစ္စာအစွမ်းကုန် ထင်မြင် လာ၍ ပဋိဝေဓမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိသောကြောင့် တဏှာ အာလယ ပြတ်သွားသည်ကား အရဟတ္တမဂ်ဉာဏ်ပေတည်း။

"ဆောင်ပုဒ်လင်္ကာ"

စာဟောင်း စာသစ်၊ အောက်ထက်ဝန်းရံ၊ ပုတ်နံ ညှီလှောင်း၊ ကျဉ်း မြောင်း မည်းမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်၌လောက်လို၊ ကျောက်ကိုဝမ်းပြု၊ ဒူးနှစ်ခုကြား၊ ဥက္ကောင်းထားလျက်၊ မေးကြား လက်ဆုတ်၊ သစ်ခွတိုမှာ၊ ဓမျောက်အိုကုတ်သို့၊ မလှုပ်မယှက်၊ သေသောက်လက်ဝယ်၊ ဆိတ်သူငယ်လို၊

အလမ္ဗါယ်မိ၊ မြွေငယ်ချိသို့၊ အမိစပ်ခါး၊ ပူအေးစားလည်း၊ ကိုယ်သား ဆတ်ဆတ်၊ သက်ပြတ်တခေ၊ တည်နေဆယ်လ၊ ဤကာယ၏၊ ဖြစ်ရကြောင်း လျှာ၊ အဝိဇ္ဇာနှင့်၊ တဏှာဥပါဒါန်၊ ကံအာဟာရ၊ ပဥ္စကသည်၊ ရှုပဟေတု ပစ္စည်းတည်း။ ။

ဟု-ပညာရှိတို့ စပ်ဆိုခဲ့ကြပေသည်၊ အရကြွက်၍ အသက်ထက်ဆုံး နှုတ်လုံးသွင်းနိုင်ကြပါစေသတည်း။

မှတ်ချက်။ ။ ပညတ်အားဖြင့် လူနတ်ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ သူ,ငါ,ကျား,မ စသည်ဖြင့် ခေါ်ဝေါ်သမုတ်ကြတဲ့ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ကြောင်းကား အဆိုပါ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရတို့ပေတည်း၊ ဤငါးပါးတို့ကြောင့် ဖြစ်ပေါ်လာကြသည်ဟု ဟုတ်မှန်တဲ့အတိုင်း သိကြ၊ ဟုတ်မှန်တဲ့အတိုင်း အယူမှန်ကိုယူကြ၊ မဟာဒေဝ ပိဿဏိုး ထာဝရဘုရား ဖန်ဆင်း၍ဖြစ်သည်ဟု အယူမှားမယူကြလေနှင့်။

အဆိုပါ ရုပ်ဖြစ်ကြောင်း ငါးပါးတို့တွင်—

အဝိဇ္ဇာ တဏှာ ဥပါဒါနံ ကမ္မန္တိ၊ ဣမေစတ္တာရော ဓမ္မာ နာမရူပဿ ဥပ္ပါဒပစ္စယတ္တာ ဟေတူတိစ အာဟာရံ ဥပထမ္ဘနဿ ပစ္စယတ္တာ ပစ္စယောတိစ ပဿတိ။ ။ဆိုတဲ့ သာရသင်္ဂဟဋ္ဌကထာနှင့်အညီ။

အကြောင်းသည် ဟေတုအကြောင်း ဇနကအကြောင်း ပစ္စယအကြောင်း ဥပထမ္ဘကအကြောင်း နိဗ္ဗတ္တကအကြောင်း သမ္ဘာပကအကြောင်း အတိတ်အကြောင်း ပစ္စုပ္ပန်အကြောင်း စသည်ဖြင့် များစွာရှိရာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ဤလေးပါးတို့မှာ ဟေတု အကြောင်း, အတိတ် အကြောင်း တို့ပေတည်း၊အာဟာရမှာ ဥပထမ္ဘက ပစ္စယ ပစ္စုပ္ပန်အကြောင်းတို့ပေတည်း။

ထိုဘွင်—

ဣမဿဟိ ကာယဿ အဝိဇ္ဇာဒယော တယောဓမ္မာ မာတာဝိယ ဒါရကဿ ဥပနိဿယာဟောန္တိ၊ ကမ္မံပိတာဝိယပုတ္တဿဇနကံ အာဟာရော ဓာတိဝိယ ဒါရကဿ သန္ဓာရကောတိ။

ဆိုတဲ့ သာရတ္ထအရ၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ဤအကြောင်းသုံးပါး တို့မှာ အမိသည် သူငယ်အား အားကြီးသော မှီရာဖြစ်သကဲ့သို့ ကံမှာ

အဘသည် သားအား အားနည်းသော မှီရာ ဖြစ်သကဲ့သို့၊ အာဟာရမှာ နို့ထိန်း ကလေးထိန်း ကဲ့သို့၊ ဝါ၊ အာယာ့းမကဲ့သို့ ဖြစ်၍ အသီးအသီး ဆိုင်ရာဆိုင်ရာ ရုပ်အား ကျေးဇူးပြုကြသည်ဟု သိလေ။

တဖန်–"ကမ္မံ ခေတ္တံ, ဝိညာဏံ ဗီဇံ, တဏှာ သေနဟော"ဆိုတဲ့သံယုတ် ပါဠိတော်အရ ကုသိုလ်·အကုသိုလ် ကံ သည် လယ်မြေ နှင့် တူ၏၊ ပဋိသန္ဓေ ဝိညာဏ် သည် သလေး မျိုးစေ့ နှင့်တူ၏၊ တဏှာ သည် ရေ နှင့်တူ၏။ တနည်း လယ်မြေ သည် အမိ နှင့်တူ၏၊ ရေ သည် အဘ နှင့် တူ၏၊ သလေး မျိုးစေ့ သည် သားငယ်၏ ကံ နှင့်တူ၏။ ဤ၌မြေကလည်း သလေးပင်ကို တိုက်ရိုက် မဖြစ်စေနိုင်၊ ရေကလည်း သလေးပင်ကို တိုက်ရိုက်မဖြစ်စေနိုင်၊ သလေး မျိုးစေ့ကသာ သလေးပင်ကို တိုက်ရိုက်ဖြစ်စေနိုင်၍ မြေနှင့် ရေတို့မှာ သလေးပင်ပေါက်လာဘို့ရာ အထောက်အပံ့မျှသာ ဖြစ်သကဲ့သို့။

ထို့အတူ၊ မိဘတို့ကလည်း သားသူငယ်ကို တိုက်ရိုက် မဖြစ်စေနိုင်၊ ရှေးက သူငယ်ပြုခဲ့ဘူးတဲ့ ကံမျိုးစေ့ ကသာ သားသူငယ်ကို တိုက်ရိုက်ဖြစ်စေ နိုင်ပါသည်။ မိဘတို့မှာ သားသူငယ် ဖြစ်ပေါ်လာဘို့ရာ အထောက်အပံ့ ဥပထမ္ဘကအကြောင်းမျှသာဖြစ်၍ ကံသာလျှင် တိုက်ရိုက်ဖြစ်စေနိုင်သော ဇနကအကြောင်းရင်းဖြစ်သည်ဟု သိလေ မှတ်လေ။

……… ………

## ဇာတိရှိလျှင် ဆင်းရဲရှိ မရှိလျှင် မရှိ

ဇာယေထနောစေ နရကေသုသတ္တော၊ တတ္ထဂ္ဂိ ဒါဟာဒိက
မပ္ပသယှံ၊ လဘေထ ဒုက္ခံ နုကုဟိံ ပတိဋ္ဌံ၊ ဣစ္စာဟဒုက္ခာတိ
မုနိ ဓ ဇာတိံ။ ။

စသည်ဖြင့် (၆) ဂါထာ ဝိသုဒ္ဓိမဂ်၌လာ၏၊ ပါဠိကို အထူးမရေးပြီ၊ နံပါတ်စဉ်အတိုင်း ဘာသာပြန်များကိုသာ သဘောပေါက်အောင် ကြည့်ရှု ကြပါလေ။

ဘာသာပြန်–၁။ သတ္တဝါသည် ငရဲဘုံတို့၌ အကယ်၍ မဖြစ်ငြားအံ့၊ ဤသို့မဖြစ်သည်ရှိသော်–ထိုအပါယ်ငရဲ၌ ငရဲမီးလောင်ခြင်းစသည်တို့ကြောင့် ဖြစ်သော သည်းမခံနိုင်သော ဆင်းရဲဒုက္ခမျိုးသည် အဘယ်မှာ တည်ရာကို ရပါတော့အံ့နည်း။

တဖန်–ပဋိသန္ဓေ နေရခြင်း ဇာတိနှင့်ကင်း၍ ထိုဆင်းရဲ၏ တည်ရာသည် အဘယ်နည်းနှင့်မှ မဖြစ်နိုင်ပေ၊ ပဋိသန္ဓေ နေရခြင်း ဇာတိရှိသောကြောင့်သာ ဆင်းရဲဒုက္ခရှိပေသည်၊ ထိုကြောင့် ဘုရားမြတ်စွာသည် တဖန်တဖန် ပဋိသန္ဓေနေခြင်း ဇာတိကို ဆင်းရဲခြင်း၏ အကြောင်းရင်းအစစ် ဆင်းရဲ၏ တည်ရာ ကျရောက်ရာအစစ် ကေန်ဖြစ်သည်ဟု ဟောတော်မူခဲ့ပေသည်။

၂။ တိရစ္ဆာန် ဘုံတို့၌ ကြိမ်လုံး နှင်တံ၊ ဝါ၊တံပြာတို့ဖြင့် ပုတ်ခတ်ခြင်း စသည်တို့ကြောင့်ဖြစ်သော များစွာသော ဆင်းရဲဒုက္ခသည်ရှိ၏၊ ထိုတိရစ္ဆာန်တို့ဘုံ၌ ပဋိသန္ဓေနေခြင်း ဇာတိကိုကြည့်၍ ထိုဆင်းရဲမျိုးသည် အဘယ်မှာ ဖြစ်ပေါ်ပါအံ့နည်း၊ ဇာတိမရှိက ဆင်းရဲမရှိသည်သာတည်း၊ ထို့ကြောင့် ဇာတိသည် ဆင်းရဲမည်၏။

၃။ ပြိတ္တာဘုံ ၌ အစာငတ်ခြင်း, ရေငတ်ခြင်း, တကမ္ဘာ တကမ္ဘာ လွန်လေငြားသော်လည်း ထမင်းတလုံး ရေတပေါက်မျှ မသောက်ရခြင်း, လေပူ နေပူ မိုးရွာ ဖြုတ်ကိုက် ခြင်ကိုက် စသော အထူးထူး အထွေထွေ ဆန်းကျယ်လှ၍ အံ့ဘွယ်သရဲရှိသော ဆင်းရဲခြင်းသည် ထို ပြိတ္တာဘုံ၌ မဖြစ်သော သတ္တဝါအားမရှိ ဖြစ်၍သာရှိ၏၊ ထိုကြောင့်လည်း ဇာတိကို ဆင်းရဲခြင်းဟု ဟောတော်မူသည်။

၄။ လ–နေ ပတ္တမြားရောင်, မီးရောင် စသည် အရောင်မရှိခြင်း ကြောင့် အလွန် ထူထပ်သော အမိုက်မှောင်အတိ ဖြစ်သော သည်းမခံနိုင်အောင် ကြောက်စရာကောင်းသော ချမ်းအေးလှစွာသော လောကန္တရာက်ငရဲ၌၎င်း၊ အသူရကာယ်တို့၌၎င်း၊ဆင်းရဲဒုက္ခသည်ရှိ၏၊ထိုလောကန္တရာက် အသူရကာယ် ဘုံတို့၌ အကယ်၍ ဇာတိမဖြစ်ငြားအံ့ ထိုဆင်းရဲဒုက္ခသည် မဖြစ်ရာ ဖြစ်သော ကြောင့်သာဖြစ်၏၊ ထိုကြောင့် ဇာတိသည် ဆင်းရဲဒုက္ခမည်၏။

၅။ ဘင်ပုတ်ငရဲ၌ ကြာမြင့်စွာနေရသကဲ့သို၊အမိဝမ်းတိုက်၌ကြာမြင့်စွာ နေရသည်လည်းဖြစ်သော ထိုအမိဝမ်းတိုက်မှ ပြင်ပသို့ ထွက်ရသည်လည်း ဖြစ်သော သတ္တဝါသည် အလွန့်အလွန် ပြင်းပြကြမ်းကြုတ်သော ဆင်းရဲ ခြင်းသို့ရောက်၏၊ ဤဆင်းရဲဒုက္ခသည်လည်း ဇာတိကိုကင်း၍ မဖြစ်နိုင်ပေ ထိုကြောင့်လည်း ဇာတိသည် ဆင်းရဲဒုက္ခမည်၏။

၆။ ဤဇာတိဒုက္ခသည်ကို တဖွဖွ ထပ်ကာထပ်ကာ များစွာပြောဆို နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အချုပ်စကားမှာ ဤကမ္ဘာလောက ကြီး၌ မြင်မြင်သမျှ ကြားကြားသမျှ တွေ့တွေ့သမျှ ဖြစ်ဖြစ်သမျှ ဆင်းရဲဒုက္ခ အလုံးစုံတို့သည် ထိုဆင်းရဲပေါင်းချုပ် ဒုက္ခဒုက္ခဟူသမျှ၊ ဝါ၊ အလုံးစုံ ကုန် အောင် စုံသော ဒုက္ခသည် တဖန်တဖန် ပဋိသန္ဓေနေရခြင်း ဇာတိရှိသော ကြောင့်သာလျှင် ဖြစ်၏၊ ဇာတိမရှိသည်ရှိသော် တရံတဆစ် တစုံတရာသော ဆင်းရဲဒုက္ခမည်သည် မရှိသည်သာတည်း၊ ထိုကြောင့် ဤသစ္စာနိဒ္ဒေသ၌ အလုံးစုံတို့၏ ရှေးဦးစွာ ဇာတိကို ဒုက္ခသစ္စာဟု ဟောတော်မူသည်ဟု သိလေ မှတ်လေ။

"သစ္စာဘွဲ့"

ဇာတိသည် ဒုက္ခသစ္စာ၊ ထိုဇာတိကိုဖြစ်စေတတ်သော ဘဝတဏှာသည် သမုဒယသစ္စာ၊ ထို ဒု-သ, သစ္စာနှစ်ပါးစုံတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန် သည် နိရောဓသစ္စာ၊ နိဗ္ဗာန်ကို သိမြင်တတ်သော မဂ္ဂင်ရှစ်ပါး ကျင့်မြတ် တရားသည် မဂ္ဂသစ္စာ ဟူ၍ရင်း။

ဇာတိစတဲ့ ဒုက္ခသစ္စာ၊ 'လို'ဆိုတဲ့ တဏှာကြောင့်ဖြစ်လာ၊ 'လို'ကိုပယ်က ဇာ ဒုက္ခ၊ မုချ ချုပ်ရပါ....ဟူ၍ရင်း။

ဖြစ်လိုမှုကြောင့် ဖြစ်မှုဒုက္ခ၊ ဖြစ်လိုချင်မှု၊ ပယ်သတ်ပြု၊ ချုပ်မှုထိုဒုက္ခ.... ဟူ၍ရင်း သစ္စာကို ပွားများဆင်ခြင်လေ။

ဤ၌ ဖြစ်လိုမှုကား....သ၊ ဖြစ်မှုကား....ဒု၊ ပယ်သတ်ကား....မ၊ ချုပ်မှုကား....နိ ဟုသိလေ။

ဤမျှဖြင့် ဇာတိ ပြီးစေဦး။

## (ခ) ဇရာပိဒုက္ခာ

ဆင်းရဲအမှန် ဒုက္ခသစ္စာ၌အကျုံးဝင်သော ဇရာ သည် (၁) မထင်ရှားသော အပါကဋဇရာ၊ (၂) ထင်ရှား သော ပါကဋဇရာဟု နှစ်မျိုးရှိရာ၊ သခ်ာတရားတို့၏ ဌီသို့ ရောက်တိုင်းရောက်တိုင်း ရင့်ရော်ခြင်းဖြစ်သော်လည်း ဉာဏ်မြင်မဟုတ် ပကတိ မျက်စိ အမြင် ဖြစ်၍ မထင်ရှားသောကြောင့် ဌီလက္ခဏာ ဌီခဏသည် အပါကဋဇရာ မည်၍၊ သွားကျိုး ဆံဖြူ အရေတွန့်လိပ်ခြင်း စသည်ဖြင့် သမုဟ်အပ်သော ခန္ဓာအစဉ်၌ တခုသောဘဝ၀ယ် အကျုံးဝင်သော ခန္ဓာတို့၏ ဟောင်းနွမ်းရင့်ရော်ခြင်း စသည်သည် ပကတိမျက်စိအမြင်ဖြင့်ပင် သိသာထင်ရှားလှသော ပါကဋဇရာ မည်၏၊ ထိုတွင် ခန္ဓာတို့၏ ရင့်ရော်ဟောင်းနွမ်းခြင်းဟုဆိုအပ်သော ထင်ရှားသော ပါကဋဇရာကိုသာ လိုအပ်၏။

### ဇရာ၏ လက္ခဏ—ရသ ပစ္စုပဋ္ဌာန်

ထိုဇရာသည် တခုသောဘဝ၌ အကျုံးဝင်သော ခန္ဓာတို့၏ ရင့်ရော်ဟောင်းနွမ်းသည်၏ အဖြစ်ဟုမှတ်ကြောင်း **လက္ခဏာ** ရှိ၏။ တစတစ သေခြင်း အနီးသို့ဆောင်ခြင်း **ကိစ္စ** ရှိ၏၊ အဆင်းအရွယ် လုပတင့်တယ် နုနယ်ပျိုမြစ်သည်၏အဖြစ်ကို ဖျက်ဆီးတတ်သော သဘောဘဲဟု ဉာဏ်အားရှေ့ရှု ထင်လာခြင်း **ပစ္စုပဋ္ဌာန်** ရှိ၏။

### ဇရာအပြား ၁၁—ပါး

ထိုဇရာသည်—

၁။ ခဏ္ဍိစ္စ ဇရာ .... သွားကျိုးခြင်းကို ယူလေ။
၂။ ပါလိစ္စ ဇရာ ... ဆံဖြူခြင်းကို ယူလေ။
၃။ ဝလိတ္တစ ဇရာ .... အသားအရေ တွန့်လိပ်ခြင်းကို ယူလေ။
၄။ အာယုဟာန ဇရာ .... အသက်၏ ဆုတ်ယုတ်ခြင်းကို ယူလေ။
၅။ ဣန္ဒြိယပရိပါကဇရာ.... ဣန္ဒြေတို့၏ရင့်ကျက်ခြင်းကို ယူလေ။
၆။ ရုပ် ဇရာ .... ရုပ်တို့၏ အိုမင်းခြင်းကို ယူလေ။
၇။ နာမ် ဇရာ .... နာမ်တို့၏ အိုမင်းခြင်းကို ယူလေ။

၈။ ပါကဋ ဇရာ .... ရုပ်တို့၏ ဆံဖြူသွားကျိုးခြင်းသည် ထင်ရှား၏။

၉။ ပဋိစ္ဆန္န ဇရာ .... နာမ်တို့၏ ဖောက်ပြန်ခြင်းသည် မထင်ရှား။

၁၀။ အဝိစိ ဇရာ .... သက်မဲ့ ရွှေငွေ, သက်ရှိ သူငယ် စသော ဖောက်ပြန်ခြင်းသည် သိနိုင်ခဲ၏။

၁၁။ သဝိစိ ဇရာ .... သက်မဲ့ လှည်းအို့ လှေအို၊ သက်ရှိ လူအို ဆင်အို တို့၏ ဖောက်ပြန်ခြင်းသည် သိလွယ်၏ ဟူ၍ (၁၁)ပါး အပြားရှိ၏။

## သူလဲ ဆင်းရဲဒုက္ခအစစ်ဘဲ

ထိုဇရာသည် အဆိုပါ သင်္ခါရဒုက္ခ၏ အဖြစ်ကြောင့်ရင်း၊ ဒုက္ခ၏တည်ရာ ဒုက္ခ၏အကြောင်းအဖြစ်ကြောင့်ရင်း၊ ဆင်းရဲဒုက္ခပင်ဖြစ်၏။

ထိုစကားသည် မှန်၏၊ အင်္ဂါကြီးငယ်တို့၏ လျော့သည်အဖြစ်၊ မျက်စိ စသော ဣန္ဒြေတို့၏ ဖောက်ပြန်သည့်အဖြစ်၊ ရှိုက်ပင့် ရှုံ့တွ အဆင်းမလှသည့် အဖြစ်၊ အရွယ်ပျက်စီးခြင်း ခွန်အားပျက်စီးခြင်း"သတိ သုတ ဝိရိယ"စသည် တို့၏ **ကင်းတတ်ခြင်း၊** မိမိ၏ သား မယား ကျေးကျွန် စသော သူငယ် တို့က **သက်ကြား အိုကြီး, အဘိုးအို ကြီး, ဘုတား ကြီး** စသည်ဖြင့် မလေး မစား မရိုမသေ မထေမဲ့မြင် ပြောဆိုခြင်း စသည်တို့၌ ကိုယ်စိတ်၌ဖြစ်သော ကိုယ်စိတ်မချမ်းမသာသော ကိုယ်စိတ်ဆင်းရဲသော ဆင်းရဲဒုက္ခသည် ဧကန် ဖြစ်တတ်၏၊ ထိုဇရာကို အဆိုပါ ဆင်းရဲဒုက္ခ၏ တည်ရာအကြောင်းဖြစ်သော ကြောင့် "ဇရာပိဒုက္ခာ" ဟု ဟောတော်မူ၏ဟု သိလေ။

**အမှာစကား။** ။ ဖျားနာခြင်းစသော ဗျာဓိကိုမူကား ဤဇရာ၌ပင် ထည့်သွင်း၍ ယူလေ။

## (၈) မရဏမ္ပိဒုက္ခံ

ဆင်းရဲအမှန် ဒုက္ခ၌အကျုံးဝင်သော မရဏ သည် ရှေးဦး (၁) ခဏိက မရဏ။ (၂) သမ္မုတိမရဏ ဟု နှစ်မျိုးရှိရာ ထိုတွင် ရုပ်နာမ်တို့၏ ဥပါဒ်, ဌီ, ဘင် အားဖြင့် ပျက်ခြင်း ဘင်ခဏသည် ခဏိကမရဏမည်၏၊ ထို ခဏိက

မရဏ ကိုပင်ရည်၍ "ဇရာမရဏံ ဒွိဟိ ခန္ဓေဟိ သင်္ဂဟိတံ" ဟု ဟောတော်မူသည်။

တခုသောဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေ၏ အစဉ်ပြတ်ခြင်းသည် သမ္မုတိမရဏ မည်၏၊ ထိုကိုရည်၍ပင် "နိစ္စံမရဏတော ဘယံ"ဟု ဟောတော်မူခဲ့ပေသည်၊ ထိုနှစ်ပါးတို့တွင် ဤ၌ကား သမ္မုတိမရဏ ကိုသာ ဆိုအပ်၏။

## မရဏ၏ လက္ခဏ, ရသ ပစ္စုပဋ္ဌာန်

ထို မရဏသည် တခုသောဘဝဖြင့် ပိုင်းခြားအပ်သော ခန္ဓာအစဉ်၏ ရွေ့လျော ရွေ့ရှားသည်အဖြစ်ဘဲဟု မှတ်ကြောင်း လက္ခဏာ ရှိ၏၊ ပြည့်စုံသော ဘဝခန္ဓာတို့မှ ကင်းကွာစေခြင်း ကိစ္စ ရှိ၏၊ အကြင်အကြင် ရောက်ဆဲဖြစ်သော ဂတိမှ ကင်းကွာစေသည်၏ အစွမ်းအားဖြင့်ဖြစ်၏ဟု ဉာဏ်အား ရှေ့ရှု ထင်လာသော ပစ္စုပဋ္ဌာန် ရှိ၏။

## မရဏအပြား ၈—ပါး

ထို မရဏသည်—

၁။ ခဏိက မရဏ ....ပဝတ္တိအခါ ရုပ်နာမ်တို့၏ ခဏတ္တယအားဖြင့် ချုပ်ပျောက်ပျက်စီးခြင်း။

၂။ သမ္မုတိ မရဏ ....လူ-သေ, မင်း-နတ်ရွာစံ,ဘုန်းကြီး-ပျံတော်မူ နတ်တို့-စုတိခြင်းတည်း။

၃။ သမုစ္ဆေဒ မရဏ....ဘုရား ရဟန္တာတို့-ပရိနိဗ္ဗာန်ဝင်စံတော်မူခြင်းတည်း။

၄။ ဇာတိက္ခယမရဏ ....တဘဝကုန်ဆုံး၍ သေရခြင်းတည်း။

၅။ ဥပက္ကမ မရဏ ....မိမိ သူတပါးလုံ့လကြောင့် သေတဲ့ သေခြင်းမျိုးတည်း။

၆။ သ ရသ မရဏ ....မိမိအသက် အပိုင်းအခြား ကံအလျောက် သေတဲ့ သေခြင်းမျိုးတည်း။

၇။ အာယုက္ခယမရဏ....ကံရှိသေးလျက် အသက်တန်းကုန်၍ သေခြင်းမျိုးတည်း။
၈။ ပုညက္ခယ မရဏ....မိမိပြုခဲ့သော ကောင်းမှုကံ ကုန်၍ သေခြင်းမျိုးတည်း။

## သေပေါက် သေဝ ဆင်းရဲလှ၏

၁။ တစုံတခုသော ဘုံဘဝတို့၌ တဖန် မဖြစ်လတံ့သော ဘုရားရဟန္တာများ မဖြစ်သေးလျှင် ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးပါးတို့ ထင်လာမြင်လာတတ်ရာ ထိုအခါများတွင် ခွေးကောင်ပုတ် လည် ဆွဲ သကဲ့သို့ အဖန်တလဲလဲ ထင်မြင်လာသော သေပေါက် သေဝ သေခါနီးကြတဲ့ခါ မကောင်းမှုကံ ရှိသောသူအား အကုသိုလ် ကမ္မနိမိတ် ဒုဂ္ဂတိနိမိတ်များ ထင်လာမြင်လာ၍ စိတ်၌ဖြစ်သောဆင်းရဲခြင်းသည် လွန်စွာဖြစ်တတ်၏။

၂။ ကောင်းမှုကံရှိသောသူအားလည်း သေဝနီးပါးသို့ ရောက်သောအခါ ကျန်ရစ်သော သားသမီး ဆွေမျိုးတို့နှင့် ကင်းကွာခြင်းကို သည်းမခံနိုင်သော ချစ်အပ်သော ဝတ္ထုဖြစ်သော သတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်း ကင်းကွာခြင်းလျှင် အရင်းရှိသော စိတ်၌ ဖြစ်သော ဆင်းရဲခြင်းသည် ဖြစ်တတ်၏။

၃။ သာမညအားဖြင့် အလုံးစုံလည်းဖြစ်သော အရိုးတို့၏ အစပ်အဆက် အဖွဲ့တို့ကို ဖြတ်တတ်သော အလွန်ထက်လှစွာသော သတ္ထကဝါတ ဥပ္ပလဝါတ ခေါ်သော လေသင်မုံး လေသင်မုံးတို့သည် ဖြတ်အပ် ထိုးကျင့်အပ်သော ကျင်နာရာဌာနရှိကုန်သော သတ္တဝါတို့အား အစပ် အဆက် အဖွဲ့တို့၏ ပြတ်ခြင်းကြောင့် ဖြစ်သော ဆင်းရဲအစရှိသော ကိုယ်၌ ဖြစ်သော သည်းမခံနိုင်လောက်အောင် ကျင်နာ နှိပ်စက်သော နတ်ဆေး နတ်ဝါး နတ်မန္တယားတို့ဖြင့်သော်လည်း ကုစား၍ မရနိုင်ကောင်းသော ဆင်းရဲမျိုးတို့သည်လည်း မချိမဆန့် အလူးအလိမ့် ဖြစ်ရတတ်၏၊ ဤသေခြင်းသသော တရားသည် အဆိုပါ ဆင်းရဲ ဒုက္ခပေါင်းချုပ်တို့၏ ထိပ်သီးသဘွယ်ဖြစ်၍ တည်ရာ ကျရောက်ရာ မှီရာကြီးအစစ် ဖြစ်သောကြောင့် မရဏမ္ပိဒုက္ခံ ဟု ဟောတော်မူ၏ဟု သိလေ။

**အမှာ။** ။ ဤလိုဤပုံ နိဗ္ဗာန်မရသေးသမျှတို့၌ ဘဝတိုင်း ဘဝတိုင်း ဘဝပေါင်း,ကမ္ဘာပေါင်း အသင်္ချေအနန္တ မရေမတွက်နိုင်သော ခံခဲ့ရလှပြီး၊ခံရတုံး ခံရဆဲခံရလတ္တံ့သောသေခြင်းဆင်းရဲတို့ကို တသံသရာလုံး ထင်အောင်မြင်အောင် ဉာဏ်ဥကွောင်းထောင်၍ကြည့်ရှုကြပါလေ၊ အကြွေးအငန်းမထားဘဲ ယခုစာဘတ်ရင်းပင် ရှေ့သို့ဆက်လက်၍ ဘတ်မှုကို ခဏရပ်ဆိုင်းကာ ကျွဲ နွား စမြုံ့ပြန်သလို ဇာတိဒုက္ခ ဇရာဒုက္ခ, မရဏဒုက္ခ၊ ဝါ၊ဇာတိဆင်းရဲ, ဇရာဆင်းရဲ, မရဏဆင်းရဲတို့ကို စာ စမြုံ့ပြန်၍ကြည့်ကြပါလေ၊နေ့တိုင်း ညတိုင်း လတိုင်း နှစ်တိုင်း မပြတ်ကြည့်ပါလေ၊ သွားလာရာသို့ပင် ဆောင်ယူ၍ အားလပ်တဲ့ခါ ဤစာဘတ်မှုဖြင့်သာ အချိန်ကောင်းကို ကုန်ပါစေ။

ဤပုံ လက်ရှိဘဝ သေနေ့ကမဦးခင် ကြိုးစားသွားပါလျှင် ရှေးဘဝက ပါရမီဉာဏ် အခြေခံအသင့်ရှိပြီးဖြစ်ပါလျှင် တစတစပင် ဒုက္ခသစ္စာ ထင်မြင်လာ၍ အစွမ်းကုန် ထင်မြင်လာတဲ့ခါ တဖန်တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ ဘဝတဏှာပြတ်၍ အရဟတ္တမဂ်အထိ ရနိုင်ရောက်နိုင်တဲ့အကြောင်း ရှိပေသည်။

ဤ သေခြင်းဆင်းရဲမှာ-ဇာတိရှိ၍သာ ရှိသည်၊ ဇာတိမရှိလျှင် မရှိပြီ၊ ဇာတိလည်းတဏှာရှိလို့ တဏှာလည်း တဏှာပယ်တဲ့မဂ်အကျင့်ကို မကျင့်လို့ မဂ်အကျင့်လည်း သစ္စာမသိလို့ ဖြစ် ပျက် မွေး သေ သံသရာရှည်၍ နေကြရသည်၊ သစ္စာသိတဲ့ခါ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်ကြပါလျှင် တဏှာကုန်က ငြိမ်းအေးနိဗ္ဗာန် အမြန်ဆုံးရောက်နိုင်ကြသည်ဟု သိလေ။

**ဆောင်ပုဒ်—** ဒု-မြင် ဒိ-စင်၊ သ-မြင် ဝိ-စင်၊ နိ-မ-မြင် သိပါစင်၊
ဤလိုပင် သစ္စာမြင်၊ သောတာပန်အရှင်။

**ကိုယ်တွေ့ ဒုက္ခသစ္စာနှင့် မျက်မြင်ဒုက္ခသစ္စာ**

ဤ ဇာတိဆင်းရဲ ဇရာဆင်းရဲ ဗျာဓိဆင်းရဲ မရဏဆင်းရဲမှာ ကိုယ်မှာ တွေ့ရတဲ့ ဆင်းရဲဖြစ်၍ ကိုယ်တွေ့ဒုက္ခသစ္စာ ဆိုသည်။

မိမိမှတပါး သူတပါးတို့သည်လည်း မိမိကိုယ်ပင် ဤဇာတိဆင်းရဲစသည်တို့ အနှိပ်စက် အညှင်းဆဲခံရသည်တို့ကို မိမိမျက်မြင် တွေ့မြင်ရသည်ကို **မျက်မြင်ဒုက္ခသစ္စာ** ဆိုသည်။

ဤလိုဤပုံ–ကိုယ်တွေ့ ဒုက္ခသစ္စာ မျက်မြင် ဒုက္ခသစ္စာ ဖြစ်အောင် ထင်အောင် မြင်အောင် ကြိုးစားကြပါလေ။

ဆောင်ပုဒ်– ဒု-မြင်က ဒိ-စင်၊ သ-မြင်က ဝိ-စင်၊
သောတာပန်အရှင်၊ အပါယ် လွတ်မြဲပင်။

## (ဃ) "သောက"

ဆင်းရဲအမှန် ဒုက္ခသစ္စာ၌ အကျုံးဝင်သော 'သောက'အရ သောက ဟူသည် 'ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံယဿ န ကမ္ပတိ' ဆိုတဲ့ ပါဠိတော်နှင့်အညီ၊ ဘုရား ရဟန္တာတို့ကို ချွင်းချန်၍ ကြွင်းကျန်သော သတ္တဝါ မှန်သမျှတို့မှာ– ၁ × ဗျသနတရား ငါးပါးတို့နှင့် ရင်ဆိုင်တွေ့ကြုံကြရတဲ့ခါ ဆွေမျိုးတို့၏ ပျက်စီးခြင်း စသည်တို့ဖြင့် နှိပ်စက်အပ်သောသူ၏ စိတ်၏ ပူပန်ခြင်းသည် သောက မည်၏၊ ထိုသောကသည် တရားကိုယ် အားဖြင့် ဒေါမနဿ ဝေဒနာပေတည်း။

### လက္ခဏာ စသည်

ထိုသောကသည် ကိုယ်အတွင်း၌သာလျှင် တွန့်လျက်ကြံခြင်း လက္ခဏာ ရှိ၏၊ စိတ်၏ပူပန်ခြင်း လက္ခဏာရှိ၏၊ စိတ်ကို ထက်ဝန်းကျင်မှလောင်စေခြင်း **ကိစ္စ** ရှိ၏၊ အဖန်တလဲလဲ စိုးရိမ်ခြင်း သဘောတည်းဟူသော ဉာဏ်အားရှေ့ရှု ထင်မြင် လာ၏၊ ဤသောကကိုလည်း ဆင်းရဲခြင်း၏ အကြောင်းရင်း ဆင်းရဲ ခြင်း၏ တည်ရာဖြစ်သောကြောင့် ဒုက္ခဟူ၍ပင် ဟောတော်မူခဲ့ပေသည်။

ထို့ကြောင့်ပင်–

သတ္တာနံ ဟဒယံ သောကော၊ ဝိသ သလ္လံ ဝ တုဇ္ဇတိ။
အဂ္ဂိတတ္တောဝ နာရာစော၊ ဘုသံ ဝ ဒဟတေ ပုန။
စသည်ဖြင့် ဝိသုဒ္ဓိမဂ် သစ္စာနိဒ္ဒေသ၌ (၂) ဂါထာ လာ၏။

ဘာသာပြန်–၁။ သတ္တဝါတို့၏နှလုံးကို စိုးရိမ်ခြင်းသည် ဆိပ်လူးမြား သည် စူးဝင်သကဲ့သို့ စူးဝင်တတ်၏၊ မီးရဲရဲပူသော စဉ့်သွားကဲ့သို့ အဖန် တလဲလဲ ပြင်းစွာပူလောင်တတ်၏။

---

၁ × ဗျသနတရား ငါးပါးကို သစ္စဥဒ္ဒေသခဏ်း စာမျက်နှာ (၅၄)တွင် ပြန်၍ကြည့်ပါ။

၂။ ဖျားနာခြင်းကို လွန်စွာဆောင်တတ်၏၊ အိုခြင်း နာခြင်း သေခြင်း ဆံဖြူခြင်း သွားကျိုးခြင်း ခန္ဓာကိုယ် ပိန်ချုံးခြင်း ပျက်စီးခြင်း အသက် လေလွန်ခြင်းလျှင် အကြောင်းရင်းရှိသော အထူးထူး အထွေထွေ ရှုပ်ပွေလှ စွာသော ဆင်းရဲဒုက္ခဝေဒနာအမျိုးမျိုးတို့ကို လွန်စွာဆောင်တတ်၏။

ထိုမျှသာမက ထိုသောကသည် အားကြီး၍လာပါလျှင်—

"သောကော ဟဒယံ ဖါလေတိ"နှင့် အညီ၊ စိတ်ပူပန်လှတဲ့ သောက မီးသည် အလွန်ပူလောင်၍ အားကြီးလာတဲ့ခါ နှလုံးအိမ်ကို လောင်ကျွမ်း စေ၍ သေပွဲဝင်ရသည်အထိ ဆိုးရွားလှ၏၊ ထိုကြောင့် ထိုသောကမီး မိမိမှာ ဖြစ်ပေါ်လာပါလျှင် ကြာကြာလက်ခံ၍ မထားသင့်ပေ၊ အာရုံတပါးသို့ ပြောင်းလွှဲ၍ဖြစ်စေ ဝိပဿနာရှု၍ဖြစ်စေ မပျောက်ပျောက်အောင် အမြန် ပယ်ဖျောက်၍ပစ်ပါလေ။

## (င) "ပရိဒေဝ"

**ပရိဒေဝအရ** ငိုကြွေးခြင်း ပရိဒေဝဟူသည် အဆိုပါ ဆွေမျိုးတို့၏ ပျက်စီးခြင်း စသော ငါးပါးသောပျက်စီးခြင်းတို့ဖြင့် နှိပ်စက်အပ်သောသူ၏ အချည်းနှီး ငိုကြွေးမြည်တမ်းသော အသံသည် ပရိဒေဝမည်၏၊ တရားကိုယ် အားဖြင့် **ဒေါမနဿ** ပေတည်း၊ ထိုကြောင့် ဒုက္ခဟု ဟောတော်မူသည်။

### လက္ခဏာ စသည်

ပရိဒေဝသည် အဖန်တလဲလဲ မြည်တမ်းခြင်း **လက္ခဏာ** ရှိ၏၊ ဂုဏ်ကျေးဇူး အပြစ်ကို ပြောဆိုခြင်း **ကိစ္စ** ရှိ၏၊ စီးပွားရှိသည် မရှိသည်ကို မစီစစ်မူ၍ ပုဂ္ဂိုလ်၏ ဝေနောက်ခြင်းတည်းဟု **ဉာဏ်အားရှေ့ရှု** ထင်မြင်လာ၏။

### ဆက်ဦးအံ့၊ ထို့ကြောင့်ပင်

"ယံသောကသလ္လဝိဟတော ပရိဒေဝမာနော" စသည်ဖြင့် ဝိသုဒ္ဓိမဂ်၌ လာ၏၊ အထက်အဆိုပါ သောကဟူသော မြားငြောင့်သည် နှိပ်စက်ညှင်းဆဲ အပ်သည်ဖြစ်၍ ငိုကြွေးသောသူသည် လည်ချောင်း နှုတ်ခမ်း အာခေါက် အပြင်တို့၏ သွေ့ခြောက်ခြင်းကြောင့်ဖြစ်သော သည်းမခံနိုင်လောက်အောင်

စိုးရိမ်ခြင်း ဆင်းရဲခြင်း အထက် လွန်ကဲသော အတိုင်းအရှည် ရှိသော ဆင်းရဲကိုရသည်သာတည်း။

## (စ) "ဒုက္ခ"

ဒုက္ခအရ ဒုက္ခ သည်ကား ကိုယ်၌ဖြစ်သော ဆင်းရဲ ကာယိကဒုက္ခ ပေတည်း။

### လက္ခဏာ စသည်

ကိုယ်ကိုနှိပ်စက်ခြင်း လက္ခဏာ ရှိ၏၊ ပညာမဲ့တို့၏ နှလုံးမသာခြင်းကို ပြုခြင်း ကိစ္စ ရှိ၏၊ ကိုယ်၌မှီသော အနာတမျိုးတည်းဟု ဉာဏ်အားရှေးရှု ထင်မြင်လာ၏၊ ဤဒုက္ခကိုလည်း ဒုက္ခ ဒုက္ခ၏ အကြောင်းကြောင့်ရင်း၊ စေတသိက ဒုက္ခကို ဆောင်တတ်သောကြောင့်ရင်း ဒုက္ခဟူ၍ပင် ဟောတော်မူခဲ့သည်။

ထို့ကြောင့်ပင်—

ပီဠေတိ ကာယိကမိဒံ၊ ဒုက္ခဥ္စမာနသံဘိယျော။
ဇနယတိ ယသ္မာ တသ္မာ၊ ဒုက္ခန္တိ ဝိသေသတော ဝုတ္တန္တိ။ ။

ဘာသာပြန်— ကိုယ်၌ ဖြစ်သော ဤ ဒုက္ခသည် သမ္ပယုတ်တရားတို့ကို နှိပ်စက် ညှဉ်းဆဲတတ်၏၊ စိတ်၌ဖြစ်သောဒုက္ခကိုလည်း လွန်စွာဖြစ်စေတတ်၏၊ ထိုကြောင့် အထူးအားဖြင့် ဒုက္ခ ဟု ဟောတော်မူ၏။

## (ဆ) "ဒေါမနဿ"

ဒေါမနဿသည်ကား စိတ်နှလုံး၌ မချမ်းသာခြင်း၊ စိတ်၌ ဖြစ်သော ဆင်းရဲခြင်းတည်း။

### လက္ခဏာ စသည်

ထို ဒေါမနဿသည် စိတ်ကိုနှိပ်စက်ခြင်း လက္ခဏာ ရှိ၏၊ ဗျာပါဒနှင့် ယှဉ်သည်၏အစွမ်းအားဖြင့် စိတ်ကိုညှဉ်းဆဲခြင်း ကိစ္စ ရှိ၏၊ နှလုံး၌ဖြစ်သော အနာတမျိုးတည်းဟု ဉာဏ်အားရှေးရှု ထင်မြင်လာ၏၊ ထို့ကြောင့် ဒုက္ခဟု ဟောတော်မူ၏။

**ပိဋ္ဌေတိ ယတော စိတ္တံ၊ ကာယဉ္စ ပိဋ္ဌန် သမာဝဟတိ၊**
**ဒုက္ခန္တိ ဒေါမနဿံ၊ ဝိဒေါမနဿာ တတော အာဟူ။ ။**

ဟု—ဝိသုဒ္ဓိမဂ်၌ လာ၏။

ဘာသာပြန်— စိတ်နှလုံး မသာယာခြင်း ဟူသော ဒေါမနဿသည် စိတ်ကိုလည်း နှိပ်စက်တတ်၏၊ ကိုယ်ကိုလည်း နှိပ်စက်ခြင်းကို မပြတ်ဆောင်တတ်၏၊ ထို့ကြောင့် ဒေါမနဿ ကင်းကုန်သော ဘုရားစသော အရိယာတို့သည် ဒေါမနဿကို ဒုက္ခဟု ဟောတော်မူကြကုန်၏။

## (၈) "ဥပါယာသ"

ဥပါယာသ မည်သည်ကား ဆွေမျိုးတို့၏ ပျက်စီးခြင်းစသော ငါးပါးသော ပျက်စီးခြင်းတို့ဖြင့် နှိပ်စက်အပ်သောသူ၏ လွန်စွာသော စိတ်၏ ဆင်းရဲခြင်းသည် ဥပါယာသ မည်၏။

သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သော အကုသိုလ် စေတသိက်(၁၄)ပါးမှ တပါးသော တခုသောတရားဟူ၍ အချို့ဆရာတို့ ဆိုကြကုန်၏။

### လက္ခဏာ စသည်

ထို ဥပါယာသ သည် စိတ်ကို ထက်ဝန်းကျင်မှ ပူလောင်ခြင်း လက္ခဏာရှိ၏၊ ညည်းညည်းတွားတွား ပြုလုပ်ခြင်း ကိစ္စ ရှိ၏၊ ကိုယ်စိတ်၏မပြန့်ခြင်းကို ဖြစ်စေတတ်သော တရားတည်း ဟု ဉာဏ်အားရှေးရှု ထင်မြင် လာ၏၊ ထို့ကြောင့်ပင် ဒုက္ခဟူ၍ ဟောတော်မူသည်။

**စိတ္တဿ စ ပရိဒဟနာ၊ ကာယဿဝိသာဒနာ စ အဓိမတ္တံ၊**
**ယံဒုက္ခမုပါယာသော၊ ဇနေတိ ဒုက္ခော တတော ဝုတ္တော။**

ဘာသာပြန်—စိတ်ကို ပူလောင်စေခြင်းကြောင့်၎င်း၊ ကိုယ်ကို ပြင်းပြစွာ ဖေါက်ပြန်သောအားဖြင့် နှစ်စေခြင်းကြောင့်၎င်း၊ ဥပါယာသ သည် လွန်စွာသော ကာယိကဒုက္ခ စေတသိကဒုက္ခကိုဖြစ်စေ၏၊ ထို့ကြောင့် ဥပါယာသကို ဒုက္ခဟု ဟောတော်မူအပ်၏။

သောက ပရိဒေဝ ဥပါယာသ သုံးပါးတို့၏အထူးကား—

၁။ ထိုတွင် သောကကို အားနည်းသောမီးဖြင့် အိုးတွင်း၌ ကျက်သော ရေကဲ့သို့ မှတ်အပ်၏။

၂။ ပရိဒေဝကို ပြင်းစွာသောမီးဖြင့် ကျက်သောရေ၏ အိုးပြင်ပသို့ ဆူဝေဖိတ်လျှံသောရေကဲ့သို့ မှတ်အပ်၏။

၃။ ဥပါယာသကို ပြင်ပသို့ ဖိတ်လျှံ ဝေကျသည်မှ ကြွင်းကျန်သော မဖိတ်မဝေနိုင်လောက်သော ရေ၏ အိုးတွင်း၌သာလျှင် ခမ်းခြောက်သည် တိုင်အောင် ကျက်သောရေကဲ့သို့ မှတ်အပ်၏။

## (၈) "အပ္ပိယသမ္ပယောဂ"

မချစ်မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် အတူတကွ တွေ့ကြုံ ပေါင်းဆုံရခြင်း, စိတ်နှလုံးကို မပွားစေတတ်ကုန်သော သတ္တဝါသင်္ခါရတို့နှင့် တွေ့ကြုံ ပေါင်းဆုံရခြင်းသည် အပ္ပိယ သမ္ပယောဂ မည်၏။

### လက္ခဏာ စသည်

ထို အပ္ပိယသမ္ပယောဂသည် အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံ ပေါင်းဆုံခြင်း **လက္ခဏာ** ရှိ၏၊ စိတ်၏ပင်ပန်း ဆင်းရဲခြင်းကိုပြုခြင်း **ကိစ္စ** ရှိ၏၊ အကျိုးမဲ့တို့၏ ထင်ရှားရှိသည်၏အဖြစ်လျှင် **ဉာဏ်အားရှေးရှု** ထင်မြင်လာ၏၊ ထိုအကြောင်း တို့ကြောင့် ဒုက္ခမည်၏။

၁။ ဒိဿာဝ အပ္ပိယေဒုက္ခံ၊ ပဌမံဟောတိ စေတသိ။
တဒုပက္ကမသမ္ဘူတ၊ မထကာယေ ယတော်ဣဓ။

၂။ တတောဒုက္ခဒွယဿာပိ၊ ဝတ္ထုတော သော မဟေသိနာ၊
ဒုက္ခောဝုတ္တောတိ ဝိညေယျော၊ အပ္ပိယေဟိသမာဂမော။ ။

**ဘာသာပြန်**။ ။ ၁—၂။ မချစ်မနှစ်လိုအပ်သော သတ္တဝါ သင်္ခါရ တို့ကို မြင်ရလျှင်ပင် ဤလောက၌ ရှေးဦးစွာ စိတ်ဆင်းရဲ၏၊ ထို့နောက် ထို မနှစ်လိုအပ်သော သတ္တဝါ သင်္ခါရတို့၏ ပယောဂကြောင့် ဖြစ်သော ဆင်းရဲသည်ဖြစ်၏။

ဤလိုဤပုံ ကာယိကဒုက္ခ စေတသိကဒုက္ခ နှစ်ပါးစုံတို့၏ အကြောင်း၏ အဖြစ်ကြောင့် ဤ အပ္ပိယသမ္ပယောဂကို ဒုက္ခဟု ဟောတော်မူသည်ဟု သိအပ်၏။

## (ည) "ပိယဝိပ္ပယောဂ"

ချစ်နှစ်သက်အပ်သော သတ္တဝါသင်္ခါရ စိတ်နှလုံးကို ပွားစေတတ်သော သတ္တဝါ သင်္ခါရ တို့နှင့် ကွေကွင်း ကင်းကွာရခြင်းသည် ပိယဝိပ္ပယောဂ မည်၏။

### လက္ခဏာ စသည်

ထို ပိယဝိပ္ပယောဂသည် ဣဋ္ဌာရုံတို့နှင့် ကွေကွင်းခြင်း လက္ခဏာ ရှိ၏၊ စိုးရိမ်ခြင်းကိုဖြစ်စေခြင်း ကိစ္စ ရှိ၏၊ ဆွေမျိုးတို့၏ ပျက်စီးခြင်း စသည်တည်း ဟု ဉာဏ်အားရှေးရှု ထင်မြင်လာ၏။

ဉာတိ ဓနာဒိ ဝိယောဂေါ၊ လောကသရသမပ္ပိတာ ဝိတုဇ္ဇန္တိ။
ဗာလာယတော တတောယံ ဒုက္ခောတိ မတော ပိယဝိပ္ပယောဂေါ။

ဘာသာပြန် — ဆွေမျိုး ဥစ္စာ စသည်တို့နှင့် ကွေကွင်းခြင်းကြောင့် သောကဟူသော မြှားသည် စူးဝင်အပ်ကုန်သော မလိမ္မာသော သူတို့သည် နှလုံးတုံဆပ် အသည်းပြတ်မျှ နာကျင်ကုန်၏၊ ထို့ကြောင့် ဤပိယဝိပ္ပယောဂ ကို ဒုက္ခဟူ၍ သိအပ်၏။

## (ဋ) " ယံပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ "

ငါတို့သည် ပဋိသန္ဓေနေခြင်းသဘော မရှိပါမူကား၊ ဝါ၊ တဖန်ပြန်၍ ပဋိသန္ဓေ မနေရပါမူကား ကောင်းလေစွ အစရှိသည်ဖြင့် တောင်းတ၍ မရစကောင်းသော အရာဌာနတို့၌ မိမိတို့ အလိုအတိုင်း တောင်းတတိုင်း မရသည်ကိုပင် " ယံပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ "ဟု ဟောတော်မူသည်။

### လက္ခဏာ စသည်

ထို တောင်းတ၍ မရကောင်းသည်၌ တောင်းတသော အလိုသည် တောင်းတ၍မရကောင်းသောဝတ္ထုကို ရလိုခြင်းလက္ခဏာရှိ၏။

ထိုတောင်းတ၍မရကောင်းသောဝတ္ထုကို တောင်းတတိုင်းမရနိုင်သော တရားတည်းဟု ဉာဏ်အားရှေးရှု ထင်မြင်လာ၏။

၁။ တံတံပတ္ထယမာနာနံ၊ တဿတဿ အလာဘတော၊
ယံဝိဃာတမယံ ဒုက္ခံ၊ သတ္တာနံ ဣဓ ဇာယတိ။ ။

၂။ အလဗ္ဘနေယျ ဝတ္ထူနံ၊ ပတ္ထနာတဿကာရဏံ၊
ယသ္မာ တသ္မာ ဇိနော ဒုက္ခံ၊ ဣစ္ဆိတာလာဘမဗြဝိ။ ။

ဘာသာပြန်—၁။ ဤလူ့ပြည်၌ ထိုထိုဝတ္ထုကို တောင်းတကုန်သော သတ္တဝါတို့အား ထိုထိုအလိုရှိသော ဝတ္ထုကို မရခြင်းကြောင့် စိတ်ပင်ပန်းခြင်းကြောင့်ဖြစ်သော အကြင်ကာယိကဒုက္ခ ဒေါမနဿသည် ဖြစ်၏။

၂။ တောင်းတ၍ မရကောင်းသော ဝတ္ထုတို့ကို တောင်းတခြင်းသည် ထိုကာယိကဒုက္ခ စေတသိကဒုက္ခ၏ အကြောင်းသည်ဖြစ်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် မရကောင်းသည်ကို တောင်းတခြင်းကို တောင်းတတိုင်း မရနိုင်သောဆင်းရဲ "ဣစ္ဆိတာလာဘ" ဒုက္ခဟု ဟောတော်မူသည်။

## (ဠ) "သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ"

အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည်လည်း ဆင်းရဲခြင်း အစစ်အမှန်တို့ပေတည်းဟု ဆိုသည်ကား ဒုက္ခသည် **အကျဉ်းချုပ် ဒုက္ခ ဟူ၍** တမျိုး သီးခြား ရှိနေတော့သည် မဟုတ်၊ အကျဉ်းချုပ် ဒုက္ခတမျိုး ရှိနေ၍ **သံခိတ္တေနဒုက္ခာ** ဟု ဟောတော်မူသည် မဟုတ်ပေ။

**မှန်၏၊** ဒုက္ခကို ဤမျှလောက်သော ဒုက္ခအရာ ဒုက္ခအထောင် ဒုက္ခအသောင်း စသည်ဖြင့် အခြားတရားကို မဟောဘဲ ဒုက္ခတရားကိုသာ ဆက်ကာဆက်ကာ ထပ်ကာယပ်ကာ ကမ္ဘာအရာ ကမ္ဘာအထောင် မရေမတွက်နိုင်သော ကပ်ကမ္ဘာ ကာလတို့ ပတ်လုံး နေ့မနား ညဉ့်မအား တတွတ်တွတ် ဟောကြား၍နေပါသော်လည်း ကုန်နိုင်ဘွယ်ရာအကြောင်းမရှိ သက်တမ်းစေ့၍ ပရိနိဗ္ဗာန် စံဝင်ရန်သာ အကြောင်းရှိ၏၊ ထို့ကြောင့် ဒုက္ခကိုကား အကျဉ်းမချုံးနိုင်ပေ၊ ဒုက္ခကို အကျဉ်းချုံး၍ မဖြစ်နိုင်ပေ၊ သို့ရာတွင် ဒေသနာတော်ကို အကျဉ်းချုံးလို၍သာ **သံခိတ္တေန** ဟု ဟောတော်မူသည်ဟု မှတ်ကြပါလေ။

အမှန်မှာ—ဤဒုက္ခသစ္စာနိဒ္ဒေသ၌ ဇာတိဒုက္ခမှစ၍ ဒုက္ခ အမျိုးမျိုးတို့ကို သရုပ်ထုတ်၍ ဟောတော်မူအပ်ခဲ့ပြီ၊ ထိုမှတပါး အခြားသော ဒုက္ခမျိုးတို့ကိုလည်း ဒုက္ခက္ခန္ဓ သုတ်၊ ဗာလပဏ္ဍိတ သုတ် စသည်တို့၌ဟောတော်မူအပ်ပြီ၊ ထိုဟောပြီး မဟောသေးသော အလုံးစုံ ရှိရှိသမျှသော ဆင်းရဲဒုက္ခဟူသမျှတို့သည်လည်း အဆိုပါ ဥပါဒါနက္ခန္ဓာကို ကြဉ်ထား၍ တခြားတပါးမှာ မရှိနိုင် မဖြစ်နိုင်တော့ပေ၊ ဤ ဥပါဒါနက္ခန္ဓာရှိမှသာ ဒုက္ခရယ်လို့ ငိုနိုင်တော့သည်၊ ထို့ကြောင့် ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာနိဗ္ဗာန်ကို မိမိကိုယ်တော်တိုင်က မြင်သိ တွေ့ရှိ ရိပ်စားမိပြီးဖြစ်၍ ခရီးညွှန်အရာ လိမ္မာတော်မူလှသော ဘုရားမြတ်စွာစိန္တေယျာသည် အကျဉ်းအားဖြင့် ဤ ဥပါဒါနက္ခန္ဓာငါးပါးကို ဆင်းရဲဒုက္ခဟု ဟောတော်မူသည်။•

ဤ၌ × ၁—ပဉ္စုပါဒါနက္ခန္ဓာ ဆိုသည်ကား အခြားတပါးမဟုတ်တော့ပြီ၊ လူ နတ် ဗြဟ္မာ သတ္တဝါ သူငါတို့၏ တကိုယ်လုံး တကောင်လုံးရှိ ရုပ် နာမ် နှစ်ပါး၊ ခန္ဓာငါး ပါးကိုပင် ဆိုသည်၊ ထင်ရှားစေဦးအံ့— ခန္ဓာကို ရံခါ "ပဉ္စက္ခန္ဓာ"၊ ရံခါ "ဥပါဒါနက္ခန္ဓာ"ဟု ဟောတော်မူသည်မှာ အခါအခွင့်ကို ကြည့်၍ ဟောတော်မူခြင်းဖြစ်ပေသည်။ × ၂—သာသဝ အနာသဝ မခွဲဘဲ တတွဲထဲရော၍ ဟောတော်မူလိုတဲ့ခါ "ပဉ္စက္ခန္ဓာ"ဟု အစချီ၍ ဟောတော်

---

× ၁—ပဉ္စုပါဒါနက္ခန္ဓာ ဆိုသည်မှာ—

ရူပုပါဒါနက္ခန္ဓာ-ရုပ်(၂၈)ခုကို ဆိုသည်။
ဝေဒနုပါဒါနက္ခန္ဓာ-ဝေဒနာစေတသိက်ကိုဆိုသည်။
သညုပါဒါနက္ခန္ဓာ-သညာစေတသိက်ကိုဆိုသည်။
သင်္ခါရုပါဒါနက္ခန္ဓာ-ကျန်စေတသိက်(၅၀)ကို ဆိုသည်။
ဝိညာဏုပါဒါနက္ခန္ဓာ-စိတ်တခုယုတ်ကိုးဆယ်ကိုဆိုသည်။

× ၂—သာသဝ အနာသဝ ဆိုသည်မှာ—

ပဉ္စုပါဒါနက္ခန္ဓာငါးပါးသည် သာသဝ မည်၏။
မဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်၌ပါသော နာမက္ခန္ဓာလေးပါးသည် အနာသဝ မည်၏။

မူလေ့ရှိပေသည်၊ အနာသဝမဘက် သာသဝသက်သက် ဟောတော်မူလိုတဲ့ခါ၊ ဝါ၊ ဝိပဿနူပဂ ဝိပဿနာရှုထိုက်တဲ့ လောကီတရားသက်သက်ကိုသာ ဟောတော်မူလိုတဲ့ခါ "ပဉ္စုပါဒါနက္ခန္ဓာ"ဟု အစချီ၍ ဟောတော်မူလေ့ရှိပေသည်။ × ၁—ဥပါဒါန်၏ အာရုံ ဖြစ်သောဟု ဆိုရာမှာလည်း စွဲလမ်းစရာ အာရုံ့,စွဲလမ်းစရာ ဝတ္ထု,စွဲလမ်းစရာ အရာဋ္ဌာနဟုဆိုလိုပေသည်။

မှန်၏၊ အဆိုပါ ခန္ဓာဟာ လက်ကိုင်ရှိနေလျှင် ခန္ဓာတပါးသာရှိသော ဧကဝေါကာရ အသညသတ်ခန္ဓာဖြစ်စေ၊ ခန္ဓာလေးပါးသာရှိသော စတုဝေါကာရ အရူပခန္ဓာဖြစ်စေ ခန္ဓာငါးပါးလုံး အစုံရှိသော ပဉ္စဝေါကာရ (၂၆)ဘုံ၌ ဖြစ်သော ခန္ဓာဖြစ်စေ အဆိုပါ ခန္ဓာမျိုးတွေ ရှိနေသေးလျှင် အသညသတ်ပုဂ္ဂိုလ် အရူပပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာဟူ၍ စွဲလမ်းစရာ ဖြစ်နေပြန်တော့၏၊ ခန္ဓာသာမရှိလျှင် ဤလိုစွဲလမ်းစရာ လုံးဝမရှိတော့ပေ၊ သည်မှတပါး ခန္ဓာရှိနေလျှင် ဤခန္ဓာကိုပင် ငါ့ကိုယ် အတ္တဟု ဒိဋ္ဌိအားဖြင့်၎င်း၊ ငါ့ဟာ ငါ့ဥစ္စာဟု တဏှာအားဖြင့်၎င်း၊ ငါဟု မာနအားဖြင့်၎င်း စွဲလမ်းစရာကြီးဖြစ်နေတော့၏၊ ဤလိုဤပုံ-အလွဲအမှား အစွဲသမား အစွဲတရား ဒိဋ္ဌိ တဏှာ မာန ကိလေသာ ဥပါဒါန်တို့၏ စွဲလမ်းစရာကြီး ဖြစ်နေတော့၏၊ ဤလို စွဲလမ်းသည်မှာလည်း ခန္ဓာရှိနေ၍သာ စွဲလမ်းပေသည်၊ ခန္ဓာမရှိလျှင် ဤလို မစွဲလမ်းနိုင်တော့ပေ။

ထို့ပြင်—ခန္ဓာရှိနေလျှင် ဤခန္ဓာကိုပင် နိစ္စ-မြဲ၏ ဟူ၍၎င်း၊ သုခ-ချမ်းသာ၏ဟူ၍၎င်း၊ အတ္တ-အစိုးရ၏ဟူ၍၎င်း၊ သုဘ-လှပတင့်တယ် ချစ်စဘွယ် ဟူ၍၎င်း စွဲလမ်းစရာ ဖြစ်နေတော့၏၊ ထိုမှတပါး ဤ ခန္ဓာမျိုးရှိနေလျှင် ဖါးကို မြွေဖမ်းသကဲ့သို့ ငါးပါးအာရုံ ကာမဂုဏ်တို့ကို စုံစုံမက်မက် ခံခံတက်အောင် မလွှတ်တမ်း စွဲလမ်းခြင်းသည် ကာမုပါဒါန် မည်၏။ (၆၂)ပါးသော မိစ္ဆာအယူကို စွဲလမ်းခြင်းသည် ဒိဋ္ဌုပါဒါန်မည်၏၊ နွားတို့ ခွေးတို့၏ အလေ့အကျင့်ဖြင့်ပင် သံသရာမှ စင်ကြယ်၏ဟု စွဲလမ်းခြင်းသည်

---

× ၁—ဥပါဒါန်၏အာရုံ—

ဤ ရူ-ဝေ-သည်-သင်-ဝိ-ဆိုတဲ့ ပဉ္စုပါဒါနက္ခန္ဓာကိုဘဲဆိုသည်။

သီလဗ္ဗတုပါဒါန်မည်၏၊ ခန္ဓာကိုပင် ငါ့ကိုယ် အတ္တဘောဟု စွဲလမ်းခြင်းသည် အတ္တဝါဒုပါဒါန် မည်၏။

ဤလို ဤပုံ–အလွဲအမှား အစွဲတရားတို့၏ စွဲလမ်းစရာကြီး ဖြစ်နေသော ကြောင့်ပင် ခန္ဓာ နှင့် ဥပါဒါနသဒ္ဒါ စပ်၍ ပဉ္စုပါဒါနက္ခန္ဓာဟု ဟောတော်မူခဲ့ပေသည်ဟု သိလေ မှတ်လေ။

## ဆင်းရဲပေါင်းချုပ် ဒုက္ခ၏ တည်ရာ

ရှေ့စကားကိုဆက်အံ့၊ မီးသည် မီးစာကို နှိပ်စက်သကဲ့သို့ရင်း၊ သေနတ်စသော လက်နက်တို့သည် လက်မှန်းတိုင်ကို နှိပ်စက်သကဲ့သို့ရင်း၊ မှက် ခြင် ယင် ရဲ တို့သည် ကျွဲ နွား အပေါင်းတို့ကို နှိပ်စက်ကြကုန်ဘိသကဲ့သို့ရင်း၊ စပါးရိပ်သောသူတို့သည် စပါးပင်ကို နှိပ်စက်ကြကုန်ဘိသကဲ့သို့ရင်း၊ မြို့ရွာကို လုယက်ဖျက်ဆီးသော ဓါးမြတို့သည် မြို့ရွာကို ဖျက်ဆီးသကဲ့သို့ရင်း၊ အဆိုပါ ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့သည် အဆိုပါ ဥပါဒါနက္ခန္ဓာ ငါးပါး လက်ကိုင်ရှိသော ပုထုဇဉ် လူ နတ် ဗြဟ္မာ သတ္တဝါတို့ကိုသာ အထူးထူး အပြားပြား အမျိုးမျိုး အစားစားတို့ဖြင့် ဝိုင်းအုံ၍ နှိပ်စက်ကြကုန်၏၊ ဥပါဒါနက္ခန္ဓာငါးပါး လက်ကိုင်မရှိသော၊ ဝါ၊ ဥပါဒါနက္ခန္ဓာ ငါးပါးကို လက်လွှတ်လိုက်ကြပြီးသော ပရိနိဗ္ဗာန် ဝင်စံတော်မူကြပြီးသော ပရိနိဗ္ဗုတပုဂ္ဂိုလ် တို့ကို အဆိုပါ ဆင်းရဲတို့သည် လုံးဝ မနှိပ်စက်နိုင်ကြကုန်ပြီ၊ အဘယ်ကြောင့်နည်း–?၊ ဥပါဒါနက္ခန္ဓာ မရှိသောကြောင့်တည်း။

တဖန်–မြက်သစ်ပင် စသည်တို့သည် မြေကြီးပေါ်၌သာ ဖြစ်ကြကုန်ဘိ သကဲ့သို့ရင်း၊ သစ်ပင်၏ အသီး အပွင့် အရွက်တို့သည် သစ်ပင်၌သာ ဖြစ်ကြ တည်ကြ သကဲ့သို့ရင်း ထို့တူပမာ–လောက၌ ဖြစ်ပေါ် လာသမျှသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှသည်ကား အဆိုပါ **ဥပါဒါနက္ခန္ဓာပေါ်မှာ** သာ ဖြစ်ပေါ်လာကြကုန်၏။

ဤ၌ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်ဆိုသည်မှာ–ဘုတပုဗ္ဗဂတိက နည်းတည်း၊ ပရမတ္ထ အားဖြင့် ထင်ရှားမရကောင်း၊ လောက၌ ဆင်းရဲပေါင်းချုပ် ဒုက္ခ၏တည်ရာ တပေါင်းတည်း စုဆုံ၍ ကျရောက်ရာ အရပ်ဌာနသည်ကား–ဥပါဒါနက္ခန္ဓာ

ငါးပါးသာတည်း။ ဥပမာ—မီး၏ တည်ရာ လောင်စာမရှိလျှင် မီးလည်း မရှိသကဲ့သို့၊ ထိုနည်းတူစွာ ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့၏ တည်ရာ တခုပေါင်းတည်း စုဆုံ၍ ကျရောက်ရာအစစ် ကေန်ဖြစ်တဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးမရှိပါလျှင် ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့လည်း မရှိကြကုန်ပြီ၊ ထို့ကြောင့်ပင် အဆိုပါ ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့၏တပေါင်းတည်း စုဆုံ၍ ကျရောက်ရာ တည်ရာဖြစ်တဲ့ ဥပါဒါနက္ခန္ဓာ လုံးဝမရှိတဲ့ နိဗ္ဗာန်မှာ ဆိုလျှင် ဘယ်ဒုက္ခ ဘယ်ဆင်းရဲမျိုးမှ တစွန်းတစ အလျှင်းမျှမရှိတော့သည် ဖြစ်၍ အဆိုပါ ဆင်းရဲဒုက္ခ အလုံးစုံတို့နှင့်၊ ဝါ၊ ကုန်အောင်စုံသော ဆင်းရဲ ဒုက္ခတို့နှင့် အဝေးကြီးဝေး၍ အအေးကြီးအေးလေတော့သည်ဟုသိလေ။

....................

## စ—လယ်—ဆုံး

တဖန်—ထို ဇာတိ သည် ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အစ ဆင်းရဲတည်း၊ ဇရာ သည် ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အလယ် ဆင်းရဲတည်း၊ မရဏ သည် ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အဆုံး ဆင်းရဲတည်း။

သေခါနီး၌ဖြစ်သော ဆင်းရဲသည် အလွန် နှိပ်စက်ခြင်းကြောင့် စိုးရိမ် ပူလောင်သော ဆင်းရဲသည် "သောက"မည်၏၊ထိုသေခါနီး အားကြီးသော ဆင်းရဲကို သည်းမခံနိုင်သောကြောင့် အမျိုးမျိုး အထွေထွေ ရောင်ရမ်း မြည်တမ်းခြင်း ဆင်းရဲသည် "ပရိဒေဝ" မည်၏၊ ထို ပရိဒေဝထက် အလွန် လည်ချောင်း ခြောက်သွေ့ခြင်း စသည် အရိုးဆက်တို့၏ အစပ်ကို ဖြတ်ခြင်း စသည်ကို ဖြစ်စေတတ်သော သလိပ်, သည်းခြေ, သွေးလေမညီ ပထဝီ စသော ဓာတ်ခြောက်ချားခြင်းဟုဆိုအပ်သော အလိုမရှိအပ်သော ဖောဋ္ဌဗ္ဗ တို့နှင့် တွေ့ကြုံခြင်းကြောင့် ကိုယ်၏ ကျင်နာခြင်းဆင်းရဲသည် "ဒုက္ခ"မည်၏၊ ထို ကာယိကဒုက္ခသည် နှိပ်စက်အပ်ကုန်သော ပုထုဇဉ်တို့အား ထိုကာယိက ဒုက္ခ၌ ဒေါသဖြစ်ခြင်းကြောင့် စိတ်၏ကျင်နာခြင်း ဆင်းရဲသည် ဒေါမနဿ မည်၏၊ သောက စသည်တို့၏ ပွားခြင်းကြောင့်ဖြစ်သော ပြင်းစွာ ကျင်နာ ကုန်သော သူတို့၏ အတွင်း၌ လောင်ကျွမ်းခြင်း ဆင်းရဲသည် ဥပါယာသ

မည်၏။ နှလုံးအလို ပျက်ခြင်းသို့ ရောက်ကုန်သောသူတို့အား အလိုမပြည့် ပျက်ခြင်းကြောင့်ဖြစ်သော ဆင်းရဲသည် 'ယံပိစ္ဆံ န လဘတိ တမ္ပိဒုက္ခံ 'မည်၏၊ ဝါ၊ ဣစ္ဆိတ န လာဘ ဒုက္ခမည်၏၊ ဝါ၊ အလိုရှိအပ်သည်ကို အလိုအတိုင်း မရသောကြောင့်ဖြစ်သော ဆင်းရဲမည်၏။

ဤလို ဤပုံ—အထူးထူး အပြားပြားအားဖြင့် သတိနှင့်မကွာ ပညာနှင့် မကင်း အဖန်တလဲလဲ နှလုံးသွင်းဆင်ခြင် စူးစမ်းရှာဖွေသည်ရှိသော် ဥပါဒါနက္ခန္ဓာရှိလျှင် ထို ဆင်းရဲတို့သည်ရှိကုန်၏၊ ဥပါဒါနက္ခန္ဓာမရှိလျှင် ထိုဆင်းရဲတို့လည်း လုံးဝမရှိကုန်ပြီဟု သိအပ်၏။

ထို့ကြောင့်—ဥပါဒါနက္ခန္ဓာသည် ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့၏ တည်ရာ တပေါင်းတည်း စုဆုံ၍ ကျရောက်ရာအစစ်အမှန်တည်း။

## ဆားငံသမုဒ္ဒရာ ရေပမာ

အဆိုပါ ဇာတိစသော ဒုက္ခတို့ကို ရှိသမျှအလုံးစုံ တပါးစီ တပါးစီပြ၍ ဟောသည်ရှိသော် မရေတွက်နိုင်သော ၁ × ကပ်ကမ္ဘာကာလ တို့ပတ်လုံး အလွန်အားဖြင့် တသိန်းတန်း၍ ပွင့်တော်မူကြသော ဘုရားရှင်တို့သည်လည်း သက်တော်ရှည် နေတော်မူသမျှ အခြားသောတရားကို မဟောကြားဘဲ ဤကား—တဒုက္ခ၊ ဤကား—တဒုက္ခ စသည်ဖြင့် ဟောကြားပါသော်လည်း အကြွင်းအကျန်မရှိသည်ကိုပြု၍ ဟောကြားခြင်းငှါ မတတ်ကောင်းသည်သာတည်း။

---

၁ × ကပ်သည်-အာယုကပ်, အန္တရကပ်, အသင်္ချေယျကပ်, မဟာကပ်ဟု လေးမျိုးရှိရာ....

၁။ လူတို့အသက်တန်းသည် အာယုကပ်မည်၏။

၂။ ဆယ်နှစ်တန်းမှအသင်္ချေ, အသင်္ချေမှဆယ်နှစ်တန်း တပါတ်သည် အန္တရကပ် မည်၏။

၃။ အန္တရကပ်(၆၄)ကပ်သည် အသင်္ချေယျတကပ် မည်၏။

၄။ သံဝဋ္ဋ၊ သံဝဋ္ဋဋ္ဌာယီ၊ ဝိဝဋ္ဋ၊ ဝိဝဋ္ဋဋ္ဌာယီ၊ အသင်္ချေယျလေးကပ်သည် မဟာကပ်မည်၏၊ ဝါ၊ တကမ္ဘာမည်၏။

ထို့ကြောင့်ပင် အလုံးစုံရှိရှိသမျှသော ဒုက္ခဟူသမျှတို့ကို သမုဒ္ဒရာရေ တစက် တပေါက်ကို သောက်မိသောသူသည် ငံသော အရသာ ဆားငံရေ ရှိ၏ဟု သိရသဖြင့် မသောက်ရသေးသော သမုဒ္ဒရာတစင်းလုံးရှိ ရေတို့သည် လည်း၊ ထိုသောက်ရသောရေနှင့်အတူ ဆားငံရေချည်းသာတည်းဟု သိရ သကဲ့သို့ အမှတ်မရှိသော ငါးပါးသော ဉပါဒါနက္ခန္ဓာတို့၌ ကျရောက်သော အလုံးစုံသော ဆင်းရဲဒုက္ခဟူသမျှသည်လည်း ဤပုံဤနည်း ဆင်းရဲကြီးသာ ဟု အကျဉ်းချုံးပြဆို၍သာ 'သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ'ဟု ဟောတော် မူခဲ့သည်ဟု သိရှိကြပါလေ။

## လေးလေးစားစားဘတ်ဘို့ သတိထား

ဤစာတမ်းကို သမံကာ ရှံကာ အမှတ်တမဲ့ ဘတ်မသွားပါနှင့် လေးလေး စားစား တွေးတွေးဆဆ ဆင်ဆင်ခြင်ခြင်နှင့် ဝိပဿနာဉာဏ် ပါဝင်သွား အောင် စဉ်းစားယင်းဘတ်သွားပါ၊ တခေါက်စ နှစ်ခေါက်စ ဘတ်ဖူးရုံမျှနှင့် အားရ တင်းတိမ် ကျေနပ်မနေပါနှင့်၊ ဘတ်ဖူးရုံမျှ ဗဟုသုတလောက် သဘောမထားပါနှင့်၊ ခဏခဏ အားလပ်ခွင့်ရတိုင်း ဘတ်နေပါ၊ ဘတ်ပြီး လျှင် အဆိုပါ အဓိပ္ပါယ်ကို တကယ်သိအောင် တကယ်မိအောင် တကယ် သဘောကျအောင် ဘတ်ပါ၊ အဆိုပါ ဉပါဒါနက္ခန္ဓာငါးပါးဟာ တခြားမှာ ရှိနေတာမဟုတ်ဘူး၊ ငါ၏ တကိုယ်လုံး တကောင်လုံးရှိ ဖေါက်ပြန်စရာ အကြောင်းနှင့် ပေါင်းဆုံမိတဲ့ခါ—

ခဏခြင်း ခဏခြင်း ဖေါက်ပြန်သွားတတ်တဲ့ ဖေါက်ပြန်တဲ့အစု **ရူပုပါဒါနက္ခန္ဓာ**။

ကောင်းကောင်းဆိုးဆိုး ခံစားစရာအမျိုးမျိုးကို ခံစားတတ်တဲ့ ခံစားတဲ့ အစု **ဝေဒနုပါဒါနက္ခန္ဓာ**။

ကောင်းကောင်းဆိုးဆိုး မှတ်သားစရာအမျိုးမျိုးတို့ကို မှတ်သားတတ်တဲ့ အစု **သညုပါဒါနက္ခန္ဓာ**။

ကောင်းကောင်းဆိုးဆိုး ပြုပြင်စရာအမျိုးမျိုးတို့ကို ပြုပြင်တတ်တဲ့အစု **သခ်ါရုပါဒါနက္ခန္ဓာ**။

ကောင်းကောင်း ဆိုးဆိုး သိစရာ အမျိုးမျိုးတို့ကို သိတတ်တဲ့အစု ဝိညာဏုပါဒါနက္ခန္ဓာ။

မိမိမှာရှိတာ သည်အငေါးခု ခေါ်တဲ့ ခန္ဓာငါးပါးဘဲရှိတယ်၊ ဤအစု ငါးခုကိုဘဲ ပညတ်အားဖြင့် လူ နတ် ဗြဟ္မာ သတ္တဝါလို့သမုတ်ရုံဘဲရှိတယ်၊ အဟုတ်မရှိ၊ အဟုတ်ရှိတာကတော့ အဆိုပါ ခန္ဓာငါးပါးဘဲရှိတယ်၊ အဲသည် အငေါးခုခေါ်တဲ့ ဥပါဒါနက္ခန္ဓာ ငါးပါး၌ လက်တွေ့ ခံစားနေရသော အဖြစ်အပျက်ကို ပဋိသန္ဓေအခါကစ၍ စဉ်းစားကြည့်ပါ၊ စာသိ ဒုက္ခသစ္စာ တွင် သောင်တင် မနေပါစေနှင့်၊ စာသိဒုက္ခသစ္စာတွင် အသိဉာဏ် အား ကုန်၍ မနေပါစေနှင့်၊ ဝါကို ငါသိ ဉာဏ်သိ ထိုးထွင်း၍သိတဲ့ ပဋိဝေဓသိ ဖြစ်အောင် ကြိုးစားပါ၊ အလုံးစုံကို အကုန်သိတဲ့၊ ဝါ၊ ကုန်အောင်စုံသော သစ္စာကိုသိတဲ့ ဘုရား မြတ်စွာဘုရားဟောထားတဲ့ ပါဠိဘာသာကို မြန်မာ ပြန်ထားခြင်းဖြစ်သည်။

.......... .........

## ဒုက္ခသိမှ တဏှာကုန်ပုံ

ဒုက္ခသိမှ တဏှာကုန်သည်ဆိုတဲ့အတိုင်း အဆိုပါ ဇာတိစသောဒုက္ခတို့ကို တတ်တတ်ထင်ထင် တွဲတွဲကြီး ဉာဏ်၌မြင်မှသာ ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လိုဖြစ်ချင်နေတဲ့ ဘဝတဏှာ ကုန်နိုင်ပေမည်၊ ဒုက္ခမသိက တဏှာမကုန် ဟု သိလေ၊ ဒုက္ခမသိလို့ တဏှာမကုန်သမျှ ဖြစ်ပျက်မွေးသေဆိုတဲ့ သံသရာ ဝဋ်ဆင်းရဲကြီးထဲက ခေါင်းထောင်နိုင်မည် ထွက်မြောက်နိုင်မည် မဟုတ်ဟု သိ၊ ဒုက္ခကို တကယ်သိလို့ တကယ်တဏှာကုန်တဲ့ ဘုရား ရဟန္တာတို့မှာ အို နာ သေရေး ဒုက္ခဘေးဆိုတဲ့၊ ဝါ၊ဖြစ်ပျက်မွေးသေ ဘေးတို့မှ ကျွတ်လွတ် ထွက်မြောက်ကြ၍ အဆိုပါ အိုနာသေရေး ဒုက္ခဘေးတို့နှင့် အဝေးကြီး ဝေး၍ အအေးကြီး အေးကြလေကုန်ပြီဟု သိ။

ထို့ကြောင့်–အို နာ သေ ရေး ဒုက္ခဘေးဆိုတဲ့ သံသရာဝဋ်ဆိုးကြီးတို့မှ ကျွတ်လွတ် ထွက်မြောက်လိုပါလျှင် အဆိုပါ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း၍သိအောင် ထိထိရောက်ရောက် ကြိုးစားအားထုတ်ကြပါလေ။

ဆောင်ပုဒ်—ဒုက္ခသိမှ တဏှာကွာ၊ နိဗ္ဗာန်သို့သာ စိတ်ညွတ်ဘာ၊
ညွတ်တဲ့စိတ်၊ မဂ်စိတ်မှတ်လိုက်ပါ။ ။

ဒုက္ခမသိက၊ တဏှာမကွာ၊ နိဗ္ဗာန်သို့လဲ စိတ်မညွတ်ပါ၊
တဏှာမကွာက ဖဂ်မဖြစ်လာ၊ သံသရာဝဲ နစ်မြဲဖန်ခါခါ။ ။

မိဝမ်းထဲနေမြဲဖန်ခါခါ၊ ကျွဲမ,နွားမ,ခွေးမ,ဝမ်းထဲ နေမြဲဖန်ခါခါ
ဝက်မ,ကြက်မ, ငှက်မ, ငါးမ, ဖါးမ, မိဝမ်းထဲ နေမြဲဖန်ခါခါ။
အဲဒါ-သံသရာအစစ်အမှန်ပါ။ ။

....................

## ၂။ "သမုဒယ သစ္စာ၌"

### ပေါနောဗ္ဘဝိက နန္ဒိရာဂ တတြတတြာ ဘိနန္ဒိနီ

ငါးပါးအာရုံ ကာမဂုဏ်တို့၌ရင်း၊ ဘုံသုံးပါးတို့၌ရင်း တပ်တတ်သော တရားကိုယ် အားဖြင့် လောဘဟု ဆိုအပ်သော တရား တခုတည်းကိုပင် ဘုံသုံးပါးတို့၌ ဘဝတဖန် ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာကို တဖန်တဖန် ပြုလုပ်ပေးတတ် ဖြစ်စေတတ်သောကြောင့် ပေါနောဗ္ဘဝိက ဆိုသည်၊ ဘာမဆို နှစ်သက်စုံမက် တပ်စွန်းတတ်သောကြောင့် နန္ဒိရာဂ ဆိုသည်၊ ထိုထိုဘုံ ထိုထိုအာရုံတို့၌ လွန်စွာလွန်စွာ နှစ်သက်စုံမက် တပ်စွန်းတတ်သောကြောင့် တတြတတြာ ဘိနန္ဒိနီ ဆိုသည်။

### ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ

တဖန်—ငါးပါးအာရုံ ကာမဂုဏ်တို့၌ ငတ်ငတ်မွတ်မွတ် ငန်းငန်းတက် တပ်မက်သော လောဘကို **ကာမတဏှာ** ဆိုသည်၊ သတ္တဝါ သင်္ခါရတို့သည် မြဲ၏ဟု ယူသောအယူကို ဘဝဒိဋ္ဌိ သဿတဒိဋ္ဌိဆိုသည်၊ ထိုဒိဋ္ဌိနှင့်တကွသော လောဘကို **ဘဝတဏှာ** ဆိုသည်၊ သတ္တဝါ သင်္ခါရ သေလျှင် ပြတ်၏၊ နောက်ထပ်အသစ် မဖြစ်တော့ပြီဟု ယူသော အယူကို ဝိဘဝဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဆိုသည်၊ ထိုဒိဋ္ဌိနှင့် တကွဖြစ်သော လောဘကို **ဝိဘဝတဏှာ** ဆိုသည်။

**မှတ်ချက်။** ။ အားလုံး လောဘချည်းသာဖြစ်၏၊ လောဘ၏နာမည်ကွဲသာ တည်း၊ အဆိုပါ တဏှာကို ဘုံသုံးပါးတို့၌ တဖန်တဖန် ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာကို အသစ်အသစ်ဖြစ်စေတတ်သောကြောင့် ဒုက္ခသမုဒယ သစ္စာဟု ဟောတော်မူသည်။

သတ္တဝါတို့၏ ဆင်းရဲဒုက္ခဟူသမျှသည် ဤတဏှာကြောင့်သာ ဖြစ်၏၊ လောက၌ ဤတဏှာနှင့်တူသော ဆင်းရဲအမျိုးမျိုးတို့ကို တမျိုးပြီးတမျိုး ကြိုးကြိုးစားစား စီမံဖန်တီး၍ပေးတတ်သော တရား မည်သည် မရှိတော့ပြီ၊ လူနတ်ပြဟ္မာ သတ္တဝါတို့ကို ဒုက္ခပေးသမားကြီး လက်သယ်အစစ်ပေတည်း။

**ထို့ကြောင့်ပင်—**

**တံသဒိသော အညော ကောစိ၊**
**ဝဋ္ဋဒုက္ခသံဝိဓာယကော နာမ နတ္ထိ။** ။ နှင့် အညီ။

ဤတဏှာ လောဘနှင့်တူသော လောဘမှတပါးသော တငုံတခုသော သံသရာဝဋ်ဆင်းရဲကို ပြုလုပ်စီရင်ပေးတတ်သော တရားမည်သည် မရှိတော့ပြီ ဟူလို။

**ထို့ပြင်—**

**လောဘပဟာနတော အညော၊**
**ဒုက္ခဝိမုတ္တိ မဂ္ဂေါ နာမနတ္ထိ။** ။ နှင့် အညီ။

အဆိုပါ လောဘတဏှာကို ပယ်သတ်သည်မှ တပါး ဆင်းရဲဒုက္ခမှ လွတ်ရာ လွတ်ကြောင်း နည်းကောင်းလမ်းမှန် မရှိတော်ပြီဟူလို၊ တဏှာ မပယ်သမျှ ဒုက္ခ, တဏှာပယ်က သုခ ဟူ၍သာ တထစ်ချ မှတ်ကြရန် ရှိတော့၏။

**သူ့အတွက်ကြောင့် ဝေက်မှာ ထောင်ကျ**

(က) ထိုစကားကို အနည်းငယ်ထင်ရှားစေဦးအံ့၊ "သူ့အတွက်ကြောင့် ဝေက်မှာ ထောင်ကျ" ဆိုသကဲ့သို့ လူ့ရွာ လူ့လောက၌ အချို့သော လူ မလိမ္မာသော သူတို့သည် ငါးပါးအာရုံ ကာမဂုဏ်တို့၌ စုံစုံမက်မက် ခုံခုံ တက်အောင် တပ်မက်တတ်သော သမုဒယသစ္စာ တဏှာ ရာဂ လောဘ

ကြောင့် ထိုကာမဂုဏ်တို့ကို ခံစားအံ့ဟု၊ ဝါ၊ ရရှိခံစားရေးအတွက် မုဆိုးတံငါ စသော ဒုစရိုက်အစု မကောင်းမှုတို့ကို အားရ ပါးရ အသက်ထက်ဆုံး ပြုလုပ်ဘတ်ကြကုန်၏၊ ထိုဒုစရိုက်အစု မကောင်းမှုတို့၏ ပြည့်ခြင်းကြောင့်-

ယေကေစိ ကာယေ ဒုစရိတံ စရန္တိ။
ပ။ကာယဿဘေဒါ ပရမ္မရဏာဒုဂ္ဂတိံ၊
ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။ ။ ဆိုဘဲ့ ပါဠိတော်နှင့်အညီ။

သေပြီး၍ပျောက် နောက်ကာလ၌ 'ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်' ဆိုတဲ့ အပါယ်လေးဘုံတို့၌ ကံအားလျော်စွာ ဖြစ်ကြရလေကုန်၏၊ ထိုအခါ ထိုအပါယ်လေးဘုံတို့၌ ရရှိခံစားအပ်သော ထက်သန် ပြင်းပြလှစွာသော ငရဲမီးလောင်ခံရခြင်း စသော အပါယိကဒုက္ခ ဟူသမျှသည် "နိမ့်သောင်—နောင်မှုသိ" ဆိုဘာလို အဆိုပါ ငါးပါးအာရုံ ကာမဂုဏ်တို့၌ ငံ့ငန်းတက်တပ်မက်သော တဏှာ လောဘဟူသော သူ့အတွက်ကြောင့်ပင် လူ နတ်ဖြဟ္မာ သတ္တဝါဟူသော ဝေက်မှာ အပါယ်လေးပါးထောင် ကျ ခံရလေတော့၏။

(ခ) အချို့သော လူ မလိမ္မာသော သူတို့သည် ဝဋ်ချမ်းသာခေါ်သော လူ နတ် ချမ်းသာတို့၌ တပ်ခြင်း မကင်းသောကြောင့် ထို ချမ်းသာတို့ကို ခံစားအံ့ဟု နိဗ္ဗာန်ကို မတောင်းတဘဲ လူ နတ် ချမ်းသာကို တောင်းတ၍ သုစရိုက်အစု ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြကုန်၏၊ ထို သုစရိုက်၏ ပြည့်စုံခြင်းကြောင့်—

ယေကေစိ ကာယေန သုစရိတံ စရန္တိ။
ပ။ ကာယဿဘေဒါ ပရမ္မရဏာ၊
သုဂတိံ မဂ္ဂံ ဥပပဇ္ဇတိ။ ။ နှင့် အညီ။

လူ့ဘုံ နတ်ဘုံတို့၌ ကံအားလျော်စွာ ဖြစ်ကြလေကုန်၏၊ ထိုအခါ ထို လူ့ဘုံ နတ်ဘုံတို့၌ ဇာတိစသော ဆင်းရဲတို့ကို တဖန်တဖန် ဖြစ်စေပြန်ကုန်၏၊ ဤ၌လည်း တဏှာသူ့အတွက်ကြောင့်ပင် လူ နတ် ဟူသော ဝေက်တို့မှာ ဇာတိဒုက္ခစသော ထောင်ကျခံကြရလေတော့၏။

(ဂ) တဖန်–အချို့သောလူ မလိမ္မာသောသူတို့သည် ရူပ–အရူပဘုံတို့၌ တပ်မက်ခြင်း မကောင်းသောကြောင့် ဗြဟ္မာချမ်းသာကို ခံစားအံ့ဟု ကသိုဏ်းစျာန် မဟဂ္ဂုတ်ကံကို ပြုလုပ်ကြကုန်၏၊ ထို ဘဝနာကံ၏ ပြည့်စုံခြင်းကြောင့် ရူပဘုံ အရူပဘုံတို့၌ အသီးအသီး စျာန်အားလျော်စွာ ဖြစ်ကြရလေကုန်၏။

ထိုအခါ ရူပ,အရူပဘုံတို့၌ ဇာတိစသော ဝဋ်ဆင်းရဲတို့ကို တဖန်တဖန် ဖြစ်စေကြကုန်၏၊ဤ၌လည်း ရူပ,အရူပ တဏှာဟူသော သူ့အတွက်ကြောင့် ရူပ, အရူပ ဗြဟ္မာဟူသော ဝေက်တို့မှာ ဇာတိဒုက္ခ စသော ထောင်ကျခံရလေတော့၏။

ဤပုံ ဤနည်း–ကာမတဏှာ, ဘဝတဏှာ, ရူပတဏှာ, အရူပ်တဏှာ ဟူသော သမုဒယသစ္စာ သူ့အတွက်ကြောင့်ပင် ကာမဘုံ ရူပဘုံ အရူပဘုံတို့၌ ရေသူ သတ္တဝါ လူနတ် ဗြဟ္မာဟူသော ဝေက်တို့မှာ ဇာတိဒုက္ခစသော ဆင်းရဲဒုက္ခရေတွေဟာ ပင်လယ်ရေထက်မက တပါးပြီးတပါး တခုပြီးတခု ဆင့်ကာဆင့်ကာ ထပ်ကာထပ်ကာ စပ်ကာစပ်ကာ မိုးရွာတဲ့ခါ မိုးပေါက် မိုးသီးပမာ ကျရောက် စီးဝင်လာကြကုန်တော့သည်ဖြစ်၍ ယန္တယားစက်၌ က,အပ်သောနွား, လှိုင်းဝဲမိသော သစ်ဖေါင် ဝါးဖေါင် သင်္ဘောလှေများကဲ့သို့ ဖြစ်ပျက်မွေးသေ ဆိုတဲ့ အပါယ်လေးပါးဝဲ၊ လူ့ဝဲ၊ နတ်ဝဲ၊ ဗြဟ္မာဝဲကြီးထဲက မထွက်နိုင်ကြတော့ဘဲ လည်မြဲလည် နစ်မြဲနစ် မြုပ်မြဲမြုပ်၍သာ နေကြရလေတော့သည်။

ဤပုံဖြစ်သည်ကို သံသရာစက်ခေါ်သည်၊သံသရာဘေး သံသရာဝဋ်ဆင်းရဲ သံသရာဝဋ်ဒုက္ခဟု အမျိုးမျိုးခေါ်သည်ဟု သိလေ မှတ်လေ။

ထို့ကြောင့်ပင်....

ဖြစ်လိုတဲ့ကြောင့် ဖြစ်တဲ့ ဒုက္ခ၊
ဖြစ်ချင်လို့မှု၊ ပယ်စွန့်ပြု၊ ချုပ်မှု ထိုဒုက္ခ။ ။

ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ။

ဘုံသုံးပါးတို့၌ ကောင်းနိုးနိုးထင်၍ တဖန်တဖန် ဖြစ်လိုဖြစ်ချင်နေတဲ့ သမုဒယသစ္စာ တဏှာလောဘကြောင့်ပင် ဘုံသုံးပါးတို့မှာကံအားလျော်စွာ ဘဝတဖန် ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာ အကျိုးတရားတို့သည် "လင်ဆိုးမယား

တဖါးဖါး၊ သားဆိုးအမေ တပေပေ” ဆိုတာလို ဇာတိဒုက္ခ တဖါးဖါး၊ ဇာတိဒုက္ခ တပေပေနှင့်သာ ဖြစ်ပျက်မွေးသေ သံသရာရှည်၍နေကြရလေတော့သည်၊ တဖန် သစ္စာသိတဲ့ခါ သ-ကြောင့် ဒု-ဖြစ်သည်ကို တတ်တတ်ထင်ထင် တဲ့တဲ့မြင်သောကြောင့် သ-ကို ပယ်သတ်တဲ့ မဂ်အကျင့်ကို တဒင်္ဂမှ မဂ်သမုစ္ဆေဒကျအောင် ပယ်သတ်လိုက်ကြတဲ့အခါ အရဟတ္တမဂ်နောင်မှာ သ-အကြောင်းသစ် တဖန် မဖြစ်တော့သည်ဖြစ်၍ အရဟတ္တဖိုလ်နောင်မှာ ဒု-အကျိုးသင်လဲ တဖန်အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေးနေတဲ့ အသင်္ခတ ဓာတ် နိဗ္ဗာန်သို့သာ ဆိုက်ရောက်လေတော့သည်ဟူလို၊ ဤပုံ ဖြစ်သည်ကို သံသရာစက် ပြတ်သည် လွတ်သည် ထွက်သည်ဟုဆိုသည်။

## ၃။ နိရောဓသစ္စာ၌

“ယော တဿာယေဝ တဏှာယ” စသည်ဖြင့် နိရောဓသစ္စာကို ဟောတော်မူ၏။

ထို နိ-ကို ဤလိုမဟောဘဲ “တဿေဝ ဒုက္ခဿ နိရောဓော” ဟု ဟောပါတော့လား ဆိုတဲ့ အမေး၌-အကြောင်းဖြစ်သော သ-၏ ချုပ်ခြင်းကြောင့် အကျိုးဖြစ်သော ဒု-၏ချုပ်ခြင်းသည်ဖြစ်၏၊တပါးသောအကြောင်းကြောင့် မချုပ်ဟု သိစေခြင်းငှါ ဤပုံဟောသည်ဟု အဖြေပေးလေ။

ထို့ကြောင့်ပင်....

> ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
> ဆိန္နောပိ ရုက္ခော ပုနဒေဝ ရူဟတိ။
> ဧဝမ္ပိတဏှာနုသယေ အနူဟတေ၊
> နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။ ။ ဟု ဟောတော်မူသည်။

ဘာသာပြန်။ ။ သစ်ပင်တို့၏ ရေသောက်မြစ်သည်၊ဝါ၊ရေသောက်မြစ်ကို ဖြတ်ခြင်း ခွဲခြင်းစသည်ကို ဘာတခုမှမပြုလုပ်သေးသည်ရှိသော် တိုသစ်ပင်၏ အကိုင်း အခက် တို့တို့ တက်တက်ပြောင်အောင် ခုတ်ဖြတ်ပါသော်လည်း ထိုသစ်ပင်သည် စည်ပင်ညွန့်ညှောက် တဖန်ပြန်၍ ပေါက်ရောက်ပြန်သကဲ့သို့ ထို့တူပမာ– တဏှာ နုသယကို မပယ် မဖြတ် မသတ်သေးသည် ရှိသော် အဆိုပါ ဇာတိဒုက္ခ စသော ဆင်းရဲတို့သည် အဖန်တလဲလဲ ဖြစ်မြဲ ဖြစ်ကြ ပြန်ကုန်၏။

“ ရုံခါ ဖြဟ္မာ့ပြည်မှာ တဝင်းဝင်း၊ ရုံခါ ဝက်စကျင်းမှာ တရှုတ်ရှုတ်” ဒါဟာ ဘယ်သူ့ရဲ့အပြစ်တွေလဲ၊ တဏှာရဲ့အပြစ်တွေဘဲ၊ သည်တဏှာဟာ ဘယ်မှာရှိသလဲ၊ ပုထုဇဉ်တို့ရဲ့ စိတ်သန္တာန်ထဲမှာ အနုသယအနေအားဖြင့် အမြဲတန်းရှိနေတယ်၊ သူရှိသမျှဒုက္ခ, သူမရှိက သုခ, သူ့ကိုအလဲထိုး အသေသတ်နိုင်တဲ့ လက်နက်ကား-အဘယ်နည်း၊ ဒေသနာတော်ဉာဏ် သစ္စဉာဏ် ဝိပဿနာဉာဏ် မဂ်ဉာဏ်လက်နက်တို့ပေတည်း။

“တဏှာဒုတိယော ပုရိသော။ ပ။ သံသာရံနာတိဝတ္တတိ ”နှင့်အညီ၊ တဏှာ အဖေါ်ရှိနေသမျှ တဏှာကိုအဖေါ်လုပ်နေသမျှ တဏှာလက်ကိုင်ရှိနေသမျှ၊ ဝါ၊ တဏှာပယ် တဏှာဖြတ် တဏှာသတ်တဲ့ မဂ်အကျင့်ကိုကျင့်၍ တဏှာကို အလဲထိုး အသေမသတ်သေးသမျှ မည်သည့်သတ္တဝါမဆို ဖြစ်ပျက်မွေးသေဆိုတဲ့ သံသရာကြီးကို လွန်မြောက်နိုင်ကြမည်မဟုတ်ဟု ဟောတော်မူခဲ့သည် ဟူလို။

......................

## ခြသေ့်အကျင့် နှင့် ခွေးအကျင့်

“သတ္ထာသီဟသမာနဝုတ္တိတာ”နှင့် အညီ၊ မြတ်စွာဘုရားတို့သည် ခြသေ့် အကျင့်နှင့်တူသော အကျင့်ရှိကုန်၏၊ ထိုခြသေ့်အသွင် ဘုရားရှင်တို့သည် ဆင်းရဲဒုက္ခကို ချုပ်စေလိုသော်ငြား၊ ဆင်းရဲဒုက္ခ၏ ချုပ်ခြင်းကို ဟောသော်ငြား၊ အကြောင်း၌သာ ကျင့်တော်မူကြကုန်၏၊ အကျိုး၌ ကျင့်တော်မမူကြကုန်၊ အဘယ့်ကြောင့်ဆိုသော် အကြောင်း သမုဒယချုပ်လျှင် အကျိုး ဒုက္ခလည်း ချုပ်သောကြောင့်ပေတည်း။

“အညတိတ္ထိယာပန သုဝါနဝုတ္တိနော” နှင့် အညီ၊ တိတ္ထိတို့သည်ကား- ခွေးနှင့်တူသောအကျင့်ရှိကုန်၏၊ ခွေးနှင့်တူသောအကျင့်ရှိကုန်သော တိတ္ထိ တို့သည် ဒုက္ခကိုချုပ်စေလိုသော်ငြား၊ ဒုက္ခ၏ချုပ်ခြင်းကို ဟောသော်ငြား အကျိုး၌သာ ကျင့်ကြကုန်၏၊ အကြောင်း၌ မကျင့်ကြကုန်၊ အဘယ်ကြောင့် ဆိုသော် ဘေးလေးဘက်၌ မီးလေးပုံ၊ အထက်၌ နေပူ၊ ပေါင်း-အပူငါးပူ ဆိုတဲ့ “ပဉ္စာတပ”စသော အကျိုး၌သာ ကျင့်ကြသောကြောင့် အကြောင်း မချုပ်၍ အကျိုးလည်း မချုပ်နိုင်သောကြောင့်ပေတည်း။

မှတ်ချက်။ ။ ဤခြင်္သေ့အကျင့်ကား တဘက်ရန်သူတို့က လေးမြှားစသော လက်နက်ကို ပစ်ခတ်လိုက်တဲ့ခါ လေးမြှားစသော လက်နက်ကို ရန်မမူ လုံးလမပြု ဂရုမစိုက် ဤလေးမြှားစသော လက်နက်တို့သည် အရှေ့က လာသလား, အနောက်က လာသလား စသည်ဖြင့် စဉ်းစား ဆင်ခြင်ပြီးလျှင် လက်နက်လာရာအရပ်ကိုသာ တဟုန်ထိုး လိုက်လံရှာဖွေ၍ ရန်သူ မုဆိုးကိုသာ အသေသတ်လိုက်၏၊ ဤ၌ ရန်သူမုဆိုးကား-အကြောင်း၊ လက်နက်ကား အကျိုး၊ အကြောင်း ရန်သူမုဆိုးကို အသေ သတ်သောကြောင့် အကျိုး လက်နက် နောက်ထပ်မလာ၍ ဘေးရန်ကင်းတော့၏။

ခွေးတို့၏အကျင့်ကား ထိုသို့မဟုတ်၊ ရန်သူမုဆိုးကို ရန်မမူ လုံးလမပြု လေးမြှား စသော လက်နက်ကိုသာ ရန်မူ၏၊ လုံးလပြု၏၊ ဤ၌ မုဆိုးရန်သူကား—အကြောင်း၊ လက်နက်ကား-အကျိုးတည်း၊ အကြောင်း ရန်သူကို လုံးလမပြုဘဲ အကျိုးလက်နက်ကိုသာ လုံးလပြုသောကြောင့် အကြောင်း ရန်သူမသေ၍ ထပ်ပြန်တလဲလဲ အကျိုးလက်နက် လာပြန်တဲ့ခါ မိမိကို လက်နက်ထိမှန်၍ မိမိပင် သေဘေးရောက်၏။

ထို့အတူ၊ ပုထုဇဉ်သတ္တဝါ သူငါတို့၏ အကျင့်သည်လည်း ခွေးတို့၏ အကျင့်နှင့်တူ၏ဆိုလျှင် ပစ္စလက်ခတ် ရစရာမရှိအောင် မှားယွင်းသွားမည် မဟုတ်၊ အဘယ့်ကြောင့်ဆိုသော်-ဘုရားရှင်ကြီးကား တဏှာကြောင့် ခန္ဓာ ဖြစ်ပျက်မွေးသေ သံသရာရှည်၍ နေကြရသည်ကိုရင်း၊ တဏှာပယ်တဲ့ မဂ် အကျင့်ကို ကျင့်တဲ့အခါ တဏှာ ခန္ဓာ အစဉ်ပြတ်၍ အသခံတခေတ်သို့ ဆိုက်သဖြင့် ဖြစ်ပျက်မွေးသေ သံသရာရပ်၍ ပြတ်တော့သည်ကိုရင်း သိရှိ တော်မူ၍ **"တဏှက္ခယာယ ပဋိပဇ္ဇထ"**။

တဏှာကုန်စေခြင်းငှါ၊ ဝါ၊ တဏှာကုန်၍ ရွှေဘုံနိဗ္ဗာန်မှာ အငြိမ်း စံစေခြင်းငှါ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်ကြကုန်ဟု တိုက်တွန်းတော် မူ၏၊ ပုထုဇဉ်သတ္တဝါ သူငါတို့သည်ကား-အကြောင်းတဏှာ ကုန်စေ ခြင်းငှါမကျင့်ဘဲ အကြောင်းတဏှာကိုသာ ထပ်ကာထပ်ကာ တိုးပွားအောင် ကျင့်သောကြောင့် ဘုံသုံးပါးတို့မှာ အကျိုးခန္ဓာ ဖြစ်ပေါ် လာတဲ့ခါ

ကြာမြင့်စွာ မအိုအောင် မနာအောင် မသေအောင်သော ကျင့်သူများကြ ကုန်၏၊ အကြောင်းတရားမကုန်ဘဲ အကျိုးခန္ဓာလဲ မကုန်နိုင်၍ ဘဝတိုင်း ဘဝတိုင်း ဆေးစား၍ ပြီးနိုင်ပါတော့မလား၊ အကြောင်းတရားကို ပယ် သတ်၍ အကျိုးခန္ဓာ နောက်ထပ်မလာလျှင် ဇာတိဒုက္ခစသည် လာနိုင် ဦးတော့မလား၊ မလာနိုင်တော့ပြီ၊ အားလုံးဒုက္ခငြိမ်းတော့သည် ဟူလို။

....................

## အပိုင်း ( ၃ )

## ဝိရာဂမဂ် နှင့် ဝိမုတ္တိဖိုလ်

ဤ ဆိုလတံ့သည်ကား—အနက်သဘောတည်း။

ဤ၌ ထိုတရား၏သာလျှင် ဆိုသည်ကား—ထိုတဖန် ဘဝသစ်ကို ဖြစ်စေ တတ်သောဟု ဆိုပြီး၍ ကာမတဏှာ စသည်တို့၏ အစွမ်းဖြင့် ဝေဘန်အပ် သော တဏှာဟု ဆိုလိုပေသည်။

မဂ်ကို ဝိရာဂ ဟူ၍ ဆိုအပ်၏၊ မှန်၏၊ သမုဒယတရား၏ ပြတ်ကြောင်း ဖြစ်သော အရိယမဂ်ကြောင့်ပင် ဒုက္ခအပေါင်းမှလွတ်သည်၊ ဝိမုတ္တိ မည်သော ဖိုလ်ဖြစ်၏၊ ထို့ကြောင့် ဝိရာဂါ ဝိမုတ္တိ ဟု ဟောတော်မူ၏။

ဝိရာဂဟူသော အရိယမဂ်ဖြင့် ချုပ်ခြင်းသည် ဝိရာဂနိရောဓ မည်၏၊ အနုသယကို အကြွင်းမဲ့ဖြတ်ခြင်းကြောင့် အလုံးစုံ အကြွင်းအကျန် မရှိသော မဂ်ဖြင့် ချုပ်ခြင်းသည် အသေသဝိရာဂနိရောဓ မည်၏၊ လိုရင်းအချုပ်မှာ ဤ နိရောဓသစ္စာနိဒ္ဒေသ၌ ဟောတော်မူအပ်သော " ဝိရာဂေါ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော " ဟူသော ပုဒ်အပေါင်းသည် နိဗ္ဗာန်တခုတည်းကိုဟောသော ဝေဝုစ် ပရိယာယ် ပုဒ်ချည်းပေတည်း။

## " ဝိရာဂ နိရောဓ "

ထိုစကားသင့်၏၊ ပရမတ္ထအားဖြင့် နိဗ္ဗာန်ကို ဒုက္ခနိရောဓ အရိယသစ္စာဟု ဆိုအပ်၏၊ ဆင်းရဲချုပ်ငြိမ်းခြင်းမျှကို နိဗ္ဗာန်ဟုမဆို၊ ထို့ကြောင့် တဏှက္ခယ ဝိရာဂ နိရောဓ စသော ပုဒ်တို့သည်လည်း နိဗ္ဗာန်၏ ပရိယာယ်ချည်းသာ တည်း၊ ထို နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်၍ တဏှာသည် အရိယာ မဂ်၏ အစွမ်းသတ္တိဖြင့်၊ ဝါ၊ အစွမ်းသတ္တိကြောင့် ကုန်ခြင်းသို့ရောက်၍ ကင်းလည်း ကင်း, တဖန် အသစ်နောက်ထပ် မဖြစ်ခြင်းသို့ ရောက်သည်၏ အစွမ်းဖြင့် ချုပ်လည်းချုပ်၏၊ ထို့ကြောင့်ပင် ဝိရာဂ ဟူ၍၎င်း, နိရောဓ ဟူ၍၎င်း ဆိုအပ်၏။

### နိဗ္ဗာန်၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်

ထိုနိဗ္ဗာန်သည်— သန္တိလက္ခဏံ နိဗ္ဗာနံ အစ္စုတိရသံ၊
အနိမိတ္တ ပစ္စုပဋ္ဌာနံ။ ။ နှင့် အညီ။

အလုံးစုံသော ဝဋ်ဆင်းရဲအပူလောင် အရှုတ်အထွေးဟူသမျှတို့ကို၊ ဝါ၊ ကုန်အောင်စုံသော ဝဋ်ဆင်းရဲမှန်သမျှတို့ကို တစွန်းတစ အကျန်မြူမျှမကျန် အကုန်လုံးငြိမ်းအေးခြင်း လက္ခဏာ ရှိ၏၊ ငြိမ်းအေးခြင်းသဘောမှ ဆံခြည် ခြမ်းမျှ မရွေ့လျောခြင်းကိစ္စရှိ၏၊ ဝါ၊ အိုနာ သေရေး ဒုက္ခဘေးဆိုတဲ့ သံသရာညွှတ် ဘဝဝဋ်မှ ကျွတ်လွတ်ထွက်မြောက်ခြင်း ကိစ္စ ရှိ၏၊ ဝါ၊အိုနာ သေရေး ဒုက္ခဘေးတို့ကို ပျင်းမုန်း ငြီးငွေ့သောသူအား သည်မှာ အိုနာ သေရေး ဒုက္ခဘေးတို့နှင့် အဝေးကြီးဝေး၍ အအေးကြီး အေးနေသော နိဗ္ဗာန်တရား ထင်ရှားရှိနေပါပေတကားဟု သက်သာရာရခြင်းကို ပြုခြင်း ကိစ္စ ရှိ၏၊ ခန္ဓာဟူသောနိမိတ် အရိပ်အရောင် အငွေ့အသက်မျှမရှိ, ထိုမှ လုံးလုံး ဆိတ်သုဉ်းသော တရား ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား တပါးပေတည်း ဟူ၍၎င်း၊ ဝါ၊ သံသရာဝဋ်ဒုက္ခ အဆုံးအဆမရှိအောင် ချဲ့ထွင် ကျယ်ပွားစေတတ်သော တဏှာ မာန ဒိဋ္ဌိ ဟူသော ပပဉ္စတရား, မညနတရား, ဂါဟတရား သုံးပါးတို့ကို လုံးဝလွတ်ကင်းသွားအောင် ပယ်ရှား ပစ်တတ်သော တရားအစစ်ပေတည်းဟု ယောဂီ၏ ဉာဏ်အားရှေးရှု ထင်မြင် လာ၏။

**မှတ်ချက်။** ။ နိဗ္ဗာန်၌ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့တွင် ပဒဋ္ဌာန်ကို မရအပ်၊ အဘယ့်ကြောင့် ပဒဋ္ဌာန်ဆိုသည်မှာ မိမိကို တိုက်ရိုက် ဒါရိုက်ဖြစ်စေတတ်သော'ဇနက နိဗ္ဗတ္တက'အနီးဆုံးဖြစ်တဲ့အကြောင်း ကိုသာ ပဒဋ္ဌာန်အဖြစ် ကောက်ယူရသောကြောင့်ပေတည်း။

ထို့ကြောင့်ပင်....

"နိဗ္ဗာနဿ ပဒဋ္ဌာနံ န လဗ္ဘတိ အပစ္စယတ္တာ"ဟူ၍၎င်း။
နိဗ္ဗာနဿ ပဒဋ္ဌာနံ န လဗ္ဘတိ၊
န ကေနစိ ကာရဏေန နိဗ္ဗာနံ ဥပ္ပဇ္ဇတိ။ ။ ဟူ၍၎င်း။

အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌသာလိနီ ဝိသုဒ္ဓိမဂ်တို့၌ အသီးအသီး ဖွင့်ဆိုထားကြသောကြောင့်တည်း။

သို့ရာတွင်.... "တိဝိဓံ နာဝါယ ပါပုဏာတိ"

ဟေတုဘာဝေနာတိ၊ သမ္ပာပက ဟေတုဘာဝေန၊
မဂ္ဂဿ သမ္ပာပက သမ္ပာပကဟေတုဘာဝေန။ ။
(စသော အနုဋီကာ နေတ္တိဋ္ဌကထာတို့နှင့်အညီ)

လှေသည် တဘက်ကမ်းကို တိုက်ရိုက်မဖြစ်စေနိုင်သော်လည်း တဘက်ကမ်းသို့ ရောက်ကြောင်းဖြစ်သကဲ့သို့၊ ဒါန သီလ သမထ ဝိပဿနာ စျာန် မဂ်ဖိုလ်တို့သည် တိုက်ရိုက် နိဗ္ဗာန်ကို မဖြစ်စေနိုင်သော်လည်း နိဗ္ဗာန်သို့ ရောက်ကြောင်း သမ္ပာပကအကြောင်းကား ရှိ၏ဟု မှတ်ရာ၏။

**တနည်း**–"ပတ္တဗ္ဗမေဝ ဟိ တံ မဂ္ဂေန န ဥပ္ပါဒေတဗ္ဗံ"ဆိုတဲ့ ဝိသုဒ္ဓိမဂ်နှင့်အညီ၊ နိဗ္ဗာန်သည် မဂ်စသော သမ္ပာပက အကြောင်းတို့ကြောင့် ရောက်အပ်သော သံပါပေတဗ္ဗ တကျိုးတရားတို့ ပေတည်း။ **တနည်း**–ပတ္တဗ္ဗ အကျိုးတရားပေတည်း။

**အနက်။** ။ ဟိသစ္စံ၊မှန်၏။ တံ၊ထိုနိဗ္ဗာန်သည်။ မဂ္ဂေ၊အရိယာမဂ်သည်။ ပတ္တဗ္ဗမေဝ၊ ရောက်စေအပ်သော အကျိုးတရားသည်သာလျှင်။ ဟောတိ၊ ကေန်ဖြစ်၏။ မဂ္ဂေန၊ မဂ်သည်။ ဥပ္ပါဒေတဗ္ဗံ၊ တိုက်ရိုက်ဖြစ်စေအပ်သော နိဗ္ဗတ္တေတဗ္ဗ အကျိုးတရားမျိုးသည်။ န ဟောတိ၊ မဟုတ်ပေ။

ရှေး ဒါန-သီလ-ဘာဝနာ ကစ၍ နောက် ဝိပဿနာ မဂ် တိုင်အောင်သော အကြောင်းများသည် နိဗ္ဗာန်သို့ရောက်ကြောင်း သမ္ပာပကအကြောင်းများသာဖြစ်၍ တိုက်ရိုက် ဒါရိုက် နိဗ္ဗာန်ကို ဖြစ်စေတတ်သော ဇနကနိဗ္ဗတ္တက အကြောင်းမျိုးမဟုတ်ဟုဆိုလိုပေသည်၊ ထို့ကြောင့်သာ နိဗ္ဗာန်မှာ ပဒဋ္ဌာန်ကို မရအပ်ဆိုသည်ဟု သိလေ မှတ်လေ။

.......... .........

## ၄။ " မဂ္ဂသစ္စာ၌ "

### (က) သမ္မာဒိဋ္ဌိဆိုသည်ကား

အကျဉ်းအားဖြင့် သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းငှါ အမျိုးကောင်းသားသမီးတို့၏ နိဗ္ဗာန်လျှင် အာရုံရှိသော အဝိဇ္ဇာနုသယကို အကြွင်းမဲ့ဖြတ်တတ်သော ရုပ်နာမ် လက္ခဏာ သစ္စာကို ထိုးထွင်း၍ တတ်တတ်ထင်ထင် တွဲတွဲကြီး သိမြင်တတ်သော ပညာမျက်စိသည် သမ္မာဒိဋ္ဌိမည်၏။

### လက္ခဏာ စသည်

ထို သမ္မာဒိဋ္ဌိသည် မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သစ္စာလေးပါးတို့ကို သိမြင်ခြင်း **လက္ခဏာ** ရှိ၏၊ ပရမတ္ထဖြစ်သော သစ္စာလေးပါးတို့ကို ထင်စွာ ပြခြင်း **ကိစ္စ** ရှိ၏။

သစ္စာလေးပါးတို့ကို မသိ မမြင်ရအောင် ပိတ်ပင် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာဟူသော အမိုက်မှောင်ကို ဖျက်ဆီးတတ်သော တရားပါတကားဟု **ဉာဏ်အားရှေးရှု** ထင်မြင်လာ၏။

### (ခ) " သမ္မာသင်္ကပ္ပ "

သမ္မာသင်္ကပ္ပဆိုသည်မှာ—အဝိဇ္ဇာနုသယကို အကြွင်းမဲ့ဖြတ်သော အခြင်းအရာအားဖြင့် ဖြစ်သော သမ္မာဒိဋ္ဌိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ ထို မဂ် သမ္မာဒိဋ္ဌိနှင့် သမ္ပယုတ်ဖြစ်သော မိစ္ဆာသင်္ကပ္ပကို အကြွင်းမဲ့ဖြတ်တတ် သတ်တတ်သော စိတ်ကို နိဗ္ဗာန်ဟူသော အာရုံသို့ ရှေ့ရှုတတ် စေလွှတ်တတ်သော မဂ္ဂင်သည် သမ္မာသင်္ကပ္ပ မည်၏။

### လက္ခဏာ စသည်

ထို သမ္မာသင်္ကပ္ပသည် မဖေါက်မပြန် သမ္မယုတ်စိတ်ကို နိဗ္ဗာန်အာရုံသို့ ရှေ့ရှုစေခြင်း **လက္ခဏာ** ရှိ၏။

သမ္မယုတ်တရားတို့ကို နိဗ္ဗာန်အာရုံ၌ သွင်းခြင်း **ကိစ္စ** ရှိ၏၊ မိစ္ဆာသင်္ကပ္ပကို ပယ်တတ်သောတရားဟု **ဉာဏ်အားရှေ့ရှု** ထင်လာ၏။

### (ဂ) " သမ္မာဝါစာ "

သမ္မာဝါစာဆိုသည်မှာ ဆိုအပ်ပြီးသော အပြားရှိသော မဂ်သမ္မာဒိဋ္ဌိဖြင့် ရှုသည်လည်းဖြစ်သော ဆိုအပ်ပြီးသော သမ္မာသင်္ကပ္ပဖြင့် နိဗ္ဗာန်အာရုံ၌ စိတ်ကိုတက်စေသည်လည်းဖြစ်သော ယောဂီ၏ ထိုသမ္မာသင်္ကပ္ပနှင့်သာလျှင် သမ္မယုတ်ဖြစ်သော ဝစီဒုစရိုက်လေးပါးကို အကြွင်းမဲ့ဖြတ်တတ် သတ်တတ်သော မိစ္ဆာဝါစာမှကြဉ်တတ်သော တရား ကြဉ်ခြင်းတရား ကြဉ်ကြောင်းဖြစ်သော တရားသည် သမ္မာဝါစာ မည်၏။

### လက္ခဏာ စသည်

ထိုသမ္မာဝါစာသည် နားထောင် နာယူသော သူတို့ကိုရင်း၊ သမ္မယုတ်တရားတို့ကိုရင်း သိမ်းဆည်းခြင်း **လက္ခဏာ** ရှိ၏။

မိစ္ဆာဝါစာမှ ကြဉ်ခြင်း **ကိစ္စ** ရှိ၏၊ မိစ္ဆာဝါစာကို ပယ်သတ်တတ်သော တရားဟု **ဉာဏ်အားရှေ့ရှု** ထင်လာ၏။

### (ဃ) " သမ္မာကမ္မန္တ "

သမ္မာကမ္မန္တဆိုသည်မှာ ဆိုအပ်ပြီးသော အပြားရှိသော သမ္မာဝါစာဖြင့် ကြဉ်သော ယောဂီ၏ ထိုဆိုအပ်ခဲ့ပြီးသော မဂ္ဂင်နှင့် ယှဉ်သည်သာလျှင် ဖြစ်သော မိစ္ဆာကမ္မန္တကို အကြွင်းမဲ့ဖြတ်တတ်သော ပါဏာတိပါတ စသော သုံးပါးသော ကာယဒုစရိုက်တို့မှ ကြဉ်တတ်သောတရား ကြဉ်ခြင်းတရား ကြဉ်ကြောင်းတရားသည် သမ္မာကမ္မန္တ မည်၏။

လက္ခဏာ စသည်

ထို သမ္မာကမ္မန္တသည် အပြစ်ကင်းသောကိုယ်ဖြင့် ပြုအပ်သော အမှုကို ကောင်းစွာဖြစ်စေခြင်း လက္ခဏာ ရှိ၏။

မိစ္ဆာကမ္မန္တမှ ကြဉ်ခြင်း ကိစ္စ ရှိ၏၊ မိစ္ဆာကမ္မန္တကို ပယ်သတ်တတ်သော တရားတည်းဟု ဉာဏ်အားရှေ့ရှု ထင်လာ၏။

(င) "သမ္မာအာဇီဝ"

သမ္မာအာဇီဝဆိုသည်မှာ ထို ဆိုအပ်ခဲ့ပြီးသော သမ္မာဝါစာ သမ္မာကမ္မန္တတို့၏ အထူးသဖြင့် စင်ကြယ်ကြောင်းဖြစ်၍ ဖြစ်သော ထို ဆိုအပ်ပြီးသော မဂ္ဂင်တို့နှင့် ယှဉ်သည်သာလျှင်ဖြစ်သော ကုဟန စသော ယုတ်မာ မှားယွင်းသော ပယောဂကို လွန်စွာ ဖြစ်စေတတ်သော အကြင် မိစ္ဆာဇီဝမှ ကြဉ်တတ်သော တရားသည် ရှိ၏၊ ထို မိစ္ဆာဇီဝမှ ကြဉ်တတ်သောတရား ကြဉ်ခြင်းတရားသည် ကြဉ်ကြောင်းတရားသည် သမ္မာအာဇီဝ မည်၏။

လက္ခဏာ စသည်

ထို သမ္မာအာဇီဝသည် ကိုယ်နှုတ်တို့ကို စင်ကြယ်စေခြင်း လက္ခဏာ ရှိ၏၊ ရှင်တော်ဘုရား စက်ဆုတ်တော်မူအပ်သော ကောင်းသော အသက်မွေးခြင်းကိုဖြစ်စေခြင်း ကိစ္စနှင့်ရှိ၏၊ မိစ္ဆာဇီဝ ကို ပယ်သတ်သော တရားဟု ဉာဏ်အားရှေ့ရှု ထင်လာ၏။

(စ) "သမ္မာဝါယာမ"

သမ္မာဝါယာမ ဆိုသည်မှာ- သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဟူသော သီလတည်းဟူသော မြေ၌ တည်ပြီးသော ထိုယောဂီ၏ ဆိုအပ်ပြီး မဂ္ဂင်အားလျော်သော ထိုမဂ္ဂင်နှင့်ယှဉ်သည်သာလျှင်ဖြစ်သော ပျင်းရိခြင်းကို ဖြတ်တတ်သော ဝီရိယသည် သမ္မာဝါယာမ မည်၏။

လက္ခဏာ စသည်

ထို သမ္မာဝါယာမသည် သမ္ပယုတ်တရားတို့ကို ချီးပင့်ခြင်း လက္ခဏာရှိ၏၊ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်း ကိစ္စ ရှိ၏၊ မိစ္ဆာဝါယာမကို ကြဉ်တတ်သောတရားဟု ဉာဏ်အားရှေ့ရှု ထင်လာ၏။

## (ဆ) " သမ္မာသတိ "

သမ္မာသတိဆိုသည်မှာ ဆိုအပ်ပြီးသောနည်းဖြင့် အားထုတ်အပ်သော ပုဂ္ဂိုလ်၏ ပြဆိုပြီးသော မဂ္ဂင်တို့နှင့် ယှဉ်သည်သာလျှင် ဖြစ်သော ကာယ ဝေဒနာ စသည်တို့၌ သုဘ စသော အခြင်းအရာကို မှတ်သည်၏အစွမ်းအား ဖြင့် ဖြစ်သော သုဘ သညာ စသည်လျှင် ရှေ့သွားရှိသော အကုသိုလ်ခန္ဓာ ဟူသော မိစ္ဆာသတိကို အကြွင်းမဲ့ဖျက်ဆီးတတ်သော စိတ်၏မေ့လျော့ခြင်း၏ ဆန့်ကြင်ဘက်ဖြစ်သော မမေ့မလျော့ခြင်းသည် သမ္မာသတိ မည်၏။

### လက္ခဏာ စသည်

ထို သမ္မာသတိသည် ရှည်မြင့်စွာက ပြုလုပ်ဘူးသော ပြောဆိုဘူးသော အာရုံသို့ ကပ်၍တည်ခြင်း လက္ခဏာ ရှိ၏၊ အာရုံကို သဘောအလျောက် မပေါက်မယွင်း မှတ်နိုင်ခြင်း ကိစ္စ ရှိ၏၊ မိစ္ဆာသတိကို ပယ်သတ်သောတရား ဟု ဉာဏ်အားရှေ့ရှု ထင်လာ၏။

## (ဇ) " သမ္မာသမာဓိ "

သမ္မာသမာဓိ ဆိုသည်မှာ ဆိုအပ်ပြီးသော နည်းဖြင့် လောကုတ္တရာ ဖြစ်သော သတိသည် ကောင်းစွာ စောင့်ရှောက်အပ်သောစိတ် ရှိသော ယောဂီ၏ ထိုပြအပ်ပြီးသော မဂ္ဂင်နှင့် ယှဉ်သည်သာလျှင် ဖြစ်သော မိစ္ဆာ သမာဓိကို အကြွင်းမဲ့ ဖျက်ဆီးတတ်သော တခုတည်းသော အာရုံ၌ စိတ်၏ တည်ကြည်ခြင်းသည် သမ္မာသမာဓိ မည်၏။

### လက္ခဏာ စသည်

ထို သမ္မာသမာဓိသည် မပျံ့လွင့်ခြင်း လက္ခဏာ ရှိ၏၊ သမ္ပယုတ် စိတ်ကို အညီအညွတ် အာရုံ၌ထားခြင်း ကိစ္စ ရှိ၏။

မိစ္ဆာသမာဓိကို ပယ်သတ်တတ်သော တရားပါတကားဟု ယောဂီ ဉာဏ်အားရှေ့ရှု ထင်မြဲလာ၏။

**ဆောင်ပုဒ်။** ။ ဒိဋ္ဌိ ကပ္ပါ သံ ဝါစာနှင့်၊ ကမ္မာဇီဝ၊ ဝိရိယ သတိ။
သမာဓိ ကောင်၊ ဤရှစ်ချက်၊ အဋ္ဌမဂ်ဟု ခေါ်သတည်း။ ။

ဤမဂ္ဂသစ္စာ၌ "**အယမေဝအရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ**"အရ အဋ္ဌင်္ဂိက မဂ္ဂ အင်္ဂါရှစ်ပါးရှိသော မဂ်ဆိုသည်မှာ၊ ၁ × စတုရင်္ဂိကာသေနာ-အင်္ဂါ လေးပါးရှိသော စစ်သည်။ ၂ × ပဉ္စင်္ဂိကံတူရိယံ - အင်္ဂါငါးပါး ရှိသော တူရိယာ ဆိုသကဲ့သို့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ စသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်သည် အဋ္ဌင်္ဂိကမဂ် မည်၏။

(အဋ္ဌ-ရှစ်၊ အင်္ဂိက-အစိတ်ရှိ၊ မဂ္ဂ-မဂ်၊ သမ္မာဒိဋ္ဌိစသော ရှစ်ပါးသော အစိတ်ရှိသော မဂ်ဟု ဆိုလို၏။)

ဤ၌ မဂ္ဂင်နှင့် မဂ်ကို တမျိုးစီ သိထားဘို့လို၏၊ မဂ္ဂင် ဆိုသည်မှာ သမ္မာ ဒိဋ္ဌိစသော တပါးစီ တပါးစီ၊ တခုစီ တခုစီ အစိတ်အပိုင်းကို သောတာပတ္တိ မဂ်စသော လောကုတ္တရာမဂ် ဖြစ်ပေါ်ခြင်း၏ အကြောင်း အင်္ဂါ အစိတ် အပိုင်းဖြစ်သောကြောင့် မဂ္ဂင် ဆိုသည်။

မဂ်··ဆိုသည်မှာ သမ္မာဒိဋ္ဌိ အစ, သမ္မာသမာဓိ အဆုံး, ရှစ်ပါးလုံး တပေါင်းတည်းကို " ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ "နှင့် အညီ၊ မောဟဒိဋ္ဌိစသော ကိလေသာကိုပယ်သတ်၍ နိဗ္ဗာန်ရပ်သို့ သွားတတ် သောကြောင့် မဂ်ဆိုသည်ဟု သိလေ။ တပါးစီကို မဂ္ဂင်ဆို၊ ရှစ်ပါးလုံးကို မဂ်ဟု ဆိုလေ။

---

**၁ × အင်္ဂါလေးပါးရှိသော စစ်သည်ကား—**

ဟတ္ထိ-ဆင်၊ အဿ-မြင်း၊ ရထ-ရထား၊ ပတ္တိက- ခြေသည်၊ (ဥယျောဓိက သိက္ခာပုဒ်အဘွင့်၊ သဒ္ဒါကျမ်း တထာဒ္ဓန္တေသုတ် တို့၌ လာ၏။)

**၂ × အင်္ဂါငါးပါးရှိသော တူရိယာကား—**

အာတတံ-တဘက်ပိတ်စည်၊ ဝိတတံ-နှစ်ဘက်ပိတ်စည်၊အာတတ ဝိတတံ-အလုံးစုံမြှေး၍ကြက်သောစည်၊သုသိရံ-အခေါင်းရှိသော နှဲ ပြွေ ပလွေ၊ ဃနံ-တခဲနက် စည်ပုတ် ခွက်ခွင်းစသော စည်။

(မူလ ပဏ္ဏ-ဋ္ဌ-တဏှာသင်္ခယ သုတ်၌လာ၏)

တနည်း—ခရသင်း ထက်စည် စည်ပုတ် ပတ်သာ။

## သမ္မာမဂ္ဂင် နှင့် မိစ္ဆာမဂ္ဂင်

သမ် သင် ဝါ ကမ် အာ ဝါ တိ ဓိ၊
သမ်မှတ်သိ၊ ပြန်ဘိ မိစ္ဆာမှတ်။ ။ နှင့်အညီ။

မဂ္ဂင်သည် သမ္မာ-မဂ္ဂင် မိစ္ဆာ-မဂ္ဂင်ဟု နှစ်မျိုးရှိရာ—

၁။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ—ဟူ၍ မှန်သော ကောင်းသော နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော သမ္မာမဂ္ဂင် ရှစ်ပါး။

၂။ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိ—ဟူ၍ မှားသော မကောင်းသော အပါယ်ရောက်ကြောင်း ဖြစ်သော မိစ္ဆာမဂ္ဂင် ရှစ်ပါး။

ဤလို အမှန်နှင့် အမှား, နိဗ္ဗာန်သွားနှင့် အပါယ်သွား တဲ့တဲ့ဆန့်ကျင်ဘက် ဒွန်တွဲနေသော တရားနှစ်မျိုးသည် ကမ္ဘာလောကကြီး၌ အမြဲတန်းရှိနေကြသည်ကို ဘုရားမြတ်စွာ စိန္တေယျာက ခွဲခြား၍ ဟောထားခဲ့သည်ဟု သိလေ။

....................

## အမှန်သိ နှင့် အမှားသိ

| ပါဠိလို | မြန်မာလို | ပါဠိလို | မြန်မာလို |
|---|---|---|---|
| သမ္မာဒိဋ္ဌိ | အမှန်သိ အမှန်မြင် | မိစ္ဆာဒိဋ္ဌိ | အမှားသိ အမှားမြင် |
| သမ္မာသင်္ကပ္ပ | အမှန်ကိုကြံ | မိစ္ဆာသင်္ကပ္ပ | အမှားကိုကြံ |
| သမ္မာဝါစာ | အမှန်ကိုဆို | မိစ္ဆာဝါစာ | အမှားကိုဆို |
| သမ္မာကမ္မန္တ | အမှန်ပြုလုပ် | မိစ္ဆာကမ္မန္တ | အမှားပြုလုပ် |
| သမ္မာအာဇီဝ | အမှန်အသက်မွေး | မိစ္ဆာအာဇီဝ | အမှားအသက်မွေး |
| သမ္မာဝါယာမ | အမှန်အားထုတ် | မိစ္ဆာဝါယာမ | အမှားအားထုတ် |
| သမ္မာသတိ | အမှန်အောက်မေ့ | မိစ္ဆာသတိ | အမှားအောက်မေ့ |
| သမ္မာသမာဓိ | အမှန်၌တည်ကြည် | မိစ္ဆာသမာဓိ | အမှား၌ တည်ကြည် |

မှတ်ချက်—ဤ၌ သမ္မာမဂ္ဂင်နှင့် မိစ္ဆာမဂ္ဂင် နှစ်ပါးတို့မှာ လောက၌ ရေနှင့်မီး, အကောင်းနှင့် အဆိုး, အမြတ်နှင့် အယုတ်, အလင်းနှင့် အမှောင် ကဲ့သို့ တဲ့တဲ့ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ကြနေကြသော တရားမျိုးတို့ပေတည်းဟု သိရှိကြပြီးလျှင် အမှောင်သည် အလင်းရောင်ရောက်ကကေန် ပျောက်ရသည်ဟု သိရှိကြတဲ့အတိုင်း မိမိတို့ သန္တာန်မှာ တသံသရာလုံးကမှ သမ္မာအလင်းရောင် မရောက်ခဲ့၍ တမှောင်ထဲမှောင်လာခဲ့သော မိစ္ဆာဒိဋ္ဌိ အမိုက်မှောင်ထုကို ယခုလက်ရှိဘဝ သေနေ့ကမဦးခင် သမ္မာဒိဋ္ဌိ အလင်းရောင်ကို ဆရာကောင်းကပ်၍ မိမိသန္တာန်မှာ ဖြစ်ပွားစေပြီးလျှင်၊ အဆိုပါ မိစ္ဆာအမှောင်ထုကို ဖြိုခွဲဖျက်ဆီး၍ပြစ်လိုက်ပါလျှင် မွေး သေ လွတ်သော နိဗ္ဗာန်အထိ တသံသရာလုံး လင်းသွားနိုင်ကြသည်ဟု သိရှိကြ၍ လင်းဖြစ်အောင် လင်းကြပါလေဟု တိုက်တွန်း နှိုးဆော်လိုက်ပါသည်။

**အဆိုပါ မဂ္ဂင် နှင့် မဂ်တို့မှာ—**

**ဥပမာဆိုသော် — ဘီး** တခုတည်းကိုဖြစ်စေ၊ **ဝင်ရိုး** တခုတည်းကိုဖြစ်စေ ဤလို တခုစီကို လှည်းအင်္ဂါမစုံသေး၍ လှည်းမဖြစ်သေး၊ လှည်းဟု မခေါ်ရသေး၊ ဘီး, ဝင်ရိုး, ထမ်းပိုး, လှည်းသန်, လှည်းအိမ် သူ့နေရာနှင့် သူ လှည်းအင်္ဂါစုံတဲ့ခါ လှည်းဖြစ်လာ၍ လှည်းဟု ခေါ်ရသကဲ့သို့၊ ထို့တူပမာ သမ္မာဒိဋ္ဌိစသော တပါးစီ တပါးစီကို မဂ်အင်္ဂါမစုံသေး၍ မဂ်ဟု မခေါ်ရသေး၊ အဆိုပါ သမ္မာဒိဋ္ဌိ။ ပ။ သမ္မာသမာဓိ ဤလိုရှစ်ပါးလုံး လိုလေသေးမရှိ တပေါင်းတည်းစုံလင်လာတဲ့ခါ မဂ်အင်္ဂါ စုံညီသွား၍ မဂ်ဖြစ်လာသောကြောင့် မဂ်ဟု ခေါ်ဆိုရသည်ဟု သိလေ။

လိုရင်းချုပ်မှာ-ခေါင်းတွဲသွားလျှင် နောက်တွဲတွေ ပါသကဲ့သို့၊ လောကီဘက်မှာဘဲ ဖြစ်ဖြစ်, လောကုတ္တရာဘက်မှာဘဲ ဖြစ်ဖြစ်, သမ္မာဒိဋ္ဌိမဂ္ဂင်ကောင်းကောင်းလှလှဖြစ်လျှင် နောက်မဂ္ဂင်(၇)ပါးတို့လည်း ဖြစ်ကြရလေတော့သည်၊ လောကုတ္တရာမဂ်ခဏမှာ တပြိုင်နက်ဖြစ်ကြသည်ဟု သိ။

## သီလ, သမာဓိ, ပညာ ၃–ပါး

အဆိုပါ မဂ္ဂင်ရှစ်ပါးတို့ကို သဇာတိက သီလဇာတ် သမာဓိဇာတ် ပညာဇာတ် ဇာတ်တူ သဘောတူရာ ပေါင်းရုံး သိမ်းကြုံး၍ ရေတွက်ပါလျှင်–

၁–သမ္မာဝါစာ။ ၂–သမ္မာကမ္မန္တ။ ၃–သမ္မာအာဇီဝ ဟူ၍ သီလ မဂ္ဂင် သုံးပါး။

(သီလက္ခန္ဓ သီလအစု သီလသိက္ခာ)

၁–သမ္မာဝါယာမ။ ၂–သမ္မာသတိ။ ၃–သမ္မာသမာဓိ ဟူ၍ သမာဓိ မဂ္ဂင်သုံးပါး။

(သမာဓိက္ခန္ဓ သမာဓိအစု သမာဓိသိက္ခာ)

၁–သမ္မာဒိဋ္ဌိ။ ၂–သမ္မာသင်္ကပ္ပ ဟူ၍ ပညာမဂ္ဂင် နှစ်ပါး။

(ပညာက္ခန္ဓ ပညာအစု ပညာသိက္ခာ)

ဤလို "သီလ-သမာဓိ-ပညာ" ဇာတ်တူရာ သဘောတူရာ ပေါင်းရုံး ရေတွက်ပါလျှင် မဂ္ဂင်ရှစ်ပါးဆိုသော်လည်း "သီလ-သမာဓိ-ပညာ" သုံးပါးသာ ရသည်ရှိသည်ဟု သိ။

ဤ "သီလ-သမာဓိ-ပညာ" သုံးပါးနှင့် လိုလေသေးမရှိ ပြည့်စုံနေလျှင် ဘယ်သူဘဲ ပြည့်စုံပြည့်စုံ ပြည့်စုံသောသူသည် မွေးသေလွတ်သော နိဗ္ဗာန် အထိ ရနိုင် ရောက်နိုင်၏၊ ရှေး ဘုရား ရဟန္တာ သာဝကတို့ဟာ ဤ "သီလ သမာဓိ-ပညာ" သုံးပါးနှင့် လိုလေသေးမရှိ ပြည့်စုံအောင် ဖြည့်ကျင့် အားထုတ်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ကြ ရကြရလေသည်ဟု သိ၍ ထိုဘုရား ရဟန္တာတို့လို မွေးသေလွတ်တဲ့ နိဗ္ဗာန်ကို ခုလို ရောက်လိုပါလျှင် အဆိုပါ "သီလ-သမာဓိ-ပညာ" သုံးပါးတို့ကို လိုလေသေးမရှိရအောင် ကျင့်ကြံ အားထုတ်ပါလေ ဟူလို။

မှတ်ချက်။ ။ ဤမဂ္ဂင်ရှစ်ပါး မဂ်တရားသည် နိဗ္ဗာန်သို့ စီးဝင်တတ်သော ကြောင့် သောတ မည်သတဲ့၊ ဤမဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံနေသောသူ သည် သောတာပန် မည်သတဲ့၊ သောတာပတ္တိ သံယုတ်၌ ဘုရား ဟောသည် မိမိလက်ရှိဘဝ အပါယ်လွတ်တရားရတဲ့ သောတာပန် ပုဂ္ဂိုလ် ဖြစ်လိုလျှင် မဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံအောင်ကျင့်လေ။

## သမထ, ဝိပဿနာ ၂—ပါး

တဖန် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ (၆)ပါးမှာ သမထ မဂ္ဂင်။

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ(၂)ပါးမှာ ဝိပဿနာ မဂ္ဂင်။

ဤလို ဤပုံ သမထဆိုင်ရာ ဝိပဿနာဆိုင်ရာ ခွဲဝေပါလျှင် မဂ္ဂင်ရှစ်ပါး ပြဆိုသော်လည်း သမထ, ဝိပဿနာ နှစ်ပါးတို့သာဟု သိ၊ ဤ သမထ ဝိပဿနာ နှစ်ပါးနှင့် ပြည့်စုံပါလျှင် ဘယ်သူဘဲပြည့်စုံပြည့်စုံ မဂ်ဖိုလ်နိဗ္ဗာန်ကို ရသည်ဟု သိ၊ ရှေးဘုရား ရဟန္တာတို့ဟာ ဤ သမထ ဝိပဿနာနှင့် ပြည့်စုံ သောကြောင့်သာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ကြ ရောက်နိုင်ကြသည်ဟု သိလေ မှတ်လေ။

## စရဏ ဝိဇ္ဇာ ၂—ပါး

တဖန် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ မဂ္ဂင်(၆)ပါးတို့မှာ စရဏ မဂ္ဂင်ဟုသိ။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မဂ္ဂင်(၂)ပါးတို့မှာ ဝိဇ္ဇာ မဂ္ဂင်ဟု သိ။ ဤလို စရဏ ဝိဇ္ဇာ ဆိုင်ရာ ခွဲဝေပါလျှင် မဂ္ဂင်ရှစ်ပါးဆိုသော်လည်း စရဏ ဝိဇ္ဇာ နှစ်ပါးတို့သာဟု သိ။

ဤ စရဏ ဝိဇ္ဇာ နှစ်ပါးနှင့်ပြည့်စုံပါလျှင် ဘယ်သူဘဲ ပြည့်စုံပြည့်စုံ မဂ်ဖိုလ်နိဗ္ဗာန်ရ၏ဟု သိ။

## နိဗ္ဗာန် မျက်မှောက်ပြု

ခြေနှင့် မျက်စိ—အဆိုပါ စရဏ ဝိဇ္ဇာ နှစ်ပါးတို့တွင် စရဏ သည် ခြေနှင့် တူ၍၊ ဝိဇ္ဇာ သည် မျက်စိ နှင့် တူ၏။

ဥပမာ—သွားခြင်းငှါ စွမ်းနိုင်သော ခြေကလည်းရှိ၊ မြင်ခြင်းငှါ စွမ်းနိုင်သော မျက်စိကလည်း ရှိသော ခရီးသွားယောကျ်ားသည် မိမိလိုရာ အရပ်ဒေသသို့ ပေါက်ရောက်အောင် သွားစွမ်းနိုင်သကဲ့သို့၊ ထို့တူပမာ နိဗ္ဗာန်သို့ ရောက်အောင် သွားစွမ်းနိုင်သော "သီလ-သမာဓိ-သမထ" ဟူသော စရဏ ခြေလည်းရှိ၊ နိဗ္ဗာန်ကို မြင်စွမ်းနိုင်သော ပညာ ဝိပဿနာ ဟူသော ဝိဇ္ဇာ မျက်စိလည်းရှိသော အရိယာ သာဝကသည် **ဝိပဿနာယာဉ်** ဖြင့် **ကာမသုခလ္လိကာနုယောဂ** ကို၊ **သမထယာဉ်** ဖြင့် **အတ္တကိလမထာနုယောဂ** ကို၊ ဤလို အယုတ်တရားနှစ်ပါး အစွန်းနှစ်ဘက်တို့ကို သမထ ဝိပဿနာတို့ဖြင့် ကြဉ်ဖယ်၍ အဆိုပါ အယုတ်တရားနှစ်ပါးတို့၏ အလယ်လမ်းမ ဗဟိုကြသော **မဇ္ဈိမပဋိပါဒ်** မဂ္ဂင်ရှစ်ပါး အကျင့်မြတ်ကို ကျင့်ကြံအားထုတ်သည်ရှိသော် **ပညာ** ဖြင့် **မသိမှု မောဟတုံး မောဟခဲ မောဟအစု** ကို၊ **သီလ** ဖြင့် **ဒေါသတုံး ဒေါသခဲ ဒေါသအစုကို၊ သမာဓိ** ဖြင့် **လောဘတုံး လောဘခဲ လောဘအစုကို** ဖေါက်ခွဲဖျက်ဆီးလျက် **သီလ, သမာဓိ, ပညာ,** သုံးပါးသော ပြည့်စုံခြင်းသို့ ရောက်၍ မအို မသေ အမြဲနေရသော အမြိုက်နိဗ္ဗာန်ကို လက်ရှိဘဝ၌ပင် မျက်မှောက်ပြုရလေတော့သတည်း။

ဤကား "သောခေါပနေသမဂ္ဂေါ။ပ။သိက္ခတ္တယသင်္ဂဟောတိ" ဆိုတဲ့ သမ္မောဟ သစ္စဝိဘင်းဖွင့်ကို မှီ၍ ဆိုလိုက်သည်။

....................

**ဝိမုတ္တိရသ တပါး**

ဘုရားမြတ်စွာ စိန္တေယျာသည် (၄၅)ဝါ ရှည်ကြာကာလ ဟောကြားဆုံးမအပ်သော ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်း လေးထောင်တို့ကို အဆီ ညှင်း၍ အနှစ်ထွင်ယူသည့်ပမာ လိုရင်းချုံး၍ အကျဉ်းရုံးပါလျှင် ဗောဓိပက္ခိယ တရား(၃၇)ပါး ၎င်းကို ချုံးပြန်လျှင် မဂ္ဂင် ရှစ်ပါး, ၎င်းကို ချုံးပြန်လျှင် သီလ-သမာဓိ-ပညာ သုံးပါး, ၎င်းကိုချုံးပြန်လျှင် 'ဝိမုတ္တိရသ' ခေါ်သော အရဟတ္တဖိုလ်တရားတပါးကိုသာ ရရှိလေတော့သည်။

အဆိုပါ မဂ္ဂင်ရှစ်ပါးကို ပွားများအားထုတ်ပါက ၎င်းမှ အရဟတ္တဖိုလ် တရား ထွက်ပေါ်လာသည်ဟု ဆိုလိုပေသည်။

.......... .........

## မဂ္ဂင်ရှစ်ပါး ယာဉ်ရထား

၁။ ဥဇုကော နာမ သော မဂ္ဂေါ၊ အဘယာ နာမ သာဒိသာ။
ရထော အကူဇနော နာမ၊ ဓမ္မစက္ကေဟိ သံယုတော။

၂။ ဟိရီ တဿ အပါလမ္ဗော၊ သတျဿ ပရိဝါရဏံ။
ဓမ္မံ ဟံ သာရထိ ဗြူမိ၊ သမ္မာဒိဋ္ဌိ ပုရေဇဝံ။ ။

၃။ ယဿ ဧတာဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
သ ဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ တိ။ ။

(ဒေဝတာသံယုတ် ရထုပမသုတ်)

၁။ အနက်။ ။ ဒေဝပုတ္တ၊ သမဏနတ်သား။ သော မဂ္ဂေါ၊ မဂ္ဂင်ရှစ်ပါး တရားရှစ်ခဏ်း ထိုတကြောင်းတည်းသော နိဗ္ဗာန်သွား ခရီးလမ်းသည်။ ဥဇုကော နာမ၊ အကောက်မသန်း အဖြောင့်တန်းဆုံးဖြစ်သောလမ်း မည်၏။ သာဒိသာ၊ ဘေးရန်ကင်းပြတ် နိဗ္ဗာန်တည်းဟူသော ထိုအရပ်သည်။ အဘယာ နာမ၊ တဏှာကျွတ်ရှင်း ဘေးရန်ကင်းသော အရပ် မည်၏။ ဓမ္မစက္ကေဟိ၊ ကာယိက ဝိရိယ စေတသိက ဝိရိယ ဟု ဆိုအပ်သော မယိုင် အယိမ်း ဓမ္မ စက်ဘီးတို့ဖြင့်။ သံယုတော၊ ကောင်းစွာမလွဲ ခိုင်မြဲသတ်မှတ် တပ်ယှဉ်အပ်သော။ ရထော၊ နိဗ္ဗာန်သို့သွား ယာဉ်ရထားသည်။ အကူဇနော နာမ၊ ရေဆီ လှည်းစာ မထိုးပါလည်း ကြိုးကြိုးကျီကျီ မကျိုးမမည်သော ရထား မည်၏။

၂။ ဟိရီ၊ ရှက် ကြောက် နှစ်ပါး ဟိရိဩတ္တပ္ပ တရားသည်။ တဿ၊ ထို မဂ္ဂင် ရှစ်ပါး ယာဉ်ရထား၏။ အပါလမ္ဗော၊ ခိုင်ခိုင်မြဲမြဲ မှီရာတကဲမည်၏။ သတိ၊ မလွန်မစောင်း အာရုံကောင်းကိုအောက်မေ့နိုင်တဲ့ သတိသည်။ အဿ၊ ထိုမဂ္ဂင်ရှစ်ပါး ယာဉ်ရထား၏။ ပရိဝါရဏံ၊ မလဲမယိုင် အမြဲခိုင်တဲ့ လှည်း ရံတိုင်မည်၏။ သမ္မာဒိဋ္ဌိ ပုရေဇဝံ၊ လောကီဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်လျှင် ရှေ့သွားရှိသော။ ဓမ္မံ၊ လောကုတ္တရာ သမ္မာဒိဋ္ဌိကို။ သာရထိ၊ မလွဲမတိမ်း

ရထားထိန်းဟူ၍။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဗြူမိ၊မဂ္ဂင်ရှစ်ပါးကို နိဗ္ဗာန်သွားတဲ့ ယာဉ်ရထားဟူ၍ ဟောတော်မူ၏။

၃။ ယဿဧတာဒိသံ ယာနံ၊ အကြင် မိန်းမအားရင်း။ ယဿပုရိသဿဝါ၊ အကြင် ယောကျ်ားအားရင်း။ တောဒိသံ၊ ဤသို့ သဘောရှိသော။ ယာနံ၊ မဂ္ဂင်ရှစ်ပါး ယာဉ်ရထားသည်။ အတ္ထိ၊ လက်ကိုင်မိမိ ကိုယ်၌ရှိ၏။ ဝေ၊ စင်စစ်ကေန် အမှန်။ သ သော ဧတ္ထိပုရိသော၊ ထိုမိန်းမ ယောကျ်ားသည်။ ဧတေန ယာနေန၊ ထို မဂ္ဂင် ရှစ်ပါး ယာဉ်ရထားဖြင့်။ နိဗ္ဗာနဿဝ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတဲ့ ဓာတ်သိမ်းရာမှန် ပြည်နိဗ္ဗာန်၏သာလျှင်။ သန္တိကေ၊ မုချမသွေ သွားရောက်နိုင်ကြလေသတည်း။

....................

## "မဂ် ခေါ်ရပုံ"

ဤ သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးတို့ကို ဘာ့ကြောင့် မဂ် ခေါ်ရသလဲ ဆိုတဲ့အမေး၌—

**၁။ နိဗ္ဗာနတ္ထံကေဟိ မဂ္ဂိယတိ ဂဝေသီယတီတိ မဂ္ဂေါ။**

(ကမ္ဘာသာဓနေ မဂ္ဂဓာတ် ဏ-ပစ္စည်း)

**၂။ မဂ္ဂတိ ဧမိနာ နိဗ္ဗာနံ ဂစ္ဆတီတိ ဝါ မဂ္ဂေါ။**

(ကတ္တုသာဓနေ မဂ္ဂဓာတ် ဏ-ပစ္စည်း)

**၃။ သယံ ဝါ နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတီတိ မဂ္ဂေါ။**

(ကတ္တုသာဓနေ မဂ္ဂဓာတ် ဏ-ပစ္စည်း)

**၄။ ကိလေသေ မာရေန္တော ဝါ နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ။**

ဤလို ဝိဂ္ဂဟ်ဝစနတ် ပြုပွါတ်အလာ ဤအရာကိုထောက်၍ မဂ် ဆိုရသည်ဟု ဖြေလေ။

### ၁–၂ စသော နံပါတ်စဉ်အတိုင်း ဘာသာပြန်များ

၁။ အကြင်မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားကို မွေးသေလွတ်တဲ့ နိဗ္ဗာန်ကို အလိုရှိသောသူတို့သည် ရှာမှီးအပ်၏၊ ထို့ကြောင့် မဂ်မည်၏၊မဂ်မည်သတဲ့၊ မဂ်ဟု ခေါ်ဆိုရသတဲ့။

၂။ တနည်း ဤမဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားဖြင့် နိဗ္ဗာန်သို့ ရောက်တတ်၏၊ ထို့ကြောင့် မဂ် မည်၏။

၃။ တနည်း မိမိဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါး တရားကိုယ်ကလဲဘဲ နိဗ္ဗာန်ကို ရှာတတ်၏၊ ထို့ကြောင့် မဂ် မည်၏။

၄။ တနည်း အကြင်မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည် ရုပ်နာမ်မှန်း မသိမှု မောဟ၊ ရုပ်နာမ်ကိုပင် ငါ့ကိုယ် အတ္တဟု ယူမှားမှု ဒိဋ္ဌိ, လောဘ ကြောင့်ဖြစ်သော ရုပ်နာမ်ကိုပင် ဖြဟ္မာ ပိဿကိုးနတ်တို့ဘုန်ဆင်း၍ဖြစ်တယ် ဆိုတာဘဲ ဟုတ်လေသလောဟုယုံမှားမှု ဝိစိကိစ္ဆာ၊ ဤ မောဟ, ဒိဋ္ဌိ,ဝိစိကိစ္ဆာ စသော ကိလေသာတို့ကို မဂ်၏ ရှေ့အဘို့မှာ တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန် ဖြင့် 'ပယ်သတ်၍ လောကုတ္တရာ မဂ်ခဏမှာ၊ ဝါ၊ ဒိဋ္ဌိကိလေသာ အပါယ် ခန္ဓာတို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာ နိရောဓသစ္စာ, နိဗ္ဗာန်ကို မျက်မှောက် မြင်သိနေတဲ့ လောကုတ္တရာ မဂ် ခဏမှာ သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ပယ်သတ်လျှက် အပါယ်လွတ်တဲ့နိဗ္ဗာန် မွေးသေလွတ်တဲ့နိဗ္ဗာန် ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းတဲ့နိဗ္ဗာန်ကို သွားတတ်၏၊ ထို့ကြောင့် မဂ် မည်၏။

ဤလို ဤပုံ ကိလေသာတို့ကို သတ်၍ နိဗ္ဗာန်သို့သွားတတ်သောကြောင့် မဂ် ဆိုရသည် ဟူလို။

**" အတု အစစ် "**

**'ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ'** ဟု ဋ္ဌကထာဆရာတို့ ဖွင့်ဆိုထားတာက ဝိဂ္ဂြိုဟ်ပြ ဝိဂ္ဂြိုဟ်တုမျှသာ ဖြစ်တယ်။

ဝိဂ္ဂြိုဟ်စစ်ကတော့....

**'ကိလေသေ မာရေတီတိ မော'** (မရ-ဓာတ် ရ-ပစ္စည်း)

**'နိဗ္ဗာနံ ဂစ္ဆတီတိ ဂေါ'** (ဂမု-ဓာတ် ကွိ-ပစ္စည်း) အရိယ မဂ်ကို ချည်း ရ၏။

**'မောစ သော ဂေါစာ တိ မဂ္ဂေါ'** ၎င်း ရ၏။

ပ-ဒု နှစ်ပိုကပ်မှာ ကတ္တုသာဓနေ ကိတ်ဝိဂ္ဂြိုဟ်၊ တ-မှာ ဝိသေသ နေ ဘယ ပဒ ကမ္မဓာရယ်သမာသ် ဝိဂ္ဂြိုဟ်မှတ်။

ဝိဂ္ဂဟ်နက်။ ။ယော ဓမ္မော၊ အကြင်မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည်။ ကိလေသေ၊ ကိလေသာတို့ကို။ မာရေတိ၊ သတ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောဓမ္မော၊သည်။ မော၊ မ မည်၏။

ယောဓမ္မော၊ အကြင်မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည်။ နိဗ္ဗာနံ၊နိဗ္ဗာန်သို့။ ဂစ္ဆတိ၊သွားတတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ သောဓမ္မော၊ သည်။ ဂေါ၊ ဂ မည်၏။

မောစ၊ ကိလေသာတို့ကို သတ်တတ်သည်လည်းဟုတ်၏။ သော၊ ထိုကိလေသာတို့ကိုသတ်တတ်၏ဟူသည်။ဂေါစ၊နိဗ္ဗာန်သို့သွားတတ်သည်လည်း ဟုတ်၏။ ဣတိ၊ထို့ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။

ဤ၌ မဂ္ဂ-ဆိုတဲ့ပုဒ်မှာ မ-တပုဒ် ဂ-တပုဒ် နှစ်ပုဒ်ခွဲထား။

(မ)က ကိလေသာကိုသတ်တဲ့အနက်ကို ဟော၏။

(ဂ)က နိဗ္ဗာန်ကိုသွားတဲ့အနက်ကို ဟော၏။

သဒ္ဒါစည်းကမ်းအရ ဂ-ကို ဒွေးဘော်ပြု(ဂ္ဂ)ဖြစ်လာ၏၊ ရှေ့က မ-နှင့် ပေါင်းသော် မဂ္ဂ ဟု ဖြစ်လာ၏၊ အောက် ဂ-တလုံးကိုချေ (ဂ)အထက် အသတ်တခွန်လွှား " မဂ် "ဟု ဖြစ်လာ၏။

ဆိုလိုရင်း အဓိပ္ပါယ်မှာ မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားကို ကျင့်ကြံ အားထုတ်တဲ့သူဟာ ဘယ်သူဘဲ အားထုတ် အားထုတ် မဂ္ဂင်ရှစ်ပါးစုံညီလာတဲ့ခါ မဂ်၏ရှေ့အဘို့မှာ မိမိမဂ်နှင့် ဆိုင်ရာဆိုင်ရာ ကိလေသာတို့ကို တဒင်္ဂပဟာန် စသည်ဖြင့် ပယ်သတ်၍ သခါရ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို မျက်မှောက်မြင်သိတဲ့ မဂ်ခဏ မဂ်ခဏတို့မှာ မိမိ မိမိတို့၏ မဂ်နှင့်ဆိုင်ရာ ကိလေသာတို့ကို အကြွင်း မထားဘဲ သမုစ္ဆေဒပဟာန်ဖြင့် ပယ်သတ်၍ မွေးသေလွတ်တဲ့ နိဗ္ဗာန်သို့ သွားတတ်သောကြောင့် မဂ်ဆိုသည် ဟု သိလေ။

### တနည်း—မဂ္ဂင် လက္ခဏာ တရားကိုယ်အရများ

| မဂ္ဂင် | လက္ခဏာ | တရားကိုယ်အရ |
|---|---|---|
| သမ္မာဒိဋ္ဌိမဂ္ဂင် | မဖေါက်မပြန်အမှန်ကိုသိမြင်ခြင်းလက္ခဏာရှိ၏ | ပညာစေတသိက် |
| သမ္မာသင်္ကပ္ပ | အမှန်သမ္ပယုတ်တရားတို့ကိုအာရုံသိတင်ခြင်း | ဝိတက် .... |
| သမ္မာဝါစာ | အမှန်ဝစီကံကို သိမ်းဆည်းခြင်း လက္ခဏာရှိ၏ | သမ္မာဝါစာ .... |
| သမ္မာကမ္မန္တ | အမှန်ကာယကံကိုသိမ်းဆည်းခြင်းလက္ခဏာရှိ၏ | သမ္မာကမ္မန္တ .... |
| သမ္မာအာဇီဝ | အမှန်အသက်မွေးခြင်းကို စင်ကြယ်စေခြင်း | သမ္မာအာဇီဝ.... |
| သမ္မာဝါယာမ | အမှန်ယှဉ်ဘက်တရားတို့ကို ချီးမြှောက်ခြင်း | ဝီရိယ .... |
| သမ္မာသတိ | အမှန်အာရုံ၌ ထင်စေခြင်းလက္ခဏာရှိ၏ | သတိ .... |
| သမ္မာသမာဓိ | အမှန်အာရုံ၌ တည်ကြည်ခြင်းလက္ခဏာရှိ၏ | ဧကဂ္ဂတာ .... |

....................

### တပါးတပါးလျှင် ၃—ကိစ္စ ၃—ကိစ္စစီ ဖြစ်ကြပုံ

**“ တေသု ဧကေကဿ တီဏိ တီဏိ ကိစ္စာနိ ဟောန္တိ ”**

ဆိုတဲ့ သစ္စဝိဘင်းအဖွင့် သမ္မော ဋ္ဌကထာနှင့်အညီ အဆိုပါ မဂ္ဂင်ရှစ်ပါးတို့သည် ဖြစ်ပေါ်လာကြကုန်သည်ရှိသော်- တပါး တပါးလျှင် သုံးကိစ္စ သုံးကိစ္စစီဖြစ်ကြကုန်သတဲ့၊ ဘယ်ပုံဖြစ်သလဲဆိုတဲ့အမေး၌—

သမ္မာဒိဋ္ဌိ အဖြစ်အမှန်ကိုသိတဲ့ သမ္မာဒိဋ္ဌိဖြစ်ပေါ်လာတဲ့ခါ မိမိခန္ဓာမှာ အမှန်ရှိနေတဲ့ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်ကိုရင်း၊ ၎င်း ရုပ်နာမ်တို့၏ မမြဲဆင်းရဲ အစိုးမရတဲ့ အနိစ္စ ဒုက္ခ အနတ္တ အချက်ကိုရင်း၊ ဒု-သ-နိ-မ ဆိုတဲ့ သစ္စာတို့ကိုရင်း သိမြင်ခြင်းကိစ္စ။ မိမိသမ္မာဒိဋ္ဌိနှင့် ဆန့်ကျင်ဘက် ရုပ် နာမ် လက္ခဏာ သစ္စာတို့ကို မသိတဲ့အဝိဇ္ဇာ မသိလို့ဘဲ ယုံမှားရှိနေတဲ့ ဝိစိကိစ္ဆာ, ငါကိုယ် အတ္တဟု ယူမှားနေတဲ့ အတ္တဒိဋ္ဌိတို့ကို ပယ်သတ်ခြင်းကိစ္စ၊ အဆိုပါ အဝိဇ္ဇာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာ ထိုကိလေသာတို့ကြောင့် ဖြစ်သော အပါယ်ခန္ဓာ ထိုကိလေသာခန္ဓာတို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာ တဖန်အသစ်မဖြစ်ရာ အသင်္ခတနိဗ္ဗာန်ကို အာရုံပြုခြင်းကိစ္စ၊ ဤလိုဤပုံ သုံးကိစ္စ ဖြစ်သည်ဟူလို။

**ထို့အတူ—သမ္မာသင်္ကပ္ပ** စသော ကျန် မဂ္ဂင်ခုနစ်ပါးတို့၌လည်း မိမိတို့၏ သမ္မာမဂ်နှင့်ဆိုင်ရာ အသီးအသီး ဖြစ်ပေါ်လာပုံ၊ သမ္မာမဂ်များ ဖြစ်ပေါ်လာတဲ့အခါကိုမှာလည်း မိမိတို့၏မဂ်များနှင့် တိုက်ရိုက် ဆန့်ကျင်ဘက်ဖြစ်နေကြတဲ့ မိစ္ဆာမဂ်များကို ပယ်သတ်ပုံ၊ နိဗ္ဗာန်အာရုံပြုပုံ၊ သုံးကိစ္စစီရှိပုံတို့ကို သမ္မာဒိဋ္ဌိ၌ ဆိုအပ်ခဲ့ပြီးသော နည်းကိုမှီ၍ နယဂ္ဂါဟ အားဖြင့် သိကြပါလေတော့ ဟူလို။

**တချက်ခုတ် ၃ ချက်ပြတ်၊** လောကမှာ ပြောကြတာက တချက်ခုတ် နှစ်ချက်ပြတ်ဟူ၍သာ ပြောကြသည်၊ အပြောများကြသည်၊ 'တချက်ခုတ် သုံးချက်ပြတ်' လို့တော့ မပြောကြဘူး၊ သို့ပေသည့် မဂ္ဂင်ရှစ်ပါး ယာဉ်ရထားကြီးကတော့ တပါးဖြစ်လျှင် သုံးပါး သုံးပါးစီ ကိစ္စပြီးစီးသွားသောကြောင့် တချက်ခုတ်လျှင် သုံးချက်ပြတ်တာ မဂ်ဆိုတဲ့ ဓါးသံလျက်ကြီးရှိသားဘဲဟု ပြောနိုင်ကြပြီမဟုတ်ပါလော။

### လာပြန်ပြီ တချက်ခုတ်လျှင် ၇–ချက် ၈–ချက်ပြတ်

အဆိုပါ မဂ္ဂင်ရှစ်ပါးတို့ဟာ **"သမ္မာဒိဋ္ဌိ ပုဗ္ဗင်္ဂမံ"**နှင့်အညီ၊ မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိမဂ္ဂင် ရှေ့သွားရှိတယ် ဆိုသောကြောင့် လောကီဘက်မှာ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက် အနိစ္စ,ဒုက္ခ,အနတ္တအစစ် ဒု-သ-နိ-မတို့သာ ဖြစ်၏ဟု တက်တတ်ထင်ထင် တွေ့တွေ့ကြီးသိမြင်တဲ့ လောကီ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပေါ်လာလျှင် ကျန် မဂ္ဂင်တို့လည်း အသီးအသီး လိုက်၍ ဖြစ်ကြရာ လောကုတ္တရာဘက်မှာလည်း အဆိုပါ ရုပ်နာမ်သင်္ခါရတို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မတွေ့မဝေ မျက်မှောက် မြင်သိသွားတဲ့ လောကုတ္တရာမဂ္ဂ သမ္မာဒိဋ္ဌိ ဖြစ်ပေါ်ခိုက်မှာ ကျန်မဂ္ဂင်တို့လည်း တပြိုင်နက် တချက်တည်း ဖြစ်ပေါ်လာကြရလေတော့သည်ဖြစ်၍ တချက်ခုတ်လျှင် ၇-ချက် ၈-ချက် ပြတ်ပင် ဖြစ်တော့၏။

ထို့ကြောင့်ပင်—

သမ္မာဒိဋ္ဌိကဿ ဘိက္ခဝေ၊ သမ္မာသင်္ကပ္ပော ပဟောတိ၊
၊ပ၊သမ္မာသမာဓိ ပဟောတိ။ ။ (မဂ္ဂသံယုတ်ပါဠိ)

**ဘာသာပြန်၊** ရဟန်းတို့—ခန္ဓာအတွင်းသား၌ တဖွားဖွား ဖြစ်ပျက်နေကြတဲ့ အတွင်းတရားတို့ကို အတွင်းသို့ဝင်၍ အတတ်သိမြင်နိုင်တဲ့ အတွင်းသိ

သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပေါ်နေသော ပုဂ္ဂိုလ်အား သမ္ပယုတ်တရားတို့နှင့်တကွ စိတ်ကို အာရုံသို့ တင်ပို့တတ်သော သမ္မာသင်္ကပ္ပမဂ္ဂင်လည်း ဖြစ်ပေါ်တော့သည်၊ ထိုအခိုက် ထိုအချိန်တွင် ဝစီကံမလွန်ကျူးတဲ့ သမ္မာဝါစာ၊ ကာယကံမလွန်ကျူးတဲ့ သမ္မာကမ္မန္တ၊ မိစ္ဆာဇီဝ မလွန်ကျူးတဲ့ သမ္မာအာဇီဝ၊ ဝိပဿနာအလုပ် တရားအားထုတ်ဘဲ့ သမ္မာဝါယာမ၊ ဝိပဿနာအာရုံ၌ အမှတ်တရ ဖြစ်နေတဲ့ သမ္မာသတိ၊ ထိုအာရုံ၌ပင် စူးစိုက် တည်ကြည်နေတဲ့ သမ္မာသမာဓိဘို့လည်း ဖြစ်ပေါ်နေတော့သည်။

### မီးရထား ဥပမာ

‘ ဥပမာ ဆိုသည်ရှိသော်-ရှေ့ဆုံးက မီးရထားခေါင်းတွဲကြီးသည် သူ့တွဲနှင့် သူ့ဘီး လိမ့်လိမ့်သွားတဲ့ခါ နောက်တွဲတို့ကလဲ သူ့တွဲနှင့် သူ့ဘီး လိမ့်လိမ့် လိုက်ကြဘိသကဲ့သို့၊ ထို့တူပမာ သမ္မာဒိဋ္ဌိမဂ္ဂင်ဟာ ဝိပဿနာ၏ အာရုံဖြစ်တဲ့ ရုပ်နာမ်ဖြစ်ပျက်အဆက်ဆက် အနိစ္စ ဒုက္ခ အနတ္တအခ် ဒုသ အချက်တို့ကို သိမြင်ခြင်းကိစ္စ တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာဒိဋ္ဌိကို ပယ်သတ်ခြင်းကိစ္စ နိဗ္ဗာန်ကို အာရုံပြုခြင်းကိစ္စ မိမိကိစ္စကို ဆောင်ရွက်သွားတဲ့ခါ နောက်တွဲတွေနှင့်တူနေတဲ့ ကျန်မဂ္ဂင် ၇-ပါးတို့လဲဘဲ မိမိကိစ္စကို အသီးအသီး ဆိုင်ရာဆိုင်ရာ ဆောင်ရွက်သွားကြလေတော့သည်။

သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရှေ့ဆုံးမီးရထားခေါင်းတွဲကြီးကဲ့သို့ ကျန်မဂ္ဂင် ၇-ပါးကို နောက်တွဲများကဲ့သို့ သိမှတ်ကြပါလေ ဟူလို။

…………………

### မဂ္ဂင်ရှစ်ပါး အစဉ်ထား၍ ဟောကြားပုံ

အဆိုပါ မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာသင်္ကပ္ပ သည်ကို ရှေ့မထားဘဲ သမ္မာဒိဋ္ဌိကို ရှေ့ဆုံးထား၍ ဘာ့ကြောင့် ဟောကြားတော်မူခဲ့ပါသလဲဆိုကဲ့ အမေး၌—

(၁) “ သမ္မာဒိဋ္ဌိ ”

သမ္မာဒိဋ္ဌိသည် သိမြင်စရာဟူသမျှကို သိမြင်တတ်သော လောကီပညာ လောကုတ္တရာပညာ တရားမျိုးဖြစ်၍ မဂ်ဉာဏ်ရှေ့အဘို့မှာ ရုပ် နာမ် ဖြစ် ပျက်

အဆက်ဆက် အနိစ္စ, ဒုက္ခ, အနတ္တ အစစ် ဒု–သ–နိ–မ သစ္စာတို့ကို တတ်ထတ် ထင်ထင် တွဲတွဲကြီးသိမြင်ပြီးလျှင် ထိုအချက်တို့ကို သက်သက်မသိ မရိပ်မိတဲ့ မောဟအဝိဇ္ဇာကို ဖျက်ဆီး၍ ကိလေသာတည်းဟူသော ရန်သူကို သတ်လျက် ယောဂီသည် ကိလေသာရန်ဘေး တည်းဟူသော ဘေးမရှိရာ နိဗ္ဗာန်သို့ ဖြောင့်တန်းစွာ ရောက်ရှိလေတော့သည်။

"**သမ္မာဒိဋ္ဌိ ပုရေဇဝေါ၊ သမ္မာဒိဋ္ဌိ ပုဗ္ဗင်္ဂမော**"နှင့် အညီ၊ ဝဋ်မှ ထွက်ရာ မဂ်ဖိုလ်နိဗ္ဗာန်ကိုရခြင်း ရောက်ခြင်း၌ ကျေးဇူး အားထုတ်သော သူအား အထူးကျေးဇူးများလှသောကြောင့် သမ္မာဒိဋ္ဌိကိုရှေ့ဆုံးထား၍ ဟောကြားတော်မူသည်ဟု သိလေ မှတ်လေ။

## (၂) "သမ္မာသင်္ကပ္ပ"

သမ္မာဒိဋ္ဌိသည် သမ္မာသင်္ကပ္ပနှင့် ကင်း၍ မဖြစ်နိုင်ပေ၊ အဘယ့်ကြောင့်ဆိုသော်-ပန်းတိမ်ဆရာ၏ မျက်စိနှင့် ပန်းတိမ်ဆရာ၏ လက်သည် ကင်း၍ မဖြစ်နိုင်သကဲ့သို့ပေတည်း၊ အသို့ဖြစ်သနည်း၊ **ပန်းတိမ်ဆရာ၏ မျက်စိသည်** ရွှေ ငွေ၏ ကောင်း,မကောင်း မှန်,မမှန် စစ်,မစစ် ကိုသာ သိတတ်၏၊ သိနိုင်၏၊ ထို ရွှေငွေကို အောက်-အထက် ပြောင်းပြန်လှန်၍ကား မကြည့်တတ်၊ မကြည့်နိုင်ပေ၊ **ပန်းတိမ်ဆရာ၏လက်သည်** ထို ရွှေ ငွေကို အောက် အထက် ပြောင်းပြန်မှုကား လှန်နိုင်၏၊ ကောင်း မကောင်း, မှန် မမှန်, စစ် မစစ်ကိုကား မသိတတ်ပေ။ (ဤကား-ဥပမာ)

**ထို့တူပမာ** သမ္မာဒိဋ္ဌိသည် ရုပ်နာမ်ဖြစ်ပျက်ကိုကား သိတတ်၏၊အာရုံသို့ ရောက်အောင်ကား မတင်ပို့နိုင်ပေ။

သမ္မာသင်္ကပ္ပသည် အာရုံသို့ကား တင်ပို့နိုင်ပါ၏၊ ရုပ် နာမ် ပျက် ဖြစ်ကိုကား မသိမမြင်နိုင်ပေ၊ ရွှေပန်းတိမ်သည်၏ မျက်စိနှင့် သမ္မာဒိဋ္ဌိ တူ၏၊ ရွှေပန်းတိမ်သည်၏ လက်နှင့် သမ္မာသင်္ကပ္ပ တူ၏။

သမ္မာသင်္ကပ္ပ ဝိတက်က ရုပ် နာမ် အာရုံသို့ တင်ပေးမှသာ သမ္မာဒိဋ္ဌိ ပညာက ဤကား-ရုပ်, ဤကား-နာမ် ဟု အမှန်ကို ဆုံးဖြတ်၍ သိ၏၊ ဤကား-အနိစ္စ, ဤကား-ဒုက္ခ, ဤကား-အနတ္တ ဟု အမှန်ကိုလည်း ဆုံးဖြတ်၍ သိ၏၊ ဤ ရုပ်နာမ်တွေဟာ ဥပါဒ်-ဋ္ဌီ-ဘင် မကင်းတဲ့ တရား

တွေ့ဘဲလို့လဲ သိ၏၊ ဥပါဒ်-ဋ္ဌီ-ဘင် မကင်းတဲ့တရား မှန်သမျှ ဘယ်တရားမှ နိစ္စ သုခ အတ္တ မရှိဘူး၊ အားလုံး အနိစ္စ ဒုက္ခ အနတ္တ, မမြဲ ဆင်းရဲ အစိုး မရတဲ့တရားတွေချည်းဘဲလို့ သိ၏။

ဤလိုဆုံးဖြတ်၍သိနိုင်တာလဲ သမ္မာသင်္ကပ္ပ ဝိတက်က အာရုံသို့တင်ပေး၍ သာ သိမြင်ဆုံးဖြတ်နိုင်ပေသည်။

ဤလိုဤပုံ သမ္မာဒိဋ္ဌိအား ကျေးဇူးများသောကြောင့် ၎င်း၏အခြားမဲ့၌ သမ္မာသင်္ကပ္ပကို ဟောတော်မူသည်ဟု သိလေ။

## (၃) "သမ္မာဝါစာ"

သမ္မာသင်္ကပ္ပသည် သမ္မာဒိဋ္ဌိအား ကျေးဇူးများသကဲ့သို့ ထို့အတူ သမ္မာဝါစာ အားလည်း ကျေးဇူး များပေ၏၊ များပုံကား—လောကမှာ မည်သူမဆို မည်သည့်စကားကိုဘဲ ပြောပြော ရှေးဦးစွာ ဤမည်သော စကားကို ပြောမည်ဟု စိတ်ဖြင့်ကြံ၍ နောက်မှ နှုတ်ဖြင့် ပြောဆိုသကဲ့သို့ ပြောဆိုရ၏၊ ထို့ကြောင့် သမ္မာသင်္ကပ္ပ၏ အခြားမဲ့၌ သမ္မာဝါစာကို ဟောတော်မူသည်။

## (၄) "သမ္မာကမ္မန္တ"

ထို့အတူ—မည်သူမဆို မည်သည့်အမှုကိုဘဲ ပြုလုပ်ပြုလုပ် ရှေးဦးစွာ ဤမည်သောအမှုကို ပြုလုပ်မည်ဟု နှုတ်ဖြင့် စီစဉ်ပြီးမှ ထိုထိုအမှုကို ပြုလုပ်ကြရ၏၊ ထို့ကြောင့် သမ္မာဝါစာ၏ အခြားမဲ့၌ သမ္မာကမ္မန္တကို ဟောတော်မူသည်။

## (၅) "သမ္မာအာဇီဝ"

ဝစီဒုစရိုက်လေးပါး, ကာယဒုစရိုက်သုံးပါး, ပေါင်း ဒုစရိုက် ခုနစ်ပါး တို့ကိုပယ်၍ ဝစီသုစရိုက် လေးပါး, ကာယသုစရိုက်သုံးပါး, ပေါင်းသုစရိုက် ခုနစ်ပါးတို့ကို ကျင့်သောသူအား သာလျှင် အာဇီဝလျှင် ရှစ်ခုမြောက် ရှိသော သီလတို့၏ ပြည့်ကြောင်းဖြစ်သော **အာဇီဝဋ္ဌမကသီလ** သည် အကျင့် ကြောင့် ပြည့်စုံ၏၊ အဆိုပါ သီလနှင့် မပြည့်စုံသောသူအား သီလသည် မပြည့်စုံ၊ ထို့ကြောင့် သမ္မာကမ္မန္တ၏ အခြားမဲ့၌ သမ္မာအာဇီဝကို ဟော တော်မူသည်။

## (၆) "သမ္မာဝါယာမ"

တဖန်—ငါ၏အာဇီဝသုဒ္ဓိသီလ စင်ကြယ်လှပြီဟူ၍ အာဇီဝစင်ကြယ်ကာမျှဖြင့် "န သီလမတ္တကေန" နှင့်အညီ၊ ရောင့်ရဲ တင်းတိမ် အားရကျေနပ်၍ မနေအပ်သေး၊ သီလစင်ကြယ်ရုံမျှနှင့် မဂ်ကိစ္စ ဖိုလ်ကိစ္စမပြီးသေး၊ ဣရိယာပုတ် လေးပါးတို့၌ မီးပွတ်သောယောကျ်ား ကဲ့အလားသို့ နေ့မနား ညဥ့်မနား သမထ ဝိပဿနာ ဟူသော ရဟန်းတရားကို ကြိုးကြိုးစားစား အားထုတ်ရမည်ဟု ပြတော်မူလို၍ အာဇီဝ၏ အခြားမဲ့၌ သမ္မာဝါယာမကို ဟောတော်မူသည်။

## (၇) "သမ္မာသတိ"

တဖန်—ထိုနောက် အားထုတ်အပ်သော ဝိရိယရှိသော ယောဂီအားသာလျှင် ရူပကာယ အစရှိကုန်သော လေးပါးသော ဝတ္ထုရုပ် မဟာဘုတ်တို့၌ သတိကို ကောင်းစွာထင်သည်ကို ပြုအပ်သည်ဟု ပြတော်မူလို၍ သမ္မာဝါယာမ၏ အခြားမဲ့၌ သမ္မာသတိကို ဟောတော်မူသည်။

## (၈) "သမ္မာသမာဓိ"

တဖန်—ဤလို ကောင်းစွာထင်သော သတိရှိသောယောဂီသည် သမာဓိအား ကျေးဇူးရှိသည် မရှိသည်ကို စူးစမ်းဆင်ခြင်၍ တခုတည်းသောအာရုံ၌ စိတ်ကို ကောင်းစွာထားခြင်းငှါ စွမ်းနိုင်၏ဟု ပြတော်မူလို၍ သမ္မာသတိ၏ အခြားမဲ့၌ သမ္မာသမာဓိကို ဟောတော်မူသည်။

(ဤပုံ အစဥ်ထား၍ ဟောတော်မူသည် ဟူလို)

## အင်္ဂုဂိကမဂ်နှင့် ပဋ္ဌဂိကမဂ်

မဂ်သည် အင်္ဂုဂိကမဂ် ပဋ္ဌဂိကမဂ်ဟု နှစ်မျိုးရှိရာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ စသော ရှစ်ပါးလုံးကို အင်္ဂုဂိကမဂ်ဆို၍ အဆိုပါ ရှစ်ပါးတို့တွင် "ဝါစာ ကမ္မံ အာဇီဝံ သုံးတန်ပယ်ချ ပဋ္ဌဂိက" ဆိုတဲ့အတိုင်း ဝါစာ ကမ္မံ အာဇီဝံ သုံးပါးကို ပယ်ချထား၍ ကျန်ငါးပါးကို ပဋ္ဌဂိက မဂ် ဆိုသည်ဟု သိ၊ အဘယ့်ကြောင့်ဆိုသော်—ဝါစာ ကမ္မံ အာဇီဝံတို့မှာ လောကီမဟာကုသိုလ် စိတ်၌ ယှဉ်တဲ့ခါ ရံခါ အသီးအသီးသာယှဉ်၍ လောကုတ္တရာစိတ်၌ ယှဉ်တဲ့ ခါ၊ တပြိုင်နက် ယှဉ်ကြသော ဝိရတီစေတသိက်များ ဖြစ်သောကြောင့် ပေတည်း၊ ထို့ကြောင့် အင်္ဂုဂိကမဂ်ကို လောကုတ္တရာ၊ ပဋ္ဌဂိကမဂ်ကို လောကီမှတ်လေ။

## သမ္မာဒိဋ္ဌိ ၅—မျိုးရှိ

အဆိုပါ မဂ္ဂင်ရှစ်ပါးတွင် တွက်ကျုံးဝင်သော သမ္မာဒိဋ္ဌိသည်—

၁၊ ကမ္မဿကတ သမ္မာဒိဋ္ဌိ။
၂၊ ဝိပဿနာ သမ္မာဒိဋ္ဌိ။
၃၊ မဂ္ဂ သမ္မာဒိဋ္ဌိ။
၄၊ ဖလ သမ္မာဒိဋ္ဌိ။
၅၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ ဟု (၅)မျိုးရှိသည်။

တနည်း—ဈာနသမ္မာဒိဋ္ဌိကိုထည့်၍(၆)မျိုးရှိသည်။

ဈာနသမ္မာဒိဋ္ဌိမှာ ဈာန်ကိုအခြေခံ၍ မဂ် ဖိုလ် နိဗ္ဗာန်ကို ကူးသွားနိုင် သောကြောင့်-ဈာနသမ္မာဒိဋ္ဌိဆိုသည်ဟု သိ။

ထို့ကြောင့်ပင်—

ပဋ္ဌဝိဓာ သမ္မာဒိဋ္ဌိ ကမ္မဿကတ သမ္မာဒိဋ္ဌိ
ဝိပဿနာသမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိ
ဖလသမ္မာဒိဋ္ဌိ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိစာတိ။

ဟု—ကေအင်္ဂုတ္တိုရ်ဋ္ဌ ၌ လာ၏။

ဘာသာပြန်—အဟုတ်အမှန်ကို သိမြင်တတ်သော ဉာဏ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိသည် ရတနာသုံးတန် ကံ-ကံ၏အကျိုးကို သိ၍ ကံသာလျှင် မိမိ

ဥစ္စာအစစ် ကေန်ဖြစ်၏ဟု သိမြင်တတ်သော ကမ္မဿကတ သမ္မာဒိဋ္ဌိ ရှင်နာမ်ဖြစ်ပျက် အဆက်ဆက် အနိစ္စ ဒုက္ခ အနတ္တ အစစ်တို့ကို တတ်တတ် ထင်ထင် တဲ့တဲ့ကြီးမြင်သိတတ်တဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိ သခ်ါရတို့၏ ချုပ် ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်မြင်သိသွားနိုင်တဲ့ မဂ္ဂသမ္မာဒိဋ္ဌိ၊ ငြိမ်းအေး သော နိဗ္ဗာန်ကို ငြိမ်းအေးသည်ဟု တဲ့တဲ့အာရုံပြုနေနိုင်တဲ့ ဖလသမ္မာဒိဋ္ဌိ၊ "မဂ် ဖိုလ် နိဗ္ဗာန် ပယ်ကျန် ကိလေ" ကိုကို ဆင်ခြင်ရှုသိတဲ့ ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ၊ ဤပုံ ငါးပါး အပြားရှိ၏။

## ဝိပဿနာသမ္မာဒိဋ္ဌိ အထူးဟုသိ

ထိုတွင် မည်သူမဆို ဝိပဿနာသမ္မာဒိဋ္ဌိ လက်ကိုင်ရှိလျှင် ဝိပဿနာ အလုပ်ကို မပြတ်မလပ် အားထုတ်နေပါက လက်ရှိဘဝ၌ပင် အရဟတ္တ မဂ်ဖိုလ်သို့သော်လဲ ရောက်နိုင်သတဲ့၊ အကယ်၍ လက်ရှိဘဝ မရောက် မရစေ ကာမူ-ခုနစ်ခုမြောက်သော ဘဝမှာ ကေန် အရဟတ္တဖိုလ်ဟူသော အကျိုးကို ပေးနိုင်သတဲ့။

ထို့ကြောင့်ပင်—

**သစေဝိပဿနာ သမ္မာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝဓမ္မေ**
**အရဟတ္တံ ပါပေတုံ သက္ကောတိ။**
**ဋ္ဌစေ့တံ ကုသလံ နောစေသက္ကောတိ သတ္တဘဝေဒေတိ။**
(ရင်း၌ကထာ)

**အနက်။ ။ အာဝုသော၊** ဝိပဿနာအလုပ် အားထုတ်ကြတဲ့ ယောဂီဖြူ သူမြတ်အပေါင်းတို့။ **အာရဗ္ဘထ၊** ဝိပဿနာအလုပ် တရား အားထုတ်မှုကို ဝမ်းမြောက် ဝမ်းသာ စေတနာသဒ္ဓါတရားရှိရှိနှင့် ကိုယ်ဖိ ရင်ဖိ ကြိုးစား မယုတ် ပွားများအားထုတ်ကြပါကုန်လော့။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဖြစ်ခိုက် ဖြစ်ဆဲ ဖြစ်ပေါ်ဆဲ ခန္ဓာကိုယ် အတွင်းသားထဲ၌ တဖွားဖွားဖြစ်ပျက်နေကြတဲ့ အတွင်းတရားတို့ကို အတွင်း သို့ဝင်၍ သိနိုင်တဲ့ အသိဉာဏ်ခေါ်သော ဝိပဿနာ သမ္မာဒိဋ္ဌိသည်။ ဝါ၊ကို။ ဘာဝိတာ၊ နှေးသော ညဉ့်သော သဘောမထား ကြိမ်ဖန်များစွာ အခါခါ ပွါးများမယုတ် အားပါးထုတ်အပ်သည်ရှိသော်။ ဒိဋ္ဌေဝဓမ္မေ ဋ္ဌမသ္မိံ့ယေဝ အတ္တဘာဝေ၊ ရှေးဘဝ ရှေးဘဝတွေကိုပင် အကြွေးအငန်းမထားတော့ဘဲ

ယခု မျက်မှောက် လက်ရှိဘဝ၌ဘဲ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ဝါ၊ ရဟန္တာအဖြစ်သို့။ ပါပေတုံ၊ ရောက်စေရစေခြင်းငှါ။ ဝါ၊ ရောက်အောင် ရအောင် အားထုတ်ခြင်းငှါ။ သစေသက္ကောတိ၊ အကယ်၍ စွမ်းနိုင်သည် ဖြစ်ငြားအံ့။ ဣစ္စေတံ၊ ဤသို့စွမ်းနိုင်လျှင်။ ကုသလံ-သုန္ဒရံ၊ ကောင်းလှပါပေ၏။ နောစေသက္ကောတိ၊ အားထုတ်မှု လျော့၍ဖြစ်စေ သို့မဟုတ် ပညိန္ဒြေ နုသေး၍ဖြစ်စေ လက်ရှိဘဝ ရဟန္တာဖြစ်အောင် မစွမ်းနိုင်သေးသည် ဖြစ်ငြားအံ့။ သတ္တဘဝေ၊ ဝိပဿနာဉာဏ် အမြင်မှန်ရတဲ့ ယခုလက်ရှိဘဝမှစ၍ နောက် ခုနစ်ဘဝလောက်၌။ ဒေတိ၊အရဟတ္တဖိုလ်အကျိုးကိုပေး၏။ပေးမည် မုချ ကေန္တ တဲ့....။ အဲဒါကြောင့် ဝမ်းမြောက် ဝမ်းသာ အားထုတ်ကြ ပါတဲ့၊ တရားအားထုတ်သူတိုင်း လွန်စွာလွန်စွာ အားတက်ဘွယ်ကောင်းတဲ့ သာဓကတရပ်ဘဲဆိုတာ မေ့မပြစ်ကြလေနှင့် ဟရို့။

**မှတ်ချက်။** ။ သမ္မာဒိဋ္ဌိ ငါးမျိုးဆိုသော်လည်း ဗုဒ္ဓဘာသာလူမျိုး တို့မှာ အထိုက်အလျောက် နံပါတ် (၁) ဖြစ်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိကို တော့ လက်ကိုင်ရရှိကြပြီးသားဖြစ်နေကြပြီ၊ ကျန် လေးပါးတို့တွင် လည်း " မဂ္ဂ ဖလ ပစ္စဝေက္ခဏာ " သုံးပါးတို့မှာ မဂ်စိတ်တချက်တွင် အကုန်လုံးပါဝင်ကြပြီးဖြစ်၍ တမင်သက်သက် အားထုတ်ဘွယ်မရှိ၊ နံပါတ်(၂)ဖြစ်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ တခုကိုသာ ကြိုးစား အား ထုတ်ဘို့လိုသည်၊၎င်းကို သေနေ့အဆုံးထား၍ကြိုးစားမယ်ဆိုပါလျှင် လက်ရှိဘဝ၌ပင် ငါးပါးလုံးစုံ၍ ရွှေဘုံနိဗ္ဗာန်၌အငြိမ်းစံရမည်ဟုသိ၍ ဝါ၊ရိပ်စားမိ၍ သူ့ထက်ငါ နောက်မကျရအောင် နင်လား ငါလား အားထုတ်ကြပါရန် အကျိုးမျှော်၍ နှိုးဆော်လိုက်ပါသည်။

....................

## နိဗ္ဗာန်ဆိုက်ရောက် မျက်မှောက်ပြုနိုင်

အဆိုပါ မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားကို နေ့ညမခြား ကြိုးစားမယုတ် ပွါးများအားထုတ်သည်ရှိသော်-လက်ရှိဘဝ၌ပင် နိဗ္ဗာန်ဆိုက်ရောက် မျက် မှောက် ပြုနိုင်ကြောင်းကို....

အင္ဂိကံ မဂ္ဂံ ဘာဝေန္တော ဘိက္ခု အဝိဇ္ဇံ ဘိန္ဒတိ၊
ဝိဇ္ဇံ ဥပ္ပါဒေတိ နိဗ္ဗာနံ သစ္ဆိကရောတိ၊
တေန ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခဿန္တကရောဟောတိ။ ။
(ခုဒ္ဒကဋ္ဌကထာ၌ပြဆိုထား၏)

**အနက်**။ ။ အင္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ ဣမံမဂ္ဂံ၊ ဤမဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားကို။ ဘာဝေန္တော၊ ပွါးများအားထုတ်သော။ ဘိက္ခု၊ ယောဂီ ရဟန်းသည်။ အဝိဇ္ဇံ၊ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက် အနိစ္စ ဒုက္ခ အနတ္တ အစစ် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသာဖြစ်၏ဟု သက်သက်မသိ မရိပ်မိတဲ့ အဝိဇ္ဇာကို။ ဘိန္ဒတိ၊ ဝိပဿနာဉာဏ်လက်နက်ဖြင့် ညက်ညက်ကြေအောင် ပယ်သတ်ဖျက်ဆီး၏။ ဝိဇ္ဇံ၊ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက် အနိစ္စ ဒုက္ခ အနတ္တအစစ် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသာဖြစ်သည်ဟု တတ်တတ် ထင် ထင် တဲ့တဲ့ကြီး သိမြင်တဲ့ ဝိဇ္ဇာကို။ ဥပ္ပါဒေတိ၊ ဖြစ်ပေါ်စေ၏။ တေန၊ ထို့ကြောင့်။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ နိဗ္ဗာနံ၊ ဖြစ်ပျက်မနား ရုပ် နာမ် သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို။ သစ္ဆိကရောတိ၊အာရုံပြုသော အားဖြင့် မျက်မှောက်ပြုတော့၏။ တေန၊ ထိုယောဂီသည်။ ဒိဋ္ဌေဝ ဓမ္မေ၊ လက်ရှိဘဝ၌သာလျှင်။ ဒုက္ခဿန္တကရော၊ မွေးသေဖြစ်ပျက် သံသရာဝဋ်၏ အဆုံးကို ပြုနိုင်တော့သည်။ ဝါ၊ မွေးသေလွတ်တဲ့ နိဗ္ဗာန်ထုတ်ချောက် ရောက်တော့သည်။ ဟောတိ၊ မုချမသွေ ဖြစ်တော့လေ၏။

( ဤကား—တန္ဒယ်ငင် တစင်ပါဆိုတာလို မဂ္ဂင်နှင့် ဆိုင်ရာကို ပြဆိုခြင်းတည်း)

---

## အပိုင်း ( ၄ )

### အနုပဋိဝေဓ သစ္စာဉာဏ် ၂—ပါး

သစ္စာကို သိသောဉာဏ်သည် အနုဗောဓဉာဏ် ပဋိဝေဓဉာဏ်ဟု နှစ်မျိုး ရှိရာ အနုဗောဓဉာဏ်မှာ လောကီဖြစ်၍ သူတပါးထံမှ တဆင့်ကြား အစွမ်း အားဖြင့် နိရောဓသစ္စာ၌ရင်း, မဂ္ဂသစ္စာ၌ရင်း ဖြစ်၏၊ ပဋိဝေဓဉာဏ်မှာ လောကုတ္တရာဖြစ်၍ နိရောဓသစ္စာ နိဗ္ဗာန်ကိုအာရုံပြု၍ သစ္စာလေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍သိ၏။

ထို့ကြောင့်—

ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ ဒုက္ခသမုဒယမ္ပိ သော ပဿတိ၊
ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓ ဂါမိနိပဋိပဒမ္ပိပဿတိ။

ဟု-ဟောတော်မူသည်။

ဘာသာပြန်။ ။ ရဟန်းတို့—အကြင်သူသည် ဒု ကို သိမြင်၏၊ ထိုသူသည် သ ကိုလည်း မြင်တော့၏၊ နိ ကိုလည်း မြင်၏၊ မ ကိုလည်း မြင်၏ဟူလို။

ဤလို ဒု ကို သိမြင်က သ—နိ—မ တို့ပါ တပြိုင်နက် မြင်တယ်ဆိုတာ လောကုတ္တရာမဂ်ဉာဏ်၌ သိတဲ့ အသိကို ဆိုသည်၊ မဂ်၏ ရှေ့အဘို့၌ကား တပါးစီ တပါးစီသာ အာရုံပြု၍သိသည်။

ထို့ကြောင့်ပင်—

အပရဘာဂေ ဇာိသုကိစ္စတော ပဋိဝေဓော ဟောတိ၊
နိဒောဓေ အာရမ္မဏ ပဋိဝေဓော။ (သမ္မောဟ)
အာရမ္မဏ ပဋိဝေဓောတိ သစ္ဆိကရဏ ပဋိဝေဓော။
(ဇင်းဋီကာ၌လာ၏)

ဘာသာပြန်—လောကုတ္တရာဖြစ်တဲ့ နောက်အဘို့၌ကား၊ဝါ၊မဂ်ဉာဏ်၌ကား ဒု-သ-မ သစ္စာ သုံးပါးတို့၌ ဒု ကို ပိုင်းခြား၍ သိခြင်းကိစ္စ၊ သကို ပယ်ခြင်း ကိစ္စ၊ မ ကို ပွါးများခြင်း ကိစ္စဖြင့် တပြိုင်နက် တချက်တည်း ထိုးထွင်း၍သိ၏၊ ဝါ—သိခြင်းကိစ္စ ပြီးစီးသွား၏၊ နိ ၌ကား နိဗ္ဗာန်အာရုံကို ထိုးထွင်း၍ သိခြင်းဖြင့် သိ၏၊ အာရုံကို ထိုးထွင်း၍ သိတယ်ဆိုတာ မျက်မှောက်ပြုသော အားဖြင့် ထိုးထွင်း၍ သိခြင်းတည်း။

ထို့ကြောင့်—

"အာရမ္မဏံ သစ္ဆိကိရိယာ ငုတ္တာ ဟောတိ"

ဟု-ပဋိသမ္ဘိဒါမဂ်၌ လာ၏။

ဘာသာပြန်—နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ အရှေ့ဘက်ကို မျက်နှာလှည့်ရုံနှင့် အနောက်ဘက်ကိုမျက်နှာလွှဲပြီး ဖြစ်သွားသလို ဖြစ်ပျက်သင်္ခါရတို့ကို အာရုံမပြုတော့ဘဲ ဉာဏ်မျက်နှာ လွှဲထားပြီးလျှင် ဖြစ်ပျက်သင်္ခါရတို့၏ ချုပ်ငြိမ်းရာ, ဖြစ်ပျက်မရှိရာ, မဖြစ် မပျက်ဘဲ အမြဲ ငြိမ်းအေး

နေတဲ့ နိဗ္ဗာန်အာရုံဘက်ကိုသာ ဉာဏ်မျက်နှာလှည့်ထားကာ ဖြစ်ပျက်နှင့် မဘက်မစပ် ဝိသင်္ခါရသတ်သတ် သင်္ခါရ ချုပ်ငြိမ်းနေတဲ့ နိဗ္ဗာန်အာရုံ တခုတည်းကိုသာ မဂ်စိတ် ဖိုလ်စိတ်ဖြင့် အာရုံပြုနေသည်ကိုပင် နိဗ္ဗာန်ကို မျက်မှောက် ပြုနေသည်ဟု ဆိုရသည် ဟူလို။

တပြိုင်နက် သိပုံ၊ ဆီမီး—ဥပမာ

**ယထာယံပဒီပေါ အပုဗ္ဗအစရိမံ၊**
**ကေကွဓောစတ္တာရိ ကိစ္စာနိကရောတိ၊**
**ဝဋ္ဋိံ ဈာပေတိ အန္ဓကာရံ ဝိဓမတိ၊**
**အာလောကံ ပရိဝိဒံသေတိ သိနေဟံပရိယာဒိယတိ။ ။**

(သမ္မော ဝိသုဒ္ဓိ—၄)

**ဘာသာပြန်**-ဆီမီးသည် ညှိထွန်းလိုက်သည်နှင့်တပြိုင်နက် မရှေးမနှောင်း မီးစာကို လောင်ကျွမ်းစေခြင်း၊ အမိုက်မှောင်ကို ပယ်ဖျောက်ခြင်း၊ အလင်းရောင်ကိုပြခြင်း၊ ဆီကုန်ခမ်းခြင်းဟာ တပြိုင်နက်ဖြစ်သကဲ့သို့ ထို့တူ ပမာ—မဂ်စိတ်သည်၊ ဝါ၊ မဂ်ဉာဏ်သည် မဂ်ခဏ၌ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် မရှေးမနှောင်း တပြိုင်နက် ဒု ကို ပိုင်းခြား၍သိခြင်း၊ သ ကိုပယ်၍ သိခြင်း၊ နိ ကို မျက်မှောက်ပြု၍ သိခြင်း၊ မ ကို ပွါး၍ သိခြင်း၊ တပြိုင်နက် တချက်ထည်း မဂ်ကိစ္စပြီးစီးသွား၏ ဟူလို။

....................

## " သစ္စာသိ၍ ဒိဋ္ဌိပယ်ပုံ "

၁။ အဆိုပါ သစ္စာသိသောဉာဏ်သည် ဒု ကို သိတဲ့အခါ အလွန်ဘိစီး နှိပ်စက်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော သက္ကာယဒိဋ္ဌိ ကို ဆုတ်နစ်စေ၏၊ ဝါ၊ ပယ်သတ်၏၊ အဘယ့်ကြောင့်နည်း-ဒု ကိုပင် ဒု-လို့မသိခင်က ဒု-ကိုပင် ငါကိုယ်အတ္တဟု မှတ်ထင်ယူဆနေခဲ့သော သက္ကာယဒိဋ္ဌိအယူများကို ပယ်ရှားစွန့်ပစ်လိုက်နိုင်သောကြောင့်ပေတည်း၊

၂။ သ ကို သိတဲ့ခါ သတ္တဝါသေလျှင် ပြတ်၏ဟု ယူမှားသော ဥစ္ဆေဒ ဒိဋ္ဌိ ကို ဆုတ်နစ်စေ၏၊ အဘယ့်ကြောင့်နည်း-အကြောင်းအကျိုးကို စပ်၍ မပြတ်ဖြစ်နေခြင်းကို သိမြင်သောကြောင့်ပေတည်း။

၃။ နိကို သိတဲ့ခါ သတ္တဝါသည် မြဲ၏ဟု ယူမှားသော သဿတဒိဋ္ဌိကို ဆုတ်နစ်စေ၏၊ အဘယ့်ကြောင့်နည်း- သ အကြောင်း ချုပ်ခြင်းကြောင့် ဒု-အကျိုးချုပ်သည်ကို သိမြင်သောကြောင့်ပေတည်း။

၄။ မ ကို သိတဲ့ခါ သတ္တဝါတို့၏ဖြစ်ခြင်းသည် အကြောင်းအကျိုးမရှိ ရောက်ယားဘာသာ အလေ့ပေါက်သဘောသာ ဖြစ်ပေါ်လာ၍ ကုသိုလ် အကုသိုလ်ကို မပြုအပ်ဟု ယူမှားသော အကိရိယဒိဋ္ဌိကို ဆုတ်နစ်စေ၏၊ အဘယ့်ကြောင့်နည်း—တဏှာပယ်တဲ့ မဂ်အကျင့်ကိုကျင့်မှ တဏှာကုန်တဲ့ ရွှေဘုံနိဗ္ဗာန်သို့ ရောက်သည်ကိုသိ၍ မိမိသည် ပြုအပ်သော မဂ်ကိစ္စကို မျက်မှောက်မြင်သိသောကြောင့်ပေတည်း။

.......... ........

"တနည်း ဒိဋ္ဌိပယ်ပုံ"

၁။ ဒု-ကို သိသောဉာဏ်သည် မြဲသောအဖြစ်, တင့်တယ်သောအဖြစ်, ချမ်းသာသောအဖြစ်, အတ္တအဖြစ်တို့၏ လုံးဝ ကင်းကုန်သော ရုပ် နာမ် ခန္ဓာတို့၌ မြဲသောအဖြစ်, တင့်တယ်သောအဖြစ်,ချမ်းသာသောအဖြစ် ကိုယ် အဖြစ်ကို အမှား မှတ်တတ်သော အကျိုး၌ ဖေါက်ပြန် မှားယွင်းသော အကျင့်ကို ဆုတ်နစ်စေ၏။

၂။ သ-ကို သိသောဉာဏ်သည် ပရမိဿရ ပြဟ္မာ စသော ဣဿရ အကြောင်း, ပကတိ အဗျတ္တ ယခေန အကြောင်း, ကာလ အကြောင်း, သဘာဝအကြောင်း စသည်တို့ဖြင့် လောကသည်၊ဝါ-လူ နတ်သည် ဖြစ်၏ဟု ဤသို့ အကြောင်းမဟုတ်သည်၌ အကြောင်းဟု အမှတ်မှားသောအားဖြင့် ဖြစ်သော အကြောင်းရင်း အကြောင်းမှန်၌ ဖေါက်ပြန် မှားယွင်းသော အကျင့်ကို ဆုတ်နစ်စေ၏။

၃။ နိ-ကို သိသောဉာဏ်သည် ရုပ်ရှိသော အသညသတ်ဘုံ, ရုပ် မရှိ သော လောက၏ အထွဋ်ထိပ်ဖျား ဖြစ်သော အရူပဘုံတို့၌ သခ်ါရတို့၏ ကင်းရာ မောက္ခ နိဗ္ဗာန်ဟု ယူမှားသည်ဖြစ်၍ နိဗ္ဗာန်၌ ဖေါက်ပြန်မှားယွင်း သော၊ ဝါ၊နိဗ္ဗာန်မဟုတ်သည်၌ နိဗ္ဗာန်ဟုတ်၏ဟု ဖေါက်ပြန်မှားယွင်းသော အကျင့်ကို ဆုတ်နစ်စေ၏။

၄။ မ-ကို သိသောဉာဏ်သည် ကိလေသာကာမနှင့် ယှဉ်သော သုခနှင့် ကပ်ငြိသောအကျင့်ကို အားထုတ်ခြင်း၊ ကိုယ်ပင်ပန်းဆင်းရဲစေတတ်သော အကျင့်ကို အားထုတ်ခြင်း၊ နိဗ္ဗာန်၏အကြောင်းမဟုတ်သည်၌ စင်ကြယ်ရာ စင်ကြယ်ကြောင်း နိဗ္ဗာန်၏အကြောင်းဟု စွဲလမ်းမှောက်မှားသည်၏ အစွမ်းအားဖြင့် ဖြစ်သော အကြောင်း၌ ဖေါက်ပြန် မှားယွင်းသော အကျင့်ကို ဆုတ်နစ်စေ၏။

ဤလို ဤပုံ သစ္စာသိမှုသည် ဘဝဘဝါ ကမ္ဘာ့ကမ္ဘာ သံသရာကာလ တို့က မှောက်မှားခဲ့လေသမျှသော အမှောက်အမှား အလွဲအမှား အစွဲတရား အမျိုးမျိုးတို့ကို ထုံးလိုချေ ရေလိုနှောက်၍ ပယ်ဖျောက်ဖျက်ဆီးပြီး လမ်းမှန် **အလင်းရောင်ကို** ဖေါ်ပြနိုင်သော စွမ်းရည်သတ္တိ တကယ်ရှိလှ၍ အယူမှား ဒိဋ္ဌိတို့ကို တခဏခြင်း ချုပ်ငြိမ်းစေပြီးလျှင် အပါယ်ဇာတ်သိမ်းတဲ့ သော တာပန် အစ ရဟန္တာအထိ စွမ်းစွမ်းတမန် ဆောင်ရွက်နိုင်သော သတ္တိရော ဗျတ္တိရော ရှိလှပါသောကြောင့် **သေနေ့မဦးခင် သစ္စာသိတဲ့နေ့ ဦးသွားအောင်** အထူးကြိုးစားကြပါမည့်အကြောင်းကို ထပ်လောင်း၍ သတိပေး နှိုးဆော် လိုက်ပါသည် မင်္ဂလိုလင်နှံမျှော် သူတော်အပေါင်းတို့....။

....................

## သစ္စာလေးပါး၌ အပြန်သုံးပါးကိုပြခြင်း

သစ္စာလေးပါးကို သိသောဉာဏ်သည် သစ္စဉာဏ်, ကိစ္စဉာဏ်, ကတ ဉာဏ်ဟု သုံးမျိုးစီရှိရာ—

၁။ ဘုံသုံးပါးတို့၌ တဏှာမှတပါး နည်း-များ, ကောင်း-ဆိုး, ယုတ် မြတ် မရွေး ရုပ်နာမ် ခန္ဓာ မှန်သမျှသည်ကား တခုတခုသော ဘဝ ခန္ဓာ ရသည်မှ စုတိသေနေ့သို့ကျအောင် ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်း စစ်မှန် လှသောကြောင့် **ဒုက္ခသစ္စာပေတည်း**။

ဘုံသုံးပါးတို့၌ ကောင်းနိုးနိုးမှတ်ထင်၍ တဖန်တဖန် ဖြစ်လို ဖြစ်ချင် ရလို ရချင်နေတဲ့ သဿတ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွသော ဘဝတဏှာ ဝိဘဝ

တဏှာသည်ကား—ရလို၍ရပြန်လျှင် ရသည့်အခါမှစ၍ ကြီးလေးလှစွာသော ကြီးမင်းလှစွာသော ဇာတိဒုက္ခ စသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှ တို့တို့ တစမကျန် အဖန်ဖန်အလီလီ ဖြစ်စေမှာ ဖြစ်စေတာ စစ်မှန်လှသော ကြောင့် **သမုဒယသစ္စာပေတည်း**။

ဤ ဒုက္ခ,သမုဒယ သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ မဖြစ်ကြောင်း ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည်ကား ဆင်းရဲပေါင်းချုပ် ဒုက္ခ ဟူသမျှတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း စစ်မှန်လှသောကြောင့် **နိရောဓသစ္စာပေတည်း**။

ဤ နိရောဓသစ္စာ နိဗ္ဗာန်သို့ ရောက်စေတတ်သော သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားသည်ကား—ထိုနိဗ္ဗာန်သို့ ကေန်ထုတ်ချောက် အမှန်ရောက်ကြောင်း စစ်မှန်လှသောကြောင့် **မဂ္ဂသစ္စာပေတည်း** ဟု သစ္စာ လေးပါးတို့၌ သစ္စာတို့၏ အချင်းချင်း မရောမယှက်စေမူ၍ မဖေါက်မပြန် ဟုတ်မှန်စွာ သိသောဉာဏ်သည် **သစ္စဉာဏ်** မည်၏။

၂။ ဒု —ကို ပိုင်းခြား၍ သိရမဲ့ကိစ္စရှိ၏။
**သ**—ကို ပယ်ရမဲ့ကိစ္စရှိ၏။
**နိ** —ကို အာရုံပြုသောအားဖြင့် မျက်မှောက်ပြုရမဲ့ကိစ္စရှိ၏။
**မ** —ကို ပွားများရမဲ့ကိစ္စရှိ၏။

ဟု—သစ္စာလေးပါးတို့၌ အသီးအသီး ပြုအပ်သောကိစ္စရှိသည်ကိုသိသော ဉာဏ်သည် **ကိစ္စဉာဏ်** မည်၏။

၃။ ဒု ကို ပိုင်းခြား၍ သိခြင်းကိစ္စပြီးလျှင် ငါသည် ဒု-ကို ပိုင်းခြား၍ သိခြင်းကိစ္စပြီးပေပြီ၊ သ,ကို ပယ်ခြင်း ကိစ္စပြီးလျှင် ငါသည် **သ**-ကို ပယ်ခြင်း ကိစ္စ ပြီးပေပြီ၊ နိ,ကို မျက်မှောက်ပြုခြင်း ကိစ္စ ပြီးလျှင် ငါသည် **နိ**-ကို မျက်မှောက်ပြုခြင်းကိစ္စ ပြီးပေပြီ၊ မ,ကို ပွားခြင်း ကိစ္စ ပြီးလျှင် ငါသည် **မ**-ကို ပွားခြင်းကိစ္စ ပြီးပေပြီဟု သစ္စာလေးပါးတို့၌ အသီးအသီးပြုအပ်သော ကိစ္စ မိမိမှာ ပြီးစီးသည်ကို သိသောဉာဏ်သည် **ကတဉာဏ်** မည်၏။

ထို့ကြောင့်—

စတူသု ယထာဘူတဉာဏံ သစ္စဉာဏံနာမ၊
ကတ္တဗ္ဗကိစ္စ ဇာနနဉာဏံ ကိစ္စဉာဏံနာမ၊
တဿကတဘာဝ ဇာနနဉာဏံ ကတဉာဏံနာမ။ ။
(သာရတ္ထဋီကာ၌ မိန့်၏)

ထို့ကြောင့်—

ပဌမေန ပရိဝဋ္ဋေန စတုန္နံသစ္စာနံ အညမည၊
အသင်္ကရတော ပဌမပညံ ဒဿေတိ၊
ဒုတိယေန တေသံ ကတ္တဗ္ဗကာရ ပရိစ္ဆိန္ဒနပညံ
တတိယေန သစ္စေသု သညာဏ သန္နိဋ္ဌာနံဒဿေတိ။ ။
(ဝဇီရဗုဒ္ဓိ ဋီကာ၌ မိန့်၏)

အမှာ—"သစ်၊ ကိစ်၊ ကတ၊ ပြည့်စုံက၊ ပြီးထ မဂ်ကိစ္စ"
ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ။

သစ္စာလေးပါးလုံး ဤကိစ္စသုံးပါး ပြည့်စုံပါလျှင် မဂ်ဖိုလ်ရခြင်း မဂ်ကိစ္စ ပြီး၏ ဆိုထားရာ တတိယသစ္စာခေါ်တဲ့ နိရောဓသစ္စာ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုဘူးသော အရိယာပုဂ္ဂိုလ်များသာ သုံးပါး လုံး ပြည့်စုံနိုင်သည်၊ သို့မဟုတ်က သစ္စနှင့် ကိစ္စဉာဏ် နှစ်ပါးသာပြီးနိုင်သည်၊ ကတဉာဏ် ကျန်သေးသည်၊ အဘယ့်ကြောင့်ဆိုသော် ပြုအပ်သောကိစ္စ မပြီးစီးသေးသောကြောင့်တည်း၊ လိုအပ်သော ကိစ္စ မလိုရအောင် အား ထုတ်ပါလေ။

....................

## သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်ပုံ

ဓမ္မစကြာ စသော ထိုထိုပါဠိတော်တို့၌ "ဓမ္မစက္ခုံ ဥဒပါဒိ ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ"ဟု ဟောတော်မူသည်ကို ဘုရား အလို တော်ကို သိ၊ ဘုရားအာဘော်ကို ရိပ်မိကြတဲ့ ဗုဒ္ဓမတညှ အကျော်အမော် အဋ္ဌကထာ ဆရာတော်တို့က—

"ဓမ္မစက္ခုန္တိ စတုသစ္စ ဓမ္မပဋိဂ္ဂဟကံ
သောတာပတ္တိ မဂ္ဂ ဝက္ခုံ"
(တိက အင်္ဂုတ္တိုရ် ဋ္ဌကထာ လောကကာဝက်၌ ဖွင့်ဆိုကြသည်။)

ဤအဖွင့်နှင့်အညီ၊ ဓမ္မစက္ခုံဆိုတဲ့ပုဒ်ကို အနက်ပေးရပါလျှင်—

**စမ္မစက္ခုံ၊** လေးပါးသောသစ္စာကို ခံယူတတ်သော။ ဝါ၊ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိမြင်တတ်သော။ ဝါ၊ သစ္စာသိတဲ့ခါ တတိယ သစ္စာခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကိုမျက်မှောက်မြင်သိတတ်သော။ သောတာပတ္တိ မဂ္ဂ စက္ခုံ၊ သောတာပတ္တိမဂ်ဉာဏ်နှင့်ယှဉ်သော မဂ်ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်လာပြီ-ဟု ပါဠိတော်၌ လှမ်းစပ်။

**ကိံ** ဥဒပါဒိ၊ ဘယ်ပုံ ဘယ်လိုဖြစ်သလဲ မေး။

**ယံ ကိဉ္စိ၊** ကြွင်းမဲ့ဉဿုံ အလုံးစုံသော သင်္ခတ တရားအပေါင်းသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောရှိ၏။ **တံ သဗ္ဗံ၊** ထိုအလုံးစုံသော သင်္ခတ တရားအပေါင်းသည်။ နိရောဓ ဓမ္မံ၊ ချုပ်ပျက်ခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့။ ဥဒပါဒိ၊ထင်ရှားဖြစ်ပေါ်လာပြီ။ ဤလိုဤပုံ ဖြစ်သည်ဟု ဖြေ။

**မှတ်ချက်။** ။ ဖြစ်သမျှ ပျက်ဘို့ချည်းဘဲ၊ မွေးသမျှ သေဘို့ချည်းဘဲဟု ယုံမှားမရှိ ပိုင်ပိုင်သိသည် ဟူလို။

တဖန်—ဤသုတ်ကို ဖွင့်၍ ဆုံးခါနီးမှာ—

> **ဣမသ္မိံ သုတ္တေ စတုသစ္စ ဝသေန သောတာပတ္တိမဂ္ဂေါ၊**
> **သောတာပတ္တိမဂ္ဂေနေဝ ဉာဏဝေနသမ္ပန္နတာ ကထိတာတိ။**
> ဟု—စကားအချုပ် နိဂုံးအုပ်ထားပြန်၏။

**အဓိပ္ပါယ်ကား**—ဤသုတ်၌ သစ္စာလေးပါး၏ အစွမ်းဖြင့်၊ ဝါ-သစ္စာလေးပါးကို သိမြင်သည်၏အစွမ်းဖြင့်၊ ဝါ-သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိတဲ့ခါ နိရောဓသစ္စာ နိဗ္ဗာန်ကို ထိုးထွင်း၍သိမြင်သောကြောင့် သောတာပတ္တိ မဂ်ကိုဟောအပ်၏၊ သောတာပတ္တိမဂ်ဖြင့် သာလျှင် နိဗ္ဗာန်ကို လျှင်စွာသိသော ဉာဏ်အမြင်နှင့် ပြည့်စုံသည်၏ အဖြစ်ကို ဟောအပ်၏ဟု ဖွင့်ဆိုထား၏။

တဖန်-သက်တော်ထင်ရှား ဘုရားရှိတော်မူစဉ်က—

ဒေသနာ ပရိယောသာနေ ဂါထာပရိယောသာနေ
ပဟူဒေဝ မနုဿာ ဓမ္မာဘိသမယော အဟောသိ အဟေသုံ၊

လာရှိရာ-ၗင်းဓမ္မာဘိသမယပုဒ်ကို ဋ္ဌကထာ ဋီကာဆရာတို့က—

ဓမ္မာဘိ သမယောတိ စတုသစ္စဓမ္မဿဉာဏေန
သဒ္ဓိံ အဘိသမယောတိ။ ။ဟု ဖွင့်ပြ၏။

ဤအဘွင့်နှင့်အညီ ဓမ္မာဘိသမယဆိုတဲ့ ပါဠိတော်ပုဒ်ကို အနက်ပေးရ လျှင်၊ ဝါ၊ ဋ္ဌကထာဋီကာဆရာတို့ ပေးစေလိုတဲ့ အနက်ကို ပေးရလျှင်—

**ဓမ္မာဘိသမယော**၊ အကျွတ်တရားကို ရကြသည် (သာမညနက်)၊ ဝါ-သစ္စာလေးပါးကို သိမြင်ကြသည်။ ဝါ၊ နိဗ္ဗာန်ကို သိမြင်နိုင်တဲ့ မဂ်ဉာဏ် အမြင်ကို ရကြသည်။ ဝါ၊ သောတာပန် တည်ကြသည်။ ဝါ၊ သောတာပန် ဖြစ်ကြသည်(ဝိသေသ အနက်)ပေးရပေလိမ့်မည်၊ အဘယ့်ကြောင့်ဆိုသော် သစ္စာကို ထိုးထွင်း၍သိတဲ့ခါ တတိယသစ္စာ ခေါ်တဲ့ နိရောဓသစ္စာနိဗ္ဗာန်ကို မတွေမဝေ တဲ့တဲ့သိမြင်တဲ့ဉာဏ်ဟာ လောကုတ္တရာမဂ်ဉာဏ်ဖြစ်၍ နိဗ္ဗာန် အာရုံနှင့် မဂ်စိတ် ဖိုလ်စိတ် အာရုံ အာရမ္မဏိက ဖြစ်သွားကြသောကြောင့် ပေတည်း။

ဤလို အာရုံ အာရမ္မဏိက လှလှကြီးဖြစ်သွားကြသည်ကိုပင် "နိဗ္ဗာနံ သစ္ဆိကရောတိ" နိဗ္ဗာန်ကို မျက်မှောက်ပြုသည်၊ နိဗ္ဗာန်ကိုမြင်သိသွားသည်ဟု ဆိုရသည်။

ဤလို နိဗ္ဗာန်ကို မျက်မှောက်မြင်သိသွားတဲ့စိတ်ကိုပင် မဂ်စိတ် ဖိုလ်စိတ် ခေါ်ရသည်၊ မဂ်စိတ် ဖိုလ်စိတ် ဖြစ်မှပင် မဂ်ရ ဖိုလ်ရဖြစ်တဲ့ သောတာပန် အစစ် ဖြစ်နိုင်ကြသည်၊ ပရမတ်နိဗ္ဗာန် အစစ်အမှန်ကို တဲ့တဲ့မြင်က မဂ်ဖိုလ် မရ၊ တဲ့တဲ့မြင်က မဂ် ဖိုလ်ရ၏ဟု သိရှိကြပါလေ။

ဤလိုဤပုံ နိရောဓသစ္စာ ထိုက်အဲ့ မဖြစ် မပျက် လောကုတ္တရာဖြစ်သော ပရမတ်နိဗ္ဗာန် အစစ်အမှန်ကို တကယ် မသိမမြင်ရသေးဘဲ ဖြစ်ပျက်ကို သိမြင် သော လောကီဝိပဿနာဉာဏ်ကိုဘဲ သောတာပတ္တိမဂ်ဉာဏ်ဟု—

“ယံကိဉ္စိသမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ ”ကို တွေ့မြင်၍အယူအဆများ မှား, ဉာဏ်ရောင် မှားတတ်လှ၏၊ ဝါ-ဖြစ်ပျက်ကိုသိမြင်လျှင် သောတာပန် ပင်ဟု ယူမှား ပြောမှား မိတတ်လှ၏၊ သို့ရာတွင် စူဠသောတာပန်ဟု ယူလျှင် မှုကား ဟုတ်မှန်ရာ၏၊ မဟာသောတာပန်ဟု ယူလျှင်မှုကား မဟုတ်နိုင်ရာ အမှန်မှာ—

“ယံ ကိဉ္စိသမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မံ ”ရဲ့ အရကို သောတာပတ္တိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်မြင်သိသဲ့အခါမှာ မဂ်ဉာဏ်သည် လောကီ ဖြစ်ပျက်ကို အာရုံမပြု၊ မဖြစ် မပျက်သော လောကုတ္တရာ နိဗ္ဗာန်အာရုံ တခု တည်းကိုသာ အာရုံပြုနေသော်သည်း လောကီဘက်က ဖြဲပျက်နေကြတဲ့ သင်္ခါရတို့၏ ဖြစ်ခြင်း ပျက်ခြင်း ချုပ်ခြင်းကိုလည်း မသွေ မဝေသော အသမ္မောဟကိစ္စဖြင့် ပြန်၍သိမ်းခြင်း ကိစ္စ ပြီးစီးနေသည်ကိုရည်၍ဆိုသည်ဟု ယူမှသာ အောက်ပါ ဌကထာ ဋီကာတို့၏ အဘွင့်အဆိုနှင့် မဆန့်ကျင်ဘဲ တထပ်ထဲ ကျနိုင်ကြပေမည်။

**ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ၊**
**တဿ ဥပ္ပတ္တိ အာကာရ ဒဿနန္တိ၊**
**န နုဝ မဂ္ဂဉာဏံ အသင်္ခတ ဓမ္မာ ရမ္မဏံ၊**
**န စ သင်္ခတ ဓမ္မာ ရမ္မဏာန္တိ သစ္စမေတံ၊**
**ယသ္မာ တံ နိရောဓံ အာရမ္မဏံ ကတွာ၊**
**ကိစ္စဝသေန သဗ္ဗသင်္ခတံ ပဋိဝိဇ္ဈန္တံ ဥပ္ပဇ္ဇတိ၊**
**တသ္မာ တထာ ဝုတ္တံ။ ။**

(သုတ်မဟာဝါ ဋီကာ မဟာပဒါနသုတ် စသည်)

**အဓိပ္ပါယ်ကား**—အလုံးစုံသော သင်္ခတ တရား အပေါင်းသည် ဖြစ်ခြင်း သဘောရှိ၏၊ ထိုအလုံးစုံဖြစ်ခြင်းသဘောရှိသော သင်္ခတ တရားအပေါင်း သည် ချုပ်ခြင်းသဘောရှိ၏ဟု မြတ်စွာဘုရားက ဟောထားခဲ့တဲ့ ပါဠိရဲ့ အဓိပ္ပါယ်ကို ဘုရားအလိုတော်ကို သိ, ဘုရား အာဘော်ကို ရိပ်စားမိကြတဲ့ အဋ္ဌကထာ ဋီကာ ဆရာတော်တို့က ဤ “ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ” လို့ ဟောထားခဲ့တာဟာ ထိုသောတာပတ္တိ မဂ်ဉာဏ်၏ ဖြစ်ပုံ အခြင်းအရာကို ပြဆိုထားတာဘဲဟု သာမည ဖွင့်ပြကြတယ်၊ ဤလို

သာမညအကျဉ်းမျှ ဖွင့်ပြကြပြီးနောက် ဘုရားအလိုတော်ကို မသိ၊ ဘုရားအာဘော်ကို မရိပ်စားမိကြတဲ့ ဉာဏ်နုသူတွေကတော့ ဤလို သာမည ဖွင့်ပြရုံနှင့် ရိပ်စားမိကြမှာမဟုတ်ဘူး၊စောဒကဝင်စရာရှိနေဟာကို သိရှိလာကြပြန်တယ်၊ ဘယ်လို ဝင်စရာရှိသလဲဆိုတော့—

အရှင်ဋီကာဆရာ မဂ်ဉာဏ်ဟာ မဖြစ်မပျက်တဲ့ အသင်္ခတ နိဗ္ဗာန်ကို အာရုံပြုတယ်မဟုတ်လား၊ ဖြစ်ပျက်တဲ့ သင်္ခတ ရုပ်နာမ်ကို အာရုံမပြုဘူး မဟုတ်လားလို့ မေးစရာရှိနေပြန်တယ်၊ ဤလို စောဒကဝင်လာတဲ့ခါ သင်ပြောတာလဲ မှန်ပါတယ်, မှန်ပါတယ်, ဒါပေသည့် ဒါက ဒီလိုသိ သည်လို မှတ် " အကြင့်ကြောင့် ထို သောတာပတ္တိမဂ်ဉာဏ်သည် မဖြစ် မပျက်တဲ့ လောကုတ္တရာနိဗ္ဗာန်ကို အာရုံပြု၍နေတဲ့ခါ၊ ဝါ-နေတုံး နေဆဲမှာ လောကီဘက်မှာ ဖြစ်ပျက်နေကြတဲ့၊ ဝါ-ဖြစ်ချုပ်နေကြတဲ့ သင်္ခတ ရုပ်နာမ်တို့ကို လဲဘဲ အာရုံမပြုဘဲနှင့်ပင် မတွေမဝေသော အသမ္မောဟကိစ္စဖြင့် ပြန်၍ သိခြင်းကိစ္စ ပြီးစီးတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ရည်ရွယ်၍ ဟောတော်မူခြင်း ဖြစ်ပါတယ်။

လောကီဘက်မှာ ဖြစ်မနား ပျက်မနား ဖြစ်ပျက်နေကြတဲ့ ဖြစ်ပျက်, ဖြစ်ချုပ်ကို သိမြင်တဲ့ လောကီဝိပဿနာဉာဏ်ကို သောတာပတ္တိ ဉာဏ်လို့ ဟောတော်မူလိုရင်း မဟုတ်ပါဘူး၊ ဒါ့ကြောင့်မို့လို့ မြတ်စွာဘုရားက–

" **ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ** "လို့ ဟောတော်မူခဲ့တာပါဘဲဟု အသိမှန် အမြင်မှန် အဓိပ္ပါယ်မှန်ရအောင် ဘုရားအလိုတော်ကြအောင် မိမိကဘဲ စောဒကအနေထား၍ မိမိကဘဲ ပရိဟာရအနေထားပြီး ဖွင့်ပြခဲ့ခြင်းဖြစ်သည်ဟု ယူမှသာ အဖွင့်ဋီကာတို့နှင့် မဆန့်ကျင်ဘဲ " ဂင်္ဂါရေနှင့် သမုဒ္ဒရာရေ" နှော သကဲ့သို့ ဟသဘောတည်း ကိုက်ညီပေမည်ဟု သိရှိကြပါလေ။

တနည်း—ယံကိဉ္စိ အရကို သစ္စာလေးပါး တရားတော်ကိုကြားနာရသော အဆုံးမှာဖြစ်သော ဓမ္မစက္ခုဖြင့်၍ ယံကိဉ္စိမှာ ဒု-အကျိုးသစ္စာကိုပြတာ။

သဗ္ဗန္တံ နိရောဓ ဓမ္မံမှာ နိ-အကျိုးသစ္စာကိုပြတာ၊ ဤမျှအကြောင်းသစ္စာကို မပြဘဲ,အကျိုးသစ္စာသက်သက်ကိုသာ ပြသော်လည်း အကျိုးသစ္စာသည်

အကြောင်းသစ္စာနှင့်ကင်း၍ မဖြစ်နိုင်သည်ဖြစ်၍ သ-မ အကြောင်းသစ္စာ တို့ကိုလည်း ပြခြင်းကိစ္စ ပြီးစီးနေသေးကြောင့် သစ္စာလေးပါးလုံးကိုပင် သိမြင်သော သောတာပတ္တိမဂ်ဉာဏ်ဟု ယူလျှင်လည်း သင့်မည် ထင်မိပေ သည်၊ အဖွင့်ကား မတွေ့ဘူးချေ။

အယံ အမှာကံ ခန္တီး နေ့ာ တက္ကောဝါ ဂန္ထေနသမေ
ဂဟောတဗ္ဗော အသမေ ဝိသဇ္ဇေတဗ္ဗောတိ။

....................

## သစ္စာ၌ အတွင်းဝင်သောတရားတို့ကို ပြခြင်း

တဏှာကိုရှင်း ၁ × အာသဝေါတရားတို့၏ အာရုံ မဟုတ်သော၊ ၂ × လောကုတ္တရာ တရားတို့ကိုရှင်း ထား၍ ကြွင်းသော လောကီ တရား အားလုံးတို့သည် ဒုက္ခသစ္စာ၌ အတွင်းဝင်ကုန်၏၊ ၃ × ၃၆-ပါးသော တဏှာဝိစရိုက်တို့သည် သ-၌ အတွင်းဝင်ကုန်၏။

နိ-သည်ကား အများမရှိ တပါးတည်းဖြစ်၍ တစုံတခုသော တရားနှင့် မရောမနှောပေ။

မ-၌ သမ္မာဒိဋ္ဌိကို ပဓာနပြုသဖြင့် ဝိမံသိဒ္ဓိပါဒ် ပညိန္ဒြေ ပညာဗိုလ် ဓမ္မဝိစယသမ္ဗောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏၊ သမ္မာသင်္ကပ္ပကို ညွှန်းသဖြင့် ဝစီဒုစရိုက်လေးပါးတို့သည် အတွင်းဝင်ကုန်၏၊ သမ္မာကမ္မန္တကို ညွှန်းသဖြင့် ကာယဒုစရိုက်သုံးပါးတို့သည် အတွင်းဝင်ကုန်၏။

---

၁ × အာသဝဆိုသည်မှာ—ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ ဟူ၍ ၄ ပါး။

အစဉ်အတိုင်း ဝတ္ထုကာမတို့၌ တပ်မက်သော လောဘ, ဘုံသုံးပါးတို့၌ တပ်မက်သော လောဘ, ခန္ဓာကိုယ်၌ ငါ့ကိုယ်အတ္တဟု ယူမှားသော ဒိဋ္ဌိ, သစ္စာ လေးပါးတို့၌ ဖုံးလွှမ်းသော မောဟ။

၂ × လောကုတ္တရာတရား ဆိုသည်မှာ—မဂ် လေးပါး, ဖိုလ် လေးပါး, နိဗ္ဗာန် တပါး, ပေါင်း ၉ ပါးကို ဆိုသည်။

၃ × တဏှာဝိစရိုက်(၃၆)ပါးမှာ—ရူပတဏှာ စသော တဏှာ ၆ပါးကိုတည် ကာမ,ဘဝ,ဝိဘဝ,တဏှာ သုံးပါးနှင့်မြှောက်(၁၈)ပါးဖြစ်၏၊၎င်းကို အဇ္ဈတ္တ, ဗဟိဒ္ဓ ၂ ပါးနှင့်မြှောက်(၃၆)ပါးဖြစ်၏။

သမ္မာအာဇီဝကို အကြောင်းရင်းပြုသဖြင့် အလိုနည်းသော အပိစ္ဆတာ သည်၎င်း၊ ရသမျှနှင့်ရောင့်ရဲသော သန္တုဋ္ဌိသည်၎င်း အတွင်းဝင်ကုန်၏။

သမ္မာဝါယာမကိုညွှန်းသဖြင့် သမ္မပ္ပဓာန်လေးပါး ဝီရိယိန္ဒြေ ဝီရိယဗိုလ် ဝီရိယသမ္ဗောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏။

သမ္မာသတိကိုညွှန်းသဖြင့် သတိပဋ္ဌာန်လေးပါး သတိန္ဒြေ သတိဗိုလ် သတိသမ္ဗောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏။

သမ္မာသမာဓိကိုညွှန်းသဖြင့် သဝိတက္က သဝိစာရ သမာဓိ အစရှိသော သမာဓိသုံးပါး စိတ္တသမာဓိ, သမာဓိန္ဒြေ, သမာဓိဗိုလ်, ပီတိပဿဒ္ဓိသမာဓိ ဥပေက္ခာသမ္ဗောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏။

ဤလိုဤပုံ သစ္စနိဒ္ဒေသ၌ အတွင်းဝင်သော တရားတို့ကို သိအပ်ကုန်၏။

## သစ္စာ၌ စတုက္ကအားဖြင့် ပြခြင်း

သစ္စာလေးပါးတို့၌....

(က) ဒုက္ခသာမည်၍ အရိယသစ္စာ မမည်သော တရား။
(ခ) အရိယသစ္စာသာမည်၍ ဒုက္ခမမည်သော တရား။
(ဂ) ဒုက္ခလည်းမည်၍ အရိယသစ္စာလည်းမည်သော တရား။
(ဃ) ဒုက္ခလည်းမမည် အရိယသစ္စာလည်း မမည်သောတရားသည် ရှိ၏။

ထို ဒုက္ခသစ္စာ၏ စတုက္က၌ မဂ်နှင့်ယှဉ်သော မဂ္ဂင်ရှစ်ပါးကြဉ်သော မဂ်စိတ္တုပ္ပါဒ် (၂၉) ခု တို့သည်၎င်း၊ ဖိုလ် စိတ္တုပ္ပါဒ် (၃၇) ခု တို့သည်၎င်း၊ အကြင်သဘောတရားသည် မမြဲ၊ ထို မမြဲသောသဘောတရားသည်၎င်း ဒုက္ခ မည်၏ဟု ဤသို့ ဘုရားဟောတော်မူခြင်းကြောင့် သင်္ခါရဒုက္ခ၏ အဖြစ်ဖြင့် ဒုက္ခသာမည်၏၊ အရိယသစ္စာ မမည်ဟု ဆိုလိုသည်။

နိဗ္ဗာန်သည်ကား အရိယသစ္စာသာ မည်၏၊ ဒုက္ခကား မမည်ဟု ဆိုလို သည်။

ဆိုအပ်ပြီးသည်မှ တပါးသော သ–မ သစ္စာနှစ်ပါးတို့သည် အနိစ္စ၏ အဖြစ်ကြောင့် သင်္ခါရဒုက္ခ၏ အဖြစ်ဖြင့် ဒုက္ခ မည်သည် ဖြစ်ကောင်း၏။

သို့သော် အကြင် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရား ထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံး၏၊ ထို ဒုက္ခသစ္စာ၏ မပေါက်မပြန် မှန်သော ပရိညေယျသဘော ဟူသော အဖြစ်ဖြင့် ဒုက္ခမည်သည် မဖြစ်ရာ မဖြစ်ကောင်း။

ခပ်သိမ်းသော အပြားအားဖြင့် တဏှာကြဉ်သော ဥပါဒါန်၏ အာရုံ ဖြစ်သော ခန္ဓာငါးပါးအပေါင်းသည် ဒုက္ခလည်းမည်၏၊ အရိယသစ္စာလည်း မည်၏။

**မဂ်နှင့်ယှဉ်သော တရားတို့သည်ငင်း**

၁။ × ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုတို့သည်ငင်း၊ အကြင် သဘောတရားတို့ကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရား၏အထံတော်၌ မြတ်သော အကျင့်ကို ကျင့်၏၊ ထိုသဘောတရား၏ မပေါက်မပြန် မှန်သောအားဖြင့် ဒုက္ခလည်း မည်၏၊ အရိယသစ္စာလည်း မည်၏။

---

၁။ × ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ဆိုသည်မှာ....

"မဂ္ဂ ယုတ္တာ ဖလာစေဝ စတုသစ္စ ဝိနိဿဋာ"

ဆိုတဲ့ အဘိဓမ္မတ္ထသင်္ဂဟ လက်သန်းအဋ္ဌကထာအရ မဂ်စိတ်၌ယှဉ်သော စေတသိက် ၃၆ ပါးတွင် ဖိုလ်စိတ် သာမညတခုကိုထည့်(၃၇)ဖြစ်၏။

မဂ် စိတ္တုပ္ပါဒ် (၂၉)ဆိုသည်မှာလည်း မဂ်စိတ်လေးခု၌ယှဉ်သော စေ တသိက် ၃၆ တွင် မဂ္ဂင်တရားကိုယ် (၈) ပါးကိုနှုတ် (၂၈) ကျန်၊ မဂ်စိတ် သာမညတခုထည့် ၂၉ ဖြစ်၏။

ငင်းတရားတို့ကို မဂ်စိတ်ဖြစ်ဆဲ ဖိုလ်စိတ်ဖြစ်ဆဲတို့မှာ သစ္စာလေးပါးမှ လွတ်နေသောကြောင့် "သစ္စဝိမုတ်" မဂ်စိတ္တုပ္ပါဒ်,ဖိုလ်စိတ္တုပ္ပါဒ်ဟုဆိုရသည်၊ ငင်းတရားတို့သည် "သစ္စာလေးပါးမှလွတ်၏" ဟု ဆိုသော်လည်း မုချ အား ဖြင့်သာ လွတ်သည်၊ ကာရဏူပစာ, သဒိသူပစာ, ဥပစာ အားဖြင့်ကား မဂ္ဂ သစ္စာ ဒုက္ခသစ္စာသို့သွင်းအပ်၏ဟု သိလေ မှတ်လေ။

သို့မှသာ....

"စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ"

သစ္စာလေးပါးမှ လွတ်သော တရားမည်သည် မရှိ ဆိုတဲ့ အဋ္ဌကထာ၏ အဆိုနှင့်မဆန့်ကျင်ဘဲ နေမည်ဟုသိ။

ဤ နည်းဖြင့် သ-နိ-မ တို့၌လည်း ယှဉ်သင့်သည်အားလျော်စွာ ယှဉ်၍ သိလေ ဟူလို။

....................

## အပိုင်း ( ၅ )

## သစ္စာ၌ ဆိတ်သုဉ်းသောအားဖြင့် ဝေဘန်ပုံ

ပရမတ္ထ အားဖြင့် အလုံးငုံသော သစ္စာတို့သည် ခံစားတတ်သောသူ ပြုတတ်သောသူ၊ ငြိမ်းတတ်သောသူ၊ သွားတတ်သောသူ မရှိခြင်းကြောင့် ဗာဟိရက အညတိတ္ထိယတို့သည် ကြံဆအပ်ကုန်သော ခံစားတတ်သောသူ စသည်တို့မှ လုံးဝဆိတ်သုဉ်းကုန်၏ဟု သိအပ်၏။

ဒုက္ခမေဝ ဟိ န ကောစိ ဒုက္ခိတော၊
ကာရကော န ကိရိယာဝ ဝိဇ္ဇတိ၊
အတ္ထိ နိဗ္ဗုတိ န နိဗ္ဗုတော ပုမာ၊
မဂ္ဂတ္ထိ ဂမကော န ဝိဇ္ဇတိ။ ။

ဘာသာပြန်—ဆင်းရဲဒုက္ခသာရှိ၏၊ ဆင်းရဲဒုက္ခကို ခံစားတတ်သောသူကား မရှိ၊ ပြုလုပ်ခြင်းသာရှိ၏၊ ပြုလုပ်တတ်သောသူကား မရှိ၊ ငြိမ်းအေးရာ နိဗ္ဗာန်ကား ရှိ၏၊ ငြိမ်းအေးတတ်သော ယောကျ်ားကား မရှိ၊ နိဗ္ဗာန်သို့ သွားရောက်ကြောင်း အကျင့်ခရီးလမ်းကား ရှိ၏၊ နိဗ္ဗာန်သို့ သွားတတ်သော ယောကျ်ားကား မရှိ ဟူလို။

တနည်း—ရှေးဖြစ်သော ဒု—သ သစ္စာနှစ်ပါး အပေါင်းသည် မြဲသောသဘော, တင့်တယ်ချမ်းသာသော အတ္တသဘောမှ ဆိတ်၏၊ အမြိုက်နိဗ္ဗာန်သည်လည်း အတ္တမှ ဆိတ်၏၊ မဂ္ဂသစ္စာသည် မြဲသောသဘော တင့်တယ်ချမ်းသာသောသဘော ကိုယ်ဟူသော သဘောမှ ဆိတ်၏။

ဤသို့ သစ္စာလေးပါးတို့၌ ဆိတ်သည့်အဖြစ်ကို သိအပ်၏။

တနည်း—သစ္စာလေးပါးတို့တွင် ဒု—သ—မ သုံးပါးတို့သည် နိ မှ ဆိတ်ကုန်၏၊ နိ-သည် ဒု-သ-မ တို့မှ ဆိတ်၏။

တနည်း – ဒု-သ-နိ-မ လေးပါးတို့တွင် သ - မ နှစ်ပါးသည် ဒု-နိ ဟူသော အကျိုးသစ္စာမှ ဆိတ်၏၊ အဘယ့်ကြောင့်နည်း-ပေါနောဗ္ဘဝိက

ဟာဏ္ဍာဟူသော သ-၌ နောက်နောင် တဖန် ဖြစ်လတံ့သော ဒု-၏ မရှိခြင်းကြောင့်ရှင်း, မ-၌ နိ-၏ မရှိခြင်းကြောင့်ရှင်းတည်း။

ပကတိဝါဒ ရှိသော တိတ္ထိတို့၏ ပကတိဝါဒသဘောသည် မဟန္တ အဝိသေသစသော ဖေါက်ပြန်ခြင်းဖြင့် မျိုးရှိသကဲ့သို့၊ ထို့အတူ အကြောင်းသစ္စာသည် အကျိုးသစ္စာဖြင့် မျိုးရှိသည် မဟုတ်၊ ဒု-သ တို့၏ရှင်း အညီအညွတ် တကွမဖြစ်ခြင်းကြောင့် အကျိုးသစ္စာသည် အကြောင်းသစ္စာမှ ဆိတ်၏။

သမဝါယဝါဒီ တိတ္ထိတို့၏အယူ၌ ပရမာဏုမြူကဲ့သို့ သိမ်မွေ့သော ပထဝီ စသော မဟာဘုတ်ဟုဆိုအပ်သော အကြောင်းနှစ်ခုရှိသော အကျိုးစသည်သည် အကြောင်းနှင့်တကွ တည်သည် အကြောင်းနှင့်တကွ တခုတည်းကဲ့သို့ ဖြစ်၍ စပ်သည်ဖြစ်သကဲ့သို့ အကြောင်း၏ အကျိုးသစ္စာသည် အကြောင်းသစ္စာနှင့် တကွတည်သည်ကဲ့သို့ဖြစ်၍ စပ်သည်မဖြစ်။

ထို့ကြောင့်—

**တယမိဓ နိရောဓသုည၊ တယေန တေနပိ နိဗ္ဗုတိသုညာ။**
**သုညောပလေန ဟေတု၊ ဖလံပိ တံ ဟေတုနာ သုည်။ ။**
ဟူ၍-ဟောတော်မူသည်။

ဤသစ္စာလေးပါး၌ ဒု—သ—မ သုံးပါးသည် နိ-မှဆိတ်၏၊ နိ-သည်လည်း ဒု—သ—မ တို့မှ ဆိတ်၏၊ အကြောင်းသစ္စာသည် အကျိုးသစ္စာမှ ဆိတ်၏၊ ထိုအကျိုးသစ္စာသည်လည်း ထိုအကြောင်းသစ္စာမှဆိတ်၏။

....................

## သစ္စာ၌ ဧကဝိဓ စသည်ဖြင့် ဝေဘန်ခြင်း

ဤသစ္စာလေးပါးတို့တွင် အလုံးစုံသော ဒုက္ခဟူသမျှသည် သံသရာ၏ ကြိမ်ဖန်ထပ်ထပ် မပြတ်မလတ် ဖြစ်တတ်သော သဘောကြောင့် တပါးသော အဘို့ရှိ၏၊ နာမ်ရုပ်အားဖြင့် နှစ်ပါးအပြားရှိ၏၊ ကာမ ရူပ အရူပ ဟူသော ဥပပတ္တိအပြားအားဖြင့် ၃-ပါးရှိ၏၊ လေးပါးသော အာဟာရ အားဖြင့် ၄-ပါး ရှိ၏၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၏ အပြားအားဖြင့် ၅-ပါး ရှိ၏။

သ–သည်လည်း ပဝတ္တိဟုဆိုအပ်သော ဒုက္ခကို ဖြစ်စေတတ်သော သဘော အားဖြင့် အဘိုတပါးသာရှိ၏၊ ဒိဋ္ဌိသမ္ပယုတ် ဝိပ္ပယုတ်အားဖြင့် ၂-ပါးရှိ၏၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာအားဖြင့် ၃-ပါးရှိ၏၊ မဂ်လေးပါး သည် ပယ်အပ်သည်၏ အဖြစ်အားဖြင့် လေးပါးရှိ၏၊ ရူပါရုံ၌ တပ်သော တဏှာ စသော အားဖြင့် ငါးပါးရှိ၏၊ ခြောက်ပါးသော တဏှာ ကာယ အပြားအားဖြင့် ၆-ပါးရှိ၏။

နိ–သည်လည်း အသခ်တဓာတ်၏ အဖြစ်ဖြင့် တပါးတည်းသာ ရှိ၏၊ အကြောင်းအမြွက်အားဖြင့်ကား ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော ကိလေသာ တို့မှ ကြွင်းသည်နှင့်တကွဖြစ်သော သ ဥပါဒိသေသ နိဗ္ဗာနဓာတ်၊ ထို့အတူ ကိလေသာမှ အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်အားဖြင့် ၂-ပါး ရှိ၏၊ ဘဝသုံးပါးအပေါင်း၏ ငြိမ်းရာ အဖြစ်ဖြင့် ၃-ပါးရှိ၏၊ မဂ်လေးပါး တို့သည် ပယ်အပ်သည်၏ အဖြစ်အားဖြင့် လေးပါးရှိ၏၊ ရူပါရုံ၌တပ်သော တဏှာစသည်တို့၏ ငြိမ်းရာ အဖြစ်ဖြင့် ၅-ပါးရှိ၏၊ ခြောက်ပါးသော တဏှာ ကာယတို့၏ ငြိမ်းရာ ကုန်ရာအားဖြင့် ၆-ပါးရှိ၏။

မ–သည်လည်း ပွားစေအပ်သော သာမညလက္ခဏာအားဖြင့် တပါး တည်းသာရှိ၏၊ သမထ ဝိပဿနာအားဖြင့် ၂-ပါးရှိ၏၊ ဝါ-ဒဿနဘာဝနာ အားဖြင့် ၂-ပါးရှိ၏၊ သီလက္ခန် သမာဓိက္ခန် ပညာက္ခန် အားဖြင့် ၃-ပါး ရှိ၏။

ဤမဂ္ဂင်ရှစ်ပါး၌ " ဝါစာ ကမ္မံ အာဇီဝံ " ၃-ပါးတို့သည် သီလပင် တည်း၊ ထိုသုံးပါးတို့ကို ဝစီဒုစရိုက် ဝိရတိ စသော အပြားတို့၌ တူသော သီလ ဇာတိ အားဖြင့် သီလကျေးဇူး ဟူသော သီလက္ခန္ဓဖြင့် ရေတွက်အပ် ကုန်၏။

သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ သုံးပါးတို့တွင် သမာဓိသည် မိမိ၏ သဘောအားဖြင့် တခုတည်းသော အာရုံ၌ တည်ကြည်သည်၏ အဖြစ် ဖြင့် သက်ဝင်ခြင်းငှါ မစွမ်းနိုင်၊ ဝိရိယတရားတို့ကို ချီးမြှင့်ခြင်း ကိစ္စကို ပြီးစေသည်ရှိသော်သာလျှင် ကျေးဇူးပြုခြင်းရှိသည်ဖြစ်၍ သက်ဝင်ခြင်းငှါ စွမ်းနိုင်၏။

ဥပမာ—ဆိုသည်ရှိသော် နက္ခတ်သဘင် ပျော်ပွဲဆင်၍ တွင်တွင်ကြီး ကစားကြမည်ဟု ဥယျာဉ်သို့ ဝင်ကုန်သော မိတ်ဆွေသုံးယောက်တို့တွင် ပဌမလူက လှိုင်လှိုင်ပွင့်သော စကားပင်ကို မြင်၍ လက်လှမ်း၍ ခူးဆွတ်ရာ မမှီနိုင်ရှိသဖြင့် ဒုတိယလူက ခါးကုန်းပေး၍ မိမိကျောက်ကုန်းပေါ်သို့ တက်စေ၏၊ ပဌမလူသည် ဒုတိယလူ၏ ကျောက်ကုန်းပေါ်၌ တက်၍ ပန်းကို ဆွတ်ခူးရာ မြမြန်ခိုန်ခန့်စွာ ငြိမ်ငြိမ်မနေနိုင်ဘဲ တုန်ဟုန်ရီရီ ဖြစ်နေသဖြင့် ပန်းခူး၍မရနိုင်ဖြစ်နေစဉ် တတိယလူက မိမိပခုံးဝှန်းကို ကိုင်ရန် ဒုတိယလူ၏ အနားမှာ ကပ်လျက်ရပ်ပေး၏၊ ပဌမလူသည် ဒုတိယလူ၏ ကျောက်ကုန်းပေါ်၌ ရပ်၍ တတိယလူ၏ ပခုံးစွန်းကိုကိုင်လျက် လက်တဘက်က လိုသော ပန်းပွင့်ကို ဆွတ်ခူးပြီးလျှင် မိတ်ဆွေသုံးယောက်လုံးပင် ပန်ဆင်ကြလျက် နက္ခတ်သဘင် ပျော်ရွှင် ကစားကြကုန်သကဲ့သို့၊ ထို့အတူ—ဤဥပမာနှင့် ပြည့်စုံခြင်းကို မှတ်အပ်၏။

တူပုံကား—ဘပေါင်းတည်းဥယျာဉ်သို့ဝင်ကုန်သော မိတ်ဆွေသုံးယောက် တို့ကဲ့သို့ တပေါင်းတည်းဖြစ်ကုန်သော ဝါယာမ,သတိ,သမာဓိတရားသုံးပါး တို့ကို မှတ်အပ်၏။

ကောင်းစွာပွင့်သော စကားပင်ကြီးကဲ့သို့ အာရုံကိုမှတ်အပ်၏။

ပန်းပွင့်ကို လက်လှမ်း ဆွတ်ခူးသော ပဌမ မိတ်ဆွေကဲ့သို့ မိမိ သဘော အားဖြင့် အာရုံ၌တည်ကြည်၊တည်ကြည်သည်၏ အဖြစ်ဖြင့် သက်ဝင်ခြင်းငှါ မစွမ်းနိုင်သော သမာဓိကို မှတ်အပ်၏။

ခါးကုံးပေးသော ဒုတိယမိတ်ဆွေကဲ့သို့ သမ္မာဝါယာမကို မှတ်အပ်၏။

ပခုံးကိုကိုင်ရန် အနားမှာကပ်၍ ရပ်လာသော တတိယမိတ်ဆွေကဲ့သို့ သမ္မာသတိကို မှတ်အပ်၏။

ထိုမိတ်ဆွေ သုံးယောက်တို့တွင် ဒုတိယမိတ်ဆွေ၏ ကျောက်ကုန်းပေါ်၌ ရပ်၍ တတိယမိတ်ဆွေ၏ ပခုံးကိုကိုင်လျက် ပန်းဆွတ်ခူးသော ပဌမ မိတ်ဆွေသည် အလိုရှိတိုင်း ပန်းကို ဆွတ်ခူးခြင်းငှါ စွမ်းနိုင်သကဲ့သို့၊ ဝီရိယသည် ချီးမြှောက်အပ်သော ကိစ္စကို ပြီးစေသည်ရှိသော် သတိ သည်လည်း မမေ့ မလျော့ခြင်း, ခိုင်မာစေခြင်း ကိစ္စကို ပြီးစေသည်ရှိသော် အထောက်အပံ့ကို

ရသည်ဖြစ်၍ သမာဓိ သည် အာရုံ၌ မပျံ့လွင့်ခြင်း, တည်ကြည်ခြင်း အဖြစ်ဖြင့် သက်ဝင်ခြင်းငှါ စွမ်းနိုင်၏၊ ထို့ကြောင့်—ဤသုံးပါးသော တရားတို့တွင် သမာဓိကိုသာလျှင် သဝိတက္က သဝိစာရ စသည်ဖြင့်ပြားသော သမာဓိတို့၌ တူသော သမာဓိ၏ သမာဓာနသဘောဟူသော ဇာတ်အားဖြင့် သမာဓိက္ခန္ဓ ဖြင့် ရေတွက်အပ်၏၊ ဝါယာမ သတိ တို့သည်ကား သမာဓိအား ကျေးဇူးပြုသော သမာဓိအားလျော်သော ကိစ္စအားဖြင့် သမာဓိက္ခန်ဖြင့် ရေတွက်အပ်၏။

**သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ တို့တွင်ကား**

ပညာသည် မိမိ၏သဘောအားဖြင့် အနိစ္စ, ဒုက္ခ, အနတ္တဟု အာရုံကို မဆုံးဖြတ်နိုင်၊ ဝိတက်သည် ခေါက်၍ ခေါက်၍ ပေးသည်ရှိသော်သာ ဆုံးဖြတ်ခြင်းငှါ စွမ်းနိုင်၏၊ အသို့စွမ်းနိုင်ပါသနည်း။

ရွှေပွဲစားသည် ရွှေ, ငွေကို လက်ဝါးတွင် တင်ထား၍ အလုံးစုံသော အဘို့တို့၌ ကြည့်လိုသော်လည်း မျက်စိအမြင်ဖြင့်သာလျှင် ထိုမှ ဤမှ ထက်အောက် ဘယ်ညာ ပြန်လှန်ခြင်းငှါ မတတ်နိုင်၊ လက်ချောင်းတို့ဖြင့်သာ လှန်၍လှန်၍ ဤမှထိုမှ လည်ကြည့်ခြင်းငှါ စွမ်းနိုင်သကဲ့သို့၊ ထို့အတူ ပညာသည် မိမိ၏သဘောအားဖြင့် အနိစ္စ စသည်တို့၏ အစွမ်းအားဖြင့် အာရုံကို ဆုံးဖြတ်ခြင်းငှါ မတတ်နိုင်၊ သို့သော် သမ္မယုတ်တရားတို့ကို အာရုံသို့ ရှေ့ရှု တတ်စေခြင်း လက္ခဏာရှိသော ရှေ့ရှုခေါက်ခြင်း၊အဖန်တလဲလဲခေါက်ခြင်း၊ ထက်ဝန်းကျင် ခေါက်ခြင်း ကိစ္စရှိသော ဝိတက်သည် အနိစ္စ,အနိစ္စ စသည်ဖြင့် ပညာ၏ ကိစ္စနှင့်တူသော ကိစ္စဖြင့် ထက်ဝန်းကျင်မှ အဖန်တလဲလဲ ခေါက်သကဲ့သို့ငှင်း။

"အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာအသာရကဋ္ဌေန" ဖြင့်လှန်လှော သကဲ့သို့ငှင်း၊ ကြံ၍ကြံ၍ပေးအပ်သော အာရုံကိုသာလျှင် "ဒုက္ခေဉာဏံ" စသည်ဖြင့် တူသော ပဇာနန သဘောဟူသော ပညာ၏ ဇာတ်အားဖြင့် ပညာက္ခန္ဓဖြင့် ရေတွက်အပ်၏။

သ—သည်ကား ပညာ၏ကိစ္စနှင့်တူသော ကိစ္စအားဖြင့်သာ ရေတွက်အပ်၏၊ ဤသို့ ခန္ဓာသုံးပါးတို့ဖြင့် မဂ်သည် ရေတွက်ခြင်းသို့ရောက်၏၊ ထို့ကြောင့် ခန္ဓာသုံးပါးတို့၏အပေါင်း၏အပြားဖြင့် သုံးပါးရှိ၏ဟူ၍ဆိုခဲ့ပြီ။

**သောတာပတ္တိမဂ်** စသည်တို့၏ အစွမ်းအားဖြင့်ပင်လျှင် လေးပါးအပြား ရှိ၏၊ အလုံးစုံ ရှိရှိသမျှသော သစ္စာတို့သည် မဖောက်မပြန် မှန်သည်၏အဖြစ် ကြောင့်၎င်း၊ ရှေ့ရှုမျက်ခမှာက် သိအပ်သည်၏ အဖြစ်ကြောင့်၎င်း၊ အဘို တပါးသာရှိကုန်၏။

**လောကီသစ္စာ လောကုတ္တရာသစ္စာ** အားဖြင့်၎င်း၊ သခ်တ,အသခ်တ အား ဖြင့်၎င်း နှစ်ပါးရှိကုန်၏၊ ဒဿန ဘာဝနာတို့ဖြင့် ပယ်အပ်သည်၏ အဖြစ် အားဖြင့်၎င်း၊ မပယ်အပ်သည်၏ အဖြစ်အားဖြင့်၎င်း သုံးပါး ရှိကုန်၏၊ ပရိညေယျ ပဟာဘဗ္ဗ သစ္ဆိကာဘဗ္ဗ ဘာဝေတဗ္ဗ အပြားအားဖြင့်ကား လေးပါးအပြားရှိကုန်၏။

.....................

သစ္စာ၌ သဘာဝ ဝိသဘာဝအားဖြင့် ဝေဘန်ခြင်း

အလုံးခုံသော သစ္စာတို့သည် အချင်းချင်းတူသော သဘောရှိကုန်၏၊ အဘယ့်ကြောင့်ဆိုသော် မဖောက်မပြန် မှန်ကန်သည်၏အဖြစ်၊ အတ္တမှ ဆိတ်သည်၏အဖြစ်၊ ထိုးတွင်း၍ သိခြင်းငှါ ခဲယဉ်းသည်၏ အဖြစ်ကြောင့် တည်း။

**ထို့ကြောင့်ပင်—**

**တံ ကိံ မညသိအာနန္ဒ၊ ကတမံနုခေါဒုက္ကရံဝါ၊**
**ဒုရဘိသမ္ဘဝတရံဝါ၊ပ၊အယံဒုက္ခန္တိရောမ ဂါမိနိ**
**ပဋိပဒါတိ ယထာဘူတံ ပဋိဝိဇ္ဈန္တီတိ။ ။**

ဟူ၍—ရှင်အာနန္ဒာအား ဟောတော်မူခဲ့ပေသည်။

**ဘာသာပြန်၊** အို အာနန္ဒာ၊ အကြင်စကားကို ငါဘုရားဟောကြားတော် မူမည်၊ ထိုစကားကို သင်ဘယ်လိုမှတ်ထင်မည်နည်း၊ အာနန္ဒာ-အကြင်သူ သည် အဝေးကြီးကနေ၍ အလွန် ကျဉ်းလှသော သံကောက်ပေါက်ဖြင့် မြှားကို အဆင့်ဆင့် ပစ်လွှတ်ရာ၏၊ အကြင်သူ တယောက်သည်လည်း **အစိတ်** တရာ စိတ်အပ်သော သားမြီး၏ မြှားဖျား၌ တပ်အပ်သော သားမြီးစွန်းဖြင့်

အခြား သားမြီးစွန်းတခုကို တွေ့စပ်မိအောင် ပစ်ရာ၏၊ ထိုလေးသည်ကျော် နှစ်ဦးတို့တွင် အဘယ်သူ၏ အဘယ်အမှုသည် အလွန်ပြုနိုင်ခဲသနည်း၊ ဖြစ်စိမ့် ပြီးစိမ့်သော၄ါ အလွန်တတ်နိုင်ခဲသနည်းဟု မြတ်စွာဘုရားက မေးတော်မူသောအခါ၊ အရှင်အာနန္ဒာက 'ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား အကြင်သူ ဒုတိယလူသည် အစိတ်တရာစိတ်အပ်သော သားမြီးစွန်းဖြင့်အခြား သားမြီးစွန်းတခုကို တွေ့စပ်မိအောင် ပစ်ရာ၏၊ ထိုဝါလဝေဓိ လေးသည် ကျော်၏ ထိုအမှုသည်သာလျှင် အလွန်ပြုနိုင်ခဲပါသည်၊ ဖြစ်စိမ့် ပြီးစိမ့်သော ၄ါ အလွန်စွမ်းနိုင်ခဲပါသည်ဘုရား'ဟု လျှောက်ထားသည်ရှိသော်–

အာနန္ဒာအကြင်သူတို့သည် ဤတဏှာကြဉ်သော တေဘုမ္မကတရားသည် ဒုက္ခသစ္စာမည်၏ဟု မဖေါက်မပြန် အမှန်အကန် ထိုးထွင်း၍ သိကုန်၏၊ပ၊ ဤသမ္မာဒိဋ္ဌိ စသော အရိယာမဂ်သည် ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်းအကျင့်မြတ် မည်၏ဟု မဖေါက်မပြန် မှန်မှန်ကန်ကန် ထိုးထွင်း၍သိကုန်၏၊ သစ္စာလေးတွေ ခွဲဝေတိတိ အမှန်သိနိုင်သော ထိုသူတို့သည်သာလျှင် ထိုဝါလဝေဓိ လေးသည်ကျော်တို့၏ အမှုထက် စင်စစ် ခဲယဉ်းကုန်၏၊ အလွန်ထိုးထွင်း၍ သိနိုင်ခဲသည်ကို ထိုးထွင်း၍ သိပေကုန်၏ ဟူလို။

မိမိ-မိမိတို့၏ လက္ခဏာတို့ကို ပိုင်းခြားခြင်းအားဖြင့် တူသော သဘော ရှိသည် မဟုတ်ကုန်။

**တနည်း။** **ရှေးဖြစ်ကုန်သော** ဒု–သ နှစ်ပါးတို့သည် ပိဠန စသော အာယူဟန စသော သဘောအားဖြင့် ဤကား-ဒု၊ ဤကား-သ ဟု အမှန် အကန်အားဖြင့် သက်ဝင်ခြင်း၄ါ ခဲယဉ်းသည်ဖြစ်၍ နက်နဲသည် အဖြစ် လောကီနှင့်သာစပ်သည့်အဖြစ်,အာသဝေါတရားတို့၏တည်ရာအဖြစ်ကြောင့် တူသောသဘောရှိကုန်၏၊အကျိုးအကြောင်း အထူးအားဖြင့်ရင်း,ပိုင်းခြား၍ သိခြင်း ပယ်ခြင်းအားဖြင့်ရင်း တူသောသဘော မရှိကုန်။

**နောက်ဖြစ်သော** နိ–မ နှစ်ပါးတို့သည်လည်း သဏှ သုခုမ ဓမ္မ ဖြစ်၍၊ ဝါ-သိမ်မွေ့ နူးညံ့လှသော တရားဖြစ်၍ တရားကိုယ် သရုပ်အားဖြင့်ပင် နက်နဲ ခက်ခဲသည်၏ အဖြစ်ဖြင့် သက်ဝင်ခြင်း၄ါ ခဲယဉ်းသည့် အဖြစ်

လောကုတ္တရာ၏အဖြစ်, အာသဝေါကင်းသည်၏အဖြစ် မျက်မှောက်ပြုအပ် ပွားအပ်သောအားဖြင့် တူသောသဘောရှိသည် မဟုတ်ကုန်။

ဒု—နိ နှစ်ပါးတို့သည် အကျိုးတရားတို့ဟူ၍ ညွှန်းအပ်သော အားဖြင့် သဘောတူကုန်၏၊ သင်္ခတ, အသင်္ခတ အားဖြင့်ကား သဘောမတူကုန်။

သ—မ တို့သည်လည်း အကြောင်းတရားတို့ဟူ၍ ညွှန်းအပ်သောအားဖြင့် သဘောတူကုန်၏၊ ကုသိုလ် အကုသိုလ်အားဖြင့်ကား သဘောမတူကုန်။

နိ—မ တို့သည် သင်္ခတအားဖြင့် သဘောတူကြကုန်၏၊ လောကီ လောကုတ္တရာအားဖြင့် သဘောမတူကြကုန်။

သ—နိ တို့သည် နေဝသိက္ခာ နာသိက္ခာအားဖြင့် သဘောတူကြကုန်၏၊ သာရမ္မဏ အနာရမ္မဏအားဖြင့် သဘောမတူကြကုန်၊ ဤသို့လျှင် သစ္စာတို့၏ သဘောတူသည်၏အဖြစ်, မတူသည်၏အဖြစ်ကို ပညာရှိတို့သည် သိအောင် ပြုအပ်ကုန်၏၊ ဝါ-သိအောင် ကြိုးစားအပ်ကုန်၏၊ ဤသစ္စနိဒ္ဒေသ ဒုတိယ ခဏ်းကို မျှားသောအားဖြင့် ဝိသုဒ္ဓိမဂ် ဌကထာ ဣန္ဒြိယသစ္စနိဒ္ဒေသကိုမှီ၍ မြန်မာပြန်သက်သက်ကို ပြဆိုလိုက်ပါသည်။

.......... .........

တနည်း—ကျမ်းတပါးအဆိုအားဖြင့် တပုံလွှဲ၍ တနဲပြဆိုပါဦးမည်။

ကိလေသပစ္စာ ခန္ဓာဝစုန္တိ။ (သုတ္တနိပါတ် ဌ၁ ၃၇၈ ဝဂ် နံပါတ် ၁၃)

အနက် (က) ကိလေသပစ္စယာ၊ ကိလသောဟူသောအကြောင်းကြောင့်။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဝနုန္တိ၊ တိုးပွားကုန်၏။

ဒါကတော့ သံသရာအလုံးစုံကို အကုန်ပါအောင် ချုံးပြီးပေးလိုက်တဲ့ သာမညအနက်ဘဲရှိသေးတယ်၊ အပါယ်သံသရာ လူ နတ် သံသရာ, ဗြဟ္မာ သံသရာတို့အတွက် အထူးကွက်၍ ဝိသေသအနက် ပေးရပါလျှင်—

(ခ) ကိလေသပစ္စယာ၊ ဒိဋ္ဌိကိလေသာ ဟူသော အကြောင်းကြောင့်။ ခန္ဓာ၊ အပါယ်လေးပါး ခန္ဓာတို့သည်။ ဝနုန္တိ၊ တိုးပွားကုန်၏။

(ဒါကတော့ အပါယ်သံသရာအတွက် သက်သက်တည်း)

(ဂ) ကိလေသပစ္စယာ၊ ကာမတဏှာ ကိလေသာကြောင့်။ ခန္ဓာ၊ လူ့ခန္ဓာ နတ်ခန္ဓာတို့သည်။ ဝဍ္ဍန္တိ၊ တိုးပွားကုန်၏။

(ဒါကတော့ လူ နတ် သံသရာအတွက် သက်သက်တည်း)

(ဃ) ကိလေသပစ္စယာ၊ ရူပတဏှာ အရူပတဏှာ ကိလေသာကြောင့်။ ခန္ဓာ၊ ရူပ အရူပ ဗြဟ္မာခန္ဓာတို့သည်။ ဝဍ္ဍန္တိ၊ တိုးပွားကုန်၏။

(ဒါကတော့ ဗြဟ္မာသံသရာအတွက် သက်သက်တည်း)

ဆိုလိုရင်းမှာ—အပါယ်လေးပါး အောက်တန်းစား သံသရာ, လူ နတ် အလယ်တန်းစား သံသရာ, ဗြဟ္မာ အထက်တန်းစား သံသရာဟု သံသရာ သုံးမျိုးသုံးစားသုံးပါးရှိရာ ဒိဋ္ဌိကိလေသာကြောင့် အပါယ်ခန္ဓာ၊ကာမတဏှာ ကိလေသာကြောင့် လူ နတ်ခန္ဓာ၊ ရူပ,အရူပတဏှာကိလေသာကြောင့် ရူပ အရူပ ဗြဟ္မာခန္ဓာတွေ ထပ်ကာ ထပ်ကာ ပွား၍ ပွား၍ နေသောကြောင့် ဖြစ်ပျက်မွေးသေ ဖြစ်ပျက်မွေးသေ သံသရာရှည်၍ နေကြရသည်ဟု ဆိုလို ပေသည်။

မှတ်ချက်။ ။ လိုရင်းချုပ် သိဘို့မှာ ဒိဋ္ဌိကိလေသာကြောင့် အပါယ်ခန္ဓာ အပါယ်သံသရာ၊ကာမတဏှာ ကိလေသာကြောင့် လူ နတ် ခန္ဓာ လူ နတ် သံသရာ၊ ရူပ အရူပ တဏှာကိလေသာကြောင့် ရူပ အရူပခန္ဓာ ရူပ အရူပ သံသရာ မပြတ်လည်၍နေကြရာ အဆိုပါ ကိလေသာ တို့ကို သစ္စဉာဏ် ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် တဒင်္ဂမှ သမုစ္ဆေဒ ကြအောင် ပယ်သတ်ပစ်ပါလျှင် အဆိုပါ သံသရာတို့မှ ကျွတ်လွတ် ထွက်မြောက် မွေးသေလွတ်တဲ့နိဗ္ဗာန်သို့ ရောက်တော့သည်၊ ရတော့ သည်ဟုလို။ ။ ဒါ့ကြောင့် ယခုလက်ရှိဘဝ သာသနာနှင့်တွေ့ကြတဲ့ ခါ၊ ပယ်၍ဘဲထွက်ကြမလား, မပယ်ဘဲထား၍ဘဲ စွပ်ကြဦးမလား လို့သာ မေးရန်ရှိတော့၏။

ရင်း၏ဆန့်ကျင်ဘက်—

ကိလေသာ ဘာဝေ ဝိဇ္ဇမာနမ္ဘိကမ္မံ
အာယတိံ အပ္ပဋိ သန္ဓိကံ ဟောတိ။ ။

(ဥဒါန်းအဋ္ဌကထာ)

အနက် (က) **ကိလေသာဘာဝေ၊** ကိလေသာ မရှိသည်ရှိသော်။ ကမ္မံ၊ ကုသိုလ် အကုသိုလ်ကံသည်။ ဝိဇ္ဇမာနမ္ပိ၊ အကျိုး မပေးရသေး၍ ထင်ရှား ရှိပါသော်လည်း။ အာယတိံ၊ နောင်အခါ၌။ အပ္ပဋိသန္ဓိကံ၊ ပဋိသန္ဓေ အကျိုးကို မပေးနိုင် မဖြစ်စေနိုင်တော့သည်။ ဟောတိ၊ မုချမသွေ ဖြစ်တော့ လေသတည်း။

(ဒါကတော့ သာမညအနက်ဘဲ ရှိသေးတယ်၊ ဝိသေသအနက် ကွက်၍ ပေးရပါလျှင်)

(ခ) **ကိလေသာဘာဝေ၊** ဒိဋ္ဌိကိလေသာ မရှိသည် ရှိသော်။ ကမ္မံ၊ အပါယ်လေးပါးသို့ လားရောက်စေတတ်သော အကုသိုလ်ကံသည်။ ဝိဇ္ဇမာ နမ္ပိ၊ ရှိပါသေးသော်လည်း။ အာယတိံ၊ နောင်အခါ၌။ အပ္ပဋိသန္ဓိကံ၊ အပါယ်ပဋိသန္ဓေအကျိုးကို မပေးနိုင်တော့သည်။ ဟောတိ၊ ဖြစ်၏။

(ဒါကတော့ အပါယ်သံသရာအတွက် သက်သက်တည်း၊ ဒိဋ္ဌိမရှိလို့ အပါယ်ခန္ဓာ မရှိတာ)

(ဂ) **ကိလေသာဘာဝေ၊** လူ့ဘုံ နတ်ဘုံတို့၌ ဖြစ်လို ဖြစ်ချင်နေတဲ့ ကာမတဏှာ, ဘဝတဏှာ ကိလေသာ မရှိသည်ရှိသော်။ကမ္မံ၊လူ့ဘုံ နတ်ဘုံ တို့၌ ဖြစ်စေတတ်သော ကာမကုသိုလ်ကံသည်။ ဝိဇ္ဇမာနမ္ပိ၊ရှိပါသော်လည်း။ အာယတိံ၊ နောင်အခါ၌။ အပ္ပဋိသန္ဓိကံ၊ လူ နတ် ပဋိသန္ဓေကို မပေးနိုင် တော့သည်။ ဟောတိ၊ ဖြစ်၏။

(ဒါကတော့ လူ နတ် သံသရာအတွက် သက်သက်တည်း၊ ကာမတဏှာ မရှိလို့ လူ နတ် ခန္ဓာ မရှိတာ)

(ဃ) **ကိလေသာဘာဝေ၊** ရူပ အရူပဘုံတို့၌ ဖြစ်လို ဖြစ်ချင်နေတဲ့ ရူပ အရူပ တဏှာ ကိလေသာ မရှိသည်ရှိသော်၊ ကမ္မံ၊ ရူပ အရူပဘုံတို့၌ ဖြစ်စေ တတ်သော မဟဂ္ဂုတ်ကုသိုလ်ကံသည်။ ဝိဇ္ဇမာနမ္ပိ၊ထင်ရှားရှိပါသော်လည်း။ အာယတိံ၊ နောင်အခါ၌။ အပ္ပဋိသန္ဓိကံ၊ ရူပ အရူပ ပဋိသန္ဓေကို မပေးနိုင် တော့သည်။ ဟောတိ၊ ဖြစ်၏။

(ဒါကတော့ ဗြဟ္မာ့သံသရာအတွက် သက်သက်တည်း၊ ရူပ အရူပတဏှာ မရှိလို့ ရူပ အရူပ ခန္ဓာမရှိတာ)

**သတိ—သတိ....**

မှား မှန် ကောင်း ဆိုး ပယ်၍ဘဲ ထွက်ကြမလား၊ မပယ်ဘဲ ထား၍ဘဲ ပြန်စွပ်ကြဦးမလား၊လမ်းမှားနှင့်လမ်းမှန်၊လမ်းကောင်းနှင့် လမ်းဆိုး လမ်းနှစ်မျိုး ရင်ဆိုင်တွေ့နေကြရပြီး ဘယ်လမ်းကိုလိုက်မလဲ၊ ဗာလ နှင့် ပဏ္ဍိတခွဲ၊ ဗာလဖြစ်က သွားနေကြ မွေးသေလမ်း၊ ပဏ္ဍိတဖြစ်က မွေးသေလွတ်တဲ့ နိဗ္ဗာန်လမ်းကို လိုက်လိမ့်မည်၊ ကြည့်၍သာနေ တိုက်တွန်း၍ ရမည်မဟုတ်ပေ။

**အဓိပ္ပါယ်—**အဆိုပါ ကိလေသာ သုံးမျိုးကြောင့် အဆိုပါခန္ဓာ သုံးမျိုး တို့သည်၊ **ဥပမာ—**တကမ္ဘာပတ်လုံး**"မျိုးစေ့ကြောင့် အပင်ဖြစ်နေကြသတဲ့သို့"** ထို့တူပမာ တသံသရာလုံးကြီးဟာ ကိလေသာကြောင့် ခန္ဓာ ဖြစ်ပျက် မွေး သေ သံသရာရှည်၍ နေကြရာ၊ ဝါ-နေကြသော်လည်း မြတ်စွာဘုရား ဟော ကြားတော်မူတဲ့ အမှန်လေးပါးခေါ်သော သစ္စာလေးပါးတရားကို ကြား နာကြရတဲ့ခါ တဏှာ ကိလေသာ သမုဒယသစ္စာကြောင့် ရုပ် နာမ် ခန္ဓာ ဒုက္ခသစ္စာဖြစ်သည်ကိုရင်း၊ တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် တဏှာခန္ဓာ အစဉ်ပြတ်တဲ့ အသခ်တဓာတ် နိဗ္ဗာန် နိရောဓသစ္စာကိုရင်း၊ ရှေးဦးစွာ လောကီဉာဏ်ဖြင့်ပင် ဟုတ်တိုင်းမှန်စွာ သိမြင်ပြီးဖြစ်၍ သိမြင်တဲ့အတိုင်း သတိနှင့်မကွာ ပညာနှင့်မကင်း ခန္ဓာအတွင်းသို့ ဉာဏ်သွင်းကာ အဖန် တလဲလဲ ဆင်ခြင်နှလုံးသွင်း၍ ပေးတဲ့ခါ—

**"ဒု—သိ ဒိ—ပယ်၊ သ—သိ ဝိ—ဝယ်"** ဆိုတဲ့အတိုင်း၊

ဘုံသုံးပါးတို့၌ ကောင်းနိုးနိုးမှတ်ထင်၍ ဘုံသုံးပါးတို့၌ပင် တဇန်တဖန် ပြန်၍ပြန်၍ ဖြစ်လို ဖြစ်ချင်နေတဲ့ သမုဒယသစ္စာ တဏှာ ရာဂ လောဘ အသစ်အသစ် ဖြစ်၍ဖြစ်၍ နေသောကြောင့်ပင် ဘုံသုံးပါးတို့မှာ ပြုအပ်သော ကံအားလျော်စွာ ဘဝတဖန် ရုပ်နာမ် ခန္ဓာ ဒုက္ခသစ္စာ ဘဝတဖန် ရုပ်နာမ် ခန္ဓာ ဒုက္ခသစ္စာတွေ အသစ်အသစ် ဖြစ်၍ဖြစ်၍ နေကြသောကြောင့် ရံခါ ဒုဂ္ဂတိ, ရံခါ သုဂတိ စသည်ဖြင့် သုံးဆဲ့တဘုံ သံသရာဝဋ်ဆင်းရဲကြီးထဲမှာ နစ်တုံ ပေါ်တုံ တမှုံမွှားမွှား ဆုံလည်သည့်နွား ရဟပ်ချားသို့ ဖြစ် ပျက် မွေးသေ သံသရာရှည်၍နေကြရသည်ဟု သမုဒယနှင့် ဒုက္ခသစ္စာကို တဲ့တဲ့ကြီး ထိုးထွင်း၍သိမြင်လာတဲ့ခါ သ-ကိုသိတော့ ဝိ-ကို၊ ဒု-ကိုသိတော့ ဒိ-ကို။

ဤလို ဒိ-ဝိ တို့ကိုပယ်၍ ဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာ မရှိလျှင်လည်း ဒိဋ္ဌိ ကိလေသာ အပါယ်ခန္ဓာတို့၏ တဖန် အသစ်မဖြစ်ရာ ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်မြင်သိတဲ့ သောတာပတ္တိ မဂ်ဉာဏ်ကို ရရှိသဖြင့် အပါယ်ခန္ဓာ အပါယ်သံသရာ မရှိတော့သည်ဖြစ်၍ အပါယ်လွတ် တရားရတော့သည်။

ဝိသာခါ အနာထပိဏ်တို့လို—အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး ပိတ်ထားလိုက်နိုင်တော့သည်ဟု ဆိုလိုပေသည်။

သစ္စာဉာဏ်ဖြင့်ပင် အဖန်ဖန်ဆင်ခြင်၍ ထင်မြင်သည်ထက် ကောင်း ကောင်း လှလှကြီး ထင်မြင်လာတဲ့ခါ ကာမတဏှာ ဘဝတဏှာ ကိလေသာ မရှိလျှင် လူ နတ် ခန္ဓာ လူနတ်သံသရာ မရှိသည်ကိုင်း၊ ရူပ အရူပတဏှာ ကိလေသာမရှိလျှင် ရူပ အရူပ ခန္ဓာ သံသရာ မရှိသည်ကိုင်း၊ နည်းတူ သိလေ။

ဆိုလိုရင်းမှာ—အပါယ်လေးပါး အောက်တန်းသံသရာ၊ လူ နတ် အလယ် အလတ်ဖြစ်သော သံသရာ၊ ဗြဟ္မာနှစ်ဆယ် အထက်တန်းဝါး ဖြစ်သော သံသရာဟု သုံးမျိုး သုံးစား သုံးပါးရှိရာ အဆိုပါ သံသရာတို့ကို တဖန်တဖန် ပြန်၍ပြန်၍ လည်စေတတ် ဖြစ်စေတတ်တဲ့ သူ့ဘုံနှင့် သူ့ကိလေသာဆိုင်ရာ အပါယ်လေးဘုံနှင့်ဆိုင်ရာ ဒိဋ္ဌိကိလေသာ၊ လူ့ဘုံ နတ်ဘုံနှင့်ဆိုင်ရာ ကာမ တဏှာ ကိလေသာ၊ ဗြဟ္မာဘုံနှင့်ဆိုင်ရာ ရူပ အရူပ တဏှာကိလေသာတို့ကို ဝါ-ဒိဋ္ဌိ တဏှာ မာန ကိလေသာတို့ကို ဒေသနာတော်ဉာဏ်လက်နက်နှင့်ဘဲ ဖြစ်ဖြစ်, သစ္စဉာဏ်လက်နက်နှင့်ဘဲဖြစ်ဖြစ်, ဝိပဿနာဉာဏ် မဂ်ဉာဏ် လက် နက်နှင့်ဘဲ ဖြစ်ဖြစ် အလဲထိုး၍ အသေသတ်နိုင်ဘို့ရာသာ လိုရင်းကြီးဟု သိလေ မှတ်လေ။

အဘယ့်ကြောင့်ဆိုသော်-မျိုးစေ့မရှိလျှင် အပင်မပေါက်နိုင်သကဲ့သို့၊ ထို့တူပမာ ကိလေသာမျိုးမရှိပါလျှင် ကံဟောင်း ကံသစ် ဘယ်လောက်ပင် ရှိရှိ အပါယ်ပဋိသန္ဓေစသော ပဋိသန္ဓေအကျိုးကို တဖန်မဖြစ်စေနိုင် မဆက် စေနိုင်သောကြောင့်ပေတည်း။

(သစ္စာသိက ဒိဋ္ဌိမရှိ, ဒိဋ္ဌိမရှိလျှင် အပါယ်လေးပါးလည်း မရှိ)

သည်မှတပါး.... သစ္စာနိစ အပါယဂါမိ ကမ္မာနိနာမ၊
အတ္တဒိဋ္ဌိယာ သတိယာဝေ ဝိပစ္စန္တိ၊
အသတိယာ နဝိပစ္စန္တိ၊ ဒိဋ္ဌသစ္စာနဥ္စ သာဒိဋ္ဌိ၊
သဗ္ဗသော ပဟီနာ ဟောတိ။ ။ (ပဋမတ္ထဒီပနီ)

အနက်။ ။ သစ္စာနိစ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အပါယဂါမိ ကမ္မာနိနာမ၊ အပါယ်လားကြောင်း မကောင်းမှု အကုသိုလ်ကံတို့ မည်သည် ကား။ အတ္တဒိဋ္ဌိယာ၊ တဏှာမှတပါးသော ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကိုပင် ငါ့ကိုယ် အတ္တဟု ယူမှားသော အတ္တဒိဋ္ဌိသည်။ သတိယာဝေ၊ ရှိသော်သာ လျှင်။ ဝိပစ္စန္တိ၊ အပါယ်လေးပါးသို့ လားခြင်း ကျရောက်ခြင်းတည်းဟူသော အကျိုးကိုဖြစ်စေနိုင်ကုန်၏။ အသတိယာ၊ ဒုက္ခသစ္စာသိ၍ ဒုက္ခသစ္စာဟု ပိုင်ပိုင်သိ၍ သန္နိဋ္ဌာန်ကျ သမ္မာဒိဋ္ဌိ မဂ်ဉာဏ်ဖြင့် ဆုံးဖြတ်ချက်ချလိုက်ပြီး ဖြစ်၍ အတ္တဒိဋ္ဌိ မရှိသည်ရှိသော်။ နဝိပစ္စန္တိ၊ အပါယ်လေးပါးသို့ လားခြင်း ကျရောက်ခြင်း တည်းဟူသော အကျိုးကို မဖြစ်စေနိုင်ကုန်။ ဒိဋ္ဌသစ္စာနဥ္စ၊ မြင်အပ်ပြီးသော သစ္စာရှိသော သစ္စာရှိသောသူတို့အားလည်း။ ဝါ၊ ဘုံသုံး ပါးတို့၌ တဏှာမှတပါးသော ရုပ်နာမ်ခန္ဓာကား ဒုက္ခသစ္စာ, တဏှာကား သမုဒယသစ္စာ, တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် တဏှာခန္ဓာ ဒု-သ သစ္စာ နှစ်ပါးတို့၏ တဖန်အသစ်မဖြင်ရာ နိဗ္ဗာန်သည်ကား နိရောဓသစ္စာ, နိဗ္ဗာန် ရောက်ကြောင်း တဏှာပယ်တဲ့ မဂ်အကျင့် မဂ္ဂင်ရှစ်ပါးသည်ကား မဂ္ဂသစ္စာ ဟု သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် သိမြင်အပ်ပြီးသော သစ္စာရှိသောသူတို့အားလည်း ဝါ-တို့သည်လည်း။ သာဒိဋ္ဌိ၊ ထိုအပါယ်ငရဲကို တကယ် ဆွဲဆွဲချတတ်တဲ့ အတ္တဒိဋ္ဌိကို။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ဝါ၊ အလုံးစုံအားဖြင့်။ ပဟီနာ၊ သစ္စာမြင်သိ သမ္မာဒိဋ္ဌိဖြစ်သွားစဉ်ကပင် အပြီးအပြတ် လက်စသတ် ပယ် အပ်ပြီး ဖြစ်တော့သည်။ ဟောတိ၊ဖြင်၏။

ဤလို ဤပုံ ကျမ်းဂန်ပါဠိ လာရှိသည်တို့ကို။ ဝါ၊ ကျမ်းဂန်စာတတ် ဆရာမြတ်တို့၏အမိန့်အဆိုကို။ ဝါ၊ဘုရားအလိုတော်ကိုသိ,ဘုရားအာဘော်ကို ရိပ်မိကြတဲ့ ဆရာ့ဆရာ သာထက်သာကြတဲ့ ဋ္ဌကထာဋီကာဆရာတို့၏ အမိန့် အဆိုအလာတို့ကို ထောက်ထားဆင်ခြင်၍ ကြည့်ရှုပါလျှင် သစ္စာကို သိမြင် ရခြင်းသည် အင်မတိ အင်မတန် ဝမ်းမြောက်ဘွယ်ကောင်းလှပါသည်။

အကြောင်းသော်ကား-မသိအပ်သော အစရှိသော သံသရာဘဝ ကာလ တို့၌ ကြင်လည်၍နေကြရသော သတ္တဝါမှန်သမျှတို့မှာ....

"တေနဝိနိမုတ္တော သတ္တော နာမ နတ္ထိ"ဆိုတဲ့ သမ္မောဟကထာနှင့်အညီ။

ဘာသာပြန်—အလယ်ဇောငါးချက် စေတနာခေါ်သော အပရာပရိယ ဝေဒနိယကံနှင့် ကင်းလွတ်သော လူ နတ် ဗြဟ္မာ သတ္တဝါမည်သည် တစ်ယောက်မျှ မရှိနိုင်ဟုဆိုသားသာ သတ္တဝါ တယောက် တယောက်လျှင် အကျိုးမပေးရသေးတဲ့ အဝိစိထိအောင် ပို့ဆောင်နိုင်တဲ့ အကုသိုလ်ကံဟောင်းလည်း အနန္တ၊ နိဗ္ဗာန်ထိအောင် ပို့ဆောင်နိုင်တဲ့ ကုသိုလ်ကံဟောင်းလည်း အနန္တ၊ မြေသူ ရေသူနှင့်အချ ရှိနေကြသာ အဆိုပါ မြေသူ ရေသူနှင့် အမျှ အကုသိုလ်ကံ အသခ်ျေ အနန္တတို့သည်လည်း အတ္တဒိဋ္ဌိ ရှိနေမှသာ အကျိုးပေးနိုင်သည် အကျိုးပေးခွင့်ရသည်၊ အတ္တဒိဋ္ဌိမရှိလျှင် အကျိုးမပေးနိုင်၊ အကျိုးပေးခွင့်ကို မရဟု တိုက်ရိုက်ဘဲ ပြဆိုထားသည့်ပြင် မြင်အပ်ပြီးသော သစ္စာရှိသော သူဘို့အားလည်း၊ ဝါ-သစ္စာလေးပါးကို ပိုင်းခြားဝေဘန်၍ အမှန်အတိုင်း ထိုးထွင်း၍ သိမြင်ပြီးသော သူဘို့အားလည်း ထို အတ္တဒိဋ္ဌိကို အကြွင်းမရှိ ပယ်အပ်ပြီး ဖြစ်သည်ဟူ၍လည်း ထပ်ဆင့်၍ တိုက်ရိုက်ဘဲ ပေါ်ပေါ်လွင်လွင် ဖွင့်ပြထားသောကြောင့်ပေတည်း။

အမှာ....ဤလို ဤပုံ သစ္စာသိမှုသည် ဘဝဘဝါ ကမ္ဘာ့ကမ္ဘာ သံသရာကာလ တို့က မိုက်မဲခဲ့မိုက်မှားခဲ့ မှောက်မှားခဲ့လေသမျှသော အမှောက် အမှားအမျိုးမျိုး အတ္တစွဲ သတ္တစွဲ ဇီဝစွဲ စသော အလွဲအမှား အစွဲ တရားအမျိုးမျိုးတို့ကို ထုံးလိုချေ ရေလိုနှောက်၍ပယ်ဖျောက် ဖျက်ဆီးပြီး နိဗ္ဗာန်လမ်းမှန်ကြီးကိုသာ တဖြောင့်တည်း ညွှန်ပြနိုင်သော စွမ်းရည်သတ္တိ ကျပ်ပြည့်ရှိ၍ တသံသရာလုံးက ယူမှားခဲ့သော အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိစသော ဒယူမှားကြီးတို့ကို တခဏခြင်း တားဆီးပိတ်ပင်၍ အပါယ်ဇာတ်သိမ်းတဲ့ သောတာပန် အစ ရဟန္တာအထိ ဖြစ်မြောက်အောင် ရွက်ဆောင်၍ပေးနိုင်သော သတ္တိရော ဗျတ္တိရော ရှိလှပါသောကြောင့် သေနေ့မဦးခင် သစ္စာသိတဲ့နေ့က ဦးသွားအောင် အထူးကြိုးစားကြပါမည့်အကြောင်း ထပ်လောင်း၍ သတိပေး နှိုးဆော်လိုက်ပါသည် မဂ်ဖိုလ်မှန်းမျှော် သူတော်အပေါင်းတို့။

## သိခါပတ္တ ဒါနထိပ်သီး

အဆိုပါ အောက်သစ္စာဥဒ္ဒေသ ပ-ခဏ်း၊ အလယ်သစ္စာနိဒ္ဒေသ ဒု-ခဏ်း အထက်သစ္စာပဋိနိဒ္ဒေသ တ-ခဏ်းလုံးကိုပင် ထိုထိုကျမ်းဂန်တို့၌လာရှိသော စေတနာဒါန ဝတ္ထုဒါန ဟူ၍ရင်း၊ အာမိသဒါန ဓမ္မဒါန ဟူ၍ရင်း၊ ဤသို့ စသည်ဖြင့် လာရှိကြတဲ့ ဒါန အမျိုးမျိုး အစားစား များပြားလှစွာသော ဒါနအမျိုးမျိုးတို့ထက် ဆထက်ဆမ်းပိုးဘိုးပြီး အကျိုးကြီးလှတဲ့ ဒါနထိပ်သီး ဒါနအဓိပတိကြီးအဇစ် ဖြစ်ကြီးဖြစ်တဲ့ သိခါပတ္တ ဒါန ဖြင့် အကျယ်အကျယ် မငြိမ်းဘွယ်မဖြစ်ရအောင် အကျဉ်းချုံး၍ နိဂုံးအုပ်တော့အံ့။

ဣမေဓမ္မာ အဘိညေယျာ ဣမေဓမ္မာပရိညေယျာ
ဣမေဓမ္မာ ပဟာတဗ္ဗာ ဣမေဓမ္မာ သစ္ဆိကာတဗ္ဗာ
ဣမေဓမ္မာ ဘာဝေတဗ္ဗာတိ
သစ္စာနိ ဝိဘာဝေန္တော အမတာဓိဂမံ ကထေတွာဒေတိ
ဣဒံ သိခါပတ္တ ဓမ္မဒါနံ နာမ။ ။

ဘာသာပြန်—ဤ သစ္စာလေးပါး တရားတို့ကို ဤတဏှာကြဉ်သော ကောဘုမ္မကဝဋ်တရား ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်ကား ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ပဋိသန္ဓေအစ စုတိအဆုံး တသက်လုံး တသံသရာလုံး ဆင်းရဲတုံး, ဆင်းရဲခဲ ဆင်းရဲအစုအပုံ ဆင်းရဲအသိုက်အအုံကြီး ဆင်းရဲတွင်းနက်၍ ဆင်းရဲခြင်း စစ်မှန်လှသောကြောင့် ဒုက္ခသစ္စာပေတည်း။

ဤ ဘုံသုံးပါးတို့၌ ကောင်းနိုးနိုးမှတ်ထင်၍ တဖန်တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ ဘဝတဏှာသည်ကား ဖြစ်လို ဖြစ်ချင်နေတဲ့အတိုင်း ဘုံသုံးပါးတို့၌ ဘဝတဖန် ရုပ်နာမ် ခန္ဓာ ဒုက္ခသစ္စာ အသစ်အသစ်ကို ဖြစ်စေတတ်သောကြောင့် ဖြစ်ရာဘုံဘဝတို့မှာ ဇာတိဒုက္ခ စသော ဆင်းရဲပေါင်းချုပ် ဒုက္ခ ဟူသမျှတို့ကို အသစ်အသစ် ဖြစ်စေတာ ဖြစ်စေမှာ စစ်မှန်လှသောကြောင့် သမုဒယသစ္စာပေတည်း။

ဤ ဒု-သ သစ္စာနှစ်ပါးစုံတို့၏ တဖန်အသစ်မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာ အသခ်တဓာတ် နိဗ္ဗာန်သည်ကား ဆင်းရဲပေါင်းချုပ် ဒုက္ခ ဟူသမျှတို့၏ ချုပ်ငြိမ်းရာ အေးမြရာ ချမ်းသာရာ စစ်မှန်လှသောကြောင့် နိရောဓသစ္စာ

ပေတည်း၊ ဤ နိရောဓသစ္စာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည်ကား အဆိုပါ ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း စစ်မှန်လှသောကြောင့် မဂ္ဂ သစ္စာပေတည်းဟု ပညတ်မြင် ပညတ်သိထက် ထူးသော ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် သိအပ်ကုန်၏။

ဤ အဆိုပါ ဒုက္ခသစ္စာတရားတို့ကို ရှေးဦးစွာ အနုဗောဓဉာဏ် နောက် ပဋိဝေဓဉာဏ်၊ ဝါ-ရှေးဦးစွာ လောကီဉာဏ် နောက် လောကုတ္တရာမဂ် ဉာဏ်တို့ဖြင့် ပိုင်းခြား၍ သိအပ်ကုန်၏၊ ဤသမုဒယသစ္စာတရားတို့ကို ပယ် သတ်အပ်ကုန်၏၊ ဤ နိရောဓသစ္စာ နိဗ္ဗာန်တရားကိုကား အာရုံပြုသော အားဖြင့် မျက်မှောက်ပြုအပ်ကုန်၏၊ ဤ မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားတို့ကို ကား၊ နေ့-ည မခြား ပွားများအပ်ကုန်၏ဟု သစ္စာလေးပါးတို့ကို မသွယ် မဝိုက် တိုက်ရိုက် တဲ့ထိုး တတ်တတ် ထင်ထင် တဲ့တဲ့သိမြင်အောင် ထင်စွာ ဟောပြောပြသလျက် မွေးသေလွတ်တဲ့ အမြိုက်နိဗ္ဗာန်ကို ရစေရောက်ခေတတ် တဲ့ သစ္စာလေးပါး အမြတ်တရားကို ဟောပြောလို့ပေး၏။

ဤလိုဤပုံ သစ္စာလေးပါး အမြတ်တရားကို ဟောကြား၍ပေးခြင်းသည် ဝါ-သစ္စာလေးပါး တရားအနှစ်ကို သူတပါးတို့ သိရှိနားလည်အောင်၊ ဝါ- ဘယ်ဘဝ ဘယ်ကမ္ဘာကမှ သစ္စာမသိ၍ ဒိဋ္ဌိကိုမပယ်ခဲ့နိုင်သောကြောင့် ဘယ် ဘဝ ဘယ်ကမ္ဘာကမှ အပါယ်မလွတ်နိုင်ခဲ့ဘဲရှိရာ ယခုလက်ရှိဘဝ သေနေ့က မဦးခင် သစ္စာသိတဲ့နေ့ကဦးပြီး....

"ဒု—သိ ဒိ—ပယ်၊ သ—သိ ဝိပယ်၊ နိ—မ—သိ—သိပယ်"
သုံးသွယ် သံယော ပယ်စွန့်မျှော၊ မှတ်လောသောတာပန်။ ။နှင့်အညီ

ဒိ-ဝိ-သီ အယူမှား ယုံမှား နှလုံးသွင်းမှား ချုပ်ငြိမ်း၍ အပါယ်ဇာတ် သိမ်းတဲ့ အရိယာ သောတာပန် ဖြစ်သွားအောင် ကိုယ်တိုင်က နှုတ်ဖြင့် ဟောပြော၍ရှင်း၊ ကြော်ငြာ စာအုပ် စာတမ်း ရေးသား ဖြန့်ဝေ၍ရှင်း၊ သူတပါးတို့ ရေးသားထားသော စာအုပ် စာတမ်းကို ဒါယကာခံယူ၍ရှင်း ပေးလှူခြင်းသည် "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟု ဘုရားဟောရှိသည်နှင့် အညီ၊ ထို့ထက်မက သိခါပတ္တာ ဒါနထိပ်သီး ဒါနအဓိပတိကြီး အစစ်ကေန် ဖြစ်သတည်းဟု သိလေ မှတ်လေ။

ဤလို ဤပုံ ကျမ်းဂန်အရ သာမကလာရှိသည်ကို ထောက်၍ ရခဲတဲ့ လူ့ဘဝကို ရကြ၍ ကြုံခဲတဲ့ သာသနာတော် မြတ်ကြီးနှင့် ကံကောင်း ထောက်မ၍ တွေ့ကြုံကြရတဲ့ခါ ရှေးဦးစွာ သစ္စာလေးပါးတို့ကို ကိုယ်တိုင်က သုတသိ အနုမာနဉာဏ်ဖြင့် နောက်အခါ ဒိဋ္ဌ ကိုယ်တွေ့သိ ပဋိဝေဓဉာဏ် ဖြင့် ထိုးထွင်း၍သိကြပြီးလျှင် သူတပါးတို့အားလည်း သိခါပတ္တ ဓမ္မဒါနကြီး အဖြစ် ဖြစ်လေအောင် သူတို့ဉာဏ်နှင့် သင့်တန်ရုံ သိစေ ခြင်စေခြင်းငှါ တဆင့်က တဆင့် ပြောဟောကြပါလေ ဟူလို။

ဇွောဝတာ ဘဒ္ဒန္တ သုဇနတ္တေရေန ရစိတာရံ နိဒ္ဒေသော
ဂန္ထော သစ္စောဘာသောနာမ နိဋ္ဌိတော။

တွေ့ဝတာ တွေ့ဝန္တေန ဝစနက္ကမေန၊ ဤသစ္စနိဒ္ဒေသဉ္စ ပြအပ်ပြီးသော စကားအစဉ်ဖြင့်။ ဘဒ္ဒန္တသုဇနတ္တေရေန၊ ဘဒ္ဒန္တ သုဇန ဟု ဘွဲ့ရမည်တွင် ထေရ်အရှင်သည်။ ရစိတော၊ ရေးသားပြုပြင် စီရင်အပ်သော။ နိဒ္ဒေသော၊ သစ္စာလေးပါး မှန်တရားကို အကျယ်အားဖြင့် ရေးသားပြဆိုရာ သစ္စာ နိဒ္ဒေသခဏ်း ဖြစ်သော။ သစ္စောဘာသောနာမ၊ သစ္စာအလင်းပြ အမည် ရှိသော။ အယံဂန္ထော၊ ဤကျမ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။ ဝါ၊ ဤတွင် စကားတရပ် အဆုံးသတ်ပြီ။ ဝါ၊ နိဋ္ဌံ ဣတော ဂတော ပတ္တော၊ ဤတွင် ပြီးဆုံး နိဂုံးသို့ရောက်လေပြီ။

(သစ္စာနိဒ္ဒေသ ဒုတိယပိုင်းကို ဤတွင် ရပ်ဆိုင်းလိုက်ပါသည်)

# သစ္စာအလင်းပြ ပဋိနိဒ္ဒေသ

၃။ ။ တတိယခဏ်း

## သစ္စာပဋိနိဒ္ဒေသ

အပိုင်း ( ၁ )

---

| နမော ဗုဒ္ဓဿ | နမော ဓမ္မဿ | နမော သံဃဿ | နမော အာစရိယဿ |
|---|---|---|---|
| ဘုရား | တရား | သံဃာ | ဆရာသမားအား ရှိခိုးပါ၏ |

## ပဋိညာဉ်

ဤသို့ " ဒုက္ခသပိဋ္ဌနဋ္ဌော " စသော ဒေသနာတော်အစဉ်ဖြင့် သစ္စာနိဒ္ဒေသ ဒုတိယခဏ်းကိုပြပြီး၍ ယခုအခါ သစ္စာပဋိနိဒ္ဒေသ တတိယခဏ်းကို ပြပေအံ့သတည်း။

ဤ သစ္စာပဋိနိဒ္ဒေသ တတိယခဏ်းကိုလည်း များသောအားဖြင့် သစ္စသံယုတ်ကိုမှီ၍ပြဆိုမည်ဖြစ်ရာ ထိုသစ္စသံယုတ်တွင်လည်းအကုန်လုံးသိမ်းကြုံး၍ မပြဆိုဘဲ လူ ရှင် ရဟန်းတို့အား လွန်စွာကျေးဇူးများမည့် အချက်တွင်သာ ကွက်၍ကွက်၍ ပြဆိုသွားမည်၊ ပြသည့်အခါမှာလည်း လူတိုင်း နားမလည်နိုင်သော ပါဠိဘာသာကို အစ အစ အမြွက်မျှလောက်ကိုသာ ဖေါ်ပြ၍ ဘာသာပြန် ခေါ်သော မြန်မာပြန် သက်သက်ကိုသာ ဖေါ်ပြသွားမည် ဖြစ်ပါကြောင်း။

(အကျယ်ကို သိလိုက ညွှန်ပြထားသော ကျမ်းရင်း၌ ရှုကြပါလေ။)

## ၁—ဘာရ သုတ်

**သာဝတ္ထိယံ တတြခေါ ဘာရဉ္စဝေါ ဘိက္ခဝေ ဒေသေဿာမိ၊**
**ဘာရဟာရဉ္စ ဘာရာဒါနဉ္စ ဘာရနိက္ခေပနဉ္စ တံသုဏာထ။**

(ခန္ဓဝဂ္ဂသံယုတ်)

ဘာသာပြန်ကား — ဘုရားမြတ်စွာ စိန္တေယျသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံး နေထိုင်တော်မူသောအခါ ရဟန်းတို့ သင်ချစ်သားတို့အား ဝန်ထုပ် ဝန်ပိုးကြီးကိုရင်း ဝန်ထမ်းသမားကိုရင်း, ဝန်ပေးသောသူကိုရင်း, ဝန်ကိုပစ်ချဟာအရပ်ကိုရင်း ငါဘုရား ဟောတော်မူမယ်၊ ထိုဝန်ထုပ်တရားကို နာကြ။

အဆိုပါ လေးပါးတို့တွင် ကြီးလေးလှစွာသော ဝန်ထုပ် ဝန်ပိုးကြီး ဆိုတာက အခြားမဟုတ်၊ သင်တို့ရဲ့ တကိုယ်လုံး တကောင်လုံးရှိ ဖေါက်ပြန်စရာ အကြောင်းနှင့် ပေါင်းမိလျှင် ခဏခြင်းဖေါက်ပြန်တတ်သော ဖေါက်ပြန်တဲ့ အစု ရူပက္ခန္ဓာ၊ ခံစားတဲ့ အစု ဝေဒနာက္ခန္ဓာ၊ မှတ်သားတဲ့ အစု သညာက္ခန္ဓာ၊ ပြုပြင်တဲ့အစု သင်္ခါရက္ခန္ဓာ၊ သိတဲ့အစု ဝိညာဏက္ခန္ဓာ၊ ဤအစု ငါးစုဖြစ်သော သူ-ငါ, ကျား-မ အဟုတ်မဟုတ်ဘဲလျက် သူဘဲ ငါဘဲ ယောကျ်ားဘဲ မိမ္မဘဲလို့ စွဲလမ်းစရာကြီး နိစ္စ သုခ အတ္တ သုဘ မဟုတ်ဘဲလျက်, နိစ္စ သုခ အတ္တ သုဘလို့ စွဲလမ်းစရာကြီး ငါ့ကိုယ် ငါ့ဟာ, ငါ မဟုတ်ဘဲလျက် ငါ့ကိုယ် ငါ့ဟာ ငါလို့စွဲလမ်းစရာကြီး အထင်မှား အမှတ်မှားစရာကြီး အယူအဆ မှားစရာကြီး ဖြစ်နေတဲ့ သူ့ကိုယ် ငါ့ကိုယ်လို့ အခေါ်ခံနေရသော သင်တို့ လက်ရှိဖြစ်နေကြသော ဥပါဒါနက္ခန္ဓာကြီးဟာ တခုတခုသောဘဝ ပဋိသန္ဓေမှ စုတိသေနေ့သို့ကျအောင် တဘဝလုံး တသံသရာလုံး သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း ရေချိုးခြင်း တန်းဆာဆင်ပေးခြင်း, ပန်းနံ့သာကို လိမ်းပေးခြင်း, စားခြင်း, သောက်ခြင်း စသည်တို့ဖြင့် တသက်ပတ်လုံး နေ့-ရှိသမျှ, လ-ရှိသမျှ, နှစ်-ရှိသမျှ ဆောင်ရွက်လုပ်ကျွေး မွေးမြူရခြင်းကို မချိရင်ကဲ ဆင်းရဲကြီးစွာ အင်မတန် ကြီးလေးလှသော ခန္ဓာဝန်ထုပ်ကြီးကို ရွက်ဆောင်နေရသောကြောင့် ကြီးလေးကြီးမား ကြီးမင်းလှစွာသော ခန္ဓာဝန်ထုပ်ကြီး ဟူ၍ ငါဘုရား ဟောတော်မူတယ်တဲ့။

တဖန်—ဝန်ထမ်းသမား ဆိုတာကတော့ သတ္တဝါခေါ်သော ပုဂ္ဂိုလ်သည် တခုတခုသော ဘဝ ပဋိသန္ဓေခဏ ပဋိသန္ဓေခဏ၌သာလျှင် ခန္ဓာ ဝန်ထုပ် ဝန်ပိုးကြီးကိုရွက်၍(၁၀)နှစ် အနှစ်(၂၀) အနှစ်(၁၀၀)ကာလပတ်လုံး အသက်ရှင်သမျှ ဤခန္ဓာဝန်ထုပ်ကြီးကို ရေချိုးစေလျက် ထမင်းကျွေးစေလျက် နူးညံ့သိမ်မွေ့သော အတွေ့ရှိသော ညောင်စောင်း အင်းပျဉ်တို့၌ ထိုင်စေလျက်,လျောင်းအိပ်စေလျက်,တသက်လုံးလိုလေသေးမရှိ ဆောင်ရွက် လုပ်ကျွေး မွေးမြူ ပြုစု၍ စုတိသေသောခဏ၌ ခန္ဓာ ဝန်ထုပ်ဟောင်းကို စွန့်ပစ်၍ တဖန် ပဋိသန္ဓေခဏ၌ တပါးသော ခန္ဓာဝန်သစ်ကို ပုန်းအောင်း မလွတ် ပုန်းရှောင်မလွတ် ထမ်းမြဲဝတ်ကို မချွတ်ရကုံ တလုံးလဲလဲ ယူမြဲ ယူနေကြရတဲ့ ဝဋ်ကောင်ကြီး သက်သက်မျှသာဖြစ်၍နေသော တိဿ ဒတ္တ စသော ပုဂ္ဂိုလ်ကို၊ ဝါ-သင်တို့ကဲ့သို့သော လူနတ် သတ္တဝါကို ခန္ဓာ ဝန်ထမ်းသမားကြီးအစစ်ဟူ၍ ငါဘုရားဟောတော်မူသည်။

တဖန်—ဝန်ပေးသောသူ ဆိုတာကတော့ ငါးပါးအာရုံ ကာမဂုဏ်တို့၌ စုံငုံမက်မက် ခုံခုံတက်အောင် တပ်မက်တတ်သော ကာမတဏှာ, ရူပ အရူပ တဏှာ ဟူသော ဥပပတ္တိဘဝ ဈာန်ဟူသော ကမ္မဘဝတို့၌ တပ်မက်တတ် သော သဿတဒိဋ္ဌိနှင့် တကွဖြစ်သော ဘဝတဏှာ, ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ် သော ဝိဘဝတဏှာ, အဆိုပါ တဏှာသုံးပါးတို့သည် ပေးအပ်သော လူနတ် ပြဟ္မာ သတ္တဝါအပေါင်းတို့သည် တသံသရာလုံး ခန္ဓာဝန်ထုပ် ဝန်ပိုးကြီး ကို တဘဝ တခန္ဓာ, တဘဝ တခန္ဓာ မလို မလွတ်ရ ပုန်းရှောင်၍မရအောင် ကြီးလေးလှစွာသော ခန္ဓာဝန်ထုပ်ဝန်ပိုးကြီးကို အစေ့အင မကျန်ရအောင် ပေးတတ်လှသောကြောင့် ခန္ဓာ ဝန်ထုပ်ပေးသမားကြီး အစစ် ဒုက္ခပေး သမားကြီးအစစ်ဟူ၍ ငါဘုရားဟောတော်မူသည်။

တဖန်—ဝန်ချရာအရပ် ဆိုတာကတော့ အဆိုပါ ထိုတဏှာ၏သာလျှင် အကြွင်းမဲ့ချုပ်ရာ ကင်းရာ စွန့်ရာ တဖန်စွန့်ရာ လွှတ်ရာ အာလယကင်းရာ အာလယမရှိရာ ဖြစ်သော နိဗ္ဗာန်မည်သော အရပ်သည် ပရမတ်အားဖြင့် ထင်ရှားရှိ၏။ မှန်၏၊ ထို နိဗ္ဗာန်သို့ရောက်၍ တဏှာသည် အကြွင်းအကျန် မရှိသောအားဖြင့် ပျက်စီးတော့၏၊ ပျောက်တော့၏၊ ချုပ်တော့၏၊ တဏှာ မရှိလျှင် ခန္ဓာလည်း မရှိတော့ပြီဖြစ်၍ ခန္ဓာဝန်ကိုဆောင်ဘွယ်မရှိပြီ။

ထို့ကြောင့် နိဗ္ဗာန်အရပ်ကို ခန္ဓာဝန်ကို ပစ်ချရာအရပ်ဟူ၍ ငါဘုရား ဟောတော်မူသည် ဟူလို။

ထို့ကြောင့်ပင်—

(က) ဘာရာဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရောစ ပုဂ္ဂလော။
ဘာရာဒါနံ ဒုခံလောကေ၊ ဘာရနိက္ခေပနံ သုခံ။

(ခ) နိက္ခိပိတွာ ဂရုံဘာရံ၊ အညံ ဘာရံ အနာဒိယ။
သမူလံတဏှံ မဗ္ဗုယှ၊ နိစ္ဆာတော ပရိနိဗ္ဗုတော။

(ခန္ဓဝဂ္ဂသံယုတ်၌ ဟောတော်မူသည်)

ဘာသာပြန်—(က) ရဟန်းတို့၊ စင်စစ်အားဖြင့် ချစ်သားတို့၏တကိုယ်လုံး တကောင်လုံးကြီးဖြစ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် တဘဝတခန္ဓာ တဘဝ တခန္ဓာ ထမ်းဆောင်နေရတဲ့ ကြီးလေးလှစွာသော ခန္ဓာဝန်ထုပ် ဝန်ပိုးကြီးတို့ပေတည်း။

လူ နတ် ဗြဟ္မာ စသည်ဖြင့် ခေါ်ဆိုရုံ ပညတ်မျှရှိနေကြတဲ့ ပုဂ္ဂိုလ်ဆိုတာ ကတော့ အဆိုပါ ကြီးလေးလှတဲ့ ခန္ဓာဝန်ထုပ် ဝန်ပိုးကြီးကို တသက်လုံး ထမ်းဆောင်နေကြတဲ့ ခန္ဓာဝန်ထမ်းသမားကြီးတို့ပေတည်း။

လူ နတ် ဗြဟ္မာ သတ္တဝါဟုခေါ်ဆိုရတဲ့ ခန္ဓာလောကကြီး၌ သတ္တဝါ တို့အား တဏှာသည် ပေးအပ်သည်ဖြစ်၍ ခန္ဓာဝန်ထုပ်ဝန်ပိုးကြီးကို ဆောင် ယူစေခြင်းသည် ဇာတိဒုက္ခ စသည်ဖုံဖုံ ကုန်အောင်စုံသော ဆင်းရဲတုံး ဆင်းရဲခဲ ဆင်းရဲအစုအပုံ ဆင်းရဲအသိုက်အအုံကြီးသာတည်း။

ဘယ်ဘဝ ဘယ်ကမ္ဘာကမှ သစ္စာမသိခဲ့ကြ၍ ဘယ်ဘဝ ဘယ်ကမ္ဘာ ကမှ မပစ်မချနိုင်ခဲ့တဲ့ ခန္ဓာဝန်ထုပ် ဝန်ပိုးကြီးကို လက်ရှိဘဝ သစ္စာသိကြ၍ တတိယသစ္စာခေါ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆင့်ဆင့်ဖြင့် မျက်မှောက် ပြုနိုင်တဲ့ခါ အဆိုပါ သတ္တဝါအားလုံးတို့ကို အစေ့အင မကျန်ရအောင် တဘဝ တခန္ဓာ ခန္ဓာဝန်ထုပ်ကြီးကို ပေးတတ် သော ဝန်ပေးသမား ဒုက္ခပေးသမားကြီး လက်သယ်အစစ်ဖြစ်တဲ့ တဏှာကို အလဲထိုး အသေသတ်၍ အရဟတ္တမဂ်သို့ ရောက်သဖြင့် အရဟတ္တစုတိ ဘင်္ဂက္ခဏ ဟိုဘက်အကျတွင် အပြီးအပြတ် လက်စသတ် ခန္ဓာဝန်ကြီးကို

ပစ်ချလိုက်နိုင်ခြင်းသည် ဘဝနိဿရဏ အသင်္ခတ အမတမို့ ချမ်းသာလှပါပေ၏၊ ဝါ-အိုနာသေရေး ဒုက္ခဘေးတို့နှင့် ရောထွေးနေသေးတဲ့ လူနတ်ချမ်းသာတို့နှင့် လုံးဝမတူ တမူကွဲပြား ထူးထူးခြားခြား တပါးသော ချမ်းသာတို့နှင့် မဆက်ဆန်၍ ချမ်းသာလှပါပေ၏တကား။

(ခ) လေးလံလှစွာသော ခန္ဓာဝန်ကြီးကို အရိယ မဂ်ဉာဏ်ဖြင့် အပြီးအပြတ် လက်စသတ်ချ၍ တပါးသော ခန္ဓာဝန်ကို တဏှာ ဟူသော အကြောင်းဖြင့် မယူမူ၍ အဝိဇ္ဇာဟူသော အမြစ်နှင့်တကွဖြစ်သော ဝဏှာ လောဘကို အရိယမဂ်ဉာဏ်ဖြင့် နှုတ်၍ တဏှာလောဘ မရှိသည်ဖြစ်၍ နိဗ္ဗာန်ယူသိမ်း အငြိမ်းကြီး ငြိမ်းရတော့သည် ဟူလို။

မှတ်ချက်—အဆိုပါ နှစ်ဂါထာတို့တွင် ပဌမဂါထာ၌'ဘာရာဟာဝေ ပုဂ္ဂလော' ဖြင့် ဒုက္ခသစ္စာကိုပြတော်မူ၏၊ 'ဘာရာဒါနံ ဒုခံလောကေ'ဖြင့် သမုဒယ သစ္စာကိုပြတော်မူ၏၊ 'ဘာရနိက္ခေပနံ သုခံ'ဖြင့် နိရောဓသစ္စာနှင့် မဂ္ဂသစ္စာ ၂-ပါးကိုပြတော်မူ၏၊ သစ္စာလေးပါး ပါဝင်သော သစ္စာပြ ဂါထာပင် ဖြစ်၏။

"မုဆိုး နှင့် ကျွန်—ဥပမာ"

ဥပမာ—ဆိုသည်ရှိသော် ချစ်သားတို့ တော၌ကျက်စားသော မုဆိုးသည် အခပေး၍ နောက်လိုက် ကျွန်တယောက်ကို ခေါ်ပြီးလျှင် အမျိုးမျိုးသော ပိုက်ကွန်လက်နက်တို့ကို စွဲကိုင်လျက် တောအရပ်သို့ လှည့်လည်သွားလာလေ၏၊ တောအရပ်၌ သမင် ဒရယ် စသော သတ္တဝါတို့ကို ပစ်ခတ်၍ အရေကိုခွါပြီးသော် နောက်လိုက်ကျွန်အားပေးလေ၏၊နောက်လိုက်ကျွန်သည်လည်း အမဲသားဝန်ကို ထမ်းရလေ၏၊ ရံခါ ရံခါ မောပန်းသော ကာလ ဇရပ် သစ်ပင်ရင်း၌ အမဲသားဝန်ကို ချ၍ အတန်ငယ် နားပြီးလျှင် တဖန် ကောက်၍ထမ်းရပြန်လေ၏၊ မြို့ရွာ နိဂုံးသို့ ဝင်လတ်သော် ရှက်နိုးသောကြောင့် အမဲသားဝန်ကို သစ်ရွက် စသည်တို့ဖြင့် ဖုံးလွှမ်း၍ ရှည်ကြာလေးမြင့် ထမ်းပိုး ရွက်ဆောင်ကာ လှည့်ရလေ၏၊ နောက်အခါ မုဆိုး နောက်လိုက်သည် မုဆိုးအား ကိုယ်ထိုးပေး၍ ရွေးနှုတ်လေ၏၊ ထိုအခါ မုဆိုးနောက်လိုက်သည် လေးလံစွာသော အမဲဝန်ကို ထမ်းဆောင်ရခြင်းမှ အချင်းခပ်သိမ်း လွတ်ငြိမ်းချမ်းသာစွာနေရလေ၏။ (ဤကားဥပမာတည်း)

ချစ်သားတို့—ဤလောက၌ သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော တဏှာ လောဘ ရာဂ တရားသည် မုဆိုးနှင့်တူ၏၊ အကုသိုလ်ကိလေသာ မြီမကင်း သေးသော မိမ္မ-ယောကျ်ား, နတ်,သိကြား, ဗြဟ္မာ, သတ္တဝါအပေါင်းသည် မုဆိုးနောက်လိုက် ကျွန်နှင့် တူ၏၊ ဥပါဒါန်တရား လေးပါးတို့၏ အာရုံ ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် မုဆိုးသည် ပေးအပ်သော လေးလံစွာသော အမဲသားဝန်နှင့် တူကုန်၏။

အမဲသားဝန်ကို ထမ်းရသောကာလ ပင်ပန်းလှတဲ့ခါ ဇရပ် သင်ပင်ရင်း၌ ရံခါ ရံခါ ချ၍နားသကဲ့သို့၊ ပဋိသန္ဓေအခါမှစ၍ လေးလံစွာသော ဤခန္ဓာ ဝန်ကို ထမ်းရသော သတ္တဝါအပေါင်းတို့သည် စုတေ သေသော အဆုံး ကာလ၌ ဤခန္ဓာဝန်ကို ချရပြန်၏၊ မုဆိုးနောက်လိုက်သည် မြို့ရွာ နိဂုံးသို့ ဝင်လတ်သော် ရှက်နိုးနိုးရှိ၍ သစ်ရွက်စသည်ဖြင့် အမဲသားဝန်ကို ဖုံးလွှမ်း သကဲ့သို့၊ ထို့အတူ မိမ္မ-ယောကျ်ား, နတ်, သိကြား, ဗြဟ္မာ, သတ္တဝါ အပေါင်းတို့သည်လည်း မိမိတို့၏ လေးလံလှစွာသော ခန္ဓာဝန်ကို ရှက်နိုးနိုး ရှိသောကြောင့် အဝတ်ပုဆိုး ထမီတို့ဖြင့် ဖုံးလွှမ်းရလေ၏၊ မုဆိုးနောက်လိုက် ကျွန်သည် အကြွင်မျှလောက်သော ကာလပတ်လုံး မုဆိုးပေးသော အခ ကြွေးမြီကို မပေး မဆပ်နိုင်သေး၊ ထိုမျှလောက် ကာလပတ်လုံး မုဆိုးသည် ပေးအပ်သော လေးလံလှစွာသော အမဲသားဝန်ကို ရှည်ကြာ လေးမြင့် ထမ်းဆောင်ရသကဲ့သို့၊ ထို့အတူ ကျား-မ, စသော သတ္တဝါအပေါင်းတို့ သည်လည်း အကြွင်မျှလောက် ကိလေသာကံ ကြွေးမြီ မကင်းသေး၊ ထိုမျှ လောက် လေးလံစွာသော ခန္ဓာဝန်ကို ရှည်ကြာလေးမြင့် ထမ်းဆောင်ရ လေ၏၊ မုဆိုး၏ကျွန်သည် မုဆိုးပေးသော ကြွေးမြီကိုပြန်၍ပေးဆပ်ပြီးသော် အရှင်မုဆိုးနှင့် မစပ်သည်ဖြစ်၍ အလိုရှိရာအရပ်သို့ သွား၍ ချမ်းသာစွာ နေရသကဲ့သို့၊ ထို့တူပမာ ကျား-မ စသော သတ္တဝါအပေါင်းတို့သည်လည်း မုဆိုးနှင့်တူသော တဏှာ သခင်၏ ကိလေသာကံ ဟူသော ကြွေးမြီကို အရိယာမဂ်ဉာဏ် အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းအကျန်မရှိ ပေးဆပ်သော အားဖြင့် ကံ-ကိလေသာ ကြွေးမြီကင်းသဖြင့် တဏှာသခင်နှင့် မစပ်သည် ဖြစ်၍ အလိုရှိရာ နိဗ္ဗာန်အရပ်သို့သွား၍ ချမ်းသာစွာ နေရခြင်းသည် ဖြစ် လေ၏။ (ဤကား ဥပမာ ဥပမေယျ ၂ ရပ်ကိုစပ်၍ ပြဆိုခြင်းတည်း)

အမှာ....ဤစာပိုဒ်ကို တခေါက်စ နှစ်ခေါက်စ ဘတ်ရှုသဘာတ်၍ ကောင်း ပါပေ့-ကောင်းပါပေ့နှင့် ကောင်းရှုံသာ ကောင်း၍ နေလျှင်၊ ဝါ- တင်းတိမ်အားရ ကျေနပ်၍နေလျှင် ကျပ်ပြည့် တရားရမည်မဟုတ်၊ ပြဆိုထားသော ဥပမာအတိုင်း—

တဏှာက မုဆိုးနှင့်တူပုံ၊ မိမိခန္ဓာကိုယ်ကြီးက မုဆိုးပေးသော အမဲသားဝန်ထုပ်ကြီးနှင့်တူပုံ၊အမဲသားဝန်ထမ်းကျွန်က မိမိနှင့်တူပုံ· မုဆိုးပေးသော အခကြေးမြို့ကိုပြန်လည်မဆပ်ပေးနိုင်သမျှ ကြာမြင့် ရှည်စွာ လေးလံစွာသော အမဲသား ဝန်ထုပ်ကြီးကို မလိုမလွတ်ရ ထမ်းဆောင်နေရပုံ၊ မုဆိုးအား ကိုယ်ဘိုးပေးဆပ်ပြီးက အလိုရှိရာသို့ သွား၍ ချမ်းသာစွာနေရပုံ၊ ကိလေသာကြေးမြီကို အရိယာမဂ်ဖြင့် ပေးဆပ်ပြီးက နေ့-ရက်-လ-နှစ်-ကမ္ဘာ သင်္ချာ အရေ အတွက် အကန့်အသတ်မရှိဘဲ ထမ်းပိုးရွက်ဆောင် လာခဲ့ရတဲ့ လေးလံလှစွာ သော ခန္ဓာဝန်ထုပ်ကြီးကို ပရိနိဗ္ဗာနစုတိ ဘင်္ဂက္ခဏ ဟိုဘက်အကျ တွင် ပစ်ချ၍ အလိုရှိရာနိဗ္ဗာန်အရပ်သို့သွား၍ ချမ်းသာစွာ နေရပုံ တို့ကို တတ်ဘတ်ထင်ထင် တဲ့တဲ့ကြီးထင်မြင်လာအောင် သတိနှင့် မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင် နှလုံးသွင်းပေးခြင်း ဟူသော ယောနိသော မနသိကာရမှုကို အကြိမ်ကြိမ်ပြုပေးပါ။

ဤလို ဤပုံ ပြုပေးတဲ့ခါ အဆိုပါ ဒုက္ခသစ္စာ ခန္ဓာဝန်ထုပ် ဝန်ပိုးကြီးကို တဲ့တဲ့ထင်မြင်လာ၍ ဒုက္ခသစ္စာအစွမ်းကုန် ထင်မြင် လာပါသောကြောင့် ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လို ဖြစ်ချင် နေတဲ့ ဘဝတဏှာလောဘကို အလဲထိုးအသေသတ်နိုင်တဲ့ အရဟတ္တ မဂ်သို့ ရောက်ပါလျှင် တဏှာခန္ဓာ အသစ်မဖြစ်တော့ဘဲ အမြဲ ငြိမ်း အေးနေတဲ့ နိဗ္ဗာန်သို့သာ ဆိုက်ရောက်ပါတော့သတည်း။

မှတ်ချက်။ ။ ဒုက္ခသစ္စာ အစွမ်းကုန် မထင်မြင်၍ ဖြစ်ချင်တဲ့တဏှာအာလယ မပြတ်သဖြင့် အရဟတ္တမဂ်သို့ မရောက်စေကာမူ "ဒု-သိ၊ ဒိ-ပယ်၊ သ-သိ၊ ဝိ-ပယ်၊ နိ-မ-သိ-သိ-ပယ်"အရ လက်ရှိဘဝ သေနေ့က မဦးခင် ဒုက္ခသစ္စာ ထင်မြင်လျှင် ဒိဋ္ဌိကိုပယ်၊ သမုဒယသစ္စာ ထင်မြင်လျှင် ဝိစိကိစ္ဆာကို ပယ်၊ နိ-မ သစ္စာကို ထင်မြင်လျှင် သီလဗ္ဗတပရာမာသကို ပယ်သတ်၍ တတိယသစ္စာခေါ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက် မြင်သိတဲ့ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်လာတဲ့ခါ အပါယ်လွှတ် တရားရ အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး ပိတ်ထားလိုက်နိုင်တဲ့ ရက်က ဦးသွားသဖြင့် ဘဝထူး ဘဝမြတ်ကြီး ဖြစ်ပါတော့သည်။ပြုအပ်သော ကံအားလျော်စွာ လူ့ဘဝ နတ်ဘဝ ပြဟ္မာဘဝတို့ကို ကြိမ်ဖန် များစွာရရှိပါသော်လည်း ဘယ်ဘဝ်ကမှ အပါယ်လေးပါး တံခါးကို အပြီးအစီး ပိတ်မထားနိုင်ခဲ့ပါ၊ ခေတ္တ ခဏမျှသာ ပိတ်ခဲ့နိုင်ပါသည်။

.....................

## ၂ – သမာဓိ သုတ်

တဖန်.... **သမာဓိံ ဘိက္ခဝေ ဘာဝေထ သမာဟိတော ဘိက္ခဝေဘိက္ခု**
**ယထာဘူတံ ပဇာနာတိ၊ ကိဉ္စယထာဘူတံ ပဇာနာတိ၊**
**ဣဒံ ဒုက္ခန္တိ ယထာဘူတံပဇာနာတိ၊**
**အယံဒုက္ခသမုဒယောတိ ယထာဘူတံ ပဇာနာတိ၊**
**အယံဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ၊**
**အယံဒုက္ခနိရောဓဂါမိနိပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။**
(သစ္စသံယုတ်)

**ဘာသာပြန်**။ ။ အို–ရဟန်းတို့၊ အာရုံတပါး စိတ်ထွက်၍ မသွားစေဘဲ တခုတည်းသော အာရုံ၌၊ ဝါ-ငါဘုရား ဟောလတံ့သော သစ္စာလေးပါး တရားအာရုံ၌ ငြိမ်သက် တည်ကြည်၍နေသော၊ ဝါ-တောင်မြောက် လေးပါး စိတ်ထွက်၍မသွားသော တရားအာရုံ၌ စိတ်၏ ငြိမ်သက် တည်ကြည်၍ နေသော စိတ္တေကဂ္ဂတာသမာဓိကို ပွားကြကုန်လော့၊ ဝါ-ကေဂ္ဂတာကျကျ သမာဓိရရရှိကြစေလော့၊ ရဟန်းတို့–အာရုံတပါး စိတ်ထွက်၍ မသွားသော ရဟန်းသည် မဖေါက်မပြန် ဟုတ်တိုင်းမှန်စွာတရားကို အပြားအားဖြင့်သိ၏၊ ဘယ်ပုံ ဘယ်လို ဟုတ်တိုင်းမှန်စွာ သိပါသလဲဆိုတဲ့အမေး၌–

ဤ တဏှာကြဉ်သော တော့ဘူမက တရားအပေါင်းသည်ကား၊ ဝါ- ဤလောကီစိတ် ကောသိတိ, လောဘကြဉ်သော စေတသိက် ကေပညာသ, ရုပ် အဋ္ဌဝီသ သည်ကား ဒုက္ခသစ္စာ၊ ဤတဏှာလောဘသည်ကား သမုဒယ သစ္စာ၊ ဤနိဗ္ဗာန်သည်ကား နိရောဓသစ္စာ၊ ဤ မဂ္ဂင်တရားကိုယ်ရှင်ပါး သည်ကား မဂ္ဂသစ္စာတည်း၊ ဤလို ဤပုံ မပေါက်မပြန် ဟုတ်တိုင်းမှန်စွာ အပြားအားဖြင့် သိသည်ဟူလို။

**တသ္မာ တိဟဘိက္ခဝေ**
**ဣဒံ ဒုက္ခန္တိ ယောဂေါ ကရဏီယော။ ။**

**ဘာသာပြန်**—ရဟန်းတို့၊ ထို့ကြောင့် ဤကား-ဒုက္ခသစ္စာ၊ ဤကား သမုဒယသစ္စာ၊ ဤကား-နိရောဓသစ္စာ၊ ဤကား-မဂ္ဂသစ္စာတည်းဟု ဤလို သစ္စာလေးပါးတို့ကို သူပြော လူပြော သစ္စာသိမျိုး စာထဲပေထဲမှာရှိတဲ့ သစ္စာသိမျိုး, ဘုန်းကြီးတွေဟောတဲ့ သစ္စာသိမျိုးတွင် ရပ်၍ ကျေနပ်၍ အားရတင်းတိမ်၍မနေဘဲ စာထဲမှာဆိုထားတဲ့ သစ္စာလေးပါးက အဆိုသာရှိ အဟုတ်မရှိ, ငါထဲ သူထဲမှာ အဟုတ်ရှိတဲ့ သစ္စာလေးပါးကို ဆိုထားတာပါ တကားဟု အတတ်သိ၍ ငါထဲ သူထဲမှာသာ အမှန်ရှိနေကြတဲ့သစ္စာလေးပါး အစစ်အမှန်တို့ကို နေရာတကျ တစ်တစ်ခွခွ တွဲတွဲရှင်းရှင်း မတွေမဝေ ပစ္စက္ခမျက်မှောက် ကိုယ်တွေ့ သိရှိရအောင် ကြိုးစားမယုတ် အားပါး ထုတ် ကြရမည်ဟု တိုက်တွန်း နှိုးဆော်တော်မူခဲ့ပေသည်ဟု သိလေ မှတ်လေ။

မှတ်ချက်—ဤရှေးဦးစွာသော သမာဓိသုတ်၌ "**သမာဓိံ ဘိက္ခဝေ ဘာဝေထ**" စသည်ဖြင့် ဘုရားမြတ်စွာ ဟောတော်မူသည်မှာ "**ဓမ္မပဋိဂ္ဂဟက**" သစ္စာလေးပါး တရားတို့ကို နာယူကြကုန်သော ရဟန်းတို့သည် ဟောတော်မူလတ့်သော သစ္စာလေးပါး တရားတော်၌ လေးလေး စားစား စူးစူးစိုက်စိုက် ကေဂ္ဂတာကျကျ သမာဓိရရ ကြားနာကြ မှသာ မဂ်ဖိုလ်တရားထူးကို ရနိုင်ကြမည်၊ အာရုံတပါး စိတ်ထွက် သွားနေလျှင် ငါဘုရားဟောလတ့်သော သစ္စာလေးပါး တရား တော်၏ အနက်အဓိပ္ပါယ်ကို ထိုးထွင်း၍မသိက မဂ် ဖိုလ် တရားထူး ရကြမည်မဟုတ်ဟု ဤလို နှလုံးပိုက်တော်မူ၍ လေးစားစူးစိုက်ကာ

ကြားနာကြစေခြင်းငှါ သစ္စာလေးပါး တရားမဟောမီ သတိပေးတဲ့ အနေအားဖြင့် ဟောကြားတော်မူတဲ့ စကားရပ်ဟု သိမှတ်ကြ ပါလေ။

ထို့ပြင် "ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ" စသည်ဖြင့် ဟော ပြီးလျှင်။

နောက်တဖန် "တသ္မာတိဟာတိက္ခဝေ ဣဒံဒုက္ခန္တိ ယောဂေါ ကရဏီယော"ဟု ဤပုံဤနည်းချည်း သဉ္စာကို နှစ်ထပ်ကြော့ နှစ် ထပ်ကြော့ ဟောတော်မူလေ့ရှိသည့်မှာ ရှေးဦး ဟောတော်မူတဲ့ "ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ" ကတော့ သစ္စာလေးပါးတို့ကို တပါးစီ တပါးစီ သရုပ်ထုတ်၍ ဟောတော်မူခြင်းသည် 'စတုသစ္စ ကမ္မဋ္ဌာန်း'စီးဖြန်းပုံကို ပြသည်။

နောက်ပြီးတဖန်"တသ္မာတိဟာ၊ပ၊ယောဂေါကရဏီယော"ကတော့ လူပြော သူပြော သစ္စာသိမျိုး စာသိပေသိ သစ္စာသိမျိုး သုတသိမျှ နှင့်ချည်းကျေနပ်၍ မနေကြလေနှင့်၊ တကယ့်ပစ္စက္ခ မျက်မှောက် ကိုယ်တွေ့ ဒိဋ္ဌသိ ကိုယ်ထဲမှာရှိတဲ့ သစ္စာတို့ကို ဤကား-ဒု၊ ဤကား သ၊ ဤကား-နိ၊ ဤကား-မ,ဟု ကြောင်းကျိုးနှင့်တကွ ပိုင်းခြား ဝေဘန်၍ တတ်တတ်ထင်ထင် တဲ့တဲ့ကြီးသိမြင်အောင် ကြိုးစား အားထုတ်ကြဟု တင်းတင်း ကြပ်ကြပ် တိုက်တွန်းနှိုးဆော်အပ်သော စကားရပ်ဖြစ်သည်ဟုသိလေ။ (ရှေ့ကိုလည်း ဤနည်းချည်းသိလေ)

ဆောင်ပုဒ်။ ။ သစ္စာလေးပါး၊ မသိငြား၊ ရှည်လျားသံသရာ။
သစ္စာလေးပါး၊ သိလေငြား၊ တိုသွားသံသရာ။
သစ္စာလေးသင်း၊ဉာဏ်မထိုးထွင်း၊ နစ်မွန်းသံသရာ။
သစ္စာလေးသင်း၊ဉာဏ်ထိုးထွင်း၊လွတ်ကင်းသံသရာ။

ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ၊ သစ္စာမသိတော့ တဏှာကြောင့် ခန္ဓာ ဖြစ် ပျက် မွေးသေ သံသရာရှည်၍နေကြရသည်ဟု မသိ၍ တဏှာပယ်တဲ့ မဂ် အကျင့်ကို မကျင့်၊ မကျင့်သောကြောင့် အကြောင်းတဏှာမပြတ်၍ အကျိုး ခန္ဓာလဲ မရပ်နိုင်တော့ဘဲ ဖြစ်ပျက်မွေးသေ-ဖြစ်ပျက်မွေးသေ သံသရာရှည်၍ နေကြရလေတော့သည်။ သစ္စာသိတော့ တဏှာကြောင့် ခန္ဓာ သံသရာရှည်၍

နေကြရသည်ကို သိ၍ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်သောကြောင့် အရဟတ္တမဂ်နောင် တဏှာ အရဟတ္တဖိုလ်နောင်မှာ ခန္ဓာအသစ် မဖြစ်တော့ဘဲ မေးသေလွတ်တဲ့ နိဗ္ဗာန်သို့ရောက်လေတော့သည် ရလေတော့သည်ဟူလို။

ထို့ကြောင့်—

**တေသံအပ္ပဋိဝိဒ္ဓတ္တာ ဝဋ္ဋံ ဝဍ္ဎတိ၊**
**တေသံပဋိဝိဒ္ဓကာလတောပဋ္ဌာယ ဝဋ္ဋံ နဝဍ္ဎတိ။ ။**

(ဟု ဌာ၌ ဘွင့်ပြ၏)

**ဘာသာပြန်**—ထိုသစ္စာလေးပါးတို့ကို ထိုးထွင်း၍ မသိသည်၏ အဖြစ်ကြောင့် ဖြစ်ပျက်မွေးသေဆိုတဲ့ သံသရာဝဋ် တိုးပွားရှည်လျား၍နေကြရ၏၊ ထိုသစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိမြင်သော ကာလမှစ၍ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်သောကြောင့် ဖြစ်ပျက်မွေးသေ ဆိုတဲ့ သံသရာဝဋ်တရားသည် တဏှာ ခန္ဓာ အစဉ်ပြတ်၍ နောက်ထပ် အသစ်မဖြစ်သောကြောင့် မတိုး မပွားတော့ပြီ၊ တိုသွားလေတော့သည်။

....................

## ၃ — သလ္လ သုတ်

**ပဋိသလ္လာနေ ဘိက္ခဝေ ယောဂမာပဇ္ဇထ၊**
**ပ၊ ယထာဘူတံ ပဇာနာတိ**
**တသ္မာတိဟ၊ ပ၊ ယောဂေါ ကရဏီယော။ ။**

(သစ္စသံယုတ်)

**ဘာသာပြန်**—အဖေါ်မမှီး တကိုယ်တည်း တယောက်တည်း ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍ နေထိုင်မှုကို ပြုကြကုန်လော့။

ရဟန်းတို့ အဖေါ်မမှီး တကိုယ်တည်း တယောက်တည်း နေလေ့ရှိသော ရဟန်းသည် ဤကား-ဒု၊ ဤကား-သ, စသည်ဖြင့် သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားဝေဖန်၍ အမှန်အတိုင်းသိ၏ ဟူလို။

(ရှေးလက်ဦးပြသော သမာဓိသုတ်နှင့်အတူသိလေ)

**မှတ်ချက်။ ။** ဤသုတ်၌ ကာယဝိဝေကမှ ချို့ကုန်သော ရဟန်းတို့အား ကာယဝိဝေကကိုရစေခြင်းငှါ ဟောတော်မူသည်မှတ်လေ။

## ဝိဝေက သည်

"ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေက" ဟု သုံးမျိုးရှိရာ အဖေါ်မမှီး တကိုယ်တည်း တယောက်တည်းနေခြင်းသည် ကာယဝိဝေက မည်၏၊ ကိလေသာမမှီး ဝိပဿနာစိတ် တစိတ်တည်းနေခြင်း ဝါ-သမာဓိဝင်စား သမာပါတ်ဝင်စား၍နေခြင်းသည် စိတ္တဝိဝေက မည်၏၊ ရုပ်နာမ်မမှီး နိဗ္ဗာန်တစိတ်တည်းနေခြင်းသည်၊ ဝါ-ဖိုလ်စိတ် တစိတ်တည်း ဖြစ်စေ၍၊ ဝါ-ဖိုလ်ဝင်စား၍ နေခြင်းသည် ဥပဓိဝိဝေက မည်၏။

ဆောင်ပုဒ်.... အဖေါ်မမှီး တကိုယ်တည်း၊ ကိလေမမှီး တစိတ်တည်း၊
ရုပ်နာမ်မမှီး နိဗ္ဗာန်တည်း၊ နေနည်း—ဝိဝေက။

....................

## ၄—ကုလပုတ္တ သုတ်

ယေကေစိဘိက္ခဝေ အတီတမဒ္ဓါနံ ကုလပုတ္တာ
သမ္မာအဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိံသု၊
သဗ္ဗေတေ စတုန္နံအရိယသစ္စာနံ ယထာဘူတံ အဘိသမယာယ
ယေကေစိဘိက္ခဝေ အနာဂတမဒ္ဓါနံ၊ပ၊
ယေကေစိဘိက္ခဝေ ဧတရဟိ၊ပ၊အဘိသမယာယ။ ။

(သစ္စသံယုတ်)

**ဘာသာပြန်**—ရဟန်းတို့ လွန်ခဲ့ပြီးသော ရှေးကာလက ရဟန်းပြုကြတာတွေလဲ ဤသစ္စာလေးပါးကို ဟုတ်မှန်စွာ ထိုးထွင်း၍ သိခြင်းငှါ ရဟန်းပြုကြတာဘဲ၊ နောက်ကာလ၌ ရဟန်းပြုကြတာလဲ ဤသစ္စာလေးပါးကို သိခြင်းငှါ ရဟန်းပြုကြမှာဘဲ၊ ယခုကာလ ရဟန်းပြုကြတာလဲ ဤသစ္စာလေးပါးကို သိဘို့ဘဲ ရည်ရွယ်ချက်မရှိဘဲ "သူများ ယောင်လို့ယောင်-အမယ် တောင်မှန်းမသိ" ဆိုတာလို ယောင်တောင်တောင် ယောင်လယ်လယ်, ယောင်ချာချာ ရဟန်းပြုကြတာ မဟုတ်ဘူး၊ သစ္စာသိဘို့ တခုတည်းကိုသာ ဦးတန်း ရည်မှန်း၍၊ ဝါ-သစ္စာသိ၍ မွေးသေဝဋ်မှ လွတ်မြောက်ဘို့ရာ တချက်တည်းကိုသာ ရည်ရွယ်၍ ရဟန်းပြုကြတာဟုဆိုလိုပေသည်။

ထို့ကြောင့်....စဦးပဌမ ရဟန်းပြုစက မိမိတို့ရဲ့ရည်ရွယ်ချက် သစ္စာသိမှု စေ့စေ့ပြီးစီးသွားအောင် မမေ့မလျော့ မပေါ့မဆ နေ့မနား ညဥ့်မနား သစ္စာလေးပါးသိအောင် ကြိုးစားကြ၊ အားထုတ်ကြ၊ သစ္စာလေးပါး မြတ်တရားကို မသွယ် မဝိုက် တိုက်ရိုက်တဲ့ဆိုး ကျဉ်းကျဉ်းနှင့်ရှင်းရှင်း နားလည်လွယ်အောင် ဟောပြောတတ်တဲ့ ဆရာသမားထံသို့ ချဉ်းကပ်၍ မပြတ်နာကြ၊ "ယခုလို ကျဉ်းကျဉ်းနှင့် ရှင်းရှင်း ရေးသားဖော်ပြထားတဲ့ စာအုပ်စာတမ်းကို" အမြဲတန်း လက်ကိုင်ထား၍ သဘောပေါက်အောင်၊ ဝါ- ထိုးထွင်း၍ သိသွားတဲ့ ပဋိဝေဓသိ, မဂ်သိ, ဖိုလ်သိဖြစ်သွားအောင်၊ ဝါ-သောတာပန်ပုဂ္ဂိုလ်ဖြစ်သွားအောင် အားထုတ်ကြပါ၊ ကြပ်ကြပ်ကြီးဘိုက်တွန်း နှိုးဆော်တော်မူခဲ့ပေသည်ဟု သိရှိကြပါလေ။

မှတ်ချက်—ဤဒေသနာပါဠိ လာရှိသည်ကို ထောက်ထားပါလျှင် ယခုကာလ ရဟန်းမှန်သမျှ သစ္စာမသိက ရဟန်းပြုကျိုးမရှိ၊ ရဟန်းပြုကျိုးမနပ်၊ အလဟဿ ဖြစ်သွားမည်ကို ရဟန်းတိုင်း ရဟန်းတိုင်း သတိရှိ သတိချပ် သဘောပြုသင့်လှပေသည်၊ သတိရှိကြပါစေသောဝ်။

ဆောင်ပုဒ်။ ။ ၁—ရှေ့နောက်ယခု၊ရဟန်းပြု၊ သိမှုသစ္စာသာ။
၂—သစ္စာသိရန်၊ ရဟန်းခံ၊ အမှန်ဖြစ်သည်သာ။
၃—ထို့ကြောင့် ယခု၊ သိအောင်ပြု၊ လေးခု မြတ်သစ္စာ။

....................

## ၅—ဝိတက္က သုတ်

**မာဘိက္ခဝေ အကုသလေ ဝိတက္ကေ**
**ဝိတက္ကေယျာထ၊ပ၊နနိဗ္ဗာနာယသံဝတ္တန္တိ၊**
**ဝိတက္ကေန္တာစခေါ တုမှေဘိက္ခဝေ ဣဒံဒုက္ခန္တိ**
**ဝိတက္ကေယျာထ၊ပ၊နိဗ္ဗာနာယ သံဝတ္တန္တိ၊**
**တသ္မာတိဟ၊ပ၊ကရဏီယော။ ။**

(သစ္စသံယုတ်)

ဘာသာပြန်–သက်တော်ထင်ရှားဘုရားရှိတော်မူစဉ်အခါက အချို့သော ရဟန်းငယ် ရှင်ငယ်တို့သည် ကာမဝိတက် စသော ၁ + အကုသလဝိတက် သုံးပါးတို့ကို ကြံ၍နေကြကုန်၏၊ ထိုအခါ ဘုရားမြတ်စွာသည် ၂ + ပရစိတ္တဝိဇာနနဉာဏ်တော်ဖြင့် သိမြင်တော်မူ၍....

ရဟန်းတို့ ယုတ်မာညစ်နွမ်း ဆိုးသွမ်းသော သဘောရှိကုန်သော ကာမဝိတက် စသော အကုသိုလ်ဝိတက်တို့ကို မကြံကြကုန်လင့်၊ ဘာ့ကြောင့်လဲ ဆိုတော့ ထို ကာမဝိတက် စသော အကုသိုလ်ဝိတက်တို့သည် လောကီ လောကုတ္တရာ ဘာအကျိုးစီးပွားနှင့်မှ မစပ်ကုန်၊ မြတ်သော မဂ်အကျင့်၏ အစလည်းမဟုတ်ကုန်၊ သံသရာဝဋ်မှ ငြီးငွေ့ခြင်းငှါလည်းမဖြစ်ကုန်၊ တပ်ခြင်း ကင်းခြင်းငှါ သံသရာဝဋ်ချုပ်ခြင်းငှါ ငြိမ်းခြင်းငှါ ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ သစ္စာလေးပါးတို့ကို သိခြင်းငှါ နိဗ္ဗာန်ထုတ်ချောက် ရောက်ခြင်း ငှါလည်း မဖြစ်ကုန်၊ ထို့ကြောင့် မကြံကြကုန်လင့်။

ရဟန်းတို့ အလကားမနေနိုင်လို့ ကြံမဲ့ကြံလျှင် ဤတကျော ကြဉ်သော တေဘူမကတရားအပေါင်းသည်ကား–ဒုက္ခသစ္စာပေတည်း၊ ပ၊ ဤမဂ္ဂင်ရှစ်ပါး တရားသည်ကား–မဂ္ဂသစ္စာ ပေတည်း။ ဤလိုဤပုံသာ ကြံကြပါလေ။

---

၁ + အကုသလဝိတက်သည် ကာမဝိတက်, ဗျာပါဒဝိတက်,ဝိဟိံသဝိတက် ဟု သုံးမျိုးရှိရာ ၎င်းသုံးမျိုးကို အကုသလဝိတက် သုံးပါးဆိုသည်။

ကာမ–ကာမရာဂ၊ ဝိတက်–အကြံ–ကာမရာဂနှင့် ယှဉ်သော အကြံ၊ ဗျာပါဒ–ဖျက်ဆီးခြင်း၊ဝိတက်–အကြံ၊ သူတပါးကို ဖျက်ဆီး လိုသောအကြံ၊ ဝိဟိံသ–ညှဉ်းဆဲခြင်း၊ ဝိတက်–အကြံ၊ သူတပါးကို နှိပ်စက်ညှဉ်းဆဲလိုသော အကြံ။

(ဤကား–ပါဠိ မြန်မာ နှစ်ဘာသာ)

၂ + ပရစိတ္တဝိဇာနန–ပါဠိ၊ ပရ–သူတပါး၊ စိတ္တ–စိတ်၊ ဝိဇာနန–သိ၊ သူ တပါး စိတ်ကို သိသော ဉာဏ်သည် ပရစိတ္တဝိဇာနန အဘိညာဉ် မည်၏။ အဘိညာဉ် ငါးပါးတွင်ပါဝင်သည်။

ဘာ့ကြောင့်လဲဆိုတော့ ဤလိုဤကား ဒုက္ခသစ္စာဖြစ်သည် စသည်ဖြင့် ကြံခြင်းသည်ကား လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားနှင့် စပ်ကုန်၏၊ မြတ်သော မဂ်အကျင့်၏ အစလည်းဖြစ်၏၊ ဤသို့ ကြံခြင်းသည် စင်စစ် သံသရာဝဋ်မှ ငြီးငွေ့ခြင်းငှါ, တပ်ခြင်း ကင်းခြင်းငှါ, သံသရာဝဋ် ချုပ်ခြင်းငှါ, ထူးသောဉာဏ်ဖြင့် သိခြင်းငှါ,သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိခြင်းငှါ, သစ္စာသိတဲ့ခါ သ-ကြောင့် ဒု-ဖြစ်နေသည်ကို သိ၍ သ-ကို ပယ်သတ်တဲ့ မဂ်အကျင့်ကို ကျင့်တဲ့ခါ ဒု—သ နှစ်ပါးငုံတို့၏ တဖန်အသစ် မဖြစ်ရာ နိဗ္ဗာန်ထုတ်ချောက် ရောက်ရခြင်းအကျိုးငှါဖြစ်ကုန်၏၊ ထို့ကြောင့် အခြားတပါးကို မကြံစေကြဘဲ သစ္စာလေးပါး မြတ်တရားတို့ကို ထိုးထွင်း၍ သိခြင်း အကျိုးငှါသာ ကြံကြကုန်လောဟု တိုက်တွန်းတော်မူခဲ့ပေသည်ဟု သိရှိကြပါလေ။

မှတ်ချက်—ဤဒွိလည်း အရေးမပါ အရာမရောက် တောင်မြောက်လေးပါး တွေးတောကြံစီနေမဲ့အစား မွေးသေလွတ်တဲ့ နိဗ္ဗာန်သို့ ရောက်သည် အထိ အရေးပါ အရာရောက်လှတဲ့ သစ္စာလေးပါး တရားကိုသာ ကြိုးစားကြံစီကြဘို့ရာ မေ့မနေကြပါနှင့် ဟူလို။

ဆောင်ပုဒ်။ ။ ဝိတက်ကာမ၊မကြံကြဘဲ၊ ကြံဘဲကြံက၊လေးဝသစ္စာ၊ ကြံကြရာသည်၊ နိဗ္ဗာန်ထုပ်ချောက် ရောက်ကြောင်းတည်း။

....................

## ၆—စိန္တ သုတ်

**မာဘိက္ခဝေ ပါပကံ အကုသလံစိတ္တံ**
**စိန္တေယျာထ၊ပ၊နနိဗ္ဗာနာယ သံဝတ္တတိ၊**
**စိန္တေန္တာစခေါ တုမှေ ဘိက္ခဝေ ဣဒံဒုက္ခန္တိ**
**စိန္တေယျာထ၊ပ၊တသ္မာတိဟ၊ပ၊ကရဏီယော။ ။**

(သစ္စသံယုတ်)

ဘာသာပြန်—အခါတပါး ရဟန်းငယ် ရှင်ငယ်တို့သည် ယုတ်မာညစ်နွမ်း ဆိုးသွမ်းသော အကုသိုလ်စိတ်ကို ကြံစီ၍နေကြကုန်၏၊ ထိုအခါ ထိုရဟန်း တို့၏ မကောင်းသော စိတ်အကြံကို သိတော်မူ၍ ရဟန်းတို့—သင်တို့သည်

လောကသည် မြဲ၏ မမြဲဟူ၍၎င်း၊ အဆုံးရှိ၏ မရှိဟူ၍၎င်း၊ ထိုသဘောတရားသည် ဇီဝ မည်၏၊ ထို ဇီဝ မည်သော သဘောတရားသည်ပင် သရီရမည်၏ ဟူ၍၎င်း၊ ဇီဝသည် တပါးတည်း၊ သရီရသည် တပါးတည်း ဟူ၍၎င်း၊ သတ္တဝါသည် သေသည်မှ နောက်ကာလ၌ဖြစ်၏, မဖြစ်ဟူ၍၎င်း၊ ဤသို့ စသည်ဖြင့် အကျိုးမပြီး အချည်းနှီး အလဟဿဖြစ်သော မိစ္ဆာဒိဋ္ဌိ အကြံမျိုးကို မကြံကြကုန်နှင့်၊ ရဟန်းတို့ ကြံမဲ့ကြံလျှင်ပါ.... (ရှေး ဝိတက်သုတ် အတိုင်း သိပါလေတော့)

.....................

## ၇–တိရစ္ဆာနကထာ သုတ်

**မာဘိက္ခဝေ အနေကဝိဟိတံ တိရစ္ဆာနကထံ ကထေယျာထ**
**သေယျထိဒံ၊ ရာဇကထံ စောရကထံ၊ပ၊**
**ဣတိဘဝါ ဘဝကထန္တိဝါ နနိဗ္ဗာနာယ သံဝတ္တတိ၊**
**ကထေန္တာစ ခေါ တုမှေ ဘိက္ခဝေ ဣဒံဒုက္ခန္တိ**
**ကထေယျာထ၊ပ၊တသ္မာတိဟ၊ပ၊ကရဏီယော။ ။**

(သစ္စသံယုတ်)

ဘာသာပြန်....အခါတပါး ဝိနည်း သိက္ခာပုဒ်ကို မသင်ကြားရသေးသော ရဟန်းငယ် ရှင်ငယ်တို့သည် မင်္ဂိုလ်မှ ဖ^ီလာ ဆန့်ကျင်ဘက်ဖြစ်သော ၃၂-ပါးသော တိရစ္ဆာနကထာကို အချင်းချင်း ပြောဆို၍ နေကြကုန်၏၊ ထိုအခါ ဘုရားမြတ်စွာ သိတော်မူ၍ ရဟန်းတို့-မင်းနှင့်စပ်သော စကားကို ၎င်း၊ ခိုးသူနှင့် စပ်သော စကားကို၎င်း၊ပ၊ ဤဘဝ ထိုဘဝနှင့် စပ်သော စကားကို၎င်း မပြောကြကုန်လင့်၊ အဘယ့်ကြောင့်ဆိုသော်၊ပ၊....(ရှေး နည်းတူ သိလေ)

ရဟန်းတို့-ပြောလို၍ ပြောကြလျှင်၊ပ၊ရှေးနည်းတူ သိလေ။

ဆောင်ပုဒ်– မင်္ဂိုလ်ဖ^ီလာ၊ တိရစ္ဆာကို၊ မပြောဆိုဘဲ၊
ပြောဘဲ ပြောက၊ လေးဝသစ္စာ၊ ပြောဆိုရာသည်၊
ခေမာထုတ်ချောက် ရောက်ကြောင်းတည်း။ ။

## ၃၂–ပါးသော တိရစ္ဆာနကထာ

၁။ ရာဇကထာ .... မင်းနှင့်စပ်သောစကား။
၂။ စောရကထာ .... ခိုးသူနှင့်စပ်သောစကား။
၃။ မဟာမတ္တကထာ .... အမတ်ကြီးနှင့်စပ်သောစကား။
၄။ သေနာကထာ .... စစ်သည်နှင့်စပ်သောစကား။
၅။ ဘယကထာ .... ဘေးနှင့်စပ်သောစကား။
၆။ ယုဒ္ဓကထာ .... စစ်ထိုးခြင်းနှင့်စပ်သောစကား။
၇။ အန္နကထာ .... ထမင်းနှင့်စပ်သောစကား။
၈။ ပါနကထာ .... အဖျော်နှင့်စပ်သောစကား။
၉။ ဝတ္ထကထာ .... အဝတ်နှင့်စပ်သောစကား။
၁၀။ သယနကထာ .... အိပ်ရာ နေရာနှင့်စပ်သောစကား။
၁၁။ မာလာကထာ .... ပန်းနှင့်စပ်သောစကား။
၁၂။ ဂန္ဓကထာ .... နံ့သာနှင့်စပ်သောစကား။
၁၃။ ဉာတိကထာ .... ဆွေမျိုးနှင့်စပ်သောစကား။
၁၄။ ယာနကထာ .... ယာဉ်နှင့်စပ်သောစကား။
၁၅။ ဂါမကထာ .... ရွာနှင့်စပ်သောစကား။
၁၆။ နိဂမကထာ .... နိဂုံးနှင့်စပ်သောစကား။
၁၇။ နဂရကထာ .... မြို့နှင့်စပ်သောစကား။
၁၈။ ဇနပဒကထာ .... ဇနပုဒ်နှင့်စပ်သောစကား။
၁၉။ ဣတ္ထိပုရိသကထာ .... မိန်းမ, ယောကျ်ားနှင့်စပ်သောစကား။
၂၀။ သူရကထာ .... ရဲရင့်သည်နှင့် စပ်သောစကား။
၂၁။ ဝိသိခါကထာ .... ခရီးလမ်းဆုံနှင့်စပ်သောစကား။
၂၂။ ကုမ္ဘဋ္ဌာနကထာ .... ရေခတ်ဆိတ်၌ ကျွန်မတို့စကား။
၂၃။ ပုဗ္ဗပေတကထာ .... ရှေး၌ သေလေပြီးသော သူတို့နှင့် စပ်သော စကား။
၂၄။ နာနတ္တကထာ .... အထူးထူး အကျိုးမဲ့နှင့်စပ်သောစကား။
၂၅။ လောကက္ခာယိကကထာ....လောကနှင့်စပ်သောစကား။
၂၆။ သမုဒ္ဒက္ခာယိကကထာ.... သမုဒ္ဒရာနှင့်စပ်သောစကား။

၂၇။ ဠတိဘာဝါဘဝကထာ .... ဤသို့မြဲ၏ မမြဲ,တိုးပွား၏-ဆုတ်ယုတ်၏ ချမ်းသာ၏ - ဆင်းရဲ၏ဟု ပြောသော စကား။

မှတ်ချက် — ဠတိဘာဝါဘဝကထာ၌ သရုပ်အရ ၆-ခုယူ၍ တိရစ္ဆာနကထာ ၃၂-ဖြစ်သည်ဟု သိလေ မှတ်လေ။

## အပ်, မအပ် ၂—ပါးရှိ

ဂေဟာသိတပေမ....အဆိုပါ ၃၂-ပါးသော တိရစ္ဆာနကထာတို့တွင် မဟာသမတမင်း, မန္ဓာတ်မင်း,မမ္ဗာသောကမင်း စသော မင်းတို့သည် ဤလို ဤပုံ ဘုန်းတန်ခိုး အာနုဘော် ကြီးမားကြပါစေသည် စသည်ဖြင့် အိမ်နေသူ လူဘို့ကို၊ ဝါ-ကာမဂုဏ်ဘို့ကို မှီ၍ဖြစ်သော နတ်ရွာ နိဗ္ဗာန်ခရီးနှင့် ဖ°လာ ကန့်လန့်ကျသော စကားသည်သာ တိရစ္ဆာနကထာ ဖြစ်သည်ဟု မှတ်၊ ခိုးသူစသည်တို့၌လည်း အတူပင်။

## ကမ္မဋ္ဌာန်း ဖြစ်၏

အဆိုပါနည်းအတိုင်း ကာမဂုဏ်ကို မမှီဘဲ အဆိုပါ မင်းတို့သည် ဘုန်း လက်ရုံး တန်ခိုးအာဏာနှင့်ပြည့်စုံကြသော မဟာသမတ မန္ဓာတ် စသော မင်းတို့သည်လည်း သေမင်းနှင့်ရင်ဆိုင်ကြရတဲ့ခါ ဘုန်းမကြီးနိုင်ကြတော့ဘဲ သေပွဲဝင်၍ သေမင်းနိုင်ငံသို့ရောက် သေပျောက် ပျက်စီးကြလေပြီတကား ဟု အနိစ္စဆင်ခြင်၍ လက္ခဏာတင်တတ်ပါမူကား တိရစ္ဆာနကထာ မဖြစ် ကမ္မဋ္ဌာန်းပင်ဖြစ်သတဲ့။

ထို့ကြောင့်—

(က) သောပိ နာမ ဧဝံ မဟာနုဘာဝေါ
ခယံဂတော ဝယံဂတောတိ၊
ဧဝံပဝတ္တာပန ကမ္မဋ္ဌာနဘာဝေတိဋ္ဌတိ။

(ခ) တေပိနာမခယံဂတောတိ ဧဝံပဝတ္တာပန၊
သဗ္ဗတ္ထကမ္မဋ္ဌာနမေဝ ဟောတိ။ ။

ဟု—သစ္စသံယုတ် ဋင်းသုတ်အဖွင့်၌ ဖွင့်ပြထားပေသည်။

အနက်.... (က) ပန္န၊ တိရစ္ဆာနကထာမဖြစ် ကမ္မဋ္ဌာန်းသာ ဖြစ်ပုံကို ပြဆိုပါဦးအံ့။ ဧဝံ မဟာနုဘာဝေ၊ ဤလို ဤပုံ ဘုန်းတန်ခိုး အာနုဘော် ကြီးကြပေသော။ သောပိနာမ၊ ထိုမဟာသမတ စသော မင်းများသည် လည်း။ ခယံကုန်ခြင်းသို့။ ဂတော၊ရောက်ရှာလေပြီ။ ဝယံ၊ပျက်စီးခြင်းသို့။ ဂတော၊ ရောက်ရှာလေပြီ။ ဣတိဧဝံပဝတ္တာပန၊ ဤလိုဤပုံ လင်္ကာရေး တင်၍ ကမ္မဋ္ဌာန်းဝင်အောင် ဆင်ခြင်တတ်ပါမူကား။ ကမ္မဋ္ဌာနဘာဝေ၊ စတုသစ္စ ကမ္မဋ္ဌာန်းအဖြစ်၌။ တိဋ္ဌတိ၊ တည်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ် အပ်၏။

(ခ) တေပိနာမ၊ ထို ခိုးမှု တိုက်မှု ခိုက်မှုတို့၌ လွန်စွာကျွမ်းကျင် လွန်စွာရဲရင့်ကြလှတဲ့။ ဝါ၊ ဟိုးလေးတကျော် နာမည်ပေါ်ကြလှတဲ့ မူလ ဒေဝခိုးသူ မေဃမာလခိုးသူစသော နာမည်ကျော် သူခိုးကြီးတို့သည်လည်း။ ခယံဂတော၊ သေမင်းနှင့် ရင်ဆိုင်ရတဲ့ခါ အစွမ်းမကောင်းနိုင်ကြတော့ဘဲ သေပွဲဝင်၍ သေပျောက် ပျက်စီးခြင်းသို့ ရောက်ကြလေကုန်ပြီတကားဟု။ ဣတိ၊ ဤသို့။ ဧဝံပဝတ္တာပန၊ ဤပုံဤနည်း ခယ ဝယ အနိစ္စ ဒုက္ခ အနတ္တ မမြဲ ဆင်းရဲ အစိုးမရ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသာ ဖြစ်ပါ၏တကားဟု လင်္ကာရေးတင်၍ သစ္စာဝင်အောင် ဆင်ခြင်တတ်ပါမူကား။ သဗ္ဗတ္ထ၊ အလုံးစုံသော ၃၂-ပါးသော တိရစ္ဆာနကထာ တို့၌။ ကမ္မဋ္ဌာနမေဝ၊ တိရစ္ဆာနကထာမဖြစ် ကမ္မဋ္ဌာန်းဖြစ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဆောင်ပုဒ်— ၃၂-တွင်၊ ကမ်မဝင်၊ ဖြစ်လျှင် တိရစ္ဆာန်။
၃၂-တွင်၊ ကမ် ဝင်လျှင်၊ လွတ်စင် တိရစ္ဆာန်။

....................

## ၈—အရိယသစ္စ သုတ်

စတ္တာရိ မာနိ ဘိက္ခဝေ အရိယသစ္စာနိ ကတမာနိ စတ္တာရိ၊ ဒုက္ခံ အရိယသစ္စံ ဒုက္ခသမုဒယံ အရိယသစ္စံ ဒုက္ခနိရောဓံ အရိယသစ္စံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒံ အရိယသစ္စံ။ (သစ္စသံယုတ်)

ဘာသာပြန်—ရဟန်းတို့ အရိယသစ္စာတို့သည် ဤလေးပါးတို့ပေတည်း၊ အဘယ်လေးပါးတို့နည်း ဟူမူကား—ဒုက္ခဖြစ်သော အရိယသစ္စာ, ဒုက္ခကို ဖြစ်စေတတ်သော အရိယသစ္စာ,ဒုက္ခ၏ချုပ်ရာဖြစ်သော အရိယသစ္စာ,ဒုက္ခ၏

ချုပ်ရာသို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာ, ဤလေးပါးတို့ပေတည်း။

(ဒုက္ခသစ္စာ)....“ကတမဉ္စဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ ”

ရဟန်းတို့–ဒုက္ခဖြစ်သော အရိယသစ္စာဆိုတာ၊ ဝါ–အရိယာတို့သည် ဆင်းရဲမှန်တဲ့တရားဘဲဟု အရိုးစွဲ အသားစွဲ အသဲစွဲ စွဲစွဲမြဲမြဲ တသက်လုံး မမေ့နိုင်တော့ဘဲ သိမြင်အပ်တဲ့ ဒုက္ခသစ္စာဆိုတာ ဘယ်ဟာလဲ ဘယ်ဒင်းလဲလို့ ဘုရားကဘဲ ကထေတု ကမျတာ ပုစ္ဆာအနေဖြင့် မေးတော်မူခြင်းဖြစ်တယ်။

ပဉ္စုပါဒါနက္ခန္ဓာ တိဿ ဝစနီယံ သေယျထိဒံ
ရူပုပါဒါနက္ခန္ဓော၊ပ၊ဝိညာဏုပါဒါနက္ခန္ဓော၊
ဣဒံဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ဟု–ဒု၏သရုပ်ကိုထုတ်၍ ဘုရားကဘဲ ဖြေဆိုထားတယ်။

ဘာသာပြန်– ရဟန်းတို့ အရိယာတို့သည် ဆင်းရဲမှန်တဲ့ တရားဘဲလို့ သိအပ်သော ဒုက္ခသစ္စာဆိုဘာ အခြားမဟုတ်၊အခြားမှာမရှိ၊ ချစ်သားတို့ရဲ့ တကိုယ်လုံး တကောင်လုံးကြီးဖြစ်တဲ့ ၁ + ဥပါဒါန်တရား လေးပါးတို့၏ အာရုံဖြစ်သော၊ ဝါ–အထင်မှား အမြင်မှား စွဲလမ်းစရာကြီးဖြစ်၍နေသော အစုငါးစုခေါ်သော ခန္ဓာငါးပါးတို့ပေတည်းဟု ရှေးဦးစွာ ခန္ဓာသရုပ်ကို သရုပ်မထုတ်သေးဘဲ အကျဉ်းမျှ ဖြေကြားပြီးလျှင် နောက်ထပ် အကျယ် အားဖြင့် သရုပ်ထုတ်၍ ဖြေကြားလိုသော မြတ်စွာဘုရားသည် ချစ်သားတို့

---

၁ + ဥပါဒါန်တရား လေးပါး ဆိုသည်မှာ....ကာမုပါဒါန်,ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ဟု လေးပါး။

ထိုတွင်....ငါးပါးအာရုံ ကာမဂုဏ်တို့၌ တပ်မက်သော လောဘသည် **ကာမုပါဒါန်**၊ နတ္ထိဒိဋ္ဌိနှင့် စသည်ဖြင့် ယူမှားသော ဒသဝတ္ထုက ဆယ်ပါးသည် **ဒိဋ္ဌုပါဒါန်**၊ ရူပံ အတ္တတော သမနုပဿတိ စသည်ဖြင့် ယူမှားသော သက္ကာယဒိဋ္ဌိ ၂၀သည် **အတ္တဝါဒုပါဒါန်**။

နွားတို့ ခွေးတို့၏ အလေ့အကျင့်ဖြင့် သံသရာမှစင်ကြယ်၏ဟု နှလုံးသွင်းမှားသော ဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန် တရားကိုယ်အားဖြင့်တော့ လောဘ ဒိဋ္ဌိ နှစ်ပါးသာတည်း။

အဆိုပါ ၂ [+] ပဉ္စုပါဒါနက္ခန္ဓာဆိုတာ ဘယ်ဟာလဲဆိုတော့ ချစ်သားတို့ ကိုယ်မှာရှိနေတဲ့ တကိုယ်လုံး တကောင်လုံးကြီးဖြစ်နေတဲ့ ဖေါက်ပြန်တဲ့အစု ဟူသော ရူပက္ခန္ဓာတပါး၊ ခံစားတဲ့အစု ဟူသော ဝေဒနာက္ခန္ဓာတပါး၊ မှတ်သားတဲ့အစုဟူသော သညာက္ခန္ဓာတပါး၊ပြုပြင်တဲ့အစုဟူသော သင်္ခါရက္ခန္ဓာတပါး၊ သိတဲ့အစု ဟူသော ဝိညာဏက္ခန္ဓာတပါး။

ဤအစု ငါးစုဖြစ်သော ခန္ဓာငါးပါးတို့ပေတည်း၊ ချစ်သားတို့ ဤခန္ဓာငါးပါးတို့ကို ဆင်းရဲတာမှန်သတဲ့ ဒုက္ခသစ္စာဟု ငါဘုရား ဟောတော်မူအပ်၏ဟု သရုပ်ကိုထုတ်၍ ဖြေတော်မူ၏။

(သမုဒယသစ္စာ)....“ကတမဉ္စဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ”

ရဟန်းတို့ ဒုက္ခဖြစ်ကြောင်း အရိယသစ္စာဆိုတာ၊ ဝါ-အရိယာတို့သည် ဆင်းရဲကြောင်းမှန်တဲ့ တရားဘဲလို့ တသက်လုံး အသဲစွဲသိအပ်သော ဒုက္ခသမုဒယ အရိယာသစ္စာဆိုတာ ဘယ်ယာလဲလို့ ဘုရားကဘဲ မေးပြီး—

ယာယံတဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ၊
တတြတတြာ ဘိနန္ဒိနီ သေယျထိဒံ၊
ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ဣဒံဝုစ္စတိ၊
ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ။

ဟု-ဒါက သ-၏ သရုပ်ကို ထုတ်၍ဟောတော်မူတာ။

ဘာသာပြန်—ရဟန်းတို့ အရိယာတို့သည် ဆင်းရဲကြောင်း မှန်တဲ့တရား၊ ဆင်းရဲကို ဖြစ်စေမှာ ဖြစ်စေတာ မှန်တဲ့ တရားဘဲလို့ တသက်လုံး အသဲစွဲသိအပ်သော ဒုက္ခ သမုဒယ အရိယသစ္စာဆိုတာ အခြားမဟုတ်ဘူး၊ အခြားတပါးမှာရှိနေတာ မဟုတ်ဘူး၊ ချစ်သားတို့ရဲ့ စိတ်သန္တာန်၌ အနုသယ

---

၂ [+] ပဉ္စုပါဒါနက္ခန္ဓာ ကို ပဉ္စ ဥပါဒါနက္ခန္ဓာဟု နှစ်ပုဒ်ခွဲ၊ ပဉ္စ-ငါးပါး၊ ဥပါဒါနက္ခန္ဓာ-စွဲလမ်းစရာ ခန္ဓာ။

အဆိုပါ ခန္ဓာငါးပါးရှိနေမှုကြောင့် ခန္ဓာမှန်းမသိကြသေးတဲ့ ပုထုဇဉ်သတ္တဝါတို့ဟာ အဆိုပါ ခန္ဓာကိုပင် လူဘဲ နတ်ဘဲ သူဘဲ ငါဘဲ ကျား-မ ဘဲ စသည်ဖြင့် အလွဲလွဲအမှားမှား စွဲလမ်းစရာတရားကြီးဟု ဆိုလိုပေသည်။

အနေအားဖြင့် အမြဲတန်း ကိန်းဝပ်နေတဲ့ ဘုံသုံးပါးတို့၌ တဖန် တဖန် ဘဝသစ်ကို ဖြစ်စေတတ်သော အလေ့ရှိသော ဘာမဆို နှစ်သက်စုံမက် တတ်စွန်းတတ်သော လောဘနှင့် တကွသော ထိုထိုဘုံ ထိုထိုအာရုံတို့၌ လွန်စွာလွန်စွာ တပ်စွန်းတတ်သော အကြင် တဏှာလောဘသည် ရှိ၏ဟု သရုပ်မထုတ်ဘဲ အကျဉ်းအားဖြင့် ဘုရားကဘဲ ဖြေပြီးလျှင် နောက်ထပ် တဖန်....

ချစ်သားတို့—ထိုတဏှာသည် အဘယ်နည်းဟုမေးပြီးလျှင် ငါးပါးအာရုံ ကာမဂုဏ်တို့၌ တပ်မက်တတ်သော ကာမတဏှာရင်း၊ ဘုံသုံးပါးတို့၌ တဖန် တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ လောဘနှင့် တကွ ခုဘဝ သေပေသည့် လောက်လန်းသဖွယ် ဝိညာဉ်တွယ်သို့ တဘဝပြီး ကဘဝ ရှေ့ဘဝမှာ ဆက် ဖြစ်ဦးမှာဘဲဟု ယူမှားသော သဿတဒိဋ္ဌိနှင့်တကွသော ဘဝတဏှာရင်း၊ ခုဘဝသေ ပြီးတာဘဲ အေးတာဘဲ နောက်လဲ ဘာမှမဖြစ်တော့ဘူး ပြတ် သွားပြီဟု ယူမှားသော ဥစ္ဆေဒဒိဋ္ဌိနှင့်တကွသော ဝိဘဝတဏှာရင်း။

ရဟန်းတို့—ဤတဏှာသုံးပါးအပေါင်းကိုဘဲ အရိယာတို့သည် ဆင်းရဲ ကြောင်း မှန်တဲ့ ဒုက္ခ သမုဒယ သစ္စာဘဲလို့ တသက်လုံး အသဲစွဲသိအပ်သော ဒုက္ခ သမုဒယ အရိယ သစ္စာဟူ၍ ငါဘုရား ဟောတော်မူအပ်၏ဟု ဘုရား ကဘဲ အကျယ်သရုပ်ထုတ်၍ ဟောတော်မူပြန်သည်။

(နိရောဓသစ္စာ) ....“ကတမဉ္စဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ”

ရဟန်းတို့....ဒုက္ခ၏ ချုပ်ရာ ချုပ်ကြောင်းဖြစ်သော ဒုက္ခနိရောဓ အရိယ သစ္စာဆိုတာ၊ ဝါ-အရိယာတို့ဘည် ဆင်းရဲချုပ်ရာ ချုပ်ကြောင်း ကုန်ရာ ကုန်ကြောင်း, ငြိမ်းရာ ငြိမ်းကြောင်းမှန်တဲ့ တရားဘဲလို့ အသဲစွဲအပ်သော ဒုက္ခနိရောဓ အရိယသစ္စာဆိုတာ ဘယ်ဟာလဲလို့ ဘုရားကဘဲ မေးပြီး—

ယောတဿယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော
စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော၊
ဣဒံဝုစ္စတိဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။
(ဒါက နိ-၏ သရုပ်ကိုထုတ်၍ ဟောတော်မူတာ)

ဘာသာပြန်....ရဟန်းတို့၊ ထိုတဏှာ ရာဂ လောဘ၏သာလျှင် အကြွင်းအကျန်မရှိ, ချုပ်ငြိမ်းရာ စွန့်ပစ်ရာ ဟဖန်စွန့်ရာ လွတ်ရာ မကပ်ငြိရာ ကပ်ငြိခြင်းမရှိရာဖြစ်သော နိဗ္ဗာန်သည် ရှိ၏၊ ရဟန်းတို့-ထိုနိဗ္ဗာန်ကိုဘဲ ဒုက္ခနိရောဓ အရိယသစ္စာဟူ၍ ငါဘုရား ဟောတော်မူအပ်၏ဟု ဟောတော်မူသည်။

(မဂ္ဂသစ္စာ)...."ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ"

ရဟန်းတို့—ဆင်းရဲဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာဆိုတာ၊ ဝါ-အရိယာတို့သည် ဆင်းရဲဒုက္ခ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်းမှန်တဲ့ အကျင့်ဘဲလို့ အသဲစွဲသိအပ်သော ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာဆိုတာ ဘယ်ဟာလဲလို့ ဘုရားကဘဲ မေးပြီး—

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သေယျထိဒံ၊
သမ္မာဒိဋ္ဌိ၊ပ၊သမ္မာသမာဓိ ဣဒံဝုစ္စတိ၊
ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။
(ဒါက မ-၏ သရုပ်ကို ထုတ်၍ ဟောတော်မူတာ)

ဘာသာပြန်....ရဟန်းတို့ ဖြူစင်သန့်ရှင်း အပြစ်ကင်းသော အင်္ဂါရှစ်ပါး ရှိသော ဤမဂ်သာလျှင်တည်း၊ ဤမဂ်သည် ဘယ်ဟာလဲဆိုတော့—

ချစ်သားတို့—အဟုတ် အမှန် ရုပ်နာမ်လက္ခဏာသစ္စာကို သိမြင်ခြင်းဆိုတဲ့ သမ္မာဒိဋ္ဌိ၊ပ၊အဟုတ်အမှန် ရုပ် နာမ် လက္ခဏာ သစ္စာတရားတို့၌ မတုန်မလှုပ် စိတ်၏တည်ငြိမ်ခြင်းဆိုတဲ့ သမ္မာသမာဓိ ဤရှစ်ပါးတို့ပေတည်း။

ရဟန်းတို့—ဤသမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါး တရားအပေါင်းကို ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့၏၊ ဝါ-ကုန်အောင်စုံသော ဆင်းရဲဒုက္ခတို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာဟူ၍ ငါဘုရား ဟောတော်မူအပ်၏ဟု ဟောတော်မူသည်။

"ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ အရိယသစ္စာနိတိ"

ရဟန်းတို့—ဤဆိုအပ်ပြီးသော အမှန်လေးပါးခေါ်သော သစ္စာလေးပါးတို့သည်ကား ငါဘုရားစသော သူတော်ကောင်းတို့သည် ဆင်းရဲ မှန်တဲ့တရား, ဆင်းရဲကြောင်းမှန်တဲ့တရား, ဆင်းရဲချုပ်ငြိမ်းရာမှန်တဲ့တရား, ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်းမှန်တဲ့ တရားဘဲလို့ အသက်ထက်ဆုံး အသဲစွဲ သိမြင်အပ်သော သစ္စာလေးပါး တရားတို့ပေတည်းဟု နိဂုံးအုပ်တော်မူ၏ ဟူလို။

ဤသုတ်၌ ဒု-၏ အရကို ပဥ္စုပါဒါနက္ခန္ဓာဟု လိုရင်းအကျဉ်းချုပ်ဟောထားသော်လည်း တဏှာမှတပါးသော ၁ × တေဘူမက ဝဋ္ဋတရား၊ တနည်း-လောကီစိတ်-၈၁၊ လောဘကြဉ်သော စေတသိက်-၅၁၊ ရုပ်၂၈-ခုကိုယူ။

သ-၏အရကို ကာမတဏှာ,ဘဝတဏှာ,ဝိဘဝတဏှာဟု လိုရင်းအကျဉ်းချုပ် ဟောထားသော်လည်း၊ ၂×တဏှာဝိစရိတ် ၃၆-ပါး၊ ၃ × တဏှာအစစ် ၁၀၈-ပါး၊ ၄×တထောင့်ငါးရာ ကိလေသာတို့ကိုယူလေ။

နိ-၏ အရမှာ .... နိဗ္ဗာန်တပါးပင်။
မ-၏ အရမှာလည်း.... မဂ္ဂင်ရှစ်ပါးပင်။

---

၁ × တေဘူမက လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံ ထိုဘုံသုံးပါးလို့သိ၊ ၎င်းဘုံတို့၌ ဖြစ်သော ရုပ်နာမ်ခန္ဓာကို တေဘူမက တရားဟု သိ။

၂ × တဏှာဝိစရိတ် ၃၆-ပါးကို သစ္စနိဒ္ဒေသခဏ်း စာမျက်နှာ ၃၂၄ တွင် ပြခဲ့ပြီ။

၃ × တဏှာအစစ် ၁၀၈-ကား၊ ကာမဘဝ ဝိဘဝဟု သုံးဝတဏှာ တည်ပြီးခါ အာရုံခြောက်ပါး မြှောက်ပွားတဖန် ပစ္စုပ္ပန်အတိတ် နောက်ပိတ်အနာဂတ် သုံးရပ်ကာလ မြှောက်ထဆိုရန် သင်္ချာန်နှစ်ဖြာ မြှောက်လေပါက တဏှာအစစ် တရာ့ရှစ်သည် ဖြစ်၏မုချမလွဲတည်းနှင့်အညီ သိလေ။

၄ × တထောင့်ငါးရာ ကိလေသာကား-နာမ်တေပညာသ နိပ္ဖန္နနှင့် လေးဖြာလက္ခဏာ တည်ပြီးမှလျှင် ဆယ်ဝကိလေ မြှောက်ပေတုံလတ် နှစ်ရပ်သန္တာန် တဖန်မြှောက်ခါ ကိလေသာ သချာများမြောင် တထောင့်ငါးရာ ထွက်သတည်းနှင့်အညီ သိလေ။

စတုသစ္စ ကမ္မဋ္ဌာန်း

ဆောင်ပုဒ် ၁။ သစ္စာလေးတန်၊ အမှန်လေးပါ။
ပိုင်းခြားသိသူ၊ ပါယ်လွတ်ဟူ၊ ခေါ်ယူ သောတာပန်။

၂။ သစ္စာလေးပါး၊ ပွါးဖန်များ၍၊
ခေါင်းပါးကိလေ၊ ထိုသူပေ၊ ခေါ်လေ သကဒါဂါမ်။

၃။ တဆင့်တက်ကာ၊ ပွားများပါ၍၊
ဒေါသာတစိ၊ ကုန်မရှိ၊ ခေါ်ဘိ အနာဂါမ်။

၄။ မီးကုန် ယမ်းကုန်၊ ပွားများထုံ၍၊
လုံးစုံကိလေ၊ ပယ်သတ်ပေ၊ ခေါ်လေ ရဟန္တာ။

.......... .........

## ၉-ပဌမ ခေရဏ သုတ်

ခေရေထ နော တုမှေ ဘိက္ခဝေ မယာ စတ္တာရိ အရိယသစ္စာနိ ဒေသိတာနီတိ၊ပ၊ ဝေခွါဟံ ဘန္တေ ခေရေမိ ဘဂဝတာ စတ္တာရိ အရိယသစ္စာနိ ဒေသိတာနီတိ။ (သစ္စသံယုတ်)

ဘာသာပြန်....ရဟန်းတို့၊ ငါဘုရားသည် ဟောတော်မူအပ်ကုန်သော လေးပါးသော သစ္စာတို့ကို သင်ချစ်သားတို့သည် ဟောပြီးပျောက်, ဟော ပြီးပျောက်၊ ပျောက်ပျောက်ပျက်ပျက် မဖြစ်ကြအောင် **ကောင်းစွာမှတ်သား ထားကြ** ကုန်လော့ဟု မိန့်တော်မူ၏၊ ဤလို မိန့်တော်မူအပ်သည်ရှိသော်- တယောက်သောရဟန်းသည် မြတ်စွာဘုရားအား ဤသို့လျှောက်ထားလေ၏၊ 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်သည် အရှင်ဘုရား ဟော ကြားတော်မူတဲ့ သစ္စာလေးပါး မြတ်တရားကို ကောင်းစွာ မှတ်သားမိပါ သည်ဘုရား'ဟု လျှောက်ထား၏၊ ထိုအခါ ဘုရားမြတ်စွာ စိန္တေယျာက ရဟန်း သင်သည် ငါဘုရားဟောတဲ့ သစ္စာလေးပါး မြတ်တရားကို ဘယ်ပုံ ဘယ်နည်း မှတ်သားမိပါသနည်း ဟု မေးတော်မူပြန်တယ်။

ထိုအခါ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား အရှင်ဘုရားသည် ဒုက္ခ ဖြစ်သော အရိယသစ္စာကို ရှေးဦးစွာဟောတော်မူပါသည်၊ဒုက္ခ၏အကြောင်း

ဖြစ်သော သမုဒယသစ္စာကို နှစ်ကြိမ်မြောက် ဟောတော်မူပါသည်၊ ဒုက္ခ၏ ချုပ်ရာ နိရောဓသစ္စာကို သုံးကြိမ်မြောက် ဟောတော်မူပါသည်၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာကို လေးကြိမ်မြောက် ဟောတော် မူပါသည်ဟု လျှောက်ထား၏။

ထိုအခါ ဘုရားမြတ်စွာ စိန္တေယျာက ရဟန်း သာဓု—သာဓု၊ ကောင်းစွ ကောင်းစွ, သင်သည် ငါဘုရားဟောတော်မူတဲ့ သစ္စာလေးပါး မြတ်တရားတို့ကို ဟောပြီး ပျောက် မဖြစ်စေဘဲ ကောင်းစွာ မှတ်မှတ်သားသား ကြားနာပါပေသည်ဟု သာဓုခေါ်၍ ချီးကျူးတော်မူလေသည်။

....................

## ၁၀—ဒုတိယ ဓာရဏ သုတ်

**ဓာရေထ နော တုမှေ ဘိက္ခဝေ မယာ စတ္တာရိ အရိယသစ္စာနိ ဒေသိတာနီတိ ပ.ဝေံဝုတ္တေ ဘန္တေ ဓာရေမိ ဘဂဝတာ စတ္တာရိ အရိယသစ္စာနိ ဒေသိတာနီတိ။ (သစ္စသံယုတ်)**

**ဘာသာပြန်....**ရဟန်းတို့၊ ငါဘုရားသည် ဟောတော်မူအပ်ကုန်သော လေးပါးသောသစ္စာတို့ကို သင်ချစ်သားတို့သည် **ကောင်းစွာမှတ်သားထားကြ** ကုန်လေ့ဟု မိန့်တော်မူ၏၊ ထိုအခါ တယောက်သော ရဟန်းသည် တပည့်တော်သည် ဘုန်းတော်ကြီးဘုရား ဟောကြားတော်မူတဲ့ သစ္စာလေးပါး မြတ်တရားကို ကောင်းစွာမှတ်သားမိပါသည်ဘုရားဟုလျှောက်ထားလေ၏။

ထိုအခါ ဘုရားမြတ်စွာက ရဟန်း သင်သည် ဘယ်ပုံဘယ်နည်း မှတ်သားမိပါသနည်းဟု မေးတော်မူတဲ့ခါ ဘုန်းတော်ကြီးလှသော မြတ်စွာဘုရားသည် ဒုက္ခသစ္စာကို ဟောတော်မူပါသည်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား တစုံတယောက်သော ရဟန်းသည်ရှင်း, ပုဏ္ဏားသည်ရှင်း ဤသို့ဆိုလေရာ၏၊ အဘယ်သို့ဆိုရာသနည်းဟူမူကား ရဟန်းဂေါတမသည် အကြင်ဒုက္ခသစ္စာကို ဟောတော်မူ၏၊ ဤရဟန်းဂေါတမ ဟောပြသည့်သစ္စာသည် ဒုက္ခသစ္စာမဟုတ် ငါသည် ရဟန်းဂေါတမ ဟောပြတဲ့ ဒုက္ခသစ္စာကိုပယ်၍

အခြားတပါးသော ဒုက္ခသစ္စာကို ဟောကြားပညတ်ပေအံ့ဟု ဤသို ဟောကြား ပညတ်ခြင်းငှါ စွမ်းနိုင်သော တင့်တယောက်သော ရဟန်းသည်ရင်း, ပုဏ္ဏားသည်ရင်း, ဤသတ္တလောကကြီး၌ ဘယ်နည်းနှင့်မှ မရှိနိုင်ပါဘုရားဟု လျှောက်ထားလေသည်။

ကျန် သ–နိ–မ, သစ္စာသုံးပါးတို့၌လည်း ထိုအတူပင် ထိုအသွားအင်္ဂင်း ပင် သစ္စာလေးပါးလုံး သ–နိ–မ သာ လဲ၍ လျှောက်ထား၏၊ ထိုအခါ ဘုရားမြတ်စွာစိန္တေယျာက ရဟန်း ကောင်းစွ–ကောင်းစွ၊ သင်သည် ငါဘုရား ဟောတော်မူတဲ့ သစ္စာလေးပါး တရားတို့ကို ကောင်းစွာ မှတ်သားပါပေ သည်၊မှတ်သားမိပါပေသည်၊ သဘောပေါက်ပါပေသည်၊ သစ္စာအကြောင်း ကို ကောင်းကောင်းကြီး ရိပ်စားမိပါပေသည်ဟု ချီးကျူးတော်မူသည်၊ ထို့ကြောင့် သစ္စာလေးပါး မြတ်တရားကို တစ်တစ်ခွခွ ပစ္စက္ခကိုယ်တွေ့ မျက်မှောက် လက်ရောက်ရရှိလေအောင် ကြိုးစားအားထုတ်ရမည်ဟု တိုက်တွန်း နှိုးဆော်တော်မူခဲ့ပေသည်ဟု သိလေ မှတ်လေ။

....................

## ၁၁–အဝိဇ္ဇာ သုတ်

**ကေမန္တံ နိသိန္နောခေါ သော ဘိက္ခု ဘဂဝန္တံ တေဒဝေါစ၊**
**အဝိဇ္ဇာ အဝိဇ္ဇာတိ ဘန္တေ ဝုစ္စတိ ကတမာနုခေါ ဘန္တေအဝိဇ္ဇာ၊ပ၊**
**ယံ ခေါ ဘိက္ခု ဒုက္ခေ အညာဏံ၊ပ၊အဝိဇ္ဇာဂတော ဟောတီတိ။**
(သစ္စသံယုတ်)

ဘာသာပြန်....၁ × သင့်တင့်လျှောက်ပတ် ခြောက်ပြစ်လွတ်သောအရပ်၌ နေပြီးသော ထိုရဟန်းသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားလေ၏၊

---

၁ × သင့်တင့်လျှောက်ပတ် ခြောက်ပြစ်လွတ်သော အရပ် (ကေမန္တံ) ဆိုသည်မှာ....

ဆ နိသဇ္ဇဒေါသေ ငွေ့တွာ သေယျထိဒံ အတိဒူရံ အစ္စာ သန္နံ ဥပရိဝါတံ ဥန္နတပ္ပဒေသံ အတိသမ္မုခံ အတိပစ္ဆာတံ။
(ပါရာဇိက ဝေရဉ္ဇကဏ္ဍ)

ဝေး, နီး, ရှေ့ နောက်၊ မြင့်မောက် လေညာ၊ မနေရာ၊
မှတ်ပါ နိသဇ္ဇဒေါသတည်း။

ဘယ်လိုလျှောက်ထားပါသလဲဆိုတော့ ဘုန်းတော်ကြီးသော မြတ်စွာဘုရား လောကမှာ သူသူငါငါ အဝိဇ္ဇာ အဝိဇ္ဇာနှင့် တစာစာ ပြောဆိုကြပါသည်၊ ထိုအဝိဇ္ဇာဆိုတာ ဘယ်ဟာပါသဲဘုရား ဘယ်မျှလောက်ဖြင့် အဝိဇ္ဇာ၌ ဖြင်သည် အဝိဇ္ဇာသို့ရောက်သည် မည်ပါသနည်းဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားမြတ်စွာက ရဟန်း ဒု-၌ ဤကား-ဒု ဖြစ်သည်ဟု အကြောင်း မသိခြင်းသည်ရင်း၊ သ-၌ ဤကား-သ ဖြစ်သည်ဟု အကြောင်း မသိခြင်းသည် ရင်း၊ နိ-၌ ဤကား-နိ ဖြစ်သည်ဟု အကြောင်း မသိခြင်းသည်ရင်း၊ မ-၌ ဤကား-မ ဖြစ်သည်ဟု အကြောင်း မသိခြင်းသည်ရင်း ရှိ၏။

ဤလို ဤပုံ သစ္စာလေးပါးတို့၌ ဤကား-ဒု၊ ဤကား-သ၊ ဤကား-နိ၊ ဤကား-မ ဟု မသိခြင်းကို အဝိဇ္ဇာ ဆိုအပ်၏၊ ဤပုံ သစ္စာကိုမသိခြင်းမျှဖြင့် အဝိဇ္ဇာ၌ဖြစ်သည် အဝိဇ္ဇာသို့ရောက်သည် မည်တော့၏ဟုဟောတော်မူသည်။

....................

## ၁၂—ဝိဇ္ဇာသုတ်

**ကောမန္တံ နိသိန္နော ခေါ၊ ပ၊ ဝိဇ္ဇာ ဝိဇ္ဇာတိ ဘန္တေ ဝုစ္စတိ ကတမာ နုခေါ ဘန္တေ ဝိဇ္ဇာ၊ ပ၊ ယံ ခေါ ဘိက္ခု ဒုက္ခေဉာဏံ၊ ပ၊ ဝိဇ္ဇာ ဂတော ဟောတီတိ။ ။** (သစ္စသံယုတ်)

သင့်တင့်လျှောက်ပတ် ခြောက်ပြစ်လွတ်သောအရပ်၌နေပြီးသော ထိုရဟန်း သည် မြတ်စွာဘုရားကို ဤသို့လျှောက်ထားလေ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား လောကမှာ သူက ငါက ဝိဇ္ဇာ- ဝိဇ္ဇာနှင့် အခါခါပြောဆိုကြပါသည်၊ ထိုဝိဇ္ဇာဆိုတာ ဘယ်ဟာပါလဲဘုရား ဘယ်မျှလောက်ဖြင့် ဝိဇ္ဇာ၌ ဖြစ်ပါသနည်း၊ ဝိဇ္ဇာသို့ ရောက်သည် မည်ပါ သနည်းဟု လျှောက်ထားလေ၏။

ထိုအခါ ဘုရားမြတ်စွာက ရဟန်း ဒု-၌ ဤဥပါဒါနက္ခန္ဓာငါးပါးသည် ဒု-ဖြစ်သည်၊ သ-၌ ဤတဏှာသုံးပါးသည် သ-ဖြစ်သည်၊ နိ-၌ ဤနိဗ္ဗာန် သည် နိ-ဖြစ်သည်၊ မ-၌ ဤမဂ္ဂင်ရှစ်ပါးသည် မ-ဖြစ်သည်ဟု အကြောင်

သိခြင်းသည် ရှိ၏၊ ဤလိုဤပုံ သစ္စာလေးပါးတို့၌ ဤကား-ဒု၊ ဤကား-သ၊ ဤကား-နိ၊ ဤကား-မ, ဟု သိခြင်းကို ဝိဇ္ဇာ ဟူ၍ ဆိုအပ်၏၊ ဤပုံသစ္စာကို သိခြင်းမျှဖြင့် ဝိဇ္ဇာ၌ဖြစ်သည် ဝိဇ္ဇာသို့ရောက်သည် မည်တော့၏ဟု ဟော တော်မူသည်။

ထို့ကြောင့် လူပြော သူပြော သိတဲ့ သုတသိ သစ္စာသိမျိုး စာထဲပေထဲမှာ သိတဲ့ စာသိ ပေသိ သစ္စာသိမျိုးကို လွန်မြောက်၍ တကယ့် ထိထိ ရောက် ရောက် ကိုယ်တွေ့မျက်မှောက် ကိုယ်မှာရှိနေတဲ့ သစ္စာ အစစ်အမှန်တို့ကို သူ့သစ္စာနှင့်သူ နေရာတကြ ပစ္စက္ခဒိဋ္ဌသိ ဉာဏ်တွေ့ ဉာဏ်မြင် ဖြစ်အောင် ကြိုးစားအားထုတ်ကြလေဟု အထပ်ထပ်ပင် ကြပ်ကြပ်ကြီး တင်းတင်းကြီး ပြင်းပြင်းကြီး တိုက်တွန်းတော်မူသည်ဟု သိလေ။

## အဝိဇ္ဇာ နှင့် ဝိဇ္ဇာ

န ဝိဇာနာတီတိ အဝိဇ္ဇာ။ ။ ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, စတုသစ္စ, ပဋိစ္စသမုပ္ပန္န, ဤရှစ်ဌာန **မသိခြင်း မောဟသည် အဝိဇ္ဇာမည်၏။**

ဝိဇာနာတီတိ ဝိဇ္ဇာ။ ။ အဆိုပါ ရှစ်ဌာနတို့၌ **သိမြင်ခြင်း ပညာသည်** ဝိဇ္ဇာ မည်၏။

.....................

## ၁၃ — တထ သုတ်

**စတ္တာရိမာနိ ဘိက္ခဝေ တထာနိ အဝိတထာနိ အနညထာနိ၊ပ၊ ကတမာနိ ခေါ ဘိက္ခဝေ စတ္တာရိ တထာနိ အဝိတထာနိ အနည ထာနိ။ ။** (သစ္စသံယုတ်)

ဘာသာပြန်.... (က) ရဟန်းတို့၊ ဤ လေးပါးသော သစ္စာတို့သည် မှန်ကုန်၏၊ မချွတ်မယွင်းမှန်ကုန်၏၊ တပါးသော အခြင်းအရာဖြင့်မဖြစ်ကုန်၊ ရဟန်းတို့ အမှန်လေးပါးဆိုတာ ဘယ်ဟာတို့ပါလဲဆိုဘော့ သူ-ငါ,ကျား-မ စသည်တို့၏ တကိုယ်လုံး တကောင်လုံးကြီးဖြစ်တဲ့ ဤဥပါဒါနက္ခန္ဓာငါးပါး

ကြီးဟာ ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ရှေးဦးစွာ ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ အစဉ်အတိုင်း အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ၊ ဤသို့ စသည်ဖြင့် ကုန်အောင်စုံသော ဆင်းရဲပေါင်း ထောင်သောင်းမက အသင်္ချေ အနန္တတို့နှင့် အမျိုးမျိုး တွေ့တွေ့နေရသောကြောင့် ဆင်းရဲဘာ မှန်ကုန်၏၊ မချွတ်မယွင်း မှန်ကုန်၏၊တပါးသောအခြင်းအရာဖြင့် မဖြစ်ကုန် ဆင်းရဲသော အခြင်းအရာဖြင့်သာ ဖြစ်ကုန်၏။ (ဤကား ဒု-၏ ဆင်းရဲမှန်ပုံကိုပြသည်)

(ခ) ရဟန်းတို့....ဤကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ, သုံးပါးသည် ဘုံသုံးပါးတို့၌ တဖန်တဖန် ဖြစ်လို၍ ဖြစ်ပြန်သည်ရှိသော် ဘုံသုံးပါးတို့၌ ဇာတိဒုက္ခစသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ကို၊ဝါ-ကုန်အောင်စုံသော ဆင်းရဲဟူသမျှတို့ကို ဖြစ်စေတာ ဖြစ်စေမှာ မှန်ကုန်၏၊ မချွတ်မယွင်း မှန်ကုန်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်။ (ဤကား သ-၏ ဆင်းရဲကြောင်းမှန်ပုံကို ပြသည်)

(ဂ) ရဟန်းတို့....ဤ နိရောဓသစ္စာနိဗ္ဗာန်သည် ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့မှ ကုန်ဆုံးချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း မှန်ကုန်၏၊ မချွတ်မယွင်း မှန်ကုန်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်၊ ဆင်းရဲချုပ်ငြိမ်းသော အခြင်းအရာအားဖြင့်သာ ဖြစ်ကုန်၏။

(ဤကား နိ-၏ ဆင်းရဲချုပ်ငြိမ်းရာ မှန်ပုံကို ပြသည်)

(ဃ) ရဟန်းတို့....ဤမဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည် ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်း မှန်၏၊ မချွတ်မယွင်း မှန်ကုန်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်၊ နိဗ္ဗာန်ရောက်ကြောင်း မှန်သော အခြင်းအရာအားဖြင့်သာ ဖြစ်ကုန်၏။ (ဤကား မ-၏ နိ-သို့ရောက်ကြောင်း မှန်ပုံကို ပြသည်)

ထို့ကြောင့်—တစ်တစ်ခွခွ ပစ္စက္ခ သစ္စာသိအောင် အားထုတ်ကြဟု တိုက်တွန်းတော်မူသည်။

ဆောင်ပုဒ်။ ။ ၁။ ဆင်းရဲမှန်တာ .... ဒုက္ခသစ္စာ။
၂။ ဆင်းရဲကြောင်းမှန်တာ .... သမုဒယသစ္စာ။
၃။ ချမ်းသာမှန်တာ .... နိရောဓသစ္စာ။
၄။ ချမ်းသာကြောင်းမှန်တာ.... မဂ္ဂသစ္စာ။
၅။ မချွတ်မယွင်းမှန်တာ .... လေးသစ္စာ။

....................

## အပိုင်း ( ၂ )

### ၁၄ — ကောဋိဂါမ သုတ်

**ကော်သမယံ ဘဂဝါ ဝဇ္ဇီသု ဝိဟရတိ ကောဋိဂါမေ။ပ၊**
**စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ**
**အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ၊**
**မမဉ္စေဝ တုမှာကဉ္စ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ။ ။ (သစ္စသံယုတ်)**

ဘာသာပြန်—အခါတပါး ဘဂဝါဘုရားသည် ဝဇ္ဇီတိုင်း ကောဋိရွာ၌ သီတင်းသုံး နေထိုင်တော်မူ၏၊ ထိုအခါ ရဟန်းတို့....သင်တို့ ငါတို့သည် အရိယာတို့သည် သိအပ်ကုန်သော၊ ဝါ-သစ္စာသိလျှင် ဘယ်သူမဆို သော တာပန်စသော အရိယာဖြစ်နိုင်သော၊ဝါ-သစ္စာသိလျှင် သောတာပန်စသော အရိယာ အဖြစ်ကို ပြုတတ်ကုန်သော လေးပါးကုန်သော သစ္စာတို့ကို လောကီသိ သုတသိ တဆင့်ကြားသိ အနုဗောဓဉာဏ်ဖြင့်လျှော်စွာ အစဉ် အတိုင်း မသိကြခြင်းကြောင့် လောကုတ္တရာ ပဋိဝေဓမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိကြခြင်းကြောင့်၊ ဝါ-အဆိုပါ ဒု-သ, သစ္စာနှစ်ပါးတို့၏ တဖန် အသစ် မဖြစ်ရာ ကုန်ဆုံး ချုပ်ငြိမ်းရာ ငြိမ်းအေးတဲ့သဘော အေးမြတဲ့သဘော အချမ်းသာကြီး ချမ်းသာတဲ့သဘော အငြိမ်းဓာတ် အအေးဓာတ် အသခ်တ ဓာတ်ဆိုတဲ့ နိဗ္ဗာန်တရားထူး တရားမြတ်ကြီးကို ဇဝေဇဝါ မသေမချာ မဟုတ်ဘဲ တကဲ့ကို တဲ့တဲ့ရှင်းရှင်း မတွေ့မဝေ ထိုးထွင်း၍မသိကြခြင်းကြောင့် ငါဘုရားသည်ရင်း, သင်ချစ်သား ချစ်သမီးတို့သည်ရင်း, ဤဘဝမှ ထိုဘဝ, ထိုဘဝမှ ဤဘဝသို့ တပြောင်းပြန်ပြန် ကြိမ်ဖန်များစွာ ဘဝများစွာ အခါခါ မရေမတွက်သာအောင် ကြင်လည် ပြေးသွားရလှလေပြီ။

ရဟန်းတို့….ဥပမာဆိုသည်ရှိသော် လောက၌ ဇာတ်သမားတို့သည် ဇာတ်ခုံကြီးပေါ်သို့ တက်၍တက်၍ တခယောက်တမျိုး တခါပြ ဇာတ်ထုပ်တမျိုး, တခါပြ ဇာတ်ထုပ်တမျိုး, ငါးရာ ငါးဆယ်သော ဇာတ်ထုပ်တို့ကို တရက်တမျိုး တရက်တမျိုး ဇာတ်စုံ က,၍ ပြကြသကဲ့သို့၊ ထို့တူပမာ ရုံခါ ဒုဂ္ဂတိ, ရုံခါသုဂတိ မြဲတယ်လို့မရှိ၊ ရုံခါ ခြေမရှိ, ရုံခါ ခြေရှိ, ရုံခါ ခြေနှစ်ချောင်း, ရုံခါ ခြေလေးချောင်း, ရုံခါ ခြေများစွာ, ရုံခါ အမွှေးနှင့်, ရုံခါ အကြေးနှင့်,ရုံခါဦးချိုနှင့်, ရုံခါနှာမောင်းနှင့်, ရုံခါ လဘို့နှင့်, ရုံခါအစွယ်နှင့် ရုံခါ ပုပုဝိုင်းဝိုင်း ( ကြမ်းပိုးဘဝ, ရွှ, ခြ, ကမျက်နီ ဘဝတို့ကို ရည်သည် ) ရုံခါ တယူဇနာ ယူဇနာ တရာတထောင်(ငါးကြီးအာနန္ဒာ တိမိရ တိပိင်္ဂလ အဇ္ဈာရောဟငါး ဂဠုံ အသူရိန်တို့ကိုရည်သည်)

ဤသို့စသည်ဖြင့် ၃၁-ဘုံ သံသရာဇာတ်ခုံကြီးပေါ်မှာ၊ ဝါ-လူထု နတ်ထု ပြဟ္မာထု ပွဲကြည့်ပရိသတ်တို့အလယ်မှာ တဘဝ တဇာတ်, တဘဝ တဇာတ်, လူဇာတ်, နတ်ဇာတ်, ပြဟ္မာဇာတ်, ဆင်ဇာတ်,မြင်းဇာတ်,ကျွဲဇာတ် နွားဇာတ်, ဆိတ်ဇာတ်, ဝက်ဇာတ်, ခွေး, ကြောင်, ငါး,ဖါး, ပိုးရွှ, ခြပုံးဇာတ် အမျိုးမျိုးသော ဇာတ်ထုပ်ပေါင်းတို့ကို ဇာတ်စုံပြ၍နေကြရတာ ရှက်ဘွယ် လိသ့် ရှက်ရမှန်းလဲမသိ ၃၁-ဘုံ သံသရာဇာတ်ခုံထဲမှာ နစ်တုံပေါ်တုံ တမှုံ မွှားမွှား ဆုံလည်သည့်နွား ရဟတ်ချားသို့ ကြင်လည်ပြေးသွားရလှလေပြီ။

ချစ်သားတို့—ဤပုံ ဤနည်း မျက်စိကန်း တစ္ဆေမကြောက် သံသရာ တလျှောက်လုံး အဆုံးမရှိ မချိရင်ကဲ ဆင်းရဲကြီးစွာ ဤမျှဖြစ်ပျက်မွေးသေ သံသရာရှည်၍နေကြရသည်မှာ အခြားကြောင့် မဟုတ် “ စုံး နတ် မရိုးနှင့် ရွာသူရဲ့အတက် ” ဆိုတာလို အဆိုပါ သစ္စာလေးပါးတို့ကို အဆိုပါ ဥာဏ် နှစ်ပါးတို့နှင့် အမှန်တရားကို မသိသောကြောင့်ပေတည်း။

ရဟန်းတို့….သင်တို့ဆရာ ငါဘုရားသည် အဆိုပါ သစ္စာလေးပါးတို့ကို ဤကား-ဒု၊ ဤကား-သ၊ဤကား-နိ၊ ဤကား-မ,ဟု အဆိုပါ ဉာဏ်နှစ်ပါး တို့နှင့် ပိုင်းခြားဝေဘန်၍ အမှန်ကို သိအပ်ပြီ။

ရဟန်းတို့....ယခုအခါ၌ ယခုဘဝ၌ အဆိုပါ ဘဝတဏှာကို အရဟတ္တမဂ် ဒါးသံလျက်ဖြင့် အပြတ်ဖြတ်အပ်ပြီ၊ တဖန် ဘဝသစ်သို့ ဆောင်ပို့တတ်သော တဏှာသည် ကုန်ပြီ၊ တဖန် ဘဝသစ်၌ဖြစ်ခြင်းသည် မရှိတော့ပြီဟု ဟောတော်မူသည်။

ထို့ပြင်—

(၁) ယေ ဒုက္ခံ နပ္ပဇာနန္တိ၊ အထော ဒုက္ခဿ သမ္ဘဝံ။
ယတ္ထစ သဗ္ဗသောဒုက္ခံ၊ အသေသံ ဥပရုဇ္ဈတိ၊
တဉ္စမဂ္ဂံ နဇာနန္တိ၊ ဒုက္ခူပသမဂါမိနံ။ ။

(၂) စေတောဝိမုတ္တိ ဟိနာ တေ၊ အထော ပညာဝိမုတ္တိယာ။
အဘဗ္ဗာ တေ အန္တကိရိယာယ၊ တေ ဝေ ဇာတိဇရူပဂါ။

(၃) ယေ စ ဒုက္ခံ ပဇာနန္တိ၊ အထော ဒုက္ခဿ သမ္ဘဝံ။
ယတ္ထစ သဗ္ဗသောဒုက္ခံ၊ အသေသံ ဥပရုဇ္ဈတိ။
တဉ္စမဂ္ဂံ ပဇာနန္တိ၊ ဒုက္ခူပ သမဂါမိနံ။

(၄) စေတောဝိမုတ္တိ သမ္ပန္နာ၊ အထော ပညာဝိမုတ္တိယာ။
ဘဗ္ဗာ တေ အန္တကိရိယာယ၊ န တေ ဇာတိဇရူပဂါတိ။

ဂုဏ်းသုတ်၌ သင်္ဂဟအားဖြင့် ဟောတော်မူပြန်သည်။

ဘာသာပြန်.... (၁) ရဟန်းတို့၊ အကြင်သူတို့သည် ဒုက္ခသစ္စာကို ဤကား ဒုက္ခသစ္စာဖြစ်သည်ဟု အပြားအားဖြင့် မသိကြကုန်၊ ထို့မှ ဒုက္ခသစ္စာကို တဖန်ဖြစ်စေတတ်သော တဏှာ ရာဂ လောဘကိုလည်း သမုဒယသစ္စာဖြစ်သည် ဟု အပြားအားဖြင့် မသိကြကုန်၊ အကြင် နိဗ္ဗာန်၌လည်း အချင်းခပ်သိမ်းဒုက္ခသည် အကြွင်းမဲ့ချုပ်ငြိမ်း၏၊ ထိုဒုက္ခ၏ အကြွင်းမဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုလည်း ဤနိဗ္ဗာန်ကား နိရောဓသစ္စာဖြစ်သည်ဟု အပြားအားဖြင့် မသိကြကုန်၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်း ဤကား မဂ္ဂသစ္စာဟု အပြားအားဖြင့်မသိကြကုန်။

(၂) ထိုသစ္စာလေးပါး မြတ်တရားကို မသိနားမလည်သော သူတို့သည် အရဟတ္တဖိုလ် သမာဓိမှလည်း ဆုတ်ယုတ်ကုန်၏၊ ထို့မှ အရဟတ္တဖိုလ် ပညာမှလည်း ဆုတ်ယုတ်ပျက်စီး၏၊ ထို သစ္စာလေးပါးကို မသိသောသူတို့သည်

သံသရာဝဋ္ဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှါ မထိုက်မရောက်ကြကုန်၊ ထိုသူတို့သည် စင်စစ် ဇာတိ ဇရာသို့သာလျှင် တဖန်တဖန် ကပ်ရောက်ကြကုန်၏။

(၃) အကြင် သူတို့သည်ကား ဒု-ကို ဒု-ဟု၊ သ-ကို သ-ဟု၊ နိ-ကို နိ-ဟု၊ မ-ကို မ-ဟု အမှန်အတိုင်း သိရှိကြကုန်၏။

(၄) အရဟတ္တဖိုလ် သမာဓိနှင့်ပြည့်စုံသည်လည်းဖြစ်သော အရဟတ္တဖိုလ် ပညာနှင့် ပြည့်စုံသည်လည်းဖြစ်သော ထိုသစ္စာလေးပါးတို့ကို သိသော သူတို့သည် သံသရာဝဋ္ဋ်ဆင်းရဲအဆုံးကို ပြုခြင်းငှါ ထိုက်ရောက်ကြကုန်၏၊ ထိုသူတို့သည် စင်စစ် ဇာတိ ဇရာတို့သို့ တဖန် တဖန် မကပ်ရောက်ကြလေကုန်၊ ဇာတိ ဇရာ မရဏတို့နှင့်၊ ဝါ-မွေးခြင်း, အိုခြင်း,သေခြင်းတရားတို့နှင့် အဝေးကြီးဝေး၍ အအေးကြီး အေးနေတဲ့ နိဗ္ဗာန်သို့သာ ဖြောင့်တန်းစွာ ရောက်လေကြတော့သည်ဟု ဟောတော်မူခဲ့ပါသည်။

ဆောင်ပုဒ်—သစ္စာလေးဆူ၊ မသိသူ၊ လည်မူ သံသရာ။
သစ္စာလေးဆူ၊ သိသောသူ၊ ထွက်မူ သံသရာ။

…………………

## ၁၅—အာသဝက္ခယသုတ်

**ဇာနတောဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံဝဒါမိ နော အဇာနတော အပဿတော ။ပ။ ဇာ ဓါ ဘိက္ခဝေ ဇာနတော ဇဝံပဿတော အာသဝါနံ ခယော ဟောတိ။**

(သစ္စသံယုတ်)

**ဘာသာပြန်**....ရဟန်းတို့၊ သိသောသူ မြင်သောသူအား အာသဝေါ တရားတို့၏ ကုန်ခြင်းကို ငါဘုရားဟောတော်မူ၏၊ မသိသော မမြင်သော သူအား အာသဝေါတရားတို့၏ ကုန်ခြင်းကို ငါဘုရား ဟောတော်မမူ၊ ရဟန်းတို့—အဘယ်သို့ သိသော မြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်သနည်းဟူမူ။

(က) ရဟန်းတို့....ဤ ဥပါဒါနက္ခန္ဓာ ငါးပါးသည်ကား ကံအား လျော်စွာ ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ တခုတခုသောဘဝ၌ ပဋိသန္ဓေမှ

စုတိ သေနေ့ကျအောင် တဘ၀လုံး ပဋိသန္ဓေ နေရခြင်းဆင်းရဲ, အိုရခြင်း ဆင်းရဲ, နာရခြင်းဆင်းရဲ, သေရခြင်းဆင်းရဲ စသော ကုန်အောင်စုံသော ဆင်းရဲတုံး ဆင်းရဲခဲ ဆင်းရဲအစုအပုံ ဆင်းရဲ အသိုက်အအုံကြီးသာဖြစ်၍ ဆင်းရဲတာမှန်လှသောကြောင့် " သူ-ငါ ဆိုတာ အဆိုရှိ, နဂိုရှိက ဥပါဒါ နက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာက ဒုက္ခသစ္စာ" ဆိုတဲ့ ကဗျာနှင့်အညီ၊ ဤသို့ ဒု-သစ္စာကို သိသောသူ မြင်သောသူအား ဒုက္ခသစ္စာမှန်း မသိခင်က ဒု-သစ္စာ ဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးကိုပင် ငါ့ကိုယ် အတ္တဟု ယူမှားခဲ့သော ဒိဋ္ဌာသဝ ကွာသောကြောင့် အာသဝေါတရားတို့၏ ကုန်ခြင်းသည်ဖြစ်၏ဟု ဟောတော်မူသည်ဟု သိလေ မှတ်လေ။

(ခ) ရဟန်းတို့....အထက်အဆိုပါ တဏှာသုံးပါးတို့သည် ဘုံသုံးပါး တို့မှာ ပြုအပ်သော ကံအားလျော်စွာ ဘ၀တဖန် ရုပ်နာမ်ခန္ဓာ၊ ဘ၀တဖန် ရုပ် နာမ် ခန္ဓာ ဒုက္ခသစ္စာ အသစ်အသစ်ကို ဖြစ်စေတာ ဖြစ်စေမှာ မုချ ဖြစ်စေကြောင်း မှန်လှသောကြောင့် " သူ-ငါ ဆိုတာ အဆိုရှိ၊ နဂိုရှိက ဘ၀တဏှာ၊ ဘ၀တဏှာက သမုဒယသစ္စာ" ဆိုတဲ့ ကဗျာနှင့်အညီ၊ ဤသို့ သ-သစ္စာကို သိသောသူ မြင်သောသူအား သမုဒယသစ္စာကြောင့် ဖြစ်မှန်း မသိခင်က သ-သစ္စာကြောင့်ဖြစ်သည်ကိုပင် ဗိဿကြိုးနုတ် ထာ၀ရဘုရားတို့ ဘန်ဆင်းသောကြောင့် ဖြစ်တယ်ဆိုတာဘဲ ဟုတ်မှန်လေသလောဟု တသံ သရာလုံးက ယုံမှားခဲ့သော အဝိဇ္ဇာသဝ ကွာသောကြောင့် အာသဝေါ တရားတို့၏ ကုန်ခြင်းသည် ဖြစ်၏ဟု ဟောတော်မူသည်ဟု သိလေ မှတ်လေ။

(ဂ) ရဟန်းတို့.... ဤအသင်္ခတဓာတ် နိဗ္ဗာန်သည်ကား – အလုံးစုံ ကုန်အောင်စုံသော တေဘုမ္မက သင်္ခတ သင်္ခါရ ရုပ်နာမ် ခန္ဓာတို့၏ တဖန် အသစ်မဖြစ်သော ချုပ်ငြိမ်းခြင်းဖြင့် ကုန်ဆုံးချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း မှန်လှသောကြောင့် "သူ-ငါ-ဆိုတာ အဆိုရှိ, နဂိုရှိက အသင်္ခတာ၊ အသင်္ခတက နိရောဓသစ္စာ" ဆိုတဲ့ ကဗျာနှင့်အညီ၊ ဤသို့ နိ-သစ္စာကိုသိသောသူ မြင်သော သူအား နိရောဓသစ္စာကို မသိခင်က သတ္တဝါသေသော်လည်း မပြတ်၊ သေလျှင် ပြတ်၏ဟု တသံသရာလုံးက ယူမှားခဲ့သော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဟူသော ဒိဋ္ဌာသဝ ကွာသောကြောင့် အာသဝေါတရားတို့၏ကုန်ခြင်းသည် ဖြစ်သည်ဟု ဟောတော်မူသည်ဟု သိလေ မှတ်လေ။

(ဿ) ရဟန်းတို့.... ဤ မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရား သည်ကား ကုန်အောင်ငုံသော ရုပ်နာမ်ခန္ဓာ သင်္ခါရတို့၏ တဖန်အသစ်မဖြစ်ရာ ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်း မှန်လှသောကြောင့် "သူ-ငါ-ဆိုတာ အဆိုရှိ၊ နဂိုရှိက မဂ္ဂင်ရှစ်ဖြာ၊ မဂ္ဂင်ရှစ်ပြာက မဂ္ဂသစ္စာ" ဆိုတဲ့ ကဗျာနှင့်အညီ၊ ဤလို မ-သစ္စာကို သိသော မြင်သောသူအား မဂ္ဂသစ္စာကို မသိခင် မမြင်ခင်က နွားတို့၏ အလေ့အကျင့်, ခွေးတို့၏ အလေ့အကျင့် ဖြင့်ပင် သံသရာမှ စင်ကျယ်ရာ နိဗ္ဗာန်သို့ ရောက်၏ ရ၏ဟု တသံသရာလုံးက နှလုံးသွင်းမှား ယူမှားခဲ့သော သီလဗ္ဗတပရာမာသ ခေါ်သော ဒိဋ္ဌာသဝ ကွာသောကြောင့် အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်၏ဟု ဟော တော်မူသည်။

ရဟန်းတို့ .. ငါဘုရားဟောကြားပြီးတိုင်း အဆိုပါ သစ္စာလေးပါးတို့ကို သိသောသူ မြင်သောသူအား ၁ + အာသဝေါတရား တို့၏ ကုန်ခြင်းသည် ဖြစ်၏၊ ထို့ကြောင့် အာသဝေါတရားတို့ကို ကုန်စေခြင်းငှါ အာသဝေါ တရားတို့၏ ကုန်ရာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရစေ ရောက်စေခြင်းငှါ သစ္စာ လေး ပါးတို့ကို သူပြော လူပြော သုတသိ သစ္စာသိမျိုး စာထဲ ပေထဲမှာရှိနေတဲ့

---

အဓိပ္ပါယ်....

၁ + အာသဝေါတရား ဆိုသည်မှာ

| | | |
|---|---|---|
| ပါဠိစကား | .... | အာသဝ ဓမ္မ |
| မြန်မာစကား | .... | ယိုစီးတတ်သော တရား။ |
| အဓိပ္ပါယ် | .... | ဘုံအားဖြင့်ဘဝဂ်,ဓမ္မအားဖြင့် ဂေါတြဘူ တိုင်အောင် ယိုစီးတတ် ဖြာတတ် ဖြစ်နိုင် သော တရား။ |
| သရုပ်အားဖြင့် | .... | ကာမာသဝ,ဘဝါသဝ,ဒိဋ္ဌာသဝ,အဝိဇ္ဇာ သဝ ဟူ၍ လေးပါး။ |
| တရားကိုယ်အားဖြင့် | .... | ကာမာသဝနှင့်ဘဝါသဝက လောဘ ဒိဋ္ဌာသဝက ဒိဋ္ဌိ, အဝိဇ္ဇာသဝက မောဟ အားဖြင့် လောဘ, ဒိဋ္ဌိ, မောဟ သုံးပါး သာရ၏။ |

စသိ ပေသိ သစ္စာသိမျိုးတို့ကိုသွန်မြောက်၍ သက်ရှိ သဝိညာဏက သူ-ငါ-ကျား-မ, စသော သတ္တဝါတို့၏ ခန္ဓာကိုယ်တွင်းရှိ သစ္စာအစစ်အမှန်တို့ကို ဒိဋ္ဌပစ္စက္ခ ကိုယ်တွေ့ ဉာဏ်တွေ့ ဉာဏ်သိ ဉာဏ်မြင် သစ္စာသိမျိုး ဖြစ်သွားနိုင်ကြအောင် ကြိုးစား အားထုတ်ကြဟု အထပ်ထပ် အခါခါ ကြပ်ကြပ်ကြီး မှာတော်မူခဲ့သည်ဟု သိရှိကြပါလေ။

ထိုတွင် ငါးပါးအာရုံ ကာမဂုဏ်တို့၌ တပ်မက်သော လောဘသည် ကာမာသဝ မည်၏၊ ဘုံသုံးပါးတို့၌ တပ်မက်သော သဿတဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော လောဘ ဒိဋ္ဌိသည် ဘဝါသဝ မည်၏၊ ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကိုပင် ငါ့ကိုယ် အတ္တဟု ယူမှားသောဒိဋ္ဌိသည် ဒိဋ္ဌာသဝ မည်၏၊ သစ္စာ လေးပါးတို့၌ မသိရအောင် ဖုံးလွှမ်းထားသော မောဟသည် အဝိဇ္ဇာသဝ မည်၏။

တနည်း— (က) စက္ခုဒွါရ၌၊ ဝါ-မျက်စိ၌ ထင်လာ မြင်လာသော ရူပါရုံ စသော အလိုရှိအပ်သော အာရုံကို ကာမဂုဏ်၌ သာယာသည်၏ အစွမ်းဖြင့် သာယာ နှစ်သက်သော သူအား ကာမာသဝသည် ဖြစ်၏၊ ကာမဂုဏ်အပြစ်ကိုမြင်၍ မသာယာ မနှစ်သက်သောသူအား ကာမာသဝ သည် မဖြစ်။

(ခ) ဤသို့သဘောရှိသော အာရုံမျိုးကို တပါးသော သုဂတိဘုံဘဝ တို့၌လည်း ရရှိပါလို၏ဟု ဘဝကိုတောင့်တသောသူအား ဘဝါသဝသည် ဖြစ်၏၊ ဘဝအပြစ်ကိုမြင်၍ ဘဝကို မတောင့်တသော သူအား ဘဝါသဝ သည် မဖြစ်။

(ဂ) သတ္တဝါဟူ၍ရှိ၏, သတ္တဝါ၏ဥစ္စာဟူ၍ရှိ၏, အမှားယူသော သူအား ဒိဋ္ဌာသဝသည်ဖြစ်၏၊ မိစ္ဆာဒိဋ္ဌိအပြစ်ကိုမြင်၍ သတ္တဝါ-သတ္တဝါ၏ ဥစ္စာဟု မယူ၊ သတ္တဝါဟု ပရမတ်အားဖြင့် ထင်ရှားမရှိ ရုပ်နာမ် ခန္ဓာသာ ရှိ၏ဟု အမှန်ယူသောသူအား ဒိဋ္ဌာသဝသည် မဖြစ်။

(ဃ) အလုံးစုံသော အာသဝေါတရားကို့နှင့်တကွ ဖြစ်သော သိသင့် သိထိုက်သော တရားအပေါင်းကို မသိခြင်းသည် အဝိဇ္ဇာသဝမည်၏၊ သိခြင်း သည် အဝိဇ္ဇာသဝ မ,မည် မဖြစ်။

(အင်္ဂုတ္တရ-ဋ္ဌ-ဆက္က မဟာဝဂ်မှာရှု)

## အာသဝေါ ကုန်-မကုန်

သစ္စာလေးပါးကို မသိသော မမြင်သောသူအား အာသဝေါ မကုန်၊ သိသော မြင်သောသူအား အာသဝေါ ကုန်၏ဟု ဟောတော်မူခဲ့သော ဘုရားရှင်ကြီး၏အာဘော်ငုတ်ကို ဥာဏ်မှီသရွေ့ဖေါ်ထုတ်ဦးအံ့။

(က) **ကာမာသဝကုန်ပုံ**....အထက်အဆိုပါ အာသဝေါတရားလေးပါး တို့တွင် ငါးပါးအာရုံ ကာမဂုဏ်တို့၌ **တပ်မက်သော လောဘသည် ကာမာသဝ** မည်၏။

ထိုလောဘ ရှိနေသမျှကာလပတ်လုံး အဆိုပါ ကာမဂုဏ်ငါးပါးတို့ကို ရရှိခံစားရေးအတွက် အဘက်ဘက်မှ နွားနောက်က လှည်းဘီးကြီး အမြဲတန်း လိမ့်၍ လိုက်နေဘိသကဲ့သို့၊ ထို့တူပမာ ကာမဂုဏ်တို့၌ တပ်မက်သော လောဘ၏နောက်က မီးခိုးမဆုံး မိုးမဆုံး ဆိုတာလို တသက်ပတ်လုံး ကြံရ စေရ ရှာရ ဖွေရ ပြောရ ဆိုရ လုပ်ရကိုင်ရမဲ့ ဒုက္ခနောက်လိုက် အမြဲတန်း ဒုက္ခလိုက်စွက်နေရမဲ့အရေး ဒုက္ခဘေး တသက်လုံး ကြီးလေးလှတဲ့အချက်ကို နက်နက်ကြီး တွေးမိ ကောင်းကောင်းကြီး ဒုက္ခသစ္စာ သိမြင်လာတဲ့ခါ ဤဒုက္ခတွေဟာ လောဘကြောင့်သာဟု ဒု-သစ္စာကို ပိုင်ပိုင်ကြီးသိမြင်သော ကြောင့် **ကာမဂုဏ်တို့၌ တပ်မက်ခြင်း တဏှာ တကယ်ကုန်လျှင် ကာမာသဝ ကုန်၏။ ဥပမာ**—အဆိပ်ပါသောအစာကို အဆိပ်ပါမှန်းမသိခင်က အလွန် စားချင်လှ အလွန်တပ်မက်လှသော်လည်း အဆိပ်ပါမှန်း အတတ်သိတဲ့ခါ ထိုအခါ၌ စားလိုခြင်း တပ်မက်ခြင်း ကင်းပြတ်သွားသကဲ့သို့၊ ထို့တူပမာ- ငါးပါးအာရုံ ကာမဂုဏ်အစာတွေထဲမှာ ဆင်းရဲဒုက္ခ အဆိပ်ရေတွေ ပင်လယ် ဝေမျှ လိုက်လာကြမဲ့အရေး၊ နန္ဒ-နွားသတ်သမား၊ စုန္ဒ-ဝက်ထိုးသမား၊ ဇာတသတ် ဒေဝဒတ်တို့လို အဝီစိအထိ ဆင်းရဲဒုက္ခ အဆိပ်တွေ ပျံ့နှံ့နေသည် တို့ကို တတ်တတ်ထင်ထင် တကယ် ဒုက္ခသစ္စာကို တဲ့တဲ့ကြီးမြင်သိပါလျှင် ကာမာသဝ ကုန်နိုင်၏၊ တကယ် မမြင်က တကယ်မကုန်နိုင်ပေ။

(ခ) **ဘဝါသဝကုန်ပုံ**—ဘုံသုံးပါးတို့၌ အိုဘေး နာဘေး မလွတ်သေးတဲ့ လူ နတ် ချမ်းသာကို အိုဘေး နာဘေး မလွတ်သေးတဲ့ ချမ်းသာမှန်းမသိ

မောဟဖိ၍ ကောင်းနိုးနိုး မှတ်ထင်နေ၍ ဘုံသုံးပါးဘုံမှာ တဖန်တဖန် ဖြစ်လိုဖြစ်ချင်နေတဲ့ သဿတ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွသော လောဘသည် ဘဝါ သဝ မည်၏။

ထိုဘဝတဏှာ ဝိဘဝတဏှာ ရှိနေသမျှကာလပတ်သုံး ဘုံသုံးပါးတို့၌ လူနတ် ချမ်းသာတို့ကို ရရှိခံစားရေးအတွက် အဘက်ဘက်မှာ ဘဝတိုင်း ဘဝတိုင်း ထပ်ကာထပ်ကာ လူ့ဘုံ နတ်ဘုံဘုံသို့ ရောက်ရှိရေးအတွက် အသစ်အသစ် ပြုလုပ်ရမဲ့ဒုက္ခ ပြုလုပ်၍ရရှိပြန်ပါသော် ဖြစ်ရာဖြစ်ရာ ဘုံဘဝ တို့မှာ လူနတ်ချမ်းသာကို မခံစားရခင်၊ဝါ-ဆားမှုမမြီးရခင် ဦးဦးဖျားဖျား ပူပူနွေးနွေး တဖန်တဖန် ပြန်၍ပြန်၍ ပဋိသန္ဓေနေရမဲ့ ဒုက္ခ, အိုရမဲ့ ဒုက္ခ, နာရမဲ့ ဒုက္ခ, သေရမဲ့ဒုက္ခ, မသေမှီအတွင်း—

"အသက်တရာသာ မနေရ ဒုက္ခတရာ ဒုက္ခတထောင် ဒုက္ခအသချေတွေ တွေ့ရတယ်"ဆိုတာလို သိတတ်တဲ့အရွယ်ကစ၍ သေနေ့ကျအောင် ဆင်းရဲ အမျိုးမျိုး ဒုက္ခအမျိုးမျိုး ဘေးဆိုး ရန်ဆိုး အန္တရာယ် အမျိုးမျိုးတို့နှင့် တမျိုးပြီးတမျိုး ရင်ဆိုင်တိုးရမဲ့အရေး သေပေါက်သေဝ သေခါနီးကြတဲ့ခါ အကုသိုလ် ကံက လာ၍ နှောက်ပြန်ပါလျှင် အပါယ် ရောက်ရမဲ့အရေး ဒေဝဒတ်, ဇာတသတ်, စုန္ဒ-ဝက်သတ်သမား, နန္ဒ-နွားသတ်သမားတို့ကို အဝီစိအထိ ကျရောက်နိုင်တဲ့အရေး ဒုက္ခဘေးတွေ ပင်လယ် ဝေအောင် လိုက်လာမဲ့အရေး ကြီးလေးလှတဲ့ ဒုက္ခအချက် ဒုက္ခသစ္စာတွေကို တတ်တတ် ထင်ထင် တွဲတွဲကြီးမြင်လာတဲ့ခါ 'ဤဒုက္ခတွေဟာ ဘဝတဏှာကြောင့်သာ' ဟု ဒု-သစ္စာကို ပိုင်ပိုင်ကြီးသိမြင်၍ ဘုံသုံးပါးတို့၌ တဖန်တဖန် ပြန်၍ပြန်၍ ဖြစ်လိုဖြစ်ချင်နေတဲ့ ဘဝတဏှာ တကယ်ကုန်လျှင် ဘဝါသဝ တကယ်ကုန်၏၊ တကယ်မမြင်လျှင် တကယ်မကုန်နိုင်ပေ။

ဥပမာ—မိမိကို သေကြောင်းကြံနေသော မိမိမယားကို သေကြောင်း ကြံမှန်း မသိခင်က အချစ်အာလယ မပြတ်ကြသော်လည်း သေကြောင်းကြံ မှန်းကို အမှန်သိတဲ့ခါ ထိုမယား၌ အချစ်အာလယ ပြတ်သွားသကဲ့သို့၎င်း၊ လူ မ,ယောင် ဆောင်နေသော လူသားစား ဘီလူးမကို ဘီလူးမမှန်း မသိ ခင်က အလွန်ချစ်ခင်လှသော်လည်း ဘီလူးမမှန်း သိလာတဲ့ခါ အချစ်ပြတ်

သွားသကဲ့သို့ရှင်း၊ထို့တူပမာ ဘဝတဏှာတွေထဲမှာ တဖန်တဖန်ပြန်၍ပြန်၍ ပဋိသန္ဓေနေရမဲ့ ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ အပ္ပိယသမ္ပယောဂ ဒုက္ခ ပိယဝိပ္ပယောဂဒုက္ခ"ယံပိစ္ဆံ န လဘတိ တမ္ပိဒုက္ခံ"စသော ကုန်အောင် စုံသော ဆင်းရဲဒုက္ခ မှန်သမျှတို့သည် တသီတတန်း တပုံတခေါင်းကြီး အစီစီ ထိအောင် ဒုက္ခအဆိပ်တွေ ပါရှိ၍နေသည်တို့ကို တတ်တတ်ထင်ထင် တွဲတွဲ ကြီး ဒုက္ခသစ္စာတွေကို တကယ်မြင်သိပါလျှင် တကယ်ဘဝတဏှာ ဝိဘဝ တဏှာ ကုန်၏၊ တကယ်မမြင် မသိပါလျှင် မကုန်နိုင်ပေ။

ပြဆိုခဲ့ပြီးသော ဒုက္ခသစ္စာအဖြာဖြာတို့ကို အစွမ်းကုန် ဟောင်းလောင်း ပေါက်ထင်မြင်ပါလျှင် ဘုံသုံးပါးတို့၌ တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ ဘဝ တဏှာသည် တကယ်ပြတ်၏၊ ဘဝတဏှာ ဝိဘဝတဏှာ ပြတ်သွားခြင်းသည် အရဟတ္တမဂ်ပေတည်း၊ ဘဝတဏှာမှ လွတ်သွားခြင်းသည် အရဟတ္တဖိုလ် ပေတည်း၊ ဤအရာမျိုးကိုရည်၍....

"**အာသဝေဟိ စိတ္တံ ဝိမုစ္စတိ ဝိမုတ္တသ္မိံ ဝိမုတ္တောမှိတိ ဉာဏံ ဟောတိ**" စသည်ဖြင့် ဟောတော်မူခဲ့ပါသည်၊ မိမိ၌ ဘဝတဏှာ မရှိသည်ကို မိမိဘဲ အတတ်သိပြီးဖြစ်၍ မျိုးမရှိလျှင် တဖန် အပင်မပေါက်တော့မည်ကို အတတ် သိသကဲ့သို့ ဘဝတဏှာ ကိလေသာမျိုး မိမိမှာမရှိလျှင် ဘဝခန္ဓာပင် တဖန် အသစ်မဖြစ်တော့ပြီဟု မိမိဘဲ အတတ်သိပြီးဖြစ်၍ ဇာတိချုပ်ငြိမ်း ဘဝချုပ် ငြိမ်း ဒုက္ခချုပ်ငြိမ်းသော နိရောဓသစ္စာနိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်မြင်သိပြီးဖြစ်တော့၏၊ အဘယ့်ကြောင့်နည်း ဒုက္ခသစ္စာကို သတိ နှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲဆင်ခြင်နှလုံးသွင်းခြင်း ယောနိသော မနသိကာရမှု ဝိပဿနာ အကြိမ်ကြိမ်ရှု၍ ဒုက္ခသစ္စာ အစွမ်းကုန် ထင်မြင် လာသောကြောင့် ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာ ဘုံသုံးပါးတို့၌ မုန်းတီး ငြီးငွေ့ သော နိဗ္ဗိန္ဒဉာဏ် ရင့်သန်ထက်မာလာ၍ ဘုံသုံးပါးတို့၌ တဖန် ဖြစ်လိုတဲ့ ဘဝတဏှာ တပ်မက်ခြင်း ကင်းသွားသောကြောင့်ပေတည်း၊"နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါဝိမုစ္စတိ" ဆိုတဲ့ ဘုရားဟောပါဠိကို ထောက်ကြည့်ကြပါလေ။

(ဂ) ဒိဋ္ဌိသဝကုန်ပုံ....ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာကိုပင် ဒုက္ခသစ္စာမှန်း မသိ, မောဟဖိ၍ ငါ့ကိုယ် အတ္တဟု အယူမှားတဲ့ ဒိဋ္ဌိသည် ဒိဋ္ဌာသဝ မည်၏၊ ထိုဒိဋ္ဌိ ရှိနေသမျှပတ်လုံး "ဥက္ခိတ္တာ ပုညတေဇေန၊ ပပုနဂစ္ဆန္တိ ဒုဂ္ဂတိံ" နှင့်အညီ၊ ကုသိုလ်အဟုန်ကြောင့် လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံသို့ ရောက်သော်လည်း ကုသိုလ်အဟုန် ကုန်က အပါယ်ဘုံသို့ တဖန် ကျရောက်တတ်ပြန်သဖြင့် "ဗြဟ္မာပြည်မှာတဝင်းဝင်း-ဝက်စာကျင်းမှာ တရှုတ်ရှုတ်" ဆိုတာလိုဘယ်ပုံ ဘယ်ဘဝမှာ ဘာကောင်ကြီး ဘာမင်းကြီး ဘာနတ်ကြီး ဘာဗြဟ္မာကြီးဘဲ ဖြစ်ဖြစ် ဒိဋ္ဌာသဝမကွာကြသေးလျှင် ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့က စုတိအဆုံး အဆုံးမှာ တဖြုန်းဖြုန်း အပါယ်သို့ ကျရောက်နိုင်သေးတဲ့အရေး ဒုက္ခဘေး အချက်တို့ကို လေးလေးနက်နက်ကြီး ဒုက္ခသစ္စာကို သိမြင်လာပါသောကြောင့် အဆိုပါ အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ အယူမှား လုံးဝမရှိလျှင် ဒိဋ္ဌာသဝ ကုန်၏၊ ရှိလျှင် မကုန်နိုင်ပေ။

(ဃ) အဝိဇ္ဇာသဝကုန်ပုံ....ဤတဏှာကြဉ်သော တေဘူမကတရားသည်ကား ဒု-ဖြစ်သည်၊ ဤတဏှာသည်ကား သ-ဖြစ်သည်၊ ဤ ဒု-သ သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်သည်ကား နိ-ဖြစ်သည်၊ ဤ နိ-သို့ ရောက်ကြောင်း အကျင့်ကောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည်ကား မ-ဖြစ်သည်၊ ဤလို ဤပုံ သစ္စာလေးပါးတို့ကို "သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်" ကိုနှင့်တကွ ပိုင်းခြား ဝေဘန်၍ အမှန်ကို မသိရအောင် **စိတ်ပင်ဖုံးလွှမ်းတတ်သော မောဟသည် အဝိဇ္ဇာသဝ မည်၏။**

အထက်အထက်၌ ပြဆိုခဲ့ပြီးတိုင်း ဤ လူ နတ် ဗြဟ္မာ သတ္တဝါဟူသော သတ္တလောကကြီးသည် အကြင်မျှလောက်သော ကာလပတ်လုံး သ-ကြောင့် ဒု၊ ဖြစ်ပျက်မွေးသေ သံသရာရှည်၍နေကြရသည်၊ သ-ကို ပယ်သတ်တဲ့ မဂ်အကျင့်ကို အဆင့်ဆင့် ကျင့်သွားကြတဲ့ခါ အရဟတ္တမဂ်နောင်မှာ သ-အကြောင်းသစ်တဖန်မဖြစ်တော့၍ အရဟန္တစုတိနောင်မှာ ဒု-အကျိုးသစ်လဲ တဖန် အသစ်မဖြစ်တော့ဘဲ ဖြစ်ပျက်မွေးသေ အစဉ်ပြတ်၍ နောက်ထပ် အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေးနေတဲ့ နိဗ္ဗာန်သို့သာ ဆိုက်ရောက်တော့သည်ဟု ရှေးဦးစွာ အနုဗောဓ လောကီဉာဏ်ဖြင့်သိ၍ သိတဲ့အတိုင်း တဏှာ

ပယ်တဲ့ မဂ်အကျင့်ကို ကျင့်တဲ့ခါ သစ္စာလေးပါးတွင် တတိယသစ္စာ ခေါ်သော နိရောဓသစ္စာနိဗ္ဗာန်ကို ပဋိဝေဓဉာဏ်ခေါ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိတဲ့ အရဟတ္တမဂ် ခဏမှာ အဝိဇ္ဇာသဝ အကုန်လုံး ကုန်၏၊ နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိသေးလျှင် အဝိဇ္ဇာသဝ မကုန်နိုင်ပေ၊ ထို့ကြောင့် သစ္စာလေးပါးတို့ကို သိသောသူ မြင်သောသူအား အာသဝေါတရားတို့၏ ကုန်ခြင်းသည် ဖြစ်၏ဟု ဟောတော်မူသည်။

မှတ်ချက်—ဤ၌ အာသဝေါတရား လေးပါးတို့ကို....

မဂ်အစဉ်အားဖြင့်....သောတာပတ္တိ မဂ်က ဒိဋ္ဌာသဝကို အနာဂါမိမဂ်က ကာမာသဝကို အရဟတ္တမဂ်က ဘဝါသဝနှင့် အဝိဇ္ဇာသဝကို အကြွင်းမဲ့ ပယ်သတ်ကြသည်၊ သကဒါဂါမိမဂ်မှာ တစုံတခုသော ကိလေသာကို အကြွင်းမဲ့ ပယ်သတ်သည်ဟူ၍ မရှိ, ခေါင်းပါးရုံမျှသာဟု သိ။

အာသဝအစဉ်အားဖြင့်....ကာမာသဝကို အနာဂါမိမဂ်ဖြင့် ဘဝါသဝကို အရဟတ္တမဂ်ဖြင့် ဒိဋ္ဌာသဝကို သောတာပတ္တိမဂ်ဖြင့် အဝိဇ္ဇာသဝကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်သည်။

သစ္စာအစဉ်အားဖြင့်....ဒု-နှင့် သ-ကိုသိတော့ ဒိဋ္ဌာသဝနှင့် ကာမာသဝ ကွာ၏။ နိ-နှင့် မ-ကိုသိတော့ ဘဝါသဝနှင့် အဝိဇ္ဇာသဝ ကွာ၏။

ဆောင်ပုဒ် — ဒု-သ သိတော့၊ ဒိ-အာ ကွာ၊ နိ-မ သိတော့ ဘ-အ ကွာ။
သစ္စာသိငြား၊ ထိုသူအား၊ ပါယ်ရှား အာသဝါ။

....................

## ၁၆—မိတ္တသုတ်

ယေကေစိ ဘိက္ခဝေ အနုကမ္ပေယျာထ၊ ပ၊ ဣမေသံ ဝတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဘိသမယာယ၊ သမာဒါပေတဗ္ဗာ နိဝေသေတဗ္ဗာ ပတိဋ္ဌာပေတဗ္ဗာ။ ။ (သစ္စသံယုတ်)

ဘာသာပြန်....ရဟန်းတို့ သင်တို့သည် မည်သူ မည်ဝါဟု အမှတ်အသား မထားဘဲ မည်သူ့ကိုမဆို တကယ်သနားချစ်ခင်သည် မှန်ငြားအံ့ပါ၊ဤလို သနားချစ်ခင်ရိုးမှန်ပါလျှင် ထိုမိတ်ဆွေဖြစ်သောသူ မိမိနှင့်အလွန်ချစ်ကျွမ်း ဝင်သောသူ ဆွေမျိုးတော်သောသူ သားချင်းပေါက်ဖော် တော်စပ်သော သူတို့အား ဤလေးပါးသော သစ္စာတို့ကို မဖေါက်မပြန် ဟုတ်တိုင်းမှန်စွာ ဤကား-ဒု, ဤကား-သ, ဤကား-နိ, ဤကား-မ, သစ္စာ ဖြစ်သည်ဟု ထိုးထွင်းပိုင်းခြား၍ သိစေခြင်းငှါ ဆောက်တည်အပ်ကုန်၏၊ သစ္စာလေးပါး တို့၌ သက်ဝင်စေခြင်းငှါ သွင်းပေးအပ်ကုန်၏၊သစ္စာလေးပါးတို့၌ တည်စေ အပ်ကုန်၏။

အဓိပ္ပါယ်....မိမိနှင့် မိတ်ဆွေ တော်သည်ဖြစ်စေ, မတော်သည်ဖြစ်စေ သူတပါးတို့ကို သနားချစ်ခင်ရိုး မှန်ပါလျှင် အခြားတပါးသောတရားကို မဟောကြားငြားသော်လည်း သစ္စာလေးပါး တရားကိုတော့ မဟောဘဲ မထားရ, ဟောပြောရပေမည်သာ၊ အဘယ့်ကြောင့်ဆိုသော်– သစ္စာမသိက သ–ကြောင့် ဒု၊ မ–ကြောင့် နိ ဖြစ်သည်ဟု မသိ၊ မသိသောကြောင့် သ·ကို ပယ်တဲ့ မ·အကျင့်ကို မကျင့်တတ်, မကျင့်တတ်သောကြောင့် ဖြစ် ပျက် မွေးသေ သံသရာရှည်၍ နေကြရလေသည်၊ သစ္စာသိက သ·ကို ပယ်တဲ့ မ–အကျင့်ကို ကျင့်တတ်၏၊ ကျင့်တတ်သောကြောင့် ဖြစ် ပျက် မွေး သေ အစဉ်ပြတ်၍ သံသရာရပ်လေတော့သည်။

ဆောင်ပုဒ်.... ၁။ မိတ်ဆွေအများ သနားချစ်ခင်၊
သစ္စာလေးပါး ဟောကြားလျှင်လျှင်၊
မဟောမပြ မသိရလျှင်၊
ဝဋ္ဋစခမ်း ထွက်လမ်း သူ မမြင်။

၂။ မိတ်ဆွေအများ သနားချစ်ခင်၊
သစ္စာလေးပါး ဟောကြားပေးလျှင်၊
သ–ပယ် နိ-ရောက် ထွက်ပေါက်ကိုမြင်၊
ဝဋ္ဋစခမ်း လွတ်လမ်း သူဘို့ဝင်။

## ၁၇–ခဒိရပတ္တသုတ်

ယော ဘိက္ခဝေ ဧဝံဝဒေယျ၊ပ၊နေတံဌာနံ ဝိဇ္ဇတိ။

(သစ္စသံယုတ်)

ဘာသာပြန်....ရဟန်းတို့ တစုံတယောက်သောသူသည် ဤသို့ ဆိုရာ၏၊ အမောင်တို့ ·· ငါသည် ဤကား–ဒု၊ ဤကား–သ၊ ဤကား–နိ ၊ဤကား-မ သစ္စာဖြစ်သည်ဟု သစ္စာလေးပါးဘို့ကို ထိုးထွင်း၍မသိဘဲ သစ္စာသိမှုမပါဘဲ သစ္စာသိမှုနှင့်မဘက်ဘဲ သစ္စာသိမှုမှ အလွတ်သက်သက်ဖြင့်ပင် ဒုက္ခ၏အဆုံး ကိုပြုအံ့၊ ဝါ–နိဗ္ဗာန်ကို ရောက်ခစေအံ့၊ရစေအံ့၊ဤသို့ဆိုရာ၏၊သို့ဆိုသော်လည်း သစ္စာမသိဘဲနှင့်တော့ ဒုက္ခ၏အဆုံး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းသည် လုံးဝမဖြစ်, ဆယ်မဖြစ်, ကိုးမဖြစ်,ဘယ်နည်းနှင့်မှ မဖြစ်နိုင်သည်သာတည်းဟု ဟောတော်မူသည်။

မှတ်ချက် ...သစ္စာမသိက တတိယသစ္စာခေါ်သော နိရောဓသစ္စာ နိဗ္ဗာန် ရှိသည်ကို လုံးဝ မသိပေ၊ မသိသောကြောင့် ထိုနိဗ္ဗာန်သို့ရောက် ကြောင်း မဂ်အကျင့်ကို မကျင့်တတ်၊ ဝါ–နိဗ္ဗာန်ကို အာရုံမပြုတတ်၊ နိဗ္ဗာန်ကိုအာရုံမပြုတတ်၍ နိဗ္ဗာန်ကို ထိုးထွင်း၍သိမြင်သော အာ ရမ္မဏိက မဂ်စိတ် ဖိုလ်စိတ်မဖြစ်ပေါ်၊ မဂ်စိတ် ဖိုလ်စိတ် မဖြစ်ပေါ် သောကြောင့် မဂ်ဖြင့် သတ်အပ်သော ကိလေသာ မသေ၍ ကိလေ သာကြောင့် ခန္ဓာဖြစ်ပျက်မွေးသေ သံသရာ ရှည်မြဲတိုင်း ရှည်၍ နေရလေတော့သည်၊ သံသရာဝဋ်ဒုက္ခ၏အဆုံး နိဗ္ဗာန်သို့မရောက်နိုင် တော့ပြီဟု ဆိုလိုပေသည်။

ပြန်သောအားဖြင့် သစ္စာသိက မဂ်အကျင့်ဖြင့် ရောက်အပ်သော နိဗ္ဗာန် ရှိသည်ကိုလည်း သိသည်၊ သိသောကြောင့် နိဗ္ဗာန်ရောက်ကြောင်း မဂ် အကျင့်ကို ကျင့်တတ်၏၊ ကျင့်သောကြောင့် နိဗ္ဗာန်ကို ထိုးထွင်း၍ သိမြင် တတ်သော မဂ်စိတ် ဖိုလ်စိတ် ဖြစ်ပေါ်သည်၊ မဂ်စိတ် ဖိုလ်စိတ် ဖြစ်ပေါ် သောကြောင့် မဂ်ဖြင့်သတ်အပ်သော ကိလေသာ သေသည်၊ အရဟတ္တမဂ် နောင်မှာ အကြောင်းကိလေသာ အသစ်မဖြစ်တော့၍ အရဟတ္တစုတိနောင် မှာ အကျိုးခန္ဓာလဲ အသစ်မဖြစ်တော့ဘဲ ကိလေသာခန္ဓာ အစဉ်ပြတ်၍ နောက်ထပ် အသစ်မဖြစ်တော့ဘဲ ဖြစ်ပျက်မွေးသေ သံသရာစက်ပြတ်၍ ဝဋ် ဒုက္ခ၏အဆုံး နိဗ္ဗာန်သို့ရောက်သည် ဟူလို။

ဤလို ဘုရားဟောအလာ ဒေသနာအရှိကို မြင် သိ ကြား နာကြရသဖြင့် သစ္စာမသိက နိဗ္ဗာန်မရ, သစ္စာသိမှ နိဗ္ဗာန်ရသည်ဟု တထစ်ချမှတ်ယူကြ ပါလေ၊ နိဗ္ဗာန်ကား-အာရုံ၊ မဂ်စိတ် ဖိုလ်စိတ်ကား-အာရမ္မဏိက၊ ဤလို အာရုံ အာရမ္မဏိက ဖြစ်သွားကြသည်ကိုပင် နိဗ္ဗာန်ကို ရောက်သည် နိဗ္ဗာန်ကို ရသည်ဟု ဆိုရသည်၊ နိဗ္ဗာန်သို့ ရောက်မှ ရမှပင် သံသရာဝဋ္ဋဒုက္ခ၏အဆုံးသို့ ရောက်နိုင်သည်၊ ရနိုင်သည်၊ ဤလို ဤပုံ နိဗ္ဗာန်ကိုရောက်တဲ့ ရတဲ့နေရာ မှာလည်း အာရုံပြုသောအားဖြင့် ရောက်ခြင်း ရခြင်း, အမြဲတည်နေသော အားဖြင့် ရောက်ခြင်း ရခြင်းဟု နှစ်မျိုးရှိရာ, သောတာပန်ဘဝကစ၍ ရဟန္တာဘဝအထိ မိမိတို့၏ မဂ်ခဏ ဖိုလ်ခဏတိုင်းတို့မှာ ခန္ဓာလက်ရှိနှင့်ဘဲ အာရုံပြုသောအားဖြင့် ရောက်၏ ရ၏၊ ပရိနိဗ္ဗာနစုတိ ဘင်္ဂက္ခဏ ဟိုဘက် အကျမှာ ခန္ဓာလက်မဲ့နှင့်ဘဲ ငြိမ်းအေးသော အေးမြသော ချမ်းသာသော သန္တိသုခ သဘောဖြင့် အမြဲတန်း တည်နေသောအားဖြင့် ရောက်တော့ ရတော့၏။

ဆောင်ပုဒ်ကဗျာ— သစ္စာကိုပင်မသိဘဲနှင့် သံသရာဝဲက ငါထွက်မလေ၊
ကိန်းကြီးခမ်းကျယ် ဘယ်လိုပြောပြော သံသရာကြောက မထွက်ပေ။
သစ္စာသိအောင် သင်ယူကြားဘို့ ဆရာသမားသို့ ချဉ်းကပ်လေ။
သိသောအခါ သ-ပယ်ကျင့်က နိ-အဆင့်သို့ရောက်နိုင်ပေ၊
အဲ....ဒါလိုမျှား ဒို့ဘုရား ဟောကြားမိန့်ခဲ့ပေ။

.......... .........

## ၁၈—ဒဏ္ဍသုတ်

သေယျထာပိ ဘိက္ခဝေ ဒဏ္ဍော ဥပရိဝေဟာသံ ခိတ္တော၊ပ၊ဧဝ
မေဝ ခေါ ဘိက္ခဝေ၊ပ၊အဒိဋ္ဌတ္တာ ဘိက္ခဝေ စတုန္နံ အရိယသစ္စာနံ။
(သစ္စသံယုတ်)

ဘာသာပြန်....ရဟန်းတို့ ဥပမာမည်သည်ကား လှံတန် တောင်ဝှေးကို အထက်ကောင်းကင်သို့ ပစ်တင်အပ်သည်ရှိသော် မြေပေါ်သို့ ပြန်ကျလာ တဲ့ခါ တကြိမ် အရင်းကကျလာ၍ တကြိမ် အဖျားက ကျလာတတ်သကဲ့သို့

ရဟန်းတို့—ထိုတောင်ဝှေး အတူသာလျှင် သစ္စာလေးပါးကို ဤကား-ဒု စသည်ဖြင့် မသိရအောင် အဝိဇ္ဇာ နိဝရဏဖြင့် ဖုံးလွှမ်းအပ်ကုန်သည်ဖြစ်၍ တဏှာ တည်းဟူသော သံယောဇဉ်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည် ဖြစ်၍ ဤဘဝမှ ထိုဘဝ, ထိုဘဝမှ ဤဘဝသို့ တပြောင်းပြန်ပြန် ကျင်လည် ပြေး သွားကြရကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် အတည်အမြဲ မရှိနိုင် ကြဘဲ တကြိမ်လည်း ဤပစ္စုပ္ပန်လောကမှ ဝာမလွန်လောကသို့ တကြိမ် တည်း တမလွန်လောကမှ ဤပစ္စုပ္ပန်လောကသို့ အတည်မကျ ဘဝမမြဲ ကျင်လည်ပြေးသွား၍နေကြရကုန်၏၊ ထိုသို့ အတည်မမြဲ ဖေါက်လွှဲဖေါက်ပြန် ကြိမ်ဖန်များစွာ ကျင်လည်ပြေးသွား၍ နေရခြင်းသည် အဘယ့်ကြောင့် နည်းဟူမူကား-ရဟန်းတို့ သစ္စာလေးပါး မြတ်တရားတို့ကို ဤကား ဒုက္ခ စသည်ဖြင့် ပိုင်းခြား ဝေဘန်၍ အမှန်ကို မသိကြခြင်းကြောင့်ပေတည်းဟု ဟောတော်မူသည်။

မှတ်ချက်—ဤ၌ ပစ္စုပ္ပန်လောက အရ လူ့ဘုံကိုယူ၍ တမလွန်လောကအရ အပါယ်လေးဘုံကို ယူလေ၊ သစ္စာလေးပါးတို့ကို မသိသောကြောင့် သုဂတိ ဒုဂ္ဂတိ မမြဲဟု ဟောတော်မူသဖြင့် သစ္စာလေးပါးတို့ကို သိမြင်လျှင် လူနတ် သုဂတိအလားမြဲ၍ နိဗ္ဗာန်သို့ပင်ရောက်နိုင်သည် ဤမျှ သစ္စာသိမှု အကျိုးတရား ကြီးမားလှသည်ကို သိရှိကြပါလေ။

ဆောင်ပုဒ်....သစ္စာလေးအင် မသိငြားက တောင်ဝှေးအလား ဖြစ်ရမည်။
ရင်းဖျားမမှန် ဖေါက်ပြန်လွဲ၍ အမြဲမရှိ ကျတတ်သည်။
ထို့တူပမာ ဒု-သု မမြဲတော့ လူထဲ ပါယ်ထဲ ဖြစ်ရမည်။
သစ္စာသိလျှင် သုပင်မြဲ၍ နိဗ္ဗာန်သို့ဘဲ ဝင်နိုင်သည်။
အဲ....ဒါလိုများ ဒို့ဘုရား ဟောကြားခဲ့ပေသည်။

....................

၁၉—စေလ သုတ်

အာဒိတ္တံ ဘိက္ခဝေ စေလံဝါ သီသံဝါ အဇ္ဈုပေက္ခိတွာ၊ပ၊
သတိ စ သမ္ပဇဉ္ဉ ကရဏီယံ။ (သစ္စာသံယုတ်)

**ဘာသာပြန်**....ရဟန်းတို့ ပုဆိုးကိုရင်း, ဥက္ကောင်းကိုရင်း, ရဲရဲ ပြောင် ပြောင် မီးတောက်လောင်သည်ရှိသော် ထိုပုဆိုး ဥက္ကောင်း၌ လောင်သော မီးကိုပင် လျစ်လျူရှုကာ နှလုံးမသွင်းဘဲ အရေးမစိုက်ဘဲ နေမယ်ဆိုလျှင် နေသာသေး၏၊ မသိသေးသော သစ္စာလေးပါးတို့ကိုကား ဤကား ဒုက္ခ သစ္စာ စသည်ဖြင့် ဟုတ်တိုင်းမှန်စွာ သိရှိနားလည်စေခြင်းငှါ လျစ်လျူရှု၍ မနေသာ၊ လွန်ကဲသော ဆန္ဒ လုလ္လ ဝီရိယဖြင့် သတိပညာကို ပြုရမည်ဟု ဟောတော်မူခဲ့ပေသည်၊ အဘယ့်ကြောင့်ဆိုသော် ပုဆိုး ဥက္ကောင်းကို မီးလောင်၍သေသော်လည်း အပါယ်မကျ၊ သစ္စာမသိက အပြန်တရာမက အပါယ်သို့ ကျနိုင်သောကြောင့်ပေတည်း။

**ဆောင်ပုဒ်**....၁။ ပုဆိုး ဥက္ကောင်း၊ မီးလောင်ပြောင်းလည်း၊ စိတ်ကောင်း လျစ်လျူရှုနိုင်သည်။
၂။ သစ္စာလေးပါး၊ သိဘို့အားကား၊ မနားလုံ့လပြုရမည်။
၃။ မီးလောင်သော်ငြား၊ ပါယ်မလားလည်း၊ လေးပါးမသိ ပါယ်ကျမည်။
၄။ သစ္စာသိရေး၊ နုံ့မနှေးဘဲ၊ ကြံတွေးသတိ ပြုရမည်။

အဲ....ဒါလို ဒိုဘုရားက ဟောကြားခဲ့ပေသည်။

....................

## ၂၀ — သတ္တိသတ သုတ်

**သေယျထာပိ ဘိက္ခဝေ ပုရိသော ဝဿသတာယုကော ဝဿ သတဇီဝီ တမေနံ ဝံ ဝဒေယျ၊ပ၊စတုန္န အရိယသစ္စာနံ ဝဒါမိ။**

(သစ္စသံယုတ်)

**ဘာသာပြန်**....ရဟန်းတို့ ဥပမာ မည်သည်ကား အနှစ်တရာ အသက် ရှည်သော ယောကျ်ားသည် အနှစ်တရာ ကာလပတ်လုံး အသက်ရှည်၍ နေရာ၏၊ ထိုယောကျ်ားကို ဤသို့ဆိုရာ၏၊ အသို့ဆိုရာသနည်းဟူမူ-အမောင် ယောကျ်ား နံနက်အခါ၌ အမောင်ကို လှံချက်ပေါင်းတရာ ထိုးကုန်လတံ့၊ မွန်းတည့်အခါ၌ လှံချက်ပေါင်းတရာ ထိုးကုန်လတံ့၊ ညနေချမ်းအခါ၌ လှံချက်ပေါင်းတရာ ထိုးကုန်လတံ့၊ အမောင် ယောကျ်ား ဤပုံ ဤနည်း

နေ့တိုင်း နေ့တိုင်း သုံးရာ သုံးရာသော လှံချက်တို့ဖြင့် ထိုးအပ်ကုန်သည်ဖြစ်၍ အသက်တရာရှည်သော သင်သည် အနှစ်တရာကိုလွန်သဖြင့်၊ ဝါ-အနှစ်တရာ စေ့တဲ့ခါ ရှေးက သင်မသိရသေးတဲ့ သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိရပါလတ္တံ့၊ ဤသို့ဆိုရာ၏၊ ရဟန်းတို့ ကိုယ်ကျိုး ကိုယ်စီးပွားကို အလို ရှိသော အမျိုးကောင်းသားသည် ထိုတနေ့တနေ့လျှင် လှံချက် သုံးရာသုံးရာ ဖြင့် အထိုးခံရာအရပ်သို့ ကပ်ခြင်းငှါသင့်၏၊ အဘယ့်ကြောင့်နည်းဟူမူကား ရဟန်းတို့-ဤသံသရာကြီးသည် မသိအပ်သော အစရှိ၏၊ လှံဖြင့် ထိုးအပ် ကုန်သော သံလျှက်ဖြင့် ခုတ်အပ်ကုန်သော ပေါက်ဆိန်ဖြင့် ပေါက်အပ်ကုန် သော ချစ်သားတို့၏ ရှေးဖြစ်သော အစွန်းအစသည် ငါဘုရားဉာဏ်တော်၌ မထင်၊ ရဟန်းတို့ ငါဘုရားသည် ဒုက္ခ ဒေါမနဿနှင့်တကွ သစ္စာလေးပါး တို့ကို ထိုးထွင်း၍ သိအပ်၏ဟု ငါဘုရား ဟောတော်မမူ၊ ရဟန်းတို့ စင်စစ် အမှန်မှာ သုခသောမနဿနှင့်တကွ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိ အပ်၏ဟု ဟောတော်မူ၏။

အဓိပ္ပါယ်....တနေ့တနေ့ကို လှံချက် သုံးရာ သုံးရာ လှံထိုးခံရ၍ အနှစ် တရာ စေ့တဲ့ခါ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိရမယ်ဆိုပါလျှင် ဝမ်း မြောက် ဝမ်းသာ လှံထိုးခံထိုက်ပေသည်၊ အဘယ့်ကြောင့်ဆိုသော် အနှစ် တရာစေ့က သစ္စာသိ၍ ဒု-သိ ဒိ-ပယ်၊ သ-သိ ဝိ-ပယ်၊ နိ-မ-သိ သီပယ်၊ သုံးသွယ် သံယောပယ်၊ အပါယ်လွတ်တဲ့ သောတာပန်ဖြစ်နိုင်တယ်”ဆိုတဲ့အတိုင်း ဒု-ကို သိတော့ ဒိဋ္ဌိကိုပယ်၊ သ-ကိုသိတော့ ဝိစိကိစ္ဆာကိုပယ်၊ နိ-မ သိတော့ သီလဗ္ဗတပရာမာသကိုပယ်၊ ဤ ဒိ-ဝိ-သီ သံယောဇဉ်သုံးပါးကို ယုံမှားမရှိ ပယ်နိုင်က—

“သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ သီလဗ္ဗတံဝါပိ ယဒတ္ထိကိဉ္စိ
စတူဟပါယေဟိစ ဝိပ္ပမုတ္တော” နှင့်အညီ

အပါယ်လွတ်တရားရ သောတာပန်ဖြစ်နိုင်ခြင်း၊ အဆိုပါ သစ္စာလေးပါး တို့ကို သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်းခြင်း ယောနိသော မနသိကာရမှုကို အကြိမ်ကြိမ် ပြုပေးသည်ရှိသော် ပြုတိုင်း ပြုတိုင်း လောဘကြမ်း ဒေါသကြမ်း မောဟကြမ်း ခေါင်းပါး နည်းပါး

သွားတဲ့ သကဒါဂါမိ ဖြစ်နိုင်ခြင်း, တဆင့်တက်၍ တက်၍ ပွားများ အား ထုတ်သည်ရှိသော် ဒေါသကိလေသာ ကုန်ခမ်းသွားတဲ့ အနာဂါမိဖြစ်နိုင်ခြင်း အစွမ်းကုန် မီးကုန် ယမ်းကုန် ပွားမျှားအားထုတ်သည်ရှိသော် ကိလေသာ အသုံးငုံကို အကြွင်းမထားဘဲ အကုန်ပယ်သတ်နိုင်တဲ့ ရဟန္တာအထိ ဖြစ်နိုင်ခြင်း၊ ဤသို့လျှင် အရဟတ္တမဂ်ဘွင် ကိလေသာအကြောင်းပြတ်၍ အရဟန္တ စုတိတွင် ခန္ဓာအကျိုး ရပ်သွားသောကြောင့် မွေးသေလွတ်တဲ့ နိဗ္ဗာန်အထိ ရရှိနိုင်သောကြောင့်ပေတည်း။

အကယ်၍ လုံထိုးမခံဝံ့ မခံနိုင်လျှင်မူကား-သစ္စာမသိ၍ မွေးသေမလွတ် သေးသောကြောင့် အနှစ်တရာလဲမက, တထောင်လဲမက, ဘဝတရာလဲမက တထောင်လဲမက, ကမ္ဘာတရာလဲမက, တထောင်လဲမက, သောင်း, သိန်း, သန်း, အသင်္ချေလဲမက ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ လှံဖြင့်ရင်း, ဒါးဖြင့်ရင်း, သံလျက်ဖြင့်ရင်း, ပေါက်ဆိန်ဖြင့်ရင်း, အထိုးအခုတ် အဖြတ်အလှီး အဖေါက် အခွဲ ခံရမဲ့ဘဝတွေမှာ မတွေးဝံ့အောင်ပင် များပြား ရှည်လျားလှလေ တော့သည်။

**အပိုင်းအခြားရှိ၏။** လှံထိုးခံရမဲ့ဘဝကား တဘဝမျှသာတည်း၊ နှစ်ကား ၁၀၀၊ လ,ကား-၁၂၀၀၊ ရက်ကား-၃၆၀၀၀ သုံးသောင်း ခြောက် ထောင် လှံချက်ပေါင်းကား-၁၀၈,၀၀၀၀၀ တကုဋေ ရှစ်သိန်းမျှသာ ဖြစ်၍ အပိုင်းအခြားရှိပေသည်။

**အပိုင်းအခြားမရှိ။** ။ လှံထိုးမခံဝံ့ မခံနိုင်၍ သစ္စာမသိ၍ နိဗ္ဗာန်မရသေး မူကား နေ့-လ-နှစ်-ဘဝ-ကမ္ဘာ ဤမျှ ဤရွေ့ ခံရမည်ဟု အပိုင်းအခြား မရှိချေ၊ ထို့ကြောင့် လှံထိုးခံ၍ အနှစ်တရာ စေ့တဲ့ခါ သစ္စာလေးပါးကို သိရမယ် သိစေမယ်ဆိုလျှင် ဝမ်းမြောက် ဝမ်းသာ လှံထိုးခံထိုက်သည်ဟု ဟောတော်မူခဲ့သည်ကို ကြားနာ သိရှိကြရသော ကုလပုတ္တ ကုလဓီတရ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် သစ္စာသိဖို့အရေး အလွန် ကြီးလေးသည်တို့ကို သတိပြုမိကြပြီးလျှင် ယခုလက်ရှိဘဝ သေနေ့ကမဦးခင် သစ္စာသိတဲ့နေကဦးသွားအောင် အထူးကြိုးစားနိုင်ကြပါစေသတည်း။

## ဆောင်ပုဒ်လင်္ကာ

သစ္စာသိရေး၊ ကြိုးလေးစွာသား၊ ဘုရားမိန့်မှာ၊ ဤသို့လာ၏၊ အိုကွယ်ယောကျ်ား၊ တနေ့အားတွင်၊ နံနက်မွန်းတည့်၊ ညချမ်းရှိရာ၊ သုံးချိန်မှာလျှင်၊ တချိန်တရာ၊ လှံချက်လာလိမ့်၊ သုံးရာလှံချက်၊ တနေ့တွက်တည်း၊ ဤပုံ ဤနည်း၊ ဤသို့ချည်းပင်၊ အနှစ်တရာ၊ စေ့သောခါ၌၊ သစ္စာလေးရပ်၊ သိစေအပ်မည်၊ဆိုလပ်ပါက၊အားရ ဝမ်းသာ၊ ခံထိုက်ပါ၏၊ ဘယ်ဟာကြောင့်လေ၊ သူမေးချေသော်၊ သစ္စာမသိ၊ ရှိပြန်ဘိက၊ နှစ်,လ,ပိုင်းခြား၊ မရှိငြားဘဲ၊လူထဲ-နတ်ထဲ၊ ပါသ်ငရဲ၌၊ အမြဲမရှိ၊ ကျင်လည်ဘိရာ၊ ဖြစ်တိုပါသော်၊ ရှေးဝတ် ပေါက၊ ဒါးမ-သံလျှက်၊ လှံချက်ထိုးခုတ်၊ သတ်ပုတ် ညှဉ်းဆဲ၊ ခံရမြဲမှာ၊ နှစ်,လ, ရာထောင်၊ ဘဝ ရာထောင်၊ ကမ္ဘာ ရာထောင်၊ လွှဲရှောင်မချွတ်၊ ပုန်းမလွတ်ဘဲ၊ အမြဲတစေ၊ ခံရချေမည်၊ လေးထွေ သစ္စာမသိလျှင်တည်း။

ဤသို့ ဩဝါ၊ မိန့်ခွန်းလာကို၊ သေချာစေ့ငု၊ နှလုံးပြုကာ၊ လူဟကာတို့၊ ယခုဘဝ၊မသေရခင်၊ လေးအင်သစ္စာ၊ သိလင်း ဖြာအောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ဘဲ၊ အားအန်ခဲ၍၊ ခိုင်မြဲ ဆန္ဒ၊ ကြိုးလုလ္လ ရှိကြပါစေသောဝ်။

.....................

## ၂၁ – ပါဏသုတ်

သေယျထာပိ ဘိက္ခဝေ ပုရိသော ယံ ဣမသ္မိံ ဇမ္ဗုဒိပေ၊ တိဏ ကဋ္ဌ သာခါ ပလာသံ တစ္ဆေတွာ ဧကဇ္ဈံ သံဟရေယျ၊ပ၊အထ ဣမသ္မိံ ဇမ္ဗုဒိပေ တိဏ ကဋ္ဌ သာခါ ပလာသံ ပရိက္ခယံ ပရိယာဒါနံ ဂစ္ဆေယျ။ပ။ (သစ္စသံယုတ်)

ဘာသာပြန်....ရဟန်းတို့ ဥပမာဆိုသည်ရှိသော် ယောကျ်ားတယောက် သည် အလျား အနံ ယူဇနာ တသောင်းကျယ်သော ဤဇမ္ဗူဒိပါကျွန်း တကျွန်းလုံး၌ ပေါက်ရောက်လျက်ရှိကြကုန်သော မြက်ပင် သစ်ပင် သစ်ခက် သစ်ရွက်ကို ခုတ်ဖြတ်၍ တပေါင်းတည်းစုရုံး၍ ထားရာ၏၊ ထားပြီးလျှင်

သိတန်တစို့ကို အကြင့်ကြောင့်ပြုရာ၏၊ချစ်သားတို့ မဟာသမုဒ္ဒရာ၌ အကြင် ကြီးကုန်သော သတ္တဝါတို့သည် ရှိကုန်၏၊ ထိုကြီးကုန်သော ငါးသတ္တဝါတို့ကို ထိုကြီးကုန်သော တစို့တို့ဖြင့် သိကုန်ရာ၏၊ အလယ် အလတ် ဖြစ်ကုန်သော ငါးသတ္တဝါတို့သည်ရှိကုန်၏၊ထိုအလတ်ဖြင်သော ငါးသတ္တဝါတို့ကို အလတ် ဖြစ်ကုန်သော တစို့တို့၌ သိကုန်ရာ၏၊ ငယ်ကုန်သော ငါးသတ္တဝါတို့ကို ငယ်ကုန်သော တစို့တို့၌ သိကုန်ရာ၏၊ ရဟန်းတို့ မဟာသမုဒ္ဒရာ၌ ကြီးမား ကုန်သော ငါး လိပ် စသော သတ္တဝါတို့သည် သိတန်တစို့ဖြင့်သိ၍ မကုန် နိုင်ကုန်သည်သာတည်း။

ရဟန်းတို့....ဤပုံဤနည်း ကြီး, လတ်, ငယ် ဖြစ်ကုန်သော ငါး လိပ် စသော သတ္တဝါတို့ကို ကြီး-လတ်-ငယ် ဖြစ်ကုန်သော သိတန်တစို့တို့ဖြင့် သိအပ်ကုန်သည်ရှိသော် ဤယူဇနာ တသောင်း ကျယ်သော ဇမ္ဗူဒိပါ တကျွန်းလုံး၌ ပေါက်ရောက်သော မြက် သစ်သား သစ်ခက် သစ်ရွက် အလုံးစုံသည်သာ ကုန်ခြင်းအဆုံးသို့ ရောက်ရာ၏၊ ကြီး-လတ်-ငယ် ဖြစ်ကုန် သော ငါး, လိပ် စသော သတ္တဝါတို့သည်ကား မကုန်နိုင်ရာ၊ ရဟန်းတို့– မဟာသမုဒ္ဒရာ၌ အကြင်သတ္တဝါတို့ကို သိတန်တစို့တို့ဖြင့် သိခြင်းငှါ မလွယ် ကူကုန်၊ အဘယ့်ကြောင့်နည်းဟူမူကား ခန္ဓာတို့၏သေးငယ်လှသောကြောင့် ပေတည်း၊ ဤလို သိတန်ဖြင့် သိ၍ မဖြစ်နိုင်သော သေးငယ်လှစွာသော သတ္တဝါတို့သည်ကား ကြီးမားသော သတ္တဝါတို့ထက် လွန်စွာများပြားလှ ပေကုန်၏။

ရဟန်းတို့... ဤသို့လျှင် အပါယ်၌ဖြစ်သော သတ္တဝါသည် ဤမျှ များ ပြားလှသည်သာလျှင်တည်း။ ရဟန်းတို့ အကြင်ပုဂ္ဂိုလ်သည် ဤကား ဒုက္ခ စသည်ဖြင့် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိကုန်၏၊ ထို သစ္စာသိ၍ သောတာပတ္တိ မဂ်ဉာဏ်နှင့် ပြည့်စုံသော သောတာပန် ပုဂ္ဂိုလ်တို့သည်သာ ဤမျှ များပြားလှစွာသော အပါယ်လေးပါးမှ အပါယ်သို့ လားရောက်ရ ခြင်းမှ ကင်းလွတ်ရ၏ဟု ဟောတော်မူခဲ့ပေသည်၊ ထို့ကြောင့် တစ်တစ်ခုခု ပစ္စက္ခသစ္စာသိအောင် အားထုတ်ကြဟု တိုက်တွန်းတော်မူသည်။

ဆောင်ပုဒ်လင်္ကာ

သစ္စာမသိ၊ များဘိအဘွက်၊ ကြီးလေးချက်ကို၊ ပမာဆိုသော်၊ သောင်းယူဇနာ၊ ဤဒီပါတွင်၊ မြက်သစ်ပင်ကို၊ ကုန်စင်ရှိုးစု၊ တစို့ပြုထား၊ ရှည်လျားပြောကျယ်၊ သမုဒ်လယ်၌၊ ကြီး-ငယ်-များစွာ၊ ငါးသတ္တဝါကို၊ ဆိုဆိုတဲ့၊ ထိုးသိဘ်ိုရာ၊ ပြုပြီးခါဝယ်၊ ကြီးသည့်ငါးကို၊ ကြီးမားတစို့၊ လတ်သည့်ငါးကို၊ အလတ်ဘစို့၊ ငယ်သည့်ငါးကို၊ အငယ်ဘစို့၊ ဤသို့ပြုက၊ ရှိသမျှ သစ်ပင်၊ကုန်စင်သော်ငြား၊ ကျန်သည့်ငါးကား၊ များပြားဖုံဖုံ၊ ကြွင်းကျန်ကုန်၏၊ ဤပုံဖြစ်ရ၊ သဘာဝကား၊ လေးဝသစ္စာ၊ မသိပါ၍၊ ပါယ်ရွာပါယ်ကျ၊ များကုန်ကြ၏၊ လေးဝသစ္စာ၊ သိပြီးပါလျှင်၊ ပါယ်ရွာမကျ၊ ကင်းလွတ်ရသည်....ပါဏသုတ်လာ မိန့်ခွန်းတည်း။

၁။ သူ-ငါ ဆိုတာ ပညတ်ရှိ၊ ပရမတ်ရှိက ရုပ် နာမ် ခန္ဓာ။
ရုပ်နာမ် ခန္ဓာက ဒုက္ခသစ္စာ။
ဤသို့ မြင်သိ၊ ဒိ-ပယ်ဘိ၊ ကွာ၏ဒိဋ္ဌိသာ။

၂။ သူ-ငါ ဆိုတာ အဆိုရှိ၊ နဂိုရှိက ရုပ် နာမ် ခန္ဓာ။
ရုပ်နာမ် ခန္ဓာက ဒုက္ခသစ္စာ။
ဤသို့ မြင်သိ၊ ဒိ-ပယ်ဘိ၊ လွတ်၏အပါယ်ရွာ။

၃။ သူ-ငါ ဆိုတာ သမုတ်ရှိ၊ အဟုတ်ရှိက ရုပ်နာမ်ခန္ဓာ။
ရုပ်နာမ်ခန္ဓာက ဒုက္ခသစ္စာ။
ဤသို့ မြင်သိ၊ ဒိ-ပယ်ဘိ၊ ဖြစ်၏သောတာပန်။

....................

အပိုင်း (၃)

၂၂ — ဇူန္ဒခိလ သုတ်

ယေကေစိ ဘိက္ခဝေ သမဏာဝါ ဗြာဟ္မဏာဝါ ဣဒံဒုက္ခန္တိ ယထာဘူတံ နပ္ပဇာနန္တိ၊ပ၊တေအညဿ သမဏဿဝါ ဗြာဟ္မဏဿဝါ မုခံ ဥလ္လောကေန္တိ။ (သစ္စသံယုတ်)

ဘာသာပြန်....ရဟန်းတို့ အကြင် ရဟန်းပုဏ္ဏားတို့သည် ဤကား-ဒုက္ခ ဖြစ်သည်၊ပ၊ ဤကား-မ, ဂြ်သည်ဟု သစ္စာလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ မသိကြကုန်၊ ထိုရဟန်းပုဏ္ဏားတို့သည် တပါးသော ရဟန်းပုဏ္ဏား၏ သဿတ ဥစ္ဆေဒအယူကို တမော့မော့ကြည့်၍နေကြကုန်၏၊ဝါ-မိမိ၏ သမ္မာဒိဋ္ဌိအယူကို ယုံမှားမရှိ ခိုင်မြဲစွာ ယူမထားနိုင်ကြဘဲ သူတပါးတို့၏ သဿတ ဥစ္ဆေဒ မိစ္ဆာဒိဋ္ဌိအယူကိုပင် ကောင်းနိုးနိုးမှတ်ထင်၍ နေတတ်ကုန်၏။

မှတ်ချက်....ဤ၌ မုခံ ပုဒ် အရ မျက်နှာဟောကို အလိုမရှိအပ် သဿတ ဥစ္ဆေဒဒိဋ္ဌိအယူကိုသာ လိုအပ်၏ဟု မှတ်။

ဤလို မိမိလက်ရှိ သမ္မာဒိဋ္ဌိအယူကို ခိုင်မြဲစွာယူမထားနိုင်ဘဲ တပါးသော မိစ္ဆာဒိဋ္ဌိတို့နှင့်တွေ့ဆုံကြတဲ့ခါ သူတပါးတို့၏ မိစ္ဆာအယူကိုပင် ကောင်းနိုးနိုး ဟုတ်နိုးနိုး မှတ်ထင်တတ်ခြင်းသည် သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြား ဝေဘန်၍ အမှန်ကို မသိမမြင်ကြသေးသောသူတို့၏ ထုံးစံဓမ္မတာပေတည်း၊ သစ္စာလေးပါးကို သိမြင်ပြီးသောသူတို့မှာကား ဤလိုမဖြစ်, နက်စွာတူး၍ စိုက်အပ်သော ကျောက်တိုင်ကြီးသည် လေးမျက်နှာမှ လာသော လေတို့ ကြောင့် တုန်လှုပ်ခြင်းမရှိသကဲ့သို့၊ဘာသာဝါဒနှင့်ပတ်သက်၍ တုန်လှုပ်ခြင်း မရှိနိုင်တော့ပြီ၊ ဗုဒ္ဓဘာသာမှတပါး အခြားဘာသာတို့မှာ ဘယ်ဘာသာ မှာမှ သစ္စာလေးပါး တရားမှန် မရှိ၊ ဤဗုဒ္ဓဘာသာ တဘာသာမှာသာ သစ္စာလေးပါး တရားရှိ၏၊ မှန်၏၊ အယူတပါး ဘာသာခြား လူတို့နှင့် ဘာသာဝါဒယှဉ်ပြိုင်၍ပြောကြလျှင် ဤသစ္စာလေးပါးကို စပ်၍ပြောတဲ့ခါ ဘာသာခြား လူမျိုးတို့မှာ တသက်နှင့်တကိုယ် နားနား လေသံ တရံမှ မကြားဘူးတဲ့ စကားထူးကြီးဖြစ်နေသောကြောင့် ဘာတခုမှ ခုခံ၍မပြော နိုင်တော့ဘဲ ပါးစပ်အဟောင်းသားနှင့် လူ အ,ကြီးကဲ့သို့ ဖြစ်သွားတော့၏၊ အားလုံးသော ဘာသာခြားလူမျိုးတို့က အရှုံးပေးကြ လက်မြှောက်ကြရ တော့၏၊သစ္စာသိပြီးသော ဗုဒ္ဓဘာသာအစစ်ဖြစ်ပြီးသောသူကို ဘယ်ဘာသာ ခြား လူမျိုးကမှ ဝါဒဖြန့်၍မဖြစ် ဆွယ်တရားဟော၍မရ, ဥစ္စာပစ္စည်း ဘယ်လိုပေးပေး ဂုဏ်ထူး ရာထူးနှင့် ဘယ်လိုဘဲ ဖျားရောင်း ဖျားရောင်း ဘုရားမပြောင်း တရားမပြောင်း တသက်လုံး တသံသရာလုံး ခိုင်မြဲလေတော့ သည်။

ဘုရား လက်ထက်တော်က မိစ္ဆာအယူရှိသူ လူတို့ကဖြစ်စေ မင်းအစိုးရ အာဏာရှိသူတို့ကဖြစ်စေ မာရ်နတ် သိကြား ဗြဟ္မာတို့က ဖြစ်စေ ဘယ်လိုလုပ်လို့မှ တုန်လှုပ်ချောက်ခြား ပျက်ပြား ပြောင်းလဲခြင်း မဖြစ်နိုင်ကြဘဲ သစ္စာသိ၍ အရိယာသောတာပန်ဖြစ်ပြီးသော ဝိသာခါ အနာထပိဏ်မနေဥာနီပုဏ္ဏေးမ သုရမ္ဘဋ္ဌ သုပ္ပဗုဒ္ဓိကိုကို ထောက်မျှော်ကြလေ၊ အဲဒါ– သစ္စာသိတဲ့ သမာဓိဂုဏ်ထူးကြီးဘဲ။

**ဆောင်ပုဒ်**— သစ္စာမသိ သူ၏မျက်နှာ၊ တမော့မော့နှင့် ငေါ့ငေါ့နေတာ၊
သစ္စာသိတော့ မမော့တော့ပါ၊ကျောက်တိုင်လား လှုပ်ရှားမရှိပါ။
သစ္စာကိုပင် မသိငြားက၊ သူများမျက်နှာ ကြည့်တတ်ပါ။
သစ္စာကိုပင် သိမြင်ငြားက၊ သူများမျက်နှာ မကြည့်ပါ။
ဤလိုသဘော ဖြစ်တတ်သောဟု၊ ဗုဒ္ဓရှင်စော ဟောခဲ့ပါ။
ထို့ကြောင့်မလွှဲ ယူခိုင်မြဲဘို့၊ သစ္စာကိုလဲ သိအောင်နာ။
အဲ....ဒါလို ဘ,ဘုရားက ဟောကြားခဲ့ပေတာ။

....................

## ၂၃—လောကစိန္တာသုတ်

**ကော် သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ၊ဝေဠုဝနေ ကလန္ဒက နိဝါပေ၊ပ၊ဘိက္ခဝေ မာ လောကစိန္တံ စိန္တေထ၊ပ၊စိန္တေန္တော ခေါ ဘိက္ခဝေ ဣဒံဒုက္ခန္တိ စိန္တေယျာထ၊ပ၊နိဗ္ဗာနာယ သံဝတ္တတိ။**

**(သစ္စသံယုတ်)**

**ဘာသာပြန်....အခါတပါး** တပည့်သား ရဟန်းတော် များသည် လောကအကြံကို ကြံစီ၍နေကြကုန်၏၊ ထိုရဟန်းတို့အကြံကို ဘုရားမြတ်စွာ သိရှိတော်မူသောအခါ ခေါ်တော်မူပြီးလျှင် ရဟန်းတို့ လောကသည် မြဲ၏ မမြဲ စသည်ဖြင့် လောက လူမိစ္ဆာဒိဋ္ဌိတို့ ကြံတဲ့ အကြံမျိုးကို မကြံစီကြကုန်လင့်၊ လောကီ လောကုတ္တရာ ဘာတခုမှ အကျိုးမရဘူး၊ အကျိုးမရှိဘူး၊ ကြံမှဲ့ကြံလျှင် ဤငါ၏ ဆံပင်သည်ကား ဒုက္ခသစ္စာဖြစ်သည်၊ ထိုဆံပင်ကို ဖြစ်စေတတ်သော ရှေးဘဝက တဏှာကား သမုဒယသစ္စာဖြစ်သည်၊ ဆံပင် တဏှာ နှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်သည်ကား နိရောဓသစ္စာ ဖြစ်သည်၊နိဗ္ဗာန်ကို အပြားအားဖြင့် သိမြင်တတ်သော မဂ္ဂင်ရှစ်ပါးကျင့်မြတ် တရားသည်ကား မဂ္ဂသစ္စာဖြစ်သည်ဟူ၍ရင်း။ (ကျင်ငယ်ကျအောင်ဆိုလေ)

တနည်း....မျက်စိသည် ဒုက္ခသစ္စာ၊ပ၊နားသည် ဒုက္ခသစ္စာ၊ပ၊နှာခေါင်းသည် ဒုက္ခသစ္စာ၊ပ၊ လျှာသည် ဒုက္ခသစ္စာ၊ပ၊ ကိုယ်သည် ဒုက္ခသစ္စာ၊ပ၊ စိတ်သည် ဒုက္ခသစ္စာ၊ပ၊ဟူ၍ရှင်း၊ ရဟန်းတို့ ဤလို အရေးပါ အရာရောက်လှတဲ့ သစ္စာသိလျှင် ဒိဋ္ဌိကွာ၍ အပါယ်လွတ်တရားရ မွေးသေလွတ်တရားရတဲ့သစ္စာလေးပါး အကြံအစီကိုသာ ကြံစီ၍ ဆင်ခြင်၍ နှလုံးသွင်း၍ နေကြကုန်လော ဟု ဟောတော်မူသည်။

မှတ်ချက်....ဤလိုဤပုံ သစ္စာလေးပါးတို့ကိုသာ တွေးတောကြံစီ၍နေတဲ့ခါ ဝါ-ခန္ဓာမှာဉာဏ်စိုက်၍ သတိနှင့်မကွာ ပညာနှင့်မကင်းအဖန် တလဲလဲ ဆင်ခြင်နှလုံးသွင်း၍ နေသည်ရှိသော် သတိ သမာဓိဉာဏ် ရင့်သန်၍ ပညာအားပြည့်လာတဲ့ခါ "ဒု-သိ ဒိ-ပယ်၊ သ-သိ ဝိ-ပယ်"နှင့်အညီ၊ ဆံပင်ကို မျက်စိကို ခန္ဓာကိုယ်ကြီးကို ဒုက္ခသစ္စာလို ထင်မြင်သိရှိလာတဲ့ခါ တသံသရာလုံး တသက်လုံးက ငါ့ကိုယ် အတ္တဟု မှတ်ထင် ယူဆနေခဲ့သော ဒိဋ္ဌိကိုပယ် ရှေးဘဝက ဘုံသုံးပါးတို့၌ ဖြစ်လိုဖြစ်ချင်နေတဲ့ ဘဝတဏှာလောဘကြောင့်ဖြစ်သည်ဟုသမုဒယသစ္စာကို ထင်မြင်သိရှိလာတဲ့ခါ ဗိဿကြိုးနတ် ထာဝရဘုရားတို့ ဖန်ဆင်း၍ဖြစ်ဘယ်ဆိုတာဘဲ ဟုတ်မှန်လေသလောဟု ယုံမှားရှိခဲ့ဘူးတဲ့ ဝိစိကိစ္ဆာကိုပယ်သတ်၍ ထိုဒိဋ္ဌိဝိစိကိစ္ဆာကိလေသာ ထိုကိလေသာတို့ကြောင့်ဖြစ်သော အပါယ်ခန္ဓာ၊ ထိုကိလေသာခန္ဓာတို့၏ တဖန်အသစ်မဖြစ်ရာ တတိယသစ္စာခေါ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်မြင်သိနိုင်တဲ့ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်လာတဲ့ခါ အပါယ်လွတ်တရားရ သောတာပန် စသော အရိယာများပင် ဖြစ်သွားနိုင်ပေသည်၊ တဏှာပြတ်အောင်သိက အရဟတ္တမဂ်ထိအောင် ရောက်နိုင် ရနိုင်၍ မွေးသေလွတ်တဲ့နိဗ္ဗာန်အထိပင် ရောက်နိုင် ရနိုင်သည်ဟု ဆိုလိုပေသည်။

ဆောင်ပုဒ်.... ၁။ လောကရေးရာ မကြံဘဲနှင့်၊ သစ္စာကိုဘဲ ကြံ၍နေ။
၂။ ဤလိုကြံလျှင် ဉာဏ်ပင်ပွင့်၍၊ ဒုက္ခစစ်ကို သိနိုင်ပေ။
၃။ ဒု-သိ ဒိ-ပယ် မှန်မမှား၍၊ ပဟာန်တရား ဖြစ်ပလေ။
၄။ ဒိ-ကိုပယ်လျှင် အပါယ်မလာဟု၊ ရှင်တော်ဘုရားက ဟောခဲ့ပေ။ အဲဒါလိုများ ဘာ့ဘုရား ဟောကြားမိန့်ခဲ့ပေ။

## ၂၄ — ပပါတ သုတ်

ကော် သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။ပ။
အတ္ထိ ခေါ ဘိက္ခု လ္လမမှာ ပပါတာ အညောပပါတော မဟန္တ
တရောစ ဘယာနက တရောစာတိ။ (သစ္စသံယုတ်)

ဘာသာပြန်....အခါတပါး ဘုရားမြတ်စွာသည် ရဟန်းတို့ လာကြ သွားကြကုန်စို့၊ အကြင်အရပ်၌ ဂိဇ္ဈကုဋ်တောင်၏ အပိုင်းအခြား တံတိုင်း သား ကျောက်ထရံ ကျောက်တောင်ကြီးသည် ရှိ၏၊ ထိုကျောက်ထရံသို့ နေ့ နေခြင်းငှါ သွားကြကုန်စို့ဟု ရဟန်းတို့ကို ခေါ်တော်မူ၏၊ ထိုအခါ မြတ်စွာ ဘုရားသည် များစွာသော ရဟန်းတို့နှင့်တကွ ထိုကျောက်ထရံတောင်ရှိရာ အရပ်သို့ ချဉ်းကပ်ကြလေ၏၊ ထိုအခါ တယောက်သော ရဟန်းသည် ကျောက်ထရံတောင်ကြီး အနီးအပါးတွင် ကြီးကျယ် နက်စောက်လှသော ချောက်ကမ်းပါးကြီးတခုကို ကြက်သီး ထလောက်အောင် တွေ့မြင်လေရာ ဘုန်းတော်ကြီးသော မြတ်စွာဘုရား, ဤ ချောက်ကမ်းပါးကြီးသည်ကား လွန်စွာလွန်စွာ ကြီးကျယ်လှပါပေတကား၊ လွန်စွာလွန်စွာ ကြောက်မက် ဘွယ် ကောင်းလှပါပေတကား၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား, ဤ ချောက်ကမ်းပါးထက် ကြောက်မက်ဘွယ်ကောင်းတဲ့ တပါးသော ချောက် ကမ်းပါးများ ရှိပါဦးမည်လောဟု လျှောက်ထားတဲ့ခါ ရဟန်း ဤချောက် ကမ်းပါးထက် အဆတရာမက သာ၍ ကြောက်မက်ဘွယ် ကောင်းလှတဲ့ ချောက်ကမ်းပါး အခြားတပါးရှိပေသေးသည်ဟု မိန့်တော်မူရာ ဘုန်းတော် ကြီးသော မြတ်စွာဘုရား, ဤ ချောက်ကမ်းပါးထက် ကြောက်မက်ဘွယ် ရှိသော အခြားတပါးသော ချောက်ကမ်းပါးကား အဘယ်ပါနည်းဟု မေးလျှောက်သောအခါ—

ရဟန်းတို့....မည်သူ မည်ဝါ အမှတ်မထင် အကြင်ရဟန်းပုဏ္ဏားတို့သည် ဤကား ဒုဖြစ်သည်။ပ။ ဤကား မ-ဖြစ်သည်ဟု ဟုတ်မှန်စွာ မသိရှိကြ ကုန်၊ ထို သစ္စာ မသိရှိကြသော ရဟန်း ပုဏ္ဏားတို့သည် ဇာတိ တရားကို အသစ်အသစ် ဖြစ်ပွားစေတတ်ကုန်သော ကံ သင်္ခါရတို့၌၊ဝါ-ကံ သင်္ခါရကို ပြုလုပ်ခြင်း တို့၌ လွန်စွာ မွေ့လျော်ကြကုန်၏၊ ထို့အတူ ဇရာ ကို မရဏတရားကိုစိုးရိမ်ခြင်း ငိုကြွေးခြင်း ကိုယ်၌ခြင်းရဲခြင်း စိတ်၌ဆင်းရဲခြင်း

နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းဆိုတဲ့ တရားတို့ကို တဖန်တဖန် အသစ်အသစ် ဖြစ်ပွားစေတတ်ကုန်သော ကံ သင်္ခါရတို့ကို ပြုလုပ်အားထုတ်ခြင်းတို့၌ လွန်စွာလွန်စွာ မွေ့လျော်ကြကုန်၏၊ ထိုဇာတိစသော တရားတို့ကို အသစ်အသစ် ဖြစ်ပွားစေတတ်ကုန်သော ကံ သင်္ခါရတို့ကို ပြုလုပ်ခြင်းတို့၌ လွန်စွာ မွေ့လျော်ကြကုန်သော ရဟန်းပုဏ္ဏားတို့သည် ထို ဇာတိ စသော တရားတို့ကို အသစ် အသစ် ဖြစ်ပွားစေတတ်ကုန်သော ကံ သင်္ခါရတို့ကို တဖန်တဖန် ပြုလုပ်ကြကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့သည် ဇာတိစသော တရားတို့ကို အသစ်အသစ် ဖြစ်ပွားစေတတ်ကုန်သော ကံ သင်္ခါရတို့ကို အသစ်အသစ် ပြုလုပ်ကြကုန်၍ တဖန်တဖန် ဇာတိချောက်ကမ်းပါး, ဇရာချောက်ကမ်းပါး, မရဏချောက်ကမ်းပါး, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာပင်ပန်းခြင်း ဆိုတဲ့ ချောက်ကမ်းပါးကြီးထဲသို့ တဆင့်ပြီး တဆင့် လိမ့်ကာ လိမ့်ကာ ဂျွမ်းထိုးဂျွမ်းပြန် ကျရောက်ကြပြန်ကုန်၏။

ရဟန်းတို့....ဆိုအပ်ခဲ့ပြီးသော ဤဇာတိအစ ဥပါယာသအဆုံးရှိသော ချောက်ကမ်းပါး တရားသဘောတို့သည်သာလျှင် လောကရှိ ယခု သင်တို့ မျက်မြင်ရှိ ချောက်ကမ်းပါး တို့ထက် အဆ တရာ အဆ တထောင်မက လွန်စွာ လွန်စွာ ကြောက်မက်ဘွယ်ကောင်းလှသော ချောက်ကမ်းပါးတို့ပေတည်း၊ အဘယ့်ကြောင့်ဆိုသော် လောကရှိ ချောက်ကမ်းပါးတို့မှာ ကြံကြံဖန်ဖန်ပြုလုပ်ကြ၍ တက်ပြန်ပါလျှင် တဖန်ပြန်၍တက်နိုင်သော်လည်း ဇာတိ စသော၊ ဝါ-ပဋိသန္ဓေနေခြင်း စသော ချောက်ကမ်းပါးကြီးထဲသို့ တကြိမ် တဘဝ ကျသွားကြတယ်ဆိုလျှင် တဖန်ပြန်၍ တက်ခြင်းငှါ ဘယ်လိုဘဲ ကြံ၍ မတတ်နိုင်ကြတော့ဘဲ အစဉ်အတိုင်း အိုခြင်း, နာခြင်း,သေခြင်း စသော ချောက်ကမ်းပါး အဆင့်ဆင့်သို့ သာလျှင် ဆင့်ကာ ဆင့်ကာ ကျရောက်ကြရလေသောကြောင့်တည်း။

ရဟန်းတို့....အကြင်ရဟန်းပုဏ္ဏားတို့သည်ကား ဤကား ဒု-ဖြစ်သည်ပါ၊ ဤကား မ-ဖြစ်သည်ဟု သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားဝေဘန်၍ အမှန်ကို သိမြင်ကြကုန်၏၊ ဝါ၊ သ-ကြောင့် ဒု, ဖြစ်ပျက်မွေးသေ သံသရာ

ရှည်၍ နေကြရသည်၊ မ-ကြောင့် နို့, မွေးသေလွတ်တဲ့ နိဗ္ဗာန်သို့ဆိုက်ရန် အမှန်သိမြင်နိုင်ကြကုန်၏၊ ထို ရဟန်းပုဏ္ဏားတို့သည်ကား တဖန် ပဋိသန္ဓေ နေရခြင်း စသော တရားတို့ကို ဖြစ်ပွားစေတတ်ကုန်သော ကံ သင်္ခါရတို့ကို အားထုတ်ခြင်းတို့၌ မမွေ့လျော်ကြကုန်ပြီ၊ ထိုရဟန်းပုဏ္ဏားတို့သည် တဖန် ပဋိသန္ဓေ နေရခြင်းစသော တရားတို့ကို ဖြစ်စေတတ်သော ကံ သင်္ခါရတို့ကို အားထုတ်ခြင်းတို့၌ မမွေ့လျော်ကြကုန်သည်ဖြစ်၍ ထို ပဋိသန္ဓေနေရခြင်း စသော ကံ သင်္ခါရတို့ကို တဖန်တဖန် မပြုလုပ်ကြကုန်ပြီ၊ ထို ရဟန်းပုဏ္ဏားတို့သည် ပဋိသန္ဓေနေရခြင်းစသော တရားတို့ကို ဖြစ်ပွားစေတတ်ကုန်သော ကံ သင်္ခါရတို့ကို တဖန် မပြုမလုပ်ကြမူ၍၊ ဝါ-မပြုလုပ်ကြသောကြောင့် အဆိုပါ ပဋိသန္ဓေ နေရခြင်း, အိုရခြင်း,နာရခြင်း,သေရခြင်းစသော လွန်စွာ လွန်စွာ ကြောက်မက်ဘွယ် ကောင်းလှသော အသီးအသီးသော ချောက်ကမ်းပါးကြီးတို့သို့ တဖန်ပြန်၍ မကျရောက်ကြကုန်ပြီ၊ ထိုရဟန်းပုဏ္ဏားတို့သည် ယခုမျက်မြင်ဖြစ်သော အသူတရာမကာ နက်လှစွာသော၊ ဝါ-မြင်လိုက်ရလျှင် ကြက်သီးဖြန်းဖြန်း ထ, ကြောက်မက်ဘွယ်ဖြစ်လောက်အောင် နက်လှစွာသော လောက၌ ချောက်ကမ်းပါးကြီးတို့ထက် အဆတရာမက သာ၍ ကြောက်မက်ဘွယ်ကောင်းလှသော ပဋိသန္ဓေနေရခြင်း စသော ချောက်ကမ်းပါးကြီး အသီးသီးတို့သို့ တဖန်ပြန်၍ ကျရောက်ကြရခြင်းတို့မှ အပြီးအစီး ဝင်းကျွတ် ကင်းလွတ်ကြရကုန်၏၊ ၃၁-ဘုံ သံသရာတလွှား၌ ဖြစ်ပွားလျက်ရှိကြကုန်သော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့မှလည်း အကြွင်းအကျန်မရှိ အလုံးခုံကင်းလွတ်ကြရကုန်၏၊ရဟန်းတို့ ထို့ကြောင့် သစ္စာသိအောင် အားထုတ်ကြဟုဟောတော်မူသည်။

ဆောင်ပုဒ်— လောကရှိဋ္ဌား၊ချောက်ကမ်းပါးကို၊ပမာထား၍၊ဟောကြားသကို၊
ဇာတိစသား၊ချောက်ကမ်းပါးကို၊ ပမေးထား၍၊ ဟောကြားသကို။
က-ထက်ကဲ၊ ဇ-ဘဲ ကြောက်ခေသို။
သစ္စာသိရေး၊ မြန်မနှေး၊ အလေးပြုစေလို။

လောကရှိဋ္ဌား၊ ချောက်ကမ်းပါးကို၊ ပမာထား၍ ဟောကြားပေ။
ဇာတိစသား၊ ချောက်ကမ်းပါးကို၊ ပမေးထား၍ ဟောကြားပေ။

သစ္စာတရား၊ မသိငြားက၊ ဇာတိချောက်ကြား ကျကြလေ။
သစ္စာတရား၊ သိပြန်ငြားက၊ ဇာတိချောက်ကျ လွတ်ရလေ။
သစ္စာသိရေး၊ မြန်မနှေး၊ အလေးပြုကြလေ။

....................

## ၂၅–ပရိဠာဟသုတ်

**အတ္ထိ ဘိက္ခဝေ မဟာပရိဠာဟော နာမ နိရယော၊ပ၊ အတ္ထိ ခေါ ဘိက္ခဝေ ဧတမှာ ပရိဠာဟာ အညော ပရိဠာဟော၊ မဟန္တတရော စ ဘယာနကတရော စာတိ။** (သစ္စသံယုတ်)

**ဘာသာပြန်....**ရဟန်းတို့ လွန်စွာ လွန်စွာ ပူလောင်သော ပရိဠာဟအမည်ရှိသော ငရဲသည်ရှိ၏၊ ထိုငရဲ၌ တစုံတခုသော အဆင်း ရူပါရုံကို မျက်စိဖြင့်မြင်အံ့၊ အလိုမရှိအပ်သော အဆင်းရူပါရုံကိုသာ မြင်ရ၏၊ အလိုရှိအပ်သော အဆင်းရူပါရုံကိုကား မမြင်ရ,အသံ အနံ့ အရသာ အတွေ့ အထိ အသိတို့၌လည်း ထို့အတူပင်တည်းဟု ဟောတော်မူတဲ့ခါ တယောက်သော ရဟန်းသည် မြတ်စွာဘုရားအား ဤသို့လျှောက်ထား၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ထိုပရိဠာဟ မည်သော ငရဲသည်ကား လွန်စွာလွန်စွာ အပူဒဏ်ချက် ပြင်းထန်လှပါဘိတကား၊ ဤငရဲမှတပါး အပူဒဏ်ချက် ပြင်းထန်လှသော အခြား တပါးသော အပူဒဏ်ချက် ပြင်းထန်လှသော အရာဋ္ဌာနမျိုးများ ရှိပါဦးမည်လားဟု လျှောက်ထားသောအခါ ရဟန်းထိုငရဲထက် ဆထက်ထပိုး တိုးပြီး အပူဒဏ်ချက် ပြင်းထန်လှတဲ့ အရာဋ္ဌာနမျိုး ရှိသေးကြောင်းကို မိန့်တော်မူတဲ့ခါ အဘယ်ပါနည်းဟု ထပ်မံလျှောက်ထားလေသည်။ ထိုအခါ ဘုရားမြတ်စွာက—

ရဟန်းတို့....အကြင်ရဟန်းပုဏ္ဏားတို့သည် ဤကား-ဒု၊ပ၊ ဤကား-မဟု သစ္စာလေးပါးတရားတို့ကို ပိုင်းခြားခဝဘန်၍ အမှန်ကို မသိမြင်ကြကုန်ငါ-သ,ကြောင့် ဒု၊ မ-ကြောင့် နိ ဟု မသိကြကုန်၊ ထိုရဟန်းပုဏ္ဏားတို့သည် ဇာတိစသော တရားတို့ကို၊ပ၊လုံးဝ လွတ်မြောက်ကြရကုန်၏။

(ပပါတသုတ်အတိုင်း)

ချောက်ကမ်းပါးနှင့် ငရဲ လှည်းလှဲ၍ ဆိုလေ၊ ဆောင်ပုဒ်တို့မှာလည်း နည်းတူပင်သိလေ၊ အအေးလွန် လောကန္တရက်လည်း နည်းတူ။

....................

## ၂၆–ဆိဂ္ဂဠယုဂသုတ်

သေယျထာပိဘိက္ခဝေ ပုရိသော မဟာသမုဒ္ဒေ ဧကစ္ဆိဂ္ဂဠံ ယုဂံ ပက္ခိပေယျ၊ပ၊ နဟေတ္တံဘိက္ခဝေ အတ္ထိဓမ္မစရိယာ၊ပ၊ အဒိဋ္ဌတ္တာ ဘိက္ခဝေ စတုန္နံအရိယသစ္စာနံ၊ပ၊ (သစ္စသံယုတ်)

ဘာသာပြန်.... ရဟန်းတို့ ဥပမာဂထား–ယောကျ်ားသည် မဟာသမုဒ္ဒရာ၌ အပေါက်တပေါက်သာရှိသော ထမ်းပိုးကိုပစ်ချရာ၏၊ထိုသမုဒ္ဒရာ၌လည်း လိပ်ကန်းကြီးသည် ရှိသည်ဖြစ်၏၊ ထိုလိပ်ကန်းကြီးသည် အနှစ်တရာ တရာလွန်မှ တကြိမ်တကြိမ် ရေသို့ပေါ်၏၊ ရဟန်းတို့ ငါဘုရား ဟောကြားလတ္တံ့သော ဥပမာစကားကို သင်တို့ ဘယ်လိုမှတ်ထင်ကြကုန်သနည်း၊ ထိုလိပ်ကန်းကြီးသည် အနှစ် တရာ တရာလွန်မှ တကြိမ်တကြိမ် ပေါ်သည်ရှိသော် အပေါက်တပေါက်သာရှိသော ဤထမ်းပိုးပေါက်၌ လည်ပင်းကို သွင်းမိ စွပ်မိ အခန့်သင့်ဖြစ်နိုင်ပါမည်လောဟု မေးတော်မူတဲ့ခါ ဘုန်းတော်ကြီးသောမြတ်စွာဘုရား, ရှည်လျားလှစွာသော နှစ်ပရိစ္ဆေဒ အစွန့်ကာလကို လွန်သဖြင့် တကြိမ်တခါ ထမ်းပိုးအရောက်နှင့် လိပ်ကန်းအပေါ် အခန့်တော်ဖြစ်သွားလျှင် သွင်းမိ စွပ်မိစရာ ရှိတန်ရာပါသည်ဘုရားဟု လျှောက်ထားကြလေ၏။

ထိုအခါ ရဟန်းတို့ အနှစ် တရာတရာ လွန်မှလွန်မှ ရေပေါ်သို့ တကြိမ်တကြိမ် ပေါ်သော လိပ်ကန်းကြီးသည် အပေါက်တပေါက်သာရှိ ထမ်းပိုး၌ လည်ကို လျှင်စွာသာလျှင် စွပ်မိမူလည်း စွပ်မိရာသေး၏၊ ရဟန်းတို့ တကြိမ်လောက် အပါယ်သို့ ရောက်သွားသော သူမိုက်ကို ထိုအပါယ်လေးပါးမှ တဖန် လူ့အဖြစ်ကို ရပြန်ခြင်းငှါ၊ ဝါ-လူဖြစ်ဘို့ရာ ငါဘုရား မြင်တော်မမူ၊ အဘယ့်ကြောင့်နည်း၊ ရဟန်းတို့-ထိုအပါယ်လေးဘုံတို့၌ လူနတ် သုဂတိသို့ တဖန်ပြန်ရောက်ပြန်ခြင်းငှါ တရားကျင့်ခြင်း ကုသိုလ်ကောင်းမှုကိုပြုလုပ်ခြင်း ပြုလုပ်နိုင်ခြင်းသည် လုံးဝမရှိ၊ ရဟန်းတို့ ဤအပါယ်လေးဘုံတို့၌ ငါးနိုင်

ငါးစား, ဖါးနိုင် ဖါးစား, ကြီးနိုင် ငယ်ညှင်း သဘောအချင်းချင်း နှိပ်စက် သတ်ဖြတ် ကိုက်သတ် စားသောက်ကြခြင်းဖြစ်ကုန်၏၊ အဘယ့်ကြောင့်နည်း သစ္စာလေးပါးကို မသိသောကြောင့်ပေတည်းဟု ဟောတော်မူသည်။

ဆောင်ပုဒ်— ၁။ လိပ်ကန်းထမ်းပိုး က-ရိုးဖြစ်လွယ်၊
ထိုထက်ခက်ခဲ လူဘဲဖြစ်ဘွယ်၊
ယခုဘဝ ဖြစ်ကြ သူမယ်၊
သစ္စာလေး သိရေး အားထုတ်ကွယ်၊

၂။ သစ္စာသိက မကျအပါယ်၊
လူ့ဘုံ နတ်ထဲ ပျော်မြဲပျော်တယ်၊
ထို့ကြောင့်မလွဲ အားခဲပါကွယ်၊
လိပ်ပုံဆောက် ကြောက်သင့်ကြပေတယ်။

လူ, ဘုရား, သာသနာ, ရခဲခြင်း ၃-ပါး

မှတ်ရန် (က) ဤလိပ်ကန်းဥပမာ၌ မဟာသိဝထေရ်၏ အဆိုကား အရှေ့ စကြဝဠာ အနားရေးကနေ၍ ပစ်ချလိုက်တဲ့ ထမ်းပိုးပေါက်၏ အထက်အရပ်ဖြင့် လိပ်ကန်း၏ လည်ပင်းကို စွပ်မိမူလည်း စွပ်မိရာ သေး၏၊ ထို့ထက် လူ့အဖြစ်ကို ရခဲသတဲ့။

(ခ) တဖန် တောင်စကြဝဠာ အနားရေးက ပစ်ချလိုက်တဲ့ ထမ်းပိုး ပေါက်၏ အောက်အရပ်ဖြင့် လိပ်ကန်းကြီး၏ လည်ပင်းကို စွပ်မိ မူလည်း စွပ်မိရာသေး၏၊ ထို့ထက် ဘုရားဖြစ်တော်မူသော ကာလကို ရခဲသတဲ့။

(ဂ) တဖန် အနောက်စကြဝဠာ အနားရေးကနေ၍ ပစ်ချလိုက်တဲ့ ထမ်း ပိုး သုံးပေါက်၏ မိမိအပေါက်ရှိသော အရပ်ဖြင့် လိပ်ကန်းကြီး၏ လည်ပင်းကိုစွပ်မိမူလည်း စွပ်မိရာသေး၏၊ထို့ထက် သာသနာနေဝန်း ထွန်းလင်းခိုက်ကို ရခဲသတဲ့။

(ဃ) မြောက် စကြဝဠာ အနားရေးကနေ၍ ပစ်ချလိုက်တဲ့ ထမ်းပိုး လေးပေါက်၏ မိမိအပေါက်ရှိသော အရပ်ဖြင့် လိပ်ကန်းကြီး၏

လည်ပင်းကို စွပ်မိမူလည်း စွပ်မိရာသေး၏၊ ထိုအဆိုပါ ရှေ့သုံးပါး တို့ထက် လူ့အဖြစ် ဘုရားအဖြစ် သာသနာတွင်းအဖြစ်ကို ရခဲသော ထက်ပင် သစ္စာလေးပါး သိဘို့ရာ ကာလကို ပို၍ပင်ရခဲသတဲ့။

( င ) ဤလို သစ္စသံယုတ် ဆဂ္ဂဋ္ဌသုတ် အဖွင့် အဋ္ဌကထာ လာရှိသည်တို့ကို သိရှိကြားနာကြရသော အပါယ်လွတ်လို မွေးသေလွတ်လို နိဗ္ဗာန် ရလို ရောက်လိုသော ရှင် လူ ရဟန်း တို့သည် ယခုလက်ရှိဘဝ သေနေ့က မဦးခင် ဆရာကောင်းကပ်၍ သစ္စာလေးပါးကို အတတ် သိဘို့ရာ နေ့-လ-ရက်-နှစ် ဆွဲဆိုင်းမထားဘဲ အမြန်ဘဲ အားထုတ် ထိုက်ပေသည်ဟု သိရှိကြပါလေ။

....................

## ၂၇–နခသိခသုတ်

**အထခေါ ဘဂဝါ ပရိတ္တံ နခသိခါယံ ပံသုံ အာရောပေတွာ ဘိက္ခူ အာမန္တေသိ၊ပ၊ ပုရိမံ ဒုက္ခက္ခန္ဓံ ပရိက္ခီဏံ ပရိယာဒိန္နံ၊ ဥပနိဓာယ ယဒိဒံ သတ္တက္ခတ္တုပရမတာ။** (သစ္စသံယုတ်)

**ဘာသာပြန်**....အခါတပါး ဘဂဝါဘုရားသည် လက်သည်းဖျားပေါ်၌ အနည်းငယ်သော မြေမှုန့်ကို တင်ထားပြီးလျှင် ရဟန်းတို့ ငါဘုရား လက် သည်း ဖျား၌ရှိသော မြေနှင့် နှစ်သိန်းလေးသောင်း အထုရှိသောမြေကြီးနှင့် ဘယ်သင်းက များမယ်ထင်ကြသလဲဟု မေးတော်မူ၏၊ ထိုအခါ တယောက် သော ရဟန်းက ဘုန်းတော်ကြီးသော မြတ်စွာဘုရား,မဟာပထဝီမြေကြီးကို နှိုင်းစာသော် လက်သည်းပေါ်မှာရှိတဲ့ မြေမှုန့်သည် လွန်စွာ နည်းလှပါ သည်၊ နှိုင်းယှဉ်ခြင်းငှါ မထိုက်တန်ပါ ဘုရားဟု လျှောက်ထားလေ၏၊ ထိုအခါ ရဟန်းတို့-ထို့ဥပမာအတူသာလျှင် သစ္စာသိ၍ အပါယ်လွတ်တရားရ သတ္တက္ခတ္တုပရမ သောတာပန်အစစ် ဖြစ်သောသူအား ခုနစ်ဘဝအတွက် ကျန်ရှိသော ဝဋ္ဋဒုက္ခနှင့် ကုန်ပြီးသော ဝဋ္ဋဒုက္ခတို့ကို နှိုင်းယှဉ်သည်ရှိသော် ကုန်လေပြီးသော ဝဋ္ဋဒုက္ခကား မဟာပထဝီမြေကြီးနှင့်အမျှ ကုန်လေပြီ၊

ကျန်ရှိသေးသော ဝဋ်ဒုက္ခကား ငါဘုရား၏ လက်သည်းဖျားဌ်ရှိသော မြေမှုံ့လောက်သာ ကျန်ရှိတော့သည်၊သစ္စာသိခြင်းသည် ဤမျှစွမ်းရည်သတ္တိ တန်ခိုးရှိလှပေသည်ဟု ဟောတော်မူသည်။

ဆောင်ပုဒ်....သစ္စာမသိ မြေရှိဒုက္ခာ၊ ကြွင်းကျန်သေး၍ ဝန်လေးလှပါ။
သစ္စာသိတော့ လက်ရှိမြေသာ၊ နည်းပါးလှ ဝန်ကျသွား
တော့တာ။

.......... .........

## ၂၈–အညတြသုတ်

**အထခေါ ဘဂဝါ ပရိတ္တံ နခသိခါယံ ပံသုံ အာရောပေတွာ ဘိက္ခူ**
**အာမန္တေသိ၊ပ၊အဒိဋ္ဌတ္တာ ဘိက္ခဝေ စတုန္နံ အရိယသစ္စာနံ။**
(သစ္စသံယုတ်)

ဘာသာပြန်....ထို့အတူ လူဘုံ၌ဖြစ်သူ နဲပါး၍ တပါးသော ဘုံတို့၌ ဖြစ်သူသာ များပြားကြကုန်၏၊ အဘယ့်ကြောင့်နည်း သစ္စာမသိသော ကြောင့်ပေတည်း၊ သစ္စာသိက လူ့ဘုံ၌ အဖြစ်မြဲတော့သည်ဟု ပြန်လှန်၍ သိလေ။

ထို့အတူ မဇ္ဈိမဌ် ဖြစ်သူနဲ၍ ပစ္စန္တရစ်၌ဖြစ်သူ များကုန်၏၊ သစ္စာမသိ သောကြောင့်ပေတည်း၊ သစ္စာသိက မဇ္ဈိမဌ် အဖြစ်မြဲတော့သည်။

ပညာမျက်စိ အမြင်ရှိသူ နဲ၍ ပညာမျက်စိ အမြင်မရှိသူ များကုန်၏၊ သစ္စာမသိသောကြောင့်ပေတည်း၊ သစ္စာသိက ပညာမျက်စိ အမြင်ရှိသူ များတော့သည်။

ကျင်းကုန်း၌ ဖြစ်သူ နဲ၍ ရေ၌ဖြစ်သူ များကုန်၏၊ သစ္စာမသိသော ကြောင့်ပေတည်း၊ သစ္စာသိက ကျင်းကုန်း၌ အဖြစ်များတော့သည်။

မိဘ ရဟန်း ပုဏ္ဏား ကြီးသောသူတို့ကို ရိုသေသူ နဲ၍ မရိုသေသူသာ များပြားကုန်၏၊ သစ္စာ မသိသောကြောင့်တည်း၊ သစ္စာသိက ရိုသေသူ များတော့သည်။

လူ့ပြည်မှ သေ၍ လူ့ပြည်မှာ ပြန်ဖြစ်သူနဲပါး၍ အပါယ်လေးပါးတို့၌ ဖြစ်သူတို့သာ များကုန်၏၊ သစ္စာ မသိသောကြောင့်တည်း၊ သစ္စာသိက လူ့ပြည်မှာဖြစ်၍ အပါယ်၌မဖြစ်တော့ပြီ။

နတ်ပြည်မှ စုတေ၍ နတ်ပြည်မှာ ပြန်၍ဖြစ်သူ နဲပါး၍ အပါယ်လေးဘုံတို့၌ ဖြစ်သူတို့သာ များကုန်၏၊သစ္စာမသိသောကြောင့်ပေတည်း၊သစ္စာသိက နတ်ပြည်၌ ပြန်၍ဖြစ်တော့သည်။

ထို့အတူ ဗြဟ္မာပြည်မှ စုတေ၍ ဗြဟ္မာပြည်၌ ပြန်ဖြစ်သူ နဲပါး၍ အပါယ်လေးဘုံတို့၌ ဖြစ်သူတို့သာများကုန်၏၊ အဘယ်ကြောင့်နည်း၊ သစ္စာလေးပါးတို့ကို မသိသောကြောင့်ပေတည်းဟု ဟောတော်မူခဲ့ပေသည်။

**(ဤကား-သစ္စသံယုတ်ကိုမှီ၍ ဆိုလိုက်သည်)**

ထို့ကြောင့်....ဤဥပါဒါနက္ခန္ဓာ ငါးပါးသည်ကား ဒုက္ခသစ္စာဖြစ်သည်၊ ဤ တဏှာကား သမုဒယသစ္စာဖြစ်သည်၊ ဤ နိဗ္ဗာန်ကား နိရောဓသစ္စာ ဖြစ်သည်၊ ဤမဂ္ဂင်ရှစ်ပါးကား မဂ္ဂသစ္စာဖြစ်သည်ဟု ရှေးဦးစွာ အနုဗောဓ လောကီဉာဏ်ဖြင့် သစ္စာလေးပါးတို့ကို ပိုင်းခြားဝေဘန် သိရှိပြီး၍ နောက် ကာလ အာရုံတပါး စိတ်ထွက်မသွားစေဘဲ ခန္ဓာအတွင်းသို့ ဉာဏ်သွင်း ပြီးလျှင် မိမိခန္ဓာ၌ပင် ထင်ရှားရှိနေသော အငူငါးစုခေါ်သော ခန္ဓာငါးပါး တို့သည် ပဋိသန္ဓေမှ စုတိ သေနေ့သို့ ကျအောင် ဆင်းရဲတာမှန်လှတဲ့ ဒုက္ခ သစ္စာ ရုပ်နာမ် ခန္ဓာတို့ကို တွဲတွဲမြင်အောင် ရှုကြည့်လေ၊ မမြင် မြင်အောင် ခန္ဓာမှာ ဉာဏ်စိုက်၍ ရှုကြည့်လေ၊ တစတစနှင့် ဒုက္ခသစ္စာအစစ်ကို သိမြင် လာလိမ့်မည်၊ ထို့နောင် ထိုခန္ဓာမျိုးကို တဘဝ တခန္ဓာ, တဘဝ တခန္ဓာ, အသစ်အသစ်ကို ဖြစ်စေတတ်သော ဒုက္ခပေးသမားကြီး လက်သယ်အစစ် ဖြစ်တဲ့ ဘုံသုံးပါးတို့မှာ တဖန် တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ ဘဝတဏှာ သမုဒယသစ္စာကို တွဲတွဲမြင်အောင် ရှုကြည့်လေ။ ထို့နောင် ထိုဒုက္ခ သမုဒယ သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိရောဓသစ္စာ နိဗ္ဗာန်ကို တွဲတွဲမြင် အောင် ရှုကြည့်လေ၊ ထိုနောင် ထိုနိရောဓသစ္စာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးဖြစ်တဲ့ မဂ္ဂသစ္စာကို တွဲတွဲမြင်အောင် ရှုကြည့်လေ။

ဤပုံ ဤနည်းဖြင့် စတုသစ္စကမ္မဋ္ဌာန်းကို စီးဖြန်းမယုတ် ပွားများ အား ထုတ်ဖန်များလာတဲ့ခါ အဆိုပါ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိမြင်သွားတဲ့ ပဋိဝေဓဉာဏ် ဖိုလ်ဉာဏ် ဖြစ်ပေါ်လာ၍ နိရောဓသစ္စာ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အာရုံပြုနေတဲ့ခါ အဆိုပါ သစ္စာလေးပါးလုံးတို့ကို တပြိုင်နက် ထိုးထွင်း၍ သိခြင်းကိစ္စပြီး၍ ဘယ်ဘဝ ဘယ်ကမ္ဘာကမှ အပြီး အစီး ပိတ်မထားခဲ့နိုင်သော အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး ပိတ်ထားလိုက်နိုင်တဲ့ အပါယ်လွတ်တရားရ သောတာပန် စသော အရိယာ ပုဂ္ဂိုလ်၏အဖြစ်သို့ ရောက်နိုင်ပေလိမ့်မည်။

ထိုအခါ အဆိုပါ အပါယ်ဘေးအစ မွေးသေလွတ်တဲ့အဆုံး ကုန်အောင် စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်၌ ရှေးဘုရားတို့နှင့်အတူ အငြိမ်း စံရပေလိမ့်မည်ဟူလို၊ ဝါ-နိဗ္ဗာန်ယူသိမ်း၍ ငြိမ်းရမည် အမှန်ပေတည်း။

**ဆောင်ပုဒ်—သစ္စာမသိ ဖြစ်မိဖြစ်ရာ၊ သစ္စာသိတော့ ဂတိမြဲတာ။**
**သို့ကြောင့်ယခု သိအောင်ပြုပါ၊ လူနတ်မြဲ မလွဲနိဗ္ဗာန်သာ။**

.....................

## အပိုင်း ( ၄ )

### နေတ္တိနည်း သစ္စာလေးပါး

သစ္စာလေးပါးကို နေတ္တိကျမ်း၌လာသောနည်းဖြင့် အမြွက်မျှပြဆိုဦးအံ့၊ "တထွာပြလျှင် တလံမြင်"ဟု သာသနာတွင် ကြော်ကြားခဲ့သော၊ ဝါ-ဗုဒ္ဓဝင်တွင် ထင်ရှားခဲ့သော အကျဉ်းပြရုံမျှကို အကျယ်ချဲ့၍ သိတတ်တဲ့ နေရာတွင် တေဒဂ်အတင်ခံရသော အသီတိသာဝကအဝင် အရှင်မဟာ ကစ္စည်း ဟောကြားခဲ့သော နေတ္တိကျမ်း၌ ဒေသနာဟာရ စသောအားဖြင့် ဟာရအပြား တဆဲ့ခြောက်ပါးရှိရာ ဒေသနာဟာရ၌—

**အဿာဒံ အာဒီနဝံ နိဿရဏံ ဖလံ ဥပါယံ အာဏတ္တိံ။**
**အယံဒေသနာဟာရော ကိံ ဒေသေတိ၊**

(နေတ္တိဋ္ဌကထာ)

၁။ အဿာဒ—သာယာအပ်သော သုခသောမနဿ ဝေဒနာရှိ သာယာကြောင်းဖြစ်သော တဏှာဝိပလ္လာသတည်းဟူသော "အဿာဒ"

၂။ အာဒီနဝ—ဒုက္ခ, ဝေဒနာ, ဒုက္ခတာ, ၃-ပါး၊ တေဘူမကသင်္ခါရ တရားတည်းဟူသော "အာဒီနဝ"

၃။ နိဿရဏ— ဝဋ်မှ ထွက်မြောက်ကြောင်း ဖြစ်သော အရိယမဂ် ထွက်မြောက်တတ်သော နိဗ္ဗာန်ဟူသော " နိဿရဏ "

၄။ ဖလ—သုတမယဉာဏ် အတ္တဝေဒ, ဓမ္မဝေဒ စသော ပစ္စုပ္ပန်အကျိုး ဘဝသမ္ပတ္တိစသော အကျိုး တည်းဟူသော "ဖလ"

၅။ ဥပါယ—အရိယာမဂ်၏ရှေ့အဘို့ဖြစ်သော ပဋိပဒါတည်းဟူသော ဥပါယ ထိုထိုအကျိုးကို ရခြင်း၏အကြောင်းဖြစ်သော "ဥပါယ"

၆။ အာဏတ္တိ—ဝေဏေယျကြွာ သတ္တဝါတို့၏ အကျိုးစီးပွား ချမ်းသာကို ပြီးစေခြင်းငှါ အာဏာထားခြင်းငှါ ထိုက်တော်မူသော မြတ်စွာဘုရား၏ ဤကဲ့သို့ကျင့်လေဟု စေခိုင်းတိုက်တွန်း စီရင်ခြင်းတည်းဟူသော အာဏတ္တိ အားဖြင့် ခြောက်ပါးသော အနက်တို့ကို ဖွင့်ပြတတ်သော ဟာရသည် "ဒေသနာဟာရ" မည်၏။

ထိုတွင် "ယံ လောကော ပူဇယတေ"စသော သုတ်ပုဒ်ကို ထုတ်အပ်၏။

ဤ "ယံလောကော ပူဇယတေ" စသော သုတ်ပုဒ် ဒေသနာသည် "သာယံ ဒေသနာ ကိံ ဒေသေတိ စတ္တာရိသစ္စာနိ ဒုက္ခံ သမုဒယံ နိရောဓံ မဂ္ဂံ" ဟူသော ပါဠိနှင့်အညီ။

၁။ စိတ်-၈၁၊ စေတသိက်-၅၁၊ ရုပ်-၂၈ ဟု ဆိုအပ်သော ဒုက္ခသစ္စာ။
၂။ လောဘစေတသိက် .... ဟုဆိုအပ်သောသမုဒယသစ္စာ။
၃။ နိဗ္ဗာန် .... ဟုဆိုအပ်သော နိရောဓသစ္စာ။
၄။ မဂ္ဂင်ရှစ်ပါး .... ဟုဆိုအပ်သော မဂ္ဂသစ္စာ။

ဤသစ္စလေးပါးကို ဟောကြားတော်မူတတ်၏။

အဘယ်ကြောင့်ဟောကြားတတ်မူသနည်းဟူမူ"ပူဇယတေ"အရဖြစ်သော ပူဇာသည် "အာမိသပူဇာ, ဓမ္မပူဇာ" ဟု နှစ်မျိုးရှိရာ—

### အာမိသပူဇာသည်

၁။ ဝိနည်းဒေသနာတော် အားဖြင့်— သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ဟု လေးပါးရှိ၏။

၂။ သုတ္တန်ဒေသနာတော်အားဖြင့်— ထမင်း, အဖျော်, ကျောင်း, အဝတ်, သင်္ကန်း,ယာဉ်, ပန်း, နံ့သာ, အိပ်ရာ နေရာ, ဆီမီးဟု ဆယ်ပါးရှိ၏။

၃။ အဘိဓမ္မာဒေသနာတော်အားဖြင့်— ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟု ခြောက်ပါး ရှိ၏။

ဒါနမယ....၌ ၄-ပါး၊ ၁၀-ပါး၊ ၆-ပါးသော အာမိသပူဇာသည် ဒါနမယ မည်၏။

### သီလမယ ဘာဝနာမယ

ဓမ္မပူဇာသည်လည်း....သီလမယ ဘာဝနာမယအားဖြင့် နှစ်ပါးရှိပြန်၏။

ထိုတွင် သီလမယ သည်လည်း လူမှန်က မကျင့်မနေရ အလေးဂရုပြု၍ ကျင့်ရသောကြောင့် ဂရုဓမ္မခေါ်သော ငါးပါးသီလ၊ ထိုထက် စွမ်းနိုင်က ကျင့်ရသော ၁၀-ပါး သီလ၊ ပါတိမောက္ခသီလ၊ ဣန္ဒြိယ သံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ ခေါ်သော စတုပါရိသုဒ္ဓိ သီလ၊ရှစ်ပါးသီလ၊နဝင်္ဂသီလခေါ်သော ကျင့်ရမဲ့ စာရိတ္တသီလ၊ငါးပါးသီလ ခေါ်သော တားမြစ်ရမဲ့ ဝါရိတ္တသီလ၊ အာဇီဝဋ္ဌမကသီလ ခေါ်သော အာဒိဗြဟ္မစရိယကသီလ၊ စူဠဝါ ပရိဝါတို့၌ လာသော ခန္ဓကဝတ်-၁၄၊ ဒွါသီတိဝတ်-၈၂ ခေါ်သော အဘိသမာစာရိကသီလ စသောအားဖြင့် များသောအပြားရှိ၏။

ဘာဝနာမယ သည်လည်း သရဏဂုဏ် ပဋ္ဌသီ ရုတင် ခေါ်သော မဂ်၏ ရှေ့အဘို့ဖြစ်သော ပုဗ္ဗဘာဂ ပဋိပဒါအစ ဝိပဿနာ လယ် နိဗ္ဗာန်အဆုံးအား ဖြင့် များပြားသော အပြားရှိ၏။

ထို ဒါန သီလ ဘာဝနာမယ အာမိသ ဓမ္မပူဇာသည်—

၁။ ကုသလတိက်အား....ကုသိုလ်အဗျာကတ ဟူ၍ နှစ်ပါးရှိ၏။

၂။ ဝေဒနာတိက်အားဖြင့် — သုခ သမ္ပယုတ် ဥပေက္ခာ သမ္ပယုတ် ဟူ၍
နှစ်ပါးရှိ၏။

၃။ ဝိပါကတိက်အားဖြင့် — ဝိပါကာဓမ္မာ ဝိပါကဓမ္မ ဓမ္မာ နေဝဝိပါက
နဝိပါကဓမ္မ ဓမ္မာဟူ သုံးပါးရှိ၏။

ဤသို့စသည်ဖြင့် ၂၂-ပါးသော တိက်, ၁၀၀-သော ဒုက်တို့၌ ချ၍ ကြည့်အပ်၏။

ဘုံအားဖြင့်

၁။ ကာမဘုံ ရူပဘုံ အရူပဘုံ အဝတ္တာခေါ်သော လောကုတ္တရာဘုံဟု ၄-ပါးရှိ၏။

စိတ္တုပ္ပါဒ်အားဖြင့်

၂။ ကာမစိတ် ရူပစိတ် အရူပစိတ် လောကုတ္တရာစိတ်ဟု ၄-ပါးရှိ၏။

ထိုတွင် ပူဇော်အပ်သော အခြင်းအရာအားဖြင့်ဖြစ်သော တေဘုမ္မက တရားအပေါင်းသည် "**ဒါနံဒတွာ သီလံ သမာဒိယိတွာ ဥပေါသထ ကမ္မံကတွာ တံ အဿာဒေတိ**" စသော ပဋ္ဌာန်း ပညာဝါရနှင့်အညီ သာယာအပ်သောကြောင့် အဿာဒ မည်၏၊ သာယာအပ် သာယာတတ်သော တရားသည်ပင် သံခါရဒုက္ခဖြစ်၍ အာဒိနဝ မည်၏၊ လောကုတ္တရာ မဂ် နိဗ္ဗာန်သည် နိဿရဏ မည်၏၊ ဖိုလ်စိတ္တုပ္ပါဒ်သည်ရင်း, ဒါနမယစသော တရားသည်ရင်း "**ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ**" စသော ဂါထာနှင့်အညီ မိမိဟုဆိုအပ်သော တရားကို ဆောင်တတ် ကျင့်တတ် လိုက်နာ နားထောင်ဘာ်သောသူကို "**စတူသု အပါယေသု ဝဋ္ဋဒုက္ခေသုစ၊ အပတမာနံကတွာ ဓာရေဘိတိဓမ္မော**" နှင့်အညီ တရားကပြန်၍ ဆောင်တတ်သောကြောင့် ပစ္စုပ္ပန်ဘဝ၌ မိမိကိုယ်ကို မိမိစွပ်စွဲသော အတ္တာနုဝါဒဘေး၊ မိမိကိုယ်ကို သူတပါးက စွပ်စွဲသော ပရာနုဝါဒဘေး၊ ဒုတ်-လှံတန် စသော ဒဏ္ဍဘေး၊ သံသရာ၌ အပါယ်သို့ကျရောက်ရခြင်း ဒုဂ္ဂတိဘေး၊ ဤသို့စသော ဘေးတို့မှ ထွက်ခြင်း စသော အထောင်မကသော သုတ္တန်ပါဠိတို့ဖြင့် ပြအပ်သော အကျိုးတရား သည်ရင်း ဖလ မည်၏၊ ထိုဖလကို ရခြင်း၏ အကြောင်းဖြစ်သော ဒါနမယ

စသည်သည် ဥပါယ မည်၏၊အတ္တာနုဝါဒဘေး စသည်မှ ကြောက်ကုန်သော သူတို့သည် ဒါနမယ စသည်ကိုပြုလုပ်ကြဟု မဆိုသော်လည်း ဆိုသကဲ့သို့ ဖြစ်ခြင်းသည် အာဏတ္တိ မည်၏။

ဤသို့ ဒေသနာဟာရ မည်သော သံဝဏ္ဏနာ ဝိသေသသည် အဿာဒ စသည်ကို ဖွင့်ပြတတ်၏။

"အဿာဒတို့တွင်လည်း"

၁။ အာဒီနဝေါ ဖလဥ္စဒုက္ခံ-နှင့် အညီ အာဒီနဝသည်ရင်း,ဖလသည်ရင်း ဒုက္ခသစ္စာ မည်၏။

၂။ အဿာဒေါ သမုဒယော။ ။ အဿာဒသည် သမုဒယသစ္စာ။

၃။ နိဿရဏံ နိရောဓော။ ။ နိဿရဏသည် နိရောဓသစ္စာ။

၄။ ဥပါယော အာဏတ္တိစ မဂ္ဂေါ။ ။ ဥပါယသည်ရင်း, အာဏတ္တိ သည်ရင်း မဂ္ဂသစ္စာမည်၏။

ဤလို "ယံလောကော ပူဇယတေ" ဟူသော သုတ်ပုဒ်သည် သစ္စာ လေးပါးကို ပြတတ်၏ဟူလို။

တနည်း....ယံလောကော၏ အရဖြစ်သော လောကီ ဥပါဒါနက္ခန္ဓာ ငါးပါးသည်—

၁။ ဥပါဒါနက္ခန္ဓာ ဒုက္ခံအရိယသစ္စံ— နှင့်အညီ လောကီခန္ဓာ ငါးပါး သည် ဒု-သစ္စာ မည်၏။

၂။ တဿ မူလကာရဏဘာဝေန ပုရိမနိဒ္ဒိဋ္ဌာ တဏှာ သမုဒယသစ္စံ-နှင့် အညီ ထိုခန္ဓာငါးပါး၏ အကြောင်းရင်း၏ အဖြစ်ဖြင့် ရှေးဘဝ၌ ဖြစ်ပြီးသော တဏှာသည် သမုဒယသစ္စာမည်၏။

၃။ ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ—နှင့်အညီ ဒု-သ, သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

၄။ နိရောဓပဇာနနာ ပဋိပဒါမဂ္ဂသစ္စံ- နှင့် အညီ နိဗ္ဗာန်ကို မျက်မှောက် မြင်သိတတ်သော သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။ (ဤလိုသစ္စာလေးပါးကို ပြသတည်း)

ထိုတွင်....သမုဒယသစ္စာဖြင့် "အဿာဒ" ဖြစ်၏၊ ဒုက္ခဖြင့် "အာဒီနဝ" ဖြစ်၏၊ နိရောဓဖြင့် " နိဿရဏ" ဖြစ်၏၊ ဣဒါနိဖလပဉ္စကသည် "ဖလ" ဖြစ်၏၊ အတီတေ ဟေတဝေါ ပဉ္စ ဣဒါနိ ဟေတုပဉ္စကသည် ''ဥပါယ" ဖြစ်၏။

လူ နတ် ဗြဟ္မာ ဟူ၍ရင်း၊ သူ-ငါ-ကျား-မ-ဖြူ-မဲ ဟူ၍ရင်း အခေါ် ခံရုံမျှ သမုတ်ခံရုံမျှ ပညတ်ခံရုံမျှသာဖြစ်သော အစုငါးစုသာဖြစ်သော ခန္ဓာ ငါးပါးဟူသော လောကသည် အကြောင်းအားလျော်စွာ ဥပါဒ်-ဌီ-ဘင်မျှ ဖြစ်၍ဖြစ်၍ ပျောက်ပျက် ကုန်ခမ်းတတ်သောကြောင့် မမြဲခြင်း ဆင်းရဲခြင်း အစိုးမရခြင်း အလိုသို့မလိုက်ခြင်းအားဖြင့် နှိပ်စက်၏၊ ထို့ကြောင့် ခန္ဓာ ဟူသော လောက၌ ဘာတခုကိုမှ နှစ်သက် ဝမ်းမြောက်စရာကို မတွေ့မမြင် မုန်းတီးငြီးငွေ့စရာကိုသာ မြင်သဖြင့် ထိုမမြဲ ဆင်းရဲ အစိုးမရ အလိုသို့မလိုက် အကြိုက်သို့မပါစေနိုင်သော ခန္ဓာငါးပါးဟူသော လောကမှ ကျွတ်လွတ် ထွက်မြောက် နိဗ္ဗာန်သို့ရောက်စေခြင်းငှါ ဒါန, သီလ, ဘာဝနာ, သမထ, ဝိပဿနာကို ပြုလုပ်အားထုတ်ကြကုန်လော့ဟု စေခိုင်း တိုက်တွန်းတော်မူခြင်းသည် အာဏတ္တိဖြစ်၏။

တနည်း....အဆိုပါ ဥပါဒါနက္ခန္ဓာငါးပါးတို့တွင်—

| | | | |
|---|---|---|---|
| ၁။ | ရုပ် ၂၈-ခုသည် | .... | ရူပက္ခန္ဓာ မည်၏။ |
| ၂။ | ဝေဒနာစေတသိက်သည် | .... | ဝေဒနာက္ခန္ဓာ ။ |
| ၃။ | သညာစေတသိက်သည် | .... | သညာက္ခန္ဓာ ။ |
| ၄။ | ဝေဒနာ သညာမှကြွင်းသော စေတသိက် ၅၀သည် | | သင်္ခါရက္ခန္ဓာ ။ |
| ၅။ | စိတ်သည် | .... | ဝိညာဏက္ခန္ဓာ ။ |

ထိုခန္ဓာတို့တွင် အကြောင်းဖြစ်သော တဏှာမှတပါးသော ခန္ဓာငါးပါး တို့သည် ဒုက္ခသစ္စာ မည်ကုန်၏၊ ဒု-ကား အကျိုးသစ္စာတည်း၊ အကျိုး၏ လည်း အကြောင်းနှင့်မကင်းရာသောကြောင့် အကြောင်းဖြစ်သော သမုဒယ သစ္စာ တဏှာကိုလည်းယူအပ်၏၊ ထို ဒု-သ နှစ်ပါးတို့တွင် ဒု-ကားပိုင်းခြား၍ သိအင်သော ပရိညေယျကိစ္စတည်း၊ သ-ကား ပယ်အပ်သော ပဟာတဗ္ဗ ကိစ္စတည်း၊ ထို ပရိညေယျ ပဟာတဗ္ဗ နှစ်ပါးတို့၌လည်း ပရိဇာနန ပဟာ ယက နှင့် မကင်းရာသောကြောင့် ပရိဇာနန ပဟာယကဖြစ်သော မ-သစ္စာ

ကိုလည်း ယူအပ်၏၊ ဤ မ-သစ္စာကား အာရမ္မဏိက တည်း၊ အာရမ္မဏိက ၏လည်း အာရုံနှင့် မကင်းရာ မကင်းနိုင် ကင်း၍မဖြစ်သောကြောင့် အာရုံ ဖြစ်သော နိဗ္ဗာန်ကိုလည်း ယူအပ်၏။

တနည်း....ထို ဒု-သ နှစ်ပါးတို့တွင်လည်း ဒု-သစ္စာကား ထိုထိုဘုံဘဝ တို့၌ ရုပ်နာမ် ဇာတိ တို့၏ မပြတ်မလတ်ဖြစ်ခြင်းကြောင့် ပဝတ္တိမည်၏၊ သ-သစ္စာကား ထိုထိုဘုံဘဝတို့၌ ရုပ်နာမ် ဇာတိကို အသစ်အသစ် ဖြစ်စေ တတ်သောကြောင့် ပဝတ္တက မည်၏။ ထိုပဝတ္တိ ပဝတ္တက နှစ်ပါးကိုယူခြင်း ကြောင့် နိဝတ္တိ ဖြစ်သော နိ-သစ္စာနှင့် နိဝတ္တက ဖြစ်သော မ-သစ္စာ ကိုလည်း ယူအပ်၏။

တနည်း....ထို ဒု-သ နှစ်ပါးကို ယူခြင်းကြောင့် ထို ဒု-သ နှစ်ပါးတို့၏ တဖန်အသစ်မဖြစ်သော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း ဖြစ်သော နိ-သစ္စာကိုလည်း ယူအပ်၏။ ထို နိ-ကား အာရုံတည်း၊ အာရုံ ၏လည်း အာရမ္မဏိကနှင့် မကင်းရာသောကြောင့် အာရမ္မဏိက ဖြစ်သော မ-သစ္စာကိုလည်းယူအပ်၏၊ ဤလို သစ္စာလေးပါးကို ပြသတည်း။

ဤသို့စသည်ဖြင့် ဟာရ နယ စသော သရုပ်အနက် သဘောလက္ခဏာကို ကောင်းစွာသိအပ်၏၊ သိသဖြင့် ပဋိပတ် အကျင့်နည်းကို သိအပ်၏၊ ထိုသို့ သိအပ်သောကြောင့် သီလ ဝိသုဒ္ဓိ ဖြစ်၏၊ သီလဝိသုဒ္ဓိ ဖြစ်သောကြောင့် အစဉ်အတိုင်း။

ပါမောဇ္ဇ ပီတိ ပဿဒ္ဓိ သုခ သမာဓိ ယထာဘူတ နိဗ္ဗိန္ဒ ဝိရာဂ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန အပစ္စယ အနုပါဒါန ပရိနိဗ္ဗာန်တိုင်အောင် အဆင့်ဆင့် အဆက်ဆက်သော အကျိုးတရားတို့သည် ဖြစ်ကုန်၏။ ဤကား-နေတ္တိကျမ်း ကို မှီ၍ ဆိုလိုက်သည်။

## အဘိဓမ္မာနည်းနှင့် သစ္စာလေးပါး တမျိုးပြ

"စတ္တာရိ သစ္စာနိ ဒုက္ခသစ္စံ သမုဒယသစ္စံ နိရောဓသစ္စံ မဂ္ဂသစ္စန္တိ"
(သစ္စယမိုက်)

သစ္စာတို့သည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူ၍ လေးပါးရှိကုန်၏ ဟူလို။

ထိုတွင်....ဒုက္ခံ ဒုက္ခသစ္စံ ဒုက္ခသစ္စံ ဒုက္ခံ။ (ဋ္ဌင်းယမိုက်ဥဒ္ဒေသဝါရ)

၁။ ဒုက္ခမည်၏၊ ဒုက္ခသစ္စာမည်သလော—ဟု မေး၏။

၂။ ဒုက္ခသစ္စာမည်၏၊ ဒုက္ခမည်သလော—ဟု မေး၏။

ကျန် သ-နိ-မ, သစ္စာသုံးပါးတို့၌လည်း ထို ဒု အတူ သစ္စာလှဲဆိုလေ။

ဤသို့လျှင် ပဒသောဓနေဝါရ အနုလုံ၌ ယမက ၄-ပါး၊ ပုစ္ဆာ ၈-ပါး၊ အတ္ထ ၁၆-ပါးဖြစ်၏၊ ထို့အတူ ပစ္စနိက်၌လည်း ယမက ၄-ပါး၊ ပုစ္ဆာ ၈-ပါး၊ အတ္ထ ၁၆-ပါး ဖြစ်၏၊ အနုလုံ ပစ္စနိက် နှစ်ပါး ပေါင်းသော် ယမက ၈-ပါး၊ ပုစ္ဆာ ၁၆-ပါး၊ အတ္ထ ၃၂-ပါးဖြစ်၏၊ ဥဒ္ဒေသပြီး၏။

## အကျယ်နိဒ္ဒေသနည်း ပဏ္ဏတ္တိဝါရ

ဒုက္ခံ ဒုက္ခသစ္စန္တိ အာမန္တာ။ ။ ဒုက္ခသစ္စံ ဒုက္ခန္တိ၊ ကာယိကံဒုက္ခံ စေတသိကံဒုက္ခံ ဒုက္ခံ ထပေတွာ အဝသေသံ ဒုက္ခသစ္စံ နဒုက္ခံ၊ ကာယိကံ ဒုက္ခံ စေတသိကံဒုက္ခံ ဒုက္ခဥ္စေဝ ဒုက္ခသစ္စဥ္စ။ ။ (ဋ္ဌင်းပဏ္ဏတ္တိဝါရ)

ဘာသာပြန်....ဒုက္ခသည် ဒုက္ခသစ္စာ မည်သလောဟု မြတ်စွာဘုရား၌ တစုံတယောက်သော လူ နတ်တို့က ယုံမှားသံသယမရှိသော်လည်း ရှိသကဲ့သို့ ဒေသနာတော် အလျှင်ကျသောအားဖြင့် ဘုရားပင်မေး၍ အင်း-အဲ ဒုက္ခ သည် ဒုက္ခသစ္စာမည်၏ဟု ဘုရားပင် ဖြေသည်။

အဖြေမှန်ကား....ကာယိကဒုက္ခ စေတသိကဒုက္ခကို ထား၍ ကြွင်းသော တရားသည် ဒုက္ခသစ္စာ မည်၏၊ ဒုက္ခကား မ မည်ပေ၊ ကာယိကဒုက္ခ စေတသိကဒုက္ခသည် ဒုက္ခလည်းမည်၏၊ ဒုက္ခသစ္စာလည်းမည်၏ဟု ဖြေ၏။ (ကျန် သ-နိ-မ တို့၌လည်း ထိုက်သင့်သည်အားလျော်စွာ ဆိုလေ။)

## သစ္စပစ္စတ္တိဝါရ ဥပ္ပါဒ

ယဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ တဿသမုဒယသစ္စံ ဥပ္ပဇ္ဇတီတိ။ သဗ္ဗေသံ ဥပပဇ္ဇန္တာနံ ပဝတ္တေ ဇာတိကာဝိပ္ပယုတ္တ္တာ ဥပ္ပါဒက္ခဏေ တေသံဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ နော စ တေသံ သမုဒယသစ္စံ ဥပ္ပဇ္ဇတိ တဏှာယ ဥပ္ပါဒက္ခဏေ တေသံ ဒုက္ခသစ္စဥ္စ ဥပ္ပဇ္ဇတိ သမုဒယသစ္စဥ္စ ဥပ္ပဇ္ဇတိ။

(သစ္စာပဝတ္တိဝါရ.ဥပ္ပါဒ).

**ဘာသာပြန်**....အကြင်ပုဂ္ဂိုလ်အား ဒုက္ခသစ္စာသည်ဖြစ်၏၊ထိုပုဂ္ဂိုလ်အား သမုဒယသစ္စာ ဖြစ်သလောဟု မေးရာ ခပ်သိမ်းကုန်သော ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့အားရှင်း, ပဝတ္တိအခါ၌ တဏှာကင်းသောစိတ် ဖြစ်၏၊ဥပါဒ်ခဏ၌ ထိုပုဂ္ဂိုလ်တို့အားရှင်း၊ပ၊တဏှာ၏ ဥပါဒ်ခဏ၌ ထိုပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာလည်းဖြစ်၏၊ သမုဒယသစ္စာလည်းဖြစ်၏ဟု ဖြေ၏။

အရကောက်ကား....ပဋိသန္ဓေစိတ် ကျေနဝိသ၊ စေတသိက် ပဉ္စတိံသ၊ ကမ္မဇကလာပ် ၃-စည်း၊ ၇-စည်း၊ ၄-စည်း အစရှိသော ဇီဝိတနဝကလာပ်ရုပ်တို့၏ ဥပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သော ခပ်သိမ်းသော ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ် ၃-ယောက်၊ အောက်ဖလဋ္ဌာန် ၃-ယောက်၊ ပဉ္စဝေါကာရ ပဝတ္တိအခါ အရူပဝိပါက်မှတပါး တဏှာကင်းသောစိတ် ၇၇-ခု၊ လောဘ ဒိဋ္ဌိ မာန ကြဉ်သော စေတသိက် ကျေနပညာသ စိတ္တဇရုပ်တို့၏ ဥပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သော ပုထုဇဉ် ၄-ယောက်၊ အရိယာပုဂ္ဂိုလ် ၈-ယောက်၊ စတုဝေါကာရ ပဝတ္တိအခါ မောဟမူဒွေး, မနောဒွါရဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာ အရူပဇိတ် ၁၂-ခု၊ လောဘ, ဒိဋ္ဌိ, မာန,ဒေါသ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ,ထိန,မိဒ္ဓ, ဝိရတိ, အပ္ပမညာကြဉ်သော စေတသိက် အဋ္ဌတိံသ တို့၏ ဥပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက် ရှင်၊ ပဉ္စဝေါကာရဘုံ၌ လောဘမူဇိတ် ၈-ခု၊ စေတသိက် ဗာဝိသ စိတ္တဇရုပ်တို့၏ ဥပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ပုထုဇဉ် ၄-ယောက် အောက်ပလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်ရှင်။ ( ကျန် သ-နိ-မ တို့၌လည်း ရထိုက်သည်အားလျော်စွာ ကောက်လေ)

## သစ္စာပဝတ္တိဝါရ နိရောဓ

**ယဿ ဒုက္ခသစ္စံ နိရုဇ္ဈတိ၊ တဿသမုဒယသစ္စံ နိရုဇ္ဈတီတိ၊ သဗ္ဗေသံ စဝန္တာနံ ပဝတ္တေတဏှာယ ဝိပ္ပယုတ္တ စိတ္တဿ ဘင်္ဂက္ခဏေ တေသံ ဒုက္ခသစ္စံ နိရုဇ္ဈတိ နောစတေသံ သမုဒယသစ္စံ နိရုဇ္ဈတိ တဏှာယ ဘင်္ဂက္ခဏေ တေသံ ဒုက္ခသစ္စဉ္စ နိရုဇ္ဈတိ သမုဒယသစ္စဉ္စ နိရုဇ္ဈတိ။**

အံရကောက်ကား ...အကြင် ပုဂ္ဂိုလ်အား ဒုက္ခသစ္စာသည် ချုပ်၏၊ ထိုပုဂ္ဂိုလ်အား သမုဒယသစ္စာသည် ချုပ်သလောဟု မေးရာ ခပ်သိမ်းသော စုတေဆဲဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့အားရင်း,ပဝတ္တိအခါ၌ တဏှာကင်းသော စိတ်၏ ဘင်္ဂက္ခဏ၌ ထိုပုဂ္ဂိုလ်တို့အားရင်း၊ပ၊ တဏှာ၏ ဘင်္ဂက္ခဏ၌ရင်း, ထိုပုဂ္ဂိုလ်တို့အား ဒုက္ခသစ္စာလည်း ချုပ်၏၊ သမုဒယသစ္စာလည်း ချုပ်၏၊ ဤကား အကျဉ်း အကျယ်ကို အကောက်၌ ရှုလေ။

( ကျန် သ-နိ-မ ဘုံ၌လည်း ရထိုက်သည် လျှော်စွာကောက်လေ)

...................

## ကုသလ, အကုသလ, အဗျာကတ ၃-ပါး

**စတုန္နံ အရိယသစ္စာနံ ကတိကုသလာ ကတိအကုသလာ ကတိအဗျာကတာ တတ္ထ သမုဒယသစ္စံ အကုသလံ၊ မဂ္ဂသစ္စံ ကုသလံ၊ နိရောဓသစ္စံ အဗျာကတံ၊ ဒုက္ခသစ္စံ သိယာ ကုသလံ သိယာ အကုလံ သိယာ အဗျာကတံ။**

ဘာသာပြန်.... သစ္စာလေးပါး တို့တွင် ကုသိုလ်ကား အဘယ်နည်း၊ အကုသိုလ်ကား အဘယ်နည်း၊ အဗျာကတကား အဘယ်နည်းဟု မေး၏၊ ထိုသစ္စာလေးပါးတို့တွင် သမုဒယသစ္စာသည် အကုသိုလ်မည်၏၊ မဂ္ဂသစ္စာသည် ကုသိုလ်မည်၏၊ နိရောဓသစ္စာသည် အဗျာကတ မည်၏၊ ဒုက္ခသစ္စာသည် ရံခါ ကုသိုလ်, ရံခါ အကုသိုလ်, ရံခါ အဗျာကတမည်၏ဟု ဖြေ၏။

## မနသိကာရ ၂ — ပါး

၁။ မင်ဥာဏ် ဖိုလ်ဥာဏ် နိဗ္ဗာန်နှင့် သင့်ဘန်အောင် ကောင်းစွာ နှလုံးသွင်းခြင်း ယောနိသောမနသိကာရ။

၂။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်နှင့် မသင့်တန်အောင် နှလုံးသွင်းခြင်း အယောနိသောမနသိကာရဟု နှစ်မျိုးရှိရာ။

၃။ ယောနိသောဖြစ်တဲ့ခါ ဒု-သည် ကုသိုလ် မည်၏။

၄။ အယောနိသောဖြစ်တဲ့ခါ ဒု-သည် အကုသိုလ် မည်၏။

၅။ နှစ်ပါးလုံး မဖြစ်တဲ့ခါ ဒု-သည် အဗျာကတ မည်၏။

....................

**သစ္စာပရိညာဝါရ**

**(က) ယော ဒုက္ခသစ္စံ ပရိဇာနာတိသော သမုဒယသစ္စံ ပဇဟာတီတိ အာမန္တာ။**

**(ခ) ယော ပန သမုဒယသစ္စံ ပဇဟာတိ သောဒုက္ခသစ္စံပရိဇာနာတီတိ အာမန္တာ။**

**(ဂ) ယော ဒုက္ခသစ္စံ န ပရိဇာနာတိ သော သမုဒယသစ္စံ န ပဇဟာတီတိ အာမန္တာ။**

**ဘာသာပြန်....**(က) အကြင်သူသည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိ၏၊ ထိုသူသည် သမုဒယသစ္စာကို ပယ်ဆဲလောဟု မေးရာ အင်း-ပယ်ဆဲဟုတ်၏ ဟု ဖြေ၏။

(ခ) အကြင်သူသည် သမုဒယသစ္စာကိုပယ်ဆဲ ထိုသူသည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိဆဲလောဟု မေးရာ အင်း သိဆဲဟု ဖြေ၏။

(ဂ) အကြင်သူသည် ဒုက္ခသစ္စာကိုပိုင်းခြား၍ သိဆဲမဟုတ်၊ ထိုသူသည် သမုဒယသစ္စာကို ပယ်ဆဲမဟုတ်သလော မေးရာ အင်း ပယ်ဆဲမဟုတ်ဟု ဖြေ၏၊ အရမှာ-အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ကို ရ၏။

(ကျန် သ-နိ-မ ကို၌လည်း ဖြစ်သင့်သည်အားလျော်စွာ သိလေ)

မှတ်ရန်.... ဤကား လွန်စွာ နက်နဲ ခက်ခဲရုံမျှမက အလွန် ကျယ်ဝန်းလှသော အဘိဓမ္မာ ပါဠိတော် ဋ္ဌကထာကြီးများကို မိမိ ကိုယ်၌ကလည်း မသင်မကြားဘူး သူတပါးထံကလည်း မကြားဘူး မနာဘူး လွန်စွာ ဗဟုသုတနည်းပါးလှသော လူဝတ်ကြောင်တို့ အကျိုးငှါ ဘတ်ဘူးတယ် ကြားဘူးတယ် နာဘူးတယ်ရှိအောင်

ကဿပဘုရား လက်ထက်တော်က ရဟန်းတော်နှစ်ပါး အဘိဓမ္မာ တရားတော်ကြီးများကို "ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ" စသည်ဖြင့် ဘတ်ရွတ် သရဇ္ဈာယ်၍နေကြရာ လှိုင်ဂူအတွင်းရှိ လင်းနို့သား ၅၀၀-တို့သည် ကုသိုလ် အကုသိုလ် သုက္ကကဏှဟု ခွဲခြား၍ မသိနိုင်ကြသော်လည်း ကြားနာ ရရှိရုံမျှနှင့်ပင် နောက် နတ်တဘဝ, နောက် လူတဘဝ, နှစ်ဘဝနှင့်ပင် ဒိုဂေါတမ ဘုရားလက်ထက်မှာ အကုန်လုံး ရဟန္တာဖြစ်ကြ၍ နိဗ္ဗာန်ဆုံးထိ ကောင်းကျိုးရှိသော လင်းနို့သား ၅၀၀-ဝတ္ထု၊ ဒိုဂေါတမဘုရား လက်ထက် ဂဂ္ဂရရေကန်နား၌ ကျက်စားနေသော ဖါးသူငယ်သည် ဘုရား တရားကို ကြားနာရုံမျှနှင့်ပင် ဖါးဘဝမှ နတ်သားဘဝ ရင်းနတ်ဘဝနှင့်ပင် ဘုရားထံလာ၍ ဖူးမျှော်လာတဲ့ခါ သောတာပန်ဖြစ်သွားတဲ့ ဖါးနတ်သားဝတ္ထုတို့ကိုထောက်မျှော်၍ ဘဝရာထောင် ကမ္ဘာရာထောင် လွန်ညားလည်း အလွန် ကြားနာရခဲလှစွာသော တကြိမ်တဘဝ ကြားနာလိုက်ရလို့ရှိလျှင်လည်း နတ်ရွာသုဂတိနှင့် နိဗ္ဗာန်အထိပင် ပေါက်ရောက်နိုင်သော အစွမ်းသတ္တိ တကယ်ရှိ၏။ အဘိဓမ္မာ တရားတော်ကြီးကို ကျွတ်တမ်းဝင် ဘဝပါရမီ ရရှိကြစေရန် ရည်သန်၍ ရေးထည့်လိုက်ပါသည်၊ သင်ဘူး ကြားဘူး ဗဟုသုတ အထူးရှိကြဘူးသော ပညာရှင်ကြီးများဘို့ မရည်ရွယ်ပါ၊ ထို့ကြောင့် အပြစ်ဆိုဘွယ်မရှိပါ။

....................

## အပိုင်း ( ၅ )

ဤ သစ္စာပဋိနိဒ္ဒေသ တတိယခဏ်းကို သစ္စာလေးပါးတို့ဘွင် တတိယ သစ္စာခေါ်သော နိရောဓသစ္စာဖြင့်ပင် နိဂုံးအုပ်အံ့။

### ဝါန နိဝါန နိဗ္ဗာန်

ဗုဒ္ဓဘာသာမှန်သမျှ ဘာသာဝင်လူမျိုးတို့၏ ပါးစပ် လျှာဖျားတွင် နိဗ္ဗာန်-နိဗ္ဗာန်နှင့် တညံညံ တဖွဖွ ပြောဆိုနေကြတဲ့ နိဗ္ဗာန်ဆိုတဲ့ ပုဒ်ရင်းကို

ရှေးဦးစွာ ဝိဂ္ဂိုဟ်ကျင်း၍ ရှင်းပြပါဦးမည်၊ နိဗ္ဗာန်အကြောင်းကို ကောင်းစွာ သိလိုကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ကောင်းစွာ သတိပြုမိကြပါစေကုန်သတည်း။

(က) ဘဝါဘဝံ ဝိနနတော သံသိဗ္ဗနတော တိ ဝါနံ။ (ဝိဂ္ဂြိဟ်ပြ)

(ခ) ဝါနတော နိက္ခန္တတ္တိ နိဗ္ဗာနံ။ (ပဥ္စမီအဗျယီဘောသမာသ်)

(ဂ) နိဗ္ဗာတိ ဝါတေန ရာဂဂ္ဂိ အာဒိတောဘိ နိဗ္ဗာနံ။ (ကရဏသာဓနဝိဂ္ဂိုဟ်)

အနက်ကား....(က) ဘဝါဘဝံ၊ပြုအပ်သော ကံအားလျော်စွာ ရံခါ ဒုဂ္ဂတိ ရံခါသုဂတိ စသည်ဖြင့် ယုတ်သောဘဝ မြတ်သောဘဝ မကောင်း သော ဘဝ ကောင်းသောဘဝ ငယ်သောဘဝ ကြီးသောဘဝကို။ ဝိနန တော သံသိဗ္ဗနတော၊ အပ်ကြိုးသည် အထည်နှစ်ရပ်ကို တစပ်ထည်း စပ်ပေး သကဲ့သို့ ထို့အတူပမာ ရှေးဘဝနှင့် နောက်ဘဝ နှစ်ရပ်ကို တစပ်ထည်းကဲ့သို့ စပ်ပေးတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝါနံ၊ ဝါနမည်၏။

(တဏှာ ရာဂ လောဘကို ရ၏မှတ်)

(ခ) ဝါနတော၊ တဏှာမှ။ နိက္ခန္တံ၊ ထွက်မြောက်တတ်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

(အသင်္ခတ ပရမတ္ထ နိဗ္ဗာန်ကိုရ၏)

(ဂ) ဝါ၊ ဝိဂ္ဂိုဟ်တနည်းကား။ ဧတေန၊ ထိုအသင်္ခတဓာတ်နိဗ္ဗာန်ဖြင့်။ ဝါ၊ နိဗ္ဗာန်ကြောင့်။ ရာဂဂ္ဂိအာဒိတော၊ ရာဂ စသော တဆဲ့တသီး အပူ မီးသည်။ နိဗ္ဗာတိ၊ ငြိမ်းအေးတတ်၏။ ဣတိတသ္မာ၊ ထိုသို့တဆဲ့တသီး အပူ မီးတို့၏ ငြိမ်းအေးရာ ငြိမ်းအေးကြောင်းဖြစ်သော သတ္တိကြောင့်။ တံ၊ ထို အသင်္ခတ ဓာတ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

(ရာဂ ဒေါသ မောဟ ဇာတိ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဟူသော တဆဲ့တမီးတို့၏ ငြိမ်းရာ အသင်္ခတဓာတ် နိဗ္ဗာန်ကိုဘဲ ရ၏)

အဓိပ္ပါယ်ရှင်းလင်း ဖေါ်ပြချက်.... အဆိုပါ ဝါနတောနိက္ခန္တံ ဆိုတဲ့ ဒု-ဝိဂ္ဂိုဟ်အရ အကျဉ်းပိဏ္ဍတ္ထမှာ တဏှာမှ ထွက်မြောက်တတ်သောကြောင့်

နိဗ္ဗာန်ဟုဆိုထား၏၊ ထို ပုဒ်ရင်းကို ရှင်းပြဦးအံ့။ ဝါနတောဆိုတဲ့ ပုဒ်က (တော) ချန်၊ ဝါနတွင်သာယူ၍ နိက္ခန္တဆိုတဲ့ ပုဒ်ကလဲ(ခန္တ)ချန်၊ (နိ) တွင်သာယူ၍ နှစ်ပုဒ် ပေါင်းလိုက်တဲ့ခါ (မေခလာ) (ဘဂဝါ) ပုဒ်မျိုးတို့ ကဲ့သို့(ဝါနနိ)ဟု ဖြစ်နေပေလိမ့်မည်၊ ၎င်း ဝါနနိကို တဒနုပရောခေန ဝဏ္ဏ ဂမော ဝဏ္ဏဝိပရိယာယောဆိုတဲ့ နိရုတ္တိနယသဒ္ဒါစည်းကမ်းအတိုင်း အဆိုပါ ဝါနနိကို နိဝါနဟု ရှေ့နောက် ပြန်ထားရသည်၊ ဝ-ခွင်း သဒိသဒွေးဘော် ပြုထားလျှင် နိဝွါန-ဟု ဖြစ်နေပေလိမ့်မည်၊ ဒေါဃောစသုဘ်၌ စ-သဒ္ဒါဖြင့် ဝွ နှစ်လုံးကို ဗ္ဗ-လုံးပြုထားတဲ့ခါ နိဗ္ဗာန-ဟု ဖြစ်နေပေလိမ့်မည်၊ န-ငယ် အထက် အသတ်တံခွန်လွှားပေးလိုက်တဲ့ခါ နိဗ္ဗာန်ဟု ဖြစ်ပေါ်လာသည်၊ အနက်အဓိပ္ပါယ်ကတော့ လူ နတ် ဗြဟ္မာ သတ္တဝါ သူငါတွေဟာ အရာရာ မှာ တွယ်တာတဲ့ မယ်တဏှာသဘောဆိုးကို ပယ်ခွါတဲ့ မဂ်အကျင့်ကို မကျင့် ကြသောကြောင့်သာ တဏှာကြောင့် ခန္ဓာ ဖြစ်ပျက်မွေးသေ သံသရာရှည်၍ မငြိမ်းအေးနိုင်ကြဘဲ ဖြစ်နေကြရာ တဏှာပယ်တဲ့ မဂ်အကျင့်ကို အပြတ် အသတ် ပယ်ဖြတ်လိုက်နိုင်ကြတဲ့ခါ တဏှာ ခန္ဓာ သခ်တအစဥ်ပြတ်၍ နောက်ထပ်အသစ်မဖြစ်တော့ဘဲ အမြဲ ငြိမ်းအေးနေတဲ့ အသခ်တဓာတ်ဟု အဓိပ္ပါယ်ရသည်။ ( ဒါကတော့ မူလအစ ဝါနတောနိက္ခန္တက ဘယ်ပုံ ဘယ်နည်း နိဗ္ဗာန်လို့ ဖြစ်ပေါ် လာပါလိမ့်မည်နည်းဟု သဒ္ဒါရေးရာ၌ မလိမ္မာသေးရှာကြတဲ့သူတို့ သိရှိနားလည်စေခြင်းငှါ ရှင်းပြခြင်းမျှသာ ဖြစ် တယ်၊ လိုရင်း မဟုတ်လှပါ)

**အယူအဆမမှားကြစေနှင့်....**အဆိုပါ ဝိဂ္ဂိုဟ်အရ တဏှာမှထွက်မြောက် တတ်သောကြောင့် နိဗ္ဗာန်လို့ ဆိုထားတော့ ရှေးအခါက နိဗ္ဗာန်ဟာ တဏှာရဲ့ လက်အောက်ခံဖြစ်နေရပြီး နောက်မှ ကြံကြံဖန်ဖန် တော်လှန် ပုန်ကန်၍ တဏှာရဲ့ လက်အောက်ခံအဖြစ်မှ လွတ်မြောက် ထွက်မြောက် လာရသလိုလို ဤလိုအယူမမှားကြစေနှင့် အတွေးအထင် မမှားကြစေနှင့် ဘာကြောင့်လဲဆိုတော့ နိဗ္ဗာန်ဟာ တဏှာရဲ့ လက်အောက်ခံ ဖြစ်ရမှာ နေနေသာသာ တဏှာနှင့်နိဗ္ဗာန်ဟာ(ဘုန်းကြီးနှင့် ခေါင်းဘီး၊ နံ့သာဆီနှင့် အ^ိး ဆိုသကဲ့သို့) ဘယ်အခါ ဘယ်ကမ္ဘာကမှ စပ်ရှက်ခြင်း မရှိကြပါ၊ တဏှာနှင့် နိဗ္ဗာန်ဟာ ကောင်းကင်နှင့် မြေကြီး အဝေးကြီးဝေးသထက်ပင်

အဆတရာ မကသာ၍ ဝေးနေသောကြောင့်ပေတည်း။ ထိုကြောင့် တဏှာ လက်အောက်က ထွက်မြောက်နေစရာ အလျှင်းပင်မလိုအပ်ပါ။

ဥပမာ ဆိုသည်ရှိသော် သံတွေခဲ ရဲရဲကြီးကို ယင်မပဲယိုင်း တို့ဟာ မချဉ်းဝန့် မကပ်ဝန့် မချဉ်းနိုင် မကပ်နိုင်သလို ထိုဉပမာ ယင်မပဲယိုင်းနှင့် တူနေတဲ့ တဏှာဟာ သံတွေခဲရဲရဲနှင့်တူနေတဲ့နိဗ္ဗာန်ကို မချဉ်းဝန့် မကပ်ဝန့် မချဉ်းနိုင် မကပ်နိုင်ပေ၊ ဒါဖြင့်လျှင် တဏှာမှ ထွက်မြောက်တတ်သော ကြောင့် နိဗ္ဗာန်လို့ ဘာကြောင့်ဆိုရသလဲဟုမေးရန်ရှိ၏၊ မေးလဲမေးသင့်၏၊ သို့မှသာ (အမေးရှိလျှင် အဖြေရှိမြဲ)နှင့် အညီ အဖြေမှန် ထွက်ပေါ်လာပေ မည်၊ အဖြေမှန်ကား-ဤတဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန် ဆိုတဲ့ အဓိပ္ပါယ်ကို တဏှာ၏အာရုံ ပြုနိုင်ရာ ၃၁-ဘုံကို လွန်မြောက်၍ နေကြသောကြောင့်၊ ဝါ-လွန်မြောက်ရာဖြစ်သောကြောင့် နိဗ္ဗာန်ဆိုသည်ဟု အဓိပ္ပါယ်အမှန်ကို ယူပါ၊ တနည်းမှာ-တဏှာနှင့် နိဗ္ဗာန်ဟာ ဘယ်အခါကမှ သမ္ပယုတ်မဖြစ်ပါ၊ အမြဲတမ်း ဝိပ္ပယုတ်ဖြစ်နေပါသည်၊မှုဆိုးနှင့် ဘုရားတကာ ကဲ့သို့ရင်း၊ သူတောင်းစားနှင့် စကြာမင်းကဲ့သို့ရင်းတည်း၊ ဤလိုသမ္ပယုတ် မဖြစ်, ဝိပ္ပယုတ်ဖြစ်နေကြသည်ကိုသာ ရည်၍ တဏှာမှ ထွက်မြောက်တတ် သောကြောင့် နိဗ္ဗာန်ဆိုသည်ဟု အဓိပ္ပါယ်အမှန်ကို ယူပါလေ။

ဤလို ယူစေလိုသောကြောင့်ပင်....

(က) **ဝိသယာတိက္ကမဝသေန အတိတတ္တာ....ဟု ဝိဘာဝနီ၌။**

(ခ) **နိက္ခန္တတ္တာ ဝိသယာတိက္ကမဝသေန အတီတာ တိ....ဟု မဏိမဥ္ဇူ၌ ဖွင့်ဆိုကြပေသည်။**

**အနက်**....(က) ဝိသယာတိက္ကမဝသေန၊ တဏှာ၏ အာရုံပြုနိုင်ရာကို လွန်မြောက်သည်၏အစွမ်းအားဖြင့်။ အတိတတ္တာ၊ လွန်မြောက်သည်၏အဖြစ် ကြောင့်တည်း။

(ခ) နိက္ခန္တတ္တာ၊ နိက္ခန္တံဆိုသည်ကား။ ဝိသယာတိက္ကမဝသေန၊ တဏှာ၏ အာရုံပြုနိုင်ရာ သုံးဆဲ့တဘုံကိုလွန်မြောက်သည်၏အစွမ်းအားဖြင့်။ အတီတာ၊ လွန်မြောက်သည်တည်း။

ထိုတွင်....

(ဂ) သကလမ္ပိ ဘဝံ ဥတ္တရိတွာ ဘဝပိဋ္ဌေ ဌတွာ
ဟု—ခံ ဌာ၌ ဖွင့်ပြသည်။

အနက်....(ဂ) သော၊ ထိုပရိနိဗ္ဗာန်ဝင်စံသော ရဟန္တာပုဂ္ဂိုလ်သည်။ သကလမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဘဝံ၊ဘုံကို။ ဝါ၊၃၁ဘုံကို။ ဥတ္တရိတွာ၊ လွန်မြောက်၍။ ဘဝပိဋ္ဌေ၊ ၃၁ဘုံ၏ ပြင်ဘက်၌။ ဌတွာ၊ ငြိမ်းအေးသော အေးမြသော ချမ်းသာသော သန္တိသုခ သဘောရှိသော အသခ်တဓာတ် နိဗ္ဗာန်ချမ်းသာမြတ်၌။ ဝါ၊ နိဗ္ဗာန်ရွှေနန်း၌ နိစ္စ သုခ သဿတ ဓုဝ အမြဲတမ်း အချမ်းသာကြီး ချမ်းသာ၍ တည်နေ၍ (ဤ၌ ရဟန္တာပုဂ္ဂိုလ် ဆိုသည်မှာ ဘူတပုဗ္ဗဂတိကနည်းအရဆိုသည်၊ ပညတ်အဆိုတည်း၊ ပရမတ် အားဖြင့်ကား မရကောင်းဟုသိလေ၊ အမှန်မှာ ဖြစ်နေကြသခ်ါရတို့၏ မဖြစ် ခြင်းမျှသာတည်း)

အမှာ....ဤလိုအထက်အဆိုပါ ဋီကာ ဋ္ဌကထာတို့၏အဖွင့်အဆိုကိုထောက်၍ တဏှာ၏ အာရုံပြုနိုင်ရာ ၃၁-ဘုံကိုလွန်မြောက်၍ နေသည်ကိုပင် တဏှာမှထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဆိုသည်ဟုအမိပ္ပါယ် ယူ၊ တဏှာကား ၃၁-ဘုံတွင်သာ အာရုံပြုနိုင်သည်၊ ၃၁-ဘုံ ပြင် ဘက်မှာ အလွတ်ဖြစ်နေတဲ့နိဗ္ဗာန်ကို လုံးဝအာရုံမပြုနိုင်ဟုသိလေ။

ထိုပြင်....

(က) ကာယဿ ဘေဒါ ဓမ္မဋ္ဌော သချံ နောပေတိ ဝေဒဂူ။
(သဋ္ဌာယတနသံယုတ်ပါဠိ)

(ခ) ဓမ္မဋ္ဌောတိ အသေက္ခဓမ္မေသု နိဗ္ဗာနေဝ ဝါ ဋ္ဌိတော။
(၎င်းအဖွင့်အဋ္ဌကထာ)

(ဂ) ဓမ္မဋ္ဌောတိ မနုဿောတိဝါ ဒေဝေါတိဝါ သချံ နုဥပေတိ
အနုပါဒိသေသ နိဗ္ဗာနဝသေနာပိ အတ္ထော ဝတ္တဗ္ဗော။
(၎င်းအဖွင့်ဋီကာ)

(က) ဝေဒဂူ၊ ရဟန္တာပုဂ္ဂိုလ်သည်။ ကာယဿ၊ခန္ဓာကိုယ်၏။ဘေဒါ၊ ပျက်ခြင်းကြောင့်။ ဝါ၊ပရိနိဗ္ဗာန် စံခြင်းကြောင့်။ ဓမ္မဋ္ဌော၊ငြိမ်းအေးသော နိဗ္ဗာန်ရွှေနန်း၌ တည်နေသည်ရှိသော်။ သချံ၊ လူ နတ် ဟူသော ရေတွက် ခြင်းသို့။ နောပေတိ နုဥပေတိ၊ မရောက်တော့ပြ။

ခ။ ဓမ္မဋ္ဌောတိ၊ဓမ္မဋ္ဌောဆိုသည်ကား။ အသေက္ခဓမ္မေသု၊ အရဟတ္တဖိုလ်ဟူသော အသေက္ခတရားတို့၌။ (ဋ္ဌိတောမှာစပ်) ဝါ၊ တနည်းကား။ နိဗ္ဗာနေ ဝေ၊ ရုပ်နာမ် ခန္ဓာ တဖန်အသစ်မဖြစ်သော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းသော အနုပါဒိသေသနိဗ္ဗာန်၌သာလျှင်။ ဋ္ဌိတော၊ ငြိမ်းအေးသော သန္တိသဘောဖြင့် အမြဲတည်နေတော့၏။

ဂ။ ဓမ္မဋ္ဌော၊ နိဗ္ဗာန်၌တည်နေသည်ရှိသော်။ မနုဿောတိဝါ၊ လူဟူ၍၎င်း။ ဒေဝေါတိဝါ၊နတ်ဟူ၍၎င်း။ သင်္ချံ၊ ခေါ်ဝေါ်ရေတွက်ခြင်းသို့။ ဝါ၊ ပညတ်ခြင်းသို့။ နဥပေတိ၊ မရောက်တော့။ အနုပါဒိသေသ နိဗ္ဗာနဝသေနာပိ၊ ဝိပါက်ကမ္မဇရုပ် အကြွင်းမဲ့ချုပ်သော အနုပါဒိသေသနိဗ္ဗာန်၏ အစွမ်းဖြင့်လည်း။ အတ္တော၊ နိဗ္ဗာန်၌ တည်နေသည်ဟူသော အနက်ကို။ ဝတ္တဗ္ဗော၊ ပြောဆိုအပ်၏။

( ဤ အဆိုပါ ပါဠိအဋ္ဌကထာ ဋီကာတို့ကို ထောက်၍ တကျာမှ ထွက်မြောက်ပုံကို သိလေ)

(ရှေးဦးစွာ တပါးတည်းသာ) "ကေမေဝ ဟိ နိဗ္ဗာနံ" ဆိုတဲ့ သမ္မောဋ္ဌကထာနှင့်အညီ အဆိုပါ အသင်္ခတဓာတ်နိဗ္ဗာန် တရားတော်မြတ်ကြီးသည် "**ယထာ ယံ ပဒီပေါ အနုပါဒါနော ဓာတဝေဒေါဝိယ**" ကဲ့သို့ လောင်မီးကိလေသာ လောင်စာခန္ဓာ အကြွင်းအကျန် မရှိသောကြောင့် ငြိမ်းအေးသော သန္တိသဘောအားဖြင့်။ ဝါ၊အငြိမ်းဓာတ် အဓာတ်ဖြစ်တဲ့ အသင်္ခတဓာတ် အဖြစ်ဖြင့် တပါးတည်းသာရှိ၏ဟု သိလေ မှတ်လေပါ။

သို့ရာတွင်....ကာရဏပရိယာယအားဖြင့် ခန္ဓာအကြွင်း ရှိ-မရှိကိုစွဲ၍ သဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ဟု နှစ်မျိုးရှိ၏၊ အာကာရဘေဒအားဖြင့် ကိလေသာဆိတ်သုဉ်းခြင်း ကိလေသာ အကြောင်း ကင်းခြင်း ကိလေသာ တောင်းတခြင်း မရှိသည်ကိုစွဲ၍ သုညတနိဗ္ဗာန် အနိမိတ္တနိဗ္ဗာန် အပ္ပဏိဟိတနိဗ္ဗာန်ဟု သုံးမျိုး ရှိ၏၊ ကိလေသ ပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန် ဓာတုပရိနိဗ္ဗာန် စသည်ဖြင့် များသောအပြားရှိ၏ သို့ များသော်လည်း "သန္တိ သိတိဘာဝ လက္ခဏာ" ရှိတဲ့ အသင်္ခတ ပရမတ္ထနိဗ္ဗာန်၏စကားလုယ်

ပရိယာယ် ဝေဝုစ်တို့သာတည်းဟု သိလေမှတ်လေ၊ ထိုတွင် ကိလေသနိဗ္ဗာန် သဥပါဒိသေသနိဗ္ဗာန် သုညတာအနိမိတ္တ အပ္ပဏိဟိတနိဗ္ဗာန်တို့မှာ အရတူ သဘောတူသာမှတ်၊ ခန္ဓပရိနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန် ဓာတုပရိနိဗ္ဗာန် တို့မှာလည်း သဘောတူ။

တနည်း....“ နိဗ္ဗုတ္တိ ဏ္ဏောဂ် နိဗ္ဗာနံ ” ဏ္ဏော၊ ဤငြိမ်းအေးခြင်း သန္တိ လက္ခဏာရှိသော နိဗ္ဗာန်၌။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဝါ၊ ကုန်အောင် စုံသော ကိလေသာခန္ဓာတို့သည်။ ဝါ၊ ရုပ်နာမ်ခန္ဓာ သင်္ခါရတရားတို့သည်။ နိဗ္ဗုတ္တိ၊ အကြောင်းကိလေသာ ကုန်၍ အကျိုးခန္ဓာလည်းကုန်သောကြောင့်။ ဝါ၊ အကြောင်းကိလေသာ အသစ်မဖြစ်၍ အကျိုးခန္ဓာလည်း အသစ် မဖြစ်သောကြောင့်။ ဝါ၊ အကြောင်းကိလေသာပြတ်၍ အကျိုးခန္ဓာလည်း ပြတ်သောကြောင့် လောင်စာကုန်သော မီးကဲ့သို့ အငြိမ်းကြီးငြိမ်း အအေး ကြီး အေးကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုသန္တိသဘောသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

တနည်း....“ နိဗ္ဗုယတေ နိဗ္ဗာနံ ” နိဗ္ဗုယတော၊ ငြိမ်းအေးခြင်း။ နိဗ္ဗာနံ၊ ငြိမ်းအေးခြင်း။ ဝါ၊ တနည်းကား။ နိဗ္ဗုယတော၊ အသစ်မဖြစ်ဘဲ ငြိမ်းခြင်း။ နိဗ္ဗာနံ၊ အသစ်မဖြစ်ဘဲငြိမ်းခြင်း။ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်သော ကြောင့် အရဟတ္တမဂ်နောင်မှာ အကြောင်းကိလေသာ အသစ်မဖြစ်တော့ သည်ဖြစ်၍ အရဟန္တစုတိနောင်မှာလည်း အကျိုးခန္ဓာလည်း အသစ် မဖြစ် တော့ဘဲ အကြောင်းကိလေသာ အသစ်အသစ်ဖြစ်မှု အကျိုးခန္ဓာ အသစ် အသစ်ဖြစ်မှု အပြီးအပြတ် လက်စသတ် ငြိမ်းအေးနေတဲ့အငြိမ်းဓာတ် အအေး ဓာတ် သက်သက်သာဖြစ်နေတဲ့ မည်သည့်တရား မည်သူ့ကာမှ မပြုပြင်တဲ့ အသင်္ခတဓာတ်ကို နိဗ္ဗာန်ဆိုသည်ဟု သိလေ မှတ်လေ။

အဆိုပါ အငြိမ်းဓာတ် အအေးဓာတ်ဖြစ်တဲ့ နိဗ္ဗာန်ကိုပင် မဂ်ခိတ် ဖိုလ် စိတ်တို့ဖြင့် အာရုံပြု၍ပြု၍ သတ္တဝါ သူငါတို့သန္တာန်၌ အနုသယအနေ အားဖြင့် အမြဲတန်း ကိန်းဝတ် ငုတ်လျှိုးနေတဲ့ အဝိဇ္ဇာ တဏှာ စသော ကိုယ်တွင်းရှိ ကိလေသာ အမိုက်အမဲ အပူအရှုတ်တို့သည် တစတစ၊ ဝါ- ဘမဂ်ထက် တမဂ် ကုန်ကြ ခန်းကြ ပျောက်ကြ ပျက်ကြကုန်၏။

ထို့ကြောင့်ပင်....

" ဝေံ အဝိဇ္ဇာ စ တဏှာ စ တံ အာဂမ္မ တမှိ ခီဏံ တမှိ ဘဂ္ဂံ "

ဟု ဟောတော်မူခဲ့ပေသည်။

အနက်....ဝေံ၊ ဤသို့။ အဝိဇ္ဇာ စ၊ သစ္စာလေးတန်, ပုဗ္ဗာန်ပရန်, ပုဗ္ဗန္တ ပရန္တ ပဋိစ္စသမုပ္ပါဒ ဤရှစ်ဌာန၌ မသိတွင်းနက်၍ မသိချက် ဆိုးဝါးလှတဲ့ အဝိဇ္ဇာသည်၎င်း။ တဏှာ စ၊ ရှိသမျှဥဿုံ အလုံးစုံများပြား ကာမဂုဏ်ငါး ဘုံသုံးပါးတို့၌ တပ်မက်တွယ်တာသော တဏှာသည်၎င်း။ တံ၊ ထိုချမ်းသာ အမှန် မြတ်နိဗ္ဗာန်ကို။ အာဂမ္မ၊ စွဲ၍။ ဝါ၊ ရောက်၍။ ဝါ၊ အာရုံပြုသော အားဖြင့် ရောက်၍။ (ဘဂ္ဂံမှာ စပ်) တမှိ၊ ထိုနိဗ္ဗာန်ကြောင့်။ ခီဏံ၊အဝိဇ္ဇာ တဏှာကုန်လေပြီ။ တမှိ၊ ထိုနိဗ္ဗာန်ကြောင့်။ ဘဂ္ဂံ၊ အဝိဇ္ဇာ တဏှာ စသော ကိလေသာတို့ဟာ ကျိုးပဲ့ပျက်စီးကြလေကုန်ပြီ။

အဆိုပါ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အာရုံပြု၍ပင်လျှင် ရာဂ စသော တဆဲ့တသီး အပူမီးတို့သည် တမဂ်ထက် တမဂ် ငြိမ်းအေးငြိမ်းအေး သွားကြလေကုန်၏၊ ထိုကြောင့်ပင်....

**ယသ္မာ ပနေတံ အာဂမ္မ ရာဂါဒယော ဒိယန္တိ တသ္မာ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော တိ ဝုတ္တံ အယ မေတ္ထ အာစရိယာနံ သမာနတ္ထကထာ။** (သမ္မော ဠှကထာ)

အနက်....ယသ္မာပန၊ အကြင့်ကြောင့်ကား။ တော၊ထိုနိဗ္ဗာန်ကို။အာဂမ္မ၊ စွဲ၍။ ဝါ၊အာရုံပြု၍။ ဝါ၊ အာရုံပြုရသောကြောင့်။ ရာဂါဒယော၊ ရာဂ စသော ကိလေသာတို့သည်။ ဝါ၊ ရာဂ, ဒေါသ,မောဟ,ဇာတိ, ဇရာ,မရဏ, သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ ဟူသော တဆဲ့တသီး အပူ မီးတို့သည်။ ဒိယန္တိ၊ မဂ်သတ္တိ ဖိုလ်သတ္တိ အာနုဘော်ကြောင့် ကုန်ခမ်း ငြိမ်းသေကြလေကုန်၏။ တသ္မာ၊ ထိုကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ ရာဂက္ခ ယော... ပ....မောဟက္ခယောတိ၊ ခယောဟူ၍။ ဘဂဝါ၊ မြတ်စွာဘုရား သည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိအယံ၊ ဤဆိုအပ်ခဲ့ပြီးသော အဆုံး အပြတ်သည်ကား။ ဧတ္ထ၊ ဤနိဗ္ဗာန်ကို ဆုံးဖြတ်ရာ၌။ အာစရိယာနံ၊ အဋ္ဌ ကထာ ဆရာ့ဆရာတို့၏။ သမာနတ္ထကထာ၊ သဘောတူဆုံးဖြတ်ကြသော နိဗ္ဗာန်အဆုံးအဖြတ်ပေတည်း။

## ဝိဂ္ဂဟ်နှင့် အရကောက်များ

ဤ၌ ရာဂက္ခယောဟူသောပုဒ်ကို " ရာဂေါ ခီယျတိ ဧတ္ထာတိ ရာဂက္ခယော "ဟု အဓိကရဏသာဓ် ဝိဂ္ဂဟ်ပြု၍ အရကောက်ကိုပြဆိုဦးအံ့....

ရာဂဟူသော ရှေးပုဒ်အရကား-ရာဂဟုဆိုအပ်သော လောဘစေတသိက်ကို ရ၏၊ ခီဓာတ်အရ နိဗ္ဗာန်ဟုဆိုအပ်သော အသင်္ခတဓာတ်ကို အာရုံပြု၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ ရာဂကို ပယ်သတ်တတ်သော ပဟာယကသတ္တိသည် မုချအားဖြင့် ရ၏၊ မဂ်သည် ပယ်သတ်အပ်သော ရာဂ၏ မရှိခြင်း ကုန်ခြင်း အဘာဝသည် ကာရဏ္ဍ ပစ္စယသတ္တိ အားဖြင့် ရ၏၊ ဧတ္ထဟူသော အဓိကရဏသာဓ်၏အရကား ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့အား တည်သောနိဗ္ဗာန်ဟုဆိုအပ်သော အသင်္ခတဓာတ် ရ၏၊ အာရမ္မဏ အာရမ္မဏာဓိပတိပစ္စယသတ္တိသည် ဥပနိဿယပစ္စယသတ္တိအားဖြင့် ရ၏၊ ဏ-ပစ္စည်း၏အရကား ထိုမုချ ဥပနိဿယပစ္စယသတ္တိတို့ဖြင့် မှတ်အပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော အသင်္ခတဓာတ်ကိုရ၏ဟု မှတ်ရမည်။ (ဤကား-ဝိဂ္ဂဟ်အရကောက်တည်း)

### နိဗ္ဗာန်၏ ဂုဏ်ပုဒ်များ

၁။ အဇဇ္ဇရံ ... ဇရာဘေးဖြင့် ဆွေးမြေ့ အိုမင်း ဟောင်းနွမ်းခြင်း မရှိသော နိဗ္ဗာန်။

၂။ ဓုဝံ .... မြဲမြံ အေး ခြင်း သဘောဖြင့် မြဲမြံ ခိုင်ခန့်သော နိဗ္ဗာန်။

၃။ အပလောကိကံ.... မိမိလည်း ပျက်စီးခြင်းမရှိ, မိမိနိဗ္ဗာန်သို့ရောက်သူတို့ကိုလည်း မပျက်စီးစေနိုင်သော နိဗ္ဗာန်။

၄။ အနိဒဿနံ .... ပကတိမျက်စိဖြင့် မမြင်စကောင်း, မဂ်ဉာဏ် ဖိုလ်ဉာဏ် မျက်စိ တို့ဖြင့်သာ မြင်စကောင်းသော နိဗ္ဗာန်။

၅။ နိပ္ပပဉ္စံ .... တဏှာ, မာန, ဒိဋ္ဌိ ဟူသော ပပဉ္စတရား မရှိရာဖြစ်သော နိဗ္ဗာန်။

၆။ သန္တံ .... တဆဲ့တသီး အပူမီးတို့၏ ငြိမ်းအေးရာ ဖြစ်သော နိဗ္ဗာန်။

၇။ အဇာတိ .... တဖန်တဖန် ပြန်၍ ပြန်၍ ပဋိသန္ဓေနေရခြင်း မရှိသော နိဗ္ဗာန်။
၈။ အဇရ .... မိမိလည်းမအို မိမိကိုမှီခိုသောသူတို့ကိုလည်း မအိုစေနိုင်သော နိဗ္ဗာန်။
၉။ အဗျာဓိ .... မိမိလည်းမနာ, မိမိသို့ ရောက်လာသော သူတို့ကိုလည်း မနာစေနိုင်သော နိဗ္ဗာန်။
၁၀။ အမတံ .... မိမိလည်းမသေ မိမိသို့ရောက်လာသော သူတို့ကိုလည်း မသေစေနိုင်သော နိဗ္ဗာန်။
၁၁။ ပဏီတံ .... ဆိုအပ်ပြီးသော ဂုဏ်တို့ကြောင့် မွန်မြတ်လှစွာသော နိဗ္ဗာန်။
၁၂။ သိဝံ .... အေးမြ ချမ်းသာလှသော နိဗ္ဗာန်။
၁၃။ ခေမံ .... ဘေးပေါင်းကင်းစေရန်မျိုးကြဉ်သော နိဗ္ဗာန်။
၁၄။ တဏှက္ခယံ .... တဏှာကို ကုန်စေတတ်သော နိဗ္ဗာန်။
၁၅။ အစ္ဆရိယံ .... အံ့ဘွယ်သရဲ အံ့အဲလောက်သော နိဗ္ဗာန်။
၁၆။ အဗ္ဘုတံ .... တရံတဆစ် ရှေးက မဖြစ်ဘူးတဲ့ အထူးဖြစ်ပေါ်လာပြီးနောက် မပျောက် မပျက် အမြဲတည်သော နိဗ္ဗာန်။
၁၇။ အနီတိကံ .... ဆင်းရဲဘေးဒဏ် ရန်မာန်ကင်းရာဖြစ်သောနိဗ္ဗာန်။
၁၈။ နိဗ္ဗာနံ .... ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း၍ ဇာတ်သိမ်းရာ ဖြစ်သော နိဗ္ဗာန်။
၁၉။ အဗျာပဇ္ဇံ .... တစုံတခု ဘေးရန်မှုကြောင့် ကြောင့်ကြစရာမရှိတဲ့ နိဗ္ဗာန်။
၂၀။ ဝိရာဂေါ .... ရာဂကင်းဝေးရာဖြစ်သော နိဗ္ဗာန်။
၂၁။ သုဒ္ဓိ .... တထောင့်ငါးရာ ကိလေသာတို့မှ စင်ကြယ်ရာဖြစ်သော နိဗ္ဗာန်။
၂၂။ ဝိမုတ္တိ .... ဘုံသုံးပါးတို့မှ လွတ်ရာဖြစ်သော နိဗ္ဗာန်။
၂၃။ အနာလယံ .... တွယ်တာခြင်း တဏှာတို့၏မသိလာနိုင်ရာဖြစ်သော နိဗ္ဗာန်။

၂၄။ ဒီပံ .... သဘော်ပျက်ပြား ရေဝယ်မျောသွားသဘော်သား တို့၏ မှီခိုရာ ကျွန်းသောင်ကြီးကဲ့သို့ သံသရာဝယ် ထောက်တည်ရာမရ မျောသွားကြသူ ဝေနေယျ တို့၏ မှီခိုရာဖြစ်သော နိဗ္ဗာန်။

၂၅။ လေဏံ .... မိုးစွပ်နေပူ ရန်သူနှိပ်စက် ထွက်ပြေးရသူ တို့၏ ပုန်းအောင်းရာ ကျောက်ဂူကြီးကဲ့သို့ သံသရာ ဒုက္ခ ဖြင့် နှိပ်စက်ခံရသူ ဝေနေယျ လူတို့၏ပုန်းအောင်း မှီခိုရာဖြစ်သော နိဗ္ဗာန်။

၂၆။ တာဏံ .... ခန္ဓာဝန်ဒုက္ခတို့ဖြင့် နှိပ်စက်ကုန်သူတို့ကို မနှိပ်စက် ရအောင် စောင့်ရှောက်ကယ်ဆယ် ကိုးကွယ်ရာ ဖြစ်သော နိဗ္ဗာန်။

၂၇။ သရဏံ .... ဘေးဒုက္ခဟူသမျှတို့ကို မွမွကြေအောင် ဖျက်ဆီး ပေတတ်သော နိဗ္ဗာန်။

၂၈။ ဝါ-သရဏံ .... ဇာတိ ဇရာစသော ဘေးတို့ကို ဖျက်ဆီးတတ်သည် ဖြစ်၍ နိဗ္ဗုတပုဂ္ဂိုလ်တို့၏ ကိုးကွယ်မှီခိုရာဖြစ်သော နိဗ္ဗာန်။

၂၉။ ပရာယနံ .... သံသရာရေး တကဲ့ဘေးမှ ပြေးသွား ခိုနေရာ ဖြစ် သော နိဗ္ဗာန်။

၃၀။ အမရဏံ .... မအို မသေ အမြဲနေ၍ သေခြင်းမရှိရာ ဖြစ်သော နိဗ္ဗာန်။

ဤသို့စသည်ဖြင့် ပါဠိဋ္ဌကထာ ဋီကာကျမ်းတို့၌ နိဗ္ဗာန်၏ဂုဏ်ပုဒ်တို့သည် မရေမတွက်နိုင် များပြားစွာ လာရှိကုန်၏၊ သို့လာရှိသော်လည်း သစ္စာ လေးပါးတို့တွင် တတိယသစ္စာ ခေါ်သော နိရောဓသစ္စာဘွဲ့ ထိုက်သော ပရမတ္ထဓမ္မ အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်တပါးတည်း၏ ဝေဝုစ်ပရိယာယ် စကားလဲလှယ်၍ ဟောတော်မူခြင်းမျှသာ ဖြစ်သည်ဟု သိမှတ်အပ်သည်။

မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ဟူသည် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့၏ နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သော ပဟာယက သတ္တိ ရှိသော မဂ်ကြောင့် ရာဂ စသော ကိလေသာခန္ဓာတို့၏ကုန်ဆုံးချုပ်ငြိမ်းရာ

ချုပ်ငြိမ်းကြောင်းဖြစ်သော ငြိမ်းအေးသောသဘော အေးမြသောသဘော ချမ်းသာသောသဘော သီတိဘာဝ သန္တိလက္ခဏာရှိ၍ နိရောဓသစ္စာ ထိုက်သော ပရမတ္ထအားဖြင့် နိစ္စ သုခ အနတ္တအနေ အမြဲတမ်း ထင်ရှားရှိသော အငြိမ်းခတ် အအေးခတ် သက်သက်သာဖြစ်သော အသင်္ခတခတ်ကို နိဗ္ဗာန်ဆို၏။ (ဤကား-အယူအဆ တူညီကြတဲ့ ဋ္ဌကထာဆရာတို့၏ သမာန ဝါဒတည်း)

## အယူအဆမတူ ဝိတဏ္ဍာဝါဒီတို့အယူ

သမာနဝါဒီအယူအဆ တူညီမျှသော ဋ္ဌကထာဆရာတို့၏ နိဗ္ဗာန် အယူ အဆကို ပြဆိုပြီး၍ ထိုဆရာတို့နှင့်မတူ အယူကွဲပြား တမျိုးတခြား ဆန့်ကျင် ဘက် ဂွ-ဂလန့်ကျအောင် ယူဆတတ်သော ဝိတဏ္ဍာဝါဒီ ဆရာတို့၏၊ ဝါ- ဘေးဖေါက်သမားတို့၏၊ ဝါ-အတိုက်အခံသမားတို့၏ နိဗ္ဗာန်အယူအဆကို ပြဆိုဦးအံ့။

အဆိုပါ ဝိတဏ္ဍာဝါဒီဆရာတို့ အယူအဆကတော့ မဂ် ဖိုလ်တို့၏ အာရုံ ဖြစ်သော ငြိမ်းအေးသောသဘောဖြင့် ထင်ရှားရှိနေသော အသင်္ခတခတ် ဖြစ်သော နိဗ္ဗာန်လို့ တမျိုးသီးခြား တပါးမရှိတော့ပြီ၊ ရာဂ စသော ကိလေသာကုန်သွားခြင်းပင် နိဗ္ဗာန်မည်၏ ယူဆသည်၊ အဘာဝပညတ်ကို နိဗ္ဗာန်ဟု ယူမှားခြင်းပင်တည်း၊ ထင်ရှားစေဦးအံ့—ကိလေသာကုန်ခြင်းသည် ဝါ-ကုန်သွားပြီးသော ကိလေသာသည် ဘာတခုမှမရှိတော့ မကြွင်းကျန် တော့သည်ဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အဘာဝပညတ်မျှသာ တည်း၊ နိဗ္ဗာန်ကား မျက်မြင်ထင်ရှားရှိသော ပရမတ္ထတရား လေးပါးတို့တွင် တပါးအပါအဝင်ဖြစ်သည့်ပြင် အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး တို့တွင် ဓမ္မာယတန ဓမ္မဓာတ် တပါးဖြစ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော သဘာဝပရမတ် တည်း၊ ဤလိုဤပုံ ပရမတ်အားဖြင့် ထင်ရှားမရှိတဲ့ အဘာဝ ပညတ်နှင့် ပရမတ္ထအားဖြင့် ထင်ရှားရှိတဲ့ သဘာဝပရမတ်ကို ခွဲ၍ မသိတတ် သည့် အတွက် အယူအဆ မှားခြင်း ဖြစ်လေသည်၊ စကတဲကပင် လွဲမှား လေပြီ၊ ဒေါက်ရှောက်လွဲမှားတော့လတ္တံ့၊ ကိလေသနိဗ္ဗာန် သဉပါဒိသေသ နိဗ္ဗာန်ဟု ယူလျှင်မူကား ခံသာသေး၏။

ထိုအခါ အဆိုပါ ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်ကို သမာနဝါဒီ ပုဂ္ဂိုလ်တို့က ကိလေသာကုန်ခြင်းမျှကို ပရမတ်နိဗ္ဗာန်ဆိုလျှင် သင်ဆိုတဲ့ သင်ယူတဲ့အတိုင်း ဘုရားဟောပါဠိများကို ပြနိုင်ပမလားလို့ မေးကြတဲ့ခါ ဝိတဏ္ဍဝါဒီက–

**နိဗ္ဗာနံ နိဗ္ဗာနန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ ကတမံ နု ခေါ နိဗ္ဗာနန္တိ ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ နိဗ္ဗာနံ။** ။ဟု ဇမ္ဗုခါဒကသုတ်၌ ရှင်သာရိပုတ္တရာ ဟောထားတဲ့ ပါဠိကို ထုတ်ပြ၏။

အဓိပ္ပါယ်ကား....ငါ့ရှင် သာရိပုတ္တရာ သူက ငါက နိဗ္ဗာန် နိဗ္ဗာန်ဟု တညံ့ညံ့ပြောဆိုနေကြ၏၊ နိဗ္ဗာန်သည် အဘယ်ဟာပါနည်းဟု ရဟန်းတို့က မေးကြတဲ့ခါ ရှင်သာရိပုတ္တရာက ငါ့ရှင်တို့ အကြင် ရာဂ၏ ဒေါသ၏ မောဟ၏ ကုန်ရာကုန်ကြောင်းသည် ရှိ၏၊ ဤလောဘ ဒေါသ မောဟတို့၏ ကုန်ရာကုန်ကြောင်းကို နိဗ္ဗာန်ဆိုအပ်၏ဟု ဖြေ၏။

တဖန် သမာနဝါဒီတို့က ဝိတဏ္ဍဝါဒီအား စကားကျကိုကောက်ခြင်းငှါ၊ ဝါ-ဖွတ်မှီးနှင့် ဖွတ်တုတ်ဆိုတာလို့ သူ့စကားနှင့် သူ့ကိုပြန်တုတ်မိစေခြင်းငှါ သင်သည် ဤသုတ်ကို ဆောင်ပြအပ်ပေပြီ၊ တပါးသော သုတ်ကို ထုတ်ဆောင်၍ ပြဦးလော့ဟု ထပ်၍မေးကြတဲ့ခါ–

**အရဟတ္တံ အရဟတ္တန္တိ အာဝုသော သာရိပုတ္တ ဝုစ္စတိ ကတမံ နု ခေါ အရဟတ္တန္တိ ယော ခေါ အာဝုသော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော ဣဒံ ဝုစ္စတိ အရဟတ္တံ။** ။ ဤသုတ်ကိုထုတ်ပြပြန်၏။

အဓိပ္ပါယ်ကား....ငါ့ရှင် သာရိပုတ္တရာ, သူက ငါက အရဟတ္တဖိုလ် အရဟတ္တဖိုလ်ဟု တညံ့ညံ့ပြောဆိုနေကြ၏၊ အရဟတ္တဖိုလ်သည် အဘယ်ဟာပါနည်းဟု ရဟန်းတို့က မေးကြတဲ့ခါ ရှင်သာရိပုတ္တရာက ငါ့ရှင်တို့ အကြင် ရာဂ၏ ဒေါသ၏ မောဟ၏ ကုန်ရာသည်ရှိ၏၊ ဤလောဘ,ဒေါသ,မောဟ၏ ကုန်ရာကို အရဟတ္တဖိုလ်ဆိုအပ်၏ဟု ဖြေ၏။

ဤလို ဝိတဏ္ဍက အကိုးအကားထုတ်ပြတဲ့ခါ သမာနဝါဒီတို့က ငါ့ရှင် ဝိတဏ္ဍ သင် ထုတ်ပြအပ်သော ပါဠိ၌ ရှင်သာရိပုတ္တရာသည် နိဗ္ဗာန်ကို မေးတဲ့ခါ လောဘ,ဒေါသ,မောဟတို့၏ကုန်ကြောင်းကို နိဗ္ဗာန်ဟုဖြေဆို၏။

တဖန် အရဟတ္တဖိုလ်ကို မေးတဲ့ခါလည်း လောဘ, ဒေါသ, မောဟတို့၏ ကုန်ရာကို အရဟတ္တဖိုလ်ဟု ဖြေဆို၏၊ ဤလို ဖြေဆိုတဲ့ ရှင်သာရိပုတ္တရာ၏ အာဘောဂနှလုံးသွင်းကို သင် ရိပ်စားမိရဲ့လား၊ မရိပ်စားမိလို့ သင် အယူ အဆ မှားတာဘဲ, နောက်ကို ဤလို မယူမှားမိစေနှင့်။

နိဗ္ဗာန်နှင့် အရဟတ္တဖိုလ်ဟာ တူသလား,ထူးသလား,သင်ပြန်၍စဉ်းစား နိဗ္ဗာန်ကား-စိတ်,စေတသိက်, ရုပ်,နိဗ္ဗာန် ဆိုတဲ့ ပရမတ္ထတရား လေးပါးတွင် တပါး အပါအဝင်ဖြစ်သည့်ပြင် ဓမ္မာယတန ဓမ္မဓာတ်၌ တွက်ကျုံးဝင် သော ပရမတ်အားဖြင့် ထင်ရှားရှိသော သဘာဝ အသင်္ခတ တရားတည်း။ အရဟတ္တဖိုလ်ကား-နာမက္ခန္ဓာလေးပါးတွင် ပါဝင်သော သင်္ခတ တရား တည်း။ သင်္ခတနှင့် အသင်္ခတ၊ ပြုပြင်အပ်တာနှင့် မပြုပြင်အပ်တာ၊ ဖြစ် ပျက်တာနှင့် မဖြစ်ပျက်တာ၊ ဖြစ်ခြင်း ပျက်ခြင်းရှိတာနှင့် ဖြစ်ခြင်းပျက်ခြင်း မရှိတာ၊ ဆင်းရဲနှိပ်စက်တာမှန်တာနှင့် ချမ်းသာ မြဲတာမှန်တာ၊ ဤလိုဤပုံ နိဗ္ဗာန်နှင့် အရဟတ္တဖိုလ်ဟာ သဘော သဘာဝတ္ထအားဖြင့် ထူးခြားကြ သည် မတူဟု သိလေဟု သမာနဝါဒီတို့က ဝိတဏ္ဍဝါဒီကို လမ်းမှန်ပြ၍ ဓမ္မ အားဖြင့် နှိပ်စက်ကြ၏။

မှတ်ချက်—ဤ၌ရာဂက္ခယ-ရာဂ၏ကုန်ရာကိုအရဟတ္တဖိုလ်ဟု ရှင်သာရိပုတ္တရာ ဖြေဆိုတော်မူသည်မှာ ရာဂစသည်တို့၏ကုန်ရာအဆုံး၌ ထိုအရဟတ္တ ဖိုလ် တရား ဖြစ်ပေါ်လာသည် ဖြစ်သောကြောင့် ထိုအရဟတ္တဖိုလ် တရားသည် ရာဂစသော ကိလေသာတို့၏ကုန်ခြင်းအဆုံးနှင့် လွန်စွာ နီးကပ်နေသောကြောင့် သမီပူပစာ၏ အစွမ်းအားဖြင့် ရာဂစသည် ၏ ကုန်ရာကိုပင် အရဟတ္တဖိုလ်ဟု ဖြေတော်မူသည်ဟု အဓိပ္ပါယ် အမှန်ကို ယူ။

ထိုသို့ ယူစေလိုသောကြောင့်ပင်—

၁။ ရာဂါဒီနံ ခီယန္တေ ဥပ္ပန္နတ္တာ အရဟတ္တံ ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော တိ ဝုစ္စတိ။ (သမ္မော ဋ္ဌကထာ)

၂။ ယသ္မာ အဝိဇ္ဇာဒီနံ နိရောဓာနန္တရမ ခီဏာကာရေပိ ဝုစ္စတိ အရဟတ္တမ္ပိ နိဗ္ဗာနမ္ပီတိ။ (ဒုံ-အင်္ဂုတ္တရဋ္ဌ)

၃။ ရာဂက္ခယောတိ ရာဂဿခယော ခီဏာကာရော။
(ဣတိဝုတ်-ဌ)တို့၌ ဖွင့်ပြကြသည်။

အဆိုပါ သမ္မော,အင်္ဂုတ္တရ,ဣတိဝုတ္တကဋ္ဌကထာတို့အရ လိုရင်းအချုပ်မှာ အနက်ပေး အနက်ဘော်သာ ပခာနဖြစ်သည်၊ ရာဂက္ခယ, ဒေါသက္ခယ, မောဟက္ခယ နိဒ္ဒေသသဒ္ဒါတို့၌ ပါရှိသော ကုန်ခြင်း ချုပ်ခြင်းဟော ခယ သဒ္ဒါ, နိဒ္ဒေသ သဒ္ဒါသည် သက်ဆိုင်ရာသို့လိုက်၍ အရဟတ္တဖိုလ်ကိုလည်း ဟောနိုင်, နိဗ္ဗာန်ကိုလည်းဟောနိုင်,ကိလေသာကုန်ကာမျှ အဘာဝကိုလည်း ဟောနိုင်သည်ဖြစ်၍ အဆိုပါ ရာဂက္ခယ စသည်ကို အရဟတ္တဖိုလ်နှင့်ဆိုင်တဲ့ ခါ၊ ဝါ-" နိဗ္ဗာန သစ္ဆိကိရိယာနာမ ဣဓ အရဟတ္တဖလံ နိဗ္ဗာနန္တိ အဓိပ္ပေတံ" လို့ အရဟတ္တဖိုလ်ကို ဟောတဲ့ခါ ရာဂ၏ကုန်ရာဟု အနက်ပေးရမည်၊ နိဗ္ဗာန် နှင့်ဆိုင်၍ နိဗ္ဗာန်ကိုဟောတဲ့ခါ ရာဂ၏ ကုန်ရာကုန်ကြောင်းဟု အနက်ပေးရ မည်၊ကိလေသာကုန်ကာမျှနှင့်ဆိုင်တဲ့ခါ ရာဂ၏ကုန်ခြင်းဟုအနက်ပေးရမည်၊ ဤလို အရာဋ္ဌာနကိုကြည့်၍ အနက်ပေး အနက်ဘော်မှန်ကန်မှသာ အဓိပ္ပါယ် မှန်ကို ယူဆတတ်ကြပေမည်၊ သာဓကတို့၏ ပါဠိအနက်မှာ လွယ်လှ၍ မရေးလိုက်ပြီ။

**အာရုံအာရမ္မဏိက**....နိဗ္ဗာန်ကား အာရုံ, မဂ်စိတ် ဖိုလ်စိတ်တို့ကား အာရမ္မဏိက ဤပုံ အာရုံ အာရမ္မဏိကဖြစ်ကြသည်၊ အာရုံကား အကြောင်း တရား, အာရမ္မဏိကကား-အကျိုးတရား, နိဗ္ဗာန်အာရုံကို အာရုံပြုသော ကြောင့်သာ၊ ဝါ-နိဗ္ဗာန်အာရုံကြောင့်သာ ကိလေသာကုန်ခြင်းဖြစ်သည်၊ ကိလေသာကုန်ရာ ကိလေသာကုန်တဲ့အဆုံးမှာမှ အရဟတ္တမဂ် ဖြစ်ပေါ်လာ သည်၊ ထိုကြောင့် နိဗ္ဗာန်တရားတော်မြတ်ကြီးသည် ရာဂစသော ကိလေသာ တို့၏ ကုန်ရာ ကုန်ကြောင်း ဖြစ်လေသည်။

**ဝိတဏ္ဍဝါဒီကား**....ကိလေသာကုန်ကာမျှ ကိလေသာ၏ မရှိခြင်းမျှ အဘာဝပညတ်ကို ပရမတ်နိဗ္ဗာန်ဟု အယူရှိလေသည်။ **သမာနဝါဒီတို့ကား**— ကိလေသာကို ကုန်စေတတ်သော မဂ်အကျင့်ကို မကျင့်သောကြောင့်သာ ကိလေသာကြောင့် ခန္ဓာ ဖြစ်ပျက် မွေးသေ သံသရာရှည်၍ နေကြရသည်၊ ကိလေသာကို ကုန်စေတတ်သော မဂ်အကျင့်ကို ကျင့်တဲ့ခါ အရဟတ္တမဂ်

နောင်မှာ ကိလေသာအလုံးစုံကုန်၍ အနုပါဒိသေသနိဗ္ဗာနသို့ ရောက်သောနောင်မှာ ခန္ဓာအလုံးစုံ ကုန်၍ အကြောင်းကိလေသာလဲ အသစ် မဖြစ်တော့သည်ဖြစ်၍ အကျိုး ရုပ်နာမ်ခန္ဓာလဲ အသစ်မဖြစ်တော့ဘဲ ကိလေသာ ခန္ဓာ အသစ်အသစ်ဖြစ်မှု အပြီးအပြတ် လက်စသတ် အသစ်မဖြစ်တော့ဘဲ အမြဲ ငြိမ်းအေးသွားသော အမြဲငြိမ်းအေး၍နေသော ပရမတ်အားဖြင့်ထင်ရှားရှိနေသော အငြိမ်းခတ် အအေးခတ် သက်သက်သာ ဖြစ်၍နေသော အသခ်တဓာတ်ကို ပရမတ် နိဗ္ဗာန်ဟု အယူရှိကြသည်၊ သမာနဝါဒီတို့အယူသာ ပါဠိဋ္ဌကထာ ဋီကာတို့ နှင့်ကိုက်ညီ၍ အမှန် မှတ်ရမည်၊ အမှန်ယူရမည်၊ ကိလေသာခန္ဓာ ကုန်ကာ မျှသည် ကိလေသပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန်သာဖြစ်၏၊ သန္တိလက္ခဏာသာ ရှိသော ပရမတ်နိဗ္ဗာန်ကား မဖြစ်နိုင်ချေ၊ ဝိတဏ္ဍဝါဒီတို့ ဤသို့အယူအဆ မှားယွင်းခြင်းသည် အဘာဝပညတ်နှင့် သဘာဝ ပရမတ်ကို အထက်မသိ သောကြောင့်၊ ဝါ-ခွဲခြား၍ကွဲပြားအောင်မသိသောကြောင့် ယူမှားမိလေ သည်။

## မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်

" မဂ္ဂဖလာနမာလမ္ဗဏဘူတော အသင်္ခတဓမ္မော "နှင့်အညီ နိဗ္ဗာန်ဆိုတဲ့ တရားကား အာရုံအကြောင်းတရား, မဂ်စိတ် ဖိုလ်စိတ်ဆိုတဲ့ တရားကား အာရမ္မဏိက အကျိုးတရား, ဤသို့ အကြောင်း အကျိုးဖြစ်နေ၍ အကြောင်း ဖြစ်သော နိဗ္ဗာန်ကိုအာရုံပြုမှ ပြုတဲ့အတိုင်း နိဗ္ဗာန်အာရုံသို့ စိတ်ရောက်ပါမှ သခ်ါရတို့၏ ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းဖြစ်သော နိဗ္ဗာန်ကို မတွေ့မဝေ တွဲတဲ့ရှင်းရှင်း ပစ္စက္ခဒိဋ္ဌ မျက်မှောက် မြင်သိတတ် အာရုံပြုတတ်သော အကျိုးဖြစ်သော အာရမ္မဏိက မဂ်စိတ် ဖိုလ်စိတ်များ ဖြစ်ပေါ်နိုင်ပေသည်၊ ဤသို့ မဂ်စိတ် ဖိုလ်စိတ် ဖြစ်ပေါ်မှုလဲဘဲ မိမိတို့ လိုလား တောင်းတနေကြတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင် ရောက်နိုင်ကြပေမည်။

## အာရုံ အာရမ္မဏိက

နိဗ္ဗာနံ မဂ္ဂဿ စ ဖလဿ စ အာရမ္မဏ ပစ္စယေန ပစ္စယော "ဆိုတဲ့ ပဋ္ဌာန်းနှင့်အညီ မဂ်စိတ် ဖိုလ်စိတ်ဆိုတဲ့ အာရမ္မဏိက အကျိုးတရားတို့မှာ နိဗ္ဗာန်ဆိုတဲ့ အကြောင်းအာရုံကြောင့်သာ၊ ဝါ-နိဗ္ဗာန်ကို အာရုံပြုရသော

ကြောင့်သာ ဖြစ်ပေါ်လာနိုင်ပေသည်၊ ဤပုံအကြောင်းဖြစ်တဲ့ နိဗ္ဗာန်ကို အာရုံမပြုတတ်ပါလျှင် အကျိုးဖြစ်သော မဂ်စိတ် ဖိုလ်စိတ်တို့လဲ ဖြစ်ပေါ် လာနိုင်တော့မည်မဟုတ်၍ မဂ်ဖိုလ်ကိုလဲ ရနိုင်ရောက်နိုင်တော့မည်မဟုတ်ပေ၊ ဤလိုဤပုံ နိဗ္ဗာန်ဆိုတဲ့ အာရုံနှင့် မဂ်စိတ် ဖိုလ်စိတ်ဆိုတဲ့ အာရမ္မဏိကနှစ်ပါး တို့ဟာ တွဲတွဲကြီး အာရုံ အာရမ္မဏိက ဖြစ်သွားကြသည်ကိုပင် နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်, မဂ်ဖိုလ်နိဗ္ဗာန်ကို ရတယ် ရောက်တယ်ဟု ကျမ်းဂန်တို့၌ အဆိုရှိသည် ဆိုရသည်။

### ပဟာယကနှင့် ပဟာတဗ္ဗ

ဤလို အာရုံ အာရမ္မဏိက ဖြစ်သွားကြတယ်ဆိုရင်ဘဲ ပဟာယက ပဟာ တဗ္ဗတို့လဲ တချက်ထဲဖြစ်သွားတော့တာဘဲ၊ ထိုတွင် မဂ်စိတ် ဖိုလ်စိတ်ကား ပဟာယက တရား၊ မဂ်သည် ပယ်အပ်သော ကိလေသာကား ပဟာတဗ္ဗ တရား၊သောတာပတ္တိမဂ်မှာဆိုလျှင် သောတာပတ္တိ မဂ်စိတ် ဖိုလ်စိတ်တို့ကား ပဟာယကတရား၊ သောတာပတ္တိ မဂ်သည် ပယ်အပ်သော ဒိဋ္ဌိဝိစိကိစ္ဆာ ကိလေသာတို့ကား ပဟာတဗ္ဗတရား၊ အထက် မဂ်တို့မှာလည်း ဆိုင်ရာမဂ်နှင့် ဆိုင်ရာကိလေသာတို့ ပဟာယက ပဟာတဗ္ဗဖြစ်ပုံတို့ကို သိရှိကြပါလေ။

....................

### နိဗ္ဗာန်အာရုံကို အာရုံပြုပေးရပုံ

**ဝိပဿနာ တော် သင်္ခါ ရေတော် ပဏ္ဏတ္တိ အသခ်တာယ ဓာတုယာ စိတ္တံ ဥပသံဟရတိ မဂ္ဂေါ ပရိနိဗ္ဗာနသင်္ခ ကိရိယာဘိသမယဝသေန အာဘိ သမေန္တော တတ္ထ လမ္ဘမာနေ သဗ္ဗေ ဝိသယေ အသမ္မောဟတော ပရိဝိဇာနန္တော တတ္ထ စိတ္တံ ဥပသံဟရတိ။** (မဇ္ဈိ ပဏ် ဋီကာ)

အနက်....ဝိပဿနာ၊ စတုသစ္စကမ္မဋ္ဌာန်းကို စီးဖြန်းနေသော ယောဂီ ပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည်။ တော်၊ ဤသခ်ါရတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန် သည်။ ဝါ၊ ဖြစ်ခြင်းကင်းသော နိဗ္ဗာန်သည်။ ဝါ၊ ဖြစ်မှု ပျက်မှု ရပ်စဲ၍

အမြဲ အေးငြိမ်းနေသော နိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်လှပါပေ၏။ ဓာတုံ၊ သည်။ ပဏီတံ၊ မွန်မြတ်လှပေ၏။ ဣတိ၊ ဤသို့။ ယော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ စိတ္တံ၊ မဂ်နှင့်ယှဉ်သော စိတ်ကို။ ဝါ၊နိဗ္ဗာန်သို့စေလွှတ်သောစိတ်ကို။ ဝါ၊ နိဗ္ဗာန်ကို အာရုံပြုသော စိတ်ကို။ အသင်္ခတဓာတုယာ၊ အသင်္ခတဓာတ် နိဗ္ဗာန်၌။ ဝါ၊သို့။ဥပသံဟရတိ၊နိဗ္ဗာန်အာရုံသို့ တဲ့တဲ့ကြီးရောက်သွားအောင် ရှေ့ရှု ပို့ဆောင်နေ၏။ မဂ္ဂေ၊ မဂ်သည်။ ပရိနိဗ္ဗာနသန္တိ ကိရိယာဘိသမယဝသေန၊ မိမိ ရဟန္တာ ဖြစ်ပြီးသည်နောက် စုတိသို့ရောက်တဲ့ခါ ဖြစ်ပေါ်လာမဲ့၊ ဝါ-လက်ရောက်ရရှိမဲ့ အေးနိဗ္ဗာန်ကို ထိုးထွင်း၍ သိသည်၏ အစွမ်းအားဖြင့်။ အဘိသမေန္တော၊ မဂ်စိတ် ဖိုလ်စိတ်ဖြင့် ထိုးထွင်း၍သိသည်ဖြစ်၍။ ဝါ၊ ပစ္စက္ခဒိဋ္ဌကိုယ်တွေ့ ဉာဏ်တွေ့သိသည်ဖြစ်၍။ တတ္ထ၊ ထိုအသင်္ခတဓာတ် နိဗ္ဗာန်၌။ လဗ္ဘမာနေ၊ ရသင့် ရထိုက်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဝိသေသေ၊ ငြိမ်းအေးသော အေးမြသော ချမ်းသာသော နိဗ္ဗာန်၏ ဂုဏ်အထူးတို့ကို။ အသမ္မောဟတော၊ မတွေမဝေသောအားဖြင့်။ ပရိဇာနန္တော၊ ထက်ဝန်းကျင်မှ ထိုးထွင်း၍ သိသည် ဖြစ်၍။ ဝါ၊ သစ္စာလေးပါးတို့ကို တပြိုင်နက် ပဋိဝေဓဉာဏ်ဖြင့် ထိုးထွင်း၍ သိသည်ဖြစ်၍။တတ္ထ၊ထိုနိဗ္ဗာန်၌။ စိတ္တံ၊ မဂ်နှင့်ယှဉ်သောစိတ်ကို။ ဥပသံဟရတိ၊ငြိမ်းအေးတဲ့နိဗ္ဗာန်ကို တဲ့တဲ့ကြီး ရောက်သွားအောင် မိမိစိတ်ကို ရှေးရှုဆောင်လေ၏။

.....................

## နိဗ္ဗာန်သည် ဉာဏ်နှင့် တွေ့ရတဲ့တရား

ထို့ကြောင့်ပင်—

"ကာယေန အမတံ ဓာတုံ ဖုသိတွာ နိရူပဓိံ"

(ဣတိဝုတ် ပါဠိတော်)

အနက်....နိရူပဓိံ၊ ကာမုပဓိ, ကိလေသုပဓိ, ခန္ဓုပဓိ, အဘိသင်္ခါရုပဓိ ဟူသော လေးပါးသော ဥပဓိတရား အလျှင်းမရှိသော။ အမတံဓာတုံ၊ အမြိုက်နိဗ္ဗာန်ကို။ ကာယေန၊ ရူပကာယ နာမကာယဖြင့်။ ဖုသိတွာ၊ ဉာဏ်ဝ၌ ထင်ထင်ရှားရှား တွေ့ထိရ၍။ ( ဤလို နိဗ္ဗာန်သည် ဉာဏ်တွေ့တရားမျိုး ဖြစ်သည်)

### မျက်မှောက်ထိုးထွင်း၍ သိ

ထိုပြင်—

ပဟိတတ္တော သမာနော ကာယေနဝေ ပရမံသစ္စံ သစ္ဆိကရောတိ
ပညာယစ တံ ပဋိဝိဇ္ဈ ပဿတိ။ (မဇ္ဈိ ပဏ္ဏ ပါဠိ)

ဘာသာပြန်....ယောဂီသည် နိဗ္ဗာန်သို့ စေလွှတ်အပ်သော ကိုယ်စိတ်ရှိသည် ဖြစ်သည်ရှိသော် မိမိ၏ရူပကာယ နာမကာယဖြင့်လည်း အမြတ်ဆုံးဖြစ်သော အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏၊ ဝိပဿနာပညာ, မဂ်ပညာ ဖိုလ်ပညာ, ပစ္စဝေက္ခဏာပညာဖြင့်လည်း ထိုအမြတ်နိဗ္ဗာန်ကို မတွေမဝေ တွဲတွဲကြီး ထိုးထွင်း၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်၏။

### အရိပ်ဆာယာ ဥပမာ

အဆိုပါ သစ္စာလေးပါးတို့တွင် တတိယသစ္စာခေါ်သော နိရောဓသစ္စာ ငြိမ်းအေးခြင်း သန္တိလက္ခဏာရှိသော အသခ်တဓာတ် နိဗ္ဗာန်တရားတော် မြတ်ကြီးသည်ကား အလွန် အေးမြသော အရိပ်ဆာယာကြီး ကဲ့သို့၎င်း၊ ထုံးအိုင် ရေအေးကြီးကဲ့သို့၎င်း၊ ထိုထက်မက အဆရာထောင်မက ပိုမိုသာ လွန်၍ လွန်စွာ လွန်စွာ အေးမြလှသတဲ့၊ ဥပမာဆိုသည်ရှိသော်-နွေလအခါ လွန်စွာပူပြီး ကွင်းပြင်ခရီးကို ဖြတ်သန်း၍သွားသော ခရီးသွားယောကျ်ား သည် လွန်စွာခြစ်ခြစ်လောင် ပူပြင်းလှတဲ့ ကွင်းပြင်ခရီး၏ အဆုံး၌ ပိတ်ပိတ် ပေါင်းပေါင်း အရိပ်ကောင်းတွေရှိနေတဲ့ တောအုပ်ကြီးသို့ အခန့်သင့် ရောက်ရှိလေ၏၊ ထိုအခါ ထိုယောကျ်ားသည် လာခဲ့ရသော လမ်းခရီး၌ အလွန်ပင်ပန်းစွာ လာခဲ့ရသဖြင့် အရိပ်ဆာယာနှင့် ပြည့်စုံလှတဲ့သစ်ပင်ရင်းသို့ ကပ်၍ နားနေလေ၏၊ အတန်ကြာသောကာလ ခြစ်ခြစ်လောင် ချွေးဒီးဒီး ကြမျှ လောင်လှသော အပူအလောင် အအိုက်တို့သည် အရိပ် ဆာယာ အေးကြီးနှင့်တွေ့ရ, အရိပ်ဆာယာအေးကြီးကို မှီခိုရပါသဖြင့် မိမိကိုယ်မှ အပူအလောင် အအိုက်တို့သည် တစထက်တစ ပြေပျောက်ကာ ချမ်းသာ အေးမြခြင်းသို့ ရောက်လေ၏၊ ထိုအခါ ထိုယောကျ်ားသည် ခြစ်ခြစ်လောင် ပူလိုက်တာ အိုက်လိုက်တာ ခုမှဘဲ အေးသွားပေတော့သည်ဟုပါးစပ်က ခဏ ခဏ ပြောဆို၍နေလေ၏။

(ဤကား-ဥပမာတည်း)

ထို့တူပမာ....သံသရာခရီးသွား ပုထုဇဉ် လူ-နတ်-ဗြဟ္မာ သတ္တဝါ အများတို့သည်လည်း ၃၁-ဘုံတို့၌ စုန်ဆန်လူးလာ ကြင်လည်ပြေးသွား၍ နေရတဲ့ခါ ရာဂစသော တဆဲ့တသီး အပူမီးတို့ဖြင့် မပြတ်မစဲ ထပ်တလဲလဲ တသံသရာလုံး တဒီးဒီး တရှဲရှဲ တဟဲဟဲ တောက်လောင်လျက်ရှိရာ ချမ်းသာခွင့်မရ ဖြစ်ကြရလေ၏။

အကြင်အခါ အကြင်ဘဝ ဘုရားသာသနာတော်နှင့်တွေ့၍ ဘုရားစသော သူတော်ကောင်းတို့၏ တရားကို ကြားနာရ၍ ဒါန, သီလ, ဘာဝနာ ဝိပဿနာ အလုပ်ကိုကို အားထုတ်တဲ့ခါ ဝိပဿနာဉာဏ် အားလျှော်စွာ ငြိုးငြိုးပြောင်ပြောင် တောက်လောင်၍ နေကြကုန်သော ဘုံသုံးပါးတို့ကို မီးပုံကြီး သုံးပုံ၊ မီးလောင်အိမ်ကြီး သုံးလုံး၊ မီးလောင်ရွာကြီး သုံးရွာကို ပကတိမျက်စိဖြင့် မြင်သိရသကဲ့သို့၊ ထို့တူပမာ တတ်တတ်ထင်ထင် ဝိပဿနာ ဉာဏ်ဖြင့် မြင်၍ ဘုံသုံးပါးတို့ကို အငြီးငွေ့ကြီး ငြီးငွေ့ကာ သခ်ါရတရား တို့၏ မရှိရာ နိဗ္ဗာန်အာရုံသို့သာ ပြေးဝင်ကာ သောတာပတ္တိမဂ် စသော မဂ်ခဏခဏတို့မှာ အမြဲတမ်း ငြိမ်းအေးနေတဲ့ နိဗ္ဗာန်အေးကြီးကို မတွေ့မဝေ တွဲတွဲကြီး အာရုံပြုမိဘိုင်း ပြုမိတိုင်းတို့၌ မဂ်ခဏ မဂ်ခဏတို့မှာ မိမိသန္တာန်၌ ရှိသော ဖလောဘ, ဒေါသ, မောဟ စသော တဆဲ့တသီး အပူမီးတို့သည် တမဂ်ထက် တမဂ် တဆင့်ထက် တဆင့် ငြိမ်းအေး ငြိမ်းအေး သွားပါသော ကြောင့် အရဟတ္တဖိုလ်သို့ရောက်တဲ့ခါ ကိလေသာအပူမီးဟူသမျှ တစွန်း တစမျှမကျန် အကုန်လုံး ငြိမ်းအေးသွားလေတော့သည်။

(ဤကား-ဥပမေယျတည်း)

## ဥပမာ-ဥပမေယျ နှစ်ရပ်ကို စပ်၍ပြခြင်း

**ဤ အရိပ်အေး ဥပမာ၌** လွန်စွာပူဟီး ကွင်းပြင်ခရီးကြီးနှင့် သံသရာခရီး တူ၏၊ ခရီးသွားယောကျ်ားနှင့် သံသရာခရီးသွား ယောဂီယောကျ်ား တူ၏၊ ခြစ်ခြစ်လောင် ပူနေတဲ့ ပကတိနေပူနှင့် ကိလေသာ မီးပူ တူ၏၊ အရိပ် ဆာယာအေးကြီးနှင့် နိဗ္ဗာန်အေးကြီး တူ၏၊ အရိပ်အေးကြီးကိုတွေ့သည်နှင့် နိဗ္ဗာန်အေးကြီးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် တွေ့မြင်ရသည်နှင့်တူ၏၊ခရီးသွား ယောကျ်ားသည် အရိပ်အေးကြီးကို ခိုလှုံရသည့်အတွက် မိမိ၌ရှိသော ပကတိ အပူအလောင်တို့သည် ပျောက်ကင်းသည်နှင့် ယောဂီပုဂ္ဂိုလ်သည် နိဗ္ဗာန်

အေးကြီးကို အာရုံပြုသည့်အတွက် မိမိသန္တာန်၌ရှိသော ကိလေသာပူမီးတို့သည် မဂ်အဆင့်အတန်းအားလျော်စွာ ငြိမ်းသွားသည်နှင့်တူ၏၊ ခရီးသွားယောကျ်ားသည် ကြာမြင့်စွာ အရိပ်အေးကြီးနှင့် ပေါင်းဆုံ တွေ့ကြုံနေရသည်၏အဖြစ်ကြောင့် နောက်ဆုံးတွင် ကိုယ်၌ရှိသော အပူ အအိုက်တို့သည် လုံးဝ ကွယ်ပျောက် ချမ်းသာခြင်းသို့ ရောက်ရသည်နှင့် ယောဂီသည် နိဗ္ဗာန်အေးကြီးနှင့် ကြာမြင့်စွာ တွေ့ဆုံ အာရုံပြု နေရသည်၏ အဖြစ်ကြောင့် နောက်ဆုံး အရဟတ္တမဂ်ခဏတွင် မိမိသန္တာန်၌ ရှိသော တထောင့်ငါးရာ ကိလေသာ ပူမီးတို့သည် အပြီးတိုင် ငြိမ်းအေးသွားသည်နှင့်တူ၏၊ ဤသို့ တူပုံကို မှတ်လေ။

မှတ်ချက်—ဤအရိပ်အေးဥပမာ၌ အရိပ်အေးနှင့် နိဗ္ဗာန်အေးကို ဥပမာနှိုင်းခိုင်းသည်မှာ သတ္တဝါတို့၏ ဉာဏ်နားနှင့် သင့်တန်ရုံ ရိပ်စားမိရုံ အကဲခပ်မိရုံသာ နှိုင်းခိုင်း၍ပြသော ဟိနုပမာတည်း၊ သို့ကြောင့် နိဗ္ဗာန်အေးကြီးဟာ အရိပ်အေးလောက်သာ အေးသည်ဟု မမှတ်မယူ မထင်ကြလေနှင့်၊ နိဗ္ဗာန်အေးကြီးကား အရိပ်အေးကြီးထက် အဆတရာ မကသာ၍ အေးမြသည်မှတ်၊ အဘယ်ကြောင့်ဆိုသော် ပကတိအရိပ်အေးသည် ပကတိအပူလောင်ကိုသာအေးစေနိုင်သည်၊ ခရီးသွားယောကျ်ား၏ ကိုယ်အတွင်းရှိ ကိလေသာအပူအလောင်ကိုကား နဲနဲကလေးမျှ မအေးစေနိုင်ပေ၊ နိဗ္ဗာန်အေးကြီးမှာမူကား သတ္တဝါတို့၏ကိုယ်အတွင်းရှိ ကိလေသာအပူလောင်တို့ကို အကုန်လုံး ပြောင်အောင်ငြိမ်းအေးစေနိုင်သောကြောင့်တည်း။

ထိုကြောင့်ပင်—

ယထာ စ ဉဏှသံဖုဋ္ဌော သီတံ ပတ္ထေတိ ဝေမေဝါယံ သံသာရဝဋ္ဋေ ကောဒဿဂ္ဂိ သန္တာပသန္တတ္တော ယောဂါဝစရော ကောဒဿဂ္ဂိ ဝူပသမံ နိဗ္ဗာနံ ပတ္ထေတိ။ (ဝိသုဒ္ဓိမဂ်-၄)

အနက်....ဉဏှသံဖုဋ္ဌော၊ နေပူ မီးပူတို့ဖြင့် တွေ့ထိနှိပ်စက်ခြင်းရှိသော။ ပုရိသော၊ ခရီးသွားယောကျ်ားသည်။ သီတံ၊အပူလွတ်ကင်း အေးမြခြင်းကို။ ပတ္ထေတိယထာ၊ လွန်စွာ လိုလား တောင်းတဘိ သကဲ့သို့။ ဝေမေဝ၊

ဤအတူသာလျှင်။ သံသာရဝဋ္ဋေ၊ တဆဲ့တသီး အပူမီးတို့ အမြဲတမ်းတောက်လောင်၍နေသော သံသရာဝဋ်ဆင်းရဲ၌။ ကောဒသဂ္ဂိ သန္တာပသန္တတ္တော၊ ရာဂ,ဒေါသ,မောဟ,ဇာတိ,ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဟူသော တဆဲ့တသီး အပူမီးတို့ဖြင့် ပြင်းစွာပူလောင်ခံ၍နေရသော။ အယံယောဂါဝစရော၊ ဤ ယောဂီ ပုဂ္ဂိုလ်သည်။ ကောဒသဂ္ဂိဝူပသမံ၊ တဆဲ့တသီး အပူမီးတို့၏ အငြိမ်းကြီးငြိမ်း အအေးကြီးအေးရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပတ္တောတိ၊ အမြဲတစေ တောင်းတ၍သာ နေတော့၏။

### နိဗ္ဗာန်သည် နိစ္စ ဓုဝ သဿတ ငြိမ်းအေးပုံ

**ပမာဒေန သဗ္ဗကိလေသေဟိ သဗ္ဗဒုစ္စရိတေဟိ သဗ္ဗေဟိ ပရိဿယေဟိ သဗ္ဗာသဝေဟိ သဗ္ဗဘဝေဟိ သဗ္ဗသန္တာပေဟိ သဗ္ဗာကုသလာဘိသင်္ခါရေဟိ နိဗ္ဗာနံ ဓုဝံ နိစ္စံ သဿတံ အဝိပရိဏာမ ဓမ္မန္တိ။**

အဓိပ္ပါယ်....ငြိမ်းအေးခြင်း သန္တိလက္ခဏာရှိသောနိဗ္ဗာန်သည် မေ့လျော့ခြင်းဖြင့် အလုံးစုံသော ကိလေသာ, အလုံးစုံသော ဒုစရိုက်, အလုံးစုံသော ဘေးရန်, အလုံးစုံသော အာသဝေါ, အလုံးစုံသောဘဝ, အလုံးစုံသော ပူလောင်ခြင်း, အလုံးစုံသော အကုသိုလ် ကုသိုလ် သင်္ခါရတို့မှ အလုံးစုံ ငြိမ်းအေးခြင်းသဘော ဖြစ်ပြီးသည်နောက် မပျောက်မပျက် နိစ္စ, ဓုဝ, သဿတ အားဖြင့် အမြဲတန်း တည်နေတော့၏၊ ဘယ်သောခါမှ ငြိမ်းအေးခြင်း အေးမြခြင်း ချမ်းသာခြင်းသဘောမှ ဆံခြေချမ်းမျှ ဘောက်လွဲ ဘောက်ပြန် ဖြစ်ခြင်း မရှိနိုင်တော့ပြီ။

....................

### အပိုင်း ( ၆ )

#### သဋ္ဌာလက္ခဏာ ကမ္မဋ္ဌာန်းမှလွတ်သောတရားမရှိ

၁။ ဝတ္ထုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။
၂။ လက္ခဏဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။
၃။ ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။

ဘုန်းတော်ကြီးဘုရား လေးဆဲ့ငါးဝါ ရှည်ကြာကာလ ဟောခပြာလေ သမျှတရားဒေသနာတွေထဲမှာသစ္စာလေးပါး လက္ခဏာရေးသုံးပါး ကမ္မဋ္ဌာန်းမှ လွတ်သောတရား မည်သည်မရှိဟုဆိုသောကြောင့် မသိကြ၍သာ အရာရာမှာ သစ္စာမမြင် လက္ခဏာမထင် ကမ္မဋ္ဌာန်းမဝင်ဘဲ အလွတ်သက်သက်ဖြစ်နေကြပေသည်၊ သိတတ်ပါမူကား ဘယ်အခါ ဘယ်အရာမှာမှ သစ္စာလဲမြင်၊ လက္ခဏာလဲထင်၊ ကမ္မဋ္ဌာန်းလဲ ထင်နေကြပေလိမ့်မည်။ ထို့ကြောင့် စလာ စဆို စရှိအတဲ့အတိုင်း အရာရာမှာ သစ္စာမြင်, လက္ခဏာထင်, ကမ္မဋ္ဌာန်း ဝင်နိုင်ကြအောင် ကြိုးစားကြပါလေ၊ သို့မှသာ အနန္တကလွတ် ကလျာဏဖြစ် ဂုဏ္ဌသောတာပန် မဟာသောတာပန်ဖြစ်၍ အပါယ်လွတ် တရားရကြမည်။

....................

## သစ္စာမှမလွတ်ပုံ အမြွက်မျှသိသာရုံ

ဘုရားဟောပုံစံ။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ, လောမာ, နခါ, ဒန္တာ, တစော၊ မံသံ, နှာရု, အဋ္ဌိ, အဋ္ဌိမိဉ္ဇံ, ဝက္ကံ၊ ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ, ပပ္ဖါသံ၊ အန္တံ, အန္တဂုဏံ, ဥဒရိယံ, ကရီသံ, မတ္ထလုင်္ဂံ၊ ပိတ္တံ, သေမှံ, ပုဗ္ဗော, လောဟိတံ, သေဒေါ, မေဒေါ၊ အဿု, ဝသာ, ခေဠော, သိင်္ဃာဏိကာ, လသိကာ, မုတ္တံ။

ဘာသာပြန်....ချစ်သားတို့၊ သင်တို့သည် သူဘဲငါဘဲ ယောကျ်ား မိန်းမဘဲလို့ အယူလွဲနေကြသော်လည်း သူ-ငါ စသည်ကား ထင်ရှားမရှိ၊ ပညတ်မျှဟု သိ၊ သင်တို့၏ တကိုယ်လုံးကြီး၌ အဟုတ်ထင်ရှား ရှိနေသည်ကား— ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, သွား, အရေ တို့သည် ရှိကုန်၏၊ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညို့ သည် ရှိ၏။ နှလုံး, အသဲ, အမြှေး, အဖျဉ်, အဆုတ်သည် ရှိ၏။ အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက် သည် ရှိ၏။ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲသည်ရှိ၏။ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်သည် ရှိ၏။

ဤလို ဟောတော်မူတဲ့ ဒေသနာတော်ထဲမှာလာရှိတဲ့ တရားစကားတွေဟာ သစ္စာဥဒ္ဒေသခဏ်းက ဘော်ပြခဲ့တဲ့အတိုင်း၊ ဆံပင်ကလဲ ဒုက္ခသစ္စာ။ ပ။

ကျင်ငယ်ကလဲ ဒုက္ခသစ္စာဆိုတဲ့ တကိုယ်လုံး တကောင်လုံးကြီးမှာ ဒုက္ခသစ္စာမှ လွတ်နေတဲ့နေရာ အပ်ဖျားတထောက်စာမျှ နေရာမရှိ၊ နေရာမရှိတော့သည်ဖြစ်၍ ဒုက္ခသစ္စာကောင်ကြီးသာ ဖြစ်နေလေတော့သည်၊ တဖန် ဤခန္ဓာကိုယ်နှင့်ပတ်သက်၍ စကားပြောဆိုကြတဲ့ခါ ဤခန္ဓာမှာရှိတဲ့ ဆံပင်ကိုဘဲပြောပြော။ပ။ ကျင်ကြီး ကျင်ငယ်ကိုဘဲ ပြောပြော,ပြောင်းပြောရင်း ဖြစ်စေ, ပြောပြီးသည့် အဆုံးအဆုံး၌ဖြစ်စေ၊ ဤ ဆံပင်သည် ဒုက္ခသစ္စာဖြစ်သည်၊ ဤကျင်ငယ်သည် ဒုက္ခသစ္စာဖြစ်သည်ဟု ဆင်ခြင်လိုက်သည်နှင့် တပြိုင်နက် သစ္စဉာဏ်ဝင်လာ၍ သစ္စာမှန်းသိသဖြင့် သစ္စာမှမလွတ်ဖြစ်တော့သည်၊ သစ္စာမှ မလွတ်နိုင်တော့ပြီ၊ ဤနည်းကိုမှီ၍ နေရာတကာတိုင်းတို့၌ သစ္စာဉာဏ်ဝင်အောင် ဆင်ခြင်လေ။

(ဤကား-သစ္စာမှမလွတ်ပုံကို ပြဆိုချက်တည်း)

....................

### လက္ခဏာမှမလွတ်ပုံ အမြွက်မျှသိသာခဲ့

**ဣမသ္မိံ သရီရေ ကေသာနာမ ပါဠိယေဝေါ ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိသတ္တော နိဇ္ဇီဝေါ ထဒ္ဓေါ ပထဝီဓာတု—စသည်ဖြင့် ဝိသုဒ္ဓိမဂ်၌ ပြဆိုသောကြောင့်။**

ဤခန္ဓာကိုယ်၌ ရှိသော ဆံပင်အစ ကျင်ငယ်အဆုံးရှိသော ဒုက္ခသစ္စာတုံးကြီးသည်လည်း သူ-ငါ-ကျား-မ စသည် အဟုတ်မဟုတ်ကြ၊ ခေါ်ဆိုရုံမျှ အဟုတ်အမှန်မှာ ပထဝီဓာတ်-၂၀၊အာပေါဓာတ် ၁၂-ပါး၊တေဇောဓာတ် လေးပါး၊ ဝါယောဓာတ် ၆-ပါး၊ ပေါင်း ၄၂-ပါးသော ဓာတ်တရား ဘာတခုကိုမျှမသိတတ် အာရုံမပြုတတ်တဲ့ ရုပ်တရား,ထိုရုပ်တရားလျှင် အာရုံရှိတဲ့၊ ဝါ-ထိုဆံစသော ရုပ်တရားတို့ကို အာရုံပြုနေတဲ့ စိတ်စေတသိက်ဆိုတဲ့ နာမ်တရား, ဤ ရုပ်-နာမ် နှစ်ပါးတို့သာ ထင်ရှားရှိကြကုန်၏။

ထိုတွင်....ရုပ်တရားသည် ရူပက္ခန္ဓာ မည်၏၊ နာမ်တရားတို့တွင် စိတ်နာမ်သည် ဝိညာဏက္ခန္ဓာ မည်၏၊ စေတသိက်နာမ်တို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏၊ သညာသည် သညာက္ခန္ဓာ မည်၏၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာ မည်၏၊ ဤသို့လျှင်

အပြားအားဖြင့် ခန္ဓာငါးပါးသာ ထင်ရှားရှိကြကုန်၏၊ သူ-ငါ-ကျား-မ စသည်တို့ကား ထင်ရှားမရှိကြကုန်။

အဆိုပါ ရုပ် နာမ်နှစ်ပါး ခန္ဓာငါးပါးတို့သည်လည်း "အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာစ နိရုဇ္ဈရေ၊ နဝနဝါဝ သန်္ခါရာ နဒီသောတ သမူပမာ" နှင့်အညီ မြစ်ချောင်းအတွင်း၌ စီးဆင်း၍နေကြသော မြစ်ရေပမာ လျှင်စွာ လျှင်စွာ အသစ်အသစ်, ခုတင်ခု ခုတင်ခု, ခဏခြင်း ခဏခြင်း ဥပါဒ်-ဋ္ဌီ-ဘင်မျှ ဖြစ်၍ဖြစ်၍ ပျက်ကြလေသောကြောင့် လက်ဖျစ်တတွက် လျှပ်တပြစ် မျက်စိတမှိတ်ခန့်မျှ မခိုင်မြဲနိုင်ကြတဲ့ အနိစ္စ၊ ဖြစ်ခြင်း ပျက်ခြင်း အလျှင်မပြတ် နှိပ်စက်အပ်တဲ့ ဒုက္ခ၊ မဖြစ်စေရန် မပျက်စေရန် အစိုးမရ အလိုသို့မလိုက် အကြိုက်သို့မပါစေနိုင်တဲ့ အနတ္တ၊ မျက်တောင်တခပ်စာမျှ မလှပ မတင့်တယ်တဲ့ အသုဘတို့သာ မုချကေန် အမှန်ဖြစ်ကြကုန်၏၊ သူ-ငါ-ကျား-မ စသည်တို့ကား ထင်ရှားမရှိကုန်၊ ပညတ်ရုံသာတည်း။

ဤလို ဤခန္ဓာကိုယ်၌ရှိနေသော ဆံအစ, ကျင်ငယ် အဆုံး ၃၂-ပါး လုံးသော အပေါင်းအစုတို့ကို သတိရတိုင်း သတိရတိုင်း, သိတိုင်း မြင်တိုင်း တို့မှာ ဆံပင် စသည်တို့တွင် တပါးပါးကို သိမြင်တဲ့ခါ သတိနှင့်မကွာ ပညာနှင့်မကင်း ဤ ဆံပင် စသည်ကား ရုပ်တရား၊ ဤ ဆံပင် စသည်ကို ရုပ်မှန်းသိသော အသိသဘောသည်ကား နာမ်တရား၊ ဤ ရုပ် နာမ် နှစ်ပါး တို့သည်ကား ဥပါဒ်-ဋ္ဌီ-ဘင်မျှဖြစ်၍ ပျက်ရလေသောကြောင့် မမြဲ ဆင်းရဲ အစိုးမရ, အနိစ္စ, ဒုက္ခ, အနတ္တဟု ဆင်ခြင်လိုက်သည်နှင့်တပြိုင်နက် မမြဲမှန်း သိတဲ့ အနိစ္စဉာဏ်, ဆင်းရဲမှန်းသိတဲ့ ဒုက္ခဉာဏ်, အစိုးမရမှန်းသိတဲ့ အနတ္တ ဉာဏ် ဝင်လာ၍ မမြဲ ဆင်းရဲ အစိုးမရဟု သိသဖြင့် လက္ခဏာရေးသုံးပါးမှ မလွတ်နိုင်တော့ပြီ၊ သို့ရာတွင် သတိရှိမှ သတိရမှ သတိပြုမှသာမလွတ်သည်၊ သတိမပြုက လွတ်မည်သာတည်း၊ သို့သော် သတိပြုဘန် များလာတဲ့ခါ လေ့ရင် လာတယ်ဆိုတဲ့အတိုင်း သတိအား သမာဓိအား ပညာအားရှိလာ တဲ့ခါ မကြာမကြာ ခဏခဏဘဲ ဆံပင်စသည်တို့ကို မြင်လိုက်သည်နှင့် တပြိုင်နက် သစ္စာသိ လက္ခဏာမိ သစ္စာမြင် လက္ခဏာထင် ဖြစ်ပျက် သွား တော့၏။ (ဤကား-လက္ခဏာရေးသုံးပါးမှ မလွတ်ပုံ အမြွက်မျှတည်း)

## ကမ္မဋ္ဌာန်းမှမလွတ်ပုံ အမြွက်မျှသိသာရုံ

တဘန်....“အတ္တနော ကာယေ ဒွတ္တိံသကာရံ မနသိကာရောတိ” နှင့်အညီ၊ မိမိခန္ဓာကိုယ်၌ ထင်ရှားရှိနေသော ဆံပင်စသော ကောဋ္ဌာသအာရုံ၌ မိမိစိတ်ကို စူးစိုက်၍ထားပြီးလျှင် ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်း, သွား,အရေ။ အရေ,သွား,လက်သည်း ခြေသည်း, မွေးညှင်း, ဆံပင် စသည်ဖြင့် အနုလုံ ပဋိလုံ အပြန်အလှန် သတိနှင့်မကွာ ပညာနှင့်မကင်း အဘန်တလဲလဲ ဆင်ခြင်နှလုံးသွင်းနေတဲ့ခါ သမထကမ္မဋ္ဌာန်းမှ မလွတ်။

တဘန်....“အတ္တနော အတ္တဘာဝေ ခယဝယံ ပဋ္ဌပေသိ” နှင့် အညီ အဆိုပါ ဆံစသော ကောဋ္ဌာသ အာရုံမှာ ဧကဂ္ဂတာကျကျ သမာဓိရရ စိတ်တည်ငြိမ်နေတဲ့ စိတ္တေကဂ္ဂတာသမာဓိကို ရရှိလာတဲ့ခါ ကောဋ္ဌာသလျှင် အာရုံရှိတဲ့ စိတ် စေတသိက်တို့သည်ကား နာမ်တရား၊ ထို စိတ် စေတသိက်တို့၏ မှီရာ ဟဒယဝတ္ထုကား ရုပ်တရား၊ ဤလို နာမ်, ရုပ် နှစ်ပါးတို့ကို အကျဉ်းအားဖြင့် ပိုင်းခြားပြီးလျှင် ထိုနာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်း၍ အကြောင်းနှင့်တကွသော နာမ်ရုပ်တို့ကို မမြဲ ဆင်းရဲ အစိုးမရ အနိစ္စ ဒုက္ခ အနတ္တဘို့သာ ဖြစ်ကြပါကုန်၏တကားဟု လက္ခဏာရေးသုံးပါးသို့တင်၍ သမ္မသန စသော ဝိပဿနာဉာဏ်အစဉ်ဖြင့် ဆင်ခြင်သုံးသပ်သည် ရှိသော် ဝိပဿနာကမ္မဋ္ဌာန်းမှ မလွတ်ဖြစ်၏။ (ဤကား-ကမ္မဋ္ဌာန်းမှ မလွတ်ပုံကို အမြွက်မျှ ပြဆိုချက်တည်း)

.......... .........

### မုချနှင့် ဥပစာ မဂ္ဂနှင့် ဒုက္ခာ

၁။ စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ။ (ထိုထို႒ကထာ)

၂။ စတုသစ္စ ဝိနိမုတ္တော ညေယျောနာမ နတ္ထိ (နေတ္တိ႒ကထာ)

သစ္စာလေးပါးမှ လွတ်သော တရားမည်သည် မရှိ၊ သစ္စာလေးပါးမှ လွတ်သော သိအပ်သော တရားဒေသနာတော်မည်သည် မရှိဟု ကျမ်းဂန်လာတိုင်းပြဆိုခဲ့ရာ သင်္ဂြိုဟ်ခေါ်သော လက်သန်း ကျမ်းငယ်မှာ “မဂ္ဂယုတ္တာ

ဖလာစေဝ စတုသစ္စ ဝိနိဿဋ္ဌာ”ဟု လာရှိပြန်ရာ အခိပ္ပါယ်မှာ မဂ်စိတ္တုပ္ပါဒ် ၂၉၊ ဖိုလ်စိတ္တုပ္ပါဒ်-၃၇ တို့ဟာ သစ္စာလေးပါးမှ လွတ်၏ဟု အဓိပ္ပါယ်ရ၏။

ထိုကြောင့်—သစ္စာလေးပါးမှလွတ်သောတရား မရှိဆိုတာ ဤလက်သန်းကျမ်းငယ်ကလေးကိုဘဲ သူမသိ သူမမြင် ကျမ်းစုံမတွေ့ဘူးလို့ဘဲ ဆိုမိလေသလောဟု အထင်မှားစရာ အမြင်မှားစရာ ရှိနေပြန်သည်၊ ဤအရာကိုမသိမမြင်၍ ဆိုမိသည်မဟုတ်ပါ၊သိမြင်ပါသည်၊ အဆိုပါ မဂ်စိတ္တုပ္ပါဒ် ၂၉ ဖိုလ်စိတ္တုပ္ပါဒ်-၃၇ တို့ကို သစ္စာလေးပါးမှ လွတ်သော သစ္စာဝိမုတ်တရား ဆိုသည်မှာ မုချအားဖြင့်သာ သစ္စာမှ လွတ်သည်။

**ဧတေ စတူဟိ သစ္စေဟိ ဝိနိဿဋ္ဌာ ဝိနိဂ္ဂတာ နိပ္ပရိယာယတော ပရိယာယတော ပန။ပ။မဂ္ဂင် မဂ္ဂပရိယာပန္နတ္တိ။ပ။မဂ္ဂသစ္စေ သင်္ခါရဒုက္ခသာမညေန ဒုက္ခသစ္စေ သင်္ဂဟော သက္ကာ ကာတုံ။**

ဆိုတဲ့ ဝိဘာဝနီဋီကာအရ မဂ္ဂင် ဖလင် တရားတို့ကို ကာရဏူပစာအားဖြင့် မဂ္ဂသစ္စာသို့သွင်း၍ ၎င်းတို့နှင့်ယှဉ်ကုန်သော မဂ်စိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပ္ပါဒ်တို့တို့ သင်္ခါရဒုက္ခသာမည သဒိသူပစာ အားဖြင့် ဒုက္ခသစ္စာသို့သွင်း၍ ယူအပ်သောကြောင့် သစ္စာမှမလွတ်ဖြစ်၍ ( လွတ် ဆိုတဲ့ စကားမှာ မုချ အားဖြင့် ဆိုတဲ့စကား၊ မလွတ် ဆိုတဲ့ စကားမှာ ဥပစာ အားဖြင့် ဆိုတဲ့ စကား)ဟု မုချနှင့် ဥပစာကို သဘောမိပါလျှင် အပြစ်ဆိုဘွယ်မရှိ၊ ဂင်္ဂါရေနှင့် ယမုနာရေ နှော့သကဲ့သို့ တသဘောတည်း ရှိသည်ဟု သိလေ။

.....................

## သစ္စာသိ ဝိ ကိုပယ်

ဒုက္ခဒဿနေန အသုဘေ သုဘန္တိ ဝိပ္ပလ္လာသပဟာနေန သမုဒယဒဿနေန ဒုက္ခေ သုခန္တိ။ပ။ နိရောဓဒဿနေန အနိစ္စေ နိစ္စန္တိ။ပ။ မဂ္ဂဒဿနေန အနတ္တနိ အတ္တာတိဝိပ္ပလ္လာသ ပဟာနေန။

(သုတ္တနိပါတ် ကသိဘာရဒွါဇသုတ်)

ဆောင်ပုဒ်.... ဒုက္ခသိတော့ သုဘပယ်၊ သမုဒယသိတော့ သုခပယ်။
နိရောဓသိတော့ နိစ္စပယ်၊ မဂ္ဂသိတော့ အတ္တပယ်။
လေးသွယ်သစ္စာ သိသောခါ၊ လေးဖြာဝိပလ် ကင်းပျောက်
ပြန်၊ အမှန်ဤသို့ ဖြစ်သတည်း။

အဓိပ္ပါယ်....(က) ဒု-သိတော့ သု-ပယ် ဆိုတာက ရုပ်နာမ်ခန္ဓာကို ဒုက္ခသစ္စာလို့သိတော့ ရုပ်နာမ်ခန္ဓာဟာ သုဘ မဟုတ်, အသုဘ ဖြစ်သည်ဟု သိသဖြင့် သုဘသညာကိုပယ်နိုင်သည် မှတ်လေ၊

(ခ) သ-သိ သု-ပယ် ဆိုတာက လောဘကို သမုဒယသစ္စာလို့သိတော့ လောဘဟာ သုခကိုဘယ်နည်းမှ မဖြစ်စေနိုင် ဒုက္ခကိုသာ ဖြစ်စေနိုင်၏ဟု သိသဖြင့် သုခ သညာကို ပယ်သည်။

(ဂ) နိ-သိ နိစ်-ပယ် ဆိုတာက နိဗ္ဗာန်ကို နိရောဓသစ္စာလို့ သိတော့ ရုပ်နာမ် ခန္ဓာဟာ နိစ္စမဟုတ် အနိစ္စသာ နိဗ္ဗာန်မှသာ နိစ္စလို့ သိသဖြင့် ရုပ်နာမ်ခန္ဓာ၌ နိစ္စသညာကို ပယ်သည်။

(ဃ) မ-သိ အတ္တ-ပယ် ဆိုတာက မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာလို့သိတော့ မဂ္ဂင်ရှစ်ပါးဟာ အတ္တမဟုတ် အနတ္တလို့သိသဖြင့် အတ္တ သညာကို ပယ်နိုင်သည် မှတ်လေ။

ဤလို ဤပုံ သစ္စာသိမှုဟာ တသံသရာလုံးက အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘ အစစ်ကေန်ဖြစ်သော ရုပ်နာမ်ခန္ဓာတို့၌ နိစ္စ, သုခ, အတ္တ, သုဘ ဖြစ်သည်ဟု ပြောင်းပြန်လှန်အောင် ဖျောက်မှား၍ လာခဲ့သော မူလ လေးပါး, မူလီ ၁၂-ပါး တရားဆိုး တရားမှား ဝိပ္ပလ္လာသ တရားတို့ကို ပယ်ရှားစွန့်ပစ်နိုင်၍ လွန်စွာ့ လွန်စွာ ကျေးဇူးများလှပေသည်။

ထိုတွင် သစ္စဉာဏ်ဖြင့် အနိစ္စဖြစ်သော ရုပ်နာမ်ခန္ဓာတို့၌ နိစ္စဟု မှတ်မှား သိမှား ယူမှားခဲ့သော (သညာ,စိတ္တ,ဒိဋ္ဌိ) ဝိပ္ပလ္လာသတရား သုံးပါး, အနတ္တ ဖြစ်သော ရုပ်နာမ်ခန္ဓာတို့၌ အတ္တဟု မှတ်မှား သိမှား ယူမှားခဲ့သော (သညာ, စိတ္တ, ဒိဋ္ဌိ) ဝိပ္ပလ္လာသတရား သုံးပါး, အသုဘဖြစ်သော ရုပ်နာမ် ခန္ဓာတို့၌ သုဘဟု ယူမှားသော ဒိဋ္ဌိဝိပ္ပလ္လာသ တရား တပါး, ဒုက္ခဖြစ်သော ရုပ်နာမ်ခန္ဓာတို့၌ သုခဟု ယူမှားသော ဒိဋ္ဌိဝိပ္ပလ္လာသ တရားတပါး, ပေါင်း

ရုပ်ပါးတို့ကို ပယ်စွန့်နိုင်တဲ့ခါ သောတာပန် သကဒါဂါမ်၊ အသုဘာ၌ သုဘ ဟု မှတ်မှား သိမှားတဲ့ သညာ စိတ္တ နှစ်ပါးကိုထပ်၍ ပယ်စွန့်နိုင်တဲ့ခါ အနာဂါမ်၊ ဒုက္ခ၌ သုခဟု မှတ်မှား သိမှားတဲ့ သညာ စိတ္တ နှစ်ပါးကို အကြွင်းမရှိ ပယ်စွန့်နိုင်တဲ့ခါ ရဟန္တာအထိ ဖြစ်နိုင်ပါသောကြောင့် သေနေ့ မဦးမှီ သစ္စာသိတဲ့နေ့ဦးသွားအောင် အထူးကြိုးစားကြပါရန် အကျိုးမျှော်၍ နှိုးဆော်လိုက်ပါသည်။

....................

## သိခါပတ္တ ဓမ္မဒါန

**ဣမေဓမ္မာ အဘိညေယျာ ဣမေဓမ္မာ ပရိညေယျာ ဣမေဓမ္မာ ပဟာတဗ္ဗာ ဣမေဓမ္မာ သစ္ဆိကာတဗ္ဗာ ဣမေဓမ္မာ ဘာဝေတဗ္ဗာ တိ သစ္စာနိ ဝိဘာဝေန္တော အမတာဓိဂမံ ဓမ္မံ ကထေတွာ ဒေတိ ဣဒံ သိခါပတ္တဓမ္မဒါနံနာမ။** (သံယုတ် ဋ္ဌကထာ)

အနက်....ဣမေဓမ္မာ၊ ဤသစ္စာလေးပါး တရားတို့ကို။ အဘိညေယျာ၊ ဤကား ဒု, ဤကား သ, ဤကား နိ, ဤကား မ ဟု ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ဣမေဓမ္မာ၊ ဤဒုက္ခသစ္စာတရားတို့ကို။ပရိညေယျာ၊ပိုင်းခြား၍ သိအပ်သော တရားမျိုးတို့တည်း။ ဣမေဓမ္မာ၊ဤသမုဒယသစ္စာတရားတို့ကို။ ပဟာတဗ္ဗာ၊ ပယ်အပ်သော တရားမျိုးတို့တည်း။ ဣမေဓမ္မာ၊ ဤ နိရောဓ သစ္စာတရားမျိုးတို့ကို။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက်ပြုအပ်သော တရားမျိုး တို့တည်း။ ဣမေဓမ္မာ၊ဤမဂ္ဂသစ္စာတရားမျိုးတို့ကို။ ဘာဝေတဗ္ဗာ၊ ပွားများ အပ်သော တရားမျိုးတို့ပေတည်း။ ဣတိ၊ဤသို့။ သစ္စာနိ၊ သစ္စာလေးပါး တို့ကို။ ဝိဘာဝေန္တော၊ ထင်စွာပြလျှက်။ အမတာဓိဂမံ၊ အမြိုက်နိဗ္ဗာန်ကို ရစေတတ် ရောက်စေတတ်သော။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို။ ကထေတွာ၊ ဟောပြော၍။ ဒေတိ၊ ဓမ္မဒါနအလှူမျိုးကို ပေးလှူ၏။ ဣဒံ၊ ဤဓမ္မဒါနအလှူမျိုးသည်။ သိခါပတ္တဓမ္မဒါနံနာမ၊ အခြားသော အလှူဒါန မျိုးတို့ထက် အထွဋ်အထိပ်သို့ရောက်သော ဒါနမျိုးတို့ပေတည်း။

ဤလိုဤပုံ ကျမ်းဂန်၌လာသောကြောင့် လှူရခဲဘိစွ, လှူနိုင်ခဲဘိစွ,သိခါ ပတ္တ ဓမ္မဒါန အလှူကြီးဖြစ်အောင် သူတပါးတို့အားလည်း ဤကား-ဒု၊

ဤကား-သ,ဤကား-နိ, ဤကား-မ ဖြစ်သည်ဟူ၍ရင်း အဆိုပါ ဒု-သ-နိ-မ လေးပါးတို့တွင် ဒု-သ ကား လောကီသစ္စာ,နိ-မ ကား လောကုတ္တရာသစ္စာ ဟူ၍ရင်း။ တနည်း-ဒု-သ ကား ဝဋ္ဋဂါမိသစ္စာ နိ-မ ကား ဝိဝဋ္ဋဂါမိသစ္စာ ဟူ၍ရင်း။ တနည်း၊သ-ကြောင့် ဒု-ဖြစ်သည်၊မ-ကြောင့် နိ-ဖြစ်သည်ဟူ၍ရင်း၊ တနည်း၊သ-ကြောင့် ဒု, ဝါ-တဏှာကြောင့် ခန္ဓာ ဖြစ်ပျက်မွေးသေ သံသရာ ရှည်၍ နေကြရသည်၊ မ-ကြောင့် နိ, ဝါ-တဏှာ ခန္ဓာ ဖြစ် ပျက် မွေး သေ သံသရာပြတ်၍ ရပ်တော့သည် တိုတော့သည်ဟူ၍ရင်း။ သစ္စာလေးပါးတို့ကို သိရှိ နားလည် သွားအောင် တဆင့် ပြောဟောကြပါလေ။ ဝါ- ဘောက် သည်ချကြပါလေ ဟူလို....။

**တွေ့ဝတာ ဘဒ္ဒန္တသုဇနတ္ထေရေန ရစိတာယံ ပဋိနိဒ္ဒေသော ဂန္ထော သစ္စောဘာသောနာမ နိဋ္ဌိတော။**

**အနက်....**တွေ့ဝတာ-တွေ့ဝန္တေန ဝစနက္ကမေန၊ ဤ သင့်ပဋိနိဒ္ဒေသဥ္ပ ပြဆိုအပ်ပြီးသော စကားအစီအစဉ်ဖြင့်။ ဘဒ္ဒန္တသုဇနတ္ထေရေန၊ ဘဒ္ဒန္တသုဇန နာမမည်တွင် ထေရ်အရှင်သည်။ ရစိတော၊ရေးသားပြုပြင် စီရင်အပ်သော။ ပဋိနိဒ္ဒေသော၊သစ္စာပဋိနိဒ္ဒေသခဏ်းဖြစ်သော။အယံဂန္ထော၊ ဤကျမ်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။ ဝါ၊ ဤတွင်တရပ် အဆုံးသတ်ပြီ။ ဝါ-နိဋ္ဌံ ဣတော ဂတော ပတ္တော၊ ဤတွင်ပြီးဆုံး နိဂုံးသို့ရောက်ပြီ။

**သစ္စာပဋိနိဒ္ဒေသ တတိယပိုင်းကို ဤတွင် ရပ်ဆိုင်းလိုက်ပါသည်။**

# ဝိညာပနကထာ

ပူရေ ခေါ အမှာကံ နရိန္ဒသာ မရမ္မရဋ္ဌေ ကိရ မန္တလေးတိ အဝှယံ နာနာကုလေဟိ သမ္ပရိပုဏ္ဏံ ရာဇဋ္ဌာနိယံ နဂရံနာမ အတ္ထိဘတ္တော ဥတ္တရ ဒိသာဘာဂေ ယောဇနဝသေန ဒွါဒသာဒိကေ တိုင်ပမာနေနု ဒွါသီတိအဓိ ကေ မိုင်ပမာနေ ဓတုသဋ္ဌိသတိကေ ဒူရေ ပဒေသေ ပုဗ္ဗေ ခေါ စောဘွား ရာဇေဟိ ဣဿရဘူတော တောဟိ တောဟိ ရဋ္ဌံ ကရောန္တော ပူရေ သေတဗျဂ္ဃ ပုတ္တာသ နိမ္မိတတ္တာဗျဂ္ဃနဂရံနာမ ဟောတိ ဂစ္ဆန္တေ ဂစ္ဆန္တေကာလေ ဒါနိ ပန ဝန်းသိုနဂရံနာမ အတ္ထိ။

တတ္ထ ရေဝန်းအာဝါသော သစ်ဆိန့်ကုန်းကျောင်းသစ် ဥယျာဉ်လေးထပ် စမ္ပါယ်ရုံရွှေကျောင်း ဗောဓိ ခန္တီး မုန့်ကျောင်း အာဝါသော တိ ဒသဟိ အာဝါသေဟိ နဂရံပရိက္ခိတ္တာ ဋ္ဌိဘော ဟောတိ။

တေသု ခန္တီးဝါသောနာမ နာနာဒိသာဟိ ဂါမ နိဂမ ဇနပဒ နဂရေဟိ ပရိယတ္တိံ ဥဂ္ဂဏှိတ္ထာယ ပညာထန် ပိဝနတ္ထာယအာဂတာ အနေကေဟိ သောသုဇနေဟိ သတေဟိ ဘိက္ခုသံဃေဟိ ပရိပူရော အဟောသိ။

ယထာနာမ ပူရေ ဒီသာပါမောက္ခော အာစရိယဿ သန္တိကံ သိပ္ပုဂ္ဂ ဟနတ္ထာယ တတော တတော အာဂတာဝိယ။

ယထာ ဝါ ပနပေါက္ခရဏီယံ သသာဒိကေဟိ မိဂသင်္ဃေဟိ ကေသမော သရဏံဝိယ၊ ယထာပိစ သဗ္ဗဖါလိဖုလ္လံ မဟာနိဂြောဓ မဟာသာလရုက္ခံ နာနာဒိဇေဟိ ပက္ခိကေဟိ ကေသမောသရဏံ ဝိယ ဟောတိ။

သဿိံ ခန္တီးရာမေ သမှာကံ အာစရိယော မဟာထေရော အဋ္ဌတိံသ ဝဿကာလံ ဝိဟာရသာမိကဘာဝေန ဂဏ ဝါစက ဂဏာစရိယဘာဝေန ဝသိတွာ သက္ကရာဇေ စတုနဝုတေဒွယေကဝဿေ ဒေဝလောကံ ဂတော တတော ဟံ ပန သိဿနုသိဿ ပဝေဏိဝသေန။

တတ္ထ အနေ္တဝါသိက သဒ္ဓိဝိဟာရိကာနံ ပရိယတ္တိံ ဝါစေန္တော ဝိသတိ ဝဿကာလံ ဝသိတွာ အာယုဂဏနာယ စတုပညာသ ဝဿောဘိက္ခု ဝဿေန ပဉ္စတိံသဝဿော သမ္ပတ္တော တထောနိက္ခမိတွာ ယထာဗလံ ဓမ္မာနုဓမ္မပဋိပတ္တိ သင်္ခါတံ အတ္တနော သကိစ္စံ သမဏဓမ္မံ အာရဒ္ဓတ္တာယ ဝန်းသိုနဂရတော ဒက္ခိဏအနုဒိသာယံ ကောသတော ကေကောသမတ္တေ ပုဗ္ဗေ ခေါ ကျောင်း တောင်တိ အဝှယော နာနာဖလေဟိ ဒုမေဟိ ပရိပူရော ကော ပဗ္ဗတော အတ္ထိ။

တတ္ထ ဝန်းသိုနဂရဝါသိကာယ ရတနတ္တယမာမိကာယ သဒ္ဓါသမ္ပန္နာယ ဗုဒ္ဓသာသနေ အဘိပ္ပသန္နာယ နာမေနဒေါ် ဘန်းကြီးတိ အဝှါယ ဥပသိကာယ အာဒိံကတွာ ကာရိတော နာနာကမ္မဋ္ဌာနဝိဟာရေဟိ ပရိပုဏ္ဏော "ခန္တီးရိပ်သာတိ" အဝှယော ကော ပဓာနိကာရာမော အတ္ထိ။

တတ္ထ ဒက္ခိဏဒိသာဘာဂေ တာယ ကာရိတေ ကမ္မဋ္ဌာန ဝိဟာရေ နိစ္စ ဝါသေန ဝါသိနာ ဘဒ္ဒန္တသုဇာတေန ရစိတာယံ ဂန္ထော "သစ္စာအလင်းပြ" နာမိကော သာသနဝဿေ ဝဍ္ဎိမေခ သံက္ကရာဇေ ရက္ခိလေပ ဝဿေ သမ္ပတ္တေ ဖဂ္ဂုဏမာသဿ ဇုဏှပက္ခေ အဋ္ဌမိယံ စန္ဒဝါရေ စက္ကကဋ္ဌိကာယ ဒသပ္ပဟာရ ကော ဒသက္ခဏပမာနေ ကာလေ အနာယာသေန နိဋ္ဌိတံ ဂတော တိ ဒဋ္ဌဗ္ဗော။

"ဟောန္တိစေတ္ထအာယာစနာ"

သစ္စာနိ အဘာသိ ဗုဒ္ဓေါ၊ လောကနာထော မဟေသိနော၊
တာနိ ဥဒ္ဓရိတွာန ပကာသိတော သုဇနတ္ထေရော။

တေနသစ္စ ဓမ္မံ သောတုံ၊ ဟောတိ ဗုဒ္ဓဿဒုလ္လဘာ၊
ဧဝံ အနုဿရိတွာန၊ ပဿန္တု နိဗ္ဗုတိကာမာ။

**အယမေတ္ထအတ္ထဝဏ္ဏနာ**

သစ္စာနီတိ စတ္တာရိသစ္စာနိ တာနီတိ တာနိစတ္တာရိသစ္စာနိ ဥဒ္ဒိဋ္ဌာနီတိ တတောတတော ပိဋကတ္တယတော ဥဒ္ဒိဋ္ဌာနီတိ ပါဌာဝသေသော။

စတုသစ္စမ္ဟန္တိ စတ္တာရိမာနိ ဘိက္ခဝေ အရိယသစ္စာနိ ကတမာနိ စတ္တာရိ ဒုက္ခံအရိယသစ္စံ ဒုက္ခသမုဒယော အရိယသစ္စန္တိ အာဒိနာနယေန ဘဂဝတာ ဘာသိတံ သာမုက္ကံသိကသင်္ခါတံ စတုသစ္စမ္ဟန္တိ အဓိပ္ပါယော။ နိဗ္ဗုတိကာမာတိ နိဗ္ဗာနံ ဣစ္ဆန္တာ နိဗ္ဗာနံ သစ္ဆိကာတုကာမာ နိဗ္ဗာနံ ပါပုဏိတုကာမာတိ အဓိပ္ပါယော။

…………………

(နောက်ဆက်တွဲ)

# မောင်ချစ်နှင့် မောင်သစ်

**သစ္စာလေးပါးမေးဖြေများ**

မောင်ချစ်။ ဝန်းသိုမြို့ ခန္တီးဆရာတော်ဘုရားကြီး ရေးသားတဲ့ သစ္စာအလင်းပြကျမ်းကို ကြည့်ရှုဘူးပါသလား။

မောင်သစ်။ ကြည့်ရှုဘူးပါသည်။

မောင်ချစ်။ ဘာကြောင့် သစ္စာခေါ် ဆိုပါသလဲ။

မောင်သစ်။ "တစ္ဆာဝိပရီတဘူတဘာဝေါ သစ္စဋ္ဌောတိ ဝေဒိတဗ္ဗော" ဆိုတဲ့သစ္စာဝိဘင်း'ဌ'နှင့်အညီ။ မချွတ်မယွင်း မဘောက်မပြန် ဟုတ်မှန်သော အနက်သဘောကြောင့် သစ္စာမည်ပါသည်။

အနက်.... တစ္ဆာဝိပရီဘူတဘာဝေါ၊မှန်ကန်ချင်း မဘောက်မပြန်ချင်းဖြစ်သည်၏အဖြစ်ကို။ သစ္စဋ္ဌောတိ၊ သစ္စာ၏ အနက်ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**အဓိပ္ပါယ်**....မီး၏ ပူခြင်းသဘောသည် မချွတ်မယွင်း မှန်ကန် သကဲ့သို့ ရင်း။ ပဋိသန္ဓေနေရခြင်းစသော လောကသဘော လူတို့သည် အထက်သို့ မြင့်ခြင်းသဘော တိရစ္ဆာန်တို့သည် များသောအားဖြင့် ဖီလာကန့်လန့် ကြီးပွားခြင်းသဘော စသည်တို့သည် မဘောက်မပြန် မှန်ကန်သကဲ့သို့ရင်း၊ မချွတ်မယွင်း မဘောက်မပြန် ဟုတ်မှန်ကုန်၏ဟု ဆိုလိုပါသည်။

မောင်ချစ်။ ဘာကြောင့် ဒုက္ခမည်ပါသလဲ၊

မောင်သစ်။ 'ကုစ္ဆိတတ္တာတုစ္ဆတ္တာစ ဒုက္ခန္တိ ''ဆိုတဲ့ဝိဘင်း ဋ္ဌာနှင့်အညီ စက်ဆုပ် အပ်သောအနက် အချည်းနှီးဖြစ်သော အနက်သဘော ကြောင့် ဒုက္ခမည်ပါသည်။

**အနက်**....ကုစ္ဆိတတ္တာစ၊ စက်ဆုပ်အပ်သည်၏ အဖြစ်ကြောင့်ရင်း။ တုစ္ဆတ္တာစ၊ အချည်းနှီး၏ အဖြစ်ကြောင့်ရင်း။ ဒုက္ခန္တိ၊ ဒုက္ခဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**အဓိပ္ပါယ်**....ဒု-ကုစ္ဆိတံ ခံ-ဒုက္ခံ-ဟု ပါဒိပုဗ္ဗပဒ ကမ္မဓာရယ သမာသ် ပြုပါ၊ ဤ၌ ဒု-ပုဒ် ခံ-ပုဒ် နှစ်ပုဒ်မှတ် ဒု-သဒ္ဒါသည် ကုစ္ဆိတ အနက်ကို ခံ သဒ္ဒါ တုစ္ဆအနက်ကို ဟော၏ဟု မှတ်ပါ။

မောင်ချစ်။ ဘာကြောင့် ကုစ္ဆိတ တုစ္ဆ ဖြစ်ပါသလဲ။

မောင်သစ်။ များစွာသော ဘေးဥပဒ္ဒဝေါတို့၏ တည်ရာ ဖြစ်သောကြောင့် ကုစ္ဆိတ၊ လူမိုက်တို့သည်၊ ဝါ-တိတ္ထိတို့သည် ကြံဆအပ်သော ဓုဝ သုဘ သုခ အတ္တ တည်းဟူသော အနှစ်သာရ ဘာတခုမျှ ရှာမရသောကြောင့် အချည်းနှီး တုစ္ဆဖြစ်ပါသည်။

မောင်ချစ်။ ဘာကြောင့် ဒုက္ခသစ္စာမည်ပါသလဲ။

မောင်သစ်။ "နာဗာဓကံ ယတော ဒုက္ခံ၊ ဒုက္ခာနည် နဗာဓကံ ဗာဓကတ္တ နိယာမေန တတော သစ္စမိဒံ မတံ ''နှင့်အညီ စက်ဆုပ်အပ်၍ အချည်းနှီးဖြစ်သော အနက်သည်ပင် မဘောက်မပြန် မှန်ကန် သောကြောင့် ဒုက္ခသစ္စာမည်ပါသည်။

တနည်းအားဖြင့်....ဒုက္ခသည် သတ္တဝါတို့ကို မနှိပ်စက်တတ်သည်ဟူ၍မရှိ ဒုက္ခမှတပါး သတ္တဝါတို့ကို နှိပ်စက်တတ်သောတရား မည်သည် မရှိ၊ ဤလို ဒုက္ခ၏ နှိပ်စက်တတ်သည်၏အဖြစ်ဖြင့် မြဲသည်၏အဖြစ်ကြောင့် ဒုက္ခသည်ပင် သစ္စာ မည်ပါသည်။

မောင်ချစ်။ ဘာကြောင့် သမုဒယ မည်ပါသလဲ။

မောင်သစ်။ " ဒုက္ခဿ သံယောဂေ ဥပ္ပတ္တိကာရဏတ္တာ ဒုက္ခသမုဒယန္တိ ဝုစ္စတိ " နှင့်အညီ ဒုက္ခဖြစ်ခြင်း၏ အကြောင်းရင်း ဖြစ်သောကြောင့် သမုဒယ မည်ပါသည်။

အနက်....ဒုက္ခဿ၊ ဆင်းရဲဒုက္ခ၏။ သံယောဂေ၊ မိမိ ဟု ဆိုအပ်သော လောဘမှကြွင်းသော အကြောင်းတရားနှင့် ပေါင်းယှဉ်ခြင်းသည်။ သတိ၊ ရှိသော်။ ဥပ္ပတ္တိကာရဏတ္တာ၊ ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ကြောင့်။ ဒုက္ခသမုဒယန္တိ၊ ဒုက္ခသမုဒယဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

အဓိပ္ပါယ်....သမုဒယလောဘတရားသည် မိမိမှကြွင်းသော အာရမ္မဏစသော အကြောင်း ကုသိုလ် အကုသိုလ်ကံဟုဆိုအပ်သော အကြောင်းတရားတို့နှင့် ပေါင်းဆုံ ယှဉ်တွဲမိသည်ရှိသော် ဒုက္ခအမျိုးမျိုးတို့ကို ဖြစ်စေတတ်၏၊ ဤလို တပါးသော အကြောင်းနှင့် ပေါင်းမိသည်ရှိသော် ဒုက္ခဖြစ်ခြင်း အကြောင်းရင်း ဖြစ်သောကြောင့် သမုဒယ မည်ပါသည်။

> **တေ တေသ္မာတိ အယော၊ သံယောဂေ ဥပ္ပတ္တိယာ အယောတိ သမုဒယော၊ အယောဝေ ဥဒယော သမာဂမေ သတိ ဥဒယော သမုဒယော**—နှင့်အညီ။

သံ-ရှေး ဥ-ရှေး ရှိသော ဣ-ဓာတ် အ-ပစ္စည်း၊ သံသည် သံယောဂ အနက်ကို ဥ-သဒ္ဒါသည် ဥပ္ပတ္တိအနက်ကို, အယသဒ္ဒါသည် ကာရဏအနက်ကို ဟောပါသည်။

မောင်ချစ်။ ဘာကြောင့် သမုဒယသစ္စာ မည်ပါသလဲ။

မောင်သစ်။ "တံ ဝိနာ နညတော ဒုက္ခံ, န ဟောတိ နစတိ တတော၊ ဒုက္ခ ဟေတု နိယာမေန, ဣတိသစ္စံ ဝိသတ္တိကာ" နှင့်အညီ ဒုက္ခသစ္စာ

ရုပ်နာမ်ခန္ဓာသည် တဏှာလောဘကို ကြည့်၍ တပါးသော အကြောင်းကြောင့်မဖြစ် တဏှာလောဘကြောင့်သာဖြစ်၏၊ဤ လိုဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာ အသစ်အသစ်ဖြစ်ခြင်း၏အကြောင်း ရင်း၏ အဖြစ်ကြောင့် ဒုက္ခသမုဒယသစ္စာမည်ပါသည်။

မောင်ချစ်။ ဘာကြောင့် နိရောဓ မည်ပါသလဲ။

မောင်သစ်။ "အဘာဝေါ ဧတ္ထ သံသာရစရကသင်္ခါတဿ ဒုက္ခရောဓဿ သဗ္ဗဂတိသုညတ္တာ သမဝိဂတေ ဝါတသ္မိံ သံသာရစရကသင်္ခါ တဿ ဒုက္ခရောဓဿ အဘာဝတော ဧဟာတိ တပ္ပဋိပက္ခတ္တာ ဒုက္ခဿဝေါ အနုပ္ပါဒ်နိရောဓ ပစ္စယတ္တာ ဒုက္ခနိရောဓန္တိ"နှင့်အညီ။

သံသရာ၌ ကျင်လည်ရခြင်းဟု ဆိုအပ်သော ဒုက္ခ၏ဆိတ်ရာ ဖြစ်သော ကြောင့်ရင်း၊ ဒုက္ခနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်ရင်း၊ ဤ နိဗ္ဗာန်၌ အလုံးစုံသော ဂတိတို့မှ ဆိတ်သောကြောင့်ရင်း၊သံသရာ၌ ကျင်လည်ရခြင်းဟု ဆိုအပ်သော ဒုက္ခဖြစ်ခြင်း၏ မရှိသောကြောင့်ရင်း၊ ထိုနိဗ္ဗာန်ကို ရောက်အပ် ရအပ်သည်ရှိသော် ထိုသံသရာ ဝဋ္ဋဒုက္ခ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ရင်း၊ သံသရာဝဋ္ဋဒုက္ခ၌ ကျင်လည်ရခြင်း၏ မရှိခြင်းကြောင့်ရင်း၊ သံသရာဝဋ္ဋ ဒုက္ခ၏ တဖန်အသစ်မဖြစ်သောအားဖြင့် ချုပ်ခြင်း၏ အကြောင်း၏ အဖြစ် ကြောင့်ရင်း၊ ဤအကြောင်းများကြောင့် ဒုက္ခနိရောဓမည်ပါသည်။

အဓိပ္ပါယ်....ဤ၌ နိရောဓ အရကို ထိုထိုသို့သော ဘဝဂတိ စသည်တို့၌ တဖန် အသစ်မဖြစ်ခြင်းဟု ဆိုအပ်သော အနုပ္ပါဒနိရောဓကိုသာ နိရောဓဟု ဆိုအပ်၏၊တဒင်္ဂနိရောဓစသော အဝသေသနိရောဓမျိုးကိုမဆိုလို၊ဘာ့ကြောင့် အနုပ္ပါဒ သဒ္ဒါဖြင့် နိဒရာဓ ပုဒ်ကို အထူးပြုသောကြောင့် ပေတည်း။ ထိုကြောင့် ထိုထို ဘဝဂတိတို့၌ တဖန်အသစ်မဖြစ်ခြင်းသည်သာ မုချနိရောဓ မည်၏။ ထိုသို့တဖန် အသစ်မဖြစ်ခြင်းဟူသော အကျိုးတရားဖြစ်သည်မှာ လည်း ပင်ကိုယ်ရှိနေသော နိဗ္ဗာန်ကို အကြောင်းပြု၍၊ ဝါ၊ အာရုံပြုရ၍သာ ဖြစ်နိုင်၏။ထိုကြောင့် ပင်ကိုယ်နိဗ္ဗာန်ကိုသာ နိရောဓဟုဆိုသော်လည်း မိမိတို့ ရရှိအပ်သော အကျိုးဖြစ်သော တဖန်အသစ်မဖြစ်ခြင်းဟူသော မုချနိရောဓ ၏အမည်ကို ပင်ကိုယ်ရှိနေသော အကြောင်းဖြစ်သော နိဗ္ဗာန်၌ တင်စား၍

အကြောင်းဖြစ်သော နိဗ္ဗာန်ကို နိရောဓဟုဆိုရပေသည်၊ ပင်ကိုယ်ရှိနေသော နိဗ္ဗာန်ကိုအကြောင်း နိဗ္ဗာန်, မိမိတို့ရရှိသောနိဗ္ဗာန်ကို အကျိုးနိဗ္ဗာန်ဟုဆိုလို ပေသည်။ သဘောအရ အတူတူပင်၊ အဖြစ်၏ ဆန့်ကျင်ဘက် မဖြစ်သော သဘောကို ပင်ကိုယ်နိဗ္ဗာန် ဆိုသည်ဟု သိလေ။

မောင်ချစ်။ ဘာကြောင့်နိရောဓသစ္စာ မည်ပါသလဲ။

မောင်သစ်။ "နာညာနိဗ္ဗာနတောသန္တိ၊ သန္တံနစတံတတော၊ သန္တဘာဝ နိယာမေန တတောသစ္စမိဒံမတံ" နှင့်အညီ နိဗ္ဗာန်မှတပါး သံသရာဝဋ်ဒုက္ခ၏ ငြိမ်းရာ မရှိ, နိဗ္ဗာန်သာ သံသရာဝဋ်ဒုက္ခ၏ ငြိမ်းရာ၏ အဖြစ်သည်မြဲ၏။ ဤလိုနိဗ္ဗာန်သည်သာ သံသရာဝဋ် ဒုက္ခ၏ငြိမ်းရာ၏ အဖြစ်သည် မြဲသောကြောင့် နိရောဓသစ္စာ မည်ပါသည်။

မောင်ချစ်။ ဘာကြောင့် မဂ္ဂမည်ပါသလဲ။

မောင်သစ်။ ဒုက္ခ၏ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သောကြောင့် မဂ္ဂမည်ပါသည်။ (ကျယ်အံ့စိုး၍ အမျိုးမျိုးမဖြေတော့ပြီ)

မောင်ချစ်။ ဘာကြောင့်မဂ္ဂသစ္စာမည်ပါသလဲ။

မောင်သစ်။ "မဂ္ဂအညံ နနိယျာနံ အနိယျာနော နစာပိသော တစ္ဆနိယျာန ဘာဝတ္တာ ဣတော သစ္စသမ္မတော" နှင့်အညီ မဂ်မှတပါး နိဗ္ဗာန်သို့ရောက်ကြောင်း မည်သည်မရှိ၊မဂ်သည် ဝဋ်ဆင်းရဲမှ မထွက်မြောက်တတ်သည် ဟူ၍လည်းမရှိ၊ ဤလိုမဂ်၏နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော သဘောသည် မြဲသောကြောင့် မဂ္ဂ သစ္စာမည်ပါသည်။

မောင်ချစ်။ ဘာကြောင့်သစ္စာကိုလေးပါးသာဟောတော်မူပါသလဲ။

မောင်သစ်။ "အညဿာသမ္ဘဝတော ဣတရဿာ အပနေယျ ဘာဝတော" နှင့်အညီ သစ္စာသည် ဤလေးပါးသာ ဖြစ်သင့်သောကြောင့် ၎င်း၊ ဤလေးပါးမှ တပါးသော သစ္စာ၏ ပယ်အပ်သည်၏ အဖြစ်ကြောင့်၎င်း၊ လေးပါးသာ ဟောပါသည်။

တနည်း....“ဣတိ ပဝတ္တိ နိဝတ္တိ တဒုဘယဟေတူနံ၊ ဝေပ္ပရမတော စတ္တာရောဝတ္တာဝိန္ဒိ”နှင့်အညီ သံသရာဝဋ်ဆင်းရဲ၌ ဖြစ်ခြင်း၊ ထိုသံသရာဝဋ်ဆင်းရဲ၌ ဖြစ်ခြင်းအကြောင်း, သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း ထွက်မြောက်ခြင်း အကြောင်းတို့၏ လေးပါးမျှ အတိုင်းအရှည် ရှိသောကြောင့်၎င်း၊ ပိုင်းခြား၍သိအပ် ပယ်အပ် မျက်မှောက်ပြုအပ် ပွားများအပ်သည်တို့၏ အစွမ်းကြောင့်၎င်း၊ လေးပါးသာဟောတော်မူခဲ့ပါသည်။

မောင်ချစ်။ ဒုက္ခသစ္စာကို ဘာကြောင့် ရှေးဦးစွာ ဟောပါသနည်း။

မောင်သစ်။ “ဧတ္ထစ ဩဠာရိကတ္တာ သဗ္ဗသာဓာရဏတ္တာစ သုဝိညေယျန္တိ ဒုက္ခသစ္စံ ပဌမံဝုတ္တံ”နှင့် အညီ သစ္စာလေးပါး တို့တွင် ဒု-သည် ရုန့်ရင်းသည်၏အဖြစ်ကြောင့်၎င်း, အလုံးစုံသော သတ္တဝါတို့နှင့် ဆက်ဆန်သည်၏ အဖြစ်ကြောင့်၎င်း, သိလည်း သိလွယ်သောကြောင့် ရှေးဦးစွာ ဟောတော်မူပါသည်။

မောင်ချစ်။ ဒု-အခြားမဲ့၌ ဘာကြောင့် သ-ကို ဟောတော်မူပါသလဲ။

မောင်သစ်။ “တဿာဝေယံ ဟေတု ဒဿနတ္ထံ တဒနန္တရံ သမုဒယသစ္စံ” နှင့်အညီ ဒုက္ခသစ္စာ၏ အကြောင်းကို ပြလိုသောကြောင့် ဒု-၏အခြားမဲ့၌ သ-ကို ဟောတော်မူပါသည်။

မောင်ချစ်။ သ-နောင် ဘာကြောင့် နိ-ကို ဟောပါသလဲ။

မောင်သစ်။ “ဟေတုနိရောဓာ ဖလနိရောဓောတိ ဉာပနတ္ထံ တတော နိရောဓသစ္စံ” နှင့် အညီ အကြောင်း ချုပ်ခြင်းကြောင့် အကျိုးတရားလည်း ချုပ်၏ဟု သိစေခြင်းငှါ သ-နောင် နိ-ကို ဟောတော်မူပါသည်။

မောင်ချစ်။ ဘာကြောင့် မ-ကို အဆုံးထား၍ ဟောတော်မူခဲ့ပါသလဲ။

မောင်သစ်။ "တဒဓိဂမုပါယ ဒဿနတ္ထံ အန္တေမဂ္ဂသစ္စံ" နှင့်အညီ နိရောဓသစ္စာကို သိရခြင်း၏အကြောင်းကိုပြခြင်းအကျိုးငှါ အဆုံး၌ ဟောတော်မူပါသည်။

မောင်ချစ်။ အဘယ်သစ္စာကို သိသောဉာဏ်သည် အဘယ်ဒိဋ္ဌိကို နှစ်စေပါသလဲ။

မောင်သစ်။ သစ္စာကိုသိသော ဉာဏ်သည် အနုဗောဓဟူသော လောကီဉာဏ်, ပဋိဝေဓ ဟူသော လောကုတ္တရာဉာဏ်ဟု နှစ်မျိုးရှိရာ ထိုတွင် ဒု-ကိုသိသော လောကီဉာဏ်သည် သက္ကာယဒိဋ္ဌိကို၊ သ-ကိုသိသော လောကီဉာဏ်သည် ဥစ္ဆေဒဒိဋ္ဌိကို၊ နိ-ကို သိသော လောကီဉာဏ်သည် သဿတဒိဋ္ဌိကို၊ မ-ကို သိသော လောကီဉာဏ်သည် အကြိယာဒိဋ္ဌိကို နှစ်စေနိုင်ပါသည်။

မောင်ချစ်။ သစ္စာကို သုဒ္ဓ, မိဿက စသည်ခွဲ၍ ဖော်ပြပါ။

မောင်သစ်။ ဒု-မ, သစ္စာနှစ်ပါးသည် မိဿကသစ္စာ၊ သ-နိ နှစ်ပါးသည် သုဒ္ဓသစ္စာ။

တနည်း— သ-နိ-မ သစ္စာသုံးပါးသည် နာမ်သစ္စာ၊ ဒု-သစ္စာသည် ရုပ်-နာမ် နှစ်ပါးရောသော မိဿကသစ္စာ။

တနည်း— ဒု-သ, သစ္စာနှစ်ပါးသည် လောကီသစ္စာ၊ နိ-မ သစ္စာနှစ်ပါးသည် လောကုတ္တရာသစ္စာ။

တနည်း— ဒု-နိ သစ္စာနှစ်ပါးသည် အကျိုးသစ္စာ, သ-မ သစ္စာနှစ်ပါးသည် အကြောင်းသစ္စာ ဖြစ်ပါသည်။

မောင်ချစ်။ သာဓု—သာဓု—သာဓု မောင်သစ်, သစ္စာလေးပါးတို့ကို ပါဠိ ကျမ်းဂန် အကိုးအကားနှင့်တကွ ပြတ်သားရှင်းလင်းစွာ ပြောပြ၍ ထင်ရှားစွာသိရပေပြီ၊ အမောင်သည် သစ္စာသိသော သုတဗုဒ္ဓ, စတုသစ္စဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, သမ္မာသမ္ဗုဒ္ဓ လေးဦးတို့တွင် သုတဗုဒ္ဓ စာရင်းဝင်ဖြစ်ပေပြီ၊ စတုသစ္စဗုဒ္ဓ ဖြစ်အောင် ကြိုးစားရုံသာလိုပါတော့သည်။

မောင်ချစ်။ နေစမ်းပါအုံး မောင်သစ်ကယ်၊ မရှင်းတာတွေကို မေးလက်စနှင့် မေးစမ်းပရစေ တွေ့ကရတွေ မေးဘဲမေးလွန်းသည်ဟု စိတ်လဲ မရှိပါနှင့် ဟု သစ္စာဥဒ္ဒေသခဏ်းတုံးက ဖုံးဝှက်ကွယ်ကာ အဝိဇ္ဇာဆိုတဲ့ နေရာမှာ—

ဒုက္ခေအညာဏံ ဒုက္ခသမုဒယေအညာဏံ ဒုက္ခနိရောဓေအညာဏံ ဒုက္ခနိရောဓဂါမိနီပဋိပဒါယံအညာဏံ။ ။ ဟုဟောတော်မူတဲ့ ပါဠိတော်၌ ဒုက္ခေအညာဏံ စသည်ရဲ့အရ ဒုက္ခေဉာဏံ စသည်ရဲ့အရကို ဘုရားဟော လိုရင်းကြအောင် ဘော်ပြခဲ့စမ်းပါ။

မောင်သစ်။ ဒါက ဒီလိုပါ ဘုရားအာဘော်ကြအောင် ဆရာတော်လဲ အနက်ရေးသား ဘော်ပြခဲ့ပါပြီ၊ ပြန်၍ကြည့်ပါ၊ ကေသာ ဒုက္ခသစ္စာစသည်ဖြင့် ဥဒ္ဒေသခဏ်းက ဘော်ပြခဲ့တဲ့အတိုင်း မိမိမှာရှိနေတဲ့ ဆံအစ ကျင်ငယ်အဆုံး ၃၂-ခု အပေါင်းအငုကို ဒုက္ခသစ္စာလို့ မသိတာ ဒုက္ခေအဉာဏံ ပါဘဲ၊ သိတာက ဒုက္ခေဉာဏံပါဘဲ၊ ထိုအတူ မိမိမှာရှိနေတဲ့ မျက်စိ နား၊ နှာ စသည်ကို ဒု-လို့ မသိတာ ဒုက္ခေအဉာဏံ ပါဘဲ။ သိတာက ဒုက္ခေဉာဏံပါဘဲ၊ မိမိ၏ တကိုယ်လုံး တကောင်လုံးကြီးကို ဒု-လို့မသိတာ ဒုက္ခေအဉာဏံ၊ သိတာက ဒုက္ခေဉာဏံဘဲ၊ ထို့အတူ မိမိကိုယ်မှာရှိနေတဲ့ ခြေနှစ်ချောင်း၊ လက်နှစ်ချောင်း၊ ခေါင်းတလုံးကို ဒု-လို့ မသိတာ ဒုက္ခေအဉာဏံ၊ သိတာက ဒုက္ခေဉာဏံဘဲ၊ ထို့အတူ မိမိ၏ ဥက္ကောင်းကို လည်ပင်းကို ပခုံးကို လက်ရုံးကို လက်နှစ်ဘက်ကို ကျောကို ဝမ်းကို ခါးကို တင်ပါးကို ပေါင်ကို ဒူးကို ခြေသလုံးကို ခြေမျက်စိကို ခြေဖမိုးကို ခြေဖဝါးကို ခြေချောင်းလက်ချောင်းတွေကို ခြေသည်းလက်သည်းတွေကို ဒု-လို့မသိတာ ဒုက္ခေအဉာဏံဘဲ၊ သိတာက ဒုက္ခေဉာဏံပါဘဲ၊ ဗိုင်းကို ဒု လို့မသိတာပဲ ဒုက္ခေအဉာဏံဘဲ၊ အဲဒါကို ဒု-လို့မသိတာက သာ၍ ဆိုးပါသေးတယ်၊ ဘာကြောင့်လဲ "တဏှာဒုတိယော။ပ။သံသာရံနာတိဝတ္တတိ "

> နှင့်အညီ ဖြစ်ပျက်မွေးသေ သံသရာရှည်၍နေသောကြောင့်ပါဘဲ၊ ဒါကို ဒု-လို့သိလျှင် ဒုက္ခသစ္စာကို ပို၍ သဘောကြပါလိမ့်မယ်။ (ဟိုဒင်း ဝုစ္စတိ လိင်္ဂ)

အဆိုပါ ဒုက္ခသစ္စာတို့ကို ဘဝတဖန် ရုပ်နာမ်ခန္ဓာ၊ ဘဝတဖန် ရုပ်နာမ်ခန္ဓာ၊ အသစ်အသစ် ပြန်၍ပြန်၍ ဖြစ်စေတတ်တဲ့ တဏှာကို သ-လို့မသိတာ ဒုက္ခသမုဒယေ အဉာဏ်ဘဲ၊ သိတာက ဒုက္ခသမုဒယေ ဉာဏ်ပါဘဲ၊ တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် အဆိုပါ ဒု-သ သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်ကို နိ-လို့မသိတာ ဒုက္ခနိရောဓေ အဉာဏ်ဘဲ၊ သိတာက ဒုက္ခနိရောဓေဉာဏ်ပါဘဲ၊ ထိုနိဗ္ဗာန်ကို မျက်မှောက်မြင်သိတဲ့ မဂ်စိတ်လေးခုဥ္စရှိတဲ့ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကို မ-လို့မသိတာ ဒုက္ခနိရောဓဂါမိနိပဋိပဒါယံ အဉာဏ်ဘဲ၊ သိတာက ဒုက္ခနိရောဓဂါမိနိပဋိပဒါယံ ဉာဏ်ဘဲ ဖြစ်ပါတော့သည်။

အချုပ်အားဖြင့်တော့ တဏှာမှတပါးသော ရုပ်နာမ်ခန္ဓာကို ဒု-လို့မသိဘာ၊ တဏှာကို သ-လို့မသိတာ၊ နိဗ္ဗာန်ကို နိ-လို့မသိတာ၊ မဂ္ဂင်ကို မ-လို့မသိဘာတွေဟာ အဉာဏ်တွေပါဘဲ၊သိတာတွေက ဉာဏ်တွေပါဘဲ၊ "လိုရင်းမှာ အဝိဇ္ဇာနှင့် ဝိဇ္ဇာပါဘဲ" ဤကား-ဒု၊ ဤကား-သ၊ ဤကား-နိ၊ ဤကား-မ,ဟု မသိတာက အဝိဇ္ဇာ သိတာက ဝိဇ္ဇာ အလုံးစုံသော ရုပ်နာမ်သင်္ခါရတရားအပေါင်းသည် ဖြစ်တတ်သော သဘောရှိ၏၊ထိုတရားအပေါင်းသည် ချုပ်တတ်သော သဘောရှိ၏ဟု မသိဘာက အဝိဇ္ဇာ၊ သိတာက ဝိဇ္ဇာ၊ ဝါ-ဖြစ်သမျှ ပျက်ဘို့, မွေးသမျှ သေဘို့ဟု ထိုးထွင်း၍ မသိတာ အဝိဇ္ဇာ၊ ထိုထွင်း၍သိတာ ဝိဇ္ဇာလို့ဟောတော်မူလိုရင်းဖြစ်ပါသည်။

တနည်း....အကျဉ်းအားဖြင့် ဘုံသုံးပါး, အပြားအားဖြင့် သုံးဆဲ့တဘုံ စကြာဝဠာအနန္တတို့၌ ကံအားလျော်စွာ ဖြစ်ဖြစ်သမျှ ကောင်း ဆိုး ယုတ်မြတ်, ကြီး-ငယ် မရွေး ခန္ဓာတပါးဘဲဖြစ်ဖြစ် လေးပါး ငါးပါးဘဲဖြစ်ဖြစ် ခန္ဓာမှန်က ပဋိသန္ဓေမှ စုတိသေနေ့သို့ကြအောင် ဆင်းရဲတွင်းနစ်၍ ဆင်းရဲခြင်း စစ်မှန်လှသောကြောင့် ဒုက္ခသစ္စာလို့ သိပါ မြင်ပါ၊ ထိုဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာမျိုးကို တဖန် တဖန် ဖြစ်စေတတ်တဲ့ ရှေးဖြစ်သော တဏှာကို သမုဒယသစ္စာလို့ သိပါ မြင်ပါ၊ ထို ဒု-သ သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်ကို နိရောဓသစ္စာလို့ သိပါ မြင်ပါ၊ဘိုဒုက္ခသစ္စာကိုပိုင်းခြား၍

သိတတ်သော သမုဒယသစ္စာကို ပယ်သတ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက် မြင်သိတတ်သော မဂ်စိတ် လေးခုဥ်ယှဉ်သော မဂ္ဂင်ရှစ်ပါး ကျင့်မြတ် တရားကို မဂ္ဂသစ္စာလို့ သိပါ မြင်ပါ။

ထိုသို့ သိရာ မြင်ရာတို့၌ ထို အသိ အမြင်တို့သည် စာဆိုပေါ်တွင် သောင်တင် အားကုန်၍ မနေစေနှင့် သူထဲ ငါထဲမှာ သတ္တဝါတို့၏ ခန္ဓာမှာ ရှိနေတဲ့ သစ္စာလေးပါး အစစ်အမှန်တွေကို ထိအောင် သိပါ မြင်ပါ၊ တဏှာ နိဗ္ဗာန် မဂ္ဂင်မှတပါးသော မိမိ၏ တကိုယ်လုံး တကောင်လုံး၊ သူတပါးတို့၏ တကိုယ်လုံး တကောင်လုံးကြီးကို ဒု-လို့ တဏှာကို သ-လို့၊ ထို ဒု-သ နှစ်ပါးစုံတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်ကို နိ-လို့၊ မဂ္ဂင်ကို မ-လို့၊ မိမိ သူတပါး သတ္တဝါ အများတို့မှာရှိနေကြတဲ့ သစ္စာလေးပါး ပရမတ္ထတရား အစစ်အမှန်ကို ထိအောင် သိပါ မြင်ပါ၊ ကိုယ်မှာရှိနေတဲ့ သစ္စာတွေကို သိမြင်တာက ကိုယ်ရှိသစ္စာ ကိုယ်တွေ့သစ္စာ၊ သူတပါးတို့မှာရှိနေတဲ့ သစ္စာတွေကို သိတာ မြင်တာက မျက်မြင်သစ္စာများ ဖြစ်သွားနိုင်ကြအောင် သိပါ မြင်ပါ။....

ထိုသို့ သိမြင်ရာ၌လည်း ဒု-သ-နိ-မ ဟု သစ္စာလေးပါးရှိရာ တပါးကို မြင်လျှင် ကျန် သစ္စာသုံးပါးကိုလည်း သိမြင်ရမည်၊ ဥပမာ-တဏှာမှ တပါးသော ရုပ်နာမ်ခန္ဓာကို ဒု-လို့ မြင်လျှင် တဏှာကို-သ၊ နိဗ္ဗာန်ကို-နိ၊ မဂ္ဂင်ကို မ-လို့ သိမြင်ရမည်။

တဏှာကို သ-လို့မြင်လျှင် ထိုတဏှာကြောင့်ဖြစ်သော ဒု-ကိုလဲ မြင်၊ တဏှာပယ်တဲ့မဂ်အကျင့်ကြောင့် ထို ဒု-သ နှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိ-ကိုလဲမြင်၊ ထို နိ-သို့ရောက်ကြောင်း မ-ကိုလဲ မြင်သိရမည်၊ နိဗ္ဗာန်ကို နိ-လို့မြင်လျှင် နိ-သို့ရောက်ကြောင်း မ-ကို မ-ဖြင့် ပယ်သတ်အပ်သော သ-နှင့် ဒု-ကိုလည်း မြင်သိရမည်၊ မဂ္ဂင်ကို မ-လို့မြင်လျှင် မ-ဖြင့် သိအပ်သော ဒု-ကို မ-ဖြင့်ပယ်အပ်သော သ-ကို မ-ဖြင့် ရောက်အပ်သော နိ-ကို သိမြင်ရမည်။

ဤလို ဤပုံ သစ္စာမြင်သိမှုကို ဒိုးလို ဂျင်ဂျင်လယ်၍ ထုံးလိုခြေ ရေလို နှောက်နိုင်ပြီး (ဒု-သိ ဒိ-ပယ်, သ-သိ ဝိ-ပယ်, နိ-မ-သိ သီပယ်)၍ အမြန် တကယ် သံသာနယ်က အလွယ်နှင့်ထွက်မြောက်နိုင်ကြပါစေသတည်း။

ဤကမ္ဘာလောကကြီး၌ လူမျိုးတရာ့တပါးရှိရာ ဘာသာ ဝါဒ အယူအဆလည်း တရာ့တပါးပင်ရှိ၏ဟုဆိုသင့်ရာ သို့ ဆိုစေကာမူ ယခုခေတ်တွင် အကြီးအကျယ်ဆုံး အများအပြားဆုံးဖြစ်သော ဘာသာဝါဒသည်ကား—

၁-ဗုဒ္ဓဘာသာ၊ ၂-ဟိန္ဒူဘာသာ၊ ၃-ခရာဇ်ယံဘာသာ၊ ၄-မဟာမေဒင်ဘာသာဟု ဘာသာကြီးလေးမျိုးရှိရာ ဗုဒ္ဓဘာသာမှတပါး အခြားသော ဘာသာဝါဒများမှာ— (၁) ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့တရား၊ (၂)သစ္စာလေးပါးဆိုတဲ့ တရားများမှာ လားလားမှ မပါမရှိချေ၊ ဆားမြီးစရာတောင် မရှိပေ။

အဆိုပါ ပဋိစ္စသမုပ္ပါဒ်တရား သစ္စာလေးပါးတရားပါဝင်သောတရားမှသာလျှင် ဖြစ်ပျက်မွေးသေဆိုတဲ့ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ထွက်မြောက်နိုင်ပေသည်၊ အဆိုပါ တရားများ မပါဝင်သော ဘာသာဝါဒမှန်သမျှတို့မှာ ဘယ်အခါမှ ဖြစ်ပျက်မွေးသေဆိုတဲ့ သံသရာဝဋ်ဒုက္ခမှ မထွက်မြောက်နိုင်ကြချေ။

ဤလို ဤပုံ သံသရာဝဋ်က ထွက်မြောက်နိုင်တဲ့ ပဋိစ္စသမုပ္ပါဒ်တရား သစ္စာလေးပါးတရားတို့ကို အကြောင်း အကျိုးနှင့်တကွ ထုတ်ဖေါ်၍ ဟောပြောနိုင်တဲ့ဘုရားမှသာ ဘုရားစစ် ဘုရားမှန်ဖြစ်ကြောင်းကို ပညာရှိအပေါင်းတို့ကောင်းကောင်းသိကြပြီးဖြစ်၍ ဘုရားစစ်ဟု သန္နိဋ္ဌာန်ကျမှတ်ယူကြလေ။

ဒါဟာ အကြောင်းမဲ့အနိုင်ကျင့်ပြီးပြောတာမဟုတ်ပါဘူး၊ ဘုရားစစ်ဟောတဲ့ သမုပ္ပါဒ်ဒေသနာတော်မှာ (အဝိဇ္ဇာပစ္စယာသင်္ခါရာ) ဆိုတာကို ရှေ့တမ်းက၊ ဝါ-ရှေ့ဆုံးက ထားပြီး ဟောကြားခဲ့တယ် မဟုတ်လား၊ အဓိပ္ပါယ်ကတော့ သစ္စာ မသိသောကြောင့် သင်္ခါရတွေ ဖြစ်တယ်လို့ ဟောထားပါတယ်၊ သစ္စာမသိတော့ နောက်ဆုံး ဘာဖြစ်ကုန်တုံးဆိုရင် (ဒုက္ခက္ခန္ဓသမုဒယော)တွေ ဖြစ်ကုန်တော့တာဘဲ။

အဓိပ္ပါယ်ကတော့....လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါတို့နှင့်မရောမယှက် ဝဋ်ဆင်းရဲသက်သက်သာ အကြောင်း အကျိုးဆက်၍ မပြတ်ဖြစ်နေတော့တာပါဘဲတဲ့၊ အဲဒါဟာ ရုပ်နာမ်ဖြစ်ပျက် အဆက်ဆက်ဆိုတဲ့ သံသရာဝဋ်ဆင်းရဲအစစ် ရုပ်နာမ်ပါဘဲ။

တဖန်....“အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂနိရောဓာ သင်္ခါရ နိရောဓော”လို့ ဟောထားပြန်ပါတယ် မဟုတ်ပါလား၊ အဓိပ္ပါယ်ကတော့ သစ္စာသိသောကြောင့် သင်္ခါရတွေ ချုပ်ငြိမ်းတယ်လို့ ဟောထားပါတယ်၊ သစ္စာသိ၍ သင်္ခါရ ချုပ်ငြိမ်းတော့ နောက်ဆုံး ဘာဖြစ်ကုန်တုံး ဆိုရင် (ဒုက္ခက္ခန္ဓသနိရောဓော)တွေ ဖြစ်ကုန်တော့တာပါဘဲ၊ အဓိပ္ပါယ်ကတော့ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မရောမယှက် သံသရာဝဋ်ဆင်းရဲ သက်သက်သာ အကြောင်း အကျိုးပြတ်၍ ရပ်သွားတော့တာပါဘဲတဲ့၊ အဲဒါဟာ ဟုတ်မှန်တဲ့နိဗ္ဗာန်ပါဘဲ၊ ဆိုလိုရင်းမှာ-ဒုက္ခက္ခန္ဓသ သမုဒယော ကား-ရုပ်နာမ် လည်လမ်း မျောလမ်း မြုပ်လမ်းပေတည်း။ ဒုက္ခက္ခန္ဓသ နိရောဓောကား နိဗ္ဗာန် ထွက်လမ်း လွတ်လမ်း ကျွတ်လမ်း ပေတည်း။ ထိုကြောင့် ဝဋ်မှထွက်မြောက်တဲ့ ဘာသာမှာ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာ တခုတည်းဘဲရှိတယ်၊ အခြားဘာသာတို့မှာ လုံးဝမရှိပါ။

ထိုကြောင့်ပင်....ဘာသာဝါဒခြင်း ပြိုင် အနိုင်ပြောကြလျှင် ပဋိစ္စ သမုပ္ပါဒ်တရား သစ္စာလေးပါးတရားတို့ကို ရောက်တဲ့ခါ ဘာသာခြားတို့မှာ တသက်တွင် တခါဆိုသလို တခါမှမကြားဘူးတဲ့ စကားထူး စကားဆန်းတွေ ဖြစ်နေ၍ ဘာတခုမှ ပြန်မပြောနိုင်တော့ဘဲ ပါးစပ်အဟောင်းသားနှင့်သာ ဖြစ်နေတော့၍ လက်မျှောက်ခါ အရှုံးပေးရလေတော့သည်။

(တနည်း)

# မောင်ချစ် နှင့် မောင်သစ်

## သစ္စာလေးပါး မေးဖြေများ

မောင်ချစ်။ စတုသစ္စ–သစ္စာလေးပါးဆိုတာ ပါဠိစကား၊ မြန်မာစကားလို ဘယ်လိုဆိုပါသလဲ။

မောင်သစ်။ အမှန်လေးပါးလို့ ဆိုလိုပါသည်။

မောင်ချစ်။ ဘယ်လိုမှန်တဲ့ အမှန်လေးပါးလဲ။

မောင်သစ်။ ၁။ ဒုက္ခသစ္စာ–ဆင်းရဲအမှန်။
၂။ ဒုက္ခသမုဒယသစ္စာ-ဆင်းရဲကြောင်းအမှန်။
၃။ ဒုက္ခနိရောဓသစ္စာ-ဆင်းရဲချုပ်ငြိမ်းရာအမှန်။
၄။ ဒုက္ခနိရောဓဂါမိနိပဋိပဒါ မဂ္ဂသစ္စာ-ဆင်းရဲ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အမှန်လို့ ဆိုလိုပါတယ်။

မောင်ချစ်။ ဤသစ္စာလေးပါးဟာ ဘာသိတ လေးပါးတို့တွင် ဘယ်ဘာသိတ ဖြစ်ပါသလဲ။

မောင်သစ်။ ဗုဒ္ဓဘာသိတ ဘုရားဟောအစစ်ဖြစ်ပါသည်။

မောင်ချစ်။ ဘယ်ပြည် ဘယ်နေရာမှာ ဘယ်သူတို့အားစ၍ဟောကြားရာ အဘယ်မျှ ကျွတ်တမ်းဝင်ကြပါသလဲ။

မောင်သစ်။ ဗာရာဏသီပြည် ဣသိပတန မည်သော မိဂဒါဝုန်တောမှာ ပဥ္စဝဂ္ဂီတို့ကို စ၍ ဟောရာ ပထမဆုံးတရားပွဲမှာ လူသားထဲက အညာတကောဏ္ဍည တဦး၊ ဗြဟ္မာက တဆယ့် ရှစ်ကုဋေ၊ နတ်ဟိုက အသင်္ချေ၊ ကျွတ်တမ်းဝင်ကြပါသည်။

မောင်ချစ်။ သာဓု–သာဓု, သင်သည် သစ္စာလေးပါးကို ပါဠိလိုအဆို မြန်မာလိုအရ ဟောရာဌာန ကျွတ်တမ်းဝင်သူ အရေ အတွက်နှင့်တကွ ပြတ်သား ရှင်းလင်းစွာ ပြောကြား၍ မှတ်သားရပေပြီ။

တဖန် မေးရန်ရှိသည်မှာ သစ္စာသိသောဉာဏ်သည် အနု ဗောဓဉာဏ်,ပဋိဝေဓဉာဏ်ဟုနှစ်မျိုးရှိရာ အနုဗောဓဉာဏ် မှာ လောကီဉာဏ်ဖြစ်၍ ပဋိဝေဓဉာဏ်မှာ လောကုတ္တရာ ဉာဏ်ဖြစ်ရာ အဆိုပါ ဉာဏ်နှစ်မျိုးထဲက အမောင်သည် ဘယ်ဉာဏ်မျိုးမျှားကို လက်ကိုင်ရရှိထားပါပြီနည်း။

မောင်သစ်။ အနုဗောဓဉာဏ်မျှသာ ရရှိပါသေးသည်၊ပဋိဝေဓဉာဏ်မျိုး ရအောင် ကြိုးစားဆဲဖြစ်ပါသည်။

မောင်ချစ်။ တဖန်မေးရန် ရှိသည်မှာ သစ္စာဆောင်ပုဒ် အကျဉ်းချုပ်ကို ထုတ်ပြခဲ့ပါ။

မောင်သစ်။ ၁–ဖြစ်ခြင်း ဖြစ်ကြောင်း, မဖြစ်ခြင်း မဖြစ်ကြောင်း,လေးပါး ပေါင်း၊ ကျိုးကြောင်းသစ္စာတည်း။

တနည်း။ ၂–ဖြစ်ချင် ဖြစ်, မဖြစ်ချင် မဖြစ်၊ ဤလေးချက်၊ကြောင်းကျိုး သစ္စာအစစ်တည်း။

မောင်ချစ်။ ဖြစ်ခြင်းက ဘာသစ္စာလဲ၊ ဖြစ်ကြောင်းက ဘာသစ္စာလဲ ဝေခွဲ၍ ပြခဲ့ပါ။

မောင်သစ်။ ဖြစ်ခြင်းက ဒုက္ခသစ္စာ၊ ဖြစ်ကြောင်းက သမုဒယသစ္စာ၊ မဖြစ်ခြင်းက နိရောဓသစ္စာ၊ မဖြစ်ကြောင်းက မဂ္ဂသစ္စာ။

(အကျိုးအကြောင်း)

မောင်ချစ်။ ဖြစ်ချင်က ဘာသစ္စာလဲ၊ ဖြစ်က ဘာသစ္စာလဲ ဝေခွဲ၍ ပြခဲ့ပါ။

မောင်သစ်။ ဖြစ်ချင်က သမုဒယသစ္စာ၊ ဖြစ်က ဒုက္ခသစ္စာ။
မဖြစ်ချင်က မဂ္ဂသစ္စာ၊ မဖြစ်က နိရောဓသစ္စာ။

(အကြောင်းအကျိုး)

မောင်ချစ်။ ဒုက္ခသစ္စာအရကို ဖော်ပြခဲ့ပါ။

မောင်သစ်။ သုတ္တန်နည်းအားဖြင့် တဏှာမှတပါးသော လောကီဉပါဒါနက္ခန္ဓာငါးပါး၊တေဘူမကပဋ္ဌတရား။ အဘိဓမ္မာနည်းအားဖြင့် လောကီစိတ် ၈၁-ခု၊ လောဘကြဉ်သော စေတသိက် ၅၁၊ ရုပ် ၂၈-ခု ဖြစ်ပါသည်။

မောင်ချစ်။ သမုဒယသစ္စာအရကို ဘော်ပြခဲ့ပါ။

မောင်သစ်။ ကာမဂုဏ်တို့၌ တပ်မက်သော ကာမတဏှာ,သဿတဒိဋ္ဌိနှင့် တကွသော ဘဝတဏှာ, ဉစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော ဝိဘဝတဏှာ, ဤတဏှာသုံးပါးတို့ဖြစ်ပါသည်။

မောင်ချစ်။ နိရောဓသစ္စာအရကို ဘော်ပြခဲ့ပါ။

မောင်သစ်။ အဆိုပါ ဒု-သ-သစ္စာနှစ်ပါးတို့၏ တဖန် အသစ် မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်ဖြစ်ပါသည်။

မောင်ချစ်။ မဂ္ဂသစ္စာကို ဘော်ပြခဲ့ပါ။

မောင်သစ်။ ရုပ်-နာမ်အသိကစ၍ သစ္စာလေးပါးအသိ နိဗ္ဗာန်ထိအောင် သိတဲ့ မဂ်စိတ်လေးခု၌ယှဉ်တဲ့ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး ဖြစ်ပါသည်။

မောင်ချစ်။ အဆိုပါ အမှန်လေးပါးခေါ်တဲ့ သစ္စာလေးပါး တို့သည် ဘယ်နေရာမှာ ရှိပါသလဲ။

မောင်သစ်။ အဆိုပါ သစ္စာလေးပါးတို့သည် အခြားတပါးမှာ မရှိကြပါ၊ သူ-ငါ တို့၏ ဤ ကိုယ်မှာဘဲ ရှိသည်ဟု ရောဟိတနတ်သားအား ဘုရားဟောခဲ့ပါသည်။

(ဉဒ္ဒေသခဏ်း—"သစ္စာလေးဖြာ ခန္ဓာမှာ"ဆိုတဲ့ အပိုဒ်ကိုပြန်ကြည့်ပါ။)

မောင်ချစ်။ သာခု-သာခု-သစ္စာလေးပါးတို့၏ သရုပ်အရကို ထုတ်ပြ၍ သိရပါပြီ အမောင်သုဘဗုဒ္ဓ၊
မေးရန်ရှိပြန်သည်မှာ လူတို့ကိုယ်၌ရှိသော သစ္စာလေးပါး တို့ကို ဘော်ပြခဲ့ပါ။

မောင်သစ်။ လိုတို့၏ကိုယ်၌ရှိသော ဆံပင် အစ ကျင်ငယ်အဆုံးရှိသော ၃၂-ခုလဲ ဒုက္ခသစ္စာ။ တနည်း-စက္ခု သောတ ခေါ်တဲ့ မျက်စိ,နား,နှာ,လျှာ,ကိုယ်,မနောလဲ ဒုက္ခသစ္စာ။ ရူပ, သဒ္ဒ

ခေါ်တဲ့ အဆင်း, အသံ, အနံ့,အရသာ, အတွေ့, အထိ သဘောလဲ ဒုက္ခသစ္စာ။ စက္ခုဝိညာဏ်စတဲ့ မြင်သိ,ကြားသိ,နံသိ,စားသိ,တွေ့ထိ သိ, ကြံသိတို့လဲ ဒုက္ခသစ္စာ။တခုတခုသောဘာဝ ပဋိသန္ဓေနေရ,အိုရ နာရ သေရ ကွေကွင်းရ ပေါင်းဆုံရ မိမိအလိုကိုမရတာလဲ ဒုက္ခ သစ္စာ။ အကျဉ်းအားဖြင့် ခန္ဓာတပါးဘဲဖြစ်ဖြစ် လေးပါးဘဲဖြစ်ဖြစ် ငါးပါးဘဲဖြစ်ဖြစ် ခန္ဓာကိုရတယ်ဆိုရင် ရရှိတဲ့ခန္ဓာဟာ ရရှိတဲ့အချိန် ကစ၍ စုတိသေနေ့သို့ကျအောင် ဆင်းရဲတာစစ်မှန်လှသောကြောင့် "ဇာတိပိဒုက္ခာ"စသည် ဘုရားဟောခဲ့ပါတယ်။

ထိုကြောင့်....အဆိုပါ သူ-ငါတို့ကိုယ်မှာရှိကြတဲ့ ဆံပင်အစ ကျင်ငယ် အဆုံးရှိတဲ့ ၃၂-ခုကိုရင်း၊ မျက်စိ, နား, နှာ စသည်ကိုရင်း၊ ငါ၏ ဆံပင်၊ ဆံပင်ဟာ ငါ၊ ဆံပင်သည် ငါ့ကိုယ်ဟူ၍ရင်း၊ မျက်စိသည် ငါ့မျက်စိ၊ မျက်စိ ဟာ ငါ၊ မျက်စိသည် ငါ့ကိုယ်ဟူ၍ရင်း၊ တဏှာ, မာန, ဒိဋ္ဌိအားဖြင့် အယူ အဆ မမှားကြစေဘဲ ဒုက္ခသစ္စာမို့ ဒုက္ခသစ္စာလို့ ဘုရားဟောတဲ့အတိုင်း ဒုက္ခသစ္စာလို့သာ အသိမှန်သိ, အမြင်မှန်မြင်, အယူမှန် ယူရန် ဖြင်ပါသည်၊ ဘာ့ကြောင့်ဆိုသော် သစ္စာသိနိုင်တဲ့ဘာဝ ဖြစ်သောကြောင့်ပေတည်း။

ဆံပင်စသော ဒုက္ခသစ္စာသည် မိမိတို့မှာ အမြဲရှိနေသော်လည်း ဤယခုလို သစ္စာလေးပါး တရားစကားကို မကြားမနာရလျှင် ဘဝရာထောင် ကမ္ဘာ ရာထောင် ဘယ်မျှပင်ကြာသော်လည်း ဤ ငါမှာရှိနေတဲ့ ဆံပင်ဟာ ဒုက္ခ သစ္စာပါတကားဟု သိရခဲ သိနိုင်ခဲလှပါသည် သစ္စာကို မသိသမျှလည်း သောတာပန် စသော အရိယာများမဖြစ်နိုင်၍ အပါယ်လွတ်ခွင့် မရနိုင်ပါ၊ သစ္စာကိုသိရပါမူကား "ဒု-သိ ဒိ-ပယ်၊ သ-သိ ဝိ-ပယ်၊ သောတာပန် ဖြစ် နိုင်တယ် "ဆိုတဲ့အတိုင်း မိမိမှာရှိနေတဲ့ ဆံ စသော ဒုက္ခသစ္စာတို့ကို ဒုက္ခ သစ္စာဟု ပိုင်ပိုင် ထိုးထွင်း၍ သိသွားတဲ့ခါ အဆိုပါ ဒိ-ဝိ တို့ကို ပယ်၍ အပါယ်လွတ် တရေးရ သောတာပန်စသော အရိယာများ ဖြစ်သွားနိုင်ပေ သောကြောင့်တည်း။

ထို ဆံစသော ဒုက္ခသစ္စာကိုဖြစ်စေတတ်သော ရှေး၌ဖြစ်သော တဏှာက သမုဒယသစ္စာ၊ ထို ဒု-သ သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်က

နိရောဓသစ္စာ၊ ထို နိဗ္ဗာန်ကို အပြားအားဖြင့် မြင်သိတတ်သော မဂ်စိတ် လေးခု၌ယှဉ်သော သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးက မဂ္ဂသစ္စာဖြစ်ပါသည်။

မောင်ချစ်။ အဆိုပါ သူ-ငါတို့၏ ဆံပင်စသော တကိုယ်လုံး တကောင် လုံးကြီးကို ဘာကြောင့် ဒုက္ခသစ္စာလို့ ဘုရားဟောခဲ့ပါ သလဲ။

မောင်သစ်။ အဆိုပါ သူ-ငါတို့၏ ဆံပင်စသော တကိုယ်လုံး တကောင် လုံးကြီးဟာ သူ-ငါ-ကျား-မ ရှူ-မဲ အစစ်အမှန် မဟုတ် ပါ၊ ပညတ်မျှသာ အစစ်အမှန်ပါ၊ အဆိုပါ ဆံစသော ၃၂ ခုကြီးဟာ ဘာတခုကိုမှမသိကဲ့တရား ပုပ်-အေးစသော ဆန့် ကျင်ဘက် အကြောင်းတို့နှင့် ပေါင်းဆုံမိတဲ့ခါ အေးတမျိုး ပူတဖုံ အမျိုးမျိုး ဘောက်လွှဲ ဘောက်ပြန် ဖြစ်တတ်သော ကြောင့် ရုပ်တရားမျိုးသာဖြစ်၍ ဥပါဒ်-ဌီ-ဘင်မျှ ဖြစ်၍ ဖြစ်၍ ပျက်ဘတ်သောကြောင့် အနိစ္စတရား ဒုက္ခတရား အနတ္တတရား အသုဘတရားအစစ် ကေန်ဖြစ်၍ ပဋိသန္ဓေ နေရတာလဲ ဤခန္ဓာ၊ အိုရတာလဲ ဤခန္ဓာ၊နာရတာလဲ ဤ ခန္ဓာ၊ သေရတာလဲ ဤခန္ဓာဖြစ်ပါတော့သည်။

ဤခန္ဓာကို နှုတ်လိုက်လျှင် ပဋိသန္ဓေနေစရာ, အိုစရာ, နာစရာ, သေစရာ မရှိတော့ပါ၊ ပဋိသန္ဓေနေရတာလဲ ဆင်းရဲတာမှန်, အိုရ နာရ သေရတာလဲ ဆင်းရဲတာမှန်, အကျဉ်းအားဖြင့် ခန္ဓာကိုရလျှင် ဆင်းရဲကိုရတော့တာပါဘဲ၊ ဤလို ခန္ဓာကို ရသည်ကစ၍ စုတိသေနေ့သို့ကျအောင် ဆင်းရဲတာ စစ်မှန် လှသောကြောင့် ဒုက္ခသစ္စာလို့ ဘုရားဟောခဲ့ပါသည်။ ပဋိသန္ဓေ လေးမျိုး တို့တွင် တမျိုးတမျိုးဖြင့် တဖန်တဖန် ပဋိသန္ဓေနေရသည်ကို ဒုက္ခသစ္စာလို့ သိပါ မြင်ပါ၊ အိုရ နာရ သေရတာကို ဒုက္ခသစ္စာလို့ သိပါ မြင်ပါ။

ဤလို ကြည့်ပါလျှင် ဒုက္ခသစ္စာသာ ပဋိသန္ဓေနေတာ, ဒုက္ခသစ္စာသာ အိုတာ, ဒုက္ခသစ္စာသာ နာတာ, ဒုက္ခသစ္စာသာ သေတာ, အိုတတ် နာတတ် သေတတ်သော သူကောင် ငါကောင် အတ္တကောင်ကား ထင်ရှားမရှိ၊ ဒုက္ခ သစ္စာ ရုပ် နာမ် ခန္ဓာ အနိစ္စတရား, ဒုက္ခတရား, အနတ္တတရား, အသုဘ တရားသာ အိုခြင်း, နာခြင်း, သေခြင်းဖြစ်သည်ဟု အသိမှန် အမြင်မှန်ကို

ရလာတဲ့ခါ အယူမှန်ကို ယူလိုက်နိုင်ပါသဖြင့် ရှေးအခါက ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကိုပင် ငါ့ကိုယ်အတ္တဟု ယူမှားခဲ့သော အတ္တဒိဋ္ဌိအယူမှားကြီးကို တားဆီးလိုက်နိုင်တဲ့ သောတာပတ္တိမဂ် အပ္ပနာသို့ရောက်၍ အပါယ်လွတ် တရားရ သောတာပန်စသော အရိယာများပင် ဖြစ်သွားနိုင်ခွင့်ရှိပါသည်။

မောင်ချစ်။ သာခု-သာခု-ဒုက္ခသစ္စာ၏ အရကို ဘော်ပြ၍ သိရပါပြီ၊ တဖန်မေးရန်ရှိသည်မှာ ဤဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာတွေကို ဘယ်သူလုပ်ပေးသလဲ၊ လုပ်ပေးတဲ့လက်သယ် ဘယ်သူလဲ ထာဝရဘုရား ဘန်ဆင်း၍ဖြစ်ပါသလား။

မောင်သစ်။ ထာဝရဘုရား ဘန်ဆင်း၍ဖြစ်သည် မဟုတ်ပါ၊ အမှန်မှာ ရှေးဘဝတို့က သစ္စာမသိခဲ့၍၊ ဝါ-ဖြစ်လိုလျှင် ဖြစ်ပြန်လိမ့် ဦးမည်၊ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ ဇာတိ ဒုက္ခစသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ကို မုချဖြစ်စေပြန်လိမ့်မည်ဟု သမုဒယသစ္စာကိုမသိတဲ့ မောဟ ကြောင့် လူ့ဘုံ၌ ဖြစ်လို ဖြစ်ချင်နေတဲ့ လောဘက ကုသိုလ် ကောင်းမှု ပြုလုပ်ကြတဲ့ခါ မွေး သေ လွတ်တဲ့ နိဗ္ဗာန်ကို မတောင့်တဘဲ, မွေးသေမလွတ်သေးတဲ့ လူနတ်ချမ်းသာကို သာ တောင့်တ၍ ပြုသောကံကြောင့် လူ့ဘုံ လူ့ဘဝ တယောက်သော အမိ၏ဝမ်းဝယ် ရှေးဦးစွာ ပဋိသန္ဓေစိတ် ကလလရေကြည်ဆိုတဲ့ ဒုက္ခသစ္စာ၊စ၍ဖြစ်ပေါ်လာသည်က စ၍ သေနေ့ကျအောင် ဆင်းရဲပေါင်းချုပ် ဒုက္ခအမျိုးမျိုး တို့ကို တမျိုးပြီးတမျိုး ဖြစ်ပေါ်စေပါတော့သည်။

ထို့ကြောင့် အဆိုပါ ရုပ်နာမ်ခန္ဓာတို့ကို တဖန်တဖန် ဖြစ်အောင် စီမံ ဖန်တီး၍ပေးတတ်သော "လက်သယ်အစစ်မှာ ဤတဏှာ လောဘ"ဘဲ ဖြစ်ပါ တော့သည်။

မောင်ချစ်။ တဏှာလက်သယ်ဟာ ဘယ်ကလာတာလဲ၊ ဘယ်မှာရှိသလဲ၊ ဘယ်နေရာမှာနေသလဲ။

မောင်သစ်။ အခြားတပါးက မလာပါ၊ အခြားတပါးမှာမရှိပါ၊အခြား တပါးမှာမနေပါ၊ မဂ်ဖြင့် မပယ်မသတ်သေးလျှင် ဘဝ ရာထောင် ကမ္ဘာရာထောင် ဘယ်လောက်ဘဲကြာကြာ မိမိ စိတ်သန္တာန်မှာဘဲ အနုသယအနေအားဖြင့် အမြဲကိန်းဝတ် နေပါ၍ ကိုယ်ထဲမှာဘဲရှိနေပါသည်။

မောင်ချစ်။ ဒီလိုဆိုရင် ပင့်ကူမျှင်သည် မိမိလုပ်တဲ့ ပင့်ကူမျှင်ကဘဲ မိမိကိုရစ်ပတ်နေသလို မိမိအတတ်နှင့်ဘဲ မိမိကိုဘဲ ပတ်နေ တာပေါ့။

မောင်သစ်။ မှန်ပါတယ် မှန်ပါတယ် ကိုယ်အတတ်နှင့် ကိုယ့်ကိုပြန်ပတ် နေတာဘဲ၊ ဒါကြောင့် သူတော်ကောင်းများဟာ လောကီ ဉာဏ်ဖြင့် သစ္စာသိတဲ့ခါ ကိုယ့်အတတ်နှင့် ကိုယ့်ကိုပတ် နေမှန်း သိ၍ တဏှာပယ်တဲ့ မဂ်အကျင့်ကိုကျင့်ကြ၍ တဏှာ ကုန်သောကြောင့် တဖန် ဒုက္ခသစ္စာ ရုပ်နာမ်ခန္ဓာ အသစ် တပ်၍ မပတ်တော့ဘဲ နိဗ္ဗာန်ယူသိမ်း၍ အငြိမ်းကြီးငြိမ်းကြ ပါတော့သည်။

မောင်ချစ်။ ဒါဖြင့်ရင် အဆိုပါ ဒုက္ခသစ္စာဆိုတာလဲ ကိုယ်မှာရှိသမုဒယ သစ္စာဆိုတာလဲ ကိုယ်မှာရှိလျက်နဲ့ ကိုယ်မှာရှိနေတဲ့ ဆံ စသော ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း၊ တဏှာလောဘကို သမုဒယသစ္စာမှန်း ကိစ္စတုံး လုံးလုံးကြီး မသိဘဲနေတာ ဘယ်သူလက်သယ်လဲ။

မောင်သစ်။ သစ္စာမသိတဲ့ မောဟ အဝိဇ္ဇာ ဟာ လက်သယ်အစစ်အမှန် ပါဘဲ၊ ရေမရောပါဘူး။

မောင်ချစ်။ အထင်နှင့် ပြောတာလား။

မောင်သစ်။ မဟုတ်ပါဘူး"ဒုက္ခေ အဉာဏံ သမုဒယေ အဉာဏံ"စသည် ဖြင့် သစ္စာလေးပါးကို မသိတာ မောဟအဝိဇ္ဇာလို့ ဘုရား ကိုယ်တိုင်က ဟောခဲ့ပါတယ်။

(နောက်နားက ဖြေကြားခဲ့ပါပြီ ပြန်၍ကြည့်ပါ)

မောင်ချစ်။ ဒါဖြင့်ရင် တဏှာကြောင့် ခန္ဓာ ဖြစ်ပျက်မွေးသေ သံသရာ ရှည်၍ နေကြရတာပေါ့။

မောင်သစ်။ မှန်ပါတယ်, မှန်ပါတယ်။

မောင်ချစ်။ ဒီလိုဆိုရင် တဏှာပယ်မှ အမတာနယ် နိဗ္ဗာန်ရောက်မှာပေါ့။

မောင်သစ်။ မှန်ပါတယ် မှန်ပါတယ်, တဏှာပယ်မှ တဏှာကုန်, တဏှာကုန်မှ ရွှေဘုံနိဗ္ဗာန်ပါ၊ ဒါကြောင့်ဘဲ "တဏှာဒုက္ခသာမူလံ၊ တဏှက္ခယာယ ပဋိပဇ္ဇထ၊ တဏှက္ခယောဟိ နိဗ္ဗာနံ" လို့ ဘုရားဟောခဲ့ပါတယ်၊ တဏှာသည် ဒုက္ခ၏အကြောင်းရင်း တဏှာပယ်တဲ့မဂ်အကျင့်ကို ကျင့်ကြ၊ ဘဏှာကုန်ရာဟာ နိဗ္ဗာန်ဘဲတဲ့။

မောင်ချစ်။ တဏှာကုန်အောင် ဘယ်ပုံကျင့်ရမလဲ။

မောင်သစ်။ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်ရပါမယ်။

မောင်ချစ်။ တဏှာကို ဘယ်လိုပယ်ရမလဲ။

မောင်သစ်။ ဒုက္ခသစ္စာ ထင်မြင်လာအောင် ဆင်ခြင်ရပါမယ်၊ ဝါ-ဝိပဿနာအလုပ်ကို နာနာအားထုတ်ရပါမယ်။

မောင်ချစ်။ ဘယ်လိုဆင်ခြင်ရမှာလဲ။

မောင်သစ်။ ရှေးဦးစွာ " ဖြစ်ချင် ဖြစ်၊ မဖြစ်ချင် မဖြစ်၊ သစ္စာလေးပါး အစစ်တည်း"ဟု ဆောင်ပုဒ်ကလေးကိုရွတ်ဆိုပေးရပါမယ်။

ပြီးတော့ ဖြစ်ချင်က သမုဒယသစ္စာ၊ ဖြစ်ကဒုက္ခသစ္စာ၊ မဖြစ်ချင်က မဂ္ဂသစ္စာ၊ မဖြစ်က နိရောဓသစ္စာ၊ ဤလိုဤပုံ အကြောင်းအကျိုးဖြစ်နေတဲ့ သစ္စာလေးပါး သဘောသွားကို သိရှိထားပြီးလျှင် ဖြစ်လိုလျှင် ဖြစ်ပြန်လိမ့်မယ်၊ ဖြစ်ပြန်လျှင် ဖြစ်ရာဘုံဘဝတို့မှာ ဇာတိဒုက္ခ စသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခသစ္စာဟူသမျှတို့ကို မုချဖြစ်စေပြန်လိမ့်မယ်၊ ဥပမာ-နွားနောက်က နွားခြေရာကို နင်း နင်းပြီး လှည်းဘီးကြီး လိုက်နေသကဲ့သို့၊ ထို့တူပမာ ဖြစ်လိုတဲ့ သမုဒယလောဘရဲ့နောက်က ဖြစ်ရာဘုံဘဝတို့မှာ တဖန်တဖန် ပြန်၍ပြန်၍ ပဋိသန္ဓေနေရတဲ့ ဇာတိလှည်းဘီး ဇရာလှည်းဘီး, ဗျာဓိလှည်းဘီး, မရဏလှည်းဘီး စသော ကုန်အောင်စုံသော

ဆင်းရဲဒုက္ခ လှည်းဘီးကြီးတို့သည် တဘီးပြီး တဘီး တသီတတန်း တပုံတခေါင်းကြီး လိုက်လာကြတော့မဲ့အရေး ဇာတသတ်, ဒေဝဒတ်, နန္ဒ, စုန္ဒတို့လိုဆိုရင် လောဟကုမ္ဘီငရဲမီး အဝီစိငရဲမီးအထိ လိုက်လာကြတော့မည့် အရေးကိုကို ထင်မြင်အောင်တွေးပြီးလျှင် သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်းသောအားဖြင့် ယောနိသော မနသိကာရမှုကို အကြိမ်ကြိမ် ပြုပေးရပါမည်၊ ဝါ-ဝိပဿနာမဂ်ကို နောက်ဆက်၍ အားသစ်ရပါမည်။

ဤလို ဤပုံ ဒုက္ခသစ္စာ ထင်မြင်အောင် ဆင်ခြင်၍ပေးတဲ့ခါ ဖြစ်လို ဖြစ်ခြင်နေတဲ့ သမုဒယသစ္စာ, တဏှာ ရာဂ လောဘ၏ စွမ်းရည်သတ္တိဟာ အဝီစိငရဲမ်းအထိ ပွားစီးတောက်လောင်၍ သွားစေတတ်သော ဒုက္ခသစ္စာကို အစွမ်းကုန်ထင်မြင်ပါလျှင် ဘုံသုံးပါးတို့၌ တဖန်ပြန်၍ ဖြစ်လို ဖြစ်ခြင်နေတဲ့ တဏှာအာလယသည် တကယ်ပြတ်၏၊တကယ်မထင်လျှင် တကယ်မပြတ်ပေ၊ ထင်မြင်အောင် ဆင်ခြင်ပါလေ။

ဒုက္ခသစ္စာအစွမ်းကုန်ထင်မြင်၍ ဘုံသုံးပါးတို့၌ ဖြစ်လို ဖြစ်ချင်နေတဲ့ တဏှာအာလယ ပြတ်ခြင်းသည် အရဟတ္တမဂ်ပေတည်း၊ ဘာကြောင့် မီးပုံကြီး သုံးပုံ, မီးလောင်အိမ်ကြီး သုံးလုံး, မီးလောင်ရွာကြီး သုံးရွာကို ပကတိမျက်စိနှင့် မြင်နေရဘိသကဲ့သို့ ထိုတူပမာ "တယော ဘဝေ အဂ္ဂိခန္ဓေ၁ဝိယ ခါယတိ" နှင့်အညီ ဘုံသုံးပါးရှိ ရုပ် နာမ် ခန္ဓာ လောင်စာအပေါ်တွေမှာ ဘဝတိုင်း ဘဝတိုင်း ဇာတိမီး အစ မရဏမီးအဆုံး၊ ဝါ-ရာဂမီး အစ ဥပါယာသမီးအဆုံး တဟုန်းဟုန်း တဒီးဒီး နေ့မီးမစဲ ညမီးမစဲ အမြဲတစေ တောက်လောင်၍နေကြသော ဘုံသုံးပါးတို့ကို မီးကျီးတုံးကြီး မီးခဲတုံးကြီး ပမာ စိတ်ထဲ ဉာဏ်ထဲမှာ ကောင်းကောင်းလှလှကြီး ထင်မြင်လာတဲ့ခါ၊ ဝါ-မီးကျီးခု မီးခဲစုထဲသို့ တကြိမ်ကျသည်နှင့် တကြိမ် ပဋိသန္ဓေနေရသည်နှင့် ထပ်တူထပ်မျှ အကြိမ်ကြိမ် မီးကျီးစုထဲသို့ကျသည်နှင့် အကြိမ်ကြိမ်ပဋိသန္ဓေနေရသည်နှင့် ထပ်တူထပ်မျှ,ထိုထက်မက အဆတရာ မကသာ၍ ဆင်းရဲတာမှန်လှသည်ဟု ဇာတိဒုက္ခစသည်ကို အစွမ်းကုန် ထင်မြင်လာတဲ့ခါ အဆိုပါ ဘုံသုံးပါးတို့၌ တဖန် ဖြစ်လို ဖြစ်ချင်နေတဲ့ တဏှာအာလယသည် အပြီးအပြတ် လက်စသတ် ပြတ်လေတော့၏။

"**တဏှာနွေ့ဒေ ဘဝန္တေ့ဒေါ ဟောတိ**" နှင့်အညီ တဏှာ ပြတ်သည်နှင့် တပြိုင်နက် ဇာတိနိရောဓ ဘဝနိရောဓ ဒုက္ခနိရောဓ နိဗ္ဗာန်ကိုလည်း မြင်သိပြီး မျက်မှောက်ပြုပြီး ဖြစ်တော့၏၊ ဘာကြောင့် မိမိ၌ တဏှာမရှိလျှင် ခန္ဓာလည်း တဖန်အသစ် မလာမဖြစ်တော့မည်ကို အတတ်သိပြီး ဖြစ်သောကြောင့်ပေတည်း။ ထိုကြောင့်ပင် ရဟန္တာအရှင်မြတ်တို့သည် အရဟတ္တမဂ်နောင်မှာ **ခီဏာဇာတိဝုသိတံဗြဟ္မစရိယံ** စသည်ဖြင့် ပစ္စဝေက္ခဏာ ဉာဏ်တဆယ့်ကိုးတန် ဖြစ်ပေါ်သည်ကို ကျမ်းဂန်တို့၌ ပြဆိုထားပါသည်။

မောင်ချစ်။ **သာဓု....သာဓု** အမောင် သုတမယဉာဏ်, အနုဗောဓဉာဏ်မှ ပဋိဝေဓဉာဏ် အထိ ဖြစ်ပေါ်ပုံကို ပြတ်သား ရှင်းလင်းစွာ ဖြေကြား၍ ထင်ရှားစွာ သိရှိရပေပြီ၊ အမျှားပြည်သူ ရှင် လူ ရဟန်း တို့သည် ဤ "**သစ္စာအလင်းပြ**" ကျမ်းကို ကြည့်ရှု၍ ရှေးဦးစွာ အပါယ်လွတ်တဲ့တရား နောက်ပိတ်ဆုံး မွေးသေ လွတ်တဲ့တရား၊ ဝါ-နိဗ္ဗာန်တရားများကို မရစဘူး အထူးရကြ၍ နိဗ္ဗာန်ယူသိမ်းပြီး အငြိမ်းကြီး ငြိမ်းကြရလိမ့်မည်ဟု မျှော်လင့်ချက် ရှိကြောင်းနှင့် သတင်းကောင်း ပို့လိုက်ရပါတော့သည်။

# ပြီး ပြီ ။

............

### သစ္စာသိ၍ ဒိဝိ ကို ပယ်က သောတာပန်ဖြစ်ပုံ
### (သင်္ဂြိုဟ်အဆို)

**သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန ပဟီနာပါယ ဂမနော သတ္တက္ခတ္တုပရမော သောတာပန္နောနာမ ဟောတိ။**

အဓိပ္ပါယ်....ရုပ်နာမ်သိကစ၍ သစ္စာလေးပါးအသိ နိဗ္ဗာန်သိ နိဗ္ဗာန်မြင် အထိသို့ရောက်အောင် သောတာပတ္တိမဂ်ကို ပွား၍ ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်ခြင်းဖြင့်၊ ဝါ-ပယ်ခြင်းကြောင့် ပယ်အပ်ပြီးသော အပါယ်လေးပါးသို့ သွားခြင်း ရှိသည်ဖြစ်၍၊ ဝါ-အပါယ်သို့ သွားခြင်းကို ပယ်ပြီးသည်ဖြစ်၍ လူ နတ် အရေအားဖြင့် ခုနစ်ကြိမ် ပဋိသန္ဓေ နေခြင်း အတိုင်း အရှည် ရှိသော

အပါယ်လွတ် တရားရသော သောတာပန် ပုဂ္ဂိုလ် အစစ်အဖြစ်သို့ ရောက် တော့သည်ဟူလို၊ သောတာပတ္တိမဂ်ကိုရလျှင် အရဟတ္တမဂ်ကိုရဘို့ သောတာ ပန် ဖြစ်လျှင် ရဟန္တာဖြစ်ဘို့ သေချာနေပါပြီဟူလို။

သစ္စာသိက နိဗ္ဗာန်ရမှုပြီးစီးပုံ

(ဋီကာကျော်အဆို)

ဘောသဗ္ဗ အဝိဇ္ဇာတဏှာ သင်္ခါတာနံ ဝဋ္ဋမူလာနံ နိရောဓေန အနုပ္ပါဒ ဓမ္မတာ ပတ္တိယာ သဗ္ဗပဋိဂဓတော သိဒ္ဓါယ အပဋိဝတ္တိယာ ဝဋ္ဋ နိရုဒ္ဓတိ။

အဒိပ္ပါယ်....သစ္စာမသိမှု အဝိဇ္ဇာ, မသိလို့ဘဲ တတ်မက်မှု တဏှာ, ထိုဝဋ်မြစ် မူလနှစ်ပါးတို့၏သဘောလျှင် သစ္စာလေးပါးကို ထိုးထွင်း၍သိသည်မှ အကြွင်းအကျန်မရှိ ချုပ်သဖြင့် ဘဝတဖန် ရုပ်နာမ် ခန္ဓာ အသစ်မဖြစ်သော သဘောသို့ရောက်ခြင်း၏ ပြီးသည်၏အဖြစ်ကြောင့် ဘဝဘဖန် ရုပ်နာမ်ခန္ဓာ အသစ်မဖြစ်မှု၍ မွေး သေ ဝဋ် ချုပ်လေတော့၏၊ ဝါ-နိဗ္ဗာန်ယူသိမ်း၍ ငြိမ်းရလေတော့၏။

ဘုရား၌ သက်ဝင်ယုံကြည်ခြင်း,တရား၌ သံဃာ၌ သက်ဝင်ယုံကြည်ခြင်း ငါးပါးသီလကို မလွန်ကြူးခြင်း, မုဆိုး တံငါ မိစ္ဆာဇီဝနှင့် အသက်မမွေး ခြင်း, ပဉ္စာနန္တရိယကံကြီးငါးပါးနှင့် အညသတ္ထာရုဒ္ဒေသ ဘုရားမပြောင်း တရား မပြောင်းတော့ခြင်း ဟူသော သောတာပန်အစစ် ဖြစ်သောသူ၏ အင်္ဂါများနှင့် ပြည့်စုံလိုလောက်သောသူ ဖြစ်ပါမူကား-ဖော်ပြလတ္တံ့သော အကျိုးများကို ရရှိခံစားရပေတော့မည် ကေန်မလွဲတည်း။

အပိစ ခေါ အနမတဂ္ဂ သံသာရဝဋ္ဋဒုက္ခသမုဒ္ဒံ သောသေတိ သဗ္ဗ အပါယဒွါရာနိ ပိဒဟတိ သတ္တန္နံ အရိယဓနာနံ သမ္မုခါဘာဝံ ကရောတိ အဋ္ဌင်္ဂိကမိစ္ဆာမဂ္ဂံ ပဇဟတိ သဗ္ဗဝေရဘယာနိ ဝူပသမေန္တိ သမ္မာသမ္ဗုဒ္ဓဿ ဩရသပုတ္တဘာဝံ ဥပနေတိ။ (ဝိသုဒ္ဓိမဂ်ဋ္ဌာ)

အဓိပ္ပါယ်....သစ္စာလေးပါးတို့တွင် တတိယသစ္စာခေါ်သော နိရောဓ သစ္စာ နိဗ္ဗာန်ကို မတွေ့မဝေ ထိုးထွင်း၍ သိမြင်သော သောတာပတ္တိ မဂ်

ဉာဏ်ကို ရရှိတဲ့ အချိန်အခါကစ၍ မသိအပ်သောအစ သံသရာ ဝဋ်ဒုက္ခ ဟူသော သမုဒ္ဒရာရေကို ခမ်းခြောက်စေတော့၏၊ အလုံးစုံသော အပါယ် တံခါးမှန်သမျှ ပိတ်ထားလိုက်နိုင်တော့၏၊ သဒ္ဓါ သတိ စသော အရိယာ ဥစ္စာ ခုနစ်ပါးတို့ကိုလည်း မျက်မှောက်၏အဖြစ်ကို ပြုတော့၏၊ မိစ္ဆာဒိဋ္ဌိ စသော မိစ္ဆာမဂ္ဂင် ရှစ်ပါးကိုလည်း စွန့်တော့၏၊ အလုံးစုံသော ဘေးရန်တို့ သည်လည်း ငြိမ်းကုန်၏၊ မြတ်စွာဘုရား၏ ရှေ့ရင်တော်နှစ် သားတော်စစ် သမီးတော်စစ်အဖြစ်သို့လည်း ဆောင်တော့၏၊ ဆိုခဲ့ပြီးသည်မှတပါး များစွာ ကုန်သော အကျိုးအာနိသင်တို့ကို ရခြင်းငှါလည်း ဖြစ်၏ဟူလို။

အမှာ— သစ္စာကို သိသောဉာဏ်သည် အနုဗောဓလောကီဉာဏ် ပဋိဝေဓ လောကုတ္တရာဉာဏ်ဟု နှစ်မျိုးရှိရာ ရှေးဦးစွာ လောကီဉာဏ်ဖြင့် သိအောင် ကျိုးစား၍ နောက်အခါ လောကုတ္တရာဉာဏ်ဖြင့် ပိုင်ပိုင် ထိုးထွင်းသိဖြစ်အောင် ကျိုးစားရန်မှာ တတိယသစ္စာ ခေါ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို ရှေးဦးစွာ အနုမာန နောက်အခါ ပစ္စက္ခ ပဋိဝေဓဖြစ်အောင် သန်သန်အာရုံပြုပေးပါလေ၊

ပြုပုံကား....“သစ္စာသိမြင် နိဗ္ဗာန်မြင်၊ နိဗ္ဗာန်မြင်မှ မဂ်ဖိုလ်ရ၊ မုချမြဲမှတ် သား” နှင့်အညီ—

(က) လက်ရှိဘဝ ပဋိသန္ဓေကစ၍ ရရှိခဲ့ကြသော ဇာတိဒုက္ခစသည်ကို ဒုက္ခသစ္စာဟု သိမြင်ခြင်း။

(ခ) ထိုဇာတိဒုက္ခကို ဖြစ်စေတတ်သော ရှေးဘဝဌ်ဖြစ်သော တဏှာ ကို သမုဒယသစ္စာဟု သိမြင်ခြင်း။

(ဂ) ထို ဒု-သ သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်ကို နိရောဓသစ္စာဟု သိမြင်ခြင်း။

(ဃ) မင်စိတ်လေးခု၌ ယှဉ်သော သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာဟု သိမြင်ခြင်း၊ သိမြင်၍ တဖန် ဆင်ခြင်လိုက်တဲ့ခါ တခါထဲ ယုံမှားကင်းသွားခြင်း၊

ဤလို ဤပုံ သစ္စာလေးပါးတို့ကို လောကီဉာဏ်ဖြင့် သိထားပြီးတဲ့ခါ တတိယသစ္စာခေါ်သော နိရောဓသစ္စာ ဆိုသည်မှာ တဏှာကြောင့် ခန္ဓာ

တသံသရာလုံး ဖြစ်ပျက်နေကြရာ တဏှာပယ်တဲ့ မဂ်အကျင့်ကို မကျင့်သမျှ တဏှာကြောင့် ခန္ဓာ ဖြစ်ပျက် မွေးသေ သံသရာရှည်၍ နေကြရသည်ဟု (သ)နှင့် (ဒု)ကို မြင်သိ၍ တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်တဲ့ခါ မဂ်၏ ရှေ့အဘို့မှာ တဏှာသည် ဖြစ်ခွင့်မရ တဒင် စသည်ချုပ်၍ မဂ်ခဏ မဂ်ခဏ တို့မှာ မိမိတို့မဂ်နှင့်ဆိုင်ရာ သမုစ္ဆေဒအားဖြင့်ချုပ်၍ အရဟတ္တမဂ်နောင်မှာ တဏှာအကြွင်းမရှိ, အရဟတ္တမဂ်နှင့် ချုပ်စေသောကြောင့် အကြောင်း တဏှာလဲ အသစ်မဖြစ်တော့ဘဲ ချုပ်ငြိမ်း၍ အရဟန္တစုတိနောင်မှာ အကျိုး ခန္ဓာလဲ အသစ်မဖြစ်တော့ဘဲ ချုပ်ငြိမ်းသောကြောင့် အဆိုပါ အကြောင်း ကိလေသာ အကျိုး ရုပ်နာမ် ခန္ဓာတို့၏ တဖန် အသစ်မဖြစ်သောအားဖြင့် ချုပ်ငြိမ်းတဲ့ သဘောကို၊ ဝါ-ချုပ်ငြိမ်းရာကို နိဗ္ဗာန်ဆိုသည်ဟု သိမြင်၍ သိမြင်တဲ့အတိုင်း တဏှာခန္ဓာ အသစ်မဖြစ်ဘဲ အမြဲငြိမ်းအေးနေတဲ့ နိဗ္ဗာန် တရားတော်မြတ်ကြီးသည်ကား ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်း ရာကြီး မှန်ပါပေသည်။ ဝါ-အို နာ သေရေး ဒုက္ခဘေးတို့နှင့် အဝေးကြီး ဝေး၍ အအေးကြီးအေးနေသောကြောင့် ချမ်းသာလှပါပေသည်။ ဝါ-ဘဝ မှလွတ်မြောက်တဲ့တရား ပူပြင်ခြင်းကင်းတဲ့တရား သေခြင်းကင်းတဲ့တရားကြီး အစစ်ကေန်ဖြစ်၍ ချမ်းသာစစ် ချမ်းသာမှန် ဖြစ်ပါပေတယ်၊ ဝါ-အို နာ သေရေး ဒုက္ခဘေးတွေနှင့် ရောထွေးနေကြတဲ့ လူ နတ် ချမ်းသာတို့နှင့် လုံးဝ မတူ တမူကွဲပြား ထူးထူးခြားခြား တပါးသော တရားတို့နှင့် မဆက်ဆန် ချမ်းသာစစ် ချမ်းသာမှန်ကြီးပါတကားဟု အာရုံပြု၍ပေးပါလေ၊ အာရုံပြု ပေးတဲ့အတိုင်း တဏှာခန္ဓာ ချုပ်ငြိမ်းတဲ့သဘောကို နှစ်သက်လိုလားသော အာရမ္မဏိကမဂ်စိတ်ဖြင့် မတွေ့မဝေ မျက်မှောက်မြင်သိသွားပါလျှင် ၎င်း ဉာဏ်သည် ပဋိဝေဓဉာဏ်သိ ဉာဏ်မြင်ပင် ဖြစ်လေတော့သည်။

ကဲ, ဘယ်လို ကြလဲ....လက်ရှိဘဝ ဘုရားဟောတဲ့ သစ္စာကို သိ၍ ရှေးဦးစွာ အပါယ်လွတ်တဲ့တရား, နောက် မွေးသေလွတ်တဲ့ နိဗ္ဗာန်တရားကို အရယူ၍သွားကြမလား၊ သို့မဟုတ် ယခုဘဝတာ သစ္စာသိ၍ သောတာပန် စသော အရိယာများဖြစ်၍ အပါယ်လွတ်နိုင်တဲ့ သမ္ပတ္တိဘဝကောင်းကြီးနှင့် ရင်ဆိုင်တွေ့ပါလျက် သေနေ့မဦးခင် သစ္စာသိအောင် မကျိုးစား၍ အပါယ် လွတ်တရား ရရှိမထားခြင်းကြောင့် ရှေးကလိုဘဲ အပါယ်လေးပါးသို့ ပြန်မြဲ ပြန်ကြဦးမလား။

သို့မဟုတ် "နောက်ဘုရားမှ အများငါတို့ ပါကြစို့ဟု နောက်သို့ရွှေ့ကာ နေဆဲမှာပင် ချစ်လင် ချစ်ဇနီး သားသမီးနှင့် ပွားစီးဥစ္စာ ပျက်စီးပါ၍ ခါခါဘဝ ဆုံးဆမမြင် ဖြစ်ရအင်မှာ မှန်ပင်မလွဲ မွေးမြဲသေမြဲ ဝဋ်ဆင်းရဲ" ဆိုတဲ့အတိုင်း နောက်ဘုရားသို့ဘဲ ပြောင်းကြဦးမလား ဟူ၍သာ မေးရန် ရှိတော့၏၊ နောက်ဘုရား အရိမေတ္တေယျ ဘုရားသို့ ပြောင်းတယ်ဆိုသော် လည်း ဟုတ်မှ ဟုတ် ဘာကြောင့် ရှေးဘုရားများ လက်ထက်တော်ကလဲ ဒီလိုဘဲ ဘုရားပြောင်းတဲ့ ဝါသနာက အားကြီးနေလေဘော့ တခါမယုံ ဆယ်ခါဆိုဘာလို ယုံနိုင်စရာမရှိပါဘူး၊ ခြံခုံနေကြ နွားဟာ ခုံပြန်မှာဘဲ ဆိုတာလို လက်ရှိဘုရားကို အားမနာ, အမေကျော် ဒွေးတော်လွှမ်းပြီး ဘုရားတဆူပြီး တဆူ ပြောင်းမြဲ ရွှေ့မြဲ ပြောင်းနေကြ ရွှေ့နေကြ လူ နတ် တွေပါဘဲဆိုလျှင် လွဲခြင်းမှ လွဲမည်, မှားခြင်းမှ မှားမည်၊ သွေးထွက်အောင် မှန်နေမလားမသိ သူခိုးသေဘော်ညှိတို့....။

ဤလို ဘုရားပြောင်းတဲ့ သူများကို ပကတိသာဝက ဆုပန်ဖြစ်လျှင် ဘယ်လို အဆုံးအမပေးရမလဲဆိုတဲ့အမေး၌—

> **သော ဟိ ကိံမေ ဣမသ္မိံ ဗုဒ္ဓကာလေ ပရိနိဗ္ဗာနေန အနာဂတေ မေတ္တေယျသမ္မာသမ္ဗုဒ္ဓကာလေ ပရိနိဗ္ဗာယိဿာမီတိ ဝိသုဒ္ဓိသီလောပိ ပဋိပတ္တိံ န ပူရေတိ၊ သော ဟိ ကိမတ္တံ အာယသ္မာပမတ္တော ဝိဟရတိ ပုထုဇ္ဇနဿနာမ ဂတိ အနိဗ္ဗဒ္ဓါ အာယသ္မာဟိ မေတ္တေယျ သမ္မာသမ္ဗုဒ္ဓဿ သမ္မုခီဘာဝံ လဘေယျာပိ နလဘေယျာပိတိ အရဟတ္တတ္ထာယဝိပဿနံ ဘာဝေဟိ တိ ဩဝဒိတဗ္ဗော။** ။ ဟု ပုဂ္ဂလပညတ် ဋ္ဌကထာ၌ ဖွင့်ပြခဲ့ ပါတယ်။

အဓိပ္ပါယ်ကတော့.... ထို ဘုရားပြောင်းတတ်တဲ့ ပုဂ္ဂိုလ်သည် ငါအား ဤဂေါတမဘုရားလက်ထက်၌ ပရိနိဗ္ဗာန်ပြုသဖြင့် ဘယ်အကျိုးရှိအံ့နည်း၊ နောင်အခါ အရိမေတ္တေယျဘုရားလက်ထက်တော်၌ ပရိနိဗ္ဗာန်ပြုတော့အံ့ဟု နှလုံးသွင်း၍ စင်ကြယ်သောသီလ ရှိလျက် မဂ် ဖိုလ် ရခြင်း၏ အကျင့်ကို မဖြည့်ကျင့်သော ပုဂ္ဂိုလ်ကို ဘယ်အကျိုးငှါ အရှင်ဘုရားသည် မေ့လျော့၍ နေဘိသနည်း၊ ပုထုဇဉ်အလား မည်သည်ကား မမြဲပါတကား၊ အကြင့် ကြောင့် အရှင်ဘုရားသည် မေတ္တေယျမြတ်စွာဘုရား၏ မျက်မှောက်အဖြစ်ကို

ရခြင်လဲ ရမယ်, မရခြင်လဲ မရဘူး၊ ရ-မရကိုမသိနိုင်ဘူး၊ ဒါကြောင့်မို့လို့ဘဲ အရဟတ္တဖိုလ်အကျိုးငှါ ဝိပဿနာကို အားထုတ်ပါလောဟု တိုက်တွန်းပြောဆိုအပ်၏ ဟူလို။

....................

## ရှည်လျားလှစွာ သံသရာ

အနမတဂ္ဂါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ နပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသာရတံ သေယျထာပိ ဘိက္ခဝေ ပုရိသော ယံ ဣမသ္မိံ ဇမ္ဗုဒီပေ တိဏကဋ္ဌသာခါ 'ပလာသံ တစ္ဆေတွာ ဧကဇ္ဈံ သံဟရိတွာ စတုရင်္ဂုလံ စတုရင်္ဂုလံ ဃတိကံ ကတွာ နိက္ခိပေယျ အယံ မေ မာတာ တဿ မေ မာတု အယံ မာတာတိ အပရိယာဒိန္နာဝ ဘိက္ခဝေ တဿပုရိသဿ မာတု မာတရော အဿု အထ ဣမသ္မိံ ဇမ္ဗုဒီပေ တိဏကဋ္ဌ သာခါ ပလာသံ ပရိက္ခယံ ပရိယာဒါနံ ဂစ္ဆေယျ တံ ကိဿဟေတု အနမတဂ္ဂါ ယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာ သံယောဇနာနံ သန္ဓာဝတံ သံသရတံ ဧဝံ ဒီဃရတ္တံ ဝေါ ဘိက္ခဝေ ဒုက္ခံ ပစ္စနုဘူတံ ဗျသနံပစ္စနုဘူတံ ကဋသိဝဍ္ဎိတာ ယာဝဉ္စိဒံ ဘိက္ခဝေ အလမေဝ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ အလံဝိရဇ္ဇိတုံ အလံဝိမုစ္စိတုံ။

(အနမတဂ္ဂသံယုတ်ပါဠိ)

အနက်....ဘိက္ခဝေ-ရဟန်းတို့၊ အယံသံသာရော၊ ဤခန္ဓာအာယတနဓာတ်တို့၏ မပြတ်ဖြစ်သော အစဉ်ဟု ဆိုအပ်သော သံသရာ ဝဋ်ဆင်းရဲသည်။ အနမတဂ္ဂေါ၊ နှစ်ရာထောင်လောက် ဉာဏ်ဖြင့်လျှောက်၍ အောက်မေ့သော်လည်း မသိနိုင် မသိကောင်းသော ရှေ့နောက် အစွန်းရှိ၏။ အဝိဇ္ဇာနီဝရဏာနံ၊ ရှေ့နောက် အစွန်းကို မသိတတ်သော။ ဝါ၊ သစ္စာလေးပါးကို မသိတတ်သော မောဟတည်းဟူသော အဝိဇ္ဇာဖြင့် ဖုံးလွှမ်းအပ်ကုန်သည် ဖြစ်၍။ တဏှာသံယောဇနာနံ၊ တပ်ခြင်းသံလျှောင် တုပ်နှောင်ချည်တည်း ဖွဲ့စည်း ရစ်ပတ်အပ်ကုန်သည်ဖြစ်၍။ သန္ဓာဝတံ၊ ဤဘဝမှသည် ထိုဘဝ, ထိုဘဝမှသည် ဤဘဝသို့ ပြေးသွားရကုန်သော။ သံသရတံ၊ ဖြစ်မြဲတိုင်းသော ဘုံတို့၌ တပြောင်းပြန်ပြန် ကျင်လည်ရကုန်သော။ သတ္တာနံ၊ သတ္တဝါ

တို့၏။ ပုဗ္ဗကောဋ္ဌိ၊ ဤမည်သော ကမ္ဘာ, ဤမည်သော မင်း, ဤမည်သော ဘုရားလက်ထက်တော်၌ စ၍ ဖြစ်၏၊ ထိုမှနောက်၌ မဖြစ်ဟု ရှေးဖြစ်သော အစွန်းသည်။ နပညာယတိ၊ မထင်မြင်နိုင်။

ဘိက္ခဝေ၊ ရဟန်းတို့။ ပုရိသော၊ ယောကျ်ားသည်။ ဣမသ္မိံ ဇမ္ဗုဒီပေ၊ ဤဇမ္ဗုဒိပ်ကျွန်း၌။ ရုက္ခံ၊ ပေါက်ရောက်သော။ တိဏ ကဋ္ဌ သာခါ ပလာသံ၊ မြက် သစ်သား သစ်ခက် သစ်ရွက်ကို။ တဒဂ္ဂတွာ၊ ခုတ်ဖြတ်၍။ ဧကဇ္ဈံ၊ တပေါင်းတည်း။ သံဟရိတွာ၊ ရုံးစု၍။ စတုရင်္ဂုလံ-စတုရင်္ဂုလံ၊ လက်လေးသစ် လက်လေးသစ်စီ။ ဃဋိကံ၊ အတုံးအပိုင်းကို။ ကတွာ၊ ပြု၍။ အယံ၊ ဤသူသည်ကား။ မေ၊ ငါ၏။ မာတာ၊ အမိတည်း။ အယံ၊ ဤသူသည်ကား။ မေ၊ ငါ၏။ တဿမာတု၊ ထိုအမိ၏။ မာတာ၊ အမိတည်း။ ဝါ၊ အဘွားတည်း။ ဣတိ၊ ဤသို့။ ယံနိက္ခိပေယျ၊ အကြင်ချရာ၏။ အထ၊ ထိုသို့ချသည်ရှိသော်။ ဣမသ္မိံ ဇမ္ဗုဒီပေ၊ ဤဇမ္ဗုဒိပ်ကျွန်း၌။ ရုက္ခံ၊ ပေါက်သော။ တိဏ ကဋ္ဌ သာခါ ပလာသံ၊ မြက် သစ်သား သစ်ခက် သစ်ရွက်သည်။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ပရိယာဒါနံ၊ ဆုံးခြင်းသို့။ ဂစ္ဆေယျ သေယျထာပိ၊ ရောက်ရာသကဲ့သို့လည်း။ တထာ၊ ထိုအတူ။ တဿပုရိသဿ၊ ထိုယောကျ်ား၏။မာတုမာတရော၊ အမိ အမိ အဆက်ဆက်တို့သည်။ အပရိယာဒိဏ္ဏာဝ၊ မကုန်နိုင်ကုန်သည်သာလျှင်။ အဿု၊ဖြစ်ကုန်ရာ၏။ တံ၊ထိုသို့ မြက်စသည် ကုန်သကဲ့သို့ အမိအဆက်ဆက် မကုန်နိုင်ခြင်းသည်။ ကိဿဟေတု၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံသံသာရော၊ ဤခန္ဓာ အာယတန ဓာတ်တို့၏ မပြတ် ဖြစ်သော အစဉ်ဟု ဆိုအပ်သော သံသရာသည်။ အနမတဂ္ဂေါ၊ နှစ်ရာ ထောင်လောက် ဉာဏ်ဖြင့် လျှောက်၍ အောက်မေ့သော်လည်း မသိနိုင်ကောင်းသော ရှေ့နောက် အစွန်း ရှိ၏။ အဝိဇ္ဇာနီဝရဏာနံ၊ ရှေ့နောက် အစွန်းကို မသိတတ်သော မောဟ တည်းဟူသော အဝိဇ္ဇာဖြင့် ဖုံးလွှမ်းအပ်ကုန်သည်ဖြစ်၍။ တဏှာသံယောဇနာနံ၊ တပ်ခြင်းသံလျှောင် တုပ်နှောင်ချည်တည်း ဖွဲ့စည်း ရစ်ပတ်အပ်ကုန်သည် ဖြစ်၍။ သန္ဓာဝတံ၊ ထိုဘဝမှ ဤဘဝ, ဤဘဝမှ ထိုဘဝသို့ ပြေးသွားကုန်လျက်။ သံသရတံ၊တပြောင်းပြန်ပြန် ကျင်လည်ကုန်သော။ သတ္တာနံ၊သတ္တဝါတို့၏။ ပုဗ္ဗကောဋ္ဌိ၊ ဤမည်သော ကမ္ဘာ, ဤမည်သော မင်း, ဤမည်သော ဘုရားလက်ထက်တော်၌ စ၍ ဖြစ်၏၊ ထိုမှရှေ့၌မဖြစ်ဟု ရှေ့ဖြစ်သောအစွန်းသည်။

နပညာယတိ၊ မထင်မမြင်နိုင်။ ဣတိတသ္မာ၊ ထိုကြောင့်။ အပရိယာဒိဏ္ဏာ၀၊ မကုန်နိုင်ကုန်သည်သာလျှင်။ အဿု၊ ဖြစ်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ ဤသို့။ ဒီဃရတ္တံ၊ မြင့်မြဲရှည်ကြာ သံသရာကာလပတ်လုံး။ ဒုက္ခံ၊ ဇာတိ ဇရာ ဗျာဓိ မရဏ စသော ကုန်အောင်စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ကို။ ဝေါ၊ သင်ချစ်သား ချစ်သမီးတို့သည်။ ပစ္စနုဘူတံ၊ ဘဝများစွာ ကမ္ဘာများစွာ ကြိမ်ဖန်များစွာ မရေမတွက်သာအောင် ခံစားခဲ့ရလှလေပြီ။ တိဗ္ဗံ၊ ဝှန်းသည်းပြင်းပြ ထက်မြက်လှသော ဆင်းရဲကို။ ပစ္စနုဘူတံ၊ ဘဝများစွာ ကမ္ဘာများစွာ ကြိမ်ဖန်များစွာ မရေမတွက်သာအောင် ခံစားခဲ့ရလှလေပြီ။ ဗျသနံ၊ အမျိုး ဉစ္စာ အနာသီလ အယုဟူသော ပျက်စီးခြင်းကို။ ပစ္စနုဘူတံ၊ များစွာကြိမ်ဖန် ခံစားခဲ့ရလှလေပြီ။ ဿဋသိ၊ သူသေမြှုတ်တဲ့ သုဿန်မြေကို။ ဝမိုကာ၊ဘဝများစွာ ကမ္ဘာများစွာ မရေမတွက်သာအောင် ပွားစေခဲ့ရလှလေပြီ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာ၊ အကြင်ကြောင့်။ ဣဒံသံသာရဝဋ္ဋံ၊ ဤသံသရာဝဋ္ဋ်ဆင်းရဲသည်။ ယာဝဥ္စယတ္တကံကာလံ၊ အကြင်မျှလောက်သော ကာလရှိ၏ဟူ၍။ အနမတဂ္ဂံ၊ ဉာဏ်ဖြင့် လျှောက်၍ အောက်မေ့သော်လည်း မသိနိုင်ကောင်းသော ရှေ့နောက်အစွန်းရှိ၏။ တသ္မာ၊ ထိုကြောင့်။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသော တေဘူမကသင်္ခါရတရားတို့၌။ နိဗ္ဗိန္ဒိတုံ၊ ပြင်းမုံးငြီးငွေ့ခြင်းငှါ။ အလမေဝ-အလံဧဝ၊ သင့်သည်သာတည်း။ ဝါ၊ သင့်တော်လောက်ကြပြီ။ ဝိရဇ္ဇိတုံ၊ ဝိရာဂ မည်သော မဂ်ဉာဏ်ဖြင့် တပ်ခြင်းကင်းခြင်းငှါ။ အလံဧဝ၊ သင့်တော်သည်သာတည်း။ သဗ္ဗသင်္ခါရေသု၊ ဘုံသုံးပါး ဖြစ်ပျက်မနားကြတဲ့ ရုပ်နာမ်သင်္ခါရတရားတို့၌။ ဝိမုစ္စိတုံ၊ ဝိမုတ္တိမည်သော ဖိုလ်ဉာဏ်ဖြင့် တပ်မက်မှုမှ လွတ်မြောက်ခြင်းငှါ။ အလံဧဝ၊ သင့်တော်လောက်ကြပြီ။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောကြားတော်မူခဲ့၏။

အဓိပ္ပါယ်....ရဟန်းတို့၊ ခံ-အာ ဓာတ်တို့၏ မပြတ်ဖြစ်သော အစဉ်ဟုဆိုအပ်သော သံသရာဝဋ္ဋ်ဆင်းရဲသည် နှစ်အရာ နှစ်အထောင်ကာလပတ်လုံး

ဥာဏ်ဖြင့် လျှောက်၍ အောက်မေ့သော်လည်း ဤသို့အစ ဤသို့ အဆုံးဟု ပိုင်းခြား၍မသိအပ်သော ရှေ့နောက် အစွန်းရှိ၏၊ သစ္စာမသိမှု အဝိဇ္ဇာ တည်းဟူသော မော်ဟဖြင့် မြေးယှက် ရစ်ပတ် ဖုံးလွှမ်းအပ်ကုန်သည်ဖြစ်၍ တပ်မက်မှု တဏှာဟူသော ကြိုးဖြင့် ဝဋ် တည်းဟူသော တံသင်း၌ ဖွဲ့ချည် အပ်ကုန်သောကြောင့် ဤဘဝမှသည် ထိုဘဝသို့ ထိုဘဝမှသည် ဤဘဝသို့ ပြေးသွားကုန်လျက် တပြောင်းပြန်ပြန် ကျင်လည်ရကုန်သော သတ္တဝါတို့၏ ဤမည်သောကမ္ဘာ ဤမည်သောမင်း လက်ထက် ဤမည်သော ဘုရား လက်ထက်တော်တွင်မှစ၍ ဖြစ်၏ဟု ရှေ့နောက်ဖြစ်သောအစွန်းကို မသိအပ် မသိနိုင်သည်သာတည်း၊ ရဟန်းတို့ သံသရာ၏ အစ အဆုံး မထင်နိုင် မမြင် နိုင်သော အဖြစ်ကို လောကဉပမာဖြင့် ပြဆိုရသည်ရှိသော် ခွန်အား စွမ်း ပကားနှင့် ပြည့်စုံသော ယောကျ်ားသည် ယူဇနာတသောင်း အပြောကျယ် သော ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ပေါက်ရောက်သော မြက် သစ်သား သစ်ခက် သစ်ရွက် အလုံးစုံတို့ကို ခုတ်ဖြတ်၍ တပေါင်းတည်း ရုံးစုပြီးလျှင် လက် လေးသစ် လက်လေးသစ်စီ အတုံးအပိုင်းပြု၍ ဤသူကား ငါ၏အမိတည်း၊ ဤသူကား ငါ၏အမိ၏ အမိတည်း စသည်ဖြင့် တခုစီ တခုစီ ချ၍ကြည့်သည် ရှိသော် အဆိုပါ လက်လေးသစ် လက်လေးသစ်စီရှိသော အတုံးအပိုင်းတို့ သည် လျှင်မြန်စွာ ကုန်ခြင်းသို့ရောက်ရာ၏၊ အဆိုပါ အမိအဆက်ဆက်တို့ သည်ကား ကုန်ခြင်းသို့ မရောက်နိုင်ရာ၊ အဘယ်ကြောင့်နည်း ?

ရဟန်းတို့....ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်ဖြစ်သော အစဉ်ဟု ဆိုအပ်သော သံသရာဝဋ်ဆင်းရဲသည် ဥာဏ်ဖြင့် လျှောက်၍ အောက်မေ့ သော်လည်း ပိုင်းခြား၍ မသိနိုင်ကောင်းသော ရှေ့နောက် အစွန်းရှိ၏ ထိုကြောင့်တည်း၊ ထိုသို့ကျင်လည်ရသော သင်ချစ်သားတို့သည် ချမ်းသာစွာ ကျင်လည်ရသည်မဟုတ်၊ ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ဇာတိ စသော ကုန် အောင် စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ကို တစမကျန် အကုန်ခံ၍ ကျင်လည်ရသည်သာတည်း။ ဤသို့ တဏှာသံယောဇနပုဒ်ဖြင့် အဿာဒကို၊ ဒုက္ခပစ္စနုဘူတပုဒ်ဖြင့် အာဒိနဝကို၊ဝိရဇ္ဇိတုံဖြင့် နိဿရဏကို ဝိမုစ္စိတုံဖြင့် ဉပါယကို၊အလံဖြင့်အာဏတ္တိကိုပြတော်မူသည်။ (ဤကား နေတ္တိနည်းတည်း)

ဤ၌ အာဒိနဝဖြင့် ဒုက္ခသစ္စာကို, အဿာဒဖြင့် သမုဒယသစ္စာကို, နိဿရဏဖြင့် နိရောဓသစ္စာကို, ဥပါယအာဏတ္တိဖြင့် မဂ္ဂသစ္စာကို ပြတော်မူသည်ဟု သိလေ။ ထိုမှတပါး ဤနှစ်သိန်းလေးသောင်း အတုရှိသော မဟာပထဝီမြေကြီးကို တလောစေ့ခန့်၊ ဝါ-ဇီးစေ့ခန့် လုံး၍ လုံး၍ ဤသူသည် ငါ၏အဘတည်း၊ ဤသူသည် ငါ၏အဘ၏ အဘတည်း စသည်ဖြင့် ချ၍ ကြည့်သော်လည်း နှစ်သိန်းလေးသောင်း အထုရှိသော မြေကြီးသည်သာ ကုန်ရာ၏၊ အဘ၊အဆက်ဆက်တို့သည်ကား မကုန်နိုင်ရာ ဟူ၍လည်း ဟောတော်မူပါသေးသည်၊ အဘယ့်ကြောင့်နည်း ?

**"သစ္စာမသိ ရှည်ဘိသံသရာ၊ သစ္စာသိတော့ တိုဘိမှန်စွ"** နှင့်အညီ တဏှာကြောင့် ခန္ဓာ ဖြစ်ပျက်ခမ္မးသေ သံသရာရှည်၍နေကြရသည် တဏှာပယ်တဲ့ မဂ်အကျင့်ကို ကျင့်တဲ့ခါ တဏှာ့ခန္ဓာ အစဉ်ပြတ်၍ နောက်ထပ်အသစ် မဖြစ်တော့ဘဲ အမြဲငြိမ်းအေးနေတဲ့ နိဗ္ဗာန်သို့သာ ရောက်တော့သည်ဟု သစ္စာမသိသောကြောင့် တဏှာပယ်တဲ့ မဂ်အကျင့်ကို မကျင့်ကြ၊ မကျင့်ကြသောကြောင့် ဖြစ်ပျက်မွေးသေ သံသရာရှည်၍နေကြသည်၊ အရိယာ သူတော်ကောင်းတို့မှာ သစ္စာသိသောကြောင့် တဏှာပယ်တဲ့ ဝိပဿနာမဂ်အကျင့်ကို ကျိုးကျိုးစားစား အားထုတ်၍ ကျင့်ကြသောကြောင့် အရဟတ္တမဂ်နောင် တဏှာကုန်, အရဟတ္တစုတိနောင် ခန္ဓာကုန်၍ ရွှေဘုံနိဗ္ဗာန်၌ အငြိမ်းစံရလေသောကြောင့် သံသရာတို၍ သွားလေတော့သည်ဟူလို။

သစ္စာလေးပါးဆိုတာ အမှန်လေးပါးဘဲ၊ အမှန်လေးပါးဆိုတာ ဆင်းရဲမှန် ဆင်းရဲကြောင်းမှန် ဆင်းရဲချုပ်ငြိမ်းမှန် ဆင်းရဲချုပ်ငြိမ်းကြောင်းမှန် လေးပါးဘဲ၊ ဝါ၊ ဒု-သ-နိ-မ ဘဲ၊ ဒု-ဆိုတာလဲ တဏှာမှတပါးသော ဘုံသုံးပါးတို့၌ ကံအားလျော်စွာ ဖြစ်ပေါ် ဖြစ်ပေါ်၍နေကြသော (စိတ်-စေ-ရုပ်) သုံးပါးတို့ဘဲ၊ ကာမာဝစရဘုံ၌(ရုပ်ဘဲ) စတုဝေါကာရဘုံ၌ (ဝေ-သည်-သင်-ဝိ နာမ်ဘဲ)ပဉ္စဝေါကာရဘုံ၌(ရူ-ဝေ-သည်-သင်-ဝိ)ဘဲ နိရောဓသစ္စာ မဂ္ဂသစ္စာထိုက်သော ဓမ္မာယတန ဓမ္မဓာတ်တို့ကို ချန်လှပ်၍ အာယတန ၁၂-ပါးဘဲ၊ ဓာတ် ၁၈-ပါးဘဲ မြင်အောင်ကြည့်, ထင်အောင်ကြည့်, ထိုးထွင်း၍ သိသွားအောင် ကြည့်လေ။ သ-ကား သမုဒယသစ္စာ၊ နိ-ကား နိရောဓသစ္စာ၊ မ-ကား မဂ္ဂသစ္စာဘဲ။

အဆိုပါ (ဒု-သ-နိ-မ) လေးပါးတို့တွင် ဒုက္ခသစ္စာ သမုဒယသစ္စာ ထိုက်သော (စိတ်-စေ-ရုပ်)အာ ခေတ်တို့ကား ဥပါဒ်-ဌီ-ဘင်မျှ ဖြစ်၍ ဖြစ်၍ ပျက်တတ် ပျောက်တတ် ချုပ်တတ် ကုန်တတ်သော တရားမျိုးတို့သာ ဖြစ်ကြ၍ မျက်တောင်တခပ်စာမျှ မမြဲ ဆင်းရဲ အစိုးမရ မလှပ မတင့်တယ် နိုင်ကြ၍ အနိစ္စကေန် ဒုက္ခကေန် အနတ္တကေန် အသုဘကေန်ဘဲ၊ မဂ္ဂသစ္စာ ထိုက်သော မဂ္ဂင်ရှစ်ပါး တရားလဲဘဲ အနိစ္စကေန် ဒုက္ခကေန် အနတ္တကေန်ဘဲ။ နိရောဓသစ္စာထိုက်သော နိဗ္ဗာန်တရားလဲဘဲ နိစ္စကေန် သုခကေန် အနတ္တ ကေန်ဘဲ။

ထိုတွင် ဒု-ဆိုသည်ကား သူ-ငါ-ကျား-မ စသည်တို့၏ ခြေဆုံး ခေါင်းဆုံး တကိုယ်လုံး တကောင်လုံးကြီးဖြစ်သော ဆံပင်အစ ကျင်ငယ် အဆုံးရှိသော ၃၂-ခု, ၃၂-စုဘဲ၊ ထိုတွင် ဆံအစ ဦးနှောက်အဆုံး အစု ၂၀-ကလဲ သူ-ငါ-ကျား-မ အဟုတ်မဟုတ်ပါ၊ ပညတ်မျှသာ၊ အမှန်မှာ ခက်မာခြင်းလက္ခဏာရှိသော ပထဝီခေတ်, သည်းခြေ အစ ကျင်ငယ်အဆုံး အစု ၁၂-ကလဲ သူ-ငါ-ကျား-မ အဟုတ်မဟုတ်ပါ၊ အမှန်မှာ ဖွဲ့စည်းခြင်း ယိုစီးခြင်း လက္ခဏာရှိသော အာပေါခေတ်, သန္တပ္ပန အစ ပါစက အဆုံး အစုလေးစုကလဲ သူ-ငါ-ကျား-မ အဟုတ်မဟုတ်ပါ၊ အမှန်မှာ ပူ-အေးခြင်း လက္ခဏာရှိသော တေဇောခေတ်, ဥဒ္ဓင်္ဂမအစ အဿာသ ပဿာသအဆုံး အစု ၆-ခုကလဲ သူ-ငါ-ကျား-မ အဟုတ် မဟုတ်ပါ၊ ထောက်ကန်ခြင်း လက္ခဏာရှိသော ဝါယောခေတ်, အားလုံးကုန် ရုပ်ဘရားချည်းသာဖြစ်၍ ခုတင်ခု ဖြစ်, ခုတင်ခု ပျက်၊ တခဏခြင်း ခဏခြင်းဖြစ်, ခဏခြင်း ခဏခြင်း ပျက်၊ လျှင်စွာ လျှင်စွာဖြစ်၍ လျှင်စွာ လျှင်စွာ ပျက်တတ် ပျောက်တတ် ချုပ်တတ်ကုန်တတ်သော ဥပါဒ်-ဌီ-ဘင်, ဥပါဒ်-ဌီ-ဘင်မျှ၊ဝါ-ဖြစ်ရင်ပျက် ဖြစ်ရင်ပျက်မျှသာ ဖြစ်တတ်သောကြောင့် အနိစ္စတရား, ဒုက္ခတရား, အနတ္တ တရား, အသုဘတရားသာဖြစ်၍ စင်စစ် ဆင်းရဲတာမှန်လှသောကြောင့် ဒုက္ခ သစ္စာလို့သာ အသိမှန်သိ အမြင်မှန်မြင် အယူမှန်ယူကြပါ။

''အတ္တနော ကာယေ ဥာဏံ ဩတာရေတွာ သမဏဓမ္မံ အာရဒ္ဓံ'' အရ (တရားရှာ ကိုယ်မှာ)ဆိုတဲ့အတိုင်း မိမိခန္ဓာကိုယ်အတွင်း၌ သစ္စဥာဏ်ကို သွင်း၍သွင်း၍ သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်

နှလုံးသွင်းသောအားဖြင့် မိမိကိုယ်မှာဘဲ အမြဲရှိနေကြတဲ့၊ ဝါ-အမြဲ ဖြစ်ပျက်နေကြတဲ့ အနိစ္စ ဒုက္ခ အနတ္တ အသုဘသာဖြစ်တဲ့ ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာတို့သာ တဲ့တဲ့မြင်အောင် တဲ့တဲ့သိအောင် ထိုးထွင်း၍ သိသွားအောင်၊ ဝါ-မိမိရဲ့ စိတ်ထဲ ဉာဏ်ထဲမှာ ရှေးအခါက သူကောင်ထင်မှု ငါကောင်ထင်မှု ယောကျ်ားကောင် မိမ္မကောင် အတ္တကောင်ထင်မှုတွေဟာ တခါထဲ ရှင်းခနဲ လင်းခနဲ ဖြစ်သွားအောင် သတိပြုကာ ပြုကာ ဝိပဿနာဉာဏ် ခေါ်သော သစ္စဉာဏ် ရှေ့ကိုင်းမျက်မှန်ကို တတ်ဆင်၍ မပြတ် မပြတ် ခဏခဏ ကြည့်စမ်းပါ၊ ကြည့်တတ်က ကြည့်ဘန်များက မိမိကိုယ်မှာ ရှိနေတဲ့ ဆံအစ ကျင်ငယ်အဆုံး တကိုယ်လုံး တကောင်လုံးကြီးဖြစ်တဲ့ ဒုက္ခသစ္စာတုံး ဒုက္ခသစ္စာခဲ ဒုက္ခသစ္စာအစုအပုံ ဒုက္ခသစ္စာအသိုက်အအုံကြီးကိုဘွားဘွားကြီး ပေါ်လောကြီး မြင်လာ ထင်လာပါလိမ့်မယ်၊ တကဲ့ဒုက္ခသစ္စာ အစစ်အမှန်တွေကို တကယ်မြင်က ထိုးထွင်း၍ သိမြင်သွားပါလိမ့်မည်၊ ထိုးထွင်း၍ သိမြင်သွားပါက (ဒု-သိ ဒိ-ပယ်, သ-သိ ဝိ-ပယ် သောတာပန် ဖြစ်နိုင်တယ်) ဆိုတဲ့အတိုင်း ဘယ်ဘဝ ဘယ်ကမ္ဘာကမှ ကိုယ်မှာရှိလျက် မသိတွင်းနက်၍ မသိချက်ဆိုးဝါးလှတဲ့ အဝိဇ္ဇာတုံး အဝိဇ္ဇာခဲတို့ကို သစ္စဉာဏ်လက်နက်ဖြင့် ဖေါက်ခွဲ၍ သစ္စာလေးပါးကို ထိုးထွင်း၍ သိသွားတဲ့ခါ ဘယ်ဘဝ ဘယ်ကမ္ဘာကမှ အပြီးအစီး ပိတ်မထားနိုင်ခဲ့တဲ့ အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး ပိတ်ထားလိုက်နိုင်၍ အပါယ်လွတ်တရားရ သောတာပန်စသော အရိယာများ ဖြစ်သွားနိုင်ခွင့်ရှိသည် ဟူလို၊ အဘယ်ကြောင့် ဆိုသော် လောကဥ္စ အလင်းရောင်ရောက်လျှင် အမိုက်မှောင် ပျောက်သကဲ့သို့ ထိုတူပမာ, "ဒုက္ခဒဿနသမ္ဗဒါယစေတ္ထ။ ပ။ ဝိညာတဗ္ဗံ" ဆိုတဲ့ ခုဒ္ဒက အဋ္ဌကထာ အရ ဒုက္ခသစ္စာကို ပိုင်ပိုင်သိတော့ဒိဋ္ဌိကိုပယ်,သမုဒယသစ္စာကိုပိုင်ပိုင်သိတော့ ဝိစိကိစ္ဆာကိုပယ်, နိရောဓသစ္စာ မဂ္ဂသစ္စာကို ပိုင်ပိုင်သိတော့ သီလဗ္ဗတ ပရာမာသကိုပယ်၊ ဤလိုဤပုံ ရှေးရှေးသော ဘုရားရှင်များလက်ထက်တော် ကလဲ ဘုရား-ဘုရားတပည့်သားများနှင့် တွေ့, ဘုရားဟောထားတဲ့ သစ္စာ လေးပါး အမြတ်တရားများကို ကြားနာရ၍ သစ္စဉာဏ် ဝိပဿနာဉာဏ် မဂ်ဉာဏ် အလင်းရောင် ရောက်လာတဲ့ခါ သစ္စာကို သစ္စာမှန်းမသိတဲ့ အဝိဇ္ဇာ မောဟမှောင် အနိစ္စ ဒုက္ခ အနတ္တ အသုဘ အစစ်ကေန်ဖြစ်တဲ့ ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကိုပင် ငါ့ကိုယ် အတ္တဟု ယူမှားတဲ့ ဒိဋ္ဌိမှောင်လို့ဆိုတဲ့ သမုဒယ

သစ္စာ, တဏှာ ရာဂ လောဘကြောင့် ဖြစ်သည်ကိုပင် ထာဝရဘုရား ဘန်ဆင်း၍ ဖြစ်တယ်ဆိုတာဘဲ ဟုတ်မှန်လေသလောဟု ယုံမှားတတ်တဲ့ ဝိစိကိစ္ဆာမှောင်၊ ဟဏှာပယ် တဏှာဖြုတ် တဏှာသတ်တဲ့ မဂ်အကျင့်ကြောင့် တဏှာကုန်၍ ရှေးဘုံနိဗ္ဗာန်သို့ရောက်သည်ကိုပင် နွားတို့၏ ခွေးတို့၏ အလေ့အကျင့်ဖြင့် သံသရာမှ စင်ကြယ်၏၊ ဝါ-နိဗ္ဗာန်သို့ရောက်၏ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း ဟူသော သီလဗ္ဗတ ပရာမာသ မှောင်တို့သည် သောတာပတ္တိမဂ် အပွနာသို့ ရောက်သည်နှင့် တပြိုင်နက် တချက်တည်း ပျောက်လေတော့၏၊ ပျက်လေတော့၏၊ ချုပ်လေတော့၏၊ ဝါ-ဒိဋ္ဌိကိလေသာ အပါယ်ခန္ဓာတို့သည် တဖန် အသစ်မဖြစ်တော့ဘဲ အမြဲငြိမ်းအေးသွားတဲ့ နိဗ္ဗာန်ကို မျက်မှောက်မြင်သိသွားတဲ့ သောတာပတ္တိမဂ် အပွနာသို့ ရောက်ဆဲမှာ အဆိုပါ ကိလေသာမှောင်တို့သည် ပျောက်လေတော့သည် ပျက်လေတော့သည် ဟူလို။

### " မဂ်ဓာတ်စဉ် "

ထို့ကြောင့်ပင်—

၁။ "အမှန်သိမြင်၊ အမှားစင်၊ ဤတွင်ငြိမ်းရာ နိဗ္ဗာန်ဘဲ" ဟု ဆိုခဲ့ပေသည်။ (သောတာပတ္တိမဂ်အတွက်)

အခိပ္ပါယ်....သာသနာတွင်း အသိ, သစ္စာထိအောင် သိ, သို့မှ ကျိုးရှိ, မသိက မရှိ ဆိုတဲ့အတိုင်း ဤကား-ဒု၊ ဤကား-သ၊ ဤကား-နိ၊ ဤကား မ,ဟု သစ္စာကို သစ္စာဟု အသိမှန် အမြင်မှန် အယူမှန် သစ္စာအလင်းဉာဏ် ပွင့်လင်း ပေါ်ပေါက်လာတဲ့ခါ ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာကိုပင် ငါ့ကိုယ် အတ္တ စသည်ဖြင့် တသံသရာလုံးတသက်လုံးက တမှားထဲမှားလာခဲ့တဲ့ အသိမှား, အမြင်မှား,အယူမှားတွေဟာ သောတာပတ္တိမဂ်၏ ရှေ့အဘို့မှာ တဒင်္ဂ တဒင်္ဂ စင်ကြယ် စင်ကြယ်သွား၍ ဒိဋ္ဌိကိလေသာ မရှိပါလျှင်လည်း အပါယ် ခန္ဓာလည်း မရှိတော့သည်ဖြစ်၍ အဆိုပါ ဒိဋ္ဌိကိလေသာ အပါယ်ခန္ဓာတို့၏ တဖန် အသစ်မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်ကို တဲ့တဲ့မြင်သိသွားတဲ့

သောတာပတ္တိ မဂ်ခဏမှာဆိုလျှင် အဆိုပါ သောတာပတ္တိ မဂ်နှင့်ဆိုင်ရာ ကိလေသာတို့သည် အကြွင်းအကျန်မရှိ သမုစ္ဆေဒ အားဖြင့် စင်ကြယ်၍ သွားလေတော့သည်။ ဘယ်တွင် စင်ကြယ်သလဲ၊ ဤမဂ်ခဏ ဖိုလ်ခဏတို့တွင် စင်ကြယ်တာဘဲ၊ ဘယ်တွင် အဆိုပါ ကိလေသာတို့သည် ငြိမ်းအေးသွားပါသလဲ၊ ဤမဂ်ခဏ ဖိုလ်ခဏတို့တွင် ငြိမ်းအေးသွားတာပါဘဲ၊ အဲဒါ- သောတာပန်ပုဂ္ဂိုလ်တို့ ရရှိခံစားရတဲ့ နိဗ္ဗာန်ပါဘဲ။ (အပါယ်လေးဖြာ ဝဋ္ဋဒုက္ခသံသရာမှ အပြီးအစီး ငြိမ်းအေးခြင်းတည်း)

ဤလို ကိလေသာကိုသတ်၍ နိဗ္ဗာန်သို့ သွားတတ်သောကြောင့် မဂ်ဟု ခေါ်ဆိုရလေသည်၊ ထိုကြောင့်ပင် " ကိလေသေ မာရေတီတိ မော၊ နိဗ္ဗာနံ ဂစ္ဆတီတိ ဂေါ၊ မောစ သော ဂေါစာတိ မဂ္ဂေါ "ဟု ဘုရားအလိုတော်ကို သိ၊ ဘုရားအာဘော်ကို ရိပ်မိတဲ့ ဗုဒ္ဓမတညူအကျော် ဋီကာထာ နိကာဆရာတော်တို့က ကျမ်းဂန်တို့၌ ဖွင့်ပြကြပေသည်။

ကိလေသေ၊ သစ္စာမသိမှု မောဟကိလေသာ, ယူမှားမှု ဒိဋ္ဌိကိလေသာ, ယုံမှားမှု ဝိစိကိစ္ဆာကိလေသာတို့ကို။ မာရေတိ၊ မဂ်၏ရှေ့အဘို့မှာ တဒင်္ဂ တခဏသတ် မဂ်ခဏ မဂ်ခဏတို့မှာဆိုလျှင် သမုစ္ဆေဒအားဖြင့် ပယ်သတ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မော၊ မ-မည်၏။ (မဂ္ဂင်ရှစ်ပါးတွင် စ,ဦးတင်၍ ပါဝင်သော သမ္မာဒိဋ္ဌိ မဂ်ပညာကို ရ၏)

နိဗ္ဗာနံ၊ဒိဋ္ဌိကိလေသာ အပါယ်ခန္ဓာတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့။ ဂစ္ဆတိ၊ အာရုံပြုသောအားဖြင့် သွားရောက်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ ဂေါ၊ ဂ-မည်၏။ မောစ၊ ကိလေသာတို့ကို သတ်တတ်သည်လည်း ဟုတ်၏။ သော၊ ထို ကိလေသာတို့ကို သတ်တတ်၏ ဟူသည်။ ဂေါစ၊ နိဗ္ဗာန်သို့ သွားတတ်သည်လည်း ဟုတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏ ဟူလို။

အစိပ္ပါယ်....အသိမှန် အမြင်မှန် အယူမှန် သစ္စဉာဏ် ဝိပဿနာဉာဏ် မဂ်ဉာဏ် အလင်းရောင်ပေါ်လာတဲ့ခါ သစ္စာမသိတဲ့ မောဟမှောင်, ယူမှားတဲ့ ဒိဋ္ဌိမှောင်, ယုံမှားတဲ့ ဝိစိကိစ္ဆာမှောင်များ (ဓမ္မာသောဝ)နှင့်အညီ မဂ်

သတ္တိ မဂ်အာနုတော်ကြောင့် အလိုလိုပျောက်ကွယ်သွားသည်ကိုပင် သတ်သည်ဟု ဆိုရလေသည်၊ ဒိဋ္ဌိကိလေသာကြောင့် အပါယ်ခန္ဓာ သံသရာရှည်၍ နေကြရာ ဒိဋ္ဌိကိလေသာ မရှိတော့ အပါယ်ခန္ဓာလဲ မရှိတော့ဘဲ ဒိဋ္ဌိကိလေသာအပါယ်ခန္ဓာတို့၏ တဖန် အသစ်မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာ နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် ရောက်သွားသည်ကိုပင် နိဗ္ဗာန်သို့ သွားသည်ဟု ဆိုရလေသည်၊ ထိုကြောင့် နိဗ္ဗာန်ကို ရောက်လိုလျှင် မဂ္ဂင်ကိုသာ နာနာပွား, သစ္စာလေးပါး သိအောင်လုပ်, ယုံမှားမရှိနှင့် စိတ်ချဒိဋ္ဌပါဘဲ။

## ၂။ " အကျန်သိမြင်၊ ပွားဆင်ခြင်၊ ဤတွင်ငြိမ်းရာ နိဗ္ဗာန်ဘဲ "
## (သကဒါဂါမိမဂ်အတွက်)

အဓိပ္ပါယ်....ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာမှ ကြွင်းကျန်သော လောဘ ဒေါသ မောဟစသော ကိလေသာ အကြမ်းစားတွေ ရှိနေသေးသည်တို့ကို သိမြင်၍ သစ္စာလေးပါး ထင်မြင်သည်ထက် ထင်မြင်အောင် အဖန်ဖန် ဆင်ခြင်ပွားများသောကြောင့် ရုန့်ရင်းကြမ်းထမ်းသော ကိလေသာများ ခေါင်းပါး နဲပါး၍ ငြိမ်းအေးသွားလျှင် သကဒါဂါမ်။ (ကာမသုဂတိ သံသရာတစိတ်မှ ငြိမ်းအေးခြင်း)

## ၃။ " အပြစ်ကိုမြင်၊ အချစ်စင်၊ ဤတွင်ငြိမ်းရာ နိဗ္ဗာန်ဘဲ "
## (အနာဂါမိမဂ်အတွက်)

အဓိပ္ပါယ်....လူ့ဘုံ နတ်ဘုံတို့၌ တကြိမ်မျှ ဖြစ်လို ဖြစ်ခြင်နေသေးတဲ့ နူးညံ့သိမ်မွေ့နေတဲ့ လောဘ ဒေါသစသော ကိလေသာ ရှိနေသေးလျှင် တကြိမ်မျှပင်ပြန်၍ဖြစ်က တကြိမ် မီးပုံထဲသို့ ပြန်၍ကျရသကဲ့သို့ ဒုက္ခသစ္စာ၏ အပြစ်အာဒီနဝကို သိမြင်လျှင် တကြိမ်မျှပင် ပြန်၍ ဖြစ်လိုတဲ့ အချစ်စင်ကြယ်၍သွားသောကြောင့် ကာမသုဂတိသံသရာမှ ငြိမ်းအေးသွားလျှင် အနာဂါမ်။ (အလုံးစုံသော ကာမသုဂတိ သံသရာမှ ငြိမ်းအေးခြင်းတည်း)

## ၄။ " အကုန်သိမြင်၊ အကုန်စင်၊ ဤတွင်ငြိမ်းရာ နိဗ္ဗာန်ဘဲ "
(အရဟတ္တမဂ်အတွက်)

အဓိပ္ပါယ်....ဘုံသုံးပါးတို့၌ တဖန် ပြန်၍ဖြစ်လျှင် ဘယ်မှာဘဲဖြစ်ဖြစ် ဇာတိဒုက္ခနှင့် ထက်ပက် မချွတ်မလွဲနိုင်တော့ပြီဟု ဇာတိဒုက္ခ စသော ကုန်အောင် စုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခဟူသမျှတို့ကို အကုန်သိမြင်၍ တစုံတခုသော ဘုံဘဝမှာ တဖန်ပြန်၍ ဖြစ်လိုဖြစ်ခြင်နေတဲ့ တဏှာအာလယ အကုန်ပြတ်သောကြောင့် အရဟတ္တမဂ်သို့ ရောက်သွားပါလျှင် ရဟန္တာ။ (အလုံးစုံသော ဘဝသံသရာဝဋ်ဒုက္ခတို့မှ တစမကျန်ငြိမ်းအေးခြင်းတည်း)

မှတ်ချက်—ဘယ်တွင်ငြိမ်းသလဲ သေမှဘဲငြိမ်းသလား၊မဟုတ်ပါ။

၁။ သောတာပတ္တိမဂ်အတွက်ဆိုလျှင် သောတာပတ္တိ မဂ်ခဏတွင်၊ ဝါ-တသံသရာလုံးမှ တခါဆိုတာလို ရှေးဦးစွာ နိဗ္ဗာန်ကို သိမြင်တဲ့ သောတာပတ္တိ မဂ်ခဏတွင် အကုန်လုံး အပါယ်လေးပါး သံသရာတွေ ငြိမ်းတော့ဒါပါဘဲ။

၂။ သကဒါဂါမိမဂ်အတွက်ဆိုလျှင်သသဒါဂါမိမဂ်ခဏတွင်တကြိမ်ကို ချင်းခြံ့ အကြိမ်ကြိမ်ဖြစ်ရမဲ့ လူ နတ် သံသရာ ဝဋ်ဒုက္ခတွေ ငြိမ်းအေးတော့ ဒါပါဘဲ။

၃။ အနာဂါမိမဂ်အတွက်ဆိုလျှင် အနာဂါမိမဂ်ခဏတွင် တကြိမ်မျှ မကျန် လူ နတ် သံသရာဝဋ်ဒုက္ခတွေ အကုန်လုံးငြိမ်းတော့ဒါပါဘဲ။

၄။ အရဟတ္တမဂ်အတွက်ဆိုလျှင် အရဟတ္တမဂ်ခဏတွင် အလုံးစုံသော သံသရာဝဋ်ဒုက္ခတွေ အကုန်လုံးငြိမ်းတော့တာပါဘဲ။ အဲဒါ မဂ်၏သတ္တိ မဂ်၏အာနုဘော် မဂ်၏အရှိန်အဝါ ဘယ့်လောက် ကြီးမားတယ်ဆိုတာ ဒါကိုကြည့်၍ သိပေတော့။

လောကုတ္တရာဘက်မှာ... မဂ်လေးပါး ဖိုလ်လေးပါးဟုရှိရာ သောတာပတ္တိမဂ်မှာ ဒိဋ္ဌိကိုပယ်သတ်သောမဂ်ဖြစ်၍ ကျန် မဂ်သုံးပါးတို့မှာ တဏှာကို ပယ်သတ်သောမဂ်များသာဖြစ်ကြ၍ ရှေးဦးစွာ ဒိဋ္ဌိပြုတ်အောင် ဒိဋ္ဌိချုပ်အောင် ဒိဋ္ဌိကင်းအောင် ဒိဋ္ဌိကွာအောင် အားထုတ်ပြီးမှ နောက်ကာလ၌ တဏှာပြုတ်အောင် တဏှာချုပ်အောင် အားထုတ်သင့်ပေသည်။

အကြောင်းသော်ကား-ဒိဋ္ဌိသည် သောတာပတ္တိမဂ်ကို တားဆီး ပိတ်ပင်ထားသော တရားဖြစ်လေသည်၊ ဒိဋ္ဌိရှိနေသမျှ သောတာပတ္တိမဂ်ကို မရနိုင် မရောက်နိုင်ပေ၊ ဒိဋ္ဌိမရှိမှ ဒိဋ္ဌိပြုတ်မှ ဒိဋ္ဌိချုပ်မှ သောတာပတ္တိမဂ်ကို ရရှိနိုင်ပေသည်။

ဒိဋ္ဌိဆိုသည်ကား....အခြားမဟုတ် " မိစ္ဆာပဿတီတိ မိစ္ဆာဒိဋ္ဌိ "နှင့်အညီ ခန္ဓာတို့၌ အဟုတ်အမှန်ရှိကြတဲ့ ရုပ်နာမ် အတိအကျကို မိမိရရ မသိရှိကြတဲ့အတွက် ရုပ်နာမ်မှ အလွတ်၊ ဝါ-ရုပ်နာမ်ကို လွတ်၍ သူကောင် ငါကောင် ယောကျ်ားကောင် မိန်းမကောင် ပုဂ္ဂိုလ်ကောင် သတ္တဝါကောင် အတ္တကောင် ရှိသယောင်ယောင် ရှိသလိုလို မဟုတ်မမှန် ဘောက်ဘောက်ပြန်ပြန် ထင်မှားမှု မြင်မှားမှု ယူမှားမှုကို မိစ္ဆာဒိဋ္ဌိရှိ သက္ကာယဒိဋ္ဌိရှိ အတ္တဒိဋ္ဌိရှိဟု ဆိုလေသည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့(သရဏဂုံ ဝိနိစ္ဆယကျမ်း)၌ကား-သက္ကာယဒိဋ္ဌိ ဆိုသည်မှာ သတ္တဝါတို့၏ ကိုယ်မည်သည် အထူးထူးအထွေထွေ ရုပ်ခဲတ် နာမ်ခဲတ် အစုသာဖြစ်၏၊ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမမဟုတ်, ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ား မိန်းမဟူ၍ပင်မရှိ၊ အပြုအမူ အပြောအဆို အကြံအစည် ဟူသမျှသည် ရုပ်ခဲတ် နာမ်ခဲတ်တို့၏အမှုသာဖြစ်သည်၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ အမှုမဟုတ်။

သို့ဖြစ်သော်လည်း ရုပ်ခဲတ် နာမ်ခဲတ်ကို မသိ မလိမ္မာ မမြင်သည် ဖြစ်၍ ရုပ်ခဲတ် နာမ်ခဲတ်တို့ကို လုံးလုံးကြီးမသိဘဲ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ စသည်ဖြင့် ကြောင်ကြောင်ကြီး ထင်မြင်မှု ထင်မှားမှု စွဲလမ်းမှုတွေကို အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိဆိုသတည်းဟု ရေးသား ထားပေသည်။

ထိုသို့ အယူမှားခြင်းသည်လည်း အခြားကြောင့်မဟုတ်, ရုပ် နာမ်ကို နေရာတကျ မသိကြသောကြောင့်ရင်း၊ သစ္စာကို နေရာတကျ မသိကြသောကြောင့်ရင်း ယူမှားမိခြင်းဖြစ်လေသည်။

ထိုကြောင့်ပင် "ရုပ်နာမ်မသိ ဒိဋ္ဌိမကွာ၊ သစ္စာမသိ ဒိဋ္ဌိမကွာ"ဟူ၍ရင်း၊ "ရုပ် နာမ်သိက ဒိဋ္ဌိကင်းကွာ၊ သစ္စာသိက ဒိဋ္ဌိကင်းကွာ" ဟူ၍ရင်း ဆိုကြလေသည်။

ထိုကြောင့် ဝိပဿနာဉာဏ် သစ္စာဉာဏ်ဖြင့် ရုပ်နာမ်သိအောင် သစ္စာသိအောင် ဒိဋ္ဌိကွာ၍ လက်ရှိဘဝ ရုပ်နာမ်မသိတဲ့ အန္ဓက လွတ်, ရုပ် နာမ်သိတဲ့ ကလျာဏအဖြစ် " ဖြင်ဆဲ ရုပ်နာမ်၊ ပစ္စုပ္ပန်ကို၊ အမှန်မြင်သိ၊ ပညာရှိတဲ့ " ဧဠဓသောတာပန် အတ္တဒိဋ္ဌိ အယူမှားကြီးကို ဟကယ်တားဆီး၍ ထားလိုက်နိုင်တဲ့ မဟာသောတာပန်များ ဖြစ်သွားနိုင်ကြအောင် ပြဆိုပါဦးအံ့။

### ၁—ပညတ်, ပရမတ်ခွဲ ဆောင်ပုဒ်

အသက်ရှိရှိ၊ မရှိရှိ၊ ခေါ်စရာနာမည်မှန်သမျှ ပညတ်တရားဟု မှတ်။
အသက်ရှိရှိ၊ မရှိရှိ၊ အခေါ်ခံရသော အထယ်ဝတ္ထုဖြပ် မှန်သမျှ ပရမတ်တရားဟု မှတ်။

ဤ၌ ဉပမာ—အသက်ရှိနေတဲ့နေရာ လူဆိုပါတော့၊ လူ-လူ-ဆိုတာကို ခေါ်စရာ နာမည်ပညာဘ်ဟု သိ၊ လူလို့အခေါ်ခံရတဲ့ တကိုယ်လုံး တကောင်လုံး အထယ်ဝတ္ထုကြီးကို ပရမတ်ဟု သိ၊ လူမှကြွင်းကျန်သော သက်ရှိဝတ္ထုတို့၌လည်း ပညတ်နှင့် ပရမတ်ကို နည်းတူသိလေ။

အသက်မရှိတဲ့နေရာ သစ်တုံးဆိုပါတော့၊ သစ်တုံး-သစ်တုံး ဆိုတာကို ခေါ်စရာ နာမည်ပညတ်ဟု သိ၊ သစ်တုံးလို့အခေါ်ခံရတဲ့ အသား၊ ဝါ-သစ်သားကို၊ ဝါ-ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဆိုတဲ့ အဋ္ဌကလာပ်ကိုတော့ ပရမတ်ဟု သိ၊ သစ်တုံးမှ ကြွင်းကျန်သော သက်မဲ့ဝတ္ထုတို့၌လည်း ပညတ်နှင့် ပရမတ်ကို နည်းတူသိလေ။

### ၂—ရုပ်ပရမတ် နာမ်ပရမတ်ခွဲ ဆောင်ပုဒ်

မသိတာ ရုပ်၊ သိတာ နာမ်၊ ရုပ် နာမ် နှစ်ပါးမှတ်။

ဤ လူ-လူ-ဆိုတဲ့ ပညတ်၌ ရုပ်ပရမတ် နာမ်ပရမတ်ဟု နှစ်မျိုးရှိရာ (သိ-မသိ)နှင့် ခွဲ၍ကြည့်ပါ၊ လူ၏ဘကိုယ်လုံး တကောင်လုံးကြီးကို ဘာတခုမှ မသိတတ်သောကြောင့် (ရုပ်)ဟု သိ၊ လူနှင့်တန်ရုံ သိတဲ့သဘောညွတ်တဲ့သဘော စိတ် စေတသိက်ကို(နာမ်)ဟု သိလေ။

ဤ၌ လူ၏တကိုယ်လုံး တကောင်လုံးကြီးကလည်း၊ ဝါ-ဆံပင်အစ ကျင်ငယ်အဆုံး ၃၂-စု ၃၂-ခုကလည်း လူမဟုတ် ဘာတခုကိုမှ သိတတ် သောသဘောမရှိ၍(ရုပ်)သာဟုတ်၏၊ လူနှင့် တန်ရုံသိတဲ့ ညွတ်တဲ့ သဘော ကလည်း လူမဟုတ် (နာမ်)သာ ဟုတ်၏၊ လူကား အဟုတ်မရှိ၊ မသိတဲ့ ရုပ်နှင့် သိတဲ့နာမ် ဤရုပ် နာမ်သာ အဟုတ်အမှန် ရှိ၏၊ လူဆိုသည်ကား မရှိပညတ်တည်း၊ ရုပ်နာမ်ဆိုသည်ကား ရှိပရမတ်တည်းဟုသိ၊လူဆိုသည်ကား မရှိပညတ် အမှန်တည်း၊ ရုပ် နာမ် ဆိုသည်ကား ရှိပရမတ်မှန်တည်းဟု သိလေ။

### ၃—လက္ခဏာရေးသုံးပါး

**နာမရူပံ အနိစ္စံ၊ နာမရူပံ ဒုက္ခံ၊ နာမရူပံ အနတ္တာ။**

ဤ၌ နာမ် ရုပ် မှန်က ''နဒီသောတောဝိယ ဒီပဇာလံဝိယ''နှင့် အညီ မြစ်ချောင်းထဲမှာ ရှိနေတဲ့ စီးဆင်းနေတဲ့ ရေတွေနှင့် ဆီမီးလျှံတွေနှင့် တထပ်ထဲတူနေတယ်ဆိုတဲ့အတိုင်း မျက်တောင်တခပ် လျှပ်တပစ် လက်ဖြစ် တဘွက်ခန့်မျှ ခိုင်မြဲတည်တန့် အရှည်ခန့်နိုင်ကြတဲ့ ရုပ် နာမ်ဟူ၍ မြူမှုန့်မရှိ ဥပါဒ်-ဌီ-ဘင်မျှ ဖြစ်၍ဖြစ်၍ ပျက်ကြလေသောကြောင့်၊ ဝါ-ဥပါဒ်အနေ အားဖြင့် ဘွားခနဲဖြစ်ပေါ်လာ၍ ဘင်အနေအားဖြင့် ဖြုတ်ခနဲချုပ်ငုတ်တုတ် ပျောက်တတ်လေသောကြောင့်၊ဝါ-လျှင်စွာလျှင်စွာဖြစ်၍ လျှင်စွာ လျှင်စွာ ပျက်တတ်လေသောကြောင့်၊ ဝါ-ဘွားခနဲဖြစ်၍ ဖြုတ်ခနဲချုပ် ငုတ်တုတ် ပျောက်တတ်လေသောကြောင့် နိစ္စမဟုတ် အနိစ္စဟုသိ၊ ဤလိုဤပုံ မပြတ် မစဲ ထပ်ဘလဲလဲ ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်းတို့ဖြင့် မပြတ်မစဲ ထပ်တလဲလဲ နှိပ်စက်၍ နှိပ်စက်၍နေသောကြောင့် သုခမဟုတ် ဒုက္ခဟု သိ၊ ဤလို ဤပုံ ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်းတို့ဖြင့် အလျှင်မပြတ် နှိပ်စက်အပ်သည်တို့ကို မနှိပ်စက်ရအောင် မည်သူတဦးတယောက်မှ အစိုးမရ အလိုသို့မလိုက် မိမိ အကြိုက်ကို မပါစေနိုင်သောကြောင့် ငါ့ကိုယ်, အတ္တထင်တဲ့ ငါ့ကိုယ် အတ္တ ကား-လားလားမဟုတ်, နာမ် ရုပ် အနတ္တဟု သိ၊ အဆိုပါ ရုပ် နာမ်မျိုး ကိုသည် နိစ္စမျိုး သုခမျိုး အတ္တမျိုးများ လားလားမှ မဟုတ်ကြလေ၊ အနိစ္စမျိုး ဒုက္ခမျိုး အနတ္တမျိုးတို့သာဟု တထစ်ချ သိလေ မှတ်လေပါ။

## ၄ — သစ္စာလေးပါးခွဲ

" ကေသာဒုက္ခသစ္စံ။ပ။မုတ္တံဒုက္ခသစ္စံ "အရ ဆံပင်အစ ကျင်ငယ်အဆုံးရှိသော ဤ သူ-ငါ-ကျား-မ, စသည်တို့၏ တကိုယ်လုံး တကောင်လုံးကြီးဟာ သူ,ငါ, ကျား, မ စသည် မှတ်ထင်ယူဆ၍ နေကြတဲ့အတိုင်း သူ, ငါ ကျား,မ အစစ်အမှန်မဟုတ်ပါ၊ အစစ်အမှန်မှာ ဤခန္ဓာဟာ ပဋိသန္ဓေမှ စုတိသေနေ့သို့ကျအောင် ဆင်းရဲတာ စစ်မှန်လှပါသောကြောင့် ဒုက္ခသစ္စာ ရုပ် နာမ် ခန္ဓာသာ ဟုတ်မှန်ပါသည်ဟု သိပါ မြင်ပါ။

ထို ဒုက္ခသစ္စာ ရုပ် နာမ် ခန္ဓာကို တဘဝ တခန္ဓာ အသစ်အသစ်ဖြစ်စေတတ်သော ရှေးဘဝကတဏှာကို သမုဒယသစ္စာဟု သိပါ မြင်ပါ၊ တဏှာပယ်သော မဂ်အကျင့်ကြောင့် အဆိုပါ ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာနိဗ္ဗာန်ကို နိရောဓသစ္စာဟု သိပါ မြင်ပါ၊ထိုနိဗ္ဗာန်ရောက်ကြောင်း ကောင်းသော မဂ်အကျင့် မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာဟု သိပါ မြင်ပါလေ။ ဤလို ဤပုံ လူဆိုတဲ့ ပညတ်ကြော်ဖေါက်, ရုပ် နာမ် ဆိုတဲ့ ပရမတ်ပေါက်, အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာရေးဆိုက် (ဒု-သ-နိ-မ)ဆိုတဲ့ သစ္စာလေးပါးကိုက်အောင် အသိမှန်သိ, အမြင်မှန် မြင်,အယူမှန် ယူကြပါလေ။

ဤပုံ ရုပ် နာမ် အသိကစ၍ သစ္စာသိကစ၍ သစ္စာသိအထိ အသိမှန်သိ အမြင်မှန်မြင်၍ သူပင် ငါပင် လူပင် နတ်ပင် ကျား-မ ပင်ဟု ယူတဲ့ အယူမှားပျက် အယူမှားပျောက် အယူမှား ချုပ်ငြိမ်း၍ သွားပါလျှင် မဂ်၏ရှေ့ အဘို့မှာ ဒိဋ္ဌိကိလေသာ တဒင်္ဂခဏ သစ္စာသိတိုင်း ကင်းကွာ၍ ထို ဒိဋ္ဌိကိလေသာ, ထိုကိလေသာကြောင့်ဖြစ်သော အပါယ်ခန္ဓာ, ထိုကိလေသာ ခန္ဓာတို့၏ တဖန် အသစ်မဖြစ်ရာ နိဗ္ဗာန်ကို အာရုံရောက်၍ မျက်မှောက် မြင်သိဆဲဖြစ်သော မဂ်ခဏ ဖိုလ်ခဏများမှာ ဆိုလျှင် သမုစ္ဆေဒအားဖြင့် ဒိဋ္ဌိကိလေသာပြတ်ကင်းကွာ၍"သဗ္ဗအပါယဒွါရာနိစ ပိဒဟတိ"အရ အပါယ် လွတ် တရားရသော သောတာပန်စသော အရိယာအရာ အရိယာ အဆင့် အတန်းသို့ သက်ရောက်လေတော့သည် ဟူလို။

ထိုကြောင့်ပင်—

**ဝေ ပုဗ္ဗဘာဂေ စတ္တာရိစ သစ္စာနိ ဝဝတ္ထပေတွာ ပဋိပါဋိယာ အရိယဘူမိံ သြက္ကမတိ။**

(ကေနိပါတ် အင်၄၁ ကေဓမ္မဝဂ်၌ ဖွင့်ဆိုသည်)

အနက်....ဝေ၊ ဤသို့။ ပုဗ္ဗဘာဂေ၊ မဂ်၏ ရှေ့အဘို့၌။ စတ္တာရိစ၊ လေးပါးလည်း ဖြစ်ကြကုန်သော။ သစ္စာနိ၊ သစ္စာတို့ကို။ ဝဝတ္ထပေတွာ၊ မှတ်၍။ ဝါ၊ ပိုင်းခြား၍။ ပဋိပါဋိယာ၊ အစဉ်အဘိုင်း။ အရိယဘူမိံ၊ သောတာပန်စသော အရိယာတို့၏ အရာ အဆင့်အတန်းသို့။ သြက္ကမတိ၊ သက်ရောက်လေတော့၏။

## (ပံ့) စာကားရှိ၏ ဥာဏ်မမီ၊ ထိုးထွင်း၍ မသိ၊ ဥာဏ်ကားရှိ၏ စာမမီ၊ ထိုးထွင်း၍ မသိ။

### အလိုနှင့် အလုပ်, နာမ်နှင့် ရုပ်

အားလုံးသော သတ္တလောကရှိ လူ နတ် ပြဟ္မာ သတ္တဝါတို့သည် မည်သည့် သတ္တဝါမဆို မိမိ-မိမိတို့၏ အလိုရှိတဲ့အတိုင်း အလုပ်ကိုလုပ်၍ တသက်လုံးနေကြရ ကောင်းတာကိုအလိုရှိတဲ့ခါ ကောင်းတဲ့အလုပ်ကိုလုပ်၍ မကောင်းတာကို အလိုရှိတဲ့ခါ မကောင်းတဲ့အလုပ်ကို လုပ်ကြလေသည်၊ ကောင်းတဲ့အလိုဘဲဖြစ်ဖြစ် မကောင်းတဲ့အလိုဘဲဖြစ်ဖြစ် အလိုမှန်သမျှ စိတ်စေတသိက်ဖြစ်၍ နာမ်တရားဟုသိ၊ ကောင်းတဲ့အလုပ်ဘဲဖြစ်ဖြစ် မကောင်းတဲ့အလုပ်ဘဲဖြစ်ဖြစ် စိတ်ကြောင့်ဖြစ်သော စိတ္တဇဝါယောဓာတ် ကာယဝိညတ်များသာဖြစ်ကြ၍ အလုပ်မှန်သမျှ(ရုပ်တရားဟုသိ)အလိုသမား နာမ်တရား အလုပ်သမား ရုပ်တရား တလောကလုံးကြီးဟာ "အလိုနှင့် အလုပ်,နာမ်နှင့် ရုပ်" နာမ် ရုပ် ဖြစ်ပျက် အဆက်ဆက် ပုဂ္ဂိုလ်သတ္တဝါတို့နှင့် မရောမရှက် မရောမစွက် အနိစ္စ ဒုက္ခ အနတ္တ အသုဘအစစ် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသာဖြစ်၏ဟု အသိမှန်သိ အမြင်မှန်မြင် အယူမှန်ယူကြပါ၊ ရုပ် နာမ် ခန္ဓာကို လွတ်၍ နုတ်၍ ပယ်၍ ခြံ၍ ရုပ် နာမ် ခန္ဓာမှ တမျိုးသီးခြား သူကောင် ငါကောင် ယောကျ်ားကောင် မိမ္မကောင် ပုဂ္ဂိုလ်ကောင်

သတ္တဝါကောင် အတ္တကောင်ရှိနေသေးသလိုလို ရှိနေသေးသယောင်ယောင် ထင်ရောင်ထင်မှား မိစ္ဆာဒိဋ္ဌိလူမျိုးတွေလို အသိမှား အမြင်မှား အယူမှားကို မယူကြပါလေနှင့်၊ မဂ်မရအောင် မဂ်မရောက်အောင် ပိတ်ပင်တားဆီးဒါ ဤအယူမှားဘဲ သတိထားကြလေ။

....................

## "ဣရိယာပုထ် လေးပါး"

၁။ • သွားနေတဲ့ခါ....သွားလို သွားခြင်နေတဲ့အလိုက စိတ်ဆန္ဒဖြစ်၍ နာမ်တရား၊ သွား သွားနေတဲ့ အလုပ်က စိတ်ကြောင့်ဖြစ်သော ဝါယော-ဓာတ် ကာယဝိညတ်ဖြစ်၍ ရုပ်တရား၊ သွားသွားနေတဲ့အထဲမှာ သူမပါ ငါမရှိ လုံးဝမရှိ ဘိတ်မရှိ (ရုပ် နာမ်)နှစ်ပါးဟု သိ၊ သွားလိုတဲ့အလိုကလဲ ငါမဟုတ် စိတ်ဖြစ်၍ နာမ်တရား၊ သွားတဲ့အလုပ်ကလဲ ငါမဟုတ် ဝါယောဓာတ် ကာယဝိညတ်ဖြစ်၍ ရုပ်တရား၊သွားတတ်သော သူကောင် ငါကောင် ကား လားလားမျှမရှိ ရုပ် နာမ်နှစ်ပါး သွားသည်ဟု သိ၊ တခါသွားလို တနာမ် ဖြစ်ပျက်,တခါသွားတော့ တရုပ်ဖြစ်ပျက် သွားလိုတိုင်း သွားလိုတိုင်း နာမ်ရုပ် ဖြစ်ပျက် အဆက်ဆက် အနိစ္စ ဒုက္ခ အနတ္တ အစစ်၊ သွားလိုတာက လောဘစိတ်ဖြစ်၍ သမုဒယသစ္စာ၊ သွားနေတဲ့အလုပ်က ရုပ် နာမ် ဖြစ်၍ ဒုက္ခသစ္စာ ဤလို ဒု-သ, သစ္စာနှစ်ပါးကို သိနေဆဲမှာ သစ္စာမသိမှု မောဟ, ယူမှားမှု ဒိဋ္ဌိ, ယုံမှားမှု ဝိစိကိစ္ဆာ, ချုပ်ငြိမ်းနေတာက နိရောဓသစ္စာ (တဒင် နိရောဓကို ယူ) ဤလို ရုပ် နာမ် အသိကစ၍ သစ္စာသိအောင် သစ္စာ မြင်အောင် အားထုတ်နေတာက မဂ္ဂသစ္စာ၊ ဤလို အားထုတ်တိုင်း အား ထုတ်တိုင်း သွားဆဲခဏမှာ ရုပ် နာမ်မြင်, လက္ခဏာထင်, သစ္စာမြင်နေတဲ့ခါ မဂ်၏ရှေ့အဘို့မှာ ဒိဋ္ဌိစသော ကိလေသာ တဒင်တဒင် ကင်းကွာ မဂ်ဏော ဖိုလ်ဏောတို့မှာ ဒိဋ္ဌိစသော ကိလေသာ သမုစ္ဆေဒအားဖြင့် ကင်းကွာ၏။

ဤလိုဤပုံ သွားနေတဲ့ခါ သွားနေတဲ့အထဲမှာ သူမပါ ငါမရှိ အလိုနှင့် အလုပ်, နာမ်နှင့် ရုပ်, ရုပ် နာမ် ဖြစ်ပျက် အဆက်ဆက် အနိစ္စ ဒုက္ခ အနတ္တ အစစ် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသာဖြစ်၏ဟု သိပါ မြင်ပါ။

"ဧဝံ ပုဗ္ဗဘာဂေ စတ္တာရိ။ပ။အရိယဘူမိံ ဩက္ကမတိ"

(နောက်ကအတိုင်း သိလေ)

၂။ **ရပ်နေတဲ့ခါ....ရပ်လိုတဲ့အလိုက စိတ်ဖြစ်၍ နာမ်တရား၊မတ်မတ်ကြီး** ရပ်နေတဲ့အလုပ်က စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် ကာယဝိညတ် ဖြစ်၍ ရုပ်တရား၊ ရပ်နေတဲ့အထဲမှာ သူမပါ ငါမရှိ ရုပ် နာမ် နှစ်ပါးဟုသိ၊ ရပ်လိုတာကလဲ ငါမဟုတ် စိတ်ဖြစ်၍ နာမ်တရား၊ ရပ်နေတဲ့ အလုပ်ကလဲ ငါမဟုတ် ဝါယောဓာတ် ကာယဝိညတ်ဖြစ်၍ ရုပ်တရား၊ ရပ်တတ်သော သူကောင် ငါကောင်ကား လားလားမျှမရှိ ရုပ် နာမ် နှစ်ပါးသာ ရပ်သည်ဟု သိ၊ တခါရပ်လို တနာမ် ဖြစ် ပျက်၊ တခါရပ်တော့ တရုပ် ဖြစ် ပျက်၊ ရပ်လိုတိုင်း ရပ်လိုတိုင်း ရုပ် နာမ် ဖြစ်ပျက် ဆက်ဆက် ပုဂ္ဂိုလ်သတ္တဝါ တို့နှင့် မရောမရှက်က အနိစ္စ ဒုက္ခ အနတ္တအစစ်၊ ရပ်လိုတာက သမုဒယ သစ္စာ, ရပ်နေတာ ဒုက္ခသစ္စာ, ဤလို သစ္စာ သိနေဆဲမှာ သစ္စာမသိမှု မောဟ, ယူမှားမှု ဒိဋ္ဌိ, ယုံမှားမှု ဝိစိကိစ္ဆာ, ချုပ်ငြိမ်းနေတာက နိရောဓ သစ္စာ၊ ဤလို ရုပ် နာမ် လက္ခဏာ သစ္စာသိအောင် သစ္စာမြင်အောင် အား ထုတ်နေတာက မဂ္ဂသစ္စာ၊ ဤလို ဤပုံ ရပ်နေတဲ့ခါ ရပ်နေတဲ့အထဲမှာ သူမပါ ငါမရှိ အလိုနှင့် အလုပ်, နာမ်နှင့် ရုပ်, ရုပ် နာမ် ဖြစ်ပျက် အဆက် ဆက် အနိစ္စ ဒုက္ခ အနတ္တအစစ် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသာဖြစ်၏ဟု သိပါ မြင်ပါ။

၃။ **ထိုင်နေတဲ့ခါ....ထိုင်လိုတဲ့အလိုက စိတ်ဖြစ်၍ နာမ်တရား၊** ထိုင် နေတဲ့ အလုပ်က စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် ကာယဝိညတ်ဖြစ်၍ ရုပ်တရား၊ ထိုင်နေတဲ့အထဲမှာ သူမပါ ငါမရှိ ရုပ် နာမ် နှစ်ပါးဟုသိ၊ ထိုင် လိုတာကလဲ ငါမဟုတ် နာမ်၊ ထိုင်နေတာကလဲ ငါမဟုတ် ရုပ်၊ ထိုင်တတ် သော သူကောင် ငါကောင်ကား လားလားမျှ မရှိ၊ ရုပ် နာမ် နှစ်ပါးသာ ထိုင်သည်ဟု သိ၊ တခါထိုင်လို တနာမ် ဖြစ် ပျက်, တခါထိုင်တော့ တရုပ် ဖြစ် ပျက်, ထိုင်လိုတိုင်း ထိုင်လိုတိုင်း ရုပ်နာမ် ဖြစ်ပျက် အဆက်ဆက် ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မရောမရှက် ရုပ် နာမ်သက်သက် အနိစ္စ ဒုက္ခ အနတ္တအစစ်,

ထိုင်လိုတာက သမုဒယသစ္စာ၊ ထိုင်နေတာက ဒုက္ခသစ္စာ၊ ဤလို သစ္စာသိနေဆဲမှာ သစ္စာမသိမှု မောဟ, ယူမှားမှု ဒိဋ္ဌိ, ယုံမှားမှု ဝိစိကိစ္ဆာ, ချုပ်ငြိမ်းနေတာက နိရောဓသစ္စာ။

ဤလို ရုပ် နာမ် လက္ခဏာ သစ္စာသိအောင် သစ္စာမြင်အောင် အားထုတ်နေတာက မဂ္ဂသစ္စာ၊ ဤလို ဤပုံ ထိုင်နေတဲ့ခါ ထိုင်နေတဲ့အထဲမှာ သူမပါ ငါမရှိ အလိုနှင့်အလုပ် နာမ်နှင့် ရုပ်, ရုပ်နှင့် နာမ် ဖြစ်ပျက်အဆက် အနိစ္စ ဒုက္ခ အနတ္တအစစ်,ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသာဖြစ်၏ဟု သိပါမြင်ပါ။

၄။ လျောင်းအိပ်နေတဲ့ခါ....လျောင်းအိပ်လိုတဲ့ အလိုက စိတ်ဖြစ်၍ နာမ်၊ လျောင်းနေတဲ့ အလုပ်က စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် ကာယဝိညတ်ဖြစ်၍ ရုပ်၊ လျောင်းအိပ်နေတဲ့အထဲမှာ သူမပါ ငါမရှိ, ရုပ် နာမ် နှစ်ပါးဟု သိ၊ လျောင်းလိုတာကလဲ ငါမဟုတ် နာမ်၊ လျောင်းအိပ်နေတာကလဲ ငါမဟုတ် ရုပ်၊ လျောင်းအိပ်နေတတ်သော သူကောင် ငါကောင်ကား လားလားမျှ မရှိ, ရုပ် နာမ် နှစ်ပါးသာ လျောင်းအိပ်နေသည်ဟု သိ၊ တခါလျောင်းလို တနာမ် ဖြစ် ပျက်, တခါလျောင်းတော့ တရုပ် ဖြစ် ပျက်, လျောင်းလိုတိုင်း လျောင်းလိုတိုင်း ရုပ် နာမ် ဖြစ်ပျက် အဆက်ဆက် ပုဂ္ဂိုလ်သတ္တဝါတို့နှင့် မရောမရှက် ရုပ် နာမ် သက်သက် အနိစ္စ ဒုက္ခ အနတ္တအစစ်, လျောင်းအိပ်လိုတာက သမုဒယသစ္စာ၊ လျောင်းအိပ်နေတာက ဒုက္ခသစ္စာ၊ ဤလို သစ္စာသိနေဆဲမှာ မသိမှု မောဟ ,ယူမှားမှု ဒိဋ္ဌိ, ယုံမှားမှုဝိစိကိစ္ဆာ ချုပ်ငြိမ်းနေတာက နိရောဓသစ္စာ။

ဤလို ရုပ် နာမ် လက္ခဏာ သစ္စာသိ သစ္စာသိမြင်အောင် အားထုတ်နေတာက မဂ္ဂသစ္စာ၊ ဤလိုဤပုံ လျောင်းအိပ်နေတဲ့အထဲမှာ သူမပါ ငါမရှိ၍ ငါ့ကိုယ်လဲမဟုတ် ငါလဲမဟုတ် အလိုနှင့် အလုပ်, နာမ်နှင့် ရုပ်, နာမ် ရုပ် ဖြစ်ပျက် အဆက်ဆက် အနိစ္စ ဒုက္ခ အနတ္တအစစ် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသာဖြစ်၏ဟု သိပါ မြင်ပါ။

ရှင်းရှင်း ပြောရလျှင် သွားသွားနေတာ ဘာကောင်ဘဲ သွားသွား, သွားနေတာ သူကောင်ဘဲ ငါကောင်ဘဲ, ယောကျ်ားကောင် မိမ္မကောင်ဘဲ ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်ဘဲ ဟု အသိမှား အမြင်မှား အယူမှား ရှိနေသေးလျှင် အမှန်မကျ၍ အမှန်မရသေးပါ၊ ထိုသို့မဟုတ်ဘဲ ဘာကောင်ဘဲ သွားသွား ရုပ် နာမ် နှစ်ပါးဘဲ အနိစ္စ ဒုက္ခ အနတ္တဘဲ, ဒုက္ခသစ္စာနှင့် သမုဒယသစ္စာဘဲဟု အသိမှန်သိ အမြင်မှန်မြင်၍ အယူမှန်ယူနိုင်ပါလျှင် အမှန်ကျ၍ အမှန်ရပြီဟူလို။ ရပ်-ထိုင်-လျောင်း စသည်တို့၌လည်း နည်းတူ သိလေ။

## တနည်း သွားဆဲမှာ ရုပ် နာမ် နှစ်ပါးသာ

သွားချင်တာက နာမ်,သွားနေတာက ရုပ်, နာမ် ရုပ်နှစ်ပါးသာ သွားနေသည်ဟု သိ၊ သွားသွားနေတဲ့ အထဲမှာ သွားတတ်သော အတ္တကောင်ကား ထင်ရှားမရှိ နာမ် ရုပ် နှစ်ပါး အနတ္တတရားသာ သွားနေသည်ဟု သိလေ မှတ်လေပါ။

## သွားဆဲမှာ ခန္ဓာငါးပါးသာ

သွားသွားနေတာက ရူပက္ခန္ဓာ, သွားလို့ကောင်းတာ မကောင်းဘာက ဝေဒနာက္ခန္ဓာ, သွား၏ဟု အမှတ်ပြု၍ သိတာက သညာက္ခန္ဓာ, သွားဘို့ အားထုတ်နေတာက သင်္ခါရက္ခန္ဓာ, သွားနေမှန်း သိ သိနေတာက ဝိညာဏက္ခန္ဓာ, သွားသွားနေတဲ့အထဲမှာ သွားတတ်သော သူကောင် ငါကောင် အတ္တကောင်ကား တမျိုးသီးခြား ရှိနေတော့သည်မဟုတ် အကြောင်း အားလျော်စွာ ခန္ဓာငါးပါး အနတ္တတရားသာ သွားသည်ဟု သိလေ မှတ်လေ။

## သွားဆဲမှာ သစ္စာလေးပါးသာ

သွားသွားနေတာက ဒုက္ခသစ္စာ, သွားချင် သွားချင်နေတာက သမုဒယသစ္စာ, ဤလို သိတဲ့ခါ မသိမှု မောဟ, ယူမှားမှု ဒိဋ္ဌိ, ယုံမှားမှု ဝိစိကိစ္ဆာ, ကိလေသာ တဒင်္ဂစသည် ချုပ်ငြိမ်းနေတာက နိရောဓသစ္စာ, ဤလို သစ္စာ ထိအောင် သိတာက မဂ္ဂသစ္စာ, ကျန် ဣရိယာပုထ်တို့၌လည်း နည်းတူ သိလေ။

## သွားဆဲမှာ အတ္တမရှိ အနတ္တဟုသိ

သွားသွားနေဆဲမှာ သွားလို သွားချင်နေတဲ့ စိတ် နာမ်ဟာ ရှေးက မရှိပါ သွားခါနီးကြမှသာ ဥပါဒ်အနေအားဖြင့် ဘွားခနဲ ဖြစ်ပေါ်လာပြီး ဘင်အနေအားဖြင့် ဖြုတ်ခနဲချုပ်၍ ငုတ်တုတ်ဘဲ ပျောက်သွားပါသည်၊ အဲဒါ အစိုးရတဲ့ အတ္တလား, အစိုးမရတဲ့ အနတ္တလား, အစိုးမရတဲ့ အနတ္တပါ၊ သွားသွားနေတဲ့ ရုပ်ကလဲ ဘွားခနဲဖြစ်, ဖြုတ်ခနဲချုပ် ငုတ်တုတ်ပျောက် ငုတ်တုတ်ပျောက်ဘဲ ဖြစ်ပါသည်၊ အဲဒါ အစိုးရတဲ့ အတ္တလား, အစိုးမရတဲ့ အနတ္တလား စဉ်းစား၍ ကြည့်ပါ၊ အစိုးမရတဲ့ အနတ္တ စစ်မှန်ပါတယ်၊ ဤလို ဤပုံ ခြေတလှမ်းမှာ နာမ်ကလဲ အနတ္တ, ရုပ်ကလဲ အနတ္တ, နာမ် ရုပ် နှစ်ပါး လုံးဟာ အနတ္တသာဖြစ်၍ အတ္တမရှိ အနတ္တဟု သိလျှင်၊ ဝါ-အတ္တဒိဋ္ဌိချုပ် လျှင် ပြုတ်လျှင် ကြွင်းကျန်သော ခြေလှမ်းတို့၌လည်း အတ္တမရှိ အနတ္တဟု သိ၍ အတ္တဒိဋ္ဌိကို သစ္စဉာဏ် ဝိပဿနာဉာဏ်ဖြင့် ဖြုတ်ကြပါလေ ဟူလို။

### ပါဠိသာဓက အလိုရှိပါက

**ယဿ္မာ စ ဥပ္ပန္နာ သင်္ခါရာ ဌိတိံ မာပါပုဏန္တု၊ ဌာနပ္ပတ္တာ မာဇီရန္တု၊ ဇရပ္ပတ္တာ မာဘိဇ္ဇန္တူတိ၊ ဣမေသုတီသုဋ္ဌာနေသု ကဿစိ ဝသဝတ္တိ ဘာဝေါ နတ္ထိတေနဝသဝတ္တနာကာရေန သုညာဝ တသ္မာ သုညတော စ အသာမိကတော စ အသာရကတော စ အတ္တ ပဋိပက္ခတော စ အနတ္တာတိ။** (ဝိသုဒ္ဓိမဂ် ဋ္ဌ)

အစိပ္ပါယ်....အကြင်ကြောင့်လည်း သွားဆဲ ရပ်ဆဲ ထိုင်ဆဲ အိပ်ဆဲ စသော ဣရိယာပုထ်လေးပါးတို့၌ တဘွားဘွား ဖြစ်ပျက်လျက် ရှိကြကုန် သော ရုပ် နာမ် သင်္ခါရတို့သည် ရင့်ခြင်းဆိုတဲ့ ဌီ သို့ မရောက်ပါစေကုန် သတည်း၊ ဌီသို့ ရောက်ကုန်သော ရုပ် နာမ် သင်္ခါရတို့သည် မရင့်ကြပါစေ ကုန်သတည်း၊ရင့်ခြင်းသို့ရောက်ကုန်သော ရုပ်နာမ် သင်္ခါရတို့သည် မပျောက် မပျက် မချုပ် မသေကြပါစေကုန်သတည်း၊ ဤသို့ ဤလို ဤ ဥပါဒ်-ဌီ ဘင် သုံးပါးတို့၌၊ ဝါ-ဤ ဖြစ် ရင့် ပျက် သုံးချက်တို့၌ တစုံတယောက်သော သူ၏ အလိုသို့လိုက်ခြင်းမည်သည် လုံးဝမရှိချေ၊ ထိုအလိုသို့ လိုက်သော

အခြင်းအရာမှ လုံး၀ ဆိတ်သုဉ်းသည်သာတည်း။ ထိုသို့ ပုဂ္ဂိုလ်သတ္တ၀ါ သူ ငါ တို့၏ အလိုသို့ လိုက်ခြင်းမှ ဆိတ်သုဉ်းသောကြောင့်ရင်း၊ ပိုင်သူ ဆိုင်သူ အစိုးရသူ အရှင်သခင်မရှိသောကြောင့်ရင်း၊ နိစ္စ သုခ အတ္တ အနှစ် အသားမရှိသောကြောင့်ရင်း၊ ပူရာဏကဿပ စသော တိတ္ထိကြီး ခြောက်ယောက်တို့သည် မဟုတ် မဟတ် လုပ်ကြံအပ်သော၊ ၀ါ-ကြံဆအပ်သော အတ္တမှ၊ ၀ါ-အတ္တနှင့် ပြောင်းပြန်ကြီး ဆန့်ကျင်ဘက် ဖြစ်နေသောကြောင့်ရင်း၊ အဆိုပါ ရုပ် နာမ် သင်္ခါရတို့သည် အတ္တမဟုတ် အနတ္တသာဟုတ်သည် အနတ္တသာမှန်သည် ဟူလို။

## ပုထုဇဉ်နှင့် အရိယာအထူး

> ယံယံဟိ ပုထုဇ္ဇနော ဂဏှာတိ တတောတတော အရိယသာ၀ကော ဂါဟံ ဝိနိဗ္ဗေဌေတိ ပုထုဇ္ဇနောဟိ ယံယံ နိစ္စံ နိစ္စံ သုခံ အတ္တာတိ ဂဏှာတိ တံတံ အရိယသာ၀ကော အနိစ္စံ ဒုက္ခံ အနတ္တာတိ ဂဏှန္တော တံ ဂါဟံ ဝိနိဗ္ဗေဌေတိ။ (အင် ဋ္ဌ ကေ အဋ္ဌာနငဂ်)

အဓိပ္ပါယ်....မှန်၏၊ အကြင်ကြင် ရုပ် နာမ် သင်္ခါရသဘော တရားကို ပုထုဇဉ်သည် နိစ္စ စသော မြဲသောသဘောအားဖြင့် အမှားကိုယူ၏၊ ထိုထို ရုပ် နာမ် သင်္ခါရသဘောတရားကို အရိယာသာ၀ကသည် နိစ္စ စသည်ဖြင့် အမှားရစ်ပတ်၍ ယူခြင်းကို အနိစ္စ စသည်ကို ယူခြင်းဖြင့် ဖြေ၏၊ မှန်၏။ ပုထုဇန်သည် အကြင်ကြင် ရုပ် နာမ် သင်္ခါရသဘောတရားကိုမြဲ၏၊ချမ်းသာ၏၊ အစိုးရသော ငါကိုယ်တည်းဟု ဤသို့ အမှားကိုယူ၏၊ ထိုထို ရုပ် နာမ် သင်္ခါရ သဘောတရားကို အရိယာသာ၀ကသည် မမြဲ ဆင်းရဲ၊ ငါ့ကိုယ် အတ္တမဟုတ်, ဤသို့ အယူမှန်ကို ယူသည်ဖြစ်၍ ထိုပုထုဇဉ်တို့၏ အယူမှားကို ဖြေ၏ဟူလို။ ဤကား ပုထုဇဉ်နှင့် အရိယာသာ၀က အထူးတည်း။

ပုထုဇဉ်တို့က သညာ, စိတ္တ, ဒိဋ္ဌိ, ဝိပလ္လာသတရား ဖုံးလွှမ်းထားသောကြောင့် ရုပ် နာမ် သင်္ခါရတို့ကို နိစ္စ, သုခ, အတ္တ, သုဘဟု အမှားရစ်ပတ်၍ ယူသည်ကို အရိယာတို့က အနိစ္စ, ဒုက္ခ, အနတ္တ,အသုဘဟု အမှန်ကိုယူသည် ဖြစ်၍ နိစ္စ, သုခ, အတ္တ, သုဘဟု အမှားရစ်ပတ်၍ ယူသောအယူမှားကို ဖြေ၏။

မှတ်ချက်–အနိစ္စ ဒုက္ခ အနတ္တဖြစ်သော ရုပ် နာမ် သင်္ခါရသဘောတို့ကို နိစ္စ သုခ အတ္တဟု အမှားယူခြင်းသည် အမှားရစ်ခြင်းပေတည်း၊ ထိုသို့ မဟုတ်, အနိစ္စ ဒုက္ခ အနတ္တ ဖြစ်သော ရုပ် နာမ် သင်္ခါရသဘော တို့ကို ဟုတ်မှန်တဲ့အတိုင်း အနိစ္စ ဒုက္ခ အနတ္တဟု အမှန်ယူခြင်းသည် ဖြေခြင်းပေတည်း၊ ပုထုဇဉ်တို့က နိစ္စ သုခ အတ္တ အမှား ရစ်ပတ် သည်ကို အရိယာတို့က အနိစ္စ ဒုက္ခ အနတ္တဟု အမှန် ဖြေပစ်သည်၊ ပုထုဇဉ်တို့က မှားခဲ့လေသမျှတွေဟာ အရိယာ ဖြစ်မှဘဲ အမှန် ရတော့သည်ဟူလို။ (ဤကား ပုထုဇဉ်နှင့် အရိယာ အထူးတည်း)

ဆောင်ပုဒ် ။ ... သစ္စာမသိ ဒိဋ္ဌိမကွာ၊ ပုထုဇဉ်အဖြစ်မှာ ရှိသေးတာ။
သစ္စာသိတော့ ဒိဋ္ဌိကွာ၊ အရိယာ ဖြစ်တော့တာ။

ထိုကြောင့် ဤလိုဤပုံ သစ္စာမသိသမျှ သံသရာတလျှောက်လုံးကြီးကား ပုထုဇဉ်ဘ၀ ပုထုဇဉ်အဖြစ် ပုထုဇဉ်အဆင့်အတန်းနှင့်ချည်းဘဲ လာခဲ့ကြရာ အနိစ္စ ဒုက္ခ အနတ္တ အသုဘ စင်စစ်ကေန်ဖြစ်တဲ့ ဒုက္ခသစ္စာ ရုပ် နာမ် ခန္ဓာ ကိုပင် နိစ္စ သုခ အတ္တ သုဘဟု၊ ဝါ-ငါ့ကိုယ် အတ္တဟု ပြောင်းပြန်လှန် အောင် မှားခဲ့တဲ့ အမှားကို၊ ဝါ-မှောက်ခုံဟာ ပက်လက်, ပက်လက်ဟာ မှောက်ခုံဖြစ်အောင် မှားခဲ့တဲ့ အမှား၊ စွဲခဲ့တဲ့ အစွဲ၊ လွဲခဲ့တဲ့ အလွဲတွေကို တခါတည်း ကင်းရှင်း ပြေပျောက်သွား၍ ယခုဘ၀တွင်ဘဲ အမှားသမား အလွဲသမားဖြစ်တဲ့ ပုထုဇဉ်ဘ၀ ပုထုဇဉ်ဖြစ် ပုထုဇဉ် အဆင့်အတန်းမှ ကျွတ်လွတ် ထွက်မြောက်၍ အမှန်သမား အမှားဖြေသမားဖြစ်တဲ့ အရိယာ ဘ၀ အရိယာဖြစ် အရိယာအဆင့်အတန်းသို့ ကူးပြောင်း သွားနိုင်အောင် သင်သည် အဆိုပါ အလွဲအမှား အစွဲတရားတွေကို တခါထဲ ရှင်းသွားအောင် ဘယ်ဟာနှင့် ဖြေရှင်းမလဲ၊ ဘယ်ဟာကို အားကိုးပြု၍ လက်ကိုင်ပြု၍ ဖြေရှင်းပစ်မလဲ မေးမနေနှင့် တွေးမနေနှင့် " ဤသစ္စာအလင်းပြကျမ်းကြီး " သည် အဆိုပါ အရှုပ်အထွေး အရစ်အပတ် အမှောက်အမှား အလွဲအမှား အစွဲတရား အမျိုးမျိုးတို့ကို ထုံးလိုခြေ၍ ရေလိုနှောက် ဖြစ်နိုင်တဲ့ စွမ်းရည် သတ္တိ ကျပ်ပြည့်ရှိတဲ့၊ ဝါ-ပါရမီဉာဏ် အခြေခံရှိသူတို့ မဂ်ဖိုလ်ရကြဘို့ ဖြစ် ပေါ်လာတဲ့ ထွက်ပေါ်လာတဲ့ ကျမ်းထူး ကျမ်းမြတ်ကြီး မဟုတ်ပါလော?

ဤ ကျမ်းစာကို အမြဲလက်ကိုင်ထား၍ တသံသရာလုံးက မှားခဲ့တဲ့ အမှားတွေကို အမြန်ဖြေကြကုန်လော၊ အဖြေမှန်ကို အမြန်ရ၍ သံသရာဘဝမှ အမြန် ထွက်မြောက်ကြကုန်လော၊ ဘယ်ပုံထွက်ရမလဲဆိုတဲ့ အမေး၌ ရှေးဘုရားလက်ထက်တော်တ ရှေးဖြစ်သော လူ နတ် ဗြဟ္မာတို့သည်ရင်း၊ ငါတို့ ဂေါတမဘုရားလက်ထက်က ပဉ္စဝဂ္ဂီစသော လူ နတ် ဗြဟ္မာတို့သည်ရင်း၊ ဘုရားဖြစ်၍ ရှေးဦးစွာ ဟောကြားနေကြဖြစ်တဲ့ အမှန်လေးပါး ခေါ်သော သစ္စာလေးပါး စကားလေးခွန်းဖြင့်ပင်၊ဝါ၊ ဒု-သ-နိ-မ ဖြင့်ပင် ဝါ-ဖြစ်ခြင်း ဖြစ်ကြောင်း, မဖြစ်ခြင်း မဖြစ်ကြောင်းဖြင့်ပင်၊ ဝါ-ဖြစ်ချင် ဖြစ်, မဖြစ်ချင် မဖြစ် ဖြင့်ပင် "ဒုက္ခ ဒဿနသမ္ဗဒါယစေတ္တ။ပ။ဝိညာတဗ္ဗံ" ဆိုတဲ့ ခုဒ္ဒက ဌာအရ သစ္စာဉာဏ် ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖြင့် "ဒု-သိ ဒိ-ပယ်, သ-သိ ဝိ-ပယ်, နိ-မ-သိ သိ-ပယ်"နှင့်အညီ ရှေးဦးစွာ အပါယ်လွတ်တဲ့တရား နောက်ပိတ်ဆုံး မွေးသေလွတ်တဲ့ နိဗ္ဗာန်တရားအထိ ရရှိသွားနိုင်ကြသည် မဟုတ်ပါလော ဟူလို။

....................

"ဘုရား တိုက်တွန်းချက်"

အခါတပါး မြတ်စွာဘုရားသည် ချစ်သားတို့—ဤကား ဒုက္ခစသည်ဖြင့် သစ္စာလေးပါးကို မသိ, မသိခြင်းကြောင့် ငါဘုရားသည်ရင်း, သင်ချစ်သားတို့သည်ရင်း, ဖြစ် ပျက် မွေး သေ သံသရာရှည်၍နေကြရလေပြီ၊ ထိုကြောင့် သစ္စာလေးပါးကို သိအောင် အားထုတ်ကြကုန်လောဟု မိန့်တော်မူသည်။

တဖန် ချစ်သားတို့-အတိတ် အနာဂါတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၌ ရဟန်းပြုလုပ်ကြသည်ကား အခြားတပါးသော အကြောင်းကြောင့် ရဟန်းပြုလုပ်ကြသည်မဟုတ်, သစ္စာသိ၍ မွေးသေဝဋ်မှ ကျွတ်လွတ် ထွက်မြောက်ခြင်း အကျိုးငှါသာ ရဟန်းပြုလုပ်ကြကုန်၏၊ ထိုကြောင့် သစ္စာသိအောင် အားထုတ်ကြကုန်လောဟု ဟောတော်မူသည်။

တဘန် ချစ်သားတို့-ဤကား ဒုက္ခ စသည်ဖြင့် သစ္စာလေးပါးတို့ကို သိသောသူ မြင်သောသူကိုသာလျှင် အာသဝေါတရားတို့၏ ကုန်ခြင်းကို ဟောတော်မူ၏၊ မသိသောသူ မမြင်သောသူတို့ကို အာသဝေါတရားတို့၏ ကုန်ခြင်းကို ဟောတော်မမူပေ။

တဘန် ချစ်သားတို့-မိမိစကားကို လိုက်နာသော ဆွေမျိုး မိတ်ဆွေ တို့ကို တကယ်သနား၍ စောင့်ရှောက်လိုသည် ဖြစ်အံ့၊ သစ္စာလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိစေခြင်းငှါ မြင်စေခြင်းငှါ တိုက်တွန်း နှိုးဆော်ရာ၏၊ သက်ဝင်စေရာ၏၊ တည်စေရာ၏ဟု ဟောတော်မူသည်။

တဘန် ချစ်သားတို့-တစုံတယောက်သော သူသည် ငါသည် သစ္စာ လေးပါးကိုမသိဘဲ နိဗ္ဗာန်ကိုမျက်မှောက်ပြုမည်ဟုဆိုငြားအံ့၊ ထိုစကားသည် မသင့်၊ ရယ်ဘွယ်သာတည်း၊ရွာ းရွက် ထင်းရှူးရွက်တို့ဖြင့် အထုပ်ပြု၍ ရေကို ဆောင်မည်ဟု ဆိုသောစကားနှင့်သာ တူ၏၊ ထိုသို့မဟုတ် ငါသည် သစ္စာ လေးပါးကိုသိ၍ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုမည်ဟုဆိုငြားအံ့၊ ထိုစကားသည် သင့်တင့်လျောက်ပတ်၏၊ ပဒုမ္မာကြာရွက် ပေါက်ရွက်တို့ဖြင့် အထုပ်ပြု၍ ရေကိုဆောင်အံ့ဟု ဆိုသော စကားနှင့်တူ၏၊ ထို့ကြောင့် သစ္စာ လေးပါးကို သိအောင် အားထုတ်ကြကုန်လောဟု မဟာဝဂ္ဂသံယုတ် ပါဠိ တော် သစ္စာသံယုတ်မှာ အကျယ်တဝင့်ဟောတော်မူခဲ့ပါသည်၊ သစ္စနိဒ္ဒေသ ခဏ်းကလည်း ပြဆိုခဲ့ပြီးပါပြီ၊ လိုလျှင် ပြန်ကြည့်ပါ၊ ထို့ကြောင့် သစ္စာ သိဘို့အရေးသည် ယခုလက်ရှိဘဝ သေရေး ရှင်ရေးထက်မက အရေးကြီး လှသည်တို့ကို သိရှိကြပြီးလျှင် လေနေ့မဦးခင် သစ္စာသိတဲ့နေ့ ဦးသွားအောင် အထူးကြိုးစားကြပါဟု တိုက်တွန်းအပ်ပါသည်။

## ဥဘော အန္တ အယုတ်တရား နှစ်ပါး

ကိုယ်ကိုညှင်းဆဲ၊ ကျင့်ဆင်းရဲနှင့်၊ လွန်ကဲအာရုံ၊ ကာမဂုဏ်ကို၊ လုံးစုံ ခံစား၊ တဏှာပွားသည်၊ လမ်းမှားနှစ်ရပ်၊ မညီကပ်ဘဲ၊ လယ်လတ် လမ်းစဉ်၊ ရှစ်မဂ္ဂင်သည်၊ သောင်ခွင်နိဗ္ဗူသွားတည်း။

### မဂ္ဂင်ရှစ်ပါး အလယ်လမ်းမ

မှန်သိ မှန်ကြံ၊ မှန်ကန်စကား၊ မှန်ပြုငြားရှဲ၊ မှန်ငြားဇီဝံ၊ မှန်ပင် အားထုတ်၊ မှန်ဟုတ် သတိ၊ မှန်ဘို တည်ကြည်၊ မှန်ရှစ်လည်သည်၊ ရွှေပြည်နိဗ္ဗာန် သွားလမ်းတည်း။

### သစ္စာလေးပါး ဆောင်ပုဒ်လင်္ကာ

(ဒု) ဇာတိတဖြာ၊ အို-နာ-သေမှု၊ ဒုက္ခစုနှင့်၊ မုန်းသူပေါင်းသင်း၊ ချစ်သူကင်းရှဲ၊ လိုရင်းမရ၊ အကျဉ်းပြသော်၊ ငါးဝ ခန္ဓာ၊ ဉပါဒါသည်၊ မှန်စွာ ဒုက္ခသစ္စာပါတကား။

(သ) ဘဝအသစ်၊ ဘန်ဘန်ဖြစ်လျက်၊ အချစ်စွဲမက်၊ တဏှာဘက်ရှဲ၊ ငါးချက်အာရုံ၊ ကာမဂုဏ်ကြောင့်၊ ထိုထိုအာရုံ၊ ထိုထိုဘုံဌာ၊ စွဲဟုံငြိရှာ၊ ကာမာဘဝ၊ ဝိဘဝဟု၊ ရာဂ တဏှာ၊ ဤ သုံးဖြာသည်၊ မှန်စွာ သမုဒယ သစ္စာပါတကား။

(နိ) ဒုက္ခချုပ်ရာ၊ထိုဘဏှာကို၊ ပယ်ခွါ လွှတ်ကင်း၊မကျန်ကြွင်းအောင် ရှင်းရှင်းစွန့်လွှတ်၊ ဘဝဝဋ်မှ၊ ကင်းလွှတ်ရာမှန်၊ ပြည်နိဗ္ဗာန်သည်၊ ကေန် နိရောဓသစ္စာပါတကား။

(မ) ဆင်းရဲချုပ်ရာ၊ ပြည်ခေမာသို့၊ သေချာရောက်ကြောင်း၊ အကျင့် ကောင်းတည့်၊ အပေါင်းမဂ္ဂင်၊ မြတ်လမ်းစဉ်သည်၊ မည်တွင် မဂ္ဂသစ္စာပါ တကား။

### သစ္စ, ကိစ္စ, ကတ,ဉာဏ် သုံးပါး

လေးပါးသစ္စာ၊ သရုပ်လာကို၊ သိကာမြင်ရ၊ ဉာဏ်သစ္စတည့်၊ ထိုမှ တသွယ်၊ သစ္စနယ်ဌ၊ (သိ-ပယ်-ဆိုက်-ပွား)ပြုသင့်ငြားဟု၊ သိငြားရင့်သန်၊ ကိစ္စဉာဏ်နှင့်၊ ပြုရန်ကိစ္စ၊ ပြုပြီးကလျှင်၊ ခေါ်တွင် ကတ၊ အမည်ရသည်၊ သုံးဝဉာဏ်မြင် မဂ်လမ်းစဉ်။

ဆောင်ပုဒ်လင်္ကာ ရသူများ၊ လေးပါးသစ္စာ သိကြောင်းတည်း။

တနည်း—

၁။ သန္ဓေလေးပါး၊ တပါးပါး၊ ဖြစ်ပွား(ဒုက္ခသစ္စာ)တည်း။
၂။ တဏှာသုံးပါး၊ တပါးပါး၊ ဖြစ်ပွား(သမုဒယသစ္စာ)တည်း။
၃။ ဒု-သ နှစ်ဖြာ၊ ချုပ်ငြိမ်းရာ၊ မှတ်ပါ(နိရောဓသစ္စာ)တည်း။
၄။ နိဗ္ဗာန်ရောက်ရာ၊ ကြောင်းရှစ်ဖြာ၊ မှတ်ပါ(မဂ္ဂသစ္စာ)တည်း။

ဆောင်ပုဒ်တိုင်းပင်၊ ပွားဆင်ခြင်၊ လေးအင်သစ္စာ သိကြောင်းသာ။ သစ္စာလေးတန်၊ သိမြင်ပြန်က၊ သော သဒါဂါမ် အနာဂါမ်နှင့် အရဟံ မည်ရှိ၊ မြတ်ခေါင်ထိ ရောက်ရှိ အရိယာ။

၁ — ဒွေးချိုး

ဘေးဖြစ်တာ လေးသစ္စာ မမြင်ကန်းတာကြောင့်၊ ပင်ပန်းရှာ သူအချို့ မှာလှ ပူလို့ မဆုံး။ ။ သနားလေသနေဘ်-တရားကို အရေဖျော်လို့၊ တဇွန်းနေဘ် သွမ်းကောဘ်လို့ တိုက်ချင်လှ၊ မပြုလာ သူ-ငါ မိုက်တို့မှာ၊ မောဟိုက်လို့ ချုံးကြတော့ (အို....ကွယ်) သံသရာ တော တဝိုက်မှာဖြင့် မျောလိုက်ကြအုံး။

၂ — တြိချိုး

ဘေးဖြစ်တာ လေးသစ္စာ-နင်မသိကန်းတာကြောင့်၊ သံသရာမှာလေ ဘန်ခါခါ ခန္ဓာတွေလဲခါပ ခံရမဆုံး။ ။ ဖြစ်ဆုံးကိုမမြင် နစ်အုံးပင် သံသာကြောမှာ မျောဘို့သာပြင် သံသာခွင်တလျှောက်လုံး။ ။ဖြစ်မဆုံး ပြီဘု နစ်အုံးမှာ တလယ်လယ်ပ အောက်ထက်ကယ် သံသာကြောမှာ မျောလို့ မဆုံး။

၃ — တေးထပ်

ပုထုဇဉ် အကန်းသမား၊ မှန်းတားလို့ မမြင်။ လမ်းသွားဘို့ အစဉ်မှာ၊ သံသာခွင်တကြော။ ။ရေနှင့် လူနတ် သတ္တဝါ၊ပူတပ်ကာ မီးတွေကပေါ။ အဘယ်ကြောင့် သံသာရှေ၊ ဉာဏ်မှာလေမစော။ အဝိဇ္ဇာ ပိတ်ကာတဲ့ သဘောတွေကြောင့်၊ ဒိဋ္ဌိသဝေါမကွာ။ လေးသစ္စာ သူမသိ ကန်းတာ ကြောင့်၊ပူမချိန္ဒမ်း ညြည်းသံသရာ။ ။သစ္စာသိဉာဏ်မပါလျှင်၊ဘယ်ဘာသာ

ဘယ်ဟာမှ မကောင်းပါဘူး။ အဝေါင်းလူဖြစ်ရတာ ကျိုးမနပ်ပါ၊ စွဲကပ်တဲ့ အတ္တ-ငါကိုယ်၊ ဖြတ်မှသာ အေးပါလိမ့်လေး။ ။ ဝါ-သစ္စာမသိလို့ ဒိဋ္ဌိ မကွာသည်၊ သိလျှင်ကွာ အေးပါလိမ့်လေး။ ။ ဝါ-ဒု,ကို မသိလို့ ဒိ-ကို မပယ်တာ သိသောခါ ပယ်ရှားနိုင်လိမ့်လေး။

အဓိပ္ပါယ်....တဏှာကြောင့် ခန္ဓာ ဖြစ် ပျက် မွေး သေ သံသရာရှည်၍ နေကြရသည်၊ ဝါ၊ သ-ကြောင့် ဒု, ဝါ-အကြောင်းကြောင့် အကျိုး, ဤ၌ တဏှာက-သ, ခန္ဓာက-ဒု, တဏှာပယ်တဲ့ခါ တဏှာကုန်တော့ ရွှေဘုံ နိဗ္ဗာန်၊ ဤ၌ တဏှာပယ်ကား-မ, ရွှေဘုံနိဗ္ဗာန်ကား-နိ, ဤလို သစ္စာ လေးပါးတို့ကို အကြောင်း အကျိုးနှင့် ပိုင်းခြား ဝေဘန်၍ အမှန်အတိုင်း မသိမမြင်သောကြောင့် တဏှာပယ်တဲ့ မဂ်အကျင့်ကို မကျင့်, မကျင့်သော ကြောင့် တဏှာမကုန်၊ တဏှာမကုန်လို့ တဏှာကြောင့် ခန္ဓာ၊ ကံအား လျော်စွာ ဖြစ်ရာ ဖြစ်ရာ ဘုံဘဝတို့မှာ တဘန် တဘန် ပဋိသန္ဓေနေရတဲ့ဘေး အိုးဘေး, နာဘေး, သေဘေး, မသေမီ တွေ့ရတဲ့ဘေး, သေပြီးသည်နောက် အပါယ်ရောက်က အပါယ်ဘေး, ငရဲဘေး, တိရစ္ဆာန်ဘေး, ပြိတ္တာဘေး, အသူရကာယ်ဘေး, သိဋ္ဌိုး, ကာလသုတ်, သင်္ဃာတ, ရောရုဝ, မဟာရောရုဝ, တာပန,မဟာတာပန,အဝီစိဘေး ကုန်အောင်စုံသော ဘေးတွေဖြစ်တာဟာ အခြားကြောင့်မဟုတ် သစ္စာလေးပါးကို မသိကြသောကြောင့် ဖြစ်တာတဲ့ သစ္စာလေးပါးတို့ကို ပိုင်းခြားဝေဘန်၍ အမှန်ကိုသိမြင်ပြီးသော ဘုရား ရဟန္တာတို့မှာ အဆိုပါ ဘေးရန်တို့သည် မဖြစ်နိုင်တော့ပြီ၊ အဘယ်ကြောင့် နိဗ္ဗာန်ယူသိမ်း၍ ငြိမ်းပြီးဖြစ်သောကြောင့်တည်း။

" ရှစ်လုံးဘွဲ့များ "

၁။ သစ္စာလေးရပ် တဘ်အပ်သချာ၊ မသိကြ၍ ဘဝရှည်ကြာ။
သံသရာဝဲ နစ်မြဲခါခါ၊ တက်နိုင်ဘဲ မြုတ်မြဲ မြုတ်ကြတာ။

၂။ ဗောဓိရင့်ညောင်း အလောင်းတကာ၊ သစ္စာဘော်ပန်း ဆင်မြန်း၍သာ။
သံသရာဝဲ ကြော်လှဲထွက်ခွါ၊ နိဗ္ဗူနန်း စံမြန်းဝမ္မတာ။

## ၃ — ကေပိဒ်လင်္ကာ

"စတုန္နံဘိက္ခဝေ။ပ။မမဥ္စဝ တုမှာကဥ္စာတိ" ဆိုတဲ့ ဗုဒ္ဓမွာဒန်၏ မုချအမှန် မိန့်ဆိုချက်ကို အခိပ္ပါယ် ကွက်၍ လင်္ကာဆိုသော်-အာဘော် ဤသို့တည်း။

သစ္စာလေးလီ၊ ခိုင်နှင်းဆီကို၊ မမှီမဆန်၊ မကျင့်ကြံ၍၊ မပန်ဆင်ရ၊ များ သတ္တတို့၊ ကာလရှည်အုံး၊မဆုံးမီးစ၊ ဝဋ္ဋဘဝဝယ်၊ အောက်ထက်လယ်သား၊ ရံခါကား-ဒုံ၊ ရံခါသုနှင့်၊ လေးခုသန္ဓေ၊ တပေပေလျှင်၊ ငါးထွေဂတိ၊ လားမိလားရာ၊ ဝိညာသတ္တ၊ နဝဘူမေ၊ သန္ဓေစုတိ၊ စုတိသန္ဓေ၊ ဆက်စပ်စေ လျက်၊ လောင်းလှေ့မြစ်တွင်၊ မျှောပါးသွင်သို့၊ မချို့တူစွာ၊ သံသရာဝယ်၊ တလယ်လယ်နှင့်၊ ကြီးငယ်ဘဝ၊ ပြေးသွားရသား၊ ရပ်မနားဘဲ၊ ကြီးမား ဒုက္ခ၊ ဝဋ္ဋမီးစနှင့်၊ ဘဝများစွာ၊ ရံခါဘဝင်၊ ရံခါနရင်၊ တက်ခါ တက်ခြင်း၊ ဆင်းခါဆင်းနှင့်၊ ချန်ခြွင်းသုဒ္ဓါ၊ကြွင်းမှာလုံးစုံ၊ ပေါ်တုံနစ်တုံ၊တမ့်မ္မွားမ္မွား၊ ရဟတ်ခြားသို့၊ ပြေးသွားကြင်လည်၊ အဝည်မဲ့မျိုး၊ အစိုးမရ၊ ဆုံးဆမရှိ၊ စက်တွင်းလှည့်၍၊ စက်၏အစာ၊ ဖြစ်ခြင်းမှာကား၊ သစ္စာလေးခု၊ မသိမှုဟု၊ သုံးလူ့မြတ်စွာ၊ ဟောခဲ့ပါသည်....ကျမ်းလာမှတ်ကြ မလွဲတည်း။

**ပထဗျာ ကေရဇ္ဇေန၊ သဂ္ဂဿဂမနေနဝါ။**

**သဗ္ဗာလောကာဓိ ပစ္စေန၊ သောတာပတ္တိဖလံဝရံ။ ။**

စကြာမင်းအဖြစ်ထက်ငင်း၊ နတ်သိကြားမင်းအဖြစ်ထက်ငင်း၊ အလုံးစုံ သော လောကကို အစိုးရသောထက်ငင်း၊သစ္စာသိ၍ သောတာပန်ဖြစ်သော သောတာပန်ပုဂ္ဂိုလ်၏ သောတာပတ္တိဖိုလ်ကသာ အဆဘရာ မကသာ၍ မြတ်ပါသတဲ့၊ ဘာကြောင့်လဲဆိုတော့ အဆိုပါ စကြာ နတ်သိကြား စည်း စိမ် ချမ်းသာကို ရရှိပါသော်လည်း အပါယ်မှ မလွတ်, အပါယ်လေးပါး လွတ်လပ်ရေးတရား မရပေ၊ သစ္စာသိတဲ့ သောတာပန်ပုဂ္ဂိုလ်၏ သောတာ ပတ္တိ ဖိုလ်သည်ကား အပါယ်လေးပါး တံခါးကြီးကို အပြီးအစီး ပိတ်ထား လိုက်နိုင်ပြီးဖြစ်၍ အပါယ်လေးပါး လွတ်လပ်ရေးတရား ရရှိပြီးဖြစ်သော ကြောင့်ပေတည်း။

## ဘုရားသမားတော်ကြီး လက်လွှတ်ပြီ

**ယော ဘိက္ခဝေ အာစိက္ခိယမာနော ဒေသိယမာနော ပညာပိယမာနော ဌပိယမာနော ဝိဝရိယမာနော ဝိဘဇ္ဇိယမာနော ဥတ္တာကရဏီယမာနော တမေနံ ဘိက္ခဝေ ဗာလံ ပုထုဇ္ဇနံ အန္ဓံ အစက္ခုကံ အဇာနန္တံ အပဿန္တံ ကိတ္တိကရောမိ။** (ခံ သံယုတ်ပါဠိ)

အနက်....ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတေန၊ ငါဘုရားသည်။ ဧဝံ၊ ဤသို့၊ ဇာနာပေတုံ၊ ဘဝရာထောင် ကမ္ဘာရာထောင် လွန်လေပြီးသော်လည်း ဘုရားသာသနာနှင့်မကြုံ၍ ဘုရားဟောကြား သစ္စာလေးပါး မြတ်တရားကို မကြားမနာရ၍ သစ္စာမသိသဖြင့် အပါယ်လွတ် တရားမရလျှင် လူ့ဘုံမှာ စကြာမင်းကြီး, နတ်ဘုံမှာ သိကြားမင်းကြီး, ဗြဟ္မာဘုံမှာ ဗြဟ္မာမင်းကြီး, ကုသိုလ်အဟုန်ကြောင့် အကြိမ်ကြိမ် အခေါက်ခေါက် ရောက်နိုင်တယ်ထားဦးတော့ ကုသိုလ်အဟုန်ကုန်က (ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ) အရ အပါယ်လေးဘုံသို့ တဘန်တဘန် ပြန်၍ပြန်၍ ရောက်တတ်လှ ကျတတ်လှပါသောကြောင့် ကံကောင်း ထောက်မ၍ ယခုလက်ရှိဘဝ သာသနာနှင့် တွေ့ကြုံရတဲ့ခါ ရှေးဦးစွာ အပါယ်လွတ်တရား နောက်အခါ မွေး သေ လွတ်တဲ့ နိဗ္ဗာန်တရားကို ရရှိ၍သွားစေခြင်းငှါ ဤကား-ဒု, ဤကား-သ, ဤကား-နိ, ဤကား-မ, ဟု သစ္စာလေးပါးတို့ကို အကြောင်းအကျိုးနှင့် တကွ ပိုင်းခြားဝေဘန်၍ အမှန်ကိုသိစေခြင်းငှါ၊ ဝါ-တဏှာကြောင့် ခန္ဓာဖြစ်ပျက် မွေးသေ သံသရာရှည်၍နေကြရသည်၊ တဏှာပယ်တဲ့မဂ်အကျင့်ကို ကျင့်တဲ့ခါ တဏှာခန္ဓာ အစဉ်ပြတ်၍ နောက်ထပ်အသစ် မဖြစ်တော့ဘဲ အမြဲငြိမ်းအေးတော့သည်ဟု သစ္စာတို့ကို သိစေခြင်းငှါ၊ ဝါ-တဏှာ နိဗ္ဗာန် မဂ္ဂင်မှာပါး ဘုံသုံးပါးရှိ၊ ဝါ-လူ နတ်တို့ သဏ္ဌာန်၌ရှိ မိမိသဏ္ဌာန်၌ရှိ တေဘူမက ဝဋ္ဋတရား၊ ဝါ-မိမိတို့သဏ္ဌာန်၌ တသက်လုံး ဖြစ် ပျက်လျက် ရှိနေကြတဲ့ လောကီစိတ်-၈၁၊ လောဘကြဉ်သော စေတသိက်-၅၁၊ ရုပ် ၂၈-ခုသည်ကား ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ပဋိသန္ဓေအစ စုတိအဆုံး တသက်လုံး ဆင်းရဲတုံး ဆင်းရဲခဲ ဆင်းရဲအစုအပုံ ဆင်းရဲ အသိုက်အအုံကြီးသာ ဖြစ်၍ ဆင်းရဲခြင်း စစ်မှန်လှသောကြောင့် လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ်

သတ္တဝါ သူ, ငါ, ကျား, မ, စသည်ကား အဟုတ်မဟုတ် ပညတ်မျှသာ, အဟုတ် အမှန်မှာ အနိစ္စ ဒုက္ခ အနတ္တ အသုဘဖြစ်တဲ့ ဒုက္ခသစ္စာသာ ဖြစ်သည်။

အဆိုပါ အနိစ္စ ဒုက္ခ အနတ္တ အသုဘအစစ် ကေန်ဖြစ်တဲ့ ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာတို့ကို အကြိမ်ကြိမ် အခါခါ မရေမတွက်သာအောင် ဖြစ်စေ တတ်တဲ့ ရှေးဘဝ၌ဖြစ်သော ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ သုံးပါးတို့သည်ကား ဖြစ်လို၍ ဖြစ်ပြန်လျှင် ဖြစ်ရာဖြစ်ရာ ဘုံဘဝတို့မှာ ဇာတိ စသော ကုန်အောင်ခုံသော ဆင်းရဲပေါင်းချုပ် ဒုက္ခအသချေ အနန္တ တို့ကို မုချဖြစ်စေမှာ ဖြစ်စေတာ စစ်မှန်လှသောကြောင့် သမုဒယသစ္စာသာ ဖြစ်သည်။

တဏှာပယ်တဲ့ မဂ်အကျင့်ကြောင့် အဆိုပါ ဒု-သ သစ္စာနှစ်ပါးတို့၏ တဖန် အသစ်မဖြစ်ရာ ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်သည်ကား ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာ စစ်မှန်လှသောကြောင့် နိရောဓ သစ္စာ ဖြစ်သည်။

ထိုနိဗ္ဗာန်သို့ရောက်ကြောင်း တဏှာပယ်တဲ့ မဂ်အကျင့် မဂ်စိတ်လေးခု၌ ယှဉ်သော သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည်ကား ဖြစ် ပျက် ချုပ်ငြိမ်းရာ ဇာတိနိရောဓ, မွေး သေ ချုပ်ငြိမ်းရာ ဘဝနိရောဓ, ဆင်းရဲဒုက္ခ ဟူသမျှတို့၏ တစမကျန် အမှန်ချုပ်ငြိမ်းရာ ဒုက္ခ နိရောဓ နိဗ္ဗာန်သို့ ရောက်ကြောင်း စစ်မှန်လှသောကြောင့် မဂ္ဂသစ္စာ ဖြစ်သည်ဟု သစ္စာလေးပါးတို့ကို မျက်ဝါးထင်ထင် လက်ဝါးပြင်ဝယ် တင်၍ထားအပ် သော ပတ္တမြားမျက်ရှင်ကဲ့သို့ သိစေခြင်းငှါ။ ပဿတုံ၊ အဆိုပါနည်းအတိုင်း သစ္စာလေးပါးတို့ကို မြင်စေခြင်းငှါ။ အာစိက္ခိယမာနေ၊ ဤ ဇာတိ စသည် ကား-ဒု၊ ဤတဏှာကား-သ၊ ဤနိဗ္ဗာန်ကား-နိ၊ ဤမဂ္ဂင်ကား-မ,ဟု။ ဝါ၊ တဏှာမှ တပါးကုန်သော လောကီ စိတ် စေတသိက် ရုပ် တို့ကို ဤလောကီ စိတ် စေ ရုပ်တို့သည်ကား ဒုက္ခသစ္စာဖြစ်သည်ဟု(ပရိညေယျာဘိ သမယဖြင့်)သိစေခြင်းငှါ တဏှာကို ဤတဏှာကား သမုဒယသစ္စာဖြစ်သည် ဟု(ပဟာနာဘိသမယဖြင့်)သိစေခြင်းငှါ နိဗ္ဗာန်ကိုဤနိဗ္ဗာန်ကားဆင်းရဲဒုက္ခ ဟူသမျှတို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ နိရောဓသစ္စာဖြစ်သည်ဟု(သစ္ဆိကိရိယာဘိ

သမယဖြင့်) သိစေခြင်းငှါ နိဗ္ဗာန်ရောက်ကြောင်း စောင်းတန်း လှေခါး ကောင်းနှင့်တူသော သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးကို ဤမဂ္ဂင်ရှစ်ပါးသည် ကား မဂ္ဂသစ္စာဖြစ်သည်ဟု (ဘာဝနာဘိသမယဖြင့်) သိစေခြင်းငှါ ရေ ကတွတ်က ရေလွှတ်သကဲ့သို့ တတွတ်တွတ် ဟောကြားအပ်ပါလျက်။

**ဒေသိယမာနေ၁၊** ဇာတိပိဒုက္ခာ။ပ။ယာယံ တဏှာ။ပ။အသေသ ဝိရာဂ နိရောဓော။ပ။အယဒမဝ အရိယော အဋ္ဌင်္ဂိကော။ပ။စသည်ဖြင့် တဖွဖွ ဟောပြောအပ်ပါလျက်။ **ပညာပိယမာနေ၁၊** ရုပ် နာမ် ခန္ဓာ ဒုက္ခသစ္စာသည် ကား ကြီးလေးလှစွာသော ပန်ထုပ် ဝန်ပိုးကြီးနှင့်တူလှ၏၊ တဏှာလောဘ သမုဒယသစ္စာ သည်ကား ထို ဝန်ထုပ်ကြီးကို ပေးသောသူနှင့် တူလှ၏၊ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာသည်ကား ဝန်ထုပ်ကြီးကို အပြီးမုချ ပစ်ချလိုက်ရ သည်နှင့် တူလှ၏၊ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ဖြစ်သော မဂ္ဂသစ္စာသည်ကား ကြီးလေးလှစွာသော ဝန်ထုပ်ဝန်ပိုးကြီးကို ပစ်ချနိုင်ခြင်း၏ အကြောင်း ရင်းနှင့် တူလှ၏ စသည်ဖြင့် ဥပမာအမျိုးမျိုးတို့ကိုပြ၍ သစ္စာအကြောင်းကို ကောင်းကောင်းကြီး သိစေအပ်ပါလျက်။ **ပဋ္ဌပိယမာနေ၁၊** သစ္စာ သိရန် အမြင်ဉာဏ်ကို အတန်တန် အဖန်ဖန် ဖြစ်စေအပ်ပါလျက်။

**ဝိဝရိယမာနေ၁၊** ဆံပင်သည်၊ဒုက္ခသစ္စာ။ပ။ကျင်ငယ်သည် ဒုက္ခသစ္စာ။ပ။ မျက်စိသည် ဒုက္ခသစ္စာ စသည်ဖြင့်ရင်း၊ အချုပ်အားဖြင့် တဏှာ နိဗ္ဗာန် မဂ္ဂင်ရှစ်ပါးမှ တပါး လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ သူ-ငါ-ကျား-မ စသည်တို့၏ ခြေဆုံး ခေါင်းဆုံး တကိုယ်လုံး တကောင်လုံးကြီးသည် ဒုက္ခ သစ္စာ, တဏှာသည် သမုဒယသစ္စာ, နိဗ္ဗာန်သည် နိရောဓသစ္စာ, မဂ္ဂင်သည် မဂ္ဂ သစ္စာဟု ပွင့်ပွင့်လင်းလင်းကြီး ရှင်းရှင်းကြီး ဖွင့်ပြအပ်ပါလျက်။ **ဝိဘဇ္ဇိယမာနေ၁၊** မိမိ၏လက်ရှိ ဇာတိဒုက္ခသည် ရှေးဘဝက တဏှာကြောင့် ဖြစ်၏၊ ထိုတဏှာကို ယခုလက်ရှိဘဝ ဝိပဿနာ မဂ်အကျင့်ဖြင့် ပယ်သတ်က ထိုဇာတိတဏှာ ချုပ်ငြိမ်း၏၊ ဤ၌ ဇာတိကား-ဒု, တဏှာကား-သ, ပယ် သတ်က-မ, ချုပ်ငြိမ်းက-နိ, ဤသို့စသည်ဖြင့်ရင်း၊ ဖြစ်ခြင်း ဖြစ်ကြောင်း မဖြစ်ခြင်း မဖြစ်ကြောင်း, ဤလို အကျိုးအကြောင်းအားဖြင့် ဖြစ်ချင် ဖြစ်, မဖြစ်ချင် မဖြစ်, ဤပုံ အကြောင်း အကျိုးအားဖြင့်ရင်း၊ “ဖြစ်လိုတဲ့ကြောင့် ဖြစ်တဲ့ ဒုက္ခံ၊ ဖြစ်ချင်လိုမှု ပယ်စွန့်ပြု ချုပ်မှု ထိုဒုက္ခံ” ဤ၌ ဖြစ်လိုက-သ,

ဖြစ်က-ဒုႇ,ပယ်စွန့်က-မ,ချုပ်က-နိ, ဤလို အကြောင်း အကျိုးအားဖြင့်ငင်း သစ္စာလေးပါးတို့ကို ဉာဏ်အမြင် စင်ကြယ်စေခြင်းငှါ၊ ဝါ· သစ္စာသိ၍ အပါယ်လွတ်တရား ရစေခြင်းငှါ တမျိုးပြီး တမျိုး ခွဲချမ်းစိတ်ဖြာ၍ ဟော အပ်ပါလျက်။

ဥတ္တာကရဏီယမာနော၊ သူ့မှာရှိလျက် ငါ့မှာရှိလျက် လူမှာရှိလျက် နတ်မှာရှိလျက် မသိတွင်းနက်၍နေသော ဤခန္ဓာ တဏှာ နိဗ္ဗာန် မဂ္ဂင် သစ္စာလေးပါး တရားတို့ကို မှောက်ထားသောအိုးကို လှန်ပြသကဲ့သို့ငင်း၊ ဖုံးလွှမ်းထားသောဝတ္ထုကို ဖွင့်လှစ်၍ပြသကဲ့သို့ငင်း၊အမိုက်မှောင်၌ ဆီမီးကို ညှိထွန်း၍ပြဘိသကဲ့သို့ငင်း၊ထို့တူပမာ သစ္စာလေးပါးတို့ကိုပွင့်ပွင့်လင်းလင်း ထင်ထင်ရှားရှား ဘွားဘွားကြီး ပေါ်လွင် ထင်ရှားအောင် ဘော်ပြအပ် ပါလျက်။

ယောဇနော-အကြင်သူသည်၊ နဇာနာတိ-ပြဆိုတဲ့အတိုင်း သစ္စာလေးပါး တို့ကို ဘိစ္စတုံး လုံးလုံးကြီး မသိ၊ နပဿတိ-ဘိစ္စတုံး လုံးလုံးကြီး မမြင်၊ ဘိက္ခဝေ-ရဟန်းတို့၊ဗာလံ-မိုက်တွင်းနက်လှသော၊ ပုထုဇနံ "ပုထုကိလေသေ ဇနေတီတိ ပုထုဇနံ" လက်ရှိခန္ဓာမျိုးကား ဒုက္ခသစ္စာ, လက်ရှိခန္ဓာမျိုးကို တမျိုးပြီး တမျိုး ဖြစ်စေတတ်တဲ့ ဘဝတဏှာကား သမုဒယသစ္စာ, အဆိုပါ ဒု-သ သစ္စာနှစ်ပါးတို့၏ တဘန်အသစ်မဖြစ်ရာ နိဗ္ဗာန်ကား နိရောဓသစ္စာ, ထိုနိဗ္ဗာန်သို့ရောက်ကြောင်း ကောင်းသော သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည်ကား မဂ္ဂသစ္စာ ဖြစ်သည်ဟု သစ္စာမသိမှု မောဟ, ဒုက္ခသစ္စာ ရုပ် နာမ် ခန္ဓာ, အနိစ္စ ဒုက္ခ အနတ္တ အသုဘအစစ် အမှန်ကိုပင် ငါ့ကိုယ် အတ္တဟု ယူမှားသောဒိဋ္ဌိ ရှေးဘဝကလို ဆိုတဲ့ တဏှာလောဘ ကြောင့် ဖြစ်သည်ကိုပင် ထာဝရဘုရား ဖန်ဆင်း၍ဖြစ်တယ်ဆိုတာဘဲ ဟုတ် မှန်လေသလောဟု ယုံမှားဘတ်သော ဝိစိကိစ္ဆာ ကိလေသာတွေ အားကြီး လှသော၊ အန္ဓ·ဤတဏှာ နိဗ္ဗာန် မဂ္ဂင်မှ တပါးသော လောကီခန္ဓာကား ဒု-ဖြစ်သည်၊ တဏှာကား သ-ဖြစ်သည်၊ နိဗ္ဗာန်ကား နိ-ဖြစ်သည်ဟု သစ္စာကိုသိနိုင်သော ပညာမျက်စိမရှိ၍ အကန်းကြီးကန်းလှသော၊အစက္ခုက· စုံလုံးနှစ်ဘက် မျက်စိပျက်၍ ပကတိမျက်စိမရှိသောသူကဲ့သို့ သစ္စာကိုသိမြင် နိုင်တဲ့ ပညာမျက်စိ သစ္စဉာဏ်မျက်စိ ဝိပဿနာဉာဏ်မျက်စိ မဂ်ဉာဏ်

မျက်စိမရှိသော၊ အဇာနန္တ-ဘယ်လိုဘဲဟောဟော ဘယ်လိုဘဲပြောပြော ဘယ်လိုဘဲပြပြ သဘောမပေါ် သဘောမမှီ ရိပ်မှ မရိပ်မိ ကျွဲပါးစောင်းတီး သကဲ့သို့ သစ္စာကို မသိနိုင်သော၊ အပဿန္တ-သစ္စာကို မမြင်နိုင်သော၊ တမေနံ-တံတော်ဇနံ-ထိုငမိုက်ခဲကို၊ အဟံ-ငါဘုရားသည်၊ ကိန္တိကရောမိ-သစ္စာ သိအောင် သစ္စာမြင်အောင် ဒု-သိ ဒိ-ပယ်, သ-သိ ဝိ-ပယ်, သောတာပန် ဖြစ်နိုင်တယ်ဆိုတာလို သစ္စာသိ၍ ရှေးဦးစွာ အပါယ်လွတ်တရားရ နောက် ကာလ မွေး သေလွတ်တဲ့ နိဗ္ဗာန်ရ ဖြစ်သွားအောင် ဘယ်လိုလုပ်နိုင်တော့ မလဲ၊ ဘယ်လိုမှ မလုပ်နိုင် မတတ်နိုင်တော့ပြီ ဟူလို၊ သမားလက်လွှတ်လျှင် သူနာသေရုံသာ ရှိတော့တယ်၊ ဘုရား သမားတော်ကြီး လက်လွှတ်တော်မူပြီ၊ ကံကြီးမှ ဆန်သီးတော့မယ်, လေးပါးအပါယ်သွားဘို့သာ များနေတော့ တယ်၊ အဲဒါကြောင့် သေနေ့မဦးခင် ရှေးဦးစွာ သစ္စာလေးပါးကို လောကီ ဉာဏ်ဖြင့် သိအောင် ကျိုးစား၍ နောက်ကာလ တတိယသစ္စာ ခေါ်သော နိရောဓသစ္စာ နိဗ္ဗာန်ကို အာရုံပြုခိုက် လောကုတ္တရာမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိသွားအောင် အထူးကျိုးစားကြရမည်ဟု သိလေ မှတ်လေ။

....................

## ဘုရားတာဝန်နှင့် သာဝကတာဝန်

၁။ "မယှံ ဟိ ပဋိပတ္တိကထနမေဝ ဘာရော" မဂ် ဖိုလ် နိဗ္ဗာန် အမြန် ရအောင် ရောက်အောင် ဟောဘို့ ပြောဘို့က ငါဘုရား၏တာဝန်။

၂။ "ပဋိပတ္တိပူရဏံ ပန သာဝကာနံ ဘာရော" မဂ် ဖိုလ် နိဗ္ဗာန်အမြန် ရအောင် ရောက်အောင် ကျင့်ကြံ အားထုတ်ဘို့မှာ သာဝကတို့ တာဝန်။

၃။ "အာနိသံသဒါနံ ဓမ္မာနံ ဘာရော" ကျင့်သူတို့ အကျိုးရစေမှုကား တရား၏ တာဝန်တည်း။ ဘုရားတာဝန် တရားတာဝန်မှာ ကုန်ပြီ ငါတို့တာဝန်သာလိုတော့သည် ဟူလို။

## အမိန့်တော်ပြန် စေတမန်

၁။ ရာဇာ ဝိယ သမ္မာသမ္ဗုဒ္ဓေါ-ပြည့်ရှင်မင်းနှင့်သဗ္ဗညုဘုရား တူတော်မူသည်။

၂။ ရာဇပဏ္ဏံ ဝိယ တေပိဋကံ-မင်း၏ အမိန့်တော် စာချွန်နှင့် ပိဋကသုံးပုံ တူသည်။

၃။ ပုရိသော ဝိယ ဓမ္မကထိကာ-အမိန့်တော်ပြန် လုလင်ယောကျ်ားနှင့် တရားဟော ဓမ္မကထိက တူသည်။

မင်း၏ အမိန့်တော်ကို တိုင်းသူပြည်သား လူအမျ‌ားတို့အား ကြားသိစေရန် အမိန့်တော်ပြန်သော မင်းစေလုလင် ယောကျ်ားကဲ့သို့ ဘုန်းကြီးမှာ ဘုရားအမိန့်တော် သစ္စာလေးပါး မြတ်တရားတို့ကို လူ ရှင် ရဟန်းတို့အား ကြားသိကြစေရန် ကြားသိ၍ ဘုရားအမိန့်တော်အတိုင်း လိုက်နာကျင့်ကြံ အားထုတ်ကြလေ၊ဘယ်ဘဝ ဘယ်ကမ္ဘာကမှ အပြီးအစီး ပိတ်မထားခဲ့နိုင်တဲ့ အပါယ်လေးပါး တံခါးကြီးကို ယခုလက်ရှိဘဝ အပြီးအစီးပိတ်ထားကာ စိတ်ချလက်ချ အပါယ်လွတ်တရားရ ဝိသာခါ အနာထပိဏ်တို့လို ဘုံစဉ်စံပြီး နောက်ပိတ်ဆုံးမှာ မွေးသေလွတ်တဲ့ နိဗ္ဗာန်ကို အမှန် အမြန်ရောက်နိုင်ကြရန် မြတ်စွာဘုရား၏ အမိန့်တော်ပြန်မျှသာ ဖြစ်ပါသည်။

ထိုကြောင့် သစ္စာဉာဏ်ပွင့်လင်း အမှန်ကို ထိုးထွင်း၍ သစ္စာသိပြီး အပါယ်လွတ် တရားရကြတဲ့ ရှင် လူ ရဟန်းတို့သည် မြတ်စွာဘုရားကိုသာ ကျေးဇူး တင်တော်မူကြပါ၊ မနေနိုင်၍ တင်လျှင်လည်း နောက်မှသာ တင်ကြပါလေ ဟူလို။

## တရားဟောပုဂ္ဂိုလ် တာဝန်

ဇာတိ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ ဓမ္မကထိကော ဘိက္ခူတိ အလံဝစနာယ။

အဓိပ္ပါယ်....အကြင်ရဟန်းသည် ဘဝတဘန် ရုပ် နာမ် ခန္ဓာ အသစ်အသစ် ဖြစ်ခြင်းကို ငြီးငွေ့စေခြင်းငှါ, တပ်ခြင်းကင်းစေခြင်းငှါ,တပ်မက်မှုမှ ချုပ်စေခြင်းငှါ အကယ်၍ တရားကို ဟောသည်ဖြစ်အံ့၊ ထိုရဟန်းကို ဓမ္မကထိက တရားဟောပုဂ္ဂိုလ်ဟူ၍ ဆိုခြင်းငှါ ထိုက်၏ သင့်၏ ဟူလို။

(ဒါကတော့ တရားဟောသောပုဂ္ဂိုလ်၏ တာဝန်)

## တရားကျင့်သောပုဂ္ဂိုလ်တာဝန်

**ဓာတိံ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နောဟောတိ
စေ ဓမ္မာနုဓမ္မပဋိပန္နော ဘိက္ခုတိ အလံဝစနာယ။**

အဝိပ္ပါယ်....အကြင်ရဟန်းသည် ဘဝတဘန် ရုပ် နာမ် ခန္ဓာ အသစ် အသစ် ဖြစ်ခြင်းကို ငြီးငွေ့ခြင်းငှါ တပ်ခြင်းကင်းခြင်းငှါ တပ်မက်မှုမှ ချုပ်ခြင်းငှါ အကယ်၍ တရားကိုကျင့်သည်ဖြစ်အံ့၊ ထိုရဟန်းကို မဂ်လေးဘန် ဖိုလ်လေးတန် နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ကိုးပါးကို ရခြင်း ရှောက်ခြင်း အားလျော်သော အကျင့်ကို ကျင့်သော ရဟန်းဟူ၍ ဆိုခြင်းငှါ ထိုက်၏ သင့်၏ ဟူလို။ (ဒါကတော့ တရားကျင့်တဲ့ပုဂ္ဂိုလ်ဲ တာဝန်)

## တရားတော် တာဝန်

**ဓာတိံ ဘိက္ခု နိဗ္ဗိဒါ ဝိရာဂါ နိရောဓာ အနုပါဒါနုဝိမုတ္တောဟောတိ
စေ ဒိဋ္ဌဓမ္မနိဗ္ဗာနပတ္တော ဘိက္ခုတိ အလံဝစနာယ။**

အဝိပ္ပါယ်....အကြင်ရဟန်းသည် ဘဝတဘန် ရုပ် နာမ် ခန္ဓာ အသစ် အသစ် ဖြစ်ရမည်ကို ငြီးငွေ့သည် တပ်ခြင်းကင်းသည် တပ်မက်မှုမှ ချုပ်ကင်းသည် တစုံတခုသော ရုပ် နာမ် ခန္ဓာကို ငါ့ကိုယ် ငါ့ဟာ ငါဟု တဏှာ မာန ဒိဋ္ဌိဖြင့် စွဲလမ်းခြင်းမရှိသည် အကယ်၍ဖြစ်ငြားအံ့၊ ထိုရဟန်းကိုမျက်မှောက်သော ကိုယ်၏ အဖြစ်၌ နိဗ္ဗာန်သို့ရောက်သော ရဟန်းဟူ၍ ဆိုထိုက်၏ ဆိုသင့်၏။

တစုံတခုသော ရုပ် နာမ် ခန္ဓာကို ငါ့ကိုယ် ငါ့ဟာ ငါဟု စွဲလမ်းသော အစွဲအလမ်းကို ပယ်သတ်သည်ဖြစ်ငြားအံ့၊ လက်ရှိ မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်သို့ရောက်၏ ဟူလို။ (ဒါကတော့ တရားတော်၏တာဝန်)

**သူ့တာဝန်—ငါ့တာဝန် တာဝန်ကြေအောင် ဆောင်ရွက်ပါ ဟူလို။**

**သစ္စာအလင်းပြကျမ်း အားလုံးပြီး၍
ပြည့်စုံပါပြီ။**

ရနိုင်မည့်စာအုပ်များ

....................

ဝန်းသိုမြို့ - အဂ္ဂမဟာပဏ္ဍိတ ခန္တီးဆရာတော်ဘုရားကြီး

ရေးသားသော

# ဘာသာအလင်းပြကျမ်း

# နှင့်

# ခန္ဓာဒီပကာသနီကျမ်း

ဆက်လက်ထွက်လာမည်

အလိုရှိသူများ-ကြိုတင်စာရင်းသွင်းထားပါ။

☆☆☆

မှာကြားရန်ဌာန—

ဦးမောင်ကြီး-ဒေါ်နီ
ခေတ်ဆန်းညွန့်ပုံနှိပ်တိုက်၊ အမှတ်(၃၀၇)
၀၄-လမ်း၊ ရဟိုင်းဈေး
မန္တလေး။